www.burmeseclassic.com

အနုတ်(၂၃၀)၊ ၂၀၁၃ခုနှစ်၊ မေလ

ဂဇိုဂ

မဂ္ဂင်း



Graphic Design
Zay Phyo
09731449652

www.burmeseclassic.com

www.burmeseclassic.com

သမ္မုဒ္ဓေဝါထာ တုရားရှိခိုး
ပါဠိ-အနုက်ိ

သမ္မုဒ္ဓေ အဋ္ဌပိသ္ဆာ၊ ဒွါဒသဿ သဟဿကေ။
ပဿသတသဟဿာနိ၊ နှမာမိ သိရသာမဟံ။
အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနုန္တာ နိမ္မုတာ ဇိနာ။
တေသံ ဓမ္မဿ သံဃဿ၊ အာဒရေန နှမာမဟံ။
နှမက္ကာရာနုဘာဝေန၊ ဟိတ္ဝာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

အဋ္ဌပိသံ-သုံးပါးဘဝ သုံးလောကတွင် ဉာဏ်ရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိုးချစ်ဆုကုန်သော၊ **သမ္မုဒ္ဓေစ**-တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း၊ **ဒွါဒသဿ သဟဿကေ**-နိဗ္ဗာန်ကိန်းအောင်းစက်မွေ့လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊ **သမ္မုဒ္ဓေစ**-လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင်မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း၊ **ပဿသတသဟဿာနိ**-သောင်းတိုက်စကြဝဠာ ဂုဏ်ပါရောင်ရိုန်း ငါးသိန်းကုန်သော၊ **သမ္မုဒ္ဓေစ**-နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **သိရသာ**-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **နမာမိ**-ရိုသေညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။

ဂင်္ဂါ ဂင်္ဂါယ-ဂင်္ဂါမြစ်အတွင်း၌၊ **ဝါဠုကာ**-ရှိကြကုန်သော သဲတို့သည်၊ **အပ္ပကာ**-နည်းကြကုန်သေး၏။ **နိမ္မုတာ**-ဘုံဇာတ်သိမ်း၍ ငြိမ်းအေးတော်မူကြကုန်ပြီးသော၊ **ဇိနာ**-နောင့်ယှက်ဖန်လာ မာရ်ငါးဖြာကို အရိယာမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွယ်ကူ အောင်တော်မူသော ဘုရားရှင်အပေါင်းတို့ကား၊ **အနန္တာ**-သချိုင်္ဂဏန်း ရေတွက်မှန်းလည်း ဆုံးခန်းတိုင်မြောက် မရောက်နိုင်ကြကုန်။ **တေ ဇိနေစ**-ထိုဘုရားရှင်တို့ကိုလည်းကောင်း၊ **တေသံ**-ထိုငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိုးချစ်ဆုကုန်သော ဘုရားရှင်, မရေတွက်နိုင်သော ဘုရားရှင်တို့၏၊ **ဓမ္မဿ**-တရားတော်မြတ်ကိုလည်းကောင်း၊ **သံဃဿ**-တပည့်သားသံဃာတော်မြတ်ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **အာဒရေန-အာဒရံ**-ရိုသေစွာ၊ **နမာမိ**-ရှိခိုးပါ၏။

နမက္ကာရာနုဘာဝေန-ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမကုသိုလ် စေတနာကြောင့်၊ **သဗ္ဗေ**-ခပ်သိမ်းကုန်သော၊ **ဥပဒ္ဒဝေ**-ဘေးရန်တို့ကို၊ **ဟိတ္ဝာ**-ပယ်ဖျောက်၍၊ **အနေကာ အန္တရာယာပိ**-တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်တို့သည်လည်း၊ **အသေသတော**-အကြွင်းအကျန် မရှိသောအားဖြင့်၊ **ဝိနဿန္တု**-ပျောက်ပျက်ပါစေကုန်သတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com

ဘဒ္ဒန္တ-ဥန္ဒ၏ ဩဝါဒတရားတော် ဓမ္မဒါယာဒသုတ်ဒေသနာတော်

ဒီဒီး(နီဂ္ဂန်)စိစဉ်တည်းဖြတ်သည့်

ကဿပ

မဂ္ဂဇင်း

အယ်ဒီတာ

ဦးစိန်မျိုးမြင့်

ဆရာရဲန်အောင်ဟိန်း(B.Sc)

အယ်ဒီတာ

မောင်မောင်လတ်

အမှတ်(၂၃၈)၊ ၂၀၁၅ မေလ

၆။ ယောနကဘိုးထောင်
ရွှေတိဂုံစေတီတော် ပတ္တမြားမျက်ရှင်

၁၀။ ရိရိဌေး
အသွင်တင့်ဆန်း မေတ္တာလွမ်းသည့် ဝူထမ်းစမ်း

၁၄။ နီဇြိမ်း(အညာတက္ကသိုလ်)
တောင်တွင်းကြီးမြို့က တန်ခိုးကြီးဘုရားပုထိုးများ

၁၈။ သစ္စာမင်းခေါင်
သူတော်စင်တစ်ဦး၏ တိုက်တွန်းလမ်းညွှန်မှုဖြင့်
ဖြစ်တည်လာခဲ့သည့် တွံတေးမြို့၊
စမ်းရွာတောင်ဘက် တောတွင်းက
အောင်တော်မူဗုဒ္ဓရုပ်ပွားတော်

၂၂။ အောင်သာကျော်
အင်္ဂါပူရမှာတည်သည့် မြတ်စက်စက်ယိုစေတီတော်

၂၇။ သုံးဆယ်-ဘုန်းကြွယ်
အံ့ဖွယ်ထင်ရှား ကံ့ကော်တောဘုရား

၃၂။ ဝေဇင်(ပညာရေး)
ဗျာပုံမြို့မြောက်ဝိုင်း တန်ဆောင်းတော်အတွင်းရှိ
မြတ်ဗုဒ္ဓရုပ်ပွားတော်များ

၃၆။ စိုင်းဇေယျာအောင်(သီပေါ)
ကျေးဇူးတော်ရှင် သိမ်တောင်ဆရာတော်
ဦးစန္ဒာဝရ၏ ထေရုပ္ပတ္တိနှင့် ကျင့်စဉ်

၄၂။ ကိုမိုး(ရွှေပြည်သာ)
တေဇောရာမ ဘုန်းတော်ကြီးသင်
ပညာရေးကျောင်း၏ ရွှေရတုအခမ်းအနား

၄၈။ ကိုအေးမြင့်(မဟာဝိစ္စာ၊ ရှေး-သု)
တောင်းလိုသော နောက်ထပ်ဆုတစ်ဆု
(သို့မဟုတ်) လက်ဘဒီပအိပ်မက်

၆၈။ ဓမ္မဃောသက အရှင်ဩဘာသ
ကျောင်းလှူအကျိုး ထူးတန်ခိုး

၇၂။ နန္ဒာစိုး(ဆင်ဖြူကျွန်း)
ဒါန၏ အနန္တခြေလှမ်းများ

၈၁။ မောင်ထည်ဝါ(ပျော်ဘွယ်)
အရိမေတ္တေယျဘုရားရှင်၏
အံ့ဖွယ်ဆန်းပြား တန်ခိုးတော်များ

www.burmeseclassic.com

www.burmeseclassic.com

၈၄။ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)
အယူမှားက ဆင်းရဲတာရှည်တတ်သည်

၈၈။ ညွန့်တင်(တညောင်၊ ကန်ဆွယ်)
ဘဝတစ်သက်တာ ကျင့်စဉ်တရားများ(၃၄)

၁၀၀။ ကျော်ကျော်ဦး(ဒါးဘီး)
ဗုဒ္ဓအစစ် တကယ်စစ်ခဲ့ပြီ

၁၀၆။ မောင်ဉာဏ်လင်း(တောင်ကုတ်)
တစ်ကိုယ်တည်း အကောင်းဆုံးနေထိုင်နည်း

၁၁၀။ ဓမ္မာစရိယ-ဦးစောဝင်း
လဲနေသူ ထူပေးပါ

၁၁၆။ တွန်းအားရှင်
သူတစ်ပါးကို ပြောဆိုဆုံးမလိုလျှင်

၁၂၀။ အာကာသ(သာစည်)
တောဏ်မာယာ တောင်တို့မာနမာန် သုဝဏ္ဏသျှမ်

၁၂၈။ ဗိုလ်တထောင်-ကိုဦး
ခမောင်းကျွန်းဆီက
လင်းယုန်သားနဲ့ ကြခတ်ဝါးရံမြို့

၁၃၄။ ဂန္ဓီရ-ရွှေသိခီ
ဝိဇ္ဇာ၊ သိဒ္ဓိ၊ တပသီနှင့်
ဂန္ဓာရီ(၂)ပါး ဇော်ဂျီဖိုဝင်သား

၁၄၀။ ရန်နိုင်
ခြေတော်ရင်းက ဖန်တီးခြင်းအနုပညာ

၁၄၈။ ကိုရွှေမြသန်း(သမိုင်း)
ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့
ဝိတ်ဖြူတောရ ပရိဝါသ်ဆောက်တည်ပွဲနှင့်
ဓူတင်(၁၃)ပါး

၁၅၆။ မင်းမြင့်ဦး
တော်ကဆုန် ညောင်ရေသွန်းချိန်မို့

၁၆၀။ ပုရောဟိတ် ဆရာဦးမြတ်စံ
အောင်တစ်ရာ့ရှစ်ကွက်အင်းနှင့် နိုင်ငံခြားခရီး

၁၆၃။ ပုရောဟိတ် ဆရာဦးမြတ်စံ
အမှုလွတ်စေသော နမောတေအင်းနှင့် ဂါထာ

၁၆၆။ သိဒ္ဓိစိုး
စွေးခေါ် လာဘ်ပွင့် လူချစ် နတ်ချစ် မန္တန်

၁၇၀။ ဘဏ်အရာရှိဟောင်းတစ်ဦး
ရတနာအမျိုးမျိုးမှ ရတနာတစ်ပါး

၁၇၄။ ကြည်ဝင်း(ဟသ်တ)
ထီ အမှန်တကယ် ပေါက်စေသည်

၁၇၉။ သုခစုစံ(ကျိုက်လတ်)
(၁၃၇၇)ခုနှစ်တွင် ပကွအဟောနှင့် ယတြာ

၁၈၂။ ဦးတိုး(တက္ကသိုလ)
သူကိုနိုင်လို ဆပွတ်ခို

၁၈၄။ မင်းနေထွန်း(ကန့်ဘလူ)
မင်္ဂလာရက်မြတ် လက်ထပ်ချိန်ခါ

၁၈၈။ သာထက်ဇော်(မကွေး)
ဒီနေ့ ဘာဖြစ်မှာလဲ

၁၉၂။ ကြည်ဝင်း(ဟသ်တ)
ဟန်ဆောင်တတ်သောအချစ်

၁၉၆။ ဆန်းထွန်းနိုင်(မြစ်သား)
အကြွေးငွေပြန်ရအောင် ဆောင်ရွက်သည့်အစီအရင်

www.burmeseclassic.com

www.burmeseclassic.com

၁၉၈။ **ဆရာကံထူး(ဆေဒသုတေသီ)**
နက္ခတ်တာရာများက ဖော်ပြနေတဲ့
သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

၂၀၄။ **မင်းမဟော်ညွှန့်**
နက္ခတ်ကောဇာ ရက်မြတ်ကောင်းအချိန်အခါ

၂၁၀။ **ဆရာရန်အောင်ဟိန်း(B.Sc)**
ဂန္ဓီရုပရိသတ်မေးခွန်း ဖြေသည်

၂၁၆။ **ဆရာရန်အောင်ဟိန်း(B.Sc)**
ဓနသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်
လင်္ကာနှင့် မွန်းတည့်မျဉ်းဖြတ်ဖေယား

၂၁၈။ **ဆရာရန်အောင်ဟိန်း(B.Sc)**
သီရိလင်္ကာသမ္မတသစ်၏ ကျမ်းသစ္စာကျိန်ဆိုချိန်
ဇာတာနှင့် ကေ.ပီ စနစ်၏ အယူအဆများ

၂၂၂။ **ဟိန်း(ဘူမိ)**
သင့်ကိုယ်တွင်းမှ အဆိပ်၊ အပုပ်ဓာတ်ထုတ်ဖို့
ဂျူစ်သောက်ကြစို့

၂၂၆။ **ဆောင်းဝင်းလတ်**
အလှေကျ သစ်ရွက်ကလေးတွေ

၂၃၀။ **မောင်မိုးစည်**
လူတစ်ယောက်မှာ ဘဝများစွာရှိသလား

၂၃၄။ **မြင့်သာ-သောင်းတင်**
ရှင်သေမင်းစက်ကွင်းမှ လွတ်ကင်းခဲ့တဲ့ ကျွန်တော်

၂၄၀။ **တင့်ထူးရွှေ**
ခြေသံ

၂၅၁။ **တေဇအောင်**
ဘို့ကောက်

၂၅၆။ **မောင်လှယဉ်(မော်လမြိုင်)**
ပဉ္စလက်ဂ်၏ အထောက်အပံ့

၂၆၄။ **ဂါဠီးန္ဒန်းကို**
မိန်းမတို့ ကျိန်စာ

၂၇၄။ **ဝင်းသောင်(ရမည်းသင်း)**
ကျိန်စာတောမှာ မောနေတဲ့ ပြည့်ရှင်မင်းများ

၂၈၀။ **မြစိမ်းခိုင်**
စာခြောက်ရပ်၏ လက်တစ်ဖက်

၂၈၆။ **ထွန်းတောက်**
ဦးကျွဲကြီး၏ ဘဝနိဂုံး

၂၉၁။ **ကောင်းသော်**
နောက်ဆုံးအခွင့်အရေး

၂၉၆။ **မင်းဟိန်းထိပ်**
တောခြောက်ခြင်းအမျိုးမျိုး(၈)

၃၀၄။ **ဒါရိုက်တာမျိုးဇော်အောင်**
ကျွန်တော်နှင့် လမိုင်းနတ်

၃၀၈။ **အင်ကြင်းမွေး(နေပြည်တော်)**
ဂန္ဓီရကကြိုး

၃၁၄။ **သျှင်ရဲထွဋ်(တောင်စွန်း)**
အမှောင်ထဲက လက်မည်းကြီး

၃၂၀။ **ကျော်ဇော(စားကုန်)**
ငရဲသို့သွား၍ ဗီဇာယူခဲ့သူ

၃၂၈။ **မင်းသန့်ကျော်(ဒီးကုန်း)**
ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်သော
အောက်လမ်းပညာသည်ကြီး ဦးမြသီး

၃၃၄။ **မောင်မြင့်မား(ဗိုလ်ကလေး)**
ဒန်အိုဒမ်ကို သတ်သောသူ

၃၄၀။ **နေမင်းသူရိယ(ဆင်ဖြူကျွန်း)**
ပရလောကဓာ၏
နိမိတ်ခြေရာများ

ထုတ်ဝေသူ–ဦးသန်းဦး(မြို့)–၀၀၅၃၆၆)၊ **ဂန္ဓီရ Logo** – မောင်မောင်အောင်၊ **မျက်နှာဖုံး Graphic** – ဇေဖြိုး
အတွင်းသရုပ်ဖော်–ထွန်းအောင်၊ ဝင်းမြင့်အောင်၊ ဟိဏ်းထက်၊ မောင်မြင့်ဌေး၊ မိုးကျော်၊ ဝင်းနိုင်ဦး၊ ကျော်စိုးညိန့်။
မျက်နှာဖုံးပုံနှိပ်–ဦးမြသိန်း(မြို့)–၀၁၄၂၇)၊ သိန်းမြင့်ဝင်းပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်–ဦးကျော်စိုး(မြို့)–၀၄၂၅၀)၊ စိုးပုံနှိပ်တိုက်၊ ကနောင်မင်းသားကြီးလမ်း၊ ၁/၄ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
အတွင်းသားဖလင်–STARS ။ **စာအုပ်ချုပ်**–ကိုအောင်ဝင်း။
အယ်ဒီတာအဖွဲ့ရုံး ✱ အမှတ်–၁၈၂(က)(မြေညီထပ်)၊ ၃၃–လမ်း(အထက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၃၇၄၄၅၅

www.burmeseclassic.com

www.burmeseclassic.com

ရှေးဟောင်းအုတ်ဂူများ

ဟံသာဝတီခေတ်ပြည်

ပဏ္ဍိတမြားယက်ရင်ဘုရား

ယောနကာဘိုးထောင်

သဗ္ဗညုတဉာဏ်တော်ရှင် ဂေါတမမြတ်စွာဘုရားရှင်သည် ဗောဓိပင်အနီးဝယ် သတ္တဋ္ဌာနများတွင် ခုနစ်ရက်စီ အလှည့်ကျ စံတော်မူလေသည်။ ခုနစ်နေရာဋ္ဌာနမြတ်တွင် ခုနစ်ရက်စီ ကျင့်ကြံစျာန်ဝင်စားတော်မူပြီး (၄၉)ရက်တိုင်အောင် သီတင်းသုံးတော်မူလေသည်။

သတ္တဋ္ဌာန (၇)ဋ္ဌာနဆိုသည်မှာ (၁) ပလ္လင်္ကသတ္တာဟာ၊ (၂) အနိမိသသတ္တာဟာ၊ (၃) ရတနစင်္ကမသတ္တာဟာ၊ (၄) ရတနဃရသတ္တာဟာ၊ (၅) အဇပါလသတ္တာဟာ၊ (၆) မုခလိန္ဒသတ္တာဟာ၊ (၇) ရာဇယတနသတ္တာဟာ ဖြစ်သည်။

နောက်ဆုံးဖြစ်သော လင်းလွန်းပင်ရင်းဝယ် သီတင်းသုံး စံတော်မူလေသည်။ ထိုလင်းလွန်းပင်ရင်း၌ စံနေစဉ် သိကြားမင်းက ဆေးသွစ်သွားသီးနှင့် ဒန်ပူကို ကပ်လှူပူဇော်ခဲ့ရာ ဘုရားရှင်က ခံယူသုံးဆောင်တော်မူပါသည်။

ထိုစဉ်ဝယ် ဥက္ကလာပတိုင်းသား မြန်မာများဖြစ်သော တဖုသ၊ ဘလ္လိက ကုန်သည်ညီနောင်တို့သည် ဥက္ကလာပမြို့ကြီးမှ ကုန်စည်များကို မန္ဓိမဒေသသို့ သင်္ဘောဖြင့် သယ်ဆောင်လာကြသည်။ မန္ဓိမဒေသသို့ရောက်လျှင် သင်္ဘောတွင် ပါရှိသော ကုန်တို့ကို လှည်းငါးရာဖြင့် တင်ဆောင်ကာ ရောင်းချကြသည်။

မဟာဗောဓိပင်အနီးသို့ ရောက်သောအခါတွင် တဖုသနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့၏ ဘဝဟောင်းက မိခင်အဖြစ် ဆွေမျိုးတော်စပ်ခဲ့ဖူးသော ရက္ခစိန္ဒတ်သမီးက

www.burmeseclassic.com

www.burmeseclassic.com

"သောကကမ္ဘာမှာ ဘုရားပွင့်နေကြောင်း၊ ထိုဘုရားရှင်သည် ငါးလွန်းပင်ရင်း၌ သီတင်းသုံးနေကြောင်း ဘုရားရှင်ထံ သွားရောက်၍ မဖွဲ့ဆုပ်အပ်သော မုန့်နှင့်ပျားရည်၊ ထောပတ်၊ တင်လဲဖြင့်လည်းကောင်း၊ ရောစပ်ဖွဲ့ဆုပ်အပ်သော နှစ်လုံး၊ မုန့်ခဲတို့ဖြင့် သွားရောက်ပူဇော်ကြပါလော့။ သင်တို့အတွက် ထိုသို့ ပူဇော်တော်မူသည့် နေ့နေ့,ညည စီးပွားချမ်းသာဖို့ရန် ဖြစ်ပေလိမ့်မည်"ဟု တိုက်တွန်းပြောကြားလေသည်။

သူတော်ကောင်း နတ်ကောင်းစောင့်,မ ဆိုသည့်အတိုင်း ကုန်သည်ညီနောင်တို့သည်လည်း မြတ်စွာဘုရားရှင်ထံ ချဉ်းကပ်ဖူးမြော် ရှိခိုးပြီး မုန့်မှန့်၊ မုန့်ခဲတို့ကို လှူဒါန်းပြုကြလေကုန်၏။ မြတ်စွာဘုရား ဘုဉ်းပေးသုံးဆောင်တော်မူပြီးသောအခါ ကုန်သည်ညီနောင် တဖုသနှင့် ဘလ္လိကတို့သည် ဒွေဝါစိက သရဏဂုံကို ခံယူတည်ဆောက်ခဲ့ကြလေသည်။

ထိုဒွေဝါစိက သရဏဂုံဟူသည် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ စကားနှစ်ခွန်းဖြင့်သာ ဥပါသကာဒါယကာအဖြစ် ခံယူတည်ဆောက်ခြင်း ဖြစ်လေသည်။ ထိုစဉ်က သံဃာရတနာ မပေါ်ထွန်းသေးပေ။ ဘုရား၊ တရားဟူသော ရတနာမြတ်နှစ်ပါးတို့သာ ဆည်းကပ်ကိုးကွယ်ခဲ့ကြလေသည်။ တဖုသ၊ ဘလ္လိက ကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရားအား ပထမဦးဆုံး ဆွမ်းကပ်ရသူများ၊ ပထမဦးစွာ သရဏဂုံတည်သူများ ဖြစ်ကြလေသည်။

ထို့နောက် ကုန်သည်ညီနောင်တို့သည် ဘုရားရှင်အား "တပည့်တော်တို့သည် ယနေ့မှစ၍ အရှင်ဘုရား၏ ကိုယ်စားတော်အဖြစ် အဘယ်အရာအား ရှိခိုးပူဇော်ပြုရပါမည်နည်း"ဟူ၍ လျှောက်ထားကြသည်။

တချို့ မြန်မာဗုဒ္ဓဝင်သမိုင်းတွင်မူ ကုန်သည်ညီနောင်တို့က ရိုသေမြတ်နိုး လက်အုပ်မိုးကာ "တပည့်တော်တို့ ကိုးကွယ်ပူဇော်ရာ ပေးသနားတော်မူပါဘုရား"ဟူ၍ လျှောက်ထားကြောင်း ရေးသားပြဆိုကြပါသည်။ မြတ်စွာဘုရားရှင်က လက်ယာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်တော်မူ၍ ဆံတော်မာတ်မြတ်(၈)ဆူကို ဥက္ကလာပတိုင်းသားတို့ ကိုးကွယ်ဆည်းကပ်ရန် ပေးသနားလိုက်လေသည်။

တဖုသ၊ ဘလ္လိက ညီနောင်တို့သည် ဆံတော်မြတ်(၈)ဆူကို သင်္ဘောဖြင့် ပင့်ဆောင်ခဲ့ကြသည်။ မြို့တော် ဥက္ကလာပသို့ ရောက်လေသော် မင်းနှင့်တကွ ပြည်သူပြည်သားအပေါင်းတို့ သောင်းသောင်းဖြဖြ ဖူးမြော်ကြည်ညိုပူဇော်ကြလေသည်။ ဆံတော်(၈)ဆူကို စေတီတော်မြတ် တည်ထားကိုးကွယ်ရန်အတွက် သိဂုံတ္တရကုန်းတော်သို့ ပင့်ဆောင်လာခဲ့ကြသည်။ ဆံတော်မြတ်(၈)ဆူကို ကြီးကျယ်ခမ်းနားသော စံကျောင်းမဏ္ဍပ်ကြီး ဆောက်လုပ်ပူဇော်ကြသည်။ ဆံတော်မြတ်စံကျောင်းမဏ္ဍပ် နေရာ၌ အထိမ်းအမှတ်စေတီ တည်ထားရာ "နောင်တော်ကြီးစေတီတော်"ဟု အမည်တွင်လေသည်။

မြတ်စွာဘုရားရှင် ဆံတော်မာတ်(၈)ဆူများကို ရန်သူတို့ အလွယ်တကူ မဖျက်ဆီးနိုင်စေရန်အတွက် နက်လှစွာသော ဌာပနာတိုက်ကြီး၌ ထည့်သွင်းထားရန် ကြံရွယ်ကြလေသည်။ ထိုသို့ စုပေါင်းညီညာ ကြောင်းဖြာဝေအောင် ရည်ရွယ်ပြီးနောက် သိဂုံတ္တရကုန်းတော် အလယ်တည့်တည့်တွင် စောက်(၄၀၄)တောင်၊ နံ(၄၄)တောင်ရှိသော ဥမင်လိုဏ်ဂူ တူးဖော်ရာတွင် (၁) ကကုသန်မြတ်စွာဘုရား၏ တောင်ဝှေးတော်၊ (၂) ကောဏာဂမနမြတ်စွာဘုရား၏ ရေစစ်တော်၊ (၃) ကဿပမြတ်စွာဘုရား၏ ရေသန့်ပသင်္ကန်းတော်မြတ်ဖြစ်သော ရှေးဘုရားသုံးဆူတို့ မွေတော်(၃)ပါးကို တွေ့ရှိရလေသည်။

ဤဘဒ္ဒကမ္ဘာတွင် ပွင့်ထွန်းတော်မူသော မြတ်စွာဘုရားတို့၏ ပရိဘောဂမွေတော်မာတ်(၃)မျိုးနှင့် ဆံတော်မြတ်(၈)ဆူကို မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ကျောက်ဖျာအခင်းအကာ ပြုလုပ်ထားသော ဌာပနာတိုက်သို့ သွင်းခဲ့လေသည်။

ထို့နောက် ဌာပနာတိုက်အထက်တွင် ကျောက်ဖျာတင်၍ ပိတ်လိုက်ပါလေတော့သည်။ ထိုကျောက်ဖျာအထက်၌ ဥဏှတော်(၄၄)တောင် အမြင့်ရှိသော စေတီတော်မြတ်ကြီး တည်လေသည်။ ယင်းစေတီတော်ကို "တိဂုမ္ဗစေတီတော်"ဟု ဘွဲ့တော်မော်ကွန်းထိုးလေသည်။ လေးဆူသော မြတ်စွာဘုရားရှင်တို့၏ ဓာတ်တော်၊ မွေတော်များ ပေါင်းစုတည်ရာ စေတီတော်မြတ်ကြီးဖြစ်၍ လေးဆူဓာတ်ပုံ ရွှေတိဂုံမြတ်စေတီတော်ဟူသော အမည်နာမ ကမ္ဘည်းသ,၍ တွင်လေသည်။ ဤရွှေတိဂုံစေတီတော်မြတ်ကြီးသည် ဂေါတမမြတ်စွာဘုရား သာသနာတော်ကြီး၌ ကမ္ဘာမြေပြင်ဝယ် ပထမအဦးဆုံး စေတီတော်ကြီးဖြစ်သည်။ ထို့ကြောင့်ပင် မြန်မာနိုင်ငံ၌ "သာသနာအစ ရွှေတိဂုံက"ဟူ၍ သမိုင်းကော်ကွန်းတွင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေတိုက်စေတီတော် ကုန်းတော်ပေါ်တွင် ရွှေတိဂုံဘုရား ကြီးမှလွဲလျှင် သူ့ထောင့်နှင့်သူ ရှေးမွန်ဘုရင်မင်းမြတ်များ၊ မြန်မာဘုရင်မင်းများ၊ ရှေးခေတ်မှူးကြီးမတ်ရာ၊ စစ်သေနာပတိကြီးများ၊ ထွက်ရပ်လမ်း အားထုတ်ခဲ့ကြသော ဘိုးဘိုးအောင်၊ ခမ္မစေတီနှင့်တကွ ဗားမဲ့ဆရာတော်၊ ရှင်မထီးဆရာတော်၊ ရှင်အန္ဒဂေါဏ၊ ဘိုးမင်းခေါင် ပုဂ္ဂိုလ်အကျော်အမော်များ တည်ထားကိုးကွယ်ခဲ့ကြသည့် ဘုရားပေါင်းများစွာ ရှိနေပေသည်။ ရွှေတိဂုံစေတီတော်ကြီး တည်ထားကိုးကွယ်စဉ်က လူတစ်ရစ် နတ်တစ်ရစ် တည်ဆောက်ခဲ့ကြသည်ဟု အစွဲပြုကြသည်။

ပါရမီလမ်းစဉ်သမားများ၊ လောကီပညာ ထွက်ရပ်လမ်းဂိုဏ်းကို လေ့လာလိုက်စား အားထုတ်သော ပုဂ္ဂိုလ်နှင့် ရဟန်းရှင်လူတို့သည် ရွှေတိဂုံဘုရား ကုန်းတော်ပေါ်ရှိ ထူးခြားသော(၉)ဌာနသို့ လှည့်ပြီး ရှိခိုးပူဇော်ကြလေသည်။

ရှေးအစဉ်အလာ အဲ့ဖွယ်(၉)ပါး (၉)ဌာနတို့မှာ (၁) တဝဂူဆုတောင်းပြည့်ဘုရား၊ (၂) ဝိန္ဓာဇော်ဂျီဘုရား၊ (၃) ဆုတောင်းပြည့်ဘုရား၊ (၄) ရှင်မထီးဘုရား၊ (၅) ရှင်အန္ဒဂေါဏဘုရား၊ (၆) ဆံတော်တွင်းရုပ်ပွားတော်၊ (၇) ဘိုးဘိုးအောင်ဂူဘုရား၊ (၈) လက်ပက်လက်ဘုရား၊ (၉) ပြဒါးရှင်ဘုရားတို့ ဖြစ်ကြသည်။

ထို(၉)ဌာနဖြစ်သော ပုထိုးတော်များ ရှေ့မှောက်တွင် မြတ်စွာဘုရား ဗုဒ္ဓဂုဏ်တော်များ ရွတ်ပွားပူဇော် ပုတီးစိပ်ခြင်း၊ မိမိအားသန်ရာ အဓိဋ္ဌာန်နည်းများ အားထုတ်ဖြည့်ဆည်းခြင်းဖြင့် ထူးမြတ်သော ဂုဏ်ရည်ကို ရရှိနိုင်ကြပေသည်။

ရှေးဟောင်းရွှေတိဂုံ အထက်ပစ္စယာ တဝဂူဆုတောင်းပြည့် မြတ်စွာဘုရားကို လေ့လာသုတေသနပြုရာတွင် စိတ်ဝင်စားဖွယ်ရာ ကောင်းလှပါသည်။ ပထမအစ အလောင်းမင်းတရား ဦးအောင်ဇေယျမင်းကြီးသည် ခရစ်နှစ်(၁၇၅၈-၅၉)ခုနှစ်အတွင်း ရန်ကုန်သို့ ဆင်းသက်၍ တိုင်းပြည်အေးချမ်းအောင် ဆက်လက်စီမံရသေးသည်။ ထို့နောက် ယိုးဒယားသို့ စစ်ချီလေသည်။ ထိုသို့ စစ်ချီရာလမ်းမှ ရွှေတိဂုံစေတီကော်အား အလှူဒါနပြုလုပ်ရန် အမိန့်ထုတ်ပြန်ခဲ့သေးသည်။

ခရစ်နှစ်(၁၇၆၀)ပြည့်နှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် ထုတ်ပြန်သော အမိန့်တစ်ရပ်၌ "ဒဂုံဆံတော် မုခ်(၄) မျက်နှာတွင် ဝတ်လဲတော်ကို ထုလုပ်သည်။ ဘုရားရုပ်တု(၄)ဆူကို သွတ်သွင်း၍ အရှေ့မျက်နှာ ရေနံ့သာ၊ တောင်မျက်နှာ သွပ်နံ့သာ၊ အနောက်မျက်နှာ ဇမ္ဗူသာ၊ မြောက်မျက်နှာ ပေါင်နံ့သာ ကမ္ဘည်းတင်လှူ၍ သွတ်သွင်းကိုးကွယ်တော်မူသည်။ အထူးမှာ ဘုရားအထက်ရင်ပြင်တော်ကို သင်္ကန်းနက်သားဖြင့် ဘုရားဆင်းတုတော်တစ်ဆူ တင်လှူသစ္စာအဓိဋ္ဌာန်ပြုတော်မူလေသည်" ဟု တွေ့ရှိရသည်။

ထိုအလှူတော်မှာ အလောင်းမင်းတရား ဦးအောဇေယျ၏ ဝတ်လဲတော်ကို အသုံးပြု၍ ထုလုပ်သော ရုပ်တော်(၄)ဆူနှင့် အထူးသစ္စာအဓိဋ္ဌာန်(၁)ဆူကို ကမ္ဘည်းတင်လှူခြင်း ဖြစ်လေသည်။

အလောင်းမင်းတရားကြီး ယိုးဒယား စစ်ချီတက်ခါနီး ရန်ကုန်မြို့၏ အခြေအနေကို စိန္တကျော်သူ ဦးဩ၏ ပုံဒဏ္ဍ ထည့်သွင်းဖွဲ့ဆိုထားသည်ကို တွေ့နိုင်သည်။

ထိုရတုတွင် "ဖိုလ်မင်္ဂရည်ရွယ်၊ ဆံတော်ဝယ်လည်း လေးသွယ်မုခ်တပ်၊ မှန်လှိုင်းလျပ်နှင့်၊ ဇရပ်လေးမြွာ၊ သုခကို၊ ခေါ်သာခုပွဲ၊ စည်ဆဲဆဲသာ၊ ရိုးရဲနီတွတ်၊ ကသာ ချွတ်သား၊ နတ်သဘင်ထက်၊ ဆယ်ဆတက်၏" ဟူ၍ ဖွဲ့ဆိုထားလေသည်။ ထို့ကြောင့် အထက်ပစ္စယာ တဝဂူဘုရားသည် စစ်ချီစစ်တက် စစ်အောင်ရာ သစ္စာအဓိဋ္ဌာန်ပြုခဲ့ကြောင်း ထင်ရှားလှပါသည်။

ဒုတိယရာဇဝင် စာတင်စရာမှာ ဆင်ဖြူရှင်၏ [illegible] တော် စဉ်ကူးမင်း[ခရစ်နှစ်(၁၇၇၆)] အင်းဝ၌ ဆက်လက် စိုးစံသည်။ ထိုမင်းသည် ရန်ကုန်မြို့ တိဂုံဆံတော်ရှင်ဘုရား တော်မြတ်ကို ရွှေမျက်ပါးသင်္ကန်းဖြင့် ကိုယ်လုံးတော်ကြီး ကပ်လှူတော်မူသည်။ ရတနာအမျိုးမျိုးတို့ဖြင့် ပူဇော်သည်။ စေတီရင်ပြင် လေးမျက်နှာမုခ်ဦး၌ တန်ဆောင်းပလ္လင်များ တကွ ဘုရားလေးဆူကို ရည်မှတ်၍ ပဉ္စလောဟာဆင်းတုလေးဆူကို သွန်းလုပ်လှူဒါန်းခဲ့တော်မူသည်။ အထက်ပစ္စယာ တဝဂူတွင် ရေစက်သွန်းလောင်း သစ္စာစကား ပမ်းသည်။

စဉ်ကူးမင်း ထင်ရှားသောအလှူမှာ စဉ်ကူးမင်းခေါ်လောင်းကြီး ရေစက်ချလှူဒါန်းခြင်း ဖြစ်သည်။ ခေါ်လောင်းကြီးကို မဟာဃဏ္ဍဘွဲ့ ပေးအပ်၍ စေတီတော် အနောက်မြောက် ရာဟုထောင့်တွင် သဒ္ဒဒါနအဖြစ် တည်ဆောင်းနှင့်တကွ တင်ထားလှူဒါန်းခဲ့သည်။ စဉ်ကူးခေါင်းလောင်းကြီးမှာ ကြေးစင်အချိန် ပိသာ(၁၀၅၅၅) လေသည်။ ခေါင်းလောင်းအရွယ်မှာ အမြင့်း(၅)

www.burmeseclassic.com

www.burmeseclassic.com

အရပ်(၇)တောင် (၂)မိုက်၊ လုံးပတ်(၁၅)တောင်၊ အထူ (၂)မိုက် (၅)သစ် [အရပ်(၁၁)ပေ (၃)လက်မ၊ အဝလုံးပတ် (၂၂)ပေခွဲ၊ ထူ(၁$\frac{3}{4}$)ပေ] ရှိလေသည်။ သွန်းလုပ်ပြီးစီးသော အချိန်မှာ သက္ကရာဇ်(၁၁၄၀)ပြည့်နှစ်၊ တပို့တွဲလဆန်း (၁၁) ရက် ဗုဒ္ဓဟူးနေ့ ဖြစ်သည်ဟု ခေါင်းလောင်းစာအရ သိရှိမှတ်သားရပါသည်။ ရွှေတိဂုံအထက်ပစ္စယာ တဝဂူဘုရားတွင် ရေစက်သွန်းလောင်း သစ္စာစကား ပန်ဆိုချက်ကို တွေ့ရသည်။ ထို့ကြောင့် ဆုတောင်းပြည့်ဘုရားကြီး ဖြစ်လေသည်။

တဝဂူပတ္တမြားမျက်ရှင် ဆုတောင်းပြည့်ဘုရားသည် ရွှေတိဂုံစေတီတော် အရှေ့ဘက်မျက်နှာတွင် တစ်ဆူတည်းသော ဘုရားဆင်းတုတော်ဖြစ်သည်။ ရွှေတိဂုံအထက်ပစ္စယာ အရှေ့ဘက်တည့်တည့်တွင် တည်ထားကိုးကွယ်လျက်ရှိပါသည်။ တဝဂူပတ္တမြားမျက်ရှင် ရုပ်ပွားတော်မြတ်ကို ယောကျ်ားများသာ တက်ရောက်ဖူးမြော်ခွင့်ရှိသည်။ မိန်းမများ ကိုယ်တိုင်ဖူးခွင့်မရှိဘဲ ဓာတ်ပုံတွင်သာ ဖူးခွင့်ရကြသည်။

တဝဂူပတ္တမြားမျက်ရှင်ဘုရားတွင် လိုရာဆုတောင်းတိုင်း ပြည့်သည်။ ရှေးက မင်းညီမင်းသားများ တဝဂူဆုတောင်းပြည့်ဘုရားသို့ တက်ရောက်ဆုတောင်းဆုယူသစ္စာအဓိဋ္ဌာန်ပြုကြသည်။ အောင်လည်း အောင်မြင်သည်။ အချင်းချင်း သတ်ဖြတ်ပြီး နန်းရပ်ထီးဖြူ လုယူကြ၊ ထီးနန်းအုပ်စိုး မင်းလုပ်ကြသည်။ ထို့ကြောင့် အချင်းချင်း မသတ်ဖြတ်စေရန်နှင့် ကြီးစဉ်ငယ်လိုက် မင်းလုပ်စေရန်အတွက် မင်းညီမင်းသားများ တဝဂူဆုတောင်းပြည့်ဘုရားသို့ တက်ရောက်မဖူးမြော်ရဟု ရွှေနန်းရှင်မင်းတရားကြီးတို့က အမိန့်စာချန် ထုတ်ပြန်တော်မူခဲ့ရကြောင်း မှတ်သားရပါသည်။

ဆုတောင်းတိုင်း ပြည့်သဖြင့် တဝဂူဘုရားကို လူတိုင်း အလွယ်တကူ မဖူးမြော်နိုင်စေရန်၊ ဆုမတောင်းနိုင်ကြစေရန် အထက်ပစ္စယာ လူသူအရောက်အပေါက်နည်းသည့် နေရာတွင် လျှို့ဝှက်တည်ထား ကိုးကွယ်ကြသည်ဟု ဆိုရိုးရှိသည်။

တဝဂူပတ္တမြားမျက်ရှင်ဘုရား အသွင်အပြင်လက္ခဏာတော်မှာ ထူးခြားသည်။ မျက်နှာတော်မှာ ဝိုင်းစက်ကြည်လင် တောက်ပနေသည်။ မျက်လုံးတော်မှာ ပတ္တမြားရည်ပြည့်နေသကဲ့သို့ ဝင်းလက်တောက်ပ ထိန်လင်းလျက်ရှိသည်။ နှာခေါင်းတော်မှာ သွယ်လျဖြောင့်တန်းနေသည်။

နှုတ်ခမ်းနှစ်လွှာမှာ ထာဝရပြုံးယောင်သန်းနေသည်။ နားတော်နှစ်ဖက်သည် ပခုံးနှစ်ဖက်တွင် ထိစပ်နေသည်။ သင်္ကန်းတော်မြတ်မှာ ကိုယ်လုံးတော်နှင့် သပ်သပ်ရုပ်ရုပ် ချုပ်ရပ်စွာ အတွန့်အလိပ်များနှင့် သပ္ပာယ်လှသည်။ တင်ပျဉ်ခွေထိုင်နေတော်မူပုံမှာ ကြည်ညိုဖွယ်ရာဖြစ်သည်။ ဘယ်လက်တော် တင်၍ ညာလက်တော် ချထားပုံမှာ ခန့်ညားတည်ကြည် လေးနက်လှပေသည်။ ပလ္လင်တော် ထက်ဝယ် ဖွဲ့နေပုံမှာ ကိုးကွယ်ကြည်ညိုဖွယ်အတိပြီးလျက် ရှိပါသည်။ အချိုးအစားကျ၍ ရွှေစင်သွန်းလောင်း ရွှေသားရောင် ဝင်းဝင်းဝါလျက် ဖူးတွေ့နိုင်ပါတော့သတည်း။

နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ

ယောနကာဘိုးထောင်

စာကိုးရည်ညွှန်း

(၁) မြတ်ဘုရားရွှေတိဂုံ၊ မောင်ဆုရှင်၊ စာပေဗိမာန်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၁၉၇၂။
(၂) ရွှေတိဂုံစေတီတော်မြတ်၊ နိုင်ဇော်၊ သီရိဝစ္ဆစာပေ၊ ၂၀၁၄။
(၃) ဦးခင်မောင်ဝင်း၏ ကိုယ်ပိုင်သုတေသနပြုမှတ်တမ်းများ။

www.burmeseclassic.com

www.burmeseclassic.com

အသွင်တင့်ဆန်း မေတ္တာလွှမ်းသည့် ဂူထမ်းစမ်း

သည်နှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်၌ ပါဝင်ဆင်နွှဲရန်အတွက် ကျွန်မတို့အုပ်စုသည် တောင်ကြီးမြို့သို့ ဘုရားဖူးကားဖြင့် ခရီးထွက်ခဲ့သည်။ တောင်ကြီးမြို့သို့ မရောက်သည်မှာ ငါးနှစ်ခန့် ရှိလေပြီ။ အခြားအရာတွေ မပြောင်းလဲသော်လည်း ထိုစဉ်က ထမ်းစမ်းဂူ မပေါ်သေးပေ။ ယခုအခါ ဟိုပုံးကိုရင်လေးနှင့် ထမ်းစမ်းဂူမှာ အကျော်ဇောရနေရာတစ်ခု ဖြစ်နေပါသည်။ ထို့ကြောင့် နာမည်ကြီးနေသော ထမ်းစမ်းဂူကြီးဆီသို့ သွားရောက်ရန်အတွက် နံနက်စောစော ထွက်လာခဲ့သည်။

ကျွန်မတို့ ဘုရားဖူးကားကြီးသည် တောင်ကြီး-မိုင်းယွန် ကားလမ်းအတိုင်း ထွက်လာရာ နံနက်(၆)နာရီခန့်အချိန်တွင် ဂူကြီးအနီးရှိ ကားကြီးရပ်နားရာနေရာသို့ ရောက်ရှိလာခဲ့သည်။ ထိုနေရာမှနေ၍ ဂူကြီးဆီသို့ ခြေကျင်သွားရမည်။ ဂူကြီးဆီသို့ လျှောက်ရသောလမ်းသည် ခြောက်လမ်းသွား ကားလမ်းမကြီးဖြစ်ပြီး အသွား-အပြန် ကားသုံးစီးစီ အတက်,အဆင်းပြုနိုင်သည်။ အလယ်တွင် ပန်းခုံများ ခုထားသည်မှာ လမ်း၏အလှအပ ပေါ်လွင်စေပါသည်။

ထမ်းစမ်းလိုဏ်ဂူတော်ဝင်ပေါက်က သဘာဝအလှအပများ

ကျွန်မတို့အုပ်စုမှာ ထိုနေရာမှစတင်ကာ လမ်းလျှောက်လာခဲ့ပါသည်။ လက်ဝဲဘက်တွင် မွေးရှိပြီး လက်ယာဘက်တွင် ဆိုင်ခန်းများ ရှိပါသည်။ ထိုဆိုင်ခန်းတစ်ခုတွင် နံနက်စာ ကော်ဖီနှင့်မုန့် စားပြီးနောက် လမ်းမကြီးအတိုင်း ဆက်၍လျှောက်လာရာ ဒေသခံများက ထိုနယ်တစ်ဝိုက်တွင် ပေါက်ရောက်သည့် လှပသောသစ်ခွပန်းများကို လာရောက်ရောင်းချနေသည်ကို တွေ့မြင်ရပါသည်။ သစ်ခွပန်းများအနက် ရန်ကုန်၌ မတွေ့ဖူးသေးသည့် ရှားပါးသစ်ခွပန်းများကိုလည်း တွေ့ရှိရပါသည်။ ဈေးနှုန်းကလည်း ချိုသာပြီး အရောင်အသွေးမျိုးစုံဖြင့် လှပနေသည့် သစ်ခွပန်းများကို ကျွန်မတို့အုပ်စုက အတော်အားပေးကာ ဝယ်ယူခဲ့ကြပါသည်။ ထို့နေရာအနီး၌ ဘုရားဖူးတိုင်းကို အခမဲ့ထမင်းကျွေးသည့် ထမင်းစားရုံကိုလည်း တွေ့ရှိရပါသည်။ ကျွန်မတို့ ရောက်သည့်အချိန်မှာ စောနေသဖြင့် အပြန်တွင် ထမင်းဝင်စားရန် ဒေသခံမိန်းကလေးတစ်သိုက်က ဖိတ်မန္တ္တကပြုခဲ့သည်။

ခရီးမိုင်တစ်ဖာလုံခန့် ဆက်လျှောက်ခဲ့ရာ ကျွန်မရောက်ဖူးချင်သည့် လိုဏ်ဂူတော်ကြီးအနီးသို့ ရောက်ရှိခဲ့သည်။ ပန်းတင်ခုံအဆုံးတွင် မေတ္တာခမ်းတန်

www.burmeseclassic.com

ဟတ္ထိပါလမ္ဘစက္က ဟူသော ဆိုင်းဘုတ်ကို တွေ့ရှိရသဖြင့် အမှတ်တရ ဓာတ်ပုံရိုက်ခဲ့ပါသည်။

ထမ်းစမ်းဂူကြီး ရှေ့တည့်တည့်သို့ ရောက်ရှိခဲ့ပါပြီ။ ကျောက်သား အထွတ်,အထွတ်များနှင့် သဘာဝအတိုင်း ဖြစ်တည်နေပုံမှာ ပန်းပုဆရာများ၏ လက်မှိုင်ချလောက်ပါလေရဲ့။ လှပလွန်းလှသည်။ ကျွန်မသည် ဂူကြီးထဲသို့ မဝင်သေးဘဲ ဂူပေါက်ဝကြီး၏ အံ့သြဖွယ် လှပဆန်းကြယ်မှုကို ဘာအံ့တသြ ကြည့်နေမိသည်။ နောက်မှ ဂူကြီးထဲသို့ ဝင်ဖို့ သတိရခဲ့သည်။

ဂူကြီးအထဲသို့ ကျွန်မ ဝင်ရောက်ခဲ့သည်။ ကျယ်ဝန်းပြီး လတ်ဆတ်သည့်လေကို ရှူရှိုက်သည်။ ကျွန်မ ယခင်ရောက်ခဲ့သော ပင်းတယဂူ၊ မြင်းမထိုးဂူကဲ့သို့ထက် ပိုမိုမြင့်မားသည့်အတွက် လေဝင်,လေထွက် ကောင်းပါသည်။ ဂူကြီးအတွင်း၌ လျှပ်စစ်မီးများ သွယ်တန်းထားသဖြင့် အလင်းရောင်ရရှိကာ ဂူကြီးအတွင်းရှိ ကျောက်ဆောင်ကျောက်သားများ သွယ်လျစွာ တွဲရွဲကျနေသော ကျောက်စက်တန်းများကို မြင်တွေ့ရပါသည်။

ဂူကြီး၏ အလယ်ဗဟိုခန့်နေရာတွင် မေတ္တာအေးဆောင်ဘုရားများကို ဖူးတွေ့ရပါသည်။ ထိုနေရာမှာ ကျယ်ဝန်းပြီး ဘုရားဖူးများအတွက် နေရာရှိသဖြင့် ကျွန်မတို့အုပ်စုသည် ပန်း၊ ဆီမီးများ ကပ်လှူခဲ့ပါသည်။ ကျယ်ပြန့်သော မျက်နှာကြက်ကြီးတစ်လျှောက်တွင် သာသနာ့အလံတော်များကို အစီအရီချိတ်ဆွဲထားကုသိုလ်ပြုထားပါသည်။

ထို့မှ ဆက်၍သွားသော် ကျောင်းဆောင်သဖွယ်ဖြစ်နေသည့် ကျောက်စက်ပန်းဆွဲများအကြား၌ ဆင်းတုတော်တစ်ဆူကိုလည်း ဖူးတွေ့ရပါသည်။ ကျောက်တံခါးမကြီးသဖွယ်ဖြစ်နေသောနေရာ၌ မတ်တတ်တော်ရပ်နေသည့် ဆင်းတုတော်တစ်ဆူကိုလည်း ဖူးတွေ့ရပါသည်။ မှိုပွင့်သဏ္ဌာန် ကျောက်ပွင့်များ၊ လှေကားအတက်အဆင်းကျောက်များ၊ ကျောက်ဘီလူးကြီးနှင့်တကွ သဘာဝနောက်ခံ ကျောက်ပန်းများ၏အလှမှာ အံ့သြဖွယ်တွေ့ရှိရပါသည်။ သန်လျက်ရေသည် ဘီလူးကြီး၏ဟန်ပန်မှာ အသက်ဝင်လှပေသည်။

ထို့မှဆက်လျှောက်ခဲ့ရာ ကျောက်ပန်းဖူးများကဲ့သို့ တွဲ



ဟိုပုံးကိုရင်လေး ရှင်ပေါရိဿ

ရွဲကျနေသည့် ကျောက်ပန်းများ၊ ကျောက်သားမျှင်သဖွယ် ကျနေသည့် ကျောက်စက်တိုင်များ၊ လိုဏ်ဂူတော်ကြီးအား တိုင်သဖွယ် ဒေါက်ခံထားသကဲ့သို့သော ကျောက်တိုင်များကို အံ့သြဘနန်း တွေ့ရှိခဲ့ရပါသည်။

ထိုမှဆက်၍ လျှောက်လှမ်းခဲ့ရာ ပုံတော်တစ်ခု ချိတ်ဆွဲထားသည်ကို တွေ့ရှိရပါသည်။ ထိုပုံတော်၌-

ထမ်းစမ်းဂူ

လိုဏ်ဂူတော်ဘုန်းဘုန်း

ဟိုပုံးကိုရင်လေး ရှင်ပေါရိဿ

ဟု ရေးသားထားပါသည်။

ထိုအခါ ဂိုက်က-

"ဒီကိုရင်လေးဟာ ထမ်းစမ်းလိုဏ်ဂူတော်ကို စောင့်တွေ့ရှိခဲ့သူ ဖြစ်တယ်။ အလှူရှင်ဒါယကာ,ဒါယိကာမတွေနဲ့ လက်တွဲပြီး ဒီဂူကြီးထဲမှာ ဘုရားတွေအများကြီး တည်ခဲ့သူ

www.burmeseclassic.com

ဟတ္ထိပါလခုမ္မစက္ကလိုက်ဂုဘော်ရှေ့၌
အမှတ်တရ

သည်။

"ဒါက တောင်ပေါ်ကရေတွေပေါ့။ အဲဒီရေတွေကြောင့် အစတုန်းက ဒီဂူကြီးတစ်ခုလုံး မြေသားတွေစိုစိုပြီး သွားလို့ မကောင်းဘူး။ တချို့နေရာတွေမှာဆိုလည်း ရေတွေအိုင်နေတယ်။ ရေတွေက ဒီဂူကြီးထဲမှာ ဖြတ်စီးနေတယ်"

"ဒါဆို အခု ဘယ်လိုလုပ်ထားတာလဲ"

"ဟိုမှာလေ၊ တောင်ပေါ်ကကျလာတဲ့ ရေတွေကို ရေလွှဲလုပ်ပြီး ဂူကြီးထဲက ဖြတ်မစီးအောင် လုပ်ထားတယ်။ ပြီးတော့ အန္တရာယ်ကင်းအောင် စတီးလက်ရန်းတွေလည်း ပြုလုပ်ထားပါတယ်"

မှန်ပေသည်။ အရှိန်ပြင်းစွာ စီးဆင်းနေသည့် ရေများကို ဂူပေါက်ကြီးမှ မစီးဆင်းစေရန် ရေလွှဲလုပ်ပေးထားပြီး ထိုရေလွှဲ၌ အန္တရာယ်ကင်းပေးရန် စတီးလက်ရန်းများ ကာရံထားပါသည်။

ထို့အတွက်ကြောင့် ဂူကြီးအတွင်းပိုင်း၌ စိုစွတ်ဖြစ်တယ်"

"ဩော်...ဩော်"

"ဒီကိုရင်လေးဟာ ဘုရားကို ဘယ်လောက်ကြည်ညိုသလဲဆိုရင် သူ့ရဲ့လက်ညှိုးကိုတောင် ဖြတ်ပြီး မီးပူဇော်ခဲ့တယ်"

"ဩော်...ဟုတ်လား။ အံ့သြစရာကြီးနော်"

ကျွန်မမှာ လက်ညှိုးကိုဖြတ်ပြီး ဘုရားထံ၌ မီးပူဇော်ခဲ့သည့် ကိုရင်လေး၏ ကြီးမြတ်သည့် သဒ္ဓါတရားအတွက် မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်ခဲ့သည်။ ကိုရင်လေးကိုတော့ မဖူးခဲ့ရပါ။ သို့သော် ရုပ်ပုံတော်ကိုသာ ရှိခိုးရင်း အခါခါ ကြည်ညိုမိပါသည်။

ထိုမှဆက်၍သွားသော် နံရံတစ်ခုလုံး၌ အရှိန်ပြင်းစွာ စီးဆင်းနေသော ရေလုံးကြီးကို တွေ့ရှိရပါ



ထမ်းစမ်းလိုက်ဂူရှေ့၌ စာရေးသူနှင့် မိတ်ဆွေလေးဦး

www.burmeseclassic.com

www.burmeseclassic.com

ခြင်း မရှိဘဲ ကောင်းမွန်စွာ ဘုရားဖူးနိုင်ပါသည်။

"သြော်..သာဓု..သာဓု..သာဓု..ဘုရားဖူးတွေအတွက် စိတ်ချမ်းသာစွာ ဘုရားဖူးနိုင်အောင် စီစဉ်ပေးတဲ့ ဘုန်းဘုန်းရဲ့ ကျေးဇူးဟာ ကြီးမားလှပါပေတယ်"

ထိုနေရာမှ လှည့်ပြန်ခဲ့ကြပါသည်။ ဂူကြီးတစ်ခုလုံးမှာ ကျောက်ခက်ပန်းဆွဲများဖြင့် တစ်နေရာနှင့်တစ်နေရာ မတူသော အလှများဖြင့် ဝေဖြာနေပါသည်။ ကျောက်တင်းတိမ်၊ ကျောက်ကန့်လန့်ကာ စသည့်အရာများ၊ ကျောက်တံခါးဝ၊ ကျောက်မှိုပွင့်များ စသည့်သဘာဝအလှတရားများ တစ်ပြုံကြီး စုဝေးရာနေရာပင် ဖြစ်ပါသည်။

ကျွန်မတို့နှင့်အတူ နိုင်ငံခြားသားများလည်း လာရောက်ခဲ့ပါသည်။ သူတို့လည်း အံ့သြစွာဖြင့် ကင်မရာနှင့် ဓာတ်ဖျတ်ရိုက်ကာ မှတ်တမ်းတင်ခဲ့ကြသည်။ ဤမေတ္တာခန်းတန် ဟတ္ထိပါလဓမ္မစက္က လိဏ်ဂူတော်ကြီးမှာ မြန်မာနိုင်ငံတော်အတွင်းရှိ ရှမ်းပြည်နယ်၏ ဂုဏ်ဆောင်ရာ နေရာတစ်ခု ဖြစ်ပါသည်။

ဟိုပုံးကိုရင်လေး၏ ဖြူစင်သောမေတ္တာနှင့် ကြီးမားသောသဒ္ဓါတရားကို တွေ့နိုင်သကဲ့သို့ ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများ၏ ရိုးသားသည့် အသွင်သဏ္ဌာန်နှင့် သူတို့၏ သဒ္ဓါတရားကိုလည်း တွေ့ရှိခဲ့ရသည်။

ထိုမှအပြန်တွင် လိဏ်ဂူတော်ရှေ့ရှိ အလှူခံမဏ္ဍပ်၌ ကျွန်မတို့အုပ်စု တတ်အားသရွေ့ လှူဒါန်းခဲ့ကြပါသည်။ အပြန်တွင် ထမင်းစားရုံမှ ဒေသခံပျိုဖြူကလေးများက ဘုရားဖူးများကို ထမင်းစားသွားရန် ဖိတ်ခေါ်နေပါသည်။ ကျွန်မတို့အုပ်စုသည် ခရီးဆက်ရန်ရှိသဖြင့် ထမင်းမစားခဲ့ပေ။

ကျွန်မတို့အုပ်စုသည် ရှမ်းပြည်နယ်၏ အေးမြသောနှင်းမှုန်များအကြားမှ ဆက်လက်၍ ခရီးဆက်ခဲ့သည်။ ဒေသခံ ပျိုဖြူကလေးများက ကျွန်မတို့ကို လက်ကလေးများ ဝှေ့ယမ်း ပြီး နှုတ်ဆက်ကြပါသည်။ ကျွန်မတို့လည်း သူတို့အား နှုတ်ဆက်ထွက်ခွာလာရသော်လည်း အမြင်ဆန်းအသွင်ဆန်းသည့် မေတ္တာဓာတ်လွှမ်းခြုံရာ ဂုဏမ်းစမ်းကို ဖြင့် မမေ့နိုင်အောင် ဖြစ်နေရပါတော့သည်။

ရိရိဌေး

(တောင်တွင်းခရီးစဉ် ၄-၁၁-၂၀၁၄ မှ ၂၇-၁၁-၂၀၁၄ သို့ အမှတ်တရ)

မှတ်ပုံတင်ပြီး

အမေ့ဆေး

အမှတ်တံဆိပ်

ဆီးချို၊ သွေးချို သောက်ဆေး

ပင်ရင်း- အမှတ် (၃၀)၊ (၁၂၂)လမ်း၊
ဓရတွင်းကုန်းရပ်ကွက်၊
မဂ်လာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

သုံးစွဲရန် ဆေးပမာဏ
နံနက် အစာမစားမီ (၃) ပြား
နေလယ် အစာမစားမီ (၃) ပြား
ည အစာမစားမီ (၃) ပြား

ဖုန်း - ၀၁ - ၃၇၆၇၀၁၊ ၀၁ - ၃၇၆၇၀၂၊ ၀၉ - ၇၃၂၀၀၉၇၀

အမြဲမြဲ အနယ်နယ်ရှိသော
ဆေးမျိုးခံဆိုင်များတွင် ရရှိနိုင်ပါသည်။

www.burmeseclassic.com

;တောင်တွင်းကြီးမြို့က
ဘုန်ဝိုးကြီးဘုရားပုထိုးများ

နိုဇြိမ်း(အညာတက္ကသိုလ်)

ာန်း

ယခုတစ်လ ဂန္ဓိရအတွက် တောင်တွင်းကြီးမြို့က တန်
ကြီးဘုရားပုထိုးများအကြောင်း ရှာဖွေတင်ပြပါမည်။

(၁၉၆၀)ပြည့်နှစ် ဝိဇ္ဇာတန်း၌ ဆုတောင်းခန်းပျို့ သင်
စဉ်ကပင် ပေလေးပင် ရှင်လေးပါး ပေါ်ထွန်းခဲ့သော
့တောင်တွင်းကို လွန်စွာစိတ်ဝင်စားပါသည်။ အရှင်မဟာ
်လဝံသသည် အထက်အညာနေပြည်တော်သို့ ရောက်နေ
ယာ်လည်း တောင်တွင်းကြီးကို အမြဲတစေပင် သတိရ
ျက် ရှိ၏။ ကဗျာလေးများဖွဲ့ကာ မြို့တောင်တွင်းကို
လွမ်းဖြေနေသည်။

"တောင်တွင်းခေါ်မည်၊ တို့ရွှေပြည်မှ၊ ယဉ်ကြည်နက်
း၊ ကျုံးလည်းသီတာ၊ လပကြာနှင့်၊ သန္တာအတိ၊ စီ၏ဘို
ဲ့၊ မြို့နှင့်တန်ဆောင်း၊ ရဲလောင်းရင်တား၊ တံခါးလေး
သွယ်၊ ဖိုင်ဖိုင်ကျယ်၏၊ ခြောက်ဆယ်ထုပ်ဝါ၊ နန်းတော်မှာ
လည်း၊ လယ်ရွာမှန်ကင်း၊ မင်းလည်းဆွေခုံ၊ သီလတုံလျက်၊
မွေပုံခြောက်ရောင်၊ အင်းတောင်စည်းခုံ၊ ထူပါရုံက၊ စသည်
မုဒ္ဒော၊ ကျော်စောဘုရား၊ ရေသော်များ၏" ဟူသော ဆရာ
တော်၏ ဆုတောင်းခန်းပျို့ပါ ကဗျာလေးကို ယနေ့တိုင်
အလွတ်ရနေပါသည်။

ဘုရားအားလုံးကို မဖော်ပြနိုင်၍ တန်ခိုးကြီးဘုရား
အချို့ကိုသာ ရွေးချယ်တင်ပြပါမည်။

ရွှေအင်းတောင်ဘုရား

ဇေယျမင်္ဂလာ ရွှေအင်းတောင်ဟု အမည်ရပါသည်။
တောင်တွင်းကြီးဘုရင် ပုဏ္ဏဝတီမင်းကြီးသည် ကသဝ
ဘုရား၏ ဥဇ္ဈာလုံမွေးရှင်တော်များကို ဌာပနာ၍ ဤစေတီ
ကြီးကို တည်ထားကိုးကွယ်ခဲ့သည်။ ထို့နောက် စေတီတော်

တောင်တွင်းမြို့အဝင်ရှခင်း

ရွှေအင်းတောင်စေတီ

www.burmeseclassic.com

www.burmeseclassic.com

ရွှေရောင်တော်ဘုရား

ကြီးကို တောင်တွင်းဘုရင် မင်းပြောင်က ပြုပြင်ထိန်းသိမ်းခဲ့ပါသည်။ စေတီကြီးမှာ အင်းတစ်ခု၏အလယ်၌ တည်နေ၍ ရွှေအင်းတော်ဟု သမုတ်ခဲ့သည်။

ဝဲဘက်ပုံပါ ရွှေအင်းတောင်စေတီကို သက္ကရာဇ်(၁၀၁)ခုနှစ်တွင် ဗိဿနိုးပန်ထွာဘုရင်မကလည်း မွမ်းမံကိုးကွယ်ခဲ့၏။ (၁၂၈၃)ခုနှစ်တွင် ထီးတော်ချရားသီး၌ ညောင်ပင်ပေါက်လာရာ ရှင်းလင်းပြီး သံမဏိပိန္နဲတိုင် စိုက်ခဲ့သည်။ သို့အတွက် ဘုရား၏ဉာဏ်တော်အမြင့် (၇၉)တောင်ထိ ဖြစ်သွားသည်။

ရွှေရောင်တော်စေတီတော်

သက္ကရာဇ်(၁၀၁)ခုနှစ်တွင် ပန်ထွာဘုရင်မကြီးပင် စတင်တည်ထားကိုးကွယ်ခဲ့သည်။ ဌာပနာခဲ့သော ဓာတ်တော်များက အမြဲတစေ ရောင်ခြည်လွှတ်နေသဖြင့် ရွှေရောင်တော်ဟု အမည်ပေးခဲ့လေသည်။ ထိုဘုရားမှာ တောင်တွင်းကြီးမြို့အနောက်ဘက် (၁၀)မိုင်ကွာတွင် ရှိသည်။ ထိုမဲဘိုးဘိုးအောင်ကိုယ်တိုင် ကြွလာပြီး ကြေးနီပုရပိုက်များကို ရွှေရောင်တော်ဆရာတော်အား အပ်ခဲ့ကြောင်း သမိုင်းဟောင်းရှိသည်။ ဆရာတော် ဦးဝိစိတ္တညာဏ(ရွှေရောင်တော်ကျောင်း)က ဘုရားကြီးဘွဲ့ တေးထပ်တစ်ပုဒ် စပ်ခဲ့ရာ ဖော်ပြပါမည်။

"ရွှေရောင်တော် စိန္တေယျ၊ ထိန်ဝေပ လှုံ့ချီ၊ ဉာဏ်တော် မြတ် စေတီငယ်၊ ပြည်ရှစ်ဆယ် မှတ်သား၊ ထီးအဝ ခြောက်တောင်မှာ၊ တစ်မိုက်ကယ် စွန်းတွက်လို့ထား၊ စက်ပါဒ နှစ်ရာကျော်သည်၊ သဒ္ဓါတော် ထပ်မွား၊ ထီးရပ်မှာ နှစ်ဆယ် ထားသည့်ပြင်၊ စိန်ဖူးများ ခြယ်စီ၊ စေတီရံလေးဆူကပ်ပါ၍၊ မှတ်သားလို့ ဖူးကြသည်၊ ပန်းအိုးကြီးနှစ်လုံးတည်သည်၊ ကြက်ရုစ်မည် တိတ်အကြောင်းပေမို့၊ ဖူးလာသူ သတိကောင်းလျှင်၊ မိချောင်းလေးမျက်နှာ ဖူးတွေ့ရမှာ၊ တံတိုင်းမှာ ကာရံပတ်ပါလို့၊ နှစ်ထပ်ကယ်တဲ့ မတူညီ၊ မေးလွှဲခဲ့သည်၊ ပန်ထွာဘုရင်မ တည်ခဲ့ပေသည်၊ မြန်မာပြည် အေးစေဖို့လေး" ဟူ၍ ဖြစ်ပါသည်။

အောင်မြင်ဇေယျနှင့် ရတနာပင်စည်

မင်းကြီး မင်းပြောင်လက်ထက် ခညဝတီမှ ရခိုင်တို့ လျှောက်ထား၍ ဘုရားကြီးတည်ရာ အောင်မြင်သဖြင့် အောင်မြင်ဇေယျဟု သမုတ်ခဲ့သည်။ ရခိုင်သားများတည်ထား၍ ရခိုင်ဘုရားဟုလည်း နောက်လူတို့ ခေါ်ကုန်သည်။ တောင်တွင်းမြို့ အနောက်ဘက် မလှမ်းမကမ်းတွင် တည်


ရတနာပင်စည်ပို့းကောင်းဘုရား

www.burmeseclassic.com

www.burmeseclassic.com


မင်းဘုံကျော်စေတီ

ရှိနေရာ (၁၉၃၈)ခုနှစ် မုန်တိုင်းတွင် ရခိုင်ဘုရားကြီးမှာ ဉာဏ်တော်တစ်ဖက်တိမ်းသွားသည်။

သမိုင်းဝင်ရတနာပင်စည် မိုးကောင်းဘုရား

တောင်တွင်းစားမင်းစန္ဒာလင်္ကာထက် ရှင်ဥတ္တမမထေရ် ကြွလာပြီး သီဟိုဠ်မှပင့်ခဲ့သော ဓာတ်တော်မျိုးစုံဖြင့် တောင်တွင်းကန်တော်ကြီးအနီး၌ တည်ခဲ့၏။

ဘုရားကြီးတည်ဆောက်ပြီး ရတနာရွှေမိုးငွေမိုးများ ရွာသဖြင့် ရတနာပင်စည် မိုးကောင်းဘုရားဟု တွင်ခဲ့သည်။

ဖောင်တော်ဦးဆုတောင်းပြည့်စေတီကြီး

တောင်တွင်းကြီးမြို့ မောင်းတိုင်(၁)ရပ်ကွက်အတွင်း၌ တည်ရှိပါသည်။ စေတီ၏သက်တမ်းကား (၁၁၄၉)ခုနှစ်ရှိပြီဖြစ်၍ လွန်စွာရှေးကျလှ၏။ ကြည်ညိုဖွယ် ရှေးဘုရားတစ်ဆူဖြစ်ပြီး ဂေါတမဘုရားမပွင့်မီ နှစ်ပေါင်း(၃၀၀)ခန့်တွင် သာဂရမင်း(၉)ဆက်တိုင် ကိုးကွယ်ခဲ့ပြီး နောင်တွင် ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းသွားပါသည်။ စောရဟန်းမင်းဖြို့ ကြွင်းခုနှစ်(၁၉၁)ခုနှစ်တွင် မန္တိမဒေသမှ မင်းပြောင်၊ မင်းရောင်၊ မင်းနောင်၊ မင်းနဂါးနှင့် နှမတော်မယ်စောတို့ ရောက်ရှိပြီး ပုဏ္ဏဝတီ၊ ရတနာတင်းတိမ်တောင်ထွတ်တွင် ဌာပနာ၍ ကိုးကွယ်ခဲ့သည်။

မင်းဘုံကျော်နှင့် အဘယစေတီ

မင်းဘုံကျော်စေတီကား တောင်တွင်းကြီးမြို့နှင့် ဆယ်မိုင်ကွာ ဆတ်သွားရွာအနောက်ဘက် တောင်တွင်း-ရန်ကုန်သွား ကားလမ်းဘေး၌ တည်ရှိသည်။ (၁၈)ရာစုလောက်ကပင် တည်ဆောက်ခဲ့သဖြင့် ရှေးကျသည်။ ရတနာပုံ ကုန်းဘောင်ခေတ်တွင် မင်းဆွေမင်းမျိုး မင်းဘုံကျော်သည် မုခ်သုံးခုပါသောစေတီကို တည်သဖြင့် မင်းဘုံကျော်စေတီဟု နာမည်ရသည်။

အဆူ(၃၀)ပါသော ဓာတ်တော်ဘူးတစ်ဘူး၊ အဆူ(၆၃)ဆူပါသော ဘူးကြီးတစ်ဘူး ဌာပနာထား၍ လွန်စွာတန်ခိုးကြီးလှ၏။ မင်းဘုံကျော်သည် သူဆောင်းနေကျ ခမောက်ကိုပါ ဌာပနာထားခဲ့သည်။

ထိုဘုရားတွင် ကုန်းဘောင်ခေတ် မြန်မာ့အနုပညာလက်ရာများ တွေ့ရသည်။ စေတီအမြင့်(၁၇)ပေ မဟာရံတံတိုင်း ခတ်ထားသည်။ လိုဏ်ဂူထဲ၌ ပဉ္စလောဟာရုပ်ပွားတော် ရှိသည်။ ဘုရား၏အရှေ့ဘက်တွင် အောင်မြေရှိသည်။ ဖားကို မြွေကလိုက်ရာ တစ်ဖန် အောင်မြေအရောက်တွင် ဖားက မြွေကို ပြန်လိုက်ခဲ့သည်။ စေတီ၏ အရှေ့ဘက်၌ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက တည်ခဲ့သော


အဘယစေတီတော်

www.burmeseclassic.com

www.burmeseclassic.com

ဆင်းဘုံကျောင်းကို သွားရောက်ကာ တရားမမှုများ ကျင့်ကြံနိုင်ပါသည်။

အာယစေတီ

ခရစ်နှစ်(၁၉၅၀)ပြည့်နှစ်၊ မြန်မာ(၁၃၁၂)ခုနှစ်တွင် ဆရာဘုံကျော်ဆရာတော် ဦးအာစိဏ္ဏ၏ သြဝါဒဖြင့် ဒကာ, အာမများ တည်ခဲ့သော နောက်ပေါ်စေတီဖြစ်၏။ ရွှေတိဂုံဘုရားဖြစ်ကာ ဉာဏ်တော်အမြင့်(၁၅)တောင်ရှိ၏။ ရင်ပြင်ဆော်မဟာရံတံတိုင်းများ ပါသည်။ ဆတ်သွားရွာ အရှေ့ဘောင်ဘက် (၄)မိုင်အကွာ၌ ပန်းရန်ဆရာ ဦးအောင်ရင်နှင့် ဦးဘဦးတို့အဖွဲ့က တည်ဆောက်ခဲ့ပါသည်။

လေးဆူဓာတ်ပုံရွှေတိဂုံပုံတူ တည်ဆောက်ခဲ့ရာ တန်ခိုးကြီးလှ၏။ (၁၉၈၃)ခုနှစ်၊ မြန်မာ(၁၃၄၄)ခုနှစ်တွင် စေတီဘန်ဆူလုံးကို ရွှေသားသင်္ကန်း ကပ်လှူထားရာ မသမာသူတို့ ခိုးယူသွားသည်။ သို့အတွက် တောင်တွင်းကြီး အမှတ်(၂)ရဲပ်ကွက်နေ ဦးတင်နန်း၊ ဒေါ်မြသန်းတို့က ရွှေသင်္ကန်းများ ထပ်မံကပ်လှူခဲ့သည်။

အာယစေတီဟု အမည်ပေးခဲ့သည့်အတိုင်း ဖူးမြော်သူများ၊ တရားလာရောက်အားထုတ်သူများ၊ ဘေးအတန်ရန်အသွယ်သွယ် အေးငြိမ်းကြောင်း လက်တွေ့အားထုတ်သူများမှ ပြောပြပါသည်။

ကျန်းအောင်မြေစေတီနှင့် ရွှေမော်ဓောစေတီကြီး

ဘင်ပြရန် ဘုရားစေတီများစွာရှိနေရာ နောက်တစ်လတွင် ဆက်လက်ဖော်ပြပါမည်။ ယခုတစ်လတွင် လေးကျန်းအောင်မြေစေတီ၊ ရွှေမော်ဓောစေတီတို့နှင့် နိဂုံးချုပ်ပါမည်။

ရွှေအင်းတောင်ဘုရားကြီးအနီး၌ တည်ရှိသော ရွှေဟောင်းဘုရားငုတ်ကိုငုံ၍ မြေစာများပုံကာ ရွှေပြည့်စုံကုန်းဟု ဦးစွာအမည်ပေးခဲ့သည်။ ထိုကုန်းပေါ်၌ စေတီတည်၍ ကိုးကွယ်ရာ ဇမ္ဗူဒီပါလေးကျွန်းလုံးမှ နတ်အများ လာရောက်ကူညီသဖြင့် လေးကျွန်းအောင်မြေဘုရားဟု သမုတ်ခဲ့သည်။

ပဲခူးတွင်လည်း ရွှေမော်ဓောဘုရားရှိသည်။ တောင်တွင်းဘုရင် မင်းနဂါးလက်ထက်တွင် ရှေးက ရှမ်းလူမျိုးများ အိုးလုပ်သောရွာကို စတွေ့သည်။ ဘုရင်မင်းမြတ်က ဘာရွာလဲဟု မေးတော်မူရာ မောဓောရှမ်းရွာဟု လျှောက်ထားခဲ့၏။ ရှမ်းဘာသာအရ အိုးကို မောင်တောဟု ခေါ်သည်။ သို့အတွက် ရွှေမော်ဓောဘုရား ခေါ်ကြသည်။

တောင်တွင်းမြို့ တောင်အရပ်၌ တည်အပြီး တန်ခိုးကြီးဘုရားတစ်ဆူဖြစ်ကြောင်း၊ တောင်တွင်းဝန်းကျင်မှ ဘုရားစေတီများအကြောင်း ရွေးချယ်တင်ပြရပါသည်။

နီပြိမ်း(အညာတက္ကသိုလ်)

ကျမ်းကိုး

* တောင်တွင်းကြီးမော်ကွန်း အနှစ်ငါးဆယ်ရွှေရတု စာစောင်။
* ဆုတောင်းခန်းပို့ (ရှင်မဟာသီလဝံသ)။
* စွယ်စုံကျမ်း အတွဲ(၄)။

ဟောင်တော်ဦးဆုတောင်းမြို့ရွှေစေတီတော်

www.burmeseclassic.com

www.burmeseclassic.com

သစ္စာမင်းခေါင်

သူတော်စင်တစ်ဦး၏ တိုက်တွန်းပမ်းညွှန်မှုဖြင့် ဖြစ်တည်လာခဲ့သည့်

တံတေးမြို့၊ စမ်းရွာတောင်ဘက် တောတွင်းက

အောင်တော်မူဗုဒ္ဓရုပ်ပွားတော်

အကြောင်းဆက်၊ အကျိုးဆက်၊ ပဋ္ဌာန်းဆက်ဆိုသော အကြောင်းအရာများက အလွန်ထူးခြားနက်နဲသော၊ လွန်စွာလျှို့ဝှက်ဆန်းကြယ်သော အကြောင်းအရာများပင် ဖြစ်ပါ၏။ ရုတ်တရက် နားလည်လက်ခံရန် မလွယ်ကူသော ကိစ္စရပ်များလည်း ဖြစ်ပါ၏။ သို့သော် အကြောင်းဆက်၊ အကျိုးဆက်ရှိသော သူတော်စင်ပုဂ္ဂိုလ်တစ်ဦး၏ လမ်းညွှန်တိုက်တွန်းမှုဖြင့် အမှန်တကယ် ဖြစ်တည်လာခဲ့သော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူသည်ကား . . ။

♦ ♦ ♦

လွန်ခဲ့သောနှစ်ပေါင်း(၃၀)ကျော်ခန့်က ဖြစ်ပါ၏။ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ရွှေဗဟိုရိုးရှုပ်ရှင်းရုံအနီးနေ ဒေါ်မြတ်စိုး(၃၅-နှစ်)သည် တရားထိုင်၊ ပုတီးစိပ်ပြီးသောအခါ တိုင်း ၄င်း၏အာရုံတွင် ဝတ်ဖြူစင်ကြယ်ဝတ် ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးဖြူဖြူဖွေးဖွေးနှင့် သူတော်စင်တစ်ဦး ပေါ်လာပြီး တံတေးမြို့က သီဟိုဠ်ပင်တွေရှိတဲ့ တောထဲမှာ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ တည်ထားပါဟ၊ တိုက်တွန်းပြောကြားသံကို ပီပီပြင်ပြင် ကြားခဲ့ရ၏။

ယင်းနောက် ဒေါ်မြတ်စိုးသည် ၄င်း၏ အိပ်ထဲတွင်လည်း အဆိုပါသူတော်စင်က ထိုကဲ့သို့ ဘုရားရန် လမ်းညွှန်ပြောကြားသံကို ကြားခဲ့ရပြန်၏။

သို့နှင့် တစ်နေ့တွင် ဒေါ်မြတ်စိုးသည် ရန်ကုန် ဘိုကလေးစျေးသို့သွားရင်း ဘိုကလေးစျေးဦး ပန်းရောင်း ဒေါ်ကောက်နှင့် တွေ့ဆုံခဲ့၏။ ဒေါ်ကောက်မှာ တံတေးနယ်၊ စမ်းရွာမှဖြစ်ပြီး တံတေး စမ်းရွာမှနေ၍ ကားတန် သင်္ဘောတစ်တန်စီးပြီး ဘိုကလေးစျေးဦး နေ့စဉ် လာရောင်းခြင်းဖြစ်၏။

ဒေါ်မြတ်စိုးသည် ဒေါ်ကောက်နှင့် စကားစပ်ပြီး အား သူတော်စင်ပုဂ္ဂိုလ်တစ်ဦးက အာရုံနိမိတ် ပေးပြီး တံတေးက သီဟိုဠ်ပင်တွေရှိတဲ့ တောထဲမှာ တည်ဖို့ လမ်းညွှန်ပုံကို ပြောပြ၏။

တိုက်တိုက်ဆိုင်ဆိုင်ပင် ပန်းသည် ဒေါ်ကောလည်း သူမ နေထိုင်သည့် စမ်းရွာတောင်ဘက်က ထမှာ သီဟိုဠ်ခြံတွေရှိနေ၏။ အ၍သာ ဒေါ်မြတ်စိုးက အဲဒီနေ ဘုရားတည်ဖို့ သဘောတူဆုံး သည်ဆိုလျှင် သူမပိုင် သီထဲက မြေဧရိယာအချို့ကို တည်ရန် လျှောဒါန်းပါမည်ဟု ပြု၏။

သို့ဖြင့် ဒေါ်မြတ်စိုးသည် သော နေ့တစ်နေ့တွင် ပန်း ဒေါ်ကောက် နေထိုင်ရာ တံတေးနယ်၊ စမ်းရွာသို့ ရောက်ရှိ စမ်းရွာတောင်ဘက် တော ဒေါ်ကောက်၏ သီဟိုဠ်ခြံ

အောင်တော်မူရုပ်ပွားအတော်မြတ်နှင့် စံကျောင်းဆောင်အား အဝေးမှ တွေ့မြင်ရစဉ်

www.burmeseclassic.com

www.burmeseclassic.com

ထိုက်ကြည့်၏။ ဘုရားတည်ရန် သဘောတူသဖြင့် ဆောက်က ၄င်း၏ သီဟိုဠ်ခြံမြေနေရာမှ မြေအကျယ် ပေ(၃၀၀)၊ အနံ ပေ(၂၀၀)ကို ဘုရားတည်ရန် ဝတ္တုကမြေအဖြစ် ရေစက်ချလှူဒါန်း၏။

ထိုနောက် ဒေါ်မြတ်စိုးသည် ထိုတောတွင်း၌ ဥာဏ်မြင့်(၆)ပေရှိ ထိုင်တော်မူရုပ်ပွားတော်တစ်ဆူကို ပြုလုပ်ခဲ့လေ၏။ ထို့ပြင် ထိုရုပ်ပွားတော်၏ယာဘက်အနောတွင် ကိုးတောင်ပြည့်စေတီငယ်တစ်ဆူနှင့် တံခွန်တိုင်ပါ တည်ထားလှူဒါန်းခဲ့၏။ ထိုရုပ်ပွားတော်၏ ဘွဲ့အမည်သည်း အောင်တော်မူမြတ်စွာဘုရားဟူ၍ ဘွဲ့တော်ပေးခဲ့၏။

အကာမဲ့ သီတင်းသုံးခဲ့ရခြင်း

ဤသို့ပါ အောင်တော်မူရုပ်ပွားတော်မြတ်သည် အဆိုတော်၌ နေဒဏ်,မိုးဒဏ်ကိုခံရင်း အမိုးအကာမရှိဘဲ နှစ်များစွာ သီတင်းသုံးခဲ့ရ၏။ ခရစ်နှစ်(၂၀၁၁)ခုနှစ် ထိုရုပ်ပွားတော်အတွက် မြေနေရာလှူဒါန်းခဲ့သည့် ဆောက်၏တူတော်သူ ဦးပဥ္စင်း ဦးပညာဇောတက မိမိ ဆောင်းထားရှိသည့် ဝတ္ထုဒွေများကို မတည်ပြီး ဒကာ, ဒကာများ၏ အကူအညီဖြင့် အဆိုပါ အောင်တော်မူရုပ်ပွား အတွက် ဂန္ဓကုဋိကျောင်းဆောင်ကို ဆောက်လုပ်လှူဒါန်း ရုပ်ပွားတော်အား အနေကဇာဘင်ခြင်းကိုပါ ပြုလုပ်ပေးခဲ့လေ၏။

ဦးပညာဇောတ၏ ကောင်းမှုကြောင့် ထိုအောင်တော်မူမြတ်မှာ အဆိုပါ ဂန္ဓကုဋိကျောင်းတော်၌ မိုးလုံအေးသီတင်းသုံးခဲ့ရလေ၏။

ဘုန်း ညောင်ပင်

ထိုသို့ပါ အောင်တော်မူရုပ်ပွားတော်မြတ်ကို စတင်ကိုးကွယ်ခဲ့စဉ်ကတည်းက ရုပ်ပွားတော်မြတ်၏ နောက်ဘက်တွင် ညောင်ပင်ကြီးတစ်ပင် ရှိနေခဲ့၏။ ရုပ်ပွားတော်တည်ထားပြီးစီးသွားသောအခါတွင်လည်း ထိုညောင်ကြီးမှာ ဆက်လက်တည်ရှိနေပြီး ရုပ်ပွားတော်ကို အေးအေးသက်သာ ရှိနေခဲ့၏။ ပြင်းထန်သော နာဂစ်ဆိုက်ခတ်ခဲ့စဉ်ကလည်း ထိုတောအုပ်အတွင်းရှိ အခြားသစ်ပင်များ ပြိုလဲပိုင်းပြတ်ကုန်သော်လည်း ရုပ်ပွားတော်ထိမိုးပေးထားသည့်သဖွယ်ဖြစ်နေသော ထိုညောင်ကြီးမှာမူ အကိုင်းတစ်ခက် ကျိုးကျသည်မှအပ မည်မျှမလဲ ရှိနေခဲ့၏။ ယခုတိုင် ထိုညောင်ပင်ကို

စံဇကျောင်းဆောင်နှင့်အတူ ကြည်ညိုဖွယ် ဖူးတွေ့ရသော အောင်တော်မူရုပ်ပွားတော်မြတ်

စံဇကျောင်းဆောင်မပြုလုပ်မီက အောင်တော်မူရုပ်ပွားတော်မြတ်အား အမိုးအကာမဲ့ ဖူးမြင်ရစဉ်

www.burmeseclassic.com

အောင်တော်မူရုပ်ပွားတော်မြတ်အနီးရှိ ကိုးဘောင်ပြည့်စေတီယော်နှင့် တံခွန်တိုင်

အောင်တော်မူရုပ်ပွားတော်မြတ်၏ နောက်ကျောဘက်တွင် တွေ့မြင်နိုင်၏။

ရုပ်ပွားတော်အား ထိန်းသိမ်းစောင့်ရှောက် သီတင်းသုံးမည့် ပုဂ္ဂိုလ်ကို ခွင့်မပြုခြင်း

အထက်ပါ အောင်တော်မူရုပ်ပွားတော်မှာ တွံတေးမြို့နယ်၊ စမ်းရွာတောင်ဘက် (၁)မိုင်ခန့်အကွာရှိ သီဟိုဠ်ပင်များ ပတ်လည်ဝိုင်းနေသော တောထဲတွင် တည်ရှိသည်ဖြစ်ရာ ရုပ်ပွားတော်အား ထိန်းသိမ်းစောင့်ရှောက်ရင်း တောရဆောက်တည် သီတင်းသုံးရန်အတွက် ဖော်ပြပါဂန္ဓကုဋီ ကျောင်းဆောင်အလှူရှင် ဦးပဉ္စင်း ဦးပညာဇောတက ရုပ်ပွားတော်မြတ်နှင့် မနီးမဝေးတွင် နေမိုးထရံကာ ဝါးတဲငယ် တစ်ခု ဆောက်လုပ်ခဲ့၏။ ယင်းနှင့်ပတ်သက်၍ အဆိုပါ ရွာ၏ ကျောင်းထိုင်ဆရာတော်က မိမိ၏ ဂေါစကနယ်မြေအတွင်း ကျောင်းပြိုင်ဆောက်လုပ် သီတင်းသုံးခွင့်မပြုနိုင်ဟုဆိုကာ ပိတ်ပင်ဟန့်တားခဲ့သဖြင့် ဦးပဉ္စင်း ဦးပညာဇောတအနေနှင့်လည်း မည်သို့မျှမတတ်နိုင်တော့ဘဲ လက်လျှော့ခဲ့ရသည်ဟု ဆို၏။

ယခုအခါ ဦးပဉ္စင်း ဦးပညာဇောတသည် တွံတေးမြို့နယ်၊ စမ်းရွာ ရှေးဟောင်းသမိုင်းဝင် မောင်းတီးစေတီတော်အနီးရှိ ဆရာတော်ဦးသဒ္ဓမ္မ၏ မောင်းတီးဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးလျက်ရှိ၏။

ရုပ်ပွားတော်မြတ်၏ ထူးထူးခြားခြား ဝေယျာဝစ္စကုသိုလ်ရှင် ကျောင်းသားလေး

ဖော်ပြပါ အောင်တော်မူရုပ်ပွားတော်မြတ် တည်ရှိရာ နှင့် မနီးမဝေးတွင် လက်လုပ်လက်စား ဦးမြင့်အေးနှင့် ဇနီး ဒေါ်မြင့်မြင့်ခိုင်တို့၏နေအိမ် တည်ရှိ၏။ ဦးမြင့်အေးတို့ ဇနီးမောင်နှံတွင် သမီးတစ်ဦးနှင့် သားတစ်ဦး ရှိ၏။ သမီးအကြီး သီသီအောင်မှာ (၁၀)တန်းကျောင်းသူဖြစ်ပြီး သားငယ်ဖြစ်သူ ပြည့်ဖြိုးအောင်မှာ တွံတေးမြို့နယ် ကံဘဲကျေးရွာ အ·ထ·ကမှ အဋ္ဌမတန်းကျောင်းသား ဖြစ်၏။

ပြည့်ဖြိုးအောင်သည် အဆိုပါ တောတွင်းရှိ နေအိမ်မှနေ၍ (၂) မိုင်ခန့်ဝေးသော ကံဘဲကျေးရွာ အ·ထ·ကသို့ စက်ဘီးဖြင့် နေ့စဉ် ကျောင်းတက်ရ၏။ ကျောင်းမှ ပြန်ရောက်လာလျှင် အိမ်နှင့် မနီးမဝေးရှိ အဆိုပါ ရုပ်ပွားတော်မြတ်ထံသို့ သွားရောက်ပြီး ပန်း၊ ရေချမ်း အမွှေးတိုင်၊ ဖယောင်းတိုင်တို့ ဆက်ကပ်ပူဇော်ခြင်း၊ တံမြက်



အောင်တော်မူရုပ်ပွားတော်မြတ်၏ စံကျောင်းဆောင်အလှူရှင် ဦးပညာဇောတ

www.burmeseclassic.com

www.burmeseclassic.com

စည်းလှည်းခြင်း အစရှိသည့် ဝေယျာဝစ္စကုသိုလ်ကို မပျက်မကွက် ဆောစဉ် ပြုလုပ်၏။

'ဒီဘုရားရဲ့ ဝေယျာဝစ္စကိုသား ဆောစဉ်ပြုလုပ်တာဟာ ဘယ်သူကမှ တိုက်တွန်းလို့ မဟုတ်ပါဘူး။ ဘုရားကို ကြည်ညိုစိတ်နဲ့ သားဆန္ဒအလျောက် လုပ်ပြီး ကုသိုလ်ယူတာပါ။ သားတို့မိသားစု ငွေကြေးမချမ်းသာပေမယ့် ဒီကုသိုလ်အကျိုးကြောင့် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနဲ့ မိသားစု ၃၊ ၄ကွဲ သိုက်မပျက် သက်ဆုံးတိုင် ဆောင်သွားရပါစေလို့ ဘုရားမှာ သား အမြဲဆုတောင်းပါတယ်' ဟု ပြည့်ဖြိုးအောင်က ဆို၏။

ဒေါ်အောင်တော်မူရုပ်ပွားတော်မြတ်အား ဘုရားအဇနကဇာတင်စဉ်ကဲ့ တွေ့မြင်ရစဉ်

အဓိဋ္ဌာန်ဝင်ရောက်လိုသူများ၊ လျှဒါန်းဒါနပြုလိုသူများအနေနှင့် ဦးပဉ္စင်းထံ ဆက်သွယ်နိုင်ခြင်း

ပတ်ဝန်းကျင်အနေအထား လွန်စွာဆိတ်ငြိမ်အေးချမ်းပြီး ဘေးပတ်လည်၌ တောအုပ်တောတန်းများ ဝန်းရံလျက်ရှိသော ဖော်ပြပါ အောင်တော်မူရုပ်ပွားတော်မြတ်၌ အဓိဋ္ဌာန်စခန်း ဝင်ရောက်လိုသူများအနေနှင့်ဖြစ်စေ၊ ရုပ်ပွားတော်မြတ်အတွက် တစ်စုံတစ်ရာ လှူဒါန်းဒါနပြုလိုသူများအနေနှင့်ဖြစ်စေ ဦးပဉ္စင်း ဦးပညာဇောတ၊ သက်တော်(၆၉)နှစ်၊ ဝါတော်(၁၃)ဝါ၊ ဖုန်း-၀၉၃၂၁၁၃၇၇၊ မောင်းတီးဘုန်းတော်ကြီးကျောင်း ရှေးဟောင်းသမိုင်းဝင် မောင်းတီးစေတီတော်အနီး စမ်းရွာထဲသို့ ဆက်သွယ်နိုင်ကြပါ၏။



အောင်တော်မူရုပ်ပွားတော်မြတ်၏ ဝေယျာဝစ္စကုသိုလ်ရှင် ဇကျောင်းသားဒေလး မောင်ပြည့်ဖြိုးအောင်

အောင်တော်မူဘုရားသို့ ခရီးလမ်းညွှန်

အထက်ပါ စမ်းရွာတောင်ဘက် တောတွင်း၌ ကိန်းဝပ်စံပယ် သီတင်းသုံးနေသော အောင်တော်မူရုပ်ပွားတော်မြတ်အား အကြောင်းဆက် အကျိုးဆက်ရှိ၍ သွားရောက်ဖူးမြော် ကြည်ညိုလိုသူတို့သည် ဒလဆိပ်ကမ်းမှနေ၍ ဒလ-ကော့မှူး ပြေးဆွဲသော ယာဉ်ငယ်များကိုစီးပြီး ကားလမ်းဘေးရှိ စမ်း ရွာတွင်ဆင်းကာ ခြေကျင်ခရီးဖြင့် တောတွင်းသို့လျှောက်၍ ရုပ်ပွားတော်မြတ်ကို ကြည်ညိုဖွယ် ဖူးတွေ့နိုင်ကြပါ၏။

(၇)ရက်သားသမီးများအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

မေတ္တာရည်၍

သစ္စာမင်းခေါင်

www.burmeseclassic.com

www.burmeseclassic.com

အောင်သာကျော်

အင်္ဂပူရမှာ တည်ခဲ့သည့် ဖြတ်စက်စက်ယိုစေတီတော်

လွန်ခဲ့သည့်လ အတွင်းက ဧရာဝတီတိုင်းဒေသကြီး အတွင်း တည်ရှိသည့် အင်္ဂပူမြို့သို့ ရောက်သွားဖြစ်ခဲ့ပါသည်။ ခိုင်သစ်ကုမ္ပဏီ၏ အုပ်ချုပ်ရေးမှူးဒါရိုက်တာဖြစ်သူ ဦးဝင်းလှိုင်က လိုက်ခဲ့ပါရန် ခေါ်သဖြင့် လိုက်သွားခဲ့မိခြင်းပင် ဖြစ်ပါသည်။

အင်္ဂပူမြို့နယ်အသင်းမှ ဖွင့်လှစ်ထားသည့် တည်းခိုခန်းတွင် ခေတ္တနားနေခဲ့ကြပြီး အင်္ဂပူမြို့တွင် အထင်ကရရှိနေသည့် စံကျောင်းသို့ အရောက်သွားကာ ဆရာတော်အရှင် စက္ကိန္ဒ အဂ္ဂမဟာကျော် နိုင်ငံတော်သံဃာဗဟိုဝန်ဆောင်အား ဦးခိုက်ပူဇော်ဖြစ်သည်။

စံကျောင်းမှာပင် အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)၏ ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် တွေ့ဆုံရင်းနှီးခွင့်ရရှိကာ အင်္ဂပူနှင့် ဆက်စပ်ပတ်သက်နေသည့် နောက်ခံသမိုင်းကြောင်းများ အကြောင်း မေးမြန်းရင်း တရင်းတနှီး အပြန်အလှန် စကားပြောဖြစ်သည်။

အင်္ဂပူမြို့ တည်နေရာကို ရှေးမြန်မာမင်းအစဉ်အဆက် လက်ထက်တော်ကတည်းကပင် အုတ်ဖိုမြို့ဟု တွင်ခဲ့သည့် နေရာပင် ဖြစ်သည်။ မြို့အလယ်တွင် ဖြတ်သန်းစီးဆင်းသည့် ချောင်းမှာ အုတ်ဖိုချောင်းပင်ဖြစ်သည်။ ထိုချောင်းဖျားတွင် ရာမညတိုင်း ပုသိမ်(၃၂)မြို့တွင် အပါအဝင် ဖြစ်ခဲ့ဖူးသော အင်္ဂပူရမြို့ တည်ရှိခဲ့သည်။ အင်္ဂပူရတွင် မြန်မာမင်း အစဉ်အဆက် အုပ်စိုးခဲ့သည်။ မြန်မာနှစ်(၁၁၁၅)

ဖြတ်စက်စက်ယိုစေတီတော်

www.burmeseclassic.com

www.burmeseclassic.com

ခုနှစ်တွင် နောက်ဆုံးမင်းဆက်ဖြစ်သော သီဟဗိုလ်မင်းလက်ထက်၌ အလောင်းမင်းတရားသည် ရာမညတိုင်းအား သိမ်းပိုက်အောင်မြင်တော်မူခဲ့ရာ လက်ရှိအုပ်ချုပ်နေသော သီဟဗိုလ်မင်းအား တိုက်သူကြီးတို့၏ အဆောင်အယောင်ဖြင့် ငွေနှင့်(၇)အဆင့် ထား၍ ဆက်လက် သူကောင်းပြုတော်မူခဲ့သည်။

ထိုမင်း၏သားတော်မှာ မဟာသီဟဗိုလ်ဖြစ်၍ မဟာသီဟဗိုလ်၏သားတော်မှာ စိတ္တဗိုလ်ဖြစ်သည်။ စိတ္တဗိုလ်မင်းလက်ထက် ရောက်လာသည်တွင် အုပ်ချုပ်ရေးနုံးခိုက်သည့် အင်္ဂပူရကို စွန့်ခွာပြီး ယခု အင်္ဂပူမြို့ တည်နေရာသို့ ရွှေ့ပြောင်းလာကာ မြို့တည်၍ အုတ်ဖိုမြို့အဖြစ် တွင်စေခဲ့သည်။ အုတ်ဖိုမြို့ဟု အမည်တွင်ထားခဲ့သော်လည်း ယခုတိုင်သူတို့ လက်ထက်သို့ ရောက်လာခဲ့သည်တွင် မီးရထားလမ်း ဖောက်လုပ်ရာ အရှေ့ဘက် သာယာဝတီ အုတ်ဖိုမြို့နှင့် အမည်ချင်းတူနေသဖြင့် အုတ်ဖိုမြို့အဖြစ်မှ အင်္ဂပူရကို အစားပြောင်းပြီး အင်္ဂပူမြို့ဟု ယနေ့ထက်တိုင် တွင်နေခဲ့ခြင်းပင် ဖြစ်သည်။

စေတီတော်အရှေ့ဘက်မြင်ကွင်း

အင်္ဂပူမြို့ တည်ရာဒေသတွင် ရှေးရှေးကတည်းက ရှိနေသည့် စေတီတော်မြတ်ကို နီးကပ်စွာ ဖူးတွေ့ခွင့်ရတော့ ၏။

စေတီတော်မြတ်၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် အသီးသီးရှိ မုခ်လိုဏ်ဂူများတွင် သိတင်းသုံးတော်မူနေကြသည့် ဆင်းတုတော်မြတ်တို့ထဲပါးတွင်လည်း ပန်း၊ အရုပ်၊ သစ်သီးများ ဆက်ကပ်ကြွေးနေသမှုပြုထားသည်ကိုလည်း တွေ့ရသည်။ စေတီတော်မြတ်၏ အရှေ့ဘက်၌ တည်ရှိနေသော အောင်းတော်အတွင်း ရှေးဟောင်း ဆင်းရုပ်ဆင်းတုတော်တစ်ဆူ သီတင်းသုံးတော်မူလျက်ရှိနေပြီး တန်ဆောင်မုန်းလပြည့် ဘုရားပွဲတော်ကျင်းပလေ့ရှိသည့် ကာလအတွင်း အင်္ဂပူမြို့တွင်းသို့ ဒေသစာရီ ကြွချီတော်မူကာ အပူဇော်ခံလေ့ရှိသည်။

စေတီတော်အရှေ့မြောက်ထောင့်အရံစေတီမြင်ကွင်း

စေတီတော်၏ အရှေ့မြောက်တွင်လည်း ကြီးမားကျယ်ပြန့်သည့် တန်ဆောင်းတော်ကြီးတစ်ခု တည်ရှိကာ အတွင်းတွင် ဆင်းတုတော်မြတ်တစ်ဆူ သီတင်းသုံးတော်မူလျက်ရှိသည်ကို ဖူးတွေ့ရသည်။

မြတ်စက်စက်ယို စေတီတော်မြတ်မှာ ရှေးဟောင်းသမိုင်းဝင် ဆင်းတုတော်တစ်ဆူပင်ဖြစ်သည်။ ရှေးဟောင်းသမိုင်းကြောင်းအရ အင်္ဂပူရဟု အမည်တွင်ခဲ့သည့် အင်္ဂပူမြို့တွင် အရှည်ကြာမြင့်စွာ ယမိုင်းမော်ကွန်းတင် ကျန်ရစ်ခဲ့မည့် စေတီတော်ငယ်တစ်ဆူကို မြန်မာနှစ်(၆၂၅)ခုနှစ်တွင် မွန်ဘုရင် သမုဒ္ဒဃောသမင်း၏မိဖုရား ဥမ္မာဒန္တီက တည်

www.burmeseclassic.com

စေတီတော်မြတ်မှာ (၁၂၈၈)ခုနှစ်တွင် စေတီတော်မြတ်နှင့်တကွ စေတီတော်မြတ်အနီးရှိ စေတီတော်(၂)ဆူ ဘုရားပေါင်း၍ (၇၂)တောင်ဉာဏ်တော်အမြင့်ဆောင်သည့် စေတီတော်မြတ်အဖြစ် တည်ထားခဲ့ခြင်းပင်ဖြစ်သည်။

စေတီတော်မြတ်၏ နောက်ခံသမိုင်းကြောင်းကို သိခွင့်ရထားပြီးသည်နှင့် စေတီတော်မြတ်၏ အရှေ့မြောက်ဘက်တွင် တည်ရှိသည့် တန်ဆောင်းတော်ကြီးအတွင်းသို့ ဝင်သွားခဲ့မိဖြစ်သည်။ တန်ဆောင်းတော်ကြီးအတွင်းဝယ် ရှေ့မီလူကြီးနှစ်ဦးနှင့် ဝေယျာဝစ္စဆောင်ရွက်နေကြသည့် ဘုရားဂေါပကလူကြီးသုံးဦးနှင့် ဆုံတွေ့ခွင့်ရကာ စကားလက်ဆုံကျဖြစ်ခဲ့သည်။

ထိုပုဂ္ဂိုလ်ကြီးများက တန်ဆောင်မုန်းလပြည့်၌ ကျင်းပလေ့ရှိသည့် ဘုရားပွဲတော်သို့ တစ်ခါတစ်ခေါက် အရောက်လာစေချင်ကြောင်း အရှေ့ဘက်ကျောင်းတော်ကြီးတွင် သီတင်းသုံးသည့် ရုပ်ပွားတော်မြတ် မြို့လုံးအနှံ့ ဒေသစာရီလှည့်လည်ကြောင်း၊ ထိုပွဲတွင် အမည်မဖော်လိုသူအဖြစ် (၁)သိန်းမှ (၃)သိန်းအထိ လာရောက်လှူဒါန်းသွားလေ့ရှိသော်လည်း နောက်မှလိုက်ကြည့်ရာတွင် အမည်မဖော်လိုသူ အလှူရှင်တို့မှာ ပျောက်ကွယ်သွားလေ့ရှိကြကြောင်း ပြောပြကြသည်မှာ စေတီတော်မြတ်နှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ်ကောင်းလှသည့် အချက်များပင်ဖြစ်သည်။

စေတီတော်မြတ်ထဲပါးမှ ပြန်လည်ထွက်ခွာမိတော့ ခ အတော်လေးစောင်းနေပြီပင်ဖြစ်သည်။ ချောင်းကူးတံတား လေးပေါ် လျှောက်နေမိစဉ်မှာပင် လျှောက်လက်စခြေလှမ်းတို့ တံ့သွားမိသည်။ ကြည်လင်နေသော ချောင်းရေတွင် မြွေတစ်ကောင် ဖြတ်သန်းကူးခပ်နေသည်ကို တွေ့လိုက်သောကြောင့်ပင်ဖြစ်သည်။ မြွေမှာ စေတီတော်တည်ရာဘက်သို့ ကမ်းသို့ ကူးခပ်နေခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ရှေးဟောင်းစေတီတော်တစ်ဆူ လည်းဖြစ်၊ ထူးခြားအံ့ဖွယ် အလှူရှင်များ နှစ်စဉ် ရောက်ပူဇော်လှူဒါန်းရာ စေတီတော်တစ်ဆူလည်းဖြစ်သည့် မြတ်စက်စက်ယိုစေတီတော်မြတ်ထဲပါး တစ်ခါတစ်ခေါက် အရောက်သွားကာ ပူဇော်သင့်ကြသည်ကတော့ အမှန်ပင် ဖြစ်ပါသည်။

ဖူးခွင့်ကြုံနိုင်ကြပါစေ။

အောင်သာကျော်

နှလုံးတုန်၊ ရင်ခုန်၊ မူးမောသူများအတွက်

နှန်းထိပ်တင်

နှလုံးခုန်နှုန်း မမှန်ခြင်း၊ နှလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှစ်ခြိုက်စွာ အိပ်မရခြင်း၊ အိပ်ရာမှ နိုးစတွင် ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမကြည်မလင် မူးဝေခြင်း၊ စိတ်မကြည်မလင် ထိုင်းမှိုင်းခြင်း၊ အသားအရေ မွဲခြောက်ပိန်လှိခြင်း၊ မအီမသာဖြစ်ခြင်း၊ အသက်ရှူမမှန်ခြင်း၊ နှလုံးနှင့်ပတ်သက်သော ဓာတုဂါများအတွက် သုံးစွဲနိုင်ပါသည်။ ဤဆေးကို နေ့စဉ်မှန်မှန် သောက်သုံးပါက အသားအရေ စိုပြေကြည်လင် လှပနုပျို ကျန်းမာသက်ရှည်ပါမည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၉/၂၀၁၀ တဆထလ(၂၀၂၆)
ယာယီဆေးဝါးမှတ်ပုံတင်အမှတ် - ၀၂၁၃ Y ၀၁၀၁၇၈
ကြော်ငြာခွင့်ပြုချက် - ၂၃၁/၁၀၁၃ [တဆထက(စာနယ်ဇင်း)]

နှလုံးအားတိုးဆေး

ပင်ရင်း၊ နန်းထိပ်တင်ဆေးဆိုင် - တိုက်(၅)၊ အခန်း(၁၀၁)၊ သိရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံပြို့နယ်၊ ရန်ကုန်မြို့။
၀၉၂၀၀၉၉၇၊ ☎ (၀၁)၂၁၈၈၃

ရန်ကုန် ပြည်ပပြန်မာဆေးမျိုးစုံဆိုင် - ဆိုင်အမှတ်(B-50, 51)၊ ရွှေပြည်စုံစျေး(ဒုတိယထပ်)၊ မင်္ဂလာတောင်ညွန့်ပြို့နယ်၊ ရန်ကုန်မြို့။
၀၉၄၂၁၀၀၇၇၈၃၊ ၀၉၄၂၁၀၁၈၀၂၃

မန္တလေး ဦးဆေးဖြင့် ပြန်မာဆေးမျိုးစုံဆိုင် - ရောင်းဝယ်ရေး/E ခုံ(သဇင်ခုံ)၊ အမှတ် - ၉၆(မြေညီထပ်)၊ စျေးချို မန္တလေးမြို့။ ☎ (၀၂)၃၁၀၈၀

www.burmeseclassic.com

သုံးဆယ်-ဘုန်းကြွယ်

အုံဖွယ်ထင်ရှား ကံဇောကိတ်ဘုရား

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ စေတီယရွာအနီး ပင်လယ်ကမ်းစပ်တွင် အအေးခန်းတည်ဆောက်ရန် စာရေးသူသည် (၁၉၉၆)ခုနှစ်၊ ဇူလိုင်လက ရောက်ရှိခဲ့သည်။ ထိုသို့ အအေးခန်းနှင့် ဆက်စပ်အဆောက်အအုံများ ဆောက်လုပ်ရာတွင် ဒေသခံများလည်း ပါဝင်ကြသည်။

ရက်အတန်ငယ် ကြာသောအခါ သူတို့နှင့် ခင်မင်ရင်းနှီးလာတော့၏။ ပင်လယ်ကမ်းခြေကိုပတ်၍ ဖောက်လုပ်ထားသော ကားလမ်းပေါ်တွင် ကုန်များ၊ ခရီးသည်များ တင်ဆောင်၍ ဝွန်ဒေါင်းများ ပြေးဆွဲနေသည်။

'ဒီကားလမ်းက ဘယ်ရောက်လဲ'

'ရမ်းဗြဲကိုရောက်တယ် ဆရာ။ ဒီလမ်းအတိုင်း (၂) နာရီလောက်သွားရင် ကံ့ကော်တောဘုရားကို ရောက်တယ်'

နောက်တစ်ယောက် ကပြောသည်။

'တစ်နေ့လောက် ဆရာ သွားဖူးပါလား။ ကျောက်တစ်လုံးဂူဘုရားလည်း ရှိတယ်'

ကံ့ကော်တောဘုရား ဆိုသည်နှင့် စာရေးသူ စိတ်ဝင်စားသွားသည်။ သို့ဖြင့် ဝါဆိုလပြည့်နေ့တွင် အလုပ်တစ်ရက် ရပ်နား၍ ကုမ္ပဏီကကားနှင့် နေ့လယ်စာပါ ပို့ဆောင်ပေးသည့်အတွက် အလုပ်သမားအားလုံးခေါ်ပြီး ကံ့ကော်တောဘုရားသို့ ဘုရားဖူးထွက်လာခဲ့တော့သည်။

ကျောက်ဖြူ-ရမ်းဗြဲ ကားလမ်းပေါ်တွင် ပြေးလွှားနေသော ကားလေးသည် ဂုံးချိန်ရွာမှ ညာဘက်သို့ (၂)ဖာလုံခန့် ချိုးကွေ့လိုက်သောအခါ ကံ့ကော်တောဘုရားသို့ ရောက်သွားသည်။ ညနေ(၄)နာရီ ပြန်ကြဲရန် မှာပြီး ကုမ္ပဏီကားကို ပြန်လွှတ်လိုက်သည်။

မိမိတို့ဘုရားဖူးအဖွဲ့သည် ဘုရားအနီးရှိကျောင်းတွင် ဆရာတော်ထံမှ ရှစ်ပါးသီလခံယူပြီး ဥပုသ်ဆောက်တည်ကြသည်။ သီလယူပြီး ဘုရားအား လှည့်ပတ်ဖူးမြော်သည်။

ကျောက်ဖြူမြို့နှင့် ကံ့ကော်တောဘုရား

ကျောက်ဖြူမြို့သည်ကား ရခိုင်ပြည်နယ်ရှိ ရမ္မာဝတီ (ခေါ်) ရမ်းဗြဲကျွန်း၏ မြောက်ဘက်ဖျားရှိ ဘင်္ဂလားပင်လယ်ကမ်းခြေအနီး တည်ရှိသည်။ ရှေးအခါက ရခိုင်ပြည်ကြီးတွင် ဝတီလေးရပ်အပါအဝင် တိုင်းကြီး(၁၂)တိုင်း ရှိခဲ့သည်။ ထိုတိုင်းများထဲတွင် ရမ္မာဝတီ (ခေါ်) ရမ္မာပူရ ကျွန်းလည်း တိုင်းတစ်တိုင်းအဖြစ် ပါဝင်ခဲ့လေသည်။

ကဿပဘုရားရှင် လက်ထက်တော်အခါက တစ်နေ့သောနေ့တွင် ဘုရားရှင်သည် ရဟန္တာများနှင့် ကောင်းကင်ခရီးကြွတော်မူရာ ရခိုင်ပြည်၏ အလယ်ဗဟိုကျသော ပင်လယ်ထဲတွင် ဝမ်းဘဲငှက်သဏ္ဌာန်ကဲ့သို့ ကျွန်းငယ်တစ်ခုပေါ်တွင် ဆင်းသက်ရပ်နားတော်မူ၍ ကျွန်းငယ်ကား နောင်တွင် ဝမ်းဘဲကျွန်းဟု အမည်တွင်အံ့ဟူ၍ ဗျာဒိတ်တော်ထားခဲ့သည်။ ကာလရွှေ့လျားရ၍ ဝမ်းဘဲမှ ရမ်းဗြဲကျွန်းဟူ၍ ပြောင်းရွှေ့ခေါ်ဝေါ်ခဲ့ကြသည်။ ကျောက်ဖြူမြို့ဟု ခေါ်ဝေါ်ခြင်းမှာ လှပဖြူဖွေးသော ကျောက်စရစ်လုံးငယ်ပေါင်းများစွာရှိခြင်းတို့ကြောင့် ကျောက်ဖြူမြို့ဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။

ကျောက်ဖြူမြို့သည်ကား အလွန်သာယာလှပခြင်းနှင့် ပြည့်စုံ၍ မြို့အကျယ်အဝန်းမှာ အလျား(၂)မိုင်၊ အနံ(၁)မိုင်ခွဲခန့် ရှိသည်။ ဤကား ကံ့ကော်တောဘုရား တည်ရှိရာ ကျောက်ဖြူမြို့၏ သမိုင်းအကျဉ်းပေတည်း။

ရှေးနှစ်ပေါင်းများစွာကပင် ထင်ပေါ်ကျော်ကြားသော ကံ့ကော်တောဘုရား ရှေးဟောင်းပေါ်တော်မူမြတ်စွာဘုရား ရုပ်ပွားတော်နှစ်ဆူသည်ကား ရခိုင်ပြည်နယ်၊ ရမ်းဗြဲကျွန်းရှိ ကျောက်ဖြူခရိုင်၊ ကျောက်ဖြူမြို့နယ်၊ ဂုံးချိန်ကျေးရွာတောင်ဘက် ကံ့ကော်ပင်များရှိရာအရပ်၌ တည်ရှိလေသည်။

ဘုရားတည်ထားကိုးကွယ်သည့်နှစ်

မှန်စီရွှေချ ပလ္လင်တော်ကြီး အသစ်ပြုလုပ်ရန် လက်သမားဆရာကြီး ဦးမောင်ထွန်းသာ ကိုယ်တိုင် ရန်ကုန်မြို့သမိုင်းရပ်ကွက်နေ ပန်းရန်ဆရာကြီး ဦးစံရွှေအဖွဲ့အား ခေါ်ယူခဲ့ပြီး (၁၃၃၃)ခုနှစ်၊ တပေါင်းလဆုတ် (၁၄)ရက်နေ့မှ

www.burmeseclassic.com

www.burmeseclassic.com

တောင်၌ ပြုလုပ်လျှဒါန်းကြသည်။ မှန်စီရွှေချ ပလ္လင်တော်ကြီး အသစ်ပြုလုပ်ရန် ပလ္လင်တော်ဟောင်းကို ဖြိုဖျက်ကြရာ ဌာပနာတိုက်ထဲမှ တွေ့ရှိရသော ရွှေ၊ ငွေ၊ နားတောင်း၊ လက်ကောက်၊ လက်စွပ်များနှင့်အတူ စာသင်္ကေတများလည်း ပါသည်။ ရွှေပေချပ်တစ်ခုနှင့် ကြေးပြားများ တွေ့ရှိရသည်။ ၄င်းပေလွှာချပ်တွင် (၁၄၇)ဟု ပါရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ကုံကော်တောဘုရားရုပ်ပွားတော်များသည် နှစ်ပေါင်းတစ်ထောင်ကျော်မည်ဖြစ်ကြောင်း တွေ့ရှိခဲ့ပါသည်။

ထပ်မံရှာဖွေတွေ့ရှိသော လက်ံာစာပိုဒ်၏ နောက်ဆုံးအပိုဒ်ကလေးကို ဖော်ပြလိုသည်။

တည်လေသက္ကရာဇ်၊ နှစ်၏ကောဇာ၊ တစ်ရာ့လေးဆယ်၊ စွန်းဝယ်ခုနှစ်၊ ရတုဟေမန်၊ မြေည်သောင်းစဲ၊ တပို့တွဲလ၊ ဆန်းစပုဏ္ဏမီ၊ တိထီခြောက်ရက်၊ ဇီဝါရက်တွင်၊ တည်ရက်မှန်လှ၊ မြတ်ဗုဒ္ဓကို၊ ခေါ်ထမိန့်မော၊ ကုံကော်တောဝယ်၊ မနောကြေငြာ၊ တည်ထားပါသည်၊ ရောင်ဝါခြောက်သွယ် ဝင်းစေသော်။

ဤလက်ံာအရပ်လည်း ကုံကော်တောဘုရားရုပ်ပွားတော်များမှာ ကောဇာ(၁၄၇)ခုနှစ်၊ တပို့တွဲလဆန်း (၆)ရက်နေ့ ကိုးကွယ်သည်ဟု မှတ်ယူရပေမည်။

ဘုရားပွဲတော်ကျင်းပရက်

ကုံကော်တောဘုရားပွဲကျင်းပပုံ ထူးခြားချက်မှာ တခြားဘုရားပွဲတော်များကဲ့သို့ ရက်ရှည်ကျင်းပခြင်းမဟုတ်။ ဘုရားပွဲကျင်းပသည့်နေ့မှာ နှစ်ဆန်း(၁)ရက်နေ့ဖြစ်၍ တစ်ရက်တည်းသာ ကျင်းပခြင်းဖြစ်သည်။ ပွဲတော်အကြို သကြာအတက်နေ့တွင် ဘုရားများကို ရေသပ္ပာယ်ခြင်းကို ပြုလုပ်လေ့ရှိကြသည်။ မွန်းလွဲ(၁)နာရီမှ ညနေ(၅)နာရီကျော် (၆)နာရီခန့်အထိ ရေသပ္ပာယ်ကြသည်။ ရွာပေါင်းများစွာတို့မှ တစ်ရွာပြီးတစ်ရွာ သီဆိုကခုန်တီးမှုတ်ပြီး အမွေးနုံသာ ဆေးချမ်းအိုးများ ကိုယ်စီရွက်၍ ဘုရားသိမ်တော်အား မိမိတို့ စိတ်ကြိုက် လှည့်ပတ်ဦးခိုက်ပူဇော်ပြီးမှသာ ရေသပ္ပာယ်ခြင်းကို ပြုလုပ်လေ့ရှိကြသည်။ နေဝင်ချိန်မှ မိမိတို့ရွာများသို့ လမ်းလျှောက်ပြန်ကြသည်။ ရွှေ၊ ငွေ၊ လက်ဝတ်လက်စား မည်မျှပင် ဝတ်စားဆင်ယင်စေကာမူ လုယက်ခံရခြင်းမရှိ၊ အချင်းချင်းခိုက်ရန်ဖြစ်ပွားခြင်းမရှိဘဲ ပွဲတော်ပြီးမြောက်ခဲ့သည်မှာ ကုံကော်တောဘုရား၏ ထူးခြားချက်ပင်။

တန်ခိုးတော်အပေါင်းနှင့် ပြည့်စုံတော်မူသော ဘု



www.burmeseclassic.com

www.burmeseclassic.com

ကော်တောပေါ်တော်မူဘုရားပွဲတော်သည် နှစ်ဆန်း(၁)ရက်မှ နံနက်(၄)နာရီ အရဏ်ဆွမ်းတော် ကပ်လှူချိန်ကပင် စတင်ကျင်းပခဲ့ရာ ညနေ(၄)နာရီထိ တစ်နေ့တာမျှသာ ပြုလုပ်သော ဘုရားပွဲတော် ဖြစ်ပေသည်။ ဤသို့ တစ်ရက်တည်းပြုလုပ်သော ဘုရားပွဲတော်ဖြစ်ခြင်းကြောင့် တခြားဘုရားပွဲတော်များကဲ့သို့ အငြိမ့်ဇာတ်ပွဲများ လုံးဝမပါရှိပေ။ သို့သော် နံနက်ပိုင်း ဆွမ်းပို့ချိန်တွင်မူ ရွာပေါင်းများစွာတို့မှ မိမိရပ်ရွာဓလေ့ထုံးစံအလိုက် အမျိုးမျိုးသော ကခုန်သီဆိုကြီးမှုတ်ခြင်းတို့ဖြင့် လှုဒါန်းဖွယ်ရာများနှင့် ဆွမ်းအိုးများကိုယ်စီရွက်၍ ဘုရားသိမ်တော်အား သုံးခေါက်၊ ငါးခေါက်၊ နှစ်ခေါက် မိမိတို့ရွာအလိုက် လှည့်ပတ်ဦးခိုက် ပူဇော်သက္ကာရပြုကာ ကန်တော့ပွဲကျင်းပသည့် သိမ်ပတ်ပွဲမှာ ကြည့်မဝရှုမဆုံးလောက်အောင်ပင် အလွန်ပျော်ရွှင်ကြည်နူးစရာအတိ ဖြစ်ကြရပေသည်။

ပွဲတော်နေ့လယ်ပိုင်းတွင်ကား ရခိုင်လူမျိုးတို့၏ ဘုရားပွဲတော်တိုင်းတွင် ပါရစမြဲဖြစ်သော ရိုးရာပွဲတစ်ပွဲဖြစ်သည့် ကျင်ကိုင်ပွဲမှာလည်း နှစ်စဉ် ပါဝင်ပြုလုပ်ခဲ့လေသည်။ ထို့ပြင် နွေလုံးပေါက် ကျွေးမွေးနေသော စတုဒိသာမဏ္ဍာပ်ကြီးလည်း နာမည်ကျော် ပြိန်းဟင်း(ပိန်းဟင်းချက်)အား ကိုးကွယ်တော်မူသော စားသောက်ကြခြင်းဖြင့် ပျော်ရွှင်ပေရာတစ်မျိုး ဖြစ်ပေသည်။

ကဲ့ကော်တောပေါ်တော်မူဘုရားပွဲတော်တွင် မည်မျှပင် စတုဒိသာကျွေးမွေးသော အလှူတော်မဏ္ဍာပ် ရှိစေကာမူ ပွဲတော်လာ လူထုပရိသတ် များပြားလွန်းခြင်းတို့ကြောင့် ကြာရှာ တောရွာများပါ ထမင်းဆိုင်များ လာရောက်ရောင်းချကြသည်။ တချို့မိသားစုများမှာ အိမ်မှပင် စုပေါင်းချက်ပြုတ်ခဲ့ပြီး စားသောက်ကြသည်။ တချို့မှာ စုပေါင်းဝယ်ခြမ်းစားကြပြီး သစ်ပင်ရိပ်ကောင်း နေရာတစ်ခုခုတွင် တပျော်တပါး ချက်ပြုတ်စားသောက်ကြသည်။ မည်သို့ပင် ရောင်းချက်ပြုတ် စားသောက်စေကာမူ အမဲ၊ ကြက်၊ ငှက်အစရှိသော သတ္တဝါများ၏ အသက်သတ်ခြင်းများကို ကြားနေရခြင်းတွင် လုံးဝမပြုလုပ်ဘဲ ရှောင်ကြဉ်ကြရပေသည်။ ထိုသို့တစ်ရံ မသို၍ဖြစ်စေ၊ မထီမဲ့မြင်ပြုလုပ်ပြီး အသက်သတ်ခြင်းဖြစ်စေ ပြုလုပ်ခဲ့လျှင် ပွဲတော်နေ့တွင် မိုးကြိုးပစ်ခြင်းနှင့် ရွာသွန်းခြင်းများ ဖြစ်ပေါ်တတ်ပေသည်။ ဤသို့ မိုးရွာခြင်းနှင့် ကြုံတွေ့ရလျှင် ဘုရားအနီး အသက်သတ်ခြင်းကြောင့် သွေးဆေးမိုးရွာခြင်းဖြစ်သည်။ ဤသည်မှာလည်း ကဲ့ကော်တောဘုရား၏ အံ့ဖွယ်တစ်ပါးပင်တည်း။

နာမည်ကျော် ပြိန်းဟင်း(ပိန်းဟင်း)

ပိန်းဟင်းများသည် ယားယံတတ်သောဟင်းမျိုးဖြစ်၍ လူတိုင်း မစားဝံ့ကြပေ။ အလွန်ကောင်းသော ပိန်းယဉ်မျိုးပင် တစ်ခါတစ်ရံ သွေးနှင့်မသင့်လျှင် ယားယံခြင်းကို ဖြစ်စေသည်။ များပြားလှစွာသော ဆည့်ပရိသတ်ကို ဆည့်ခံသည့်ဟင်းမှာ ပိန်းဟင်းဖြစ်သည်။ များပြားလှစွာသော ပရိသတ်အတွက် ပိန်းယဉ်ဟင်းပင်များကို ဘယ်မှာရရှိနိုင်ပါမည်နည်း။ ယင်းတို့ကြောင့် ပွဲတော်မလုပ်မီ တစ်ပတ်ခန့်ကပင် ကြိုတင်၍ အရပ်ရပ်နေရာတကာတွင် ပေါက်ရောက်နေကြသော ပိန်းပင်များအား သွားရောက်ရှာဖွေကြရသည်။ ထိုသို့ အရပ်ရပ်မှ ရှာဖွေ၍ရရှိလာသော ပိန်းပင်များအား ခုတ်သင်ပိုင်းဖြတ်ပြီး ဒယ်အိုးကြီးများဖြင့် ဖိသိပ်ချက်ပြုတ်ထားခြင်းမှာ စားဝံ့စရာပင်မရှိဟု ထင်မှတ်ကြသော်လည်း ပိန်းဟင်းအိုး ကျက်သည်နှင့် တစ်အိုးပြီးတစ်အိုး ကုန်သွား၍ စောင့်ဆိုင်းရပင် နေကြရသည်။ ထို့ကြောင့် ပိန်းဟင်းသည် ပွဲတော်လက်စွဲဟင်းဖြစ်သည်။ ချက်ပြုတ်ကျွေးမွေးသော ပိန်းဟင်းမှာ လုံးဝယားယံခြင်း မရှိပေ။ ဤသည်မှာကား ကဲ့ကော်တောဘုရား၏ ထင်ရှားသော အံ့ဖွယ်ရာဖြစ်သည်။

နတ်ရေကန်

ဘုရားနှင့် (၂)ဖာလုံခန့်ဝေးသော ဂုံးချိန်ရွာတွင် ယခင်အခါက ရေတွင်း၊ ရေကန်များ မရှိသလောက် ရှားပါးသဖြင့် ဘုရားပွဲတော်အတွက် ရေအခက်အခဲရှိနိုင်မည် ထင်ရသော်လည်း ရေဒုက္ခမှ ကင်းဝေးခဲ့ရသည်။ အကြောင်းသော်ကား သိမ်တော်အနီးမှ (၄)ပေခန့်အနက်ရှိသော ရေကန်ငယ်တစ်ခုက အချိန်မရွေး ခပ်ယူနိုင်ခြင်းဖြစ်သည်။ လူတိုင်းက နတ်ရေကန်ဟု ခေါ်ဝေါ်သမုတ်ထားသော ထိုရေတွင်း၏ ပုံသဏ္ဌာန်မှာ လေးထောင့်ကျကျ ပြုလုပ်ထားသော ဆီထည့်ကတော့ပုံကဲ့သို့ အထက်ကျယ်အောက်ကျဉ်းပြီး ရေအိုးတစ်လုံးသာ ဝင်ဆံ့ရုံမျှ ဆန်းကြယ်စွာ ပြုလုပ်ထားပြီး တစ်ဦးတစ်ယောက်တည်းသာ ဝင်ရောက်ခပ်ယူနိုင်သည်။ အတွင်းသို့ ဆင်းနိုင်ရန် တံခါးငယ်နှစ်ပေါက်ရှိသည်။ ရေတွင်းပတ်ပတ်လည်ကို ရေခပ်ဆင်းနိုင်ရန် အုတ်များဖြင့် လှေကားထစ်သဖွယ် ပြုလုပ်ထားသည်။ မည်မျှပင်ခပ်စေကာမူ ကုန်ခန်းနောက်ကျိခြင်းမရှိဘဲ ပွဲတော်ရက်အတွင်း သောက်သုံးမကုန်နိုင်ပေ။ ထူးခြားချက်မှာ အမျိုးသမီးများ ရေခပ်မဆင်း

www.burmeseclassic.com

www.burmeseclassic.com

ချခြင်းဖြစ်သည်။ ထိုသို့ ဘုရားပွဲတော်ရက်အတွင်း ရေဒုက္ခမှ ကင်းဝေးရခြင်းမှာလည်း ကံ့ကော်တောဘုရား၏ အံ့ဖွယ်တစ်ပါးပင်။ (ယခုအခါ အလှူရှင်များမှ ရေတွင်း၊ ရေလှောင်ကန်များ ပြုလုပ်လှူဒါန်းထားပါသည်။)

ဉာဏ်တော်ငယ် ဝါတော်ကြီး

ရပ်ပွားတော်နှစ်ဆုအနက် ရပ်ပွားတော်ငယ်မှာ ဝါတော်ကြီးကြောင်း ယုံကြည်ကြသည်။ ယုံကြည်ရန်လည်း အကြောင်းရှိခဲ့သည်။ ကောဏာသက္ကရာဇ်(၁၃၃၃)ခုနှစ်တွင် မှန်စီရွှေချ၊ ဖန်၊ မှန် ပလ္လင်တော်ကြီး အသစ်ပြုလုပ်လှူဒါန်းရန်အတွက် ယာယီပလ္လင်ပေါ်သို့ ရပ်ပွားတော်ကြီးအား ဦးစွာပင့်ယူလာရန် မှာကြားထားသော်လည်း ရပ်ပွားတော်အငယ်သာလျှင် ယာယီပလ္လင်ပေါ်သို့ ဦးစွာပင့်ယူလာခြင်းကို တွေ့ရှိသည်။ မုခဆောင်(၂)ခုနှင့် ပလ္လင်တော်အသစ်ကြီးကို ရန်ကုန်မြို့မှ ပန်းရန်ဆရာကြီးအဖွဲ့နှင့် ကျောက်ဖြူမြို့မှ လက်သမားဆရာကြီးများ ကိုယ်တိုင်ပါဝင်၍ ပြုလုပ်ခဲ့ကြသည်။ ပလ္လင်တော်မုခ်ပေါက်အား အနိမ့်အမြင့်တူညီရန် အထူးသတိထား၍ ရေချိန်တိုင်းတာပြီး ပြုလုပ်စေကာမူ တောင်ဘက်ရပ်ပွားတော်ငယ်၏ ပလ္လင်တော်မှာ မြောက်ဘက်ပလ္လင်တော်ထက် သိသာစွာမြင့်နေကြောင်း တွေ့ရသည်။ အကြိမ်ကြိမ် ချိန်ဆတိုင်းတာသော်လည်း အနည်းငယ်မျှ မြင့်နေခြင်းသာ တွေ့ရ၍ လက်လျှော့လိုက်ရသည်။ ပလ္လင်အသစ် ပြီးစီးသည့်အခါတွင်လည်း ရပ်ပွားတော်ကြီးအား ဦးစွာပင့်ခိုင်းပြန်ရာ ပင့်ယူသူက ရပ်ပွားတော်ကြီးအထင်ဖြင့် ပင့်ဆောင်ရာ ရပ်ပွားတော်ငယ်သာလျှင် ပလ္လင်အသစ်ကြီးထက်ဝယ် ဦးစွာ ကြွရောက်တော်မူခြင်းကို တွေ့ရပြန်သည်။ ထို့ကြောင့် ရပ်ပွားတော်ငယ်မှာ ဉာဏ်တော်ငယ်သော်လည်း ဝါတော်ကြီးကြောင်း သိရပေသည်။

အသက်အတိုအရှည် တိုင်းတာခြင်း

ရပ်ပွားတော်ငယ်အား တန်ခိုးပို၍ထင်ရှားတော်မူသည်ဟု ယုံကြည်မှုရှိသည့်အလျောက် အသက်အတိုအရှည် တိုင်းတာခြင်းနှင့် လိုရာဆုများ အဓိဋ္ဌာန်ခြင်းကို ရပ်ပွားတော်ငယ်ထံတွင်သာ ဆုတောင်းအဓိဋ္ဌာန်ပြုကြသည်။ စိတ်ဓာတ်ကြံ့ခိုင်ပြီး မကြောက်တတ်သူများသာ အသက်တိုင်းတာခြင်းကို ပြုလုပ်ကြသည်။ ကြောက်စိတ်၊ သံသယစိတ်ရှိသူများ ပြုလုပ်ရန် လုံးဝမသင့်လျော်ချေ။ ဤကဲ့သို့ အသက်တိုင်းတာခြင်း ပြုလုပ်ရာတွင် အသက်တိုမည်ကို မြင်တွေ့ရသော အခါ စိတ်မချမ်းသာမှုဖြင့် နေမကောင်းဖြစ်လာပြီးလျှင် မကြာမီ သေဆုံးသွားတတ်ခြင်းကို တွေ့ရသောကြောင့် လူကြီးမိဘများက အထူးဟန့်တားကြသည်။ တခြားသော်လိုရာဆုများကိုသာ တောင်းရန်ပြောကြသည်။

အဓိဋ္ဌာန်ဆုတောင်းနည်းကား ဝါးခြမ်းနှီးပြားစငယ်တစ်ခုကို မိမိတို့၏ တံတောင်ဆစ်မှ လက်ခလယ်ထိပ်ဖျား အထိ တိုင်းယူပိုင်းဖြတ်ပြီး ရေဖြင့်စင်ကြယ်စွာ ဆေးကြော်ရသည်။ ထို့နောက် ရပ်ပွားတော်ငယ်၏ရှေ့တွင် ယုံကြည်သောစိတ်ဖြင့် ငါးပါးသီလခံယူလျက် လိုရာဆုများတောင်း၍ အရှင်ဘုရား၏ တန်ခိုးတော်အား ပြတော်မူပါဘုရားဟု ရှိခိုးကန်တော့ကာ ရပ်ပွားတော်ငယ်ရင်ပြင်ပေါ်တွင် ဝါးခြမ်းစငယ်အား ဆက်ကပ်လှူတင်ထားရမည်။ အချို့အနည်းငယ်ခန့်ကြာသော် ပြန်လည်ယူပြီး မိမိလက်ဖြင့် တိုင်းကြည့်ရမည်။ အသက်တိုင်းတာသူများနှင့် လိုရာဆုတောင်းသူများမှာ အသက်ရှည်၍ အလိုပြည့်မည်ဆိုလျှင် ထိုဝါးခြမ်းစမှာ သိသိသာသာ ရှည်နေခြင်းကို တွေ့ရပြီး အသက်တိုပြီး အလိုမပြည့်သူများအတွက်မူ နဂိုကထက် တိုနေကြောင်းကို ထင်ရှားစွာတွေ့ကြရပေမည်။ ဤသို့ ထူးခြားခြင်းမှာလည်း ကံ့ကော်တောဘုရား၏ အံ့ဖွယ်ရာများပင်တည်း။

နိမိတ်တော်ပြခြင်း

ကံ့ကော်တောဘုရားရပ်ပွားတော်နှစ်ဆူမှာ ကမ္ဘာကြီးအတွင်းနှင့် ထီးကျိုးစည်ပေါက် မင်းပါပျောက်ခဲ့ရသော အချိန်များတွင်လည်းကောင်း၊ (၁၉၄၂)ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးချိန်၌လည်းကောင်း ထူးခြားသောနိမိတ်တော်များကို ပြတော်မူခဲ့သည်။ တိုင်းပြည်ရေး၊ ရပ်ရွာရေးမှာ ထိခိုက်ပျက်စီးမည့်အကြောင်းများ ပေါ်ပေါက်တော့မည်ဆိုလျှင် ဤကံ့ကော်တောရပ်ပွားတော်များမှ ချွေးတော်ထွက်ခြင်း၊ မျက်လုံးတော်များနီမြန်းခြင်း၊ မျက်နှာတော်များ အကွဲကြောင်းများ ဖြစ်ပေါ်လာခြင်း စသည့်မကောင်းသော အ,မင်္ဂလာအတိတ်နိမိတ်များ ပြတော်မူခဲ့သည်။ ဤသည်မှာလည်း ထူးဆန်းသောအံ့သြဖွယ် ဖြစ်ရပ်များပင်တည်း။

ကံ့ကော်တောဟု ခေါ်တွင်ရခြင်းနှင့် ကံ့ကော်ပင်များ ဦးခိုက်ခြင်း

ရှေးယခင်အခါက ကံ့ကော်တောဘုရားတစ်ဝိုက်တွင် ကံ့ကော်တောပင်များမှလွဲ၍ တခြားမည်သည့်အပင်မျိုးမပေါက်ခဲ့ပေ။ ရာပေါင်းများစွာသော ကံ့ကော်ပင်များသာ ပေါက်ရောက်ပြီး အလွန်မွေးကြိုင်သာယာသော တောအုပ်

www.burmeseclassic.com

အမှုယ် ဖြစ်နေခြင်းကြောင့် ကံ့ကော်ဆောဟု ရှေးယခင်ကပင် ခေါ်ဝေါ်ခဲ့ကြသည်။ ဤပေါ်တော်မူဘုရားရုပ်ပွားတော်များအား သိမ်တော်ဆောက်၍ ကိုးကွယ်ကြသည့်အချိန်မှစ၍ ရှိသမျှသော ကံ့ကော်ပင်များ အားလုံးတို့မှာ ဘုရားသိမ်တော်ဘက်သို့ ထူးဆန်းစွာ ကိုင်းညွှတ်ဦးခိုက်လျက်ရှိနေကြောင်း သိရပေသည်။

ယခုအခါ လေပြင်းမုန်တိုင်းဒဏ်အကြိမ်ကြိမ်ခံရသောကြောင့်လည်းကောင်း၊ ထင်းအဖြစ် မဆင်ခြင်ဘဲ ခုတ်ယူဖြန်းတီးမှုကြောင့်လည်းကောင်း အနည်းငယ်ခန့်သာ ကျန်ရှိသည်။ ကျန်ရှိသော ကံ့ကော်ပင်များမှာလည်း သိမ်တော်ဘက်သို့ ကိုင်းညွှတ်လျက် ရှိကြသည်။ ဘုရားပွဲတော်သည်လည်း ကံ့ကော်ပန်းရနံ့ မွှေးထုံပြန့်လေသည်။ ပန်းခိုးနှင့် တိုက်ဆိုင်ကြဲကြိုက်နေခြင်းတို့မှာလည်း အံ့ဖွယ်တစ်ပါးပင် ဖြစ်ပေတော့သည်။

ဘုရားညီနှောင်ပွဲညီနှောင်

ဘုရားညီနှောင်ဟု ခေါ်ဆိုအပ်သော ဤကံ့ကော်တောမြေတော်မူ ရုပ်ပွားတော်နှစ်ဆူ၏ တန်ခိုးတော်ထူးခြားမှုတို့ကား လွန်စွာများပြားလှပေသည်။ ဘုရားသိမ်တော်သည် အတန်ငယ်ဝေးသောနေရာ တောထဲတွင်ရှိသော်လည်း ရေမခန်း၊ ပန်းမညှိုးခြင်းများ တွေ့ရှိရပေသည်။ အခြားသော ကုသိုလ်ရှင်များက ပွဲတော်နေ့တွင် စောစီးစွာ အရောက်ဆွမ်းကပ်ကြသော်လည်း ဆွမ်းဦးလျက် တွေ့ကြုံခြင်း ပြောကြားကြပေသည်။ ပလ္လင်တော်တစ်ခုတည်း ပူဇော်ခဲ့(၂)ခုဖြင့် စံမြန်းတော်မူနေခြင်းမှာလည်း အလွန်အံ့သြဖွယ်ရာသော ထူးခြားမှုဖြစ်သည်။

အံ့ဖွယ်ကောင်းခြင်း တစ်ချက်မှာကား ကံ့ကော်တောမြေကျင်းပသည့် နှစ်ဆန်း(၁)ရက်နေ့မှာပင် ရှေးဟောင်းကျောက်တစ်လုံးဂူ ဘုရားပွဲတော်ကလည်း ပါဝင်ကျင်းပခြင်းပင် ဖြစ်ပေသည်။ ကျောက်ဖြူမြို့မှ (၃)မိုင်အကွာခုံခန့် ကွာဝေးသော ကျောက်တစ်လုံးဂူဘုရားမှာ ကျောက်တစ်လုံးတည်းတွင် ဂူပေါင်းများစွာ၊ ဘုရားရုပ်တုများစွာဖြင့် ရခိုင်ဘုရင်မင်းဘက်ကြီး လက်ထက်မှစ၍ ပြုလုပ်ထားခဲ့လေသည်။ စာရေးသူတို့ ကံ့ကော်တောဘုရားအလာလမ်းတွင် ဖြတ်သန်းဖူးမြင်ခဲ့ရသောဘုရားဖြစ်သည်။ ကံ့ကော်တောဘုရားကဲ့သို့ပင် နံနက်(၄)နာရီမှ ညနေ(၄)နာရီထိ တစ်နေ့တာပွဲတော်ဖြစ်ပြီး စတုဒိသာကျွေးမွေးခြင်း၊ ရိုးရာကျင်ကိုင်ပွဲများနှင့် စည်ကားလှုပေသည်။

ထိုနေ့တွင် ကျောက်ဖြူမြို့နယ်တစ်ခုလုံးမှ လူအများတို့သည် ကံ့ကော်တောနှင့် ကျောက်တစ်လုံးဘုရားပွဲတော်နှစ်ပွဲသို့ လူးလာခေါက်တုံ့ သွားရောက်ဖူးမြော်ကန်တော့ခြင်းဖြင့် အလွန်စည်ကားလှုပေသည်။ ဤသည်မှာလည်း ကံ့ကော်တောဘုရား၏ အံ့ဖွယ်များပင်တည်း။

နိဂုံး

စာရေးသူတို့အဖွဲ့သည် ကံ့ကော်တောဘုရားတွင် တစ်နေကုန် နေကြသည်။ အသက်ကြီးသူများမှာ တရားထိုင်ခြင်း၊ မေတ္တာဘာဝနာစီးဖြန်းခြင်း၊ တရားဆွေးနွေးခြင်း ပြုလုပ်နေကြသော်လည်း အသက်ငယ်သူများမှာ အမှတ်တရ ဓာတ်ပုံရိုက်ခြင်းများဖြင့် အလုပ်ရှုပ်နေကြသည်။ စာရေးသူလည်း ဘုရားသမိုင်းအကျဉ်းချုပ်နှင့် ဘုရား၏ အံ့ဖွယ်ရာများကို လေ့လာခဲ့သည်။ ညနေ(၄)နာရီခန့်တွင် ကားရောက်ရှိလာသဖြင့် အံ့ဖွယ်ထင်ရှား ကံ့ကော်တောဘုရားကို အကြိမ်ကြိမ်ဦးချလျက် ပြန်ခဲ့ကြလေတော့သည်။

စာဖတ်သူ ဓမ္မမိတ်ဆွေများလည်း သွားရောက်ဖူးမြော်နိုင်ပါကြောင်း စေတနာကောင်းဖြင့် သတင်းကောင်းပါးလိုက်ပါသည်။

သုံးဆယ်-ဘုန်းကြွယ်

ကျမ်းကိုး

* ရွှေဖြူခင်မြတ်လှ၏ အံ့ဖွယ်သာမော ကံ့ကော်တော။

www.burmeseclassic.com

www.burmeseclassic.com

ဖျာပုံမြို့ မြောက်ပိုင်းတန်ဆောင်းတော်အတွင်းရှိ

မြတ်ဗုဒ္ဓရုပ်ပွားတော်များ

ဝေဝင်(ပညာရေး)

ဖျာပုံမြို့သည် ဧရာဝတီတိုင်းဒေသကြီးတွင်ပါဝင်သော ခရိုင်မြို့ကြီးတစ်မြို့ ဖြစ်ပါသည်။ ဖျာပုံမြို့ မြောက်ပိုင်းရပ်မဟာပုညာရာမတိုက်ဝန်းသည် မြို့တည်စကတည်းက သာသနာထွန်းကားရာ ဘူမိနက်သန်မြေဖြစ်သကဲ့သို့ မြောက်ပိုင်းရပ်တန်ဆောင်းတော်အား ယခင်က ခြသေ့ဦး၊ ခြသေ့ဦးရပ်ဟုခေါ်ကြပြီး တန်ဆောင်းတော်ကြီးအတွင်းတွင် မြို့၏ ကျက်သရေဆောင် သာသနာသမိုင်းဝင်ဘုရားများ စံပယ်တော်မူလျက် ရှိပါသည်။

ဖျာပုံခရိုင် သာသနာ့ဓမ္မဗိမာန်ကြီးလည်း ထိုမဟာပုညာရာမတိုက်အတွင်းတွင်ရှိပြီး ခြသေ့ဦးဘုရားများဟုခေါ်သော ရုပ်ပွားတော်ကြီးသုံးဆူနှင့် ရှေးဟောင်းဘုရားများလည်း ရှိပါသည်။ ရုပ်ပွားတော်ကြီးသုံးဆူကို ခြသေ့ဦးဘုရားများဟု ခေါ်ရခြင်း၊ ဖျာပုံမြို့ ပထမလမ်း (ချောင်းတွင်းလမ်းမ)ဟုခေါ်သော လမ်းမကြီး၏မြောက်ပိုင်း တန်ဆောင်းတော် နတ်လမ်းနံဘေးတွင် ယခုတိုင် ခြသေ့ကြီး(၃)ကောင် ရှိပါသည်။ သို့ရာတွင် လမ်းနှင့် မလွတ်၍ ခြသေ့ကြီးများကို နေရာရွှေ့ခဲ့သည့်အခါ နေခေါင်ခေါင် တိမ်ညိုညစ်၍ မိုးခြိမ်းသံများ ကြားခဲ့ရပြီးနောက် ခြသေ့ကြီးများကို နေရာရွှေ့ခဲ့ကြပါသည်။



ယိမ်းကိုယ်တော်ကြီး
မူလဒါယကာ ဦးရွှေဈေး (၁၂၅၁)ခုနှစ် မြောက်ပိုင်းရပ်
ဝေနေယျအောပါဒိ၊ ကုသိုလ်ဝကောင်းမှုအလှူ

ထိုခြသေ့ကြီး(၃)ကောင်ကို အစွဲပြုလျက် ခြသေ့ဦးရပ် ခြသေ့ဦးဘုရားများဟု ခေါ်ဝေါ်ခဲ့ကြပါသည်။ မြောက်ပိုင်းရပ် (ခြသေ့ဦးရပ်) တန်ဆောင်းတော်အတွင်း သီတင်းသုံး စံပယ်တော်မူသော ရုပ်ပွားတော်ကြီးသုံးဆူမှာ (က) ယိမ်းကိုယ်တော်ကြီး၊ (ခ) ညွှန့်ပေါင်းကိုယ်တော်ကြီး၊ (ဂ) ယိမ်းညွှန့်ကိုယ်တော်ကြီးဟု ဘွဲ့မည်ထူးခြားစွာ စံပယ်လျက် ရှိပါသည်။

ယိမ်းယိုင်လှုပ်ရှား ရုပ်ပွားမြတ်တော်

ရုပ်ပွားတော်ကြီးသုံးဆူအနက် လက်ယာဘက်တွင်ရှိသော ရုပ်ပွားတော်ကြီးမှာ ယိမ်းကိုယ်တော်ကြီးဟု ဘွဲ့တော်အမည်ရပြီး မူလဘုရားဒါယကာမှာ အာဘဦးရွှေကျူဖြစ်ပြီး ကြာမာသက္ကရာဇ်(၁၂၅၁)ခုနှစ်သို့ ရောက်သော် မြောက်ပိုင်းရပ်မှ ဘုရားဒါယကာ ဒါယကာ

www.burmeseclassic.com

www.burmeseclassic.com

များက အမျှုးပြုလျက် မ,တည်ခဲ့ပြီး နိဗ္ဗာန်အကျိုးကို လိုသောငှာ အများစုပေါင်းလှူဒါန်းကြသည်ဟု သိရပါသည်။ ဦးပုညမဟာထေရ်၏ ဩဝါဒကို ခံယူရန် လှူဒါန်းခဲ့ကြခြင်း ဖြစ်သည်။

အဆိုပါ ယိမ်းကိုယ်တော်ကြီးမှာ ဥဏ္ဏတော်(၁၄) ဆောင် နှစ်မိုက်ရှိပြီး ယိမ်းကိုယ်တော်ကြီးဟု ဘွဲ့တော်ခံခဲ့ရခြင်းမှာ လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်ခန့်က ယခု ယိမ်းကိုယ်တော်ကြီးရှေ့ ပထမလမ်းနှင့်ကပ်လျက်တွင် တန်ဆောင်းတစ်ခုလည်း ရှိပါသည်။ ထိုတန်ဆောင်းလေးသည် လေးပင်ပတ်လည်ရှိပြီး (၅)တောင်ထွာခန့် ဥဏ္ဏဆော်ရှိ ရုပ်ပွားတော်တစ်ဆူ ရှိလေသည်။

တစ်နေ့တွင် ဆိုက်ကားသမားတစ်ယောက်သည် နံနက်စောစော ဆိုက်ကားနင်းထွက်ရာ ထိုရုပ်ပွားတော်မှ အလိုအလျောက် လူပ်ရှားယိမ်းယိုင်နေသည်ကို တွေ့ရသူမှတစ်ဆင့် လူပြောသူပြော များလာပြီး တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ဆရာတော်များနှင့် ရပ်ရွာလူကြီးများ လာရောက်ကြည့်ရှုပြီးနောက် အားလားဟလ မဟုတ်မမှန်ပင် လူပ်ရှားနေကြောင်း တွေ့ရပြီး သိသာထင်ရှားအောင် ဆရာတော်များက ရေထည့်ထားသည့် သပိတ်တော်ကို ရုပ်ပွားတော်ပေါ်တွင် ထည့်ထားရာ ရေများ ဆောင်ဘင်ခတ် လူပ်ရှားနေသည်ကို မျက်မြင်ထင်ရှား တွေ့ရှိရပြီးနောက် ထိုအခြင်းအရာ၏ အဖြစ်အပျက်ကို အတိတ်နိမိတ်တစ်ခုဟု ယူဆပြီး လောကီကျမ်းများအလိုမှာ 'ဘုရားဗုဒ္ဓါင်းတန်ခိုးရောင်ခြည် ကိတ်လွတ်သည်ကား ပြည်ပဟိုက်မှ ကြောင်းဆယ်ခုတွင် တစ်ခုအဝင်ဖြစ်တတ်ထင်၏' ဟူ၍ အဆိုရှိပါသဖြင့် ရုပ်ပွားတော်အား သက်စေ့ရေသပ္ပာယ်ခြင်း၊ ဆွမ်းတော်ကပ်လှူခြင်းနှင့် မြို့လူထုမှ ဆရာတော်၊ သံဃာတော်ကြီးများ၏ ဩဝါဒခံယူ၍ ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ တံခွန်၊ ကုက္ကား၊ မြားပွားများမှအစ ဆီမီးမပြတ် ပူဇော်ကြပါသည်။

ဤသို့ ကုသိုလ်ယတြာ၊ လောကီယတြာများ စီရင်လျက် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြ မကောင်းဘေး မကောင်းဒဏ်များ ကျရောက်မှုမှ စီမံအကာအကွယ်များအား ဗုဒ္ဓနှင့်သက်ဆိုင်သောယတြာပြုလုပ် ကုသိုလ်ပြုခဲ့ကြပါသည်။

ဖြစ်ပေါ်ခဲ့သော ထိုသတင်းကြောင့် ရုပ်ပွားတော်ကြီးကို ယိမ်းကိုယ်တော်ဟု အလွယ်တကူ ခေါ်ဆိုလာခဲ့ကြပါသည်။ ထိုရုပ်ပွားတော်သည် (၁၂၅၀)ပြည့်နှစ်တွင် လွန်စွာပျက်စီးယိုယွင်းနေခဲ့ရာ ဆရာတော်ကြီး ဦးပုညမဟာထေရ်မှပင် ထိုရုပ်ပွားတော်ကိုရှင်းလင်းပြီး ပထမလမ်းနှင့်ခွာ၍ ရုပ်ပွားတော်ကြီးတည်ရန် ဩဝါဒပေးခဲ့ပါသည်။

ထိုသို့ရုပ်ပွားတော်ကြီး ပြန်တည်ရာတွင် မြောက်ဘက်မြေကွက်တွင် စေတီဟောင်း(၇)ဆူမှာ ပျက်စီးနေ၏။ ဌာပနာနှင့် အုတ်များကို သိမ်းဆည်း၍ ယိမ်းကိုယ်တော်ကြီးနောက်တွင် အာလိန်(၅)ဆင့်လုပ်၍ ပကတိရှိနေသော ငွေရုပ်ပွားဌာပနာများကို ယခု ယိမ်းကိုယ်တော်ကြီးတွင် ထည့်



www.burmeseclassic.com

www.burmeseclassic.com



ဗျာဒိပ်ပြုပြောကြားပိုင်းတန်ခိုဆောင်းတော် စန္ဒကူဠိတိုက်တော်ကြီး
သိတင်းသုံးစံပယ်တော်မူသည်၊ (၁၂၄၅) ခုနှစ်၊
ဘုရားဒါယိကာမကြီး ဒေါ်ငြိမ့် သံန်ဈေးပြိုမှ ပန်းရန်ဆရာကြီး
ဦးသာထူးအား ငှားရမ်း၍ လက်ခံက်ကျွေး အကုန်အကျခံ
တည်ဆောက်ခဲ့သော ညွန့်ပေါင်းရုပ်ပွားတော်

သွင်း၍ ဌာပနာရလေသည်။

အဆိုပါအာလိန်(၅)ဆင့်နှင့် ရုပ်ပွားတော်ကြီးကို သန်လျင်မြို့သား ပန်းရန်ဆရာ ဆရာအုံဆိုသူကို ငှားရမ်းတည်ထားလေသည်။ ထိုရုပ်ပွားတော်ကြီး တည်သည့်နှစ်သည် သာဇီရုပ်ပွားတော်ကြီးတည်ပြီးနောက် မရွေးမနှောင်းဖြစ်သည့် (၁၂၅၁)ခုနှစ်ဖြစ်သည်။ ဘွဲ့တော်မှာလည်း ယခင်အတိုင်း ယိမ်းကိုယ်တော်ဟုပင် ခေါ်တွင်စေခဲ့သည်။ ယနေ့တိုင်ဖြစ်ပြီး ထူးခြားသည်က ယိမ်းကိုယ်တော်၏ ဉာဏ်တော်သည် သာဇီရုပ်ပွားတော်ကြီး ခေါ် ဝဠုကြွေးတော်ပြေဘုရားထက် တစ်တောင်ခန့် လျော့သည်ဟု ရှေးလူကြီးသူမ၏ သက်ကြီးစကား သက်ငယ်ကြားအရ သိရှိခဲ့ရပါသည်။

ညွန့်ပေါင်းရုပ်ပွားတော်

ဘွဲ့တော်ကပင် ထူးခြားနေသလိုပင်။ ထို့ကြောင့်လည်း ဘုရားရုပ်ပွားတော်၏ဖြစ်စဉ် သက်ကြီးစကား သက်ငယ်ကြားနှင့် သိမီလိုက်ကြသော ရဟန်းရှင်လူပုဂ္ဂိုလ်တို့၏ မှတ်တမ်းမှတ်ရာများကို လေ့လာကြည့်သောအခါတွင် မွန်ပညာရှိ ဦးဘိုးအိမ်(ဖျာပုံ) ဖျာပုံရာဇဝင်နှင့် ဖျာပုံစိုးစံ ထမင်းစေ့နှင့် ရွှေတံခါး ရာဇဝင်ဝတ္ထုတော်ကြီးကို လေ့လာသောအခါတွင် ရုပ်ပွားတော်ကြီး၏ ကောင်းမှုရှင်မှာ ဒေါ်ဖြူဖြစ်ပြီး (၁၂၄၅)ခုနှစ်တွင် ဘုရားအမ ဒေါ်ဖြူသည် သန်လျင်မြို့မှ ပန်းရန်ဆရာကြီး ဦးသာထူးကို ငှား၍ လက်ခက်ကျွေး အကုန်အကျခံကာ ထူဆစ်ခဲ့သော ရုပ်ပွားတော်ကြီးဖြစ်သည်ဟု သိရပါသည်။

ညွန့်ပေါင်းရုပ်ပွားတော်ကြီးဟု ခေါ်တွင်ရခြင်းမှာ ထိုရုပ်ပွားတော်ကြီး သိတင်းသုံးတော်မူသော ဂန္ဓကူဋိတိုက်တော်ကြီး တန်ဆောင်းတော်၏အရှေ့ယနေ့ ထန်းပင်ကျောင်းပရိယတ္တိစာသင်တိုက်ဆောင်နေရာတွင် ရှေးက နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များ ထားရှိခဲ့ရာ ကာလကြာသော် ရာသီဥတု ဘေးဒဏ်တို့ဖြင့် ရုပ်ပွားတော်များ ယိုယွင်းလာခဲ့ပါသည်။

ထို့ကြောင့် ဒေါ်ဖြူသည် ပန်းရန်ဆရာကြီးနှင့် ရုပ်ပွားတော် မတည်မီ လက်ယာပုံစံပြုသော သဘောဖြင့် ပန်းပိတောက်ချောင်တွင် ဉာဏ်တော်(၅)တောင် (၁)မိုက် ရုပ်ပွားတော်တစ်ဆူကို မွန်လူမျိုး ဦးလှိုင်နှင့် ဇနီး ဒေါ်မင်းတို့က ပူဇော်လေရာ ရုပ်ပွားတော်၏ တင့်တယ်သော အချိုးအစားကျနမှုကို နှစ်သက်ကြသည်ကို ပုံစံယူ၍ ညွန့်ပေါင်းရုပ်ပွားတော်ကြီးအား တည်ထားပူဇော်ထားကြလေသည်။ ထိုရုပ်ပွားတော်ကြီးကို ဘွဲ့တော်တပ်ရာတွင် ညွန့်ပေါင်းကိုယ်တော်ဟု ခေါ်တွင်ရခြင်းမှာ ပျက်စီးနေသော နှစ်ကျိပ်ရှစ်ဆူရုပ်ပွားမြတ်များကို လျစ်လျူရှု၍ ပြင်ထားလျှင် မသင့်လျော်သော နေရာများ၌ သုံးစွဲမိပါက အပြစ်ကြီးကြပေမည်။ ထို့ကြောင့် ဖျက်သိမ်းစုဆောင်း၍ ရုပ်ပွားတော်မြတ်ကြီးကို နှစ်ကျိပ်ရှစ်ဆူကုန်သော ရုပ်ပွားမြတ်များနှင့် စုပေါင်းတည်ထားတော်မူခဲ့သည့်အတွက် ညွန့်ပေါင်းရုပ်ပွားတော်ကြီးဟု ခေါ်တွင်ခဲ့ခြင်းပင် ဖြစ်လေသည်။

ထိုစဉ်က မြောက်ပိုင်းဆိုင်ရာ ဂိုဏ်းကြီး၏နာယကဖြစ်တော်မူသည့် ဦးပုညမဟာထေရ်မြတ်ဩဝါဒဖြင့် ဒါယကာမကြီး ဒေါ်ဖြူက စရိတ်အကုန်အကျခံ၍ ပူဇော်ခဲ့ရာ အပြစ်ဝန်လေးပြီး ငရဲကြီးခြင်းမှ လွတ်ကင်းရအောင် သံသရာကို ဖြတ်သည့်အနေနှင့် ရုပ်ပွားတော်ကြီး၏ အကောင်းမှုရှင် ဒါယကာမကြီး ဒေါ်ဖြူသည် အသက်လေးဆုံးပင်

www.burmeseclassic.com

www.burmeseclassic.com

သီလရှင်ဘဝဖြင့် ဘုရားကြီး၏ ဝေယျာဝစ္စများကို ဆောင်ရွက်၍ တစ်ဘဝ တစ်ခန္ဓာ ဇာတ်သိမ်းခဲ့ရလေသည်။

သိမ်းညွှန့်ရုပ်ပွား ကုသိုလ်တော်ပွား

မြန်မာသက္ကရာဇ်(၁၂၆၆)ခုနှစ်၊ (၁၉၀၄)ခုနှစ်တွင် ဖျာပုံမြို့အပိုင် အကြီးဝရွာ ဥပါသကာ ဦးမြတ်ငြိမ်းနှင့် ဒေါ်ထူးသာတို့မှ ညွှန့်ပေါင်းရုပ်ပွားတော်ကြီးနှင့် ယိမ်းကိုယ်တော်ကြီးအကြား ဆွမ်းကပ်ရန်ခရုပ်နေရာကို အခွင့်တောင်းအလယ်အလတ်ထား၍ ရုပ်ပွားတော်ကြီးတစ်ဆူကို တည်ထားတော်မူခဲ့ပါသည်။

ဖျာပုံမြို့ ကြောက်ပိုင်းရပ်ရြာသူ့ဒါယကာတို့ရှိသော ဗမာ့ပိုးအန်တော်ကြီး

ယိမ်းကိုယ်တော်နှင့် ညွှန့်ပေါင်းကိုယ်တော်ကြီးတို့ အလယ်တွင် ရှိသောကြောင့် အဆိုပါရုပ်ပွားတော်ကြီးကို သိမ်းညွှန့်ရုပ်ပွားတော်ကြီးဟု ဘွဲ့တော်တတ်ခဲ့ပြီး ယိမ်းညွှန့်ရုပ်ပွားကုသိုလ်တော်ပွား ဆိုသည့်အတိုင်း ဝေနေယျများတို့သည် ဂန္ဓကုဋိတိုက်တော်အလယ်တွင် စံပယ်တော်မူနေသော ယိမ်းညွှန့်ရုပ်ပွားတော်ကြီးတွင် အဓိဋ္ဌာန်ဝင်ခြင်း၊ ဆုတောင်းပြည့်ခြင်း၊ ထာဝရ မျက်နှာတော်ကြည်လင်ဝင်းပနေခြင်းကြောင့် လာရောက်ကုသိုလ်ပွားများကြသူများနှင့် နေ့ညမပြတ်ရှိပါသည်။

ဝေဇင်(ပညာဇရေး)

ချက်ချင်းသောက်–လက်ငင်းပျောက်

အစာအိမ်လေနိုင်သောက်ဆေး

နှစ်ပေါင်း(၂၀)ကျော် အစာအိမ် လေထိုးလေအောင့် ဝေဒနာရှင်များအတွက် အထူးဖော်စပ် လျှုဒါန်းကုသပြီး ဝေဒနာရှင် ရဟန်း၊ ရှင်လူ၊ ပြည်သူများ၏ ပျောက်ကင်းထောက်ခံတောင်းဆိုမှုကြောင့် စေတနာ၊ ဝါသနာကို အရင်းခံ၍ ထုတ်လုပ်ဖြန့်ချိလိုက်သော **'အစာအိမ်ရောဂါ လေနာ ရောဂါဝေဒနာရှင်များအတွက် အထူးသင့်လျော်သော ဆေးစွမ်းကောင်းတစ်လက်'** ဖြစ်ခြင်းကြောင့် သုံးစွဲသူများအတွက် တန်ဖိုးလုံးဝဆုံးရှုံးခြင်း မရှိစေရ။

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0114 Y 010697

ပျောက်ကင်းနိုင်သော ရောဂါများ

အစာအိမ်ရောဂါ၊ လေထိုးလေအောင့်၊ အစားများအစားမှား၍ မအိမ်မလည်ဖြစ်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ ဝမ်းဗောဝမ်းပျက်ခြင်း၊ လေနှင့်ဝမ်း မကွဲခြင်း၊ အစာအိမ်နှင့်ပတ်သက်သော ရောဂါများအတွက် ယုံကြည် စိတ်ချစွာဖြင့်သုံးစွဲနိုင်ပါသည်။

ပင်ရင်း - ဦးမြသွေး၊ အမှတ်(၆၈၉)၊ ဘယသကြိန်လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။
၀၉ ၃၁ ၃၅ ၁၅ ၉၆ ၊ ၀၉ ၃၁ ၀၅ ၉၉ ၃၂

www.burmeseclassic.com

www.burmeseclassic.com

'ရွေ့..စား၊ စား'

ဆရာတော် ချီးမြှင့်လိုသော စားရတာ နန္ဒင်းစော်က နံလိုက်တာ။ ဆရာတော်က နန္ဒင်းကြိုက်သည်။ ပဲနီလေးဟင်းထဲမှာ နန္ဒင်းတွေထည့်၊ ဆွမ်းနှင့်ရောပြီး မီးဖိုပေါ်မှာတည်၊ ပူပူနွေးနွေး ဘဉ်းပေးပြီး ကျွန်တာကို ကျွန်ုပ်ကို စွန့်သဖြင့် ကြိတ်မှိတ်ပြီး စားလိုက်ရသည်။

ဆရာတော်ကြီးသည် ဆွမ်းဘုန်းပေးပြီးတိုင်း မမြင်အပ်၊ မြင်အပ် သတ္တဝါတွေကို အစာကျွေးလေ့ရှိသည်။

'လာ..လာ..စားကြ၊ စားကြ။ ဟိုကောင် လုမစား၊ ဒီကောင်က လာစား'

စသည်ဖြင့် ကျွန်ုပ်တို့ သာမန်မျက်စိနှင့် ဘာကောင်မမြင်ရသော်လည်း ဆရာတော်ကြီးကတော့ မျက်စိနှင့် မြင်ရသကဲ့သို့ ပြောပြီး ကျွေးလေ့ရှိပါသည်။

ဤအချိန်မှာ ဆရာတော်ကြီးတစ်ပါး၊ နှင့် ကျွန်ုပ်သာ သော မီးဖိုအခန်းလေးထဲမှာ တိတ်ဆိတ်၍နေသည်။ ဆောင်ရာသီမို့ အအေးဒဏ်ကို အလူးအလဲခံရသည်။ မီးဖိုနား မခွာချင်၊ ဆရာတော်ကြီးက ဓရာမကျောက်တုံးကြီးကို ဘက်ပေါက်အောင် ကြည့်ခိုင်းသည်။ ကျွန်ုပ်ကဲ့သို့



ငါးထူတောင်ရှိစေတီတော်

www.burmeseclassic.com

www.burmeseclassic.com


ရှိုင်တိုင်းရင်းသား ဆရာတော်အစုရုပ်တုတော်များ

ပြုမိုးလောက်ရှိတဲ့ သမာဓိနဲ့ အနှီ ကျောက်တုံးကြီးကို ထုတ်ချင်း ပေါက်အောင် မည်သို့ကြည့်နိုင်ပါ သည်နည်း။ ဆရာတော်ကြီးရဲ့ ကြီး မားသောသမာဓိဖြင့် အနှီကျောက် တုံးကြီးကို ထုတ်ချင်းပေါက်အောင် ကြည့်နိုင်၍သာ ကျွန်ုပ်ကို ကြည့် ခြင်းဖြစ်မည်ဟု ကျွန်ုပ်တွေးမိ သည်။ ဆရာတော်ကြီး တရား ဆုတ်ပြီး မည်မျှခရီးပေါက်နေ သည်ကို ကျွန်ုပ်တို့ ဉာဏ်မမီသော် သည်း ဆရာတော်ကြီးရဲ့ ထူးခြား ချက်ကြောကတော့ ပေါ်လွင်နေပါသည်။

တစ်နေ့မှာ အရပ်ထဲမှ ကျွန်ုပ်နှင့် ခင်မင်ရင်းနှီးသော အဆွေ ဦးအောင်ကြည်မိသားစုက အိမ်မှာ အန္တရာယ်ကင်း ရှင်တရားနာ ဆွမ်းကပ်ပြုလုပ်ရန် ဂျစ်ကားလေးနဲ့ သွား ခဲ့ပါသည်။

ဆရာတော်ကြီးက 'အေး..အေး..သွားနှင့်ကြ၊ ငါ အခုမယ်' ဟု မိန့်လိုက်ပါသည်။

နှစ်မိုင်လောက်ဝေးတဲ့ခရီးမှာ အိမ်ရောက်တော့ အဆင် ခင်းကျင်းထားသောနေရာတွင် ဆရာတော်ကြီး ထိုင် ရာကို ဝမ်းမြောက်စွာ ဖူးတွေ့ရပါသည်။

ဆရာတော်ကြီးကို ကိုးကွယ်သည့် မိသားစုတစ်စု ဖြစ်သည်။ (တောဈေး)ငါးရက်တစ်ဈေးဌ ဈေးရောင်း သည့်မိသားစု ဖြစ်ပါသည်။

ယင်းမိသားစုသို့ 'ရော့..ဒီသေတ္တာနဲ့ ပိုက်ဆံထည့် ပေးပြောပြီး ထင်းရှူးသေတ္တာကြီးတစ်လုံး ပေးသည်ဟု ဆိုပါသည်။

နှစ်များမကြာခင်မှာ ၄င်းမိသားစုသည် တိုက်နှင့်၊ ကားနှင့် ဖြစ်သွားပါသည်။ ထိုမှစပြီး (တောဈေး)ငါး မရောင်းတော့ဘဲ မြို့ထဲတွင်ပင် ကုန်သည်ကြီး ဖြစ်သွားပါတော့သည်။

ဆရာတော်ကြီးကို လှူဒါန်းလျှင် ထူးခြားတဲ့အကျိုး ကျွန်ုပ်ကိုယ်တိုင် တွေ့ကြုံခံစားရပါသည်။ ဤသည်ကို နောက်တမ်းပြုထားပါသည်။ မြန်မာသက္ကရာဇ်(၁၃၄၅) ခုနှစ်လပြည့်နေ့တွင် 'ဆရာတော်ကြီးကို တောင်ဝှေး ဆောင်ယူရာ' ဟု လျှောက်ထားပြီး တောင်ဝှေးတစ် ချောင်း လှူဒါန်းလိုက်ပါသည်။

တစ်နှစ်လောက်ကြာတော့ အကျိုးထူးလာပါသည်။ လက်ရှိ ကျွန်ုပ်နေတဲ့ အိမ်တွေ တိုင်က ခြေသလုံးလောက်၊ ကြမ်းခင်းက (သဲ)ဝါးကြမ်းခင်း၊ ခနော်နီခနော်နဲ့ ၄င်းအိမ်ကို ဖျက်ပြီး အင်ကြင်းတိုင် ခြောက်လက်မပျဉ်ခင်း နှစ်ထပ်အိမ်

ရှိုင်တိုင်းရင်းသား ဆရာတော်ကြီး ဦးဝိစိတ္တ

www.burmeseclassic.com

www.burmeseclassic.com



ကိုးတုတောင်ရှိ စေတီတော်



ဆရာတော်ဘုရား၊ သံတင်းခုံးသည့်
ခုံးထူးတောင်ရှိ သီပိုတော်

တစ်လုံးလောက် ဖြစ်ခဲ့ပါသည်။ ငွေလည်း လက်ထဲမှာ မရှိပါ။ ကျွဲငိုးတုံမှာနေတဲ့ အစ်ကိုက ရွှေဆွဲကြိုးတစ်ကုံးကို လူကြုံနှင့် ထည့်ပေးလိုက်ပါသည်။ ယင်းဆွဲကြိုးကို ရောင်းပြီး မ,တည်ကာ ထိုအချိန်က အစိုးရသစ်စက်များလည်း ပိတ်ထားသဖြင့် သစ်ဝယ်ရန် အခက်အခဲဖြစ်နေစဉ် အိမ်နီး

နားချင်း မိတ်ဆွေ ဦးအောင်ကြည်က ကိုင်းဖျားကိုင်း ခဲ့ခွင့်ရသော သစ်စက်မှ ဝယ်ယူခွင့်ရခဲ့ပါသည်။

မိတ်ဆွေ ဦးအောင်ကြည်ကလည်း 'လိုတာယူ ပိုက်ဆံအရေးမကြီးဘူး၊ ဖြည်းဖြည်းမှပေး' ပြော အိမ်တစ်လုံးပြီးသည်အထိ သုံးခွင့်ရခဲ့ပါသည်။ ငှင်းအိမ် ယခုအချိန်အထိ သားသမီး၊ မျးနှင့် နေထိုင်ခွင့်ရရှိခဲ့ပါသည်

ဆရာတော်ကြီးရဲ့ ထူးခြ တွေကတော့ ရေး၍မကုန်နိုင် သို့သော် မယုံနိုင်လောက်တဲ့ ခြားမှုကိုတော့ ရေးလိုက်ပါဦးမည်

ဆရာတော်ကြီးသည် သာမ ဘဝကတည်းက ငယ်ပါကို ထားတယ်လို့ သူပြောလူပြော ခဲ့ရပါတယ်။ ကျွန်ုပ်တို့လည်း ညီလို့သာ ကိုးကွယ်နေတာ သလား၊ မဟုတ်ဘူးလား ဒီဟာ

ရှမ်းယဉ်ကျေးမှုအဖွဲ့ရဲ့ ကိန္နရာအက

www.burmeseclassic.com

www.burmeseclassic.com



နှစ်ကျိပ်ရှစ်ဆူဘုရားများ

မြတ်စွာဘုရားနှင့် သံဃာတော်များ ဆွမ်းခံကြွစဉ်

ဆရာတော်ကြီး (၁၀) နှစ်လောက်ကြာတော့ စဉ့်ကိုင်မြို့မှ ဆရာတော်ကြီးရဲ့ ရဟန်းဒကာ ဦးသောင်းတင်ဆိုသူ ရောက်လာပါသည်။ ဆရာတော်ကြီး ကျန်းမာရေးမကောင်းကြောင်း သောင်းရသဖြင့် လာခြင်းဖြစ်သည်။ ဦးသောင်းတင်နှင့် မိသားစုနီးမှုရယူကာ ထိုအကြောင်းကို မေးဖြစ်ခဲ့သည်။

ဦးသောင်းတင်က "ဟုတ်တာပေါ့၊ ကျွန်တော်တို့ ကိုယ်တိုင် ဆေးရုံတင် ကုသပေးရတာ"ဟု ပြောပါသည်။

သာမန်ပုဂ္ဂိုလ်များအနေဖြင့် တွေးတောင် မတွေးရဲ လောက်အောင် ခြိုးခြံစွာ ကျင့်ကြံပွားများ အားထုတ်ပါသည်။ ကျောင်းပျစ်၊ သစ်သားခေါင်းအုံးနှင့် ကျိန်းစက်ပါသည်။ ဘာကား၊ ဒါယိကာမတွေ လာလှူရင်လည်း တန်ဖိုးရှိသည့် ပစ္စည်းနှင့် မုန့်ပဲသရေစာတွေ လက်ခံခဲ့တယ်။ ဆွမ်းဆန်နှင့် အတူတကွ လက်ခံပြီး ကျန်တာတွေကို ဟိုဘက်တောင်က ဒီဘက်ခြမ်း သွားလှူကြ ပြောပြီး ပယ်တော်မူပါသည်။

ဆရာတော်ကြီး တရားဟောရင်လည်း ထူးထူးခြားခြား ကျယ်ကျယ်ကြောင်းတွေဘာတွေနဲ့ မဟောပါ။

မဂ္ဂင်ရှစ်ပါးတရားဖြစ်တဲ့ (၁) သမ္မာဒိဋ္ဌိ-ကောင်းမွန်မှန်ကန်စွာမြင်ခြင်း၊ (၂) သမ္မာသင်္ကပ္ပ-ကောင်းမွန်မှန်ကန်စွာတွေးခြင်း၊ (၃) သမ္မာဝါစာ-ကောင်းမွန်မှန်ကန်စွာ ပြောဆိုခြင်း၊ (၄) သမ္မာကမ္မန္တ-ကောင်းမွန်မှန်ကန်စွာ ပြုလုပ်ခြင်း၊ (၅) သမ္မာအာဇီဝ-ကောင်းမွန်မှန်ကန်စွာ အသက်မွေးခြင်း၊ (၆) သမ္မာဝါယာမ-ကောင်းမွန်မှန်ကန်စွာ အားထုတ်ခြင်း၊ (၇) သမ္မာသတိ-ကောင်းမွန်မှန်ကန်စွာ အောက်မေ့ခြင်း၊ (၈) သမ္မာသမာဓိ-ကောင်းမွန်မှန်ကန်စွာ တည်ကြည်ခြင်း ၄င်းမဂ္ဂင်ရှစ်ပါးတရားပဲ ဟောပါသည်။

ရခိုင်ပြည်နယ်စာတိ

သက်တော်(၈၉)နှစ်၊ ဝါတော်(၆၉)ဝါရှိ ဆရာတော် ဦးစန္ဒာဝရသည် ရခိုင်ပြည်နယ် သံတွဲမြို့၊ အေးသွားရွာတွင် ခမည်းတော် ဦးမောင်ဇန်၊ မယ်တော် ဒေါ်မင်းအောင်တို့မှ (၁၂၇၀)ပြည့်နှစ်၊ တန်ခူးလဆုတ် (၅)ရက်၊ အင်္ဂါနေ့ နံနက် (၈)နာရီ (၁၅)မိနစ်တွင် ဖွားမြင်တော်မူပါသည်။ အသက် (၇)နှစ်အရွယ်မှစ၍ ရှင်သာမဏေဝတ်ပြီး (၁၁)နှစ်အရွယ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာကာ ၄င်းမှတစ်ဆင့်

www.burmeseclassic.com

ဝ/၂၀၀၀၀၀၀၀၀ထလ/တိုး(၀၄၄၆)

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၀၀၀၄၄ Y ၄၆၄၃

ပဏ္ဍုကြာနီရေဝ

လင်ဇီး

ချဲကျသလိပ်ပျော်ရင်လူးဆေး



အသုံးပြုခဲ့ဆေးတိုက်

E-mail:

www.burmeseclassic.com

www.burmeseclassic.com

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ် ရွာဦးကျောင်းတိုက် ဆရာတော် ဦးဇာဂရ၏ ကြီးကြပ်မှုဖြင့် ပဋိပတ္တိအလုပ်တရားကို ကျင့်ကြံအားထုတ်ခဲ့ပါသည်။

သက်တော်(၁၉)နှစ်တွင် မန္တလေးတိုင်း၊ စဉ့်ကိုင်မြို့ ရွာဦးကျောင်း ဇေဏ္ဏသိမ်တွင် သာသနာနှစ်(၂၄၈၅)၊ ကောဇာသက္ကရာဇ်(၁၂၈၉)ခုနှစ်၊ တန်ခူးလဆန်း (၄)ရက် (၈)နာရီတွင် ဂန်မန္တ ရွာဦးကျောင်းဆရာတော် ဦးဇာဂရကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘောင်သို့ ရောက်ရှိတော်မူခဲ့သည်။ မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိပြီး ၄င်းနေ့မှာပင် အလွန်မွေ့ပေါများသော ရေယမတောင်သို့ တောထွက်ကြွတော်မူပြီး ကမ္မဋ္ဌာန်းအလုပ်ကို ကြိုးစားအားထုတ်ခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး (၁၉၄၆-၄၇)ခုနှစ်တွင် သီပေါမြို့ ရွှေဒါးကျောင်းသို့ ကြွရောက်လာပြီး ယင်းမှ ဒုဋ္ဌဝတီမြစ်အရှေ့ဘက် တြိပဗ္ဗတရတောင်တန်းသို့ ကြွရောက်၍ တောရဆောက်တည်ပြီး ကမ္မဋ္ဌာန်းတရားကို ကြိုးစားအားထုတ်တော်မူပါသည်။ သုံးလုံးတောင်တွင် ဆရာတော်ကြီး သီတင်းသုံးသောတောင်မှာ မူလသိမ်ကို အသစ်ပြန်လည်ပြီး ဆောက်တည်ကာ သီတင်းသုံးတော်မူသည်ကို အစွဲပြု၍ သိမ်တောင်ဆရာတော်အဖြစ်နှင့် ဒါယကာ၊ ဒါယိကာမများက ကိုးကွယ်ကြပါသည်။

သိန်းငါးဆယ်အလှူရှင် ဦးစိုင်းဇော်မော်၊ ဒေါ်ခင်ဇင်ကြည် (ပတ္တမြားကြေးအိုး၊ မန္တလေး)



လက်ရှိသာသနာပြုဆရာတော် ဦးဇိန္ဒ

အန္တိမအဂ္ဂရာပန

သီပေါမြို့၊ ပန်စောက်မိန်းကျေးရွာအုပ်စု ကျောင်းရွာအနီး သိမ်တောင်တွင် သီတင်းသုံးနေထိုင်တော်မူသော ဆရာတော်ဘုရားကြီးသည် သက်တော်(၈၉)နှစ်၊ ဝါတော်(၆၉)ဝါသည် ဝါခေါင်လဆန်း (၉)ရက် (၁၂-၈-၉၇)ရက် နံနက်(၉)နာရီ (၃၅)မိနစ်တွင် ရွှေကျောင်းရုပ် မဟာသေ ကျောင်းတိုက်တွင် ဘဝနတ်ထံ ပျံလွန်တော်မူပါသည်။

ဆရာတော်၏ ဥတုဇရုပ်ကလာပ်အား (၁၆-၈-၉၇) (၁၃၅၉)ခုနှစ်၊ ဝါခေါင်လဆန်း (၁၃)ရက် နံနက်(၉)နာရီတွင် ကျောင်းပေါင်းစုံ သံဃာတော်အရှင်မြတ်များအား ပင့်ဖိတ်၍ တရားနာယူပြီး မွန်းလွဲ(၁)နာရီတွင် ဆရာတော်ကြီး မူလသီတင်းသုံးတော်မူသော သိမ်တောင်ရတနာကူဗွေပေါသို့ ပင့်ဆောင်ပြီး မီးပူဇော်ခဲ့ကြရာ ဓာတ်တော်များ ချီးမြှင့်တော်မူခဲ့သည်။ ယင်းဓာတ်တော်များကို ဓာတ်တော်တိုက်ဆောက်လုပ်ပြီး ယနေ့တိုင် ပူဇော်လျက်ရှိသည်။

စိုင်းဇေယျာအောင်(သီပေါ

www.burmeseclassic.com

www.burmeseclassic.com

ရွှေရတုအခမ်းအနားကို ပြည်ရည်ဖြန်

ရွှေရတုအခမ်းအနားတွင် ဖွင့်လှစ်ခဲ့သည့် ဆရာတော်ကြီး ဘဒန္တအာစိဏ္ဏ၏ ကြေးရုပ်တုတော်

ကိုမိုး(ရွှေပြည်သာ)

တေဇရာမဘုန်းတော်ကြီးသင်ပညာရေးကျောင်း၏ ရွှေရတုအခမ်းအနား

မြန်မာနိုင်ငံ ပညာရေးသမိုင်း ကျောင်း၏ မူလအစ ပညည် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ စတင်ခဲ့ ပညည်ဟု သမိုင်းအထောက်အထားများအရ သိရှိရသည်။ ်ဂံခေတ် အနော်ရထာမင်းကြီးလက်ဝဲက ရှင်အရဟံမှ ပေါ်လာသည်။ မြန်မာနိုင်ငံသမိုင်းတစ်လျှောက် ပညာရေး ဖြန့်ဝေပေးမှုကို ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်အထိ အရှိန်အဟုန်မပျက် ထောက်ကူရွေ့ဆက်ခဲ့ကြပါ၏။

ထိုစဉ်က ကျောင်းအားလုံး၏ (၈၀)ရာခိုင်နှုန်းသည် ဘ/ကကျောင်းများချည်း ဖြစ်ခဲ့ရသည်။ ဘုန်းတော်ကြီးကျောင်းများ၏ ကျေးဇူးကြောင့်ပင် ယဉ်ကျေးသော လူအဖွဲ့အစည်း ရေရှည်တည်တံ့ခဲ့ရပြီး မြန်မာစာပေများ ထိန်းသိမ်းပြုပြင် တည့်မတ်ပေးနိုင်ခဲ့သည်ဟု မှတ်ချက်ပြုနိုင်ပေသည်။

တေဇရာမတကျောင်းတိုက်အဝင်မုခ်ဦး

လွတ်လပ်ရေးရပြီး နောက်ပိုင်း ခေတ်များ၌ ဘ/ကဘုန်းတော်ကြီး သင်ပညာရေးကျောင်းများ အား နည်းပျောက်ကွယ်ခဲ့ရသည်။ (၁၉၉၂)ခုနှစ်နောက်ပိုင်း မဟာ

www.burmeseclassic.com

www.burmeseclassic.com

နာယကဆရာတော်ကြီးများ (၄၇) ပါးစုံညီအစည်းအဝေးတွင် အခြေခံပညာကျောင်းများနှင့် ဝေးလံသောဒေသများရှိ ပြည်သူလူထုများပညာရေးထိန်းကွပ်လာဖွယ် ရှိနေကြောင်း၊ ယဉ်ကျေးမှုထိန်းသိမ်းရာတွင်လည်း အားနည်းချက်များကို တွေ့မြင်နေရကြောင်း တင်ပြဆွေးနွေးခဲ့ကြကာ ဘ/ကကျောင်းပညာရေးများ လိုအပ်သလို ခွင့်ပြုပေးရန် နှိုင်းတော်အစိုးရပိုင်းသို့ တင်ပြဆောင်ရွက်ရေး လမ်းညွှန်မှုပြုခဲ့ပါသည်။

ကျောင်းအုပ်ဆရာတော် ဩဝါဒပေးကြားစဉ်

ထိုသို့တင်ပြခဲ့ကြပြီး (၁၉၉၄)ခုနှစ်၊ မတ်လ (၁၈)ရက် (၄၇)ပါးစုံညီအစည်းအဝေးတွင် နိုင်ငံသားကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် စီမံချက်များ ချမှတ်အကောင်အထည်ဖော်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းအကောင်အထည်ဖော်ခဲ့ပါသည်။

ဘုန်းတော်ကြီးပညာရေး စီမံချက်အရ ရည်ရွယ်ချက်များမှာ-

* လူတိုင်း အရေး၊ အဖတ်၊ အာ့ကက် တတ်မြောက်ကြစေရန်၊
* ပညာသင်ကြားရေးတွင် လွယ်ကူ၍ သက်သာစေသောနွေးကြေးတို့ဖြင့် ပညာသင်ကြားခွင့်ရရန်၊
* ကိုယ်ကျင့်တရားကောင်းမွန်သော နိုင်ငံသားကောင်း၊ သမီးကောင်းလေးများ ပေါ်ထွန်းလာစေရန်၊
* မြန်မာလူမျိုးတို့၏ ဓလေ့ထုံးတမ်းများကို သိရှိလိုက်နာတတ်စေရန်၊
* ဗုဒ္ဓဘာသာအဆုံးအမများကို ကြားသိခွင့်ရပြီး အနာဂတ်သာသနာတော်ကို ထိန်းသိမ်းကြစေရန်၊
* အမျိုး၊ ဘာသာ၊ သာသနာအားကျွယ်၍ စောင့်ရှောက်ကြရန်

ဟူ၍ မူဝါဒ(၆)ချက်နှင့် အကောင်အထည်ဖော်ခဲ့ပါသည်။

ဘ/ကကျောင်းပညာရေး ဗဟိုကြီးကြပ်အဖွဲ့ကို မဟာနာယက ဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာ(၁)၊ (၂)၊ (၃)၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နယ်စပ်/တိုင်းရင်းသားဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနတို့ ပါဝင်၍ အခိုင်အမာဖွဲ့ စည်းခဲ့ပါသည်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသားများ လက်ခံရာတွင်-

* လူမှုဘဝ မပြည့်စုံသော ချို့တဲ့ဆင်းရဲသူများ၊

ဆရာတော် အရှင်ကဿပရဇ္ဇ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဦး တို့

www.burmeseclassic.com

www.burmeseclassic.com

အမှာစကား ပြောကြားပေးသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဓမ္မာဦး

အပုတ် (၃) အရြေခံပညာဦးပိုင်းဘာသာ ဆွေးနွေးပွဲများ ဒေါ်စန်းစန်းရီ

တစ္ဆေသိုလ်ဝင်တန်း ပုဂ္ဂိုလ်များ တောရာမဝတ္ထုများတင်ဦးသို့ လှုရှားပြဇာပေးအပ်နေစဉ်

* ကျောင်းနှင့်ဝေးလံ၍ ပညာရေး ခက်ခဲနေသူများ၊
* ပညာသင်ကြားရန် စရိတ်စက မတတ်နိုင်သူများကို ဦးစားပေး၍ လက်ခံသင်ကြားပေးခဲ့ကြပါသည်။

သာသနာရေးဝန်ကြီးဌာန စာရင်းအရ ဘ/ကပညာ ရေးကျောင်းများသည် (၂၀၁၃-၁၄)ခုနှစ် ပညာသင်နှစ်တွင် တစ်နိုင်ငံလုံး (၁၅၆၃) ကျောင်းရှိနေပြီး ကျောင်းများ၌ တက်ရောက်ပညာသင်ကြားနေကြသော ကျောင်းသား၊ ကျောင်းသူ ကိုရင်နှင့် သီလရှင်ဆရာလေးများ စုစုပေါင်း(၂)သိန်းကျော်ရှိကြောင်း သိရှိခွင့်ရပါသည်။

အထက်ဖော်ပြပါ သာသနာရေးဝန်ကြီးဌာန၏ ဘ/ကကျောင်းများနှင့်ပတ်သက်သော အချက်အလက်များကို ဖော်ပြပေးခဲ့သော်လည်း ယနေ့ ရွေးပြည်သာမြို့နယ်၊ (ထ/၁၆)ရပ်ကွက်ရှိ တောရာမဝတ္ထုန်းတော်ကြီးသင် ပညာရေးကျောင်းသည် (၂၀၁၄)ခုနှစ်တွင် နှစ်(၅၀) သက်တမ်း ပြည့်မြောက်ခဲ့ပြီပင် ဖြစ်ပါသည်။

(၁၉၇၄)ခုနှစ်နောက်ပိုင်းကာလ ဘ/ကဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အားနည်းပျောက်ကွယ်ခဲ့ရသည်ဟု ဆိုသော်လည်း တောရာမဝတ္ထုန်းတော်ကြီးသင်ပညာရေး ကျောင်းက (၁၉၆၄)ခုနှစ်တွင် လှိုင်မြို့နယ်၊ (၁၅)ရပ်ကွက်၊ အနောက်အုတ်ကျင်း၊ ပြည်တော်သာ(၁)လမ်းတွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။

ဆရာတော်ကြီး ဘဒ္ဒန္တအာစိဏ္ဏ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)မှ

www.burmeseclassic.com

ဆရာ၊ ဆရာမများ

မာနိုင်ငံပညာရေးမင်းကြီးရုံး
)လမ်း၊ ရန်ကုန်မြို့သို့ ပညာ
ုတ်ပုံတင် လျှောက်ထားခဲ့ကာ
၆၄)ခုနှစ်၊ ဒီဇင်ဘာလ (၁)
နေ့တွင် ဘုန်းတော်ကြီးကျောင်း
ရေးမှူး အင်းစိန်က ကျောင်း
နေရာနှင့် ရပ်ကွက်အနေအထား
ကြည့်ရှုစစ်ဆေးခဲ့ကာ အတည်
ပေးခဲ့ပါသည်။

ဆရာတော်ကြီး ကိုယ်ကျိုးစွန့်
စေခဲ့သော တေ
ရာမ ဘ/ကကျောင်းသည် စဉ်
ကမပြတ် ဆက်လက်ဖွင့်လှစ်
ကြားပေးခဲ့ရာ (၁၉၉၂)ခုနှစ် နိုင်ငံတော်စီမံကိန်းအရ
ရွှေ့ပြည်သာ (၁၆)ရပ်ကွက်သို့ ပြောင်းရွှေ့ခဲ့ရသော်လည်း
ကျောင်းဘဲ ဆက်လက်အကောင်အထည်ဖော်၍ ပညာ
ရေးပိုးမှုလုပ်ငန်းများ ဆက်ခဲ့ရပါသည်။

ကျောင်းအုပ်ဆရာတော်ကြီး ဘဒ္ဒန္တအာစိဏ္ဏကို နိုင်ငံ
မှ (၄-၁-၁၉၉၉)ရက်နေ့တွင် မဟာသဒ္ဓမ္မဇောတိက
တံဆိပ်တော်ကိုလည်းကောင်း၊ (၄-၁-၂၀၀၆)ရက်နေ့
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ တံဆိပ်တော်ကိုလည်း
ောင်း ဂုဏ်ပြုချီးမြှင့်ဆက်ကပ်တော်မူခဲ့ပါသည်။

ဆရာတော်ကြီးသည် တေဇောရာမဘုန်းတော်ကြီးသင်
ပညာရေးကျောင်း၌ ကျောင်းအုပ်ဆရာတော်ကြီးအဖြစ် တာ
ဝန်ယူနေခဲ့ရာမှ သက်တော်ကြီးရင့်
ခဲ့ခိုနှင့်တွင် ဘဒ္ဒန္တဂမ္ဘီရဗုဒ္ဓိကို
၁၆)ခုနှစ်၊ ဧပြီလ (၂၄)ရက်နေ့
ကျောင်းအုပ်တာဝန် လွှဲအပ်ပေး
သည်။ ပြီးနောက် သက်တော်
၈၆)နှစ် (၁၈-၈-၂၀၁၂)ရက်နေ့
ဘဝနှတ်ထံပျံလွန်တော်မူခဲ့ပါ
သည်။

ဆရာတော်ကြီး၏ ဖယောင်း
ပညာဆီမီးကို အရှင်ဂမ္ဘီရဗုဒ္ဓိမှ
ယူခဲ့ပြီး ပရဟိတအကျိုးပြု
ဖြန့်ဝေခြင်းကို ခရီးစဉ်ဆက်
သည်။

ထိုသို့ဆက်လက်တာဝန်ယူခဲ့ပြီး (၂၀၁၄)ရက်နေ့ ဇန်
နဝါရီလမှ စတင်၍ တေဇောရာမဘုန်းတော်ကြီးသင်ပညာ
ရေးကျောင်း နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားပွဲကြီးကို
ကျင်းပနိုင်ရန် ကြိုတင်စီစဉ်ဆောင်ရွက်မှုများကို စတင်လုပ်
ဆောင်ခဲ့ပေသည်။

ရွှေပြည်သာမြို့နယ်နေ မိမိအပါအဝင် စာရေးဆရာ
များ၊ အခြားစာရေးဆရာများကိုပါ ရွှေရတုဂုဏ်ပြုမဂ္ဂဇင်း
အတွက် သင့်လျော်ရာစာပေများ ရေးသားချီးမြှင့်ပါရန် စာမူ
များ တောင်းခံခဲ့ပါသည်။ စာမူရေးသားပေးပို့ထားသူများထဲ
ကမှ ယခုကျင်းပမည့် ရွှေရတုပွဲတွင် စာရေးဆရာများကိုပါ
တခုတ်တရဖိတ်ကြားမှုပြုခဲ့ရာ တိုက်ဆိုင်စွာ အခမ်းအနားပွဲ

ရခိုင်စည်တော်အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

မင်းများ လက်ထက်ကတည်းက
စတင်ခဲ့ကြပါကြောင်း၊ (၁၉၇၀
ပြည့်နှစ်နောက်ပိုင်းကာလများတွင်
မိမိတို့နိုင်ငံ စာတတ်မြောက်မှုနှုန်း
လျော့ကျခဲ့ရကြောင်း၊ ယခုအခါ
ဘ/ကကျောင်းများ ပြန်လည်ခွင့်ပြု
ပေးခဲ့ပြီးနောက် စာတတ်မြောက်မှု
နှုန်းထား တိုးတက်လာခဲ့ရကြောင်း
ဘ/ကကျောင်းများသည် စာတတ်
လည်း သင်ကြား၊ လူကိုလည်း ပြု
ပြင်ပေးသော ကျောင်းများဖြစ်ခဲ့
ယဉ်ကျေးသောလူအဖွဲ့အစည်း ပေါ်
ပေါက်လာရေး အထောက်အပံ့ပြု
ခဲ့ပါကြောင်း၊ ယခုနှစ် အတွက် တောရောမ မူလွန်ကျောင်း
တွင် သူငယ်တန်းကျောင်းသား(၂၇၀)ရှိသည်ဟု သိရှိရ
ကြောင်း၊ ထိုကလေးငယ်များကို တတ်ရမည့်၊ သိရမည့်
အရေး၊ အဖတ်များကို အစိုးရကျောင်းများကဲ့သို့ အတတ်
နိုင်ဆုံး သင်ကြားပြသပေးကြရန် တိုက်တွန်းလိုပါကြောင်း
ယခုစင်မြင့်တွင် အခမ်းအနားမှူးလုပ်နေကြသည့် ကလေး
(၂)ယောက်မှာ (၈)တန်းအရွယ်မျှသာဖြစ်သော်လည်း သူတို့
လက်ချက်ချာစွာ ပြောဆိုနိုင်ခြင်း၊ အင်္ဂလိပ်စကားပြော
စာရွက်အထောက်အကူမပါရှိဘဲ ပြောဆိုနိုင်ခြင်းအပေါ်
နပ်အားရမှုဖြစ်ရပါကြောင်း၊ လူဆိုသည်က ဘဝကိုရင်ဆိုင်
ရမည့် လိုင်းများကို ကျော်ဖြတ်ရန် အသိဉာဏ်ရှိကြဖို့ လိုအ
မည်ပင်ဖြစ်၍ ထိုလိုင်းတံပိုးများ
ကို ပညာအသိပေးသော အခြေ
ကျောင်းများက စတင်ရန်လိုအပ်
ကြောင်း၊ အများနှင့် စုပေါင်းလု
ဆောင်တတ်သော အရည်အသွေး
များကို မွေးမြူပေးခြင်း၊ အတ္တနှင့်
ပရ မျှတအောင် လေ့ကျင့်ပေးသော
နေရာသည် ကျောင်းဖြစ်သည် ဆ
သည်ကို ဆရာနှင့် တပည့်များ
အတူပူးပေါင်းဖြတ်သန်း ရင်ဆိုင်
ကြရန် ပြောကြားဆုံးမပေးခဲ့
သည်။

အဆိုပါကျောင်း၏ ကျောင်းအ

ရွှေရတုပွဲ ကပြဖျော်ဖြေသူ ကလေးငယ်များ

တက်ရောက်ဖြစ်ခဲ့ပါသည်။

ရွှေပြည်သာ (ထ/၁၆)ရပ်ကွက်ရှိ တောရောမဘုန်းတော်ကြီးသင်ပညာရေးကျောင်း၏ နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားကို (၂၈-၁၂-၂၀၁၄)ရက်နေ့ တနင်္ဂနွေနေ့ မွန်းလွဲ(၂)နာရီတွင် ကျောင်းတိုက်မြေကွက်လပ်ကျယ်၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားပွဲကို ကျောင်းသား မောင်အောင်အောင်နှင့် မဇင်ဇင်ဌေးတို့မှ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး အစီအစဉ်(၅)ခု အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါစန်းစန်းရီက အမှာစကားပြောကြားခဲ့ရာတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများက ရှေးမြန်မာ

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော် အရှင်ဂန္ဓိရဗုဒ္ဓိသည် ရွှေရတုအခမ်းအနား ကျင်းပနိုင်ရေး တစ်နှစ်ပတ်လုံး ကြိုတင်အစီအစဉ်များ ရေးဆွဲဆောင်ရွက်ခဲ့ပြီး ကျောင်းတိုက်စတင်တည်ထောင်သူ ဆရာတော်ကြီး ဘဒ္ဒန္တအာစိဏ္ဏ၏ ကြေးရုပ်တုကိုပါ ယခု အခမ်းအနားတွင် ဖွင့်လှစ်ပေးခဲ့ပါ၏။

(၂၇-၁၂-၂၀၁၄)ရက်နေ့ ညမှစ၍ ကျောင်းသား ကျောင်းသူလေးများ၏ အကပဒေသများနှင့် သီဆိုကပြ အသုံးတော်ခံခဲ့ကြသည်။ (၂၈-၁၂-၂၀၁၄)ရက်နေ့ နံနက် (၈)နာရီတွင် ကြေးရုပ်တုတော်ဖွင့်ပွဲ ကျင်းပခဲ့ပြီး ကြွရောက် လာသော ဧည့်ပရိသတ်များသို့ ရွှေရတုထမင်းဟင်းများနှင့် ဧည့်ခံကျွေးမွေးခဲ့ကာ မွန်းလွဲ(၂)နာရီမှ ည(၇)နာရီအထိ နှစ်(၅၀)ပြည့် အမှာစကားများ ပြောကြားခြင်း၊ အကပဒေ သများနှင့် တင်ဆက်ခြင်း၊ ရွှေရတုမဂ္ဂဇင်း၌ ပါဝင်ရေး သားသော စာရေးဆရာများအား လက်ဆောင်ပစ္စည်းပေးအပ် ခြင်းနှင့် အလှူရှင်များကို ကံစမ်းမဲနိုက်၍ ပစ္စည်းများ ပေးအပ်ခြင်းကို ဆောင်ရွက်ခဲ့ကြပါသည်။

ကျောင်းရှိသံဃာတော်(၅၄)ပါး၊ ဆရာ,ဆရာမ(၅၄) နှင့် (၂၀၁၄-၁၅)ပညာသင်နှစ်အတွက် ကျောင်းသား, ကျောင်းသူ၊ ကိုရင်နှင့် သီလရှင်ဆရာလေး(၁၈၆၇)ဦး တက်ရောက်သင်ကြားနေသော တေဇာရာမပရဟိတ ဘ/က ဘုန်းတော်ကြီးသင်ပညာရေး မူလွန်အထက်တန်း ကျောင်း ခွဲ၏ ရွှေရတုအခမ်းအနားပွဲ တက်ရောက်ခွင့်ရခဲ့ပြီး သိရှိ ရသမျှကို စာပေမှတစ်ဆင့် ရေးသားဖော်ပြပေးလိုက်ရပါ သည်။

တေဇာရာမ ဘ/ကကျောင်း၏ လက်ကမ်းစာစောင် ပါ ဆရာတော်အရှင်ဂန္ဓိရဗုဒ္ဓိ၏ အတွေးအမြင်စာသားလေး တစ်ခုမှာ-

ဖယောင်းတိုင်က မီးလောင်ကျွမ်းပြီးသွားရင် ဖယောင်း ဆီခန်းပြီး မျက်စိအောက်က ကွယ်ပျောက်ရသည်။ ဖယောင်း ဆီကို မပြတ်စေဘဲ ဆက်လက်လောင်းပေးနေမယ် သူတော် ကောင်းတွေ ရှိနေသရွေ့ ဖယောင်းတိုင်အလင်းက ငြိမ်းမှာ မဟုတ်ပါဘူး။ ဘုန်းကြီးက ဖယောင်းတိုင်ရဲ့ အလင်းရောင် ကို ဆီမခန်းအောင် ဖြည့်စွက်ဖြန့်ဝေပေးနေဦးမှာပါဟူ၍ ဖြစ်ပါသည်။

ကိုမိုး(ရွှေပြည်သာ)

ဆရာဦးသိန်းဝင်း
B.A (Geog:), ဒ.ဘ.နှ.ဝ (တ.ဆ-၁၄၃၂)
ပြည်တော်စံ
တိုင်းရင်းဆေးကုခန်း
နှလုံး၊ အသည်း၊ ကျိုးပေါင်း၊ အာရုံကြော အားနည်း၊ ဇလင်း/ဇလဖြတ်၊ ကိုယ်ခံအားကျခြင်း၊ အကြောနှင့်ပတ်သက်သော ရောဂါများ ကုသပေးပါသည်။
✤ ဇလဖြတ်ရောဂါ ဝဝဒနာရှင်များ အထူးကုသပေးပါသည် ✤

လေဖြတ်ခြင်းကို
ကြိုတင်ကာကွယ်ပါ
လေဖြတ်မည့် လက္ခဏာများ
* ဦးခေါင်းနောက်ဘေတွင် ခေါင်းကိုက်ခြင်း
* မျက်ဝန်းနှင့် မျက်စိကြွက်သားတို့ ဆတ်ခနဲ လှုပ်ရှားခြင်း
* ပစ္စည်းများ ကိုင်လျှင် မကြာခဏ လွတ်ကျခြင်း
* ခြေ, လက်များ ထုံကျဉ်ခြင်း
* လမ်းလျောက်လျှင် ခြေဆွဲနေခြင်း
* စကားပြော လေးခြင်း
စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍ ဆေးစားခြင်း၊ အကြောဖွင့်ခြင်းတို့ကို ပြုလုပ်ပါက လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ပါသည်။
ဆေးခန်းဖွင့်ချိန် - နံနက်(၁၁း၀၀)နာရီမှ ညနေ(၄း၃၀)နာရီထိ (တနလ်ာနေ့ ပိတ်သည်)
အမှတ်(၁၉)၊ (၁၁၂)လမ်း၊ (ဗိုလ်မင်းရောင်လမ်းမ)၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ရဲစခန်းရှေ့)။
(၀၁)၈၆၁၉၀၈၃ ၊ ၀၉ ၃၁ ၆၅၂ ၇၂၄

www.burmeseclassic.com

တောင်းလိုသော နောက်ထပ်ဆုတစ်ဆု

(သို့မဟုတ်)

လက်ဒီပအိပ်မက်

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရွှေး-သု)

ကြောပန်းချစ်သူများရဲ့ သီရိလင်္ကာခရီးစဉ်များ

*ဒီအချိန်ရောက်လာရင်လေ××× ကျွန်တော့်စိတ်ကြေ ဖောက်ဖောက်လာတယ်×××*လို့သာ ရုပ်ရှင်မင်းသားကြီး ကိုဝင်းဦးရဲ့ ကျောက်မဲအကျဉ်းသား ဇာတ်ကားထဲက သီ ချင်းကို ဟစ်လိုက်ချင်ပါတော့တယ်။

သီဟိုဠ်ကို သွားချင်လွန်းလို့ ကိုယ်ကိုယ်တိုင် လိုက်ပြီး စုံစမ်းရင်း (၂)နှစ်လောက်ကြာခဲ့တဲ့ အချိန်တွေရဲ့နောက်မှာ သီဟိုဠ် (ခေါ်) သီရိလင်္ကာနိုင်ငံကို နှစ်ကြိမ်ဆက်တိုက် ရောက်ခဲ့ရပါတယ်။ ဒါပေမဲ့ စာတွေပေတွေထဲ ရှာဖွေဖတ်ရှု ထားတာတွေကို နေရာအနှံ့ မရောက်ခဲ့၊ ကြည့်ချင်တာတွေ အစုံအလင် မမြင်ခဲ့ရတော့ အဲဒီနိုင်ငံကို မကြာခဏ ပြန် ပြန်သတိရမိတယ်။ ခုတော့ ခရီးသွားအဖွဲ့တွေလည်း အများ ကြီးရှိလာလို့ သွားဖို့လည်း သိပ်မခက်ခဲတော့ပါဘူး။

ဒါပေမဲ့ သြဂုတ်လသွားရင် ကန္ဒီစွယ်တော်လှည့်လည်ပွဲ မိပေမယ့် နွေရာသီလောက်မှာ သွားမယ်ဆိုမှ သီရိပါတောင်ကို တက်လို့ရမှာမို့ လူညှိလို့ မရပြန်ဘူး။ လူစုံရာ လည်း ကျွန်ခရီးဖော်တွေက သီရိပါလတောင်ကို စိတ်ဝင် စားကြမှာမဟုတ်။ နွေအခါသွားရင် သီရိလင်္ကာမြောက်ပိုင်း က နာဂဒီပကိုလည်း သွားလည်နိုင်ပေမယ့် ခရီးသွားအများ တွေက ပို့မယ် မထင်။ ကိုယ်တစ်ယောက်တည်း သွားရ ကလည်း အဆင်မပြေ ဖြစ်နေရဲ့ ဒီကြားထဲ သီဟိုဠ်ရောက်ရင် ဘယ် နေရာတွေကို အလေးထားကြည့်ရှု လေ့လာ၊ ဖူးမြော်ရမယ်ဆိုတာတွေ ပြောပြပါလို့ ကိုယ့်ကို မကြာခဏ နှတ်လမ်းညွှန်ခိုင်းလာတဲ့သူတွေလည်း ရှိရှိနေပြန်တော့ သီရိလင်္ကာအိပ်မက် တွေက မက်နေမိပြန်ရော။

ကုံသံသိုဠ်မြို့တော်က ကုံလိုန်စေတီအားယောက်ဇင်ဆုတွေ

အာဒမ်တောင်ထွတ် (သို့မဟုတ်)
သီရိပါဒတောင်

အင်း..အဲဒီတော့မှ ရောက်ရ တွေမှာသွားမှ အဆင်ပြေတဲ့ (ကို

www.burmeseclassic.com

www.burmeseclassic.com

သီရိလင်္ကာစာ ဒဠ္ဍာလင်္ကာဆင်းတုတော်ကြီး

လည်း သွားချင်လွန်းပြီး မရောက်ရသေးတဲ့) သီရိပါလ(Sri Pada) ဆောင်တော်က ဗုဒ္ဓခြေတော်ရာကို သွားဖူးဖို့ သတိရလိုက်တယ်။ မြန်မာပြည်က စွယ်တော်ဖူး ခရီးသွားအများစု ရောက်လေ့မရှိတဲ့ ဒီတောင်ဆောင်ကို အာဒမ်တောင်ထွတ်(Adam's Peak) သီရိပါဒတောင်၊ စေတီပါဒဆောင် စသဖြင့်လည်း ခေါ်ကြပြီး (၇၃၆၅)ပေမြင့်ကာ ပုပ္ပားတောင်လို တော်မတ်စောက်စောက်ကြီးပါ။ သံလှေကားတွေနဲ့ ပင်ပန်းခက်ခဲစွာ တက်ကြရလို့ ကမ္ဘာလှည့်ခရီးသည်အပေါ် အရောက်များကြတယ်။ ဆောင်ထိပ်ပေါ်ကနေ နေထွက်ချိန်ကို ကြည့်ရတာ အရမ်းလှတယ်ဆိုပဲ။

အဲဒီမှာ ကျောက်မျက်မျိုးစုံလည်း ထွက်ရှိလို့ ရန်ကုန်တက္ကသိုလ် မန္တလေးဆောင်မှာ ကျောက်မျက်(Gemology) သင်တန်းတက်ထားတဲ့ ကိုယ်က ပိုလို့သွားချင်နေမိပြန်ပါရော။ ဧပြီလလောက်မှ သီရိပါလတောင်ကိုတက်ဖို့ အဆင်ချောတော့ စွယ်တော်လှည့်ပွဲကာလနဲ့က လွဲချော်နေပြန်တာကလည်း အခက်အခဲတစ်မျိုးပါပဲ။ လူဘဝမှာ တစ်ခုကို လိုချင်ရင် တစ်ခုကိုတော့ လက်လျှော့ရမှာ မမွှတာပါပဲလေ။

ကျောက်တန်းဆယ်ဖို့ သီရိလင်္ကာသို့

သီရိလင်္ကာမှာ ကိုယ်မရောက်ဖူးသေးတဲ့ နောက်ထပ် နေရာတစ်နေရာလည်း ရှိသေးရဲ့။ အဲဒါကတော့ သီဟိုဠ်ရဲ့ မြောက်ဘက်ပိုင်း နာဂဒီပဆက်မှာပါ။ အဲဒီက ဘိက္ခုနီဆရာကြီးတစ်ပါးနဲ့လည်း တစ်ခါက ဆုံဖူးတယ်လေ။ အိန္ဒိယပြည်ဘက်ခြမ်းက နေရက်ဒီရွာကနေ သီရိလင်္ကာသို့ ပင်လယ်ရေလက်ကြားကို ဖြတ်ကူးရန် ကျောက်တန်းတံတား ရှိသတဲ့။ ဒါကို ရာမမင်းသား ပင်လယ်ကို ဖြတ်ကူးပြီး သီရိလင်္ကာ၊ သိန်းခိုပြည်သို့ သွားခဲ့ပုံ ဟနုမာန်မျောက်မင်းနဲ့ အပေါင်းအဖော်များက ကျောက်တန်းဆယ်ပြီး ဆောက်ပေးခဲ့တာလို့ ယူဆကြရဲ့။ ဒါကို ဟနုမာန်ကျောက်တန်းလို့ ခေါ်ခဲ့ကြတယ်။

ငယ်စဉ်က ကြည့်ခဲ့ရတဲ့ အလောင်းတော်ရာမ ဆေးရောင်စုံရုပ်ရှင်ကားမှာတော့ မြင်ခဲ့ဖူးတယ်လေ။ ခရစ်ယာန်ဘာသာဝင်များကတော့ အာဒမ်ကျောက်တန်းလို့ ယူဆကြပြန်ရဲ့။ အာဒမ်နဲ့ ဧဝတို့ အပြစ်သီးကိုစားမိကာ မကောင်းမှုကျူးလွန်ခဲ့လို့ ဧဒင်ဥယျာဉ်မှ နှင်ထုတ်ခံလိုက်ရတဲ့အခါ သီရိလင်္ကာကို လာရောက်နေထိုင်ခဲ့ကြတယ်လို့ အဆိုရှိကြ

သီရိလင်္ကာစာ ဒဠ္ဍာလင်္ကာတောင်ကြီးရှိ ဆင်းတုတော်များနဲ့ နံရံဆေးရေးပန်းချီများ

www.burmeseclassic.com

www.burmeseclassic.com

သီဟိုဠ်ဟန် ဆင်းတုတော်ရဲ့ သဏ္ဌာန်မူစံ

သီရိလင်္ကာက ဒမ္မလကောက်တောင်ကြီးရှိ
နံရံဆေးရေးပန်းချီများ

ပါတယ်။ အဲဒီနာဂဒီပအပိုင်းမှာ ဘိက္ခုနီသာသနာလည်း ပိုထွန်းကားသတဲ့။ တိုင်းပြည်တစ်ပြည်ရဲ့ ရာသီအစုံက ပွဲတော်တွေကို ဆင်နွှဲဖို့ ကာလအစုံမှာ သွားကြည့်ရတော့မယ်ပေါ့။

သီဟိုဠ်မှာ အချိန်မရွေး သွားရောက်လည်ပတ်နိုင်တဲ့ နေရာတွေကိုပဲ ကိုယ့်ကို လာမေးတဲ့သူတွေကို ပြောပြရင်း နတ်လမ်းညွှန်ချင်ပါတော့တယ်။

သီရိလင်္ကာ (သို့မဟုတ်) သီဟိုဠ်ကျွန်း (သိန်းခိုကျွန်း)

ရှေးမြန်မာစာပေတွေမှာလည်း သီရိလင်္ကာကို အမည်အမျိုးမျိုးနဲ့ ဖော်ပြကြတယ်။ ဦးကုလားမဟာရာဇဝင်ကြီးမှာ သီဟိုဠ်ကျွန်း၊ သိန်းခို၊ သိန်းဃို၊ သီဃိုကျွန်း စသဖြင့် တွေ့ရှိရတယ်။ သိန်းခိုပြည်၊ သိန်းခိုမင်း၊ သိန်းခိုရောက် ကျောင်းဆိုတဲ့ အသုံးအနှုန်းတွေလည်း ရှိပါသေးတယ်။ သိန်းဃိုဠ်လို့လည်း ရေးတတ်ကြတော့ ပါဠိဘာသာနဲ့ သီဟဠ ဖြစ်ပြီး၊ ခြင်္သေ့အနွယ်ဖြစ်တဲ့ (သီဟဗာဟုမင်းရဲ့သားတော် ခြင်္သေ့နဲ့ လူမင်းသမီးတို့မှ ပေါက်ဖွားဆင်းသက်လာသူ) ဝိဇယမင်းက ဘီလူးတို့ လက်တွင်းမှ သိမ်းယူနိုင်ခဲ့တဲ့ကျွန်းလို့ အဓိပ္ပာယ်ရှိပါတယ်။

'လင်္ကာဒီပ၊ သီဟဠဟု၊ နာမပြဓာန်း၊ သိန်းဃိုဠ်ကျွန်း ဠ' ဆိုတဲ့ အဖွဲ့အနွဲ့တွေလည်း ရှိရဲ့။ ဒါ့အပြင် ဝိဇယမင်း



မဟိန္ဒလေဒတောင်ပေါ်ရှိ ကျောက်တော်ကာ
သံဃာတော်များ ထွက်ဝင်သောင်းကျွံနေသည့် ကျောက်ဖြူရောင်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com

သီရိလင်္ကာက နှစ်(၂၆၀၀)သက်တမ်းရှိ မဟာဗောဓိပင်ကြီး

သားနဲ့ နောက်ပါကျွန်သင်းပင်း ခုနစ်ကုတို့ဟာဒီကျွန်းကို လာရောက်အခြေချပြီး လူနေတိုင်းပြည်ဖြစ်အောင် ထူထောင်ခဲ့ကြတော့ ကျွန်းပေါ် တက်ရောက်လာစဉ်က မြေအပြင်ဟာ စိမ့်စွက်ပြောင်ချောနေလို့ ခြေလှမ်းမခိုင်ဘဲ ယိမ်းယိုင်စွာ ကုတ်ကတ်တက်ခဲ့ရလို့ သခ်ၤလဒီပ အမည်ပေးခဲ့ကြတယ်လို့လည်း ယူဆကြတယ်။

ကြာပန်းဟာ သီရိလင်္ကာရဲ့ အမျိုးသားပန်း (National Flower) ဖြစ်ပေမယ့် အမျိုးသားအထိမ်းအမှတ်သစ်ပင် (National Tree) ကတော့ သာဂပင်ပဲ ဖြစ်ပါတယ်။ အမျိုးသားကျေးငှက် (National Bird) က ကြက်၊ အမျိုးသားတိရစ္ဆာန် (National Animal) က ခြင်္သေ့ပါ။ အဲဒါကြောင့် သီဟိုဠ်သားတွေဟာ ဥာဏ်ပင်တွေကို ဘုရားလိုပဲ အလေးထားကြပြီး ကြာပန်းတွေကိုလည်း ချစ်ကြရဲ့။

အဲဒီသီဟိုဠ်ကို ကိုယ်တို့ဆီကနေ တိုက်ရိုက်လေယာဉ်နဲ့လို့ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တော်၊ သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာလေဆိပ်ကနေတစ်ဆင့် ရန်ကုန်ကနေ (၂၂၅၅)မိုင်ကွာဝေးတဲ့ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့က ဘန်ဒရာနာယကေးလေဆိပ်ကို ညလယ်မှာ (၃)နာရီလောက် လေယာဉ်စီးပြီး သွားရောက်ရတာပါ။

အမှာပထမဆုံး အမျိုးသမီးဝန်ကြီးချုပ်ဖြစ်တဲ့ သီရိလင်္ကာဝန်ကြီးချုပ်အောင်း သီရိမာဗိုဘန္ဒရာနာရကေးကို ဂုဏ်ပြုမှုညှိဆိုထားတဲ့ လေဆိပ်ပါ။

ဘင်္ဂလားပင်လယ်အော်ကိုဖြတ်ကာ လေယာဉ်ကို ပေ(၄၀၀၀၀) အမြင့်မှ ပျံသန်းခဲ့ကြရပါတယ်။ ဟိုရောက်တဲ့အခါ လေဆိပ်ထဲက ပို့ဆောင်တွေမှာ မင်္ဂလာပါ (Arubo-wan) ဆိုတဲ့ စာတန်းလေးများနဲ့အတူ ကြိုဆိုခြားဆန်းပြားတဲ့ ရိုးရာဟန် ဝတ်စားဆင်ယင်မှုများနဲ့ သီရိလင်္ကာယဉ်ကျေးမှုကို စတင်မိတ်ဆက်ရပါတယ်။

ပြီးရင်တော့ လေဆိပ်ကနေ တည်းခိုရာဟိုတယ်ကိုသွား၊ အဲဒီမှာ ဝင်နားကာ အိပ်စက် အနားယူပြီး နောက်တစ်နေ့မှ ခရီးဆက်ကြရပါတယ်။ ညော့..သီဟိုဠ်သွားမယ်ဆိုရင် သဃ်မိတ္တာဗောဓိပင်နဲ့ စွယ်တော်တိုက်တွေကို အနီးကပ်ဖူးမြော်ပူဇော်နိုင်ရန် ဝင်ရောက်ခွင့်ရဖို့အတွက် အင်္ကျီ၊ လုံချည် အဖြူဝတ်ဆက်တစ်စုံတော့ ဆောင်သွားဖို့ လိုအပ်ပါတယ်။ သီရိလင်္ကာမှာ ဘယ်ဘုရားကျောင်းကန်ကိုသွားသွား သူတို့ဒေသခံတွေက အဖြူရောင်ဝတ်စုံကိုသာ ခပ်သန့်သန့် ဝတ်ဆင်ထားတာ တွေ့ရမှာပါ။

မဟာဗောဓိပင်ကြီးအနီးက ဘုရားပြာသာဒ်တော်ကြီးတော်ဝင်း

www.burmeseclassic.com

မဟိန္ဒဂူတောင်ပေါ်က ဝေဠုဝတာ်

ါလက်ံာရဲ့ ရှေးဟောင်းမြို့တော်
ာရာဓပူရမြို့

သီရိလင်္ကာရောက်ရင် ခရီးသွား
ွ မလွဲမသွေ သွားရောက်ရတဲ့
ာကတော့ ကိုယ်တို့ ပုဂံလိုပဲ သီရိ
ာ်ံာရဲ့ အထင်ကရရှေးဟောင်းမြို့
ာတဲ့ အနုရာဓပူရမြို့ (Anuradha-
ra) ပါ။ အဲဒါကြောင့် ကိုလံဘို
နေ အနုရာဓပူရကို ကားနဲ့ ခရီး
ာ်ရမြဲပါ။ သီရိလင်္ကာမှာ ရထား
မ်းတွေလည်း ရှိပေမယ့် ကိုယ်က
ာ့ ကားလမ်းနဲ့ပဲ ခရီးနှင်ခဲ့ဖူးပါ
ယ်။ အနုရာဓပူရအသွားလမ်းမှာ
ာ့ ရိုးရာလေ့အတိုင်း ပြင်ဆင်
ားတဲ့ လမ်းဘေးဆိုင်လေးတွေ ပေါပါတယ်။ နေ့လယ်စာ
ားသုံးဖို့ အုန်းလက်၊ အုန်းခွံများနဲ့ ဥယျာဉ်လေးသဖွယ်
ာ်ဆင်ထားတဲ့ ဒေသခံဆိုင်ကလေးတွေက သင့်တော်ပါ
ယ်။ အုန်းရည်နဲ့ ဆန်လုံးညိုထမင်းတွေလည်း ရနိုင်ရဲ့။
ဒသဟင်းတွေက နည်းနည်းတော့ စပ်တယ်။

အဲဒီလမ်းမှာဘဲ ဒမ္မုလ (Dambulla) တောင်ကို ဝင်
ာက်လေ့လာနိုင်ပါတယ်။ အဲဒီမှာတော့ ဒမ္မုလရွှေဆင်း
ုတော်ကြီးနဲ့ ရွှေစေတီ (Golden Temple Dambulla)
တိုက်တွေ ရှိတယ်။ ဒမ္မုလကျောက်လိုဏ်ဂူ (The Rock Temple-Dambulla) ကို မိနစ်(၃၀)ခန့်ဆက်တက်ရပြီး လိုဏ်ဂူအတွင်းမှာ ဗုဒ္ဓဆင်းတုတော်တွေ၊ ရှေးဟောင်းနံရံ ဆေးရေးပန်းချီများရှိလို့ ကျော်မသွားဘဲ တက်ရောက်ဖူးမြော် သင့်ပါတယ်။ နံရံဆေးရေးပန်းချီတွေ၊ ကျောက်သားအုစ် ကို နွှိက်ယူထွင်းဖောက်ပြီး ပုံဖော်ထုဆစ်ထားတဲ့ ဘုရား စေတီတွေနဲ့ ဒမ္မုလကျောက်လိုဏ်ဂူကြီးကလည်း အံ့သြ စရာ အနုပညာပြတိုက်ကြီးလိုပါပဲ။ ကျောက်တောင်ကြော ကြီးကို မိနစ်(၃၀)ခန့် တက်ရပြီး လေတဖြူးဖြူးနဲ့ သွား ရတဲ့ခရီးမို့ အတော်လည်း ကြည်နူးဖို့ကောင်းလှပါတယ်။

မဟိန္ဒဂူတောင်ပေါ်သို့ အတက်လမ်း

တောင်ပေါ်က လိုဏ်ဂူကြီးတွေ အတွင်းမှာတော့ ဗုဒ္ဓဆင်းတုတော်တွေ၊ ရှေးဟောင်းပန်းချီလက်ရာတွေကို အများအပြား တွေ့ရှိနိုင်တာမို့ မောသလောက် တန်တဲ့ခရီးပါ။

ဒမ္မုလမြို့လေးကို ညနေပိုင်းမှာ ရောက်ရှိပြီး စားသောက်ဆိုင်တွင် ပူစပ်သောညစာ စားသုံးကြတာပေါ့။ အဲဒီနောက် အနုရာဓပူရမြို့သို့ ဆက်လက်သွားရောက်ကာ မြန်မာဘုန်းတော်ကြီးကျောင်းမှာ အိပ်စက်အနားယူကြတယ်။ မြန်မာကျောင်းဆိုပေမယ့် ကျောင်းထိုင်ဆရာတော်က မွန်လူမျိုးဖြစ်ပါတယ်။ သီဟိုဠ်သာသနာ

www.burmeseclassic.com

သီဟိုဠ် အနုရာဓပုရမြို့ဟောင်းက မဟာဝရတ္တဘင်းကြီးရုပ်တု

(၁၆၀၀)ရှိတဲ့ ကြေးပြဿာဒ်ကျောင်းတော်ရာကြီး ရှိရဲ့။ ကျောက်တိုင်အဟောင်းတွေ ထိုးထိုးထောင်ထောင် ကျန်ရှိနေသေးတာကို အခုတိုင် မျက်ဝါးထင်ထင် မြင်ရဦးမယ်။

ကိုယ်တို့မြန်မာပြည်ကို လာရောက်လည်ပတ်သူတိုင်း မရောက်မရှိ သွားကို သွားရောက်ရမယ့်နေရာက ရွှေတိဂုံစေတီတော်ကြီးဖြစ်သလို သီရိလင်္ကာနိုင်ငံကိုရောက်ပြီး မဟာစေတီတော်ကြီးကို မဖူးခဲ့ရင်လည်း အဲဒီနိုင်ငံကို ရောက်ခဲ့တယ်လို့ မပြောနိုင်ဘူးလေ။ အဲဒီ မဟာစေတီတော်ကြီး (Maha Ceti) ရုဝဏ်ဝေဠိစေယပုထိုး(Ru-wanwelesira) မှာ မြတ်စွာဘုရားရဲ့ နှစ်ထပ်သင်္ကန်းကြီးနဲ့ သပိတ်တော် ဌာပနာထားတယ်လို့လည်း အယူရှိကြတယ်။ မဟာစေတီတော်ကြီးဟာ အနုရာဓပုရမှာပဲ ရှိနေတာပါ။ မြန်မာကျောင်းနဲ့လည်း မဝေးလှပါဘူး။

တစ်ဆက်တည်းမှာပဲ ထူပါရာမစေတီ(Thuparama) ဆိုတဲ့ ထူပါရုံစေတီကိုလည်း ဖူးမြော်နိုင်ရဲ့။ အဲဒီမှာတော့ မြတ်စွာဘုရားရဲ့ ညာဉ်ရိုးတော်မြတ်ကို ဌာပနာထားတယ်။ စေတီတော်ရဲ့ ပတ်ပတ်လည်မှာ ရှေးတုန်းက တန်ဆောင်းတိုင်ကြီးတွေ ရှိခဲ့ကြတယ်။ ဒီတိုင်ကြီးတွေ ရှိခဲ့ကြတာဟာ ဘုရားရှေ့မှာ ဒီဇင်းတိုင်ကြီးတွေ ရှိခဲ့ကြတာနဲ့ တူတယ်။ ဒီတိုင်ကြီးတွေ ရှိခဲ့ကြတာဟာ ဘုရားရှေ့မှာ ဒီဇင်းတိုင်ကြီးတွေ ရှိခဲ့ကြတာနဲ့ တူတယ်။


သီဟိုဠ် အနုရာဓပုရမြို့ဟောင်းက ရှေးဓေတ်စွယ်တော်တိုက်

ဒီတိုင်ကြီးတွေ ရှိခဲ့ကြတာဟာ ဘုရားရှေ့မှာ ဒီဇင်းတိုင်ကြီးတွေ ရှိခဲ့ကြတာနဲ့ တူတယ်။ ဒီတိုင်ကြီးတွေ ရှိခဲ့ကြတာဟာ ဘုရားရှေ့မှာ ဒီဇင်းတိုင်ကြီးတွေ ရှိခဲ့ကြတာနဲ့ တူတယ်။

www.burmeseclassic.com

www.burmeseclassic.com

သီဟိုဠ် အနုရာဓပုရမြို့ဟောင်းက လင်္ကာဘုရား

ငရုတ်သီးတစ်တောင့်နဲ့ လုံတံတစ်ချောင်း (သို့မဟုတ်) ကုန်စေတီတော်သမိုင်းဟာ စိတ်ဝင်စားစရာ ဖြစ်ပါတယ်။

ကြီးမားလှတဲ့ ဘုရားအိုးကြီးတွေဖြစ်တဲ့ အဘယဂိရိစေတီ(Abhayagiri Dagoba)၊ လင်္ကာရာမ(Lankaramaya) နဲ့ ဇေတဝနစေတီ(Jetavana Dagoba) စေတီကြီးတွေကိုလည်း မေ့ထားလို့ မဖြစ်ပါဘူး။ နိဒါန်းရောင်အုတ်ခဲပေါင်းများစွာနဲ့ တည်ဆောက်ထားတဲ့ အဲဒီစေတီပျက်ကြီးတွေဟာ အလွန်စိတ်ဝင်စားစရာပါ။ ခရီးသွားတိုင်း အဓိကကျတဲ့ အချက်ကတော့ လမ်းညွှန်တွေ၊ ခရီးသွားကုမ္ပဏီတွေရဲ့ စေတနာပါပဲ။ သူတို့သာ ငွေမျက်နှာသက်သက်ကြည့်ဘဲ တကယ်ရောက်သင့်တဲ့နေရာ၊ မလွဲမသွေဖူးသင့်တဲ့ ဘုရားစေတီတွေကို ပို့ချင်တဲ့စိတ်ရှိရင်တော့ သူတို့ခေါ်သွားမှ ရောက်ကြရတဲ့ ခရီးသွားတွေဟာ ကံကောင်းတာပါပဲ။ သွားရကျိုးလည်း နပ်တာပါပဲ။

အနုရာဓပုရမြို့ဟောင်းမှာပဲ ဣသုရုမုနိစေတီ(Isurumuniya) နဲ့ ကမ္ဘာကျော် ချစ်သူများ(Lovers) ကျောက်ရုပ်တုရှိတဲ့ ပြတိုက်လေးကို သွားရောက်ဖူးမြော် လေ့လာသင့်တယ်။ အဲဒီနောက် မဟိန္ဒလေတောင်(Mihintale)ကို တက်တော်တွေရဲ့ ကျောက်တိုင်လုံးတွေ ဝန်းပတ်ရံကာပြီး တည်ရှိနေတာဟာဖြင့် ထူပါရဲ့စေတီရဲ့ မမှေ့နိုင်အောင်ကိုပဲ မျက်လုံးအိမ်ထဲ စွဲထင်သွားမယ့် အလှပါပဲ။

အဲဒီကနေဆက်ပြီး မရိစိဝဋ္ဋနစေတီ(Mirisawetiya Chetiya) ကို ဖူးမြော်နိုင်ပါတယ်။ အဲဒီစေတီကတော့ ငရုတ်သီးတစ်တောင့်စေတီလို့လည်း ထင်ရှားတဲ့စေတီတော်ပါ။ သမိုင်းအစဉ်အလာ၊ အဆိုအမိန့် အလှအပတွေကြောင့် ကိုယ်ရော ကိုယ်တို့နဲ့အတူ ဘုရားဖူးထွက်ခဲ့တဲ့ ရေစကြိုဆရာတော် ဦးဝါယမိန္ဒပါ သွားရောက်ကြည်ညိုဖို့ အထူးအာရုံရခဲ့တဲ့ စေတီပါ။ အကြောင်းကတော့ စာပေဝါသနာရှင်တွေဖြစ်တဲ့ ကိုယ်တို့တွေက စေတီတော်ဖြစ်တည်လာပုံကို စာအုပ်တွေထဲကတစ်ဆင့် ရင်းနှီးခဲ့တာကိုး။

ဘုရားရှင်ကို ကြည်ညိုလေးစားအလေးထားလွန်းတဲ့ မင်းတရားကြီးဟာ ဘာစားစား ဘုရားရှင်ကို ရည်စူးကပ်လှူပြီးမှ စားတတ်ပါသတဲ့။ တစ်နေ့တော့ စစ်ပွဲကာလအတွင်းမို့ ငရုတ်သီးတစ်တောင့်ကို အမှတ်တမဲ့ အမြန်ကိုက်ဝါး စားသောက်မိပြီး ဘုရားကို မကပ်လှူမိဘဲ ရှိခဲ့တာကို စစ်နိုင်အောင်ပွဲဆင်နေချိန်မှာ သတိရလိုက်တော့ သူ့အောင်ပွဲခံ လုံတံကို မြေအပြင်မှာ ပစ်လွှတ်စိုက်ထူပြီး အဲဒီနေရာမှာ စေတီတည်ခဲ့တာပါ။

သီဟိုဠ် အနုရာဓပုရမြို့ဟောင်းက အဝေဒင်္ဂတ်သား ကျောက်ရုပ်ပြာ

www.burmeseclassic.com

www.burmeseclassic.com

ရောက်ကြရပါတယ်။

အနုရာဓပူရအနီးမှာရှိတဲ့ ဒီမဟိန္ဒလေတောင်ဟာ ထင်ရှားလှတယ်။ သီရိဓမ္မာအသောကမင်းကြီးရဲ့သားတော် ရှင်မဟိန္ဒ သီဟိုဠ်ကျွန်းကို ကြွချီရောက်ရှိလာပြီး ပထမဆုံး သာသနာပြုရာ နေရာပေါ့။ အဲဒီတောင်တော်ကိုတော့ တက်ရောက်ဖူးမြော်ဖို့ မမေ့သင့်ဘူးလေ။ တောင်တက်လမ်းအရင်းမှာပဲ ရှေးအခါက ဥဒ္ဒသာသနာ ထွန်းကားပြီး ရဟန်းသံဃာတွေ ပေါများတဲ့ အနုရာဓပူရမြို့ဟောင်းရဲ့ ဆွမ်းလောင်းကျောက်ကုန်းရှည်ကြီးတွေ၊ ရဟန်းတွေသုံးဖို့ ထွက် ရေပေးဝေတဲ့ ကျောက်လက်တံတွေ၊ ရေချိုးရာနေရာဆွေကို ကြည့်ရှုကြရပါတယ်။ တောင်ပေါ်ရှိ မဟိန္ဒလေဆေတီတော်နဲ့ အခြားတောင်ထွတ်တစ်ခုပေါ်မှာရှိတဲ့ ရဟန္တာဂူတွေကိုလည်း သွားရောက်ဖူးမြော်ကြရမှာပါ။

သီဟိုဠ် အနုရာပုရမြို့ဟောင်းက ကျောက်တောင်ကြီးကို ထွင်းထုထားတဲ့ ဆင်းတုတော်တွေ

မြန်မာတွေသိတဲ့ ပရက္ကမဗာဟုမင်းကြီးရဲ့ ပေါလောနာရုဝမြို့ဟောင်းသို့

သီဟိုဠ်ကျွန်းမှာ အနုရာဒပူရလိုပဲ ထင်ရှားတဲ့ ရှေးမြို့ဟောင်းကြီးတစ်ခုကတော့ ပေါလောနာရုဝမြို့ဟောင်းပါ။ အဲဒါကြောင့် ပေါလောနာရုဝမြို့ဟောင်း (Polonaruva Old City) တစ်ဝိုက်မှာ ဆက်လက်လေ့လာ ဖူးမြော်ဖို့ သွားကြရပြန်ပါတယ်။ အဲဒီမြို့ဟောင်းအဝင်မှာ ကျယ်ပြောလှတဲ့ ရေကန်ကြီးဖြစ်တဲ့ လူလုပ်သမုဒ္ဒရာ (man-made lake) တွေ ရှိပါတယ်။ ဒါဟာ သီဟိုဠ်က ရှေးမင်းကောင်းမင်းမြတ်တွေက ပြည်သူတွေ သောက်ရေ၊ သုံးရေအတွက် ဖန်တီးပေးခဲ့တာပါ။ ရေကန်အနီးက ပေါလောနာရုဝ ရှေးဟောင်းသုတေသနပြတိုက်ကိုလည်း ဝင်ရောက်လေ့လာသင့်ပါတယ်။ ခရီးသွားအဖွဲ့တွေက ပြတိုက်တွေဆိုရင် ဝင်ကြေးပေးရလို့ လက်ရှောင်ချင်ပေမယ့် တကယ်ဝင်ကြည့်ရင် တကယ်အကျိုးရှိတဲ့ နေရာတွေပါ။ သူတို့နိုင်ငံရဲ့သမိုင်းကို ထဲထဲဝင်ဝင် သိချင်တယ် ဆိုရင်ပေါ့လေ။

သီဟိုဠ် အနုရာဓပူရမြို့ဟောင်းက မဟာပရက္ကမင်းကြီးနန်းတော်ရာ

အဲဒီနောက် ကန်ပေါင်ပေါ်မှာ ကားနဲ့ဖြတ်မောင်းရင်း ကြည့်ရှုသွားပြီး မြို့ဟောင်းကို ဝင်ပါတယ်။ မြို့ဟောင်းအဝင်မှာပဲ အတွင်းမှာရှိတဲ့ မဟာပရက္ကမဗာဟု (Parakramabahu Statue) မင်းကြီးရုပ်တုကို အလေးပြုသင့်ပါတယ်။ မြန်မာရာဇဝင်မှာပါ ထင်ရှားတဲ့ ပရက္ကမဗာဟုမင်းပါ။

အဲဒီနောက်တော့ ပရက္ကမဗာဟုမင်းကြီးလက်ထက်တော်က တည်ခဲ့ပြီး အခုအခါ ပျက်စီးနေပြီဖြစ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



သီရိလင်္ကာ ဆိုင်ဂိရိယ ကျောက်တောင်ပေါ်က ခံတပ်မြို့ဟောင်း

သီဟိုဠ်ကျွန်းရဲ့ ဗုဒ္ဓသာသနိကအဆောက်အအုံနဲ့ ကျောက်ဆစ်ဗိသုကာလက်ရာများ

ကျောက်တုံးကျောက်ဆောင်တွေ ပေါတဲ့ သီဟိုဠ်ကျွန်းမှာတော့ ဗုဒ္ဓသာသနိက အဆောက်အအုံတွေကို ကျောက်သားတွေနဲ့ တည်ဆောက်ကြတာ များပါတယ်။ ဆင်းတုတော်တွေကိုလည်း ကျောက်တုံးတွေနဲ့ပဲ ထုဆစ်ယူကြတာပါ။ အဲဒီလို ကျောက်ဆစ်ကျောက်ထွင်း အနုပညာတွေ ထွန်းကားတဲ့ သီရိလင်္ကာမှာ တစ်ဆက်တည်း တည်ရှိနေတဲ့ ကျောက်တောင်ကြီးကို အလိုက်သင့် ထုဆစ်လိုက်တော့ ဂလဃကျောင်းတော်(Galaha Temple)ရယ်လို့ အုံသြဖွယ်ရာ ဖြစ်တည်လာပါတော့တယ်။ ကျောက်တောင်ကြီးတစ်ခုတည်းမှာ ထိုင်တော်မူ၊ လျောင်းတော်မူ၊ ရပ်တော်မူ ဘုရားများတွေကို ထုလုပ်ထားတာဟာဖြင့် ရှေးသီဟိုဠ်သား ကျောက်ဆစ်ပညာရှင်တွေကို အထင်ကြီး လေးစားစရာပဲ ဖြစ်ပါတယ်။

နန်းတော်ဟောင်းကြီးတွေ(Palace Site)။ မင်းနဲ့ မှူးမတ်များ တိုင်ပင်ဆွေးနွေးရာ လွှတ်တော်ဟောင်း(Nissankalat Mandapa)။ အိန္ဒိယနိုင်ငံကနေ သီဟိုဠ်ကို အနှစ်ရာယ် အသွယ်သွယ်ကို ကျော်ဖြတ်ပြီး လျှို့ဝှက်စွာရောက်ရှိလာတဲ့ ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်တော်မူခဲ့ရာ စွယ်တော်တိုက်ဟောင်း(Hatadage, Atatage) နဲ့ ကျောင်းတော်ရာဟောင်းတွေဟာ ပုဂံမြို့ဟောင်းတစ်နေရာလိုပဲ အုတ်ပုံတွေ၊ ကျောက်တိုင်တွေ အလဲလဲအပြိုပြိုနဲ့မို့ လွမ်းမောစရာ၊ သနစ်ရ၊ ရစရာ တွေ့ရှိရမှာပါ။

သီရိလင်္ကာရဲ့ မူပိုင်ကျောက်ဆစ်လက်ရာတစ်ခုဖြစ်တဲ့ လကျောက်ဖျာ(Moonstone) လေးတွေကိုတော့ ဘယ်စေတီ၊ ဘယ်ဘုရားနဲ့ ဘယ်ကျောင်း၊ ဘယ်ဇရပ်တွေမှာ သွားသွား အတက်အဆင်း လှေကားထစ်တွေရဲ့ အရင်းမှာ သတိထားကြည့်ရင် မြင်နိုင်ပါရဲ့။ လက်ရာအလွန်ကောင်းပေမယ့် ခြေနင်းခံမှာသာ ထားလေ့ရှိတဲ့ လကျောက်ဖျာလေးတွေဟာ သီရိလင်္ကာ ဗုဒ္ဓအနုပညာရဲ့ ဗိသုကာသင်္ကေတလို့တောင် ပြောနိုင်ပါတယ်။ လကျောက်ဖျာလေးတွေရဲ့ တစ်ဖက်တစ်ချက်စီမှာတော့ အစောင့်နတ်သားရုပ်တွေ အမြဲကြိုဆိုတွေကိုထမ်းလျက် ဗုဒ္ဓစေတီကို စောင့်နေကြရဲ့။



သီရိလင်္ကာရှိ ဆိုင်ဂိရိယကျောက်တောင်

ခရီးသွားအဖွဲ့ရဲ့ လမ်းညွှန်သူ စာပေဝါသနာပါပြီး ဖတ်တတ်

www.burmeseclassic.com

သီရိလင်္ကာရှိ စတုတ္ထသင်္ဂါယနာတင်ရာ အာလောဟကျောက်ဂူ

နှတ်တတ်၊ မသိသေးသူတွေကို ရှင်းသင်းတင်ပြတတ်တဲ့စိတ်ရှိရင် ဘုရားဖူးခရီးစဉ်မှာ ခရီးသည်တွေဟာ ကုသိုလ်ရတဲ့အပြင် ဗဟုသုတတွေလည်း တိုးပွားလာမှာပါ။

သီဟိုဠ်ပုံစေတီများရဲ့ ထူးခြားချက်ဖြစ်တဲ့ ကမ္ဘာလုံးခြမ်းလို လုံးလုံးခိုးခိုးပေါ်မှာ လေးထောင့်ဓာတ်တော်တိုက် တွေဆင့်ကာ အဲဒီအထက်က အရစ်၊အရစ်တွေပါတဲ့ စေတီဆောက်ထားပုံကို ရှင်းပြထားရင် ခရီးသည်တွေလည်း သီရိလင်္ကာခရီးစဉ်တစ်လျှောက်မှာ မြင်နေရတဲ့ သီဟိုဠ်ခဲ့ဆိုတာကို သဘောပေါက်သွားမှာပါ။

အဲဒီလို သဘောပေါက်တာနဲ့အမျှ သီဟိုဠ်စေတီတော်များရဲ့ ဗိသုကာလွှမ်းမိုးနေတဲ့ အရှေ့တောင်အာရှ စေတီဆောက်များကိုလည်း သတိထားမိသွားမှာပါ။ ကိုယ်တို့ မြန်မာနိုင်ငံအပြင် အခြားအာရှနိုင်ငံတွေမှာလည်း အဲဒီစေတီဆောက်အသွင်သဏ္ဌာန်မျိုးတွေ ပျံ့နှံ့ရောက်ရှိခဲ့တာကိုး။

ဗုဒ္ဓမြတ်စွာယံရာ စီဂိရိယတောင်နဲ့ ကဿပမင်းညစ်တစ်ပါး၏ ပုန်းခိုရာ

ထိုမှတစ်ဆင့် စီဂိရိယတောင် (Sirigira) တောင်ထိပ်၌ ကဿပမင်း (Kashyapa) လက်ထက် အေဒီ (၄၇၇-၄၉၅)၊ (၁၈)ရာစု ခေတ်က တည်ဆောက်ခဲ့သော နန်းတော်ဟောင်းရှိသို့ ဆက်သက်ထွက်ခွာခဲ့ကြရပါတယ်။ ဒါပေမဲ့ မိုးချုပ်သွားလို့ စီဂိရိယကျောက်ဆောင်ကို မတက်ခဲ့ရဘဲ တောင်ခြေဒေသာ လှည့်ပြန်ခဲ့ပြီး အနုရာဓပူရမြို့မှာဘုန်းတော်ကြီးကျောင်းမှာပဲ ပြန်လည် ညအိပ်အနားယူကြရတဲ့ ခရီးစဉ်တစ်ခုနဲ့လည်း ကိုယ်ကြုံတွေ့ခဲ့ရပါသေးရဲ့။

အဲဒါကြောင့်လည်း သီရိလင်္ကာကို နောက်တစ်ခေါက် ပြန်သွားဖြစ်ချင်တော့တယ်။

နောက်တစ်ကြိမ်အသွားမှာ သီရိလင်္ကာသံအမတ်ကြီးနဲ့သွားတွေ့ပြီး ဗီဇာအတွက် အကူအညီတောင်းတော့ သူက ကိုယ့်ပတ်စ်ပို့ကို လှန်ကြည့်ပြီး ခဏ၊ခဏသွားထားတယ်လေ။

ဘာဖြစ်လို့ ထပ်သွားတာလဲလို့မေးတော့ စီဂိရိယတောင်ကို မတက်ရသေးလို့၊လို့ ပြန်ပြောမိတော့ သူက ရယ်ပြီး အဲဒီတောင်အကြောင်း ရိုက်ကူးထားတဲ့ စီဒီချပ်လေးတောင် လက်ဆောင်ပေးလိုက်သေးရဲ့။ ကျေးဇူးတင်ရပါတယ်။

စီဂိရိယတောင်ကိုလည်း သီရိလင်္ကာခရီးမှာ ချန်

သီရိလင်္ကာ ကန်ဒီတာ ဓွယ်ဝတော်တိုက်

www.burmeseclassic.com

www.burmeseclassic.com

သိဒိုရသစ်ဘုရား ဟန်္သာမြို့ရှာ ဂွယ်တော်တိုက်အတွင်းပိုင်း

တောင်ခါးပန်းက ဂူနံရံမှာတော့ နံရံဆေးရေးပန်းချီတွေကို ယူနက်စကို က ထိန်းသိမ်းထားတာ တွေ့ရပါ တယ်။ တောင်ထိပ်ပိုင်းမရောက်ခင် မှာ ခြသေ့်အကြီးကြီးတစ်ကောင် ထိုင်နေသလို လက်သည်းချွန်ကြီး တွေနဲ့ ခြသေ့်လက်တစ်စုံ ရှိပါတယ်။ အဲဒီလက်နှစ်ဖက်ကြားမှာ နန်းတော် ခံတပ်ထဲကို ဝင်တဲ့ အပေါက်ရှိရဲ့။ ခြသေ့်(သီဟ၊ စီဟ)ကနေ အသံ ဖလှယ်ရင်း စီဂိရီယတောင်အမည် ဖြစ်လာတာပါ။ တောင်ခြေရင်းမှာ တော့ ဂျပန်က တည်ဆောက်ကူညီ ထားတဲ့ စီဂိရီယပြတိုက် ရှိပါတယ်။

ထားလို့ မရကောင်းပါဘူးလေ။ နာမည်ကျော်ပြီး ကျော် သလောက်လည်း ထူးဆန်းအဲ့သြဖွယ်ကောင်းတဲ့ စီဂိရီယ ကျောက်တောင်ကိုတော့ (၄၅)မိနစ်ကျော် တက်ရပါတယ်။ မုန့်စိမ်းပေါင်းတုံးကြီးကို တိထားသလိုရှိတဲ့ တောင်ထိပ် မှာတော့ ကဿပမင်း(Kashyapa) လက်ထက် အေဒီ (၄၇၇-၄၉၅) ငါးရာစုခေတ်က တည်ဆောက်ခဲ့တဲ့ ကျောက် သားနန်းတော်ဟောင်းကြီး ရှိပါတယ်။ နန်းတော်ဆိုပေမယ့် ပြည်သူတွေနဲ့ ကင်းကွာပြီး ကာမတဏှာနဲ့အတူ စည်းစိမ် အမျိုးမျိုး ခံစားတတ်တဲ့ ပြည်သူမချစ်သော မင်းတစ်ပါးရဲ့ ပုန်းခိုရှောင်ပြေးရာနေရာဆိုလည်း မမှားပါဘူး။

နောက်တစ်ခေါက် သီဟိုဠ် အရောက်မှာတော့ ကိုယ်ဟာ အဲဒီ တောင်ထိပ်ကို ကြောက်စရာကောင်း လောက်အောင် တလုပ်လုပ်ဖြစ်နေတဲ့ သံလွေကားတွေနဲ့ အရောက်တက်ခဲ့ ပါတယ်။ သံလွေကားတွေက ကျဉ်း မြောင်းလုပြီး ကျောက်တောင်နံရံ ကိုကပ်ပြီး ဆင်ထားတာမို့ အသည်း ယားစရာပါ။ လေတွေကလည်း အောက်ကနေ တဟူးဟူးနဲ့ ပင့်တိုက် နေလို့ ဦးထုပ်တွေ လွင့်လွင့်ထွက် သွားတတ်ရဲ့။

အလွန်ခေတ်မီပြီး လှပတဲ့ပြတိုက်တစ်ခုပါ။

ဗုဒ္ဓမြတ်စွယ်တော် ကိန်းအောင်းရာ ကန္ဒီမြို့

ကန္ဒီမြို့ကတော့ ဗုဒ္ဓမြတ်စွယ်တော် ကိန်းအောင်းရာ ကျောင်းတော်ကြီး စွယ်တော်တိုက်ရှိတဲ့အရပ်မို့ စွယ်တော် ဖူးရန်၊ စွယ်တော်လှည့်ပွဲ ကြည့်ရှုဆင်နွှဲရန် ကမ္ဘာတစ်ဝှမ်း က လူသားတွေကို ညှိုယူခဲ့တဲ့ ချစ်စရာလှပသာယာတဲ့မြို့ လေးပေါ့။ နံနက်စောစောထပြီး စွယ်တော်ဖူးရန် ဗုဒ္ဓမြတ် စွယ်တော်တိုက်သို့ သွားရောက်ကြည်ညိုပူဇော်ပြီး ကြာပန်း တွေ၊ လှူဒါန်းဖွယ်ရာတွေကို လှူဒါန်းကြရတာကလည်း



သိဒိုရသစ်ဘုရား ဟန်္သာမြို့ရှာ ဂွယ်တော်တိုက်အတွင်း

www.burmeseclassic.com

www.burmeseclassic.com

သီရိလင်္ကာ ကန့်မြို့က
ဗွယ်တော်တိုက်ဆောင်ရှိ ဗွယ်တော်ကြွတ်

အလွန်ကြည်နူးဖွယ်ကောင်းတဲ့ အလှေတစ်ခုပါ။ ဗွယ်တော်တိုက်ရဲ့ ဗိသုကာလက်ရာကလည်း သမိုင်းအမွေအနှစ်တွေကို ခင်းကျင်းပြသထားတဲ့ ပြတိုက်ကြီးတစ်ခုလိုပါပဲ။

သီရိလင်္ကာခရီးစဉ် တစ်ကြိမ်မှာတော့ ဗွယ်တော်



သီရိလင်္ကာ ကိုလံဘိုမြို့တော်က ကလျာဏီဗောဓိပင်

လှည့်ပွဲ(Kandy Perahera) ကို ကြည့်ရှုလေ့လာကြဖို့ ကမ္ဘာတစ်ဝန်းက ခရီးသည်တွေ စုပြုံရောက်ရှိနေလို့ ကန့်မြို့မှာ တည်းခိုစရာနေရာ မရတာမို့ အနီးအနားမှာရှိတဲ့ မတာလေ (Matale) မြို့လေးက တည်းခိုရာ(Guest House Matale) မှာပဲ နေရာယူခဲ့ကြရဖူးပါတယ်။ အဲဒီကမှ ကန့်မြို့ကို ညနေ(၅)နာရီလောက် အရောက်သွားကြ၊ မြန်မာဘုန်းတော်ကြီးကျောင်းကို ဝင်ရောက်ဖူးမြော်ကာ ဗွယ်တော်တိုက်ကို အပြေးအလွှား သွားခဲ့ကြရတာပါ။ ဗွယ်တော်လှည့်ပွဲက တညီးညီးတောက်လောင်နေတဲ့ အုန်းခွံမီးတုတ်တွေ၊ တအိအိ လှည့်လည်ရင်း ကနေတဲ့ ရာနဲ့ချီတဲ့ ဆင်မည်းမည်းကြီးတွေ၊ ဆင်ကြီးတွေကို ဆင်ယင်ထားတဲ့ ပိုးဖဲကတ္တီပါ အဆင်တန်ဆာတွေရဲ့ ပြိုးပြက်လင်းလက်မှုတွေ၊ စည်းချက်ညီညီ ထုနက်တီးခတ်လာတဲ့ ဆင်ဟာလီတွေရဲ့ ဗုံသံတွေ၊ တစ်မျိုးနဲ့ တစ်မျိုး မရိုးရအောင် ကပြရင်း လှည့်လည်သွားတဲ့ သီရိဒုဋ္ဌသားတွေ

သီရိဒဇာကာကန့်မြို့က ဗွယ်တော်လှည့်ပွဲ

www.burmeseclassic.com



သီရိလင်္ကာ ကိုလံဘိုမြို့တော်က ကလျာဏီသိမ်

ရဲ့ အကဆန်းတွေ အားလုံးဟာ ဘယ်တော့မှ မမေ့နိုင်လောက်တဲ့ အမှတ်တရတွေကို ပေးနေပါရဲ့။ လူတွေ သိန်းနဲ့ချီပြီး များပြားလှစွာနဲ့ ခိုက်ရန်မဖြစ်ဘဲ တစ်မြို့လုံးကို တရွှေ့ရွှေ့ လှည့်လည်ကပြသွားတာကလည်း အံ့သြစရာပါ။

ညသန်းခေါင်မှာ စွယ်တော်လှည့်ပွဲကနေ မတာလေက တည်းခိုဆောင်ကို ချမ်းချမ်းစီးစီးနဲ့ ပြန်အိပ်ခဲ့ရတာကိုလည်း မမေ့နိုင်ပါဘူး။ နောက်တစ်ခေါက် ခရီးမှာတော့ ကန္ဒီမြန်မာကျောင်းက သုံးထပ်တိုက်ကျောင်းဖြစ်နေလို့ အတော်အဆင်ပြေသွားပါတယ်။ နတ်မောက်သား ကျောင်းထိုင်ဆရာတော်လေးကလည်း သဘောကောင်းလှပါရဲ့။ အဲဒီမြန်မာကျောင်းကလည်း မြို့မှာတော့ ကမ္ဘာအမွေအနှစ်စာရင်းဝင် ကျောင်းကြီးပါ။

ကန္ဒီမြို့အရောက်မှာတော့ စွယ်တော်ဖူးရတဲ့အပြင် ကန္ဒီမြို့တောင်ပေါ်က ထိုင်တော်မူဘုရားကြီးကို ဖူးမြော်နိုင်တဲ့အပြင် ကန္ဒီမြို့ရဲ့ စိမ်းညိုညိုတောင်ကြီးတွေ၊ ကျယ်ပြန့်တဲ့ ရေကန်ကြီးတွေနဲ့ လှပရိုးရှင်းတဲ့ ရှေးဟောင်းအိမ်တွေရဲ့ အလှရှုခင်းတွေကို ငေးမောနိုင်ပါသေးတယ်။ အချိန်ရရင်တော့ ဘယဆေးပင်တွေ စုံလင်လှတဲ့ ရက္ခဗေဒဥယျာဉ်ကြီးကိုလည်း ကြည့်ရှုခံစားနိုင်ပါရဲ့။ မြန်မာ့လွတ်လပ်ရေးအတွက် ကန္ဒီစာချုပ် ချုပ်ဆိုခြင်း ပြုလုပ်ရာနေရာလည်း အဲဒီဥယျာဉ်ထဲမှာရှိပေမယ့် ကိုယ်တော့ ရောက်ခွင့်မကြုံခဲ့ပါဘူး။ ကန္ဒီမြို့ထဲက ကန္ဒီစာချုပ် ချုပ်ဆိုဖို့လာစဉ်က ဗိုလ်ချုပ်အောင်ဆန်းတည်းခိုခဲ့ရာ ဟိတယ်ကိုတော့ ယခုထက်တိုင် ဆေးအသစ်တွေ သုတ်ထားလို့ လှပတင့်တယ်စွာတွေ့ခဲ့ရပါသေးတယ်။

ထို့နောက် ကန္ဒီမြို့ကို ကျော်ဖြတ်ကာ အနည်းငယ်သွားလိုက်တာနဲ့ စာတွင်္ဂသင်္ဂီယနာတင်ရာ ကျောက်လိုဏ်ဂူ

သီရိလင်္ကာနိုင်ငံက လက်ဖက်စိုက်ခင်းများအလယ်

အာလောဟာ (Aloha) သို့လည်း ဝင်ရောက်ဖူးမြော် လေ့လာနိုင်ပါတယ်။ အဲဒီကျောက်တုံးကျောက်ဆောင်ကြီးတွေရဲ့ အရင်းမှာတော့ စတုတ္ထသင်္ဂီယနာတင်အပြီးမှာ ဗုဒ္ဓရဲ့ ပိဋကတ်တော်တွေကို ပေထက်အက္ခရာတင်တဲ့ သမိုင်းကြောင်းကို ဖော်ထုတ်ပြသတဲ့ ပြခန်းလေးရှိလို့ ဝင်ကြည့်သင့်ပါတယ်။ ပေစာတွေကို ဘယ်လိုလုပ်ယူသလဲဆိုတာကို မျက်မြင်တွေ့ရမှာပါ။ ဗုဒ္ဓသာသနာတော်ရဲ့ သမိုင်းစဉ်ကို စဉ်ဆက်မပြတ် လေ့လာလိုရင်ဖြင့် ဘုရားရှင် မိန့်ကြားသမျှကို မှတ်တမ်းတင်ကာ လက်ဆင့်ကမ်းသယ်ဆောင်လာတဲ့ သင်္ဂီယနာတင်ပွဲတွေကလည်း

www.burmeseclassic.com

www.burmeseclassic.com

သီရိလင်္ကာ ကိုလံဘို မြို့တော်က ဂဂိရာမကျောင်းမြတိုက်



သီရိလင်္ကာ ကိုလံဘို မြို့တော်က ဂဂိရာမကျောင်းမြတိုက်

ရေးပါလှပါတယ်။ လွတ်လပ်ရေးရပြီးခေတ် မြန်မာနိုင်ငံ ဆွေသင်္ဂါယနာတင်ပွဲကြီး ကျင်းပခဲ့တော့လည်း မြန်မာနဲ့ သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယားနဲ့ လာအိုနိုင်ငံ တွေက ငါးနိုင်ငံ ပူးပေါင်းပြီး လက်တွဲပါဝင်ခဲ့ကြပါသေးတယ်။

အဲဒီကနေ မဟိယင်္ဂနမြို့သို့ ဆက်လက်ထွက်ခွာနိုင်ပြီး မြောက်ဘုရား သီဟိုဠ်ကျွန်းသို့ ဆေးဦးဆုံး ကြွရောက်တော်မူရာ နေရာမှာ တည်ထားတော်မူတဲ့ မဟိယင်္ဂနစေတီတော် (Mahiyangana Chaitya) ကို သွားရောက်ဖူးမြော်နိုင်ကြပါတယ်။ အဲဒီကနေ ဆက်လက်ခရီးဆက်ရင်တော့ စိမ်းမြမြ လက်ဖက်ခြံတွေဆီ ရောက်ပါတယ်။ နာမည်ကျော်သီဟိုဠ် လက်ဖက်ခြောက် စီလုံကို ထုတ်လုပ်တဲ့ စိုက်ခင်းတွေပေါ့။ လက်ဖက်ခင်းတွေ အနီးမှာပဲ လက်ဖက်ခြောက်ဝယ်နိုင်သလို လက်ဖက်ပြုပြင်ကောင်းကောင်းလည်း သောက်သုံးရဲ့။ ထို့နောက် ခရီးဆက်လက်ထွက်ခွာခဲ့ရင်တော့ သီရိလင်္ကာကျွန်းရဲ့ ဗဟိုချက်လို့ဆိုတဲ့ ဟိန္နုဘုရားကျောင်းဟန်အတိုင်း ဆောက်လုပ်ထားတဲ့ ဘုရားကျောင်းလေး (Nalanda Gedige) ကိုလည်း ဝင်ရောက်လေ့လာနိုင်ကြရဲ့။

သီရိလင်္ကာနိုင်ငံရဲ့မြို့တော် ကိုလံဘို

သီရိလင်္ကာနိုင်ငံရဲ့မြို့တော် ကိုလံဘိုမြို့မှာတော့ ည

သီရိလင်္ကာ ကိုလံဘို မြို့တော်က ဂဂရာကိုမြစ်ထဲက ရေသိုက်

www.burmeseclassic.com

www.burmeseclassic.com



သီရိသစ္စာ ကိုလံဘိုမြို့တော်က ကလျာဏီစေတီ



သီရိသစ္စာကိုလံဘိုမြို့တော်မှာ ရောင်းချတဲ့ မျက်နှာဖုံးတစ်ခု

အိပ်ရပ်နားပြီး ကြည့်ရှုလေ့လာမှု နဲ့မှာပါ။ ပေါ်တူဂီနဲ့ အင်္ဂလိပ်တို့ရဲ့ သင်္ဘောဆိပ်မြို့အဖြစ် တည်ရှိခဲ့တဲ့ ကိုလံဘိုဟာ ခုတော့ သီရိလင်္ကာရဲ့ အကြီးဆုံးမြို့တော်ဖြစ်နေပေါ့။ ကိုလံဘိုမြို့ရဲ့ အပူချိန်ဟာ (၈၀)နဲ့ (၉၀)ဒီဂရီဖာရင်ဟိုက် အကြားရှိပြီး ကန္ဒီမြို့မှာတော့ (၇၇)ဒီဂရီဖာရင်ဟိုက်ခန့် ရှိတတ်ပါရဲ့။ ကိုလံဘိုမှာ နွေနဲ့မိုးလို့သာ ရာသီဥတုနှစ်ခု ရှိပြီး ဆောင်းရာသီမရှိပါဘူး။ သီရိလင်္ကာရဲ့ မြောက်ဘက် ပိုင်းဒေသများမှာတော့ ဆောင်းရာသီရှိပါတယ်။

ကိုလံဘိုမြို့မှာ မြတ်စွာဘုရား ဒုတိယအကြိမ် ကြွရောက်တော်မူရာ နေရာဖြစ်တဲ့ ကလျာဏီယ(Kalyani) သိမ်တော်နဲ့ စေတီကို ဖူးမြော်လေ့လာနိုင်ပါတယ်။ ကိုယ်တို့ သွားတုန်းကတော့ ကလျာဏီမြစ်ထဲမှာ ရေသိမ်တောင်ဝင်နိုင်ခဲ့ပါသေးရဲ့။ အနုလက်ရာပစ္စည်းတွေ၊ လက်မှုပစ္စည်းတွေ၊ ခွင်းတုရုပ်တုတွေ၊ ကားအဟောင်းတွေနဲ့ ရှေးဟောင်းပစ္စည်းတွေကို အများအပြားစုဆောင်းပြသထားတဲ့ ဂင်္ဂါရာမ ကျောင်းတိုက်(Gangarama Temple) မှာရှိတဲ့ ပြခန်းတွေ ကိုလည်း မမေ့မလျော့ သွားရောက်လေ့လာသင့်ပါသေးတယ်။ မကုဋ္ဌာရာမမြန်မာကျောင်းတိုက်ကလည်း ချန်ထားလို့ မရတဲ့ နေရာပေါ့။ မြန်မာပြည်က ပညာတော်သင် မြန်မာတိုင်းရင်းသား ရဟန်းငယ်လေးတွေ အများကြီးရှိရာကျောင်းမို့ ပညာဒါနလည်း သွားရောက်လှူဒါန်းသင့်ပါရဲ့။

သီရိသစ္စာ ကိုလံဘိုမြို့တော်က ကလျာဏီစေတီဘုရား

ကိုလံဘိုမြို့လယ်က ပင်လယ်ကမ်းစပ်ကို ခဏသွားရောက်ပြီး ကိုလံဘိုစူပါမတ်ကက်၊ ကုန်တိုက်တစ်ခု ဖြစ်တဲ့ (L-19A, Crescat, Colombo 3) မှာ ဈေးဝယ်ရင်း နေ့လယ်စာ စားသုံးနိုင်ကြပါတယ်။ ကိုလံဘိုမှာ ခေါစာပစ်သလို ငါးနဲ့ရက်ထား

www.burmeseclassic.com

www.burmeseclassic.com

သီရိလင်္ကာ ကိုလံဘိုမြို့တော်တွင် တွေ့မြင်ရသော ဘုရားပုံစံ

ဘဲ့ ဗန်းကလေးနဲ့ ကြာဖက်ခင်းပြီး ဆောင်းပုံကျွေးတဲ့ ထမင်းနိဿိုကို မကြာခဏ ပြန်မြင်ယောင်မိပါရဲ့။ အိမ်အပြန် လက်ဆောင်ပေးဖို့ နာမည်ကျော် စီလုံတီး (Ceylone Tea) လက်ဖက်ခြောက်တွေနဲ့ ရိုးရာလက်မှုပစ္စည်းတွေလည်း ဝယ်သွားနိုင်ပါတယ်။ ရိုးရာလက်မှုပစ္စည်းဖြစ်ပြီး အလွန်လှပတဲ့ သီရိလင်္ကာရဲ့ သရဲနှင်မျက်နှာဖုံး (Devil Mask) ကတော့ လှလွန်းပေမယ့် ကြောက်လှလို့ မဝယ်ဖြစ်ခဲ့ပါဘူး။

သီဟိုဠ်ကျွန်းဟာ ပေါ်တူဂီ၊ ဒတ်ချ်နဲ့ ဗြိတိသျှနယ်ချဲ့တို့ရဲ့ စိုးမိုးအုပ်ချုပ်မှုကို ခံခဲ့ဖူးတာမို့ သူတို့ခေတ်တွေတုန်းက လက်ဝှေ့အဆောက်အအုံတွေကိုလည်း ကိုလံဘိုမှာ တွေ့ရှိလေ့ရနိုင်ပါတယ်။ ဒါ့အပြင် ကိုလံဘိုမြို့ရှိ ဗုဒ္ဓစာပေများ၊ ဆင်းတုတော်၊ တရားစာအုပ်၊ သာသနာ့အလံ၊ ဘုရားဆောင်းဆောင်၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ဘုရားပုံတော်၊ သင်္ကန်းပရိက္ခရာ၊ စိပ်ပုတီးစတဲ့ ဗုဒ္ဓသာသနာနဲ့ဆိုင်တဲ့ လက်မှုပစ္စည်းများ၊ အမှတ်တရလက်ရာများ ထုတ်လုပ်ဖြန့်ချိရောင်းချရာ ဆိုင်ကြီးသို့လည်း သွားရောက်လေ့လာ ဝယ်ယူနိုင်ကြပါတယ်။ အတော်ကို ဗုဒ္ဓဘာသာဝင်တို့အတွက် ဖိုလေသေးမရှိ စုံလင်လှတဲ့ အဆောက်အအုံကြီးပါ။ အဲဒီဆောင်းမှာ တရားဟောခန်းမတွေ၊ ဘာသာရေးအသံသွင်းရုပ်မြင်သံကြား လွှင့်ထုတ်တာ၊ ဘာသာရေးစာပေတွေကို ဘာသာအလိုက် ပြန်ဆိုပုံနှိပ်ပေးတာ စတဲ့ဖြင့် ဝန်ဆောင်မှုတွေလည်း ရှိရဲ့။

ကလျာဏီယတက္ကသိုလ်ဟာ ကိုလံဘိုလေဆိပ်နားမှာရှိပြီး ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ သခ်ၤာ၊ ဓာတုဗေဒနဲ့ ဆေးပညာများပင် သင်ကြားကာ အဆင့်အတန်းမြင့်လှပါတယ်။ မြို့ရဲ့ ခပ်ဝေးဝေးနေရာတွေမှာလည်း ထိုတက္ကသိုလ်ကြီးရဲ့ ဌာနခွဲတွေ ရှိနေပါတယ်။ သင်ကြားပို့ချသူများမှာ ဘုန်းကြီးလူထွက် ပါမောက္ခများ၊ လူပါမောက္ခများနဲ့ ရဟန်းတော်များလည်း ပါသတဲ့။ ဒီနိုင်ငံမှာ ဆွမ်းစားချိန်ကို မွန်းလွဲ(၁)နာရီအထိ လျှော့ချထားလို့ ပညာသင်ကြားရေးကို မထိခိုက်ပါဘူး။ ကိုလံဘို တက္ကသိုလ်ဟာ ကမ္ဘာ့တက္ကသိုလ်များမှာ အဆင့်(၈)ချိတ်သတဲ့။

ထိုမှတစ်ဆင့် အချိန်ရရင်ဖြင့် ကိုလံဘိုမြို့ပြင်ကနေ ပင်လယ်ကမ်းခြေတစ်လျှောက် ကားမောင်းရင်း ဆူနာမီလှိုင်းဒဏ်သင့် နေရာတွေကို လေ့လာကြည့်ရင်း ကာလုတ္တရစေတီ (Karluttra-Makutharrama) ကိုလည်း သွားရောက်ဖူးမြော်သင့်ပါတယ်။ အဲဒီလမ်းမှာပဲ ပါတိတ်ထည်ပြုလုပ်ရာဌာနနဲ့ လက်မှုပစ္စည်းဆိုင်တွေလည်းရှိလို့ ခရီးသွားအဖွဲ့က


အနရာဓပုရမြို့ဟောင်းက ကျောက်ရုပ်နန်းစေတီ

www.burmeseclassic.com

www.burmeseclassic.com

ပို့ပေးရင်ဖြင့် အတိုင်းထက် အလွန်ပါ။

ဒါ့အပြင် သီရိလင်္ကာမှာ ကျောက်မျက်ရတနာတွေလည်း ထွက်လို့ ကိုလံဘိုမှာ ရတနာဆိုင်တွေလည်း ရှိရဲ့။ (Smithsonian Institute) မှာ ပြသထားတဲ့ ကမ္ဘာ့အကြီးဆုံး နီလာကြိုး(Logan Sapphire Brooch)ဟာ သီဟိုဠ်နီလာ(Ceylon blue sapphire) ပါ။ (၄၂၂.၉၉)ကာရက်မျှ ရှိတဲ့ နီလာကြိုးဖြစ်ပြီး စိန်အလုံး(၂၀)ရံလျက် ရင်ထိုးလုပ်ထားပါတယ်။

သီရိလင်္ကာ ကိုလံဘိုမြို့တော်တစ်ခွင်မှာ

ဗုဒ္ဓမြတ်စွာနဲ့ သီဟိုဠ်ကျွန်း (သို့မဟုတ်) စေတီအိမ်

ပါဠိဘာသာနဲ့ လင်္ကာဒီပ(Lanka Dipa-Lanka) လို့ အမည်တွင်တဲ့ ဒီကျွန်းနိုင်ငံဟာ ရာမာယဏ အိန္ဒိယကဗျာရှည်ကြီးမှာတော့ ရာဝဏ(ဒသကီရိ)' စိုးစံအုပ်ချုပ်ခဲ့ရာတိုင်းပြည်ပေါ့။ မူလက နတ်မင်းကုဝေရ စံရာဖြစ်ပြီး ရာဝဏက ရယူလိုက်တဲ့ နန်းမြို့ဟာ ကျုံးခုနစ်တန်၊ အံ့ဘနန်းဖွယ်ရာ ကျောက်နဲ့သတ္တုတို့ဖြင့်ပြီးသော တံတိုင်းတွေနဲ့ ကာရံထားတဲ့ ခံတပ်မြို့ ဖြစ်ပါသတဲ့။ ဘာပဲဖြစ်ဖြစ် သီရိလင်္ကာ(Sri Lanka) ဟာ ဗုဒ္ဓဘာသာဝင်တို့အတွက် မြင့်မြတ်တဲ့မြေမဟာ ဖြစ်ပါတယ်။ နှစ်ပေါင်း(၂၀၀၀)ကျော် သက်တမ်းရှိ ဗုဒ္ဓဘာသာလူမှုအဖွဲ့အစည်းလည်း ထိုမြေမှာ ဖြစ်တည်နေရဲ့။ သီဟိုဠ်ကျွန်းမှာ ဗုဒ္ဓဘာသာယဉ်ကျေးမှုတွေ ထွန်းကားခဲ့ကြောင်း 'စာပေမှတ်တမ်းများလည်း ရှိခဲ့ပါတယ်။

သီရိလင်္ကာနိုင်ငံလေးဟာ မဏ္ဍိမဒေသ အိန္ဒိယတိုက်ကြီးရဲ့ တောင်ဘက်စွန်း အရှေ့ခပ်ယွန်းယွန်း အိန္ဒိယသမုဒ္ဒရာအတွင်းမှာ သီးခြားရပ်တည်နေလို့ အိန္ဒိယနိုင်ငံမှ တစ်ပါး နယ်မြေဆက်စပ်နေတဲ့ အိမ်နီးနားချင်းနိုင်ငံလည်း မရှိပါဘူး။ အိန္ဒိယကျွန်းဆွယ် တောင်ဘက်စွန်းနဲ့ (၅၅)မိုင် ကျယ်တဲ့ ပါ့ခ်ရေလက်ကြား(Park Strait) က ပိုင်းခြားထား ပြီး မန်းနား(Mannar) ပင်လယ်ကွေ့၊ ပါ့ခ်ရေလက်ကြားနဲ့ အိန္ဒိယပြည်မကြီးဟာ မိုင်(၂၀)သာ ကွာခြားပါရဲ့။ သဘာဝ အလှအပများဖြင့် ပြည့်ဝနေပြီး တောရိုင်းတိရစ္ဆာန်တွေ၊ ဆင်ကြီး တွေ၊ ကျားသစ်တွေ ပေါတဲ့ တော တောင်ရေမြေ၊ အေးမြတဲ့ စိမ့်စမ် ရေတံခွန်များ၊ မြစ်များနဲ့ နှစ်ပေါင်း (၂၅၀၀)ကျော်တိုင် မပျက်စီးသေးတဲ့ ရှေးဟောင်းမြို့ပြ ယဉ်ကျေးမှုနဲ့ ကြွယ်ဝသော အမွေအနှစ်များ စတဲ့ ရတနာတွေ စုနေတဲ့ တိုင်းပြည်ပါ။

သီရိလင်္ကာ ကိုလံဘိုမြို့တော်က ဗုဒ္ဓဓာတေဓာတုဘုရားကြီး

ဒေသပုံပြင်တွေမှာ ဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ်ပင် သီဟိုဠ်ကျွန်းသို့ သုံးကြိမ်သုံးခါ ကြွရောက်တော်မူခဲ့ကြပြီး တတိယ

www.burmeseclassic.com

သီဟိုဠ် အနုရာဓပုရမြို့ဟောင်းက ထုပါးရာမဓစေတီ

ထားတာ များပါတယ်။ မြန်မာပြည်မှာတော့ ဘူမိဖသမုဒ္ဒြာလို့ခေါ်တဲ့ မြေကို လက်နဲ့ထိပြီး သစ္စာပြုနေဟန်တွေကို ထုလုပ်ကိုးကွယ်ကြတာပါ။ မြတ်စွာဘုရား၏ သရီရဓာတ်တော်၊ မွေတော်တို့ စံပယ်ရာ စေတီပုထိုးတွေ ပေါများတဲ့အရပ်ဖြစ်လို့ သီဟိုဠ်ကျွန်းဟာ စေတီအိမ်နဲ့ပင် တူနေလေရဲ့။ သို့ပေမယ့် တစ်ခုသတိပြုရမှာက သီရိလင်္ကာမှာ စေတီအားလုံးဟာ အကြီး၊ အသေးနဲ့ တည်နေရာကွာတာကလွဲလို့ တစ်ပုံစံတည်းဖြစ်ပြီး စေတီတော်အားလုံးကိုလည်း ပကာသနမဖက်ဘဲ အဖြူရောင်သင်္ကန်းသာ ကပ်လှူထားတယ် ဆိုတာပါပဲ။ ပြီးတော့ ဘယ်အလှူရှင်ရဲ့ ကမ္ဘည်းဆိုင်းဘုတ်ကိုမှ ဂုဏ်လုပ်ပြီး တင်မထားပါဘူး။

ဂေါတမဘုရားရှင် ကိုယ်တော်တိုင်ကလည်း မလွှာမင်းတို့ရဲ့ ကုသိနာရုံအင်ကြင်းရုံမှာ ပရိနိဗ္ဗာန်စံဝင်တော်မူခါနီး အနာမှာ ခစားနေတဲ့ သိကြားမင်းကို 'ငါ၏ သာသနာတော်သည် လင်္ကာကျွန်း၌ ထွန်းရစ်လိမ့်မည်'လို့ မိန့်မှာတော်မူခဲ့ဖူးတယ်လို့ ဆိုပါတယ်။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးနောက်မှာတော့ ပါဋလိပုတ်(ပတ္တနား)မြို့မှာ နန်းစံတဲ့ အသောကမင်းကြီးရဲ့သားတော် အရှင်မဟိန္ဒဟာ သီရိလင်္ကာကျွန်းကို ရောက်ရှိလာပြီး ဗုဒ္ဓသာသနာထွန်းကားလာ

သီရိလင်္ကာ ကိုလံဘိုမြို့တော်တစ်ဝှမ်းမှာ

အခေါက်တွင် ခုနစ်ဌာနတို့၌ နိရောဓသမာပတ်ကို ဝင်စားတော်မူခဲ့ပြီး တစ်ကြိမ်မှာတော့ သီရိပါဒ (Sri Pada) တောင်ထိပ်မှာ ခြေတော်ရာကို ချထားပေးခဲ့တယ်လို့ ဆိုကြတယ်။ ဟောဝံသကျမ်းမှာတော့ ဗုဒ္ဓ ပထမအကြိမ် သီရိလင်္ကာသို့ ကြွချီတော်မူပုံနဲ့ ဓာတ်တော်များကို ဌာပနာလျက် တည်ခဲ့တဲ့ စေတီများအကြောင်း ရေးသားဖော်ပြထားတယ်။ အဋ္ဌကထာကျမ်းတွေကလည်း သီဟိုဠ်သာသနာကို အထူးဖော်ပြနှုတ်တမ်းတင်ခဲ့ကြတယ်။

သို့ဖြစ်ရာ သီရိလင်္ကာကျွန်းသား ဗုဒ္ဓဘာသာဝင်များက သူတို့ရဲ့ ဗုဒ္ဓသာသနာတော်ဟာ ဘုရားရှင်ရှိစဉ်ကပင် ပြန့်ကားစည်ပင်ခဲ့တယ်လို့ ခံယူထားကြပါတယ်။ ခုခါမှာ သီရိလင်္ကာနိုင်ငံအား ထေရဝါဒဗုဒ္ဓဘာသာရဲ့ ဦးဆောင်နိုင်ငံတစ်ခု ဖြစ်နေရဲ့။ သီရိလင်္ကာကျွန်းမှာ ကမ္ဘာ့အကြီးဆုံး စေတီတော်ကြီးများလည်း ရှိနေပါတယ်။ အရှေ့တိုက်ရဲ့ အလှပဆုံး ကျောက်ဆစ်လက်ရာ မတ်ရပ်ဆင်းတုတော်ကြီးလို့ ထင်ရှားတဲ့ အော့ကနား (Avukana) ရုပ်ပွားတော်လည်း ရှိနေသေးပါ။ သီဟိုဠ်က ဆင်းတုတော်တွေအား သမာဓိမုဒ္ဒြာလို့ခေါ်တဲ့ စျာန်သမာဓိတ် ဝင်စားဟန်တွေနဲ့ ထုလုပ်

www.burmeseclassic.com

www.burmeseclassic.com

သီဟိုဠ် အနုရာဓပုရမြို့ဟောင်းက မဟာစေတီတော်ကြီး

စေရန် ဆောင်ရွက်ပေးခဲ့ပြန်ပါတယ်။

အိန္ဒိယနိုင်ငံမှာ သန္ဓေတည်မွေးဖွားခဲ့တဲ့ ထေရဝါဒ ဗုဒ္ဓသာသနာတော်ဟာ သီရိလင်္ကာနိုင်ငံမှာ ဆက်လက်ကြီးပြင်းခဲ့ရတယ်။ သီရိလင်္ကာက ဗုဒ္ဓဘာသာကို ပုခက်သဖွယ် လက်ခံကာ မွေးမြူစောင့်ရှောက်ပေးခဲ့တယ်လို့ တင်စားကြရဲ့။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးတဲ့ နောက်ပိုင်းမှာတော့ သီဟိုဠ်သာသနာဟာ ဦးစွာထွန်းတောက်လာခဲ့တယ်။ ဒီကျွန်းမှာ ပရိယတ္တိ၊ ပဋိပတ္တိနဲ့ ပဋိဝေဒ သာသနာတော် သုံးရပ်လုံး အလွန်စည်ပင် ထွန်းကားပြီး သောတာပန်၊ သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာ အရိယာပုဂ္ဂိုလ် အများအပြားလည်း ပေါ်ထွန်းခဲ့လို့ ပုထုဇဉ်လို့ လက်ညှိုးထိုးပြ

သီဟိုဠ် အနုရာဓပုရမြို့ဟောင်းက ရေတံသီးတစ်ဘောင့်စေတီ

ရမယ့်လူတောင် ခပ်ရှားရှားပါတဲ့။ အဝန်းယူဇနာ(၃၀၀)ရှိတဲ့ ကျွန်းမြေပြင်ပေါ်က လမ်းကြီး၊လမ်းငယ်၊ မြို့ကြီး၊မြို့ငယ်၊ အိမ်၊ ဈေး၊ ရွာတွင်း၊ ရွာပြင်၊ ထွက်၊ဝင်တံခါး၊ တောဖျားတောင်စောင်း၊ ချောင်း၊ မြောင်း၊ ဂူ၊ လိုဏ်၊ ဇရပ်၊ ကျောင်း၊ ပြဿာဒ်စောင်းတန်း ဟူသမျှမှာ မဂ်ဖိုလ် မရဖူးတဲ့ နေရာဆိုလို့ နွားကျောင်းသားတုတ်ကန် တစ်ထောက်စာမျှ မရှိလို့ပင် တင်စားကြရဲ့။

ဗုဒ္ဓဘာသာသမိုင်းမှာ သာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် သီရိလင်္ကာ၊ ဂျာဗား(Java) နဲ့ ဂျပန်စတဲ့ ကျွန်းသုံးကျွန်းဟာ အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါတယ်။ အဲဒီထဲကမှ သီရိလင်္ကာဟာ ဗုဒ္ဓဘာသာ ဖွံ့ဖြိုးစည်ပင်မှုနဲ့ အရှေ့တောင်အာရှတစ်ခွင် စဉ်ဆက်မပြတ် ပုံနှံ့ထွန်းကားရေးမှာ ပြိုင်ဘက်မရှိ ထူးခြားပေါ်လွင်နေခဲ့ပါတယ်။ သီဟိုဠ်ကျွန်းမှ ထွန်းကားပြန့်ပွားခဲ့တဲ့ ဗုဒ္ဓသာသနာကို တောင်ပိုင်း ဗုဒ္ဓဘာသာ(the Southern Buddhism) လို့ ခေါ်ကြပြီး အဲဒီမှာ သီးခြားကိုယ်ပိုင်ဗုဒ္ဓဘာသာ အနုပညာလက်ရာ(own Buddhist Art) များလည်း ရှိနေရဲ့။ သီဟိုဠ်ကျမ်းများပေါ်မူတည်ရေးဆွဲထားတဲ့ နံရံဆေးရေး ဇာတ်နိပါတ်တော်များဟာလည်း ပုဂံကို (၁၁)ရာစုခေတ် တတိယပိုင်း အေဒီ(၁၀၈၀)ခုနှစ်မှာ ရောက်ရှိထွန်းကားခဲ့ပါတယ်။ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနဲ့ လာအိုဆိုတဲ့ (၄)နိုင်ငံမှာ ယခုအခါ ထေရဝါဒဗုဒ္ဓဘာသာထွန်းကားနေခြင်းမှာ သီဟိုဠ်ရဲ့ ကျေးဇူးမကင်းပါဘူး။

သီဟိုဠ်ကျွန်းသမိုင်းဖြစ်တဲ့ ဒီပဝံသ(Dipavamsa) နဲ့ သီဟိုဠ်နန်းစဉ် မှတ်တမ်း မဟာဝံသ(Mahavamsa) ကျမ်းတွေမှာတော့ ဗုဒ္ဓသာသနာဟာ ဒီကျွန်းကို ခရစ်ကြိုနှစ် (၃)ရာ့ဒေဝါနုံပိယတိဿမင်း(ဘီစီ ၄၄၇-၂၀၇) စိုးစံစဉ်ကာလမှစပြီး ရောက်

www.burmeseclassic.com

www.burmeseclassic.com

သီဟိုဠ် အနုရာဓပုရမြို့ဟောင်းက ဇေတဝနစေတီတော်ကြီး

အနုရာဓပုရမြို့ဟောင်းက ကုဏ္ဍဉ္ဉမုနိစေတီမြို့တိုက်ရှိ ရုပ်ဆူးများရပ်တုများ

ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ ထိုမင်းလက်ထက်မှစပြီး သာသနာတော်ဟာ သီဟိုဠ်ကျွန်းမှာ အုတ်မြစ်ချ အမြစ်တွယ်ခဲ့တယ်။ အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသမှ မောရိယမင်းဆက်ရဲ့ တန်ခိုးအကြီးဆုံး၊ ကျော်ကြားထင်ရှားဆုံးဖြစ်တဲ့ သီရိဓမ္မာသောကမင်းကြီးဟာ သားတော် ရှင်မဟိန္ဒကို သီဟိုဠ်ကျွန်းသို့ စေလွှတ်ကာ သနားပြုစေခဲ့ကာ ဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာရှိ ဗောဓိပင်မှ လက်ယာကိုင်းကိုလည်း ယူဆောင်ပြီး စိုက်ပျိုးစေခဲ့ပါတယ်။ အဲဒီအချိန်မှာ အနုရာဓပူရဟာ သီဟိုဠ်ရဲ့ မြို့တော်ပါ။

ဒေဝါနံပိယတိဿမင်းနောက် ဗုဒ္ဓသာသနာတော်ကို ထူးထူးခြားခြားမြှောက်ခဲ့တဲ့ မင်းကတော့ ဒုဋ္ဌဂါမဏိမင်း(ဘီစီ ၁၀၁-၇၇)ပါ။ သူလက်ထက်မှာ အိန္ဒိယတောင်ပိုင်း အမရာဝတီမှ အန္ဒြေခေတ်နောင်း ဗုဒ္ဓဘာသာယဉ်ကျေးမှု အနုပညာ ပစ္စည်းများလည်း သီဟိုဠ်ကို ရောက်ရှိလာခဲ့ပါတယ်။

အဲဒီလို ဗုဒ္ဓဘာသာဝင်တို့ရဲ့ ဘာသာရေးသမိုင်းမှာ ထင်ရှားအရေးပါလှတဲ့ သီရိလင်္ကာကျွန်းနိုင်ငံကို ပြင်းပြထက်သန်တဲ့ သဒ္ဓါစိတ်၊ ကြည်ညိုလေ့လာလိုသော အားထုတ်မှုများနဲ့ ကိုယ်က နှစ်ကြိမ်တိုင်တိုင် ရောက်ခဲ့ရတယ်။ သီရိလင်္ကာရဲ့ သမိုင်းဝင်မြို့ဟောင်းတွေ၊ တန်ခိုးကြီးဘုရားတွေ၊ ထင်ရှားကျော်ကြားတဲ့ စိတ်ဝင်စားစရာနေရာတွေကို ရောက်ရှိလေ့လာ ဖူးမြော်ခဲ့ရတယ်။ ရက်သတ္တတစ်ပတ်မျှ အချိန်လေးနဲ့ သီဟိုဠ်ကျွန်းကို ထဲထဲဝင်ဝင် သိရှိနားလည်နိုင်ဖို့ကတော့ လုံလောက်မှုမရှိပါဘူး။ ဒါပေမဲ့ ရသမျှအခွင့်အရေးနဲ့ ထိတွေ့ခံစားကြည့်နိုင်ဖို့၊ သိသင့်တာတွေသိဖို့၊ သီရိလင်္ကာ အလွမ်းပြေအဖြစ် လမ်းညွှန်ရေးသားပေးလိုက်ရပါတယ်။

ကိုယ့်အနေနဲ့လည်း အခွင့်သင့်ပြီး အခါကြုံရင်ဖြင့် လင်္ကာဒီပကျွန်းညိုမြကို နောက်တစ်ခေါက်တော့ သွားရောက်ချင်ပါသေးရဲ့။ အဲဒီအခါမှာ အရင်လို ကားလမ်းခရီးနဲ့သာမဟုတ်ဘဲ မီးရထားနဲ့လည်း ခရီးသွားကြည့်ချင်ပါသေးတယ်။ သီရိလင်္ကာက ရထားလမ်းတွေဟာ ကိုယ့်တို့မြန်မာ့မီးရထားလမ်းတွေထက် ပိုမိုဖြောင့်ကျယ်တာကိုလည်း တွေ့ခဲ့ဖူးတယ်လေ။ ကိုယ် မကြာခဏ အိပ်မက်,မက်ခဲ့ရတဲ့ သီရိပါလတောင်တော်မြတ်ကိုလည်း ရထားနဲ့သွားရင် တောင်ခြေအထိ ရောက်တယ်လို့ သိထားပါတယ်။ ကျောပိုးအိတ် ကမ္ဘာလှည့်ခရီးသည်တွေလို တောင်ခြေဘူတာလေးအထိ ရထားစီးသွားပြီး ညဘက်မှာ မီးတုတ်တွေကိုင်လို့ သီရိပါလတောင်ထိပ်ဆီကို သံလမ်းလက်ရန်းတွေ ဆွဲကိုင်ရင်း တက်ခွင့်ရမယ်ဆိုရင်ဖြင့်..။

ကိုယ်ကတော့ ခေတ်ဟောင်းအဆိုတော်ကြီး မအေးမြရဲ့ တောင်ခြေခေါ်မယ် သီချင်းကို ဆိုနေရဦးမယ်ထင်ရဲ့

ကိုအေားမြင့်(မဟာဝိဇ္ဇာ ရှေး-သု)

www.burmeseclassic.com

ဓမ္မယောသက အရှင်ဩဘာသ ကျောင်းလှူအကျိုး ထူးတန်ခိုး

အရှင်မဟာမောဂ္ဂလာန်မထေရ်သည် တာဝတိံသာနတ်ပြည်သို့ ဒေသစာရီကြွတော်မူလာခဲ့၏။ ဒေသစာရီကြွတော်မူလာခြင်း၏ အကြောင်းရင်းတိုင်း တာဝတိံသာ နတ်သား၊ နတ်သမီးတို့ စည်းစိမ်ဥစ္စာ ခံစားနေပုံတို့ကိုကြည့်၏။ အရှင်မဟာမောဂ္ဂလာန်မထေရ်သည် ဤသို့ နတ်တို့ ခံစားနေသော စည်းစိမ်ဥစ္စာတို့ကို ကြည့်ခြင်းမှာ တပ်မက်သောစိတ်၊ လိုချင်သောစိတ် ရှိ၍မဟုတ်၊ အာသဝကုန်ခန်းပြီးသော ရဟန္တာများ၏စိတ်သည် ပုလဲလုံး၊ နှင်းခဲများကဲ့သို့ ဖြူစင်လှ၏။ အကုသိုလ်အညစ်အကြေးသည် စိုးစဉ်မျှမရှိ။ လိုချင်ခြင်း၊ တပ်မက်ခြင်းသည် လောဘဖြစ်၏။ လောဘသည် အကုသိုလ်အကြီးစားဖြစ်၏။ အကုသိုလ်အညစ်အကြေး စိုးစဉ်မျှ မရှိတော့သော အရှင်မဟာမောဂ္ဂလာန်မထေရ်သည် အကျိုးကိုကြည့်ပြီး အကြောင်းကို မေးလို၍ ဖြစ်၏။

နတ်ဖြစ်ခြင်း၊ နတ်စည်းစိမ်ကို ခံစားရခြင်းတို့သည် အကျိုးဖြစ်၏။ အကျိုးသည် အကြောင်းနှင့် မကင်း။ နတ်သား၊ နတ်သမီးများဆီက အကြောင်းကိုမေးပြီး မြတ်စွာဘုရားအား ကြားလျှောက်၏။ လူများစွာအား ဟောပြ၏။

www.burmeseclassic.com

www.burmeseclassic.com

အရှင်မဟာမောဂ္ဂလာန်မထေရ်သည် တန်ခိုးအရာ၌ မြတ်စွာဘုရားပြီးလျှင် အကြီးဆုံးဖြစ်၏။ နတ်စည်းစိမ်ကို ခံစားနေကြသော နတ်သား,နတ်သမီးတို့၏ အတိတ်ကို ဖြေလှန်ကြည့်နိုင်သော စွမ်းရည်သည် အရှင်မောဂ္ဂလာန်မထေရ်တွင် ရှိ၏။ မမေးဘဲ တန်ခိုးဖြင့်ကြည့်လျှင်လည်း မေးကြည့်လေ့ရှိသည်မှာ ကာယကံရှင်တို့၏ နှုတ်ချက်စကားကို လိုချင်၍ဖြစ်၏။

အရှင်မောဂ္ဂလာန်မထေရ်သည် ဒေသစာရီကြွလာသော ဥတ်ကြိမ်၌ နတ်စည်းစိမ်ကို ပြည့်ဝစွာခံစားနေရသော နတ်သမီးတစ်ယောက်ကို တွေ့၏။ နတ်သမီး၏ ရတနာပြာသာဒ်ဆောင်သည် ကြီးကျယ်ခမ်းနား၏။ ပြာသာဒ်ဆောင် အလယ်၌ ကြီးကျယ်လှစွာသော ဆီမီးတန်ဆောင်တစ်ခု ရှိ၏။ ဆီမီးတန်ဆောင်ကို ရွှေအတိဖြင့် ပြုလုပ်ထား၏။ ဆီမီးတန်ဆောင်၌ အမြဲတမ်းထွန်းလင်းတောက်ပြောင်နေ၏။ ဘယ်သူမှ ထွန်းညှိပေးစရာမလို။ ပြာသာဒ်တွင် နတ်သမီးတို့လည်း များစွာရှိ၏။ အမြဲတမ်း ပျော်ရွှင်ကြသော နတ်သမီးတို့၏ ညှင်သာသော တေးသံနှင့် ခြိုးခြံသောင်းသာယာ သီချင်းသံတို့သည်လည်း ကြားရသူတို့၏ ဇွဲမိုးအေးစေ၏။

နတ်သမီး၏ ပြာသာဒ်ဆောင်သည် ဥယျာဉ်အလယ်၌ တည်ဆောက်နေခြင်းဖြစ်၏။ ပြာသာဒ်ဆောင်အား သရက်ပင်များစွာ ဝန်းရံထား၏။ ပြာသာဒ်၏ မည်သည့်နေရာက ကြည့်လိုက်,ကြည့်လိုက် စိမ်းစိုလန်းဆန်းနေသော သရက်ပင်များကို တွေ့ရ၏။ သရက်ပင်တိုင်း၌ နတ်ဝတ် ထဘီ၊ ပဝါ စသောအဝတ်အထည်များ ရှိ၏။ သရက်သီးကို ဆေးဆာဆာသီးလျက် ရှိ၏။ ကြည်နူးစရာကောင်းသော နတ်စည်းစိမ်တို့သည် နတ်သမီးပတ်ပတ်လည်၌ ဝန်းရံလျက် ရှိ၏။

အရှင်မဟာမောဂ္ဂလာန်မထေရ်သည် နတ်သမီး၏ အကြောင်းကို ကောင်းစွာသိ၏။ အဘယ်သို့သော အကြောင်းမှုကြောင့် ဤကဲ့သို့အကျိုးတရားကို ရရှိနေသလဲ ဟူသော မေးခွန်း၏အဖြေကို အရှင်မဟာမောဂ္ဂလာန်မထေရ်သည် ကောင်းစွာသိ၏။ သို့သော် အရှင်မဟာမောဂ္ဂလာန်မထေရ်သည် နတ်သမီး၏ နှုတ်ထွက်စကားကို အလိုရှိသည်နှင့် နတ်သမီးရှိရာ ပြာသာဒ်သို့ ကြွတော်မူလာခဲ့၏။

အရှင်မဟာမောဂ္ဂလာန်မထေရ် ကြွတော်မူလာသည်ကို မြင်သည်နှင့် ညှင်သာသော တေးသံတို့သည် တိတ်ဆိတ်သွား၏။ ငြိမ့်ညောင်းသာယာသော သီချင်းသံတို့သည် တိတ်ဆိတ်သွား၏။ ပျော်ရွှင်မှုအလုံးစုံကို ရပ်ဆိုင်းလိုက်ကြ၏။ နတ်သမီးသည် အရှင်မဟာမောဂ္ဂလာန်မထေရ်အား လာရောက်ရှိခိုး၏။ အရှင်မဟာမောဂ္ဂလာန်မထေရ်သည် နတ်သမီး၏ စည်းစိမ်ဥစ္စာတို့ကို ချီးကျူးပြောဆို၏။

"နတ်သမီး..သင်နတ်သမီး၏ ဝှင်းဝင်းတောက်ပြောင်တဲ့ အရောင်အဆင်းဟာ ဘယ်ကောင်းမှုကြောင့် ပြည့်စုံရပါသလဲ။ ဘယ်ကောင်းမှုကြောင့် ဒီတာဝတိံသာနတ်ပြည်မှာ နတ်သမီးဖြစ်ရတာလဲ၊ သင်နတ်သမီး၏ စည်းစိမ်ဥစ္စာတွေဟာ စိတ်နှလုံးနှစ်သက်ဖွယ် ဖြစ်ရတာလဲ။

တန်ခိုးကြီးတဲ့နတ်သမီး..အံ့သြလောက်အောင် အကျိုးတရား ခံစားနေရခြင်း၏ အကြောင်းစုံကို ငါမေးပါတယ်။ လူဘဝမှာဖြစ်ခဲ့စဉ် ဘယ်ကောင်းမှုကုသိုလ်ကို ဝမ်းမြောက်စွာ ပြုလုပ်ခဲ့ပါသလဲ။ ဘယ်ကောင်းမှုကုသိုလ်ထူးကြောင့် သင်နတ်သမီး၏ အရောင်အဆင်းဟာ ဝင်းဝင်းတောက်ပြောင်နေရတာလဲ။ အရပ်ဆယ်မျက်နှာသို့ ထွန်းလင်းနေရတာလဲ"

"အရှင်မဟာမောဂ္ဂလာန်မထေရ်ဘုရား.. တပည့်တော်ဟာ လူ့ပြည်မှာ လူဖြစ်ခဲ့စဉ်က သံဃာတော်များအတွက် သရက်ပင်တွေနဲ့ ဝန်းရံထားတဲ့ နေရာကျောင်းကို ဆောက်လုပ်စေခဲ့ဖူးပါတယ်ဘုရား"

ဤသို့ စသည်ဖြင့် နတ်သမီးသည် အရှင်မောဂ္ဂလာန်မထေရ်၏အမေးကို ဖြေကြားလို၍ သူ့ဘဝဖြစ်စဉ်ကို ပြောပြလေ၏။

နတ်သမီးသည် သာဝတ္ထိပြည်တွင် အမျိုးသမီးတစ်ယောက် ဖြစ်ခဲ့၏။ ဗုဒ္ဓဘာသာများသော သာဝတ္ထိပြည်တွင် အမျိုးသမီးသည်လည်း ဗုဒ္ဓဘာသာတစ်ယောက် ဖြစ်၏။ ဘုရား၊ တရား မြတ်၏။ အခါအားလျော်စွာ အလှူဒါနများ ပြုလုပ်တတ်၏။ အခါအားလျော်စွာ ဥပုသ်သီလ ဆောက်တည်တတ်၏။ အခါအားလျော်စွာ ဘာဝနာကမ္မဋ္ဌာန်း ပွားများတတ်၏။ အခါအားလျော်စွာ တရားနာသွားတတ်၏။

အမျိုးသမီးသည် တရားဟောပုဂ္ဂိုလ်ရှိ၍ တရားနာသွားခဲ့၏။ ထိုနေ့က တရားဟောပုဂ္ဂိုလ်သည် ကျောင်းလှူဒါန်းခြင်းဒါနစသော အကျိုးတရားများကို ဟောကြားခဲ့၏။ တရားဟောပုဂ္ဂိုလ်၏ စကားလုံးတိုင်းသည် အမျိုးသမီး၏ နားထဲ၌ စွဲကျန်ရစ်ခဲ့၏။ အမျိုးသမီးသည် ကျောင်းလှူဒါန်းခြင်း ဒါနအား စိတ်ဝင်စားလျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

ဒါနသည် လောဘအား ပယ်သတ်ခြင်းတစ်နည်းဖြစ်၏။ ဒါနများများပြုနိုင်လာလေလေ လောဘကို သတ်နိုင်လာလေဖြစ်၏။ လောဘကို တဏှာအဖြစ် ပြောင်းယူသော အခါ တဏှာသည် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဟု သုံးမျိုးရှိလာ၏။ ကာမဂုဏ်၌ တပ်မက်တတ်သောတဏှာသည် ကာမတဏှာဖြစ်၏။ ပစ္စည်းဥစ္စာသည် ကာမဂုဏ်အာရုံဖြစ်၏။ ကာမတဏှာဖြစ်၏။ ပိုင်ဆိုင်ထားသော ပစ္စည်းဥစ္စာကို ပေးကမ်းစွန့်ကြဲနေခြင်းသည် ကာမတဏှာကို ပယ်သတ်နေခြင်းဖြစ်၏။ ကာမတဏှာသေလျှင် ဘဝတဏှာကို ပယ်သတ်ရသည်မှာလည်း လွယ်ကူသွားပြီဖြစ်၏။ ဝိဘဝတဏှာကို ပယ်သတ်ရသည်မှာလည်း လွယ်ကူသွားပြီဖြစ်၏။

ပုထုဇဉ်သဘာဝသည် လောဘနှင့် နှစ်ပါးသွားရသည်ကို ပျော်မွေ့တတ်၏။ လောဘနှင့် ဆန့်ကျင်သည်ကို ညည်းတွားတတ်၏။ သံသရာမှ လွတ်ကင်းလိုလျှင် လောဘကို ဆန့်ကျင်ရမည် ဖြစ်၏။

အမျိုးသမီးသည် ရင်ထဲ၌ ဖက်တွယ်ကပ်နေသော လောဘကို တဒင်္ဂ ဝေးဝေးသို့လွှင့်ပစ်လိုက်၏။ စိတ်ဝင်စားနေသော ကျောင်းလှူခြင်းဒါနကို ရင်ထဲ၌ စွဲမြဲစေ၏။ လှူဒါန်းလိုသောစိတ်သည် ပြင်းပြလာခဲ့၏။ စိတ်ဆောင်သည့်နောက် ကောက်ကောက်ပါအောင် လိုက်နေရသော ခန္ဓာကိုယ်သည် ဇေတဝန်ကျောင်းရှိရာသို့ ခြေဦးလှည့်တော့၏။ အမျိုးသမီးသည် ဇေတဝန်ကျောင်းသို့ ရောက်သွား၏။

ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားကို ရိုသေစွာရှိခိုး၏။ အပြစ်ခြောက်ပါးလွတ်သော နေရာ၌ ထိုင်၏။ မြတ်စွာဘုရားနှင့် သာရဏီယစကား ပြောဆို၏။

'မြတ်စွာဘုရား..ဘုရားတပည့်တော်မ ကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းလိုပါတယ်ဘုရား။ ဘုရား တပည့်တော်မကို နေရာညွှန်ပြတော်မူပါဘုး'

မြတ်စွာဘုရားသည် အမျိုးသမီး ကျောင်းလှူလိုသော ဆန္ဒကို လက်ခံတော်မူ၏။ ကျောင်းဆောက်မည့်နေရာအား ရဟန်းများကို ညွှန်ပြခိုင်း၏။ ရဟန်းများသည် ဇေတဝန် ဥယျာဉ်ထဲ၌ပင် နေရာကို ညွှန်ပြကြ၏။ ရဟန်းများညွှန်ပြသောနေရာ၌ အမျိုးသမီးသည် ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်၏။ ကျောင်း၏ပတ်ပတ်လည်တွင် သရက်ပင်များစိုက်ပျိုး၏။ ပုလဲရောင်အဆင်းရှိသော သဲဖြူတို့ကို ခင်း ပေး၏။ ကျောင်းဆောက်လုပ်ပြီးသည့်အခါ၌ ကျောင်းပတ်ပတ်လည်တွင် စိုက်ပျိုးထားသော သရက်ပင်တို့သည်လည်း အရွက်စိမ်းများဖြင့် စိမ်းစိုနေ၏။ ခင်းထားသော သဲဖြူတို့သည်လည်း မြေပြင်နှင့် တစ်သားတည်းဖြစ်နေပြီဖြစ်၏။ ကျောင်းပတ်ပတ်လည် မြေပြင်သည် ဖြူဖွေးသန့်စင်နေ၏။

အမျိုးသမီးသည် ကျောင်းအား ရောင်စုံပိတ်စများဖြင့် အလှဆင်၏။ ပန်းဆိုင်း၊ ပန်းနှံသာ စသည်တို့ဖြင့် အလှဆင်၏။ ကျောင်းတွင်း,ကျောင်းပြင် ပတ်ပတ်လည်၌ ဆီမီးထွန်း၏။ ကျောင်းပတ်ပတ်လည်တွင်ရှိသော သရက်ပင်တို့ကိုလည်း ရောင်စုံပိတ်စသစ်များဖြင့် ရစ်ပတ်၏။ ကျောင်းနှင့်တကွ ကျောင်းပတ်ပတ်လည်တို့သည် မြင်ရသူများ ငေးမောလောက်အောင် လှပ၏။ ရောင်စုံခြယ်သထားသော ပန်းခိုကားကဲ့သို့ တင့်တယ်၏။ အမျိုးသမီးသည် အားရအောင် အလှဆင်ပြီးမှ သံဃာတော်အား အပ်နှင်းလှူဒါန်း၏။ ဆွေးစက်ချ သာဓုခေါ်၏။

'အရှင်မောဂ္ဂလာန် မထေရ်မြတ်ဘုရား.. ထိုသရက်ဥယျာဉ်ကျောင်းကို လှူဒါန်းခဲ့ဖူးတဲ့ ကုသိုလ်ထူးကြောင့် တပည့်တော်မဟာ ပျော်မွေ့စရာကောင်းတဲ့ သရက်ဥယျာဉ်ကို ပိုင်ဆိုင်ရခြင်း ဖြစ်ပါတယ်ဘုရား။ သရက်ဥယျာဉ်ကျောင်းကို လှူဒါန်းခဲ့ဖူးတဲ့ ကုသိုလ်ထူးကြောင့် တပည့်တော်မဟာ ဥယျာဉ်အလယ်မှာ ကြီးကျယ်လှတဲ့ ရတနာပြာသာဒ်ဆောင်နဲ့ တူရိယာမျိုးစုံ တီးမှုတ်လျက် နတ်သမီးများစွာတို့သီဆိုတဲ့ သီချင်းသံသာ ရှိနေခြင်း ဖြစ်ပါတယ်

www.burmeseclassic.com

ဘုရား'

သရက်ဥယျာဉ်ကျောင်း လှူဒါန်းခဲ့တဲ့ ကုသိုလ်ထူးကြောင့် ဒီရတနာနန်းဘုံမှာ ရွှေနဲ့ပြုလုပ်ထားတဲ့ ကြီးကျယ်လှတဲ့ ဆီမီးတန်ဆောင်ရှိနေခြင်း ဖြစ်ပါတယ်။ ဆီမီးတန်ဆောင်ဟာ အမြဲတမ်း ထွန်းလင်းနေပါတယ်။ နတ်ဝတ်ထဘီ၊ အင်္ကျီ စတဲ့ အဝတ်အစားတွေ၊ သရက်သီးတွေ၊ ပဒေသာနတ်သရက်ပင်တွေဟာ ရတနာပြာသာဒ်ဆောင်ရဲ့ ပတ်ပတ်လည်မှာ ဝန်းရံနေခြင်း ဖြစ်ပါတယ်ဘုရား'

နတ်သမီးသည် ကျောင်းလှူဒါန်းခဲ့၍ ရတနာပြာသာဒ်ဆောင်ကို ရရှိခြင်းဖြစ်၏။ ကျောင်းပတ်ပတ်လည်တွင် ဆီမီးများ ထွန်းခဲ့၍ ရတနာပြာသာဒ်ဆောင်ထဲတွင် ရွှေဖြင့်ပြီးသော ဆီမီးတန်ဆောင်ကို ရရှိခြင်းဖြစ်၏။ ကျောင်းပတ်ပတ်လည်တွင် သရက်ပင်များ စိုက်လှူခဲ့၍ သရက်ဥယျာဉ်ကို ရရှိခြင်းဖြစ်၏။ ကျောင်းနှင့်တကွ သရက်ဥယျာဉ်တို့ကို ဒိတ်စသမ်များဖြင့် အလှတန်ဆာဆင်ခဲ့၍ နတ်ဝတ်ထဘီစတဲ့ အဝတ်အစားတွေနဲ့ သရက်သီးတဲ့ ပဒေသာနတ်သရက်ပင်တွေကို ရရှိခြင်းဖြစ်၏။ ကျောင်းလှူကြမည့် အလှူရှင်များ အတုယူဖွယ်ဖြစ်၏။

ကျောင်းတစ်ခုတည်းလှူလျှင် ကျောင်း၏ အင်္ကျီးတစ်ခုတည်းကိုသာ ခံစားရမည်ဖြစ်၏။ ကျောင်းကို အခြေအရံများနှင့် လှူဒါန်းလျှင် အခြေအရံအင်္ကျီးများကိုပါ ခံစားရမည်ဖြစ်၏။ ကောင်းမှုကုသိုလ်က များစွာတို့သည် အလဟဿပုပ်ပွသွားသည်ဆိုတာ မရှိပေ။ ကောင်းပြီးသား များစွာဖြစ်၍ မြေသန့်လျှင် သန့်သလောက် အင်္ကျီးကြီးမည်ဖြစ်၏။

နတ်သမီးဖြစ်စဉ်သည် ကောင်းမှုကုသိုလ်ကံများစွာတစ်ခုချင်းစီ၏ အင်္ကျီးကြီးမားပုံကို လက်ညှိုးထိုးပြနေခြင်းဖြစ်၏။

အရှင်မဟာမောဂ္ဂလာန်မထေရ်သည် နတ်သမီးဆီက အဖြေကားကိုယူ၍ သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းသို့ ကြွတော်မူလာခဲ့တော့၏။

မေတ္တာဖြင့်

ဓမ္မဃောသက-အရှင်ဩဘာသ

ကျမ်းကိုး

* ဝိမာနဝတ္ထုအဋ္ဌကထာ မဇ္ဈိမကဝဂ် အမွှဝိမာနဝတ္ထု။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

'ရဟန်းတို့..သင်တို့ ပြောဆိုသော ထိုရဟန်းသည် အလှူပေးခြင်း၌ မည်မျှဝါသနာထုံချေသနည်း'

'မြတ်စွာဘုရား ထိုရဟန်းသည် နေ့စဉ် ဆွမ်းခံ၍ရရှိသော သပိတ်ထဲမှ ဆွမ်းကိုလည်း မလှူဘဲမစား၊ ရေကိုပင် သူတစ်ပါးကိုမူ မလှူရသေးဘဲ မသောက်ပါ။ ဤမျှအထိ အလှူ၌ ဝါသနာထုံသည်ကို တပည့်တော်တို့ စောင့်ကြည့်ခဲ့မိကြ၍ သိရှိကြရပါသည်။ ထို့ကြောင့်လည်း ထိုရဟန်း၏ သဒ္ဓါတရားကို ပြောဆိုချီးကျူးမိကြခြင်း ဖြစ်ကြောင်းပါဘုရား'

ထိုအခါ ဘုရားရှင်သည် 'ရဟန်းတို့..သင်တို့ ချီးကျူးပြောဆိုနေကြသော ရဟန်းသည် ယခုမှသာ ဤသို့လှူဒါန်းခြင်း၌ မွေ့လျော်သည်မဟုတ်။ ရှေးကလည်း အလှူပေးခြင်း၌ မွေ့လျော်ခဲ့သည်သာ ဖြစ်တော့သည်။ သို့ရာတွင် ထိုသို့အလှူ၌ မွေ့တတ်သူတစ်ဦး ဖြစ်လာရန်အတွက် သူ၏ ဖခင်ဖြစ်သူက ကောင်းစွာဆုံးမပြုပြင်ပေးခဲ့ရဖူးပေ၏။ သူသည် ဖခင်ဖြစ်သူ၏ အဆုံးအမကြောင့် အလှူပေးခြင်းဒါန အမှု၌ မွေ့လျော်လာခဲ့သူ ဖြစ်တော့၏'ဟု မိန့်တော်မူကာ ထိုရဟန်းနှင့် ပတ်သက်သော အတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူခဲ့လေသည်။

(၂)

ဗာရဏာသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုထီးနန်း စိုးစံစဉ်အခါက ဘုရားအလောင်းတော်သည် သူဌေးမျိုးနွယ်ထဲ၌ ဖြစ်တည်ခဲ့၍ ဖခင်ကြီး ကွယ်လွန်သွားသောအခါ သူဌေးအရာကို ဆက်ခံရရှိခဲ့လေသည်။ ထိုသူဌေးသည် လှူဒါန်းပေးကမ်းခြင်းအရာ၌ ဝါသနာထုံ၏။ ထို့ကြောင့် အရပ်လေးမျက်နှာမှ လာရောက်ကြသော အလှူခံပုဂ္ဂိုလ်တို့ကို အယုတ်အလတ်အမြတ် မရွေးချယ် မခွဲခြားဘဲ သူ၏ အသက်ထက်ဆုံး အမြဲမပြတ် လှူဒါန်းခဲ့၏။ သည်လိုနှင့် အသက်အရွယ် ကြီးရင့်လာသောအခါ သူ၏ မျိုးဆက်ဖြစ်သော သားဖြစ်သူကို သတိပေးမှာကြားခဲ့လေသည်။

'ချစ်သား..ငါသည် ငါ၏ တစ်သက်တာတွင် အမြဲလှူဒါန်းပေးကမ်းခဲ့သည်ကို ချစ်သားလည်း အမြင်အသိပင် ဖြစ်သည်။ ယခုအခါ ငါသည် အသက်အရွယ် ကြီးရင့်အိုမင်းလာခဲ့ပြီ။ သခ်ါရသဘောအရ နေဖို့ထက် သေဖို့အချိန်က နီးကပ်လာခဲ့ပြီ။ ထို့ကြောင့် ငါမှာကြားခဲ့မည်။ ချစ်သားသည် ငါ သေဆုံးသွားပြီးလျှင် သူဌေးအရာကို မုချဆက်ခံရမည်သူဖြစ်သည်။ ဤသို့ သူဌေးအရာကို ဆက်ခံရသကဲ့သို့ ငါ၏ လှူဒါန်းပေးကမ်းခြင်း ဒါနအမွေကိုလည်း ကောင်းစွာ ဆက်ခံယူပါလေ။ ငါ သေလွန်သွားပြီးချိန်တွင်လည်း ငါတို့ မိသားစု၏ အလှူပေးတတ်ခြင်းဟူသော ကောင်းမြတ်သည့် အစဉ်အလာကို မပျက်စီး မဆုတ်ယုတ်ပါစေနှင့်။ ငါကဲ့သို့ပင် ဆက်လက်လှူဒါန်းပါလေ။ တစ်ဖန် ချစ်သားကိုယ်တိုင် အသက်အရွယ် ကြီးရင့်လာသောအခါတွင်လည်း သင်၏ မျိုးဆက် သားသမီးတို့ကို ဤအစဉ်အလာကို ဆက်လက်အမွေခံ ထိန်းသိမ်းကြရန် မှာကြားခဲ့ပါလေ'

'စိတ်ချတော်မူပါ ဖခင်၊ သား၏ တစ်သက်တာတွင်လည်း ဆက်လက်လှူဒါန်းပါမည်။ သား၏ မျိုးဆက်များကိုလည်း ဤအစဉ်အလာကောင်းကို လက်ဆင့်ကမ်းပေးခဲ့ပါမည်။ မျိုးရိုးစဉ်ဆက် အလှူ၌မွေ့လျော်ကြသူများ ဖြစ်ကြစေရန် မလွဲမသွေ ဆောင်ရွက်မှာကြားခဲ့ပါမည်'

သားဖြစ်သူက သူဌေးကြီးအား ကတိပေး၏။ ထို့ကြောင့် ဘုရားအလောင်းတော်ဖြစ်သော သူဌေးကြီးလည်း များစွာစိတ်ချမ်းမြေ့ရလေသည်။ ဤသို့ဖြင့် ထိုဘဝ၌ သက်တမ်းစေ့၍ သူဌေးကြီး ကွယ်လွန်သွားသောအခါ တစ်သက်တာပြုခဲ့သော လှူဒါန်းခြင်းဒါနကုသိုလ်ကောင်းမှုကြောင့် တာဝတိံသာ၌ သိကြားမင်းအဖြစ်ကို ရရှိလေသည်။

သူဌေးကြီး၏ သားဖြစ်သူသည် ကတိတည်သူဖြစ်သည်။ သူသည် ဖခင်၏အမွေကို ဆက်ခံကာ ကိုယ်တိုင် သူဌေးဖြစ်လာသောအခါတွင် ဖခင်ဖြစ်သူကို ကတိပေးခဲ့သည့်အတိုင်း အလှူပေးခြင်း ကိစ္စကိုလည်း အစဉ်အလာကောင်း အမွေကောင်းအဖြစ် ဆက်ခံကာ ဝတ်မပျက်စေအောင် ရွက်ဆောင်လှူဒါန်းလေသည်။ သူ၏ သားစဉ်မြေးဆက် နောက်မျိုးဆက်သစ်တို့ကိုလည်း ဖခင်ကဲ့သို့ပင် မိမိတို့ မျိုးရိုး၏ အစဉ်အလာကို မပျက်ဆီးဘဲ ထိန်းသိမ်းစောင့်ရှောက်ကြရန် သတိပေးမှာကြားထားခဲ့၏။ ဤသို့ဖြင့် ရှေးဘဝက ပါလာသော ကံသတ္တိဖြင့် အသက်အင်္ဂနေထိုင်သွားကြပြီး အဆက်ဆက် ကွယ်လွန်သွားကြသည်တိုင် လှူဒါန်းခြင်း အစဉ်အလာကောင်းသည် ၄င်း၏ သားမြေး၊ မြစ်၊ တိုတို့အထိ ဆက်လက်တည်မြဲခိုင်မာခဲ့ကြ၏။ ကိုယ်လက်ထက် ရောက်လာသည်နှင့် အစဉ်အလာအတိုင်း ဝတ်မပျက်အောင် ဂရုတစိုက် စောင့်ထိန်းလှူဒါန်းကြသူများချည်း ဖြစ်လာကြကုန်၏။

ထို့ကြောင့်လည်း ၄င်းတို့ အသီးသီးကွယ်လွန်ကြသော အခါ အလှူဒါနကုသိုလ် ကောင်းမှုများကြောင့် စ

www.burmeseclassic.com

သူရိယ၊ မာတလိ၊ ပဉ္စသိခ စသောအမည်များဖြင့် တာဝတိံသာနတ်ပြည်တွင် ကိုယ်စီကိုယ်ငှ နတ်သားများ ဖြစ်လာကြ၏။ ထို့ကြောင့် သိကြားမင်းလည်း များစွာကျေနပ်ဝမ်းမြောက်ရလေတော့သည်။

(၃)

'ဗိဇ္ဇာရကောသိယ'

ဗာရာဏသီပြည်၌ ပေါပေါက်လာခဲ့သော သူဌေးဏ၏ အမည်နာမဖြစ်သည်။ ထိုဗိဇ္ဇာရကောသိယသည် ယခုအခါ သိကြားမင်းဖြစ်နေသည့် ဘုရားလောင်း သူဌေးကြီး၏ ခြောက်ဆက်မြောက်ဖြစ်သော မျိုးဆက်ဖြစ်၏။

မိမိထားရစ်ခဲ့သော လျှဒါန်းခြင်းအစဉ်အလာကို ဆက်သယ်အမွေခံ ထိန်းသိမ်းခဲ့ကြသော သား၊ မြေး၊ မြစ်၊ တို့ကို့အတွက် စိတ်ချမ်းမြေ့ခဲ့ရသော သိကြားမင်းသည် ထို ခြောက်ဆက်မြောက်သော ဗိဇ္ဇာရကောသိယ သူဌေးလက်ဆက်ရောက်တော့မှ များစွာစိတ်ဆင်းရဲရလေတော့သည်။ အကြောင်းမူ ထိုဗိဇ္ဇာရကောသိယသည် သဒ္ဓါမာတ်ခံခေါင်းဆောင်သူ ဖြစ်နေသောကြောင့်တည်း။ ထိုသူဌေးသည် တစ်မိသားစုလုံးကို တစ်ယောက်ထွန်း ဟူသောစကားကို ဆန့်ကျင်ကာ တစ်မျိုးဆက် တစ်ယောက်ဖျက်၊ တစ်မျိုးရိုး တစ်ယောက်ဆိုးဟု ဆိုရလောက်အောင် သူ့လက်ထက် ရောက်ပါလေသော့မှ ရှေ့က မိဘဘိုးဘွားတို့၏ အစဉ်အလာကောင်းကို အစဉ်ယူဘဲ စတင်ဖျက်ဆီးလေတော့သည်။

'ဟေ့...အလှူလုပ် ကျွေးကျွန်တို့၊ ငါ့မိဘဘိုးဘွားများ ဆက်ထက်က ဆောက်လုပ်ထားခဲ့တဲ့ အလှူမဏ္ဍပ်တွေကို အကုန်လုံး မီးရှို့လိုက်ကြစမ်းကွ။ သူတို့ဟာ ကိုယ် ပင်ပင်ပန်းပန်း ရှာဖွေစုဆောင်းရရှိတဲ့ ဥစ္စာဓနတွေကို ထိန်းသိမ်းဆောင့်ရောက်မယ်မရှိဘဲ လာလာသမျှ အရပ်လေးမျက်နှာက အလှူခံပုဂ္ဂိုလ်ဆိုသူတွေကို ပေးကမ်းစွန့်ကြဲသွားကြတဲ့ လူမျိုး လူညံ့တွေပဲ။ လူလည်တွေက သူတစ်ပါး ပင်ပန်းကြိုးစား ရှာဖွေထားရတဲ့ ဥစ္စာပစ္စည်းတွေကို အောက်မေ့အားလေးလှုပ်ရုံ အလွယ်တကူပြောဆိုပြီး ခွဲဝေယူငင်နေကြတာကို ဘုမသိ ဘမသိနဲ့ အလကားလျှောက်ပေးပစ်ခဲ့ကြတဲ့ လူချင်းတွေ။ ငါ့လက်ထက်မှာတော့ မရဘူးဟေ့။ ဒီလိုအချောင်လာနှိုက်တာမျိုးကို လက်မခံနိုင်ဘူး။ ကိုယ်စားချင်၊ ကိုယ်ချင်ရင် သူများတွေလိုပဲ ကိုယ်တိုင်အပင်ပန်းခံ ရှာကြံကြစမ်း စုဆောင်းကြပေါ့။ အလှူခံပါတယ်ဆိုပြီး ဘယ့်နယ်ကြောင့် သူများတွေဆီက လိုက်တောင်းခံနေကြသလဲ။ ဒါသက်သက်လူလည်ကျတာပဲ။ ငါ့မိဘဘိုးဘွားတွေ ဆောက်လုပ်ထားခဲ့ကြတဲ့ အလှူမဏ္ဍပ်ဆိုတာတွေ ရှိနေလို့ ဒီလိုလူမျိုးတွေ လာလာနေကြတာ။ သင်းတို့မလာနိုင်အောင် လမ်းစဖြတ်တဲ့အနေနဲ့ အဲဒီအလှူမဏ္ဍပ် ဆိုတာတွေကို အကုန် မီးတိုက်ပစ်ကြစမ်းကွာ။ ဒီမဏ္ဍပ်တွေ မရှိမှအေးမယ်'

ဗိဇ္ဇာရကောလိယ သူဌေးသည် သူ၏အမှုလုပ် အစေအပါး ကျေးကျွန်တို့ကို အမိန့်ပေးကာ မိဘဘိုးဘွားတို့ကောင်းမှုဒါနမျိုးစေ့ ပျိုးကြဲစိုက်ပျိုးရာဖြစ်သော အလှူမဏ္ဍပ်ကြီးများကို မီးတင်ရှို့၍ ဖျက်ဆီး လက်စဖျောက်စေလေသည်။ အလှူမဏ္ဍပ်ကြီးများ ပျောက်ပျက်သွားကြသည့်တိုင် မပျောက်ပျက်သေးဘဲ ကျန်ရစ်နေခဲ့သေးသည်မှာ ရှေးမိဘဘိုးဘွားစဉ်ဆက်တို့၏ အလှူပေးတတ်ခြင်းဟူသော ဓလေ့အစဉ်အလာဖြစ်သည်။ ဤသူဌေး၏ မိဘဘိုးဘွားစဉ်ဆက်သည် ရှေးကာလများစွာကတည်းက အလှူပေးခဲ့ကြသူများ ဖြစ်ပေသည်ဟူသော အရှိန်အဝါက ဆက်လက်ကြွင်းကျန် ရိုက်ခတ်နေဆဲဖြစ်၍ မဏ္ဍပ်ကြီးများ ပျောက်ကွယ်သွားသည့်တိုင် အလှူခံပုဂ္ဂိုလ်တို့က ပျောက်ကွယ်မသွားသေးဘဲ ဗိဇ္ဇာရကောသိယသူဌေးထံ ဆက်လက်လာရောက်နေကြမြဲ ဖြစ်နေပြန်၏။ ထို့ကြောင့် ဗိဇ္ဇာရကောသိယမှာ နောက်ထပ်အမိန့်တစ်ခု ထုတ်ရပြန်တော့သည်။

'ခက်ပြီဟေ့၊ ဒီအလှူခံပုဂ္ဂိုလ်ဆိုတဲ့သူတွေက အလွန်များပြားတဲ့အပြင် အတော်လည်း သောင်းကျန်းကြပါကလား။ မလှူချင်လို့ မဏ္ဍပ်ကြီးတွေကို မီးရှို့ဖျက်ဆီးပစ်လိုက်ပြီးပါပြီဆိုမှ သူတို့က နောက်မဆုတ်တမ်း လာကြလို့ပဲ မဆုံးဘူး။ ဒီတော့ လာတဲ့လူကို ခပ်ပြောင်ပြောင် ဆွဲထုတ်တဲ့နည်းကိုသုံးမှ ဖြစ်တော့မယ်။ မှတ်ထားကြဟေ့၊ အလှူခံပုဂ္ဂိုလ်ဆိုတာလာရင် ဘယ်လိုလူပဲလာလာ မင်းတို့ ဆွဲထုတ်ကြရမယ်။ ပြောလို့မှမရရင် ရိုက်ပုတ်ပြီး နှင်ထုတ်လိုက်ကြရမယ်။ အဲဒီနည်းကို သုံးမှပဲ အလှူခံရန်က အေးပေတော့မှာပဲ'

ဗိဇ္ဇာရကောသိယ၏ နောက်ဆုံးသော အာဏာလွှဲအပ်သည့် အမိန့်ပေတည်း။

(၄)

သိကြားမင်းသည် များစွာစိတ်မချမ်းမသာဖြစ်နေ၏။ အဘယ်ကြောင့်ဆိုသော် တစ်ခုသောနေ့၌ မိမိ၏ ရှေးကုသိုလ်ကံကောင်းမှုများကိုကြည့်၍ ယခုအခါ ငါ လူဘဝ

www.burmeseclassic.com



ရစဉ်က မျိုးစေ့ချခဲ့သော အလှူဝတ်သည် နောက်မျိုးရိုး အစဉ်အဆက် ရှိသေးသလော၊ ပျောက်ကွယ်လေပြီလောဟု ဆင်ခြင်ကြည့်မိလေရာ သူ၏ ခြောက်ဆက်မြောက်ဖြစ်သော ဗိဠာရကောလိယသူဌေးသည် မျိုးရိုးအစဉ်အလာကို ဇီလာဆန့်ကျင်ပြုလျက် အလှူဝတ်ကို ဖျက်ဆီးလိုက်ပြီဖြစ်ကြောင်း မြင်တွေ့သိရှိရသောကြောင့် ဖြစ်ပေတော့သည်။ သိကြားမင်းသည် ထိုဖြစ်စဉ်ကို သိလျှင်သိချင်းပင် အဆောတလျင် ပြုပြင်ရန် ကြံရွယ်လေတော့သည်။

ထို့ကြောင့် စန္ဒနတ်သား၊ သူရိယနတ်သား၊ မာတလိနတ်သားနှင့် ပဉ္စသီခနတ်သားတို့ကို ခေါ်ယူလိုက်၏။ နတ်သားတို့ရောက်ရှိလာကြလျှင် သိကြားမင်းက သူ၏ကြံရွယ်ချက်ကို အကောင်အထည်ဖော်ရန် တိုင်ပင်ဆွေးနွေး ညွှန်ကြားလေတော့၏။

"အမောင်နတ်သားတို့...ငါတို့ရဲ့ မျိုးရိုးအစဉ်အလာကောင်းကတော့ ငါတို့ရဲ့ ခြောက်ဆက်မြောက်အမျိုးအနွယ် ဗိဠာရကောသိယ လက်ထက်ရောက်မှ ပျက်စီးပြီကွယ့်။ သူ့ကို မပြုပြင်ဘဲ ဒီအတိုင်း လက်ပိုက်ကြည့်နေကြပြီး လွတ်ပေးလိုက်မယ်ဆိုရင် သူကနေ ထပ်ဆင့်ပေါက်ဖွားလာမယ့် သား၊ မြေး၊ မြစ် အစဉ်အဆက်တစ်လျှောက်လုံး ပျက်သည်ထက် ပျက်သွားကြဖို့ပဲ ရှိတော့တယ်။ ဒါကြောင့် ငါတို့တစ်တွေ စုဝေးပြီး ဗိဠာရကောသိယကို ပြုပြင်ကြစို့ရဲ့။ သူ့ကို ပြုပြင်ဖို့ အချိန်မီပါသေးတယ်"

နတ်သားတို့ကလည်း သိကြားမင်း၏ ဆန္ဒနှင့်သဘောတူညီ ထပ်တူကျကြလေသည်။ ထို့ကြောင့် သိကြားမင်း၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရန် ဆုံးဖြတ်ကတိပြုကြ၏။ ထို့နောက်တွင် သိကြားမင်းသည် သူတို့ တိုင်ပင်ထားသည့်အတိုင်း ပုဏ္ဏားအသွင်ကိုယူ၍ ဗာရာဏသီသို့ ဆင်းသက်လာကာ ဗိဠာရကောသိယသူဌေး၏ အိမ်ရှေ့သို့ ဝင်ရောက်လေသည်။ ထိုအချိန်တွင် နတ်သိကြားတို့၏ ဘုန်းတန်ခိုးဖြင့် ရှင်းလင်းထားသည်ဖြစ်၍ သူဌေး၏အစေအပါး ကျေးကျွန်များမှာ အိမ်တော်၌ မရှိကြဘဲ ကိုယ်စီကိုယ်ငလယ်ယာလုပ်ငန်းခွင်များသို့ ရောက်ရှိနေကြ၏။ ထို့ကြောင့် အိမ်ဝင်းထဲသို့ ဝင်လာသော ပုဏ္ဏားကို ထုံးစံအတိုင်း ဆွဲထုတ်မည့်သူ မရှိ။ ပြောဆိုမရပါက ရိုက်ပုတ်နှင်ထုတ်မည့်သူ မရှိဘဲ သူဌေးတစ်ယောက်တည်းသာ ငေါင်စင်းစင်း ရှိနေလေသည်။

"ပုဏ္ဏားကြီး...ကျုပ်အိမ်ဝိုင်းထဲကို ဘာအကြောင်းကြောင့် ဝင်လာရတာတုံး"

ဗိဠာရကောသိယက ဆီးကြိုမေးမြန်းလိုက်၏။

"သူဌေးမင်း...ကျွန်ုပ် ဆာလောင်မွတ်သိပ်လွန်းလို့ သူဌေးထံက ထမင်းတောင်းရအောင်လို့ လာခဲ့ပါတယ်။ ကျွန်ုပ်ကို ထမင်းတစ်နပ်တော့ လှူဒါန်းကျေးမွေးပါ"

သူဌေးသည် နှာခေါင်းရှုံ့ကာ နှုတ်ခမ်းကို မဲ့လိုက်၏။ လာပြန်ပြီတစ်ယောက်ဟု ကျိုးတိုးစွာ တွေးလိုက်ရင်း ခပ်ပြောင်ပြောင်ပင် နှင်ထုတ်လေတော့၏။

"ပုဏ္ဏားကြီး...ဒီအိမ်မှာ သင့်အတွက် ထမင်းဟင်းမရှိဘူး။ ဆာလှပြီဆိုရင်လည်း တခြားတစ်အိမ်အိမ်ကို သွားတောင်းပါ။ အခုပဲ ကျုပ်အိမ်ဝိုင်းထဲက ထွက်သွားပါတော့"

ထိုအခါ ပုဏ္ဏားယောင်ဆောင်ထားသော သိကြားမင်းက စောဒကတက်၏။

"သူဌေးတစ်ယောက်ရဲ့အိမ်မှာ ထမင်းဟင်းမရှိဘူးဆိုတာ မဖြစ်နိုင်ပါဘူး သူဌေးမင်း။ သင်ဟာ သူဆင်းရဲသားမိလက္ခဏာတန်းအစားထဲကဆိုရင်လည်း သင့်စကားအတိုင်း ကျွန်ုပ် နောက်တစ်အိမ်အိမ်ကို ထွက်သွားပါရဲ့။ မငြင်းပါနဲ့ သူဌေးမင်းရယ်။ ကျွန်ုပ်ကို ထမင်းကလေးတစ်နပ် စွန့်ကြဲလိုက်ရလို့ သူဌေးမင်းမှာ ဘာများထိခိုက်သွားမှာမို့လဲ။ ဗာရာဏသီပြည်ရဲ့ သူဌေးမင်းတစ်ယောက်ဆိုတဲ့ ကိုယ့်ဂုဏ်

www.burmeseclassic.com

ခြံပိတ်ရဲ့မျက်နှာကို ထောက်ထားပြီး ကျွန်ုပ်ကို ထမင်းတစ်နပ် ကျွေးမွေးလှူဒါန်းသင့်ပါတယ်။ ပြန်စဉ်းစားဆင်ခြင်ကြည့်ပါဦး သူဌေးမင်း'

ဗိဠာရကောသိယ အတော်စိတ်အိုက်သွားသည်။ ပုဏ္ဏားတို့ ပြောစကားတို့မှာလည်း အမှန်ပင်ဖြစ်သည်ဟု စိတ်ထဲက သိနေ၏။ ပုဏ္ဏားကြီးကို အကဲခတ်ကြည့်လိုက်တော့ နေရာတွင် မရွေ့။ ဖွဲကောင်းကောင်းနှင့် အလျှော့မပေးစတမ်း ရှေ့အောင်တောင်းမည့်ပုံ ပေါ်နေ၏။ သည်ကနေ့ကျမှပဲ သည် ပုဏ္ဏားကို ဆွဲထုတ်မည့်အစေအပါး ကျေးကျွန်များကလည်း အနီးအပါးတွင် တစ်ယောက်မျှမရှိ။ မိမိကိုယ်တိုင်ပဲ ဆွဲဆောင်ရမည့်ကိန်းဆိုက်နေ၏။ သည်လိုတော့လည်း ဗရုတ်သုတ် မလုပ်ချင်။ ပတ်ဝန်းကျင်က ရှိသေးသည်။ လူမြင်ကောင်း ဆွဲလားရမ်းလား၊ တွန်းဟယ်ထိုးဟယ်ဆိုလျှင်လည်း သူဌေးကွန်ရှေ့ပျက်လှ၏။ သိက္ခာလည်းကျဦးမည်ဖြစ်၏။ မထူးပါဘူးလေ၊ ထမင်းတစ်နပ်နဲ့တော့ မြန်မြန်ကျွေးပြီး မြန်မြန်နှင့်ထုတ်လိုက်တာပဲ ကောင်းလိမ့်မယ်ဟူသောအတွေး ဝင်လာသဖြင့် စိတ်ကိုလျှော့ချကာ ပြောလိုက်ရတော့၏။

'ကဲ..ဒီလိုဆိုလည်း အိမ်ထဲ ဝင်နေပေတော့။ သင့်အတွက် ထမင်းနဲ့ဟင်းကို ကျွန်ုပ်ရဲ့ မီးဖိုချောင်က ကျွန်မကို အပို့ခိုင်းလိုက်မယ်။ အများကြီးတော့ မရဘူးနော်။ တစ်ယောက်စာ မျှတရုံပဲ'

'ကောင်းပါပြီ၊ ကောင်းပါပြီ သူဌေးမင်း။ ကျွန်ုပ်က သည်း သင့်တင့်ရုံစားရရင် တော်ပါပြီ။ အလွန်အကျွံ အဝအပြာစားနိုင်တဲ့သူ မဟုတ်ပါဘူး'

ပုဏ္ဏားယောင်ဆောင် သိကြားမင်းသည် သူဌေးညွှန်ပြသည့်အတိုင်း အိမ်ရှေ့ခန်းထဲသို့ လှမ်းဝင်သွားကာ မြင်သာယာနေရာ၌ ထိုင်စောင့်၏။ ဗိဠာရကောသိယသည် မီးဖိုဆောင်မှ ကျွန်မထံသို့သွားရန် ခြေလှမ်းပြင်လိုက်၏။ သို့သော် တစ်လှမ်းမျှ မလှမ်းလိုက်ရသေးခင်မှာပင် နောက်ကွက်က အဆောတလျင် လှမ်းခေါ်လိုက်သံကို ကြားလိုက်ရ၏။

'သူဌေးမင်း..သူဌေးမင်း၊ ခဏ..ခဏလေး နေပါဦး'

ဗိဠာရကောသိယမှာ ဆက်မလှမ်းသာဘဲ ရပ်၍လှည့်ကြည့်မိရပြန်၏။ ဟင်..နောက်ထပ်ပုဏ္ဏားတစ်ယောက်ပါလားဟု အံ့အားသင့်သွားရ၏။

'သင်ကရော ဘာကိစ္စလဲ'

'သူဌေးမင်းရယ်..ကျွှပ်ကို ထမင်းကလေး ဟင်းကလေး လှူဒါန်းစမ်းပါ။ ခရီးဝေးက လာခဲ့ရတဲ့ ခရီးသွားဖြစ်တဲ့အပြင် ကျွှပ်မှာ ဝယ်ခြမ်းစားဖို့ အသပြာလည်း တစ်ပြားတစ်ချပ်မှမပါ၊ စရိတ်ပြတ်လာလို့ပါ'

'အလိုဗျာ..လာပြန်ပါပကော်ဘ နောက်တစ်ယောက်'

ခက်ချေပြီ။ ရှေ့က ပုဏ္ဏားကြီးတစ်ယောက်ကို ဘယ်လိုမှ ပြောဆိုမရသဖြင့် ထမင်းကျွေးဖို့ အိမ်ထဲသွင်းပြီး ခဏထိုင်ခိုင်းထားတုန်းရှိသေး တစ်ဖိုလ်ကျ တစ်ဖိုလ်တက် ဆိုသလို စရိတ်ပြတ်လာပါသည်ဆိုသော နောက်ထပ်ပုဏ္ဏားတစ်ဦးကလည်း ဆိုင်းမဆင့် ဗုံမဆင့် ရောက်ရှိလာပြန်ပါပကော။ သူဌေးသည် ထပ်မံ၍ စိတ်အိုက်ရပြန်၏။

'ဒီအိမ်မှာ သင့်ဖို့ ထမင်းဟင်းမရှိဘူး။ သွား..သွားတခြားတစ်အိမ်အိမ်ကို သွားတောင်းချည်'

သူဌေးက ဇွတ်နှင်လွှတ်၏။ သို့သော် ထိုပုဏ္ဏားကလည်း ပေကပ်ကပ်ဖြင့် ရပ်မြဲရပ်ကာ တောင်းမြဲဆက်တောင်းနေသဖြင့် အခက်ကြုံရပြန်၏။ သည်လိုဖြင့် သူတို့ပြောဆိုနေဆဲမှာပင် တောင်အရပ်၊ မြောက်အရပ်၊ အနောက်အရပ်တို့မှ နောက်ထပ် အလှူခံပုဏ္ဏားတွေ ရှေ့ဆင့်နောက်ဆင့် ပေါ်ပေါက်ရောက်ရှိလာကြ၏။ ထမင်းစားချိန် မွန်းတည့်လုနီးကာလဖြစ်နေ၍ ပုဏ္ဏားများအားလုံး၏ တစ်ပြေးညီသော တောင်းဆိုတောင်းပန်မှုမှာ ထမင်းတစ်နပ် ကျွေးမွေးလှူဒါန်းပါရန်ချည်း ဖြစ်နေကြ၏။

တိုက်တိုက်ဆိုင်ဆိုင် သည်ကနေ့ကျမှ ပုဏ္ဏားတွေ များလှချည်လား။ သူတို့သည် လာခဲ့ကြရာ အရပ်မျက်နှာများမတူညီကြသော်လည်း တောင်းဆိုသည့်အရာကား တစ်ထပ်တည်း တူညီနေကြ၏။ အမှန်ကတော့ သိကြားမင်း၏ အစီအစဉ်အတိုင်း ပုဏ္ဏားအယောင်ဆောင်ထားသော စန္ဒနတ်သား၊ သူရိယနတ်သား၊ မာတလိနတ်သားနှင့် ပဉ္စသိခနတ်သားတို့က အချိန်ကိုက်၍ ဆင့်ကဲ,ဆင့်ကဲ ရောက်ရှိလာခဲ့ကြခြင်း ဖြစ်လေသည်။ ဗိဠာရကောသိယသူဌေးကလည်း လာသမျှကို ငြင်းဆန်လွှတ်သည်ချည်းဖြစ်၏။ အကြိုအစည်နှင့် လာခဲ့ကြသော ပုဏ္ဏားအသွင်ဆောင် နတ်သားတို့ကလည်း အလျှော့မပေးဘဲ အလှူပေးခြင်း ကုသိုလ်ဒါန၏ ကောင်းမှုနှင့်စပ်သော တရားစကားတို့ကို ပြောကြားကာ ထမင်းတစ်နပ်မှ မစားရလျှင် မပြန်နိုင်ဆိုသော အမူအရာကိုသာ ပြုကြကုန်၏။

ခက်တော့တာပဲ။ အချိန်ဆွဲနေလျှင် နောက်ထပ်အလှူ

www.burmeseclassic.com

www.burmeseclassic.com

ခံ ပုဏ္ဏားတွေ ထပ်တိုးလာမှာတောင်စိုးရသည်။ မြန်မြန် ကျွေးလွှတ်ပြီး မြန်မြန်ပြန်လွှတ်မှ ဤဇာတ်လမ်း တစ်ခန်း ရပ်တော့မည်ဟု သူဌေးက တွေးတောစိုးရိမ်လာရတော့ သည်။

"ကဲ..သင်တို့လည်း အိမ်ထဲကို ခဏဝင်ထိုင်စောင့်ကြ ပေတော့။ ထမင်းနည်းနည်းစီရမယ်။ မြန်မြန်စားပြီး ချက် ချင်းသာ ပြန်ကြပေတော့။ တယ်အလုပ်ရှုပ်တဲ့ ပုဏ္ဏားတွေပဲ"

ဗိဇ္ဇာရကောသိယသည် မကျေမချမ်းဖြင့် မြည်တွန် တောက်တီးကာ ပုဏ္ဏားအများကို သူ့အိမ်ထဲသို့ သွင်းလိုက် ရတော့သည်။ ပြီးမှ အိမ်တော်ကို ကွေ့ပတ်၍ နောက်ဖေး ဘက်တွင်ရှိသော မီးဖိုချောင်အဆောက်အအုံသို့ ခပ်သုတ် သုတ်လာခဲ့၏။ မီးဖိုဆောင်မှ အခိုင်းအစေ ကျွန်မကို အမိန့် ပေး၏။

"ဟေ့..ကလေးမ၊ ငါ့အိမ်ထဲမှာ အလျှူခံပုဏ္ဏား(၅)ဦး ရှိတယ်။ သူတို့အတွက် ထမင်း(၅)ပန်းကန်ခူးထည့်ပြီး သွား ချပေးလိုက်။ နွားစာကျွေးဖို့ချက်ထားတဲ့ ဆန်ကြမ်းထမင်း အိုးထဲက ခူးပေးနော်။ ငါ့အတွက် ချက်ထားတဲ့ သလေး ထမင်းကို ခူးပေးဖို့ မလိုဘူး။ သားငါးဟင်းလျာတွေလည်း ထည့်ပေးဖို့ မလိုဘူး။ အသီးအရွက်ချဉ်ရည်ဟင်းတစ်ခွက် လောက်ခပ်ပြီး ဝိုင်းအလယ်မှာ တည်ပေးထားလိုက်။ အဲ လောက်ဆိုရင် ရပြီ။ သူတို့ စားသောက်ပြီးတာနဲ့ အမြန် နှင်ထုတ်လိုက်"

"ကောင်းပါပြီ အရှင်"

ဗိဇ္ဇာရကောသိယ၏ ခြံအတွင်း၌ လယ်ယာလုပ်ငန်းခွင် အတွက် မွေးမြူထားသော နွားများစွာရှိ၏။ ထိုနွားများကို အစာကျွေးသောအခါ နွားစာကောက်ရိုး၊ ပြောင်းရိုး၊ ပဲမှော် စသည်တို့နှင့် အတူရောနှောထည့်ကျွေးရန် ဆန်အကြမ်းစား ကို ချက်သောထမင်းအိုးလည်းရှိ၏။ မဖြစ်လို့သာ ကျွေးရ သည်၊ သဒ္ဓါတရားက မရှိသောကြောင့် သူဌေးသည် ထိုနွား စာထည့်ကျွေးသော ထမင်းကြမ်းများကိုသာ ပုဏ္ဏားတို့အား ကျွေးရန် ညွှန်ကြားလိုက်သည်။

မီးဖိုချောင်မှ ကျွန်မလည်း သူဌေး၏ အမိန့်အတိုင်း ထိုထမင်းအကြမ်းစားများကိုသာ (၅)ပန်းကန်တိတိခူးခပ်၍ အလယ်တည် ချဉ်ရည်ဟင်းတစ်ခွက်ဖြင့် ပုဏ္ဏားတို့အား သွားရောက်ကျွေးမွေးလေသည်။

မူလကတည်းက အကြဲအစည်ဖြင့် လာခဲ့ကြသော ပုဏ္ဏားယောင်ဆောင် သိကြားမင်းနှင့် နတ်သားတို့သည် ထိုထမင်းကြမ်းများကို စားကြသည်နှင့် လည်ပင်းနင်ခြင် အသက်ရှူကျပ် သေကြရဟန်ဖြင့် မျက်လုံးပြူးကြီးများဖြင့် လှဲအိပ်ချကာ သေချင်ဟန်ဆောင်ကြလေတော့သည်။ ထို အခါ ထမင်းပြင်ကျွေးသော ကျွန်မလည်း အထိတ်တလန့် ဖြင့် ဗိဇ္ဇာရကောသိယထံ အပြေးအလွှား သတင်းပို့ရသော သည်။

"အရှင်..ပုဏ္ဏားတွေဟာ ထမင်းကြမ်းတွေ အလွန် အယက် စားကြတာ လည်ပင်းနင်ကုန်ကြပြီ။ အခု မျက်လုံး ပြူးကြီးတွေနဲ့ စန့်စန့်ကြီးတွေ လဲကျသေဆုံးကုန်ကြပြီ"

ထိုအခါတွင်မှ သူဌေးလည်း အဆောတလျင် လိုက် ကြည့်ကာ များစွာတုန်လှုပ်သွားလေသည်။ ဤကိစ္စကို ဥပေ သို့ဖြေရှင်းမည်နည်း။ သူဌေးသည် တုန်လှုပ်ခြင်းအမှန်ဖြစ် သော်လည်း နွားကျွေးသည့် ထမင်းအကြမ်းစားများကို ချကျွေးမိသော မိမိ၏အပြစ်ကို ဖုံးကွယ်ရန်ကိုမူကား ရှေးရှု စွာ သတိရလေသည်။ ထို့ကြောင့် ကျွန်မကို အမြန်အမိန့် ပေး၏။

"ဟဲ့..ကလေးမ၊ သူတို့ကိုကျွေးတဲ့ ထမင်းအကြမ်းစား တွေကို ဖယ်ရှားပြီး ငါစားတဲ့ သလေးဆန်နဲ့ချက်တဲ့ ထမင်း အကောင်းစားတွေကို အစားထိုးထည့်လိုက်။ ကောင်းမွန်သော သားငါးဟင်းလျာတွေကိုလည်း ထပ်ခပ်လာခဲ့ပြီး ထမင်း ဝိုင်းအလယ်မှာ ဖြည့်ထားလိုက်"

ကျွန်မလည်း သူဌေးခိုင်းစေသည့်အတိုင်း အမြန်ဆောင် ရွက်၏။ သူဌေးသည် သူ၏အပြစ်ကို ဖုံးကွယ်ပြီးသည့် အိမ်ဝိုင်းရှေ့သို့ထွက်ကာ လမ်းသွားလမ်းလာ လူအများကို ခေါ်ယူလေတော့သည်။ သည်လိုနှင့် သူဌေး၏အိမ်တွင် အများတို့ စုဝေးရောက်ရှိလာကြသည်နှင့် သူဌေးက ဖြစ် စဉ်ကို လိမ်ဆယ်၍ ပြောကြားတော့သည်။

"ကြည့်ကြစမ်းပါဦးဗျာ။ သည်ပုဏ္ဏားတွေဟာ ကျွန် ဆီက ထမင်းနဲ့ဟင်းကို လာရောက်တောင်းရမ်း အလှူခံ ပါတယ်။ ကျွန်ုပ်ကလည်း သူတို့ အလိုရှိတဲ့အတိုင်း ကျွေး မွေးပါတယ်။ ဒါပေမဲ့ ဒီပုဏ္ဏားတွေက လောဘတကြီး ထမင်းလုတ်အကြီးကြီးတွေကို မဆံ့မပြဲနဲ့ ဖွတ်မျိ၊ ပစ် မျိ မျိုကြတော့ လည်ပင်းနင် အသက်ရှူလမ်းကြောင်းပိတ် ပြီး သေကုန်ကြတော့တာပေါ့။ ဒီဖြစ်စဉ်မှာ စေတနာ ကျွေးမွေးခဲ့တဲ့ ကျွန်ုပ်မှာ အပြစ်မရှိပါဘူး။ အစားလောဘ ကြီးကြတဲ့ ပုဏ္ဏားတွေမှာပဲ အပြစ်ရှိကြပါတယ်။ ဒါ သင်တို့ရော ကျွန်ုပ်ကဲ့သို့ကြံလာရင် ကျွန်ုပ်ဆုံးဖြတ်သင့်

www.burmeseclassic.com

ဆုံးဖြတ်ကြမှာပဲမဟုတ်လား'

လူအများစုကြီးမှာ ရုတ်တရက် အဖြေမပေးနိုင်ကြဘဲ သို့သော၊ သို့လော တွေးတောလျက်ရှိကြ၏။ သို့သော် သူဌေးကြီးမှာ ပြစ် လွတ်ရာလွတ်ကြောင်း လီဆယ်လျှောက်လဲချက်မှာ ကောင်းမြင်လိုက်ချေ။ အဘယ်ကြောင့်ဆိုသော် သေဟန်ဆောင်နေခဲ့ကြသော အယောင်ဆောင်ပုဏ္ဏားများသည် လဲချကြရာမှ ပြုံင်တူထထိုင်လာကြသောကြောင့် ဖြစ်တော့သည်။

'ဟယ်..သူဌေးဗိဠာရကောသိယ၊ သင်ဟာ မုသားကား ဆိုသူပဲ။ သင်ဟာ ကျွန်ုပ်တို့တစ်တွေကို သဒ္ဓါတရားပေါ်စွာနဲ့ နွားစာကျွေးဖို့ချက်ထားတဲ့ ထမင်းအကြမ်းစားကို ချဉ်ရည်ဟင်းအပေါစားတစ်ခွက်နဲ့ ကျွေးမွေးခဲ့ခြင်းဖြစ်တယ်။ ကျွန်ုပ်တို့ လဲချလိုက်ကြပြီးတဲ့ အချိန်ကျမှ သင့်အဖြစ်ကို ဖုံးကွယ်ရအောင် သလေးထမင်းအကောင်းစားတွေ လဲထည့်၊ ကောင်းမွန်တဲ့ သားငါးဟင်းလျာတွေ ဆန်ခပ်ထည့်ပြီး လာချထားခဲ့တာ ကျွန်ုပ်တို့အားလုံးအသိဖြစ်တယ်။ အို..လူသူပရိသတ်အပေါင်းတို့၊ ကျွန်ုပ်တို့ကားမှန်ကန်ကြောင်း သင်တို့ကို လက်တွေ့သက်သေပြပါမယ်။ ကြည့်ရှု ဆုံးဖြတ်ကြပါဘို့'

ခေါင်းဆောင်ဖြစ်သော သိကြားမင်းမှ အယောင်ဆောင်ထားသော ပုဏ္ဏားကြီးနှင့်တကွ ကျန်ပုဏ္ဏားအားလုံးတပင် အများပရိသတ်ရှေ့တွင် မိမိတို့စားခဲ့သော နွားစာအစင်းအကြမ်းများကို ပြန်အန်ထုတ်ပြလိုက်ကြလေသည်။ ထို့ကြောင့် သူဌေး၏ လီဆယ်မှသည် ဘွားဘွားကြီး ထင်ထားပေါက်သွားလေတော့၏။ ထိုအခါ လူအများစုတို့က သူဌေးကို ဝိုင်းဝန်းကဲ့ရဲ့ကြရုံမျှမက မိမိတို့၏ မျိုးရိုးစဉ်ဆက်ဆီးသိမ်းခဲ့သော အလှူဝတ်အစဉ်အလာကို ဖျက်ဆီးသူဟု ကြောင်းသမုတ်ကြတော့၏။ ထိုအချိန်မှာပင် ပုဏ္ဏားကြီးက ပရိသတ်သို့ ရှင်းလင်းချက်ကို ထုတ်ပြန်လိုက်လေသည်။

'အို..ပရိသတ်အပေါင်းတို့၊ ကျွန်ုပ်သည် တစ်ချိန်အခါက သည်ပြည်မှာ မဟာသူဌေးအဖြစ် ရှင်သန်နေခဲ့သူဖြစ်တယ်။ မဟာသူဌေးသား ဘဝတုန်းက ကျွန်ုပ်တို့ဝင်လည်း ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်း ဒါနအမှုကို ဆောပန်သက်တစ်ဆုံး ပြုခဲ့သလို ကျွန်ုပ် သေဆုံးကွယ်သွားခဲ့ပြီးချိန်မှာလည်း ထိုအလှူဝတ်ကို အမွေဆက်ခံပြီး ကျင့်သုံးပြုဖို့ ကျွန်ုပ်ရဲ့ သားစဉ်မြေးဆက်တို့ကို မှာကြားခဲ့တယ်။ ဒါကြောင့် ကျွန်ုပ်ရဲ့ သား၊ မြေး၊ မြစ်၊ တိုအထိ မျိုးဆက်တွေဟာ ကျွန်ုပ်မှာကြားခဲ့တဲ့အတိုင်း အလှူဝတ်ကို မပျက်တမ်းထိန်းသိမ်းဆက်ခံကြပြီး လှူဒါန်းခဲ့ကြတယ်။ အဲဒီဒါနကုသိုလ်တွေရဲ့ အထောက်အပံ့ကြောင့် ကျွန်ုပ်ကိုယ်တိုင်က သေလွန်ပြီးချိန်မှာ တာဝတိံသာနတ်ပြည်မှာ သိကြားမင်းအဖြစ်ကို ရခဲ့တယ်။ ကျွန်ုပ်ရဲ့ မှာကြားချက်အတိုင်း အလှူဝတ်မပျက် စောင့်ထိန်းဆက်ခံလှူဒါန်းခဲ့ကြတဲ့ သား၊ မြေး၊ မြစ်၊ တိုတို့ဟာလည်း သေလွန်ကြပြီးချိန်မှာ စန္ဒ၊ သူရိယ၊ မာတလိနဲ့ ပဉ္စသိခရယ်လို့ နတ်သားများ ဖြစ်လာခဲ့ကြတယ်။ ယခု ကျွန်ုပ်နဲ့အတူရှိနေတဲ့ ပုဏ္ဏားငယ် လေးဦးဟာ ဗိဠာရကောသိယသူဌေးကို ဆုံးမလိုတာကြောင့် လူပြည်ကို ဆင်းသက်လာခဲ့ကြခြင်းဖြစ်ကြောင်း သင်တို့ကို လက်တွေ့ပြပါအံ့'

ထို့နောက် (၅)ဦးသောပုဏ္ဏားတို့သည် ကောင်းကင်သို့ ပျံတက်၍ မိမိတို့၏ သိကြားမင်းနှင့် နတ်သားများအဖြစ်တို့ကို ထင်ရှားစွာ ပြောင်းလဲပြသလေသည်။ ထိုအခါတွင်မှ လူအများတို့သည် အံ့သြတကြီးဖြင့် ရင်သပ်ရှုမော ငေးမောကြည့်ရှုကြရလေတော့သည်။ သိကြားမင်းနှင့် နတ်သားများသည် ထိုသို့ ထင်ရှားအောင် ကိုယ်ထင်ပြသလျက် အလှူဒါန၏ အကျိုးကျေးဇူးကြီးမားပုံတို့ကို ဟောကြားဆုံးမကြ၏။

သိကြားမင်း၏ ဆုံးမမှုကြောင့် နောင်တရရှိကာ မိမိအမှားကို ပြန်မြင်သွားပြီဖြစ်သော ဗိဠာရကောသိယ သူဌေးသည်လည်း သိကြား၏ ဆုံးမစကားတို့ကို နာယူလျက် 'အရှင်သိကြားမင်း..ကျွန်ုပ်သည် ကိုယ့်အမှားကိုယ် သိရှိခဲ့ပါပြီ။ ယနေ့မှစ၍ အယုတ်ဆုံးအားဖြင့် ရေနှင့် ဒန်ပူမျှ ဖြစ်ပါစေ။ မလှူဒါန်းဘဲ မစားသောက် မသုံးဆောင်တော့ပါ' ဟု

www.burmeseclassic.com

အများပရိသတ်ကြီးရှေ့မှာပင် ကတိပြုလိုက်တော့၏။

ထို့နောက်ပိုင်းတွင် ကတိနှင့်အညီ လိုက်နာကျင့်ဆောင်လေသောကြောင့် သူ့ဌေးသည်လည်း သေလွန်ပြီးသောအခါ တာဝတိံသာနတ်ပြည်သို့ လားရောက်ခဲ့ရလေသည်။

(၅)

မြတ်စွာဘုရားရှင်သည် ထိုအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူပြီးနောက်-

"ရဟန်းတို့..ထိုအတိတ်ဖြစ်စဉ်မှ သိကြားမင်းသည် ယခုအခါ ငါဘုရားရှင်ဖြစ်၏။ စန္ဒနတ်သားသည် ယခုအခါ အရှင်သာရိပုတ္တရာ၊ သူရိယနတ်သားသည် ယခုအခါ အရှင်မောဂ္ဂလာန်၊ မာတလိနတ်သားသည် ယခုအခါ အရှင်မဟာကဿပ၊ ပဉ္စသီခနတ်သားသည် ယခုအခါ အရှင်အာနန္ဒာတို့ ဖြစ်ကြပြီး ဗိဠာရကောသိယသူဌေးသည် ယခုအခါ ချစ်သားတို့ ချီးကျူးနေကြသော အလှူပေးလေ့ရှိသော ရဟန်းတို့ ဖြစ်ကြကုန်၏' ဟု ဇာတ်တော်ကိုပေါင်းတော်မူ၏။

ပြီးမှတစ်ဖန် ဆက်လက်၍-

"ချစ်သားရဟန်းတို့..ဂင်္ဂါဝါဠ သဲစုမက ပွင့်တော်မူခဲ့ပြီးကုန်သော ဘုရားရှင်အဆက်ဆက်တို့သည် ဒါနအမှုကို စွန့်ပယ်ခဲ့သူ မရှိ။ အတိုင်းအတာ ရေတွက်ခြင်းမှ မစွမ်းသာသော ဒါနဟူသည့် ခရီးရှည်ကို ခြေလှမ်းသွက်သွက် ခရီးဆက်ခဲ့ကြသည်ချည်းဖြစ်၏။ ငါကိုယ်တိုင်လည်း ဘုရားရှင်ဖြစ်ရန် ပါရမီဖြည့်ကျင့်ခဲ့ရသော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းသော ကာလတစ်လျှောက်ရှိ ကျင်လည်ရာ ဘဝများစွာ၌ ဒါနအမှုကို ပြုကျင့်ဖြည့်ဆည်းခဲ့သည်သာ ဖြစ်၏။ ယခုအခါ သင်တို့ ဝိုင်းဝန်းချီးကျူးကြကုန်သော ရဟန်းသည်လည်း ဒါနဟူသော လမ်းခရီးရှည်၌ ပြီးဆုံးခြင်း မရှိနိုင်သော ခြေလှမ်းများနှင့် ဆက်လက်လျှောက်လှမ်းနေသော ရဟန်းပါတကားဟု အားကျအတုယူလျက် သင်တို့ကိုယ်တိုင်လည်း မြတ်သောဒါနအမှုကို ပြုကျင့်တာ့ဆောက်ကြကုန်လော့' ဟု ဟောကြားဆုံးမတော်မူရာ ရဟန်းတော်တို့လည်း ဝမ်းမြောက်စွာ သာဓုအနုမောဒနာပြုကြကုန်သတည်း။

နန္ဒာစိုး(ဆင်ပြူကျွန်း)

ကျမ်းကိုး

(၅၅၀)ဇာတ်တော်၊ ဒသကနိပါတ်၊ စဉ်(၄၅၀) ဗိဠာရကောသိယဇာတ်တော်။

"လိမ်းဆေးအပူနဲ့ မပျောက်တဲ့ ရောဂါမှန်သမျှ ဒီဆေးကိုသာ လိမ်းကြည့်ပါ။"

စန်းသော်တာ

အပုတ်ထံသိပ်

ယားယီခြင်းရောင်ဆေးလိမ်းတုံးတင်အမှတ်-၈၇၀၀ Y၀၀၉၂၄၃

ကွမ်းရွက်ဆီလိမ်းဆေး (အသေး)

- အကိုက်အခဲပျောက်လိမ်းဆေး။
- ရင်လူးဆေး။
- အနာကျက်ဆီ၊ အဖြစ် သုံးနိုင်သည်။

(ကွမ်းရွက်အဆီထုတ်၍ သိပ်ပွနည်းကျ ဖော်စပ်ထားသည်)

- အဆစ်ရောင်ကိုက်၊ လေးဖက်နာ၊ ကျီးပေါင်း၊ အကြောတက်ခေါင်းအုံ၊ ဇက်လေး၊ မျက်ကြောကိုက်တို့ကို အကိုက်အခဲပျောက်စေသော် အဖြစ် သုံးစွဲနိုင်ပါသည်။
- ကလေးချွဲကျပ်၊ ချောင်းဆိုး၊ အစာမကြေ လေထိုးလေအောင့် စသည်တို့ကို ရင်လူးစေသော် အဖြစ် သုံးစွဲနိုင်ပါသည်။
- အပူနာ၊ Bed Sores၊ အပူကျိတ်၊ အပူလောင်၊ နွားခမ်းကွဲ၊ ခြေကွဲနာ၊ လိပ်ခေါင်း၊ စသည်တို့ကို အနာကျက်စေသော် အဖြစ် သုံးစွဲနိုင်ပါသည်။

(3in1) ဆေးအစွမ်းဖြင့် သုံးစွဲသူတိုင်း လန်းဆန်းစေမည်။

ဖြန့်ချိရေး- ကိုဝင်းမြင့်+မဘေဘီ ၁၅လမ်းနှင့်ကမ်းနားလမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၆၃၇၂

ပင်ရင်း- စန်းသော်တာဆေးတိုက်၊ R-1 (102) ပန်းလိုင်အိမ်ရာ၊ ရွှေသံလွင်၊ ဟုမ်းလမ်းရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ဖုန်း-၇၀၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



အရိမေတ္တေယျဘုရားရှင်၏
အံ့ဖွယ်ဆန်းပြား
တန်ခိုးတော်များ

မောင်ဇေယျဝါ
(ပျော်ဘွယ်)

ကျွန်ုပ်တို့ လူဘဝကို ရရှိနေသော
အဒ္ဒကမ္ဘာတွင် ဘုရားငါးဆူ ပွင့်မည်ဖြစ်ရာ
ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမဟူသော
ဘုရားလေးဆူ ပွင့်တော်မူပြီး ဖြစ်၏။ နောက်ဆုံးပွင့်မည့်
အရိမေတ္တေယျဘုရားတစ်ဆူသာ ကျန်ပါတော့သည်။ လူတို့
သက်တမ်း အနှစ်တစ်သိန်းတန်း၌ အရိမေတ္တေယျဘုရား

www.burmeseclassic.com

www.burmeseclassic.com

ပွင့်တော်မူမည်ဖြစ်သည်။ အရိမေတ္တေယျဘုရားလောင်းသည် ကဲ့ကော်ပင်အောက်၌ ဒုက္ကရစရိယာအကျင့်ကို (၆)ရက်မျှ ကျင့်ရုံဖြင့် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူမည် ဖြစ်သည်။

ဗြဟ္မမင်းကြီး၏ တောင်းပန်လျှောက်ထားချက်အရ အရိမေတ္တေယျဘုရားရှင်သည် ဣသိပတနဥယျာဉ်တော်သို့ ဓမ္မစက်ကြာတရားဟောရန် ကြွတော်မူရာ ဘုရားရှင်ခြေတော်အစုံကို ခံအံ့သောငှာ မြေကြီးကိုခွဲ၍ အတောင်(၃၀)ရှိ ကြာပွင့်ချပ်ကြီး၊ (၂၅)တောင်ရှိ ကြာပွင့်ငယ်တွေက ဘုရားရှင်ခြေချတိုင်း၊ခြေချတိုင်း ပွင့်ပေါ်ပေးလိမ့်မည်။ လူပရိသတ် (၁၆)ယူဇနာ၊ နတ်ပရိသတ် စကြဝဠာတိုက်အပြည့်၊ ဗြဟ္မာပြည်အထက်ဆုံးဘုံ(အကနိဋ္ဌဘုံ)တိုင်အောင်သော ပရိသတ်တွေကို ထန်းသီးလုံးလောက်ရှိသော ရောင်ခြည်တော်(၆)ပါးလွှတ်၍ ဓမ္မစက်ကြာတရား ဟောသည့်အခါ လူပုဂ္ဂိုလ် ကုဋေတစ်သိန်း၊ နတ်ဗြဟ္မာတွေ ကုဋေတစ်သိန်း ကျွတ်တမ်းဝင်ကြလိမ့်မည်။

အရိမေတ္တေယျဘုရားရှင်၏ တန်ခိုးတော်အနန္တကား အံ့မခန်းဆန်းကြယ်လွန်းလှပေ၏။ ဓမ္မစက်ကြာတရားဦး ဟောကြားသည့်အချိန်မှစ၍ နတ်လည်းမကိုင်၊ လူလည်းမကိုင်၊ မိုးရွာလည်း မိုးမစို၊ မြူမှုန်အမှိုက်တွေ ကင်းစင်သော ရွှေပန်းဆိုင်း၊ ငွေပန်းဆိုင်း၊ သန္တာပန်းဆိုင်း၊ ပုလဲပန်းဆိုင်းတို့ဖြင့် တန်ဆာဆင်လျက် (၁၂)ယူဇနာကျယ်ဝန်းသော ဗိတာန်မျက်နှာကြက်သည် ဓမ္မစက်ကြာတရားဦး ဟောသည့်နေ့မှ ပရိနိဗ္ဗာန်စံဝင်သည့်တိုင်အောင် နေ့၊ည အမြဲလိုက်ပါ၍ မျက်နှာကြက်အဖြစ် မိုးကာလျက်နေလိမ့်မည် ဖြစ်သည်။

ယင်းသို့ဖြစ်ရသည်မှာ အဘယ်ကုသိုလ်ကြောင့်လဲဟု ဆိုလျှင် အဓိတရဟန်းဘဝမှာ မိထွေးတော်ဂေါတမီ လှူဒါန်းသည့် ရွှေပုဆိုးအဝတ်ကို ဂေါတမဘုရားရှင်အား မျက်နှာကြက်အဖြစ် လှူဒါန်း၍ ဆုတောင်းခဲ့သော ကုသိုလ်ကြောင့် ဖြစ်လေသည်။

ဘုရားရှင်၏ တန်ခိုးတော်ကြောင့် ဗိတာန်းပန်းဆိုင်း၊ တုရင်တိုင်၊ ထီးတံခွန်၊ ဆီမီးတန်ဆောင် ရတနာမဏ္ဍပ်ကြီးသည် မေတ္တေယျဘုရားရှင် တရားဟောသည့် နေရာဌာနတိုင်းမှာ အိမ်တွင်ဟောလျှင် အိမ်ပေါက်ဝ၊ ကျောင်းမှာဟောလျှင် ကျောင်းပေါက်ဝ စသည်ဖြင့် တရားဟောသည့် နေရာတိုင်း၌ ကောင်းကင်ယံမှနေပြီး အမြဲတမ်း ပရိနိဗ္ဗာန်စံဝင်သည်အထိ လိုက်ပါနေလိမ့်မည် ဖြစ်သည်။

အရိမေတ္တေယျဘုရား တရားဟောတဲ့အခါ ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်ဒေသ၊ ဘယ်အရပ်ကဟောဟော စကြဝဠာတိုက်တစ်သောင်းလုံးက ဘုရားရှင်၏ တရားဟောအသံတော်ကို ကြားနေရမည်။ ဘုရားရှင်၏ ပုံသဏ္ဌာန်ကိုလည်း မြင်နေရမည်။ ထမင်းချက်၊ အဝတ်လျှော်၊ ကျောင်းသွားရုံးတက် နေရာတိုင်းက အသံလည်းကြား ရုပ်ဆင်းအင်္ဂါကိုလည်း မြင်နေရမည်။

ယင်းကာလ၌ ယှဉ်ပြိုင်ဝါဒ၊ ယှဉ်ပြိုင်ဘုရား မရှိဘူး။ ဗုဒ္ဓဘာသာ တစ်ခုတည်းသာ ရှိမည်။ သေဆုံးသွားသည့် ပုဂ္ဂိုလ်တွေလည်း နတ်ပြည်၊ ဗြဟ္မာပြည်နိဗ္ဗာန်ကိုသာ ရောက်ကြမည်။ ငရဲရောက်တဲ့သူ မရှိဘူးတဲ့။ အပါယ်လေးဘုံမှာ ရောက်ပြီးသား အဟောင်းတွေပဲရှိမည်။ ဘုရားရှင်၏ တန်ခိုးတော်ကြောင့် (၃၁)ဘုံမှာ အကာအရံမရှိ။ ဖီလာထုတ်ချင်းပေါက် မြင်နေကြရမှာဖြစ်သည်။ အပေါ်ကိုကြည့်လိုက်လျှင် နတ်သား၊ နတ်သမီး၊ ဗြဟ္မာတွေကို မြင်ရလိမ့်မည်။ အောက်ငုံ့ကြည့်လိုက်လျှင် ငရဲပြည်မှာ ငရဲခံစားနေရတဲ့ ငရဲသား၊ ငရဲသူ၊ ငရဲဒုက္ခတွေကို မြင်ကြရလိမ့်မည်။ ငရဲဒုက္ခကို မြင်ရတော့ ငရဲရောက်မည့် အကုသိုလ်အလုပ်တွေကို မလုပ်ရဲကြတော့ ငရဲမရောက်တော့ဘူး။

အရိမေတ္တေယျဘုရားရှင်၏ အရပ်တော်က အတောင် ရှစ်ဆယ်၊ မျက်တွင်းတော်က ငါးတောင်၊ ခံတွင်းတော်လည်း ငါးတောင်၊ နားရွက်တော်အစောက်ကား ငါးတောင်၊ လက်ချောင်းအကြားက တစ်ထွာ၊ ခြေဖဝါးတော်အလျားကား ဆယ်တောင်၊ ခြေမျက်စိမှ ပုဆစ်ဒူးတိုင်အောင် အတောင် နှစ်ဆယ်၊ လူတို့၏အရပ်ကား အတောင်လေးဆယ်၊ မျက်တွင်းက နှစ်တောင့်တစ်ထွာ၊ ခံတွင်းက နှစ်တောင့်တစ်ထွာ၊ နားရွက်အစောက်ကား နှစ်တောင့်တစ်ထွာ၊ ခြေဖဝါးအလျားကား ငါးတောင်၊ ခြေမျက်စိမှ ပုဆစ်ဒူးတိုင်အောင် အတောင် တစ်ဆယ်၊ မွေးကင်းစကလေးက ငါးတောင်ရှိမည်တဲ့။

လူတို့၏အလုံးအရပ် အဂိုကြီးငယ်သည် ဘုရားတစ်ဝက်စီချည်းသာ ဖြစ်လတ္တံ့။ အရိမေတ္တေယျဘုရားရှင်၏ တန်ခိုးတော်ကြောင့် ယောကျ်ားဆိုလျှင် နတ်သားလို၊ မိန်းမဆိုလျှင် နတ်သမီးလို ချောချောလှလှတွေချည်း ဖြစ်မှာတဲ့။ အမျိုးသားတွေက ရုပ်ချင်းဆင်တူ၊ အမျိုးသမီးတွေကလည်း ရုပ်ချင်း ဆင်တူသူတွေချည်းတဲ့။

အသက်ငါးရာ ပြည့်သည့်အခါ အချိန်တန် အရွယ်ရောက်ပြီးလျှင် အမျိုးသား၊အမျိုးသမီးတွေ အိမ်ထောင်ပြုကြလိမ့်မည်။ ဇနီးမောင်နှံနှစ်ဦး ခိုက်ရန်ဒေါသ မရှိ။ လင်

www.burmeseclassic.com

www.burmeseclassic.com

မယား ရန်ဖြစ်လို့ ကွဲကွာခြင်းမျိုး မရှိဘူး။ အမြဲတမ်း အဆင်ပြေနေပြီး ရာသက်ပန် ပေါင်းသင်းသွားကြရမည် ဖြစ်၏။ အမျိုးသမီးတိုင်းမှာ ပတ္တမြားနားတောင်း၊ လက်စွပ်၊ သက်ကောက်၊ ခြေချင်း စသည်တို့ကို ရွှေအိုးကြီးတွေထဲက ကြိုက်နှစ်သက်ရာကို ရွေးယူဝတ်ကြရမှာတဲ့။ ပြီးတော့လည်း အဝတ်ပဒေသာပင်တွေမှာ မည်သူမဆို ကြိုက်နှစ်သက်ရာ အဝတ်ကို ယူဝတ်နိုင်သည်။ စားစရာမျိုးစုံကို ဒေသာပင်တွေမှာ ယူစားချင်တဲ့အချိန် စားနိုင်သည်တဲ့။ ရောဂါဆိုလည်း ဘာရောဂါမှ မရှိဘူးတဲ့။ ထမင်းဆီယစ်တဲ့ ရောဂါ၊ ထမင်းမစားချင်တဲ့ရောဂါ၊ အိပ်ချင်တဲ့ရောဂါဟူ၍ သုံးမျိုးသာ ရှိသည်။

ဘုရားရှင်၏ တန်ခိုးတော်ကြောင့် တောတောင်ချောက်ချားပါးတွေ မရှိ။ မြေပြင်မြေညီတွေသာ ရှိမည်။ မြစ်ချောင်းတွေမှာ ရှိကြတဲ့ ရေတွေကလည်း သန့်ရှင်းကြည်လင်ညွန့်တွေ ကင်းစင်ပြီး အကြေအညာမစီးဘဲ ရေတွင်း၊ ရေကန်ထဲက ရေတွေလို တည်ငြိမ်ပြီး နေမည်တဲ့။ ဥတုသုံးပါးလည်း မပူ၊မချမ်း ညီမျှနေမည်။ မိုးတွင်းအခါ ရွာတဲ့နိုကာလည်း နေ့အခါ လူတွေ ကျန်းမာပျော်ရွှင်စွာ လုပ်ကိုင်နေထိုင်နိုင်ဖို့ရာအတွက် ညသန်းခေါင်ယံအချိန်မှာသာလျှင် ဆယ်ရက်တစ်ခါ၊ ဆယ့်ငါးရက်တစ်ခါ ပုံမှန် ရွာသွန်းလိမ့်မည်။ မိုးခေါင်ခြင်း၊ မိုးနည်းခြင်း၊ မိုးများခြင်းဟူ၍ မရှိ။ ဥတုမျှတ ရွာသွန်းပေးမည်ဖြစ်သည်။ သတ္တဝါတို့ရဲ့ ဘုန်းကံကြောင့် မစိုက်ပျိုးရဘဲ စင်ကြယ်မွေးပျုံတဲ့ သလေးစပါးတွေ အလိုလိုပေါက်ကြလိမ့်မည်။ စပါးတစ်ခေတ်ကို ထိုးတက် လူတွေရဲ့အထွာနှင့် သုံးထွာရှိမည်ဖြစ်၏။ စပါးတစ်ပင်သီးတဲ့ အသီးတွေကို လှည်းအစည်းပေါင်း(၇၂၇၂)စီး တိုက်ယူရလိမ့်မည်တဲ့။

အရိမေတ္တေယျဘုရားရှင်၏ တန်ခိုးတော်ကြောင့် ကမ္ဘာသောကကြီးမှာ နေ့အခါ၊ ညအခါဟူ၍ မရှိ။ နေ့ရောညဉ့်ပါ အခြားမှ လင်းထိန်ပြီးနေလိမ့်မည်။ နေ့အခါ၊ ညဉ့်အခါကို အယ်လို့ခွဲခြားသိနိုင်သလဲဆိုလျှင် နံနက်လင်း ပွင့်တဲ့ပန်း၊ ညှိုးတဲ့ပန်း၊ ကြက်တွန်သံတွေကို နားထောင်ပြီးတော့ နေ့၊ ည ခွဲခြားယူရမည်တဲ့။

ယင်းကဲ့သို့ ဂေါတမမြတ်စွာဘုရားရှင်က ဟောကြားတော်မူသောအခါ အရှင်သာရိပုတ္တရာမထေရ်ကြီးက အံ့သြခြင်းများစွာဖြစ်လျက်-

"အရှင်ဘုရား..နေ့မှန်း၊ ညမှန်း မသိရအောင် လင်းထိန်ပြီး ဖြစ်ရတဲ့ အရိမေတ္တေယျဘုရားရှင်ရဲ့ တန်ခိုးတော်ဟာ အဘယ်ကုသိုလ်မျိုးကြောင့် ဖြစ်ရတာလဲ ဘုရား"

ဟု လျှောက်ထားလေသော်-

"အရိမေတ္တေယျဘုရားရှင်သည် အတိတ်ဘဝတစ်ခုတုန်းက ဣန္ဒပတ္တနဂိုရ်ပြည်၌ စကြဝတေးမင်းဖြစ်ခဲ့စဉ်က ထိုခေတ်ကာလ၌ ပွင့်တော်မူသည့် ဘုရားရှင်၏ တရားတော်ကို နာကြားရသောအခါ ဘုရားရှင်ကို ကြည်ညိုပြီးတော့ ဘုရားရှင်ရဲ့ တရားတော်ကို ပူဇော်သော ဓမ္မပူဇာအနေဖြင့် သူ၏လည်ပင်းကို သူကိုယ်တိုင်ဖြတ် ဦးခေါင်းကို ဘုရားရှင်အား တရားပူဇော်မယ်ဆိုပြီးတော့ မလှူခင်မှာ ဆုတောင်းလေ၏။

အရှင်ဘုရားရဲ့ တရားတော်ကို နာကြားပြီးတော့ တရားတော်ကို ပူဇော်သောအားဖြင့် တပည့်တော်ရဲ့ ဦးခေါင်းကို အရှင်ဘုရားအား လှူဒါန်းပါတယ်ဘုရားဟုဆို၍ ဆက်ကပ်လေ၏။ ဤကုသိုလ်ကောင်းမှုကြောင့် တပည့်တော် ဘုရားဖြစ်သည့်အခါ ညဉ့်အခါရယ်လို့ မရှိ၊ နေ့အခါရယ်လို့ မရှိ နေ့ရောညပါ လင်းထိန်နေရပါလိမ့်၏ဘုရားလို့ ဆုတောင်းခဲ့တယ်။ သာမန်လူများ မလှူနိုင်တဲ့၊ လှူနိုင်ခဲတဲ့ ဦးခေါင်းကို ဖြတ်၊ အသက်ကိုလှူ၍ ဒါနပရမတ္ထ ပါရမီကုသိုလ်ထူးပြုဆုတောင်းခဲ့တဲ့ ကုသိုလ်ကြောင့်" ဟု ဟောကြားတော်မူသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် နောင်ပွင့်တော်မူမည့် အရိမေတ္တေယျဘုရားရှင်အား လက်ဦးစွာ ပူးမြော်ကြည်ညိုခွင့် ရရှိနိုင်စေရန်အတွက် ဒါန၊ သီလ၊ ဘာဝနာ၊ ဝိပဿနာတရားများကို စိတ်ရည်ဖွဲ့သန် သည်းညည်းခံ၍ အပတ်တကုတ် ပွားများကျင့်ကြံ အားထုတ်ကြရမည်ဖြစ်ပါကြောင်း ကောင်းမြတ်သော မနုဿိကာရဖြင့် တင်ပြအပ်ပေသည်။

မောင်ထည်ဝါ(ပျော်ဘွယ်)

ကျမ်းကိုး

* ပန်ချင်သူများ ခေါင်းဖြီးထား (အရှင်ဥတ္တမာမောဠိ)။

www.burmeseclassic.com

www.burmeseclassic.com

အယူမှားက ဆင်းရဲတာရည်တတ်သည်

ကျွန်မတို့၏ဘဝသည် ယခုခေတ်တွင် နိုင်ငံတိုင်းနှင့် အလွယ်တကူ ဆက်ဆံ၍ရသော နည်းပညာမြင့်မားသည့်ခေတ်ကို ရောက်ရှိနေပြီ ဖြစ်သည်။ ထိုသို့သောခေတ်တွင် Globalization ဟူသောဝေါဟာရ ထွန်းကားသည်။ ထိုဝေါဟာရအတိုင်း ကမ္ဘာအရပ်ရပ်သို့ မိမိ ကလည်း သွားလာနိုင်သည်။ မိမိတို့ထံသို့လည်း ကမ္ဘာအရပ်ရပ် က လူများ လာရောက်နိုင်သည်။ အလွယ်တကူပင် ကူးလူး ဆက်ဆံနိုင်သည်။ လူလူချင်း ကူးလူးဆက်ဆံခြင်း မပြုနိုင်လျှင် လည်း မီဒီယာများက ရင်းနှီးအောင် ဆက်သွယ်ပေးနိုင်သည်။ ထိုသို့ ကူးလူးဆက်ဆံဖန် များလာသည်နှင့် အယူအဆများ ရောနှောပေါင်းစပ်လာတတ်စမြဲပင် ဖြစ်သည်။ အကျင့်စရိုက် များလည်း ရောနှောသွားတတ်ကြသည်။

ထိုသို့ အယူအဆများ ရောလာသည့်အခါ မည်သည့် အရာ ကိုယ်ပိုင်၊ မည်သည့်အရာများက အင်္ဂါဟူ၍ မခွဲခြားတတ်တော့ဘဲ အကောင်းကိုလည်း ထိန်းရမှန်း မသိ၊ အဆိုးကိုလည်း ရှောင်ရမှန်းမသိ ဖြစ်တတ်သည်။ ထိုသို့ဖြင့် မိမိတို့တွင် အစဉ်အလာအားဖြင့် အလေး အမြတ်ပြုထားခဲ့သော ကောင်းမြတ်သည့် အစဉ် အလာ၊ အလေ့အထများလည်း ပျက်သုဉ်းလု မတတ် ဖြစ်လာတတ်သည်။ နိုင်ငံအနေဖြင့် နှစ်နာသည်မှာလည်း အနန္တဖြစ်သကဲ့သို့ မိမိ၏ တစ်ကိုယ်ရေအနေဖြင့်လည်း အယူမှားကြောင့် နှစ်နာသွားတတ်သည်မှာ အတိုင်းအဆပင် မရှိတတ်တော့ပေ။

ယခုတင်ပြမည့် သံသာရာမောစက ပေတီ ဝတ္ထုတွင် အယူမှားသဖြင့် ဆင်းရဲရ ခြင်းအကြောင်း များစွာဆင်ခြင်ဖွယ်ကောင်းသည့် အဆုံးအမများကို တင်ပြထားပါသည်။ ထိုဝတ္ထုကို မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူစဉ်က ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါ သည်။ မဂဓတိုင်း ဣဿကဝတီ အမည်ရှိသည့် ရွာငယ်တွင် နေထိုင်သည့် ပြိတ္တာမတစ်ယောက်ကို အကြောင်းပြု၍ ဟောတော်မူခြင်း ဖြစ်ပါသည်။

မဂဓတိုင်းတွင် ဣဿကဝတီနှင့် ဒီဃာရာဖိဟူသော ရွာငယ် နှစ်ရွာ ရှိကြလေသည်။ ထိုရွာနှစ်ရွာမှ လူများသည် သံသာရမောစက သတ္တဝါကို လူချွတ်မှ ကျွတ်သည်။ သတ်သောလူတွင် အပြစ်မရှိဟု ယုံကြည်လက်ခံကြလေသည်။ ထိုကဲ့သို့ သတ္တဝါကို လူချွတ်မှ ကျွတ်သည်ဟူသော စကားကို ယခုခေတ်တွင်လည်း

www.burmeseclassic.com

www.burmeseclassic.com

ပေါ့ပေါ့တန်တန်ပြောကာ သတ်ဖြတ်စားသောက်ကြသော သူများ ရှိတတ်ပါသည်။ သတိပညာဖြင့် မစောင့်ရှောက်နိုင်သိမ်းဘဲ ကြီးသူက ပြောကာ ငယ်သူက ယုံမှတ်သွားသည်နှင့် ယုံကြည်မှုအသစ် ဆိုသည်မှာ ပေါ်ပေါက်လာရခြင်းဖြစ်သည်။ မိစ္ဆာဝါဒမှာ ထိုသို့သောနည်းဖြင့် ပေါ်ပေါက်လာပါသည်။

ဂေါတမမြတ်စွာဘုရား ပွင့်တော်မူမီ လွန်ခဲ့သည့် အနှစ်(၅၀၀)ခန့်ကာလက အမျိုးသမီးတစ်ဦးသည် ဣဋ္ဌကာတိုင်းရွာတွင် လူဖြစ်ခဲ့ဖူး၍ သံသာရမောစက-သတ္တဝါကို လူ့ဘဝတိုက်မှ ကျွတ်သည်ဟူသော အယူကို လက်ခံသူဖြစ်ခဲ့သည်။ ထိုအမျိုးသမီးသည် နံကောင်၊ ပိုးကောင် များစွာကို အရေးအတွက်မသိသည့်တိုင် များစွာသတ်ဖြတ်ခဲ့သည်။ ထို့ကြောင့် သေလွန်သောအခါ ပြိတ္တာဖြစ်ခဲ့ရလေသည်။ ထိုပြိတ္တာမသည် အနှစ်(၅၀၀)တိုင်တိုင် အစာရေစာ ငတ်ပြတ်သည့် ဆင်းရဲတို့ကို ပြင်းထန်စွာခံစား၍ နေခဲ့ရသည်။

မြတ်စွာဘုရားရှင် ပွင့်တော်မူ၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည့်အချိန်တွင် ထိုပြိတ္တာမသည် ပြိတ္တာဘဝမှကျွတ်၍ ဣဋ္ဌကဝတီရွာ သံသာရမောစက အယူကိုယူသည့် သူများထံတွင် ဝင်စားကာ သူ့ဘဝကို ရခဲ့ပြန်လေသည်။

မြတ်စွာဘုရားရှင်၏ လက်ယာတော်ရံ အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးသည် ထိုဣဋ္ဌကဝတီရွာကို အမှီပြုကာ အရာဝတီ အမည်ရှိသည့် ကျောင်းတော်တွင် သီတင်းသုံးတော်မူသည်။ ထိုအချိန်တွင် ပြိတ္တာဘဝမှကျွတ်၍ လူ့ဘဝကို ပြန်ရောက်လာသော သူငယ်မသည် အသက်(၇)နှစ် (၈)နှစ်ခန့် အရွယ်သို့ရောက်ကာ မထေရ်မြတ်ကြီး သွားခဲ့ကြရာ လမ်းဘေးတွင် သူငယ်ချင်းများနှင့် ပျော်ပျော်ပါးပါး ကစားနေတတ်လေသည်။

ဘစ်နေ့တွင် ရဟန်းတော်(၁၂)ပါးတို့သည် ထိုရွာအနီးရောက်ခါးအနီးမှ ဖြတ်သွားသောလမ်းဖြင့် ကြွသွားတော်မူကြလေသည်။ ထိုအချိန်တွင် ရွာထဲမှ သူငယ်မကလေးလည်း ရွာတံခါးအနီးတွင် ကစားနေခိုက်ဖြစ်သဖြင့် မိဘတို့၏ အကျင့်စရိုက်ကိုလိုက်ကာ ရဟန်းတော်များကို မြင်သည်နှင့် ဝမ်းမြောက်ရွှင်လန်းသောစိတ်ဖြင့် လျင်လျင်မြန်မြန် ပြေးလာကြသည်။ ထို့နောက် မြေပေါ်တွင် ထိုင်လိုက်ကာ လက်နှစ်ဖက်ကိုယှက်၍ ရဟန်းတော်များကို ထိခြင်းကြီးငါးပါးဖြင့် ရိုသေစွာ ကန်တော့ကြလေသည်။

တချို့သော သူငယ်,သူငယ်မများသည် ထိုသို့ ထိခြင်းကြီးပါးပါးဖြင့် ကန်တော့ရသည်ကိုလည်းကောင်း၊ သုံးကြိမ်မျှ ညွှတ်တွားကန်တော့ရသည်ကိုလည်းကောင်း မသိနားမလည်ကြတော့ချေ။

တချို့က စိတ်သာရှင်စော ဘုရားဟောပါဟု ဆင်ခြေပေးတတ်ကြသေးသည်။ ရိုသေစိတ်၊ ယုံကြည်စိတ်၊ ရိုသေလေးစားစိတ်၊ မိမိကိုယ်ကို နှိမ့်ချတတ်သောစိတ် မပါလျှင် အပြုအမူများသည် ထောင့်မကျိုးတတ်ကြပါ။ လေးစားအပ်သောသူများကို မိမိတို့ကိုယ်တိုင် မလေးမစား လုပ်တတ်ပါလျှင် တူသောအကျိုးကိုရကာ မိမိတို့ကိုလည်း လူအများက မလေးစားတတ်ကြပါ။

ထိုကဲ့သို့သော ရဟန်းတော်များကို မြင်သည်နှင့် ရိုရိုသေသေ ကန်တော့ကြသော သူငယ်မများအလယ်တွင် သံသာရမောစက အယူကိုယူသည့် မိဘများမှ ဆင်းသက်လာသူ အမျိုးသမီးကလေးသည် ကုသိုလ်ကောင်းမှုနှင့် စပ်လျဉ်းသော အသိလည်းမရှိ၊ အလေ့အထလည်း မရှိသဖြင့် ရိုသေခြင်းကင်းစွာ မတ်တတ်ရပ်၍ ငေးလျက်နေသည်။

အရှင်သာရိပုတ္တရာသည် သူငယ်မ၏ ရှေးဘဝက ပြိတ္တာဖြစ်ရသော အကုသိုလ်ကံကိုလည်းကောင်း၊ ယခုဘဝတွင်လည်း သံသာရမောစက အယူကိုယူကာ အကုသိုလ်ခလေ့တို့တွင် ထုံမွှေ့နေသောကြောင့် နောက်ဘဝတွင် ငရဲသို့ ရောက်ရမည့် အဖြစ်တို့ကို မြင်တော်မူသည်။

ထို့ပြင် အကယ်၍ အရှင်မြတ်ကို ရှိခိုးလိုက်ပါက ထိုကောင်းမှုကြောင့်ပင် ငရဲသို့ မကျနိုင်တော့ဘဲ ပြိတ္တာဘဝသို့သာ ရောက်မည်။ ထိုပြိတ္တာအဖြစ်မှလည်း အရှင်မြတ်ကို အမှီပြုကာ လွတ်မြောက်၍ နတ်တို့၏ စည်းစိမ်ကို ခံစားနိုင်လိမ့်မည်ဟု မြင်တော်မူလေသည်။

အရှင်သာရိပုတ္တရာသည် သနားခြင်းကရုဏာထားကာ ရှိခိုးခြင်းဟူသော ကုသိုလ်ကောင်းမှုပြုဖြစ်အောင် နှိုးဆော်ချင်သောကြောင့် ရှိခိုးကန်တော့နေကြသော သူငယ်မများကို အသင်တို့က ရဟန်းတော်များကို ကန်တော့နေသော်လည်း အသင်တို့၏ သူငယ်ချင်းသည် ရိုသေမှုကင်းစွာ ရပ်လျက်သာနေသည်ဟု မိန့်တော်မူလိုက်လေသည်။

ထိုအခါ ကလေးများပီပီ သူငယ်ချင်းကို အလင်းဆွဲ၍ ထိုင်ခိုင်းကာ မထေရ်မြတ်အား ဦးတိုက်၍ ရှိခိုးစေလေ

www.burmeseclassic.com

သည်။ ထိုအချိန်တွင် သူငယ်မသည် အရှင်မြတ်ကြီးအား စိတ်ပါလက်ပါ ရှိခိုးဖြစ်ဟန်တူပါသည်။

အသက်အရွယ်အားဖြင့် ထိမ်းမြားပေးရန် အချိန်ကျလာသည့်အခါ မိဘများကလည်း သူတို့နှင့် အယူဝါဒတူသော အမျိုးသားတစ်ယောက်နှင့် လက်ထပ်ထိမ်းမြား ပေးစားလိုက်လေသည်။ ထိုအမျိုးသမီးသည် ကိုယ်ဝန်ဆောင်၍ ကလေးမွေးဖွားသည့်အချိန်တွင် သေဆုံးသွားခဲ့သည်။ သေဆုံးသည်တွင် လူဘဝတွင်ပြုခဲ့သော အကုသိုလ်တို့ကြောင့် ပြိတ္တာဘဝသို့ ကျရောက်သွားခဲ့သည်။ ကိုယ်တွင်လည်း အဝတ်မပါသဖြင့် အကြည့်ရဆိုးသည်။ အစာရေစာလည်း မစားရသဖြင့် ဆင်းရဲညှဉ်းနှိပ်လှလေသည်။

ထိုပြိတ္တာမသည် လူဘဝတွင် တစ်ကြိမ်တစ်ခါမျှ အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးကို ရှိခိုးကန်တော့ခဲ့ရသည်ကို သတိရသည်။ သူ့အား ကယ်မ,ပါရန် အရှင်မြတ်ကြီးကို တောင်းပန်လိုသော သဘောဖြင့် ညတစ်ညတွင် အရှင်မြတ်ကြီး သီတင်းသုံးသော ကျောင်းအနီးတွင်ရပ်ကာ ကိုယ်ထင်ပြလျက် နေလေသည်။ အရှင်မြတ်ကြီးသည် သူငယ်မဘဝက တွေ့ဆုံခဲ့စဉ်ကတည်းက ရှေ့တွင် မည်သို့ဖြစ်မည်ကို သိထားတော်မူခဲ့သည်။ ယခုလည်း ဤပြိတ္တာမသည်ကား သံသာရမောစက အယူမှားကြောင့် ပြုမိမှားသော အပြစ်များစွာဖြင့် ပြိတ္တာဖြစ်လာရသည်ကို သိတော်မူပါသည်။

သို့သော် စကားအဆက်အစပ် ရစေခြင်းငှာ အသင်သည် ကိုယ်အားဖြင့်လည်း ကြုံလိုလှသည်။ နံရိုးပြိုင်းပြိုင်းထကာ ကြည့်၍ပင်မကောင်းသော အနေအထားသို့ ရောက်နေပေသည်။ ထိုသို့ဖြစ်နေသော သင်သည် မည်သည့်ဘဝ၊ မည်သည့်အနွယ်က ဆင်းသက်လာခဲ့သူ ဖြစ်ပါသနည်းဟု မေးမြန်းခဲ့လေသည်။

ပြိတ္တာမကလည်း သူသည် လူဘဝက မည်သည့်အနွယ်တွင် ဖြစ်ခဲ့သည်။ မည်သည့်အပြစ်များကို ကျူးလွန်ခဲ့သည်။ သို့ဖြစ်၍ သာသနာရောင် ထွန်းလင်းသော လူ့လောကမှ စုတေမနေ၊ သေလွန်သောအခါ ယမမင်း၏ နယ်ပယ်၌ ပြိတ္တာအဖြစ်သို့ ရောက်ခဲ့ရပါကြောင်း လျှောက်ထားခဲ့သည်။

အရှင်မြတ်ကြီးက အဘယ်ကြောင့် ကုသိုလ်မှုများကို မပြုဘဲ အကုသိုလ်အမှုများကို ပြုခဲ့ရသနည်းဟု မေးမြန်းတော်မူပြန်ပါသည်။

ထိုအခါ ပြိတ္တာမက တပည့်တော်မ မွေးဖွားကြီးပြင်းခဲ့ရာ ပတ်ဝန်းကျင်တွင် ဤကား ကုသိုလ်မှု၊ ဤကား အကုသိုလ်မှုဟူ၍ ဆုံးမပြောကြားသော လူကြီးမိဘ မရှိခဲ့ပါဘုရား။ ထို့ပြင် သီလရှိသော အလှူခံပုဂ္ဂိုလ်များနှင့် လည်းကောင်း၊ ဆင်းရဲချို့တဲ့သဖြင့် တောင်းရမ်းစားသောက်ရသော သူများကိုလည်း လှူဒါန်းရသည်။ ပေးကမ်းရသည်ဖြစ်စေ ဆိုဆုံးမသော ဆရာကောင်း သမားကောင်းများလည်း မရှိခဲ့ပါဘုရားဟု လျှောက်ထားခဲ့သည်။

ထို့နောက် တပည့်တော်မအား သနားစောင့်ရှောက်ကာ ကယ်မ,မည်သူ မရှိပါက တပည့်တော်မသည် အသက် (၅၀၀)စလုံး အစားအစာကို မဝရေစာ စားသောက်နိုင်အောင် လှည့်လည်ကာ ရှာဖွေ၍ ဆင်းရဲဒုက္ခ ရောက်ရပါဦးမည့် အရှင်ဘုရားကို တပည့်တော်သည် ရှိသေစွာ ကန်တော့သည်ဘုရား။ တပည့်တော်အား သနားစောင့်ရှောက်သောအားဖြင့် အလှူဒါနပြုတော်မူကာ အမျှအတန်းကို ပေးဝေတော်မူပါဘုရား။ တပည့်တော်ကို ဆင်းရဲဒုက္ခမှ လွတ်မြောက်အောင် ဤသို့ ကယ်မ,တော်မူပါ။ သနားကရုဏာထား၍ စောင့်ရှောက်တော်မူပါဘုရားဟု လျှောက်ထားသည်။

အရှင်သာရိပုတ္တရာသည် ပြိတ္တာမ လူဘဝတွင်ရှိစဉ်ကတည်းက ဤသူငယ်မသည် လူဘဝကတည်းက ကျင့်ကျနိုင်သော အကုသိုလ်မှုများကို ပြုလုပ်လတ္တံ့။ အကယ်၍ ငါ့ကို ရှိခိုးနိုင်ပါလျှင် အပြစ်သင်္ကာသွားကာ ပြိတ္တာအဖြစ်သို့သာ ရောက်လတ္တံ့။ ထိုပြိတ္တာအဖြစ်မှလည်း ငါ့အကြောင်းပြု၍သာလျှင် လွတ်မြောက်ကာ နတ်ဝတ်တရားဆာများကို ရလတ္တံ့ဟု သိတော်မူပြီးဖြစ်သည်။ ထို့ကြောင့် ပြိတ္တာမက သူ့အား ရည်စူး၍ အလှူဒါန ပြုတော်မူပါရန်နှင့် အမျှအတန်းဝေတော်မူပါရန် လျှောက်ထားသည်ကို ကောင်းပြီဟု ဝန်ခံတော်မူလိုက်လေသည်။

ထို့နောက် အရှင်သာရိပုတ္တရာသည် ရဟန်းတော်များအား တစ်လုတ်စာသောဆွမ်း၊ လက်တစ်ဝါးစာမျှသော သကၠန်းပိုင်းနှင့် တစ်ခွက်စာသော သောက်ရေများကို ပြိတ္တာမအား ရည်စူး၍ လှူဒါန်းတော်မူလေသည်။ ဤနေရာတွင် အလှူပစ္စည်းဆိုသည်မှာ နည်းသည်,များသည်မဟုတ်၊ ပကာသနမပါဘဲ အလှူခံသူ၏အကျိုးကို ရှေးရှု၍လှူခြင်းသည် ကုသိုလ်အမျှပေးဝေလိုသောသူကို ရည်စူး၍ လှူခြင်းသည် အရေးကြီးသည်ဆိုသည့် အကြောင်းကို သတိသားမိကြ

www.burmeseclassic.com

ကိုအပ်ပါသည်။ တစ်လုတ်စာသောဆွမ်းဆိုသည်မှာ သံဃာတော်များ တန်းစီ၍ ဆွမ်းခံကြတော်မူသည့်အခါ တစ်ဖွဲနှုန်း၊ တစ်ယောက်မ စသည်ဖြင့် လောင်းလှူခြင်းသည် တစ်လုတ်စာသောဆွမ်း လှူသည့်သဘောနှင့် ညီမျှပါသည်။ သင်္ကန်းပိုင်း လက်တစ်ဝါးစာဆိုသည့် အချက်ကိုမူ အနည်းငယ်ချိုးရန် လိုအပ်ပါသည်။

ရှေးယခင်က သင်္ကန်းများကို ရဟန်းတော်များသည် သူကူ(ပံသုကူ)ရသည့် အဝတ်ပိုင်းတို့ကို ကိုယ်တော်များ ကိုယ်တိုင် လျှော်ဖွပ်ကာ ဖန်ရည်ဖြင့် ဆိုးရပါသည်။ ထို့ကြောင့် သင်္ကန်းဖြစ်အောင် ချုပ်ရပါသည်။ ထို့ကြောင့် အရိုက္ခရာရုစ်ပါးတွင် အပ်နှင့်အပ်ချည် ပါဝင်နေခြင်း ဖြစ်ပါသည်။ သင်္ကန်းကို မည်သို့ချုပ်ရမည်ဆိုသည်ကိုလည်း ဖော်ညွှန်းတော်ဖြင့် ပညတ်ထားပါသည်။ ထို့ကြောင့် လက်တစ်ဝါးစာ အဝတ်ပိုင်းကစ၍ ရဟန်းတော်များအဖို့ အသုံးဝင်ပါသည်။ တစ်ခါတစ်ရံ သင်္ကန်းအနားပတ်အတွက် အဝတ်အနည်းငယ် လိုနေသည့် ရဟန်းတော်များ ရှိတတ်ပါသည်။ ထို့ကြောင့် အရှင်သာရိပုတ္တရာလှူသော သင်္ကန်းအတွက် လက်တစ်ဝါးစာ အဝတ်ပိုင်းသည် အမှန်တကယ် အသုံးဝင်သော အဝတ်ပိုင်းဖြစ်ပါသည်။ သောက်ရေတစ်ခွက်သည်လည်း နေ့စဉ် လိုအပ်နေသော သောက်ဖွယ်ဖြစ်ခြင်း အရေးကြီးပါသည်။ အရှင်သာရိပုတ္တရာသည် ဤသို့သော ပစ္စည်းများကို လှူဒါန်းပေးကာ ပြိတ္တာမကြီးကို ကူညီခဲ့၍ အမျှအတန်းဝေပါသည်။

ထိုသို့စားဖွယ်သောက်ဖွယ်၊ ဝတ်ဖွယ်များကို လှူ၍ အလှူခံအဖို့ဘဂဂို အမျှဝေရသောအကျိုးသည် ချက်ချင်း ဖြစ်ပေါ်လာသည်။ ပြိတ္တာမသည် သန့်ရှင်းသပ်ရပ်သော အင်္ကျီကောင်းစားကောင်းများကို ဝတ်ဆင်ကာ အရှင်သာရိပုတ္တရာကို ကိုယ်ထင်ပြ၍ ဖူးမြော်မှုသည်။ အရှင်သာရိပုတ္တရာသည် ဤသို့တင့်တယ်သောကိုယ်၊ လှပသောအဝတ်အစားတို့ကို ဆင်ယင်ကာ ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် အရှင်မြတ်ကြီးကို လာရောက်ဖူးမြော်သော ပြိတ္တာမကြီး က သူ၏ဖြစ်အင်ကို သူကိုယ်တိုင်ပင် ပြန်လည်ပြောပြခဲ့ကာ ကြားရသူများ သဒ္ဓါပွားနိုင်သဖြင့် ပြိတ္တာမကြီး တစ်ဖြစ်လဲ နတ်သမီးအား အဘယ်အကြောင်းကြောင့် ဤသို့ကုသိုလ်တင့်တယ်သော အဝတ်အစားများဖြင့် တင့်တယ်နေရသည်ကို ကိုယ်တိုင်ပြောပြရန် တိုက်တွန်းတော်မူလေသည်။

ပြိတ္တာမကြီးကလည်း သူ့ကို ကရုဏာထားတော်မူသော အရှင်သာရိပုတ္တရာက သူ့ကို ရည်စူးကာ အစားအသောက်ရေ၊ အဝတ်တို့ကို လှူဒါန်းကာ အမျှပေးဝေခဲ့သဖြင့် ယခုကဲ့သို့ တင့်တယ်ပြည့်စုံသောအဖြစ်သို့ ရောက်ရသည့် အကြောင်းကို ရှင်းလင်းလျှောက်ထားလေသည်။

အရှင်သာရိပုတ္တရာ မထေရ်သည် ထိုအကြောင်းကို ဣဋ္ဌကဝတီနှင့် ဒီဃာရာဇိ ရွာများမှ လူအများကို ပြန်လည်ဟောကြားတော်မူခဲ့ရာ ထိုရွာသားတို့သည် မကောင်းမှုကို မသိနားမလည်စွာဖြင့် အလွယ်တကူပြုခြင်း၏ ဆိုးကျိုးကို လည်းကောင်း၊ ကုသိုလ်ကောင်းမှု၏ ကောင်းကျိုးပေးနိုင်စွမ်းကိုလည်းကောင်း နားလည်သဘောပေါက်ကြကာ ဥပါသကာများအဖြစ်သို့ ရောက်ကြလေသည်။

ဤဖြစ်ရပ်သည် ရဟန်းတော်များ၏အလယ်တွင် ထင်ရှားလှသဖြင့် ဘုရားရှင်အား လျှောက်ထားကြသောကြောင့် မြတ်စွာဘုရားရှင်ကလည်း ချဲ့ထွင်ဟောပြောတော်မူလေသည်။ ထိုတရားကို နာကြားကြရသော လူအပေါင်းသည်လည်း ကုသိုလ်,အကုသိုလ်တို့၏ အကျိုးပေးနှင့်ပတ်သက်၍ ကောင်းစွာသိလာကြသောကြောင့် မကောင်းမှုရှောင်ကောင်းမှုကိုဆောင်နိုင်သဖြင့် များစွာအကျိုးရှိကြလေသည်။

ဤဝတ္ထုသည် မိကောင်းဖကောင်း၊ ဆရာသမားကောင်းတို့က သားသမီး၊ တပည့် စသည့်သူတို့ကို ကောင်းစွာသွန်သင်ဆုံးမသင့်သည့်အကြောင်းကို ထင်ရှားစေသည်။ မိဘတို့က ကောင်းစွာသွန်သင်ထားသောသူသည် ကုသိုလ်, အကုသိုလ်တို့၏ အကျိုးအပြစ်ကို နားလည်နိုင်သည်။ မကောင်းမှုကို ရှောင်နိုင်သည်။ ကောင်းမှုကို ဆောင်နိုင်သည်။ သူတော်ကောင်းများနှင့် ကြုံသည့်အခိုက် ရှိခိုးဝပ်ချကန်တော့လိုက်ရသည်နှင့် အကုသိုလ်ကံကို ဖြတ်တောက်ကာ ကုသိုလ်တရားကို ပွားများနိုင်သည့်အခွင့်ကို ရနိုင်သည်။

ထို့ကြောင့် သိက္ခာကြီးမား တရားနှင့်ပြည့်စုံသော ပုဂ္ဂိုလ်များကို ရိုသေလေးစားစွာဖြင့် ဆည်းကပ်ပူဇော်ခြင်းသည် မိမိကိုယ်ကိုမိမိ ဆောက်တည်ရာကျသွားသည်ဟု တင်ပြရင်း သတ္တဝါ လူချွတ်မှ ကျွတ်သည်ဟူသော အယူသည် မမှန်ကန်သည့်အကြောင်း ထင်ရှားစေသည့် ဇာတ်ကြောင်းကို နိဂုံးချုပ်အပ်ပါသည်။

ဒေါက်တာမတင်ငြိမ်း

(ပညာရေးတက္ကသိုလ်)

www.burmeseclassic.com

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်း သုံးတော်မူနေစဉ် မထုင် ရှားသော နတ်သား ၏ တောင်းပန်လျှောက်ထား မှုကြောင့် (၃၈)ဖြာမင်္ဂလာ တရားတော်များကို ဟောကြား တော်မူခဲ့ရာ အမှတ်စဉ် (၃၄)ခုမြောက်အဖြစ် နိဗ္ဗာနသစ္ဆိကိရိယာစ မင်္ဂလာတရားတော်ကို ဆက်လက်ဟောကြားတော် မူခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုတရားတော်၌ အကြင်တရားသဘောသည် ဝါန [illegible]-ဘဏ္ဍာကျွန်၏အဖြစ်မှ၊ နိက္ခန္တိ-တော်လှန်လွတ် [illegible]ကင်းတတ်၏၊ ကုတ္တိ-ထို့ကြောင့်၊ တံ-ထိုတရားသဘော [illegible]သည်၊ နိဗ္ဗာနံ-ဂိဗ္ဗာန်မည်၏ဟု ဆိုထား၏။

နိဗ္ဗာနဟူသည် နိဗ္ဗာန်၊ သစ္ဆိကိရိယာဟူသည် မျက်မှောက်ပြုခြင်းဖြစ်ရာ ထိုနှစ်ရပ်ကိုဆက်စပ်သော် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၏ အဓိပ္ပာယ်ရပါသည်။

ထို့ကြောင့် ဤမင်္ဂလာပုဒ်အရ အရဟတ္တဖိုလ် နိဗ္ဗာန်ကိုသာ အလို [illegible]ပါ၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်းသည် မင်္ဂ လေးဆင့် ဖိုလ်လေးဆင့် ရှိသည့်အတွက် နောက်ဆုံးဖြစ်သော အရဟတ္တမင်္ဂမှ အရဟတ္တဖိုလ် ဆုံးသည့်တိုင်အောင် ဆိုက်ရောက်သောကြောင့် ဖြစ်ပါသည်။

နိဗ္ဗာန်ဆိုသည်မှာ

နိဗ္ဗာန်ဆိုသည်မှာ ဒေဝဂတိ၊ မနုဿဂတိ၊ တိရစ္ဆာန်ဂတိ၊ နိရယဂတိဟူသော သတ္တဝါတို့၏ လားရာ(၅)ဌာနတို့မှ ရုပ်၊ နာမ်၊ ဓမ္မ၊ သခါရဆိုသော အကျိုးဒုက္ခသစ္စာတို့မှ လွတ်မြောက်ခြင်း၊ ဝါနဟုခေါ်သော တဏှာသမုဒယသစ္စာမှ လွတ်မြောက်ခြင်းတို့ကြောင့် နိဗ္ဗာန်ဟု ခေါ်ရပါသည်။ ထိုနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန်အတွက် မဂ္ဂင်(၈)ပါး၊ သတိပဋ္ဌာန်တရားလေးပါး အစရှိ အကျင့်မြတ်တို့ကို ကျင့်

www.burmeseclassic.com

ဆောင်ရာတွင် သမထနိယာကလမ်းတစ်သွယ်နှင့် သုဒ္ဓဝိယ သနာယနိက လမ်းတစ်သွယ် နည်းလမ်းနှစ်မျိုးတို့ဖြင့် ကျင့်ဆောင်ပုံကို အရိယသစ္စာနဒဿနံမင်္ဂလာ အမှတ်စဉ်(၃၃) တွင် အကျယ်တဝင့် ရေးသားဖော်ပြခဲ့ပြီးပါပြီ။

မဟာသတိပဋ္ဌာန်တရား(၄)ပါးဖြစ်သော (၁) ကာယာနုပဿနာသတိပဋ္ဌာန်၊ (၂) ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ (၃) စိတ္တာနုပဿနာသတိပဋ္ဌာန်၊ (၄) ဓမ္မာနုပဿနာသတိပဋ္ဌာန် စသဖြင့် လေးပါးရှိသည်ထဲမှ မည်သည့်အမှတ်စဉ်ကို အားထုတ်ပွားများသည်ဖြစ်စေ နိဗ္ဗာန်သို့ မျက်မှောက်ပြုရန် ခရီးတွင် ဉာဏ်စဉ်(၁၆)ပါးနှင့် ဝိသုဒ္ဓိ(၇)ပါးတို့ကို ဖြတ်ကျော်လာကြရမည်ဖြစ်၍ ယင်းတို့ကို ဦးစွာသိရှိအောင် ရှင်းလင်းဖော်ပြရပါဦးမည်။

ဝိသုဒ္ဓိ(၇)ပါး

ဝိသုဒ္ဓိဆိုသည်မှာ စင်ကြယ်ခြင်းဖြစ်၍ အားလုံး (၇) မျိုးရှိရာ (၁) သီလဝိသုဒ္ဓိ၊ (၂) စိတ္တဝိသုဒ္ဓိ၊ (၃) ဒိဋ္ဌိဝိသုဒ္ဓိ၊ (၄) ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ (၅) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ (၆) ပဋိပဒါဉာဏဝိသုဒ္ဓိ၊ (၇) ဉာဏဒဿနဝိသုဒ္ဓိတို့ ဖြစ်ကြသည်။

ယင်းတို့ကို အားထုတ်ကြရာတွင် ဦးစွာ သီလဝိသုဒ္ဓိဟူသော သီလနှင့် ပြည့်စုံရခြင်း၊ စိတ္တဝိသုဒ္ဓိဟူသော စိတ်သမာဓိ တည်ကြည်ခြင်းတို့ ရှိဖို့လိုအပ်သည်။

ဒိဋ္ဌိဝိသုဒ္ဓိအနေဖြင့်မူ ကမ္မဋ္ဌာန်းဆရာ သင်ပြပေးသော ရုပ်နာမ်တရားတို့ကို စာသိသဘောမဟုတ်ဘဲ ထိုရုပ်နာမ်တို့၏ သဘာဝလက္ခဏာများကို မိမိဉာဏ်ဖြင့် ထိုးထွင်းသိမြင်လာမှ သီလဝိသုဒ္ဓိနှင့် ပြည့်စုံလာသည်ဟု ဆိုနိုင်သည့် အတွက် အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် နာမရူပပရိစ္ဆေဒဉာဏ် နှစ်ပါးစင်ကြယ်မှ ဒိဋ္ဌိဝိသုဒ္ဓိပြည့်စုံလာမည်ဖြစ်ပြီး တရားလမ်းစဉ်အမှန်သို့ ရောက်နိုင်သောကြောင့်ဖြစ်သည်။ ပစ္စယပရိဂ္ဂဟဉာဏ်ဆိုသော ရုပ်တရား၊ နာမ်တရားတို့၏ အကြောင်းအကျိုး ထင်မြင်လာလျှင် ကင်္ခါဝိတရဏဝိသုဒ္ဓိသည်လည်း ပြည့်စုံလာပါသည်။

သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်ဆိုသော ရုပ်နာမ်တရားတို့ကို ခွဲခြားဝေဖန်ပြီး ဖြစ်ခြင်း၊ ပျက်ခြင်းသဘောကို ထင်မြင်လာလျှင် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနှင့် ပြည့်စုံလာ၏။ ဥဒယဗ္ဗယဉာဏ်မှ အနုလောမဉာဏ်တိုင်အောင် ရုပ်နာမ်တရားတို့၏ ပျက်ခြင်းသဘောကို ကြောက်ရွံ့ရုံမုန်း ငြီးငွေ့လာကာ လွတ်မြောက်လိုခြင်းသဘောသို့ ဆင်ခြင်လာလျှင် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိနှင့် ပြည့်စုံလာပါ၏။

မဂ်ဉာဏ်အနေနှင့် မဂ်ဆိုက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုလာလျှင် ဉာဏဒဿနဝိသုဒ္ဓိနှင့် ပြည့်စုံလာပါသည်။ ဖိုလ်ဉာဏ်ဆိုသော နိဗ္ဗာန်ကို ထပ်မံခံစားခြင်း၊ ပစ္စဝေက္ခဏဉာဏ်ဆိုသော ကျန်သေးသည့် ကိလေသာများကို သုံးသပ်ဆင်ခြင်ခြင်း ဉာဏ်တို့သည်လည်း ဥပစာရအနေဖြင့် ဉာဏဒဿနဝိသုဒ္ဓိတွင် အကျုံးဝင်ပေသည်။

ဉာဏ်စဉ်(၁၆)ပါး

ဉာဏ်စဉ်(၁၆)ပါး၏ တစ်ပါးခြင်းအဓိပ္ပာယ်တို့ကို ဦးစွာ ဖော်ပြရှင်းလင်းပါမည်။

(၁) နာမရူပပရိစ္ဆေဒဉာဏ်-ရုပ်ကိုဖြစ်စေ၊ နာမ်ကိုဖြစ်စေ ဘာဝနာဉာဏ်ဖြင့် ပိုင်းခြားသိမြင်သောဉာဏ်၊

(၂) ပစ္စယပရိဂ္ဂဟဉာဏ်-ရုပ်နာမ်တို့၏ ဖြစ်ကြောင်းကို သိမ်းဆည်းသောဉာဏ်၊

(၃) သမ္မသနဉာဏ်-ရုပ်နာမ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတို့ကို သုံးသပ်သောဉာဏ်၊

(၄) ဥဒယဗ္ဗယဉာဏ်-ရုပ်နာမ်တို့၏ ဖြစ်လိုက်၊ ပျက်လိုက် ရှိနေခြင်းကို သိမြင်သောဉာဏ်၊

(၅) ဘင်္ဂဉာဏ်-ရုပ်နာမ်တို့၏ ပျက်စီးခြင်းကို သိမြင်သောဉာဏ်၊

(၆) ဘယဉာဏ်-ရုပ်နာမ်တို့၏ ပျက်စီးခြင်းကို ဘေးကြီးတွေပဲဟု ထင်မြင်လာသောဉာဏ်၊

(၇) အာဒီနဝဉာဏ်- ရုပ်နာမ်တို့၏ ပျက်စီးနေခြင်းသည် အပြစ်ဟုသိမြင်လာသောဉာဏ်၊

(၈) နိဗ္ဗိန္ဒာဉာဏ်-ရုပ်နာမ်တို့၏ ပျက်စီးနေခြင်းသည် စက်ဆုပ်ရွံရှာ ငြီးငွေ့စရာဟု ထင်မြင်လာသောဉာဏ်၊

(၉) မုဉ္စိတုကမျတာဉာဏ်-ရုပ်နာမ်တို့၏ ပျက်စီးနေခြင်းမှ လွတ်ရာ နိဗ္ဗာန်သို့ ကိုင်းရှိုင်းခြင်းဖြစ်လာသောဉာဏ်၊

(၁၀) ပဋိသင်္ခါဉာဏ်-ရုပ်နာမ်တို့၏ ပျက်စီးခြင်းကို တစ်ဖန် ပြန်သိမ်းဆည်းခြင်းဖြစ်သောဉာဏ်၊

(၁၁) သင်္ခါရပေက္ခာဉာဏ်-ရုပ်နာမ်တို့၏ ဖြစ်ပျက်ကို မချင့်မမှုန်း လျစ်လျူရှုနိုင်သောဉာဏ်၊

(၁၂) အနုလောမဉာဏ်-ရှေ့နောက်ဉာဏ်စဉ်တို့ကို သုံးသပ်ပြီး ပရိကံဥပစာအနုလုံခေါ်သော ဓောစိတ်(၃)ခုဖြင့် ယှဉ်သောဉာဏ်၊

(၁၃) ဂေါတြဘူဉာဏ်-ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ်ကို ပွားစေတတ်သောဉာဏ်၊

www.burmeseclassic.com

(၁၄) မဂ်ဉာဏ်-နိဗ္ဗာန်ကို မျက်မှောက်ပြုသိမြင်သော ဉာဏ် (ရုပ်နာမ်ဖြစ်ပျက်တရားတို့ကို လွန်မြောက်၍ စိတ္တလက္ခဏများ ချုပ်ငြိမ်းသွားခြင်းသည် မဂ်ဉာဏ်ပေါ်လာပြီး နိဗ္ဗာန်ကို အာရုံပြုနေချိန်ဟု ဆိုလိုပါသည်)

(၁၅) ဖိုလ်ဉာဏ်-နိဗ္ဗာန်ကို ပြန်ပြီးသိမြင်သောဉာဏ် [ဖိုလ်ဧသည် မဒ္ဒပုဂ္ဂိုလ်တွင် (၂)ကြိမ်၊ တိက္ခပုဂ္ဂိုလ်တွင် (၃)ကြိမ်ဖြစ်ရပါသည်]

(၁၆) ပစ္စဝေက္ခဏာဉာဏ်-မဂ်,ဖိုလ်,နိဗ္ဗာန် ပယ်ပြီး မပယ်ရသေးသော ကိလေသာငါးပါးတို့ကို ဆင်ခြင်သော ဉာဏ်။

ယခုဖော်ပြသော ဉာဏ်စဉ်(၁၆)ပါးသည် ပညာအရာ၌ စတဒဂ်ရခဲ့သော အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသုံးသပ်၍ သိရှိလာခဲ့သော ဉာဏ်စဉ်များ ဖြစ်ကြပါသည်။ ဤဉာဏ်စဉ်တို့ကို မည်သည့်ကမ္မဋ္ဌာန်းဆရာ၊ မည်သည့်ယောဂီကမျှ အားထုတ်နေသော ယောဂီ၏ ပေါက်ရောက်သောဉာဏ်ကို အတိအကျ မပြောဆိုနိုင်ကြပါ။ အားထုတ်နေသော ယောဂီ၏ တွေ့မြင်နေပုံ အထွေထွေကို မှန်းဆ၍သာ ဘယ်ဉာဏ်စဉ်လောက်တော့ ဆိုက်နေပြီဟု ခန့်မှန်းပြောဆိုနိုင်ကြပါသည်။

သက္ခရာ(၃)မျိုး

သတ္တဝါတို့၏ ခန္ဓာကိုယ်ကြီးတစ်ခုလုံးသည် ခဏမစဲသဲသဲ ပျက်နေသည်ဖြစ်သော်လည်း တရားအားမထုတ်မီ မသိနိုင်ကြခြင်းသည် အစိုင်အခဲရုပ်ဒြပ်သဏ္ဌာန်တွေကလွှမ်းနေသောကြောင့်ဖြစ်သည်ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာဆရာက ဖွင့်ဆိုထားပါသည်။

၄င်းတို့မှာ-

အနိစ္စလက္ခဏာတာဝ ဥဒယဗ္ဗယာနံ အမန သိကာရာ သန္တတိယာ ပဋိစ္ဆန္နကာ နဥပဋ္ဌာတိ..ဆိုသော ပါဠိတော်အရ သူတို့သည် ဖြစ်ခြင်း၊ ပျက်ခြင်း တရားတို့ကို နှလုံးမသွင်းကြသည့်အတွက် သန္တတိဆိုသောအစဉ်သည် ဖုံးလွှမ်းနေ၍ အနိစ္စလက္ခဏာမထင်ဟု ဆိုလိုပါသည်။

ဒုက္ခလက္ခဏာ အတိဏှ သမ္မဒ္ဓိပီဠနသ အမနသိကာရာ ဣရိယာပထေဟိ ပဋိစ္ဆန္နကာ နဖပဋ္ဌာတိ..ဆိုသော ပါဠိအဖွာယ်မှာ လူတို့သည် မပြတ်မလပ် နှိပ်စက်ညှဉ်းဆဲခံလုံ့တို့ကို နှလုံးမသွင်းကြသည့်အတွက် ဣရိယာပုဒ်က လွှမ်းထားသည်ကိုမသိဘဲ ချမ်းသာသည်ဟု ထင်နေကြသည့်အတွက် ဒုက္ခလက္ခဏာမထင်ဟု ဆိုလိုပါသည်။

အနတ္တလက္ခဏာ နာနာဓာတု ဝိနိဘ္ဘောဂသ အမနသိကာရာ ဃနေနပဋိစ္ဆန္နတ္တာ နဥပဋ္ဌာတိ..ဆိုသော ပါဠိအဖွာယ်မှာ လူတို့သည် မိမိကိုယ်ကို ငါ၊ သူ၊ သတ္တဝါ အစွဲများဖြင့် စွဲနေကြပြီး အထူးထူးသော ဓာတ်သဘာဝတို့သီးခြားဖြစ်နေကြပုံကို နှလုံးမသွင်းသည့်အတွက် ဃနများဖုံးလွှမ်းနေကာ ဓာတ်အစု၊ ကလပ်စု၊ အနတ္တလက္ခဏာတွေကို မမြင်တော့ဘဲ အရိပ်သဏ္ဌာန် ဟန်ပန်အစိုင်အခဲတွေကိုသာ ကြည့်မြင်နေကြသည်ဟု ဆိုလိုပါသည်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာရေးသုံးပါးသည် တရားအားထုတ်ကြသူတိုင်းအတွက် အလွန်အရေးကြီးပါသည်။ နိဗ္ဗာန်သို့ မျက်မှောက်ပြုကြရာတွင် ယင်းလက္ခဏာရေး(၃)ပါးကို ဘာဝနာဉာဏ်စဉ် စက်ရဟတ်တပ်ဆင်စီးနင်းကြရသည်ဖြစ်၍ နိဗ္ဗာန်သုံးမျိုး ထင်ပေါ်လာသည်ကို ရေးသားဖော်ပြပါဦးမည်။

နိဗ္ဗာန်(၃)မျိုး

(၃၈)ဖြာမင်္ဂလာတရားတော်တွင် ယခုရေးသားဆဲဖြစ်သော နိဗ္ဗာနသဒ္ဓိကိရိယာစမင်္ဂလာနှင့်ပတ်သက်၍ ဆက်စပ်နေသော နိဗ္ဗာန်(၃)မျိုးကို ဖော်ပြရလျှင် (၁) သုညတနိဗ္ဗာန်၊ (၂) အနိမိတ္တနိဗ္ဗာန်၊ (၃) အပ္ပဏိဟိတနိဗ္ဗာန်တို့ ဖြစ်ကြပါသည်။

(၁) သုညတနိဗ္ဗာန်

သုညတသဒ္ဒါသုဉ်းခြင်း၊ ကင်းဆိတ်ခြင်း၊ မရှိခြင်း အဓိပ္ပာယ်ကိုပြ၏။ ဆိုလိုသည်မှာ နိဗ္ဗာန်သည် ရာဂ၊ ဒေါသ၊ မောဟနှင့်တကွ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ တို့မှ ကင်းဆိတ်၏။ ထိုသို့ကင်းဆိတ်နေပုံ အခြင်းအရာကိုစွဲမှတ်၍ သုညတနိဗ္ဗာန်ဟု ခေါ်၏။

(၂) အနိမိတ္တနိဗ္ဗာန်

နိမိတ္တသဒ္ဒါ အရည်,အတို၊ အလုံးအခဲ စသော ပုံသဏ္ဌာန်အနက်ကို ဟောသည်။ ရုပ်ခန္ဓာသည် ရုပ်ကလာပ်ချင်း ပေါင်းစုတွေခဲလျက် ပုံသဏ္ဌာန်အမျိုးမျိုး ပေါ်ထွက်သည်။ နာမ်ခန္ဓာတွင်လည်း သာမန်ဉာဏ်ဖြင့် မသိသော်လည်း ဗုဒ္ဓဘုရားရှင်တို့ဉာဏ်တွင်မူ ပုံသဏ္ဌာန်မဟုတ်သော်လည်း ပုံသဏ္ဌာန်ကဲ့သို့ပင် ထင်ရှားစရာရှိ၏။ နိဗ္ဗာန်တွင်ကား ထိုသို့ပုံသဏ္ဌာန်များမရှိဟူသော အခြင်းအရာကို စွဲမှတ်၍ အနိမိတ္တနိဗ္ဗာန်ဟု ခေါ်၏။

(၃) အပ္ပဏိဟိတနိဗ္ဗာန်

ပဏိဟိတသဒ္ဒါသည် တောင့်တခြင်းအနက်ကို ဟော

www.burmeseclassic.com

www.burmeseclassic.com

၏။ မဏိမိသဒ္ဒါနှင့် အနက်တူ၏။ နိဗ္ဗာန်ကို တဏှာသဘော ဖြင့် မတောင့်တအပ်။ နိဗ္ဗာန်တွင် တောင့်တအပ်သော တဏှာလည်း မရှိ။ ထိုသို့တောင့်တအပ်သော တဏှာမရှိပုံ အခြင်းအရာ အာဏာကိုစွဲမှတ်၍ အပ္ပဏိဟိတနိဗ္ဗာန်ဟု ခေါ်သည်။

နိဗ္ဗာန်၏ အကျဉ်းချုပ်အဓိပ္ပာယ်မှာ ဘုံ(၃၁)တွင် မည်သည့်ဘုံ၊ မည်သည့်ဂတိ၊ မည်သည့်ဘဝတို့ကိုမျှ မလားတော့ဘဲ မွေးခြင်း၊ သေခြင်း၊ ရုပ်,နာမ် ဖြစ်ပျက်ခြင်းတို့ ကင်းလွတ်ခြင်းဖြစ်ရာ တည်စရာဘုံဗိမာန်လည်း မရှိတော့ချေ။ (၂၄)ပစ္စည်းနှင့်လည်း ကင်းလွတ်ပြီး အသစ်တမက်စိတ်၊ ဖိုလ်စိတ်တို့ကို အာရမ္မဏာသတ္တိဖြင့်သာ မြင်အောင် ပြုနိုင်ပေတော့သည်။

နိဗ္ဗာန်ပြဿနာ

ဤနေရာ၌ နိဗ္ဗာန်အကြောင်းနှင့်ပတ်သက်၍ မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသေန မထေရ်မြတ်တို့ မေးလျှောက်ဖြေကြားကြပုံကို ဖော်ပြလိုပေသည်။

ထိုကာလ၏ တစ်ခုသောနေ့ဝယ် မိလိန္ဒမင်းကြီးက အရှင်နာဂသေန မထေရ်မြတ်ကို မေးလျှောက်၏။

'အရှင်ဘုရား..နိဗ္ဗာန်ဆိုသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်လည်းမဟုတ်၊ ခဏတ္တယသို့ရောက်ဆဲ ဥပ္ပန္နခဏတ္တယသို့ ရောက်ဆဲ,ရောက်ပြီးမဟုတ်တဲ့ အနုပ္ပန္နလည်းမဟုတ်၊ မချုတ်ဇကန် ဖြစ်ပေါ်လာမှာလည်း မဟုတ်လို့ အရှင်ဘုရားတို့ ဟောကြားတော်မူကြပါတယ်။ တစ်စုံတစ်ယောက်သော သူသည် ကောင်းစွာကျင့်လို့ နိဗ္ဗာန်ကို မျက်မှောက်ပြုရတယ်ဆိုတာ ဖြစ်ဆဲနိဗ္ဗာန်ကိုလား သို့မဟုတ် ဖြစ်ပြီးနိဗ္ဗာန်ကို မျက်မှောက်ပြုသလားဘုရား'

ထိုသို့ နှိုက်နှိုက်ချွတ်ချွတ် ခက်ခဲသော မေးခွန်းကို အရှင်နာဂသေနက ဖြေကြား၏။

'မင်းမြတ်..ကောင်းစွာကျင့်တဲ့သူဟာ ဖြစ်ဆဲရော၊ ဖြစ်ပြီးတဲ့ နိဗ္ဗာန်ကိုရော မျက်မှောက်မပြုပါဘူး။ ကောင်းစွာကျင့်တဲ့သူဟာ အမှန်စင်စစ် နိဗ္ဗာန်ကို မျက်မှောက်ပြုပါတယ်။ နိဗ္ဗာန်ဓာတ်ဟာလည်း ရှိပါတယ်'

မင်းကြီးသည် ထိုအဖြေကို သဘောမပေါက်၍ ထပ်မံမေးလျှောက်၏။

'အရှင်ဘုရား..တပည့်တော်၏ မေးခွန်းပြဿနာကို လျှို့ဝှက်ဖုံးကွယ်ပြီး မပြပါနဲ့။ အရှင်ဘုရား သင်ကြားထားသော နည်းအားလုံးတွေကို ဆန္ဒရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်း ဖြေကြားတော်မူပါ'

'မင်းမြတ်..တပည့်တော်သည် ဆရာဆုံးမထားသည့် အတိုင်း အတတ်ပညာကို ရသလို ကောင်းစွာကျင့်ကြံအားထုတ်တဲ့သူသည်လည်း ဘုရားရှင် ဆုံးတော်မူသည့်အတိုင်း နိဗ္ဗာန်ကို ပညာနဲ့ မျက်မှောက်ပြုရပါတယ်။

မင်းမြတ် သိသာလွယ်အောင် ဥပမာများနဲ့ ဖြေဆိုရရင်-

(က) တောက်လောင်နေသော မီးပူထဲသို့ ကျရောက်နေသော ယောကျ်ားသည် မီးထဲမှလွတ်အောင် သူ့ရဲ့ လုံ့လ၊ ဝီရိယနဲ့ အားထုတ်လိုက်လို့ မီးတွင်းမှ လွတ်သလို၊

(ခ) မြွေကောင်ပုပ်၊ ခွေးကောင်ပုပ်၊ လူကောင်ပုပ် အညစ်အကြေးရှိတဲ့နေရာမှာ ရောက်နေတဲ့ ယောကျ်ားသည် ထို အပုပ်နံ့မှလွတ်အောင် ရုန်းထွက်သလို၊

(ဂ) ထိတ်လန့်ကြောက်ရွံ့ဖွယ်ဖြစ်တဲ့အရပ်မှ ယောကျ်ားသည် ဘေးလွတ်ရာအရပ်သို့ ရုန်းထွက်သလို၊

(ဃ) ညစ်နွမ်းနောက်ကျိုးတဲ့ ညှဉ်ပုပ်ရှိတဲ့နေရာမှ ယောကျ်ားသည် ထိုညှဉ်ပုပ်ရွံစေးတွေကို ဖယ်ရှားပြီး အညစ်အကြေးမရှိရာ အရပ်သို့ ရုန်းထွက်သလို။

ထိုဥပမာတွေအတိုင်း ကောင်းစွာကျင့်သောသူသည် ကိလေသာအညစ်အကြေးမှကင်းတဲ့ လွန်စွာချမ်းသာတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုရပါတယ်။

မင်းမြတ်..ညှဉ်စေးအပုပ်ကောင် စတဲ့အရာတို့ဟာ လာဘ်ပူဇော် အကျော်အစောတွေနဲ့ ပမာတူတယ်။ ထို ညှဉ်စေးအပုပ်ကောင်တွေ ရှိတဲ့နေရာမှာ ရောက်နေတဲ့ ယောကျ်ားသည် ကောင်းစွာပင် ဝိပဿနာဘာရားတွေကို ကျင့်ကြံနေတဲ့လူလို့ မှတ်ရပါမယ်။ ထိုညှဉ်စေး အပုပ်ကောင်တွေမရှိတဲ့ ဘေးကင်းစင်ကြယ်သန့်ရှင်းတဲ့ အရပ်နေရာသည် နိဗ္ဗာန်နဲ့ အတူတူပဲလို့ မှတ်ရပါမယ်။

မင်းမြတ်..ကောင်းစွာကျင့်ကြံသောသူသည် ပြင်းစွာ တောက်လောင်နေတဲ့ သံတွေ၊ ခဲတွေကို အစမှဖြစ်စေ အလယ်မှဖြစ်စေ၊ အဆုံးမှဖြစ်စေ ကိုင်ယူပြီး သွားနိုင်တဲ့ နေရာကို မမြင်သကဲ့သို့ သခါရတရားတွေရဲ့ ဖြစ်ခြင်း ပျက်ခြင်းကို သုံးသပ်တဲ့အတွက် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဘေးတို့ကို မြင်လာရတယ်။ သခါရတရားတွေရဲ့ ဘုံသုံးပါး ကို မမွေ့လျော်ဘဲ ငြီးငွေ့လာတာနဲ့အမျှ ထိုသခါရတို့ကို ငြိမ်းအေးရာ၊ ခန္ဓာငါးပါးကို စွန့်လွှတ်စွန့်ပစ်ရာ၊ တဏှာ ရာဂတွေရဲ့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ဆိုတာ ငြိမ်သက်မွန်မြတ်

www.burmeseclassic.com

ယ်လို့ သူစိတ်မှာ ဖြစ်ပေါ်လာရတယ်။ ဒီလိုလွတ်မြောက်ရာ လမ်းကို တွေ့ပြီမို့ နိဗ္ဗာန်သို့ ပြေးဝင်ရတဲ့အခါ အဲဒီသူဟာ ငါတော့ သခ်ါရတရားတွေမှ လွတ်မြောက်ရပေပြီလို့ ကြည်လင်ရွှင်ပျ နှစ်သက်ဝမ်းသာခြင်း ဖြစ်လာရတယ်။

မင်းမြတ်..ကောင်းစွာကျင့်သောသူသည် သခ်ါရတရား အားချပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း မဂ္ဂင်ရှစ်ပါးတရားကို အားထုတ်ပွားများတဲ့အခါ အောက်မေ့မှုသတိ၊ အားထုတ်မှုဝီရိယ၊ နှစ်သက်မှုပီတိတို့ ကောင်းစွာတည်ပြီး ဆင့်ဆင့်နှလုံးသွင်း အားထုတ်ဖန်များလာတဲ့အခါ သခ်ါရအပေါင်းမှ လွတ်မြောက်ရာနိဗ္ဗာန်သို့ သက်ဝင်ပြီး သစ္စာဓိဋ္ဌာန်အနေနဲ့ တကယ်ပင် မျက်မှောက်ပြုရပါတယ်'

ဆိုအခါတွင်မှ မိလိန္ဒမင်းကြီးသည် အရှင်နာဂသေန ထံသို့ချဉ်းကပ်မြတ်၏ ဖြေကြားချက်ကို နားလည်သဘောပေါက်ကာ 'ကောင်းလှပါတယ်ဘုရား၊ ဆိုတော်မူတိုင်း ဝန်ခံပါတယ်ဘုရား' ဟု ပြန်လည်လျှောက်ထားလေသည်။

မဂ်၊ လေးဖိုလ်

နိဗ္ဗာန်ကို မျက်မှောက်ပြုရာတွင် မဂ်၊ ဖိုလ်အားဖြင့် ဆင့်(၄)ဆင့် ရှိပါသည်။ ၄င်းတို့မှာ (၁) သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်၊ (၂) သကဒါဂါမိမဂ်၊ သကဒါဂါမိဖိုလ်၊ (၃) အနာဂါမိမဂ်၊ အနာဂါမိဖိုလ်၊ (၄) အရဟတ္တမဂ်၊ အရဟတ္တဖိုလ်တို့ ဖြစ်ကြသည်။ ထိုလေးမဂ်၊ လေးဖိုလ်တို့တွင် ပတ်သက်နေသော သောတာပန်(၃)မျိုးအကြောင်းကို ရှင်းရေးသားပါမည်။

သောတာပန်(၃)မျိုး

တရားအားထုတ်သောယောဂီသည် ပထမဆုံးအနေဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်လျှင် သောတာပန်ဖြစ်ပြီး သံယောဇဉ်တရား(၁၀)ပါးထဲမှ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသနှင့် အပါယ်(၄)ပါးသို့ ပစ်ချစေတတ်သော ကာမရာဂပဋိဃဆိုသော တရား(၅)မျိုးတို့ကို ပယ်ပြီးဖြစ်သည့်အတွက် အပါယ်တံခါးပိတ်ပြီးသူ ဖြစ်သွားပါသည်။ ဤသောတာပန်အဖြစ်ကို ဘဝဖြိဖြောတာပန်သည် တစ်ဘဝ၊ ကောလံကောလသောတာပန်သည် (၂)ဘဝမှ (၆)ဘဝ၊ သတ္တက္ခတ္တုံပရမသောတာပန်သည် (၇)ဘဝတို့သာ ပဋိသန္ဓေယူကြရပါတော့သည်။

သကဒါဂါမ်သည် ရုန့်ရင်းကြမ်းတမ်းသော ကာမရာဂ ပဋိဃတို့ကို ပယ်ပြီးဖြစ်၍ ကာမဘုံတွင် (၁)ကြိမ်သာ ပဋိသန္ဓေယူရသည်။ အနာဂါမ်ပုဂ္ဂိုလ်မှာ သိမ်မွေ့သော အနုစား ကာမရာဂနှင့် ပဋိဃတို့ကို ပယ်ပြီးဖြစ်၍ ကွယ်လွန်သောအခါ သုဒ္ဓါဝါသဗြဟ္မာပြည်သို့ရောက်ရှိပြီး အောက်ဘုံများသို့ ပြန်လည်ခြင်းမရှိတော့ဘဲ ဗြဟ္မာဘုံမှာသာ ပရိနိဗ္ဗာန်စံဝင်ရပါသည်။

အရဟတ္တမဂ်၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ရဟန္တာမြတ်သည် သံယောဇဉ်(၁၀)ပါးနှင့်တကွ ရူပ၊ ရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာ စသောကိလေသာဟူသမျှတို့ကို မြုတ်မျှမကျန်အောင် အလုံးစုံအနုသယ အမြစ်ပါမကျန် ပယ်သတ်ပြီး အာသဝေါတရားလေးပါးတို့ ကုန်ကြပြီးဖြစ်၍ သတိနှင့်ကင်းလွတ်သော အချိန်အခါဟူ၍ ဘယ်အခါမျှ မရှိတော့။ တုန်လှုပ်ချောက်ချားခြင်း၊ နှစ်သက်သာယာ စွဲလမ်းခြင်းတို့လည်း မဖြစ်ပေါ်တော့။ ရဟန္တာဖြစ်ပြီး အရိယာပုဂ္ဂိုလ်မြတ်သည် လူဝတ်နှင့်မနေနိုင်သောကြောင့် ရဟန်းဘောင်သို့ ကူးပြောင်းရ၏။ လူ့ဘဝတွင် ခန္ဓာရှိနေချိန်၌ သဉပါဒိသေနိဗ္ဗာန်ကိုသာ ရရှိထားသော်လည်း ခန္ဓာချုပ်ငြိမ်း၍ ပရိနိဗ္ဗာန်ပြုပြီးသောအခါ အနုပါဒိသေသနိဗ္ဗာန်ဆိုသော ခန္ဓာအိမ်တို့၌ ထပ်တလဲလဲ ပဋိသန္ဓေနေရခြင်း စသော (၃၁)ဘုံသံသရာဝဋ်ဒုက္ခမှ အပြီးအပိုင် ကျွတ်လွတ်ခံစားနိုင်ပါတော့သည်။ နောက်ထပ်၍ ကျင့်သုံးအားထုတ်စရာ မရှိတော့ပေ။

လေးမဂ်လေးဆင့်တက်ပုံ

ပထမဆုံး သောတာပန်ဖြစ်ပြီးသော ပုဂ္ဂိုလ်သည် ဒုတိယအဆင့်ဖြစ်သော သကဒါဂါမ်အဖြစ် တက်လိုလျှင် မူလသောတာပန် ဖြစ်လာရန် ရပ်နာမ်မှစ၍ အားထုတ်ခြင်း မပြုတော့ဘဲ ဥဒယဗ္ဗယဉာဏ်ဟူသော ဖြစ်ပျက်မှစ၍ နိဗ္ဗာန်ကို ထပ်မံမျက်မှောက်ပြုနိုင်ရန် အားထုတ်ယူရပါသည်။ သကဒါဂါမ်မှ အနာဂါမ်သို့ တက်လိုလျှင်ဖြစ်စေ၊ အနာဂါမ်မှ ရဟန္တာအဆင့်သို့ တက်လိုလျှင်ဖြစ်စေ၊ ဥဒယဗ္ဗယဉာဏ်မှစပြီး အဆင့်တိုင်း အားထုတ်ယူပြီး အရဟတ္တမဂ်၊ အရဟတ္တဖိုလ်သို့ရောက်ရှိမှ အားထုတ်ခြင်းကိစ္စ ပြီးပြတ်ပါ၏။

ဘုရားရှင်လက်ထက်တော်အခါက အချို့သော လူ့ပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်များသည် လေးမဂ်၊ လေးဖိုလ်တိုင်အောင် မပြီးဆုံးကြသောကြောင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် စသောအဆင့်တို့၌ တည်နေကြသော်လည်း အထက်က ဖော်ပြခဲ့သည့်အတိုင်း အချို့ကတစ်ဘဝ၊ အချို့က ခုနစ်ဘဝအထိ လူ့ဘုံနတ်ဘုံများတွင် ကျင်လည်ရင်း ထိုဘဝများမှတစ်ဆင့် ပရိနိဗ္ဗာန်စံဝင်နိုင်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤနေရာ၌ ဘုရားရှင်ဟောကြားသော (၃၈)ဖြာမင်္ဂလာ တရားတော်မှ နိဗ္ဗာနသစ္ဆိကိရိယာစမင်္ဂလာ တရားတော်နှင့် တိုက်ရိုက်အကျုံးဝင်သော မှတ်သားဖွယ်ရာ ဝတ္ထုကလေးများကို ဖော်ပြရေးသားပါဦးမည်။

နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းများ

မဂ္ဂါနုဋ္ဌိကော အစရှိသော ဒေသနာတော်ကို ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် (၅၀၀)သောရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့၏။ ဝတ္ထုကြောင်းမှာ ဤသို့တည်း။

ဘုရားရှင်သည် ကျေးရွာအသီးသီးသို့ ဒေသစာရီခရီးလှည့်လည်ပြီးနောက် သာဝတ္ထိပြည်သို့ ပြန်လည်ရောက်ရှိရာ တရားသဘင်၌ ရဟန်း(၅၀၀)တို့က မိမိတို့ သွားခဲ့ရသော ခရီးလမ်းတို့ ကြမ်းတမ်းသည်၊ ညီညွတ်သည် စသည်ဖြင့် ပြန်လှန်ပြောဆိုကြကုန်၏။

ထိုအခါ ဘုရားရှင်သည် ရဟန်းတို့၏ အရဟတ္တဖိုလ်သို့ ရောက်ရန်အကြောင်း ပြည့်ဝစုံလင်သည်ကို မြင်တော်မူ၍ 'ချစ်သောရဟန်းတို့..သင်တို့ ပြောကြားနေသော ခရီးလမ်းများကား အပြင်အပ ဗာဟိရခရီးများအကြောင်း ဖြစ်သည်။ ရဟန်းမည်သည်ကား အရိယာတို့၏ သွားရာခရီးကို ပြုသင့်၏'ဟု မိန့်တော်မူပြီးလျှင် အောက်ပါ ဒေသနာတော်ကို ဆုံးမဟောကြားတော်မူ၏။

* ချစ်သားရဟန်းတို့..မင်္ဂခရီးလမ်းကြောင်းတွင် အင်္ဂါရှစ်ပါးရှိသောမင်္ဂသည် ဖြစ်၏။ သစ္စာအပေါင်းတို့တွင် ဒုက္ခ၊ သမုဒယ၊ နိရောဓနှင့် မဂ္ဂသစ္စာ ဤ(၄)ဖြာသည် မြတ်၏။ တရားအပေါင်းတို့တွင် ရာဂကင်းရာ နိဗ္ဗာန်တရားသည် မြတ်၏။ အခြေခံစ်ခြောင်းတို့တွင် စက္ခု(၅)ပါးရှိသော ဘုရားသည် မြတ်၏။ (၂၇၃)

* ရဟန်းတို့..ဥာဏ်အမြင်စင်ကြယ်ခြင်းငှာ အင်္ဂါရှစ်ပါးရှိသော မင်္ဂသည်သာလျှင် နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းအမှန် ဖြစ်၏။ ဤမှတစ်ပါး အခြားသွားလမ်း မရှိ။ ထိုမဂ္ဂင်ခရီးကိုသာလျှင် ကျင့်ဆောင်ပွားများ သွားကြကုန်လော့။ မာရ်နတ်မင်း၏ တွေဝေရာပေတည်း။ (၂၇၄)

* ထိုမဂ္ဂင်ခရီးကိုသာလျှင် ကြိုးစားကျင့်ဆောင်သွားသော သင်တို့သည် သံသရာဝဋ်ဆင်းရဲ အဆုံးကို ပြုရကုန်လတ္တံ့။ ရာဂ စသောငြောင့်တို့ကို နုတ်ပယ်သည့် ထိုမဂ္ဂင်ခရီးကို ကိုယ်တိုင်သိ၍ ဤမဂ္ဂင်ခရီးကိုသာ သင်တို့အား ငါဘုရားသည် ဟောတော်မူအပ်၏။ (၂၇၅)

* သင်တို့သည် လုံ့လပြုအပ်၏။ ငါဘုရားတို့သည် ဟောလည်း ဟောအပ်ကုန်ပြီ။ ကျင့်ကြံကုန်သော စျာန်တို့ဖြင့် ရှုလေ့ရှိကြကုန်သောသူတို့သည် ဘုံသုံးပါးဝဋ်တည်းဟူသော မာရ်နတ်မင်း၏ အနှောင်အဖွဲ့မှ လွတ်မြောက်ရကုန်၏။

ထိုဒေသနာတော်၏အဆုံး၌ များစွာသော ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။

(ဓမ္မပဒ မဂ္ဂဝဂ် ရှေးဦးစွာသော ငါးရာသောရဟန်းတို့ ဝတ္ထု)

တရားစောင့်သော ခိုးသားများဝတ္ထု

မေတ္တာဝိဟာရီအစ၍သော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ များစွာသောရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။ ဝတ္ထုကြောင်းကား ဤသို့တည်း။

အရှင်မဟာကစ္စည်းမထေရ်သည် အဝန္တိတိုင်းရွာတွင် အမျိုးအိမ်ရှိရာမြို့ကို အမှီပြု၍ ပဝတ္တတောင်၌ သီတင်းသုံးနေ၏။ ထိုအခါ ကောဋိကဏ္ဏသောဏ အမည်ရှိ ဥပါသကသည် တရားတော်၌ ကြည်ညိုု၍ ရဟန်းပြုခွင့်တောင်းခံ၍ မထေရ်က သုံးကြိမ်မြောက် တောင်းဆိုတော့မှ ရဟန်းပြုပေးသည်။ ထိုသောဏရဟန်းသည် ရဟန်းအဖြစ်နှင့် (၁)နှစ်ကြာနေထိုင်ပြီးမှ ဥပဇ္ဈာယ်ဆရာကို ခွင့်မန်ကာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ဘုရားရှင်ကို ဖူးမြင်ရန် သွားရောက်၏။

ဘုရားရှင်က သောဏရဟန်းကို တစ်ခုတည်းသော ဂန္ဓကုဋိ၌ အတူအိပ်ရန် သနားခွင့်ပြု၏။ မိုးသောက်အခါတွင် ဘုရားရှင်က တိုက်တွန်း၍ ရဟန်းသည် (၁၆)ပါးသော ဝဂ်၊ (၈)ပါးသောဝဂ် ရှိကုန်သော ဘုရားစကားတော်တို့ကို သရဘညဝဂ်ဖြင့် ရွတ်ဆိုပူဇော်လေရာ ဘုရားရှင်က သာဓုခေါ်တော်မူ၏။ ထို့အတူ နဂါး၊ ဂဠုန်မှစ၍ ဗြဟ္မာပြည်တိုင်အောင် သာဓုခေါ်ကုန်ကြ၏။ ထိုအသံတို့ကိုကြား၍ ယူသော(၁၂၀)ဝေးကွာသောအရပ်ရှိ မိခင်၏နေအိမ်မှ အိမ်စောင့်နတ်သမီးကလည်း သာဓုခေါ်လေရာ ရဟန်း၏မိခင်က ကြားသိပြီး 'အသင်သည် ရှေးက ငါ့အား ကောင်းချီးမပေး၊ ယခု အဘယ်ကြောင့်ပေးသနည်း'ဟု မေး၏။ အိမ်စောင့်နတ်သမီးက အကြောင်းစုံ ရှင်းပြသည်တွင် မိခင်ကြီးသည် ကြီးစွာသော ပီတိဖြစ်လျက် သားပြန်လာလျှင် တရားနာအံ့ဟု ကြိုတင်အသိ ခံထားလေသည်။

သောဏမထေရ်သည် မြတ်စွာဘုရားထံမှ ပြန်လာပြီးလျှင် မိမိ၏ဆရာမထေရ်နှင့်တကွ မိခင်၏ကျွေးသို့ ဆွမ်း

www.burmeseclassic.com

ကြရောက်သည်။ မိခင်ကြီးသည် ကောင်းစွာဆွမ်းလုပ်ကျွေး ပြီးနောက် အိမ်စောင့်နတ်၏ ပြောစကားကို လျှောက်ထား ဖူ မိမိတို့ကိုလည်း တရားဟောပါရန် ပန်ကြား၍ မဏ္ဍပ် ဆောက်လုပ်ကာ တရားနာယူကြရန် စီစဉ်၏။ တရားပွဲ ကျင်းပသော ညၭ မိခင်ဥပါသိကာမကြီးသည် အိမ်ၭ အမျိုး သမီးငယ်တစ်ယောက်သာ ချန်ထားခဲ့ပြီးနောက် တရားပွဲသို့ သွားကြ၏။

ထိုအခါအခွင့်ကို စောင့်နေကြသော ခိုးသားကိုးရာတို့ သည် ဥပါသိကာမကြီးတို့ တရားပွဲသွားကြသည်နှင့် ထိုအိမ် ကို မြေအောက်ဥမင်လမ်းဖောက်၍ဝင်ကာ ခိုးယူဖို့ စိုင်းပြင်း ကြ၏။ အကယ်၍ ဥပါသိကာမကြီး သိၭ အိမ်သို့ ပြန်လာ ခဲ့ပါလျှင် လမ်းမှာပင် သတ်ဖြတ်ရန်အတွက် ခိုးသားခေါင်း ဆောင်က ဥပါသိကာမကြီး တရားနာရာအနီး၌ စောင့်ကြည့် နေ၏။

အိမ်မှ အစောင့်အမျိုးသမီးသည် ခိုးသားတို့ ငွေတိုက် ကို ဖောက်သည်ကိုတွေ့လျှင် တရားမဏ္ဍပ်သို့ပြေး၍ ဥပါသိ ကာမကြီးကို အကြောင်းကြားသော် အမေသည် ပြတ်၏ဟု ထင်မြင်လိုက်သည်။ အိမ်စောင့်အမျိုးသမီးလည်း အိမ်သို့ ပြန် သွား၏။ တစ်ဖန် ခိုးသားတို့သည် ငွေများကို အကုန်အစင် သယ်ပြီးနောက် ရွှေတိုက်ကို ဆက်ဖောက်ကြသည်ကို တွေ့ ပြန်သဖြင့် နောက်တစ်ကြိမ် ပြေးပြောရပြန်သော် ဥပါသိ ကာမကြီးက ယူချင်သလောက် ယူပါစေ။ လာပြောမနေနဲ့ ဟု ဆိုကာ အိမ်စောင့်ကိုပါ တရားနာရန် အတူခေါ်ထား သွားတော့၏။

ခိုးသားခေါင်းဆောင်သည် ထိုအကြောင်းတို့ကို ကြားရ သိရသောအခါ တုန်လှုပ်လာ၏။ ဤမျှတရားတော်ၭ စွဲမြဲ သူတို့၏ ပစ္စည်းကို ခိုးယူသော် မိုးကြိုးစက်ကျ၍ ငါတို့ ခေါင်းကို ခွဲရာ၏ဟု ကြောက်လန့်ကာ တပည့်ကိုးရာတို့ အမြန်ပြန်ပြေး၍ ခိုးသမျှ ပစ္စည်းတို့ကို နေရာတကျ ပြန်သားစေလေသည်။ သောဏရဟန်းသည် တစ်ညၭပတ် လုံး တရားဟောကြား၍ မိုးသောက်ချိန်တွင်မှ တရားဟော ပြီးဆုံး ဆင်းတော်မူ၏။

ထိုအချိန်တွင် ခိုးသားခေါင်းဆောင်သည် ဥပါသိကာ ကြီး၏ ခြေရင်းသို့ ဝပ်စင်းကာ ဥစ္စာများ ခိုးယူမိခြင်း အတွက် ဥပါသိကာမကြီးကို သတ်ဖြတ်ရန် ကြံစည်မိခဲ့သမျှတို့ အတွက် ခွင့်လွှတ်ပါရန် ဝန်ချတောင်းပန်၏။ ထို့နောက် ကြင်သောဏမထေရ်ထံတွင် ရဟန်းပြုကြရန် မိခင်ကြီးက ခွင့်တောင်းပေးပါဟု တောင်းပန်ပြန်၏။ မိခင်ကြီးသည် သားရဟန်းကို ရှိခိုးကာ ခိုးသားတို့အား ရဟန်းပြုပေးပါရန် ပန်ကြားသဖြင့် သောဏမထေရ်လည်း ခိုးသားတို့ကို ရဟန်း ပြုပေးတော်မူ၏။ ပြီးနောက် အသီးသီးသော ကမ္မဋ္ဌာန်းတို့ကို ပေးလိုက်၏။ ရဟန်းကိုးရာတို့သည် တောင်ထိပ်တစ်ခုပေါ် သို့တက်၍ သစ်တစ်ပင်ရင်းစီ၌ တရားအားထုတ်ကြကုန်၏။

မြတ်စွာဘုရားရှင်သည် ထိုရဟန်းကိုးရာတို့၏ ဥပ နိဿယတို့ကို မြင်တော်မူသဖြင့် ယူဇနာ(၁၂၀)အထက်ၭ ရှိသော ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးနေလျက်မှ ကိုယ်ရောင်ခြည်တော်တို့ကို ပျံ့နှံ့သိမြင်စေ၏။ ပြီးနောက် ထိုရဟန်းတို့၏စရိုက်နှင့် လျော်ညီစွာသော တရားဒေသနာ တော်တို့ကို ဝိုင်းခြား၍ ဟောကြားပေးတော်မူသည်မှာ-

* ရဟန်းတို့..မေတ္တာတရားပွားများလေ့ရှိသော သာသ နာတော်ၭ ကြည်ညိုသောရဟန်းသည် သခ်ါရတို့၏ ချုပ် ငြိမ်းရာ အေးချမ်းသောနိဗ္ဗာန်ကို ရနိုင်၏။ (၃၆၈)

* ရဟန်းတို့..ခန္ဓာတည်းဟူသော လှေမှ မိစ္ဆာဝိတက် ဟူသော ရေကို ပက်ထုတ်လော့။ လှေဝမ်းထဲမှရေကို ပက် ထုတ်ပြီးသော လှေသည် တစ်ဖက်ကမ်းသို့ လျင်စွာသွားနိုင် သကဲ့သို့ ရာဂနှင့်ဒေါသကို ဖြတ်နိုင်လျှင် နိဗ္ဗာန်သို့ ဆိုက် လတ္တံ့။ (၃၆၉)

* ရဟန်းတို့..အောက်သံယောဇဉ်(၅)ပါးကို ဖြတ်လော့။ အထက်သံယောဇဉ်(၅)ပါးကို ပယ်လော့။ သဒ္ဓါစသော တရား(၅)ပါးကို မွားလော့။ လောဘစသော ငြိတွယ်ခြင်း (၅)ပါးမှ လွတ်မြောက်သောရဟန်းကို သံသရာဝဲသြဃမှ လွတ်မြောက်ပြီးသူဟု ဆိုအပ်၏။ (၃၇၀)

* ရဟန်းတို့..အနိစ္စ စသည်ဖြင့် ဈာန်ကို ရှုလော့။ သင်္ ၏စိတ်ကို ကာမဂုဏ်တို့ၭ မမွေ့လျော်စေနှင့်။ မေ့လျော့၍ သံတွေခဲကိုမျိုး၍ အပူမီးလောင်လျှင် ဆင်းရဲလှ၏ဟု မငိ ကြွေးလင့်။ (၃၇၁)

* ပညာမရှိသောသူအား သမာဓိဈာန် မရှိ။ သမာဓိဈာန် မရှိသူအား ဝိပဿနာပညာ မရှိ။ အကြင်သူၭ ဈာန်သည် လည်းကောင်း၊ ဝိပဿနာသည်လည်းကောင်း ရှိ၏။ ထိုသူ သည် နိဗ္ဗာန်နှင့် အမှန်နီးတော့သည်။ (၃၇၂)

* ရဟန်းတို့..ဆိတ်ငြိမ်ရာအရပ်သို့ ခိုဝင်၍ တရားကို ကောင်းစွာရှုမှတ်သော ငြိမ်းအေးသောစိတ် ရှိထသော ရဟန်းတို့အား လူသာမန်တို့နှင့် မထိုက်သော မွေ့လျော်ခြင်း သည် ဖြစ်၏။ (၃၇၃)

www.burmeseclassic.com

www.burmeseclassic.com

* ရဟန်းတို့..ခန္ဓာ(၅)ပါးတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းကို သုံးသပ်ဆင်ခြင်တိုင်း,ဆင်ခြင်တိုင်း ပီတိပါမောဇ္ဈ နှစ်သက်ဝမ်းမြောက်မှုကို ရ၏။ ထိုနှစ်သက်ဝမ်းမြောက်မှုပင် တရားမှန်ကိုသိသော ပညာရှိတို့အတွက် နိဗ္ဗာန်ရောက်ကြောင်းပင် တည်း။ (၃၇၄)

* ရဟန်းတို့..ဤသာသနာတော်၌ ဣန္ဒြေကို စောင့်ထိန်းခြင်း၊ ရောင့်ရဲခြင်း၊ ပါတိမောက္ခသံဝရသီလ၌ စောင့်စည်းခြင်းတို့သည် ပညာရှိရဟန်းအတွက် နိဗ္ဗာန်ရောက်ကြောင်း အကျင့်၏ အစပင်တည်း။ (၃၇၅)

* ရဟန်းတို့..စင်ကြယ်သော အသက်မွေးမှုရှိ၍ မပျင်းရိသော မိတ်ဆွေကောင်းတို့ကို ဆည်းကပ်လော့။

အာမိသဓမ္မ ပဋိသန္ဓာရနှစ်ပါးတို့၌ ပြည့်စုံစေရာ၏။ ကျင့်ဝတ်တို့၌ လိမ္မာရာ၏။ ထိုအကြောင်းတို့ကြောင့် ဝမ်းမြောက်ခြင်းဖြစ်၍ ဝဋ်ဆင်းရဲ၏အဆုံးကို ပြုလတ္တံ့။ (၃၇၆)

ဤဒေသနာတော်၏ တစ်ဂါထာ,တစ်ဂါထာ အဆုံး၌ တစ်ရာ,တစ်ရာသော ရဟန်းအပေါင်းတို့သည် ထိုင်နေရာ, ထိုင်နေရာ အရပ်၌သာလျှင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်၍ ထိုရဟန်းတို့သည် ကောင်းကင်ခရီးဖြင့် ပျံတက်ကြပြီးသော် ယူဇနာ(၁၂၀)ဝေးသော မြတ်စွာဘုရား၏ ရှေ့တော်၌ရောက်၍ ခြေတော်ကို ရှိခိုးကြကုန်၏။

(ဓမ္မပဒ ဘိက္ခုဝဂ်၊ ခုနစ်ခုမြောက်ရဟန်းများစွာတို့ ဝတ္ထု)

ဆက်လက်၍ နိဂုံးအဖြစ် လွန်စွာမှတ်သားဖွယ် ဝတ္ထုလေးတစ်ပုဒ်ကိုလည်း ရေးသားဖော်ပြလိုပါသေးသည်။

<u>နိဗ္ဗာန်ရောက်ကြောင်းအမှန်</u>

ဘုရားရှင်သည် ပါမောဇ္ဇဟုလော် အစရှိသော ဤဒေသနာတော်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဝက္ကလိမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။ ဝတ္ထုကြောင်းက ဤသို့တည်း။

သာဝတ္ထိပြည်မှ ဝက္ကလိမည်သော ပုဏ္ဏားသည် မြို့တွင်းသို့ ဆွမ်းခံကြွလာသော ဘုရားရှင်၏ ကြွန်အင်လက္ခဏာ အဖုံဖုံပြည့်စုံခြင်းကို တွေ့မြင်၏။ ထိုအခါ အလွန်ကြည်ညိုလှ၍ ဘုရားရှင်ကို အမြဲမပြတ် ဖူးမြင်နေလိုသော ဆန္ဒဖြင့် သာသနာတော်၌ ရဟန်းပြု၏။ သို့သော် ပရိယတ်၊ ပဋိပတ်တို့ကိုအားမထုတ်။ ဘုရားရှင်ကိုသာ မပြတ်ဖူးမြော်ကြည်ညိုခြင်းဖြင့်သာ နေ၏။ ဘုရားရှင်သည် ဝက္ကလိအား ရင့်ကျက်သည်အထိ စောင့်စားတော်မူနေပေးခဲ့ကာ တရားဟောရန် အချိန်တန်လာသော အခါကာလတွင်မှ ဟောကြားဆုံးမတော်မူ၏။

ချစ်သားဝက္ကလိ.. စက္ခုပသာဒဖြင့် ကြည့်မြင်တင့်တယ်သော ငါဘုရား၏ အပုပ်ကောင်တည်းဟူသော ကိုယ်ဖြင့် သင့်အား အဘယ်အကျိုးရှိအံ့နည်း။ စင်စစ် အကြင်ပုဂ္ဂိုလ်သည် ငါဘုရား ဟောကြားသော တရားတော်ကို ပညာစက္ခုဖြင့် ထင်မြင်အောင် ကြည့်ရှုနိုင်မှသာ ငါဘုရားကို ကြည့်ရှုဖူးမြော်သည် မည်ပေ၏။ ငါဘုရား ဟောကြားသော တရားတော်ကို အားမထုတ်သော ထိုပုဂ္ဂိုလ်သည် ငါဘုရားကို ကြည်ညိုရာ မရောက်ချေ

သို့ပါသော်လည်း ဝက္ကလိရဟန်းသည် သဘောမပေါက်၊ မနာယူဘဲ ကြည်ညိုမြဲတိုင်းသာ ကြည်ညိုနေ၏။

ဘုရားရှင်သည် ဤရဟန်းသည် ထိတ်လန့်ခြင်း သံဝေဂ မရဘဲ သစ္စာ(၄)ပါးတရားကို သိမြင်မည် မဟုတ်ဟု သိတော်မူ၍ ရာဇာ့ဂြိုဟ်ပြည်သို့ ဝါကပ်ဆိုရန် ကြွတော်မူမည့်နေ့၌ "ဝက္ကလိ..သွားလော့၊ အရပ်တစ်ပါးသို့ သွားလော့" ဟု နှင်တော်မူ၏။

ဝက္ကလိသည် ဘုရားရှင်က ငါ့အား ထားခဲ့လေပြီ။ ဝါတွင်းသုံးလပတ်လုံး ဘုရားရှင်အား မဖူးမြော်ရမည့်အတူ သေတာကမှ ကောင်းသေးသည်ဟု ဂိရိဗ္ဗကူဋ်တောင်ထိပ်မှ ခုန်ချ၍ မိမိအသက်ကို စီရင်ရန် တောင်ထိပ်သို့ တက်လေသည်။

ဘုရားရှင်သည် ဝက္ကလိရဟန်း၏ ပင်ပန်းနွမ်းနယ်သည့်အဖြစ်ကို သိတော်မူ၍ ဤရဟန်းသည် သက်သာရာကို မရခဲ့သော် မဂ်ဖိုလ်သို့ရကြောင်း လမ်းကောင်းသည် ပျက်စီးပေရာ၏ဟု ကိုယ်တော်ကို ဖူးမြော်နိုင်ရန် ရည်သန်၍ ကိုယ်ရောင်တော်ကို လွှတ်တော်မူ၏။ ထိုအခါ ဝက္ကလိသည် များစွာဝမ်းမြောက်လျက် သောကအပူတို့ အေးငြိမ်းသွားလေသည်။ ဝက္ကလိ၏ စိတ်သည်လည်း အေးချမ်းရွှင်လန်းခြင်းသို့ ရောက်လေ၏။

ထိုအချိန်တွင် မြတ်စွာဘုရားရှင်က ဤဂါထာကို ဟောကြားလေသည်။

ပါမောဇ္ဇ ဗဟုလော ဘိက္ခု
ပသန္နော ဗုဒ္ဓသာသနေ
အဓိကဏ္ဍေပဒံ သန္တံ သခါရူပ သမံ သုခံ။

မြတ်စွာဘုရားရှင်၏ သာသနာတော်၌ ကြည့်ညိုမြတ်နိုး၍ ဝမ်းမြောက်ခြင်းများသော ရဟန်းသည် သင်္ခါရတို့၏

www.burmeseclassic.com

www.burmeseclassic.com

ဦးရာဇိမ်သက် ချမ်းမြေ့သောနိဗ္ဗာန်ကို ရရာ၏။

ဘုရားရှင်သည် ဤသို့ ဟောကြားတော်မူပြီးနောက် ဝက္ကလိမထေရ်အား ဆွဲလှမ်း၍ယူမည်ဟန် လက်တော်ကို ဆန့်တန်း၍ မိန့်မြွက်တော်မူပြန်သည်။

'ဝက္ကလိ..လာလော့၊ မကြောက်လင့်။ ငါဘုရားကို ကြည့်လော့။ ငါသည် သင့်ကို ညွှန်ပြောင်းဖြန့်နှစ်သော ဆင်ပြောင်ကြီးကဲ့သို့ ကိလေသာညွှန်ပြောင်းမှ ထုတ်ဆယ်အံ့'

'ဝက္ကလိ..လာလော့၊ မကြောက်လင့်။ ငါဘုရားကို မြင်လော့။ ငါသည် သင့်ကို အသူရိန်ဖမ်းခံရသည့် နေ ဆင်းကဲ့သို့ ကိလေသာတည်းဟူသော အသူရိန်ဖမ်းခြင်းမှ လွှတ်စေအံ့'

'ဝက္ကလိ..လာလော့၊ မကြောက်လင့်။ ငါဘုရားကို မြင်လော့။ ငါသည် သင့်ကို ရာဟုဖမ်းခံရသော လမင်း ကဲ့သို့ ကိလေသာတည်းဟူသော ရာဟုဖမ်းခြင်းမှ လွှတ်စေ အံ့'

ဤဂါထာတော်ကို ကြားရလျှင် ဝက္ကလိမထေရ်သည် ငါသည် ဘုရားရှင်ကို ဖူးမြင်ရပြီး လာလော့ဟူသော ခေါ် ဆိုခြင်းကိုလည်း ရပေပြီဟု အားကြီးသောဝီတိကို ရရှိ၏။ ဆက် ငါသည် ဘယ်ကိုသွားရမည်နည်းဟု ကြံစည်သော် သွားရမည့်ခရီးကို မထင်မြင်သောကြောင့် အားဆယ်ပါး သင့် ဘုရားရှင်မျက်မှောက်ဖြစ်သော ကောင်းကင်၌ ပျံ တက်ကြွမြောက်၍ ပထမခြေလှမ်းသည် တောင်ထိပ်တွင် ကြည်လျက်ပင် ဟောကြားတော်မူသော တရားတော်ကို ဆင်ခြင်လျက် ပဋိသန္ဓိဒါနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက် ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက်သာ ကောင်းကင်မှ ဆင်း၍ ဘုရားရှင်ထံတော်၌ တည်နေ၏။

ထိုဝက္ကလိမထေရ်ကို မြတ်စွာဘုရားသည် ထိုအခါမှ စ၍ သဒ္ဓါရှိခိုးခြင်းတွင် အထွတ်အထိပ် အမြတ်ဆုံးဟူသော ဓာဒဂ်အရာ၌ ထားတော်မူ၏။

(ခမ္မပဒ ဘိက္ခုဝဂ်၊ တစ်ဆယ့်တစ်ခုမြောက် ဝက္ကလိ ထေရ်ဝတ္ထု)

ရဟန္တာခေတ်

ရဟန္တာများဖြစ်နိုင်သော ခေတ်များကို သာသနာတော် နှင့် ပိုင်းခြားထားသည့် သုတ်ပါထေယျ အင်္ဂုတ္တရအဋ္ဌကထာ များမှ ပြဆိုထားပုံကို အကျဉ်းမျှ ရေးသားပါဦးမည်။

သာသနာတော်ငါးထောင်ရှိသည့်အနက် ပထမသာသ နာတော် တစ်ထောင်အတွင်းမှာ ပဋိသန္ဓိဒါပတ္တ ရဟန္တာများ ဖြစ်နိုင်ပါသည်။ ဒုတိယတစ်ထောင်အတွင်းမှာ အဋ္ဌာဘိညာ ရဟန္တာများ ဖြစ်နိုင်ပါသည်။ တတိယတစ်ထောင်အတွင်း တွင် တေဝိဇ္ဇရဟန္တာများ ဖြစ်နိုင်ပါသည်။ စတုတ္ထတစ် ထောင်အတွင်းမှာ သုက္ခဝိပဿကရဟန္တာများ ဖြစ်နိုင်ကြ ပြီး ပဉ္စမတစ်ထောင်အတွင်းတွင် ပါတိမောက္ခသံဝရခေတ် သာ ကျန်ပါတော့သည်။

ထို့ကြောင့် အရိယာဖြစ်သွားသော ပုဂ္ဂိုလ်ထူးများကို အားကျပြီး သံသရာဝဋ်ဆင်းရဲ ဝဋ်ဒုက္ခမှ လွတ်မြောက်လို ကြသော မည်သည့်ရဟန်းရှင်လူမဆို နိဗ္ဗာနသစ္ဆိကိရိယာစ မင်္ဂလာ တရားတော်အရ နိဗ္ဗာန်ကို အမှန်လိုလား မျက် မှောက်ပြုလိုကြပါက သာသနာ(၅၀၀၀)တွင် တတိယတစ် ထောင်ဖြစ်သော တေဝိဇ္ဇရဟန္တာခေတ်နှင့် ကြုံကြိုက်နေ သောအခါဖြစ်သောကြောင့် နိဗ္ဗာန်ကို မိမိကိုယ်တိုင်ကိုယ် ကျ မျက်မှောက်ပြုနိုင်ကြရန် ကျင့်ကြံအားထုတ်ကြပါဟု တိုက်တွန်းလိုက်ရပါသည်။

နိဂုံး

နိဂုံးအားဖြင့် စာရေးသူသည် ဤ(၃၈)ဖြာမင်္ဂလာ တရားတော်များကို-

(၁) ဘုရားရှင်၏ အဆုံးအမသာသနာတော်ကြီး စည်ပင် ပြန့်ပွားစေလိုခြင်း၊

(၂) သိရှိလိုက်နာ ကျင့်သုံးကြစေလိုခြင်း၊

(၃) မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်ကြစေလိုခြင်း၊

(၄) အခွန့်ရှည်ကြာ တည်တံ့စေလိုခြင်း၊

(၅) ယနေ့မျက်မှောက်လောကရှိ ကမ္ဘာသူကမ္ဘာသားများ မေတ္တာဗြဟ္မစိုရ်တရားများ ခန်းခြောက်မသွားကြဘဲ ပွားများ အားထုတ်ကြစေလိုခြင်း စသောရည်ရွယ်ချက်များဖြင့် လက် လှမ်းမီသမျှ ကြိုးစားရေးသားရပါကြောင်း တင်ပြလိုက် ရပါသတည်း။

ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု

ညွှန့်တင်(တညောင်-ကန်ဆွယ်)

ကျမ်းကိုး

* (၃၈)ဖြာမင်္ဂလာ အကျယ်ဟောပြောကျမ်း (ဆရာတော် အဂ္ဂဝံသ)။
* ပရိတ်ကြီးနိဿယသစ် (အရှင်ဝါသေဋ္ဌာဘိဝံသ)။
* သမ္မတဆယ်စောင်တွဲ။
* ဇာတ်၊ နိပါတ် ဝတ္ထုတော်များ။
* မင်္ဂလသုတ် ကိုယ်တိုင်သင်ယူ ဆည်းပူးခဲ့ဖြင်း။

www.burmeseclassic.com

www.burmeseclassic.com

ကျော်ကျော်ဦး

ပုဒ္ဓအစစ် တကယ်စစ်ခဲ့ပြီ

(ဒါးဘီး) သာဝတ္ထိမြို့က အနာထပိဏ်သူဌေးကြီးနဲ့ ရာဇဂြိုဟ်မြို့က ရာဇဂြိုဟ်သူဌေးကြီးတို့ဟာ တိုင်းနိုင်ငံချင်း မတူကြပေမယ့် တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန်အားဖြင့် မောင်လည်း နှမလည်း သမီးသဖွားတော်

www.burmeseclassic.com

www.burmeseclassic.com

ကော်နေကြပါတယ်။ နောက်ပြီး တစ်ဦးအပေါ်တစ်ဦး အံတုနှိမ် ချစ်ခင်လေးစား ကြည်ညိုကြသူတွေပါ။

အနာထပိဏ်သူဌေးကြီးဟာ ယောက်ဖတော်ရှိရာ ရာဇဂြိုဟ်နိုင်ငံကြီးကို ကုန်ကူးသန်းရောင်းဝယ် အလုပ်ကိစ္စဖြင့် အခြံအမြဲလိုလို ဝင်ထွက်သွားလာလို့နေပါတယ်။ မိမိတိုင်းပြည်က ထွက်ကုန်ပစ္စည်းများကို ရာဇဂြိုဟ်ပြည်ကြီးကို ယူပို့ရောင်းချ၊ ရာဇဂြိုဟ်ပြည်က ထွက်ကုန်ပစ္စည်းများကို မိမိတိုင်းပြည် သာဝတ္ထိပြည်ကို ပြန်လည်သယ်ယူကာ ရောင်းချပေါ့။

အဲသလို အနာထပိဏ်သူဌေးကြီးဟာ အရောင်းအဝယ်ကိစ္စဖြင့် ရာဇဂြိုဟ်ပြည်ကြီးကို သွားပြီဆိုရင်လည်း လာမည့်အကြိမ်ကို ကြိုတင်အကြောင်းကြားလိုက်တာနဲ့ ယောက်ဖတော် ရာဇဂြိုဟ်သူဌေးကြီးက ခရီးဦးကြိုဆိုပြုလုပ်လျက် ရှိပါတယ်။ ထူးဆန်းတာတစ်ခုက ဒီတစ်ခေါက် အနာထပိဏ်သူဌေးကြီး လာရောက်မှာကို ယောက်ဖတော် ရာဇဂြိုဟ်သူဌေးကြီးက ခါတိုင်းလို ခရီးဦး လာရောက်မကြိုဆိုဘူးတဲ့။

ဒါပေမဲ့ ဘယ်အရာမဆို အကောင်းမြင်ဝါဒနဲ့ နှလုံးသွင်းတတ်တဲ့ အနာထပိဏ်သူဌေးကြီးဟာ 'သြော်..ငါ့ရဲ့ ယောက်ဖတော် ရာဇဂြိုဟ်သူဌေးကြီးဟာ အလုပ်တွေ သိပ်များနေတယ်နဲ့ တူပါရဲ့'လို့သာ တွေးပြီး ယောက်ဖတော် သူဌေးကြီး နေထိုင်ရာ ရာဇဂြိုဟ်မြို့က အိမ်ကြီးကို ဆိုက်ဆိုက်မြိုက်မြိုက် လမ်းလျှောက်လာခဲ့ပါတယ်။

အိမ်ရောက်တော့ ထင်တဲ့အတိုင်းပါပဲ ယောက်ဖတော် ရာဇဂြိုဟ်သူဌေးကြီးဟာ အလုပ်တွေ သိပ်များနေတဲ့အတွက် 'သြော်..အနာထပိဏ်သူဌေးကြီးရောက်လာပြီကိုး။ ဘယ့်နယ်လဲ၊ အတော်လေး ပင်ပန်းလာပြီလား။ သားတွေ,သမီးတွေရော နေထိုင်ကောင်းကြပါရဲ့လား။ ကျန်းကျန်းမာမာ ရှိပါရဲ့လား' အဲသလောက်သာ နှုတ်ခွန်းဆက်ပြောဆိုပြီး သူ့ကိစ္စအတွက်ကိုသာ စိမ်ခန့်ခွဲလို့ နေပါတယ်တဲ့။

အနာထပိဏ်သူဌေးကြီးကတော့ ယောက်ဖတော် ရာဇဂြိုဟ်သူဌေးကြီးဟာ သူ့ကိုယ်တောင် အေးအေးဆေးဆေး ပြုစုခံစားမပြောဆိုနိုင်ဘူး။ မဟုတ်မှလွဲရော ဒီလောက် အလုပ်ရှုပ်နေပုံထောက်ရင် မနက်ဖြန်ဆိုရင် သူဌေးကြီးမှာ ဆရာဝန်ဝါဟမဂ််လာပွဲ ရှိနေလို့နဲ့တူတယ်။ ဒါမှမဟုတ် ဘုရင်မင်းမြတ်နဲ့ စစ်သည်ဗိုလ်ပါများကို ဖိတ်ခေါ်ပြုလုပ်ပြီး ဧည့်ခံကျွေးမွေးစရာ ရှိတယ်နဲ့ တူပါရဲ့။

သြော်..ဒါမှမဟုတ်ရင်လည်း ယဇ်ပူဇော်ပွဲကြီး ကျင်းပပြုလုပ်မလို့ စီမံဆောင်ရွက်နေတာ ဖြစ်လိမ့်မယ်လို့ စသဖြင့် တွက်ဆလို့နေပါတယ်။

ဒီလိုနဲ့ ရာဇဂြိုဟ်သူဌေးကြီးဟာ သူ့ကိစ္စအဝဝတွေကို စီမံခန့်ခွဲလို့ပြီးတော့ ယောက်ဖတော် အနာထပိဏ်သူဌေးကြီးနဲ့ လာရောက်တွေ့ဆုံပါတယ်။ ဒီတော့မှ အနာထပိဏ်သူဌေးကြီးက သူ့ရဲ့ တွက်ဆထားတဲ့အတိုင်း မေးကြည့်ပါတယ်။

'သူဌေးကြီး..သူဌေးကြီး၊ အလုပ်တွေ သိပ်ရှုပ်နေတာ မနက်ဖြန်မနက်ဆိုရင် အာဝါဟဝိဝါဟမင်္ဂလာတွေ ရှိနေလို့လား။ ဒါမှမဟုတ်ရင် ဘုရင်မင်းမြတ်နဲ့ စစ်သည်ဗိုလ်ပါတွေကို ဧည့်ခံကျွေးမွေးစရာ ရှိနေလို့လား။ မဟုတ်ရင်လည်း ယဇ်ပူဇော်ပွဲကြီးကျင်းပရန် ရှိနေတယ်မဟုတ်လား'လို့ မေးမြန်းကြည့်တော့ ရာဇဂြိုဟ်သူဌေးကြီးက အခုလိုပြန်လည် ဖြေကြားလိုက်ပါတယ်။

'အို..သူဌေးကြီးကလည်း ကျွန်ုပ်မှာ သူဌေးကြီးပြောတဲ့ကိစ္စတွေ ဘာတစ်ခုမှ မရှိရပါဘူး'

'ဒါဆိုရင် သူဌေးကြီး အလုပ်ရှုပ်နေတာ ဘာကိစ္စများပါလိမ့်'

'ဒီလိုပါ သူဌေးကြီး၊ မနက်ဖြန်ကြရင် မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော်အရှင်မြတ်တွေဟာ ကျုပ်တို့ ရာဇဂြိုဟ်မြို့ကို ကြွရောက်တော်မူလာမှာပါ။ အဲဒါကြောင့် မြတ်စွာဘုရားနဲ့ ရဟန်းသံဃာတော်တွေကို ဆွမ်းဆက်ကပ်လှူဒါန်းမှာမို့လို့ပါ'လို့ ဖြေကြားလိုက်တော့ အနာထပိဏ်သူဌေးကြီးဟာ မေ့ခနဲ ဖြစ်သွားပါလေရဲ့။

'အနာထပိဏ်သူဌေးကြီး..ဘယ်လိုများ ဖြစ်သွားရတာပါလိမ့်။ သတိထားပါဦး'

'သူဌေးကြီးက ဗုဒ္ဓဆိုတဲ့စကားကို ပြောဆိုတော်မူလိုက်တာလား'

'ဟုတ်ပါတယ် အနာထပိဏ်သူဌေးကြီး၊ ကျွန်ုပ်ဟာ ဗုဒ္ဓဆိုတဲ့ စကားကို ပြောဆိုလိုက်တာပါ'

ဒုတိယအကြိမ် အနာထပိဏ်သူဌေးကြီးခင်မျာ မေ့ခနဲ ဖြစ်သွားပြန်ပါတယ်။

'အနာထပိဏ်သူဌေးကြီး..သတိထားပါဦး'

'သူဌေးကြီးဟာ ဗုဒ္ဓဆိုတဲ့စကားကို ပြောဆိုလိုက်တာလား'

'ဟုတ်ပါတယ် သူဌေးကြီး၊ ကျုပ်ဟာ ဗုဒ္ဓဆိုတဲ့စကားကို ပြောဆိုလိုက်တာပါ'

www.burmeseclassic.com

www.burmeseclassic.com

ဒီတစ်ခါလည်း အနာထပိဏ်သူဌေးကြီးဟာ မှေခနဲ ဖြစ်သွားခဲ့ပြန်ပါတယ်။ အနာထပိဏ်သူဌေးကြီးအဖို့ အခုလို ဗုဒ္ဓဆိုတဲ့စကားကို ကြားသိလိုက်ရတိုင်း မှေခနဲ,မှေခနဲ ဖြစ်မယ်ဆိုရင်လည်း ဖြစ်လောက်စရာပါ။ ဘာလို့လဲဆိုတော့ လောကကြီးမှာ ဗုဒ္ဓဆိုတဲ့ စကားဟာ အင်မတန်မှ ကြားရ၊ သိရခဲသော စကားမို့ပါ။

ဒါနဲ့ ရာဇဂြိုဟ်သူဌေးကြီးက ယောက်ဖတော် အနာထပိဏ်သူဌေးကြီးကို အခုလို မေးပါတယ်။

'သူဌေးကြီးက ကျွန်ုပ် ဗုဒ္ဓဆိုတဲ့စကားကို ပြောဆိုလိုက်တိုင်း ဘာကြောင့်များ မှေခနဲ,မှေခနဲ ဖြစ်သွားရတာပါလိမ့်'

'ကျွန်ုပ် သူဌေးကြီးထံက ဗုဒ္ဓဆိုတဲ့စကားကို ကြားသိလိုက်ရတိုင်း ရင်ထဲမှာ အတိုင်းမသိ ဝမ်းသာပီတိ သောမနဿတွေဖြစ်ကာ မှေခနဲ,မှေခနဲ ဖြစ်သွားခဲ့ရတာပါ။ ကျွန်ုပ် ဗုဒ္ဓဆိုတဲ့ မြတ်စွာဘုရားရှင်ကို တွေ့ဆုံဖူးမြော်လိုပါတယ်'

'ရပါတယ် အနာထပိဏ်သူဌေးကြီး၊ ဒါပေမဲ့ ဒီအချိန်ဟာ ဗုဒ္ဓဘုရားရှင်ထံသွားရမယ့် အချိန်အခါ မဟုတ်တော့ပါဘူး။ မိုးချုပ်သွားပြီ။ မနက်ဖြန် နံနက်ကျရင် သူဌေးကြီးအနေနဲ့ မြတ်စွာဘုရားရှင် သီတင်းသုံးနေထိုင်ရာနေရာကို သွားရောက်ဖူးတွေ့လို့ရပါတယ်'

အနာထပိဏ်သူဌေးကြီးဟာ မြတ်စွာဘုရားရှင်ကို ဖူးတွေ့လိုစိတ်နဲ့ တစ်ညလုံးပဲ ကောင်းကောင်းအိပ်လို့မပျော်ဘူးတဲ့။ နှုတ်ကလည်း တတွတ်တွတ်နဲ့ ဗုဒ္ဓ..ဗုဒ္ဓ..ဗုဒ္ဓ လို့ ရွတ်လို့နေပါတယ်။ ဒီလိုနဲ့ အနာထပိဏ်သူဌေးကြီးဟာ ညဉ့်ဦးယံလည်း လွန်သွားရော ဖျတ်ခနဲဆို အိပ်ရာမှ နိုးလာပါတယ်။ မျက်စိကို ဖွင့်ကြည့်လိုက်တော့ အရောင်တွေ လင်းထိန်လို့နေပါတယ်။

'ဟာ..မနက်မိုးလင်းနေပြီ၊ မနက်မိုးလင်းနေပြီ။ မြတ်စွာဘုရားရှင်ထံ သွားရောက်ပြီး ငါဖူးမြော်တော့မယ်'ဆိုပြီး ပြတင်းပေါက်ကို ဖွင့်ကြည့်လိုက်တော့ အပြင်မှာ အမှောင်အတိ ဖြစ်လို့နေပါတယ်။

'သြော်..ငါ့စိတ်တွေ စောနေတာပဲ။ မနက်မိုးမလင်းသေးဘဲကိုး။ ပြန်အနားယူမှပဲ'လို့ စိတ်ကူးပြီး ပါးစပ်ကနေ ဗုဒ္ဓ..ဗုဒ္ဓ..ဗုဒ္ဓ..ဗုဒ္ဓနဲ့ တတွတ်တွတ်ရွတ်ရင်း ပြန်လည်အိပ်ပြန်ပါတယ်။

သန်းခေါင်ယံလွန်တော့ တစ်ခါပြန်နိုးလာပြန်ပါတယ်။ ပထမလိုပဲ မျက်စိကို အသာအယာဖွင့်ကြည့်လိုက်တဲ့အခါ အရောင်တွေဟာ လင်းထိန်လို့နေပြန်ပါတယ်။

'ဟာ..မနက်မိုးလင်းနေပြီ။ မြတ်စွာဘုရားရှင်ထံ ငါ သွားရောက်ဖူးမြော်တော့မယ်'လို့ တွေးပြီး ပြတင်းပေါက်ကို ဖွင့်ကြည့်လိုက်ပြန်တော့ အပြင်မှာ မှောင်မှောပိတ်လို့နေပြန်ပါတယ်။

'သြော်..ငါ့စိတ်တွေ စောနေတာပဲလေ'လို့ဆိုကာ ထပ်စပ်ကနေ ဗုဒ္ဓ..ဗုဒ္ဓ..ဗုဒ္ဓလို့ရွတ်ရင်း ခဏပြန်မှေးပြန်တယ်။

ဒီလိုနဲ့ မိုးသောက်ယံရောက်တော့ အနာထပိဏ်သူဌေးကြီးဟာ နိုးလာပြီး မျက်စိကို ဖွင့်ကြည့်လိုက်တော့ ပထမ ဒုတိယထက် အဆပေါင်းမြောက်မြားစွာ လင်းထိန်လို့နေတာကိုတွေ့လို့ တံခါးကို ဖွင့်ကြည့်လိုက်တဲ့အခါ အပြင်လမ်းတွေပါ လင်းထိန်နေပြီမို့ မြတ်စွာဘုရားရှင် သီတင်းသုံးနေတော်မူရာ မြို့တံခါးအပြင်ကို လှမ်းလို့လာခဲ့ပါတယ်။

တကယ်တော့ ဒီတစ်ခါမှာလည်း အမှန်တကယ် နံနက်လင်းတာတော့မဟုတ်။ အခုလို အနာထပိဏ်သူဌေးကြီးရဲ့ မျက်စိမှာ အလင်းရောင်တွေ မြင်တွေ့နေရခြင်းဟာ မြတ်စွာဘုရားရှင်ကို ကြည်ညိုနေသောစိတ်ကြောင့်ပါ။ ဗုဒ္ဓ..ဗုဒ္ဓ..ဗုဒ္ဓလို့ နှုတ်ကနေ တတွတ်တွတ်ရွတ်ပွားနေတဲ့ ဗုဒ္ဓံ ဒုဿီကမ္မဋ္ဌာန်း စီးဖြန်းနေမှုကြောင့် နှလုံးသွေးဟာ ကြည်လင်တောက်ပလာပြီး သြဘာသ၊ ပီတိ၊ ပဿဒ္ဓိဆိုတဲ့ ဥဇုဂတ နိမိတ်များ ထင်လာပြီး အရောင်အလင်း ထွက်ပေါ်လာခြင်း နှစ်သက်မှု၊ ငြိမ်းအေးမှုတရားတွေ ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်ပါတယ်။

ဒီအချိန်မှာ မိုးမလင်းသေးတဲ့အတွက်ကြောင့် အမှောင်အားဖြင့်တော့ မြို့တော်တံခါးဟာ မဖွင့်သေးပါဘူး။ ဒါပေမဲ့ အနာထပိဏ်သူဌေးကြီးအဖို့တော့ မြို့တံခါးဟာ အဆင်သင့် ပွင့်နေပါပြီ။ အခုလို အချိန်မကျသေးဘဲ မြို့တံခါး အဆင်သင့် ပွင့်နေရခြင်းဟာလည်း တခြားမဟုတ်ပါဘူး။ ဤစောင့်နတ်များက ဒီလူဟာ နောင်တစ်ချိန်မှာ ကျောက်ဆောက်ပြီး ဘုရားရှင်ကို လျှဒါန်းမည့်သူပဲလို့သိပြီး အနာထပိဏ်သူဌေးကြီး အလာကို အဆင်သင့်ဖွင့်ပေးထားတာ ဖြစ်ပါတယ်။

အနာထပိဏ်သူဌေးကြီးဟာ လမ်းလျှောက်လာရင်း နှုတ်ကလည်း တတွတ်တွတ်နဲ့ ဗုဒ္ဓ..ဗုဒ္ဓ..ဗုဒ္ဓလို့ ရွတ်

www.burmeseclassic.com

www.burmeseclassic.com

လောကာ အဆင်သင့်ဖွင့်ပေးထားသော တံခါးပေါက်အတိုင်း မြို့အပြင်ကို ထွက်လာခဲ့ပါပြီ။ မြို့ပြင်ရောက်တော့ သားနှံသချိုင်းတစ်ခုကို ဖြတ်ကျော်ရပါတယ်။ အနာထပိဏ်သူဌေးကြီးဟာ သချိုင်းကို ဖြတ်ကျော်တဲ့အခါ အလောင်းကောင်ကြီးကို ခလုတ်တိုက်မိပြီး အတော်ကို ကြောက်စိတ်ဝင်လာခဲ့ပါတယ်။ အဘိဓမ္မာသဘောအရ စိတ်ဟာ နှစ်စိတ်ပြိုင်တူ ဖြစ်ရိုးထုံးစံ မရှိပါဘူး။ ဒါကြောင့် အနာထပိဏ်သူဌေးဟာ ကြောက်စိတ်ဝင်လာတဲ့အခါ ဘုရားကို ကြည်ညိုနေတဲ့စိတ်၊ ဗုဒ္ဓနုဿတိပွားများနေတဲ့စိတ် ပျောက်ကွယ်သွားပါတယ်။ ဒီတော့ နံနက်မိုးမလင်းသေးတဲ့အချိန် နဂိုအတိုင်း လောကကြီးတစ်ခုလုံး အမှောင်အတိ ဖြစ်သွားခဲ့ပါတော့တယ်။

ဒီအချိန်မှာ အနာထပိဏ်သူဌေးကြီးဟာ ရှေ့ဆက်တိုးရအောက် နောက်ပြန်ဆုတ်ရအခက် ဖြစ်နေပြီ။ နောက်တော့ ဆောင်ကြောင်းပြန်ဆုတ်ဖို့ရန်ကိုပဲ ဆုံးဖြတ်ချက်ကိုချလိုက်သူ့ရဲ့နားထဲမှာ ထင်ထင်ရှားရှားအသံဖြင့် အခုလိုကြားလိုက်ရပါတယ်။

"အို··အနာထပိဏ်သူဌေးကြီး၊ နောက်ကြောင်းကို ပြန်မဆုတ်လိုက်ပါနဲ့။ ရှေ့ကိုသာ တက်ပါ။ ဗုဒ္ဓထံကို ရောက်အောင် သွားလိုက်စမ်းပါ။ သူဌေးကြီးအဖို့ ရှေ့ဆက်လက်တက်သွားလို့ ဗုဒ္ဓထံ ရောက်သွားခဲ့ရင် မိမိအတွက် မွန်မွန်မြတ်မြတ်မင်္ဂလာတွေ ဖြစ်လို့သွားမယ်။ ဆောင်ကြောင်းပြန်လည်ဆုတ်ခွာသွားခဲ့မယ်ဆိုရင်တော့ မွန်မြတ်တဲ့ မင်္ဂလာတွေကို မရနိုင်တော့ဘူး။ ဘာမှကြောက်စရာမလိုစမ်းပါနဲ့။ ရှေ့ကိုသာ ဆက်လက်တက်ချီလိုက်စမ်းပါ"

သူဌေးကြီး လောကမှ ကကြိုးတန်ဆာ အစုံအလင်နဲ့ ဆင်ယင်ထားတဲ့ ဆင်ရုတနာ တစ်သိန်းရယ်၊ မြင်းရုတနာ တစ်သိန်းရယ်၊ အဿထိုရ်မြင်းများက ယှဉ်ထားတဲ့ ရထား တစ်သိန်းရယ်၊ စိန်တွေ၊ ရွှေတွေ၊ ငွေတွေ ရုတနာအမျိုးမျိုး ဆင်ယင်ထားတဲ့ သတ္တဲသမီးကညာရုတနာ တစ်သိန်းရယ် အခြားရုတနာလေးသိန်း ရရှိထားတဲ့ ပုဂ္ဂိုလ်တွေထက် သူဌေးကြီး ယခုလိုသွားတာက ပိုပြီးတော့မွန်မြတ်ပါတယ်လို့ အားပေးစကားပြောကြားသံကို ကြားလိုက်ပါတယ်။

အခုလို အနာထပိဏ်သူဌေးကြီးကို အားပေးစကားပြောကြားလိုက်သူဟာ လူသားတစ်ယောက်တော့မဟုတ်၊ သာသနာ့စောင့်နတ်သားတစ်ဦးပဲ ဖြစ်ပါတယ်။

အနာထပိဏ် သူဌေးကြီးဟာ အခုလိုကြားလိုက်ရတော့-

"သြော်··ငါတစ်ယောက်တည်းမှ မဟုတ်တာကိုး။ အခြားသူတွေလည်း လာနေကြတာကို။ ငါ့မှာ အဖော်တွေ ရှိနေသားပဲ။ ဘာများကြောက်စရာရှိလို့လဲ" လို့တွေးပြီး အနာထပိဏ်သူဌေးကြီးဟာ စိတ်ဓာတ်ခွန်အားတွေ ပြန်တက်သွားပြီး နှုတ်ကနေ ဗုဒ္ဓ··ဗုဒ္ဓ··ဗုဒ္ဓလို့ တတွတ်တွတ်ရွတ်ဆိုလိုက်တဲ့အခါ အရောင်အလင်းတွေ ပြန်လည်ထွက်ပေါ်လာလို့ ရှေ့ဆက်လက်တက်သွားလိုက်တဲ့အခါ သချိုင်းကုန်းကို ကျော်လွန်မြောက်သွားခဲ့ပါတယ်။

ဒီလိုနဲ့ လမ်းလျှောက်လာရင်း အနာထပိဏ်သူဌေးကြီးဟာ (သီတဝနတောရ) ယင်းတိုက်တောနားကိုလည်းရောက်ရော သူ့စိတ်ထဲမှာ ယုံမှားသံသယ(ဝိစိကိစ္ဆာ) ဖြစ်ပေါ်လာပြန်ပါတယ်။

"သြော်··လောကမှာ ဗုဒ္ဓလို့ အမည်ခံနေကြတဲ့ ပုဂ္ဂိုလ်တွေဟာ အများကြီးရှိနေကြတယ်။ ယခု ငါသွားရောက်ပြီး ဖူးမြော်မယ့် ပုဂ္ဂိုလ်ကရော တကယ့်ဗုဒ္ဓအစစ်ရော ဖြစ်နိုင်ပါ့မလား။ ဗုဒ္ဓအစစ် မဟုတ်ခဲ့ဘူးဆိုရင် ငါ့အဖို့ ချဉ်းကပ်ပြီးကာမှ နောက်ဆုတ်ရဖို့ ခက်လိမ့်မယ်"

အနာထပိဏ်သူဌေးကြီးအဖို့ အခုလိုအတွေးမျိုးဝင်လာမယ်ဆိုရင်လည်း ဝင်နိုင်လောက်တာပေါ့။ ဘာလို့လဲဆိုတော့ အဲဒီအချိန်အခါတုန်းက ကိုယ့်ကိုယ်ကိုယ် ဘုရားလို့ အမည်ခံနေကြတဲ့ ပုဂ္ဂိုလ်တွေဟာ ခြောက်ဦးတောင် ရှိနေကြပါတယ်။

(၁) ပူရာဏကဿပ-တိတ္ထိဆရာကြီး၊
(၂) မက္ခလိဂေါသာလ-တိတ္ထိဆရာကြီး၊
(၃) ပကုဓကစ္စာယန-ကစ္စည်းတိတ္ထိဆရာကြီး၊
(၄) သဉ္စယဗေလဋ္ဌပုတ္တ-သိဉ္စည်းတိတ္ထိဆရာကြီး၊
(၅) အဇိတကေသကမ္ဗလ-လူဆံပင်နဲ့ ရက်လုပ်တဲ့ ကမ္ဗလာကိုဝတ်ရုံတဲ့ အဇိကတိတ္ထိဆရာကြီး၊
(၆) နဂဏ္ဌနာဋပုတ္တ-ဂျိမ်းတိတ္ထိဆရာကြီးတွေပဲ ဖြစ်ပါတယ်။

ဒီအချိန်မှာ အနာထပိဏ်သူဌေးကြီးဟာ ဗုဒ္ဓအစစ်စစ်,မစစ်ဆိုတာကို သိလို၍ အခုလို သန္ဓိဋ္ဌာန်ချလိုက်ပါတယ်။

ငါ့နာမည်ကို အများက အနာထပိဏ်သူဌေးလို့ပဲ သိနေကြတယ်။ ငါ့မိဘများ ပေးထားတဲ့ ငယ်နာမည်အရင်းကိုတော့ ငါ့မိဘနှစ်ပါးကလွဲပြီး မည်သူမှ မသိကြလေဘူး။

www.burmeseclassic.com

ဗုဒ္ဓအစစ်ဆိုရင် ငါ့ရဲ့ငယ်နာမည်ကို ခေါ်ပါစေသတည်းလို့ အဓိဋ္ဌာန်ပြုလိုက်ပါတယ်။

အနာထပိဏ်သူဌေးကြီးရဲ့ ငယ်နာမည်ဟာ သုဒတ္တလို့ ခေါ်ပါတယ်။ အနာထပိဏ်သူဌေး ဆိုတာကတော့ အများက ဝိသေသပြုပြီး ခေါ်ဆိုကြတဲ့နာမည်ပါ။ နာထဆိုတာ အားကိုးရာ၊ ကိုးကွယ်ရာ၊ အဆိုတာက မရှိဘူးတဲ့။ ဒီတော့ အနဲ့ နာထပေါင်းလိုက်တော့ ကိုးကွယ်ရာ၊ အားထားရာ မရှိကြတဲ့သူတွေ။ ပိဏ္ဍတဆိုတာကျတော့ အစားအသောက် ပေးကျွေးလေ့ရှိသူလို့ အမည်ရပါတယ်။ ဒီနှစ်ပိုက်ကိုပေါင်းပြီး အနက်ပြန်ဆိုလိုက်တော့ အနာထပိဏ္ဍက အားကိုးရာ၊ ကိုးကွယ်ရာ မရှိကြတဲ့သူတွေကို ပေးကျွေးလေ့ရှိခြင်းဆိုတဲ့ အဓိပ္ပာယ်ပါ။

အနာထပိဏ်သူဌေးကြီးဟာ ကိုးကွယ်ရာ၊ အားထားရာ မရှိကြတဲ့ ခြေသလုံးအိမ်တိုင်၊ ခိုကိုးရာမဲ့နေကြတဲ့သူတွေကို အမြဲတမ်းပေးကျွေးလေ့ရှိသောကြောင့် အရပ်တကာက အနာထပိဏ်သူဌေးကြီးလို့ပဲ သိရှိနေကြပါတယ်။ သူ မိဘနှစ်ပါး ပေးအပ်ထားတဲ့ သုဒတ္တဆိုတဲ့ ငယ်နာမည်ကို မည်သူမှ မသိရှိကြပါဘူး။ ဒါကြောင့် အနာထပိဏ်သူဌေးကြီးဟာ ဗုဒ္ဓအစစ် တကယ်စစ်၊ မစစ်ဆိုတာကို သိလို့ ဗုဒ္ဓအစစ်ဆိုရင် ငါ့ရဲ့ငယ်နာမည်ကို ခေါ်ပါစေလို့ အဓိဋ္ဌာန် ပြုလိုက်ခြင်းပဲ ဖြစ်ပါတယ်။

ဒီလိုနဲ့ အနာထပိဏ်သူဌေးကြီးဟာ တဖြည်းဖြည်းနဲ့ သွားရင်း မြတ်စွာဘုရားသီတင်းသုံးနေတော်မူရာ ယင်းတိုက်တော သိတဝနတော်ရကျောင်းသို့ ရောက်ရှိသွားခဲ့ပါတယ်။ ဒီအချိန်မှာ စကြဲလျှောက်လှမ်းနေတဲ့ မြတ်စွာဘုရားရှင်ဟာ အနာထပိဏ်သူဌေးကြီး လာတာကိုလည်း မြင်ကရော သိပင်ခြေရင်းမှာ ထိုင်တော်မူပြီး 'ချစ်သားသုဒတ္တ၊ ဟိသု ဒတ္တ..ငါဘုရားထံ လာခဲ့လော့'လို့ နှုတ်ဆက်စကား မိန့် ကြားတော်မူလိုက်လေတယ်။

ဒီအချိန်မှာ အနာထပိဏ်သူဌေးကြီးဟာ 'သြော်..ငါ့ မိဘနှစ်ပါးမှလွဲပြီး မည်သူမှ မသိရှိကြတဲ့ ငါ့ရဲ့ငယ်နာမည် အရင်းကိုခေါ်ကာ နှုတ်ဆက်စကား ပြောကြားလိုက်ပါလား။ အခုမှ ငါဖူးတွေ့လိုသော ဗုဒ္ဓအစစ် တကယ်စစ်ခဲ့ပြီ'လို့ ကြည်နူးဝမ်းမြောက်ကာ မြတ်စွာဘုရားရှင်အား အားပါး တရ ဖူးတွေ့ပါလေတော့တယ်။

ကျော်ကျော်ဦး(ဒါးဘီး

တောင်တွင်းကြီးမဟာတံခွန်

နိုင်ငံကျော် ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ဂမ္ဘီရ (အကြားအမြင်) ပညာရှင်

အမှတ်-၄၃၃(၃-လွှာ) ကျိုက္ကဆံလမ်း၊ အခွန်လွတ်စျေးရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
☎ ၇၀၈၆၂၁ ၊ ၀၉ ၅၁၀ ၆၉၃၆၄ ၊ ☎ (၀၁) ၄၀၁၁၆၅

အပိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရုံမျှဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည်သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထိပေါက်ကိန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ လစဉ်အလိုက် ထိုးသင့်သော အက္ခရာစိုးမိုးဂဏန်းများကို စနစ်တကျ စိစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး).. စသည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ ဘဝကံကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေရသူများအား မြန်မာ့ရိုးရာအင်္ဂဝိဇ္ဇာ ဓာတ်ယတြာပညာရပ်များဖြင့် ကံကြမ္မာမြှင့်တင် ပါရမီဖြည့် ကူညီပေးနေသည်။ ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ယူသည်။

www.burmeseclassic.com

မောင်ညာကာလေး

(တောင်ကုစာ)

တစ်ကိုယ်တည်း အကောင်းဆုံးနေထိုင်နည်း

မိသားစုနှင့် ပတ်ဝန်းကျင်က ရိုက်ခတ်တဲ့ လောကဓံမုန်တိုင်း ရိုင်းချင်တိုင်း ရိုင်းလာတဲ့အခါ မဖြေရှင်းနိုင်၊ မခံစားလိုသည့်သဘောဖြင့် တစ်ကိုယ်တစ်ကာယ တစ်ယောက်တည်းနေတာ အကောင်းဆုံးပါလို့ ညည်းတွားပြောဆို ရေးသားဖော်ပြကြသည်ကို မကြာခဏ ကြားရ၊ ဖတ်ရဖူးဖန်၏။ မကောင်းတဲ့ အပေါင်းအသင်းနှင့် ပေါင်းသင်းနေထိုင်ရတာထက် တစ်ယောက်တည်းနေတာက ပိုကောင်းတယ်လို့လည်း အခါအားလျော်စွာ ပြောဆိုရေးသားကြပါသည်။ တစ်ဦးတည်း သီးခြားအထီးကျန် နေ ထိုင်ခြင်းသည် တကယ်ပဲ ကောင်းလေသလား။

လောကနီတိဆရာက အမိတ္တသဃ ကုတော သုခံ - မိတ်ဆွေခင်ပွန်း၊ အပေါင်းအသင်း မရှိသောသူအား ချမ်းသာသုခဆိုတာ အဘယ်မှာ ရှိအံ့နည်းဟု ဆိုပါသည်။ မိတ်ဆွေခင်ပွန်း၊ အပေါင်းအသင်း မရှိဘဲ အထီးကျန် နေ ထိုင်ခြင်းရဲ့ အနှိမ့်ဆုံးဆိုးကျိုး သည်ပင် လိုချင်စရာမရှိ။ ဝမ်းနည်း အားငယ်ပြီး သေးသိမ်နေရ၏။ ဝမ်းနည်းတယ်၊ အားငယ်တယ် သေးသိမ်တယ်ဆိုတဲ့ ကြားနေ ကျ စကားလေးကို ဗုဒ္ဓအဘိဓမ္မ အရ အတိအကျ အရကောက်လျှင် ဒေါသကို ကောက်ရပါသည်။

www.burmeseclassic.com

ဒေါသဆိုတာ ခက်ထန်ကြမ်းတမ်းခြင်းလက္ခဏာ ရှိသည် မဟုတ်ပေလောဟု တွေးတောစဉ်းစားစရာ ဖြစ်သော်၏။ မှန်၏။ ခုတ်မယ်၊ ဖြတ်မယ်၊ ထိုးမယ်၊ သတ်မယ် စသည်ဖြင့် သူတစ်ပါးအပေါ် ခက်ထန်ကြမ်းတမ်းစွာ တုံ့ပြန်ပြောဆိုပြုမူတဲ့ဒေါသကို အတက်ဒေါသလို့ ခေါ်ပါသည်။ သူတစ်ပါးအပေါ် မတုံ့ပြန်ချင်၊ မတုံ့ပြန်နိုင်လို့ မိမိဘာသာ စိတ်နည်းအားငယ်နေတဲ့ဒေါသကို အသက်ဒေါသလို့ ခေါ်ပါသည်။ ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်နေခြင်း ဖြစ်ပါသည်။

ထိုသို့ မိမိအပေါ် ဒေါသထွက်တဲ့အခါ ပစ္စုပ္ပန်ဘဝမှာ လောလောဆယ် ဖြစ်ပေါ်ခံစားနေရသော အကြောင်းမျှကို တွေးပြီး ဒေါသထွက်သည်မဟုတ်။ အတိတ်ဘဝက အကြောင်းကိုပါ တွေးပြီး ဒေါသထွက်တတ်ပါသည်။ ငါ့နယ် ဖြစ်မှဖြစ်ရလေ၊ အတိတ်ကံကိုက မကောင်းတာ သည်ဖြင့် အတိတ်ဘဝထိ လှမ်းပြီး အပြစ်တင်နေမိတတ်ပါသည်။ အတက်ဒေါသကို မြွေမွေး၊ မြွေဟောက်နှင့် နှုတ်ကြောင်း ကျမ်းကန်များ၌ ပြဆို၏။ အသက်ဒေါသတွင်မူ ဥပမာပြဆိုထားခြင်းမရှိ၊ မတွေ့မိပါ။ စာရေးသူက အသက်ဒေါသကို အတွင်းလှိုက်လောင်နေတတ်တဲ့ ဖွဖွမီးနှင့် ထပ်တူပြုချင်ပါသည်။ အသက်ဒေါသ အားကောင်းအောင် ပံ့ပိုးပေးတဲ့ အပေါင်းပါသုံးဦး ရှိပါသည်။ ကျဿာ၊ မစ္ဆရိယ၊ ကုဿုဇ္ဈတို့ပါပဲ။ မိမိတစ်ယောက်တည်း နေနေရသည်ကို စိတ်နှပ်သလိုလိုနှင့် သူများတွေ အပေါင်းအသင်း ရောင်းများနှင့် ပျော်ရွှင်နေသည်ကို မနာလို ငြူစူစောင်းကြောင်းတဲ့ကျဿာ ကြီးထွားနေတတ်ပါသည်။

ထို့အတူ ကိုယ်လိုလားသူကို အခြားသူများနှင့် မပေါင်းသင်းစေလိုတဲ့ မနာလိုဝန်တိုမှု မစ္ဆရိယကလည်း ရိုးတိုးရွတ်လွယ်ကူ ရှိပါသည်။ ငါ သူနှင့် မပေါင်းသင်းတာ မှားများသွားပြီလားဆိုတဲ့ သို့လော၊ သို့လော တွေးတောနေခြင်း ကုဿုဇ္ဈလည်း အတွင်းလှိုက်ကာ ဂယက်ထနေပါသည်။ ဤအတွေးများ အားကောင်းလာလေလေ အသက်ဒေါသ ပြင်းမြင့်လာလေလေ၊ ဝမ်းနည်းကြေကွဲလာလေလေ ဖြစ်ပါသည်။ အတက်ဒေါသက သူတစ်ပါးအပေါ် ရိုင်းစိုင်းကြမ်းတမ်းပြီး အသက်ဒေါသက မိမိအပေါ် ရိုင်းစိုင်းကြမ်းတမ်းပါသည်။ အတက်ဒေါသက သူတစ်ပါးကို နှိပ်စက်ပြီး အသက်ဒေါသက မိမိကိုယ်ကို နှိပ်စက်ပါသည်။ ဒေါသနှင့်ပတ်သက်၍ ငရဲပြည် ဆိုသည့်အတိုင်း ထိုသို့ ဝမ်းနည်းအားငယ်နေခဲ့ သေသွားပါက ငရဲသို့ရောက်ပေမည်။ ဤကား အထီးကျန်နေထိုင်ခြင်းရဲ့ အနှိမ့်ဆုံးဆိုးကျိုးလေးပင် ဖြစ်ပါသည်။

တစ်ဆင့်တက်၍ မြှင့်တွေးလျှင် စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ သာရေးနာရေး စတဲ့အရေးပေါင်းများစွာတွင် နှိမ့်သည်ထက်နှိမ့်ပြီး ပိသည်ထက် ပိဝင်သွားပေမည်။ ကျန်းမာရေးမကောင်းတော့လျှင်ကား အဆပေါင်းများစွာ တိုးသွားဆိုးသွားပေမည်။ တစ်ယောက်တည်း နေပေမယ့် လာတော့မလုပ်နဲ့၊ တစ်ကောင်တည်း၊ ဒါပေမဲ့ ခြင်္သေ့ကွလို့ နှလုံးသွင်းခဲ့ပါမူကား ပတ်ဝန်းကျင်ကရုဏာတရားကို မရုပ်သိမ်း သေးသမျှ အထီးကျန်တဲ့ခြင်္သေ့ ဖြစ်နိုင်သေး၏။ ဒီကောင်တော့ မဟုတ်တော့ဘူးထင်တယ်ဆိုပြီး ကရုဏာတရားကို ရုပ်သိမ်းလိုက်သည်နှင့် ခြင်္သေ့မဟုတ်တော့ဘဲ ခွေးအ,ဖြစ်သွားပေမည်။ လိုတိုရှင်း အနှစ်ချုပ်ပြောပါက ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော ဘဝအတွက် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုး မပွားတိုးနိုင်ပါဘူး။ ဆုတ်ယုတ်နစ်နာ ဆုံးရှုံးသွားနိုင်ပါသည်။ ထို့ကြောင့် လောကနီတိဆရာက မိတ်ဆွေခင်ပွန်း မရှိသူအား အဘယ်မှာ ချမ်းသာသုခ ရှိပါအံ့နည်းဟု ဆိုခြင်းဖြစ်ပါသည်။

သို့သော် အတုမဲ့လို့ ယုံကြည်ကိုးစား ကိုးကွယ်ထားတဲ့ ဗုဒ္ဓဘုရားကတော့ မိမိတစ်ပါးတည်း ဆိတ်ငြိမ်ရာ၌ နေထိုင်ခြင်းကို အထူးနှစ်သက်တော်မူပါသည်။ တပည့်သာဝကများ တစ်ဦးတည်း၊ တစ်ပါးတည်း နေထိုင်ပါကလည်း အထူးချီးမွမ်းတော်မူလေ့ရှိပါသည်။ သုတ္တနိပါတ်လာ ဂုဟသုတ်၊ ဥပရိပဏ္ဏာသလာ စူဠဥသုညတသုတ်၊ မဟာသုညတသုတ်တို့၌ အထင်အရှား ဟောပြထားပါသည်။ အခြား,အခြားသော သဂါထာဝဂ္ဂသံယုဂ်၊ ခဂ္ဂဝဒ၊ မဟာနိဒ္ဒေသ စသည်တို့၌လည်း များစွာဟောပြောထားသေး၏။ တွေးခေါ်ပညာရှင်များလည်း ဗုဒ္ဓကဲ့သို့ပင် တစ်ဦးတည်း တိတ်ဆိတ်စွာနေရခြင်းကို နှစ်သက်ကြ၏။ တွေးကြည့်လိုက်လျှင် လောကနီတိဆရာ ဆိုသကဲ့သို့ ချမ်းသာသုခ ကင်းမဲ့ခြင်း ဆိုးကျိုးကို မျက်ဝါးထင်ထင် ဉာဏ်၌မြင်နေရပါလျက် ဘယ်အတွက်ကြောင့် ဗုဒ္ဓနှင့်တကွ တွေးခေါ်ပညာရှင်များ နှစ်သက်ကြပါသနည်း။ ဘယ်အတွက်ကြောင့် လူတို့သည် တစ်ယောက်တည်း နေလိုကြောင်း ညည်းတွားနေကြသနည်း။

ဆန့်ကျင်ဘက် ဝိရောဓိအသွင်ဆောင်နေတဲ့ ဤပြဿနာတွင် ကောင်းမြတ်မှန်ကန်တဲ့ အနှစ်သာရတစ်ခုတော့

www.burmeseclassic.com

www.burmeseclassic.com

လျှို့ဝှက်မြုပ်ကွယ်လျက် ရှိမည်ထင်ပါသည်။ ရှိကိုမှ ရှိရမည်ဟု စာရေးသူ ယူဆပါသည်။ တစ်ကိုယ်တည်း အထီးကျန်နေထိုင်ခြင်းသည် ချမ်းသာသုခမဲ့ နေထိုင်ခြင်းပဲလို့ လောကနီတိဆရာ အာဘယ်ကြောင့် မှတ်ချက်ချဲ့သနည်း။

တစ်ကိုယ်တည်း အထီးကျန်နေထိုင်သူသည် လောကကို အလှမဆင်နိုင်သူ ဖြစ်၏။ ကြီးကျယ်မြင့်မြတ်သော အရာဟူသမျှကို အများနှင့် ပူးပေါင်းလုပ်ဆောင်မှ ရ၏။ မည်ရွေ့မည်မျှ တော်တတ်ချွန်စေကာမူ တစ်ဦးတည်းဖြင့် မဆောင်ရွက်နိုင်ချေ။ လူသည် လူနှင့် အညမည သဟဇာတ ကျအောင် ပေါင်းသင်းဆက်ဆံ နေထိုင်ရ၏။ တစ်ယောက်တည်းနေ၍ မရကောင်းပေ။ တစ်ယောက်တည်းနေလျှင် တစ်နေ့တွင် ကြီးမားသောဆုံးရှုံးနစ်နာမှုနှင့် ရင်ဆိုင်ရမည်ကား မလွဲပေ။ ဘယ်အခါလဲ၊ ဘယ်လိုအခြေအနေမှာလဲ၊ ဘာကြောင့်လဲ။

လူဘောင်အဖွဲ့အစည်းအတွင်း မှီတင်းနေထိုင်ပါလျက် ကယ်နှင့် တစ်ယောက်တည်း အထီးကျန်နေထိုင်တဲ့အခါ ကြီးမားသော ဆုံးရှုံးနစ်နာမှုနှင့် ကြုံတွေ့ရတတ်ပါသည်။ ပြီးတော့ တစ်ဦးတည်းနေထိုင်လျက် တစ်ဦးတည်းမဟုတ်တဲ့အခါ ကြီးမားသောဆုံးရှုံးနစ်နာမှုနှင့် ကြုံတွေ့ရတတ်ပါသည်။ ဤစကားကို အများနားလည်လွယ်အောင် အနည်းငယ် ရှင်းပြပါအုံး။ လူမှုပေါင်းသင်းဆက်ဆံရေးမှ ဝေးစွာရှောင်ခွာလျက် ဆိတ်ငြိမ်ရာ၌ တစ်ဦးတည်း နေထိုင်လျှင် ကာယဝိဝေက ဖြစ်ပါသည်။ ရုပ်ခန္ဓာကိုယ်ကြီးသည် လူသူကင်းဝေးလျက် အမှန်တကယ် ဆိတ်ငြိမ်နေပါသည်။ သို့သော် ထိုကာလ၌ ဘယ်ကောင်မလေး ဘယ်လိုနေရလျှင်၊ ဘယ်ကောင်လေးနှင့် ဘယ်လိုနေရလျှင် စတဲ့ ကာမဂုဏ်ကြဲစည်မှု ကာမဝိတက် ထူပြောနေပါက စိတ်အာရုံထဲတွင် လူအများနှင့်တွေ့နေ၍ ကာယဝိဝေကဖြင့် တစ်ယောက်တည်း ဖြစ်နေခိုက်မှာ စိတ္တဝိဝေက မရှိ၍ တစ်ယောက်တည်း မဟုတ် ဖြစ်နေပါသည်။

ထို့အတူ ဘယ်သူကို ပျက်စီးသွားအောင် ဘယ်လိုလုပ်ရမလဲလို့ တွေးနေတဲ့အခါ သူတစ်ပါးပျက်စီးရန် ကြံစည်မှု ဗျာပါဒဝိတက် လက်စွမ်းပြ၍ လူတကာကို လိုက်ပြီးဖျက်ဆီးနေတတ်ပါသည်။ ဘယ်သူကို ဘယ်လိုနှိပ်စက်ရကောင်းမလဲလို့ တွေးနေတဲ့အခါ သူတစ်ပါးအား နှိပ်စက်ညှဉ်းဆဲလိုမှု ဝိဟိသာဝိတက် လက်စွမ်းပြနေ၍ လူတကာကို လိုက်ပြီး နှိပ်စက်ညှဉ်းဆဲနေတတ်ပါသည်။ ထိုသို့ အကုသိုလ်ဝိတက်များ နှိပ်စက်ခံနေရပါက တစ်ယောက်တည်း ထိုင်နေရင်းက လူပေါင်းများစွာနှင့် တွေ့နေပါသည်။ ထို့ကြောင့် တစ်ယောက်တည်းနေလျက် တစ်ယောက်တည်း မဟုတ်တဲ့အခါ ဖြစ်သွားပါသည်။ ကာယဝိဝေကမျှသာဖြစ်ပြီး စိတ္တဝိဝေက မဖြစ်ဟု ဆိုလိုပါသည်။ စိတ္တဝိဝေက မဖြစ်စိတ်သည် မတိတ်ဆိတ်၊ မငြိမ်သက်လျှင် ဥပဓိဝိဝေက ကိလေသာတို့မှ တိတ်ဆိတ်ခြင်းဖြစ်ဖို့ရာ ဝေးလေတော့၏။ အရှင်စကားဖြင့် အလွယ်ပြောပါက စိတ်နှင့် ကိုယ်နှင့် မကပ်ပေ။ ကိုယ်ခန္ဓာအား ထိုင်ခိုင်းထားခဲ့ပြီး စိတ်က သူဘာသာသွားချင်ရာ ထွက်သွားပြီး တွေ့ချင်တဲ့လူနှင့်တွေ့ကာ ပြောချင်ရာပြော၊ လုပ်ချင်ရာ လျှောက်လုပ်နေပါသည်။

ထိုသို့ ကိုယ်နှင့်စိတ် မကပ်ဘဲ ကိုယ်တခြား စိတ်တခြား အတွေးများလျက် ပေးသွားတဲ့အခါ မိုးကြိုးပစ်ခြင်း၊ ခြင်္သေ့ဟောက်ခြင်း၊ အမြောက်ပစ်ခြင်း စတဲ့ကြောက်လန့်ဖွယ်ရာ အသံများကြားလျှင် သို့တည်းမဟုတ် အလွန်ထိတ်လန့်ဖွယ်ရာ တစ္ဆေမြေဘုတ်၊ သင်းကွဲပြိတ္တာ စသည်တို့ကို မြင်တွေ့ရလျှင် ထိတ်လန့်ပြီး လိပ်ပြာစင်သွားတတ်၏။ ကြောင်မူးကြောင် ကြောင်တောင်တောင် ဖြစ်သွားတတ်ပါသည်။ အလွန်ပြင်းထန်သောအာရုံဆိုပါက သေသွားတတ်ပါသည်။ ထို့ကြောင့် ထိုသို့ ကိုယ်,စိတ်မကပ်ဘဲ ဖြစ်နေသည့်အခါ ကြီးမားသောဆုံးရှုံးနစ်နာမှုကြီး ဖြစ်လာတတ်ပါသည်။ ထိုခဏမှာပင် ထိုစိတ်နှင့်သေလျှင် ဒေါသနှင့်သေက ငရဲ၊ လောဘနှင့်သေက ပြိတ္တာ၊ မောဟနှင့်သေက တိရစ္ဆာန်ဘုံ ဘဝအသီးသီးသို့ ကံအားလျော်စွာ ရောက်သွားပေမည်။ ဒုက္ခထုထည်ပမာဏကို ဤရွေ့ဤမျှဟု ဂဏန်းချ၍ မပြနိုင်တော့ချေ။ ထို့ကြောင့် ကာယဝိဝေကမျှသာဖြစ်၍ စိတ္တဝိဝေက မဖြစ်လျှင် အကြီးအကျယ် ဆုံးရှုံးနစ်နာတတ်ပေသည်။

လောကနီတိဆရာပြောတဲ့ မိတ်ဆွေအပေါင်းအသင်း မရှိလျှင် ချမ်းသာသုခ မရှိနိုင် ဆိုစကားလည်း မှန်ကန်ပါ၏။ ရှူးသွပ်သွားစေနိုင်၊ သေသွားစေနိုင်လောက်အောင် အန္တရာယ်များသည်လည်း မှန်ကန်၏။ သေပြီးနောက် အပါယ်လေးဘုံ တစ်ဘုံဘုံသို့ ရောက်သွားရတတ်သည်မှာလည်း မှန်ကန်ပါ၏။ သို့ပါလျက် ဘုရားရှင်နှင့်တကွ တွေ့ခဲ့ရသော ဉာဏ်ပညာရှင်များက အာဘယ်ကြောင့် နှစ်သက်နေကြသနည်း။ တွေ့ခဲ့ပညာရှင်များ နှစ်သက်ခြင်းမှာ ဘာထူးခြားစမ်းသပ်မှုလုပ်ငန်းများ စတင်တာထွက်ရာ ဖြစ်လို့ပါတဲ့

www.burmeseclassic.com

www.burmeseclassic.com

နှစ်၏။ စာပေအနုပညာ၊ သိပ္ပံ,ဝိဇ္ဇာဆိုင်ရာ တီထွင်စမ်းသပ်ဟူသမျှသည် တစ်ကိုယ်တည်း တိတ်ဆိတ်နေထိုင်ခြင်း ကာယဝိဝေကမှ စတင်လာခဲ့ပါသည်။ တီထွင်စမ်းသူဟူသမျှပင် တီထွင်စမ်းသပ်မှုပြုစဉ်မှာ တစ်ဦးတည်း တိတ်ဆိတ်စွာ နေထိုင်ခဲ့ကြပေသည်။

မြတ်ဘုရား အဘယ်ကြောင့် နှစ်သက်တော်မူပါသနည်း။ ဤအမေးအတွက် အဖြေရှာလျှင် ဗုဒ္ဓပိုင်ဆိုင်ထားတဲ့ သဗ္ဗညုတဉာဏ်တော်က စတင်ရပေမည်။

သဗ္ဗ-အလုံးစုံ အကုန်အစင်၊ အညူ-သိတော်မူနိုင်စွမ်းသော၊ ဉာဏ်-ဉာဏ်တော်သည် သဗ္ဗညုတဉာဏ်တော် မည်၏။ ဤဉာဏ်တော်ကို ရရှိလာတော်မူရန် လောင်းလျာဘဝနှင့် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ရှည်ကြာလေးမြင့်စွာ ပါရမီတော်ဖြည့်ကျင့်လာခဲ့ရ၏။ သို့သော် ပါရမီပြည့်ရုံမျှနှင့်ပင် နန်းတော်တွင်းမှာ ကာမဂုဏ်အာရုံများ ခံစားရင်းက ပါရမီပြည့်ပြီဆိုပြီး ဘွင်းခနဲ ဘုရားအဖြစ် ပွင့်တော်မူလာသည်ကား မဟုတ်ပေ။ ကာမဂုဏ်အာရုံကို နှာခေါ် မယုတ်မလွန် နှစ်တန်သောအစွန်းမှလွတ်တဲ့ မဇ္ဈိမပဋိပဒါ အကျင့်မြတ်ကို ကျင့်ကြံအားထုတ်ရန် ဆိတ်ငြိမ်ရာသို့ ကပ်ရ၏။ ကာယဝိဝေကဖြစ်အောင် တစ်ပါးတည်း အဆိုင်ခြင်းဖြင့် စတင်ခဲ့ရ၏။ အတွေးအခေါ်ဒဿနတို့တွင် အခြေခံဆုံးဖြစ်သော ဗုဒ္ဓအဘိဓမ္မာအားလုံး သဗ္ဗညုတဉာဏ်ဆောက်မှ ထွက်ပေါ်လာ၏။ သဗ္ဗညုတဉာဏ်ကား တစ်ပါးတည်း နေထိုင်ခြင်း အခြေပြု စတင်လာခဲ့ပေသည်။ ထိုသို့ သဗ္ဗညုတဉာဏ်တော် မြစ်ဖျားခံရာဖြစ်သောကြောင့် တစ်ပါးတည်း တိတ်ဆိတ်စွာနေခြင်းကို မြတ်ဘုရား နှစ်သက်တော်မူပေသည်။

မှန်၏။ ဆိတ်ငြိမ်ရာအရပ်သို့ကပ်လျက် တစ်ယောက်တည်းနေလျှင် ကိုယ်စိတ်နှစ်ဖြာ ငြိမ်းအေးခြင်း၊ စိတ်တည်ကြည်သမာဓိနှင့် စိတ်ကြည်လင်မှု အထူးရရှိပေသည်။ တစ်ခြားပြောပါက ဓမ္မသဘာဝစစ်စစ်နှင့် တွေ့နိုင်ပါသည်။ ဓမ္မသဘာဝစစ်စစ်နှင့်တွေ့၍ မိမိစိတ်က ဓမ္မသဘာဝနောက်သို့ အစဉ်လိုက်သွားလျှင် လောကီအာရုံ ကာမဂုဏ်နှင့် ဝေးသည်ထက် ဝေးသွားတော့၏။ ဝေးသွားလေလေ စိတ်ကြည်ငြိမ်ပြီး သန့်ရှင်းလာလေလေပင်။ သန့်ရှင်းကြည်လင်ငြိမ်လာလေလေ တစ်ခါထပ်၍ ကာမဂုဏ်အာရုံနှင့် ဝေးလေလေ၊ လောကီအာရုံ ကာမဂုဏ်နှင့် ဝေးလေလေ ကိလေသာနှင့် နီးလေလေ ကာမဂုဏ်အာရုံများက မိမိအား မမြင်နိုင်တော့လောက်အောင် မိမိလည်း ကာမဂုဏ်အာရုံများကို မမြင်နိုင်တော့လောက်အောင် ဝေးကွာသွားခဲ့ပါမူကား မင်္ဂဖိုလ်နိဗ္ဗာန်သို့ အပြီးတိုင်ရောက်လေတော့၏။

နိဗ္ဗာန်သို့ရောက်လျှင် ဒုက္ခနိရောဓော နိဗ္ဗာနံအရ ဒုက္ခအားလုံး ချုပ်ငြိမ်းရပ်သိမ်းသွားပေသည်။ သို့ဆိုလျှင် ဒုက္ခချုပ်ငြိမ်းခြင်းသည်လည်း တစ်ယောက်တည်း နေထိုင်ခြင်းကပင် စတင်မြစ်ဖျားခံလာခဲ့သည် မဟုတ်ပေလော။ ဒုက္ခရင်းမြစ်ကို တူးဖြိုပစ်လျှင် သုခချမ်းသာ ကျန်တော့၏။ ထို့ကြောင့် သုခအားလုံးလည်း တစ်ယောက်တည်း နေထိုင်ခြင်းကပင် စတင်လာခဲ့ပါသည်။ ဒုက္ခအားလုံး ချုပ်ငြိမ်းရပ်သိမ်းပြီး သုခဧကန် အစစ်အမှန်ကျန်ရှိနိုင်ဖို့ရာ တစ်ယောက်တည်း နေထိုင်ခြင်းကို ဘုရားစသော အရိယာသူတော်စင်များ လိုလားနှစ်သက်တော်မူကြသည်ဟု ဆိုရပေတော့မည်။ တီထွင်ကြံဆသူများ၊ ဘုရားစသော အရိယာသူတော်စင်များ လိုလားနှစ်သက်တော်မူပြီး ဒုက္ခချုပ်ငြိမ်းရပ်သိမ်းပါလျက် ဆုံးရှုံးနစ်နာမှုကြီး ဖြစ်လာနိုင်သည်ဟု အဘယ်ကြောင့်ဆိုသနည်းဟု မေးချင်စရာ ဖြစ်လာ၏။ တွေးသင့်၊ မေးသင့်ပါသည်။ အဖြေက လူဘောင်အသိုင်းအဝိုင်း၌ နေထိုင်ပါလျက် တစ်ယောက်တည်း အထီးကျန်နေထိုင်သောကြောင့် ဖြစ်ပါသည်။

ဘဝအသုံးချပညာအဖြစ် အနှစ်ထုတ်လျှင် လူဘောင်အသိုင်းအဝိုင်း၌ နေထိုင်ပါက တစ်ယောက်တည်း နေထိုင်မှုမပြုပါလေနှင့်။ လူနှင့်လူချင်း ပေါင်းသင်းဆက်ဆံနေထိုင်ပါ။ နောက်တစ်ခုက တစ်ယောက်တည်း နေနေပါလျက် တစ်ယောက်တည်းမဟုတ်တဲ့ခါ ဆုံးရှုံးနစ်နာမှုကြီး ဖြစ်တတ်ပါသည်။ နေတဲ့အခါ တစ်ယောက်တည်းနေပြီး စိတ်က ကယောက်ကယက် တစ်ယောက်တည်း ထွက်သွားပြီး နေရာတကာမှာ လူတကာနှင့် တွေ့ချင်သလိုတွေ့၊ ပြောချင်သလိုပြော၊ လုပ်ချင်သလို လုပ်နေလျှင် စိတ်တည်ငြိမ်မှုလည်း မရ၊ အပေါင်းအသင်းလည်း မရဘဲ ဆုံးရှုံးနစ်နာရ၏။ ထို့ကြောင့် ကာယဝိဝေကဖြစ်အောင် ဆိတ်ငြိမ်ရာသို့ကပ်လျက် တစ်ယောက်တည်း နေပြီဆိုလျှင် တစ်ယောက်တည်းဖြစ်အောင် တစ်စိတ်တည်းသာ မွေးပါ။ မိမိဦးတည်ရည်ရွယ်ထားသည့် အလုပ်ကိုသာ အာရုံပြုပါ၊ လုပ်ကိုင်ပါ။ သို့မှသာလျှင် တစ်ယောက်တည်း အကောင်းဆုံးနေထိုင်ခြင်း ဖြစ်ပေမည်။

ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ

မောင်ဉာဏ်လင်း(တောင်ကုတ်)

www.burmeseclassic.com

www.burmeseclassic.com

ဗာရာဏသီမြို့သား ပုဏ္ဏားတစ်ယောက်သည်
အလွန် ပြည့်စုံကြွယ်ဝ၏။ ပစ္စည်းဥစ္စာ ရတနာ
ငွေ ချမ်းသာရုံတင်မက သဒ္ဓါတရားဆိုတဲ့ သူတော်
ကောင်းဥစ္စာ ရတနာလည်း ချမ်းသာကြွယ်ဝ
ရဟန်းပုဏ္ဏားနှင့် အထီးကျန်သူ လူဆင်းရဲတို့အား
အစားအစာ၊ အဝတ်အထည်နှင့်တကွ အိပ်ရာနေ
တို့ကိုလည်း ပေးလှူ
လာလာသမျှသော ရဟန်း
ပုဏ္ဏား၊ အထီးကျန်သူ၊
ဆင်းရဲတို့အား ရောက်လာတ
အခါအားလျော်စွာ ထိုက်တန်

www.burmeseclassic.com

www.burmeseclassic.com

ကို ပေးလှူ၏။ ခြေဆေးရေ၊ ခြေနယ်ဆီကအစ ဒါနဟူသမျှ ပေးလှူ၏။

နံနက်အခါဆိုပါက ရဟန်းတော်တို့အား ဆွမ်း၊ ခဲဖွယ်၊ ရိက္ခာအရသာ၊ စားဖွယ်သောက်ဖွယ်ရာတို့ဖြင့် အသေအချာ ပြင်ဆင်လှူပွဲကျွေးပြုစုပါသည်။ အရပ်တစ်ပါးသို့ ခရီးထွက်သွားသော်လည်း ဒါနဝတ်ကို မေ့မထား။ ကြင်ရာသက်ဆုံး ဇနီးမယားကို ဒါနဝတ်မပျက်ဖို့ အသေအချာ စီစဉ်ကြားပြီးမှ ခရီးသွား၏။ ပေးကမ်းလှူဒါန်းခြင်းကိုပင် သူဘဝဟု ထင်ထားသူ ဖြစ်ပါသည်။

အိမ်ထောင်တစ်ခုတွင် လင်နှင့်မယား သဒ္ဓါတရား တူမှီရာလည်း အလွန်ခဲယဉ်း၏။ လင်ကောင်းလျှင် မယားကောင်း၊ မယားကောင်းလျှင် လင်မကောင်းတတ်ပါ။ အခုသည်း ပုဏ္ဏားကြီး ထိုမျှလောက် သဒ္ဓါတရားရှိသော်လည်း အိမ်တည်းအတူနေတဲ့ အိမ်သူသက်ထားကတော့ လုံးဝ သဒ္ဓါတရားမရှိ။ ဒါနကို အပိုကုန်တဲ့အလုပ်တစ်ခုအဖြစ် မြင်သုံးသပ်၏၊ နားလည်ခံစား၏။

လင်ယောကျ်ား မရှိစဉ်မှာ သူ့အမြင်၊ သူ့အယူအဆ အတိုင်း ကျင့်သုံး၏။ လင် အိမ်က ထွက်သွားသည်နှင့် သတ်မှတ်ထားခဲ့တဲ့ ဒါနဝတ်၊ အလှူအတန်းဆို အားလုံး ပြတ်ပစ်၏။ အထီးကျန်သူ၊ လူဆင်းရဲတို့ နေရာထိုင်ခင်း မေးကြောင်းနှင့် သူမထံ ချဉ်းကပ်လာလျှင် အိမ်နောက်အား မသုံးဘဲ စွန့်ပစ်ထားတဲ့ ဧရပ်ဟောင်းအို ဧရပ်ပြို ရုပ်ပျက်ကို လက်ညှိုးညွှန်ပြပြီး အဲဒီမှာအိပ်၊ အဲဒီမှာ ထိုင်လို့ ဖြစ်စလွယ် ပြောလိုက်၏။ အစာရေစာတောင်းခံသူင် မစင်ကိုစားကြ၊ ကျင်ငယ်ရေသောက်ကြ၊ သွေးကို သောက်ကြ၊ နင်တို့အမေ ဦးနှောက်ကို ဖောက်စားကြသည်ဖြင့် မစင်မကြယ် စက်ဆုပ်ဖွယ်ရာများကို တသီတတန်းကြီး ထုတ်ပြပြီး ကြမ်းတမ်းစွာ ပြောဆို၏။

ဖြစ်ပြီးလျှင် ပျက်ရတဲ့ ရုပ်ခန္ဓာတို့ရဲ့ သဘာဝအား ဆင်ခြင်မှာ သေလွန်တဲ့တစ်နေ့မှာ ထိုက်က အဟုန်ပြင်းစွာ ဆင်ခြင်လိုက်၍ ပေတလောကပြိတ္တာဘုံဘဝသို့ ရောက်သွားမှာ မိမိပြောဆိုလာခဲ့တဲ့ ဝစီက်ကြမ်း နှုတ်သရမ်းမှုနှင့် ကိုက်ဖက်တဲ့ အစာအာဟာရတွေကိုစားပြီး ဒုက္ခကြီးစွာ ခံရမှာ။ ဒုက္ခဟူသည် သူခကို အမြစ်ရင်းကပင် မကျန် ဖျောင် တွန်းလှန်တူးဖြိုပစ်သည့် တရားပေမို့ သူ့ဘဝမှာ အကြောင်းအကျန် မရှိတော့ချေ။ ဒုက္ခသည်ဝင် သူ့ဘဝ ကြုံခံရမှာ အာဟာရတစ်ခုသဖွယ် ဖြစ်နေတော့၏။ ဒုက္ခ နှင့် ပက်ပင်းတွေ့ရသော သတ္တဝါဟူသရွေ့ သုခကို တမ်းတ၏။ သုခရှိနိုင်ရာသို့ မျှော်ရည်မှန်းဆ၏။ သုခပေးစွမ်းနိုင်မည့်သူအား စဉ်းစားရာဖွေလေသည်။ တစ်ဘဝတာ မျက်မှောက်အခါ၌ တွေ့ကြုံဆုံခဲ့ဖူးသူများကို တမ်းတ၍ အားကိုးမရလျှင် ရှေးရှေးဘဝကိုပင် အာရုံပြု၍ စူးစမ်းရှာဖွေ၏။ အရှမ်းဆင်းရဲနွမ်းပါးလာသူတို့ရဲ့ အလေ့အထ သဘာဝတစ်ခုဟုပင် ဆိုချင်ပါသည်။ ဤပြိတ္တာမလည်း ထို့အတူပင် ရှေ့ဘဝ၌ ဆက်စပ်ဖူးသော ဘဝဖြစ်စဉ်ကို အစဉ်လိုက်ပြီး အာရုံပြုပါသည်။

ထိုသို့ ဒုက္ခရောက်စဉ် ကူညီနိုင်မည့်သူကို ဘဝ အဆက်ဆက်ထိ လိုက်လံရှာဖွေစဉ်မှာ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်အနုရုဒ္ဓါနှင့် အရှင်ကပ္ပိန မထေရ်မြတ်လေးပါးတို့ ရာဇဂြိုဟ်မြို့နှင့် သိပ်မဝေးတဲ့ တောကျောင်းလေးတစ်ခုမှာ သီတင်းသုံးနေတော်မူကြပါသည်။ တစ်ဘဝတာည်းမှာ အတူတွေ့ခဲ့ပေမယ့် ငါ့သား တော်ဖူးတယ်လို့ မှတ်မှတ်ရရ မတွေးမိနိုင်၊ မသိနိုင်ခဲ့တဲ့ ပြိတ္တာမကြီး ဘဝခြားပြီး ဒုက္ခကြီးနေတဲ့ ခုချိန်ခါမှာတော့ ဟယ်..ဒါ အရင် ငါးဘဝက ငါ့သားပဲလို့ တွေးထင်မြင်နိုင်သွားပါသည်။ မှန်၏၊ အရှင်သာရိပုတ္တရာ၏ နောက်ငါးဘဝက မိခင်ဟောင်း ဖြစ်ခဲ့ဖူး၏။

ငါ့သားက ငါ့ဒုက္ခကို ကယ်တင်နိုင်မှာပါဆိုတဲ့ ယုံကြည်ချက်ဖြင့် အရှင်မြတ်လေးပါး သီတင်းသုံးရာ တောကျောင်းလေးဆီသို့ ပြိတ္တာမကြီး ဦးတည်လိုက်တော့၏။ ကျောင်းတံခါးဝနားသို့ရောက်တော့ ကျောင်းစောင့်နတ်တို့ရဲ့ တားမြစ်ပိတ်ပင်ခြင်းကို ခံရ၏။ ကျောင်းထဲသို့ ဝင်ခွင့်မရပေ။ ရှေးအကြောင်း နှောင်းအဖြစ်အဟောင်းကို အသစ်လုပ်ပြီး "ကျွန်မဟာ အရင်ငါးဘဝက အရှင်သာရိပုတ္တရာရဲ့ မိခင်ပါ။ သားရဟန်းကို ဖူးမြော်လိုပါတယ်။ ဝင်ခွင့်ပြုပေးပါ" လို့ တောင်းပန်စကားဆိုလိုက်တော့မှ ကျောင်းခြံထဲ ဝင်ခွင့်ရသွားပါသည်။

ထိုကာလ၌ အရှင်သာရိပုတ္တရာမထေရ်မြတ် စင်္ကြံလျှောက်နေဟန်တူ၏။ မိခင်ဟောင်း ပြိတ္တာမကြီး စင်္ကြံဦးက ရပ်ပြီး သူ့ဘဝ သူ့ခန္ဓာကို မထေရ်မြတ်မြင်သာအောင် အထင်အရှားပြလိုက်ပါသည်။ အရှင်သာရိပုတ္တရာမထေရ်မြတ် မြင်တော်မူလတ်သည်နှင့် ကရုဏာက လှုံ့ဆော်ပေးတဲ့ စိတ်အစဉ် ဖြစ်ပေါ်လေရာ ထိုကရုဏာစိတ်ဖြင့် ဓမ္မဒေသနာ ထုတ်လိုက်ပါသည်။

www.burmeseclassic.com

ဟယ်..အဝတ်မပါ ဗလာကိုယ်ချည်း ရိုးကြီးငေါင်ငေါင် အကြောထောင်ထောင်နှင့် ပိန်လှီကြုံသေး၊ ဒုက္ခလေးစွာ ရပ်တည်နေရာသူကား အဘယ်သူပါနည်း။ အဝတ်ကလည်း မပါ၊ အရိုးပေါ်အရေတင်လို့ အကြောကလည်း ပြိုင်းပြိုင်းထပြီး ရပ်နေတာ ဘယ်သူပါလိမ့်လို့ ကရုဏာအတွေးနှင့် ကရုဏာမေးခွန်း ထုတ်လိုက်တော့ ချက်ချင်းပင် ယခင် ငါးခုမြောက်ဘဝက အရှင်ရဲ့ မိခင်ဟောင်းဖြစ်ကြောင်း၊ ယခုအခါ ပြိတ္တာဘဝမှာဖြစ်နေကြောင်း၊ ငတ်မွတ်ခေါင်းပါး အစာရေစာရှားပါးလှပါကြောင်း၊ သူတစ်ပါး စွန့်ပစ်တဲ့ တံတွေး၊ နှပ်၊ သလိပ်၊ ပြည်၊ သွေးပုပ်၊ အနာစေး၊ ကိုယ်ဝန်အညစ်အကြေးများကိုပဲ မဝရေစာ စားနေရကြောင်း မီးခဲ၊ ပြာတွေများတဲ့ သုသာန်ထဲမှာ စုတ်ပြတ်သတ်စွာ အိပ်ရ၊နေရကြောင်း ဒုက္ခပေါင်းစုံကို အကုန်အစင်တင်ပြလျှောက်ထားပါသည်။

ကြားရတဲ့စကားကို သူတော်စင်နားနှင့် နားထောင်ပြီး အရှင်သာရိပုတ္တရာရင်ထဲ၌ ကရုဏာအပြင် မိခင်ဟောင်းဆိုတဲ့အသိပါယှဉ်ပြီး ကျေးဇူးဆပ်သည့်အနေဖြင့် ဒုက္ခလွတ်အောင် ကယ်တင်ဆောင်မည့်စိတ်ကူး လူးလွန့်လာစဉ်မှာပင် "အရှင်မြတ် ငါ့သား..ဘယ်လိုနည်းနှင့်ပဲဖြစ်ဖြစ် တပည့်တော်မဆီ ရောက်နိုင်တဲ့ နည်းလမ်းတစ်ခုခုဖြင့် အလှူဒါနပြုပြီး အမျှပေးဝေပါ။ သွေးပုပ်၊ ပြည်ပုပ်၊ မစင်ပုပ်စားနေရတဲ့ ဒီပြိတ္တာဘဝက လွတ်ချင်ပါတယ်။ လွတ်နိုင်လိမ့်မယ်လို့လည်း မျှော်လင့်ပါတယ် ငါ့သား အရှင်မြတ်ဘုရား"လို့ လျှောက်ထားလိုက်ပါသည်။

ပြိတ္တာမ စကားကြားပြီးတဲ့နောက် ဒုတိယမြောက်နောက်တစ်နေ့မှာ အရှင်မဟာမောဂ္ဂလာန်၊ အရှင်အနုရုဒ္ဓါ၊ အရှင်ကပ္ပိနမထေရ်တို့ကို ခေါ်ဆောင်ပြီး ရာဇဂြိုဟ်မြို့ထဲသို့ ဆွမ်းခံဝင်တဲ့အခါ ဗိမ္ဗိသာရမင်းကြီးရဲ့ နန်းတော်တွင်းသို့ ကြွတော်မူသွားပါသည်။ မင်းကြီးလည်း မထေရ်မြတ်များကြွလာသည်ကို မြင်သည်နှင့် လက်အုပ်ချီမိုး ရှိခိုးပြီး ဘယ်အတွက်ကြောင့် ဘယ်ကိစ္စအလို့ငှာ ကြွလာတော်မူကြပါသလဲ အရှင်မြတ်တို့ဘုရားလို့ အကြောင်းရင်းကို လျှောက်ထားမေးမြန်းပါသည်။

အရှင်သာရိပုတ္တရာမထေရ်မြတ်လည်း တွေ့ကြုံခဲ့တဲ့အကြောင်းစုံကို စီကာပတ်ကုံး အစဉ်အတိုင်း ပြောပြလိုက်၏။ အညာတံ ဘန္တေ-တပည့်တော် နားလည်ပါပြီအရှင်ဘုရားလို့ လျှောက်ထားပြီး အရှင်မြတ်များကို ပြန်ကြွစေ၏။

ပြီးတော့ ဆိုင်ရာ အမတ်ကြီးများကိုခေါ်ပြီး မြို့နှ
သိပ်မဝေးတဲ့ ဆိတ်ငြိမ်ပြီး အရိပ်အာဝါသနှင့် ရေပြည့်စုံ
နေရာမှာ ကုဋိ (ခေါ်) ကျောင်းငယ်လေးဆောင် ဆော
လုပ်စေ၏။ နန်းတော်တွင်း၌လည်း လေးကျောင်းဆော
လုပ်စေ၏။ ကိုယ်တိုင်လည်း သွားစီမံပေး၏။ ကျောင်း
များဆောက်ပြီး လှူဖွယ်ဝတ္ထုများကို စီစဉ်၏။ ဘု
အမှူးရှိသော သံဃာတော်အရှင်မြတ်များအား သင့်လျော်
သော ပရိက္ခရာအသုံးအဆောင်များ အစစအရာရာ ပြည့်
အောင် စီမံပြီး အရှင်သာရိပုတ္တရာအား အပ်နှံလှူဒါန်းလိုက်
ပါသည်။

ဤနေရာတွင် စာရေးသူ ရပ်စဉ်းစားပါသည်။ ဒီ
သာရမင်းကြီး အစစအရာရာစီစဉ်ပြီး အရှင်သာရိပုတ္တ
အား အဘယ်ကြောင့် အပ်နှံလှူဒါန်းရသနည်း။ အရှင်သာ
ပုတ္တရာအား လှူခြင်းမဟုတ်။ အရှင်သာရိပုတ္တရာအနေ
ဘုရားအမှူးရှိသော စတုဒိသာ သံဃာအား လှူဒါန်းနိုင်
စီစဉ်ပေးခြင်း ဖြစ်ပါသည်။ ကိုယ်တိုင်လှူပြီး အမျှပေး
လျှင် မရနိုင်ပေဘူးလား။ ဤစဉ်းစားချက်အတွက် အ
သာရိပုတ္တရာဘက်ကို ငဲ့စောင်းကြည့်ပြီး အဖြေရှာပါ
ရဟန်းဝိနည်းအရ မအပ်စပ်သည်များ ပါဝင်ပါက အာ
မှ လွတ်ခွင့်ရှိစေရန် ဒါယကာသို့ ပန်ကြား၍ အကူအ
တောင်းခြင်းဖြစ်ကြောင်း အဖြေထွက်၏။ အာပတ်က လွ
စေလိုရံဆိုပါက ဗိမ္ဗိသာရမင်းကြီးအား လှူစေခိုင်းလျှ
ရနိုင်တန်ရာ၏။ သို့သော် ပြိတ္တာမကြီးဘက်ကို ငဲ့စောင်း
အဖြေရှာလျှင် ယခင်ဘဝက သားတော်စပ်ဖူးတဲ့ အရှင်သာ
ပုတ္တရာထံမှ အမျှရလိုကြောင်း လျှောက်ထားတောင်းပန
အရှင်သာရိပုတ္တရာ အမျှပေးဝေပါမှ သာခုခေါ်နိုင်လေရာ
အကျိုးအမြတ်လည်း ထင်ဟပ်လေရာ၏။ ရှေးရှုအာ
သောသူမှ အမျှရခြင်းသည် သာခုခေါ်ရန် သေချာ၏။
သာရမင်းကြီး အမျှပေးဝေလျှင် သိချင်မှ သိပေဦးမည်
သူနှင့် မဆိုင်သူ မပိုင်၍ ဘာသိဘာသာ နေတန်ရာ
သို့ဖြစ်ပါက အမျှမရ၊ သာခုခေါ်နိုင်မည် မဟုတ်ပေ။

အရှင်သာရိပုတ္တရာနှင့် ပြိတ္တာမကြီးကြား တော်
ကို ငဲ့စောင်းကြည့်ပါက မိဘနှင့် သားသမီးဆိုတဲ့ ဆ
သားတော်စပ်မှုကို တွေ့ရ၏။ မိခင်ဟောင်း၊ သားဟော
ဘဝဟောင်းရယ်လို့ ကာလပင်ခြားသော်လည်း သံယော
စည်းကား မခြားသေးပေ။ သံယောဇဉ်အခြေခံရှိနေ၍
ဘဝက သားဖြစ်ကြောင်း ဇာတိသရဉာဏ်ဖြင့် သိမြင်နိ

www.burmeseclassic.com

ဆိုသံယောဇဉ်ကြောင့်ပင် အကူအညီတောင်းလျှင် ရနိုင်သည်ဟု ယုံကြည်စေ၏။ ထိုအသိ ထိုယုံကြည်ချက်ကြောင့် အခက်အခဲ အတားအဆီးကြားက အရောက်သွားထင်ထားသည့်အတိုင်းပင် အကူအညီပေး၏။ အရှင်ဘုရားမှာရာ ကိုယ်တော်မြတ်ကြီးသည် ဗိမ္မိသာရမင်းကြီး လက်ခံရရှိထားသော ကျောင်းငယ်လေးကျောင်းနှင့် အားလုံးသော လှူဖွယ်ဝတ္ထုအစုစုတို့ကို ဘုရားအမှူး စတုဒိသာသံဃာတော်တို့အား လှူဒါန်းလိုက်ပါသည်။ လှူဒါန်းခြင်းကြောင့် ထိုအလှူ၏ကုသိုလ်ကို အရှင်ဘုရားမထေရ်မြတ်ကိုယ်တိုင် ရရှိပိုင်ဆိုင်ပေသည်။ ပိုင်ဆိုင်လာသော ထိုကုသိုလ်ကို ပတ္တိဟု ခေါ်ပါသည်။

ယင်းပတ္တိကို မိခင်ဟောင်း ပြိတ္တာမကြီး ရပါစေဟု ဆုတောင်းခဲ့၍ သားရဟန်းက အမျှပေးဝေ၏။ ထိုသို့ပေးဝေခြင်းကို ဒါနဟု ခေါ်ပါသည်။ စကားနှစ်ရပ် ပေါင်းစပ်ပါက ဒါန-ပတ္တိဒါနလှူဝေမျှခြင်း ဖြစ်ပါသည်။ လှူသော ထိုပတ္တိဒါနကို မိခင်ဟောင်း ပြိတ္တာမကြီးက မြောက်နုမော် သာဓုခေါ်ဆို၏။ သူ့အား ရည်ညွှန်း၍ အတန်းပေးဝေသည့်အတွက် သူ့ထံသို့ ထိုကုသိုလ် ရောက်၏။ ထိုသို့ရောက်လာခြင်းကို ရှေးနည်းတူစွာ ပတ္တိ ခေါ်ပါသည်။ ရောက်လာသော ယင်းပတ္တိအား သာဓုဟု ဝမ်းမြောက်နုမော် သာဓုခေါ်ဆိုခြင်းကို အနုမောဒနာဟု ခေါ်၏။ ပတ္တိနှင့် အနုမောဒနာကို ပဒီစပ်သောအခါ ပတ္တာနုမောဒနာဟု ဖြစ်သွား၏။ မြန်မာလို မြောက်နုမော် သာဓုခေါ်ခြင်းဟု အဓိပ္ပာယ်ရပါသည်။

အဆိုပါ ပတ္တာနုမောဒနာသည် ပုညကိရိယာဝတ္ထု ဆယ်ပါး၌ အကျုံးဝင်၏။ ပုညကိရိယာဝတ္ထုဆယ်ပါးကို သီလ၊ ဘာဝနာ သုံးမျိုး၌ တူရာပေါင်းပြီး စာရင်းသွင်းသောအခါ ပတ္တာနုမောဒနာကို ဒါန၌ပင် စာရင်းသွင်းသည်။ အဓိပ္ပာယ်က သူတစ်ပါး လှူပေးသည်ကို ဝမ်းမြောက်ခြင်းသည်လည်း ကိုယ်တိုင်လှူသည်နှင့် အကျိုးတူ ဖြစ်ပါသည်။

ထို့ကြောင့် ကောင်းမှုကုသိုလ်တစ်ခုခုပြုရာ၌ ကိုယ်တိုင် ပြုသူ၊ တစ်ပါးအား စေခိုင်းတိုက်တွန်းပြီး ပြုစေသူ၊ ဝမ်းမြောက်ဝမ်းသာဖြစ်သူ၊ ချီးမွမ်းစကား ပြောသူအားဖြင့် သုံးလေးမျိုးတို့ အကျိုးအတူတူရကြောင်းကို ဘုရားဟောပြတော်မူခြင်း ဖြစ်ပါသည်။ အကုသိုလ်မှု၌လည်း ထို့အတူပင် ဖြစ်ပါသည်။ ထိုဟောပြောချက်အတိုင်းပင် မန်လည်ဆရာတော်ဘုရားကြီးက နှစ်ဝဒုသု၊ ကိုယ်တိုင်ပြုနှင့်၊ သူ့ကိုစေခြား၊ ရွှင်အားနှစ်သက်၊ ချီးမွမ်းမြွက်ဟု၊ လေးချက်ဆယ်လီ၊ လေးဆယ်စီတည်း၊ မျှညီပြစ်ကျိုး၊ တူရိုးအဟုတ်၊ မြတ်သမ္မုဒ်တို့၊ မယုတ်မယို၊ ဟောမိန့်ဆိုခဲ့ (မဃ-၂၃၀)ဟု စပ်ဆိုပြထားပါသည်။

ထိုဥပဒေသ နည်းလမ်းအရ အလှူဒါနပြု၊ အမျှအတန်းပေးဝေ၊ သာဓုခေါ်စေရာ သာဓုခေါ်သော ခဏ၌ပင် ချက်ချင်း ပြိတ္တာမဘဝမှ လွတ်မြောက်ပြီး နတ်ပြည်လောက နတ်သမီးဘဝသို့ ရောက်သွား၏။ အလိုရှိရာ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသွားကြောင်း ပေတဝတ္ထု အဋ္ဌကထာ၌ ဖွင့်ပြထား၏။ နောက်တစ်နေ့တွင် နတ်သမီးအသွင်ဖြင့် အရှင်မဟာမောဂ္ဂလာန်အထံသို့လာပြီး ရိုသေစွာ ရှိခိုးလျက် ရပ်နေ၏။ ပြိတ္တာဘဝမှ နတ်သမီးဘဝသို့ ပြောင်းသွားတဲ့ အဲဒီ နတ်သမီးလေးကို အရှင်မဟာမောဂ္ဂလာန်က ကိုယ်ရောင်ကိုယ်ဝါ ထိန်ထိန်သာလျက် ရှုချင်စဖွယ် ရပ်တည်နေတဲ့ သူက ဘယ်သူလဲလို့ မေးမြန်းပါသည်။

ပြိတ္တာဘဝမှသည် နတ်သမီးဘဝဆီသို့ ဖြစ်တည်ပြောင်းလဲလာပုံကို ရှင်းလင်းလျှောက်ထား၏။ လေးဂါထာရှိ ပါဠိစကားကို မြန်မာလိုပြောပါက မိခင်စကားကို ကြားရတဲ့ အတွက် သနားတဲ့ သားဥပတိဿက အရှင်မောဂ္ဂလာန်၊ အရှင်အနုရုဒ္ဓါ၊ အရှင်ကပ္ပိနတို့ကိုခေါ်ပြီး ကျောင်းငယ် လေးကျောင်း ဆောက်တယ်။ ပြီးတော့ ဆွမ်း၊ ခဲဖွယ်၊ အဖျော်

www.burmeseclassic.com

www.burmeseclassic.com

ရည်၊ စားစရာ၊ သောက်စရာ၊ အဝတ်အထည်တွေနှင့်တကွ အားလုံးကို ဘုရားအမျှူးရှိတဲ့ သံဃာတော်အရှင်မြတ်တို့အား လှူဒါန်းပါတယ်။ ပြီးတော့ အဲဒီကုသိုလ်ပတ္တိကို တပည့်တော်မအတွက် ရည်ညွှန်းပြီး အမျှအတန်းပေးဝေတယ်။ တပည့်တော်မလည်း ဝမ်းမြောက်ဝမ်းသာစွာ သာဓုခေါ်ပါတယ်။ အဲဒီကုသိုလ်ကြောင့်ပါ အရှင်ဘုရားဟူ၍ ဖြစ်ပါသည်။ ထိုစကားအစဉ်ကို အရှင်မဟာမောဂ္ဂလာန်က မြတ်ဘုရားထံ လျှောက်ထားတော့မှ စာရေးသူ အခုလို ရေးသားတင်ပြနိုင်တဲ့ သာရိပုတ္တာထွေရမာတုပေတိဝတ္ထုဆိုပြီး ဘုရားဟောပြတော်မူခြင်း ဖြစ်ပါသည်။ ယုတ္တိယုတ္တာမဲ့ အဆက်အစပ်မဲ့ ဖြစ်ပေါ်လာသော ဒေသနာတော် မဟုတ်ချေ။

ဤကား ဒေသနာတော်ဖြစ်ပေါ်ကြောင်း ဝတ္ထုကြောင်းကို သက်သေအဖြစ် တင်ပြခြင်း ဖြစ်ပါသည်။ စာရေးသူ ပြောလိုရင်းကား ဝတ္ထုကြောင်းလာ ပုဏ္ဏားကတော် ပုဏ္ဏေးမရဲ့ စက်ဆုပ်ဖွယ်ရာ အပြုအမူကိုကြည့်ပြီး ဒီလောက်ဆိုးတဲ့ မိန်းမ နေပါစေ၊ သူ့ထိုက်နှင့်သူက် ခံပါစေ။ ကိုယ်ပြုတဲ့ကံ ကိုယ်ခံရတာ ဓမ္မတာပဲ။ သနားစရာ မလိုပါဘူးရယ်လို့ နှလုံးသွင်းကာ ပစ်ထားပါလျှင် သို့တည်းမဟုတ် လူဆိုတာ သေရင် ကိုယ်ပြုတဲ့ ကုသိုလ်,အကုသိုလ်၊ ကောင်းမှု,မကောင်းမှုအလျောက် ရောက်ရမည့်ဘဝကို ရောက်သွားပြီပဲ။ အထွေအထူး လုပ်နေစရာ မလိုပါဘူးရယ်လို့ နှလုံးသွင်းကာ မေ့ထားပါလျှင် ဒုက္ခသည် နက်သည်ထက် နက်ဖွယ်ရာရှိ၏။ တစ်ခါနှိပ်က သူ ဘာပဲလုပ်ခဲ့,လုပ်ခဲ့ ဘယ်လိုပဲ ဖြစ်ခဲ့,ဖြစ်ခဲ့ပါစေ သူ အမှန်တကယ် ဒုက္ခရောက်လို့ အမှန်တကယ် လိုအပ်နေချိန်မှာ လဲနေသူ ထူပေးပါ၊ အားငယ်သူ အားပေးပါဆိုတဲ့ ချစ်စရာမြန်မာ့ရိုးရာ ဓလေ့ထုံးစံလေးကို အသုံးချရုံ၊ လိုက်နာကျင့်သုံးရုံလေးနှင့် ဧရာမဒုက္ခကြီးက လွတ်မြောက်နိုင်ပါလားဆိုတဲ့အသိ ကိုယ်စီရှိကြစေချင်ပါသည်။ ထိုအသိ ကိုယ်စီရှိနိုင်ပါက မိဟောင်း,ဖဟောင်းကို နှင့်တကွ ဆက်စပ်ရာ သံသရာဆွေမျိုးများကို ဒုက္ခဝဲဂယက်မှ လွတ်ထွက်အောင် ကူညီနိုင်၏။ ကူညီရင်း လဲနေသူ ထူပေးနိုင်ကြပါစေလို့ တိုက်တွန်းပါရစေ။

ရွှင်လန်းချမ်းမြေ့ကြပါစေ

ဓမ္မာစရိယ-ဦးစောဝင်း

ကျမ်းကိုး

* ပေတဝတ္ထု အဋ္ဌကထာ။

နယ်လှည့်သာသနာပြု ဖိုးဓမ္မသီဒို၏တပည့်

ဆရာမပွင့်သစ္စာထင် (Eco.)

(မွေးရာပါ အကြားအမြင်)

သင့်ရဲ့ကံ အဆိုး/အကောင်း၊ အလှည့်အပြောင်း သိလိုလျှင်
ဆရာမပွင့်သစ္စာထင် ရှိတယ်။

ထီပေါက်ကိန်း၊ ရာထူးတိုးကိန်း၊ အိမ်ထောင်ရေးကံ၊ နိုင်ငံခြားခရီး၊
ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး.... စသည်တို့ကို မှန်ကန်တိကျစွာ
လမ်းညွှန်ပေးပါသည်။

လိုအပ်ပါက ယခြားကို အခမဲ့ဆောင်ရွက်ပေးပါသည်၊

အမှတ်(၃)ရပ်ကွက်၊ အရှေ့ဘိုကုန်း၊ ကလောမြို့။ ၀၉၄၂၁၁၇၂၉၉

www.burmeseclassic.com

www.burmeseclassic.com

ORGANIC PRODUCTS
FROM KANDARAWADDY ORGANIC HERB FARM

ထုတ်လုပ်နှုန်းလိုင်စင်အမှတ် ၂/၂၀၁၂တဆထလ/တိုး(၁၀၂၄)

ပင်ရင်း ကိန္နရီ အမှတ်တံဆိပ် ကန္တရုဝတီဆေးတိုက် အမှတ်-၇၄၁၊ နေသိဒ္ဓိလမ်း၊ (၈)ရပ်ကွက်
မရန်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း ၁၉ ၅၁၀၀၃၇၊ ၁၉ ၄၂၀၁၃၀၀၅

ကြက်လည်ဆံ ဆီးဆေးပြား

အပြား ၁၀၀ပါ ဘူးကြီး

တိုင်းလျှင်းဆေးဝါးနှုတ်ပိုတင်အမှတ်
TMR 007860 (1114)

ကြက်လည်ဆံ ဆီးဆေးပြား

အပြား ၄၀ပါ ဘူးငယ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 007860 (1114)

မင်းမကိုင့်

သွေးစို့ ဆီးစို့ကျဆေး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012254(0916)

ရင်ငြိမ်းဆေး

နှလုံးဆေး

တိုင်းရင်းဆေးဝါးနှုတ်ပိုတင်အမှတ်
TMR 012014(0516)

ကြော်ငြာခွင့်ပြုချက်အမှတ် ဟဆဝက(စာနယ်ဇင်း) ၆၇/၀၆၁၇

www.burmeseclassic.com

www.burmeseclassic.com

တွန်းအားရှင် သူတစ်ပါးကို ပြောဆိုဆုံးမလိုလျှင်

သူတစ်ပါးကို ပြောဆိုဆုံးမသည်ဆိုရာဝယ် မိဘတို့က သားသမီးတို့အား လိမ္မာယဉ်ကျေးအောင် သွန်သင်ဆုံးမခြင်း၊ ဆရာတို့က တပည့်များအား ပြောဆိုဆုံးမခြင်း၊ အသက်ကြီးသူတို့က ငယ်ရွယ်သူတို့အား ပြောဆိုဆုံးမခြင်း စသည်တို့ဖြစ်သည်။ ထိုနည်းတူစွာ ဌာနဆိုင်ရာ အကြီးအကဲများက လက်အောက်ဝန်ထမ်းများကို ဝန်ထမ်းကျင့်ဝတ် စည်းကမ်းများကို လိုက်နာကြရန် ပြောဆိုညွှန်ကြားချက်များသည်လည်း ဤကိစ္စတွင် အကျုံးဝင်ပေသည်။

ထိုသို့ သူတစ်ပါးကို ပြောဆိုဆုံးမရာတွင် ပြောဆိုဆုံးမသူတို့သည် မိမိကိုယ်တိုင် အရင်လိုက်နာကြဖို့ လိုအပ်ပေသည်။ လူလောကနယ်ပယ်တွင်ကား တချို့ဆိုလျှင် သူတစ်ပါးကို ဆုံးမလို၍ မိမိကိုယ်ကို အရင်ပြင်ဆင်ပြီးမှသာ သူတစ်ပါးကို ဆုံးမသူတချို့ကို တွေ့ရသည်။ တချို့မူကား မိမိကိုယ်တိုင် မလိုက်နာဘဲ သူတစ်ပါးအား လိုက်နာစေရန် ပြောဆိုဆုံးမ ညွှန်ကြားကြသူတို့ကိုလည်း တွေ့ရှိကြသည်။ ထိုသူတို့မှာ ငါပြောသလို လုပ်၊ ငါလုပ်သလို မလုပ်နှင့်ဆိုသော လူစားမျိုးဖြစ်သည်။

သူတစ်ပါးကို ဆုံးမလို၍ မိမိကိုယ်တိုင် အရင်ပြင်ဆင်ပြီးမှ သူတစ်ပါးအား ပြောဆိုဆုံးမသော ပုဂ္ဂိုလ်တစ်ဦး၏ လုပ်ဆောင်ချက်မှာ စံနမူနာယူစရာ ဖြစ်ပေသည်။ ထို့ပုဂ္ဂိုလ်မှာ လူသိများသော ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီး၊ အိန္ဒိယနိုင်ငံ၏ အမျိုးသား

www.burmeseclassic.com

www.burmeseclassic.com

ဆောင်ကြီး မဟတ္တမဂန္ဓီဖြစ်သည်။ မဟတ္တမဂန္ဓီ (၁၈၆၉)ခုနှစ်တွင် ဖွားမြင်၍ (၁၉၄၈)ခုနှစ်တွင် ကွယ်လွန်ခဲ့ရှာသည်။

သူသည် အသက်ထင်ရှား ရှိခဲ့စဉ်က တစ်နေ့သ၌ အမျိုးသမီးတစ်ဦးသည် သားငယ်ကလေးတစ်ယောက်ကို ခေါ်ဆောင်လျက် ဂန္ဓီထံ ရောက်လာသည်။

"မဟတ္တမဂန္ဓီ..ကျွန်မရဲ့ သားကလေးဟာ အချိုတွေ အကျွေးစားလို့ မကြာခဏောင်းဆိုးနေပါတယ်။ အချိုလျှော်စားဖို့ ဆုံးမပေးပါ"ဟု မေတ္တာရပ်ခံလာသည်။

ထိုအခါ ဂန္ဓီက ကလေးငယ်ကိုကြည့်၍ မိခင်ဖြစ်သူ "နောက်တစ်လခန့်ကြာမှ ပြန်လာပါ။ ဆုံးမပေးပါ့မယ်"ဟု ဆိုလိုက်သည်။

တစ်လခန့်ကြာသောအခါ ထိုအမျိုးသမီးသည် ကလေးကိုလက်ဆွဲလျက် ဂန္ဓီထံသို့ ရောက်လာခဲ့သည်။ ထိုအမျိုးသမီးက ဂန္ဓီအား "အချိုတွေ အလွန်စားတဲ့ ကလေးကို ဆုံးမပေးဖို့ တစ်လကြာမှ လာပါဆိုလို့ ကျွန်မတော်ပါတယ်။ ဆိုဆုံးမပေးပါ"ဟု ဆိုလာသည်။

ထိုအခါ ဂန္ဓီသည် ကလေးငယ်၏မျက်နှာကို ချစ်ခင်စွာဖြင့် စူးစူးစိုက်စိုက်ကြည့်လျက်-

"လူကလေး..အချိုတွေ လျှော့စားပါကွယ်။ အချိုတွေများရင် မင်း ကျန်းမာရေးကို ထိခိုက်လိမ့်မယ်"ဟူ၍ ပြောဆိုသည်။

ကလေးငယ်ကလည်း ရိုသေစွာဖြင့် လက်ခံနာယူလိုက်သည်။

ထိုအခါ ကလေးမိခင်က-

"မဟတ္တမဂန္ဓီရယ်..ဒီစကားကလေးကို ပြီးခဲ့တဲ့လ ပြောလိုက်ရင်လည်း ဖြစ်တာပဲ။ အခုမှ ဘာကြောင့် ကြာလဲရှင့်"ဟု မေးလိုက်သည်။

ဤတွင် မဟတ္တမဂန္ဓီက-

"မင်းလာပြောတဲ့အချိန် လွန်ခဲ့တဲ့တစ်လအထိ ငါဟာ အချိုတွေ အများကြီးစားခဲ့တယ်ကွယ်။ အခု လူကလေးကို အချိုတွေ လျှော့စားဖို့ ပြောတဲ့အခါ ငါကိုယ်တိုင် တစ်လ အချိုတွေ လျှော့စားပြီးမှ ဆုံးမခဲ့တာပါကွယ်"ဟူ၍ ပြောပြီးလိုက်လေသည်။

ထိုသို့ ပြောဆိုသည်နှင့်အညီ ဂန္ဓီသည် သူထုတ်ဝေဖော်ရီကျွန်မဂ္ဂဇင်း၌ သကြားလုံးထုတ်လုပ်ရာတွင် အများ လျှော့ထုတ်ရန်လည်း တိုက်တွန်းရေးသားခဲ့လေသည်။ ဤသည်မှာ မိမိကိုယ်တိုင် လက်တွေ့ကျင့်သုံးပြီးမှသာ သူတစ်ပါးကို ပြောဆိုဆုံးမသော မဟတ္တမဂန္ဓီ၏ အတုယူစရာ စံနမူနာတစ်ခုပင်ဖြစ်သည်။

မိမိကိုယ်တိုင် လိုက်နာမှုမရှိဘဲ သူတစ်ပါးအား ဆောင်ရွက်စေရန် ပြုမူခဲ့သော ဖြစ်ရပ်တစ်ခုမှာ လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က မြတ်စွာဘုရားကိုယ်တိုင် ဆုံးမတော်မူခဲ့ရသည်။

ပဓာနိကတိသမထေရ်သည် မြတ်စွာဘုရားထံ၌ ကမ္မဋ္ဌာန်းကို သင်ယူ၍ ငါးရာသောရဟန်းတို့ကိုခေါ်ယူပြီး တောကျောင်း၌ ဝါဆိုသီတင်းသုံးနေခဲ့ကြသည်။ နောက်ပါရဟန်းငါးရာတို့သည် အရှင်တိသမထေရ်၏ ဆုံးမသွန်သင်မှုကို လိုက်နာလျက် ညဉ့်ဦးယံပတ်လုံး တရားအားထုတ်ကြသည်။ သန်းခေါင်ယံ၌ အိပ်စက်အနားယူရန် ကျောင်းသို့ ဝင်လာကြသည်။ ထိုအခါ ကျောင်းတွင်း၌ အိပ်ပျော်နေရာမှ နိုးထလာသူ အရှင်တိသမထေရ်က နားနေအိပ်စက်မည့် ရဟန်းတို့ကို နှင်ထုတ်လျက် ဆက်လက်၍ တရားဘာဝနာများ အားထုတ်ရန် ဆုံးမပြောဆိုသည်။ ထို့ပြင် မိုးသောက်ယံတို့၌လည်း အနားယူရန်ဝင်လာသည့် ရဟန်းတို့ကိုနှင် ထုတ်ကာ ဆက်လက်တရားအားထုတ်ရန် ဆုံးမပြောဆိုပြန်သည်။

ထိုအခါ တပည့်ရဟန်းတို့က မိမိတို့၏ ဆရာသည် လုံ့လ,ဝီရိယ အလွန်ထက်သန်လှပါလားဟု တွေးတောဆင်ခြင်မိပြီး လေ့လာစုံစမ်းခဲ့ကြသည်။ ထိုသို့လေ့လာသည့်အခါ မိမိတို့၏ဆရာ ပဓာနိကတိသမထေရ် ညဉ့်သုံးယံပတ်လုံး တရားအားမထုတ်ဘဲ အိပ်နေသည်ကို တွေ့ရှိကြလေသည်။ တပည့်ရဟန်းငါးရာတို့မှာ ညဉ့်သုံးယံပတ်လုံး အိပ်စက်နားနေရန် အချိန်မရ၍ ပင်ပန်းနွမ်းနယ်ကာ တရားကို ကောင်းစွာကျင့်ကြံအားမထုတ်နိုင်ကြသဖြင့် တရားထူး,တရားမြတ်များ မရရှိကြပါ။

ထို့နောက် ဝါကျွတ်သောအခါ ရဟန်းငါးရာတို့သည် မြတ်စွာဘုရားထံသို့ သွားရောက်ခဲ့ကြသည်။ မြတ်စွာဘုရားက ရဟန်းတို့အား တရားအားထုတ်မှုနှင့် ပတ်သက်၍ မေးမြန်းရာ ရဟန်းများက သူတို့၏ဆရာ ပဓာနိကတိသမထေရ်မှာ တစ်ညလုံး အိပ်နေပြီး သူတို့ကိုသာ တရားအားထုတ်ခိုင်းပုံ အလုံးစုံကို အကုန်အစင် လျှောက်ထားလိုက်ကြသည်။

ထိုအခါ မြတ်စွာဘုရားက ပဓာနိကတိသမထေရ်

www.burmeseclassic.com

သည် ယခုဘဝတွင်သာ အန္တရာယ်ပြုလုပ်သည်မဟုတ်။ ရှေးလွန်လေပြီးသောအခါ၌လည်း အန္တရာယ်ပေးခဲ့ဖူးကြောင်း အတိတ်ဇာတ်ကြောင်းကို ဟောကြားတော်မူ၏။

"ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ်အခါက ငါသည် ဒိသာပါမောက္ခဆရာကြီး ဖြစ်ခဲ့ဖူးသည်။ သင်တို့သည် ငါတို့၏တပည့်များ ဖြစ်ခဲ့ဖူး၏။ ထိုစဉ်က ကြက်တွန်သံကို စံချိန်သတ်မှတ်လျက် တပည့်များအား ပညာသင်ပေး၏။ တပည့်များကလည်း ထိုကြက်တွန်သံအရ ညဉ့်ဦးယံအချိန်၊ သန်းခေါင်ယံအချိန်၊ မိုးသောက်ယံအချိန် စသည်ဖြင့်ခွဲခြားပြီး ပညာသင်ယူကြသည်။ ထိုအချိန်တွင် ကြက်မှာ သတ်မှတ်ချိန်များအတိုင်း အချိန်မှန်တွန်၍ အဆင်ပြေကြ၏။ ထိုကြက်မှာ သေသွားခဲ့ရာ ထပ်မံပြီး ကြက်တစ်ကောင်မွေး၏။

ထိုထပ်မံမွေးသောကြက်မှာ တွန်သင့်သည်အချိန်တွင် မတွန်၊ မတွန်သင့်သည့်အချိန်မှာ တွန်၏။ သင်တို့သည် ကြက်ဖကြောင့် ပညာသင်ကြားမှုမှာ အခက်အခဲကြုံတွေ့ခဲ့ကြ၏။ ထို့ကြောင့် ထိုကြက်ကို သတ်ပစ်လိုက်ကြ၏။ အသတ်ခံရသော ထိုကြက်မှာ ပဓာနိကတိဿမထေရ် ဖြစ်လာခဲ့၏"

ဘုရားရှင်သည် မထေရ်၏အတိတ်ဘဝကို ဆောင်၍ အတ္တာနဥ္စေတထာကရိယာ အစရှိသောဂါထာကို ဟောတော်မူခဲ့၏။

အဓိပ္ပာယ်မှာ သူတစ်ပါးကို ဆုံးမသည့်နည်းအတိုင်း မိမိကိုယ်တိုင် လိုက်နာပြုကျင့်ရာ၏။ မိမိကိုယ်တိုင် ယဉ်ကျေးပြီးသော်မှသာ သူတစ်ပါးကို ဆုံးမရာ၏။ မိမိကိုယ်တိုင် ယဉ်ကျေးအောင် ဆုံးမရခြင်းသည် ခဲယဉ်းလှစွာ တကားဟူ၍ အနက်ရပေသည်။ တရားဒေသနာတော် အဆုံး၌ အတူနေ ရဟန်းငါးရာတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြလေသည်။

မိမိကိုယ်တိုင်ပင် မလိုက်နာဘဲ သူတစ်ပါးအား ပြောဆိုဆုံးမသောကိစ္စနှင့်ပတ်သက်၍ စာရေးသူ၏ ကိုယ်တွေ့ကြုံခဲ့ဖူးသော ဖြစ်ရပ်များအနက်မှ တချို့ကိုကောက်နုတ်တင်ပြရလျှင် -

ကြာတော့ ကြာခဲ့ပါပြီ။ လွန်ခဲ့သောဆယ်စုနှစ် သုံးခုခန့်ကဖြစ်သည်။ ထိုအချိန်က စာရေးသူမှာ ဌာနဆိုင်ရာတစ်ခုတွင် တာဝန်ထမ်းဆောင်လျက် ရှိနေသည်။ မိမိအထက်အရာရှိတစ်ဦးမှာ လုပ်ငန်းကျွမ်းကျင်သလောက် စည်းကမ်းက အလွန်ကြီးသည်။ သူ့လက်အောက်ရှိ ဌာနစိတ်များ လာစစ်တိုင်း ဝန်ထမ်းများအား ဝန်ထမ်းကျင့်ဝတ် ကမ်းများကို လိုက်နာရေး၊ အဂတိလိုက်စားမှုများ မရှိရေး၊ နိုင်ငံတော်၏ ငွေနှင့်ပစ္စည်းများ လျော့နည်းပျောက်ဆုံးမှု မရှိစေရေး၊ ကိုယ်ကျင့်တရား ကောင်းမွန်စေ စသည်တို့ကို အမြဲတမ်းလိုလို ပြောဆိုညွှန်ကြားလေ့ရှိသည်။

လက်အောက်ဝန်ထမ်းများမှာ သူ၏ သွန်သင်ဆုံးမကြောင့် လုပ်ငန်းဆိုင်ရာကိစ္စများတွင် တစ်စုံတစ်ရာပြဿနာများ မရှိခဲ့ကြပေ။ သို့ရာတွင် ထိုအထက်အရာရှိမှာ လုပ်ငန်းခွင်ရှိ လက်အောက်ဝန်ထမ်းများကို ကိုယ်ကျင့်သီလပေးမွန်စေရန် ပြောဆိုဆုံးမသော်လည်း မိမိမှာမူ ရုံးပိတ်ရက်တွင် အရက်ဝိုင်း၊ လောင်းကစားဝိုင်းဖြင့် သောက်စားပါးလျက်ရှိသည်။ နေ့တွေ့,လတွေ့ ကြာလာသည်နှင့် လောင်းကစား၏ ဒဏ်ရာဒဏ်ချက်များမှာ သူ့ကို နှိပ်စက်လာတော့သည်။

တစ်ခုသောနေ့ရက်တွင် မြို့နယ်စာရင်းရုံးမှ စာဝင်စစ်သည့်အခါ ဌာနဆိုင်ရာငွေအမြောက်အမြား ပေးချေနည်းနေကြောင်း စစ်ဆေးတွေ့ရှိရသည်။ ထိုလျော့နည်းသောငွေများကို အမြန်ဆုံးပြန်သွင်းရန် စာရင်းရုံးမှ ပြောရွက်စေခဲ့သည်။ အကယ်၍သာ အချိန်မီ မပေးသွင်းနိုင်ပါမူ တရားဥပဒေအရ အမှုဖွင့်တရားစွဲခံရပေမည်။ သို့ပေတွင် သူမှာ ကံကောင်းထောက်မ,၍ လျော့နည်းနေသော ငွေများကို အချိန်မီပြန်လည်ပေးသွင်းနိုင်ခဲ့သဖြင့် တရားဆိုခြင်းမှ လွတ်မြောက်ခဲ့ရသည်။

သို့ရာတွင် ဌာနဆိုင်ရာတို့၏ လုပ်ထုံးလုပ်နည်းနှင့်ငံဘဏ္ဍာငွေများကို အလွဲသုံးစားပြုပြီး ပြန်လည်ပေးချေလိုက်နိုင်ရုံမျှဖြင့် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်မရှိပေ။ ဌာနရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် ထပ်မံစစ်ဆေးခံကြရသည်။ ထိုစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်ဆုံးဖြတ်ချက်အပေါ် မူတည်ပြီး လုပ်ပိုင်ခွင့်ရှိသော အထက်ဌာနက တစ်စုံတစ်ခုသော ပြစ်ဒဏ်ပေးလေ့ရှိသည်။ ထို့ကြောင့် သူမှာ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုကို ခံယူရမကြာမီကာလအတွင်း အပြစ်ပေးခံလိုက်ရသည်။ သို့ရာတွင် သူ့ကိုပေးသည့် အပြစ်ဒဏ်ကား အလွန်ကြီးမားလှပေသော် ဝန်ထမ်းလောက၏ အမြင့်ဆုံးပြစ်ဒဏ်ဖြစ်သည့် အထုတ်ပစ်လိုက်ခြင်းပင်ဖြစ်သည်။

သူတစ်ပါးကိုဆုံးမရန် လွယ်ကူသလောက် မိမိ

www.burmeseclassic.com

ဆုံးမရန် အလွန်ခက်ခဲသည်ဆိုသော မြတ်ဗုဒ္ဓ၏ မြွက်ချက်ကို ယခုအဖြစ်အပျက်တွင် မျက်ဝါးထင်ထင် မြင်တွေ့ရပေသည်။

စာရေးသူ၏ ဒုတိယကိုယ်တွေ့အဖြစ်အပျက်တစ်ခုအဆက်ပါအဖြစ်အပျက်နှင့် နှိုင်းယှဉ်လျှင် သိပ်မကြာပါ။ လွန်ခဲ့သောငါးနှစ်ခန့်က ဖြစ်ပါသည်။

စာရေးသူမှာ မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းရေးနှင့် သစ်စက်ဌာနတွင် ကာဝန်ထမ်းဆောင်နေချိန်ဖြစ်သည်။ မြို့နယ်တစ်ခုမှ နိုင်ငံပိုင်သစ်စက်တစ်စက်တွင် တာဝန်ထမ်းဆောင်နေသော စက်ရုံမှူးတစ်ဦးရှိသည်။ ၄င်းပြုံတမ်းဝင်အရာရှိ အဆင့်ဖြစ်ပြီး ထိုသစ်စက်သို့ ရောက်ရှိတာဝန်ထမ်းဆောင်သည်မှာ တစ်နှစ်ခန့်သာ ရှိသေးသည်။ ထိုကာလအတွင်း၌ လုပ်ငန်းတိုးတက်အောင်မြင်မှုသာသာ ရှိလာခဲ့သည်။

ယခင်က သစ်လုံးတန်(၁၀၀)ခွဲစိတ်လျှင် သစ်ခွဲသားရရှိခဲ့သော်လည်း ထွက်ရှိခဲ့သော်လည်း သူတာဝန်ထမ်းဆောင်သည့် တစ်နှစ်အတွင်းမှာ (၆၂)ရာခိုင်နှုန်းထိ တိုးတက်လာသည်။ သို့ရာတွင် ဒုတိယနှစ်စပိုင်းမှစ၍ သစ်ထွက်ရာခိုင်နှုန်းမှာ တဖြည်းဖြည်းထိုးကျလာခဲ့သည်မှာ (၆၀)ရာခိုင်နှုန်းကျဆင်းလာခဲ့သည်။ ယခင်နှစ်ကဆိုလျှင် တစ်နေ့မှာ သစ်လုံးတန်(၂၅)တန်ခန့် ခွဲစိတ်နိုင်ခဲ့သော်လည်း ဤနှစ်တွင် တစ်နေ့လျှင် ပျမ်းမျှ သစ်လုံးတန်(၂၀)ခန့်သာ ခွဲစိတ်နိုင်ခဲ့သည်။

ထိုကိစ္စကို စာရေးသူ လေ့လာစစ်ဆေးသောအခါ စက်ရုံဆိုသူမှာ အလုပ်ချိန်အတွင်း စက်ရုံတွင် အချိန်ပြည့်ရှိသင့်သော ဂေါက်ကွင်းသို့သွားကာ သူ့မိတ်ဆွေများနှင့်အတူ ဂေါက်သီးရိုက်နေသည်။ လက်အောက်ဝန်ထမ်းများမှာ သူ့ကိုပြည့် မရှိသည့်အခါ တချို့မှာ အလုပ်ချိန် နောက်ကျအလုပ်ဝင်ရောက်ပြီး အလုပ်ချိန်မစေ့မီ ပြန်ကြခြင်း၊ ခွဲစိတ်ရာတွင်လည်း အလေအလွင့်များသဖြင့် သစ်ထွက်နှုန်း ကျဆင်းခဲ့ရသည်။ တစ်နေ့ ခွဲစိတ်တန်မှာလည်း နည်းခဲ့ရသည်။

ယခင်ကဆိုလျှင် သူမှာ နံနက်(၇)နာရီ စက်မလည်မီ စက်ရုံသို့ရောက်ရှိပြီး ဝန်ထမ်းများ အလုပ်ဝင်ချိန်မစေ့မီ စစ်ဆေးခြင်း၊ အချိန်မစေ့မီ အလုပ်ခွင်မှ မပြန်ရန် အဆင့်ဆင့်ကြိုးကြပ်စေခြင်း၊ သစ်ထွက်ရာခိုင်နှုန်းတိုးစေရန်၊ အလေအလွင့်နည်းပါးစေရန် မိမိကိုယ်တိုင်ကြိုးကြပ်ခြင်း၊ လက်အောက်ဝန်ထမ်းများဖြစ်သော ကြိုးကြပ်ရေးမှူးများနှင့် ဝိုင်းဆရာများကိုလည်း အဆင့်ဆင့်ကြိုးကြပ်စေခြင်းများ ပြုလုပ်ခဲ့သည်။ လုပ်ငန်းခွင် စည်းကမ်းများကို ဖောက်ဖျက်သော ဝန်ထမ်းများကိုလည်း အရေးယူရန် ဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။ ထို့ကြောင့် ထိုအချိန်က မိမိကိုယ်တိုင်လည်း အလုပ်ခွင်စည်းကမ်းကို လိုက်နာခဲ့ပြီး လက်အောက်ဝန်ထမ်းများမှာလည်း စည်းကမ်းလိုက်နာကာ ကြိုးကြိုးစားစား ဆောင်ရွက်ခဲ့ကြသဖြင့် အောင်မြင်မှုများ ရရှိခဲ့သည်။

သို့ရာတွင် နောက်ပိုင်းတွင်မူ သူကိုယ်တိုင် စည်းကမ်းမလိုက်နာဘဲ လက်အောက်ဝန်ထမ်းများကို စည်းကမ်းလိုက်နာစေရန် ဆောင်ရွက်ခဲ့သော်လည်း သူ့အကြောင်းကိုသိသော ဝန်ထမ်းများမှာ သူ့လိုပင် အလုပ်ခွင်စည်းကမ်း ဖောက်ဖျက်လာခဲ့ကြသည်။ စာရေးသူမှာ ထိုကိစ္စကို အသေးစိတ်သိရှိရသောအခါ စက်ရုံမှူးအား မိမိရုံးသို့ခေါ်ယူကာ နောက်နောင်ကို အလားတူကိစ္စမျိုး မဖြစ်ပေါ်စေရန်နှင့် သစ်ခွဲသားထွက် ရာခိုင်နှုန်းတိုးမြှင့်စေရန် တစ်နေ့လျှင် အနည်းဆုံးသစ်လုံးတန်(၂၅)တန်ထက် မနည်းစေဘဲ ခွဲစိတ်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

အဆိုပါစက်ရုံမှူးမှာ ၄င်း၏အမှားကိုသိသွားပြီး အချိန်မီ ပြင်ဆင်၍ မိမိကိုယ်တိုင် စည်းကမ်းလိုက်နာမှုကို စံနမူနာပြကာ ဆောင်ရွက်ခဲ့သည်။ သူကိုယ်တိုင် စည်းကမ်းလိုက်နာသောအခါ လက်အောက်ဝန်ထမ်းများမှာလည်း မည်သူမျှ စည်းကမ်းမဖောက်ကြဘဲ ကြိုးစားဆောင်ရွက်ခဲ့ကြသဖြင့် ဒုတိယနှစ် ဘဏ္ဍာရေးနှစ်ကုန်သည့်အခါ သစ်ခွဲသားထွက်ရာခိုင်နှုန်း (၆၅)ရာခိုင်နှုန်းထိ တိုးတက်မှုရှိလာခဲ့သည်။

မကြာမီမှာပင် သစ်တောရေးရာဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ထိုသစ်စက်သို့ လာရောက်စစ်ဆေးပါသည်။ သတ်မှတ်ထားသော သစ်ခွဲသားထွက်ရာခိုင်နှုန်းထက် ကျော်လွန်စွာထွက်ရှိသော သစ်စက်အဖြစ် မှတ်တမ်းတင်ခံခဲ့ရပေသည်။

အချုပ်အားဖြင့်ဆိုရသော် ကျွန်ုပ်တို့သည် သူတစ်ပါးကို ဆုံးမသည့်အတိုင်း မိမိကိုယ်တိုင် လိုက်နာရမည်။ မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမရခြင်းသည် ခဲယဉ်းလှစွတကား ဟု မြတ်ဗုဒ္ဓ၏ ဟောကြားချက်ကို လိုက်နာဆောင်ရွက်သင့်ကြပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

တွန်းအားရှင်

www.burmeseclassic.com

www.burmeseclassic.com



အာကာသ (သာစည်) တောရိမာယာ တောင်တို့မာနမာန် သုဝဏ္ဏသျှမ်

"မဟာဗောဓိမြို့ဆရာတော်ဘုရားကြီး သီတင်းသုံးနေတော်မူသွားတဲ့ကျောင်းဖြစ်လို့ တစ်နှစ်တစ်ခါလောက်တော့ ကျောင်းကိုလည်း စောင့်ရှောက်ရင်းပေါ့ နေကြည့် ဦးမယ် စိတ်ကူးပြီး ရောက်လာခဲ့တာ။ မပြောပါနဲ့ ဒကာကြီးရာ။ ရောက်ခါစ ညမှာတင်ပဲ ကျောင်းတံခါးပေါက်တွေ ပိတ်ထားတဲ့ထဲက တဖျစ်ဖျစ်မြည်ပြီး ခြေသံတွေ တက်လာလိုက်ကြတာ။ ကျုပ်လည်း ချွေးဒီးဒီးကျပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ဖြစ်သွားတယ်။ နောက်မှပဲ သတိရတာနဲ့ မေတ္တာသုတ်တော်ကို ဟိုရောက် ဒီရောက်ရွတ်ရင်း မိုးလင်းခဲ့ရတယ်ဗျာ"

(၂၀၁၄)ခုနှစ်၊ ဩဂုတ်လ ပထမပတ်က ဖြစ်သည်။

ရှမ်းပြည်နယ် အရှေ့ပိုင်းတွင်ရှိသော သုဝဏ္ဏသျှမ်တောင်သည် ရောက်ဖူးဦးခိုက်သင့်ရာ နေရာမြတ်မဟာဖြစ်၏။ ဘုရားအလောင်းတော် နုစဉ်ကာလ သုဝဏ္ဏသာမဘဝက မိဘနှစ်ပါးအား လုပ်ကျွေးပြုစု၍ ပါရမီဖြည့်ကျင့်သော နေရာ ဖြစ်ခဲ့ဖူး၏။ မဟာဗောဓိမြို့ဆရာတော်ဘုရားကြီးလည်း ထူးမြတ်သောပညာ၌ အားထုတ်တော်မူခဲ့သောနေရာဖြစ်နေသည်။

ကျွန်တော်နှင့် မိတ်ဆွေအဖော်ကြီး ကိုညွန့်ဟန်တို့သည် ဤသို့ အမြတ်တနိုးဖြစ်ဖွယ်ရှိသောနေရာသို့ ရော ခဲ့ကြ၏။ ကျွန်တော်တို့ကို လုံးပိန်(စံပြ)ရွာတွင် သီ သုံးသော ဦးပဉ္စင်းဦးဓမ္မက လမ်းပြလိုက်ပါပို့ဆောင် ခဲ့၏။

မဟာဗောဓိမြို့ဆရာတော်ဘုရားကြီး သီတင် တော်မူခဲ့သော မဟာဗောဓိမြို့ကျောင်းကို တောစွန် ဖျား တစ်နေရာတွင် ရှာဖွေတွေ့ရှိရ၏။ သော့ခတ်ထား ကျောင်းတံခါးပေါက်ကိုဖွင့်ပြီး ဝတ်ပြုရှု အပန်းဖြေ ဦးဓမ္မက ဤသို့ ပြောလိုက်ခြင်းဖြစ်၏။

ကျွန်တော်လည်း ဖြန်းခနဲ ကြက်သီးမွေးညင်း ကျောချမ်းသွားကာ မနည်းကွန်ခြေဆည်လိုက်ရသ ကျောင်းနေရာကား သုဝဏ္ဏသျှမ်တောင်ထိပ် ရော ဖြစ်သော လျှိုကမ်းပါး ရေထွက်စမ်းကလေးဆီ နံဘေး

www.burmeseclassic.com



သည်။

လီရှောတို့ နေထိုင်သွားသော ဖုန်းဆိုးတောထဲနေသည့် ကောင်းနှင့်နီး၍ သုသာန်ကုန်းကလည်း ကပ်လျက်ရှိနေ ဘောအုံမျက်မည်း ပိတ်ပိတ်သားထူထဲလှချေ၏။ ဤ တွင် ညဉ့်အိပ်ညဉ့်နေ အိပ်ဖို့မဆိုထားနှင့်၊ စဉ်းစား ရမည်မဟုတ်ပေ။

လမ်းပြပို့ဆောင်ပေးသော ဦးပဉ္စင်းဦးဓမ္မနှင့် ကျွန် တော်တို့ နှစ်ယောက်သည် ဘုန်းတော်ပြည့်မှ နံနက်(၇) နာရီဆိုးမီ ထွက်လာခဲ့ကြလေ၏။ (၁၀)နာရီခွဲဖြစ်၍ ကျောင်းပေါ်တွင် လှည်းကျင်းသန့်ရှင်းပြီး ဦးဓမ္မအား နေ့ ဆွမ်းကပ်၏။ စားသောက်ပြီးသည်နှင့် ဝတ်ပြု၍ ကျောင်း ပေါက်သော့ခတ်ကာ ထွက်လာကြပါ၏။ ရှေ့တွင် အနီးကပ် မြင်နေရသော သုဝဏ္ဏသျှမ်တောင်ကား ကြိုဆိုလျက် ရှိနေ လေ၏။

တောင်ကြီးမှ ကျိုင်းတုံသို့သွားသော မော်တော်ကား လမ်းပေါ်တွင် ဟွေဟင်ဟူသော ရွာလေးရှိ၏။ သံလွင်မြစ် ကိုဖြတ်ကာ တာကော်တံတား၏အရှေ့ (၇)မိုင်အကွာတွင် ရှိ၍ ခုနစ်မိုင်ဟုလည်း ခေါ်ကြ၏။ (၇)မိုင်ရွာဟူသံ နှုတ် ကျိုးခေါ်နေကြချေ၏။

www.burmeseclassic.com

(၇)မိုင်ရွာကို ရောက်သည်နှင့် သုဝဏ္ဏသျှမ်တောင်သို့ ဟူသော ကွန်ကရစ်ဆိုင်းဘုတ်ကြီးကို လက်ယာဘက်တွင် တွေ့ရ၏။ ကျွန်တော်နှင့် ကိုညွှန့်ဟန်သည် ခင်သစ်စတိုးတွင် လိုအပ်မည့် ရိက္ခာများကို ဝယ်ယူဖြည့်ဆည်း၍ နံနက်စာ ထမင်းစားကြသည်။

တောတောင်များ ပတ်လည်ဝန်းရံနေသော ဤရွာလေးသည် ဆေးရေးပန်းချီကားတစ်ချပ်သဖွယ် သာယာတင့်အပ် လျှောက်ပတ်နေ၏။ နေ့လယ်ခင်းမိုးကား ခပ်မြည့်မြည့်နှင့် တစိမ့်စိမ့်ရွာနေ၏။ တစ်ခွင်တစ်ပြင်လုံးတွင် နေကို မမြင်ရဘဲ မှုန်ရီဝိုးဝါးနေသည်။

မိုးတိတ်အောင် စောင့်မနေတော့ဘဲ ကျောပိုးအိတ်ကိုယ်စီလွယ်၍ မိုးကာစများခြုံကာ ကျွန်တော်တို့ ထွက်လာကြသည်။ ဆင်ခြေလျှော ခပ်ပြန့်ပြန့်ကို နာရီဝက်ခန့် လျှောက်လာပြီးသည်နှင့် တောင်ပေါ်ကို စတင်တက်လာသည်။ မိုးစဲသွားသော်လည်း မြေတောင်ဖြစ်၍ ရွာထားသော မိုးနှင့် ရွှံစေးများက ချော်ချွတ်နေသည်။ ကုတ်ကုတ်ကျစ်ကျစ်နေရပြီး မိုးအုံ့နေသည့်ကြားကပင် ချွေးများစိုစွတ်နေသည်။

တောင်ခုလတ်အရောက်တွင် ကျွန်တော်တို့ သွားကြမည့် သုဝဏ္ဏသျှမ်တောင်ကို ဘုရားပလ္လင်ခုံတစ်ခုပမာ လှမ်းမြင်နေရ၏။ ထိုးထွက်နေသော တောင်ထွတ်တွင် ဖွေးဖွေးဖြူသော တိမ်မြူများ ရစ်သိုင်းနေ၏။ တောင်စဉ်အထပ်ထပ် တောရပ်မြိုင်ကြီးကလည်း မျက်စိတစ်ဆုံး တစ်မျှော်တစ်ခေါ် ရှိနေလေ၏။

ကျွန်တော်တို့သည် ဘုန်းတော်ပြည့်ကျောင်းကိုရောက်အောင် တစ်နာရီခန့်သာ တက်ရ၍ ညနေခင်းခပ်စောစောတွင် ရောက်ရှိ၏။ အဖော်မိတ်ဆွေကြီး ကိုညွှန့်ဟန်ကား ဤနေရာအထိ ယခင်တစ်ခေါက် ရောက်ဖူးသဖြင့် ဟိုသည် လမ်းမပျောက်တော့ဘဲ ချောမောစွာ ရောက်လာကြခြင်းဖြစ်၏။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးသည် ကနဦး ရောက်ရှိရာ သုဝဏ္ဏသျှမ်တောင်မှ ဆင်းလာ၍ ဤနေရာတွင် သီတင်းသုံးတော်မူ၏။ ဘုန်းတော်ပြည့်ဟူ၍ ကမ္ဘည်းပေးပြီး ဘာသာမဲ့နေသော တိုင်းရင်းသားများကို ဗုဒ္ဓဘာသာ ခံယူစေသည်အထိ သာသနာပြုတော်မူ၏။ ထို့နောက် သုဝဏ္ဏသျှမ်တောင်သို့ပြန်ခဲ့၍ မဟာဗောဓိမြိုင်ကျောင်းတွင် တရားထူးရှာမှီး ပါရမီဖြည့်ဆည်းတော်မူလေ၏။

သာစည် ရွှေကျောင်းကုန်းတောင်က ဆရာတော်ဦးဩဘာသည် ဘုန်းတော်ပြည့်တွင် ယာယီသီတင်းသုံး၍ ဝါဆိုဝါကပ်တော်မူလျက် ရှိနေ၏။ ဆရာတော်ဘုရားကြီး ထွန်းညှိခဲ့သော သာသနာ့အလင်းတန်းအား ဆက်လက်ထွန်းလင်းစေဖို့ ကြိုးပမ်းအားထုတ်တော်မူနေ၏။ ကျွန်တော်တို့လည်း ဆရာတော်ရှိတုန်းရှိခိုက်တွင် ဆရာတော်အား အရိပ်တံကဲပြု၍ ရောက်လာကြခြင်းဖြစ်၏။

ကျွန်တော်တို့သည် ဘုန်းတော်ပြည့်တွင် တစ်ညအိပ်၍ သုဝဏ္ဏသျှမ်တောင်ကိုတက်ရန် ဆရာတော်က လမ်းပြတပ်ဦး စီစဉ်ပေး၏။ လုံးပိန်(စံပြ)လီရှောရွာတွင်ရှိသော ဦးပဉ္စင်ဦးဓမ္မသည် မြေပြန့်ဒေသကဖြစ်၍ ဆရာတော်နှင့်လည်း ကျွမ်းဝင်၏။ ကြာမြင့်စွာနေလာသော ဤဒေသကိုလည်း ကျွမ်းကျင်လေသည်။

ဦးဓမ္မနှင့် ကျွန်တော်တို့ နှစ်ယောက်သည် တောင်ခေါ်ကိုယ်စီကိုင်၍ တက်လာကြ၏။ တောင်ခါးပန်းများတွင် လျှောက်တွင် လားဟူ၊ လီရှော တိုင်းရင်းသားများနေသော ရွာအမြောက်အမြားရှိ၏။ သူတို့သည် ကျွန်းမာရေး၊ ရောဂါ ဝယ်ဖောက်ကားရေးအတွက် ဟွေဟင်(၇)မိုင်ရွာကို အခါအားလျော်စွာ ဆင်းကြသည်။

တချို့သောရွာများအထိ ဆိုင်ကယ်ပေါက်ရောက်သဖြင့် မိုးပြတ်၍ မြေထန့်သည်နှင့် တက်ဆင်းသွားလာနေကြစဉ် တချို့နေရာရှိသော ဆိုင်ကယ်လမ်းကား ကွေ့လည်ကြော်ပတ် ထိုးဆင်းရသော တင်းလျှောဆင်းများဖြစ်၏။ အချို့မထိန်းနိုင်ဘဲ တစ်ဖက်ချောက်ထဲ လွှန်ကျသွားစရာကောင်းလှ၍ လမ်းကိုကြည့်ပြီး ရင်ခုန်မိနေ၏။

တောအလွန် တောင်အကွေ့တွင် အိမ်ခြေအနည်းငယ်သာရှိသော ရွာအချို့ကို ဘွားခနဲ ဘွားခနဲ တွေ့ရ၏။ သစ်ဝါးဖြစ်ကတတ်ဆန်းနှင့် ဆောက်ထားသော ခြေတံရှည်အိမ်ရှေ့တွင် ဝါးကွပ်ပျစ်ခပ်ကျယ်ကျယ် ထိုးထား၏။ နှပ်ချေတွဲလဲ ဗိုက်ရွဲရွဲလေးများနှင့် ဆော့ကစားနေကြသော ကလေးများကား ကျွန်တော်တို့ကို ကြောက်ကန်ကန်ကြည့်နေချေ၏။ အသားဝါကြန့်ကြန့် ထူလုပျစ်လေးများနှင့် ချစ်စရာကောင်းလှ၏။ ပေးကမ်းသော မုန့်ပဲသရေစာတို့ကို , မငဲ့မရဲနှင့် ဆုတ်ကန်ကန် လာယူကြလေ၏။

♦ ♦ ♦

တစ်ခွင်တစ်ပြင်လုံးတွင် မြူတိမ်များ ရစ်သိုင်းလွှမ်းနေသဖြင့် နေကို မမြင်ရ။ တောတောင်တို့၏ အရိပ်အ

www.burmeseclassic.com

www.burmeseclassic.com

နှင့် လင်းကျင်းလျက်မရှိဘဲ မှုန်မှိုင်းနေသည်။ မိုးကား ကြီးခဲကြီးမရွာသော်လည်း ခပ်ဖွဲဖွဲ ခပ်စိပ်စိပ်ကျကာ နေ့သွားသည်။

ကျွန်တော်တို့ ရောက်ခဲ့သော မဟာဗောဓိမြို့ကျောင်း တောင်ပူစာထက်က လည်ပြန်လှည့်ကြည့်သေး၏။ ကျွန်ချောင်ကျသော ချိုင့်ဝှမ်းထဲတွင်ဖြစ်၍ သစ်ပင်ချုံပေါင်းများ ဖုံးလွှမ်းနေပြီး ကောင်းစွာမမြင်ရတော့ချေ။ ကျွဲတွင် ကျောက်သားဖွေးဖွေးနှင့် ထီးတည်းမတ်မတ်ကြီး သော သုဝဏ္ဏသျှမ်တောင်ကို အနီးကပ်၍ မြင်နေရ၏။ မြင်စဉ်တုန်းက သာယာကြည်နူး ဆွတ်ပျံဖွယ် ကောင်းလှပြီး ယခုမူ တံခွန်တိုင်ကြီးအလား ခမ်းနားလွန်း ၏။

ကိုင်းချင်းယှက်၍ ညွတ်ပျောင်းနေသော ဝါးရုံပင်၊ ကြီးရိပ်မြုတို့သည် ပြွတ်သိပ်ထိုးလျက်ရှိ၏။ တောင် ပေါ်းယံအတိုင်း လှိုးပြီးသွားနေသောလမ်းကား ကျဉ်း ကျောင်းလှသဖြင့် သတိနှင့် သွားနေရ၏။ တစ်ဖက်တွင် ကျွန်နက်ရှိုင်းမည်းမှောင်သော လျှိုချောက်ကြီးများသည် ကြောက်ရွံ့ဖွယ်ရာ ကောင်းနေချေ၏။

တစ်ကုန်းတစ်ကော့ ခပ်မော့မော့ကို တက်လိုက်သည် တဝါးဝါးဆူညံနေသော ရေကျသံများ ကြားလာရ သည်။ ထောင်မတ်နေသော ကျောက်တောင်ကြီးသည် မြင့် ၍ အပေါ်က ထီးမိုးထားသည့်သဖွယ် ဖြစ်နေသည်။ အပေါ်မှ မိုးမရွာသွန်းဘဲနှင့် ရေများ ဖြာကျနေသည်။

အိမ်တံစက်မြိတ်က ကျနေသကဲ့သို့ရှိသော ရေများ ထောက်ဖြတ်ပြီး အတွင်းဘက်သို့ ဝင်လာကြ၏။ ကျောက် ကြားတွင် တင်ပျဉ်ခွေထိုင်တော်မူ ဗုဒ္ဓဆင်းတုတော်တစ် ဆူကို တင့်တယ်သပ္ပာယ်စွာ ဖူးတွေ့ရ၏။ ကွန်ကရစ်လှေ ကားထစ်လေးများအတိုင်း တက်သွား၍ ကျကျနနခင်းထား သော သမံတလင်းတွင်ထိုင်ပြီး ဝတ်ပြုဆုတောင်းကြသေး ၏။

အပေါ်ထက်ကကျနေသော ရေများကို လက်ခုပ်ဖြင့် ခပ်ပြီး မျက်နှာသစ်၊ ကုပ်၊ လက်၊ လည်ပင်းတို့ကို သန့်စင် သောက်လည်း သောက်ကြသည်။ ခြေထောက်လက် ထောက်များ ဆေးကြောပြီး လန်းဆန်းလာသည်နှင့် ကျွန် နေသေးသော တောင်ထိပ်ရောက်အောင် တက်လာကြပြန် သည်။

တောင်၏အတက်ကား ရောက်ခါနီးလေ ကျဉ်းကျပ် မတ်စောက်လေလေဖြစ်၏။ လက်လှမ်းမီသည့် သစ်ပင်သစ် ကိုင်းတို့ကို ဆွဲ၍လည်းကောင်း၊ တချို့တလေနေရာတွင် ဖင်ထိုင်ပြီးလည်းကောင်း ခဲရာခဲဆစ် တက်နေရလေ၏။ ခဏအကြာတွင် အေးခနဲ ဖြန်းစားကြီး ခံစားလိုက်ရကာ လေပြည်လေညင်းနှင့် ထိတွေ့လာပြီး ရောက်လုခမန်း ရှိ လာ၏။

ဘွားခနဲ လင်းလင်းကျင်းကျင်းဖြစ်သွားပြီး တောင် ထိပ်ပေါ်တည့်တည့် ရောက်လာခဲ့သည်။ ခပ်ဖြူးဖြူးလေး တိုက်နေသော လေအေးအရသာကို ခံစားရင်း လန်းဆန်း တက်ကြွသွားသည်။ ကျွန်တော်တို့သည် မွန်းလွဲ(၁၂)နာရီ ခွဲပြီးချိန်တွင် ရောက်ကြ၍ ခြေပစ်လက်ပစ် ထိုင်ချလိုက် ကြသည်။

တောင်ထိပ်တစ်ပြင်လုံးကား သွားလာ၍ရသော နေရာ များချည်း မဟုတ်ပေ။ ကျောက်ငုတ်၊ ကျောက်ဆောင်၊ သစ်ပင်များနှင့် ပြည့်ကျပ်နေ၏။ ကျွန်တော်လည်း အနည်း ငယ် အမောပြေလာသဖြင့် ဟူးခနဲသက်ပြင်းတစ်ချက်ချကာ လေပူများ မှုတ်ထုတ်လိုက်၏။ ဩော်...ဤတောင်ကား ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတို့ ဆုံစည်းရာ၊ သူတော်ကောင်းများ ပျော်စံရာ နေရာမြတ်ပါတကားဟု အောက်မေ့မိလိုက်လေ ၏။

ကျောက်တုံးငယ်ထက်တွင် တည်ထားသော စေတီ လေးသည် ပတ်ချာလည်၌ ခပ်ကျဉ်းကျဉ်းရင်ပြင်ကို သမံ တလင်း ခင်းထားသည်။ ဟိုဘက်မလှမ်းမကမ်းတွင်လည်း ပေါင်းဆယ်ခန့် ထိုးထွက်နေသော ကျောက်ဆောင်မတ်မတ် ကြီးရှိ၍ ထိုပေါ်တွင်တည်ထားသော စေတီငယ်ကို လှမ်း မြင်နေရသည်။ မြွေလိမ်မြွေကောက်စီးဆင်းနေသော သံလွင် မြစ်၊ မျက်စိတစ်ဆုံးရှိသော တောင်စဉ်တောအုပ်ကြီးကို လည်း အပေါ်စီး၌ မြင်နေရလေသည်။

'ဒကာကြီးတို့...ရောက်တုန်း တရားထိုင်ချင်ကြသေး လား'

ဦးပဉ္စင်းဦးခမ္မက မေး၏။

'ရောက်က ရောက်ဖြစ်ခဲပါနဲ့။ ဒီလိုထူးခြားတဲ့နေရာ ကို ရောက်လို့မှ ကောင်းမှုတစ်ခုခုမလုပ်ခဲ့ရင် နောက်မှ နောင်တ,ရနေတော့မှာပေါ့။ တပည့်တော်ကတော့ ထိုင် ဦးမယ် ဦးပဉ္စင်း၊ ကိုညွန့်ဟန်ရော'

ကျွန်တော်က ဦးခမ္မကိုလှည့်ကာရင်း ခရီးဖော်ကြီး ကိုညွန့်ဟန်ကို တစ်ဆက်တည်း မေးလိုက်၏။

www.burmeseclassic.com

"ကျုပ်တော့ မထိုင်တော့ဘူးဗျာ။ ရောက်တုန်းရောက်ခိုက် ဟိုကျောက်ငုတ်ကြီးပေါ်က ဘုရားကို ဦးပဉ္စင်းနဲ့လိုက်ပြီး တက်ဖူးလိုက်ဦးမယ်"

ကိုညွှန့်ဟန်က သူတက်မည့် ကျောက်ငုတ်ကြီးပေါ် လှမ်းမျှော်ကြည့်ရင်း ပြောလေ၏။

"ဦးပဉ္စင်းလည်း ဒီတောင်ပေါ် ခဏ,ခဏသာ ရောက်နေတာ အဲသည်ပေါ်အထိ တစ်ခါမှကို မရောက်ဖူးသေးဘူး။ ကဲ..ကဲ..ပြန်ဆင်းကြမှာနဲ့ဆိုတော့ အချိန်ကြန့်ကြာနေဦးမယ်။ ခင်ဗျားနဲ့ကျုပ်က တက်ကြရအောင်။ ဒကာကြီးက တရားထိုင်ရင်း ဒီကနေ စောင့်ပေါ့။ ဟုတ်လား"

"ကိုညွှန့်ဟန်..သေချာတက်နော်။ လိမ့်ကျနေဦးမယ်"

ကျွန်တော်သည် ဦးပဉ္စင်း၏နောက်က တလှုပ်တုပ် တုပ် လိုက်ပါသွားသော ကိုဟန်ညွှန့်ကို လှမ်းအော်ပြောလိုက်သေး၏။

စေတီ၏ ပတ်ပတ်လည်တွင် ခင်းထားသော သမံတလင်းသည် ငါးပေအကျယ်သာသာပဲရှိမည်။ နေရာကျဉ်းသော်လည်း အမှိုက်သရိုက်များကင်းစင်၍ သန့်ပြန့်နေသည်။ ကျွန်တော်လည်း လေကွယ်ရာထောင့်တွင် ဆောင့်ကြောင့် ထိုင်၍ နမောတဿအစချီပြီး ဝတ်တက်လေသည်။ မေတ္တာသုတ်တော်နှင့် ဇယစက္ကမြတ်ဗုဒ္ဓအောင်တော်မူကို ရွတ်ဖတ်ပူဇော်ပြီး ပရိကံပြုကာ တရားတောင်းသည်။ ထို့နောက် တင်ပျဉ် ခွေပြင်ထိုင်၍ တရားဘာဝနာ စီးဖြန်းလေသည်။ ရာသီဥတုမျှတပြီး အေးချမ်းတိတ်ဆိတ်သဖြင့် တရားရှုမှတ်၍ ကောင်းနေသည်။ အာနာပါနကမ္မဋ္ဌာန်းစီးဖြန်းပြီး သမာဓိအားကောင်းလာသည်နှင့် ခန္ဓာအရိုးကို ဉာဏ်နှင့် လှည့်ကြည့်သည်။ မည်မျှကြာသွားသည်မသိ၊ မေတ္တာပို့ ဆုတောင်း အမျှဝေပြီး လက်တွင်ပတ်ထားသော နာရီကိုကြည့်ရာ (၅)နာရီတောင် ထိုးသွားလေပြီ။

နေရာကထ၍ ဦးပဉ္စင်းနှင့် ကိုဟန်ညွှန့်ကို လှမ်းမျှော်ကြည့်သည်။ ဤမြို့မကြာလောက်သဖြင့် ဝူးခနဲ လှမ်းအူကြည့်သည်။ လူရိပ်လူယောင်ကို မမြင်ရ။ အချက်ပေးသံတစ်ခုခုကိုလည်း ပြန်မပေး။ ရော့..ငါ့မစောင့်ဘဲများ ဆင်းသွားကြပြီလား။ ကျွန်တော့်ခေါင်းထဲတွင် အတွေးများနှင့် ချာချာလည်နေပြီး ပျာယီးပျာယာဖြစ်ကာ ဗလောင်ဆန်သွားသည်။

အကြိမ်ကြိမ်အဖန်ဖန် အော်ခေါ်ကြည့်၊ အူကြည့်သော်လည်း ပဲ့တင်ထပ်သံသာ လှိုင်ပုံ့လာပြီး ငြိမ်ချက်သာကောင်းနေလေ၏။ တဖြည်းဖြည်းနှင့် အချိန်က ကြန့်ကြာသွား၏။ သွားလာ၍ရသော နေရာမှန်သမျှအား အသံဗလံပေးကာ လိုက်လံရှာကြည့်၏။ တစ်စုံတစ်ရာ တို့ပြန်မှုလေးမျှ မရှိ။ မိုးမအံ့ဘဲ နေကိုသာ မြင်ရမည်ဆိုလျှင် သံလွင်မြစ်တစ်ဖက်ကမ်းကတောင်တွင် မေးတင်နေလောက်ချေပြီ။

သူတို့ သွားနှင့်ပြီဆိုလည်း ဒရောသောပါးဆင်းသွားကြမည်တော့မဟုတ်။ ကျွန်တော့်ကို ရှေ့ကထင်၊ နောက်ကထင်နှင့် နားနေစောင့်ပြုပြီး သွားကြလိမ့်မည်။ အကယ်၍ သူတို့ နောက်တွင် ကျန်ခဲ့သည်ထားဦး၊ ကျွန်တော် အူနေသောအသံကိုကြားပြီး ဒုန်းစိုင်းဆင်းကာ လိုက်လာကြမှာသေချာလေသည်။ ကျွန်တော်လည်း ဤအတွေးနှင့်ပင် ဆတ်တင့်ငဲ့ဖြစ်လျက် တဖြည်းဖြည်းဆင်းလာခဲ့၏။

အဆင်းကား အတက်လိုတော့မဟုတ်၊ ခရီးတွင်ကျယ်သည်။ သို့သော်လည်း တောတောင်ရိပ်များကြောင့် အလင်းရောင်နည်းပါးလာချေသည်။ ကောင်းကင်ထက်က တဝါးဝါး ရေကျနေသော ဆင်းတုတော်ကြီးတည်ရှိရာအနီး ရောက်လာသည်။ လာတုန်းက ဝတ်ပြုနားနေခဲ့သော နေရာဘက်ကို စောင်းငဲ့၍ ကြည့်ဖြစ်သေးသည်။

ချိုင့်ဝှမ်းအနိမ့်ထဲ ဆင်းလာသဖြင့် မှောင်မည်းလာပြီး လမ်းကို ကောင်းစွာမမြင်ရချင်တော့။ တောင်ကမ်းပါးယံအတိုင်းသွားနေသော ကျွန်တော်သည် စမ်းတဝါးဝါးဖြစ်၍လာ၏။ တစ်ခါတစ်ရံတွင် လှမ်းနေသော ခြေတစ်ဖက်ကနှင့်ခနဲ,နှင့်ခနဲဖြစ်လျက် တစ်ဖက်ချောက်ထဲ ချော်ကျခဲ့သေး၏။

တောရိုင်းသတ္တဝါများ တွန်မြည်ဟိန်းဟောက်သံ တဖျစ်ဖျစ်တောတိုးသံတို့အား အထင်အရှားကြားနေရသည်။ စိတ်ပန်းကိုယ်ပန်းဖြစ်နေသော ကျွန်တော်လည်း ခြေကျင်လက်ပန်းကျကာ လန့်ရကြောက်ရမှန်းပင် မသိတော့။

www.burmeseclassic.com

ရှောင် နွားကုန် ကျားမကြောက်သလို ဖြစ်လာပြီး ရောက်တတ်ကရာ တစ်လှမ်းချင်းပဲ သွားနေလေသည်။

ရှေ့တွင် တိမ်ပါးပါးကိုဖောက်၍ မှိန်ပျပျရှိသော အလင်းရောင်ကို လှမ်းမြင်နေရသဖြင့် အားတက်သရော သွားသည်။ မှတ်မှတ်ရရ ဤနေ့သည် ဝါခေါင်လဆန်း ၁၂ ရက်ဖြစ်၍ တိမ်ဝိတ်မနေလျှင် လအားကောင်းပေလိမ့်မည်။ သစ်တောသစ်ပင် ကျဲတောက်တောက်သာရှိသော နေရာနှင်းပြင်ကျယ်ပေါ် ရောက်လာ၍ ဝိုးတဝါးမြင်ရသော အလင်းအားလေး ရှိနေသည်။

မလှမ်းမကမ်းတွင် ကန့်လန့်ဖြတ်ကာရံထားသော ဝါးထရံများကို လရောင်နှင့် လှမ်းမြင်ရသည်။ တောင်ဝှေးလုပ်ရန် စိတ်ကူးမိပြီး ဝါးတိုတစ်ချောင်း ချိုးယူရန် လျှောက်သွားလိုက်သည်။

'ဟိုက်..အောင်မယ်လေး၊ မြေကျဲတယ်ဟ'

ကျွန်တော့်ခြေထောက်များသည် မြေကြီးထဲသို့ ဒူးဆစ်အထိ ခန့် ကျဲဝင်သွားသဖြင့် နှင့်ခနဲ ထိတ်ခနဲ ခံစားလိုက်ရပြီး အလန့်တကြားဖြစ်သွားသည်။ ခြေထောက်ကို ဆွဲနုတ်ပြီး သေချာကြည့်ကြည့်ရာ မြေကျင်းကြီးဖြစ်နေ၍ ရယ်ချင်စိတ်ပျောက်သွားသည်။ လားဟူသုသာန်ကုန်းမှန်း သိသာသိုက်ရပြီး တဖြန်းဖြန်းကြက်သီးမွေးညင်းထကာ ဆိုးဆိုးဆိတ်ဆိတ် တုန်သွားသည်။

မိုးမှောင်ကျလာသဖြင့် ရှေ့ဆက်ပြီးသွားရန်က မဖြစ်နိုင်တော့ချေ။ ခုတင်းကလို တောင်ကမ်းပါးအတိုင်း လျှို့ဝှက်များကိုဖြတ်၍ အချိန်အတန်ကြာသွားရဦးမည်။ ဤသုသာန်နှင့် ခပ်ဝေးဝေးအထိသွားပြီး တစ်နေရာတွင် ထိုင်ကာ မိုးလင်းအောင်သာ စောင့်တော့မည်ဟု စိတ်ဒုံးဒုံးချလိုက်သည်။

တစ်နေရာတွင် မီးတောက်မီးလျှံကြီးကို လှမ်းမြင်ရသဖြင့် ဝမ်းပန်းတသာဖြစ်သွားသည်။ ဤမျှမိုးရေစိုစွတ်နေသောအချိန်တွင် မီးဟုန်းဟုန်းတောက်အောင် ရှိနေသည်ကိုသည်း အံ့သြမိပါသည်။ ကျွန်တော်လည်း မီးရောင်မြင်ရာဆီကို တရွေ့ရွေ့လျှောက်သွားခဲ့ပါသည်။

ခပ်စောစောက မီးတောက်ကြီးမဟုတ်တော့ဘဲ မှိန်ပျပျမီးရောင်သာ ရှိတော့သဖြင့် ခဏရပ်ကာ အကဲခတ်ကြည့်မိ၏။ တောင်ခါးပန်းတွင်စိုက်ထားသော တောင်ယာစပါးခင်းလယ်ကောင်ခန့်တွင် တဲငယ်လေးတစ်လုံးကို တွေ့ရ၏။ ဟိုတဲငယ်လေးက မီးရောင်လင်းလက်နေသည်။

'ဗျိုး..တဲရှင်တို့၊ ဗျိုး..တဲရှင်တို့'

ကျွန်တော် စမ်းခေါ်ကြည့်သည်။ တုတ်တုတ်မျှမလှုပ်။ ပြန်လည်တံ့ပြန်သံလည်း မကြား။

'ဗျိုး..တဲရှင်တို့၊ ကျွန်တော် ဒုက္ခရောက်နေလို့ပါ'

ကျွန်တော် ရှေ့ကိုတိုးသွားပြီး ထပ်မံ၍ခေါ်သည်။ အဟမ်းခနဲ ယောကျ်ားကြီး ချောင်းဟန့်သံကြားရပြီး ခဏအကြာတွင် မီးရောင်နှင့် တဲပြင်ကို ထွက်လာသည်။

'ဟင်..မိန်းကလေးတစ်ယောက်ပါလား'

ကျွန်တော်သည် သူကိုင်ထားသော မီးရောင်နှင့် ချောမောလှပသော မိန်းကလေးငယ်တစ်ဦး ဖြစ်နေသည်ကို မြင်ရ၍ လွတ်ခနဲ ရေရွတ်လိုက်မိသည်။

'ကျွန်တော် အဖော်တွေနဲ့ကွဲပြီး ဒုက္ခရောက်နေလို့ပါ'

သူလက်ထဲကမီးရောင်နှင့် ခေါင်းပေါ်ကျော်မြောက်ပြီး ကျွန်တော့်ကိုကြည့်နေသော မိန်းကလေးအား ပြောလိုက်၏။

'လာလေ အထဲကို'

အသံဝဲဝဲလေးနှင့်ခေါ်၍ တဲထဲကို ချာခနဲလှည့်ဝင်သွား၏။ ကျွန်တော်လည်း မိန်းကလေး၏နောက်က လိုက်ဝင်ပြီး သူမေးထိုးပြသော ကွပ်ပျစ်ပေါ်တွင်ထိုင်၏။ ဝါးဖြင့်ချည်းဆောက်ထားသော တဲတစ်ခြမ်းအား အမြင့်လုပ်၍ ကြမ်းခင်းထားပြီး အောက်ကိုလည်း မြေနှင့်လွတ်ရံ ကွပ်ပျစ်ထိုးထား၏။ ကျွန်ရှိသော မြေလွတ်ပေါ်တွင် မီးဖိုချောင်လုပ်ထားသဖြင့် အိုးခွက်ပန်းကန်များနှင့် ရှုပ်ပွေနေသည်။

တဲ၏အပေါ်ထပ်တွင် မိန်းကလေး၏ အဘိုးဖြစ်ဟန်တူသော ယောကျ်ားကြီးတစ်ယောက်သည် မီးရောင်ရှေ့တွင် တရားထိုင်နေ၏။ မီးကား မြေခွက်ခပ်သေးသေးတွင် မည်သည်မည်ဝါထည်၍ ထွန်းထားသည်မသိ တလျှပ်လျှပ်လင်းလက်နေ၏။

ကျွန်တော်သည် ဝါးကွပ်ပျစ်ပေါ်တွင် ခုံးခုံးချထိုင်ပြီး လှုပ်လိမ့်လှုပ်လဲ့နှင့် အလုပ်ရှုပ်နေသော မိန်းကလေးကို စောင်းပါးရိုပ်ခြည် အကဲခတ်ကြည့်သည်။ အသားဖြူဖြူ တစ်တစ်ရစ်ရစ်ကလေးနှင့် လှပနေပြီး သူ့အသက်ရှိလှမှ နှစ်ဆယ်ဝန်းကျင်ပဲ ရှိဦးမည်။

ဖျော့တော့တော့မီးရောင်နှင့်ဖြစ်၍ အဆင်အသွေးကို ကောင်းစွာမခွဲခြားတတ်သော်လည်း အနောက်ရောင်လုံချည်ပုံစံ၊ အင်္ကျီလက်စက ခပ်ဖျော့ဖျော့တို့နှင့်ဖြစ်၏။ ချစ်စဖွယ် မျက်နှာပုံပုံလေးနှင့် တင်းရင်းပြည့်ဖြိုးသော သူ့ခန္ဓာကိုယ်တွင် သူ့နေရာနှင့်သူ အသီးသီးလှပနေချေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်လက်ကနာရီကို မှန်ဝါးဝါးအလင်းရောင်တွင် ကြည့်လိုက်ရာ ည၌(၁၂)နာရီထိုးခါနီးနေပြီ။ ထိုစဉ် မိန်းကလေးရောက်လာ၍ လက်ထဲတွင်လည်း လင်ပန်းတစ်ချပ်နှင့် ထမင်းဟင်းများ သယ်လာသည်။

'ထမင်းဆာနေရောပေါ့။ စားလိုက်ပါဦးရှင့်'

စကားသံခပ်ဝဲဝဲ အသံလွင်လွင်လေးနှင့် တစ်ခွန်း၊နှစ်ခွန်းသာပြောပြီး လင်ပန်းကိုချကာ ချက်ချင်းလှည့်ထွက်သွား၏။ ကျေးဇူးတင်မိတ်ဆက်စကား ပြောလိုက်ချိန်ပင်မရ။ သူ့အလုပ်သူ တောက်တိုမည်ရ ဟိုသည်လုပ်နေလေ၏။ တဲ၏အပေါ်ထပ်တွင် တရားထိုင်နေသော အဘိုးကလည်း ချွတ်ချွတ်သံတောင်မမြည်၊ ငြိမ်သက်လွန်းလှသည်။

ထမင်းဟင်းများကား ပူပူနွေးမဟုတ်သော်လည်း မွေးကြိုင်သင်းပျံ့နေသည်။ ကျွန်တော်လည်း ဆာလောင်မွတ်သိပ်ပြီး ဣန္ဒြေမဆည်နိုင်တော့သဖြင့် ထမင်းစားရန် လက်ဆေးရေခွက် ရှာကြည့်သည်၊ မမြင်။ အားတုံ့အားနာရှိသည်နှင့် လက်ဆေးရေ လှမ်းမတောင်းတော့ဘဲ ဟင်းစိုက်ဇွန်းနှင့်ပင် စားလိုက်တော့သည်။

ကြက်သားဟင်းနှင့် တစ်ခွက်က ချဉ်ရည်ဟင်းဖြစ်၍ ထမင်းက ယာဆန်ကိုချက်သော ထမင်းမဟုတ်၊ စေးထန်းထန်းမနေဘဲ ကော့ပျံမွှေးကြိုင်နေ၏။ ဤသို့ခေါင်းပါးသော တောနေ တဲငယ်လေးတွင် မြေးအဘိုးနှစ်ယောက်တည်း မကြောက်မရွံ့ဘဲ နေ့နေကြသည်ကို အံ့သြနေမိ၏။ တစ်ဖန် ယခုလို ကျက်နှနချက်ထားသော ထမင်းဟင်းနှင့် ကျွေးသည်ကလည်း ထူးဆန်းနေလေသည်။

ကျွန်တော် ထမင်းစားပြီးသည့်တိုင် အပေါ်ထပ်တွင် တရားထိုင်နေသော အဘိုးသည် တရားထိုင်၍ မပြီးသေး။ တစ်ယောက်တည်း မပြီးနိုင်အောင် အလုပ်ရှုပ်နေသော မိန်းကလေးကလည်း ကျောပေးလျက် အလုပ်လုပ်နေဆဲဖြစ်သည်။

ကျွန်တော်လည်း ထမင်းဗိုက်ပြည့်ပြီးနောက် ငုတ်တုတ်ထိုင်နေရင်းက ငိုက်မျဉ်းချင်လာ၏။ အဘိုးနှင့် မိန်းကလေးက ဒီအချိန်ထိအောင်တောင် သူတို့အလုပ်တွေ မပြီးကြသေး။ အောင့်အည်းမရအောင်ကို အိပ်ချင်လာ၏။ ထိုင်နေသော နေရာတွင်ပင် ပက်လက်လှန်ချလိုက်လေတော့သည်။

ကျွန်တော့်ကို တလှုပ်လှုပ်လုပ်၍ အတင်းလှုပ်နှိုးနေကြသည်။ ပင်ပန်းထားသောဒဏ်နှင့် ကျွန်တော့်တစ်ကိုယ်လုံး ထုနှက်ရိုက်ထားသလို ဖြစ်နေ၏။ လူသူအသံများ ကြားနေရသော်လည်း မျက်စိကို ချက်ချင်းဖွင့်မရ။ ဦးဓမ္မနှင့် ကိုညွှန့်ဟန်တို့၏ အသံများဖြစ်၍ မျက်စိအား ဇွတ်အားယူပြီး ဖွင့်လိုက်၏။

'ဒကာကြီး..ဒကာကြီး'

'ကိုအောင်မြင့်..ကျွပ်တို့လေ'

ဦးပဉ္စင်းနှင့် ကိုညွှန့်ဟန်တို့ ဖြစ်၏။ သူတို့နှင့်အတူ လားဟူသုံး၊လေးယောက်လည်း ပါလာ၏။ ကျွန်တော် ငုတ်တုတ်ထထိုင်လိုက်သည်။ ယမန်ညက တဲတွင်မဟုတ်တော့၊ သစ်ပင်ကြီးတစ်ပင်အောက်တွင် ရောက်နေသည်။ ပတ်ဝန်းကျင်တွင်လည်း ယာခင်းတဲနှင့်တူသောအရာက တစ်ခုမျှ မရှိ။

'ခင်ဗျားနှယ်ဗျာ၊ ကျွပ်တို့ တစ်ညလုံးရှာလိုက်ရတာ။ ဖတ်ဖတ်မောလို့'

ကိုညွှန့်ဟန်က စိုးရိမ်သောကများသော မျက်နှာနှင့် ပြောဖ၏။

'ခင်ဗျားတို့က ကျွန်တော့်မှ မခေါ်ကြဘဲ ပြန်ဆင်းသွားတာ'

'ဘယ်ဟုတ်မတုံး ဒကာကြီး၊ ဒကာကြီး တရားထိုင်နေတဲ့နေရာကို နှစ်ခါ၊သုံးခါလောက် ပြန်ပြန်ရှာတာ မတွေ့ဘူး။ ဒါနဲ့ တပိုတပါးများ သွားနေမလားဆိုပြီး အော်ခေါ်ကြည့်၊ လျှောက်ပတ်ရှာကြည့်နဲ့ ကျွပ်တို့နှစ်ယောက် ဒေါင်းတောက်နေတာပဲ'

'ဟုတ်တယ် ကိုအောင်မြင့်၊ ဘယ်လိုမှရှာမတွေ့တာနဲ့ ခင်ဗျားဆင်းသွားနှင့်ပြီထင်ပြီး ကျွပ်တို့လည်း ခပ်သုတ်သုတ် ဆင်းသွားကြတာ။ ဟိုရောက်တော့ ခင်ဗျား မြန်မရောက်သေးမှန်းသိတာနဲ့ ပျာကုန်တော့တာပေါ့။ ဦးတွင်းချင်းပဲ ဦးပဉ္စင်း ရွာက ဟောသည်အဖော်တွေခေါ်ပြီး ပြန်တက်လာကြတာ။ တစ်ညလုံး လူးလာတုံ့ခေါက်နဲ့ ခုထိ မအိပ်ရသေးပါဘူးဗျာ'

ကျွန်တော် သဘောပေါက်လိုက်ပါပြီ။ တောအိမာယာတောင်တို့ မာနမာန်ကား ပရိယာယ်ဝေဝုစ် များလှလေ၏။ တရားကိုဖက်၍ သီလမပျက်ခဲ့သော အကျိုးကျေးဇူးကြောင့်သာ ကတိမ်းကပါး မဖြစ်ခဲ့ရချေ။ ဤသို့လည်း သူတော်သူတော်မြတ်တို့၏ စောင့်ရှောက်မ,စခြင်းနှင့် ကြုံကြိုက်တတ်လေသည်။

သတ္တဝါမှန်သရွေ့ တရားတွေ့၍ ချမ်းမြေ့ကြပါစေ

အာကာသသံသာစည်

www.burmeseclassic.com

www.burmeseclassic.com

မြတ်ပန်းပွင့်

ကလေးအာဇာရအားဆေး

ကလေးများ အားအင်ပြည့်ဖြိုးရန် စိတ်ရှည်လန်းစေခြင်း
အစာစားချင်စိတ်ကို ဖြစ်ပေါ်စေ၍ အစာကြေလွယ်ခြင်း
နှစ်ဖြိုက်စွာအိပ်ပျော်စေ၍ ပို့.ဖြိုးကြီးထွားမှုကိုဖြစ်စေခြင်း
ဗျတ်လတ်တက်ကြွ၍ ထူးချွန်ထက်မြက်စေခြင်း

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၁၀၀၆YRo၄၇၇၂

မြတ်ပန်းပွင့်

သွေတိုး၊ နလုံးသွေးကြောကျဉ်းသောက်ဆေး

သွေတိုး နလုံးသွေးကြောကျဉ်းခြင်း၊ အသဲအဆီပုံဖုံးခြင်း
ရင်ဘတ်-ကျောတင်းခြင်း၊ အောင့်ခြင်း၊ အဝလွန်ခြင်း
ခေါင်းခုံ/လေးခြင်း၊ မျက်နှာအမ်းခြင်း၊ ဆီးချို-သွေးချိုဖြစ်ခြင်း
ပီးယပ်ထိန်ငုပ်ခြင်း၊ မူးမော်ခြင်းများအတွက် အထူးကောင်းမွန်သော
ဆေးစွမ်းကောင်းတစ်လက်ဖြစ်ပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၁၀၀၆YRo၄၇၇၁

ဧော်ဘွား

အကြောပြေလိမ်းဆေး

အဆစ်အမြစ်ရောင်ခြင်း၊ လေးဘက်နာရောဂါ၊ ခါးနာ၊
အကြောတင်၊ အကြောလွဲခြင်း၊ ပခုံးကပ်၊ ဇက်ကြောတက်၊
မူးဝေခြင်း၊ ကြွက်တက်ခြင်း၊ ချောင်းဆိုးရင်ကြပ် သလိပ်ကပ်ခြင်း
စသည့်ဝေဒနာများ ခံစားနေရပါက မိမိလိမ်းလိုသောနေရာတွင်
ဤဆေးကို အသားထဲသို့ စိမ့်ဝင်သွားအောင် နှာနှာ့သပ်လိမ်းပါက
အချိန်အနည်းငယ်အတွင်း သက်သာပျောက်ကင်းစေပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၀၉၀၅YRo၄၇၉၄

မြတ်ပန်းပွင့်ဆေးတိုက်၊ အမှတ် (၈၃)၊ ၃၀ရပ်ကွက်၊ အလုံပြည်နယ်ပုံ၊ ကျန်းကုန်ပြို့။ ☎ - (၁၁) ၂၂၇၃၆၈

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူတို့ငယ်စဉ် မူလတန်း
ကျောင်းသားဘဝက မောင်ဒီအကြောင်း
သင်ခဲ့ရသည်။ မောင်ဒီမှာ တောတွင်းသား၊
ငါးကြင်းငါးကို မီးကင်ပြီး ဘုရင်ထံ ဆက်သလေရာ
ထိုစဉ်က ခေါင်းကိုက်ဝေနာ စွဲကပ်နေသော ဘုရင်ကြီး
မှာ သမားတော်တို့ ကြိုးစားကုသပါသော်လည်း မပျောက်
နိုင်သည့် ခေါင်းကိုက်ဝေနာသည် မွေးကြိုင်သင်းပျံ့လှသည့်
ငါးကြင်းငါးကင်အနံ့ကြောင့် ရောဂါမှာ လုံးဝပျောက်ကင်းသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးတင်လွန်းသဖြင့် ကျေးဇူးရှင် မောင်ဒီအား ကြည်ညာပေး၍ ကျေးဇူးဆပ်ခဲ့ပါသော်လည်း ရာဇပလ္လင်ပေါ်သည့် မောင်ဒီမှာ ကြောက်လန့်တကြား ထွက်ပြေးလွတ်သည့်အဆုံး ကညင်ပင်ပေါ် တက်ပုန်းရာ သစ်ပင်မှ လိမ့်ကျသေဆုံးခဲ့ရသည်။

ဒီဘစကား မပယ်ရှားသည့် သမီးအလိမ္မာလေးမှာ ပြည်သို့ ပြန်မလာတော့ဘဲ ခင်ပွန်းသည် ကွယ်လွန်ရာ အင်္ဂပုရ တပင်တိုင်မြနန်းဖြင့် စံမြန်း၍နေလေသည်။

ဒါက ကျောင်းတုန်းက သင်ခဲ့ရသည့် ဇာတ်လမ်းတစ်ပုဒ်။

ထိုစဉ်မှစ၍ မောင်ဒီအကြောင်းကို စိတ်ထဲဝယ် မှတ်ထင်ထင် ရှိနေပါသည်။ ထို့ထက်ပို၍ဆိုရသော် အချစ်တော်သက်လာလျှင် တင်စားနေကြသည့် ပြယုဂ်တစ်ခု၊ အမ်.ဒဝအကြောင်း၊ ရိုမီယို,ဂျူးလီးယက်ဇာတ်လမ်း၊ အမှုနယ်ပယ်တွင် တင်စားမှုအခိုင်အမာဆုံးဖြစ်သည့် မင်းလွန်း၊ မင်းနန္ဒာ။

ရှင်မွေးလွန်း၏ မိခင်ဖခင်တို့ကို သိရှိသူ လွန်စွာနည်းသည်။

ထို့ကြောင့် ရှင်မွေးလွန်းနှင့်ဆက်နွယ်၍ ဖြစ်တည်လာသည့် ဇာတ်လမ်းအစကို စာရေးသူ ပုံဖော်မိခြင်းဖြစ်သည်။

ယုန်ငှက်ဥမှ လူဖြစ်လာရသူ

ရှေးအခါက ရေပတ်လည်ဝိုင်းလျက်ရှိသော ကျွန်းတစ်ကျွန်း ရှိလေသည်။ ၄င်းကျွန်းသည် ဘုရား၊ ရဟန္တာတို့၏ တော်၊ ဓာတ်တော်များ အများအပြားကိန်းဝပ်ရာ ကျွန်းကျွန်းမြတ်ဖြစ်၏။

ကျွန်း၏အလယ်တွင် လွန်စွာကြီးမားသော သစ်ပင်ကြီးတစ်ပင် ရှိလေသည်။ ထိုသစ်ပင်ကြီး၌ လင်းယုန်ငှက်အဖို့, အတို့သည် အသိုက်အမြုံဆောက်၍ နေလေ၏။ အညွှန့်၊ အတက်၊ အခက်အလက် ဝေဆာ၍ သာယာစိုပြည်လှသောကြောင့် မွန်အခေါ် ဂန္ဓိဝင်ဟု ခေါ်သည်။ မြန်မာအဓိပ္ပာယ်ဆိုရပါက မအူလင်တန်ပင် (ခေါ်) ခမောင်းပင် ဖြစ်သည်။ ထို့ကြောင့် လူအများက ထိုကျွန်းကို ခမောင်းကျွန်းဟု ခေါ်တွင်လေသည်။

လင်းယုန်ငှက် အဖို့,အမတို့သည် ဘာသာဘာဝ အသိုက်ဖြင့်နေကာ ဥများ ပေါက်ဖွားလေသည်။ ၄င်းဥများတွင် ဥတစ်လုံးသည် ရှေးကုသိုလ်ကံကြောင့် လူသားတစ်ဦး ပေါက်ဖွားလာ၏။ အပျက်အစီးမရှိသဖြင့် ကျွန်းမာစွာ ကြီးပြင်းလာ၏။ လင်းယုန်မောင်နှံသည် အမျိုးဇာတ်မတူသော သားငယ်ကို ထားရစ်ကာ အရပ်တစ်ပါးသို့ ပျံသန်းထွက်ခွာသွားလေ၏။

မိဘမဲ့လူသားကလေးမှာ သစ်ပင်ပေါ်မှာ နေထိုင်ရင်း တဖြည်းဖြည်း ကြီးပြင်းလာလေသည်။ အရွက်အကြောက်ကို ဖုံးလွှမ်းစေခြင်းငှာ တောကြီးအတွင်းမှရသည့် သစ်ရွက်သစ်ခေါက်၊ သစ်ခွံတို့ကို ဝတ်ဆင်၏။

ဝမ်းရေးအတွက် သစ်ပင်အချို့မှ ဆူးကောက်တို့ကို ငါးမျှားချိတ်လုပ်၍ လျှော်ကို ကြိုးလုပ်ကာ ငါးမျှား၏။ ရလာသည့် ငါးတို့ကို မီးဖုတ်၍ စားသောက်လေသည်။

လုလင်ငယ်သည် ဤအရပ်ဒေသ၌ပင် နေထိုင်ကြီးပြင်းလာတော့သည်။

အဝတ်တစ်ထည်အတွက် ငါးကင်နှင့် လဲလှယ်ခြင်း

လုလင်ငယ် နေထိုင်ရာ ကျွန်းကိုဖြတ်၍ လှေသဘော်များစွာ ဖြတ်သန်းသွားလာလျက်ရှိသည်။ တစ်ခါတစ်ရံ ရေနှင့် ထင်းအတွက် ထိုကျွန်းသို့ ခေတ္တဆိုက်ကပ်ပြီး ရိက္ခာဖြည့်တင်းကြ၏။

တစ်နေ့တွင် လုလင်ငယ်သည် ကျောက်ဆောင်တစ်ခုပေါ်မှထိုင်၍ ငါးမျှားနေစဉ် အလွန်ကြီးမားသည့် ငါးကြင်းကြီးတစ်ကောင်ကို ဖမ်းမိလေ၏။ ထိုငါးကြီးအား မီးကင်ပြီးနောက် မစားသေးဘဲ စဉ်းစားမိ၏။

ငါသည် လူသားများကဲ့သို့ ဝတ်ဆင်ရန် အဝတ်အစားကို ဤငါးကင်နှင့် လဲလှယ်ရသော် ကောင်းလေစွဟု အကြံဖြစ်၏။

အကြံဖြစ်သည့်အတိုင်း တစ်နေ့တွင် ကမ်းသို့ ဆိုက်ကပ်လာသည့် သဘော်ကြီးထဲပါးကပ်၍ သဘော်သူကြီးအား မည်သည့်အရပ်ဒေသသို့ သွားရောက်မည်ကို မေးမြန်းရာ သဘော်သူကြီးမှာ ပဗ္ဗာမြို့သို့ သွားမည်ဖြစ်ကြောင်း ဘာများအလိုရှိပါသလဲဟု မေး၏။

ထိုအခါ လုလင်ပျိုမှ ၄င်းထံ၌ရှိနေသည့် ငါးကြင်းကင်နှင့် အဝတ်လေးတောင်မျှ လဲလှယ်လိုပါကြောင်း ပြောသော အခါ သဘော်သူကြီးသည် ကောင်းပြီဟု ဝန်ခံ၍ သဘော်ကို ဆက်လက်ထွက်ခွာစေ၏။ ပဗ္ဗာမြို့သို့ ရောက်သောအခါ သဘော်သူကြီးသည် ဘုရင့်ရှေ့တော်မှောက် ဝင်ရောက်ခစား၍ ၄င်းထံ ပါရှိလာသည့် ငါးကြင်းကင်အား ဆက်သလေသည်။

ပဗ္ဗာမြို့ကို ထီးနန်းအုပ်ချုပ်သော မင်းကြီးမှာ ထိုစဉ်

www.burmeseclassic.com

က ၄င်း၏နားတွင် ဝေဒနာဖြစ်၍ သမားတော်များ ကြိုးစား ကုသပါသော်လည်း မပျောက်မကင်းရှိလေ၏။ ဘုရင်မင်း မြတ်သည် လုလင်ငယ်ထံမှ ဆက်သလာသော အနှံအရသာ နှင့်ပြည့်စုံသည့် ငါးကြင်းငါးကင်ကို မြတ်နိုးတော်မူသဖြင့် မသုံးဆောင်သေးဘဲ စက်တော်ခေါ်ရာ သလွန်ခေါင်းရင်း တွင် ခေတ္တထား၍ မှေးစက်တော်မူ၏။

နားတွင်း၌ ဝင်ရောက်နေသော ကင်းစုန်းသည် မွေး ကြိုင်လှသည့် ငါးကင်နံ့ကိုရ၍ စားသောက်ရန် နားတွင်းမှ ထွက်လေသည်။ နံနက်မိုးသောက်သော် ဘုရင်မင်းမြတ် နားဝေဒနာမှာ လုံးဝသက်သာပျောက်ကင်းသွားလေ၏။

ကျေးဇူးတော်တင်သဖြင့် သင်္ဘောသူကြီးအား ဆု လာဘ်တော်များပေးရန် ခေါ်တော်မူ၏။ ထိုအခါ သင်္ဘော သူကြီးမှ ကျွန်းငယ်မှ တွေ့ရှိသော လုလင်ပျိုတစ်ဦးက အဝတ်အထည်လေးတောင်မျှနှင့် လဲလှယ်ရန် ပေးလိုက် သော ငါးကင်သာဖြစ်ပါ၍ ၄င်းလုလင်ပျိုကိုသာ ကျေးဇူး ဆပ်ရန် မင်းကြီးကို လျှောက်တင်လေသည်။

မင်းကြီးသည် သင်္ဘောသူကြီးကိုလည်း လက်ဆောင် ပဏ္ဏာပေးတော်မူ၏။ ငါးကြင်းကင်ပိုင်ရှင် လုလင်အတွက် ကြီးမားသော စည်ကြိုးတစ်လုံး လုပ်စေ၏။ စည်ကြိုး အတွင်း၌ ရွှေ၊ ငွေ၊ ကျောက်သံနှင့် အဖိုးတန်အဝတ်အစား များကို ထည့်သွင်းစေပြီး လုံခြုံစွာပိတ်၍ လုလင်ငယ်ကို ပေးစေ၏။

သင်္ဘောသူကြီးသည် ပဉ္စာမြို့မှခွာ၍ အစဉ်အတိုင်း စုန်ဆင်းလာခဲ့ရာ လုလင်ပျိုနေသောကျွန်းရှိ ကျောက်ဆောင် တစ်ခုတွင် လုလင်ပျိုအား တွေ့ဆုံပြီး မင်းကြီးပေးလိုက် သော စည်ကြိုးကို ပေးအပ်လေ၏။ လုလင်ပျိုမှာ ဝမ်း မသာနိုင်။ လိုအပ်သည်က အဝတ်အထည်၊ ရလာသည်က စည်ကြိုး။ မိမိနှင့် မထိုက်တန်သည့် လက်ဆောင်မွန်အတွက် ဝမ်းနည်းခြင်း ဖြစ်ရလေသည်။

မကြာမီကာလ၌ ကျွန်းသို့ အခြားကုန်သည်သင်္ဘော တစ်စင်း ဆိုက်ကပ်လာ၏။ လုလင်ပျိုသည် သင်္ဘောသူကြီး ထံပါးကပ်၍ ရှိခိုးတောင်းပန်ကာ မိမိ၌ရှိသော စည်ကြိုးကို ပေးအပ်၍ အဝတ်အထည်လေးတောင်မျှနှင့် လဲလှယ်ပါ ရန် တောင်းပန်၏။

သင်္ဘောသူကြီးသည် စည်ကြိုးကို ယူဆောင်ပြီး တက္ကသိုလ်ပြည်သို့ ထွက်ခွာသွားလေသည်။

တက္ကသိုလ်ပြည်သို့ ရောက်လတ်သော် ဘုရင်မင်းမြတ် ထံ စည်ကြိုးကို ဆက်သလေ၏။ ဘုရင်မင်းမြတ်မှာ ဝမ်း မြောက်ဝမ်းသာဖြစ်ကာ ဘာများအလိုရှိသလဲဟု မေးရာ သင်္ဘောသူကြီးသည် လုလင်ပျိုမှာသည့်အတိုင်း အဝတ် လေးတောင်မျှ ပေးသနားပါရန် လျှောက်ထားလေ၏။

ဘုရင်မင်းမြတ်သည် သင်္ဘောသူကြီးအား သင်တောင်း သည့်အတိုင်း ပေးမည်။ နေရပ်ပြန်ပါက ဝင်ရောက်ယူပါ ဟု မိန့်တော်မူ၏။

သင်္ဘောသူကြီး နံနက်တော်မှ ပြန်လေသော် ဘုရင်မင်း မြတ်သည် စည်ကြိုးအား ဖွင့်စေ၏။ စည်ကြိုးအတွင်း၌ ရွှေ၊ ငွေ၊ ကျောက်သံနှင့် အဖိုးတန်အဝတ်အထည်တို့ကို တွေ့မြင်သော် ဤသို့စဉ်းစားမိ၏။ အဝတ်တောင်းသည့် လုလင်သည် ဤစည်ကြိုး၌ အဝတ်အထည်ရှိပါလျက် သူ နှင့် မထိုက်၊ သူနှင့် ထိုက်တန်သော အဘယ်ပစ္စည်းကို လက်ဆောင်အဖြစ် ပေးပါအုံဟု အကြံရှိ၍ ပညာရှိမှူးမတ် များနှင့် တိုင်ပင်တော်မူ၏။

သို့နှင့် အုန်းသီးတစ်လုံးကို အတွင်းမှ အသားနှင့် အရည်တို့ကို ထုတ်စေပြီးသော် ၄င်းအတွင်း၌ ပြည်တန် သော ကျောက်သံပတ္တမြားများစွာတို့ကိုထည့်လျက် လုံခြုံ စွာ ပိတ်၏။

သင်္ဘောသူကြီး ရောက်လာသောအခါ လုလင်ပျိုအား ပေးရန် အုန်းသီးတစ်လုံးကို ပေးတော်မူ၏။ သင်္ဘောသူကြီး ကိုလည်း လက်ဆောင်များစွာ ပေးလေသည်။

သင်္ဘောသူကြီးသည် ၄င်း၏သင်္ဘောဖြင့် ကုန်ရောင်း ကုန်ဝယ်ကိစ္စ ပြီးသောအခါ တက္ကသိုလ်ပြည်မှတစ်ဆင့် ပြန်လေသော် လုလင်ပျိုနေသောကျွန်းသို့ ရောက်ရှိလာ၏။ လုလင်ပျိုနှင့် တွေ့သောအခါ ဘုရင်မင်းမြတ် လက်ဆောင် တော် အုန်းသီးကို ပေးလေ၏။

လုလင်ပျိုသည် များစွာဝမ်းနည်းလျက် ငိုကြွေးလေ၏။ မိမိအလိုရှိသော အဝတ်အထည်တို့ကို မရဘဲ အုန်းသီးတစ် လုံး ရရှိသောကြောင့် ငါ၏ကုသိုလ်ကံအကျိုးကား နည်းလှ ၏။ ငါ့ဘဝကံကြမ္မာသည် အလွန်တစ်ရာ ဆိုးလှပါတကား ဟု ညည်းညူလေသည်။

လုလင်ပျိုသည် အုန်းသီးကိုကိုင်လျက် ကျောက်ဆောင် စွန်းတွင်ထိုင်ကာ ကျွန်းကိုဖြတ်၍ သွားလာနေသော သင်္ဘော ကြီးများကို ငေးမောကြည့်ရှုနေလေသည်။ မိမိဘဝကံကြမ္မာ ဝမ်းနည်းနေမိ၏။

တစ်နေ့တွင် တြိယဂ်ါမြို့သို့သွားမည့် သင်္ဘောကြီးတစ်

www.burmeseclassic.com

ဆိုက်ကပ်လာသည်ကိုမြင်သော် အပြေးအလွှား သွားဆောက်ကာ သင်္ဘောသူကြီးအား တွေ့လေ၏။

ည်သည့်မြို့ရွာသို့ သွားမည်နည်းဟု မေးမြန်းရာ တို့မြို့(သန်လျင်)မြို့သို့ သွားမည်ဖြစ်ကြောင်း သိရ၍ ဆက်၌ရှိနေသော အုန်းသီးတစ်လုံးနှင့် အဝတ်အထည်တောင်မျှ လဲလှယ်ပေးပါရန် တောင်းပန်လေ၏။

သင်္ဘောသူကြီးသည် အဝတ်အစားမရှိ၊ သစ်ရွက်သစ်ခေါက်တို့ဖြင့် အရှက်ကို ဖုံးလွှမ်းထားသော လုလင်ပျိုအား သနားသောအခါ သနားစိတ်ဝင်လာပြီး လုလင်ပျိုပေးသော အုန်းသီးကို ယူဆောင်ကာ တြိယဂ်ါမြို့သို့ ရောက်သောအခါ ငွေထုပါး ဆက်သလေ၏။

ဘုရင်မင်းမြတ်သည် အုန်းသီးကို ကိုင်တွယ်ကြည့်ရာ ရွှေလေးလံလှသည်ကို သိရှိသဖြင့် ဤအုန်းသီးသည် ရွှေမဖြစ်နိုင်။ ထို့ကြောင့် အုန်းသီးကို ခွဲစိတ်လိုက်သော ပြည်တန်ကျောက်သံပတ္တမြားတို့ ထွက်ကျလာ၏။ ကျောက်မျက်တို့ကို တွေ့ရသည့် ဘုရင်ကြီးမှာ များစွာ ဝမ်းသာခြင်း ဖြစ်ရလေသည်။

ဤမျှတန်ဖိုးကြီးမားလှသော ပစ္စည်းတို့သည် ငါနှင့် ထိုက်တန်၍ ရခြင်းဖြစ်သည်။ ထို့ကြောင့် လုလင်ပျိုအား ကျေးဇူးတင်သိသောလက်ဆောင် ပြန်ပေးရသော် ကောင်းလေစွ တွေးတော၏။ ထို့နောက် ရှေးမင်းများအဆက်ဆက် ဆည်းထားသည့် တန်ခိုးအာနုဘော် ကြီးမားလှသော လေးတော်ကို လုလင်ပျိုအား လက်ဆောင်အဖြစ် ပြန်လည် ပေးအပ်လိုက်လေသည်။

လုလင်ပျိုမှာ ရှေးနည်းအတိုင်း လွန်စွာဝမ်းနည်းခြင်း ဖြစ်ရလေသည်။

လေးတော်အစွမ်းကြောင့် သမီးကညာ ဆက်သခြင်း

လေးတော်ကို ရရှိသဖြင့် လုလင်ပျိုမှာ ဝမ်းမသာနိုင်။ ရင်၏ လေးသမားလည်းမဟုတ်၊ မုဆိုးလည်း မဟုတ်သော် မိမိအဖို့ လေးတော်သည် မည်သို့မျှအသုံးမဝင်။ တစ်ဆက်တစ်စေ့ လေးတော်ကို သိမ်းဆည်းရသည့် ဒုက္ခကြောင့် စိတ်ဆင်းရဲခြင်း ဖြစ်ရ၏။

များမကြာမီ ကုန်သင်္ဘောတစ်စင်းသည် လုလင်ပျိုဆိုင်ရာကျွန်းသို့ ဆိုက်ကပ်လာ၏။ ဝမ်းသာအားရဖြင့် လုလင်ပျိုသည် သင်္ဘောထံပါးကပ်၍ သင်္ဘောသူကြီးအား ပြောသည့်ဒေသသို့ သွားမည်ဖြစ်ကြောင်း မေးမြန်းရာ သင်္ဘောသူကြီးက မွန်နိုင်ငံတော်ဖြစ်သော သထုံပြည် သုဝဏ္ဏဘူမိသို့ သွားမည်ဖြစ်ကြောင်း ပြောလေသည်။

လုလင်ပျိုသည် မိမိအား မေတ္တာရှေ့ထား ကရုဏာသက်သောအားဖြင့် မိမိ၌ရှိသော လေးတော်အား သထုံပြည်၊ ဘုရင်မင်းမြတ်ထံ ဆက်သပေးစေလိုကြောင်း မိမိကို အဝတ်လေးတောင်မျှ ပြန်လည်ပေးသနားပါရန် တောင်းပန်လေ၏။

သင်္ဘောသူကြီးသည် လုလင်ပျိုစကားကိုကြားသော် များစွာကရုဏာဖြစ်၏။ ထို့ကြောင့် မောင်မင်းဆိုသည့် အတိုင်း ငါသည် သထုံဘုရင်မင်းမြတ်ထံ ဝင်ရောက်လျှောက်ထားပေးမည်ဖြစ်ကြောင်း ပြောကြားကာ သင်္ဘောအား ဆိပ်ကမ်းမှ ခွာလေ၏။

သုဝဏ္ဏဘူမိ ခေါ် သထုံပြည်သို့ ရောက်ရှိပြီးနောက် သင်္ဘောသူကြီးသည် ဘုရင်မင်းမြတ်ထံ လေးသည်တော်ကို ဆက်သ၏။ လုလင်ပျိုမှာသည့်အတိုင်း အဝတ်လေးတောင်မျှ ပေးသနားပါရန် လျှောက်ကြား၏။

ထိုအချိန်က သုဝဏ္ဏဘူမိသထုံပြည်အား အရပ်လေးမျက်နှာမှနေ၍ ရန်သူတို့သည် လက်နက်အင်အား၊ လူအင်အားများစွာဖြင့် တိုင်းပြည်ကို သိမ်းပိုက်ရန် ဝိုင်းထားခြင်း ခံနေရသောအချိန်ဖြစ်သည်။

နန်းတွင်းသူ၊နန်းတွင်းသားများသာမက တိုင်းသူပြည်သားများစွာ လွန်စွာကြောက်ရွံ့နေချိန်လည်း ဖြစ်သည်။

ဘုရင်မင်းမြတ်သည် လေးတော်ကို ရရှိပြီးနောက် ဤလေးတော်သည် သာမည လေးတော်မဟုတ်၊ ဘုန်းတန်ခိုးရှိသော လေးတော်သာဖြစ်၍ ငါ၏ရန်သူတို့ ကြောက်ရွံ့စေသောင့်ာ လေးတော်ကို လေးညှို့တင်လျက် အရပ်လေးမျက်နှာသို့ ပစ်လွှတ်လိုက်လေသည်။

လေးတော်ပစ်လွှတ်လိုက်သော အသံသည် ပဲ့တင်သံထပ်မျှ မြည်ဟိန်းလျက် ဝိုင်းရံထားသော ရန်သူတို့သည် ကြောက်ရွံ့ထိတ်လန့်စွာ ပြေးကြရာ တပ်ပျက်သဖြင့် ဖရိဖရဲပြိုကွဲကာ ပျက်စီးရလေသည်။

လေးတော်၏ တန်ခိုးကြောင့် စစ်အောင်နိုင်ခြင်းဖြစ်ကြောင်း သိရှိသော ဘုရင်မင်းမြတ်သည် ရွှင်လန်းအားရစွာဖြစ်လျက် မှူးမတ်များအား ခေါ်တော်မူ၍ ဤသို့ဆို၏။

'လေးသည်တော်ကိုဆက်သ၊သော လုလင်ပျိုကြောင့် ငါတို့သည် ယခု စစ်အောင်နိုင်ခဲ့ပြီ။ လုလင်ပျိုသည် ငါတို့အဖို့ အလွန်တရာကျေးဇူးရှိသည်။ သူ့ကျေးဇူးအတွက် ငါတို့သည် မည်ကဲ့သို့ပြန်လည်ပေးဆပ်ရလျှင် သင့်လျော်ပစ္စဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ပညာရှိမှူးမတ်များက တိုင်းပြည်နှင့်အမျှ ကျေးဇူးရှိသော လုလင်ပျိုအား ဆင်တစ်ရာ၊ မြင်းတစ်ရာ၊ နူးညံ့သိမ်မွေ့သော မောင်းမမိသဲ့ အခြွေအရံတစ်ရာနှင့် အဖိုးတန်ရွှေ၊ ငွေကျောက်သံ၊ နဝရတ်ကိုးပါးရတနာများဖြင့် ကျေးဇူးဆပ်သင့်ပါကြောင်း လျှောက်ထားကြသည်။

ဝမ်းမြောက်ဝမ်းသာဖြစ်ရသော ဘုရင်မင်းမြတ်သည် တင်းတိမ်တော် မမူသေးဘဲ မိမိ၏ရင်နှစ်သည်းချာ သမီးကညာအား ခေါ်တော်မူ၍ "ချစ်သမီး..လေးတော်ကို ဆက်သ,လာသော လုလင်ပျိုး၏ လေးတော်တန်ခိုးကြောင့် ဖခမည်းတော်တို့ တိုင်းပြည်သည် ရန်မျိုးစုံအေးခဲ့ပြီ။ သို့အတွက် ကျေးဇူးကြီးလှသော လုလင်ပျိုနှင့် သ ခီးတော်အား လက်ထပ်စေလိုသည်။ သဘောဘယ်သို့ရှိအံ့" ဟု မေးတော်မူ၏။

သမီးလိမ္မာ ရင်နှစ်သည်းချာလေးမှာ ဖခမည်းတော်၏ အလိုကိုမပယ်၊ သစ်ငုတ်ပင်ဖြစ်လင့်ကစား ဖခမည်းတော် သဘောကြည်ဖြူပါက လက်ခံပါမည်ဟု ပြောကြားသော အခါ ရွှင်လန်းဝမ်းသာစွာဖြင့် မင်းမြတ်သည် သမီးတော် ဝတ်ဆင်သုံးစွဲရန် အဝတ်တန်ဆာများ၊ ရွှေ၊ ငွေ၊ ကျောက်သံနှင့် မောင်းမခြွေရံသင်းပင်းများ၊ တူရိယာအမျိုးမျိုး တီးမှုတ်စေလျက် လက်နက်ပိုလ်ပါ အပြည့်အစုံဖြင့် သဘော်ခုနစ်စင်းတွင်တင်ကာ လုလင်ပျိုရှိရာ ခမောင်းကျွန်းဒေသဆီသို့ ထွက်ခွာလာကြသည်။

လက်နက်အပြည့်အစုံ တပ်ဆင်လာသော သဘော်ကြီးများကို တွေ့မြင်ရသောအခါ လုလင်ပျိုမှာ ကြောက်ရွံ့ထိတ်လန့်လျက် ငါသည် အဝတ်လေးတောင်မျှရရှိရန် လေးတော်ကို ဆက်သ၏။ မည်သည့်အဖြစ်ကြောင့် ငါ့အား ဖမ်းဆီးရန် ဤမျှများပြားသော စစ်သည်တို့ ရောက်ရှိလာအံ့ဟု တွေးတောလေသည်။

ထိုစဉ် ရှေ့ဆုံးမှ ရောက်ရှိလာကြသော မှူးမတ်များ စီးနင်းသည့် သဘော်ကြီး ကမ်းသို့ ဆိုက်ကပ်ပြီးနောက် လုလင်ပျိုမှာ ကြောက်လန့်ကြီးစွာ ထွက်ပြေးရင်း အလွန်မြင့်၍ ကြီးမားလှသော ခမောင်းပင်ပေါ် တက်ရောက်လေ၏။

မှူးမတ်တို့က "အရှင်..မစိုးရိမ်ပါနှင့်။ ကျွန်တော်မျိုးတို့သည် အရှင့်အား ဖမ်းဆီးရန်မဟုတ်၊ အရှင့်ခြေတော်ရင်း ခစားရန် ရောက်ရှိလာသူများသာဖြစ်သည်။ သို့ပါ၍ သစ်ပင်မှ ဆင်းသက်ကာ လက်ဆောင်ပဏ္ဏာနှင့်တကွ သမီးတော် ယူဆောင်ပါ" ဟု အကြိမ်ကြိမ်ပြောသော်ငြားလည်း လုလင်ပျိုမှာ ကြောက်စိတ်သာပို၍ သစ်ပင်ထိပ်ဖျားထိ တက်မြဲတက်လေသည်။

ဘုန်းကံနည်း၍ ရှေးကုသိုလ်ရေစက် မပါခဲ့သော လုလင်ပျိုမှာ ကြောက်စိတ်လွန်ကာ နောက်ဆုံးတွင် သစ်ပင်ထက်မှ ကျလျက် သေဆုံးသွားလေသည်။

ကြခတ်ဝါးရံမြို့တည်ခြင်း

မင်းသမီးလိုက်ပါလာသောသဘော်ကမ်းသို့ဆိုက်ကပ်လာရာ မှူးမတ်တို့က အကျိုးအကြောင်း လျှောက်တင်ကြသည်။ ဘုရင့်သမီးတော်သည် မှူးမတ်တို့စကား ကြားလေလျှင် ပြင်းစွာငိုကြွေးလျက် လုလင်ပျိုရှိရာ ရောက်ရှိလာပြီးလျှင် ရုပ်အလောင်းအား မင်းညီမင်းသားများကို သင်္ဂြိုဟ်သည့်အတိုင်း ခမ်းနားကြီးကျယ်စွာ သင်္ဂြိုဟ်လေ၏။

ရရှိလာသော အရိုးပြာများကို ရွှေအိုးတွင်ထည့်ကာ ထိုနေရာ၌ပင် စေတီတော်တည်တော်မူလေသည်။ ထိုစေတီကား ချောင်းဆုံမြို့နယ်၊ ဘီလူးကျွန်းဒေသ၊ နတ်တောင်နတ်စင်အနီးတွင် ယနေ့တိုင် ရှိပါသည်။

မင်းသမီးသည် ပူဆွေးသောကဖြစ်လျက် ဖခမည်းတော်ရှိရာ သုဝဏ္ဏဘူမိသထုံပြည်သို့ မပြန်လိုတော့ဘဲ ကြင်ရာတော်ရှိရာ ဤအရပ်၌ပင် နေတော့အံ့ဟု ဆုံးဖြတ်ကာ မှူးမတ်တို့အားခေါ်၍ ဤအရပ်ဒေသ၌ ထီးနန်းစိုက်ထူလျက် မြို့ပြစီရင်တော်မူလေသည်။

ပြအိုး၊ တန်ဆောင်း၊ ကျုံးမြောင်း၊ ပစ္စင်၊ ရင်တား တံခါးမုခ်ဦးများနှင့်တကွ ကြခတ်ဝါးခုနစ်ထပ် ကာရံစိုင်ပျိုးလျက် မြို့လယ်တွင် နန်းပြာသာဒ်ဆောက်ကာ ထီးနန်းစိုက်ထူလေသည်။

ကြခတ်ဝါးခုနစ်ထပ်ဖြင့် ကာရံထားသောမြို့ဖြစ်ခြင်းကြောင့် ကြခတ်ဝါးရံမြို့ဟု တွင်လေသည်။

မင်းသမီးမှာလည်း ဘုန်းတန်ခိုးနှင့်ပြည့်စုံသော ကြခတ်ဝါးရံမင်းသမီးအဖြစ် ထင်ရှားလေတော့သည်။

ခုနစ်ရက်သားသမီး ဘေးဘယာကင်းဝေးကြပါစေ

ဇိလိတဆောင်-ကိုဦး

ကျမ်းမှီး

* ဓာတ်တော်ကျောင်းဆရာတော် ဘဒ္ဒန္တပါလိတ (ကမာဝက်ရွာ၊ မုဒုံမြို့နယ်)
* လင်းယုန်သား ရာဇဝင် (ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်)။

www.burmeseclassic.com

www.burmeseclassic.com

ဆီးချိုဆေးဘုရင်၊ မြင့်မိုရ်ရှင်၊ အောင်ပြေငချမ်းသာရှု

မြင့်မိုရ်ဟိန်း

မြင့်မိုရ်ဟိန်း

ဆီးချိုဒဏ်ခြေလျော့ကြေဆေး

ဆီးချိုရောဂါကြောင့် - ဆီးဝေဒနာများ

သွေးတိုးနှုန်းပုံမှန်မရှိခြင်း၊ အကြောတက်ခြင်း

ကိုယ်အလေးချိန်ကျခြင်း၊ရေငတ်ခြင်း၊

များကိုဆီရောက်လျင်မြန်စွာသက်သာစေပါသည်

သစ်မင်းတစ်ထောင် စွမ်းအားဆေတောင်

အကြောဘာစိတ်ထောင်ပွင့်တဲ့ဆေး

သစ်မင်းတစ်ထောင်

အကြောပြေလိမ်းဆေး

ကျဆေးလိမ်းပေးခြင်းဖြင့် အကြောရောဂါအမျိုးမျိုး

ဆေးပက်နာရောဂါ၊ ထုံကျင်ကိုက်ခဲခြင်း ဝေဒနာများကို

လျင်မြန်စွာ သက်သာပျောက်ကင်းစေပါသည်

ဆိုင်းဘုတ် - မြင့်မိုရ်ဟိန်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

ဖုန်း ၃၇ / ၁၀၂၂၊ အလှဒွန်အောင်ပြေသာစည်အိမ်ရာ၊ တာဝန်ကျဖုန်းနံပါတ်

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့ရှေးသိပ္ပံ

ဝိဇ္ဇာ၊ သိဒ္ဓိ၊ တပသီနှင့် ဂန္ဓာရီ(၂)ပါး ကော်ကျိုဖိုဝင်းသား

Cartoon
Win Myint Aung

ကျွန်ုပ်သည် ကမ္ဘာ့ရစာရေးဆရာဟု ခံယူခဲ့သည့် (၁၉၉၆)ခုနှစ်ကာလမှစတင်၍ (၁၈)နှစ်အတွင်းမှာ အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဂါထာ၊ မန္တန်မှအစ ဓာတ်စခန်း နက္ခတ်လမ်း၊ အင်္ဂီဝိဇ္ဇာဗေဒင်ပညာ၊ ဓာတ်ရိုက်ဓာတ်ဆင်တို့ အပြင် စုန်းကဝေ၊ မှော်ပညာအဆုံး လောကီသိပ္ပံ ကမ္ဘာ့ရပညာ ရပ်မှန်သမျှကို လေ့လာဆည်းပူးစမ်းသပ်ခဲ့သည်။ ထို့ကြောင့် ကမ္ဘာ့ရပညာရပ်များကို လေ့လာခဲ့သည်မှာ ယခုနှစ်တွင် (၂၀) နှစ်ပင်· ကြာပြီဖြစ်၍ နဝင်းကြေနှစ်ဟု ဆိုရပေမည်။

ဤလောကီပညာရပ်များမှာ ကျွန်ုပ်တို့ မြန်မာလူမျိုး

www.burmeseclassic.com

စာပေများတွင်သာမက ကမ္ဘာနိုင်ငံအသီးသီးရှိ လူမျိုးစာပေများတွင်လည်း ဖော်ပြလျက်ရှိသည်။ လောကီသိပ္ပံပညာရပ်များ၏ ဆန်းကြယ်မှုကို ကိုယ်တိုင်ကိုယ်ကျ ကယ်မသိမမြင်ခြင်းကြောင့်သာ ဝိဝါဒကွဲစရာ ဖြစ်နေရသည်ဖြစ်သည်။ ဤနေရာတွင် တကယ်ဖြစ်ချင် တကယ် အဟုတ်ဖြစ်ရမည်ဟူသော ဆိုရိုးစကားကိုပင် သာဓကပေမည်။ နည်းမှန်လမ်းမှန် ဆရာမှန်ရန်သာ အရေးသည်ဟု ဆိုချင်ပါသည်။

ကျွန်ုပ်အား လမ်းမှန်ရောက်အောင် ပို့ပေးကြသူများမှာ ကျိုလ်များထက် ကျမ်းဂန်စာအုပ်များက များလှပေသည်။ ဂန္ဓိရဆိုင်ရာ စာအုပ်များတွင် ဝိဇ္ဇာ၊ သိဒ္ဓိ၊ တပသီ၊ ဇော်ဂျီဟူသော အသုံးအနှုန်းကိုတွေ့ရ၍ သုတေပြု လေ့လာကြည့်သည်။ လယ်တီဆရာတော်နှင့် ဦးတိဆရာတော်တို့ ရေးသားသော ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း၌ ဖိုရိုရင်းမျိုး ဖော်ပြထားပြန်သည်။

ယင်းတို့မှာ-

ဆဒဝိဇ္ဇာဝိုရိ

ညသျှူ။ ယရ၊ သာမ၊ အာထဗ္ဗန စသော ဗေဒင်လေးကို တတ်မြောက်သူ။

ဓနုဝိဇ္ဇာဝိုရိ

လက္ခဏာကျမ်း၊ နိမိတ်ကျမ်း၊ ဂါထာမန္တရား၊ ဆေးဝါးကျမ်း၊ စက်မှုလက်မှု လောကီပညာ အတတ်မျိုးကို တတ်သူ။

ဂန္ဓာရီဝိဇ္ဇာဝိုရိ

ဓနသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ စိန္တာမယသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ ဇာသသိဒ္ဓိ၊ ဥဒကသိဒ္ဓမျိုးကိုပေါက်၍ နတ်သိကြားတို့ထက် အစွမ်းအာနုဘော်ရှိသော ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ဆီဝိဇ္ဇာ၊ သံဝိဇ္ဇာဟူသမျှသည် ဂန္ဓာရီဝိဇ္ဇာဝိုရိ၏ မည်၏။

လောကီယဝိဇ္ဇာဝိုရိ

အိန္ဒိ၊ ဒုက္ခ၊ အနတ္တ၊ ရုပ်၊ နာမ်၊ ဓမ္မ၊ သခ်ါရတို့ကို အဟုတ်အမှန်သိတော်မူသော အရိယာပုဂ္ဂိုလ်(၈)ယောက်သည် အရိယာဝိဇ္ဇာဝိုရိ၏ မည်၏။

အရိယဝိဇ္ဇာဝိုရိ

အိန္ဒိ၊ ဒုက္ခ၊ အနတ္တ၊ ရုပ်၊ နာမ်၊ ဓမ္မ၊ သခ်ါရတို့ကို အဟုတ်အမှန် သိတော်မူသော အရိယာပုဂ္ဂိုလ်(၈)ယောက်သည် အရိယာဝိဇ္ဇာဝိုရိ၏ မည်၏။

ဆက်လက်၍ ဝိဇ္ဇာဝိုရိပုဂ္ဂိုလ်ဆိုသူများက အင်း၊ ဆီ၊ လက်ဖွဲ့ စသည်တို့ဖြင့် စီရင်သောအခါ လိုရာကို ပြီးစီးနိုင်သော သိဒ္ဓိ(၁၀)မျိုးတို့ကို တင်ပြပေးချင်ပါသည်။

ယင်း တို့မှာ-

(၁) စိန္တာမယသိဒ္ဓိ-စိတ်ကြံရာ ဖြစ်စေခြင်း၊

(၂) ဥဒကသိဒ္ဓိ-ရေပြင်ပေါ်၌ လျှောက်နိုင်ခြင်း၊ အိပ်နိုင်ခြင်း၊

(၃) ပထဝီသိဒ္ဓိ-မြေကို လျှိုးနိုင်ခြင်း၊ မြေကြောကို ရှုံ့နိုင်ခြင်း၊

(၄) ဓနသိဒ္ဓိ-ရွှေ၊ ငွေ၊ ရတနာများကို လိုသလိုရနိုင်ခြင်း၊

(၅) အာယုသိဒ္ဓိ-အသက်ရှည်ခြင်း၊ အရွယ်နုပျိုခြင်း၊

(၆) အာကာသသိဒ္ဓိ-ကောင်းကင်ခရီးဖြင့် သွားလာပျံသန်းနိုင်ခြင်း၊

(၇) အာရောဂျသိဒ္ဓိ-အနာရောဂါ ကင်းစင်ခြင်း၊

(၈) ကာယသိဒ္ဓိ-ဓား၊ လံ့၊ သေနတ် စသည့် လက်နက်များ မထိနိုင်ခြင်း၊

(၉) ဝိယသိဒ္ဓိ-သတ္တဝါအားလုံးတို့၏ ချစ်ခင်မှုကို ခံယူရခြင်း၊

(၁၀) ဣဿိဒ္ဓိသိဒ္ဓိ-စျာန်တန်ခိုးဖြင့် အထူးထူးဖန်ဆင်းနိုင်ခြင်း။

ပဋိကတ်ကျမ်းများ၌ ဤသိဒ္ဓိ(၁၀)မျိုးကို စူဠဂန္ဓာရီဟုလည်း တစ်နည်းခေါ်ဆိုကြပြန်သည်။ အသိတိမဟာသာဝကအလောင်း ဝိလိန္ဒဝစ္ဆမထေရ်နှင့် ဗုဒ္ဓမတ္တေမိက စူဠဂန္ဓာရီ အတတ်ကိုတတ်ကြောင်း၊ ကောင်းကင်၌ ပျံသန်းနိုင်ပြီး သူတစ်ပါးစိတ်ကို သိကြောင်းနှင့် မဟာဂန္ဓာရီဆိုသည်မှာ ယင်းထက်ပင် တန်ခိုးရှိသေးကြောင်း ဓမ္မပဒအဋ္ဌကထာ၌ ဖော်ပြပါရှိသည်။ ယင်းတို့ကို ဂန္ဓာရီပညာ(၂)ပါးအဖြစ် ပါရှိပြီး အသေးစိတ် ရှင်းလင်းချက်မှာ အောက်ပါအတိုင်းပင် ဖြစ်သည်။

၁။ စူဠဂန္ဓာရီဆိုသည်မှာ ဖုတ်ကြီး(၄၀)၊ ကဝေ(၉၉)၊ အပြာင်(၃၇)မင်း၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗ စသော အောက်နတ်ပုဂ္ဂိုလ်တို့ကို အစွဲပြုပြီး ပြုလုပ်စီရင်ရသော အင်း၊ ဆီဝိဇ္ဇာ၊ မန္တန်၊ လက်ဖွဲ့၊ ခါးလှည့်၊ မှော် စသည်တို့ကို တတ်ကျွမ်းသော မှော်ဆရာ၊ ပယောဂဆရာ၊ အောက်လမ်းဆရာ၊ အကြမ်းဆရာတို့မှာ စူဠဂန္ဓာရီလမ်းကို လိုက်စားသူများပင် ဖြစ်ကြသည်။

၂။ မဟာဂန္ဓာရီဆိုသည်မှာ သူရသတိမယ်တော်ကြီးမှစ၍ ဒေဝီ(၂၁)ပါး သာသနာတော်ကြီးကို စောင့်ရှောက်သော နတ်မင်းကြီး(၅)ပါး၊ စတုလောကပါလနတ်မင်းကြီး

www.burmeseclassic.com

(၄)ပါး၊ ဘိုးတော်သိကြားမင်းမှစ၍ အထက်နတ်ဟူသမျှနှင့် တကွ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီများ ယင်းတို့နှင့် သက်ဆိုင်သမျှသော အထက်နတ်များတို့ဖြင့် ဆောင်ရွက်ရသောအတတ်ဟူသမျှသည် မဟာဂန္ဓာရီလမ်းကို လိုက်စားကြသူများဟု ဆိုရပေမည်။ ထို့အပြင် ဆေးဂန္ဓာရီ၊ အင်းဂန္ဓာရီ၊ ပြဒါးဂန္ဓာရီ၊ သံသေဂန္ဓာရီဟူ၍ လေးမျိုးရှိသေးသည်။

ဆက်လက်၍ တပသီအကျင့်အကြောင်းကို ဆက်လက်တင်ပြပါမည်။ တပသီဟူသောစကားကို မြန်မာက ဇော်ဂျီဟု မြန်မာပြန်သည်။ တပသီဟူသည် အကျင့်ကိုကျင့်သူ (သို့မဟုတ်) ယောဂစရ (သို့မဟုတ်) စိတ်ဖြင့် အဓိဋ္ဌာန်၍ မည်သည့်နေရာသို့မဆို ခဏချက်ချင်း ရောက်နိုင်သော အကျင့်ကို ကျင့်သူဟု အဓိပ္ပာယ်သက်ရောက်လေသည်။

ထို့အပြင် ကုလားမျိုး(၆၀)ကိုပြသော ဖမ္မူတံဆိပ်ကျမ်း၌ ဇော်ဂီဟု ကုလားတစ်မျိုးကို ပြဆိုထားသည်။ ယင်းဇော်ဂီဟူသော ကုလားမျိုး၏အမည်ကို မြန်မာများက ယူထားသလားဟူ၍ စဉ်းစားစရာရှိလာသည်။ ဝိဇ္ဇာအတတ် ဂမ္ဘီရလောကီမြတ် ပညာရပ်များကို စတင်ပေါက်ဖွား မြစ်ဖျားခံရာဒေသမှာ တိဗက်နှင့် အိန္ဒိယ ဆာဒူးရသေ့များ ကျက်စားရာ ရှမ်ဘဲလားနှင့် ဟိမဝန္တာတောင်တို့ ဖြစ်လေရာ အိန္ဒိယနွယ်ဖွား ဟိန္ဒူကုလားများထဲမှလည်း ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီပေါင်းများစွာ ရှိခဲ့ပေလိမ့်မည်။

ပုဂံပြည် ကျန်စစ်သားမင်းကြီးသမီးတော် ရွှေအိမ်စည်မှာ ကုလားမင်းသား ပဋိက္ကရားဆိုသူနှင့် သမီးရည်းစားဖြစ်ခဲ့ဖူးသည်။ ထိုပဋိက္ကရားမင်းသားမှာ ပတ္တမြားရှင် ဓာတ်လုံးတစ်လုံးကို ပိုင်ဆိုင်ထားသဖြင့် ကောင်းကင်ခရီးကို သွားလာနိုင်စွမ်းရှိသူပင်ဖြစ်သည်။ တိုင်းတစ်ပါး လူမျိုးခြားမင်းသားဖြစ်နေ၍ ဖခမည်းတော် ကျန်စစ်မင်းကြီးက ပေးစားရန် လုံးဝသဘောမတူခဲ့ချေ။ ထို့ကြောင့် ပုဂံပြည်မှ မင်းသားတစ်ပါးနှင့် သမီးတော် ရွှေအိမ်စည်မင်းသမီးကို လက်ထပ်စေခဲ့ပြီး မင်္ဂလာဆွမ်း ကျွေးမွေးစေခဲ့သည်။

ထိုမင်္ဂလာဆွမ်း ကျွေးရာသို့ ဆရာတော်ရှင်အရဟံလည်း ကြွရောက်ဆွမ်းဘုဉ်းပေးပြီး အပြန်တွင် ကောင်းကင်ခရီးကို ဈာန်နှင့် ပျံလာခဲ့သည်။ တိမ်တိုက်တစ်ခုအလွန်တွင် ပတ္တမြားရှင်ဓာတ်လုံးကို ပါးစပ်မှာငုံပြီး ချစ်သူရွှေအိမ်စည်မင်းသမီးထံ လာနေရာသော ပဋိက္ကရားမင်းသားနှင့် ဆုံတွေ့သော် ဘယ်ကကြွလာပါသလဲဟု ရှင်အရဟံကို မေးမြန်းစုံစမ်းလိုက်သည်။

ရှင်အရဟံကလည်း အကြောင်းစုံဖြေကြားလိုက်သည်။ ထိုအခါ မိမိချစ်သူ ရွှေအိမ်စည်မင်းသမီးမှာ အခြားမင်းသားတစ်ပါးနှင့် စုလျားရစ်ပတ် ထိမ်းမြားလက်ထပ်သွားပြီဟု မထင်မှတ်သောစကားကို ရုတ်တရက်ဆိုသလို ကြားလိုက်ရကာ အံ့အားသင့်သွားသဖြင့် ပါးစပ်မှငုံထားသော ပတ္တမြားရှင်ဓာတ်လုံး ပြုတ်ကျသွားတော့သည်။ ထိုအခါ ပဋိက္ကရားမင်းသားလည်း ဓာတ်လုံးမရှိ၍ ကောင်းကင်ပျံသန်းနေရာမှ ပြုတ်ကျသေဆုံးကာ ဈာန်လျှောခဲ့ရကြောင်း ရာဇဝင်ထုံးဟောင်း ရှိဖူးလေသည်။

ဆိုလိုသည်မှာ ထိုကုလားမင်းသားသည် ယောဂစရဟူသောစိတ်ဖြင့် အဓိဋ္ဌာန်၍ ဈာန်ပျံနိုင်သော အကျင့်ကို ပတ္တမြားရှင်လုံးတန်ခိုးအစွမ်းကိုယူ၍ ကျင့်ခဲ့သည်ဟု ဆိုရပေမည်။

ဇော်ဂီ (သို့မဟုတ်) ဇော်ဂျီတို့ကို လေ့လာကြည့်သော အခါ (၄)မျိုးရှိကြောင်း တွေ့ရပြန်သည်။ ၄င်းတို့မှာ ပြဒါးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဆေးဝိဇ္ဇာတို့ပင်ဖြစ်သည်။ ပြဒါးသေကို စားရသဖြင့် အသက်သိန်း၊ သန်း ရှည်သည်။ သံသေကို စားရသဖြင့် အသက်သိန်း၊ သန်း၊ ကုဋေ ရှည်သည်။ အင်းအစွမ်းဖြင့် အသက်သိန်း၊ သန်း၊ ကုဋေ ရှည်သည်။ ဆေးထူးတစ်မျိုးကို စားရသဖြင့် အသက် သိန်း၊ သန်း၊ ကုဋေ ရှည်သည်ဟု ဆိုသည်။

သို့ရာတွင် တပသီဟူသော စကား၏ အဓိပ္ပာယ်ဆိုလို ချက်မှာ အကျင့်ကိုကျင့်၍ ထူးခြားသော အကြားအမြင်ကို ရသည်။ မြေလျှိုးမိုးပျံနိုင်သည်ဟူ၍သာ အဓိပ္ပာယ်ဆိုကြပြန်လေသည်။ မည်သို့ပင်ဖြစ်စေ သုဝဏ္ဏဘူမိ ခေါ် သထုံပြည်တွင် ဇော်ဂျီဖိုဝင်သားဟူသော ရာဇဝင်သမိုင်းတစ်ခုကတည်ရှိနေပြန်သေးသည်။ ထိုဇော်ဂျီဖိုဝင်သားအကြောင်းကို ပြောရပြန်လျှင် ဗျတ်ဝိ၊ ဗျတ္တ ညီနောင်တို့က ပါလာရပေမည်။

ဗျတ်ဝိ၊ ဗျတ္တဆိုလျှင် လူတိုင်း သိကြသည်။ သူတို့၏ သမိုင်းကြောင်းမှာ အိန္ဒိယပြည်မှ ကုန်သည်ကြီးတစ်စင်းနှင့် လိုက်လာရာ သင်္ဘောပျက်၍ ပျဉ်တစ်ချပ်ဖြင့် ကူးခပ်ရင်း သထုံပြည်သို့ ရောက်လာကြသည်။ သထုံမင်း ကိုးကွယ်သော ဆရာတော်က ထိုကုလားညီနောင်ကို မွေးစားပြီး စောင့်ရှောက်ထားသည်။ သထုံမင်းဆရာတော်သည် ဂဏန်း၊ ဗေဒင်၊ ဆေးဝါး၊ မန္တရားတို့ကို လွန်စွာတတ်ကျွမ်းတော်မူသည်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင် ဗျတ်ဝိ၊ ဗျတ္တ ညီနောင်နှစ်ပါးကိုခေါ်ယူ၍ [illegible]အနီး တောင်ခြေများဆီသို့ ဆေးမြစ်တူးရန် ထွက်[illegible]သည်။ တောတွင်းတစ်နေရာတွင် မမျှော်လင့်ဘဲ ဇော်ဂျီ[illegible]သား (သို့မဟုတ်) ဇော်ဂျီတစ်ဦး၏ သက်မဲ့ရုပ်ကြွင်း[illegible]ကို ပုံသကဲ့အဖြစ် ရရှိခဲ့သည်။ ဇော်ဂျီတို့မှာ အတ္တန္တရ[illegible]သီး၊ ဇမ္ဗူသပြေသီးတို့ကိုသာမက တောနက်အတွင်း[illegible]သစ်ဥသစ်ဖု၊ ဆေးမြစ်တို့ကို စားသုံး၍ ဝိဇ္ဇာခိုရ်ဘဝ[illegible]ရန် ဆက်လက်၍ အားထုတ်ကြရသည်။

ကိစ္စမပြီးမြောက်ခင် ကွယ်လွန်သွားရရှာသော ရုပ်[illegible]ကို ဇော်ဂျီဖိုဝင်သားဟု ခေါ်ဆိုကြသည်။ ဇော်ဂျီ[illegible]သည် ဤသို့သေဆုံးခဲ့လျှင် ခုနစ်လသားကလေးအရွယ်[illegible]သွားပြီး ရုပ်ကြွင်း၏အနံ့မှာ နံ့သာပုဌ်ပျောသီးအနံ့[illegible]သို့ ရှိသည်ဟုဆိုသည်။ ထိုဇော်ဂျီဖိုဝင်သားကို စားရာ၌[illegible]မြစ်များကိုစုဆောင်း၍ စီရင်ပြီး ဖုတ်ကင်စားရသည်ဟု[illegible]လသည်။ ဤသို့စီမံစားလျှင် စိတ်၊ ဝိညာဏ်ပိုင်းဆိုင်ရာ[illegible]ခိုးများရရှိခြင်း၊ ခွန်အားဗလကောင်းခြင်း၊ အနာရောဂါ[illegible]းစေခြင်းတို့ကို ဖြစ်စေတတ်သည်ဟု ဆိုပေသည်။

ဗျတ်ဝိ၊ ဗျတ္တ ညီနောင်တို့သည် ထိုဇော်ဂျီဖိုဝင်သားကို[illegible]တ်တဆိတ်ခိုးစားရာမှ သိဒ္ဓိမြောက်သော လူစွမ်းကောင်း[illegible]ကြီးများ ဖြစ်လာကြရလေသည်။ ကျွန်ုပ်အနေဖြင့် ဤ[illegible]ဇော်ဂျီဖိုဝင်သား အကြောင်းကို လေ့လာဆည်းပူးခဲ့သည်။

ထိုအခါ စာရေးဆရာမကြီး အလက်ဇန္ဒြားဒေးဗစ်[illegible](လ်)၏ တိဗက်ပြည်သို့ နှစ်အတန်ကြာ သုတေသနပြု[illegible]ခဲ့မှု ရေးသားသော တိဗက်ပြည်က လျှို့ဝှက်နက်နဲသည့် [illegible]ဝိဇ္ဇာပညာဟူသော စာအုပ်ကို ဖတ်ရှုလေ့လာကြည့်[illegible]သည်။ ထိုသောအခါတွင်မှ မြန်မာရာဇဝင်တွင် ပါနေသော [illegible]ဇော်ဂျီဖိုဝင်သားအတွက် ဘဝင်ကျသွားရပါတော့သည်။

သိဒ္ဓိမြောက် အောင်မြင်သွား၏။ အမှတ်မထင်ကျန်ရစ်[illegible]ခဲ့သော ခန္ဓာကိုယ်ရုပ်ကြွင်းကိုစားခြင်းဖြင့် ထိုစားသုံးရသူ[illegible]သည် တစ်စုံတစ်ယောက်သော အတိုင်းအတာအထိ သိဒ္ဓိပြီးမြောက်[illegible]အောင်မြင်တတ်ကြောင်း ယုံကြည်တတ်သည်။

ဤဇော်ဂျီဖိုဝင်သားရုပ်ကြွင်းနှင့် ပတ်သက်သည့် လား[illegible]မားချော့(ခ်)ဆန်တပည့် လားမားဘုန်းကြီးတို့ ကိုယ်တွေ့ဖြစ်[illegible]ရပ်တစ်ခုမှာလည်း လွန်စွာမှ စိတ်ဝင်စားဖွယ် ကောင်းလှ[illegible]သည်။ လားမားချော့(ခ်)ဆန်ဆိုသူ မဟာဂန္ဓာရီဆရာကြီး[illegible]တစ်ဦးသည် တစ်ညနေတွင် ရုတ်တရက် သူ၏တပည့် လူယုံတစ်ဦးအား အမြန်လာရန် ခေါ်လိုက်သည်။

'မြင်းနှစ်ကောင် ကုန်းနှီးမြန်မြန်ပြင်လိုက်စမ်းဟော့။ တို့နှစ်ယောက် တစ်နေရာကို သွားဖို့ရှိတယ်' ဟု အမိန့်ပေး[illegible]လိုက်သည်။

ထိုအခါ တပည့် လားမားဘုန်းကြီးက သူ့ဆရာ လား[illegible]မားချော့(ခ်)ဆန်အား လက်အုပ်ချီပြီး-

'ယခုအချိန်မှာ ညနေစောင်း မိုးချုပ်ခါနီးနေပြီ ဖြစ်[illegible]ပါတယ်။ မကြာမီ မှောင်မည်းတော့မှာ ဖြစ်ပါတယ်။ နောက်တစ်နေ့နံနက်မှ ခရီးထွက်လျှင် မကောင်းပေဘူးလား[illegible]ခင်ဗျာ'

စောဒကတက်လိုက်သည်။

ဆရာဖြစ်သူ လားမားချော့ဆန်က လက်မခံခဲ့ချေ။

'မင်း ဘာမှပြန်ပြောမနေနဲ့။ အခုသွားကြစို့' ဟုသာ တစ်ချက်လွှတ် ပြောဆိုလိုက်သည်။

အချိန်မှာ မှောင်စပျိုးနေပြီဖြစ်၍ ဆရာ၊တပည့် နှစ်ဦး[illegible]မှာ မြင်းကိုယ်စီကိုစီး၍ တောလမ်းအတိုင်း အပြင်းနှင်သွားခဲ့[illegible]ကြသည်။ ဤသို့ဖြင့် ညဉ့်သန်းခေါင်ယံအချိန်ခန့်တွင် မြစ်[illegible]တစ်ခုကမ်းခြေအနီးသို့ ရောက်ရှိသွားကြသည်။ လမ်းခရီး[illegible]ခက်ခဲလှသဖြင့် သူတို့သည် မြင်းများပေါ်မှဆင်းပြီး မြစ်[illegible]ကမ်းပါးသို့ရောက်အောင် ကုန်းကြောင်းလျှောက်သွားခဲ့ရ[illegible]သည်။

ညဉ့်မှာ မှောင်မိုက်လျက်ရှိသဖြင့် မြစ်ကမ်းပါးသို့ ရောက်သောအခါ မှုန်မှားသောအလင်းရောင်အောက်ရှိ မြစ်[illegible]ပြင်တွင် နေရောင်ကဲ့သို့ ထွန်းလင်းတောက်ပလျက်ရှိသော အလောင်းကောင်တစ်ခုကို တွေ့မြင်လိုက်ရသည်။ ထိုအရာ[illegible]ကား မြစ်အတွင်းမှ ရေစီးတို့ကိုဆန်၍ ဆန့်ကျင်ဘက်ဆီသို့ ရွေ့လျားနေခြင်းကို တွေ့မြင်နေရသည်။ ဆရာ၊တပည့် နှစ်[illegible]ဦးသည် မြစ်ကမ်းဘေးတွင်ရပ်လျက် ဓောင့်နေကြသည်။

တပည့်ဖြစ်သူမှာ ဆရာလားမားချော့(ခ်)ဆန်က ထို အကြောင်းကိစ္စနှင့်ပတ်သက်၍ မည်သို့မျှကြိုတင်ပြောဆို ထားခြင်းမရှိချေ။ ထူးဆန်းအံ့ဩကြောက်လန့်တွေဝေလျက် ကြည့်နေမိပြန်သည်။

အရောင်များ ထွန်းလင်းတောက်ပလျက်ရှိသော အလောင်းကောင်မှာ ရေဆန်ကိုတက်၍ သူတို့အနီး ချောင်း[illegible]စပ်သို့ ရောက်ရှိလာသည်။

ဆရာချော့(ခ်)ဆန်က တပည့် လားမားအား 'မင်း[illegible]မားကို ထုတ်လိုက်။ အသားတချို့ကိုလှီးပြီး စားလိုက်ပါ။ [illegible]အိန္ဒိယပြည်မှာ ငါရဲ့ မိတ်ဆွေတစ်ဦးရှိတယ်။ သူက နှစ်စဉ်

www.burmeseclassic.com

www.burmeseclassic.com

နှစ်တိုင်း ဒီလိုအချိန်မှာ သိဒ္ဓိပေါင်းစုံနဲ့ ပြည့်စုံနေတဲ့ ဟော ဒီလို ဇော်ဂျီဖိုဝင်သားကို အမြဲပို့ဆောင်ပေးတတ်တယ်ကွယ်' ဟု ပြောလိုက်သည်။

ပြောပြောဆိုဆိုနှင့် လားမားချော့(ခ်)ဆန်သည် အလောင်းကောင်မှ အသားတချို့ကို လှီးဖြတ်၍ စားလိုက်လေသည်။ တပည့်ဖြစ်သူ လားမားမှာ ကြောက်လန့်စိုးရိမ်လျက်ရှိသော်လည်း သူ့ဆရာ ပြောသကဲ့သို့ အသားတစ်တုံးကို လှီးဖြတ်ယူလိုက်သည်။ ရုတ်တရက် မစားရဲသဖြင့် အသားတစ်တုံးကို ဝတ်ရုံရင်ဘတ်ရှိ အင်္ကျီအိတ်ထဲသို့ထည့်၍ ဝှက်ထားလိုက်သည်။

မကြာမီ သူတို့နှစ်ဦးသည် နေထိုင်ရာကျောင်းတိုက်သို့ လာရာလမ်းအတိုင်း ပြန်လာခဲ့ကြသည်။ နံနက်မိုးလင်းခါနီးမှ ရောက်ရှိခဲ့ကြသည်။ ကျောင်းတိုက်သို့ အသီးသီး ရောက်သောအခါ ဆရာဖြစ်သူ ချော့(ခ်)ဆန်သည် တပည့်အား စိုက်ကြည့်ပြီး အောက်ပါအတိုင်း ပြောလိုက်လေသည်။

'ငါဟာ မင်းကို အင်မတန်ကောင်းမြတ်ပြီး တန်ခိုးသိဒ္ဓိထက်လှတဲ့ ဒီလွန်ဂှက်ဆန်းကြယ် အစားအသောက်ကို အတူတကွ စားသုံးစေချင်လို့ ခေါ်သွားတာပဲ။ ဒါပေမဲ့ မင်းဟာ ဒီလိုတန်ခိုးထက်မြတ်တဲ့ ပစ္စည်းနဲ့ မတန်ဘူး။ ဒါကြောင့်မို့ မင်းဟာ ငါပြောတဲ့အတိုင်း ဒီအစာကို မစားရဲလို့ လှီးယူရုံသာ လှီးယူထားပြီး မင်းအင်္ကျီအိတ်ထဲမှာ ဝှက်ယူလာတယ် မဟုတ်လား' ဟု ပြောလိုက်လေသည်။

တိဗက်တို့၏ အယူအဆတွင် ထူးခြားသော ပါရမီရှင် အချို့သည် စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ လေ့ကျင့်အားထုတ်မှုများကို နှစ်ရှည်လများ ရရှိလာသည်ဟု ယုံကြည်ကြသည်။ လေ့ကျင့်သူ၏ မူလတည်ဆောက်ထားသော ရုပ်ခန္ဓာကိုယ်

မှာ တစ်မျိုးတစ်ဖုံ ပြုပြင်ပြောင်းလဲသွားပြီး ပိုမိုနူးညံ့၍ လူသာမန်တို့ မသိနိုင်သည့် တန်ခိုးသတ္တိထူးများရှိသော ခန္ဓာကိုယ်အဖြစ်သို့ ပြောင်းလဲသွားသည်။

သိဒ္ဓိပြီးမြောက်သွားသူများသည် မိမိတို့၏ မူလရုပ်ခန္ဓာကိုချ၍ ဘဝတစ်ခုသို့ ကူးပြောင်းသွားသောအခါ၌ ခန္ဓာကိုယ်ရုပ်ကြွင်းမှ အသားတစ်ခုခုကို အကြောင်းတိုက်ဆိုင်၍ စားသောက်မိသူသည် ထူးခြားဆန်းကြယ်သော တန်ခိုးသတ္တိထူးများကို ရရှိနိုင်ကြောင်း ယူဆခဲ့ကြသည်။

တိဗက်ပြည်တွင် ထိုကဲ့သို့သော အောင်မြင်သွားသူများ၏အသားကို စားရသဖြင့် တန်ခိုးသိဒ္ဓိများရရှိခဲ့သော ဖြစ်ရပ်အကြောင်းအရာများအား တွေ့ရှိလေ့လာရသည်။ အချို့လားမားဘုန်းကြီးများနှင့် တောစပ်အနီးတွင်နေသော ရသေ့များသည် သူတို့၏အကြား၊ အမြင်သတ္တိထူးများဖြင့် မည်သည့်နေရာတွင် အောင်မြင်ပြီးသော ဇော်ဂျီများရှိသည်ကို သိနိုင်ကြသည်။ အချို့လားမားများသည် ဇော်ဂျီများနှင့် သိကျွမ်းခင်မင်လျက် ရှိနေကြသည်။ ထိုဇော်ဂျီများ ကိစ္စပြီးမြောက်၍ ရုပ်ခန္ဓာကိုယ်စွန့်ကာ ဘဝကူးပြောင်းသော အခါများ၌ ကြွင်းကျန်သော ရုပ်ခန္ဓာမှအသားကို စားသုံးပါရစေဟု ကြိုတင်မှာကြားတောင်းဆိုသူများလည်း ရှိတတ်ပေသည်။

အချို့ဖြစ်ရပ်များတွင် ဇော်ဂျီများ ရုပ်ခန္ဓာချ၍ ဘဝကူးပြောင်းသည်ကိုပင် မစောင့်ဘဲ ချောင်းမြောင်းသတ်ဖြတ်ကာ စားသောက်ခဲ့ခြင်းမျိုးလည်း ရှိတတ်ကြောင်း သိရလေသည်။ သုတေသနပြုခဲ့သူ ဒေးဗစ်နီး(လ်)၏ ရေးသားချက်အရ ဇော်ဂျီဖိုဝင်သားဆိုသည်မှာ အမှန်တကယ် ရှိခဲ့ဖူးသည်ဟု ဆိုရပေမည်။ ထို့ကြောင့် သုဝဏ္ဏဘုမ္မိ သထုံရာဇဝင်၊ ပုဂံရာဇဝင်နှင့် ဆက်နွယ်လျက်ရှိသော ဇော်ဂျီဖိုဝင်သားအကြောင်းကို ဒဏ္ဍာရီပုံပြင်ဟု မှတ်ယူမည့်အစား လေ့လာသုတေသနပြုသင့်ကြရပေမည်။

ဗျတ်ဝိ၊ ဗျတ္တ ကုလားညီနောင်နှစ်ပါးမှာ သထုံမင်းကို ဆက်သ,မည့် ဇော်ဂျီဖိုဝင်သားကိုစား၍ ဗလငါးတန်နှင့် ပြည့်စုံပြီး ခုနစ်ဖျဲကျော်လွှားနိုင်သော လူစွမ်းကောင်းဘဝသို့ ချက်ချင်းရောက်သွားခဲ့ရသည်။ ဘုရင့်စားတော်ဆက်ကို ယူငင်စားမိသော ဗျတ်ဝိ၊ ဗျတ္တ ညီနောင်မှာ ရာဇဝတ်ဘေးသင့်၍ ပြေးမိပြေးရာပြေးလာသည်။ ပုဂံပြည် အနော်ရထာဘုရင်ထံ ခစား၍ အမှုတော်ထမ်းရွက်ခဲ့ရာ ပန်းလေ့ဆက် ဗျတ္တဖြစ်သွားပြီး ပုပ္ပားနယ်သို့ နေ့စဉ် သွားခဲ့ရသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ကြားမယ်တော် မယ်ဝတ္ထာ ခေါ် ပန်းစားဘီလူးမနှင့် ညားသည်။

ပန်းတော်ဆက် ကိုဗျတ္တနှင့် ပုပ္ပားမယ်တော် မယ်ဝတ္ထာတို့ မွေးဖွားခဲ့သော သားများမှာ ရွှေဖျင်းကြီး၊ ရွှေဖျင်းငယ်တို့ ဖြစ်သည်။ ဓော်ဂျိဖိုဝင်သားကို စားသုံးရသဖြင့် ဖခင်အား မျိုးဆက်သစ်များပင် စွမ်းနေသဖြင့် အနော်ရထာဘုရင်က တရုတ်ပြည် ဥတည်ဘွားဘုရင်ထံ ဘုရားစွယ်တော်ရန်ကိစ္စတွင် အသုံးချခဲ့သည်။ ပုဂံဘုရင်ကို အထင်သေး၍ ဘုရားစွယ်တော်ကို မပေးဟု ဘူးခဲငြင်းခဲ့သော ဥတည်ဘွားဘုရင်မှာ ကျိန်းစက်ရာတွင် ဓားစကြာ၊ လုံကြားများဖြင့် အရံအတား ကာကွယ်ထားနိုင်သူပင် ဖြစ်သည်။

သို့သော် ကာယသိဒ္ဓိတွင် တစ်ဖက်ကမ်းရောက် အစွမ်းထက်နေကြသော ရွှေဖျင်းညီနောင်တို့က ဓား၊ လုံတွေကြားရောက်သွား၍ ဥတည်ဘွားဘုရင်နှုးကို ထုံးဝင်တားပြီး ခြောက်စာကိုပင် ရေးနိုင်ခဲ့သဖြင့် ကြောက်လန့်ကာ ဘော်ကို ပေးအပ်ခဲ့ရကြောင်း သမိုင်းဟောင်းရာဇဝင်များမှာ ဆိုထားလေသည်။ ယနေ့ခေတ်တွင်လည်း ဓော်ဂျိဖိုဝင်သားကဲ့သို့ သိဒ္ဓိအစွမ်းထက်လိမ့်မည်အထင်ဖြင့် ဝိဇ္ဇာခိုရ်ဘက်တွင် ပေါက်ရောက်ခဲ့သည့် ဝိဇ္ဇာလိုင်းလိုက်စားခဲ့ကြသည့် ပုဂ္ဂိုလ်၊ ဘုန်းကြီး၊ ဘိုးတော်များ ပျံလွန်တော်မူသွားပြီးလျှင် အလောင်းပျောက်သွားသည့် ကိစ္စများမှာလည်း စဉ်းစားစရာပင်ဖြစ်သည်။

ဥပမာ-သာမညဆရာတော်ကြီး ပျံလွန်သွားပြီးနောက် အလောင်းပျောက်သွားသည့် သာဓကမှာ မကြာသေးသော နှစ်ကာလများကပင် ဖြစ်ပွားခဲ့ပြီး ဖြစ်သည်။ ထို့နောက် စာရေးသူ ကျွန်ုပ်၏မွေးရပ်နယ်ရှိ ကူမဲမြို့တောင်ရပ်ရှိ သပြေသာသခိုရိုင်းကုန်းတွင် ဝုသွင်းသင်္ကြိဟ်လိုက်သော ဘိုးဇာဂရဆိုသူ ဘိုးတော်အလောင်းမှာလည်း တစ်ပတ်အတွင်း ဝူဖောက်ခံရ၍ ပျောက်ခြင်းမလှ ပျောက်သွားခဲ့ဖူးသည်။

ဤဖြစ်ရပ်ဆန်းကြယ်မှုများမှာလည်း ဓော်ဂျိဖိုဝင်စားကဲ့သို့ သိဒ္ဓိစွမ်းအား ထက်လေမလားအထင်ဖြင့် ပျောက်သွားခြင်းလေလားဟု ကျွန်ုပ် စဉ်းစားနေမိပါတော့သည်။

သမ္မေသတ္တာ ကမ္မသကာ

ဂန္ဓိရ-ရွှေသိခ်

ကျမ်းကိုး * လယ်တီဆရာတော်၏ ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း။



www.burmeseclassic.com

ခြေတော်ရင်းက ဖန်တီးခြင်းအနုပညာ

ရန်နိုင်

နဂါးရှိဘုရား

မြန်မာနိုင်ငံတွင် ဘုရား၊ ကျောင်း၊ ကန်၊ ပုထိုး၊ စေတီ အသီးသီး၌ အံ့နပညာဆန်ဆန် တိရစ္ဆာန်များကို တွေ့မြင်ကြရသည်။ သတ္တဝါများအဖြစ် ယူဆရသော်လည်း ဖန်တီးမှုက လွှမ်းမိုးလာသည်။ အမောက်၊ အတက်၊ အန္တယ်၊ အယုက်၊ အညွှန့်၊ အကွန့်များဖြင့် ခြယ်လှယ်ထားသဖြင့် တိရစ္ဆာန်များသည် ကြောက်မက်ဖွယ်ထက် ခင်မင်တွယ်တာ မြတ်နိုးစရာများက ပိုကဲလွန်းသည်။ ဘီလူးများ၏ အကျည်းတန် အရုပ်ဆိုးခြင်းက ပျောက်ကွယ်သွားသည်။ ခြသေ့၏ တောမာန်ပါသော ကြမ်းတမ်းမှုမျိုးက ယဉ်ကျေးသိမ်မွေ့လာသည်။ မြွေသတ္တဝါတို့၏ ရက်စက်မှုတွင် နဂါးတို့၏ အလှအပများက ပို၍တင့်တယ်လာကြသည်။

အဟိတ်တိရစ္ဆာန်များ၏ နှောင်းဖြစ်ဆက်စပ်မှုများက မှတ်သားစရာ။ မြန်မာတို့သည် ဆင်ဖြူတော်များကို မြတ်နိုးကြသည်။ မင်္ဂလာရှိသည်ဟု ထင်မှတ်ကြသည်။ ဂုဏ်ကြီးမြင့်သည်ဟု ယူဆကြသည်။ ဗုဒ္ဓအား ပဋိသန္ဓေယူရာတွင် ဆင်ဖြူတော်က နိမိတ်မြင်မက်စေသည်။ ဆင်ဖြူတော်ကြောင့် တိုင်းပြည် မိုးလေဝသမှန်ကန်၍ ဆန်ရေစပါးပေါများသဖြင့် အယူအဆလည်းရှိသည်။ ဆင်သည် ရတနာတစ်ပါး ဖြစ်လာသည်။ အလောင်းစည်သူမင်း လက်ထက်တွင် ဆင်ခံဘုရားကို ထုလုပ်လာကြသည်။ ဆင်ခံဘုရားကြောင့် ဘေးအန္တရာယ်ကင်းခြင်း၊ စီးပွားတက်ခြင်း အရာရာအောင်မြင်ခြင်းများရရှိသည်ဟု ဗေဒင်သဘောအရ အယူရှိသည်။

သီဟဗာဟုမင်းသား၏ခမည်းတော် ခြသေ့မင်းဟာ လမ်းကလည်း သနားစဖွယ်။ ဖခင်ကို သတ်မိသော သား တစ်ယောက်က ခြသေ့မင်းကို အရုပ်ထုလုပ်လျက် ဘုရား တွင် ယှဉ်တွဲပူဇော်ခဲ့သည်ဖြစ်စဉ်။ ဘုရားခြေတော်ရင်း ကသရာဇာဟု မှတ်ယူထားကြသည်။

ဘုရားပုထိုးများတွင် နဂါးပလ္လင်ဖြင့် ကြည်ညိုဖွယ် များ၊ နဂါးတိရစ္ဆာန်များသည် ဗုဒ္ဓဖြစ်စဉ်တော်တွင် ရင်း နှီးသည်။ မြန်မာစာပေ ဗုဒ္ဓပန်းချီတွင် နိပါတ်တော်များ တွေ့ရှိနိုင်သည်။ ဤနည်းဖြင့် ဘုရားများတွင် နဂါး ကို တွဲဖက်ပါလာရသည်။

စတုတ္ထနိပါတ် ဒဒ္ဒရဇာတ်တော်တွင် ဘုရားလောင်း ဒဒ္ဒရနဂါးပြည်၌ မဟာဒန္ဓရအမည်ဖြင့် ဖြစ်တော်မူခဲ့ သည်။ ဝိသတိနိပါတ် ဓမ္မေယျ (ခေါ်) မြစ်အတွင်း ဓမ္မေ နဂါးမင်း ဖြစ်တော်မူခဲ့ဖူးသည်။ စက္ကလိသနိပါတ် သခ်ပါ ဇာတ်တော်တွင် သခ်ပါလနဂါးမင်း ဖြစ်ခဲ့ဖူးသည်။

မဟာနိပါတ်တော်လာ ဘူရိဒတ်ဇာတ်တော်တွင် ဘ ဒတ်နဂါးမင်းကို ကြားမိကြလိမ့်မည်။ ဗုဒ္ဓ၏ အောင် ရှစ်ပါးတွင် နန္ဒောပနန္ဒနဂါးမင်းနှင့် ကြုံဆုံရသည်။ ဘု အဖြစ် ရောက်စအချိန်တွင် နေရွှန်နာမြစ် ကာလနဂါ လည်း တွေ့ရသည်။ သုဇာတ ပေးလျှော်သော နို့ဃနာ ဘုဉ်းပေးပြီး ရွှေအိုးနှင့်ထိမိသဖြင့် လန့်နိုးသော အဓိ ကာလနဂါးအကြောင်းကို ကြားဖူးကြမည် ထင်ပါသ

နတ်နဂါးနှင့် ဘုရားစေတီ

နတ်နဂါးများကို မမြင်ဖူးသော်လည်း နဂါး သောနေရာကို ဗုဒ္ဓစာပေတွင် လေ့လာတွေ့ရှိ မှတ်သ

www.burmeseclassic.com

www.burmeseclassic.com

ကျိုက္ခမီစရလယ်ဘုရားတွင် နဂါးရုပ်နေသည်

သည်။ နဂါးတို့သည် အိုင်ကြီးများ၊ သမုဒ္ဒရာများ၌ ကျက်
ကြသည်။ တောရတောင်အောက်၌ နဂါးတို့တိုင်းပြည်
ကြသည်။ နတ်ပြည်နှင့်တူသည်။ မြေပြင်နှင့် ရေအိုင်
သည်။ ရေများသည် ကြည်လင်သည်။ အေးသောရေ၊
မြိတ်သောရေ၊ စင်ကြယ်သောရေ ရှိ၏။ ရေမှော်ရေညို
၌ မွေ့လျော်ဖွယ်ကောင်းသည်။ ပဒုမ္မာကြာပွင့်သည်။
လိပ် မျိုးစုံရှိကြသည်ဟူ၍ ပါရာဒိကက်အဋ္ဌကထာ
ကျမ်းဂန်ပါရာဒိက တပေါဒါဝတ္ထု၌ ဆိုသည်။

မြင်းမိုရ်တောင်၏အောက်ခြေ၌ အထွတ်သုံးစုတွင်
ယ်၌ ပဲသုပထဝီရှိသည်။ ပဲသုပထဝီထိပ်တွင် ရတနာ
ရှိသည်။ ထိုသဲစုတွင် နဂါးတို့ နေသည်။ နတ်နဂါးတို့
အနုဘော်ကြောင့် ရေခဲရီးလမ်း ဖြစ်ပေါ်သည်ဟု ဓိန
ရွှေကာ လောကဒီပနီကျမ်း၌ ဖော်ပြထားသည်။

အနောဝတတ်အိုင်ရှိ ပဏ္ဏာကနဂါးမင်းနေသည့် မုစလိန္ဒ
ကြောင့် မုစလိန္ဒနဂါး နေသည်။ ဥရုဝေလမြစ်၌ ဥရုဝေလ
းနေသည်။ ဂယာမြစ်၌ အဂ္ဂိဒလုနဂါး နေသည်။
မြစ် ထဲတွင် ဓရာပထ နေသည်။ (မြန်မာ့စွယ်စုံကျမ်း
၁၃-၅)

ဘုရားအဖြစ်သို့ ရောက်တော်မူစဉ် သတ္တာဟစ်တော်
ယူရာတွင် ဆဋ္ဌသတ္တာဟ၌ မုစလိန္ဒအိုင်တွင် မုစလိန္ဒနဂါး
မင်းက ဗုဒ္ဓအား ကိုးကွယ်ဖူးသည်။ မုစလိန္ဒအိုင်အနီး မိုး
ကြိုးရွာသွန်းသည်။ ဗုဒ္ဓအား မှတ်၊ ခြင်၊ ယင် မထိခိုက်
အောင် မိုးလေအအေးဓာတ်မှ ကာကွယ်နိုင်အောင် မုစလိန္ဒ
နဂါးမင်းသည် ကိုယ်ထည်ကို ခွေလိပ်၍ ပလ္လင်သဏ္ဌာန်ပြု
လျက် ဦးခေါင်းထက်၌ ပါးပျဉ်းဖြင့် မိုးကာကွယ်ပေးထား

နဂါးကျောက်စာတိုင်

www.burmeseclassic.com

www.burmeseclassic.com

လေ့ကာလတ်ရန်အပ်ကာ နဂါးရုပ်

သည်။ မြတ်ဘုရားက နဂါးမင်း၏ အခွေပလွင်ထက်၌ ခုနစ်ရက်ပတ်လုံး ဖလသမာပတ်ဝင်စားသည်။ ဤသို့ ပုံသဏ္ဌာန်အရ နဂါးရုံဘုရားဟူ၍ ပေါ်ပေါက်လာသည်ဟု မှတ်သားရသည်။



ဘုရားစံတိုင်းအပ်ကာ နဂါးရုပ်

ပုဂံခေတ်ဦး နဂါးရုံဘုရား ရှိခဲ့ ဖူးသည်။ ဘုရားသမိုင်းမှာ ကျန် စစ်မင်းအား စောလူးမင်းအမျက် ထား၍ ဒလမြို့နယ်သို့ နယ်နှင် သည်။ လမ်းခရီးတွင် ကျန်စစ်မင် အိပ်ပျော်နေစဉ် နဂါးတစ်ကောင် က သိုင်းခြုံမိုးကာ၍ နေသည်ကို အပယ်ရတနာက မြင်တွေ့ရသည်။ ကျန်စစ်မင်း နိုးသောအခါ ငါ မင် ဖြစ်လျှင် ဤအရပ်၌ ဘုရားတည် မည်ဟု သစ္စာပြုသည်။ သက္ကရာ (၄၄၉)ခုနှစ်တွင် ဘုရားတည်သည် နဂါးရုံဘုရားဟု အမည်ဘွဲ့သမုတ် သည်။

ထိုဘုရားဘွဲ့တွင် -

ပြင်ကပါရပ်၊ ချဉ်းကာကပ် အမတ်ကျန်စစ်၊ စက် တော်မူ။

မြွေနတ်ဘုရား၊ ခွေပတ်ထား၊ ရန်ငွါးကွယ်မိုး၊ ပါးပြင် ထူ။

ကျန်စစ်ထီးလှိုင်၊ ရန်မီးချိုင်၊ တိုင်းနိုင်စိုးအုပ်၊ လွှင့်ထိ ဖြူ။

နဂါးပတ်ခွေ၊ ဖျားရပ်မြေ မာတ်မွေသရီ၊ ကူဆောက်ထူ။

ဘုရားနဂါးရုံ၊ သွားဖုံဖုံ၊ မှ ယုံကြည်နူး၊ တောင်းဆုယူ။

(ပုဂံမြို့ ထင်ရှားသောဘုရားကြီးမှ သမိုင်းစာအုပ်

♦ ♦ ♦

ဧရာဝတီတိုင်းဒေသကြီး တင်တောင်တော်သည်လည်း နဂ နှင့်ပတ်သက်သည်။ မြန်မာပြည် အတွက် မြတ်စွာဘုရားထံမှ တော်ရှစ်ဆူ လက်ခံရရှိဖူးသည် တဖုသနှင့် ဘလ္လိက ကုန်သည ညီတော်သို့ (၁၀၃)ခုနှစ်၊ ပါဆိုး ဆန်း (၁၁)ရက်နေ့တွင် နဂ

www.burmeseclassic.com

ဆေး(ပုသိမ်ရာဇဝင်)သို့ ရောက်လာသည်။ ထိုအချိန်တွင် အယျသေန နဂါးမင်း အုပ်ချုပ်သည်။ လူဟန်ပန်ဖန်ဆင်း၍ ဆံတော်ဖူးမြော်ရင်း ဆံတော်နှစ်ဆူကိုရယူလျက် ဘုရားအဖြစ်တော်မူသည်။ (ဗိုလ်တထောင်ဆံတော်ဦးသမိုင်း)

မော်တင်တောင်ကို အမည်များစွာ ခေါ်ဝေါ်ကြသည်။ သရဏာတောင်(နီဗွာန်တောင်)၊ နာဂသေလာ(နဂါးများမှီခိုရာတောင်)၊ နဂါးရစ်တောင်(နဂါးများနေရာ ဝဲအင္ဂ)၊ မော်တောင်၊ မျှော်စင်တောင်၊ တန်ကြည်တောင်၊ ကျိုက်သရဲမြို့ နေဂရေအင္ဂနှင့် ဆွမ်းမဦးပုညတောင်တို့ဖြစ်သည်။ နဂါး သတ္တဝါများနှင့် ရင်းနှီးသောဒေသအဖြစ် ထင်ရှားသည်။

(မြက်မော်တင်စွန်းဘုရားသမိုင်း)

စစ်ကိုင်းတိုင်း၊ ရွာသစ်ကြီးရှိ ရှင်ပင်ခမ္မသာဘုရားတွင်သည်း နဂါးဘုရားတစ်ဆူရှိသည်။ သီရိခမ္မာသောကမင်းကောင်းမှုတော်ဖြစ်သည်။ ဤဘုရားတွင် စောင်းတန်းများ၌ နဂါးရုပ်များ၊ နရာဂရုပ်များ ထုလုပ်ထားသည်။ သီရိခမ္မာသောကမင်းနှင့် ကာလနဂါး ဆက်စပ်လာသည်။ ဘုရင်မင်းတရားကို မဖူးတွေ့ရပါ။ ကာလနဂါးက်မှ ဗုဒ္ဓကို ဖူးမြင်ကြည်ညိုခဲ့ကြသည်။ သီရိခမ္မာသောကမင်းက မေတ္တာရုပ်ခံလျက် ဘုရားအသွင် ဖန်ဆင်းရန် အကူအညီတောင်းသည်။ ကာလနဂါးက ဗုဒ္ဓအသွင်ဖန်ဆင်းပြ၍ ဖူးမြော်ကြည်နူးခဲ့ကြသည့်ဖြစ်စဉ်။

(ရှင်ပင်ခမ္မသာဘုရားသမိုင်း)

ရွှေစက်တော်သမိုင်းတွင် နမ္မဒါန နဂါးမင်း တောင်းပန်သဖြင့် မြတ်စွာဘုရားက အောက်စက်တော်ရာကို ပေးအပ်ခဲ့သည်။

(ရွှေစက်တော်သမိုင်းကြီး)

နဂါးနှင့်ပတ်သက်သော ဘုရားတစ်ဆူမှာ ကျိုက္ခမီရေလယ်ဘုရားကြီးဖြစ်သည်။

မုဆိုးမကြီး မိဋ္ဌာန်သဖြင့် ရုပ်ပွားတော် ကြွချီလာသည်ကို အစွဲပြု၍ မုဆိုးမမြို့ဟု ခေါ်သည်။ ရုပ်ပွားတော်မှက်နာမူရာကို အစွဲပြု၍ မွန်ဘာသာ ကျိုက္ခမီမှ ကျိုက္ခမီဟု ပြောင်းလွဲသည်။ ရုပ်ပွားတော်ကို နဂါးဦးခေါင်းအုပ်မိုးလျက် ရေလယ်ဘုရားကြီးဟု ခေါ်ဆိုကြသည်။ (၁၂၇၅) ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၅)ရက်နေ့ ညနေ(၄)နာရီတွင် ရေသတ္တဝါ နဂါးများ ဘုရားလာဖူးမြော်ကြသည်ကို လူအများက တွေ့ကြုံရသည်။

(ကျိုက္ခမီရေလယ်ဘုရားသမိုင်း)

မွန်ပြည်နယ် ဗုဒ္ဓဘာသာသမိုင်းတွင်လည်း နဂါးကပတ်သက်သည်။ ဂန္ဓဂီရိတောင်တွင် ရေသတ္တဝါ အဟိတ်သား နဂါးမလာရောက် ပျော်မွေ့နေသည်။ ဟိမဝန္တာမှ ဝိန္ဓာမိုရ်လုလင် ရောက်လာသည်။ နဂါးမနှင့် ဝိန္ဓာမိုရ်တွေ့ကြုံရင်းနှီးကြသည်။ နဂါးမတွင် ကိုယ်ဝန်ဆောင်ရသည်။ ဝိန္ဓာမိုရ် စွန့်ခွာသဖြင့် နဂါးမက ဥနှစ်လုံးကိုချပြီး ထွက်သွားသည်။ ထိုနေရာတွင် တိဿရသေ့နှင့် သီဟရသေ့ ရှိသည်။ ဥနှစ်လုံးကို ရသေ့ညီနောင် ခွဲဝေ၍ စောင့်ရှောက်ကြသည်။ ဥနှစ်လုံးမှ ကလေးနှစ်ဦး မွေးဖွားသည်။ ညီငယ်၏ကလေးက ကျောက်ရောဂါဖြင့် သေလွန်သည်။ ထိုကလေးသည် ဘိုးတော်အဋ္ဌနမင်းကြီးထံတွင် ဝင်စားသည်။ ထိုမှတစ်ဆင့် ဂဝံပတိရဟန္တာ ဖြစ်ပေါ်လာသည်။ မွန်ဒေသ ဗုဒ္ဓဘာသာ ထွန်းကားစေမည့် ရဟန္တာဖြစ်သည်။ ဂဝံပတိရဟန္တာတောင်း ပန်မှကြောင့် မြတ်ဗုဒ္ဓ မြန်မာပြည်သို့ ကြွရောက်လာသည်။

(ကျိုက္ခမီဆုတောင်းပြည့်ဘုရားကြီးသမိုင်း)

ဗုဒ္ဓမြတ်စွယ်တော်လေးဆူ သမိုင်းတွင်လည်း ဘုရား



www.burmeseclassic.com

www.burmeseclassic.com

စေတီများနှင့် နဂါးတို့၏ ဆက်နွယ်မှုကို ထင်သာမြင်သာသည်။ ဗုဒ္ဓမြတ်စွယ်တော်အနောက် အထက်စွယ်တော်အား သိကြားမင်းက တန်ခိုးအာနုဘော်ဖြင့် ပင့်ဆောင်ပြီး တာဝတိံသာနတ်ပြည်ရှိ စူဠာမုနိစေတီတွင် ဌာပနာသည်။ လက်ဝဲအောက်စွယ်တော်အား ခေမာရဟန္တာမထေရ်မြတ်က ပင့်ဆောင်သည်။ သီရိလင်္ကာနိုင်ငံ၊ သီဟိုဠ်ကျွန်း၊ ကန္ဒီမြို့ ထူပါရုံစေတီတော်အနီး စွယ်တော်တိုက်တွင် ကိုးကွယ်ကြသည်။ လက်ဝဲတက်အထက်စွယ်တော်ကို ဂန္ဓာရတိုင်းသား ရဟန်းတော် သယ်ယူသဖြင့် တရုတ်ပြည် ပေကျင်းမြို့ရှိ

နဂါးရုပ်တုများ

ရွှေဇေတီ၌ ကိန်းဝပ်စံပယ်နေသည်။

လက်ယာအောက်မြတ်စွယ်တော်ကို နာဂပူရနဂါးပြည်မှ ဗေယျာသေဋ္ဌ အမည်ရှိ နဂါးမင်းကြီးက ဒေါဏပုဏ္ဏား လက်မှ တိတ်တဆိတ်ယူဆောင်ပြီး နဂါးပြည်ရှိ ရတနာစေတီတွင် ဌာပနာထားသည့် သမိုင်းကဆိုသည်။ အချို့သုတေသီတို့ကမူ နဂါးဆိုသည်မှာ လူမျိုးအမည်ဖြစ်သည်ဟု မှတ်ချက်အဆိုရှိသည်။ မြန်မာလူမျိုးတို့အဖို့ စွယ်တော်တစ်ဆူမရခဲ့။ သို့သော် တရုတ်နှင့် သီဟိုဠ်များမှ မြတ်စွယ်တော်ကို မြင်ဖူးခဲ့မထင်။ မြန်မာလူသားတို့ လက်လှမ်းမမီနိုင်သော နယ်မြေဟု သတ်မှတ်ရသည်။

(မြတ်စွယ်တော်သမိုင်း- တက္ကသိုလ်မျိုး

မြန်မာပြည်ရှိ ဘုရားစေတီများနှင့် နတ်နဂါးရုပ်များ ဆက်စပ်မှုကို သာဓကပေါင်းများစွာ ရှာဖွေ၍ ရနိုင်သည်။ အချို့ဘုရား အဝင်ဝတွင် နဂါးရုပ်များ ခမ်းနားစွာတည်ထားကြသည်။ ဘုရားတံခွန်တိုင်များတွင် နဂါးဖြင့် မွမ်းကြသည်။ လမ်းအဝင် လက်ရန်းများ၌လည်း နဂါးရုပ်များ ခင်းထားကြသည်။ အထူးသဖြင့် ရေလမ်းနှင့်ဆက်နွယ်သည့် စေတီများတွင် နဂါးရုပ်တုများစွာဖြင့် အလှဆင်ကြသည်။

ရေနတ်နဂါးတို့ ပျော်စံရာ

ကျွန်တော်တို့ မြန်မာစာပေနယ်ပယ်တွင်လည်း နဂါးသည် နေရာရလာသည်။ နဂါးသတ္တဝါကို ကြောက်မက်ဖွယ်ရာဖြင့်လည်း လေ့လာရသည်။ နဂါးသည် မြွေမျိုးနွယ်ဖြစ်သည်။ နဂါး၏ ခေါင်းနှင့် အမြီးများတွင် အမောအတက်များဖြင့် ခံ့ညားစေသည်။ ခြေဖြင့် မသွားတတ်သောကြောင့် နဂါးဟု ခေါ်ဆိုကြသည်ဟု မှတ်သားရသည်။

နဂါးကို သုံးမျိုးတွေ့ရသည်။ ရေနေနဂါး၊ မြေနေနှင့် တောင်နေနဂါးဟူ၍ ခွဲခြားသည်။ နဂါးမျိုး(၁၀၂၄)မျိုး ရှိသည်ဟုလည်း တွေ့ရသည်။

မြန်မာ့ယဉ်ကျေးမှုအရ နဂါး(၃)မျိုး ရှိပါသည်။ ဒိဗ္ဗဝိသနဂါးမျိုးသည် သတ္တဝါတို့ကို မျက်စောင်းထိုး၍ ခဲကျစေတတ်သည့်အမျိုးဖြစ်သည်။ ဒဋ္ဌဝိသနဂါးသည် သတ္တဝါတို့ကို ကိုက်မိသည့်အခါ မွဲပြာကျစေသည့်အမျိုးဖြစ်သည်။ ဖုဋ္ဌဝိသနဂါးသည် သတ္တဝါတို့ကို ထိခိုက်မိသည့်အခါ မွဲပြာကျစေသည့်အမျိုးဖြစ်သည်။ (ဤနဂါးမျိုးသည် အလွန်အဆိပ်ပြင်း၍ ပူလောင်ကြသည်။ သတ္တဝါတို့ကို ပေးမည့်သတ္တဝါ)

www.burmeseclassic.com

နဂါးများ၏ ပုံပန်းသဏ္ဌာန်ကို မစွန့်ပယ်ခြင်း(၅)မျိုးကို ဆောလာနိုင်သည်။ နဂါးနေ့ ပဋိသန္ဓေနေသည့်အခါ နဂါးပုံသဏ္ဌာန် ပေါ်ပေါက်လာသည်။ အရေလဲသောအခါ၊ အိပ်ပျော်နေသည့်အခါ၊ ဓာတ်တူမေထုန်ကျင့်သည့်အခါ၊ သေသည့်အခါ မူလပုံသဏ္ဌာန် ပြန်ယူကြသည်။

မြန်မာနယ်ပယ်အသီးသီးတွင် နဂါးတို့ နေရာယူပုံ

နဂါးဝေါဟာအကြောင်း မြန်မာ-အင်္ဂလိပ် အဘိဓာန်၌ Mythical Serpent (သို့မဟုတ်) Dragon ဟု ဖော်ပြထားသည်။ နရားကိုလည်း Mythical Animal ဟု အနက်ဖွင့်ထားသည်။ နဂါးသည် သက်ရှိသတ္တဝါမျိုးစုံဟု ယူဆရသည်။ နရားမှာ သက်မဲ့အလှခြယ်ပစ္စည်းဟု မှတ်ယူရသည်။ Mythical ၏ အနက်မှာ အမှန်တကယ်မဟုတ်သော စိတ်ကူးယဉ်သတ္တဝါဟု ဖော်ပြထားသည်။ မြန်မာစာပေတွင် ရွှေဟာသီ၊ ဘီလူး၊ နဂါး၊ ကိန္နရာများသည် Mythical ဟု ခေါ်ဆိုနိုင်သည်။

အထက်ပါ နဂါးကို အခြေခံသည့် သတ္တဝါများရှိသည်။ ဥပမာ-မြန်မာမှု ပဉ္စရူပအရုပ်များသည်လည်း နဂါးအမှီပြု Mythical ဟု ပြောနိုင်သည်။ ပဉ္စရူပသည် မြန်မာ့ဂီတဆိုင်းပညာတွင် ပတ်မတင်သည့်စင်ဖြစ်သည်။ ပဉ္စရူပ၏ အနက်အဓိပ္ပာယ်တွင် ဆင်နာမောင်းနှင့် ဆင်စွယ်၊ ဦးချို၊ ငါးကြင်းမြီး၊ မြင်းလက်ခြေ၊ ငှက်အတောင်တို့သည် နဂါးအသွင် ပါဝင်သည်။

မြန်မာ့ယုနယ်ပယ်တွင် နဂါးနှင့်ပတ်သက်သည့် စကားပုံများကိုလည်း အမှတ်တရသုံးစွဲကြသည်။ အထက်တွင် ဖော်ပြသကဲ့သို့ အဆိပ်ပြင်းသော နဂါးတို့သည် နဂါးတို့မျက်စောင်း အကြောင်းမရွေးဟု သုံးနှုန်းကြသည်။ ဒေါသဖြင့် အကြည့်ခံရသူကို ပြောကျစေသည့် နဂါးတို့၏မျက်စောင်း။ မည်သည့်အကြောင်းကိုမျှမရွေး တန်ခိုးကြီးသူတို့၏ ဒေါသက ကြမ်းတမ်းလွန်းလှသည်။

နဂါးတို့ ဂဠုန် ရန်ဘက်နှင့်ပတ်သက်၍ နဂါးပြည် နဂါး၊ ဂဠုန်ပြည်ဂဠုန်ဟု သုံးကြသည်။ သူနေရာနှင့်သူ ခွဲခွဲခြားခြား နေတတ်ရန် ဆုံးမသည်။ ကိုယ့်နေရာနှင့်ကိုယ် တွင်ကျယ်စေလိုသည့်သဘော။

နဂါးမှန်းသိအောင် အမောက်ထောင်ပြဟူသော အသုံးတွင် မြွေမဟုတ်ကြောင်း၊ အဆိပ်ပြင်းသည့် နဂါးဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း သိစေရန် အမောက်ထောင်ပြ၊ ဂုဏ်ရည်ပြရန် လိုအပ်ကြောင်း ဖော်ပြသည်။

ကုန်ပစ္စည်းနှင့် တန်ဖိုးလက်ငင်းပေးချေရန် ပြောသောအခါ ရော့..ပတ္တမြား၊ ရော့..နဂါးဟု သုံးနှုန်းကြသည်။ ဘူရိဒတ်နဂါးမင်း ဇာတ်တော်မှ ကိုးကားသည်။

မြန်မာ့ဗေဒင်ပညာတွင် နက္ခတ်တာရာတွင် ဂြိုဟ်ကြီးကိုးလုံး ပါဝင်သည်။ မြန်မာနှင့် ဟိန္ဒူအယူဝါဒ ကွဲပြားသော်လည်း ဂြိုဟ်အမည် စနေအဂ္ဂောက်တောင်ထောင့်တွင် မြန်မာနှင့် ဟိန္ဒူ နှစ်ဘာသာစလုံးသည် တိရစ္ဆာန်အမည်မှာ နဂါးဟူ၍ တူညီသည်။

မြန်မာ့ထီးသုံးနန်းသုံးအဆောက်အအုံ အပြောက်အမွမ်း ပညာရပ်များတွင်လည်း နဂါး ပါဝင်လာသည်။ အထူးအားဖြင့် အထောက်သုံးမျိုးတွင် အရပ်ထောက်၌ နဂါးထောက်၊ မကာရ်ထောက်ဟု ဖော်ပြသည်။ အခံသုံးမျိုး အရပ်ခံတွင် ပင်လယ်ရွှေဖားခံ၊ နဂါးခံ၊ နရားခံ ပါဝင်သည်။ အတက်အတင်သုံးမျိုးတွင် နဂါးရုပ်တင်၊ မကာရ်အရုပ်တင်၊ နရားရုပ်ခံဟု ခွဲခြားသည်။ နဂါးတွင် ခြေမပါဝင်သော်လည်း နရားတွင် ခြေလေးချောင်း ပါဝင်ထားသဖြင့် ခွဲခြားရသည်။

နတ်နဂါးအပေါ် ယုံကြည်ကိုးကွယ်မှု

ဘုရားစေတီများတွင် နဂါးရုပ်တုများ ယှဉ်တွဲတည်ရှိနေသဖြင့် နဂါးကို ကိုးကွယ်သည်ဟု အခြားဘာသာဝင်များက ပြောဆိုကြသည်။ ယခင်ခေတ်ကာလတစ်ခုတွင် နဂါးကို အားကိုးသည့်အကြောင်းများ တွေ့ရသည်။ ယခုခေတ်တွင် နဂါးကို ကိုးကွယ်ခြင်း မတွေ့ကြရ။

တရုတ်ဟန်မင်းဆက်မှ နတ်ပုံသဏ္ဌာန်ကို နဂါး၏ ခေါင်း၌ ဒရယ်၏ ဦးချိုရှိသည်။ ဦးခေါင်းသည် ကုလားအုတ်ခေါင်းဖြစ်သည်။ မျက်လုံးက နတ်မိန္ဒာဆန်သည်။ လည်ပင်းမှာ မြွေ၊ ဝမ်းဗိုက်မှာ ခုံးခွံ၊ ကြေးခွံမှာ ငါးကြင်း၊ လက်သည်းမှာ လင်းယုန်လက်သည်း၊ ဖဝါးမှာ ကျားဖဝါး၊ နားရွက်မှာ နွားနားရွက် စသည်ဖြင့် ဆင်တူသည်ဟု အနက်ဖွင့်သည်။

အင်္ဂလိပ်လူမျိုးအလံတွင် နဂါးရုပ်ပါသည်။ သတ္တမအိမ်ရှေ့စံ ဝေလမင်း၏ ရိုးရာဇိုင်းပါတံဆိပ်တော်၌ နဂါးရုပ် ပါဝင်ကြသည်။ တရုတ်နှင့် ကျမန်နိုင်ငံများတွင် နဂါးကို ကိုးကွယ်သောဓလေ့ ယခုတိုင် ရှိနေသေးသည်။ နဂါးသည် ရန်ကို ငြိမ်းအေးစေနိုင်သည်ဟု အယူရှိကြသည်။

ပျူစောထီး၏မယ်တော်မှာ နဂါးမဖြစ်သည်။ သားဖြစ်သူအား စောင့်ရှောက်ရန် နဂါးလှလင်(၁၈၀)ခန့် ထားပေးသည်။ နဂါးသည် မိတ်ဆွေဖွဲ့ ရင်းနှီးခဲ့ကြသည်။

ပုဂံခေတ် တောင်သူကြီးမင်းလက်ထက် နဂါးရုပ်အကြီးကို ထုလုပ်သည်။ နဂါးကို မင်းနှင့် ပြည်သူအားလုံး မြတ်နိုးရိုသေ ပူဇော်ကိုးကွယ်ကြသည်။

ရန်နိုင်

ကျမ်းကိုးစာရင်း

၁။ ရွှေစဆုံနိဒါန်း (ဇေယျသခ်ီယာ)။
၂။ မြန်မာ့စွယ်စုံကျမ်း အတွဲ(၅)။
၃။ ရာဇသတ်ခေါ် အမိန့်ပတော်တမ်းကြီး (ပဉ္စမပိုင်း)။
၄။ မြန်မာ့ရုပ်တုယဉ်ကျေးမှု [မောင်ယဉ်လှိုင်း(ပျဉ်းမမြို့)]။
၅။ ဘုရားစေတီသမိုင်းများ။
၆။ မြန်မာ့စကားပုံ (မြန်မာစာအဖွဲ့ဦးစီးဌာန)။

www.burmeseclassic.com

www.burmeseclassic.com

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့

ပိတ်ဖြူတောရ ပရိဝါသ်ဆောက်တည်မွေ့နှင့် ရှုတရင်(၁၇)ပါး

ကိုဝဏ္ဏမြသန်း(သဓိုင်း)

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ ပိတ်ဖြူတောရ၏ နဝမအကြိမ်မြောက် ပရိဝါသ်ဆောက်တည်ပွဲနှင့် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ရဟန်းမိတ်ဆွေစာဆိုအရှင်၏ ကပ္ပိယအဖြစ်ဖြင့် ရောက်ခဲ့၊ လေ့လာခဲ့၊ မှတ်သားခဲ့ဖြစ်ပါသည်။

ပိတ်ဖြူတောရ၏ ပရိဝါသ်ဆောက်တည်ပွဲမှာ ရဟန်းများအတွက်သာ ဆိုဖွယ်ရာရှိသော်လည်း လူပုဂ္ဂိုလ်များပါသိသင့်သိထိုက်မည်များ လှူဒါန်းခွင့်လှူထိုက်သည်များ ရှိနေပါ၍ မိမိ မေးမြန်းလေ့လာ မှတ်သားခဲ့သည်တို့ကို စာဒါနပြု မျှဝေလိုက်ပါသည်။

♦ ♦ ♦

"ရဟန်းတို့...သို့ဖြစ်လျှင်-

(၁) သံဃာတော်၏ ကောင်းပါပြီဟု ဝန်ခံကျင့်သုံးရန်၊

(၂) သံဃာတော်များ ချမ်းသာစေရန်၊

(၃) အကျင့်သီလ ဖောက်ဖျက်သူတို့ကိုနှိမ်နင်းရန်၊

(၄) အကျင့်သီလကို ချစ်မြတ်နိုးသောရဟန်းတို့ ချမ်းသာစွာ နေနိုင်ရန်၊

(၅) မျက်မှောက်၌ဖြစ်ကုန်သော ဆင်းရဲအထူးတို့ကို စောင့်စည်းရန်၊

(၆) နောင်ဖြစ်လတ္တံ့ကုန်သော ဆင်းရဲအထူးတို့ကို ပယ်ရှားရန်၊

(၇) မကြည်ညိုသေးသောသူတို့ကို ကြည်ညိုစေရန်၊

(၈) သူတော်ကောင်းတရား သာသနာသုံးရပ် တည်တံ့ရန်၊

(၉) ဝိနည်း၊ စည်းမျဉ်းဥပဒေကို ချီးမြှောက်ရန်ဟူသော အကျိုးထူးဆယ်ပါးတို့ကို အစွဲပြု၍ ရဟန်းတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူမည်ဟု မိန့်တော်မူ၏ဟူသည့် ဝိနည်းပညတ်အကြောင်း(၁၀)ပါးဖြင့် ရဟန်းဝိနည်းကို မြတ်စွာဘုရားရှင်မှ ပညတ်ခဲ့ပါသည်။

ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု

ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ။

ဝိနည်းအဆုံးအမတော်ကြီးသည် ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး၏ အသက်သွေးကြောကြီး ဖြစ်ပါတယ်။ ဝိနည်းအဆုံးအမ တည်ရှိခဲ့သော် သာသနာတော် တည်တံ့နေမည် ဖြစ်ပါသည်။

ထို့အပြင် သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာ ဘုရားရှင်သည် လူဖြစ်က လူဝိနည်း၊ ရှင်သာမဏေ ဖြစ်က ရှင်ဝိနည်း၊ ရဟန်းဖြစ်က ရဟန်းဝိနည်းဟု လိုက်နာကျင့်သုံးရန် ဝိနည်းတော်၊ သိက္ခာပုဒ်အခြေခံများကို ပညတ်ထားတော်မူခဲ့ပါသည်။ မိမိကိုယ်တိုင်က လူဝတ်ကြောင်ဖြစ်ပါက လူဝိနည်းကျင့်ဝတ် သိက္ခာပုဒ်များ၊ ရှင်သာမဏေအဆင့်ထိ ရောက်နေပါက ရှင်သာမဏေတို့ ကျင့်ရမည့် ဝိနည်းသိက္ခာပုဒ်များ ရဟန်းတော်မြတ်အဆင့်

www.burmeseclassic.com

www.burmeseclassic.com

ပုသိမ်ကျောင်းဆရာတော်နှင့် ပရိဝါသိက်သံဃာတော်တို့၏
မဟာပဋ္ဌာန်းရွတ်ပွဲ(ဒုတိယပွဲ)အခမ်းအနား

ကာနေပါက ရဟန်းတော်များ
ရမည့် ဝိနည်းသိက္ခာပုဒ်များကို
ဆောင်သင့် ကျင့်ဆောင်ထိုက်
သေသည်ဟု သာသနာ့လင်း
ကြည် ဆရာတော် ဘဒ္ဒန္တ
ဒါဘိဝံသမှ ဝိနည်းပဒေသာ
တန်း ပထမတွဲစာအုပ်တွင်
ဖွင့်နိမိတ်ကြားထားပါသည်။

သို့ဖြစ်ပါ၍ ရဟန်းကျင့်ဝတ်
ပါးချုတ်က ဘုရားမကြို့က်
ဆိုက်၏၊ ရဟန်းကျင့်ဝတ် တစ်
ပါးက လူနတ်ဦးခိုက် ပူဇော်
ခြင်း၏ ဟူသည်နှင့်အညီ ပရိဝါသိဆောက်တည်ပွဲ သီလ
ကြွေးဆောက်တည်ပွဲကို ဆောင်ရွက်ကြခြင်း ဖြစ်ပါသည်။

ပရိဝါသိဆောက်တည်ပွဲဆိုသည်မှာ မြတ်စွာဘုရားရှင်
တော်ထားသည့် အနည်းငယ်သော(အသေးအဖွဲ) အာပတ်
၏ သံဃာဒိသေသ် အာပတ်(၁၃)ပါးထိ ငြိစွန်းကပ်ငြိ
နေသည်များကို ပြန်လည်၍ စင်ကြယ်အောင် သီလဝိသုဒ္ဓိ
ဖြစ်အောင် ကျင့်ဆောင်သော ကုစားသော ကျင့်ဆောင်နိုင်
အောင် ကုစားနိုင်အောင် ဆောင်ရွက်ပေးသော (ဆောင်ရွက်
သည့်)ပွဲပင် ဖြစ်ပါသည်။

ရဟန်းများအတွက် အကျိုးများစွာရှိသကဲ့သို့ လူပုဂ္ဂိုလ်
များအတွက်လည်း ပစ္စည်းလေးပါးအလှူကို တစ်နေရာ တစ်
နေ့ဆီမှာ တစ်ပြိုင်တည်း လှူဒါန်း ခွင့် ဒါနပြုခွင့်ရသောပွဲ
ဖြစ်ပါသည်။

ထိုပွဲကို နှစ်စဉ် ပိတ်ဖြူတောရ
နှင့် နတ်တော်လပြည့်ကျော် (၂)
ရက်နေ့မှ နတ်တော်လကွယ်နေ့
ထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး နောင်
လာမည့်နှစ်များမှစ၍ ပြာသိုလ
ဆန်း (၂)ရက်နေ့မှ ပြာသိုလပြည့်
နေ့အထိ လာမည့်(၁၃၇၇)ခုနှစ်
ပြီး ပြောင်းလွဲကျင်းပမည်ဖြစ်
ကြောင်းကိုလည်း စကားချပ်အဖြစ်
ဖြင့် သတင်းစကားပါးလိုက်ပါ
သည်။

ပရိဝါသိဆောက်တည်ပွဲသို့ လာရောက်ပရိဝါသိဆောက်တည်ကြကုန်သော ဆရာတော်၊ သံဃာတော်တို့၏ ဝတ်ပွဲကာလအတွင်း ဆောင်ရွက်ရသည်တို့မှာ ဦးစွာပထမနေ့၌ ဝတ်တောင်းပြီးပါက နေ့စဉ် နံနက်အရုဏ်မတက်မီ နံနက်(၂း၃၀)ထ၍ ဝတ်ဆောက်တည် ဝတ်ကြားရပါသည်။ အရုဏ်တက်ပြီး နံနက်(၅း၃၀)နာရီတွင် ဝတ်ကြားဝတ်ချရပါသည်။ ဝတ်ဆောက်တည်စဉ် အချိန်ကာလအတွင်း မိမိနှစ်သက်ရာ ရူတင်များကို ဆောက်တည်ကြရပါသည်။ ဤသို့ သီလစင်ကြယ်အောင် ကုစားနေကြသည့် ဆရာတော်၊ သံဃာတော်များ၏ ပစ္စည်းလေးပါး လိုအပ်ချက်များကို လူပုဂ္ဂိုလ်များမှ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း လှူဒါန်းခွင့်ရကြပါသည်။ ဆရာ၊ဒကာ နှစ်ဦးနှစ်ဖက် အကျိုးများလှသည့်

နေ့ဖက်ကြိုပ်ကြောက် ပရိဝါသိဆောက်တည်ပွဲမှုနှင့် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ
(ဒုတိယပွဲ)တရောက်ရွာစားသောက်အား ပေးကမ်းနေသည့် ပုသိမ်ဒေကျောင်းဆရာတော်

www.burmeseclassic.com

www.burmeseclassic.com

ပရိဝါသ်ဆောက်တည်ပွဲပင်ဖြစ်ကြောင်း ညွှန်းဆိုရေးသားဖော်ပြရင်းဖြင့် ဓူတင်(၁၃)ပါးအကြောင်းကို မေးမြန်းခဲ့သမျှ မှတ်ခဲ့သမျှ ပြန်လည်၍ အကျဉ်းမျှ ရေးသားဖော်ပြလိုက်ပါသည်။

♦ ♦ ♦

ဓူတင်(၁၃)ပါး

(၁) ပံသုကူလဓူတင်

သုသာန်စေ့းတန်း လှည်းကြီးလမ်း၊ လူလမ်း မြို့ကပ်ပုံပါ၊
ကိုယ်ဝန်ညစ်ပေ ဘုတ်ချိုးရေ၊ စွန့်လေ ချိုးဆိပ်ပါ၊
မီးလောင်နွားဝါး ကြွက်ကိုက်ထား၊
ခြစား ပြတ်စွန်းဆာ၊
တောင်ပို့လေယူ ရဟန်းလျှူ၊ နတ်လျှူ တံခွန်လွှား၊
သုသာန်ပြန်ထုတ် ဘိသိက်အုပ်၊ သံမုဒ် တန်ခိုးသာ၊
နှစ်ဆယ့်သုံးဟူ ပံသုကူ၊ ကောက်ယူ သုံးဆောင်ရာ။

ဝိသုဒ္ဓိမဂ်အရသာ(၈၅)

ဤဖော်ပြပါ (၂၃)ဌာနတို့တွင် တစ်ခုခုမှကောက်ယူ၍ အဆွေးကိုပယ် ဖွပ်လျှော်၍ သင်္ကန်းပြုပြီးလျှင် ဒကာလျှူထားသော ယခင်ရှိနေပြီးသင်္ကန်းကိုပယ်၍ ပံသုကူသင်္ကန်းအဖြစ် သုံးဆောင်အပ်၏။

ဒကာလျှူသောသင်္ကန်းကို သာယာလက်ခံသောခဏ၌ ဓူတင်ပျက်၏။ စူဠဝါဋ်ကာ၌ လျှူသူ၏သဒ္ဓါကိုငဲ့၍ မပယ်ဘဲ သူတစ်ပါးအားပေးအံ့ဟု ခံယူလျှင် ပံသုကူဓူတင်မပျက်ဟု ဆို၏။ နတ်လျှူ၊ ရဟန်းလျှူ သင်္ကန်းများ ပံသုကူဓူတင် သင်္ကန်း၌ ပါဝင်သည်။

(၂) တိစီဝရိက်ဓူတင်

ပခုံးတင်စရာ ချွေးခံစရာ အံ့သကိုင်္ဂ အပိုထားနိုင်သည်။ အိပ်ရာခင်း အံ့သကိုင်္ဂ ဤနှစ်ထည်သည် တိစီဝရိက်ဓူတင်ကို မပျက်စေနိုင်။ (ဘိက္ခုနီတို့အား ရေသနုပ်၊ ရင်လွှဲတဘက်နှင့်ပါ ငါးထည်သည် တိစီဝရိက်မည်၏။)

(၃) ပိဏ္ဍပါတိကဓူတင်

ဆွမ်းခံ၍ ကျင့်ရသောဓူတင်ဖြစ်သည်။ ပင့်၍လှူအပ်သောဆွမ်း မအပ်ကုန်။ ဆွမ်းကျွေးရန် ဒကာတို့ ကျောင်းသို့ ချက်လှူသော ဝိဟာရပက္ကဘတ်လည်း အပ်သည်။ သံဃာထံမှ ယာဝကာလိကကင်းသော ဆေး စသော စာရေးဆရာအပ်သည်။ သံဃဘတ်ကို ဥဒ္ဒေသဘတ်ကို အလှူခံစသည်ဖြင့်မဆိုဘဲ သိက္ခာကို (ဆွမ်းကို) သံဃာကုန် အလှူခံပါဟုဆို၍ လှူလျှင် အပ်၏။ ယခုကာလ ထမင်းဖြင့်မဖိတ်၊ ဆွမ်းဖြင့်သာ ဖိတ်ကြသောကြောင့် ဤဓူတင် ပျက်နိုင်ခဲ၏။ နေ့စဉ် ဆောက်တည်သင့်သည်ဟု ဆရာမြတ်တို့ ဆိုကုန်၏။ ဆွမ်းခံမကြွခြင်းဖြင့် ဓူစာင်မပျက်၊ ထမင်းခံယူမှ ဓူတင်ပျက်သည်။

(၄) သပဒါနစာရိကဓူတင်

ဤရဟန်းသည် စောစော ရွာဝင်သင့်သည်။ မပြည့်သောအရပ်၊ ဘေးရန်ရှိသောအရပ်ဖြစ်လျှင် ပယ်၍ အခြားတစ်ပါးသို့ သွားနိုင်၊ ဆွမ်းခံနိုင်လတ္တံ့။ ကျောင်း၌ အလာလှူသူ ခရီးအကြွေး၌ တွေ့ဆုံလာသူတို့သည် သပိတ်ကို ဆွမ်းလှူကုန်အံ့ အပ်၏။ ခရီးသွားစဉ်လည်း ဆွမ်းခံရောက်သော ရွာကို၊ အိမ်ကို ကျော်၍မသွားအပ်။ ထိုဓူတင်အစဉ်အတိုင်း ဆွမ်းခံ၍ မရသော်လည်းကောင်း၊ အနည်းငယ်သာ ရသော်လည်းကောင်း ရွာစဉ်၊ အိမ်စဉ်ဖြင့်သာ သွားအပ်၏။

(၅) ဧကာသနိက်ဓူတင်

တစ်နေရာတည်း တစ်ထိုင်တည်းသာ စားရ၏။ အထူးသောနေရာ၌ ဘောဇဉ်စားသောက်ခဏ၌ ဓူတင်ပျက်၏။ ဆွမ်းတော်မပြီးသေးမီ ဆရာဥပဇ္ဈာယ်ထံ လာသည်ဖြစ်အံ့၊ ထ၍ ဝတ်ပြုဝတ်ငယ် ပြုရမည်သာတည်း။ တင်မပျက်အောင် နေရာကထ

မြို့တွင်းသို့ ဆန္ဒြဆိုင်ခြင်း၊ ဘုရားတော်မြတ်ဟုသိမ်ကျောင်းဆရာတော်၊
ဝိတ်မြေတောရတရာကျောင်းဆရာတော်နှင့် ပရိတ်သတ်သံဃာတော်များ ဖေတ္ထာဝိုနေဦ

www.burmeseclassic.com

www.burmeseclassic.com

ရာဇာ။ စားခြင်းကလည်း စောင့်ရာဇာ။ စားမပြီးခင် စားရ စားရ်မပြီးခင်ထရ် ဝတ်ပြုသော ဤသူကား စောင့်နေစ်ပါး မရှိသောကြောင့် ပြန်မစားရ။ ပြန်စားလျှင် ပျက်ဇာ။ မစားခင် ထနိုင်ဇာ။

(၅) တတ္တဝိုက်ရှုတင်

ဆွမ်းဘောဇဉ် ယူသောအခါ ဝမ်းပမာဏချင့်၍ သင့်ရုံ ယူအပ်ဇာ။ စားမကုန် မဖြစ်စေလင့်။ ဟင်းရွက်စိမ်းကို ဖြင့်ကိုင်၍စားလျှင် အပ်ဇာ။ လက်သည် ခွက်မဟုတ်။ သော်လည်း သပိတ်၌သာ ထည့်ရဇာ။ ဒုတိယခွက်ပယ် ဖြစ်သောကြောင့် တစ်ပါးသော သစ်ရွက်ဖွန်းတို့ကား ရုံမျှ ခွက်အလိုငှာ မအပ်။ ဆရာမြတ်တို့ကား ခံသော ခွက်အများ အပြစ်မရှိ။ စားသောအခါ တစ်ခွက်တည်း စားရသည်။ ဝမ်းပမာဏ သင့်ရုံယူအပ်သောကြောင့် တိုင် ပြင်ထည့်ခြင်းကို အပြစ်မဆိုသင့်။ နေရာရွှေ့ ၍ အထပ်ထပ်စားလျှင် အပြစ်မရှိ၊ ခွက်ကား ရာ ခွက်၌ရှိသော အရိုး၊ စပါးလုံး စသည်ကို လက် ယူ၍ ထွေးခံ၌သော်လည်း မစွန့်အပ်။ ကြံစုပ်သောအခါ တိုက်ကို မမျိုနိုင်ရကား လက်ဖြင့်ယူ၍ ခွက်၌ စွန့်အပ်ဇာ။ အရိုး၊ စပါးလုံးတို့ကား ဝါး၍မျိုသာလျှင် မျိုချ၊ မမျို လျှင် လက်ဖြင့်ယူ၍ ခွက်၌ မစွန့်ရ။ ပါးစောင်ဖြင့်သာ ၌လည်းကောင်း၊ ခွက်၌လည်းကောင်း စွန့်ရသည်။ ဘေး ထွေးခံမထားရ။

အချို့ကား ခံတွင်းသို့ရောက်သမျှ အရိုးစသည်တို့ကို ဖြည်းဖြည်းစား၍ မျိုချရမည်။ မမျိုမူ၍ထွေးလျှင် ရှုတင် ကြောင်းသည်ဟု အတ္ထကိုလမထနည်း ဆိုသီးကုန်ဇာ။ အချို့ကား ခွက် ရှိသမျှ အားလုံး ရောနယ်မွှေမှ ခြင်းသည်ဟု ပညာမဲ့ သဒ္ဓါလွန် ကားကျဲကုန်ဇာ။ ရောမွှေရသည် ဖြစ်သောစုကား လွန်တွင်ကျယ် သောကြောင့် စက်ဆုပ်၍ မစား နိုင်သဖြင့် ဤရှုတင်ကို ကျင့်လိုသူ သည်းပါးခြေဇာ။ ဘုရားရှင်သည် သန့်သန့်ရှင်းရှင်း စားခြင်းကိုသာ နှစ်သက်သော မြို့ကြီးသားဖြစ်ဇာ။ သဒိယ၌ ရွံဖွယ်ပြခြင်းကို များစွာ ဟဲ့ရဲ့တော်မူသည်ကို ထောက်ပါ။

(၇) ခလုပစ္ဆာဘတ္တိကရှုတင်

ဘောဇဉ်စားနေစဉ် ရှေးရှုဆောင်သော ဘောဇဉ်ကို တန်ပြီဟု တားမြစ်ပြီးနောက် ဣရိယာပုတ်တစ်ပါး၌ရသော ဘောဇဉ်ကို အပ်သောဝိနည်းကံပြု၍သော်လည်း မစားအပ်၊ ရှေးဦးစွာသော ဆွမ်းလုတ်၌ ပဝါရိတ်သင့်သောမည်သည် မရှိ။ မျိုပြီးနောက် တားမြစ်မှ ပဝါရိတ်သင့်သည်။ ထို့ကြောင့် ဥက္ကဋ္ဌသည် တားမြစ်သည်မှနောက် နောက်ထပ် ဆွမ်းလုတ်ကို မစားတော့။ ခံတွင်း၌ ရှိသမျှကိုသာ စား သည်။ မချုံကား တားမြစ်စဉ် ခွက်၌ရှိသမျှကိုသာ စား သည်။ နောက်ထပ်မယူ၊ မုဒုကား နေရာမှ မထမချင်း နောက်ထပ်ပေးသည်ကိုလည်း စားသည်။

ပဝါရိတ်သင့်ပြီးလျှင် ဝိနည်းကံဖြင့် အပ်အောင်ပြု၍ စားသောခဏ၌ သုံးယောက်လုံး ရှုတင်ပျက်ဇာ။ ဝိနည်းမပြု ဘဲ စားလျှင် အာပတ်လည်း သင့်ဇာ။ ရှုတင်လည်း ပျက်ဇာ။ ဤရှုတင်ကား ပျက်ခဲ့ဇာ။ နေ့စဉ် ဆောက်တည်သင့်သည်။

(၈) အာရညကင်ရှုတင်

ရွာနီးကျောင်းကိုပယ်၍ တော၌ အရဏ်တက်စေအပ်ဇာ။ တစ်အိမ်ရှိသောရွာ၊ အိမ်များစွာရှိသောရွာ၊ အရံရှိ,မရှိ ရွာ၊ လူနေဆဲရွာ၊ လူမနေဆဲရွာတို့သည် အယုတ်ဆုံး မိုး လေးလနေလျှင် ဂါမမည်ဇာ။

အယုတ်ဆုံး ကုလလေးတာ ငါးရာဝေးသောကျောင်း အတောင်အားဖြင့် (၂၀၀၀)အနည်းဆုံး ဝေးကွာသော ကျောင်းသည် အာရညကင်တောရကျောင်း မည်ဇာ။ အရံ ရှိသောရွာ တံခါးခုံမှ၊ အရံမရှိလျှင် ပထမခဲတက္ကမှစ၍

ပရိဝါသ်ဆောက်တော်များ အကြည်ညိုခံ၊ အပုတော်ခံ တွေ့လျှင်းစဉ်

www.burmeseclassic.com

www.burmeseclassic.com

ယာယီပရိဝါဝ်ကျောင်းဆောင်များ

သစ်ပင်ရင်းသည် ဘုရားရှင်၏ ဖွားရာ၊ ပွင့်ရာ၊ ဓမ္မစကြာဟောရာ နိဗ္ဗာန်စံရာဖြစ်၍ နိဗ္ဗာန်စံတော်မူပြီးသော ဘဘုရားထားတော်မူသော အမွေဖြစ်၏။ ဝိနည်းပါဠိတော်၌ ဤရုက္ခမူရုတင်ကို ဆောင်နွေရှစ်လသာ ဆောက်တည်အပ်သည်။ မိုးလေးလ မအပ်ဟု ပယ်သည်။ ကျောင်းရှိလျှင်ကား ဤရုတင်ကို မိုးလေးလလည်း မပယ်ဟု ဆုံးဖြတ်၏။

(၁၀) အင်္ဂောကာသိရုတင်

ကျောင်းအရံထိ တာအပ်၏။

ရွာသူရွာသားတို့၏အသံ ကြားလောက်အောင် ကျောင်းနှင့်ရွာ နီးကပ်သော်လည်းကောင်း၊ မြစ်စသည်မြား၍ ဖြောင့်ဖြောင့်မသွားနိုင်ခဲ့အံ့။ ပကတိသွားနေကျဖြစ်သော လမ်းခရီးကုန်းလမ်း၊ ရေလမ်းအတိုင်း တာအပ်၏။ ရွာနှင့်နီးကပ်သဖြင့် လမ်းဝေးအောင် ထိုထိုလမ်းငယ်တို့ကို ပိတ်ဆို၍ တောကျောင်းအင်္ဂါ ပြည့်စုံစေခြင်းငှာ ကြိုးစားလျှင် ဓူတင်သူနိုး မည်၏။

တောနေရဟန်းသည် ကိုယ်စိတ် ဆိတ်ငြိမ်၏။ ရောနှောသူကင်း၍ သန့်ရှင်း၏။ ဘုရားရှင်ဝမ်းမြောက်အောင် တတ်နိုင်၏။ တောနေရဟန်း၏ ခံစားရသော ဝိဝေကသုခကို နတ်သိကြားတို့သော်လည်း မခံစားရကုန်။

(၉) ရုက္ခမူရုတင်

တိုင်းကြား၊ နတ်ကြီး၊ အသီး၊ စေးထွက်
ခေါင်းသက်၊ ကျောင်းလယ်၊ လင်းနို့တွယ်၊
ရှောင်ဖွယ် ခုနစ်ပင်။

ဤသစ်ပင်ခုနစ်ပင်တို့ကို ဘေးရန်မကင်း သမာဓိပျက်လွယ်ခြင်း၊ မတည်ငြိမ်ခြင်းတို့ကြောင့် ပယ်သည်။ ဓူတင်ပျက်သည် မဟုတ်ပါ။

လူအများစုဝေးသောနေ့တို့၌ ရုက္ခမူရုတင်ဆောင်သူသည် နေမြဲသစ်ပင်အောက်၌ လူမြင်ခံမနေမူ၍ ဖုံးကွယ်ရာအရပ်တစ်ပါး၌ နေအပ်၏။ အုတ်၊ ကျောက်၊ သစ်ရွက်၊ မြက်၊ အင်္ဂတေ ငါးထွေသော အမိုးမိုးရာအရပ်၌ နေလိုသော ဆန္ဒဖြင့် ဝင်နေသောခဏ၌ ဓူတင်ပျက်၏။ ဖျာမိုး၊ ပျဉ်မိုးတို့၌လည်း ပျက်၏။ အဝတ်မိုး၌ မပျက်ဟု ဆို၏။

တရားနာခြင်းငှာ ဥပုသ်ပြုခြင်းငှာ ဥပုသ်အိမ်သို့ဝင်လျှင် အပ်၏။ ဝင်စဉ် မိုးရွာအံ့၊ မိုးရွာစဉ် မထွက်မူ၍ မိုးစဲသောအခါ ထွက်အပ်၏။ တရားဟော၊ စာပေပို့ချ သင်ကြားလိုရှိ၍ အမိုးတွင် ဝင်ခြင်းငှာ အပ်၏။ ဆွမ်းစားဧရပ် မီးတောင်းကုပ်သို့ဝင်၍ ဝတ်ကြီး,ဝတ်ငယ်ပြုခြင်းငှာ အပ်၏။

အမိုးငါးရပ်နှင့် သစ်ပင်အောက်သို့ဝင်သော ခဏ ဓူတင်ပျက်၏။ အင်္ဂုတ္တရနိကာယ်ဆောင်တို့ကား အရုဏ်တက်ချိန်ကိုသာ ယူ၏။ ထိုနေရာ၌ အရုဏ်တက်အောင်လျှင် ဓူတင်ပျက်၏။ ရုက္ခမူလည်း ထိုနည်းတူပင်ဖြစ်သည်။

(၁၁) သုသာန်ရုတင်

သူသေကောင် မြုပ်ဖူးသည်မှ သုသာန်လက္ခဏာသောကြောင့် မြုပ်ဘုတ်မီးရှို့ဖူးသော ကာလမှစ၍ (၁၂) တိုင်အောင် စွန့်ထားသော်လည်း သုသာန်မည်သည်တည်း။ သုသာန်၌ မဏ္ဍပ်ညောင်စောင်း သောက်ရေ၊ သုံးစသည်ကိုထား၍ စာပေပို့ချကာ မနေအပ်။ ဘေးရန်ကာကွယ်ခြင်းငှာ သံဃာ့မထေရ်ကြီး၊ ရပ်ရွာလူကြီးနှင့်စပ်သူတို့ကို သိအောင်ပြော၍ မမေ့မလျော့နေအပ်၏။

သုသာန်သို့ သွားသောအခါ၌လည်း လမ်းမကြီးမသွားဘဲ လမ်းယောင်လမ်းငယ်ဖြင့် မထင်မရှား သွားအပ်၏။ နေ့အခါကပင် ဤသစ်ငုတ်သစ်ပင်တောင်ပို့ ချုံစသည်ကို မှတ်သားထားအပ်၏။ ညအခါ ကြောက်အံ့ရာ မဖြစ်နိုင်။ ဘီလူး၊ ပြိတ္တာ စသည်တို့အသံ ကြားလျှင်လျှင် ခဲ၊ လုံတံ စသည်တို့ဖြင့် မပစ်ခတ်အပ်။ ဘီလူးပြိတ္တာတို့နှစ်သက်သော ဆီထွေးနှမ်းလှော် ပဲငါး၊ အမဲ၊ နို့ရည်၊ ဆီ၊ တင်လဲ စသော ဖုတ်လှော်

www.burmeseclassic.com

www.burmeseclassic.com

သင်းသည့် အစာတို့ကိုလည်း မစား
အပ်။ သုသာန်မှအပြန် ပြိတ္တာငွေ့ထုံ
ခြင်း၊ ဘုတ်ပြိတ္တာ ကပ်ပါလာ
တတ်ခြင်းတို့ကြောင့် ဒကာတို့၏
အိမ်သို့ မဝင်အပ်။ ဆရာမြတ်တို့
ကား ကြောက်တတ်လျှင် နှစ်ပါး၊
သုံးပါးအဖော်နှင့် သွားပါ။ တား
ဆားသောကျမ်းမရှိဟု ဆိုကျန်၏။
သုသာန်မသွားသောနေ့ ရှုတင်ပျက်
သည်။

ဟိုဂါဆိပ်ဆီးသန့်ရှင်းရေးကျောင်းတွင် ဘုရားရှိခိုးပွဲတော်အခမ်းအနားတွင်

(၁၂) ယထာသန္ဓတိရှုတင်

ဤကျောင်းသည် သင့်အား
ဆောက်သည်ဟု ညွှန်းချလျှင် ထိုကျောင်းဖြင့်သာ နှစ်သက်
ရာ၏။ တစ်ပါးသော ရဟန်းကို အဖယ်ခိုင်း၍ မနေအပ်။
ဒီမိုပုဂ္ဂလိကကျောင်းဖြစ်မူ သံဃာညွှန်းချဖွယ်မရှိ။ မုဒုကား
အနာရောဂါမရှိဘဲ ကျောင်းတစ်ပါးကိုယူခြင်း၊ မဇ္ဈိမကား
သွားကြည့်ခြင်း၊ ဥက္ကဋ္ဌကား နီးသလော၊ ဝေးသလော၊ ပူ
သလော၊ အေးသလော စသည့် မေးမြန်းခြင်းသည် လော
လုပ္ပ မည်၏။ ရှုတင်ညစ်နွမ်း၏။ ကျောင်းယူရာ၌ လျှပ်ပေါ်
လော်လီခြင်း ဖြစ်ကာမျှ၌ ရှုတင်ပျက်၏။

(၁၃) နေသဇ္ဈိရှုတင်

ညဉ့်သုံးယံတို့တွင် တစ်ယံထ၍ စကြံသွားအပ်၏။
ကျောချ၍ အိပ်သော ဣရိယာပုတ်တစ်ခုသာ မအပ်ပါ။
ဥက္ကဋ္ဌကား နောက်မှီကဲ့ ပျဉ်၊ ပုဆိုး၊ အာယောဂပတ်၊
အာယောဂပတ်ပြား သုံးခုမအပ်။ မဇ္ဈိမကား တစ်ခုခုအပ်၏။
မုဒုကား သုံးမျိုးလုံးအပ်သည်။ မှီစရာခေါင်းအုံး ဖြောင့်
စင်းစွာ အိပ်၍မရသော နောက်မှီ
အမြင့်ရှိသော ပက်လက်ကုလား
ထိုင် ညောင်စောင်းများလည်း အပ်
သည်ဟု ဆို၏။

အထက်ကိုယ် ဖြောင့်တန်း
တင်ပျဉ်ခွေထိုင်သော ရဟန်းသည်
မာရ်နှတ်စိတ်ကို ချောက်ချားစေ၏။
အထိုင်မွေ့သော ရဟန်းသည် အိပ်
ခြင်း၊ လှိမ့်ခြင်း၊ မှိန်းခြင်းဟူသော
အာမိသ ချမ်းသာကို စွန့်နိုင်၏။
လုံ့လ၊ ဝီရိယ ရှိ၏။ သာသနာ
တော် အင်ကြင်းတောကို တင့်တယ်စေ၏။ ကာမဂုဏ်
အာမိသကင်းသော ပီတိသုခကို ရနိုင်၏။ ထို့ကြောင့် ပညာ
ရှိသည် နေသဇ္ဈိရှုတင်ကို ဖန်ဖန်မယုတ် အားထုတ်သင့်
လှ၏။ (ဝိသုဒ္ဓိမဂ်အရသာ-၁၁၁)

ရှုတင်ဆောက်တည်ပုံ

(၁) ပံသုကူရှုတင်

ဂဟပတိဒါနစီဝရံ ပဋိက္ခိပါမိ၊
ပံသုကူလိကင်္ဂံ သမာဒိယာမိ။

ဂဟပတိဒါနစီဝရံ - ဒကာလက်ရောက်လှူသော
သင်္ကန်းကို၊ ပဋိက္ခိပါမိ-ပယ်ပါ၏။ ပံသုကူလိကင်္ဂံ-ပံသုကူ
သင်္ကန်း ဆောင်လေ့ရှိသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ကုသိုလ်စေ
တနာကို၊ သမာဒိယာမိ-ဆောက်တည်ပါ၏။

(၂) တိစီဝရိက်ရှုတင်

စတုတ္ထက စီဝရံ ပဋိက္ခိပါမိ၊

ကျွဲ၊ အား၊ ကျောင်းဆင်ဝင်က ကျွဲ၊ အား၊ ကျောင်းတို့ကို ကြေးဆင်လျှာ

www.burmeseclassic.com

www.burmeseclassic.com

တေစီဝရိကင်း သမာဒိယာမိ။

စတုတ္ထကစီဝရံ-ဝတ်လောက်ရုံလောက် လေးထည် မြောက်သင်္ကန်းကို၊ ပဋိဂ္ဂိပါမိ-ပယ်ပါ၏။ တေစီဝရိကင်း-သင်္ကန်းသုံးထည် ဆောင်လေ့ရှိသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ သမာဒိယာမိ-ဆောက်တည်ပါ၏။

(၃) ပိဏ္ဍပါတ်ခံတင်

အတိရေကလာဘံ ပဋိဂ္ဂိပါမိ၊

ပိဏ္ဍပါတိကင်း သမာဒိယာမိ။

အတိရေကလာဘံ-ပိုလွန်သောလာဘ်ကို၊ ပဋိဂ္ဂိပါမိ-ပယ်ပါ၏။ ပိဏ္ဍပါတိကင်း-ဆွမ်းခံသွားလေ့ရှိသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ သမာဒိယာမိ-ဆောက်တည်ပါ၏။

(၄) သပဒါနစာရိကခံတင်

လောပုပ္ပစာရံ ပဋိဂ္ဂိပါမိ၊

သပဒါနစာရိကင်း သမာဒိယာမိ။

လောပုပ္ပစာရံ-လျှပ်ပေါ်လော်လည်သော ဆွမ်းခံသွားခြင်းကို၊ ပဋိဂ္ဂိပါမိ-ပယ်ပါ၏။ သပဒါနစာရိကင်း-အိမ်စဉ်မပြတ် ဆွမ်းခံသွားလေ့ရှိသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ သမာဒိယာမိ-ဆောက်တည်ပါ၏။

(၅) ဧကာသနိကင်္ဂတင်

နာနာသနဘောဇနံ ပဋိဂ္ဂိပါမိ၊

ဧကာသနိကင်း သမာဒိယာမိ။

နာနာသနဘောဇနံ-အထူးထူးသောနေရာ၌ စားခြင်းကို၊ ပဋိဂ္ဂိပါမိ-ပယ်ပါ၏။ ဧကာသနကင်း-တစ်နေရာတည်း၌ စားလေ့ရှိသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ သမာဒိယာမိ-ဆောက်တည်ပါ၏။

(၆) ပတ္တပိဏ်ဓုတင်

ဒုတိယဘာဇနံ ပဋိဂ္ဂိပါမိ၊

ပတ္တပိဏ္ဍိကင်း သမာဒိယာမိ။

ဒုတိယဘာဇနံ-နှစ်ခုမြောက်သောခွက်ကို၊ ပဋိဂ္ဂိပါမိ-ပယ်ပါ၏။ ပတ္တပိဏ္ဍိကင်း-တစ်ခွက်တည်း ယူလေ့ရှိသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ သမာဒိယာမိ-ဆောက်တည်ပါ၏။

(၇) ခလုပစ္ဆာဘတ္တိကင်္ဂတင်

အတိရိတ္တဘောဇနံ ပဋိဂ္ဂိပါမိ၊

ခလုပစ္ဆာဘတ္တိကင်း သမာဒိယာမိ။

အတိရိတ္တဘောဇနံ-အတိရိတ်ဝိနည်းကဲ့ပြသော ဘောဇဉ်ကို၊ ပဋိဂ္ဂိပါမိ-ပယ်ပါ၏။ ခလုပစ္ဆာဘတ္တိကင်း-ပယ်မြစ်ပြီးသည်နောက်မှ ရသောဆွမ်းကို စားလေ့မရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ သမာဒိယာမိ-ဆောက်တည်ပါ၏။

(၈) အာရညကင်္ဂတင်

ဂါမန္တသေနာသနံ ပဋိဂ္ဂိပါမိ၊

အာရညိကင်း သမာဒိယာမိ။

ဂါမန္တသေနာသနံ-ရွာနီးကျောင်းကို၊ ပဋိဂ္ဂိပါမိ-ပယ်ပါ၏။ အာရညိကင်း-တောဋ္ဌေနလေ့ရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ သမာဒိယာမိ-ဆောက်တည်ပါ၏။

(၉) ရုက္ခမူလိကင်္ဂတင်

ဆန္နံ ပဋိဂ္ဂိပါမိ၊ ရုက္ခမူလိကင်း သမာဒိယာမိ။

ဆန္နံ-အမိုးမိုးသောအရပ်ကို၊ ပဋိဂ္ဂိပါမိ-ပယ်ပါ၏။ ရုက္ခမူလိကင်း-သစ်ပင်အောက်၌ နေလေ့ရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ သမာဒိယာမိ-ဆောက်တည်ပါ၏။

(၁၀) အဗ္ဘောကာသိကင်္ဂတင်

ဆန္နဉ္စ ရုက္ခမူလဉ္စ ပဋိဂ္ဂိပါမိ၊

အဗ္ဘောကာသိကင်း သမာဒိယာမိ။

ဆန္နဉ္စ-အမိုးငါးပါးကိုလည်းကောင်း၊ ရုက္ခမူလဉ္စ-သစ်ပင်ခြေကို

နဝမအကြိမ်ဝင်ပြုတော် ပရိဝါသ်ဆောက်တည်ပွဲနှင့် ပဟာဝင်္ဂာန်ချုပ်ဆောက်ပုံဇယားပွဲ
(ဒေအောင်ပွဲ) ရေးဆွဲချစ်ခင်ကျော်မှာ ပရိသတ်ခံပွဲများ

www.burmeseclassic.com

www.burmeseclassic.com

ကြည်းကောင်း၊ ပဋိက္ခိပါမိ-ပယ်
အဇ္ဈောကာသိကင်္-လွင်
ခြင်၌ နေလေ့ရှိသော ပုဂ္ဂိုလ်
ဖြစ်ကြောင်း ကုသိုလ်စေတနာ
သမာဒိယာမိ-ဆောက်တည်
ပါ၏။

၂) သုသာန်ဓူတင်

ခ သုသာနံ ပဋိက္ခိပါမိ၊
သာနိကင်္ သမာဒိယာမိ။

ခ သုသာနံ-သုသာန်မဟုတ်
နေရာကို၊ ပဋိက္ခိပါမိ-ပယ်
သောသာနိကင်္-သုသာန်၌
လေ့ရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊
ဒိယာမိ-ဆောက်တည်ပါ၏။

၃) ထထာသန္ထတိဓူတင်

သေနသနလောလုပ္ပံ ပဋိပက္ခပါမိ၊
ထထာသန္ထတိကင်္ သမာဒိယာမိ။

သေနသနာ လောလုပ္ပံ-ကျောင်းခံယူရာ၌ လျှပ်ပေါ်
လည်ခြင်းကို၊ ပဋိက္ခိပါမိ-ပယ်ပါ၏။ ယထာသန္ထတိ
-အကြင်,အကြင် ညွှန်းအပ်သောကျောင်း၌ ကိန်း
ဆောင်းလေ့ရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်း ကုသိုလ်စေတနာ
သမာဒိယာမိ-ဆောက်တည်ပါ၏။

၄) နေသဇ္ဇိကဓူတင်

သေယျံ ပဋိက္ခိပါမိ၊ နေသဇ္ဇိကင်္ သမာဒိယာမိ။

ဘေယျံ-ကိုယ်ဆန့်လျောင်းစင်း လဲအိပ်ခြင်းကို၊ ပဋိ
က္ခိပါမိ-ပယ်ပါ၏။ နေသဇ္ဇိကင်္-ထိုင်လေ့ရှိသော ပုဂ္ဂိုလ်
ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ သမာဒိယာမိ-
ဆောက်တည်ပါ၏။

ဤသို့ ဓူတင်(၁၃)ပါးကို ကျင့်ဆောင်ခြင်းဖြင့် ရရှိ
သောဓူတင်၏ ဂုဏ်ကျေးဇူးများမှာ-

အသက်မွေးမှု စင်ကြယ်ခြင်း၊ ချမ်းသာသောအကျိုးရှိ
အပြစ်ဒေါသကင်းလွတ်ခြင်း၊ သူတစ်ပါးကို မဆင်းရဲ
ခြင်း၊ ဘေးရန်ကင်းလွတ်ရခြင်း၊ မနှိပ်စက် မညှဉ်းပန်း
ခြင်း၊ ကုသိုလ်တိုးပွားခြင်း၊ မဆုတ်ယုတ်နိုင်ခြင်း၊ မာယာ
ရှိခြင်း၊ ကိုယ်ကို စောင့်ရှောက်ခြင်း၊ တောင့်တအပ်သည်
ကို ပေးနိုင်ခြင်း၊ သတ္တဝါအားလုံးကို ဆုံးမနိုင်မှု စောင့်စည်း
ရှိခြင်း၊ တူညီသောစီးပွားရှိခြင်း၊ သူတော်ကောင်းအား
လျော်ကန်ခြင်း၊ သူတစ်ပါးကို မမှီရခြင်း၊ လာဘ်၌ မက်မော
မှုမှ ကင်းလွတ်ခြင်း၊ ရာဂကုန်ခန်းလွယ်ခြင်း၊ ဒေါသကုန်
ခန်းလွယ်ခြင်း၊ မောဟကုန်ခန်းလွယ်ခြင်း၊ မာနကို ပစ်ပယ်
နိုင်ခြင်း၊ မကောင်းသောအကြံကို ပယ်ဖြတ်နိုင်ခြင်း၊ ယုံမှား
မှုကို လွတ်မြောက်ရခြင်း၊ ပျင်းရိမှုကို ဖျက်ဆီးနိုင်ခြင်း၊
မမွေ့လျော်မှုကို ပယ်နိုင်ခြင်း၊ အရာရာတွင် သည်းခံနိုင်ခြင်း၊
အတုမရှိခြင်း၊ ယှဉ်ပြိုင်ဘက်ကင်းခြင်းနှင့် အလုံးစုံသော
ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ပေါက်မြောက်ခြင်းတို့ဖြစ်ပြီး ဖော်
ပြပါ ဓူတင်(၁၃)ပါးကို ကျင့်ထိုက်သူ(၁၀)ဦး ရှိပါသည်။

၄င်းတို့မှာ-

(၁) ယုံကြည်မှုသဒ္ဓါရှိသူ၊ (၂) မကောင်းမှုမှ ရှက်
တတ်သူ၊ (၃) သမာဓိရှိသူ၊ (၄) အံ့ဖွယ်ကို မပြုတတ်သူ၊
(၅) အကျိုးကို ထုံလေ့ရှိသူ၊ (၆) မလျှပ်ပေါ်သူ၊ (၇) သိက္ခာ
အကျင့်ကိုလိုလားသူ၊ (၈) မြိန်ရှာဆောက်တည်မှုရှိသူ၊ (၉)
မကဲ့ရဲ့တတ်သူ၊ (၁၀) မေတ္တာပွား၍ နေလေ့ရှိသူတို့ဖြစ်
ကြောင်း ရေးသားတင်ပြ ဓမ္မဗဟုသုတ ကမ်းဆင့်ဆက်သီ
ရင်းဖြင့်-

ဤဆောင်းပါးဖြစ်မြောက်ရေးအတွက် အာဘ်အာမ်မှ
ဝိုင်းဝန်းကူညီပံ့ပိုးလမ်းညွှန်ပေးသည့် ကညွတ်ကွင်းမြို့၊
ပုသိမ်ကျောင်းဆရာတော်၊ ဝိတ်ဖြူတောရကျောင်းဆရာ
တော်နှင့် မိမိစာဆိုမိတ်ဆွေ အရှင်ပညာနန္ဒ(ငြိမ်းဆွယ်)
တို့အား ဂုဏ်ပြုမှုတ်တမ်းတင်၍ ဦးညွှတ်ပူဇော်လိုက်ပါ၏။

ကိုဇရွေမြသန်း(သမိုင်း)

မှီငြမ်း * ဘဒ္ဒန္တကောဝိဒါဘိဝံသ၏
ဝိနည်းပဒေသာသင်တန်း (ဒုတိယတွဲ)။

www.burmeseclassic.com

www.burmeseclassic.com

ပင်းပြင်ဦး
တော်ကဆုန်
ညောင်ရေသွန်းချိန်မို့

ထွေကာစုပါလို့၊ ပုရစ်ခွေ တမာနုမှာကွယ် ကျေးဥစ်စီ
ခင်တန်းလျှို သပြေပင်က၊ ရွှေသဇင်သုတ်လေနှောပြီ
တော့၊ နေဝင်လျှင် ဘုတ်တွေရောပါလို့၊ အုတ်ရွှေဩရယ်က တွန်းပို့
ဌာနီနှင့်ကွာဝေး။
ဖန်ခါခါ လမွှရာ စည်ဦးဆွတ်ပေမို့၊ ဝသန်ခါဆည် မချိုပြီဟု၊ ပူမိသည်မှော်ရဂုံ

www.burmeseclassic.com

www.burmeseclassic.com

ဆုန် ညောင်ရေသွန်းချိန်မို့၊ ဖော်မစုံ အောင်မြေကွန်း လွမ်းလိုက်လှသေး။

(ဦးကြော့)

ဆုန်လသည် မြန်မာ့ဆယ့်နှစ်လတွင် ဒုတိယမြောက် နွေဘုတ္ဍ ပါဝင်သည်။ ကဆုန်လကို ပုဂံခေတ်ထိုး စာတို့တွင် ကုဆုန်ဟု အရေးများပြီး ထိုမှ ကဆုန်သို့ ပြောလာသည်ဟု ယူဆကြသည်။ ဤတွင် ကု-ကဗျဒ် ရေဟု အနက်ရှု၍ ဆုန်မှာ သွန်းလောင်းသည်ဟု ဆိုသဖြင့် ကဆုန်လကို ရေသွန်းလောင်းသောလဟု ယူကြသည်။ မည်သည့်အရာကို သွန်းလောင်းပါ သနည်းဆိုသော် မြတ်စွာဘုရား သစ္စာလေးပါးကို ပိုင်းခြား ဟောတော်မူရာ မဟာဗောဓိပင်မှား ဗောဓိပင်များကို သွန်း လောင်းသည်ဟု ဖြေဆိုရပေမည်။

ဆုန်လသည် ပြိဿရာသီဖြစ်၍ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်ကာ ကြတ္တိကာနက္ခတ်နှင့် နေမင်းတို့ ပြိုင်ကြသည်။ ယှဉ်သောတာရာမှာ တံငါတာရာဖြစ် ရာသီရုပ်မှာ နွားလားဥသဘရုပ်ဖြစ်၍ ရာသီပန်းမှာ ပေါပန်းဖြစ်သည်။ ဤလတွင် နေနာရီ(၃၂)နာရီနှင့် လရီ(၂၈)နာရီရှိကြပြီး နေထွက်နာရီ (၅)နာရီ (၃၆)မိနစ်၊ လနာရီ (၆)နာရီ (၂၄)မိနစ် အသီးသီးရှိကြသည်။ မွန်း တည့်ဝေါးမှာ (၂)ဖဝါးဖြစ်သည်။ ရက်စုံကွယ်သောလဖြစ် ကြောင့် ရက်ပေါင်း(၃၀)ရှိ၏။

ဆုန်လ၏ ပတ်ဝန်းကျင်ရာသီဥတု အခြေအနေများ ကဆုန်အတွင်း မြေသင်းပုံပုံ၊ မိုးနှဲနှဲဟု မြန်မာမင်း ဆုံးမပုံစာတမ်းတွင် ဖော်ပြထားပြီး ကဆုန်လတွင် မြေ ပြန်အောင် မိုးရွာပုံဆော့သည် ဆိုလိုသည်ဟု ဖွင့်ဆို သည်။

ဗုဒ္ဓဘာသာဝင်တို့သည် ကဆုန်လတွင် ရာသီပွဲအဖြစ် ညောင်ရေသွန်းပွဲကို ကျင်းပကြမြဲဖြစ်သည်။ ညောင်ရေသွန်း ခြင်းမှာ မြတ်စွာဘုရား သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ ဗောဓိညောင်ပင်ကို ရည်စူးပူဇော်ခြင်းဖြစ်သည်။ ဗောဓိပင် သည် ဘုရားရှင်၏ ဖွားဖက်တော်ခုနစ်ပါးတွင် တစ်ပါးအပါ အဝင်ဖြစ်သည့်အပြင် ပရိဘောဂစေတီလည်းထိုက်သော ကြောင့် ထိုဗောဓိပင်ကို ဘုရားရှင်သက်တော်ထင်ရှားရှိစဉ် တွင် ဘုရားရှင်၏ ခွင့်ပြုချက်ဖြင့် ဘုရားရှင်ကိုယ်စား ကိုယ်စားပြုခဲ့ကြကြောင်း တေရသကနိပါတ်၊ ကာလိင်္ဂဗောဓိဇာတ် တော်ပြထားသည်။

ကဆုန်လသည် နွေရာသီ၏ အလယ်ဗဟိုဖြစ် ကျရောက် နေသည့်အားလျော်စွာ ကဆုန်,နယုန် ဆွေ့ဆွေ့ခုန် ဆိုရိုး စကားနှင့်အညီ ဆွေ့ဆွေ့ခုန်မျှ အပူရှိန်လွန်ကဲပြင်းထန်လှ သောလဖြစ်သည်။ ယင်းသို့ အပူရှိန်လွန်ကဲမှုကြောင့် တန်ခူး ရေကုန်၊ ကဆုန်ရေခန်း ဆိုရိုးစကားအရ အင်း၊ အိုင်၊ ကန်၊ ချောင်း၊ ရေနုတ်မြောင်းများတွင် ရေများ ခန်းခြောက်လေ့ရှိရာ အချို့သစ်ပင်ပန်းမန်များ နွမ်းခြောက်ညှိုးခွေ သေကျေပျက် စီးကြရသည်။ သို့ဖြစ်ရာ ဗုဒ္ဓဘာသာဝင်တို့သည် ပရိဘောဂ စေတီထိုက်သော ဗောဓိညောင်ပင်များ မညှိုးမနွမ်း လန်း ဆန်းရှင်သန်စေရန်ရည်ရွယ်လျက် ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းလောင်း ပူဇော်ကြခြင်း ဖြစ်သည်။ ကုဆုန်၊ ကဆုန်ဟူသော လ,အမည်အခေါ်အဝေါ်များ အလွန်ရှေးကျ သည်ကိုထောက်၍ မြန်မာနိုင်ငံသို့ ဗုဒ္ဓဘာသာတော် ရောက်စ အချိန်ကပင် မဟာဗောဓိပင်ဖွား ဗောဓိပင်များကို စိုက်ပျိုး ကိုးကွယ်ခဲ့ကြဟန်ရှိပြီး ညောင်ရေသွန်းပွဲတော် ကျင်းပသည့် ဓလေ့လည်း တစ်ပြိုင်တည်းဖြစ်ပေါ်ခဲ့ဟန်ရှိသည်ဟု အချို့က ယူဆကြသည်။

စာပေအထောက်အထားများအရသော် မြန်မာသက္ကရာဇ်(၆၈၄)ခုနှစ်တွင် ပင်းယ၌ နန်းတက်သော ဥဇနာမင်း သည် ပင်ကြားအရပ်၌စံကား ခုနစ်ကျောင်းနှင့် ကျောင်း ပေါင်း(၃၀၀)ကျော် ဆောက်လုပ်၍ မဟာဗောဓိမျိုးစေ့ကို ကိုယ်တော်တိုင် စိုက်ပျိုးပြီးလျှင် ထိုဗောဓိပင်ကိုလည်း ဝတ္ထု ကံမိုးမြေနှင့်တကွ အလုပ်အကျွေးများကိုပါ လှူဒါန်းတော် မူကြောင်း ထိုဥဇနာမင်းမှစ၍ ညောင်ရေသွန်းပွဲတော်များကို သားတော်အစဉ် မြေးတော်အဆက်၊ မြစ်တော်အညွှန့်၊ အခွန့် ရှည်စွာ ကျင်းပလာခဲ့ကြသည်မှာ ယခုတိုင်အောင်ပင် ဖြစ် ကြောင်း သိရှိရသည်။ ဤကဲ့သို့ ဗောဓိပင်စိုက်ပျိုးလှူဒါန်း ရသောကောင်းမှုကြောင့် ကမ္ဘာ(၃၀)တိုင်အောင် နတ်ပြည်၌ ဖြစ်ရခြင်း၊ စကြဝတေးမင်း (၆၄)ကြိမ်ဖြစ်ရခြင်း၊ လူဖြစ် လျှင်လည်း စည်းစိမ်ချမ်းသာနှင့်ပြည့်စုံခြင်း၊ ရဟန္တာအဖြစ် ရရှိခြင်းဟူသော အကျိုးလေးပါးကိုလည်းကောင်း၊ ဗောဓိ ပင်ကို ညောင်ရေသွန်းလောင်းရသောကောင်းမှုကြောင့် နတ် ပြည်၌ဖြစ်ရခြင်း၊ အပါယ်လေးပါးသို့ မလားရောက်ခြင်း၊ စကြဝတေးမင်း ရှစ်ကြိမ်ဖြစ်ရခြင်း၊ ဘုရားရှင်လက်ထက် ဝယ် ပဋိသန္ဓေဒါယကာမိဘုရဟန္တာ ဖြစ်ရခြင်းဟူသော အကျိုးလေး ပါးကိုလည်းကောင်း အသီးသီးရရှိနိုင်ကြောင်း ကျမ်းလမ်းများ၌ ပြဆိုထားသည်။

www.burmeseclassic.com

www.burmeseclassic.com

ညောင်ရေသွန်းပွဲနှင့်စပ်လျဉ်း၍ ဆရာမင်းသုဝဏ်က ဤညောင်ရေသွန်းပွဲကို အကြောင်းပြု၍ မြန်မာမှုတွင် ညောင်ရေအိုး၊ ညောင်ရေအိုးစင်၊ ညောင်ရေအိုးပန်း၊ ညောင်ရေအိုးရေသောက်၍ သစ္စာပြုသည် စသည်တို့ ပေါ်ပေါက်လာသည်ဟု ထင်မှတ်ရန်ရှိပါသည်ဟု ဖော်ပြခဲ့သည်။

ကဆုန်လပြည့်နေ့သည် ကောင်းကျိုးချမ်းသာကို ထူးခြားစွာပေးနိုင်သော ဝိသာခါနက္ခတ်နှင့် စန်းခေါ် တနလာဂြိုဟ် လမင်းတို့ ယှဉ်တွဲပေါ်ထွက်လာသောအခါ သမယဖြစ်သောကြောင့်လည်းကောင်း၊ တစ်လ၏ ပန္နရသီပုဏ္ဏာတိထီဖြည့်ညီသောကြောင့်လည်းကောင်း၊ အခြားလပြည့်နေ့များထက် ထူးကဲမြင့်မြတ်လှသည့်အားလျော်စွာ ရှေးမြန်မာမင်းများသည် ဤကဆုန်လပြည့်နေ့မှာပင် ရာဇဘိသေကမင်္ဂလာသဘင် ဆင်ယင်ကျင်းပမြဲဖြစ်ကြောင်း မဃဒေဝလင်္ကာသစ်၌ မုဒ္ဒါဘိသိက်၊ ကျွန်းလုံးထိပ်မှု၊ အောင်ဟိတ်မင်္ဂလာ၊ ခံအံ့ဌာဟု၊ မဟာကဝိန်၊ သုခမိန်တို့၊ နှိုင်းချိန်ပညာ၊ နန်းစဉ်စာနှင့်၊ ညီစွာမကျူး၊ နှစ်သစ်ကူး၍၊ တန်ခူးကုန်ထ၊ ကဆုန်လ၌၊ ဘိသေကပွဲ၊ ခံမြဲများစွာ၊ ခမ္မတာဖြင့် စသည်ဖြင့် စပ်ဆိုထားသည်။

လောကဌ် ထူးကဲမြင့်မြတ်သော အဖြစ်အပျက်တို့သည် ထူးကဲမြင့်မြတ်သော အချိန်ဌာနလျှင် ဖြစ်ထွန်းပေါ်ပေါက်မြဲဖြစ်သည်။ ကဆုန်လပြည့်နေ့ကား ဗုဒ္ဓဘာသာဝင်တို့၏ ထူးကဲမြင့်မြတ်လှသော နေ့ထူးနေ့မြတ်ကြီး ဖြစ်ပေ၏။ ဗျာဒိတ်ဖွားမြင် ဗောဓိပင် စံဝင်နိဗ္ဗာန်နန်းဟူသော စာဆိုနှင့် အညီ ထိုနေ့တွင် အလောင်းတော် သုမေဓာရှင်ရသေ့သည် ဘဒ္ဒကမ္ပာ၌ ဂေါတမအမည်ဖြင့် လေးဆူမြောက် ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ဟု ဒီပင်္ကရာမြတ်စွာဘုရားထံမှ နိယတဗျာဒိတ် ခံယူရရှိခဲ့ခြင်း၊ အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ်(၆၈)ခုနှစ်၊ ကဆုန်လပြည့်သောကြာနေ့တွင် လုမ္ဗိနီဥယျာဉ်၌ ဖွားမြင်ခဲ့ခြင်း၊ ဘုရားရှင် သစ္စာလေးပါးကို ဝိုင်းခြားသိမြင်တော်မူရာ မဟာဗောဓိပင်ပေါက်သောနေ့ဖြစ်ခြင်း၊ သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဘုရားအဖြစ်သို့ ရောက်ရှိခဲ့ခြင်းနှင့် မဟာသက္ကရာဇ်(၁၄၈)ခုနှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့တွင် ဘုရားရှင်သည် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ခြင်းတို့သည် ကဆုန်လပြည့်နေ့၏ ထူးမြတ်သော ဝိသေသလက္ခဏာများဖြစ်ကြပေရာ ဗုဒ္ဓဘာသာဝင်တို့သည်

ကဆုန်လပြည့်နေ့ကို ဗုဒ္ဓ
ဟု သတ်မှတ်ခဲ့ကြသည်။

ဤနေ့တွင် ဗုဒ္ဓဘာသာဝင်တို့သည် ညောင်ရေသွန်း
ကို ဆင်နွှဲကြသည်သာမက လောကီစီးပွားရေးများကို ရ
နား၍ ကျောင်းကန်ဘုရားများသို့ သွားရောက်ကာ ဒါန
သီလ၊ ဘာဝနာ ကုသိုလ်တရားများကို စွမ်းအားရှိသမျှ ပွား
များအားထုတ်ကြသည်။ အချို့ကလည်း ကုသိုလ်တရားများ
တိုးပွားသည်ထက် တိုးပွားစေရန် ကဆုန်လပြည့်နေ့တွင်
ဘုရားဖြစ်တော်မူခဲ့သည့် အထိမ်းအမှတ်ကိုရည်မှန်း၍ ဗုဒ္ဓ
ရုပ်ပွားတော်နှင့် ဥဒ္ဒိဿစေတီတော်များကို ဗုဒ္ဓါဘိသေ
မင်္ဂလာသဘင် အနေကဇာတင် ဆင်ယင်ကျင်းပ၍ ပုညကြ
ယာမင်္ဂလာကုသိုလ်အထူးကို ဆည်းပူးအားထုတ်ကြသည်

ညောင်ရေသွန်းပွဲတော် ဆင်နွှဲခြင်းသည် မြန်မာလူမျိ
တို့၏ ဘာသာရေးအမွေအနှစ်နှင့် ရိုးရာယဉ်ကျေးမှုအ
အလာများကို အခွန့်ရှည်စွာ တည်တံ့ခိုင်မြဲအောင် ထိ
သိမ်းစောင့်ရှောက်ခြင်းလည်း မည်ပေသည်။

ဤကဲ့သို့ ထူးကဲမွန်မြတ်လှသော ကဆုန်လပြည့်
နေ့ အခါသမယတွင် မြတ်စွာဘုရား၏ အဆုံးအဖြစ်
သာသနာတော်ကို မိမိတို့၏သန္တာန်၌တည်အောင်၊ မကြေ
မှု အကုသိုလ်တရားများကို မပြုလုပ်မိအောင် ကိုယ်၊ နှ
နှလုံး သုံးပါးလုံးအား ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကြေ
မှုကုသိုလ်တရားများကို ပြုလုပ်ဖြစ်အောင် အားထုတ်ခြ
မိမိစိတ်ကို ဖြူစင်အောင် သမ္မထဝိပဿနာတရားတို့
ထုံမွမ်းခြင်းအားဖြင့် ကြိုးစားဆောင်ရွက်ကြပါစို့ဟု ဂု
တွန်းနှိုးဆော်လိုက်ရပေသည်။

မင်းမြင့်

www.burmeseclassic.com

နှလုံးသုခ သွေးသန့်အားတိုးဆေး

နှလုံးသုခ(သွေးသန့်)
0601 Y 2128

ဤဆေးသည် နှလုံးတုန်၊ ရင်ခုန်ခြင်း၊ မောပန်း၊ မူးဝေခြင်း၊ နှလုံးစူးအောင့်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ အိပ်မပျော်၊ စားမဝင်သူများ၊ စိတ်နှလုံးနောက်သူများ၊ သွေးဆုံးမီးယပ် ရောဂါသည်များ၊ မီးယပ်သွေးဆင်းပွန်သူများနှင့် အထူးသင့်လျော်ပါသည်။

အမျိုးသား၊ အမျိုးသမီးများ အထွေထွေအားနည်းခြင်းအတွက် အားဆေးကောင်းတစ်လက်ဖြစ်သည်။

ကလေးငယ်များအား ရွေးစေ့ခန့် မပြတ်ခွန့်ပေးပါက ကျောက်၊ ကသက် စသောရောဂါများအတွက် ကာကွယ်နိုင်ပါသည်။

လူကြီး – ဆေးတစ်ပဲသားခန့်
တစ်နေ့ (၂)ကြိမ်မှ (၃)ကြိမ် သောက်သုံးသင့်သည်။

ရောင်းချရာနေရာ

ဆေးလိပ်ပြုန်ချီရောင်း - ဖဒ၅၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ ☎ ဝ၅၇-၂၁၈၃၆

အကြောသုခ ဒဏ်ကြွေလိမ်းဆေး

အကြောသုခ(ဒဏ်ကြွေလိမ်းဆေးအဆီ)
0203 Y 4340



0203 Y 4340

အကြောသုခ(ဒဏ်ကြွေလိမ်းဆေးအမျည်း)
0502 Y 3750

ဤလိမ်းဆေးသည် အရိုးအဆစ် နာကျင်ကိုက်ခဲခြင်း၊ အဆစ်လွဲခြင်း၊ အကြောဟာင်၊ အကြောညှပ်၊ အကြောထုံခြင်း၊ ဒဏ်ကြောတက်ခြင်း၊ ထုံကျင်ကိုက်ခဲခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ လေငန်းရောဂါတို့ကိုပါ အထူးပျောက်ကင်းစေပါသည်။

ရောင်းချရာနေရာ

ဆေးလိပ်ပြုန်ချီရောင်း - ဖဒ၅၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ ☎ ဝ၅၇-၂၁၈၃၆

www.burmeseclassic.com

ပုရောဟိတ်-ဆရာဦးမြတ်စံ

ဒေါင်တစ်ရာ့ရှစ်ကွက်အင်းနှင့် နိုင်ငံခြားခရီး

တစ်နေ့သောနံနက်ခင်း ကျွန်ုပ်၏ အယူတော်မင်္ဂလာ ဗေဒင်ဟောပြောခန်းသို့ သားအမိနှစ်ယောက် ဗေဒင်လာမေးကြပါသည်။ တစ်ဦးနှင့်တစ်ဦး နင်အရင်မေး၊ ငါအရင်မေးဟု မေးငေါ့ပြောနေကြရာမှ ကျွန်ုပ်ကပင် ကြားဝင်၍ အသက်ကြီးတဲ့လူကို ဝါစဉ်အရ အရင်ဟောပေးပါမယ်ဟု ပြောလိုက်မှပင် အဆင်ပြေသွားပါတော့သည်။

ကျောင်းဆရာကြီးတစ်ဦး၏ဇနီး ဆရာကတော်ဖြစ်ကြောင်း ဗေဒင်မေးသူ၏ ပြောပြချက်အရ သိရပါသည်။ သားဖြစ်သူက ဌာနဆိုင်ရာတွင် တာဝန်ထမ်းဆောင်နေသော အရာရှိတစ်ဦးဖြစ်ကြောင်း၊ ယခုထက်ိုင် ရာထူးမတက် သေးသဖြင့် သားကိုယ်စား ဗေဒင်လာမေးခြင်းဖြစ်ကြောင်း ပြောပြပါသည်။ မိခင်ဖြစ်သူ ဗေဒင်မေးခြင်းမဟုတ်ဘဲ သားဖြစ်သူ အတွက်မေးခြင်းဖြစ်၍ ဆရာကြီးရန်ကုန်ကျော်ရင်၏ နည်းစနစ်ဩဝါဒအရ မွေးနေ့ကိုရွေး သတိပြု၊ ၄င်းအပြင် ကိုယ်စားမေးပါက မေးသူ၏ နာမည်၊ အဝတ်အစားအရောင်ကိုပါ ပရိယာယ်နိမိတ်တစ်ခုအဖြစ် စဉ်းစားဟောပြောရကြောင်း ပြန်၍သတိရမိပါသည်။

ဆရာကြီးရန်ကုန်ကျော်ရင်၏ ဆရာ့ဆရာကြီး ဦးသိန်းထွန်းဆိုလျှင် အဖော်ပါလာသူ၏ ကံကြမ္မာကိုပါ ထည့်သွင်းဟောပြောလေ့ရှိပါသည်။ ယခုလည်း မိခင်ဖြစ်သူမှာ ပါလာသော လက်ပွေ့အိတ်ကြီးကိုပိုက်လျက် မကြာခဏဆိုသလို နားကို လက်ဖြင့်နှိုက်၍ မေးနေပါသည်။

ထိုအခါမှ ဆရာသခင် သင်ကြားပေးသော ဆန်းစစ်နည်းအရ-

"အစ်မကြီးရဲ့သားဟာ ငွေကြေးကိစ္စ ပြဿနာပေါ်နေပါတယ်။ နောက်ပြီး သားဖြစ်သူရဲ့ မကောင်းသတင်းကိုလည်း တစ်ဆင့်စကားကြားပြီး ဖြစ်ပါလိမ့်မည်"

ဟု ဟောကိန်းထုတ်လိုက်ရာ ကာယကံရှင်မိခင်ကြီးက-

"ဟုတ်ပါတယ် ဆရာရယ်၊ ဌာနငွေတွေကို ယာယီယူသုံးပြီး လောင်းကစားလုပ်လို့ ဌာနက Explanation ထုချေလွှာတောင်းခံထားတယ်လို့ သိရပါတယ် ဆရာ"ဟု ကျွန်ုပ်အား ရှင်းပြပါသည်။

ကျွန်ုပ်က "ဒါတင်ဘယ်ကမလဲ၊ ငွေကြောဟမ္မက ဖြစ်ပြီးဖြည့်သည့်တိုင်အောင် ဘဏ္ဍာရေးစည်းမျဉ်းအရ Temporary Misappropiation ယာယီအလွဲသုံးစားမှုပါ။ ဌာနဆိုင်ရာ အရေးယူခြင်း ခံရပါမယ်။ ရာထူးချခြင်း၊ နှစ်တိုးရာထူး မစဉ်းစားခြင်း ခံရတတ်ပါတယ်"ဟု ရှင်းပြလိုက်ပါသည်။

အလားတူပင် ဘေးမှာထိုင်နေသော ဒေါက်တာသန်းဝင်း၏ ပညာတော်သင် ပြည်ပခရီးနှင့် ရာထူးအပြောင်းအရွှေ့ကိစ္စကိုပါ ထည့်သွင်းဟောကြားလိုက်ပါသည်။

ထိုအခါမှ ဆရာမဒေါက်တာသန်းဝင်းက ကျွန်ုပ်သောင်မတင် ရေမကျ ဖြစ်နေတဲ့ကိစ္စကို သိချင်လို့ လာတာပါ။ ဆရာရဲ့ပညာအရ မမေးခင်က ဖြေနှင့်သည် သိလို အခုမှပဲ ရင်အေးရပါတော့တယ်။ ပြည်ပ ပညာထောသင်ခရီးရယ်၊ ရာထူးတစ်ဆင့်တက်ပြီး အပြောင်းအရွှေ့ကိစ္စမှာ မကြာခင် အကောင်ထည်ပေါ်တော့မည်ဖြစ်ကြောင်း ရှင်းပြလိုက်ပါသည်။

ဒါပေမဲ့ မိခင်ဖြစ်သူက သားကြီးအတွက် ရတနာမအေး ဖြစ်နေသဖြင့် မိခင်ကြီး ဘဝင်ကျ ရင်အေးသွားအောရန်၊ အပူသောကမီးများ ငြိမ်းအေးသွားစေရန် အောက်ပြပါအင်းကို စီရင်ပြီး မိခင်ကြီးဒေါ်စုစုလွင်၏ မွေးနေ့ထူးမွေးနံ့ထောင့်တွင် ဖယောင်းတိုင်မီးညှိပူဇော်ရန် ညွှန်ကြားလိုက်ပါသည်။

အင်းဖံမှာ သီတာရေချမ်း ငြိမ်းအောင်ဖျန်းဖြစ်ပါသည်။

သားဖြစ်သူအားလည်း နောက်နောင်အလားတူဖြစ်ပေါ်မျိုး မကျူးလွန်မိရန် အကြောင်းကြား ဆုံးမသင့်ကြောင်း ရှင်းပြလိုက်ပါသည်။ နောက်တစ်ဆင့်တက်မည့် ရာထူးတိုးအတွက် ကျွန်ုပ်၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောရွက်ရန် မိခင်ဖြစ်သူမှ တာဝန်ယူရန် ပြောကြားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သီ	တာ	ရေ	ချမ်း	ရေ	တာ	သီ
တာ	အ	ကြီ	ညိမ်း	စိတ်	ချမ်း	တာ
ရေ	စေ	အောင်	အောင်	စေ	သာ	ရေ
ချမ်း	ညိမ်း	အောင်	ဖျန်း	အောင်	ညိမ်း	ချမ်း
ရေ	ကိုယ်	ကျန်း	အောင်	သော	က	ရေ
တာ	စေ	မာ	ညိမ်း	စေ	ကင်း	တာ
သီ	တာ	ရေ	ချမ်း	ရေ	တာ	သီ

ရုပ်အင်း(သီတာရေချမ်းအင်း)

၆	၇	၄	၂	၄	၇	၆
၇	အ	ကြီ	၃	စိတ်	ချမ်း	၇
၄	စေ	အောင်	၁	စေ	သာ	၄
၂	၃	၁	၅	၁	၃	၂
၄	ကိုယ်	ကျန်း	၁	သော	က	၄
၇	စေ	မာ	၃	စေ	ကင်း	၇
၆	၇	၄	၂	၄	၇	၆

နာမ်အင်း

သမီးဖြစ်သူ ဒေါက်တာသန္တာဝင်းအားလည်း ယခုရရှိသည့် အခွင့်အလမ်းကောင်းများကို လက်မလွတ်ရန်နှင့် မြင်းကောင်းခွာလိပ် မဖြစ်ရန်အတွက် အောက်ပါအောင်(၁၀၈)ကွက်ဂါထာကို တစ်နေ့လျှင် (၁၀၈)ခေါက်ရွတ်၍ ဆီမီးပူဇော်ရန် ညွှန်ကြားလိုက်ပါသည်။

ထောင့်လေးကွက်တွင် ရာထူးတိုးစေ၊ စည်းစိမ်တိုးစေ၊ ဘွဲ့တိုးစေ၊ မိမိဆန္ဒရှိရာ ရေးသွင်းဆုတောင်းပါ။ ငွေပြား၊ ကြေးပြားတွင် စီရင်ပါ။ ကြေးကမ္မဝါတွင် စီရင်နိုင်လျှင် ပိုကောင်းပါသည်။ ဆရာဖြစ်သူက (၉)ပါးသီလ(နဝင်္ဂသီလ) ခံယူဆောက်တည်ပြီးမှ ထိုအင်းကို စီရင်သင့်ပါသည်။ အင်းနှင့်ပတ်သက်သော အင်းစောင့်၊ ဆေးစောင့် သမ္မာဒေဝနတ်ကောင်းနတ်မြတ်တို့ကို အရင်ဆုံးပင့်ဖိတ်၍ ပထဝီဇယမန္တန် မေတ္တာသုတ်ကို ရွတ်ဖတ်ပြီး အင်းဆွဲမည့် ကညစ်တံ ရွေးပြား၊ ငွေပြားတို့ကို မိမိအင်းစီရင်မည့် ခုံပေါ်တွင် ပိတ်ဖြူခင်း၍ တင်ထားပါ။ ထို့နောက် မြတ်စွာဘုရား အမျှူးပြုသော အနန္တောအနန္တငါးပါးအတွက် အလင်းတိုင်(၅)တိုင်၊ နံ့သာတိုင်(၅)တိုင်၊ သောက်တော်ရေခွက်(၅)ခွက်ကို ဆက်ကပ်လှူဒါန်းပါ။

အင်းကျိုးခြင်း၊ အင်းကန်းခြင်း မဖြစ်ရန် အင်း၏အင်္ဂါနှင့် ညီညွတ်စေရန် လိုက်နာဆောင်ရွက်ပြီး အင်းကိုစီရင်ပါ။ အင်းစီရင်ပြီးသောအခါ စီရင်ထားသော ငွေပြား၊ ကြေးပြား(ကြေးကမ္မဝါ)ကို အောက်ပါအောင်(၁၀၈)ကွက်ဂါထာဖြင့် (၁၀၈)ခေါက်တိတိ ရွတ်ဖတ်၍ သိဒ္ဓိတင်ပေးပါ။

သိဒ္ဓိတင်ရန်ဂါထာမှာ-

ဩဘင်း..တစ်ဈာန်ရှစ်ကွက် ဗုဒ္ဓစက်၊
တစ်ဆယ့်လေးချက် ဓမ္မစက်၊
တစ်ဆယ့်ရှစ်ချက် သံဃာစက်၊
လရောင်ဝင်းလျက် ရှင်ပစ္စေကဗုဒ္ဓါရဟန္တာစက်၊
မြင်းမိုရ်တောင်ဦး မြင့်ခေါင်ကျူးလျက် မိဘာစက်။
ဝုဏ်ကျေးဇူး အထူးသီလျက် ဆရာ့စက်၊
ဝရဖိန်လက်နက် ဗြဟ္မာ့စက်၊
မိုးကြိုးလက်နက် သိကြားစက်၊
လောင်မီးကျလျက် နတ်တို့စက်၊
ဘွဲ့ဖြူလက်နက် ဘီလူးစက်၊
တောင်ဟုန်ပြင်းလျက် ဂဠုန်မင်းစက်၊
အာခံတွင်းက ဝင်းဝင်းတောက်လျက် နဂါးစက်၊
သုံးထောင်သချိုင်္ဂ ဟေမဝန္တာ

www.burmeseclassic.com

အာဏာစိုးလျက် သီဟစက်၊

စက်ကြီးတစ်ဆယ့်သုံးပါး၊ ရွှတ်သံကြားက၊ ဘေးများမြင်မှု၊ မကောင်းစုတို့၊ ဝေးကကြဉ်ရှောင်၊ အောင်စေတတ်သည်၊ မြတ်သည့်ဆရာ ပညာတည်း။

သြောင်း..နမော ဗုဒ္ဓါနုဘာဝေန၊

သြောင်း..နမော ဓမ္မာနုဘာဝေန၊

သြောင်း..နမော သံဃနုဘာဝေန၊

သြောင်း..ဒူရေ ဒူရေ သွားဟုံဟုံ။

၁။ နှမ်းဆီငါးကျပ်သားကို ဆီမီးခွက်တွင် ထည့်ပါ။

ဆီမီးခွက်မဆံ့ပါက ဆီမီးပူးဇော်ရင်း လျော့သွားလျှင် ထပ်ဖြည့်ပါ။

၂။ နှမ်းဆီသည် မဆစ်ဆီ (နှမ်းဆီဝယ်လျှင် ဈေးမဆစ်ရပါ) ဖြစ်ရပါမည်။

၃။ မိမိအရပ်နှင့်တိုင်း၍ အပ်ချည်မျှင်ကို (၉)မျှင် (၉)ခါတိတိ တိုင်း၍ဖြတ်ပါ။ ထို့နောက် ကျိုးခြေပြု၍ ဆီမီးခွက်တွင် ထည့်ပါ။

၄။ ဆီမီးခွက်တွင် စီရင်ထားသော အောင်(၁၀၈)ကွက် အင်းကို ကြိုတင်ထည့်ပြီး နှမ်းဆီလောင်းထည့်ပါ။ ထို့နောက် အင်းပေါ်တွင် အပ်ချည်မျှင် မီးစာကိုထည့်ပါ။

၅။ မီးစာထည့်ထားသော ဆီမီးခွက်ကို ဘုရားစင်တွင် မီးပူဇော်ပါ။

ထိုသို့ ပူဇော်ခြင်းဖြင့် မိမိအလိုရှိသော ဆန္ဒများ၊ တောင့်တအပ်သောကိစ္စများ အဆင်ပြေအောင်မြင်သွားပါလိမ့်မည်။

မကြာခင်မှာပင် ကိုဌေးစိုး၏ ဌာနဆိုင်ရာမှ ရာထူးတိုးမြှင့်ခြင်း အမိန့်စာကို ရရှိလာကြောင်း သိရပါသည်။ အလားတူပင် ဒေါက်တာသန္တာဝင်း၏ Deputation Order ကို လက်ခံရရှိကြောင်း ဖုန်းဆက်အကြောင်းကြားလာပါသည်။ (Deputation Order) ပြည်ပထွက်ခွာခွင့် အမိန့်စာ ဖြစ်ပါသည်။

မှတ်ချက်

ထိုနေ့က ကျွန်ုပ်က ဗေဒင်ဟောခ(ဉာဏ်ပူဇော်ခ)ကို သုံးဦးအစား တစ်ဦးခသာ ယူလိုက်ပါတော့သည်။ မိခင်ဖြစ်သူ တစ်ဦးတည်းအား ဟောလိုက်ရခြင်းကြောင့်ဖြစ်ပါသည်။

မေတ္တာရည်၍

ပုရောဟိတ်-ဆရာဦးမြတ်စံ

ဆရာကြီးဦးဒေါးထွန်း

[ဒေါ်ကြေးပြင်ပညာရှင်]

အကြောပြင်ပည်ာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး-

- ခါးနာ၊ ဒူးနာ၊ ကျိုးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျင်နာတွေကို (၁၅)မိနစ်အတွင်း၊
- အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်။
- လေဖြတ်ခံရပြီး ပုံမှန်ခြေ,လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ဝေဒနာကို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ၊ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

ဆေးခြံ - နေ့စဉ် (၉)နာရီ မှ ညနေ(၅)နာရီအတွင်း

အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

(ပါရမီလမ်းမကြီးနှင့် ကျောချင်းကပ်လမ်း) ဖုန်း - ၀၉ ၇၃၂၄၄၄၂ ၊ ၀၉ ၂၅၀ ၁၅၄၃၅

www.burmeseclassic.com

www.burmeseclassic.com

အမှုလွတ်စေသော နဖူးတောင်းနှင့်ဂါထာ

ပုဇော်ဟိတ်-ဆရာဦးမြတ်စံ

တစ်နေ့သောနံနက်ခင်း စာရေးသူ၏ ဗေဒင်ဟောခန်းသို့ လူလတ်ပိုင်း အမျိုးသားတစ်ယောက် ရောက်ရှိလာပါသည်။ ကျွန်ုပ်ကပင် ပဋိသန္ဓာရပြု၍ မင်္ဂလာနံနက်ခင်းပါ။ ဗေဒင်မေးမယ်ဆိုရင် ကျွန်တော်ရဲ့ဓာတ်ခန်းအတွင်း ကြွပါဟု ဖော်ရွေသောအပြုံးဖြင့် နှုတ်ဆက်လိုက်ပါသည်။

ဗေဒင်ဟောသော စားပွဲရှေ့တွင် တရိုတသေထိုင်ပြီး သူကိုယ်သူ မိတ်ဆက်၍ မွေးသက္ကရာဇ်၊ နာမည်ကို ပြောပါသည်။ နာမည်က သောကြာသား ကိုသက်ထွေး ဖြစ်ပါသည်။ အယူတော်မင်္ဂလာ ဗေဒင်ဟောခန်းဖြစ်၍ အင်္ဂဝိဇ္ဇာဘိုင်အရပြောလျှင် သောရီ စနေအခါတိုင် ဖြစ်နေပါသည်။

ဆောရီတိုင်ပုံစံ

၄
၁
၅
-၀-
၃
မွေးနံ(ခိုက်) ၆
၂

အင်္ဂဝိဇ္ဇာသဘောတရားအရပြောလျှင် ထောင်၊ ဆေးရုံ၊ ဆေးဘက်၊ ကိုယ်ဝန်၊ သာသနာ့ဝန်ထမ်း ဖြစ်ပါသည်။

ဆရာသခင်သင်ကြားပေးသော ပညာခွင်အရဆိုလျှင် ဆရာပါ၊ ထောင်၊ နောင်အိမ်သည် မိမိစိတ်တိုင်းကျ နေထိုင်ရခဲ့ခြင်း မဟုတ်ဘဲ ချမှတ်ထားသော လုံခြုံရေးစည်းကမ်းနှင့်အညီ နေထိုင်ရသဖြင့် အနေအထိုင် ကျပ်တည်းနေပေလိမ့်မည်။ ဆေးရုံတွင် တက်ရောက်ကုသနေသော လူနာတို့သည်လည်း ဆေးရုံမှ ချမှတ်သော စည်းမျဉ်း၊ ဆရာဝန်၏ ညွှန်ကြားချက်နှင့်အညီ ဆေးကုသမှု ခံယူရပါသည်။ လှုပ်ရှားမှုလည်းပေလိမ့်မည်။ ကိုယ်ဝန်ဆောင် ဆိုပါကလည်း သန္ဓေဘက မိခင်၏ ဝမ်းကြောတိုက်တွင် ခက်ခဲစွာ မလှုပ်မယှက် နေထိုင်ရသောဘဝ ဖြစ်ပါသည်။

ဆိုလိုသည်မှာ အကျဉ်းအကျပ်တစ်ခုကို ရင်ဆိုင်နေရမည်ဟု အဓိပ္ပာယ်သက်ရောက်နေပါသည်။

ယခုလည်း ကိုသက်ထွေးတစ်ယောက် အခက်အခဲ၊ အကျပ်အတည်း တစ်ခုနှင့် ရင်ဆိုင်ရမည်ဟု ကြိုတင်ဟောကိန်းထုတ်လိုက်ပါသည်။

'ဟုတ်ပါတယ် ဆရာ၊ အခု ကျွန်တော် ရဲစခန်း အချုပ်ခန်းက အာမခံနဲ့ ပြန်လွတ်လာတာပါ' ဟု ပြောပါသည်။

'အခုလာတာက ကျွန်တော် ဆရာ့ဆောင်းပါးတွေ အမြဖတ်ပါတယ်။ ဂမ္ဘီရကျင့်စဉ်တွေလည်း လိုက်နာကျင့်သုံးခဲ့ပါတယ်။ ဒါပေမဲ့ အခု ကျွန်တော်က ဘယ်လိုပဲသီလလုံအောင် နေပေမယ့် တစ်ဖက်က ရန်လိုမှု၊ ရန်ပြုမှုတွေနဲ့ ကြုံနေရလို့ပါ ဆရာ' ဟု ကိုသက်ထွေးက ရှင်းပြပါသည်။

ကိုသက်ထွေးကပင် ဆက်လက်၍-

'ဒါကတော့ မည်သူမဆို မိမိမှုပါ ဆရာ။ မင်း လောဘများလည်း မဆယ်နဲ့၊ ခြေနှစ်ချောင်းလည်း မကယ်နဲ့ ဆိုတဲ့ စကားပုံ အဆိုအမိန့်ကို မလိုက်နာလို့ အခုလို အခက်ကြုံတွေ့ရတာလို့ ယူဆမိပါတယ် ဆရာ' ဟု သက်ပြင်းရှည်ချရင်း ပြောပြပါသည်။

ကိုသက်ထွေး၏ ပြောပြရင်ဖွင့်ချက်အရဆိုလျှင် ရှမ်းပြည်နယ် တောင်ကြီးတက္ကသိုလ်တွင် စာသင်ပြကောင်းသော နည်းပြအဖြစ် ပျို့တိုင်းကြိုက်သော နှင်းဆီခိုင်အဖြစ် ရေပန်းစားခဲ့သူ ဖြစ်ခဲ့ပါသည်။ ပညာတော်သင်ကိစ္စကို အကြောင်းပြု၍ ပြင်ပသင်တန်းတစ်ခုတွင် အချိန်ပြည့် တာဝန်ကို ကူးပြောင်းတာဝန်ထမ်းဆောင်ခဲ့ရာမှ သင်တန်းသူ တစ်ဦး၏ အခက်အခဲကို ကူညီခဲ့ရာ သဒ္ဓါလွန်၍ အဆုံး ကျော်မိရာက အိမ်ထောင်တစ်ခုကို ဘဝဟု သတ်မှတ်ကာ တည်ဆောက်လိုက်ကြပါသည်။ သို့သော် စရိုက်မတူ ဘဝ

www.burmeseclassic.com

www.burmeseclassic.com

နှစ်ခုပေါင်းစပ်၍ မရသဖြင့် စလယ် ဝင် ဖင်မမည်းခင်က ပင် လမ်းခွဲခဲ့ကြပါသည်။

ကိုသက်ထွေးကလည်း ဗေဒင်၊ လက္ခဏာပညာကိုပါ ဝါသနာအရ တွဲဖက်လေ့လာခဲ့ပါသည်။ ယခု စာရေးသူထံ လာရခြင်းမှာ ဘုမ္မိကိန်းသို့ မကြာခင်ရောက်တော့မည်ဖြစ်ကြောင်း၊ ဘုမ္မိသက်ခတ် မဝင်ခင် စနေဂြိုဟ်၏ ဆိုးကျိုးကိုပါ ခံစားရမည်ဖြစ်၍ ကြိုတင်တွေးကြောက်နေကြောင်း ရှင်းပြပါသည်။

စာရေးသူထံမှ စနေသက်ခတ်နှင့် ဘုမ္မိဂြိုဟ် ကျော်ဖြတ်ရန် ယတြာကောင်း၊ အဆောင်ကောင်းများ လာရောက် တောင်းခံခြင်း ဖြစ်ပါသည်။

ကိုသက်ထွေးကဲ့သို့ပင် အချုပ်အနှောင် မခံရသော်လည်း စာရေးသူ၏ e.mail add သို့ ဆက်သွယ်ခဲ့သူမှာလည်း တောင်အာဖရိကနိုင်ငံ၏ ဆိပ်ကမ်းတစ်ခုတွင် ဆိုက်ကပ်ကုန်တင်နေသော နိုင်ငံခြားသင်္ဘောတစ်စင်းမှ ကပ္ပတိန်တစ်ဦး၏ ရင်ဖွင့်အကူညီတောင်းခံခြင်း ဖြစ်ပါသည်။

ထိုကပ္ပတိန် (Captain) ၏ အဆိုအရ သူအပါအဝင် သင်္ဘောသား (၂၂)ဦးအား သက်ဆိုင်ရာက ခေါ်ယူစစ်ဆေးလျက်ရှိပြီး သင်္ဘောကို ခေတ္တ Detained (ထိန်းသိမ်း) လုပ်ထားပါသည်။

အကြောင်းမှာ ထိုတောင်အာဖရိကနိုင်ငံမှ ဆိပ်ကမ်းလုပ်သား (Stepedo) တစ်ဦးမှာ မူးယစ်ဂိုဏ်းတစ်ဦး၏ ခိုင်းစေမှုကြောင့် သင်္ဘောပေါ်တွင် (Gangway) လှေကားအတက်အဆင်းဘေးတွင် မူးယစ်ဆေးကို ဝှက်ထားရာ သက်ဆိုင်ရာ အာဏာပိုင်များ စစ်ဆေးသောအခါ သင်္ဘောပေါ်မှ ခုန်ချထွက်ပြေးသွားခြင်း ဖြစ်ပါသည်။

သင်္ဘောပေါ်တွင်ရှိသော မြန်မာသင်္ဘောသားအားလုံးကို မသင်္ကာမှုဖြင့် ခေါ်ယူစစ်ဆေးခြင်း ခံရပါသည်။ သို့ပါ၍ သင်္ဘောပေါ်မှ ကပ္ပတိန်အပါအဝင် သင်္ဘောသားများအားလုံး ဘေးမသီရန်မခဘဲ အမြန်ဆုံးထွက်ခွာနိုင်ရန် ဆရာထံ အားကိုးတကြီး e.mail ဖြင့် အကူအညီတောင်းခံကြောင်း အသေးစိတ်ဖော်ပြ ပါရှိပါသည်။

စာရေးသူကလည်း သင်္ဘောသားမိသားစု၏ဘဝ စားဝတ်နေရေးနှင့် မြန်မာနိုင်ငံသားများ ပြည်ပတွင် တွေ့ကြုံနေရခြင်းကို ကိုယ်ချင်းစာတရား ရှေ့ထား၍ အောက်ဖော်ပြပါ အစီအရင်ကို ဆောင်ရွက်လိုက်ပါသည်။

ကိုသက်ထွေး (ဆရာဦးသက်ထွေး) အားလည်း အလားတူ စီရင်ပေးလိုက်ပါသည်။

အင်းအမှတ် (၁)

အ	နံ	ထွေ	ဗွ	သ	မှ
ဘ	သ	မေ	မော	ဝိ	မိ
ပ	ရ	ဝ	ရ	သွီ	တေ
သိ	ဏ်	ဦ	ဿ	သ	ပွ
ဝိ	ဓ	ထွော	နွော	ဗု	တ
စေ	ပ	ဒွ	မွာ	မု	လွတ်

အင်းဟိန်းဂါထာနှင့် အင်းဆဲဂါထာ

နမောတေ ဗုဒ္ဓဝိရတ္တေ၊
ဝိပ္ပမုတ္တောသိ သဗ္ဗဓိ၊
သမ္ဘာဓ ပဋိပန္နောသ္မိ၊
တဿမေ သရဏံ ဘဝ။

ယခုအင်းတွင် ထောင့် (၄) ကွက်၌ 'အမှုလွတ်စေ' ဟု ဥပမာရေးသွင်း ဖော်ပြထားပါသည်။

အလားတူ အမှုနိုင်စေ၊ အချုပ်လွတ်စေ စသည်ဖြင့် ရေးသွင်းဆောင်ရွက်နိုင်ပါသည်။ ယခု ထိန်းသိမ်းခံထားရသော သင်္ဘောသားများအတွက်မူ အမှုလွတ်စေဟု ရေးသားစီရင်ခဲ့ပါသည်။ အလားတူ ဆရာဦးသက်ထွေးကိုလည်း အာမခံအပြင် အမှုမှ ကွင်းလုံးကျွတ်လွတ်ရန် အမှုလွတ်စေဟု ရေးသားစီရင်ပေးခဲ့ပါသည်။

အကယ်၍ မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်းများ ရှိခဲ့ပါကလည်း လွတ်မြောက်ရန် ဘုမ္မိကိန်း မရဏာဆိုးခွင်သက်ခတ် အ,လာဘော၊ အ,ယသော၊ နိန္နာတို့တွင် မိမိ၏ကံကြမ္မာဂြိုဟ် ဆိုးကိန်းများ ကျေပျောက်ရန်၊ ကျော်လွှားအောင်မြင်နိုင်ရန်အတွက် အောက်ဖော်ပြပါ အင်းအမှတ် (၂) ကို ထပ်မံစီရင်လိုက်ပါသည်။

စီရင်ထားသောအင်းကို ဖယောင်းတိုင်ထွန်းစီရင်ခြင်းဖြင့်လည်း အကျပ်အတည်းမှ လွတ်မြောက်နိုင်ပါကြောင်း အသိပေးလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အင်းအမှတ်(၂)

တ	နွှဲ	ဗု	သ	မွ	တံ
ဒွါ	ဂြ	ကာ	ဂ	သု	ရ
စ	ထာ	မာ	က	အ	နှံ
ပ	လော	ဟံ	ပ	ဏံ	စွ
ရာ	ခွံ	နု	တော	စ	ရ
ကာ	ပါ	ဟု	ဟ	မု	ဂ

အင်းဟိန်းနှင့် အင်းဆံဂါထာ

တထာဂတံ အရဟန္တံ
စန္ဒိမာ သရဏံ ဂတော
ပါပဂြ ဟံ ရာဟုစန္ဒံ
ပမုစ္စသု ဗုဒ္ဓါလောကာနု ကမ္မကာ။

ဂြဟံ (ဂရဟံဟု အသံထွက်ပါ)။

အထက်ပါ အင်းအမှတ်(၁)နှင့် အင်းအမှတ်(၂)ကို မွေးနေ့ နံနက်(၉)နာရီ (၄၅)မိနစ်တွင် နံ့သာ(၉)တိုင်၊ သောက်တော်ရေ(၉)ခွက်၊ ကန်တော့ပွဲတတ်နိုင်လျှင် ကန်တော့ပွဲထိုး၍ အမှုဖြစ်နေသောသူ၏ ဓာတ်ပုံပေါ်တွင် တင်၍ထွန်းပါ။ ဓာတ်ပုံမရနိုင်ပါက ကာယကံရှင်၏ အင်္ကျီပေါ်တွင်တင်၍ အင်းဖယောင်းတိုင်(၂)တိုင်ကို မီးထွန်း၍ အင်းဟိန်းဂါထာ 'နမောတေဂါထာ'ကို (၁၀၈)ခေါက်ရွတ်ပေးပါ။

အထက်ပါ အစီအရင်ကို ဆောင်ရွက်ပေးခြင်းကြောင့် (၂)ပတ်အတွင်း တောင်အာဖရိကတွင် ဆိုက်ကပ်ထားသော သင်္ဘောကြီးမှာ အောင်မြင်စွာ Ship a hoist အလံတင်ထွက်ခွာ လွတ်မြောက်သွားပါတော့သည်။

အလားတူပင် ဆရာဦးသက်ထွေးအား စွဲဆိုထားသော အမှုများမှာ လုံးဝကွင်းလုံးကျတ် လွတ်မြောက်သွားပါတော့သည်။

မေတ္တာရည်၍
ပုရောဟိတ်-ဆရာဦးမြတ်စံ

မန္တလေး-နေပြည်တော် ဆရာလုံ၏ မြေးတပည့်

ဆရာမကြီး ဒေါ်စောဦးစံ (ရှမ်းပြည်)

B.A (History)

မေဒင် လက္ခဏာ ဝေဒပညာရှင်

စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှမ်းပညာစစ်စစ်၊ အံ့ဖွယ်နက်နဲဆန်းကြယ်သော အထူးယတြာများဖြင့် ထက်မြက်စွာ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နှလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသော ဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနဂ်နွေ၊ တနလာ)နေ့များမှအပ နေ့စဉ် ဟောခန်းဖွင့်ပါသည်။

ဟောခန်း - အမှတ်(၁၆)၊ အနောက်ဘက်မုခ်၊ ကျိုက်ဝိုင်းဘုရား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

၀၉ ၇၃ ၂၄၀ ၇၉၆ ၊ ၀၉ ၃၂ ၂၂ ၇၇ ၉၇

www.burmeseclassic.com

သိဒ္ဓိစိုး

ဈေးခေါ်လာဘ်ပွင့် လူချစ်၊ နတ်ချစ် မန္တန်

လွန်ခဲ့သောနှစ်ပေါင်း(၄၀)ခန့်ကဖြစ်၏။ ထိုအချိန်က ကျွန်ုပ်သည် ကလေးဘဝအရွယ်သာ ရှိသေး၏။ သဃ်နံး ကျွန်းမြို့နယ်၊ (ဆ/ခ)ရပ်ကွက်တွင် နေထိုင်ချိန်က ဖြစ်၏။ ကျွန်ုပ်နေထိုင်ရာ (ဆ/ခ)ရပ်ကွက်တွင် ကောက်ညှင်းပေါင်းသည်တစ်ဦး ရှိ၏။ ၄င်းကို ကျွန်ုပ်တို့ရပ်ကွက်က ခေါ်ရှမ်းမဟု ခေါ်၏။ ထိုအခေါ်ကြီးကို ခေါ်ရှမ်းမဟု ခေါ်နေကြသော်လည်း ထိုအခေါ်ကြီးမှာ ရှမ်းလူမျိုးမဟုတ်ဘဲ ကရင်အမျိုးသမီးကြီးတစ်ဦး ဖြစ်သည်ကို နောင်တွင် ကျွန်ုပ် သိရှိခဲ့ရလေ၏။

ခေါ်ရှမ်းမ ရောင်းသည့် ကောက်ညှင်းပေါင်းသည် အလွန်နာမည်ကြီး၏။ အရသာလည်းရှိ၏။ ထို့ကြောင့်လည်း ခေါ်ရှမ်းမ ကောက်ညှင်းပေါင်းကို ကျွန်ုပ်တို့ ရပ်ကွက်နေသူများတင်မကဘဲ ကျွန်ုပ်တို့ရပ်ကွက်နှင့် အနီးအနားရပ်ကွက်များဖြစ်သော ဘဝမြင့်၊ လေးထောင့်ကန်၊ စံပြ၊ ငမိုးရိပ်၊ ဆ/က၊ ဇဝနရပ်ကွက်မှ လူများပါ လာရောက်ဝယ်ယူအားပေးကြလေ၏။

ထို့ကြောင့် ခေါ်ရှမ်းမ ရောင်းသည့် ကောက်ညှင်းပေါင်းဆိုင်ရှေ့တွင် အလှူပေးနေသလားဟု ထင်ရလောက်အောင် မိုးလင်းသည်နှင့် ရပ်ကွက်ပေါင်းစုံမှလူများ ရောက်လာပြီးလျှင် တန်းစီစောင့်ဆိုင်းပြီး ဝယ်ယူကြရလေ၏။ ခေါ်ရှမ်းမသည် ၄င်း၏ကောက်ညှင်းပေါင်းကို အခြားသော ဈေးသည်များကဲ့သို့ လက်မှုန်းဖြင့် ရောင်းချခြင်းမျိုးမဟုတ်ဘဲ ချိန်ခွင်ဖြင့် ချိန်ရောင်းချခြင်း ဖြစ်လေ၏။ ကောက်ညှင်းပေါင်းကို ချိန်ခွင်ဖြင့်ချိန်ပြီးလျှင် ၄င်ပျောရွက်ဖြင့်ထုပ်ကာ သင်ဖြူကြိုးဖြင့် သေသေသပ်သပ် စည်းထုပ်ပြီးမှ ပေးလေ၏။ ထိုခေတ် ထိုအချိန်က ကောက်ညှင်းပေါင်းကို အလေးချိန်ဖြင့်ရောင်းသည့် ခေါ်ရှမ်းမ၏ ဈေးရောင်းနည်းစနစ်မှာ အလွန်ခေတ်ရှေ့ပြေးသော ရောင်းဝယ်နည်းစနစ်တစ်ခုလည်း ဖြစ်လေ၏။

ခေါ်ရှမ်းမ ဈေးရောင်းကောင်းပုံကိုကြည့်၍ လူအတော်များများ အားကျကြလေ၏။ ထို့ကြောင့် ကျွန်ုပ်တို့ရပ်ကွက်မှ ဈေးသည်မိန်းမကြီးအချို့သည် ခေါ်ရှမ်းမထံသို့သွား၍ ဈေးခေါ်ကောင်းကောင်း၊ ဆရာကောင်းများရှိရင် သူတို့ကို လမ်းညွှန်ပေးပါဟု ပြောကြလေ၏။

ထိုအခါ ခေါ်ရှမ်းမက သူမှာ ဈေးခေါ်အဆောင်လည်း မရှိဘူး။ ဗေဒင်ကို မယုံတဲ့အတွက် ဘယ်ဗေဒင်ဆရာကိုမှ လည်း ဗေဒင်မမေးဖူးဘူးဟု ပြန်၍ပြောလွှတ်လိုက်လေ၏။

ခေါ်ရှမ်းမထံမှ ပြန်လာသည့် မိန်းမကြီးများသည် ခေါ်ရှမ်းမ၏ စကားကို လုံးဝမယုံဘဲ ဆရာကောင်းရှိလျှင် တမင်မပြောဘဲ ထားသည်ဟုသာ ရပ်ကွက်ထဲတွင် လေးလွှင့်ကာ ခေါ်ရှမ်းမကို စိတ်ထားပုပ်သူဟုထင်အောင် အဆင်းပြောကြလေ၏။

မနာလိုစိတ်ရှိသူ အချို့ကလည်း ခေါ်ရှမ်းမ၏အနီးတွင် ကောက်ညှင်းပေါင်းဆိုင် လာဖွင့်ကြလေ၏။ သို့သော် လေးငါးရက်၊ တစ်ပတ်ထက် ပိုမခံဘဲ. အရင်းပြုတ်သွားကြသူများသာ ရှိလေ၏။ ခေါ်ရှမ်းမကမူ တစ်နေ့ထက်တစ်နေ့ ဖောက်သည်တိုးသထက် တိုး၍လာကာ ရောင်းပန်းဝယ်ပန်ပွင့်လာလေ၏။

ခေါ်ရှမ်းမကို ယှဉ်ပြိုင်၍ မရသောအခါ မိန်းမကြီး တစ်ယောက်သည် အောက်လမ်းဆရာကို ပိုက်သံပေးပြီး ခေါ်ရှမ်းမကို တိုက်ခိုက်ခိုင်းသည်ဟုဆို၏။ ခေါ်ရှမ်းမမှာ

www.burmeseclassic.com

www.burmeseclassic.com

အလုံးလည်းမလျော့၊ အရုပ်လည်းမလျော့ဘဲ ပန်းပန်လျက်သာ ရှိလေ၏။ ကျွန်ုပ်၏မိဘများသည် ဒေါ်ရှမ်းမနှင့် ခင်ခင်ရင်းနှီးကြလေ၏။ ထို့ကြောင့် ကျွန်ုပ်၏ မိဘနှစ်ဦးသည် ဒေါ်ရှမ်းမအိမ်သို့ ရံဖန်ရံခါ ဝင်ထွက်သွားလာတတ်ကြလေ၏။

ဒေါ်ရှမ်းမ ကောက်ညှင်းပေါင်းရောင်းချိန်တွင် ကျွန်ုပ်သည် ဒေါ်ရှမ်းမအနီးတွင်နေ၍ ကောက်ညှင်းပေါင်းထုပ်သည့် ငှက်ပျောရွက်များကို ရေဆေးပေးရ၏။ သင်ဖြူကြိုးများကို အနေတော်အရွယ်ဖြစ်အောင် ဖြတ်ပိုင်းပေးရလေ၏။ ထို့ကြောင့် ဒေါ်ရှမ်းမစျေးရောင်းနေသည်ကို ကျွန်ုပ်အနေဖြင့် အနီးကပ်တွေ့မြင်ခွင့်ရလေ၏။ ဒေါ်ရှမ်းမသည် စျေးရောင်းနေချိန်တွင် မည်သူနှင့်မျှ စကားမပြောဘဲ တစ်ချိန်လုံး ငွင်း၏ နှုတ်ခမ်းနှစ်ဖက်မှာ တလှုပ်လှုပ်ဖြင့် အသံမထွက်ဘဲ တစ်ခုခုကို ရွတ်ဆိုနေလေ၏။ ရင်းနှီးနေသူများ စျေးလာဝယ်လျှင်ပင် စကားမပြောဘဲ ရယ်ပြ၊ ပြုံးပြရုံ နှုတ်ဆက်၍ နှုတ်ခမ်းအလှုပ်မပျက် ပွစိ,ပွစိဖြင့် ရွတ်ဆိုနေလေ၏။ အတော်ကြီး မလွဲမရှောင်သာမှသာ စကားတစ်ခွန်း၊ နှစ်ခွန်းခန့် ပြန်ပြောလေ၏။

မနက်(၈)နာရီ၊ (၈)နာရီခွဲခန့်တွင် ဒေါ်ရှမ်းမ၏ ကောက်ညှင်းပေါင်းမှာ ကုန်သွားပြီဖြစ်၏။ ဆိုင်သိမ်းပြီးလျှင် ဒေါ်ရှမ်းမသည် ကျွန်ုပ်အတွက် ဖယ်ထားသော ကောက်ညှင်းပေါင်းကို ကျွေး၏။ ထို့ပြင် မုန့်ဖိုးလည်း ပေး၏။ ဒေါ်ရှမ်းမ ပေးစဉ်ပေးသည့် မုန့်ဖိုးကို ကျွန်ုပ်သည် သရေစာများ ဝယ်စား၍ သုံးပစ်လေ့ရှိ၏။ ထိုသို့ဖြင့် နှစ်လ၊ သုံးလခန့် ကြာသောအခါ ဒေါ်ရှမ်းမနှင့် ကျွန်ုပ်သည် သားအမိကဲ့သို့ ရင်းနှီးသွားကြလေ၏။

ဒေါ်ရှမ်းမသည် ကျွန်ုပ်မိဘနှစ်ပါးထက်ပင် အသက်အရွယ်ကြီးသူဖြစ်၏။ သို့သော် ကျွန်ုပ်သည် ရပ်ကွက်ထဲမှ လူကြီးများက ခေါ်သကဲ့သို့ပင် ငှင်းအား ဒေါ်ရှမ်းမဟုသာ နှုတ်ကျိုးပြီး ခေါ်လေ၏။

တစ်နေ့ နေ့လယ်ခင်းအချိန်တစ်ခုတွင် ကျွန်ုပ်သည် ဒေါ်ရှမ်းမ၏အိမ်သို့ ရောက်ရှိသွားလေ၏။ ငှင်းထံသို့ ကျွန်ုပ် ရောက်ရှိသွားသောအချိန်တွင် ဒေါ်ရှမ်းမသည် ညနေစာအတွက် ချက်ပြုတ်နေချိန်ဖြစ်၏။

ထို့ကြောင့် ကျွန်ုပ်က-

'ဒေါ်ရှမ်းမ..ဘာဟင်းချက်နေတာလဲ'

ဟု မေးလိုက်ရာ ဒေါ်ရှမ်းမက ကျွန်ုပ်ရှိရာဆီသို့ နောက်ပြန်လှည့်ကြည့်ပြီးလျှင်-

'ကြက်သားဟင်းချက်နေတာလေ'

ဟု ပြန်၍ပြောလိုက်လျှင်-

'ကြက်သားဟင်းဆို ကျွန်တော်ကြိုက်တယ်။ ညနေကျရင် ဒေါ်ရှမ်းမဆီမှာ ထမင်းလာစားမယ်နော်'

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဒေါ်ရှမ်းမက-

'အေး..အေး' ဟု ပြန်၍ပြောလေ၏။

ထိုအခါ ကျွန်ုပ်သည် ဒေါ်ရှမ်းမ ဟင်းချက်နေသည့် အနီးသို့သွားကာ ရပ်၍ ကြည့်နေလေ၏။ ဒေါ်ရှမ်းမသည် ကြက်သားကို ဆီသတ်၍ လုံးရန် ပြင်ဆင်နေလေ၏။ ငရုတ်ဆုံထဲမှ ထောင်းပြီးသား ကြက်သွန်နှင့် ငရုတ်သီးမှုန့်တို့ကို မီးဖိုပေါ်မှ ဆီအိုးထဲသို့ ထည့်၏။ ပြီးနောက် ယောက်မတစ်ချောင်းဖြင့် ဆီသတ်၏။ ကြက်သွန်များ အရောင်ရဲလာသောအခါ ရေဆေးပြီးသား ကြက်သားတုံးများကိုထည့်၍ မွှေနေပြန်၏။ ထိုသို့ အလုပ်လုပ်နေရင်းလည်း ဒေါ်ရှမ်းမ၏ နှုတ်ခမ်းသည် ပွစိ,ပွစိဖြင့် မနားတမ်းရွတ်နေလိုက်သေး၏။ ဆီသတ်၍ ကြက်သားကို လုံးပြီးသောအခါ ဆီဒယ်အိုးထဲသို့ ရေလောင်းထည့်ကာ အိုးကို အဖုံး,ဖုံးလိုက်လေ၏။ ပြီးနောက် မီးဖိုထဲသို့ ထင်းစအနည်းငယ် ထပ်ထည့်လေ၏။

ထိုအချိန်တွင် ကျွန်ုပ်က-

'ဒေါ်ရှမ်းမက စျေးရောင်းလည်း ပွစိ,ပွစိနဲ့ ရွတ်နေတယ်။ အလုပ်လုပ်နေရင်းလည်း ရွတ်နေတယ်။ အဲဒါ ဘာတွေရွတ်နေတာလဲ' ဟု ကလေးပီပီ သိချင်စိတ်ဖြင့် စပ်စုလိုက်လေ၏။

ထိုအခါ ဒေါ်ရှမ်းမက 'ဘုရားရှိခိုးစာတွေ ရွတ်နေတာပေါ့ ကောင်လေးရဲ့' ဟု ထင်းမီးထိုးနေရာမှ ပြန်၍ဖြေလေ၏။

ထိုအခါ ကျွန်ုပ်က-

'ဘုရားရှိခိုးစာက ဘုရားစင်ရှေ့မှာ ဘုရားရှိခိုးတဲ့အချိန်မှာပဲရွတ်ပြီး ရှိခိုးရတာ မဟုတ်ဘူးလား'

ဟု ပြန်၍မေးလိုက်ပြန်ရာ ဒေါ်ရှမ်းမသည် မီးဖိုရှေ့မှ ထ၍-

'အမယ်လေး သောကြာသားရယ်၊ စကားများလိုက်တာ။ လာ..လာ..ဒီနားက မီးအပူဟပ်တယ်။ အိမ်ရှေ့မှာသွားပြောမယ်' ဟုဆိုကာ ဒေါ်ရှမ်းမသည် ကျွန်ုပ်အား လက်ဆွဲ၍ အိမ်ရှေ့သို့ ခေါ်သွားလေ၏။

အိမ်ရှေ့သို့ရောက်လျှင် နှစ်ယောက်သား သစ်သားကွပ်

www.burmeseclassic.com

ပျစ်လေးပေါ်တွင် ထိုင်လိုက်လေ၏။

ပြီးနောက် ဒေါ်ရှမ်းမက-

'ငါရွတ်နေတဲ့ ဘုရားရှိခိုးစာက ဘုရားရှိခိုးတဲ့အချိန်မှ မဟုတ်ဘူး။ အလုပ်လုပ်ရင်း၊ စျေးရောင်းနေရင်းလည်း ရွတ်နေလို့ရတယ်။ ဒါကြောင့် ကုသိုလ်လည်း ပိုရတယ်။ လာဘ်ပွင့်ပြီး ငွေလည်း ရွှင်တာပေါ့'ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်က-

'ဒါဆို အဲဒီဘုရားရှိခိုးစာကို ကျွန်တော့်လည်း သင်ပေးပါလား။ ကျွန်တော်လည်း ကုသိုလ်ရချင်တယ်။ နောက်ပြီး သူငယ်ချင်းတွေနဲ့ ဂေါလီရိုက်တိုင်း ကျွန်တော်ပဲ ရှုံးတာများတယ်။ အဲဒါကြောင့် ဂေါလီရိုက်တဲ့အချိန်မှာ နိုင်အောင်လို့လည်း ရွတ်ချင်တယ်'ဟု ရှမ်းမကြီးအား ပူဆာလိုက်ရာ ဒေါ်ရှမ်းမကြီးသည် ကျွန်ုပ်၏စကားကို သဘောကျသွားပြီး လျှင် တဟားဟားဖြင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေတော့၏။

ထိုသို့ရယ်မောလိုက်ပြီးလျှင် ဒေါ်ရှမ်းမကြီးက ကျွန်ုပ်အား-

'ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ ကုသိုလ်လိုချင်တယ်ဆိုတော့လည်း သင်ပေးရတာပေါ့။ အခုတော့ ဒေါ်ရှမ်းမလည်း မအားသေးဘူး။ ညနေ ထမင်းလာစားတဲ့အချိန်ကျမှ တစ်ခါတည်း သင်ပေးလိုက်မယ်။ ဟုတ်ပြီလား။ အခုတော့ နင်လည်း သွားကစားလိုက်ဦး'ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်က 'ဟုတ်ကဲ့..ဟုတ်ကဲ့'ဟု ပြန်၍ ပြောလိုက်လေ၏။

ထိုအချိန်၌မှာပင် မီးဖိုပေါ်မှ ကြက်သားဟင်းအိုးသည် တဖျစ်ဖျစ်ဖြင့် မြည်သံများထွက်လာလေ၏။ ထိုအခါ ဒေါ်ရှမ်းမသည် မီးဖိုချောင်သို့ ထ၍သွားလေ၏။ ကျွန်ုပ်လည်း ဒေါ်ရှမ်းမ၏ အိမ်ထဲမှနေ၍ အပြေးထွက်လာခဲ့ပြီးလျှင် သူငယ်ချင်းများနှင့်အတူ သွားရောက်၍ ဆော့ကစားလေတော့၏။

ညနေစောင်းသို့ရောက်လျှင် ကျွန်ုပ်သည် အိမ်သို့ ပြန်လာကာ ရေမိုးချိုး အဝတ်အစားလဲလေ၏။ ထိုအချိန်တွင် ကျွန်ုပ်၏အမေသည် ထမင်းစားရန်အတွက် ထမင်းပွဲပြင်နေလေ၏။ ကျွန်ုပ်သည် အဝတ်အစားလဲပြီးလျှင် အမေရှိရာ ထမင်းစားပွဲအနီးသို့သွားပြီးလျှင် ဒေါ်ရှမ်းမအိမ်တွင် ကြက်သားဟင်းဖြင့် ထမင်းသွားစားမည်ဟု အမေ့ကိုပြောရာ အမေက 'အေး..အေး..ထမင်းစားပြီးတာနဲ့ ပြန်လာခဲ့'ဟု ပြောလိုက်လေ၏။

ထို့ကြောင့် ကျွန်ုပ်လည်း 'ဟုတ်ကဲ့ အမေ'ဟုပြော၍ အိမ်မှ ထွက်လာခဲ့လေ၏။

ဒေါ်ရှမ်းမအိမ်နှင့် ကျွန်ုပ်၏အိမ်မှာ ဓာတ်တိုင်သုံးတိုင်ခန့်သာ ဝေး၏။ ထို့ကြောင့် မကြာမီအချိန်မှာပင် ဒေါ်ရှမ်းမ၏အိမ်သို့ ရောက်ရှိသွားလေ၏။ ဒေါ်ရှမ်းမသည် ထမင်းစားပွဲ အသင့်ပြင်၍ ကျွန်ုပ်အား ထိုင်စောင့်နေသည်ကို တွေ့ရလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း လက်ဆေးပြီးလျှင် ထမင်းဝိုင်းထိုင်၍ ထမင်းစားလေတော့၏။ ဒေါ်ရှမ်းမသည် ကြက်သားတုံးများကို တစ်တုံးပြီးတစ်တုံး ကျွန်ုပ်၏ ပန်းကန်ထဲသို့ ထည့်ပေး၏။ ကျွန်ုပ်လည်း စားကောင်းကောင်းဖြင့် အကုန်စားပစ်လေ၏။

ထမင်းစားပြီးသောအခါ ဒေါ်ရှမ်းမသည် ရေနံဆီ မီးအိမ်လေးကို မီးထွန်းကာ ဘုရားသောက်တော်ရေလေး၌ ဘုရားမီး ပူဇော်၏။ အမွှေးတိုင်လည်း ပူဇော်၏။ ထို့နောက် ကျွန်ုပ်၏အနီးသို့ ပြန်လာထိုင်ကာ ဒေါ်ရှမ်းမသည် ၄င်း ရွတ်နေကျ ဘုရားရှိခိုးစာ ရလာသည့် အကြောင်းရင်းကို ကျွန်ုပ်အား ပြောပြလေတော့၏။ ကျွန်ုပ်ကလည်း သေချာနားစိုက်၍ထောင်နေလေ၏။

ဒေါ်ရှမ်းမသည် မုဆိုးမဘဝဖြင့် နယ်မှတက်လာပြီးနောက် ရန်ကုန် ကျောက်မြောင်းရှိ အိမ်တစ်အိမ်တွင် ထမင်းချက် အိမ်ဖော်အလုပ်ကိုလုပ်၍ အသက်မွေးနေရသူဖြစ်လေ၏။ ထိုအိမ်တွင် သုံး,လေးနှစ်ခန့်ကြာအောင် အလုပ်လုပ်ခဲ့ရလေ၏။ ဒေါ်ရှမ်းမ အလုပ်လုပ်နေရသည့်အိမ်သို့ နေ့စဉ်ဆွမ်းခံကြွနေသည့် ဘုန်းတော်ကြီးတစ်ပါး ရှိလေ၏။ ထို ဘုန်းတော်ကြီးကို ဒေါ်ရှမ်းမက အစဉ်အမြဲ ဆွမ်းလောင်းလှူရလေ၏။ တစ်နေ့တွင် ဘုန်းတော်ကြီးသည် မုဆိုးမဘဝဖြင့် ဆင်းဆင်းရဲရဲ ရုန်းကန်နေရရှာသည့် ဒေါ်ရှမ်းမ၏ ဘဝကို သိသွားပြီးလျှင် ဒေါ်ရှမ်းမအား ဂါထာတစ်ပုဒ်ကို သင်ပေးခဲ့လေ၏။ ထိုဂါထာကို အိမ်မှုကိစ္စလုပ်ရင်းနဲ့လည်း ရွတ်၊ ဘုရားရှိခိုးရင်းလည်းရွတ်၊ အချိန်တိုင်းရွတ်နေ အချိန်တန်ရင် ကြီးပွားသွားလိမ့်မယ်ဟူ၍ ဘုန်းတော်ကြီးက အလေးအနက် မိန့်မှာခဲ့လေ၏။

ဒေါ်ရှမ်းမသည် ထိုနေ့မှစ၍ ထိုဂါထာကို ကြီးပွားစေသော ဘုရားရှိခိုးစာအဖြစ် မိုးလင်းမိုးချုပ် တဖွဖွဖြင့် မနား တမ်း ရွတ်နေလေ၏။ ထိုသို့ဖြင့် (၆)လခန့်ကြာသောအခါ ဒေါ်ရှမ်းမသည် ၄င်းအလုပ်လုပ်နေသောအိမ်မှ အလုပ်ထွက်

www.burmeseclassic.com

www.burmeseclassic.com

ဆာပြီးလျှင် ယခုအိမ်ကို အိမ်လစာ တစ်လတစ်ကြိမ်ပေး၍ ငှားနေကာ ကောက်ညှင်းပေါင်းရောင်းရင်း အဆင်ပြေလာခြင်း ဖြစ်လေတော့၏။ ထိုနေ့က ဒေါ်ရှမ်းမသည် ၄င်းရွာတ်ဆေးတို့ ဘုရားရှိခိုးစာကို ကျွန်ုပ်အား နွှတ်တိုက်သင်ပေးခဲ့သော၏။ ထိုညမှစ၍ ကျွန်ုပ်သည် ဒေါ်ရှမ်းမ သင်ပေးလိုက်သည့် ဘုရားရှိခိုးစာကို ဘုရားရှိခိုးတိုင်း (၉)ခေါက်ရွတ်ဆိုလေတော့၏။

ဒေါ်ရှမ်းမ၏ ကောက်ညှင်းပေါင်းဆိုင်လေးမှာလည်း ဧည့်သည်များ တိုးသထက် တိုး၍လာသောကြောင့် ဒေါ်ရှမ်းမတစ်ယောက်တည်း မနိုင်မနင်းဖြစ်၍လာလေတော့၏။ ထို့ကြောင့် ဒေါ်ရှမ်းမသည် ၄င်းနှင့် ဆွေမျိုးတော်စပ်သည့် ကရင်မလေးနှစ်ယောက်ကို ၄င်းနှင့် ကူဖော်လောင်ဖက်ရအောင် နယ်မှ လှမ်းခေါ်လိုက်လေ၏။ ကရင်မလေး နှစ်ယောက် ရောက်လာသောအခါ ကျွန်ုပ်လည်း ဒေါ်ရှမ်းမကို ငိုင်းကူ၍ လုပ်ပေးစရာ မလိုတော့သဖြင့် ဒေါ်ရှမ်းမထံသို့ အရောက်နည်းသွားလေတော့၏။

ထိုသို့ဖြင့် (၂)နှစ်၊ (၃)နှစ်ခန့် ရှိသောအခါ ဒေါ်ရှမ်းမသည် ၄င်းငှားနေသည့်အိမ်ကို ပြန်၍ဝယ်လိုက်နိုင်လေ၏။ (၅)နှစ်၊ (၆)နှစ်ခန့်ကြာလျှင် ဒေါ်ရှမ်းမသည် ထိုအိမ်ကို ပြန်လည်ရောင်းချ၍ မွေးရပ်မြေတွင်သာ ခေါင်းချတော့မည်ဟု ဆိုကာ ၄င်း၏နယ်သို့ ပြောင်းရွှေ့သွားလေတော့သတည်း။

ဒေါ်ရှမ်းမ မရှိတော့သော်လည်း ဒေါ်ရှမ်းမ သင်ပေးခဲ့သည့် ဘုရားရှိခိုးစာကို ကျွန်ုပ်သည် လူပျိုပေါက်အရွယ်ထိ ညစဉ် ရွတ်ဖြစ်၏။ နောင်တွင် လူပျိုဘာသာဘာဝ အပျော်အပါးဖြင့် အချိန်ကုန်ကာ မေ့မေ့လျော့လျော့ဖြင့် ပျောက်ကွယ်သွားလေတော့၏။

ထိုသို့ဖြင့် ကျွန်ုပ်သည် ဗေဒင်ဂန္ဓီရနယ်ထဲသို့ ရောက်ရှိလာကာ လောကီပညာရပ်များကို လိုက်စားသောအခါတွင် ဒေါ်ရှမ်းမကြီးတစ်ယောက် ဈေးရောင်းကောင်းပြီး လာဘ်ပွင့်သွားသော ဘုရားရှိခိုးစာအကြောင်းကို အသေအချာသိရှိလာခဲ့ရလေ၏။

ဒေါ်ရှမ်းမကြီး အမြဲရွတ်ဆိုနေကျ ဘုရားရှိခိုးဂါထာမှာ အနုကုန်တိုက်မန္တန် ဖြစ်လေ၏။ တောင်တွင်းကြီး ဆရာတော် ခင်ကြီးဖျော်၏ ကဝေသာရကျမ်းတွင် ပါ၏။ ရေ (သို့မဟုတ်) ရေမွေးကို ထိုမန္တန်ဖြင့်မန်း၍ ကုန်များကို ဝက်ဖျန်းခြင်း၊ မိမိ၏ ဈေးဆိုင်အတွင်း၊အပြင်ကို ပက်ဖျန်းခြင်း၊ ဈေးရောင်းနေစဉ်အချိန်တွင်း အမြဲမပြတ် ရွတ်ဆိုပေးနေပါက ရောင်းပန်းဝယ်ပန်းများ အလွန်ပွင့်လန်းပြီး လူချစ် နတ်ချစ်မန္တန် ဖြစ်လေ၏။

ထို့ကြောင့် ဈေးခေါ်လာဘ်ပွင့် လူချစ်၊ နတ်ချစ်မန္တန်ကို လူအများ အကျိုးရှိစွာ အသုံးပြုနိုင်ပါစေရန်အတွက် ဖော်ပြပေးလိုက်ရပါလေတော့သတည်း။

ဆရာတော်ခင်ကြီးဖျော်၏
ဈေးခေါ်လာဘ်ပွင့် လူချစ်၊ နတ်ချစ် မန္တန်

ဥံ..နမော သီဝလိရာဇာ ဖေဖေတ္တာ ဖေဖကရဏာ
ဖေဖရာဇာ ဖေဖပုရိသာ ဖေဖကတ္တိယာ ဖေဖလာဘံ၊
ဥံ ဂုရု ဂုရု သွားဟ၊
ဥံ..ကတံ ခေမံကာခံ ကာရောမ
မံကာကော ခတ္တိယ ဇြဟ္မဏောစ၊
ကတ္တိယောစ ပုရိသောစ မမ
မံကာကော အာဂစ္ဆန္တိ ဖေ ဖေ၊
ဘုန္တာဟိ ဘုန္တာဟိ..ဟူ၍ ဖြစ်ပါလေတော့သတည်း။

သဇ္ဇေသတ္တာ ကမ္မဒါယာဒါ
သိဒ္ဓိစိုး

www.burmeseclassic.com

www.burmeseclassic.com

ရတနာအမျိုးမျိုးမှ ရတနာတစ်ပါး

ဘာကိုအရောရှိပေမာင်းတစ်ဦး

မြန်မာအဘိဓာန်တွင် ရတနာကို အဓိပ္ပာယ်ဖွင့်ဆိုရာ-

(၁) နှစ်သက်ဖွယ်၊ မြတ်နိုးဖွယ်ဖြစ်သောအရာ၊

(၂) နှစ်သက်တန်ဖိုးထားသော သားသမီး၊ ဆင်၊ မြင်း စသည်၊

(၃) ပတ္တမြား စသည့်အမျက်ကျောက်ဟု ဖော်ပြထားပါသည်။

ကျောက်မျက်ရတနာ အများအပြား ရှိသည့်အနက်မှ ပတ္တမြားကို ရွေးတန်းတင် ဖွင့်ဆိုထားသည်မှာ ပတ္တမြား၏ တန်ဖိုးရှိခြင်း၊ နှစ်သက်စရာကောင်းခြင်း၊ အရည်အချင်းများ ကြောင့်ပင် ဖြစ်မည်ဟု သုံးသပ်မိပါသည်။

ပတ္တမြားရတနာကို နှစ်သက်တန်ဖိုးထားကြသည်မှာ ယနေ့တိုင်အောင် ပြည်တန်သည့် ပတ္တမြားငမောက် ပျောက်ဆုံးနေခြင်းအတွက် တသသနှင့် တမ်းတနေခြင်း၊ နှမြော နေခြင်းများ ရှိနေသည်မှာ သာဓကတစ်ခုပင်။

အကျိုးကို လိုလားသူတို့သည် ပတ္တမြားကို အလယ်မှာ ထား၍ ကျန်ကျောက်မျက်ရတနာရှစ်မျိုး ဝိုင်းရံကာ လက် စွပ်ကွင်း၍ ဝတ်ဆင်ကြပါသည်။ ယင်းကို နဝရတ်(၉)ပါး လက်စွပ်ဟု ခေါ်ကြပါသည်။

နဝရတ်(၉)ပါးလက်စွပ်တွင် ဥဿဖရား၊ နီလာ၊ သန္တာ၊ စိန်၊ ပတ္တမြား၊ မြ၊ ဂေါ်မိတ်၊ ကြောင်၊ ပုလဲတို့နှင့် စီကာ လက်စွပ်ကွင်းရပါသည်။

နဝရတ်(၉)ပါးစီနည်း

ထွန်းလျှံလည်၍၊ ရွှေရည်လျှံမတ်၊ နဝရတ်ကို၊ စိစပ် သောခါ၊ ထားစရာသာ၊ သန္တာတိတ္တြ၊ စန္ဒကားစိန်၊ မူရိန် ပြင်စင်၊ ပုလဲဘောမ၊ ဗုဒ္ဓကြောင်မှာ၊ သောရာဂေါ်မိတ် လျှံထိပ်ဂုရ၊ မြတေမြနှင့်၊ ဥဿဖရား၊ ရာဟုထားလော့ တခြားရောင်ဝါ၊ နီလာသောကြာ၊ ထက်မှထိပ်ဖွေ၊ လျှံလေ ပတ္တမြားဟု ဆိုပါသည်။

ရာဟု(၈ဟု) ဥဿဖရား	ဖကြော နီလာ	တိတြ(၁နွေ) သန္တာ
စန္ဒ(၂လံာ) စိန်	ပတ္တမြား	ဂုရ(၅တေး) မြ
သောရ(၇နေ) ဂေါ်မိတ်	ဗုဒ္ဓဟူး(၄ဟူး) ကြောင်	ဘောမ(၃ဂါ) ပုလဲ

အထက်ပါအတိုင်း ရတနာတို့ကိုစီ၍ နဝရတ်(၉)ပါး လက်စွပ်ကွင်းကို ဝတ်ပါက ပူပင်သောကကင်းခြင်း၊ ဘေး ရောဂါ မကပ်ခြင်း၊ အသက်ရှည်ခြင်း၊ မင်္ဂလာကျက်သရေ ရှိခြင်း၊ လူ,နတ်တို့ ချစ်ခင်ခြင်း စသောကောင်းကျိုးတို့

www.burmeseclassic.com

www.burmeseclassic.com

ရှိနိုင်သည်ဟု ယူဆကြသည်။

ပတ္တမြားကို ဝတ်ဆင်လျှင် လက်ယာလက် လက်သူကြွယ်တွင် ဝတ်ဆင်သင့်သည်ဟု ဆိုပါသည်။

တနင်္္ဂနွေသားသမီးများသည် ပတ္တမြားကို ဝတ်သင့်သည်။

ပတ္တမြားအမျိုး(၄)မျိုး

(၁) **စတိရက်**

၄င်းတွင် အရောင်ကိုလိုက်၍ (၈)မျိုးကွဲသည်။

၁။ ကြာနီအဆင်းကဲ့သို့ပတ္တမြား၊

၂။ ကြာခေါင်းလောင်းအဆင်းကဲ့သို့ပတ္တမြား၊

၃။ တလဲပွင့်အဆင်းကဲ့သို့ပတ္တမြား၊

၄။ ဝမ်းဘဲစက္ကဝဠာမျက်လုံးကဲ့သို့ ပတ္တမြား၊

၅။ ရွှေဒေါင်းမျက်စိအဆင်းကဲ့သို့ပတ္တမြား၊

၆။ မီးကျီးအဆင့်ကဲ့သို့ပတ္တမြား၊

၇။ ဆီမီးကဲ့သို့ ပတ္တမြား၊

၈။ နေအရောင်ကဲ့သို့ ပတ္တမြား။

(၂) **သောကန္တိက**

၁။ ဟင်္သာပဒါးအဆင်း၊

၂။ ပင်လယ်ကသစ်အဆင်း၊

၃။ ပေါက်ပွင့်အဆင်း၊

၄။ ခြင်္ကေးနီအဆင်း၊

၅။ ယုန်သွေးအဆင်း။

(၃) **ကန္တိက**

၁။ ခရမ်းပွင့်အဆင်း၊

၂။ ကြာနီအဆင်း၊

၃။ ပညောင်သီးမှည့်အဆင်း၊

၄။ ကသစ်ပွင့်အဆင်း၊

၅။ ဥဩမျက်စိအဆင်း။

(၄) **ကောဝင်ကျီးက**

၁။ ကြက်ဥနှစ်အဆင်း၊

၂။ နန်းအဆင်း၊

၃။ လိသရွှေပွင့်အဆင်း၊

၄။ ဆေးဒါန်းအဆင်း၊

၅။ ပေါက်ပွင့်အဆင်း။

ရတနာတို့သည် ဘဝပါရမီ ဘုန်းကံကြီးမားသူတို့အတွက် ဖြစ်ပေါ်ရရှိနိုင်ပါသည်။ ဘဝပါရမီဘုန်းကံကြီးသူဆိုသော ဆင်မြန်းနိုင်ပါသည်။

သဘာဝတောတောင်ရေမြေ သမုဒ္ဒရာများမှထွက်သော ပတ္တမြားသည်-

* အလင်းရောင်ကို ပေးစွမ်းနိုင်ခြင်း၊
* ကောင်းကင်သို့ပျံနိုင်ခြင်း၊
* လူတို့၏အလိုဆန္ဒကို ပြည့်ဝစေနိုင်ခြင်း စသည်ဖြင့် ဂုဏ်ပုဒ်ထူးသုံးမျိုး ရှိသည်ဟု ဆိုပါသည်။

ပတ္တမြားရတနာတို့သည် နေမင်း ခေါ် တနင်္္ဂနွေဂြိုဟ်နှင့် အမှန်တကယ် ဆက်စပ်လျက်ရှိသည်ဟု ဆိုပါသည်။

ညအခါ မိုးကုတ် ပတ္တမြားမြေ၏ ကောင်းကင်တွင် ကြယ်များ ကြွေသလို၊ ဥပါပျံသလို နီ၊ ဝါ၊ ပြာ ရောင်စုံမီးတန်းလေးများ အစုအဝေးဖြင့် ရွှေ့လျားသွားခြင်းမှာ ပတ္တမြားရတနာများ ရွှေ့လျားပြောင်းခြင်းဖြစ်သည်ဟု ပတ္တမြားမြေမှ နယ်သူနယ်သားများက ခံယူယုံကြည်ကြပါသည်။

၄င်းအပြင် မိုးပေါ်မှကြယ်များ အစုအဝေးလိုက် ကြွေခြင်းသည်လည်း ကျောက်မျက်ရတနာများကို ရှာဖွေရန် လမ်းစဖြစ်သည်ဟု ခံယူကြသည်။

အရှေ့ဘက်အရပ် ကောင်းကင်ပြင်တွင် ကြယ်များ အစုလိုက်အပြုံလိုက် ကြွေခြင်းကို မြင်ရလျှင် အရှေ့ဘက်တွင် ယခုနှစ် ကျောက်မျက်ရတနာများ မြောက်မြားစွာ တူးဖော်ရမည်၊ ကျောက်ကြော်တွေ့မည်၊ ယခင် ကျောက်မထွက်သောတောင်များ၊ လျှိုများမှ ကျောက်များထွက်မည် (သို့မဟုတ်) ကွက်သစ်ပေါ်မည် စသည်ဖြင့် မှတ်ယူယုံကြည်ကြပါသည်။

ပတ္တမြားရတနာသည် တန်ခိုးသိဒ္ဓိရှိပြီး နေ၊ လ၊ နက္ခတ်တာရာများနှင့် တစ်နည်းနည်း ဆက်စပ်လျက်ရှိသလောဟု စဉ်းစားဖွယ်ရာ ဖြစ်ပါသည်။

ကျောက်မျက်ရတနာများကို အမျိုး(၄)ပါးနှင့် ယှဉ်တွဲခေါ်လေ့ရှိပုံ

"ပတ္တမြား၊ နီလာ၊ ကြောင်၊ ဥဿဖရားတို့ကား အမျိုးအားဖြင့် မင်း၊ ပုဏ္ဏား၊ သူဌေး၊ သူဆင်းရဲအားဖြင့် (၄)ပါးနှင့်နှင့်တည်း။ တစ်နည်းသော်ကား စတိရက်ပတ္တမြားကား မင်းမျိုး၊ ကန္တိက ပတ္တမြားကား ပုဏ္ဏားမျိုး၊ သောကန္တိက ပတ္တမြားကား သူဌေးမျိုး၊ ကောဝင်ကျီးက ပတ္တမြားကား သူဆင်းရဲအမျိုးတည်း"

ပတ္တမြားငမြောက်ကို ပြင်သစ်နိုင်ငံမှ သံအဖွဲ့ဆိုလျှင် ကိုင်တွယ်လေ့လာခွဲခြားရသည်။ ထိုပတ္တမြားငမောက်၏ တန်ဖိုးကိုပင် တပ်အပ်သေချာ မပြောနိုင်ဘဲ ရှိခဲ့ကြသည်။ ထိုသို့

www.burmeseclassic.com

www.burmeseclassic.com

တန်ဖိုးမဖြတ်နိုင်သော ငမောက်ပတ္တမြားအား မင်းတုန်းမင်းလက်ထက်တော်တွင် နိုင်ငံခြားသားတို့ အကဲဖြတ်ခွင့်ရခဲ့ကြသည်။

ငမောက်၏ ထူးကဲသောအရည်အသွေးတို့ကို နိုင်ငံခြားသားတို့ လက်တွေ့မြင်သိလိုက်ကြရသည်မှာ အံ့ဖွယ်သရဲဖြစ်စရာပင်။ ကမ္ဘာ၌ ဤသို့သောပတ္တမြားမျိုး မည်သည့်မြေ၊ မည်သည့်နေရာမှာမှ မတွေ့နိုင်ပေ။ ခေတ်အဆက်ဆက် နန်းစဉ်ရတနာကြီး ဖြစ်ခဲ့ရသော ပတ္တမြားငမောက်မှာ မြန်မာတို့အတွက် ပြောစမှတ်လည်း ဖြစ်ခဲ့ရ၏။

ပတ္တမြားမြေ မိုးကုတ်သည် ကမ္ဘာမြေ၏ သက်တမ်းအရင့်ဆုံးသော ချောင်းမကြီး၏ ကျောက်စဉ်တန်းမြေထုပင်ဖြစ်၏။ ချောင်းမကြီးကျောက်စဉ်တန်း၏ အပေါ်ယံမြေလွှာဖြစ်သော မိုးကုတ်နယ်သည် ကျောက်မျက်ရတနာမျိုးစုံထွက်ရှိနေခဲ့သည်မှာ နှစ်ပရိစ္ဆေဒကြာလှပြီ ဖြစ်၏။

ငမောက်က ဆက်သ၍ ငမောက်ကျောက်ဟု တွင်၏။ ငမောက်သည် ကွမ်းသီးလုံးခန့်ရှိ၏။ အကွက်မချထား၊ စင်းကြောသင်ဖြစ်သည်။ ငမောက်ပတ္တမြားကို ကလာပ်ပေါ်မှာ တင်ထားပြီး မှောင်ချလျှင် မီးကဲ့သို့ လင်းနေသည်။ နွားနို့ထဲ ဂွမ်းထဲ ထည့်ပြသောအခါလည်း ပါးနီဆိုးသကဲ့သို့ နီသည်။ ကျောက်ကို မှောက်သောအခါ အရည်တစက်စက်ယိုကျမလို ထင်ရသည်။ ရတီ(၉၀)ကျော်ရှိသည်ဟု ဆိုပါသည်။ အရောင်တလျှပ်လျှပ် တောက်ပနေသည်။

ယနေ့ထိ ပတ္တမြားငမောက် မည်သူ့လက်တွင်ရှိသည်ကို မသိရပါ။ နိုင်ငံနှင့်ချီ၍ တန်ဖိုးမဖြတ်နိုင်သော ငမောက်ပတ္တမြား ပျောက်ဆုံးခြင်းမလှ မည်သည့်နေရာတွင် ခိုနားနေပါသနည်း။ ကောင်းကင်သို့ ပျံတက်သွားပြီလော။

တစ်ခါကလည်း ကျပ်ပြင်မှ မိန်းကလေးတစ်သိုက်သည် တောသို့ ထင်းခွေသွားကြရာ ရေဆာလာသဖြင့် တောင်ခြေရှိ စမ်းချောင်းတစ်ခုသို့ ရေဆင်းသောက်ကြသည်တွင် မမျှော်လင့်ဘဲ တောကြက်ဥအရွယ်ခန့်ရှိပြီး အရည်အသွေး အလွန်တောက်ပသော ပတ္တမြားကြီးတစ်ပွင့်ကို တွေ့ကြသည်။

မိန်းကလေးတစ်သိုက်လည်း အံ့အားသင့်နေကြပြီး အတန်ကြာမှ ဝမ်းသာအားရနှင့် ပတ္တမြားကြီးကို ကောက်ယူလိုက်ရာ ပတ္တမြားကြီးသည် ရေစပ်မှ ကမ်းခြေပေါ်သို့ လိမ့်တက်လာပြီးနောက် ၎င်းတို့ မျက်စိရှေ့မှောက်တွင်ပင် မိုးပေါ်သို့ ပျံတက်သွားကြောင်း ယနေ့ထိ ဒဏ္ဍာရီပုံပြင်သဖွယ် ပြောဆိုလျက်ရှိကြပါသည်။ တစ်ခါတစ်ရံ မြေတီထွေး (သို့မဟုတ်) ထူးဆန်းသောအရာများလည်း ဖြစ်သွားတတ်ကြောင်း ကြားသိရပြန်ပါသည်။

တွေ့ဖူး၊ မြင်ဖူးရုံသက်သက်သာ ပြသခြင်းဖြစ်ပြီး မထိုက်တန်သေး၍ မရခြင်းဖြစ်သည်။ ကံအတိုင်းသာ ရလိမ့်မည်ဟု ပတ္တမြားမြေမှ လူအများက ယုံကြည်ကြပါသည်။

မြန်မာသက္ကရာဇ်(၄၁၈)ခုနှစ်တွင် သထုံဘုရင် နောက်ဆုံးမင်းဆက် (၅၉)ဆက်မြောက်မင်းမှာ မနုဟာမင်းဖြစ်သည်။ ကျဲပိုင်ရှင် နိုင်ဖိုးကင်းသည် မိမိ၏ ကျဲအုပ်များအား ကျဲရိုင်းပြန့်သွင်းခိုန် ဇင်းကျိုက်တောင်အနီးရှိ ကျဲမင်းတောင်၊ ကျဲမင်းစေတီအနီး နေရောင်ကြောင့် ရောင်ပြန်ဟပ်တောက်ပပြောင်လက်နေသဖြင့် အနားကပ်ကြည့်လိုက်သော အခါ ပတ္တမြားလက်စွပ်တစ်ကွင်း ဖြစ်နေသည်ကို တွေ့ရသည်။

မွန်လူမျိုးကြီး နိုင်ဖိုးကင်းသည် မနောမယပတ္တမြားလက်စွပ်ကြီးတစ်ကွင်းကို မနုဟာမင်းအား ဆက်သ၊ တော်မူသည်။ မနောမယပတ္တမြားကြီးသည် ရတီချိန်(၉၀)ကျော်ကျော်ရှိ၏။ ခိုသွေးရောင်တောက်ပနေသည့် တော်ဝင်ဘုရင် ဧကရာဇ် (Imperial Ruby) ပတ္တမြားအမျိုးအစားပတ္တမြားလုံးချောလုံးသန့်ကြီးတစ်လုံး ဖြစ်သည်။ ပတ္တမြားတွင် ခြောက်တန်းသွားကြိုး အရှင်ပါသည့်ပြင် ယင်းကြိုးအရှင်သည် ပတ္တမြားလုံးကြီး တစ်လုံးလုံးအား ဖုံးထားလုနီးပါး ရှည်လျားဖြောင့်တန်းလှပနေ၏။ ဧရာမပတ္တမြား လုံးချေလုံးသန့်ကြီးအား ကျဲဦးခေါင်းပုံသဏ္ဌာန် ကျဲချိုကားကားကြီးပေါ်၌ တင်ထားသည့်ပမာ ပြုလုပ်ထားသည်။ ရွှေသားလက်စွပ်သည် ကျဲခေါင်းပုံအတိုင်း၊ ကျဲနှားရွက်ကားကားနှာတံနှစ်ပေါက်၊ ပါးစပ်တို့ဖြင့် ပီသပေါ်လွင်စွာ လက်ရာမြောက်မြောက် ပြုလုပ်ထား၏။ ကျဲမျက်လုံးတစ်လုံးစီ နေရာ၌ ရွေးနီစေ့ကြီးအရွယ် ပတ္တမြားလုံးချောသန့်သန့်တစ်လုံးစီ လှပစွာ စီခြယ်ထားသည်။

မင်းကြီးသည် များစွာနှစ်သက်တော်မူသဖြင့် မိမိဘယ်ဘက်လက်သူကြွယ်တွင် ချက်ချင်းဆင်မြန်းတော်မူသည်။

သို့သော် ပိုင်ရှင်မဲ့ ကျဲခေါင်းပုံ မနောမယပတ္တမြားလက်စွပ်ကြီးသည်ကား ကျဲမင်းတောင်ပေါ်ရှိ ကျဲမင်းစေတီတွင် ဌာပနာသွင်းထားခဲ့ဖူးသည့် ဌာပနာပစ္စည်းဘုရား ပစ္စည်းဖြစ်သည်ကိုကား မနုဟာမင်း လုံးဝသိခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာသက္ကရာဇ်(၄၁၉)ခုနှစ်တွင် ဒုတိယပုဂံခေတ် ခြေမာမင်းဆက်(၄၂)ဆက်မြောက်သော အနော်ရထာသည် သထုံဘုရင်မနုဟာနှင့် ကျောက်သံပတ္တမြား ရတနာလှည်း (၉)စီးအား သိမ်းပိုက်သယ်ဆောင်လာခဲ့သည်။

သယ်ဆောင်လာခဲ့သော ရတနာများ လှည်း(၉)စီး ကို၎င်း နောင်သောအခါ အနော်ရထာမင်း နတ်ရွာစံလွန်မှု ဦးနောက် သားတော်ကျန်စစ်သားမင်းကိုယ်တိုင် တည်ထား ဆောမှသော ပုဂံအာနန္ဒာစေတီတော်ကြီး၏ အနောက်ဘက် နံဝဘဉ်တည့်တည့်တွင်ရှိသည့် ဂေါတမမြတ်စွာဘုရား မတ် ရုပ်တော်ကြီး၏ နဖူးသင်းကျစ်တော်၌ လှုဒါန်းပူဇော်ထား သည့် ဖြူပြာနုရောင် (Blue White) ရှိ အလွန်မီးအားကောင်း သော (၁၀၈)ရတီကျော် တော်ဝင်ဘုရင်ဧကရာဇ် စိန် (Imperial Diamond) အမျိုးအစား ဧရာမစိန်တုံးကြီးတစ် တုံး ပါလာသည်။

ဒုတိယအဖိုးတန်ကျောက်မျက်ရတနာကြီးမှာ မနုဟာ မင်းအား မွန်လူမျိုး နိုင်ဖိုးကင်း ဆက်သထားသော ကျွဲမင်း ဆေတိပျက်မှ ဌာပနာပစ္စည်း ရတီချိန်(၉၀)ကျော်ရှိ ခိုသွေး ဆောင်တောက်ပနေသော တော်ဝင်ဘုရင်ဧကရာဇ်ပတ္တမြား (Imperial Ruby) အမျိုးအစား ခြောက်တန်းသွားကြိုးအရှင် ပါ ကျွဲခေါင်းပုံသဏ္ဌာန် ပတ္တမြားလက်စွပ်ကြီးတို့ ဖြစ်ကြ သည်။

ဤကျောက်မျက်ရတနာနှစ်မျိုးသည် အနော်ရထာမင်း လက်ထက်တွင် အများပြည်သူ အံ့သြရုတိအောင်ပင် စံတင် ထိုက်သည့် တော်ဝင်ရတနာကောင်းများ ဖြစ်ကြပေသည်။

လူအများ တန်ဖိုးထားနှစ်သက်ကြသည့် ရတနာအမျိုး မျိုးများမှာ ပတ္တမြားနှင့်ပတ်သက်သော သိကောင်းစရာများ ကို စာရေးသူနှင့်အတူ စာဖတ်ပရိသတ်များ ဗဟုသုတရရှိ ကြရပြီ ဖြစ်ပါသည်။ ဗဟုသုတတစ်စိတ်တစ်ဒေသ ရစေ ခြင်းငှာ ရှာဖွေစုဆောင်း၍ ရေးသားတင်ပြလိုက်ပါသည်။

သုတအထွေထွေနှင့် ပြည့်စုံနိုင်ကြပါစေ
ဘဏ်အရာရှိပေါင်းတစ်ဦး

ကိုးကြမ်း

၁။ မဏိသျှတ္တရကျမ်းနှင့် စာပန်းရောင်စုံများ၊ မောင်ချစ်ဖေ(မဟာဝိဇ္ဇာ)။

၂။ ဧောတိသဝေဒမဂ္ဂဇင်း။

၃။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း (၁၉၉၅)ခုနှစ်၊ ဇူလိုင်လ။

ကြယ်ပွင့်

အမှတ်တံဆိပ်

ဆီးချို၊ သွေးချို သောက်ဆေး

ဆီးရိုသွေးရိုကြောင့် မကြာစဏ ရေတိခြင်း၊ ဆီးမကြာစဏသွားပြီး ဆီးအောင့်၊ ဆီးကျန်ခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း၊ ချွေးထွက်များ၍ ကိုယ်ခန္ဓာအားအင် ကုန်ခမ်း နုံးချိခြင်း၊ ဗောပန်းနွမ်းနယ်၍ ခြေလက် မသယ်ချင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ မျက်စိ ဝေဝါးမှုန်ခြင်း၊ ယားနာပေါက်ခြင်း၊ အနာနှင့်တကွ ထိခိုက်ရုနာများ မစေပျောက်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်း တို့ကို သုံးစွဲနိုင်ပါသည်၊

အမြဲ၊ မြို့ရှိ မြန်မာ့ဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ပင်ရင်း **ကြယ်ပွင့်ဆေးထိုက်**

အမှတ်(၄၅၁)၊ သမိန်ဗရမ်းနှင့် အောင်မြေလမ်းထောင့်၊ (၃၆)ရပ်ကွက်၊ မြောက်ဒဂုံ၊

ဖုန်း ဝဓ-၇၃၀၁၄၀၄၄ ဝဓ-၅၀၀၁၄၆၊ ဝဓ-၅၁၁၉၀၇၂၂၊ ဝဓ-၅၁၉၈၇၀၅၅

မှတ်ပုံတင် - TMR ၀၁၁၂၉၄(ဝ၆၁၅၅)
လိုင်စင် ၂/၂၀၁၃(ဇာဆထလ)၊ (၂၃၀၅)

ဖြန့်ချိရေး (မြည်ပြို့ - ဆေးနန်းတော်ကြီးဆေးဆိုင်)၊ (ဓာဘင်ဦးပြို့ - ဒဂုံဆိပ်ဆေးလာင်းဆေးဆိုင်) (ပုလဲပြို့ - မြို့ဟောင်းဆေးနန်း)၊ (ဝါရုပြို့ - ဟသံတုန်းကုဋေသန်းဆေးဆိုင်၊ တသံတုန်းသမင်ကလုံ)

www.burmeseclassic.com

အမှန်တကယ် ထိပေါက်လိုသူများအတွက် ယခုနှစ် အတွင်း ထိပေါက်ကိန်းရှိ,မရှိကို မိမိဇာတာတွင် ကြည့်ပါ။ ခနေဂြိုဟ်ဖြစ်သော ကြာသပတေးဂြိုဟ် (၁၂)ရာသီ၌ တည် နေပုံကို ဖော်ပြထားပါသည်။ မိမိ၏ဇာတာ၌ ၅တေးတည် နေပုံနှင့် တိုက်ဆိုင်မှုရှိခြင်း ထိပေါက်ပါမည်။

တစ်ဖန် လက္ခဏာပညာဖြင့်လည်း မိမိ၏ လက်ဝါး ပေါ်၌ ချမ်းသာကြွယ်ဝမှု၊ ငွေကြေးအစုလိုက်အပုံလိုက် ရရှိမှု၊ အမွေအနှစ်ရရှိမှုဟူသည့် အမှတ်အသားများ ပါရှိ ပါကလည်း ချမ်းသာကြွယ်ဝရန် အထူးသေချာလေသည်။ ထို့ကြောင့် လက္ခဏာသရုပ်ပြပုံနှင့်လည်း ချမ်းသာကြွယ်ဝ နိုင်မည်၊ ထိပေါက်နိုင်မည့် အမှတ်အသားတို့ကို ဖော်ပြ ထားပါသည်။

ဗေဒင်ပညာ၊ လက္ခဏာပညာရပ်တို့ဖြင့် နှစ်ခုစလုံး တိုက်ဆိုင်မှုရှိပါက ရာနှုန်းပြည့် ထိပေါက်ရန် သေချာ ကြောင်း အာမခံပါသည်။

ထိုအမှတ်လက္ခဏာ ဇာတာများ မပါရှိသော်လည်း အောက်ပါအတိုင်း အောင်ဆုထူးပန် ထိပေါက်ဂါထာနှင့် အဓိဋ္ဌာန်ဝင်ပါကလည်း ထိပေါက်နိုင်ပါသည်။

အောင်ဆုထူးပန် ထိပေါက်ဂါထာ

ဓတဒဂ္ဂ ဘိက္ခဝေ မမသာဝကာနံ
ဘိက္ခုနံ ပထမံ သလာကံ။
ဂဏှန္တာနံ ယဒိဒံ ကောဏ္ဍဉ္ဉော
သီဃံ သိဇ္ဈတု မေ ဓနံ။
ဓတေန သစ္စဝဇ္ဇေန ဇဝံ မေ ဟောတု။

မြတ်စွာဘုရားရှင်သည် အရှင်ကောဏ္ဍဉ်အနေအား စာ ရေးတံမဲ အမြဲပေါက်သဖြင့် နံပါတ်တစ် ဓတဒဂ်ချီးမြှင့် သောဂါထာ ဖြစ်ပါသည်။

၄င်းဂါထာကို တစ်ပုဒ်လျှင် ပုတီးတစ်လုံးဖြင့် အသက်ထက် တစ်လုံးပို၍ စိပ်ရပါမည်။ အသက်(၄၀) ဆိုလျှင် ပုတီး(၄၁)လုံးစိပ်၊ အသက်(၁၈)နှစ်ဆိုလျှင် ပုတီး (၁၉)လုံး စိပ်ရပါမည်။

စတင်၍ အဓိဋ္ဌာန်ဝင်သည့် နေ့ရက်သည် မိမိ၏မွေးနေ့ ဖြစ်ပါက ပို၍ကောင်းပါသည်။ နှစ်လ၊ သုံးလအတွင်း အကျိုးပေးပါသည်။

အဓိဋ္ဌာန်ဝင်သည့်ရက်အတွင်း သက်သတ်လွတ်စား ပါက ပို၍အကျိုးပေးမြန်ပါသည်။ ၄င်းဂါထာနှင့် အဓိဋ္ဌာန် ဝင်သည့် အချိန်မှစ၍ ပုံသကူစွန့်ခြင်းကို အမြဲပြုလုပ်ပါ။ တတ်နိုင်သောသူဖြစ်ပါက ငါးရာကျပ်တန်၊ တစ်ထောင် ကျပ်တန်များကို ပုံသကူအမြဲစွန့်ပါ။ မတတ်နိုင်ပါက ငါး ဆယ်ကျပ်တန်၊ တစ်ရာကျပ်တန်များကို စွန့်ပါ။

ငါးပါးသီလယူ၍ အထူးသဖြင့် မိမိ၏ဝစီကံ နှုတ် အထူးစောင့်ထိန်းပါ။ နှုတ်ဖြင့် ကြမ်းကြမ်းတမ်းတမ်းပြော ခြင်း၊ ကိုယ်နှင့် သက်ဆိုင်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ် စေ အကြောင်းအရာ သေချာစွာမသိဘဲ ဝင်ရောက်ပြော မှတ်ချက်ချခြင်း၊ တစ်ဖက်သား ထိခိုက်နစ်နာ ပျက်စီး ရန် တစ်ဖက်မှ ထောက်ခံပြောဆိုခြင်း၊ ကတိကဝတ် နိုင်ဘဲ အလွယ်တကူ ကတိပေးခြင်းတို့ကို အထူး ကြဉ်ပါ။

ဗေဒင်အမြင်ဖြင့် သင့်ဇာတာမှာ ၅တေးရဲ့ တည် ကို ရှာကြည့်လိုက်ပါဦး။

www.burmeseclassic.com

ဆေးအမြင်ဖြင့် ကြည့်ရှုခြင်း

နေဂြိုဟ်၊ ကြာသပတေး ထီပေါက်ဂြိုဟ်

ကြာသပတေးသည် ဓနကာရကဂြိုဟ်အစစ်ဖြစ်သည်။ ဤရကာ၏ အဓိပ္ပာယ်မှာ ပြုလုပ်ခြင်းဟု အနက်ထင်သောကြောင့် ဓနကိုဖြစ်စေသောဂြိုဟ်ဟု ဆိုပါသည်။ လဂ်၏ (၂)တန့် ကဏ္ဍမွှာဘဝကို ကြာသပတေးဂြိုဟ် စိုးမိုး၏။ ဤကဏ္ဍမွှာဘဝသည် ဥစ္စာစီးပွားနှင့် တိုက်ရိုက်သက်ဆိုင်သော ဘာဝဖြစ်ရာ လဂ်၏ (၂)တန့်၌ ၅တေးဂြိုဟ် ရပ်တည်လျက် ဖွားမြင်သော ဇာတာရှင်သည် ဓနယုဂ်အစစ်ကို ရ၏။

၅တေးသည် ဥစ် ကသစ်ရလျက် လဂ်၏ (၂)တန့် ကဏ္ဍမွှာဘဝ၌ တည်ရှိလျှင် ပစ္စည်းဥစ္စာ ချမ်းသာကာ ထီပေါက်နိုင်သော ဇာတာရှင်ဖြစ်၏။ ဘဝတစ်သက်တာတွင် မကြာခဏ ထီပေါက်တတ်ပါသည်။ (၂)တန့်၌ ၅တေးတည်နိုင်သော ဇာတာ(၁၂)မျိုးသာ ရှိပါသည်။

လဂ်(၂)တန့် ကြာသပတေး

(၁) မိဿလဂ်၊ ပြိဿ ၅တေး



မိဿဂြိုဟ်နှင့် ပြိဿ ၅တေး ဖြစ်၏။ ပြိဿသည် သောကြာဂြိုဟ်ပြိုင်ရာသီဖြစ်ရာ ၅တေးနှင့် ဓနသဂ္ဂိက ရန်ကျနေသဖြင့် ရန်နှင့်ယှဉ်ပြီး ဥစ္စာပစ္စည်း ရတတ်ပါသည်။ စီးပွားဖြစ်စေကာမူ ဘေးရန်များ မကင်းဘဲ အပြိုင်အဆိုင် စီးပွားရှာရတတ်၏။ ထီပေါက်သော်လည်း ထီလက်မှတ် ပြဿနာဖြစ်တတ်၏။

(၂) ပြိဿလဂ်၊ မေထုန် ၅တေး



ပြိဿလဂ် မေထုန် ၅တေး ဖြစ်၏။ မေထုန်ရာသီအိမ်ရှင်သည် ၄ဟူးဂြိုဟ် ဖြစ်နေရာ ၅တေးနှင့် ရန်ကျနေပြန်သည်။ စီးပွားရှာရာတွင် အပြိုင်အဆိုင် များတတ်သော်လည်း မိမိသာနိုင်မည်။ ထီပေါက်မည်။

(၃) မေထုန်လဂ်၊ ကရကဋ် ၅တေး



မေထုန်လဂ်၏ (၂)တန့်၌ ၅တေးတည်ရာ ဥစ်ရသဖြင့် အလွန်ကောင်း၏။ ဆင်းရဲသားဖြစ်စေကာမူ လူချမ်းသာဘဝသို့ မုချရောက်မည့် ဇာတာရှင်ဖြစ်၏။ ထီတစ်ကြိမ်မက အကြိမ်ကြိမ်ပေါက်နိုင်သူ ဖြစ်၍ ယခု မချမ်းသာသော်လည်း နောင်တွင် ချမ်းသာမည့်သူ ဖြစ်၏။ ငွေကြေးဥစ္စာ အလွယ်တကူ ရှာဖွေနိုင်၍ ရွှေထုပ်၊ ငွေထုပ်၊ စိန်ထုပ်များ ကောက်ရတတ်ပါသည်။

(၄) ကရကဋ္ဌလဂ်၊ သိဟ် ၅တေး



ကရကဋ္ဌလဂ်၏ (၂)တန့် သိဟ်ရာသီ၌ ၅တေးတည်၏။ အိမ်ရှင် ၁နွေနှင့် ဓနသဂ္ဂိက မိတ် ဖြစ်၏။ ပစ္စည်းဥစ္စာ ချမ်းသာမည်။ ထီပေါက်မည်။ အကြောင်းအမျိုးမျိုးနှင့် ငွေဝင်နိုင်သည်။ မိတ်ဆွေကောင်း ပေါများ၍ စီးပွားရေးလုပ်ငန်းကောင်းကာ မကြာခဏ ထီပေါက်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၅) သိဟ်လဂ်၊ ကန် ၅တေး



သိဟ်လဂ်၏ (၂)တန်တွင် ကြာသပတေး တည်နေသဖြင့် ဓနယုဂ် ပါသော်လည်း အိမ်ရှင် ၄ဟူးနှင့် ရန်ကျ၏။ အပြိုင်အဆိုင် စီးပွားရှာရာမှ ချမ်းသာလာတတ်၏။ ဘေးရန်များသော်လည်း ထီပေါက်နိုင်သူ ဖြစ်၏။

(၆) ကန်လဂ်၊ တူ ၅တေး



ကန်လဂ်၊ တူ ၅တေး ဖြစ်ရာ လဂ်၏ (၂)တန် အိမ်ရှင်နှင့် ရန်ကျ၏။ စီးပွားရှာရာတွင် ဘေးရန်နှင့် အပြိုင်အဆိုင်များရှိ၍ ဒုက္ခရောက်ပြီးမှ ချမ်းသာလာမည့် ဇာတာဖြစ်၏။ ထီပေါက်မည်ဖြစ်သဖြင့် မပြတ်ထီထိုးသင့်သည်။

(၇) တူလဂ်၊ ဗြိဿာ ၅တေး



တူလဂ်၊ ဗြိဿာ ၅တေးသည် ရာသီအိမ်ရှင် ၃ဂ်ါနှင့် မိတ်ဖြစ်၍ ထီတစ်ကြိမ်သာမက အကြိမ်ကြိမ် ပေါက်နိုင်၏။ ဓနယုဂ် ကောင်းသဖြင့် ဘဝတစ်သက်တာတွင် စီးပွားရေးအတွက် ပူပင်စရာ မရှိသော်လည်း တခြားကြိုဟ်များ အနေကောင်းရန် လိုပေသည်။

(၈) ဗြိဿာလဂ်၊ ဓနု ၅တေး



ဗြိဿာလဂ်၊ ဓနု ၅တေးသည် ဓနယုဂ် အထူးကောင်းမွန်၏။ လဂ်၏ (၂)တန်၌ ၅တေး ကသစ်ရခြင်းဖြစ်ရာ ထီပေါက်ဇာတာ ပါ၏။ စီးပွားရေးမှာ တစ်သက်တာ ကောင်းမွန်သည့်အတွက် ပူပင်စရာ မရှိပါ။

(၉) ဓနုလဂ်၊ မကာရ ၅တေး



ဓနုလဂ်၏ (၂)တန် စနေအိမ် မကာရ၌ ၅တေးဂြိုဟ် နှိစ်ဂြိုဟ်အဖြစ် ရပ်တည်သည့် ဌာနဗလကို ရသောကြောင့် ထီပေါက်နိုင်သော်လည်း ဆုကြိုး မပေါက်နိုင်ပါ။ ကြိုးစား စီးပွားရှာမှုဖြင့် တိုးတက်ကြီးပွားနိုင်သော်လည်း မတရားသဖြင့်ရှာသောစီးပွား ဖြစ်တတ်သည်။

www.burmeseclassic.com

(၁၀)မကာရလင်၊ ကုမ် ၅တေး



မကာရလင်၏ (၂)တန့် ကုမ်ရာသီတွင် ၅တေးတည်ရှိရာ အိမ်ရှင် စနေဂြိုဟ်နှင့် ဥဒါသိန်ကျ၏။ ကုမ်၌ ၅တေးတည်လျှင် ဒုလ္လဘယုဂ်ကို ရ၏။ ငွေရှာဖွေရာတွင် အလွယ်တကူ ရတတ်သောကြောင့် ထီထိုးပါ။ မကြာခဏ ထီပေါက်တတ်၏။

(၁၁)ကုမ်လင်၊ မိန် ၅တေး



ကုမ်လင်၊ မိန် ၅တေးမှာ ကသစ်ရသော ကြာသပတေးဖြစ်၏။ ဓနယုဂ် ကောင်းသောကြောင့် ထီမကြာခဏ ပေါက်ခြင်း၊ ထီပေါက်သကဲ့သို့ ငွေအစုလိုက်အပြုံလိုက်ဝင်သော ဇာတာရှင်ဖြစ်၏။ ထီပေါက်ဇာတာ အမှန်ပါရှိ၏။

(၁၂)မိန်လင်၊ မိဿ ၅တေး



မိန်လင်၊ မိဿ ၅တေးသည် မိန်လင်၏ (၂)တန့် မိဿရာသီအိမ်ရှင် ဘုဂ်နှင့် မိတ်ကြိုသဖြင့် ဓနယုဂ် ကောင်းပေသည်။ ထီပေါက်နိုင်ခြင်း၊ ထီပေါက်သကဲ့သို့ မကြာခဏ ငွေဝင်ခြင်းကြောင့် အကယ်၍ တခြားဂြိုဟ်များ အနေကောင်းလျှင် သူဌေးသူကြွယ် ဖြစ်တတ်ပါသည်။

ဘယ်အချိန်အခါ ထီပေါက်ပါမည်နည်း။

လင်၏ (၂)တန့် ကဋ္ဌမ္ဘဘဝကို ၅တေးမြင်ချိန် (သို့မဟုတ်) ကဋ္ဌမ္ဘဘဝသို့ ကောစာကြာသပတေး ရောက်ချိန်တွင် ထီပေါက်မည်။ ကြာသပတေးသည် တစ်ရာသီတွင် တစ်နှစ်ကြာ ရပ်တည်သောကြောင့် တစ်နှစ်အတွင်း ထီထိုးရန် မမေ့သင့်ချေ။ ၅တေးသည် လင်၏ (၂)တန့်သို့ (၁၂)နှစ်ကြာမှ တစ်ကြိမ်ပြန်ရောက်သောကြောင့် (၁၂)နှစ်တစ်ကြိမ် ထီပေါက်နိုင်ပါသည်။ သို့သော် (၁၂)နှစ်ကာလအတွင်း ၅တေးအမြင် သုံးကြိမ်ကြို၏။ (၁၂)နှစ်ကာလအတွင်း ၅တေး (၂)တန့်ရောက် တစ်ကြိမ်၊ (၂)တန့်ကို အမြင်သုံးကြိမ်၊ ပေါင်းလိုက်သော စုစုပေါင်း(၄)ကြိမ် ထီပေါက်နိုင်ပါသည်။

လက္ခဏာအမြင်ဖြင့် ကြည့်ရှုခြင်း

ဗေဒင်နဲ့ မတိုက်ဆိုင်လို့ စိတ်မပျက်လိုက်ပါနဲ့ဦး။ သင့်လက္ခဏာမှာ အောက်ဖော်ပြထားတဲ့ အမှတ်အသား၊ သင်္ကေတ တစ်ခုခုပါရင်လည်း ထီပေါက်နိုင်ပြီး ထီပေါက်သကဲ့သို့ ချမ်းသာကြွယ်ဝနိုင်ပါသည်။

က။ တနင်္ဂနွေဂြိုဟ်ခုံပေါ်တွင် ထင်ရှားသော အဖြတ်အတောက်ကင်းသော ဒေါင်လိုက်လမ်းကြောင်း အမှတ်အသားသည်. အမွေအနှစ်ကြောင့် ချမ်းသာကြွယ်ဝခြင်း၊ ငွေကြေးစုပုံရရှိတတ်ခြင်းကို ဖော်ပြပါသည်။

ခ။ ဦးခေါင်းလမ်းကြောင်းနှင့် မျှဉ်းပြိုင်ပြေးနေသော တွဲဖက်လမ်းကြောင်းသည်လည်း အမွေအနှစ်ရရှိ၍ ချမ်းသာကြွယ်ဝခြင်းနှင့် ငွေကြေးအစုလိုက်အပုံလိုက် ရရှိခြင်းကို ဖော်ပြ၏။

ဂ။ ဦးခေါင်းလမ်းကြောင်းမှနေ၍ တနင်္ဂနွေဂြိုဟ်ခုံပေါ်သို့ တက်နေသော လမ်းကြောင်းတစ်ကြောင်း ပါရှိလျှင်လည်း ရုတ်တရက် ချမ်းသာကြွယ်ဝခြင်းနှင့် ငွေအစုလိုက်အပုံလိုက် ရရှိခြင်းကို ဖော်ပြပါသည်။

ဃ။ အသက်လမ်းကြောင်းမှ အတက်တစ်ခုသည် စနေ

www.burmeseclassic.com

www.burmeseclassic.com

ကြိုးဟ်ခုံသို့တိုင်အောင် တက်နေလျှင်လည်း လက္ခဏာရှင်သည် စီးပွားတိုးရ၍ ချမ်းသာစွာ နေရမည်။

ငါး။ ကြာသပတေးကြိုးဟ်ခုံပေါ်တွင် လေးထောင့်သဏ္ဌာန်တစ်ခု ပါရှိခြင်းကြောင့် လက္ခဏာရှင်သည် ဘေးအန္တရာယ် အပေါင်းမှ အကာအကွယ်ရရှိခြင်းနှင့် ပစ္စည်းဥစ္စာ ပြည့်စုံကြွယ်ဝမှုကို ဖြစ်စေပါသည်။

ခြောက်။ တနင်္ဂနွေကြိုးဟ်ခုံပေါ်၌ စက်ဝိုင်းသဏ္ဌာန် အမှတ်အသား ပါရှိခြင်းကြောင့် လက္ခဏာရှင်သည် ချမ်းသာကြွယ်ဝကာ အကြံအစည်ဟူသမျှ အောင်မြင်ပေလိမ့်မည်။

ခုနစ်။ လက်မ၏ ဒုတိယအဆစ်ပေါ်တွင် ကြယ်သဏ္ဌာန်အမှတ်အသား ပါရှိပါက ပစ္စည်းဥစ္စာကို ကျိုကျိုတက် ချမ်းသာကြွယ်ဝမည့် လက္ခဏာပင် ဖြစ်ပါသည်။

ဌင်းအမှတ်အသားများ သင့်လက်ဝါးတွင် တစ်ခုမဟုတ်တစ်ခု ပါခဲ့လျှင် ကျိန်းသေပေါက် ချမ်းသာမယ်လို့ မှတ်ပါ။



- အချို့သော ပုဂ္ဂိုလ်များက ကျွန်တော်၊ ကျွန်မတို့ အဓိဋ္ဌာန်ဝင် ကျင့်ကြံအားထုတ်ပါတယ်။ ဒါပေမဲ့ ဇာတာမှာ စနေကြိုးစီးနေလို့၊ ရာဟုကြိုးစီးနေလို့၊ ကံအကြောင်းမလှလို့ ထီမပေါက်ပါဘူးလို့ ဆိုလာသူများအတွက် အောက်ပါပုဂ္ဂိုလ်များကို ကြိုးတွေဟာ ဆိုးကျိုးမပေးနိုင်တဲ့အတွက် ကြိုးဆိုးတွေရဲ့ အစီးအနင်းခံရပါလျှင်လည်း ကြောက်စရာ မလိုကြောင်းကို တင်ပြလိုက်ရပါသည်။

ကြိုးဟ်ဆိုးစီးသော်လည်း ကြောက်စရာမလိုသူများ

(၁) ရဟန်း၊ သံဃာ သူတော်စင်များ၊
(၂) ဗြဟ္မစာရီအကျင့်ကို ကျင့်ကြံနေသူများ၊
(၃) အဓိဋ္ဌာန်ပုဂိုလ်စိပ်ခြင်း၊ တရားစခန်းဝင်ခြင်းများကို လက်ရှိပြုလုပ်နေသူများ၊
(၄) နေ့စဉ်နေ့တိုင်း ကျိုးမနိုးခင် ထတတ်သူများ၊
(၅) နေထွက်သည်နှင့် ရေချိုးတတ်သူများ၊
(၆) နိစ္စမ္ပဝ ကောင်းမှုပြုနေသူများ၊
(၇) သက်ကြီး၊ဝါကြီးများကို စေတနာဖြင့် ရှာဖွေကျွေးမွေးနေသူများ၊
(၈) ကျေးဇူးတရားကို အမှန်တကယ်သိတတ်သူများ၊
(၉) ရဟန်း၊ သံဃာ သူတော်စင်များကို နေ့စဉ် ဆွမ်းကပ်လှူ ပူဇော်နေသူများ၊
(၁၀) သက်ရှိသတ္တဝါ တစ်ကောင်ကောင်ကို ကိုယ်တိုင် စေတနာဖြင့် အစာကျွေးတတ်သူများ၊
(၁၁) မိဘကို ရှာဖွေကျွေးမွေးသူများ၊
(၁၂) ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ် ဝေယျာဝစ္စတို့ကို အမြဲမပြတ် ပြုလုပ်တတ်သူများကို ကြိုးတွေဟာ ဒုက္ခမပေးနိုင်ပါဘူး။

ကြည့်ဝင်း(ဟသ်ာတ

ကျမ်းကိုး

(၁) ပျဉ်းမနား-ဦးသန်းမောင်၏ ထီနှင့်ဗေဒင်။
(၂) ဗိုလ်ညွှန့်မောင်၏ သိပ္ပံလက္ခဏာစွယ်စုံကျမ်း။
(၃) ဆရာဒဂုန်၏ မြန်မာ့ရိုးရာ ကောဇာကြိုးဟ်စီးကြိုးဟ်နှင့် ဗေဒင်ပညာ။

www.burmeseclassic.com

www.burmeseclassic.com

(၁၃၇၇)ခုနှစ် ပက္ခအဂဟာနှင့် ယကြာ

သုခစုစိမ်(ကျိုက်လတ်)

မဟာဘုတ်ဗေဒင်ပညာတွင် ပက္ခအယူအဆ ရှိပါသည်။ အထွန်းနှင့်ပုတိ၊ သိုက်နှင့်ရာဇ၊ အဓိပတိနှင့်မရဏ၊ ဘင်္ဂနှင့်ဘင်္ဂဟူ၍ ပက္ခအတွဲ(၄)တွဲ ရှိပါသည်။ ထပ်မံ၍ ခွဲခြားသိရန်မှာ ပုတိမှ အထွန်းသို့တက်သော အတွဲသည် အကောင်းပက္ခဖြစ်ပြီး အထွန်းမှ ပုတိသို့ဆင်းသော အတွဲသည် အဆိုးပက္ခ ဖြစ်ပါသည်။ မရဏမှ အဓိပတိသို့တက်သော အတွဲသည် အကောင်းပက္ခဖြစ်ပြီး အဓိပတိမှ မရဏသို့ဆင်းသော အတွဲသည် အဆိုးပက္ခ ဖြစ်ပါသည်။ သိုက်မှ ရာဇသို့သွားသော အတွဲသည် အကောင်းပက္ခဖြစ်ပြီး ရာဇမှ သိုက်သို့သွားသော အတွဲသည် အဆိုးပက္ခဖြစ်သည်။ ဘင်္ဂနှင့် ဘင်္ဂအတွဲသည် အဆိုးပက္ခ ဖြစ်ပါသည်။

ထို့ကြောင့် အကောင်းပက္ခ(၃)တွဲနှင့် အဆိုးပက္ခ(၄)တွဲဟူ၍ ပက္ခအတွဲ(၇)တွဲ ဖြစ်သွားပါသည်။

(၇)ရက်သားသမီး အားလုံးတို့သည် မြန်မာနှစ်တစ်နှစ်တွင် ပက္ခတစ်လုံးလုံးနှင့် မိ,မိနေတတ်ပါသည်။ အကောင်းပက္ခမိခြင်းနှင့် အဆိုးပက္ခမိခြင်းဟူ၍သာ ကွာခြားကြမည် ဖြစ်ပါသည်။ ယခုလာမည့် (၁၃၇၇)ခုနှစ်သည် (၅)ကြွင်း



(အကောင်းပက္ခ)



(အဆိုးပက္ခ)



(၅)ကြွင်းမဟာဘုတ်



www.burmeseclassic.com

www.burmeseclassic.com

သော မဟာဘုတ်နှစ် ဖြစ်ပါသည်။

(၅)ကြွင်းမဟာဘုတ်နှစ်တွင် ဗုဒ္ဓဟူးသားသမီးများသည် ပုတီဋ္ဌာနရှိ သောကြာဂြိုဟ်နှင့် အဆိုးပက္ခမိနေမည် ဖြစ်ပါသည်။ ထို့ကြောင့် ဆွေမျိုးတို့နှင့် ပြဿနာပေါ်ခြင်း၊ ဇနီးအတွက် စိတ်ဆင်းရဲရခြင်း၊ ခရီးစဉ်ပျက်ခြင်း၊ နာရေး ခရီးသွားရခြင်း၊ ရေလမ်းခရီးအညံ့ရှိခြင်း၊ စကားပြောမှား ဆိုမှားဖြစ်ခြင်း၊ အစားအသောက်ကြောင့် ကျန်းမာရေးညံ့ ခြင်း၊ သီလပျက်သော လုပ်ရပ်တို့ကို လုပ်မိခြင်း၊ သီလ ပျက်သူတို့၏ ဒုက္ခပေးခံရတတ်ခြင်း၊ သွေးထွက်သံယိုဖြစ် ခြင်း၊ သံစူးခြင်း၊ သွေးတိုး၊ သွေးသားပိုင်းဆိုင်ရာရောဂါ ဖြစ်ခြင်း အစရှိသော သောကြာပရိယာယ် အဆိုးအညံ့များ ကို ကြုံတွေ့ကြရမည် ဖြစ်ပါသည်။

သောကြာသားသမီးများသည် အထွန်းဌာနရှိ ဗုဒ္ဓဟူး ဂြိုဟ်နှင့် အကောင်းပက္ခ မိပါသည်။ ထို့ကြောင့် ဘုရား၊ ရှင်သီဝလီ၊ ဓာတ်တော်တို့ ကြွလာတတ်ခြင်း၊ သတင်း ကောင်း ကြားရခြင်း၊ ညီအစ်ကိုမောင်နှမ၊ သားသမီးတို့ တိုးတက်အောင်မြင် အဆင်ပြေခြင်း၊ ရွှေဝင်ခြင်း၊ ရဟန်းဝတ် ရခြင်း၊ အလှူဒါနပြုရတတ်ခြင်း၊ တောင်အရပ်မှ လာဘ်ဝင် ခြင်း၊ ကရင်၊ ရှမ်း၊ တရုတ်လူမျိုးတို့၏ အကျိုးပြု ကူညီ ခံရတတ်ခြင်း အစရှိသော ဗုဒ္ဓဟူးပရိယာယ် အကောင်း များကို အနှောင့်အယှက်မကင်း၊ အတိုက်အခံမကင်းဘဲ ကြုံ တွေ့ကြရမည် ဖြစ်ပါသည်။



တနလ်ာသားသမီးများသည် မရဏဌာနရှိ တနင်္ဂနွေ ဂြိုဟ်နှင့် အဆိုးပက္ခ မိပါသည်။ ထို့ကြောင့် ဖခင်ကျန်းမာ ရေးညံ့ခြင်း၊ အိမ်ထောင်ဦးစီးအတွက် သောကရောက်ခြင်း၊ ကြီးကဲသူတို့၏ အထင်လွဲ ပြစ်တင်ခံရခြင်း၊ အလုပ်ပျက် အကိုင်ပျက် အလုပ်ရပ်နားရတတ်ခြင်း၊ အလုပ်ပြုတ်ခြင်း၊ အိုးအိမ်ကိစ္စ စိတ်ဆင်းရဲရခြင်း၊ အိမ်ထောင်ရေးအညံ့ကြုံ ခြင်း၊ အင်းအဆောင်ဝင်လာလျှင် ခိုက်တတ်ခြင်း၊ ဦးခေါင်း ပိုင်းဆိုင်ရာဝေဒနာ၊ အူရောင်တတ်ခြင်း အစရှိသော တနင်္ဂ နွေပရိယာယ် အဆိုးအညံ့များကို ကြုံတွေ့ရကြမည် ဖြစ်ပါ သည်။

တနင်္ဂနွေသားသမီးများသည် အဓိပတိဌာနရှိ တနလ်ာ ဂြိုဟ်နှင့် အကောင်းပက္ခ မိပါသည်။ ထို့ကြောင့် ဌေကြေး ကိစ္စအဆင်ပြေ၊ လာဘ်ရွှင်ခြင်း၊ မျက်နှာပွင့်လန်းခြင်း၊ ချစ် ခင်သူပေါခြင်း၊ မိခင်၊ အစ်မတို့၏ အကျိုးပြုကူညီခံရခြင်း၊ အလှူမင်္ဂလာကိစ္စတို့ ဆောင်ရွက်ရတတ်ခြင်း၊ ကျောက်၊ ကားလုပ်ငန်းများ အဆင်ပြေခြင်း၊ ချစ်သူတွေ့ခြင်း အစရှိ သော တနလ်ာပရိယာယ်အကောင်းများကို အနှောင့်အယှက် အတိုက်အခံမကင်းဘဲ ကြုံတွေ့ကြရမည် ဖြစ်ပါသည်။



အင်္ဂါသားသမီးများသည် သိုက်ဌာနရှိ စနေဂြိုဟ်နှင့် အဆိုးပက္ခ မိပါသည်။ ထို့ကြောင့် နတ်တိုက်ခံရခြင်း၊ နတ် ဖမ်းစားခံရတတ်ခြင်း၊ အပူလောင်၊ ဓာတ်လိုက်၊ မီးဘေး ကြုံရတတ်ခြင်း၊ အနှောင့်အယှက်ရန်ပေါခြင်း၊ လူမျိုးကွဲ နှင့် မြဿနာပေါ်ခြင်း၊ အမှုအခင်းဖြစ်ပွားတတ်ခြင်း၊ သူခိုး၊ အဆိပ်ရှိသတ္တဝါ ရန်ကြုံခြင်း၊ သူတစ်ပါး အကောက်ကြံ ခံရခြင်း၊ လောဘကြီးလျှင် မှားတတ်ခြင်း၊ ကိုယ်ဝန်ထိခိုက် တတ်ခြင်း၊ သူတစ်ပါးအတွက် သက်သေလိုက်ရတတ်ခြင်း၊ တရားအားထုတ်ရာတွင် အနှောင့်အယှက်ပေါ်ခြင်း အစရှိ သော စနေပရိယာယ် အဆိုးအညံ့များကို ကြုံတွေ့ကြရမည် ဖြစ်ပါသည်။

စနေသားသမီးများသည် ရာဇဌာနရှိ အင်္ဂါဂြိုဟ်နှင့် အကောင်းပက္ခ မိပါသည်။ ထို့ကြောင့် စက်မှုလုပ်ငန်းများ အောင်မြင်ခြင်း၊ ဆန်၊ ဆီ၊ စက်၊ စိန်ဝင်ခြင်း၊ အကျိုးပေး

www.burmeseclassic.com

ခြင်း၊ မုဆိုးဖို,မုဆိုးမတို့၏အကူအညီ အကျိုးပြုခံရခြင်း၊ ခင်ပွန်းသည်အဆင်ပြေခြင်း၊ အောက်လက်ငယ်သားအကျိုးပေးခြင်း၊ စစ်ဘက်နှင့်အကျိုးပေးခြင်း၊ စာကောင်းပေကောင်း ဒု အကြံကောင်း,ဉာဏ်ကောင်းရခြင်း၊ ပတ်ဝန်းကျင်နှင့် အဆင်ပြေခြင်း၊ ချီးကျူးခံရခြင်း အစရှိသော အင်္ဂါပရိယာယ် အကောင်းများကို အနှောင့်အယှက်မကင်း၊ အတိုက်အခံ မကင်းဘဲ ကြုံတွေ့ကြရမည် ဖြစ်ပါသည်။



ကြာသပတေးသားသမီးများသည် ဘင်္ဂဒုနှင့် ကြာသပတေးကြိုဟ်နှင့် အဆိုးပက္ခ မိပါသည်။ ထို့ကြောင့် မိတ်ပျက်ခြင်း၊ မိတ်ဆွေတို့၏ ဒုက္ခပေးခံရခြင်း၊ ဆရာသမားတို့နှင့် အဆင်မပြေ ငြိုငြင်ခံရခြင်း၊ စာမေးပွဲကျခြင်း၊ မြေအမွေ, ကိစ္စ ပြဿနာပေါ်ခြင်း၊ ဘာသာရေးလုပ်ငန်းများ ပျက်ကွက်ခြင်း၊ မိန်းမကိစ္စ အရှက်ရစရာ၊ သိက္ခာကျစရာ ကြုံရခြင်း၊ ကိုယ်ပိုင်စုဆောင်းငွေများ ကုန်ဆုံးခြင်း အစရှိသော ကြာသပတေးပရိယာယ် အဆိုးအညံ့များကို ကြုံတွေ့ကြရမည် ဖြစ်ပါသည်။

(၇)ရက်သားသမီးများအတွက် ပက္ခဟောချက်များကို ဖော်ပြခဲ့ပြီးဖြစ်သဖြင့် ပက္ခပညာရပ်အရ ယတြာခန်းများကို ဆက်လက်ရေးသားဖော်ပြပေးပါမည်။

တနင်္ဂနွေသားသမီးများ

တနင်္လာနေ့ နံနက်(၁၁)နာရီမှ (၁)နာရီအတွင်းတွင် သီလရှင်ဆရာကြီး၊ ဆရာလေးများကို ကြဲသကာကပ်လှူပါ။ ဘုရားဂုဏ်တော်(၉)ပါးကို နေ့စဉ် သက်စေ့ရွတ်ဖတ်ပူဇော်ပါ။

တနင်္လာသားသမီးများ

တနင်္ဂနွေနေ့ ညနေ(၄)နာရီမှ (၆)နာရီအတွင်းတွင် အုတ်ကျိုးများ လမ်းခင်း၊ ချိုင့်ခွက်ဖို့ပါ။ ဦးခေါင်းမကောင်းသူ၊ အ,နေသောသူတို့ကို အစားအစာများ ကျွေးပါ။

အင်္ဂါသားသမီးများ

စနေနေ့ နံနက်(၈)နာရီမှ (၁၀)နာရီအတွင်းတွင် ဘုန်းကြီးတစ်ပါးကို ထန်းလျက် (သို့မဟုတ်) နို့ဆီဘူး ကပ်လှူပါ။ ဒီဝါတပတိ အစချိုဂါထာကို နေ့စဉ် သက်စေ့ရွတ်ဖတ်ပူဇော်ပါ။

ဗုဒ္ဓဟူးသားသမီးများ

သောကြာနေ့ မွန်းတည့်(၁၂)နာရီမှ မွန်းလွဲ(၂)နာရီအတွင်းတွင် သာလိကာ (သို့မဟုတ်) သိုး (သို့မဟုတ်) ခန္ဓာကိုယ်အောက်ပိုင်း မကောင်းသူကို အစားအစာ သွားကျွေးပါ။ သဲများ ချိုင့်ခွက်ဖို့ သဲလမ်းခင်းပါ။

ကြာသပတေးသားသမီးများ

ကြာသပတေးနေ့ မွန်းလွဲ(၂)နာရီမှ ညနေ(၄)နာရီအတွင်းတွင် ဘဲ (သို့မဟုတ်) ပူး (သို့မဟုတ်) မျောက်အဆင်ပြေရာကို အစာသွားကျွေးပါ။ ဘုန်းကြီးကျောင်းတွင် မြေဖို့ခြင်း၊ မြက်နုတ်ခြင်း ကုသိုလ်ကို မကြာခဏ လုပ်အားဒါနယူပါ။

သောကြာသားသမီးများ

ဗုဒ္ဓဟူးနေ့ နံနက်(၆)နာရီမှ (၈)နာရီအတွင်းတွင် ဘုရားရှင်ကို လိမ္မော်သီး (သို့မဟုတ်) ရှောက်ယို ကပ်လှူပါ။ ဝစကြာဂါထာကို နေ့စဉ် သက်စေ့ရွတ်ဖတ် ပူဇော်ပါ။

စနေသားသမီးများ

အင်္ဂါနေ့ နံနက်(၁၀)နာရီမှ မွန်းတည့်(၁၂)နာရီအတွင်းတွင် ကိုရင်ကို ဆီးသီး၊ ဆီးယို ဆက်ကပ်လှူဒါန်းပါ။ စိန္တာမဏိမန္တန်ကို နေ့စဉ် သက်စေ့ရွတ်ဖတ် ပူဇော်ပါ။

ယတြာများကို တစ်လလျှင်(၁)ကြိမ်ခန့် လစဉ် ဆောင်ရွက်သွားရပါမည်။ ပက္ခယတြာများကို ဆောင်ရွက်ခြင်းဖြင့် အဆိုးပက္ခသမားများအနေဖြင့် အဆိုးများပြေလျော့ လျော့နည်းပျောက်ကွယ်စေကာ အကောင်းပက္ခသမားများအနေဖြင့် ကောင်းကျိုးများကို အတိုက်အခံ၊ အနှောင့်အယှက်ရန်ကင်းရှင်းစွာဖြင့် ရရှိခံစားကြရမည် ဖြစ်ပါသည်။

(စကားချပ်-အကောင်းပက္ခသမားများသည် ကောင်းကျိုးများကို ရရှိမည်ဖြစ်သော်လည်း ပက္ခ၏သဘောသဘာဝအရ အတိုက်အခံ၊ အနှောင့်အယှက်ရန်များနှင့် မကင်းတတ်ကြပါ။)

ကောင်းမွန်အကြောင်းပြု တောင်းဆုပြည့်ဝစေ

သုခစုစံ(ကျိုက်လတ်)

www.burmeseclassic.com

သူကိုနိုင်လို ဆပ္ပတ်ခို

ဦးတိုး(တက္ကသိုလ)

ခုနစ်ရက်သားသမီးများသည် မွေးဖွားလာသည်မှ ဘဝတစ်ပါးသို့ ကူးပြောင်းသွားသည်အထိ အကောင်း,အဆိုးများနှင့် တွေ့ဆုံကြရမည်မှာ ဓမ္မတာပင်ဖြစ်ပေသည်။ မည်သူမှ ရှောင်လွှဲ၍မရ။ ကံဇာတာဆိုးရွား၍ ဒုက္ခသုက္ခများနှင့် တွေ့ကြုံကြရသောအခါ တတ်သိနားလည်သူများထံမှ အကြံဉာဏ် တောင်းခံတတ်ကြသည်။ အများအားဖြင့် ဗေဒင်မေး ယတြာပြုလေ့ရှိကြပေသည်။

ခုနစ်ရက်သားသမီးများအနေဖြင့် ကံဆိုးသည့်အချိန်တွင် မြန်မာ့ရိုးရာဗေဒင်ပညာရှင်များမှ လေ့လာမှတ်သားပြီး သနှံ့နည်းဖြင့် တွက်ချက်၍ ယတြာပြုပုံကို လက်ဆင့်ကမ်း အမွေအဖြစ် ထားခဲ့ကြသဖြင့် နောင်လာနောက်သားများက လိုက်နာဆောင်ရွက်ရပေသည်။

ကံဆိုးချိန်သည် ဇာတာရှင်၏ မွေးရက်၊ မွေးလ၊ မွေးနှစ်မှ လေးခုမြောက် အဋ္ဌလင်္ဂခွင်တွင် ကျရောက်ချိန်ကို ကံဆိုးတတ်သည်ဟု ဆိုလေ့ရှိပါသည်။ ထို့ကြောင့် မြန်မာ့ရိုးရာ ဗေဒင်ပညာတွင် အဋ္ဌလင်္ဂခွင်ကို သိရှိထားမှသာ အလွယ်တကူ နားလည်သဘောပေါက်နိုင်သဖြင့် အောက်တွင် ဖော်ပြပေးလိုက်ရပါသည်။

တနင်္ဂနွေ ၁ (၆)	တနင်္လာ ၂ (၁၅)	အင်္ဂါ ၃ (၈)
သောကြာ ၆ (၂၁)		ဗုဒ္ဓဟူး ၄ (၁၇)
ရာဟု ၈ (၁၂)	ကြာသပတေး ၅ (၁၉)	စနေ ၀ (၁၀)

အဋ္ဌလင်္ဂခွင်

○ → ဂြိုဟ်သက်များ

တနင်္ဂနွေသားသမီးသည် မွေးသည်မှ အသက်(၆)နှစ်အထိ တနင်္ဂနွေဂြိုဟ်တွင် ဂြိုဟ်အိပ်နေပါသည်။ ၄င်း၏ အသက်(၆)နှစ်ကျော်လျှင် တနင်္လာဂြိုဟ်သို့ ပြောင်း၍အိပ်သဖြင့် (၆+၁၅=၂၁) (၂၁)နှစ် အရွယ်အထိ တနင်္လာဂြိုဟ်တွင် အိပ်နေပါမည်။ ထို့နောက် (၂၁+၈=၂၉) (၂၁)နှစ်မှ (၂၉)နှစ်အထိ အင်္ဂါ (၂၉+၁၇=၄၆) (၂၉)နှစ်မှ (၄၆)နှစ်အထိ ဗုဒ္ဓဟူး၊ (၄၆)နှစ်မှ (၅၆)နှစ်အထိ စနေ၊ (၅၆)နှစ်မှ (၇၁)နှစ်အထိ ကြာသပတေး (၇၁)နှစ်မှ (၈၇)နှစ်အထိ ရာဟု၊ (၈၇)နှစ်မှအထက် သောကြာဂြိုဟ်တွင် ဂြိုဟ်အိပ်နေပါမည်။

အလားတူပင် တနင်္လာသားသမီးအား ဂြိုဟ်သက်(၁၅)နှစ် အင်္ဂါဂြိုဟ်သက်(၈) ပေါင်းလျှင် (၂၃)နှစ်အထိ အင်္ဂါတွင် ဂြိုဟ်အိပ်နေပါလိမ့်မည်။

ကျန်နေသားသမီးများကိုလည်း အထက်ပါနည်းအတိုင်း တွက်ချက်လိုက်လျှင် မိမိ၏ အသက်ကိုကြည့်၍ မည်သည့် ဂြိုဟ်တွင် ဂြိုဟ်အိပ်မည်ကို သိရှိနိုင်ပါသည်။

တနင်္ဂနွေသားသမီး၏ ဘုမ္မဂြိုဟ်သည် ဗုဒ္ဓဟူးဖြစ်သဖြင့်

တနင်္ဂနွေ + တနင်္လာ + အင်္ဂါ ဗုဒ္ဓဟူး
၆ + ၁၅ + ၈ = ၂၉ + ၁၇ = ၄၆ နှစ်

၄င်း၏ဘုမ္မဂြိုဟ်သို့ (၂၉)နှစ်မှ (၄၆)နှစ်အတွင်း ကျရောက်နေပါလိမ့်မည်။ ဤဂြိုဟ်အိပ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

အဆင်မပြေမှု အများအပြားနှင့် တွေ့ကြုံတတ်ပါသည်။

မည်သည့်နေ့သားသမီးမဆို ၄င်း၏အသက်ကို (၈)ဖြင့် စား၍ (၄)ကြွင်းချိန်တွင် ဘုမ္မဂြိုဟ်သို့ ကျရောက်ပါသည်။

အသက်(၁၂၊ ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈၊ ၇၆၊ နှင့် ၈၂)နှစ်တွင် ဘုမ္မဂြိုဟ်သို့ ကျရောက်သဖြင့် ကံဇာတာ ညှဉ်းဆဲနေတတ်သည်။ သို့သော်လည်း တစ်နှစ်တာသာ ကြာမြင့်ပါမည်။ ဂြိုဟ်အိပ်နေသည့် အချိန်ကာလတွင် ထိုသို့ (၄)ကြွင်းချိန်နှင့် ကြုံကြိုက်ပါက ကံဇာတာပိုမိုဆိုးရွားမှုများနှင့် ကြုံတွေ့တတ်ပါသည်။

ခုနစ်ရက်သားသမီး ဘုမ္မဂြိုဟ်အိပ်နေသည့်ကာလ

နေ့သား	အသက်အပိုင်းအခြား	ဂြိုဟ်နေရာ
တနင်္ဂနွေ	(၂၉)နှစ်မှ (၄၆)နှစ်	ဗုဒ္ဓဟူး
တနင်္လာ	(၄၀)နှစ်မှ (၅၀)နှစ်	စနေ
အင်္ဂါ	(၃၅)နှစ်မှ (၅၄)နှစ်	ကြာသပတေး
ဗုဒ္ဓဟူး	(၄၆)နှစ်မှ (၅၈)နှစ်	ရာဟု
စနေ	(၄၁)နှစ်မှ (၆၂)နှစ်	သောကြာ
ကြာသပတေး	(၅၂)နှစ်မှ (၅၈)နှစ်	တနင်္ဂနွေ
သောကြာ	(၄၂)နှစ်မှ (၅၀)နှစ်	အင်္ဂါ

ကြွေနေရာတွင် သာမန်ဘုမ္မဂြိုဟ်မိနေချိန်ကိုသာ ရှင်းလင်းထားပါသည်။ အသက်ကို (၈)ဖြင့်စား၍ (၇)ကြွင်းချိန်တွင် ဘုမ္မိ၊ ဘုမ္မိလေး၊ ဘုမ္မိကြီး မိတတ်သည့် အကြောင်းကို ချန်လှပ်ထားပါသည်။]

ရှေးရိုးဗေဒင်ဆရာများက ဤသို့ဘုမ္မဂြိုဟ်နှင့် ကြုံကြိုက်သောအခါ ယတြာပြုရန် သူကိုနိုင်လို့ ဆပ္ပတ်ခိုဟု လက်ဝါးထားခဲ့ကြပါသည်။

အဋ္ဌလင်္ဂခွင်အရ မိမိ၏ ဘုမ္မဂြိုဟ်အရပ်သည် စတုတ္ထမြောက်(လေးခုမြောက်ခွင်)ဟု ဖော်ပြပြီး ဖြစ်ရာ တနင်္ဂနွေသား၏ ဘုမ္မိအရပ်သည် ဗုဒ္ဓဟူးဖြစ်သဖြင့် တောင်အရပ်တွင် ကျရောက်ပါသည်။ ဒီဒီအိမ်မှ တောင်ဘက်အရပ်ကို ဆိုလိုပါသည်။ ဆပ္ပတ်ဟု ဆိုသည့်အတိုင်း တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာဟု ရရှိသဖြင့် သောကြာနံအပင်ကို ဗုဒ္ဓဟူးဂြိုဟ် တောင်ဘက်အရပ်၌ စိုက်ပျိုးလိုက်ပါက အည့်များပျောက်ပြီး ကောင်းကျိုးများ ရရှိမည်ဟု ရှေးဆရာကြီးများမှ ယတြာပြုပေးလေ့ရှိပါသည်။

ထို့အပြင် ဘုမ္မိအရပ်တွင် အမှိုက်စွန့်ပစ်ပါ။ အမှိုက်ပုံထားပါ။ ၄င်းမြေကြီးသည် သန့်ရှင်းအရပ်ဟု မှတ်သားထားပါ။ သောကြာနံအပင်သည် သီဟိုဠ်ပင်၊ သီးပင်များ ဖြစ်ပါသည်။ (အညွှန့်ပင် စိုက်ပျိုးခြင်းဖြင့် ရောထွေးမသွားသင့်ပါ။)

နေ့သား	ဘုမ္မိအရပ်	စိုက်ရန်အပင်	အရပ်မျက်နှာ
တနင်္ဂနွေ	ဗုဒ္ဓဟူး	သီဟိုဠ်ပင်၊ သီးပင်(သောကြာ)	တောင်
တနင်္လာ	စနေ	ဒါန်း၊ ထန်း၊ ဒေါန (စနေ)	အနောက်တောင်
အင်္ဂါ	ကြာသပတေး	အုန်း၊ အင် (တနင်္ဂနွေ)	အနောက်
ဗုဒ္ဓဟူး	ရာဟု	ကံကော်၊ ခံပင် (တနင်္လာ)	အနောက်မြောက်
ကြာသပတေး	တနင်္ဂနွေ	ဇွန်၊ ဆီး၊ (အင်္ဂါ)	အရှေ့မြောက်
သောကြာ	အင်္ဂါ	ရွှက်လှ၊ ဝါး (ဗုဒ္ဓဟူး)	အရှေ့တောင်
စနေ	သောကြာ	ပေါက်၊ မေမြို့၊ (ကြာသပတေး)	မြောက်

ခုနစ်ရက်သားသမီးအတွက် ဘုမ္မိအရပ်တွင် စိုက်ပျိုးရန် အပင်များကို ဖော်ပြပေးလိုက်ရပါသည်။

မြန်မာဗုဒ္ဓဘာသာဝင်များအနေဖြင့် ဤကာလတွင် ဘုရားကျောင်း မြဲလေလေ ကောင်းကျိုးချမ်းသာ ရလေလေ ဖြစ်ပါသည်။

ရွှင်လန်းချမ်းမြေ့ကြပါစေ

ဦးတိုး(တက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာရက်မြတ် လက်ထပ်ချိန်ခါ

မင်းနေထွန်း(ကန့်ဘလူ)

တန်ခူးကူးတော့မယ်ဆိုရင် ဒါမှမဟုတ် သီတင်းကျွတ်တော့မယ်ဆိုရင် လာကြပါဦးခင်ဗျ။ မင်္ဂလာရက်ရွေးတဲ့။ ပြီးခဲ့တဲ့ သီတင်းကျွတ်နားတိုင်တုန်းက လာလိုက်ကြတဲ့ မင်္ဂလာရက်ရွေးတွေ အခြား၊အခြားနှစ်ထက် ပိုများတယ်လို့တောင် ပြောရမလိုပါပဲ။

အဲ..တစ်ခုထူးခြားတာကတော့ အဲဒီမင်္ဂလာရက် ရွေးလာကြတဲ့သူတွေထဲမှာ အများစုက ဓမ္မာလို့ခေါ်တဲ့ စနေသားသမီးနဲ့ ကြာသပတေးသားသမီးတွေ၊ သောကလို့ခေါ်တဲ့ သောကြာသားသမီးနဲ့ တနင်္လာသားသမီးတွေ၊ အင်းဝလို့ခေါ်တဲ့ တနင်္ဂနွေသားသမီးနဲ့ ဗုဒ္ဓဟူးသားသမီးတွေ၊ ရာဇလို့ခေါ်တဲ့ ဗုဒ္ဓဟူးမွန်းလွဲပိုင်းဖွား ရာဟုသားသမီးနဲ့ အင်္ဂါသားသမီးတွေ ဖြစ်နေကြခြင်းပဲဗျ။

အဲဒီလိုဖြစ်တဲ့ အကြောင်းရင်းကလည်း မဂ္ဂဇင်းအချို့ အထူးသဖြင့် ဂန္ဓီရမဂ္ဂဇင်းကြီးမှာ ကျွန်တော်က ဓမ္မာ၊ သောက၊ အင်းဝ၊ ရာဇာ ဘယ်လိုကျရင် ဟုတ်တယ်၊ ဘယ်လိုကျရင်မဟုတ်ဘူး။ စနေသားသမီးနဲ့ ကြာသပတေးသားသမီးတိုင်း ဓမ္မာမဟုတ်တဲ့အကြောင်း၊ အဲဒီလိုပဲ သောကြာသားသမီးနဲ့ တနင်္လာသားသမီးတိုင်း သောကမဟုတ်တဲ့အကြောင်း စသဖြင့် အင်းဝ၊ ရာဇာအကြောင်းတွေ ရေးခဲ့သားခဲ့၊ အသိပညာပေးခဲ့မိလို့ပဲဗျ။

တချို့ နှစ်ဖက်မိဘက 'ဟယ်..နင်တို့ ဓမ္မာကျနေတယ်။ ကြည့်လည်းလုပ်ကြဦးနော်'လို့ ဟန့်တားကန့်ကွက်နေလို့ အားကိုးတကြီးနဲ့ ကျွန်တော့်ဆီ ရောက်လာကြ။ ဓမ္မာမကျကြောင်း ဟောစာတမ်းထောက်ခံချက်ယူသွားကြနဲ့ တော်တော်အလုပ်ရှုပ်ခဲ့ကြသပေါ့ဗျာ။

အဲဒါအဲဒါတွေထက် ထူးခြားတာက ကျွန်တော်နေထိုင်ရာ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဦးမြို့နဲ့ ရွှေဦးမြို့နယ်ဝန်းကျင်ကသာမကဘဲ ဟို မန္တလေး၊ အမရပူရ၊ မကွေး၊ မင်းဘူးနဲ့ သနပ်ပင်ဒေသက မင်္ဂလာစုံတွဲတွေကပါ ဖုန်းနဲ့၊ စာနဲ့ လှမ်းပြီး မင်္ဂလာရက် ရွေးလာကြသဗျ။ ဒါကလည်း စောစောက ပြောသလို မဂ္ဂဇင်းတွေမှာ ရေးခဲ့တဲ့ ကျွန်တော့် ဆောင်းပါး အချို့ကြောင့်ပါ။ ပြောရရင်တော့ ဂန္ဓီရမဂ္ဂဇင်းကြီးအပါအဝင် ကျွန်တော့်ရဲ့ ဓမ္မာ၊ သောက၊ အင်းဝ၊ ရာဇာ ဆိုင်ရာ ဆောင်းပါးကို ထည့်သွင်းဖော်ပြပေးခဲ့ကြတဲ့ မဂ္ဂဇင်းတာဝန်ရှိ အယ်ဒီတာအဖွဲ့တွေရဲ့ ကျေးဇူးပါ။ ဟုတ်ကဲ့၊ ဒီနေရာကပဲ ဦးညွတ်ဂါရဝပြုလိုက်ပါတယ်ခင်ဗျာ။

မင်္ဂလာရက်ရွေးတယ်ဆိုတာ ဒီခေတ်ဒီအခါမှာ သိပ်ခက်ခဲနက်နဲတဲ့အရာတော့ မဟုတ်တော့ပါဘူးခင်ဗျာ။ ဓေဒင်အသိပညာပေး ပြက္ခဒိန်တွေ၊ ဗေဒင်အသိပညာပေး စာအုပ်တွေ အမြောက်အမြားရှိနေတဲ့အတွက် ကိုယ်တိုင်တွက်ချက် ရွေးချယ်မှု မပြုတတ်သူများတောင်မှ မင်္ဂလာရက်ရွေးလို့ရနေတဲ့ခေတ်ပါ။ ဒါပေမဲ့...

ဒါပေမဲ့ မင်္ဂလာဝတ်စုံအရောင်၊ မင်္ဂလာပန်းခြင်းအရောင်၊ မင်္ဂလာအချိန်တွေကိုတော့ အလွယ်တကူရွေးချယ်ဖို့ မလွယ်ကြဘူးဗျ။ ဒီတော့ ရွေးတတ်တဲ့ပုဂ္ဂိုလ်၊ ရွေးတတ်တဲ့ အသိပညာရှင်တွေဆီ သွားကြရ၊ လာကြရတာပေါ့။ မေးကြရ၊ မြန်းကြရတာပေါ့။

ပြောလို့သာ ပြောနေရတာပါ မင်္ဂလာရက်နဲ့ မင်္ဂလာဝတ်စုံတို့၊ ပန်းတို့၊ ခြင်းတို့အရောင်တွေလောက်သာ အလေးထားတတ်ကြပေမယ့် အဓိကျတဲ့ မင်္ဂလာအချိန်ကိုတော့ လက်ထပ်ထိမ်းမြားကြသူ အတော်များများ၊ နှစ်ဖက်မိဘဆွေမျိုးအသိုင်းအဝိုင်း အတော်များများက အမှုမဲ့အမှတ်ဲ့ ဥပေက္ခာပြုထားတတ်ကြသဗျ။ မင်္ဂလာအချိန် နံနက်(၈)နာရီမှ နေ့(၁၁)နာရီဆိုတာကိုပဲ မင်္ဂလာအချိန်၊ မင်္ဂလာအခါလို့ သဘောထားလိုက်ကြတဲ့သူတွေ များပါတယ်။ တကယ့် မင်္ဂလာအခါ၊ မင်္ဂလာအချိန်ကို သိတောင်မှ မသိကြတော့ပါဘူး။ အဲဒါကြောင့်မို့လည်း အိမ်ထောင်ရေးဘဝ တစ်လျှောက်လုံးမှာ မသာယာတာတွေ၊ မဖြောင့်ဖြူးတာတွေ ခဏ၊ခဏ ပေါ်ပေါက်ကြ၊ တချို့ဆိုရင် ကွဲကြပြဲကြ ဖြစ်ကုန်တာပေါ့။ အောင်ချိန် မကြုံခဲ့ကြတဲ့အတွက် အောင်ဝုတ် မရကြဘူးပေါ့။ ဘယ်အရာကိစ္စမျိုးမဆို အောင်ချိန်ကြုံ

www.burmeseclassic.com

www.burmeseclassic.com

ဆောင်ဝုဏ်ရတတ်တာမျိုးကိုး။

ကျွန်တော်တို့ ငယ်ငယ်ကဆိုရင် မင်္ဂလာပွဲ၊ လက်ထပ်မင်္ဂလာဘိသိက်သွန်းဆိုတာ ရှိပါတယ်။

မင်္ဂလာဘိသိက်သွန်းဆရာက-

အောင်မင်္ဂလာ၊ အောင်အခါဟု၊ ဇေယျာနတ်သက်၊ ရှုကံ၌၊ စုဘ်လာဘ်လာဘာ၊ အမြတ္တာနှင့်၊ ဝရသိဒ္ဓိ၊ အညီတိထီအစွန်း၊ အထွန်းငါးအင်၊ စန်းယှဉ်နက္ခတ်၊ ပါဒ်မြင့်၊ မဏ္ဍိုင်ဗဟို၊ မြင်းမိုရ်တည်ထွန်း၊ လေးကျွန်းကျွတ်၊ သင့်ရာမှတ်လျက်၊ လာဘ်နတ်စန်းနေ၊ ထွေထွေလင်္ဂမှစန်းခွင်၊ နှိုင်းယှဉ်ညွှန်းလန်း၊ ကိန်းခန်းပေါင်းစု၊ ဆုံးဖြတ်၍ရှုလိုက်သော်၊ သုနက္ခတ္တ၊ သုမင်္ဂလ၊ သုပဘာသ၊ သုဟုတ္တ အခါနေကောင်း ဖြစ်ပါသည်လို့ အသံနေအသံနဲ့ ရွတ်ဖတ်တာကို အမှတ်ရမိပါသေးတယ်။

အဲဒီမင်္ဂလာအချိန်အခါဆိုတာက မြန်မာမှာ ရှိပြီးသားပါ။ တော်တော်များများလည်း သိကြ၊ ကြားဖူးကြပြီး ဖြစ်ပါပဲ။ ဒါပေမဲ့ ရှေးက ထုံးနည်းဆိုတော့ အခုခေတ်နဲ့ အလေ့လည်ကြသူတွေလည်း ရှိနိုင်တာပေါ့။

အဲဒီမင်္ဂလာအချိန်အခါ ရွေးနည်းက-

အောင်သာ နေမွန်းတည့်၊
ငဆင် သုံးချက်တီး၊
ရွှေပြည့် တက်တုန်းခါ။
နန္ဒာ-နေထွက်ဝင်..ဆိုတာကတစ်မျိုး။
တနင်္ဂနွေ သောကြာ မွန်းတည့်ခါ၊
ဘယာဘေးမျိုးအောင်။
တနလာ်နှင့် အင်္ဂါတသီး သုံးချက်တီး၊
ရန်မီးကင်းလွတ်ရှောင်။
ကြာသပတေးတစ်ထူး ဗုဒ္ဓဟူးရက်၊
နေလျှင်တက် မဟုက်ဤလူဘောင်။
နေထွက် နေဝင် စနေပင်၊
ဆောလျင်ရန်မျိုးအောင်..ဆိုတာတစ်မျိုး ရှိပါတယ်။
အတူတူကတော့ အတူတူပါပဲ။

ဒါပေမဲ့ လူတိုင်း၊လူတိုင်းက နေမွန်းတည့်ဆိုတာကို သိကြပေမယ့် သုံးချက်တီးဆိုတာကိုကျတော့ ရေရေလည်လည် မသိကြတော့ မရွေးတတ်၊ မတွက်တတ်၊ မပြောတတ်ကြဘူး ဖြစ်နေတယ်။

အဲဒီသုံးချက်တီး ဆိုတာကလည်း ရှေးရှေးမင်းများလက်ထက်က ဗဟိုရ်စည်တီးပုံနဲ့ ဆိုင်သလိုလိုဖြစ်နေတယ်။ တစ်နေ့ကို နေဗဟိုရ်(၄)ချက်တီးတယ်။ ညဗဟိုရ်(၄)ချက်တီးတယ်။ စုစုပေါင်း(၈)ချက်တီးတယ်ပေါ့။ ဆိုချင်တာက နေ့ရောညပါ နံနက်လေးပိုင်း လေးချက်။ ညနေလေးပိုင်း လေးချက်နှုန်းနဲ့ အချိန်(၈)ချိန် ခွဲတီးတယ်ပေါ့။

ဒီတော့ အဲဒီသုံးချက်တီးဆိုတဲ့ကိစ္စကို ခေတ်သစ်နည်း အချိန်(၈)ပိုင်း ပိုင်းထားတဲ့ သူရဿ၊ သောကြ၊ ဗုဒ္ဓ၊ စန္ဒော၊ သောရီ၊ ဂုရု၊ ဘောမ၊ သူရဿ နည်းနဲ့ အချိန်နာရီ မင်္ဂလာအခါ တွက်ယူကြရမှာပဲ ဖြစ်ပါတယ်။ မင်္ဂလာရက်မြတ်မှာ လက်ထပ်လိုကြတဲ့ လက်ထပ်ပေးလိုကြတဲ့ မောင်နှံတို့ အတွက် ဒီမင်္ဂလာအချိန်အခါကို စေတနာမောင်းခတ်လိုက်ပါရစေ။

သူရဿ၊ သောကြ၊ ဗုဒ္ဓ၊ စန္ဒော၊ သောရီ၊ ဂုရု၊ ဘောမ၊ သူရဿ ဆိုတာ တနင်္ဂနွေနေ့ကို အချိန်(၈)ပိုင်း ပိုင်းပြထားတာပါ။ ဗေဒင်ဝါသနာရှင်တွေ၊ သုတေသီတွေ သိထားပြီးသား အကြောင်းအရာပါ။ ဂဏန်းသချိုင်းအကွာရာနဲ့ ဖော်ပြရင် (၁၊ ၆၊ ၄၊ ၂၊ ၀၊ ၅၊ ၃၊ ၁)ပါပဲ။ နေထွက်(၆)နာရီက နေဝင်(၆)နာရီအတွင်း (၈)ပိုင်း,ပိုင်းထားတာပါ။

နေထွက်(၆း၀၀) နာရီမှ မွန်းတည့် (၁၂း၀၀)နာရီ

www.burmeseclassic.com

www.burmeseclassic.com

အတွင်း (၄)ပိုင်း၊ မွန်းတည့်(၁၂း၀၀)နာရီမှ ညနေ နေဝင် (၆း၀၀)နာရီအထိ (၄)ပိုင်း ပိုင်းထားတဲ့အတွက် ဒီကနေ့ ခေတ် စက်နာရီနဲ့ တစ်နာရီခွဲ(၁း၃၀)နာရီနဲ့ ညီမျှနေပါတယ်။ ဒါကြောင့် (၁း၃၀)နာရီရှိတိုင်း တစ်ကြိမ် တစ်ချက်တီးနှုန်းနဲ့ နေ့(၄)ချက်တီး ညနေ(၄)ချက်တီး ဖြစ်သွားပါတယ်။ စုစုပေါင်း(၈)ချက်တီးပေါ့။

ဒီတော့ နံနက်တစ်ချက်တီး သူရဇ္ဈအချိန်၊ နှစ်ချက်တီး သောကြအချိန်၊ သုံးချက်တီး ဗုဒ္ဓဟူးအချိန်၊ လေးချက်တီး စနေ-စနွေအချိန်။ ညနေတစ်ချက်တီး သောရီချိန်၊ နှစ်ချက်တီး ဂုရုချိန်၊ သုံးချက်တီး ဘောမချိန်၊ လေးချက်တီး သူရဇ္ဈချိန်လို့ ဖြစ်လာမှာပါ။ ဒါက တနင်္ဂနွေနေ့ပိုင်းပုံပါ။ ကျန်တဲ့ တနင်္လာကိုလည်း စန္ဒရော၊ သောရီ၊ ဂုရု စသဖြင့် အင်္ဂါကိုလည်း ဘောမ၊ သူရဇ္ဈ၊ သောကြ စသဖြင့် တစ်ချိန်၊ နှစ်ချိန် တစ်ချက်တီး၊ နှစ်ချက်တီး မှတ်သားသွားရမှာ ဖြစ်ပါတယ်။

ဒီတော့ ဥပမာအားဖြင့် အဲဒီအင်္ဂါနေ့ကိုပဲ တွက်ချက်ကြည့်ကြရအောင်ပါ။ အင်္ဂါနေ့နဲ့ပတ်သက်လို့ ၄+ဆင်= သုံးချက်တီးလို့ အဆိုရှိတဲ့အတွက် ဘောမ၊ သူရဇ္ဈ၊ သောကြလို့ ရေတွက်လိုက်ရင် အဲဒီသောကြ သောကြာအချိန်ဟာ သုံးချက်တီးပါပဲ။ ဒီကနေ့ စက်နာရီနဲ့ဆိုရင်တော့ နံနက်(၉း၀၀)နာရီမှ နံနက်(၁၀း၃၀)နာရီအတွင်း တစ်နာရီခွဲ(၁း၃၀)နာရီပဲ ဖြစ်ပါတယ်။ အဲဒီအချိန်ဟာ အင်္ဂါနေ့အတွက် မင်္ဂလာအချိန် မင်္ဂလာအခါပါပဲ။

အဲဒီအင်္ဂါနေ့ကိုပဲ တနင်္လာနှင့် အင်္ဂါတစ်သီး သုံးချက်တီး၊ ရန်မီးကင်းလွတ်ရှောင်လို့ ဆိုမိန့်ထားတဲ့အတွက် အချိန်ကောင်း အခါကောင်းဆိုတာ ထပ်ဆင့်ထောက်ခံထားပါတယ်။ ဒါကြောင့် အင်္ဂါနေ့ လက်ထပ်ထိမ်းမြားကြမယ့် မောင်နှံတွေအဖို့ အဲဒီနံနက်(၉း၀၀)နာရီမှ နံနက်(၁၀း၃၀)နာရီအတွင်း သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နဲ့ ပြည့်စုံတဲ့ လူကြီးတစ်ဦးဦးက လက်ချင်းဆက် ထိမ်းမြားပေးမှုပြုမှသာ အောင်ချိန်ကြီးပြီး အောင်ဂုဏ်မြောက်ကြမှာပါ။ အိမ်ထောင်ရေးဘဝကာလတစ်လျှောက်လုံး သာယာချမ်းမြေ့တဲ့ ဘဝကို ထူထောင်နိုင်ကြမှာပါ။

ဒီနေရာမှာ တစ်ခုသတိပြုစေချင်တာက နံနက်နေထွက်မှ မွန်းတည့်အထိ (၄)ချက်တီးယူသလို မွန်းလွဲမှ နေဝင် (၆း၀၀)နာရီအတွင်းလည်း (၄)ချက်တီးယူတဲ့အတွက် ငါး ချက်တီး၊ ခြောက်ချက်တီးဆိုတာ မရှိတဲ့ အကြောင်းပါပဲ။

နံနက်ကျင်းပလျှင် နံနက်သုံးချက်တီးကို ယူရသလို ညနေ ကျင်းပလျှင်လည်း ညနေသုံးချက်တီးကို ယူရပါတယ်။

အကယ်လို့ အင်္ဂါနေ့ ညနေမှာ ကျင်းပမယ့် မင်္ဂလာ ဆိုရင်တော့ ညနေသုံးချက်တီးကို ယူရမှာဖြစ်တဲ့အတွက် ဂုရု ကြာသပတေးအချိန်ပဲ ဖြစ်ပါလိမ့်မယ်။ အဲဒီကြာသပတေးအချိန်အခါဟာလည်း မင်္ဂလာအချိန် မင်္ဂလာအခါ စစ်စစ်ပဲ ဖြစ်ကြောင်းပါခင်ဗျာ။

ဤမျှဆိုရင် မင်္ဂလာရက်မြတ်မှာ လက်ထပ်ကြမယ့် မောင်နှံတွေအတွက် ကောင်းမြတ်တဲ့ မင်္ဂလာအခါအချိန်ရေး နည်း ရွေးတတ်သွားကြလိမ့်မယ်လို့ မျှော်လင့်ယုံကြည်မိတယ်။ ရွေးချယ်ရရှိတဲ့အတိုင်းလည်း အဲဒီမင်္ဂလာအချိန်မှာ တစ်ဦးလက်တစ်ဦး ဂဟေဆက်လို့ လက်ထပ်ဖြစ်အောင် လက်ထပ်ကြဖို့လည်း လိုပါတယ်။ အဲဒါမှ ရက်ကောင်းရာ မြတ်၊ အချိန်ကောင်း အချိန်မြတ်မှာ လက်ထပ်ခြင်း မည်လိမ့်မယ်။ ရက်ကောင်းပါလျက်နဲ့ အချိန်ကောင်းကို မရွေးခဲ့မိရင် နောင်းမှ နောင်တ,မရမိကြစေရန် ထပ်မံတိုက်တွန်းဆော်လိုက်ရပါတယ်ခင်ဗျား။

ပညာရှင်အပေါင်းကို မေတ္တာသောဂါနဲ့

မင်းနေထွန်း(ဘန်ဒူလ)

www.burmeseclassic.com

ဆရာကျော် မဟိန္ဒိတိုင်းရင်းဆေး (ထုတ်လုပ်ရေး) ဖြစ်ခွင့်နှင့် ရင်သား၊ သားအိမ်၊ ဆီးကျိတ်၊ ညှဉ်ဝင်း အကျိတ်အဖုများအတွက် နာမည်ကျော် တပင်တိုင်ပြုနှုန်းအနိုင် နေ့ဆေး ညဆေး ချိုးတွဲနှင့် ထူးထူးခြားခြား ဆေးတွင်းကောင်းများ

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၇၀၁၁ YR၃၇၀၉

မဟိန္ဒိဆေး ဆရာကျော် ဆေးသုံးချိုးတွဲ ကြွေတင်ကာကွယ် သောက်သုံးပါ။။

မဟိန္ဒိဆေး ဒူးဆေး၊ လိပ်ခြံဆေး အထူးထုတ်

ဆေးဆန်းပမိသုံးနှုန်းဖြင့် အစိုးရခွင့်ပြုထားသော

ဘိုးဘိုးရေ ... ဘိုးဘိုး''

သဲသဲပါလွှာ။ မတွေ့တာတောင်ကြာပြီနော်''

''တွေ့ဆို သမီးရဲ့ဖေဖေမှာ အဖုအကျိတ်တွေထွက်နေလို့ ဘိုးဘိုးရဲ့ ဒီသားစု စိတ်တွေပူနေကြတယ်''

''အဖုအကျိတ်တွေထွက်တိုင်း စိတ်မပူပါနဲ့ ကွယ်၊ အဖုအကျိတ် ဖြစ်စေတဲ့ဆေး မဟိန္ဒိဆေးတိုက်မှာရှိတယ်။ ဘိုးဘိုး လိပ်စာပေးလိုက်ပါ

ဦးနှောက်လည်း ဖေဖေ့ကိုခေါ်ပြီး မဟိန္ဒိဆေးတိုက်သို့သွားရာ ထိုဆေးတွင် ဆရာကြီး ဆရာကျော်၊ ဆရာမကြီးဒေါ်ခင်ဌေးကြည်တို့ကို တွေ့ရသည်၊ ဆရာကြီး ဆရာကျော်သည် ဖေဖေကို သေချာစွာကြည့်ရှုပြီး ဆေးများပေးကာ အောက်ပါအတိုင်း ရှင်းပြပါသည်။ ''ဒီဆေးက အဖုအကျိတ် ဖြစ်ပွားနာ၊ သားဆီအလုံး ရင်သားအကျိတ်အနာရှိသူ၊ ဝက်ခြံကြီးများ၊ ကိုယ်တွင်းနာများကို အနှိုင်ဆုံးဖြစ်တဲ့ တပင်တိုင်ဆေးပင်မဆုဉ စစ်စစ် ၁၀၀ ရာခိုင်နှုန်းပါဝင်တဲ့ ဆေးပြားဖြစ်ပါတယ်။ တပင်တိုင်ပြုနှုန်းဆေးပင်ဟာ အပြူ၊ အနီနှစ်မျိုးရှိတဲ့အနက် အနီပိုမိုဆေးစွမ်းထက်ပြီး ကင်ဆာအကျိတ်ဖြစ်ကာစကို ပင်ကင်းကြောင်း ကျန်းမာရေးဌာနကထုတ်တဲ့ ''လက်တွေ့အသုံးချဆေဝင်အပင်များ''မှာ ဖော်ပြထားပြီးဖြစ်ပါတယ်။ အဖုအကျိတ်အနာကို သွေးလိပ်ပေးရုံနဲ့ ပျောက်ကင်းကြောင်း သိထားပါတယ်။ အဖုအကျိတ်ဖြစ်ပွားနာ ဝေဒနာရှင်တွေဟာ တပင်တိုင်ပြုနှုန်းအနီဆေးနဲ့အတူ ကြိုးတို့ ဆေးတိုက်ကထုတ်လုပ်တဲ့ ရွှဲလှသွေးသန့်ဆေးအေး၊ ဝမ်းပျော်ဆေးပြေ လေဆေးတို့ကိုပါ နေ့ဆေး ညဆေးအဖြစ် တွဲသောက်ရင် ကိုအတွင်း ထိထိရောက်ရောက် သက်သာပျောက်ကင်းစေကြောင်း ဦးရဲပါလိပ်မယ်''

''ဟုတ်ကဲ့ အားကြောင့်ထိရောက်သလဲသိတာ ရှင်းပြပေးပါဆရာကြီး

တပင်တိုင်ပြုနှုန်းက အဖုအကျိတ်အနာကို ချေဖျက်ပေးတယ်၊ အဝိုးကို ဖွင့်ပေးတယ်။ ရွှဲလှသွေးသန့်ဆေးအေးက သွေးသားကို သန့်စင်ပြီး ခန္ဓာကိုယ်အဖုအအေးကို ထိန်းညှိပေးတယ်။ ဝမ်းပျောအကြောပြေဆေးက (မလ)အညစ်အကြေးတွေဖြစ်တဲ့ ဝမ်းပုပ်၊ ဆီးပုပ်၊ သွေးပုပ်၊ ချုပ်တွေကို ထုတ်ပေးပြီး အကြောပြေ ပေါ့ပါးလန်းဆန်းစေပါတယ်။ ဆေးသုံးမျိုးကို အဖုအကျိတ် ဖြစ်ပွားနာ မပြစ်ရလေအောင် ကာကွယ်ဆေးသောက်ရှည်နှုမျိုးဆေး)အဖြစ်နဲ့ နေ့စဉ်မှန်မှန် မိုဝဲသုံးဆောင်ပေးနိုင်ရန် ကောင်းဆုံးပါပဲ။ ဖြစ်ပွားနာအဖုအကျိတ်အပြင် နလုံးလေးမာက်နာရောဂါ၊ ဦးတိုးရောဂါ၊ နလုံးရောဂါ၊ ဝမ်းလျော၀မ်းပျက်၊ လိပ်ခေါင်း အသည်းရောဂါ၊ ဆီးချိုရောဂါ အုပ်ဖျိုးဖျိုးကိုလည်း ကုသပေးနေပါတယ်။

''မဟိန္ဒိဆေးတိုက်ကထုတ်လုပ်တဲ့ ဆေးစွမ်းကောင်းများကိုလည်း သိပါရစေရှင့်''

''ဆေးပင်ပုံပါတဲ့ အစိမ်းရောင်စက္ကူဘူးအထူးထုတ် တပင်တိုင်ပြုနှုန်း အနိုင်စစ် ဆေးပြား၊ လတ်ဆတ်တဲ့ ဆေးနို့၁စစ်စစ်၊ သွေးသားကို သန့်ရှင်းစင်ကြယ်စေပြီး အသားအရေလှုပနှုဖျိုစေတဲ့ သိရိဝပုနရုပ်လှ သွေးသန့်ဆေးအေး၊ ညတစ်ကြိမ်သောက်ရုံနဲ့ ဝမ်းပျောအကြောပြေ အဆီကျပြီး လေမဖြတ်အောင် ကာကွယ်ပေးတဲ့ ဝမ်းပျောအကြောပြေလေဆေး၊ အဆင့်မြင့်မြင့်နဲ့ အကောင်းဆုံးလိမ်းရမ္ဘဆေး (Roll On) သွေးတိုးကိုသာ ကျစေပြီး သွေးပေါင်ထိုးကျစေခြင်းမရှိတဲ့ သွေးတိုးကျဆေး၊ အစာအိမ်ရောဂါ ပျောက်ဆေး၊ ဝမ်းလျော၀မ်းပျက်ရောဂါဆေး၊ ချောင်းဆိုးပျောက်ဆေး၊ အသည်းဆေး၊ အဆုတ်ကုဆေး၊ နုလုံးအားတိုးဆေး၊ ပျက်စီးကြည်ဆေး၊ ရွာပါးသစ်ခေါင်းများရည်၊ ရိုးမများရည်၊ ရခိုင်ပန်းပြောင်ပုံညင်းဆီ စတဲ့ အကောင်းဆုံးဆေးပစ္စည်းများ ရရှိနိုင်ပါတယ်။

''သိပ်ကောင်းတဲ့ဆေးတွေပဲ။ ဒါပေမဲ့ ဆရာကြီးဆီကို မလာနိုင်တဲ့ သူများအတွက် ရနိုင်မယ့်နေရာကိုပါ ညွှန်ပြပါဦး''

ပင်ရင်းဆိုင်ကတော့ ရန်ကုန်ပြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၂၀၁၊ အခန်း ၃၊ ၁၂ လုံးတန်း။ ရန်ဝင်းလမ်းမကြီးပေါ်မှာရှိတဲ့ မဟိန္ဒိဆေးတိုင်းရင်းဆေးထုတ်လုပ်ရေး၊ တစ်ပြည်လုံးပြန့်ပျံရေး ဦးပြင့်ဆွေနှင့်သားများ၊ သိပ်ကြီးရေး။ City Mart ရန်ကုန်–မန္တလေး ဆိုင်ခွဲများအားလုံး၊ စိန့်ပြန်မာဆေးဆိုင်၊ လူထုမေတ္တာဆေးဆိုင် ၂၄ လမ်း၊ သိပ်ကြီးရေး။။ ကိုဝင်းမြင့်+မဘေဘီ ၁၅ လမ်း၊ ရွှေညာသားဆေးဆိုင်တို့မှ အဝီကဖြန့်ချိပေးပါတယ်။

ဆန်းဦးအောင်ပြန်မာဆေးဆိုင်၊ လူထုမေတ္တာဆေးဆိုင်၊ ကိုလှစိုးဆေးဆိုင်၊ စိန်စိန့်ပြန်မာ ၁၃ လမ်း၊ စေတနာဆေးဆိုင်၊ ရူပါဝမ်းကုန်တိုက်၊ စိန်ဂေ ဟာရူပါစင်တာ၊ ဗစ်တိုးဦးယားကုန်တိုက်၊ ရွှေဘုံသာလမ်း၊ ကိုမောင်စိန်၊ ဆေးကမ္ဘာ၊ ဆေးရာဖာ(ဦးလှမြင့်)၊ ရွှေပိုးဆေးဆိုင်၊ ကယားဆေးဆိုင်၊ မန္တလေးမှာ စိန်ကြည်စတိုး၊ အောင်ရတနာဆေးဆိုင်၊ ဈေးဦးမှာရှိတဲ့ ပင်မ ဆေးဆိုင်၊ မဂ္ဂုံးမဈေးဆေးဆိုင်၊ မြင်ဦးလွင်နာရီစင်အနီး၊ အောင်ပိသာစု ဆေးဆိုင်၊ စစ်တွေမှာ ကေရာဖ်၊ မြစ်ကြီးနားမှာ တစ်ဦးတည်ကိုယ်စားလှယ် ဆရာရန်နိုင်ကုန်းမြင့်ဆေးကုခန်း။ မော်လမြိုင် ရွှေအုန်းသီးဆေးဆိုင်၊ ပဲခူး ဦးဘဒ္ဒေး၊ ဖိုးခွားလေးဆေးဆိုင်၊ ပုသိမ်မှာ ရွှေစွန်ညို၊ ရွှေဒီးကွက်၊ အေး ချမ်းဆေးဆိုင်၊ လောကနတ်ဆေးဆိုင်တို့မှ ဖြစ်ပါတယ်။ အသေးစိတ်သိချင် ရင်တော့ ဖုန်း–၅၅၇၃၃၃၇ ကို ဆက်လို့ရပါတယ်။ မေတ္တာဖြင့် တိုင်ပင်ဆွေးနွေး ကုသပေးပါတယ်။

ဆရာကျော် မဟိန္ဒိတိုင်းရင်းဆေးထုတ်လုပ်ရေး ၂၀၁/၃၊ ရုန်ရှင်းလမ်း၊ ရန်ကင်းမြို့နယ်။
ဖုန်း ၀၁- ၅၅၇၃၃၇

www.burmeseclassic.com

www.burmeseclassic.com

ဒီဇနဲ့ ဘာဖြစ်မှာလဲ

သာထက်တော်(မကွေး)

တစ်နေ့သောအခါသမယတွင် ကျွန်တော်သည် မကွေးမြို့နယ်၊ မြင်ကွန်းအုပ်စုအတွင်းရှိ သာယာကုန်းဟူသည့် ဇာတိချက်ကြွေ မွေးရပ်မြေရွာကလေးကို အလည်တစ် ခေါက်ရောက်ခဲ့ပြန်လေသည်။

ကျွန်တော် ရွာကိုရောက်ပြီး မကြာမတင်မှာပင် ကျွန်တော့်အိမ်ကို ညီဝမ်းကွဲတော်စပ်သူ ဝင်းဇော်ဟိန်းနှင့် သူ့ဇနီး နွယ်နွယ်စိုးတို့ ရောက်ချလာသည်။ ကျွန်တော်သည် ဗေဒင်ဆရာပီပီ သူတို့နှစ်ဦးကို အကဲခတ်လိုက်၏။ ဝင်းဇော်ဟိန်းက သာမန်အနေအထားရှိပေမယ့် ဇနီးဖြစ်သူ နွယ်နွယ်စိုးကမူ တစ်စုံတစ်ရာကို မေးချင်ပုံရှိနေမှန်း အတွေ့အကြုံအရ သိလိုက်သည်။

ထို့ကြောင့် ကျွန်တော်က 'ကဲ..ဆို ငါ့ညီမ နွယ်နွယ်စိုးရေ၊ ဘာများအကူအညီတောင်းချင်လို့လဲ၊ ဆိုစမ်းပါဦး။ ဝင်းဇော်ဟိန်း..ဒီမှာထိုင်ကွာ'ဟု နှုတ်ဆက်စကား ဆိုရင် နေရာထိုင်ခင်း ပေးလိုက်လေသည်။

'တခြားမဟုတ်ပါဘူး ဆရာရယ်၊ ကျွန်မသမီးလေး နာမည်မှည့်ချင်လို့ပါ။ အဲဒါ ဒီမှာ မွေးသက္ကရာဇ်အပြည့် အစုံပါ ယူလာပါတယ်'ဟု နွယ်နွယ်စိုးက ကျွန်တော့်ကို ပြန်ဖြေသည်။

ထို့ကြောင့် ကျွန်တော်သည် နွယ်နွယ်စိုးပေးလာသော ခရစ်နှစ်၊ ရက်စွဲ အပြည့်အစုံပါ စာရွက်ကလေးကို မှတ်စု စာအုပ်လေးကြား ညှပ်လိုက်ရင်း တစ်ပတ်ကြာလျှင် လာယူရန် ရက်ချိန်းပေးလိုက်၏။

ထိုအခါကျမှ ဝင်းဇော်ဟိန်းက 'ဟဲ..ဟဲ..ဟဲ..တို့ အစ်ကိုကြီးကို တစ်ခုတော့ မေးချင်ပါတယ်။ အစ်ကိုကြီးတို့ အခုဟောနေပြောနေကြတဲ့ ဗေဒင်ဆိုတာက မှန်ရော မှန်ရဲ့လား။ ဒီအလုပ်နဲ့ရော စားနိုင်သောက်နိုင်မှ ရှိရဲ့လား။ ဘုရားဟောလည်း မဟုတ်သလို အခုလို လက်တစ်ဖျစ်အတွင်းမှာ တစ်မုဟုတ်ချင်း တိုးတက်မှု မြန်ဆန်လွန်းလှတဲ့ ကမ္ဘာ့ရွာကြီးထဲ အသုံးတည့်နိုင်ပါဦးမလားဗျာ။ အခုခေတ်က အိုင်တီ(IT) ခေတ်၊ နည်းပညာခေတ် မဟုတ်လား။ အသက် (၅၀)မကျော်ခင် အာမခံချက်ရှိမယ့် အလုပ်တစ်ခုခု ပြောင်းလုပ်သင့်တယ်လို့ ကျုပ်တော့ ထင်တာပဲနော်။ စေတနာ ပြောတာပါ'ဟု ကျွန်တော့်ကိုရော ဗေဒင်ပညာရပ် တစ်ခု လုံးကိုပါ ထိုးစစ်ဆင်ပြီး စေတနာလိုလိုနှင့် ခွပ်လာ၏။

ထို့ကြောင့် 'ငါ့ညီ မေးတာတွေ တစ်ခုချင်း ဖြေ ပါ့မယ်။ ဗေဒင်ဆိုတာ မှန်လို့ ဒီနေ့ ကမ္ဘာအရပ်ရပ် မြန်မာပြည်တစ်နံတလျားမှာ ဗေဒင်ဆရာတွေ အမြောက် အမြားရှိနေကြတာပေါ့။ ညာစားနေတဲ့သူတွေဖြစ်ခဲ့ရင် ကြာမရပ်တည်နိုင်ပါဘူး။ ရုပ်ဝတ္ထုတွေ တိုးတက်လွန်း ပါတယ်ဆိုတဲ့ အမေရိကန်လို နိုင်ငံကြီးတွေမှာတောင် ဆရာတွေ ရိုက်သတ်လို့မကုန်ဘူး ငါ့ညီ။ သူတို့ဆီက သတင်းစာအမျိုးအစား(၁၂၀၀)တွေထဲမှာလည်း ဗေဒင် စာတမ်းတွေ တခမ်းတနား ထည့်သွင်းနေကြတာ ရှိတာ အမာခံဗေဒင်ပရိသတ်ချည်းပဲ (၁၀)သန်းလောက် အ ရိကန်တစ်နိုင်ငံတည်းတင် ရှိတယ်ကွ။ ဗေဒင်ဟော အလုပ်နဲ့ စားနိုင်သောက်နိုင်ရှိပါတယ်။ ရှိရုံမက စု နိုင် လှူနိုင်တန်းနိုင်တဲ့အထိ ရှိပါတယ်။ မြို့ကြီးပြကြီး က ဗေဒင်ဆရာတွေဆို တိုက်ဆောက်၊ ကားစီးနိုင်တဲ့ အများကြီးရှိကြပါတယ်။

ဗေဒင်ပညာဟာ ဘုရားဟောမဟုတ်တာ ငါ့ညီ အသက်(၃၀)ကျော်မှ သိတာမဟုတ်ပါဘူး။ ဗုဒ္ဓဘာ ယဉ်ကျေးမှုသင်တန်း တက်နေတဲ့ သူငယ်တန်းက အရွယ်တွေကအစ အားလုံးသိကြပါတယ်။ ဂေါတမဘု ရှင် ပွင့်တော်မူခင်ကတည်းကရှိခဲ့တဲ့ ဗေဒင်ပညာရပ် ဘယ်ခေတ်ကာလပဲရောက်ရောက် တိမ်ကောပပျောက် မှာ မဟုတ်ပါဘူး။ တစ်ခုတော့ ရှိတာပေါ့။ အလွဲသုံး လုပ်ပြီး သူခိုးနွားကောင်းမသိ လုပ်ကြရင်တော့ အ အထင်မြင်သေးလို့ မှေးမှိန်သွားနိုင်တယ်။ လုံးလုံး မပျောက်ကွယ်နိုင်ဘူး။ ဒီတော့ အစ်ကိုကြီး ငယ် တည်းက အရူးအမူးစွဲလမ်းခဲ့တဲ့ ဒီပညာရပ်ကို တ ဆရာဆရာကြီးတွေဆီက (သင်ဆရာ၊ မြင်ဆရာ၊ ကြား ပါမကျန်) လေ့လာဆည်းပူးလာခဲ့ပြီးမှ လုံးဝစွန့် အစီအစဉ်မရှိပါဘူး။ အသက်လည်း(၄၀)ကျော် (၅၀)

www.burmeseclassic.com

www.burmeseclassic.com

ဘယ်ကုမ္ပဏီ၊ ဘယ်လုပ်ငန်းရှင်ကမှလည်း အစ်ကို့ကြီးတို့၊ မင်းတို့ အရွယ်တွေကို မခိုင်းတော့ပါဘူး။ ကိုယ့်အသားပဲ ဝန်ထမ်းအလုပ် ပင်စင်မယူခင် ဒီဝါသနာပါတဲ့ အလုပ်နဲ့ စာရေးတဲ့အလုပ် (၃)လုပ်ပဲ ဆောက်ချလုပ်တော့မယ်' ဟု ကျွန်တော်က ပြန်ဖြေလိုက်သည်။

ထိုအခါ ဝင်းဇော်ဟိန်းက သူမျက်နှာကို တစ်ချက်မျှိုက်ရင်း-

'ဒီလိုဆို အစ်ကို့ကြီးတို့ ဗေဒင်ဟောတာ 'မှန်ကန်မှုကြောင်း သက်သေပြနိုင်မလား။ တကယ်လို့ အစ်ကို့ကြီးက သက်သေပြနိုင်ရင် ကျွန်တော် မှားပါတယ်လို့ ဝန်ခံလိုက်မယ်။ သက်သေမပြနိုင်ရင်တော့..'

'အစ်ကို့ကြီးဘက်က မှားပါတယ်လို့ပြောပြီး ဝန်ခံတောင်းပန်မယ်ကွာ။ ကဲ..စမယ်။ မင်းရဲ့ အင်္ဂလိပ်မွေးသက္ကရာဇ်ကြည့်အစုံပြော' ဟု ပြောလိုက်သည်။

'ကျွပ် မွေးသက္ကရာဇ်က (၂၁-၁-၁၉၈၂)'

'ဟုတ်ပြီ။ ဒါဆိုရင် ဒီနေ့က (၃၁-၁-၂၀၁၅)ရက်ဆိုး မင်းကို ဒီနေ့တစ်နေ့တာကံကြမ္မာ မင်းရဲ့ ကံဇာတာအကြောင်းကို တွက်ပြမယ်။ တွက်လို့ရလာတဲ့ ကိန်းဂဏန်းအလိုက် ဟောကိန်းကို အသင့်ဖတ်ကြည့်လိုက်ရုံပဲ။ ဒီနေ့တာ ကံကြမ္မာဟောကိန်းလို့ နာမည်တပ်ထားပေမယ့် ကျွန်လွန်ပြီးစီးခဲ့တဲ့ နေ့ရွဲတွေနဲ့ မရောက်သေးတဲ့ အနာဂတ်ကြမ္မာဟောကိန်းတွေကိုပါ ဉာဏ်ရှိသလို ရှေ့တိုးနောက်ဆုတ် တွက်စရာမလိုဘဲ စဉ်းစားရုံနဲ့ တန်းခနဲ ထင်သာမြင်သာရှိတဲ့ တွက်ကိန်းပေါ့ကွာ။

တွက်နည်းက ဒီလို..

၂၀၁၅ - ၁- ၃၁ (ယနေ့ရောက်ဆဲ ခုနှစ်သက္ကရာဇ်)
၁၉၈၂ - ၁- ၂၁ (ဝင်းဇော်ဟိန်း၏ မွေးသက္ကရာဇ်)
---
၃၃ - ၁၀ (ရောက်ဆဲအသက်)
၃ + ၃ + ၁ + ၀ (တစ်လုံးချင်းစီပေါင်း)
= ၇ ဂဏန်း (ပေါင်း၍ရသည့် တစ်လုံးတည်းဂဏန်း)

'ဒီတော့ မင်းရဲ့ တစ်နေ့တာကံကြမ္မာဟောကိန်းက (၇)ရပြီ။ ဟောကိန်းနံပါတ်(၁)ကနေ (၉)ရှိတဲ့အထဲကနေ ဟောကိန်းနံပါတ်(၇)ကို ရွာဖတ်ကြည့်လိုက်စမ်းပါဦး။ ဘာတဲ့လဲ'

'ဒီနေ့ဟာ ကိုယ့်ဟာကိုယ် တစ်ယောက်တည်း အေးအေးဆေးဆေး ထိုင်နေပြီး ပုတီးစိပ်ရတတ်တယ်။ တရားထိုင်နေမိတတ်တယ်။ ဒါမှမဟုတ်ရင် ကိုယ်ခေါင်းထဲကို မမျှော်လင့်ဘဲ လေးနက်တဲ့ အတွေးအခေါ်တွေ ရောက်လာတတ်တယ်။ ပြီးတော့ ထူးထူးဆန်းဆန်းစကားတွေ၊ သတင်းတွေ ရောက်လာတတ်တယ်။ အံ့သြစရာကောင်းတဲ့ အဖြစ်အပျက်မျိုးတွေ ဖြစ်ပျက်ကြုံတွေ့ရတတ်တယ်။ နောက်ပြီး သွားလေ့သွားထမရှိတဲ့ နေရာတွေကို အမှတ်မထင်ရောက်သွားတတ်တယ်။ ဥပမာပြောရရင် တစ်နှစ်မှာ သုံးခေါက်လောက်သာ သွားဖူးလေ့ရှိတဲ့ မိတ်ဆွေအပေါင်းအသင်းအိမ်ကို အမှတ်မထင်ရောက်သွားတတ်တာမျိုး၊ တစ်နှစ်မှာ သုံးခေါက်လောက်သာ တွေ့ဆုံရတတ်တဲ့ မိတ်ဆွေအပေါင်းအသင်းမျိုး ကိုယ့်ဆီကို ရောက်လာတတ်တာမျိုးတွေ ကြုံရလိမ့်မယ်။ ဒီလိုပဲ ထူးထူးဆန်းဆန်း အစားအသောက်တွေလည်း ဒီလိုနေ့မျိုးမှာ ကြုံဖန်ပြီး စားရတတ်တယ်တဲ့။ အပေါ်ပါး..အစ်ကို့ကြီးဟောကိန်းကတော့ တကယ်လန်းတယ်ဗျာ။ လက်လည်းလန် ခြေလည်းခွင်စေတဲ့ ဟောကိန်းပဲဗျ။ ကျွပ် နောက်ကို စပိုင်တစ်ယောက် ထည့်ပေးထားသလို၊ CCTV ကင်မရာနဲ့ ရိုက်ထားသလိုမျိုးအထိ ထင်ရလောက်ပါပေရဲ့ဗျာ။ တကယ့်အံ့မခန်းပဲ။ ဒါနဲ့ မေးရဦးမယ်။ ရက်တို့၊ လတို့ထဲက နွတ်တဲ့နေရာမှာ မနက်လောက်ရင် ဘယ်လိုလုပ်မလဲဗျာ။ စကားကတ်ပြောတယ်လို့တော့ မထင်စေချင်ဘူး'

'မင်းကို တို့တစ်ရွာလုံး၊ တစ်နယ်လုံးက စကားကတ်တယ်လို့ နာမည်ထွက်နေတာမယ့် အစ်ကို့ကြီးကတော့ ဘယ်တုန်းကမှ မထင်ခဲ့ပါဘူး။ ထောင့်စုံကနေ မေးတတ်တဲ့ မင်းရဲ့စရိုက်ဟာ အင်မတန်ကောင်းတဲ့ စရိုက်တစ်ခုပါ။ စကားကတ်တာ မဟုတ်ပါဘူး။ ရက်ထဲကရက်ကို မနက်လောက်ရင် လထဲက တစ်လချေးပါ။ တစ်လကိုတော့ ပျမ်းမျှရက်(၃၀) သတ်မှတ်ထားပေါ့ကွာ။ ဒီလိုပဲ လထဲကနေ လကို မနက်လောက်ရင်လည်း တစ်နှစ်(၁၂)လထဲက ချေးရမယ်။ ဒါပေမဲ့ နွတ်ပြီးရင်တော့ ရက်ထဲဆို (၃၀)ထည့်ပေါင်း၊ လထဲဆို (၁၂)ထည့်ပေါင်းပေးပါ။ ပြီးရင် ဂဏန်းတစ်လုံးတည်းပဲရအောင် ပြန်ပေါင်းပေးရမယ်။ ဥပမာ-မင်းရတဲ့အဖြေက (၂၅)ဆိုရင် (၂+၅=၇)ဖြစ်အောင် ပေါင်းပေးရမယ်။ ရှင်းတယ်နော်'

'ရှင်းပါတယ် အစ်ကို့ကြီးရာ၊ အစ်ကို့ကြီးရဲ့ ဗေဒင်ပညာအပေါ် ပြစ်မှားမိတဲ့ အပြစ်တွေကို ကျွပ်ဝန်ချတောင်းပန်ပါတယ်။ ကျွပ်မှားပါတယ်။ တစ်လက်စတည်း ကျွင်္ကန့်အမှားအတွက် အစ်ကို့ကြီးကို ငွေ(၇)ထောင်နဲ့ ကမ်းတော့

www.burmeseclassic.com

ပါရစေ။ ငြင်းပယ်ဖို့ မကြိုးစားပါနဲ့ အစ်ကိုကြီး။ လက်ခံပေးပါနော်။ နောက်တစ်ခု တောင်းဆိုချင်တာက အစ်ကိုကြီးရဲ့ ဟောကိန်းကို မိတ္ထူကူးခွင့်ပေးနိုင်ရင် ပေးစေချင်ပါတယ်။ ဟောဟို ရွှေနန်းပေါက်ဘုရားနဲ့ ရွှေမုဋ္ဌောဘုရားကြားမှာရှိတဲ့ ဘကျော်မိတ္ထူဆိုင်မှာ သွားကူးချင်ပါတယ်။ ကျွပ်တို့ တစ်မိသားစုလုံး နေ့စဉ် ကံစာတာစစ်ဆေးပြီး နေသွားချင်လို့ပါ'

'သာခုပါ..သာခု..သာခု၊ အခုလိုစကား မင်းဆီကနေ ကြားရတာ ဝမ်းသာလှပါပြီ။ ရော့..ရော့..ဒီမှာ သွားကူးချေ'

ကျွန်တော်သည် ဝင်းဇော်ဟိန်းကို တစ်နေ့တာ ကံစာတာဟောကိန်း မူရင်းစာရွက်အချို့ကို ပေးလိုက်လေတော့သည်။ ဝင်းဇော်ဟိန်းကို ကျွန်တော်ပေးလိုက်သော ဟောကိန်းများကို ဂန္ဓိရမဂ္ဂဇင်း စာဖတ်ပရိသတ်ကြီးအား မျှဝေပေးလိုက်ပါသည်။

ဒီနေ့ ဘာဖြစ်မှာလဲ တွက်ကိန်းအဟော

(၁)ဂဏန်းရသောနေ့ - ဒီနေ့မှာ အကြံအစည်အသစ်တွေ၊ လုပ်ငန်းသစ်တွေ၊ အတွေ့အကြုံအသစ်တွေ ရောက်လာလိမ့်မယ်။ မနက် အိပ်ရာကနိုးနိုးချင်း ဒီနေ့တော့ ငါ တစ်ခုခုရတော့မှာပဲလို့ စိတ်သဘောပိုက်ထားပါ။ တစ်စုံတစ်ခု မုချရရှိမယ့်နေ့ပဲ ဖြစ်ပါတယ်။

(၂)ဂဏန်းရသောနေ့ - ဘယ်သူတွေ ဘာပဲဖြစ်ဖြစ် ကိုယ်က ကြားဝင်ပြီး ဖျန်ဖြေပေးရတတ်တယ်။ ဝေးကွာနေတဲ့ လူနှစ်ယောက်အတွက် ကိုယ်က အဆက်အသွယ် လုပ်ပေးရတတ်တယ်။ ဒီနေ့ဟာ ဘယ်လိုအကြောင်းအရာကိုပဲပြောပြော ကိုယ်ပြောသမျှကို ဘယ်သူကမှ မဟုတ်ဘူးလို့ မငြင်းပယ်ဘဲ လက်ခံမယ့်နေ့ ဖြစ်ပါတယ်။ အမှန်ကတော့ ဒီနေ့ဟာ နှစ်ဦးနှစ်ဖက် အုပ်စုနှစ်ခု အသင်းအဖွဲ့နှစ်ဖွဲ့ ပြေပြေလည်လည်ဖြစ်သွားအောင် ဖျန်ဖြေပေးရတဲ့နေ့မျိုးပဲ။ ပြီးတော့ ဘာကိုပဲလုပ်လုပ် ကံတရားက ကိုယ့်ကို မျက်နှာသာပေးမယ့် နေ့မျိုးပဲ။

(၃)ဂဏန်းရသောနေ့ - ဒီနေ့ဟာ အုပ်မြူးပျော်ရွှင်ရတဲ့နေ့ ဖြစ်ပါတယ်။ ကိုယ့်ကို ဘေးကနေ ကြည့်နေတဲ့သူတွေကတောင် အုပ်မြူးလှုချည်လားလို့ ပြောယူရလောက်အောင် အုပ်မြူးနေတတ်ပါတယ်။ ပွဲလမ်းသဘင်၊ ရုပ်ရှင် ကြည့်ဖြစ်တတ်ပါတယ်။ ပျော်ပွဲစားထွက်တဲ့ အဖွဲ့နဲ့လည်း ပါသွားတတ်တယ်။ အပျော်ကြူးတဲ့ နေ့တစ်နေ့ပါပဲ။ ပြီးတော့ ဘာကိုပဲလုပ်လုပ် ကံကောင်းတဲ့နေ့ဖြစ်လို့ ရဲရဲသာလုပ်ပါ။

(၄)ဂဏန်းရသောနေ့ - ဒီနေ့ကတော့ လေးထောင့်ခြံခတ်ထားတဲ့အထဲမှာ ပိတ်မိနေသလို အဖြစ်မျိုးနဲ့ ကြုံတတ်ပါတယ်။ စိတ်အိုက်လူအိုက် ဖြစ်တတ်ပါတယ်။ အလုပ်တွေ ပိနေတတ်ပါတယ်။ ထွက်ပေါက်မရှိဘဲ ဖြစ်နေတတ်ပါတယ်။ စိတ်အိုက်စရာ၊ စိတ်ညစ်စရာတွေနဲ့ပဲ ကြုံတွေ့ရတတ်ပါတယ်။

(၅)ဂဏန်းရသောနေ့ - ဘာကိုပဲလုပ်လုပ် ရည်ရွယ်ချက်မထားဘဲ လုပ်စရာရှိတာတွေကိုလုပ်ပါ။ ရည်ရွယ်ချက်တွေထားပြီး ငါ ဘာလုပ်မယ်ဆိုရင် ပျက်သွားမှာ သေချာပါတယ်။ ခရီးထွက်ချင်ရင်လည်း ထွက်ပစ်လိုက်ပါ။ ထားစရာရှိရင်လည်း ဝယ်ပစ်လိုက်ပါ။ ဘာကိုမှ စိမ်ကိန်းဆင်မလုပ်ပါနဲ့။ လုပ်ရင် လွဲချော်သွားတတ်လို့ပါ။ ပြီးတော့ ဒီနေ့ဟာ မျှော်လင့်မထားတဲ့ဆီကနေ လာဘ်လာဘလည်း ဝင်လာတတ်ပါတယ်။

(၆)ဂဏန်းရသောနေ့ - ဒီနေ့ဟာ ကိုယ့်အတွက် အလုပ်လုပ်ရတာ အချိန်နှဉ်းနေမယ်။ တစ်ပါးသူကို ကူညီပေးနေရတာက များနေတယ်။ တစ်ပါးသူအတွက် အားယူပြီး ကူညီပေးနေရတာ များနေတတ်ပါတယ်။ အဲဒီလို ကူညီနေရတာကိုလည်း ကိုယ့်ကိုယ်ကိုယ် ဝိတိဖြစ်နေမယ်။ အရှုယ်ရောက်တဲ့ လူငယ်လူရွယ်တွေဆိုရင်တော့ အချစ်ရေးကိစ္စ ပေါ်ပေါက်လာတတ်တယ်။ ကိုယ်က တစ်ပါးကို ကူညီသလို ကိုယ့်ကိုလည်း သူတစ်ပါးက ဒီနေ့မှာ ထိုက်ထိုက်တန်တန် ကူညီကြပါလိမ့်မယ်။ ဒါကြောင့် အများအကျိုးဆောင် ကိုယ့်အကျိုးအောင် ဖြစ်နေပါလေ့ ကူညီဖြစ်အောင်သာ ကူညီလိုက်ပါ။ ဒါ့ပြင် ဒီနေ့ အရေးကြီးတဲ့ စာချုပ်စာတမ်းတွေ ချုပ်ဆိုမယ်ဆို အကောင်းဆုံးနေ့တစ်နေ့လည်း ဖြစ်ပါတယ်။

(၇)ဂဏန်းရသောနေ့ - ဒီနေ့ဟာ ကိုယ့်ဟာကို တစ်ယောက်တည်း အေးအေးဆေးဆေး ထိုင်နေပြီး ပုံဖော်ရတတ်ပါတယ်။ တရားထိုင်နေမိတတ်ပါတယ်။ ဒါမှမဟုတ် ရင် ကိုယ့်ခေါင်းထဲကို မမျှော်လင့်ဘဲ လေးနက်တဲ့ အတွေးအခေါ်တွေ ရောက်လာတတ်တယ်။ ပြီးတော့ ထူးထူးဆန်း စကားတွေ၊ သတင်းတွေ ရောက်လာတတ်ပါတယ်။ နောက်ပြီး သွားလေသွားထမရှိတဲ့ နေရာတွေကို အမထင် ရောက်သွားတတ်တယ်။ ဥပမာပြောရရင် လမ်းနဲ့ သုံးခေါက်လောက်သာ သွားဖူးလေ့ရှိတဲ့ မိတ်ဆွေအိမ်

www.burmeseclassic.com

ဆောင်းတွေအိမ်ကို အမှတ်မထင် ရောက်သွားတတ်တာမျိုး၊ တစ်နေ့မှာ သုံးခေါက်လောက်သာ တွေ့ဆုံရတတ်တဲ့ မိတ်ဆွေပေါင်းအသင်း ကိုယ့်ဆီကို ရောက်လာတတ်တာမျိုး ကြုံတွေ့ရလိမ့်မယ်။ ဒီလိုပဲ ထူးထူးဆန်းဆန်း အစားအသောက်တွေလည်း ဒီလိုနေမျိုးမှာ ကြုံဖန်ပြီး စားရတတ်တယ်။

(စ)ဂဏန်းရသောနေ့ - စိတ်ညစ်စရာတွေ၊ ကြေကွဲစရာတွေ ရောက်လာတတ်ပါတယ်။ ဘဝမှာ ဆုံးရှုံးခဲ့ရတဲ့အပြောင်းအလဲမျိုးတွေဟာ ဒီလိုနေမျိုးမှာ ကြုံတတ်ပါတယ်။ ထူးခြားတဲ့ လောကီပညာရပ်တွေ၊ လောကုတ္တရာအတတ်ပညာရပ်တွေကိုလည်း ဒီလိုနေမျိုးမှာ စပြီး စူးစမ်းသူဖြစ်တတ်ပါတယ်။ မိုးလင်းအိပ်ရာနိုးကတည်းက ခေါင်းထဲမှာ လေးလံထိုင်းမှိုင်းသလို ထင်နေမိတတ်ပါတယ်။ ဆိုးကောင်းတဲ့ နေ့တစ်နေ့လို့ မဆိုနိုင်ပါဘူး။ အရေးကြီးတဲ့ အလုပ်တွေ မလုပ်မိဖို့ သတိထားရပါမယ်။

(ဇ)ဂဏန်းရသောနေ့ - ဒီနေ့ဟာ အကောင်းဆုံးနေ့ မဟုတ်သည်း ဖြစ်နိုင်သလို အဆိုးဆုံးနေ့လည်း ဖြစ်သွားနိုင်တဲ့ ရောနှောစနေ့ဖြစ်ပါတယ်။ ဆုံးဖြတ်ရခက်တဲ့နေ့ပါ။ ဘာပဲဖြစ်ဖြစ် ဘာသာရေးအကြောင်းတွေ စကားစပ်မိပြီး ပြောဖြစ်တတ်ပါတယ်။ ဒီလိုပဲ ဘာသာရေးကိစ္စတွေကိုလည်း ဆောင်ရွက်မိတတ်ပါတယ်။ ကိုယ့်အိမ်ကို ဘုရားဆင်းတုတွေ၊ ရုပ်ပုံတော်ကားချပ်တွေ၊ ရဟန္တာပုံတော်တွေရုပ်တုတွေ ရောက်လာတတ်ပါတယ်။ ကိုယ်ကလည်း ဘုရားတွေ၊ စေတီပုထိုးတွေဆီ သွားဖြစ်တတ်ပါတယ်။ ဒီနေ့မှာ တခြားအလုပ်တွေ လုပ်မယ့်အစား တန်ခိုးကြီးဘုရား တစ်ဆူဆူဆီကို သွားပြီး ပုတီးထိုင်စိပ်နေတာ အကောင်းဆုံးပါပဲ။ ကိုယ့်နေအိမ်ကိုလည်း ဘုန်းကြီးရဟန်းသံဃာတွေ၊ သီလရှင်တွေနဲ့ သူတော်ကောင်းတွေ ရောက်လာတတ်ပါတယ်။ ဂန္ဓာရီဆရာတွေ၊ လောကီပညာရှင်တွေနဲ့ ကြုံဆုံရတတ်ပါတယ်။

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ

သာထက်ဇော်(မင်းကွန်း)

[ယခုဆောင်းပါးဖြင့် (၁-၈-၂၀၀၈) သောကြာနေ့တွင် ဤကမ္ဘာမြေမှ ပြန်လည်ထွက်ခွာသွားသော အာဆရာကြီး ဒေါက်တာမင်းသိခ်ိန်အား ကန်တော့ပန်းဆင်အပ်ပါ၏။]

ပြန်မှုနည်းပညာ၊ ကမ္ဘာ့နည်းပညာဖြင့် ဟောပြောနေပါပြီ

ဆရာမဒေါ်ဝေဝေမင်း

ချစ်သူ၊ မုန်းသူ၊ အိမ်ထောင်ဖက်၊ စီးပွားဖက်၊ ရန်ဘက်တို့၏ နာမည်၊ ရုပ်ဆင်းသဏ္ဌာန်တို့ကို ဒေဝစက္ခု၊ မနောစက္ခုဖြင့် လက်တွေ့ပုံဖော် ဟောပြောပေးနေပါပြီ။

ထီကံ၊ ငွေကြေးကံ၊ အလှကိစ္စ

အလုံးစုံကို တိကျပြတ်သားစွာ အမည်နှင့်တကွ ဟောပြောနေပါပြီ။ ယခုပင် ကြွခဲ့ပါ။ လာရကျိုး နပ်စေရမည်။

ထီကံ အထူးဟောနေပြီ

သင့်မှာ ထီပေါက်ကိန်းရှိပါက မုချလက်ငင်း ထီပေါက်မည်။

တစ်ဘဝစာဟောစာတမ်း

အမည်၊ မွေးနေ့သက္ကရာဇ် အတိအကျ၊ မွေးရပ်၊ မွေးချိန်နှင့် နေရပ်လိပ်စာတို့ကို ဖော်ပြပြီး ၃၅(၂၅၀၀)ကျပ် (နှစ်ထောင့်ငါးရာကျပ်)ကို စာတိုက်မှ (M.O) ဖြင့် ပေးပို့ပါက တစ်ဘဝစာဟောစာတမ်းကို စာတိုက်မှ မှတ်ပုံတင်စာဖြင့် အမြန်ဆုံးပြန်လည်ပေးပို့ပေးပါမည်။

(မှတ်ချက်-စာအိတ်အတွင်း ငွေထည့်ပို့ခြင်း လုံးဝတာဝန်မယူပါ။ မပို့ပါနှင့်)

ဆရာမဒေါ်ဝေဝေမင်း

ဆိုင်အမှတ်-၂၉၊ ကမ္ဘာအေးဘုရားဖောင်းတန်း၊ ရန်ကုန်ပြို့

နံနက်(၁၁း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (ပိတ်ရက်-လပြည့်/လကွယ်)

www.burmeseclassic.com

ဟန်ဆောင်တတ်သောအချစ်

■ ကြည်ဝင်း(ဟသံာတာ) ■

နလုံးလမ်းကြောင်းသည် လက်ခလယ်အောက် စနေဂြိုဟ်ခုံပေါ်မှ အစပြုနေပါမူ ၄င်းပုဂ္ဂိုလ်သည် တဏှာပေမမက်မောခြင်းကိုသာလျှင် အဓိကထားပြီး ချစ်ခင်မြတ်နိုးတတ်ခြင်း၊ တရားလွန် ချစ်ခင်မက်မောတတ်သော သဘောတရားများအား အခြေခံထားသဖြင့် မနာလိုဝန်တိုသည့်စိတ်ထားများ ပေါက်ဖွားမွေးမြူတတ်ခြင်း၊ တဏှာပေမအားကြီးခြင်း၊ သောကြာဂြိုဟ်ခုံ တရားလွန်အားကြီးနေပါက ပိုမိုအင်အားပြည့်ဖြိုးတတ်သည်။ မိမိ၏ အိမ်ထောင်ဖက်ပေါ်တွင် သစ္စာမတည်ကြည်ခြင်း၊ တစ်ဖက်သားအား ကိုယ်ချင်းမစာတတ်ခြင်း၊ လိပ်မျိုးကဲ့သို့ မိမိဘက်ကိုသာ ယက်တတ်ခြင်း စသောစိတ်ဓာတ် ရှိပေသည်။

ကြာသပတေးဂြိုဟ်ခုံပေါ်မှ အစပျိုးသည့် နလုံးလမ်းကြောင်းပိုင်ရှင်တို့သည် သံယောဇဉ်ထားမိသူများအပေါ်၌ မေတ္တာတရား ပြည့်ဝစွာဖြင့် အသက်ကိုပင်လျှင် စွန့်ရဲသည့် စိတ်ထားမျိုး ရှိကြပေသည်။

စနေဂြိုဟ်ခုံပေါ်၌ အစပျိုးသည့် လမ်းကြောင်းပိုင်ရှင်တို့သည်ကား အထက်ပါ အရည်အချင်းများနှင့် ဇီလာဆန့်ကျင် ဖြစ်ပေသည်။ တစ်ကိုယ်ကောင်းဆန်ခြင်း၊ ဟန်ဆောင်တတ်ခြင်း၊ စံနမူနာထားလောက်သည့် သံယောဇဉ်မျိုးမရှိခြင်း စသောစိတ်ဓာတ်များ ရှိကြသည်။

ဤအမှတ်အသားပါသည့် ယောကျ်ားအား လက်ထပ်ယူမိသည့် မိန်းမအဖို့ အကုသိုလ်ကို ဝယ်ယူမိသည်နှင့် တူပေသည်။ ဘယ်သူသေသေ ငတောမာစိတ်ထားနှင့် ကိုယ်ကျိုးကိုသာ ကြည့်တတ်ပြီး ပစ္စည်းဥစ္စာကို မက်မောသည့် စိတ်ဓာတ်လည်း ရှိ၏။

ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင်မူ စံပြယောကျ်ားတစ်ယောက်ကဲ့သို့ ထင်မြင်စေရန်လည်း ဟန်ဆောင်အပြုံးနှင့် လှည့်စားတတ်၏။ အခြားသူတို့ အားကျလောက်အောင်လည်း စပ်စပ်စုစု ပြောဆိုတတ်၏။

ဤကဲ့သို့ ပုဂ္ဂိုလ်များအား အများအားဖြင့် သူတို့၏ချစ်သူများက မပစ်ပယ်နိုင်ကြသည်မှာ အဆန်းမဟုတ်ချေ။ မပစ်ပယ်နိုင်ကြသည့် အကြောင်းတရားမှာ ကာမဂုဏ်ရမ္မက် ကြီးမားသည့်အတွက်ကြောင့်မဟုတ်ဘဲ မုချလိုအင်ဆန္ဒ ပြည့်မြောက်ရမည်ဟု ဆုံးဖြတ်ချက်ပြင်းပြသော ၄င်းမိသဲတိုင် တက်နိုင်ဖျားရောက်ဟူသော စိတ်ဓာတ်ကြောင့် ဖြစ်ပေသည်။

ဆိုလိုသည်မှာ ၄င်းလက္ခဏာပိုင်ရှင်တို့သည် ထိုသို့သော အမျိုးသမီး (သို့မဟုတ်) အမျိုးသားတို့အား ရယူသည်၊ လွှမ်းမိုးလိုသည့် ဆန္ဒရှိပါက ထိုဆန္ဒအတိုင်း မိမိသားကောင်တို့အား ရှေ့မှောက်၌ ဒူးတုပ်၍ ခစားစေသည်အထိ ဆောင်ရွက်နိုင်စွမ်း ရှိပေ၏။

ဤနလုံးလမ်းကြောင်းမျိုးသည် ထူးဆန်းလှသည့်အတွက် ကျွန်ုပ် တွေ့ကြုံခဲ့ရသော အဖြစ်အပျက်တစ်ခုကို တင်ပြပါမည်။

တစ်နေ့သ၌ ကျွန်ုပ်၏ လက္ခဏာဆွေးနွေးသည့် ဆောင်အတွင်းသို့ အမြင်အားဖြင့် အထက်တန်းလွှာ ရုံးကုဏ်အသိုင်းအဝိုင်းမှဟု ထင်ရလောက်သော သားအမိနှစ်ယောက်သည် ခွင့်တောင်းလျက် ဝင်ရောက်လာ၏။

ကျွန်ုပ်သည် ထိုလူရွယ်၏မျက်နှာကို စူးစူးစိုက်စိုက် ကြည့်လိုက်ရာ ထူထပ်သောမျက်ခုံး၊ တောင်ပြောင်၍ ပြတ်ထိုးဉာဏ်ကောင်းသည့် အသွင်သဏ္ဌာန်ကို ဆောင်နေသော မျက်လုံးတစ်စုံနှင့် ပါးလွှာသည့် နှုတ်ခမ်းတို့ကို တွေ့လိုက်ရ၏။

ထိုလူရွယ်၏ အသံမှာလည်း ပြတ်သား၍ တစ်ဆင့်သားအပေါ် လွှမ်းမိုးနိုင်လောက်သည့် ဩဇာအာဏာ ပြည့်စုံနေ၏။ သူ၏လက်ဝါးပြင်အား စစ်ဆေးကြည့်ရာတွင် နလုံးလမ်းကြောင်းသည် အင်အားကောင်းသော နေဂြိုဟ်ပေါ်မှ အစပျိုးနေသည်ကို တွေ့ရပြန်သည်။

လူရွယ်၏ ပြောဟန်ဆိုဟန်နှင့် လုပ်ပုံကိုင်ပုံတို့မှာ မဟာဆန်လှသော်လည်း အတွင်းစိတ်သဘောထားမှာ အပြစ်ပန်းနှင့် လားလားမျှ မအပ်စပ်ပါပေ။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဖြစ်ရပ်များကို ဟောပြောနိုင်စွမ်းရှိသည့် ကျွန်ုပ်ပညာရပ်ပေါ်တွင်လည်း ယုံကြည်မှုရှိပုံမရချေ။

www.burmeseclassic.com

www.burmeseclassic.com

ထိုလူရွယ်က-

'ဆရာကြီးကိုင်ရှိခင်ဗျား..ကျွန်တော်ကတော့ လက္ခဏာရပ်ကို အယုံအကြည် သိပ်ပြီးတော့ ရှိလှတယ်ဆိုတာပါဘူး။ ဒါပေမဲ့ ဟောချင်တာသာ ဟောပါလေ။ ကျွန်တော် နားထောင်နေပါ့မယ်' ဟုပြောပြီး ကုလားထိုင်ကို မှီသို့ အားရပါးရမှီကာ ထိုင်နေလိုက်၏။

ထိုအခါက ကျွန်ုပ်က-

'ဒါဆို မောင်ရင် ဘာကြောင့် ဒုက္ခရောက်ပြီး ဆရာ့ကို လာတွေ့ရသလဲ'

'မေးထိုက်ပါတယ် ဆရာကြီး၊ ဒီမေးခွန်းကို ဆရာကြီးနဲ့ မေးထိုက်ပါတယ်'

လူရွယ်သည် ခေတ္တမျှ စကားကိုဖြတ်ပြီး ငြိမ်နေလိုက်ပြီး ပြီးမှ-

'ဆရာကြီးအနေနဲ့ စိတ်မရှိဘူးဆိုရင် ကျွန်တော် တစ်နှစ်ခွန်းတော့ မေးပါရစေ'

'အို..မေးပါ မောင်ရင်၊ မေးပါ။ ဆရာက ဒါမျိုးမှ ကြိုက်တာကွယ့်'

'ဒီလိုပါ ဆရာကြီး၊ ကျွန်တော်က အိမ်ထောင်သည် တကယ်လို့ အိမ်ထောင်သည်ဆိုရင် ကျွန်တော့်ဇနီး စိတ်ချမ်းသာမှုရှိရဲ့လား ဆိုတာကို သိချင်ပါတယ်'

ကျွန်တော်သည် ထိုမေးခွန်းကို ကိုကျစွာအဖြေပေးလိုသည့်အတွက် လူရွယ်၏ လက်ဝါးပြင်ပေါ်ရှိ စနေကြိုးဟ်ခုံ အပျိုးသော နှလုံးလမ်းကြောင်းအား ပြန်လှန်စစ်ဆေးလျှက်ရှိနေ၏။

ထိုသို့ကြည့်ရှုနေစဉ် ကျွန်ုပ်၏စိန္တာမယ စိတ်တန်ခိုးတို့သည် ဦးနှောက်အတွင်းသို့ဝင်ရောက်လာကာ ကျွန်ုပ်၏နှုတ်ဆောက်လျှောက်ဟောချလိုက်တော့၏။

'သင့်ရဲ့ဇနီးက စိတ်ရောကိုယ်ပါ ကြီးရဲ့နေတယ်။ သူမဟာ တအိအိနဲ့ ညှီးဆဲခံနေရသလို ဖြစ်နေရရှာတယ်။ တစ်နှစ်ကျော်အသိုင်းအဝိုင်းမှာတော့ အမြင်အဖြင့် သင်ဟာ သိပ်တော်တဲ့ အိမ်ထောင်ဦးစီးအစ်ယောက်လို့ ပြောကြလိမ့်မယ်။ သင်ဟာ သင့်ရဲ့ဇနီးနဲ့ ဘယ်တုန်းကမှ စကားလည်း မများပူးဘူး။ ရန်ဖြစ်ပြီးလည်း နာနာကြည်းကြည်း မရိုက်နှက်ခဲ့ဖူးဘူး။ ဒါပေမဲ့ သင့်ရဲ့နှုတ်က ထွက်လာတဲ့ ရေခဲလို အေးစက်တဲ့ စကားလုံးတွေဟာ သင့်ရဲ့ဇနီးကို တဖြည်းဖြည်းနဲ့ လုံးပါးပါးပြီး ဘဝဆုံးအောင် ညှဉ်းဆဲနေတယ်'

ကျွန်ုပ်သည် ထိုမျှလောက် ဟောမိသည်နှင့် လူရွယ်မှာ ကြောက်ရွံ့တုန်လှုပ်သွားသည့် မျက်နှာနှင့် ရုတ်တရက် မတ်တတ်ရပ်ကာ 'ဆရာကြီးကိုင်ရှိ' ဟု တုန်ယင်စွာဖြင့် ခေါ်လိုက်ပြီး ဟင်းခနဲ သက်ပြင်းတစ်ချက်ချကာ တံတွေးကို မျိုချလိုက်၏။ ပြီးမှ-

'ဆရာကြီးက ဒီအကြောင်းကို ဘယ်လိုလုပ်ပြီး သိနေရတာလဲ။ အိုး..ဟုတ်ပြီ၊ ဟုတ်ပြီ။ ကျွန်တော်သိပြီ'

လူရွယ်သည် ချက်ချင်းပင် အမူအရာပြောင်းလဲသွားကာ လှောင်ပြောင်သံဖြင့်-

'လက်စသတ်တော့ ကျွန်တော့်ဇနီးနဲ့ ဆရာကြီး တွေ့ပြီးပြီမဟုတ်လား။ ကျွန်တော့်ဇနီးဟာ ဒီအကြောင်းတွေကို ပြောပြသွားတာ ဖြစ်ရမယ်။ ဒီအချက်ကို မစဉ်းစားမိတာ ကျွန်တော်ဟာ တကယ့်ကို လူအန္ဓဇတုံးလုံးလုံး ဖြစ်သွားပြီပေါ့။ ဟုတ်ရဲ့လား ဆရာကြီး'

သို့နှင့် ကျွန်ုပ်သည် လူရွယ်အား ဤသို့ အနှောင့်အသွားမလွတ်သည့် စကားများကို မတွေးသင့်ကြောင်း ရှင်းပြပြီး လျှင် ၄င်း၏အမည်ကိုပင် မသိသေးကြောင်း ရှင်းပြလိုက်ရပေသည်။

ထိုအခါမှ လူရွယ်သည် ရုတ်ကိုးရုတ်ကန်းနှင့် ပြန်ထိုင်လိုက်ပြီး-

'ဆရာကြီးကို ကျွန်တော် အထင်သေးမိတာ ခွင့်လွှတ်ပါ ဆရာကြီး။ ကျွန်တော့်အကြောင်းတွေကို

www.burmeseclassic.com

www.burmeseclassic.com

ပြောတာ မှန်ပါတယ်။ ကျွန်တော်ဟာ ကျွန်တော့်ဇနီးကို အတိုက်အခံတွေကြားက မရ၊ရအောင် ယူခဲ့ပါတယ်။ ကျွန်တော်ဇနီးနဲ့ စေ့စပ်ထားတဲ့လူနဲ့ သူရဲ့ဆွေမျိုးသားချင်းတွေဟာ ကျွန်တော့်ကို ရန်ရှာကြပေမယ့် ဒီရန်တွေကို အလွယ်တကူပဲ ဖယ်ရှားနိုင်ခဲ့ပါတယ်'

'ဩော်..ခက်ခက်ခဲခဲ အိမ်ထောင်ကျရတယ် ဆိုပါတော့'

'ဟုတ်ပါတယ် ဆရာကြီး'

လူရွယ်က ရွှင်မြူးနေသည့် လေသံနှင့်-

'အမျိုးသမီးဟာ ကျွန်တော့်ဇနီး ဖြစ်လာရပါတယ်။ ဒါပေမဲ့ သူနဲ့ညားတဲ့နေ့ကစပြီး ကျွန်တော်ဟာ သူစိမ်းတစ်ယောက်နဲ့ နေရသလိုပါပဲ။ အိမ်ထောင်ရေးသုခကို မခံစားရပါဘူး။ ကျွန်တော်တို့နှစ်ယောက်ကြားမှာရှိတဲ့ အတားအဆီးအန္တရာယ်မှန်သမျှကို ကျွန်တော်ဟာ အတတ်နိုင်ဆုံး ရှင်းလင်းပစ်ခဲ့ပါတယ် ဆရာကြီး။ နည်းမျိုးစုံသုံးပြီး စိတ်ရောကိုယ်ရော ဆိုပါတော့။ အမျိုးသမီးကတော့ လင့်ဝတ္တရားလည်း ကျေပါတယ်။ အစစအရာရာ လိုလေသေးမရှိပြည့်စုံမှန်ကန်ပါတယ်။ အမျိုးသမီးရဲ့ စိတ်ဓာတ်ပြောင်းလဲအောင် လက်ဆောင်တွေနဲ့တစ်မျိုး၊ ဆေးဝါးတွေနဲ့တစ်မျိုး အမျိုးမျိုးကြိုးစားကြည့်ပေမယ့် သူမရဲ့စိတ်ဓာတ်ဟာ မပြောင်းလဲပါဘူး'

လူရွယ်၏မျက်နှာ ညှိုးငယ်သွားသည်။

'ဒါပေမဲ့ ကျွန်တော့်ဇနီးရဲ့ ချစ်ခြင်းမေတ္တာကို ကျွန်တော့်မှာ မရရှိနိုင်ဘူးဆိုတာကို သိပ်နေပါတယ် ဆရာကြီး'

'ဩော်..ဒီလိုဆိုရင် ဆရာပြောတာတွေ မှန်နေတာပေါ့။ ဟုတ်စ'

'သိပ်ကိုမှန်ပါတယ် ဆရာကြီး။ ကျွန်တော့်အနေနဲ့ ဆရာကြီးကို တောင်းပန်ချင်တာကတော့ အိမ်ထောင်ရေးမှာ နိဂုံးချုပ်အနေနဲ့ ကျွန်တော် ဘာတွေဖြစ်မလဲဆိုတာကို အမိန့်ရှိပါဦး ဆရာကြီး'

လူရွယ်၏ လက်ဖဝါးပြင်ပေါ်မှ အမှတ်သင်္ကေတများနှင့် အခြားပညာရပ်များ စုပေါင်း၍ ထိုလူရွယ်၏ အနာဂတ်ဖြစ်ရပ်များကို ကျွန်ုပ် တွက်ချက်ကြည့်လိုက်၏။

လူပုဂ္ဂိုလ်တစ်ဦး၏ အနာဂတ်ဖြစ်ရပ်တို့ကို ကြိုတင်ဖော်ရခြင်းမှာ အလွန်ပင်ခက်ခဲ၍ အရေးလည်းကြီးလှပေသည်။

ကျွန်ုပ်၏ ပညာအမြင်အားဖြင့် ထိုလူရွယ်၏အနာဂတ်ကာလ လာမည့်အဖြစ်အပျက်တို့သည် ကြောက်မက်ဖွယ်ဖြစ်ရပ်တစ်ခုခုဖြင့် ရင်ဆိုင်ရမည်ကို တွေ့ရလေတော့၏။

ထိုဖြစ်ရပ်မှာ မည်သို့သောဖြစ်ရပ်နည်း။

လူရွယ်၏ ပိုင်စိုးပိုင်နည်းပြုတတ်သောအကျင့်နှင့် မိမိ ဓာတ်တို့ကြောင့် အိမ်ထောင်ရေးခလောက်ဆန်ကာ နောက်ဆုံး၌ ကြေကွဲဖွယ်ရာ ဖြစ်ရပ်များနှင့် နိဂုံးချုပ်ရပေလိမ့်မည်။

လူရွယ်သည် ကျွန်ုပ် ဆုတ်ဆိုင်းဆိုင်းဖြစ်နေသည်ကြည့်ကာ စိတ်မရှည်သော လေသံဖြင့်-

'ဆရာကြီး..အမှန်ကိုသာ ပြောပါ။ ကျွန်တော့်ကို နေစရာ မလိုပါဘူး'

ထို့ကြောင့် ကျွန်ုပ်လည်း မနေသာတော့ဘဲ ထိုလူရွယ်သည် လာမည့်ခြောက်လအတွင်း အိမ်ထောင်ရေးရှုပ်ထွေးမှုကြောင့် အသက်အန္တရာယ် ဖြစ်နိုင်သည့်အတွက် အသတိထား ရှောင်ကြဉ်ရန်နှင့် စိတ်ဆင်းရဲမှုကို မခံနိုင်အခြေအနေသို့ ရောက်လာလျှင် ခရီးဝေးထွက်သင့်ကြောင်း ဇနီးသည်နှင့် စကားများရန် မသင့်ကြောင်းတို့ကို သတိပေးပြောကြားလိုက်သည်။

အချိန်တို့သည် လျင်မြန်စွာကုန်လာခဲ့ပြီးနောက် တစ်ပြီးတစ်နေ့ လက္ခဏာကြည့်သူများ၏ အကြောင်းအရာတို့ကို လက်ခံစစ်ဆေး ဖတ်ကြားပေးနေရသည်နှင့်အမျှ လူရွယ်၏ ကိစ္စရပ်များကို ကျွန်ုပ်အနေဖြင့် မေ့လျော့သလောက်ပင် ရှိခဲ့ပေပြီ။

တစ်ညနေအခါ၌ ကျွန်ုပ်သည် တစ်နေ့တာ ပင်ပန်းခဲ့သမျှကို အနားယူတော့မည်ဟု အားခဲ၍ အလုပ်ခန်းမှ အထွက် ကျွန်ုပ်အတွင်းရေးမှူးက အမျိုးသမီးတစ်ဦး ရောက်နေကြောင်း ပြောလာ၏။

ကျွန်ုပ်လည်း စိတ်တိုတိုနှင့် ညနေငါးနာရီကျော်စည်းကမ်းအရ မည်သည့်ဧည့်သည်ကိုမှ လက်မခံနိုင်တုံးတိတိပြောချလိုက်၏။ သို့သော် ဧည့်သည်က ထပ်ဆင့် ကျွန်ုပ်နှင့်မတွေ့လျှင် မဖြစ်သည့် အရေးကြီးသောကိစ္စကြောင့် တွေ့ခွင့်ပေးပါရန် မေတ္တာရပ်ခံလာသဖြင့် ကျွန်ုပ်သည် မေတ္တာရှေ့ထားကာ ခွင့်ပြုလိုက်ရလေတော့သည်။

အရပ်မြင့်၍ ရုပ်ရည်လှပသည် မဆိုသာသော်လည်း ကြည့်ပျော်ရွှင်ပျော်ရှိသည့် အမျိုးသမီးတစ်ဦးသည် အခန်းတွင်းသို့ ဝင်လာ၏။ သူမ၏ ခရမ်းရောင်ဆန်နေသော ဝတ်ရုံနီးအစုံ၌ အလွမ်းရိပ်များဆင်နေသည်ကိုလည်း တွေ့ရှိနှုတ်ခမ်းအစုံတို့သည် တဆတ်ဆတ်တုန်လှုပ်နေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ခြင်း၌ စိတ်မချမ်းမြေ့ဖွယ်ရာများ ပြည့်လျှမ်းနေသည်ကို သိနားလည်ကောင်း ကျွန်ုပ်သိရှိလိုက်၏။

အမျိုးသမီးသည် ကုလားထိုင်တွင် ထိုင်မိသည်နှင့်-

'ဆရာကြီးကိုင်ရှိ..ကျွန်မဟာ မနက်ဖြန်ဆို အင်္ဂလန်တိုင်းတစ်ပါးကို ထွက်သွားပြီး ပြန်လာဖို့ စိတ်မကူးတော့ဘူးလို့ ဆိုပါတော့။ ဒါကြောင့်လည်း ကျွန်မအနေနဲ့ ဆောင်ရွက်ရမည့် ကိစ္စတစ်ခု ကျန်နေတဲ့အတွက် ပြီးဆုံးအောင် ဆရာကြီးနဲ့ လာတွေ့ရတာပါ'

အမျိုးသမီးသည် ပြောပြောဆိုဆို လက်ပွေ့အိတ်အတွင်းမှ စက္ကူတစ်စာအုပ်တစ်အုပ်ကိုထုတ်၍ လှန်လှော်ရှာဖွေကာ ကျွန်ုပ်အား ပြ၏။

နေ့စဉ်မှတ်တမ်းစာအတွင်း၌-

'နွန်လ (၁၆)ရက်၊ ယနေ့ ဆရာကြီးကိုင်ရှိနှင့် တွေ့ဆုံသည်။ ဆရာကြီးက ကျွန်ုပ်နှင့် တီးတို့၏ ဖြစ်ရပ်မှန်တို့ကို ထုတ်လိုက်၏။ ဆရာကြီးအထင် ဘေးဥပဒ်အန္တရာယ်တစ်ခုနှင့် နီဂုံးချုပ်ရလိမ့်မည်ဟု ကျွန်ုပ်အား ဟောလိုက်၏။ ဤကိုယ်ကျွန်ုပ် ကယ်ဆယ်နိုင်မည်လော'

အထက်ပါ နေ့စဉ်မှတ်တမ်းကို ဖတ်လိုက်ပြီးနောက် ခဲသော(၆)လလောက်အတွင်းက ကျွန်ုပ် လက္ခဏာစစ်ဆေးလိုက်သောလူရွယ်ကို မြင်ယောင်လာပြီး ပြည့်ဖြိုးသော စနေဂြိုဟ်ခုံနှင့် စနေဂြိုဟ်ခုံမှ အစပျိုးသော နှလုံးကြောင်းကိုလည်း မှတ်မိလာတော့သည်။

သို့နှင့် ကျွန်ုပ်သည် အမျိုးသမီးအား ကြည့်လိုက်ရာ ကောင်ပဝါ လွှမ်းခြုံထားသည်ကို တွေ့ရသဖြင့် မုဆိုးမ သိရတော့၏။

အမျိုးသမီးသည် ကျွန်ုပ်စိတ်အတွင်း စဉ်းစားတွေးနေသည်ကို သိရှိဟန်နှင့်-

'ဟုတ်ပါတယ်၊ သူဆုံးသွားပါပြီ ဆရာကြီးကိုင်ရှိ။ ဒီစာ ဆေးတွေကို အလွန်အကျွံသောက်ပြီး သေကြောင်း ဝန်ခံသွားပါဟယ်။ အသက်မထွက်ခင်ကလေးမှာ ဒီစာလေး ကျွန်မကိုပေးပြီး ဆရာကြီးလက်ထဲ အရောက်ပို့ဖို့ မှာသွားပါတယ်ရှင်'

ကျွန်ုပ်အနေဖြင့် ဆင်ခြင်သုံးသပ်ကြည့်သောအခါ အမျိုးသမီး၏ အိမ်ထောင်ရေးခံစားချက် အလုံးစုံကို ဖော်ပြမလိုသော်လည်း ချစ်ဟန်ဆောင်သည့် ခင်ပွန်းသည်ကြောင့် အသည်းကွဲခဲ့ရသော သူ၏အကြောင်းကား မှတ်လောက်ပါပေ၏။

သူမသည် ချစ်သူအပေါ်၌ နှစ်နှစ်ကာကာ ချစ်မြတ်နိုးခဲ့၏။ သစ္စာလည်း ရှိခဲ့၏။ သစ္စာရှိသလောက်လည်း အနှံတာခံခဲ့၏။ သူမ ချစ်ခဲ့ဖူးသော ချစ်သူအား နှလုံးသားကို ပေးခဲ့၍ တွယ်တာ၏။

သို့သော် ချစ်သောသူနှင့်လွဲ၍ သူမအပေါ် အကောက်အကွေ့များစွာနှင့် စိတ်ယုတ်မာမွေးခဲ့သူကိုသာ ရခဲ့ရာ၏။ မှန်ပေသည်။ စနေဂြိုဟ်ခုံ အထူးစိုးမိုးသည့်ပုဂ္ဂိုလ်တို့သည် ဆင်ကြိုက်တတ်သည် မဟုတ်ပါလား။

ထို့နောက် ကျွန်ုပ်သည် အမျိုးသမီး၏ လက္ခဏာအား စစ်ဆေးကြည့်ရာ ကျွန်ုပ်မျှော်လင့်ထားသည့်အတိုင်း နှလုံးလမ်းကြောင်းသည် အေးဆေး၍ အချစ်ကိုယုံစားပြီး တစ်ကိုယ်လုံး ပုံအပ်တတ်သော သဘောတရားကို ညွှန်ပြနေကြောင်းကို တွေ့ရပေသည်။

ထို့အပြင် မကြာမြင့်မီသော အချိန်ကာလအတွင်း၌ မေတ္တာစစ်မေတ္တာမှန်နှင့် အကျိုးပေးမည့် အိမ်ထောင်ဖက်ကို တွေ့ရလိမ့်မည်ဖြစ်ကြောင်းကို စစ်ဆေးတွေ့ရှိရပြန်သည်။ ဤကဲ့သို့တွေ့ရှိရမည့် အိမ်ထောင်ရှင်မှာလည်း မမျှော်လင့်ဘဲ အံ့သြဖွယ်ရာ ထူးထူးဆန်းဆန်းနှင့် တွေ့ဆုံရလိမ့်မည်ဖြစ်၏။

တစ်နှစ်မျှကြာသောအခါ ပဲရစ်မြို့တော်၌ ကျွန်ုပ်ရှိနေစဉ်အတွင်း အမျိုးသားနှင့်အမျိုးသမီး ဧည့်သည်နှစ်ဦးသည် ကျွန်ုပ်ထံသို့ လာရောက်တွေ့ဆုံကြ၏။ အမျိုးသမီးမှာ ကျွန်ုပ်၏မိတ်ဆွေဟောင်း တီးဖြစ်၍ အမျိုးသားမှာ သူမနှင့် လွဲခဲ့ရသော သူမ၏ချစ်ဦးသူ ချစ်သူဟောင်းဖြစ်ပြီး ယခုအခါတွင်မူ သူမ၏ခင်ပွန်းသည် ဖြစ်နေပေပြီ။

အမျိုးသမီးက ကျွန်ုပ်အား-

'ကျွန်မဖြင့် အခု သိပ်ဝမ်းသာတာပဲ ဆရာကြီးရယ်'

'နဖူးစာ ရွာလည်တယ်ဆိုတာ ဒါပဲပေါ့ကွယ်'

ထို့နေ့မှစ၍ ၄င်းတို့စုံတွဲနှင့် ကျွန်ုပ်သည် ခင်မင်ရင်းနှီးသော မိတ်ဆွေကောင်းများ ဖြစ်လာခဲ့ကြ၏။ ယခုမှပင် နေနဲ့လ ရွှေနဲ့မြ တွဲဖက်ထားသကဲ့သို့ မှန်ကန်သော အိမ်ထောင်ဖက်များ ဖြစ်ကြသည်နှင့်အညီ စိတ်ရောကိုယ်ပါ တစ်သားတည်း ပေါင်းစပ်မိကြပေတော့၏။

ကြည်ဝင်း(ဟသ်ာတ)

ကျမ်းကိုး

(၁) သိပ္ပံလက္ခဏာစွယ်စုံကျမ်း။

(၂) Life, Love and marriage by Cheiro.

www.burmeseclassic.com

www.burmeseclassic.com

အာဇာနည်ဌာနပြန်ရအောင် ဆောင်ရွက်သူ ဘဒီဘရင်

ဆန်းထွန်းနိုင်(မြစ်သား)

လူတွေ အများစုသည် လူတစ်ဦးတစ်ယောက် သေဆုံးက သင်္ဂြိုဟ်ရာ၌ လိုက်ပို့ရာတွင် နာရေး လိုက်ပို့သည်ဟု ပြောဆိုကြသည်။ နာရေး လိုက်ရှုသည်ဟု မမြင်ကြ။ သူသေ ငါပို့၊ ငါသေ သူပို့ဟု ပြောကြသည်။ ပြောကြားသင့်သည်မှာ ငါသေ သူရှု၊ သူသေ ငါရှု ဖြစ်ရမည်ပါလား။ အို၊ နာ၊ သေ အသိတရားတွေ သိပြီး အသိနောက် ဉာဏ်လိုက်ရမှာ ပါလားလို့ တွေးနေစဉ် စာရေးသူ၏ ဗေဒင်ဟောခန်းအတွင်းသို့ ဝင်ခွင့်တောင်းကာ အမျိုးသမီးတစ်ဦး ဝင်လာသည်။

'ဆရာ..ကျွန်မကို ဝင်ခွင့်ပြုပါ'

ပြောပြောဆိုဆို အလုပ်စားပွဲရှေ့ရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

'ဆရာ..ကျွန်မအမည် မသန်းနုပါ။ ငွေချေးတော့ပြီးပြီး တောင်းတော့မုန်း ဖြစ်နေလို့ပါ ဆရာ။ ကျွန်မနဲ့ အိမ်နီးနားချင်းမိတ်ဆွေ မခင်သူက အရောင်းအဝယ်တစ်ခု လုပ်ဖို့ ငွေလိုနေလို့ (၁၀)ရက်အတွင်း ပြန်ပေးမယ်ဆိုပြီး ကတိအကြိမ်ကြိမ်ပေးကာ ငွေသုံးသိန်းကျပ်ကို ချေးတယ် ဆရာ။ ကျွန်မက အိမ်နီးနားချင်းလည်းဖြစ်၊ အားနာတာက တစ်ပိုင်းဆိုတော့ ငွေထုတ်ပေးလိုက်တယ် ဆရာ။ အခုတော့ တစ်လကျော်သွားပေမယ့် ကျွန်မဆီက ယူထားတဲ့ ငွေသုံးသိန်းကျပ် ပြန်မပေးဘူး ဆရာ။ ဟိုနေ့ ပေးပါ့မယ်၊ ဒီနေ့ ပေးပါ့မယ် ပြောပြောပြီး ရက်ရွှေ့နေတယ်။ ဒေါ်ရာအနေနဲ့ ကျွန်မငွေ သုံးသိန်းကျပ် ပြန်ရအောင် ယတြာအစီအရင် ကောင်း လုပ်ပေးပါ ဆရာ'

'မသန်းနု..ဆရာ အခုပြောမယ့် အစီအရင်အတိုင်း လိုက်နာဆောင်ရွက်ရင် မသန်းနု အကြွေးငွေ ပြန်ရမှာ မလွဲပါဘူး။ မသန်းနုအနေနဲ့ တိတိကျကျ လိုက်နာဆောင်ရွက်ပါ။

ငွေယူထားတဲ့သူက မခင်သူဆိုတော့ ကွမ်းရွက်(၁)ရွက်ပေါ်ကို ထန်းရွက်က အကြောနဲ့ မခင်သူ ငါထံမှ ယူထားသည့် ချေးထားသောငွေ သုံးသိန်းကျပ် ယခုအမြန် မဖြစ်မနေပေး၊ ယခုပေးလို့ ရေးပါ'

'ဆရာ..မခင်သူ မွေးနေ့နဲ့ကို ကျွန်မ သိတယ်။ အင်္ဂါသမီးပါ'

'မွေးနေ့နဲ့ မလိုပါဘူး။ ဆရာ့နည်းက လူနာမည်၊ နေ့နဲ့အစ စာလုံးသိရုံနဲ့ ဆောင်ရွက်လို့ ရပါတယ်။ မသန်းနုအိမ်က ဘုရားမှာ သပြေ(၉)ညွှန့်၊ ဇွန်(၉)ညွှန့်၊ ကံကော်(၉)ညွှန့် စုပေါင်းလှူပြီး စာရေးထားတဲ့ ကွမ်းရွက်ကို ဘုရားစင်ပေါ်မှာ၊ ဒါမှမဟုတ် ဘုရားစင်ရှေ့မှာ ချပါ။ ပြီးတော့ ကွမ်းရွက်အပေါ် ပန်းကန်ပြားတင်ပါ။ ဖယောင်းတိုင်(၅)တိုင်ကို ဖယောင်းတိုင်အခြေမှစပြီး ဗုဒ္ဓံ ဓမ္မံ သံဃံ ရေးပါ။ ရေးပြီး (၁)ရက် (၁)တိုင် ပူဇော်ပါ။ ဖယောင်းတိုင်ပူဇော်တိုင်း (၂၄)ပစ္စည်း (၂၄)ခေါက်ပူဇော်ကာ (၂၄)ပစ္စည်း တစ်ခါက်ပြီးတိုင်း မခင်သူ

www.burmeseclassic.com

www.burmeseclassic.com

ငါထံမှ ယူထားသောငွေကြေးသုံးသိန်း အမြန်ပေး၊ မဖြစ်မနေပေး၊ ယခုပေးလို့ ဆုတောင်းပါ။ မခင်သူမှ ငွေကြေးလာပေးနေပုံ မြင်အောင်ကြည့်ပါ။ (၅)ရက်အတွင်း တင်ထားတဲ့ သပြေ၊ ဇွန်၊ ကုံကော်နဲ့ ကွမ်းရွက်ကို လဲစရာမလိုပါ။ ပထမနေ့ လှူထားတဲ့အတိုင်း ထားပြီး ဆောင်ရွက်ပါ။ မကြာခင် ငွေကြေးတွေ ပြန်ပေးပါလိမ့်မယ်။ ခွေးကို ထန်းလျက်ကျွေး၊ ဆန်ကို ကျေးစာ၊ ငှက်စာ ပက်ပါ'

'ဟုတ်ကဲ့ ဆရာ၊ ဆရာပြောတဲ့ အစီအရင်အတိုင်း ကျွန်မ တိတိကျကျ လိုက်နာဆောင်ရွက်ပါ့မယ်။ ကျွန်မကို ပြန်ခွင့်ပြုပါဦး'

ပြောပြောဆိုဆို မသန်းနုသည် ဗေဒင်ဟောခန်းအတွင်းမှ ထွက်ခွာသွားသည်။

(၁၀)ရက်ခန့်အကြာ-

'ဆရာ့ကို လာကန်တော့တာပါ'

ပြောပြောဆိုဆို အမျိုးသမီးတစ်ဦး ဗေဒင်ဟောခန်းအတွင်းသို့ ဝင်လာသည်။

'ဆရာ..ကျွန်မကို မှတ်မိပါတယ်နော်။ ကျွန်မ မသန်းနုပါ'

'မှတ်မိပါတယ်ဗျာ။ လွန်ခဲ့တဲ့ (၁၀)ရက်လောက်က အကြွေးကိစ္စအစီအရင် ပြောပေးလိုက်တာပဲ'

'ကျွန်မ ဆရာပြောတဲ့အတိုင်း စီရင်ဆောင်ရွက်လို့ မခင်သူဆီက ငွေသုံးသိန်းကျော် (၇)ရက်အတွင်း ပြန်ရတယ် ဆရာ။ သူနဲ့ ကျွန်မ မုန်းစရာလည်း မလိုတော့ဘူး ဆရာ။ ဆရာ့အစီအရင်ကြောင့် ငွေတွေ ပြန်ရလို့ အခုလို လာကန်တော့တာပါ။ ဆရာ့အနေနဲ့ တခြားနေနံ့သားသမီးတွေဆီက အကြွေးတွေ ပြန်ရအောင် ဆောင်ရွက်တဲ့နည်းတွေ ကျွန်မကို ရှင်းပြပေးနိုင်ရင် ရှင်းပြပေးပါ ဆရာ။ ကျွန်မဆွေမျိုးအသိုင်းအဝိုင်း မိတ်ဆွေတွေ သူတို့ အကြွေးရစရာရှိတဲ့ ငွေကြေးကိစ္စတွေ တွေ့ကြုံလာရင် ကူညီနိုင်အောင်လို့ပါ ဆရာ။ ဆရာ့ကျေးဇူး မမေ့ပါဘူး'

'ရပါတယ် မသန်းနု၊ ကျွန်တော့်ဆီမှာ အကြွေးတောင်းဖို့ နေနံ့အလိုက် အစီအရင်စာရွက်လုပ်ထားတာရှိတယ်။ ယူသွားပေတော့ဗျာ။ မရှင်းရင် လာမေးပါ'

ပြောပြောဆိုဆို အစီအရင်စာရွက်ကို မသန်းနုထံသို့ ပေးလိုက်သည်။

'ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်မကို ပြန်ခွင့်ပြုပါဦး ဆရာ'

ရေ	နေနံ့(နာမည်အစစာလုံး)	အသုံးပြုရန်အရွက်	ရေးရန်
[illegible]နွေ	အ	အုန်းရွက်	သံမှိ
[illegible]သာ	က၊ ခ၊ ဂ၊ ဃ၊ င	ကွမ်းရွက်	ထန်းကြော၊ ထနောင်းသား
[illegible]	စ၊ ဆ၊ ဇ၊ ဈ၊ ည	ညောင်ရွက်	အုန်းရွက်မှ အကြော
[illegible]းနု	လ၊ ဝ၊ ရ	ရွက်လှရွက်	ကျွန်းသား၊ ကုံကော်သား၊ ကုက္ကိုသား
[illegible]ပတေး	ပ၊ ဖ၊ ဗ၊ ဘ၊ မ	ပေါက်ရွက်	ဆီးသား၊ ညောင်သား
[illegible]ကြာ	သ၊ ဟ	သီဟိုဠ်ရွက် (သို့မဟုတ်) သံပြား	ဝါး၊ သံမှိနဲ့ရေး
[illegible]	တ၊ ထ၊ ဒ၊ ဓ၊ န	ထန်းရွက်	ပေါက်သား၊ အော့ပင်

ဆန်းထွန်းနိုင်(မြစ်သား)

www.burmeseclassic.com

www.burmeseclassic.com

[၂၀၁၅]ခုနှစ်၊ နက္ခတ်ဗေဒင်ဟောစာတမ်း

နက္ခတ်တာရာများက ဖော်ပြနေတဲ့ သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

❤ ❤ ❤ ဆရာကံထူး(ဝေဒသုတေသီ) ★ ★ ★

နက္ခတ်တာရာများနှင့် ယှဉ်တွဲမွေးဖွားလာကြတဲ့ လူသားတို့ပင် ဦးထိပ်ရွက်တင်ကာ သယ်ဆောင်လာခဲ့ကြသဖြင့် လူဘဝအား ခြယ်လှယ်ခွင့်ရနေကြတဲ့ ကောင်း၊ဆိုးနှစ်တန် ကုသိုလ်၊ အကုသိုလ်လောကဓံကို အနီးစပ်ဆုံးမှန်ကန်အောင် တွက်ထုတ်ပေးနိုင်သော ပညာ ကား ဗေဒင်ပညာပင်ဖြစ်ပါသည်။ အတိတ်ကံကောက်ကြောင်းပန်းချီကို ဤသို့ဤဤပုံဟု သိမြင် မထားဘဲ ပစ္စုပ္ပန်ကို အလှဆင်လျှင် ကြည်လင်လှပ၊ နက်ရှိုင်းတဲ့ ဘဝပန်းချီ ဖြစ်မလာနိုင်သည့် အပြင် မလှစီးပွား၊ ရေနစ်ဆားသို့ ပျက်ပြားသွားရတတ်ပါသည်။ သင့်ကြိုးစားမှုက နွားချိုကို နို့ညှစ်မိသကဲ့သို့ ခုတ်ရာတခြား ရှရာတခြား အလွဲလွဲအမှားများ ဖြစ်နေတတ်ပါသည်။ ဆရာ ချစ်တဲ့ ဂန္ဓီရပရိသတ်များ ထိုသို့ဖြစ်မသွားစေလိုပါ။ ထို့ကြောင့် ဘဝနှင့်ဆန္ဒ ထပ်တူကျနိုင် စေဖို့ရာ အတွေးသစ်များ လင်းလက်လာစေရေးအတွက် နက္ခတ်ဗေဒင်ဖြင့် ကူညီဖေးမ လမ်း ပြပေးလိုက်ပါသည်။

မသိသူတွေ ကျော်သွားပြီး သိသူတွေ ဖော်စားကြမည့် ဤကဏ္ဍာပါ ဇယားများကို ကမ္ဘာ့မဒီရီယံမျဉ်းဖြတ်တဲ့ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ အရှေ့လောင်ဂျီတွဒ်(၉၇° ၃၂')၊ မြောက်လတ္တီတွဒ်(၁၆° ၂၁')ကို အခြေခံကာ လ,အလိုက် နေထွက်,နေဝင်ချိန်များဖြင့် တွက် ထုတ်ထားပါသည်။ မိမိ မွေးလ၊ မွေးရက် ပါရှိရာ ဇယားကွက်၌ မွေးချိန်ကို ရှာကြည့်ရုံဖြင့် ဘေးတွင်ယှဉ်တွဲပြထားသော ရာသီလင်္ဂကို အလွယ်တကူသိနိုင်ပေသည်။ ဂန္ဓီရချစ်သူများအနေ ဖြင့် မိမိရာသီလင်္ဂကို အတိအကျသိထားလိုပါက ဖုန်း-၀၉၄၀၁၅၃၄၉၉ သို့ ဆက်သွယ်ပါ။ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပြီး မိနစ်(၂၀)အတွင်းမှာ ပြန်လည်ဖြေကြားပေးပါမည်။ ရာသီလင်္ဂ သိရုံသက်သက်ဆိုပါက ဇာတာဖွဲ့ခ ပိုက်ဆံလုံးဝပေးစရာမလိုပါ။ အသင့်ဖွဲ့ပြီးဇာတာ ရှိနေပါက ထိုဇာတာပါ လင်္ဂအတိုင်းပင် ဟောကွက်တွင် ဖတ်ရှုနိုင်ပါသည်။

ဧနုဝါရီလ (၁၄)ရက်မှ ဖေဖော်ဝါရီလ (၁၂)ရက်အထိ

မွေးချိန်	လင်္ဂ
၆း၄၀ - ၈း၄၀	မကာရ
၈း၄၀ - ၁၀း၄၀	ကုမ်
၁၀း၄၀ - ၁၂း၄၀	မိန်
၁၂း၄၀ - ၁၄း၄၀	မိသ
၁၄း၄၀ - ၁၆း၄၀	ဗြိသ
၁၆း၄၀ - ၁၈း၄၀	မေထုန်
၁၈း၄၀ - ၂၀း၄၀	ကရကဋ်
၂၀း၄၀ - ၂၂း၄၀	သိဟ်
၂၂း၄၀ - ၂၄း၄၀	ကန်
၂၄း၄၀ - ၂း၄၀	တူ
၂း၄၀ - ၄း၄၀	ဗြိစ္ဆာ
၄း၄၀ - ၆း၄၀	ဓနု

ဖေဖော်ဝါရီလ (၁၃)ရက်မှ မတ်လ (၁၃)ရက်အထိ

မွေးချိန်	လင်္ဂ
၆း၄၀ - ၈း၄၀	မကာရ
၈း၄၀ - ၁၀း၄၀	ကုမ်
၁၀း၄၀ - ၁၂း၄၀	မိန်
၁၂း၄၀ - ၁၄း၄၀	မိသ
၁၄း၄၀ - ၁၆း၄၀	ဗြိသ
၁၆း၄၀ - ၁၈း၄၀	မေထုန်
၁၈း၄၀ - ၂၀း၄၀	ကရကဋ်
၂၀း၄၀ - ၂၂း၄၀	သိဟ်
၂၂း၄၀ - ၂၄း၄၀	ကန်
၂၄း၄၀ - ၂း၄၀	တူ
၂း၄၀ - ၄း၄၀	ဗြိစ္ဆာ
၄း၄၀ - ၆း၄၀	ဓနု

မတ်လ (၁၄)ရက်မှ ဧပြီလ (၁၂)ရက်အထိ

မွေးချိန်	လင်္ဂ
၆း၁၀ - ၈း၁၀	မိန်
၈း၁၀ - ၁၀း၁၀	မိသ
၁၀း၁၀ - ၁၂း၁၀	ဗြိသ
၁၂း၁၀ - ၁၄း၁၀	မေထုန်
၁၄း၁၀ - ၁၆း၁၀	ကရကဋ်
၁၆း၁၀ - ၁၈း၁၀	သိဟ်
၁၈း၁၀ - ၂၀း၁၀	ကန်
၂၀း၁၀ - ၂၂း၁၀	တူ
၂၂း၁၀ - ၂၄း၁၀	ဗြိစ္ဆာ
၂၄း၁၀ - ၂း၁၀	ဓနု
၂း၁၀ - ၄း၁၀	မကာရ
၄း၁၀ - ၆း၁၀	ကုမ်

ဧပြီလ (၁၃)ရက်မှ မေလ (၁၃)ရက်အထိ

မွေးချိန်	လင်္ဂ
၀၅း၄၅ - ၀၇း၄၅	မိသ
၀၇း၄၅ - ၀၉း၄၅	ဗြိသ
၀၉း၄၅ - ၁၁း၄၅	မေထုန်
၁၁း၄၅ - ၁၃း၄၅	ကရကဋ်
၁၃း၄၅ - ၁၅း၄၅	သိဟ်
၁၅း၄၅ - ၁၇း၄၅	ကန်
၁၇း၄၅ - ၁၉း၄၅	တူ
၁၉း၄၅ - ၂၁း၄၅	ဗြိစ္ဆာ
၂၁း၄၅ - ၂၃း၄၅	ဓနု
၂၃း၄၅ - ၀၁း၄၅	မကာရ
၀၁း၄၅ - ၀၃း၄၅	ကုမ်
၀၃း၄၅ - ၀၅း၄၅	မိန်

www.burmeseclassic.com

www.burmeseclassic.com

ဆေး (၁၄)ရက်မှ
ကုန်း (၁၄)ရက်အထိမွေး

မွေးဖွားနှစ်	လက်
[illegible] - ၇း၂၅	ပြီးသ
[illegible] - ၉း၂၅	မထုန်
[illegible] - ၁၁း၂၅	ကရကဋ်
[illegible] - ၁၃း၂၅	သိဟ်
[illegible] - ၁၅း၂၅	ကန်
[illegible] - ၁၇း၂၅	တူ
[illegible] - ၁၉း၂၅	ဗြိဿာ
[illegible] - ၂၁း၂၅	ဓနု
[illegible] - ၂၃း၂၅	မကာရ
[illegible] - ၂၅း၂၅	ကုမ်
[illegible] - ၁း၂၅	မိန်
[illegible] - ၃း၂၅	မိသ

ဂွနိ်လ (၁၅)ရက်မှ
ဂူလိုင်လ (၁၅)ရက်အထိမွေး

မွေးဖွားနှစ်	လက်
၅း၂၀ - ၇း၂၀	မထုန်
၇း၂၀ - ၉း၂၀	ကရကဋ်
၉း၂၀ - ၁၁း၂၀	သိဟ်
၁၁း၂၀ - ၁၃း၂၀	ကန်
၁၃း၂၀ - ၁၅း၂၀	တူ
၁၅း၂၀ - ၁၇း၂၀	ဗြိဿာ
၁၇း၂၀ - ၁၉း၂၀	ဓနု
၁၉း၂၀ - ၂၁း၂၀	မကာရ
၂၁း၂၀ - ၂၃း၂၀	ကုမ်
၂၃း၂၀ - ၂၅း၂၀	မိန်
၂၅း၂၀ - ၁း၂၀	မိသ
၁း၂၀ - ၃း၂၀	ပြီသ

ဂူလိုင် (၁၆)ရက်မှ
ဩဂုတ်လ (၁၆)ရက်အထိမွေး

မွေးဖွားနှစ်	လက်
၅း၁၀ - ၇း၁၀	ကရကဋ်
၇း၁၀ - ၉း၁၀	သိဟ်
၉း၁၀ - ၁၁း၁၀	ကန်
၁၁း၁၀ - ၁၃း၁၀	တူ
၁၃း၁၀ - ၁၅း၁၀	ဗြိဿာ
၁၅း၁၀ - ၁၇း၁၀	ဓနု
၁၇း၁၀ - ၁၉း၁၀	မကာရ
၁၉း၁၀ - ၂၁း၁၀	ကုမ်
၂၁း၁၀ - ၂၃း၁၀	မိန်
၂၃း၁၀ - ၂၅း၁၀	မိသ
၂၅း၁၀ - ၁း၁၀	ပြီသ
၁း၁၀ - ၃း၁၀	မထုန်
၃း၁၀ - ၅း၁၀	ကရကဋ်

ဩဂုတ်လ (၁၇)ရက်မှ
စက်တင်ဘာလ (၁၆)ရက်အထိမွေး

မွေးဖွားနှစ်	လက်
၅း၄၀ - ၇း၄၀	သိဟ်
၇း၄၀ - ၉း၄၀	ကန်
၉း၄၀ - ၁၁း၄၀	တူ
၁၁း၄၀ - ၁၃း၄၀	ဗြိဿာ
၁၃း၄၀ - ၁၅း၄၀	ဓနု
၁၅း၄၀ - ၁၇း၄၀	မကာရ
၁၇း၄၀ - ၁၉း၄၀	ကုမ်
၁၉း၄၀ - ၂၁း၄၀	မိန်
၂၁း၄၀ - ၂၃း၄၀	မိသ
၂၃း၄၀ - ၁း၄၀	ပြီသ
၁း၄၀ - ၃း၄၀	မထုန်
၃း၄၀ - ၅း၄၀	ကရကဋ်

စက်တင်ဘာလ (၁၇)ရက်မှ
အောက်တိုဘာလ (၁၆)ရက်အထိမွေး

မွေးဖွားနှစ်	လက်
[illegible] - ၇း၅၀	ကန်
[illegible] - ၉း၅၀	တူ
[illegible] - ၁၁း၅၀	ဗြိဿာ
[illegible] - ၁၃း၅၀	ဓနု
[illegible] - ၁၅း၅၀	မကာရ
[illegible] - ၁၇း၅၀	ကုမ်
[illegible] - ၁၉း၅၀	မိန်
[illegible] - ၂၁း၅၀	မိသ
[illegible] - ၂၃း၅၀	ပြီသ
[illegible] - ၁း၅၀	မထုန်
[illegible] - ၃း၅၀	ကရကဋ်
[illegible] - ၅း၅၀	သိဟ်

အောက်တိုဘာလ (၁၇)ရက်မှ
နိုဝင်ဘာလ (၁၆)ရက်အထိမွေး

မွေးဖွားနှစ်	လက်
၅း၅၅ - ၇း၅၅	တူ
၇း၅၅ - ၉း၅၅	ဗြိဿာ
၉း၅၅ - ၁၁း၅၅	ဓနု
၁၁း၅၅ - ၁၃း၅၅	မကာရ
၁၃း၅၅ - ၁၅း၅၅	ကုမ်
၁၅း၅၅ - ၁၇း၅၅	မိန်
၁၇း၅၅ - ၁၉း၅၅	မိသ
၁၉း၅၅ - ၂၁း၅၅	ပြီသ
၂၁း၅၅ - ၂၃း၅၅	မထုန်
၂၃း၅၅ - ၂၅း၅၅	ကရကဋ်
၂၅း၅၅ - ၁း၅၅	သိဟ်
၁း၅၅ - ၃း၅၅	ကန်

နိုဝင်ဘာလ (၁၆)ရက်မှ
ဒီဇင်ဘာလ (၁၅)ရက်အထိမွေး

မွေးဖွားနှစ်	လက်
၆း၅၅ - ၈း၅၅	ဗြိဿာ
၈း၅၅ - ၁၀း၅၅	ဓနု
၁၀း၅၅ - ၁၂း၅၅	မကာရ
၁၂း၅၅ - ၁၄း၅၅	ကုမ်
၁၄း၅၅ - ၁၆း၅၅	မိန်
၁၆း၅၅ - ၁၈း၅၅	မိသ
၁၈း၅၅ - ၂၀း၅၅	ပြီသ
၂၀း၅၅ - ၂၂း၅၅	မထုန်
၂၂း၅၅ - ၂၄း၅၅	ကရကဋ်
၂၄း၅၅ - ၂း၅၅	သိဟ်
၂း၅၅ - ၄း၅၅	ကန်
၄း၅၅ - ၆း၅၅	တူ

ဒီဇင်ဘာလ (၁၆)ရက်မှ
ဇန်နဝါရီလ (၁၃)ရက်အထိမွေး

မွေးဖွားနှစ်	လက်
၆း၅၅ - ၈း၅၅	ဓနု
၈း၅၅ - ၁၀း၅၅	မကာရ
၁၀း၅၅ - ၁၂း၅၅	ကုမ်
၁၂း၅၅ - ၁၄း၅၅	မိန်
၁၄း၅၅ - ၁၆း၅၅	မိသ
၁၆း၅၅ - ၁၈း၅၅	ပြီသ
၁၈း၅၅ - ၂၀း၅၅	မထုန်
၂၀း၅၅ - ၂၂း၅၅	ကရကဋ်
၂၂း၅၅ - ၂၄း၅၅	သိဟ်
၂၄း၅၅ - ၂း၅၅	ကန်
၂း၅၅ - ၄း၅၅	တူ
၄း၅၅ - ၆း၅၅	ဗြိဿာ

(၂၀၁၅)ခုနှစ်၊ မေလအတွက် နက္ခတ်ဗေဒင်ဟောစာတမ်း

သိုးသက် (Aries)

လျှို့ဝှက်အပ်ရာ ကိုယ်အင်္ဂါ၌ အပူနာ ပေါက်ပြီး ဖျားချင်နာချင် ဖြစ်နေတတ်၏။ အပူအစပ်စာ လျှောစားပြီး ရေများများ သောက်ပေးပါ။ အလုပ်အကိုင်အချို့ ပြတ်နေတတ်၏။ ဂုဏ်သိက္ခာပိုင်းနှင့်ပတ်သက်ပြီး စိတ် ပူသောင်နေရတတ်၏။ မိသားစုတွင် အဖေ၊ အလုပ်တွင် အကြီးအကဲကြောင့် စိတ်သောက ခံစားရတတ်၏။ စိတ် ဓာတ်ပြင်းထန်မှုကို အတတ်နိုင်ဆုံး လျှော့ချထားပါမှ တော်ကာကျမည်။ အများနှင့်စပ်တဲ့ စုဖွဲ့ကိစ္စကြောင့် စကားများ ရတတ်၏။ လူငယ်များ အကြောင်နာသံယောဇဉ်ကိစ္စကြောင့် ခိုက်ရန်ဒေါသ ဖြစ်ရတတ်၏။ အချစ်ရေးဖန်တီးသူများ ချစ်ရသော်လည်း မချို့မြဲဘဲ နောင်တပူပင်မှုနှင့် ရင်ဆိုင်နေရတတ်၏။ မျက်လှည့်ဆရာများ၊ လိမ်လည်လှည့်ဖျားသူများ ခဏတာ အဆင်ပြေနေတတ်၏။ ဥပဒေနှင့်မကင်းသော လုပ်ငန်းရှင်များ အတိုက်အခံများကြောင့် လျှို့ဝှက်ချက်

www.burmeseclassic.com

ပေါက်ကြားပြီး ဒုက္ခများနေမည်။ စားသောက်ဆိုင်များ၊ အိုးအိမ်ခြံမြေ ရောင်းဝယ်သူများ ဝင်ငွေကောင်းနေမည်။ မည်သူမဆို (၈၊ ၉)ရက်နှင့် (၂၅၊ ၂၆၊ ၂၇)ရက်များကို ဆောင်ပြီး (၅၊ ၆၊ ၇)ရက်နှင့် (၁၄၊ ၁၅)ရက်များကို ရှောင်ပါလေ။

ယတြာ - ဒီပက်ရာမြတ်စွာဘုရားအား ရည်ရွယ်၍ ပေါင်မုန့်ထောပတ်သုပ်ဆွမ်း ကပ်လှူပူဇော်ပါ။ အန္တရာယ်ကင်း ဘေးရှင်းပြီး လိုအင်ဆန္ဒ ပြည့်ဝလာလိမ့်မည်။

ပြဿဒၶာ (Taurus)

ယခင်ထက် အလှအပ ပိုမက်နေတတ်၏။ သည်လတွင် စတင်ချစ်ခွင့်ပန်သူများဆိုပါက တတိယပတ်လောက်က စပြီး ထင်ထားသလို ဖြစ်မလာဘဲ မျှော်လင့်ချက် ကင်းမဲ့နေရတတ်၏။ အိမ်ထောင်ရှင်များ သူတစ်ပါး သားမယား၊ သားလင်အပေါ် တပ်မက်နှစ်သက်စိတ် လွန်ကဲနေတတ်၏။ စိတ်အလိုလိုက်မိပါက ဒုက္ခအကြီး အကျယ် ရောက်တတ်၍ ကိုယ်ကျင့်တရားကို အမြဲင့်ဆုံး ဆောက်တည်ထားပါ။ ရွှေပန်းထိမ်၊ စားဖိုမှူး၊ စားသောက်ဆိုင် စတဲ့ မီးနှင့် ဆက်စပ်လုပ်ကိုင်ရသူများအားလုံး အပူလောင်ခြင်း၊ အချွန်အတက် လက်နက်တစ်ခုခု စူးရှခြင်း၊ ဓာတ်လိုက်ခြင်း စတဲ့ ဥပဒ်တစ်ခုခု ကျရောက်တတ်၏။ သတိ၊ ဝီရိယနှင့် လုပ်သင့်တဲ့ကာလပါ။ ပညာရေးဆိုင်ရာ လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၊ ထောက်ကူပစ္စည်း ရောင်းဝယ်သူများ လာဘ်လာဘ ဝင်ငွေကောင်းနေမည်။ ရွှေ၊ ငွေ၊ ရတနာ ဝတ်လိုသူများ ဝယ်ဖြစ်သွားမည်။ ရွှေဆိုင်၊ ရွှေကုန်သည်များ ရောင်းရေးဝယ်တာ ကောင်းနေမည်။ စာပေအနုပညာရပ်ဝန်းမှ စီးပွားရေးသမားများ၊ အလှကုန်နှင့် သစ်မာဆိုင်ရာ လုပ်ငန်းရှင်များ မျှော်မှန်းထားသည့် အတိုင်း အောင်မြင်ပြီးမြောက်မည်။ စစ်သည်တော်များ၊ ရဲသားများ၊ တိုက်ခိုက်ရေးသမား၊ အားကစားသမားများ ထိခိုက်ဒဏ်ရာ အနာတရဖြစ်တတ်၏။ (၁၊ ၂၊ ၁၀၊ ၁၁) ရက်များနှင့် (၁၈၊ ၁၉)ရက်များကို ဆောင်ပါလေ။

ယတြာ - မီးနှင့်ဖုတ်ကင်ရတဲ့ အစားအစာတစ်ခုခုကို အိမ်စောင့်နတ်အား ရည်ရွယ်၍ သင့်တော်ရာ၌တင်ကာ ပူဇော်ပ,သလိုက်ပါ။ ဖြစ်စရာရှိတဲ့ ဥပဒ်အန္တရာယ်မှလွတ်ပြီး ရစရာရှိသည်များ ရလိမ့်မည်။

မေထုန်လက် (Gemini)

လေထိုး၊ လေအောင့်၊ ဗျားနာ တစ်ခုခု ကြောင့် ဆေးရုံ၊ ဆေးခန်း ရောက်ရတတ်၏။ ချစ်ခင်စုံမက် နှစ်သက်သူများနှင့် ဝေးကွာသွားရတတ်၏။ ပညာသင် (သို့မဟုတ်) အတတ်ပညာ တစ်ခုခုဖြင့် နိုင်ငံခြားသွားခွင့် အားတင်းထားသူများ သွားဖြစ်မည်။ ကျပန်းလုပ်ရန် သွားမည့်သူများ နိုင်ငံခြား မထွက်ဖြစ်ပါ။ လက္ခန်ခါနီးပါးက ကျန်းမာရေး ကသိကအောက် ဖြစ်လာတတ်၏။ ဝက်သား စားခြင်းမှ ရှောင်ကြဉ်ပါလေ။ အိုးရဝန်ထမ်းများ အတိုက် အခံ၊ အနှောင့်အယှက် များနေမည်။ (၂၃၊ ၂၄၊ ၂၅)ရက်များတွင် အမှတ်မထင် ငွေဝင်တတ်၏။ ဝင်လာခဲ့ပါက စိတ်ကြည်လင်တဲ့ အလှူလေးတစ်ခု ပြုဖြစ်အောင် ပြုလိုက်ပါ။ ပေးလှူလိုက်ရသည်ဟု သင် ထင်နေသော်လည်း တကယ်တော့ ရယူလိုက်ခြင်းပင်ဖြစ်ကြောင်း မကြာခင် သဘောပေါက်လာလိမ့်မည်။ ထီး၊ ဖိနပ်၊ အထည်အလိပ် ဆိုင်ရာ ကုမ္ပဏီ၊ လုပ်ငန်း၊ အရောင်းဆိုင်များတွင် လုပ်ကိုင်နေတဲ့ ဝန်ထမ်းများ အထူးသတိထားရမည်။ သတ်လွတ်ပါက မနာလိုသူကြောင့် အချုပ်အနှောင်ခံရကိန်းရှိသူများအတွက်ဆို ကူညီပေးနိုင်ခဲ့သော်လည်း ကိုယ်ကို ကိုယ်တာအတွက်မူ အခက်တွေ့နေတတ်၏။ (၃၊ ၄၊ ၁၂၊ ၁၃)ရက်များကို အရေးကြီးကိစ္စများအတွက် အသုံးချပါလေ။ တာဝန်ယူရမည့် လုပ်ငန်းသစ်များဆိုပါက (၅၊ ၆၊ ၇)ရက်များကို ရှောင်ပါလေ။

ယတြာ - ရဟန်းသံဃာ (သို့မဟုတ်) မိမိထက်ကြီးသူတို့အား ရွှေရင်အေး တတ်နိုင်သလောက် လှူပါ။ အရာရာ အဆင်တပြေ ဖြစ်သွားပေလိမ့်မည်။

ကရကဋ်လက် (Cancer)

အိမ်ထောင်ရှင်များ သံယောဇဉ်ကြောင့် အိမ်ထောင်ရေး ထိခိုက်နိုင်ခြေ ထိန်းထိန်းသိမ်းသိမ်း နေသင့်တဲ့ကာလပါ။ ပညာသင်လူငယ်များ အကာအကွယ်ထင်ပြီး ချစ်ချင်စိတ်ကြောင့် ပညာရေး နောက်ကျဆုတ်သွားတတ်၏။ အချစ်ရှာသူများ အဆိပ်တစ်ခွက်ထက် ဟူးရည်တစ်စက်လို ထင်မှတ်နေတတ်၏။ ယင်းအတွက်ကြောင့် မှတ်ဉာဏ်များ ယုတ်လျော့နည်းပါးလာခြင်း ကိုယ်

www.burmeseclassic.com

www.burmeseclassic.com

ဆည်းကမ်း ပျက်စီးသွားတတ်ပါသည်။ ဖခင်စကားကို နားထောင်ပါက အလုပ်အကိုင် မတိုးတက်ဘဲ ရှိတတ်၏။ ကြီးသူကို ရိုသေခြင်းရှိသူများ မျှော်လင့်မထားတဲ့ ရာထူးဌာနရသို့ ရောက်သွားမည်။ ကိုယ်ပိုင်လုပ်ငန်းရှင်ဆိုပါက ဆည်း အထူးအောင်မြင်သွားမည်။ ပြည့်တန်ဆာလုပ်ငန်းနှင့် ဆက်နွယ်သူများ၊ ကေတီဗွီ၊ ကာရာအိုကေ၊ နိုက်ကလပ်စတဲ့ အမှောင်လောကမှ စီးပွားရေးသမားများ (၂၀)ရက်အကျော်လျှင် သတိထားပါ။ တစ်ခုမဟုတ်တစ်ခု ပြဿနာတက်လာလိမ့်မည်။ ကောက်ပဲသီးနှံ စိုက်ပျိုးထုတ်လုပ်ဆောင်းဝယ်သူများ ဘဝနှင့်ဆန္ဒ ထပ်တူကျပြီး ပျော်ရွှင်ရလိမ့်မည်။ မည်သူမဆို (၂၀၊ ၂၁၊ ၂၂)ရက်များကို ရှောင်ပါလေ။ ဆောင်ရမှာကတော့ (၅၊ ၆၊ ၇)ရက်များနှင့် (၁၄၊ ၁၅)ရက်များပါ။

ယတြာ - သစ်သီးဆွမ်း(၃)မျိုး ကပ်လှူပါ။ လိုအင်ဆန္ဒ ပြည့်ဝပါလိမ့်မည်။

သိဟ်လဂ် (Leo)

ကြံကြံဖန်ဖန် ဂုဏ်သိက္ခာတိုးတက်တဲ့ ကာလပါ။ မိမိဝန်းကျင်တွင် အမြင့်ဆုံးအနေအထား ရောက်နေတတ်၏။ ကရဏာ၊ မေတ္တာထားလေ အောင်မြင်တိုးတက်လေပါ။ ဆေးဝါးဓာတုနှင့် အိမ်တွင်းမှု လုပ်ငန်းရှင်များ အထွတ်အထိပ်ရောက်မည်။ စကားဖြင့် စစ်ထိုးရသူများ၊ တိုက်ခိုက်ရေး အားကစားသမားများ၊ စစ်ဘက်ဆိုင်ရာများ ဂုဏ်သိက္ခာရှိရှိနှင့် စည်းစိမ်ဥစ္စာ တိုးမည်။ အကြံအစည် အောင်မြင်မည်။ အိုးအိမ်တိုက်တာအဆောက်အအုံနှင့် ပတ်သက်သူများ အတွေးသစ်များပိုပြီး လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ စာပေအနုပညာရပ်ဝန်းနှင့် သက်ဆိုင်သူများ ကြိုးစားသမျှ အောင်မြင်မည်။ (၁၂၊ ၁၃)ရက်ဝန်းကျင်တွင် လျှို့ဝှက်အတတ်ပညာတစ်ခု သင်ယူရတတ်၏။ ရဟန်းသံဃာတော်များ၊ ဘာသာရေးဝန်ထမ်းများ စိတ်မတည်မငြိမ် ဖြစ်နေတတ်၏။ အမှတ်မထင် နဂို အနေအထား ပျက်ယွင်းသွားတတ်ပါသည်။ (၂၅၊ ၂၆၊ ၂၇) (၃)ရက်အတွင်း သင့်ရည်ရွယ်ချက်တစ်ခု အထမြောက်သွားလိမ့်မည်။ လက္ခန်ခါနီးတွင် ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်းများနှင့် အလုပ်ကိစ္စကြောင့် စကားအချေအတင် ပြောရတတ်၏။

ယတြာ - ကျွန်းမာရေးညံ့နေသူ လူနာတစ်ဦးဦးအားနွားနို့ တစ်နေ့စာ လုံလောက်အောင် လှူဒါန်းပေးလိုက်ပါ။ တစ်ပတ်အတွင်း အခက်အခဲများ လွန်မြောက်သွားလိမ့်မည်။

ကန်လဂ် (Virgo)

အသရေဖျက် အရှက်တကွဲ ကြုံရတတ်၏။ လဆန်းနှင့် လကုန်ရက်များတွင် နှလုံးတုန်လောက်အောင် စိတ်ရှုပ်ထွေးရလိမ့်မည်။ အကြံအစည်များ ယခုလတွင် အကောင်အထည်မဖော်သင့်ပါ။ ကျွန်းမာရေး အနည်းငယ် ညံ့တတ်၏။ မလုပ်ချင်မကိုင်ချင် ဖြစ်နေတတ်၏။ နေဖြစ်ဖြစ်၊ ညဖြစ်ဖြစ် အလုပ်စတင်စဉ် ဆီမီးတိုင်ထွန်းထားပါ။ ပေးသော်လည်း မယူချင်တဲ့ ချစ်သူမျိုးနှင့် တွေ့ရတတ်ပါသည်။ သစ်သီးပွဲရုံနှင့် ရောင်းဝယ်သူများ နာမည်ကောင်းရပြီး လကုန်ခါနီးတွင် အကြီးအကျယ်ရောင်းရမည်။ ဆံပင်နှင့် မိတ်ကပ်အလှပြင်ဆိုင်များ ဝင်ငွေတိုးမည်။ ဆေးစာမှုး၌ အဖုအကျိတ် ထွက်တတ်၏။ ရေခဲရေ လျှော့သောက်ပါ။ အာသီးရောင်ရမ်းတတ်ပါသည်။ အတတ်ပညာသင်လိုလျက် ငွေကြေးမလုံလောက်၍ စိတ်ဓာတ်ကျနေတတ်၏။ အိပ်ရာထတဲ့အခါ ဝါသနာပါရာ အားကစားတစ်ခုခုကို လေ့ကျင့်ခန်းလုပ်ပြီး ခေါင်းလျှော်၊ ရေချိုးလိုက်ပါ။ လိုအပ်သောအကြံအစည် ပေါ်လာလိမ့်မည်။ (၁၈၊ ၁၉)ရက်နှင့် (၂၈၊ ၂၉)ရက်များကို ဆောင်ပါ။

ယတြာ - မေမြို့ပန်းနှင့် ရွက်လှပန်းကို ရောပြီး ဘုရားပန်းအိုးထိုးပါ။ တစ်မျိုးကြီးပဲလို့ တွေးရင်း၊ တွေးရင်း အခြေအနေ တစ်မျိုးပြောင်းလဲသွားလိမ့်မည်။

တူလဂ် (Libra)

အကြောသေ၊ လေဖြတ်၊ ဇက်ကြောတက်၊ ဦးနှောက်အမြွေးပါးရောင်ရမ်းခြင်း စေဒနာများ တစ်ခုမဟုတ်တစ်ခု ဖြစ်လာတတ်၏။ သတိထားပါ။ ဖြစ်လာလျှင် အိမ်နှင့် အတော်အတန်ဝေးတဲ့ ဘုရားတစ်ဆူတွင် မိမိမွေးနံ့ဂြိုဟ်တိုင်ရဲ့ ရှေ့နောက်ဂြိုဟ်(၂)တိုင်၌ ဆီမီး(၉)တိုင်၊ ထီး(၉)လက်(အနီ) လှူပေးပါ။ အများနှင့်စပ်တူလုပ်ငန်းတစ်ခုခု လုပ်ဖြစ်လိမ့်မည်။ အောင်မြင်မည်။ သို့သော် အပူသောက မကင်းနိုင်ပါ။ အကြွေးတင်နေတတ်၏။ သို့မဟုတ် ကိုယ်ရစရာရှိတဲ့အကြွေး မရနိုင်သေးပါ။

www.burmeseclassic.com

(၂၆၊ ၂၇) (၂)ရက်တွင် တောင်းပါက အသင့်အတင့် ပြန်ရမည်။ သစ်လုပ်ငန်းရှင်များ၊ သဘင်,ဂီတပညာရှင်များ အရင်းအနှီး မတိုးမြှင့်သင့်ပါ။ အချစ်ရေးတွင် crazy ဖြစ်နေပါက သင့်မှတ်ဉာဏ်များကို အချစ်က ဖောက်စားသွားသကဲ့သို့ တမြည့်မြည့် ဆုတ်ယုတ်သွားမည်။ ဖခင်၊ ဖခင်နှင့်တူသောသူကို ကပ်ထားမှ လာဘ်လာဘရမည်။ အလုပ်အကိုင်နှင့် ပတ်သက်လာလျှင် အနောင့်အယှက်မကင်းတဲ့ ကာလပါပဲ။ ရှေ့နေရှေ့ရပ်များ၊ ပွဲစားများ ဒါ နောက်ဆုံးပဲဆိုတဲ့ စကားကို ကြားရတတ်၏။ သို့မဟုတ် ကိုယ်တိုင် ပြောဆိုရလိမ့်မည်။ (၁၆၊ ၁၇)ရက်များကိုဆောင်၍ (၂၈၊ ၂၉)ရက်များကို ရှောင်ပါ။ ထိုရက်များတွင် ပျက်စီးဆုံးရှုံးခြင်းသာ ကြုံမည်။

ယတြာ - မသိဘူးဆိုတဲ့ စကားလုံးကို မိမိအမြဲကိုင်ဆောင်ရာ တစ်ခုခုၟ ရေးမှတ်ထားလိုက်ပါ။ သင့်အား တစ်နည်းတစ်ဖုံ ကူညီပါလိမ့်မည်။

ပြိဿလာ် (Scorpio)

အတိုက်အခံကြားတွင် ခိုက်ရန်များနေတတ်၏။ စေ့းသည်ဆိုပါက စကားများများ မပြောသင့်ပါ။ ဦးခေါင်းတွင် သွေးထွက်သံယို ဖြစ်တတ်၏။ ဆန်၊ ဆီ၊ ဆား ရောင်းဝယ်သူများ အရှုံးပေါ်မည်။ အမြင့်တက် အမှည့်စားရန်နိုး ထင်မှတ်သူများ အလုပ်အကိုင်ပမာဏ မြင့်မားသော်လည်း ခံစားခွင့်က နည်းနေမည်။ သို့သော် သင့်အတွက် အခက်အခဲကို ကူညီနိုင်သူ တစ်ဦးဦးတော့ ရှိနေလိမ့်မည်။ စိတ်ပြင်းထန်မှုကို လျှော့နိုင်လေ ကောင်းလေပါ။ ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက် ဆိုသကဲ့သို့ ခက်ခဲလျှင် အလွန်ခက်ခဲသွားတတ်ပြီး အောင်မြင်ပါကလည်း အလွန်အောင်မြင်တဲ့ ကာလပါ။ တတိယပတ်ကစပြီး လာဘ်လာဘဝင်ငွေ ကောင်းလာလိမ့်မည်။ အိမ်ထောင်ရှင်များ မလျှော့မတင်း စောင်းကြိုးညှင်းသို့ ညှိနိုင်ပါမှ ဟန်ကျမည်။ သို့မဟုတ်ပါက တင်းလွန်းလျှင် ပြတ်တတ်ပါတယ်။ ချစ်သူရှိသူများ မှားယွင်းဖို့ ကြိုးစားနေတတ်၏။ အလွမ်းဇာတ်မသိမ်းချင်ပါက ကိုယ့်စည်း သူ့စည်း ထိန်းနိုင်အောင် ထိန်းပါလေ။ ပညာသင်လူငယ်များ ဂုဏ်သိက္ခာရှိရှိနှင့် အဆင်တပြေ ရှိမည်။ စာမေးပွဲဖြေထားသူများ အောင်မြင်မည်။ နေ့ကောင်းနေ့မြတ်အဖြစ် (၅၊ ၆၊ ၇)ရက်များနှင့် (၂၃၊ ၂၄)ရက်များကို ယုံကြည်ပါလေ။

ယတြာ - စာသင်သားကိုင် စာအုပ်တစ်အုပ် လှူပါ။ သို့မဟုတ် စာအုပ်စာပေ ဓမ္မဒါနလုပ်ပေးပါ။ အခက်အခဲမှ လွန်မြောက်သွားလိမ့်မည်။

ဓနုလာ် (Sagittarius)

မှန်းတိုင်းပေါက် လှမ်းတိုင်းရောက်၍ ဂုဏ်သိက္ခာ၊ စည်းစိမ်ဥစ္စာများ တိုးပွားနေမည်။ တစ်ဖက်တွင် ရပ်တန့်ခြင်း၊ ဆုံးရှုံးနစ်နာခြင်းများလည်း ကြုံတွေ့ရတတ်၏။ အကြီးအကဲများ မ,စခြင်းခံရမည်။ အိုးအိမ်နေရာထိုင်ခင်း အခက်အခဲ တွေ့နေသူများ အဆင်ပြေသွားမည်။ နေ့ဘက်တွင် တာဝန်ထမ်းဆောင်ရသူများ အလွန်အဆင်ပြေသော်လည်း ညဘက်တွင် တာဝန်ထမ်းဆောင်ရသူများ အလိမ်အညာပေါ်၍ ပြဿနာတက်တတ်၏။ ရွေ့လုပ်ငန်းရှင်များ တစ်ခုမဟုတ်တစ်ခု အခက်အခဲ တွေ့ရမည်။ ရေကို ရွေ့ဖြစ်အောင် လုပ်နေသူများ အတိုက်အခံကြားမှ ရုန်းမထွက်နိုင်ပါ။ ကျဆင်းလာနေတဲ့ ဖွဲ့၊ လုံ့လကို မကျဆင်းရအောင် အသိဖြင့် ထိန်းပေးပါ။ အဆင်းတွင် ဘီးတပ်ပေးသကဲ့သို့ မိမိစိတ်ကို အမှောင်သို့ တွန်းပို့မိသူများ မှားပြီးရင်း မှားတတ်၍ အထူးသတိထားပါလေ။ နိုင်ငံရပ်ခြား ရောက်နေသူများဆိုပါက နောင်တပူပင်မှုများနှင့် ရင်ဆိုင်နေရမည်။

ယတြာ

ဝိန္ဓသီးကို ဘုရားဆွမ်းကပ်ပါ။ သို့မဟုတ် ဗုဒ္ဓေါ ဂုဏ်တော်ကို ပုတီးသက်စေ့စိပ်ပေးပါ။ အများကို သိမြင်၍ အမှန်သို့ရောက်ကာ လိုအင်ဆန္ဒ ပြည့်ဝသွားလိမ့်မည်။

မကာရလာ် (Capricon)

ရပဲရပါ့မလား၊ ဖြစ်ပဲဖြစ်ပါ့မလားဆိုတဲ့ စိုးရိမ်တွေးများကြောင့် အဆင်ပြေမှုတွေ့၊ လာဘ်လာဘနှင့် ဝင်ငွေတွေ သိသိသာသာ တိုးပွားနေမည်။ ကိုယ်ကျင့်တရား၊ ကိုယ်ပိုင်စည်းကမ်းများ ကောင်းမွန်လေလေ ဝင်ငွေ ကောင်းလေလေပါ။ ကျန်းမာရေးအနည်းငယ်ညံ့တတ်၏။ စီးပွားရေးမဟုတ်တဲ့ ကိုယ်ရေးကိုယ်တာ ရည်ရွယ်ချက်များ ကသိကအောက် ဖြစ်နေတတ်ပါသည်။ ယခုလတွင် ကြီးကဲသူထက် ငယ်ရွယ်သူကို အဓိကပေါင်းသင်းပြီး လုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com

ကိုင်တာများ အကောင်အထည်ဖော်သင့်ပါသည်။ ချစ်သူ စုံတွဲများ လက်မတွဲနိုင်ဘဲ မိုင်နေရတတ်၏။ အိမ်ထောင်ရှင်များ ဘဝသာယာပြီး ပထမပတ်ထဲမှာ အိမ်ထောင်ဖက်ထဲမှ လက်ဆောင်ကောင်းတစ်ခု ရတတ်ပါတယ်။ အတပ် ပြောင်းနိုင်တဲ့ ရည်မှန်းချက်တစ်ခု အောင်မြင်ပြီး ပျော်ရွှင်ရလိမ့်မည်။ စာအုပ်စာပေ၊ ရွှေနေ့၊ ပွဲစား အလွန်ဝင်ငွေကောင်းမည်။ သတိထားရမှာက ဂုဏ်သိက္ခာပိုင်းပါ။ မိမိ ဂုဏ်သိက္ခာကို မထိန်းနိုင်ပါက အမှောင်ကျသွားတတ်၏။ ပြဿဒါးပြောပြော၊ ရက်ရာဇာပြောပြော (၁၊ ၂)ရက်နှင့် (၂၈၊ ၂၉)ရက်များကို ရှောင်လိုက်ပါ။

ယတြာ - ရေသန့်ဘူး၊ ဖျော်ရည်ဘူး စတဲ့ ဘူးခွံ၊ အိတ်ခွံများကို ရောင်း၊ ထုတ်၊ စွန့်ပစ်လိုက်ပါ။ အတိုက် အခံများ ကျော်လွှားနိုင်ပြီး ဆုံးရှုံးနေသည်များ ပြန်ရလာလိမ့်မည်။

ကုမ္ဘလဂ် (Aquarius)

အိမ်ထောင်ဖက်အတွက် စိတ်အားထက်သန်စွာ လုပ်ကိုင်ပေးနေရတဲ့ ကာလပါ။ အကျိုးတူပူးပေါင်းလုပ်ဆောင်ရတဲ့ လုပ်ငန်းဟူသမျှတွင် စိတ်တက်ကြွနေမည်။ ဆေးဝါးဓာတုနှင့် ဓာတ်သတ္တုဆိုင်ရာ လုပ်ငန်းရှင်များ၊ စားသောက်ဆိုင်နှင့် စားသောက်ကုန်လုပ်ငန်းရှင်များ မီးစား (သို့မဟုတ်) ပေါက်ကွဲတတ်တဲ့အန္တရာယ် သတိထားပါ။ ဖြစ်လာခဲ့ပါက ရုပ်တန်ဆုံးရှုံးခြင်းများ ကြုံတွေ့ရမည်။ အမွေးနုံသာနှင့် အလှပြင်၊ အလှဆင် လုပ်ငန်းများအားလုံး (အိမ်အလှဆင် စသည်) ဝင်ငွေကောင်းလွန်းလို့ ချစ်သူပါ တစ်ပါတည်း ရသွားမည့် ကာလပါ။ သတိထားရမှာက သူများလက်ထဲမှာ ငွေမစုပါနှင့်။ တစ်ခုမဟုတ်တစ်ခု ပြဿနာတက်လာတတ်ပါတယ်။ အချို့ရှာ သကာတွေ့တဲ့ ကာလမှာ သတိထားရမှာက စတင်မည့် လုပ်ငန်းပါ။ အသစ်စတင်မည့် လုပ်ငန်းအတွက် ရတက်မအေး ဖြစ်နေရတတ်ပါသည်။ ခက်ခဲမှုလည်း အမှန်တကယ် ရှိနေမည်။ သို့သော် ကြာသပတေး၊ သောကြာ သားသမီးတို့ရဲ့ အကူအညီကြောင့် ပြေလည်သွားလိမ့်မည်။ ငွေတိုး၊ ငွေချေး စတဲ့ ငွေကြေးခြင့် တိုက်ရိုက်လုပ်ဆောင်ရသော လုပ်ငန်းရှင်များ အောင်မြင်မည်။ (၁၈၊ ၁၉)ရက်နှင့် (၂၈၊ ၂၉)ရက်များကိုဆောင်၊ (၂၈၊ ၂၁၊ ၂၂) (၃)ရက်ကို ရှောင်ပါလေ။

ယတြာ

ချည်ကြိုးကို နှစ်ပင်း၊ ဆီတို့ဖြင့် သုတ်လိမ်းပြီး လက်မောင်း၊ လက်ကောက်ဝတ် တစ်ခုခုတွင် ဝတ်ဆင်ထားလိုက်ပါ။ အနောင့်အယှက်များ ကင်းဝေးသွားပေလိမ့်မည်။

မိန်လဂ် (Pisces)

မမျှော်လင့်ဘဲ ဂုဏ်သိက္ခာ တိုးတက်မြင့်မားခြင်း၊ စည်းစိမ်ဥစ္စာ တိုးပွားခြင်းများ ကြုံတွေ့ရတတ်၏။ ဘာသာရေး ဆိုင်ရာ အသုံးအဆောင်ပစ္စည်း ရောင်းဝယ်သူများ၊ ဘာသာရေးစာပေ ထုတ်ဝေ၊ဖြန့်ချိ၊ရေးသားသူများ၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများ အဆင့်အတန်း မြင့်မားသွားမည်။ သတိထားရမှာက ဖက်စပ်လုပ်ငန်းပါ။ အမှားအယွင်း ကြုံရတတ်ပါတယ်။ မိမိရဲ့ ခွဲ၊ လုံ့လ၊ ဝီရိယများ ရုပ်တန့်သွားချင်လောက်အောင် အတိုက်အခံ၊ အနောင့်အယှက်များ ကြုံတွေ့ရတတ်၏။ အမှန်အတိုင်း ဖြေရှင်းမှသက်သာခွင့်ရမည်။ မေတ္တာဝါဒီ၊ ခန္တီဝါဒီ လုပ်နေပါက အပုပ်ချစရာမလိုဘဲ ပုပ်ပွပြီးသား ဖြစ်သွားတတ်၏။ အကြီးအကဲတို့အား ပြင်းထန်စွာ တုံ့ပြန်ပြောဆိုခြင်းမှ ရှောင်ပါလေ။ နိုင်ငံခြားခရီး ရည်ရွယ်နေသူများ အဆင်မချောနိုင်သေးပါ။ သစ်လုပ်ငန်းရှင်များ၊ သံနှင့် ကုန်မာရောင်းဝယ်သူများ ယခင် ဆုံးရှုံးထားသည်များကို အားခဲနေရမည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်နှင့်ခွဲပြီး တစ်ယောက်တည်း ခရီးဝေးသွားခြင်းမှ ရှောင်ပါ။ မရှောင်လျှင် နောင်ပြင်နိုင်ခက်သည့်အမျိုးဆိုတဲ့ အိမ်ထောင်ရေးကို ဂယက်ရိုက်တတ်၏။ အမှတ်မထင် ချစ်ချင်နေသူများ ချစ်ဖြစ်သွားမည်။ (၁၄၊ ၁၅)ရက်နှင့် (၂၃၊ ၂၄)ရက်များကိုဆောင်၊ (၁၂၊ ၁၃)ရက်များကို ရှောင်ပါလေ။

ယတြာ

ဩဇာသီး(၉)လုံးကို တနင်္ဂနွေနေ့ဖွား ဘုရားလေးဆူအား ရည်ရွယ်ပြီး ကပ်လှူပါ။ စွန့်ယူတဲ့အခါ မိမိမစားပါနှင့်။ ဆွမ်းခံကိုယ်တော်အား လောင်းလှူလိုက်ပါ။ အနောင့်အယှက်များ ယူပစ်သလို ကင်းစင်သွားပါလိမ့်မည်။

ရွှင်လန်းချမ်းမြေ့ကြပါစေ

ဆရာကံထူး(ဝေဒသုဇောဘီ)

www.burmeseclassic.com

www.burmeseclassic.com

မင်းမဟော်ညွန့်

နက္ခတ်ဗေဒာဇာ ကျက်မြတ်ကောင်း

(၂၀၁၂)ခုနှစ်၊ မေလအတွက် လူနက္ခတ်ခန့်မှန်းချက်

မိဿရာသီ၌ ဘုဂ္ဂိုဟ် ရှိနေသဖြင့် ဆန်စပါးပေါများ၍ ဝမ်းပြောစည်ပင်တတ်၏။ သန္တာကျောက်နီ ရွှားပါးတတ်၏။ မင်းအစိုးရတို့ အမျက်ဒေါသ ထွက်တတ်၏။ ထိုမိဿရာသီတွင် ဘနေဟ်ဂြိုဟ် ကြီး၊ ဆီး၊ နှမ်း ရွှားပါးတတ်၏။ ပြိဿရာသီတွင် ဂုဟူးဂြိုဟ် ရှိချိန်တွင် ကြောက်လန့်ဖွယ်ဘေး ဖြစ်ထတ်သည်။ ဇရာဇင်္ဂရာသီ၌ ၅ဟေးဂြိုဟ် ရှိနေချိန်တွင် မိုးခေါင်၍ စစ်မက်ဖြစ်ပွားတတ်သည်။ ဗြိစ္ဆာတွင် စနေဂြိုဟ်ရှိသဖြင့် သတ္တဝါတို့ ဝင်ပန်းဆင်းရဲတတ်၏။

၁-၅-၂၀၁၂ (သောကြာနေ့)
(၁၃၇၄)ခုနှစ်၊ ကဆုန်လဆန်း (၁၄)ရက်

ဘဝအဆင့်အတန်း တိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ ရှင်ပြု,နားသနှင့် လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်,ဆံသ ပြုလုပ်ရန်၊ လက်ဝတ်ရတနာ ရောင်းဝယ်,ဝတ်ဆင်ရန်၊ ဗျူတီပါလာလုပ်ငန်း ဆောင်ရွက်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း,ပြည်ပခရီးသွားရန်၊ မိတ်ဆုံစည့်ခံပွဲ ကျင်းပရန်၊ မိတ်ဆုံစည့်ခံပွဲလုပ်ရန်၊ စားသောက်ဆိုင်ဖွင့်ရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ မေတ္တာရေးရာ စကားပြောရန်၊ ထီကံစမ်းရန်အတွက် ကောင်းသည်။ ယံနေ့မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းဇော်၊ မသူဇာ ဆွေ...ဟု ပေးနိုင်ပါသည်။ ဤနေ့အတွက် ယတြာအဆောင်မှာ ဒါန်းညွှန်ဖြစ်ပြီး အရှေ့အရပ်တွင် လာဘ်ပွင့်၍ အနောက်အရပ်မှာ နတ်နေသဖြင့် ရှောင်ရမည်။

၃-၅-၂၀၁၂ (တနင်္ဂနွေနေ့)
(၁၃၇၄)ခုနှစ်၊ ကဆုန်လဆုတ် (၁)ရက်

ဥစ္စာပစ္စည်း ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ အနုပညာလုပ်ငန်း စတင်ရန်၊ လယ်ယာမြေ ထွန်ယက်ရန်၊ ဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်၊ ဆေးဖော်,ဆေးခန်းဖွင့်ခြင်း ငွေကြေးကိစ္စ ဆောင်ရွက်ရန်၊ လုပ်ငန်းသစ် စတင်ခြင်း ရတနာရောင်းဝယ်,ဝတ်ဆင်ရန်၊ အဝတ်သစ်ဝတ်ရန်၊ ဗျူဇာလုပ်ငန်း စတင်ရန်၊ စာပေလုပ်ငန်း စတင်ရန်၊ အချစ်ကိစ္စ အစပျိုးရန်၊ ဆိုင်သစ်ဖွင့်ရန်၊ အဝတ်အထည် ရက်ကြရန်၊ ဆေးစပ်,လက်ထပ်ပွဲ ကျင်းပရန်၊ ရှင်ပြု,နားသ ပညာစသင်ရန်၊ မြေသန့်မင်္ဂလာလုပ်ရန်၊ အိမ်သစ်တက် ကင်ပွန်းတပ်ရန်၊ ယာဉ်ကား ရောင်းဝယ်ရန်ကိုအတွ ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ မရဏာ ဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤက ကို နာမည်ပေးလိုပါက မောင်အောင်ခိုင်၊ မအေးချမ်း ပေးနိုင်ပါသည်။ ဤနေ့အတွက် ယတြာအဆောင် ညွှန်ဖြစ်ပြီး အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ အနော

www.burmeseclassic.com

www.burmeseclassic.com

အရပ်တွင် နတ်နေသဖြင့် ရှောင်ရမည်။

[illegible]-၂၀၁၅ (အင်္ဂါနေ့)

[illegible]၇)ခုနှစ်၊ ကဆုန်လဆုတ် (၃)ရက်

ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ၊ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရှာဖွေရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ လယ်ယာသီးနှံများ ဆွတ်ခူးရိတ်သိမ်းရန် စာအုပ်စာပေ ရေးသားရန်၊ ဂီတအနုပညာဆိုင်ရာ ဆို၊အက၊သရုပ်ဆောင်ခြင်းများ စတင်ရန်၊ အားကစားပွဲများ ပြုလုပ်ရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ စပါးရိတ်သိမ်း၍ ကျီသွင်းရန်၊ အဝတ်အစားသစ် ဝတ်ဆင်ရန်၊ စေ့စပ်၊လက်ထပ်၊ရှင်ပြုရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ကုမ္ပဏီထူထောင်ရန် စတင်ရန်၊ အလုပ်သစ်လျှောက်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဆွေလှိုင်ဝင်း၊ မစန်းဝေလွင်..ဟု ပေးနိုင်ပါသည်။ ဤနေ့အတွက် ယတြာအဆောင်မှာ ရွှေကျောက်လှပန်းဖြစ်ပြီး အရှေ့တောင်အရပ်တွင် လာဘ်ပွင့်၍ အနောက်မြောက်အရပ်တွင် နတ်နေသဖြင့် ရှောင်ရမည်။

[illegible]-၅-၂၀၁၅ (ဗုဒ္ဓဟူးနေ့)

[illegible]၇)ခုနှစ်၊ ကဆုန်လဆုတ် (၄)ရက်

ချမ်းသာကြွယ်ဝသောယုဂ် ရရှိသဖြင့် ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ ပညာစသင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ရဟန်းခံရှင်ပြုရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်၊ ဆံသပြုလုပ်ရန်၊ မိတ်ဆုံပါတီ ဧည့်ခံပွဲ ကျင်းပရန်၊ လုပ်ငန်းသစ် စတင်ရန်၊ အချစ်ရေးစကားပြောရန်၊ စာအုပ်စာပေဖြန့်ချိရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ စေ့စပ်၊လက်ထပ်ပွဲ ကျင်းပရန်၊ ဆေးခန်းနှင့် ဆေးဝါးဖော်စပ်ရန်၊ အဆောက်အအုံ ဆောက်လုပ်ရန်၊ အိမ်သစ်တက်ရန်၊ ဆိုင်သစ်ဖွင့်ရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ခြင်းတို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ရွှေလှိုင်ဝင်း၊ မဝါဝါလင်း..ဟု ပေးနိုင်ပါသည်။ ဤနေ့အတွက် ယတြာအဆောင်မှာ ဝိတောက်ညွှန့်ဖြစ်ပြီး တောင်အရပ်တွင် လာဘ်ပွင့်၍ မြောက်အရပ်တွင် နတ်နေသဖြင့် ရှောင်ရမည်။

စ-၅-၂၀၁၅ (သောကြာနေ့)

(၁၃၇၇)ခုနှစ်၊ ကဆုန်လဆုတ် (၆)ရက်

အဆောက်အအုံ တည်ရသောယုဂ် ရရှိသဖြင့် ယနေ့ လယ်ယာသီးနှံစပါး ရိတ်သိမ်းရန်၊ စပါးကျီသွင်းရန်၊ ပျိုးကြိုး၍ ကောက်စိုက်ရန်၊ အားကစားပြိုင်ပွဲ ကျင်းပရန်၊ ထိကံစမ်းရန်၊ ပညာစသင်ရန်၊ စာပေနှင့်စာနယ်ဇင်းလုပ်ငန်း ဆောင်ရွက်ရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ ဆေးခန်းဖွင့်၍ ဆေးသစ်ဖော်စပ်ရန်၊ စေ့စပ်၊လက်ထပ်ပွဲ ကျင်းပရန်၊ ရတနာပစ္စည်း ရောင်းဝယ်ရန်၊ သီလဆောက်တည်၍ သမထဘာဝနာတရား ပွားများရန်၊ အဓိဋ္ဌာန်ဝင်ရန်၊ ပွဲတော်ထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်သွားထက်၊ မသိမ့်သိမ့်နွေး..ဟု ပေးနိုင်ပါသည်။ ဤနေ့အတွက် ယတြာအဆောင်မှာ ဒါန်းညွှန့်ဖြစ်ပြီး အရှေ့အရပ်တွင် လာဘ်ပွင့်၍ အနောက်အရပ်တွင် နတ်နေသဖြင့် ရှောင်သင့်သည်။

၉-၅-၂၀၁၅ (စနေနေ့)

(၁၃၇၇)ခုနှစ်၊ ကဆုန်လဆုတ် (၇)ရက်



မိတ်ဆွေသင်္ဘော ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ဆည်မြောင်း၊တာတမံ ဆောက်လုပ်ရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ စပါးရိတ်သိမ်းရန်၊ ကုန်ပစ္စည်း ဝယ်ယူသိုလှောင်ရန်၊ ရဟန်းခံ၊ရှင်ပြုရန် စေ့စပ်၊လက်ထပ်ရန်၊ နာမည်ပေးကင်ပွန်းတပ်ရန်၊ ပျိုးနုတ်ကောက်စိုက်ရန်၊ ဥယျာဉ်၊လယ်ယာလုပ်ငန်း ဆောင်ရွက်ရန်၊ ဆိုင်းဘုတ်တင်၍ ဆိုင်သစ်ဖွင့်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်တင်ထွန်းလှိုင်၊ မနှင်းဦးလှိုင်..

www.burmeseclassic.com

www.burmeseclassic.com

ဟု ပေးနိုင်ပါသည်။ ဤနေ့အတွက် ယတြာအဆောင်မှာ အုန်းညွှန့်ဖြစ်ပြီး အနောက်တောင်အရပ်တွင် လာဘ်ဝင်စေ၍ အရှေ့မြောက်အရပ်တွင် နတ်နေသဖြင့် ရှောင်သင့်သည်။

၁၁-၅-၂၀၁၅ (တနလ်ာနေ့)

(၁၃၇၇)ခုနှစ်၊ ကဆုန်လဆုတ် (၉)ရက်

အလိုဆန္ဒပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရား,စေတီ ထီးတော်တင်ရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ ပန္နက်တင်,ကျင်းတူးရန်၊ အုတ်မြစ်စိုး,တိုင်ထူရန်၊ အိမ်သစ်တက်ရန်၊ ဆေးပစ်,လက်ထပ်,ရှင်ပြုပွဲ ကျင်းပရန်၊ ပညာစသင်ရန်၊ အဝတ်အထည် ရက်လုပ်ရန်၊ ယာဉ်,မော်တော်ကား ရောင်းဝယ်ရန်၊ ဥယျာဉ်ခြံလုပ်ငန်း စတင်ရန်၊ ဆေးခန်းဖွင့်ရန်၊ ဆေးဝါးဖော်စပ်ရန်၊ လုပ်ငန်းသစ် စတင်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၇း၃၀)နာရီမှ (၉း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကောင်းစံညွှန့်၊ မကောခိုင်ဇင်..ဟု ပေးနိုင်သည်။ ဤနေ့အတွက် ယတြာအဆောင်မှာ စံပယ်ညွှန့်ဖြစ်ပြီး အနောက်အရပ်တွင် လာဘ်ဝင်စေ၍ အရှေ့အရပ်တွင် နတ်နေသဖြင့် ရှောင်သင့်သည်။

၁၄-၅-၂၀၁၅ (ကြာသပတေးနေ့)

(၁၃၇၇)ခုနှစ်၊ ကဆုန်လဆုတ် (၁၂)ရက်

မင်းချီးမြှောက်ခံရသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရား,စေတီ ထီးတော်တင်ရန်၊ အနေကဇာတင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်၍ ဆိုင်သစ်ဖွင့်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ရတနာရောင်းဝယ်,ဝတ်ဆင်ရန်၊ အဆောက်အအုံအတွက် အုတ်မြစ်ချ,အုတ်စိုရန်၊ ကျောက်သွေးလောင်းရန်၊ အိမ်တိုင်ထူရန်၊ အိမ်သစ်တက်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ ပန်း(၁၀)မျိုးဆိုင်ရာ အလုပ်များ လုပ်ကိုင်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ဘင်္ဂီဖွား ဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ (၃း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မိုးဟိန်းကျော်၊ မဖြူကျော့ခိုင်..ဟု ပေးနိုင်သည်။ ဤနေ့အတွက် ယတြာအဆောင်မှာ သီးညွှန့်ဖြစ်ပြီး တောင်အရပ်တွင် လာဘ်ပွင့်စေ၍ မြောက်အရပ်တွင် နတ်နေသဖြင့် ရှောင်သင့်သည်။

၁၆-၅-၂၀၁၅ (စနေနေ့)

(၁၃၇၇)ခုနှစ်၊ ကဆုန်လဆုတ် (၁၄)ရက်

ချမ်းသာကြွယ်ဝသောယုဂ် ရရှိသဖြင့် ယနေ့ စာပေ,ဂီတ,အနုပညာများ လုပ်ကိုင်ရန်၊ လယ်ယာမြေ ထွန်ယက်ရန်၊ ဆိုင်သစ်ဖွင့်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ အလှပြင်ဆိုင်ဖွင့်ရန်၊ သိပ္ပံ,ဝိဇ္ဇာ ပညာရပ်များ သင်ယူရန်၊ ငွေကြေးကိစ္စ ဆောင်ရွက်ရန်၊ စပါးရိတ်သိမ်းရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ ခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်တင်ထွန်းဝင်း၊ မနွေးနွေးလှိုင်..ဟု ပေးနိုင်သည်။ ဤနေ့အတွက် ယတြာအဆောင်မှာ အုန်းညွှန့်ဖြစ်ပြီး အနောက်တောင်အရပ်တွင် လာဘ်ဝင်၍ အရှေ့မြောက်အရပ်တွင် နတ်နေသဖြင့် ရှောင်သင့်သည်။

၁၈-၅-၂၀၁၅ (တနလ်ာနေ့)

(၁၃၇၇)ခုနှစ်၊ နယုန်လဆန်း (၁)ရက်

အဆောက်အအုံ တည်ထားသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ,ဓာတ်ငွေ့နှင့် ဓာတ်သတ္တုရှာဖွေရန်၊ ရေတွင်း,ရေကန်,အဝီစိတွင်း တူးဖော်ရန်၊ အားကစားဆိုင်ရာအလုပ် ဆောင်ရွက်ရန်၊ ဂီတ အနုပညာလုပ်ငန်း လုပ်ကိုင်ရန်၊ ထိကံစမ်းရန်၊ စပါးနှင့် ကောက်ပဲသီးနှံ ရိတ်သိမ်းရန်၊ ကုန်ရောင်းဝယ်ရန်၊ စာပေလုပ်ငန်း ဆောင်ရွက်ရန်၊ ပညာစသင်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၇း၃၀)နာရီမှ (၉း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်ကောင်းစံ၊ မကျော့ခိုင်သဇင်..ဟု ပေးနိုင်သည်။ ဤနေ့အတွက် ယတြာအဆောင်မှာ စံပယ်ညွှန့်ဖြစ်ပြီး အနောက်အရပ်တွင် လာဘ်ဝင်စေ၍ အရှေ့အရပ်တွင် နတ်နေသဖြင့် ရှောင်သင့်သည်။

၁၉-၅-၂၀၁၅ (အင်္ဂါနေ့)

(၁၃၇၇)ခုနှစ်၊ နယုန်လဆန်း (၂)ရက်

မိတ်ဆွေသင်္ကာ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့

www.burmeseclassic.com

www.burmeseclassic.com

ပျိုးကြဲ၍ ကောက်စိုက်ရန်၊ ဥယျာဉ်ခြံမြေ လုပ်ငန်း စတင်ရန်၊ စေ့စပ်,လက်ထပ်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ နာမည်ကင်ပွန်းတပ်ရန်၊ လုပ်ငန်းသစ်စတင်ရန်၊ အလုပ်သစ်လျှောက်ရန်၊ ကျောက်မျက်ရတနာ ရောင်းဝယ်,ဝတ်ဆင်ရန်၊ အဝတ်သစ် ဝတ်ဆင်ရန်၊ ကုန်ပစ္စည်း ဝယ်ယူသိုလှောင်ရန်၊ အဝတ်အထည် ရက်လုပ်ရန်၊ လေကြောင်းခရီး သွားလာရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဆန်းဝင်းလှိုင်၊ မစန်းစန်းဝင်း..ဟု ပေးနိုင်သည်။ ဤနေ့အတွက် ယတြာအဆောင်မှာ ရွက်လှပန်းဖြစ်ပြီး အရှေ့တောင်အရပ်တွင် လာဘ်ပွင့်၍ အနောက်မြောက်အရပ်တွင် နတ်နေသဖြင့် ရှောင်ရမည်။

၂၀-၅-၂၀၁၅ (ဗုဒ္ဓဟူးနေ့)

(၁၃၇၇)ခုနှစ်၊ နယုန်လဆန်း (၃)ရက်

ဘဝအဆင့်အတန်း တိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ စေ့စပ်,လက်ထပ် မင်္ဂလာပွဲနှင့် အလှူပွဲ ကျင်းပရန်၊ နာမည်ပေးကင်ပွန်းတပ်ရန်၊ အနုပညာလုပ်ငန်း ဆောင်ရွက်ရန်၊ ထွန်ယက်စိုက်ပျိုးရန်၊ ဆိုင်းဘုတ်တင်၍ ဆိုင်သစ်ဖွင့်ရန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်း ထုတ်လုပ်ရန်၊ ပညာစသင်ရန်၊ လုပ်ငန်းသစ် စတင်ရန်၊ ငွေကြေးကိစ္စ ဆောင်ရွက်ရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ လယ်ယာ,ဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝင်းလှိုင်၊ မဝါဝါထင်လင်း..ဟု ပေးနိုင်ပါသည်။ ဤနေ့အတွက် ယတြာအဆောင်မှာ ပိတောက်ညွှန့်ဖြစ်ပြီး တောင်အရပ်တွင် လာဘ်ပွင့်၍ မြောက်အရပ်တွင် နတ်နေသဖြင့် ရှောင်ရမည်။

၂၂-၅-၂၀၁၅ (သောကြာနေ့)

(၁၃၇၇)ခုနှစ်၊ နယုန်လဆန်း (၅)ရက်

အလိုဆန္ဒပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံ

ရိတ်,ဆံသရုပ်ရန်၊ အလှပြင်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ ထိကဲ့စမ်းရန်၊ တိရစ္ဆာန်ရောင်းဝယ်ရန်၊ အနုပညာလုပ်ငန်း စတင်ရန်၊ ဆေးဝါး,အလှကုန်ပစ္စည်း ထုတ်လုပ်ရန်၊ ထွန်ချ,မျိုးစေ့စိုက်ပျိုးရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်သွားထက်နိုင်၊ မသက်သက်ထွန်း..ဟူ၍ ပေးနိုင်သည်။ ဤနေ့အတွက် ယတြာအဆောင်မှာ ဒါန်းညွှန့်ဖြစ်ပြီး အရှေ့အရပ်တွင် လာဘ်ဝင်၍ အနောက်အရပ်၌ နတ်နေသဖြင့် ရှောင်သင့်သည်။

၂၃-၅-၂၀၁၅ (စနေနေ့)

(၁၃၇၇)ခုနှစ်၊ နယုန်လဆန်း (၆)ရက်

ကြီးပွားတိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံ,ရှင်ပြုရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ ဗျူတီပါလာဆိုင်ဖွင့်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်,ဝတ်ဆင်ရန်၊ အဆောက်အအုံအုတ်မြစ်ချ,အုတ်စီ,ကျောက်သွေးလောင်းရန်၊ တိုင်ထူ,လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အထက်သို့ လွှတ်တင်ရသော လုပ်ငန်းများ ဆောင်ရွက်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ မုခ်ဦး,ပြာသာဒ် ဆောက်လုပ်ရန်၊ အသီးဆွတ်ခူးရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်တင်ဌေးလှိုင်၊ မနန်းဦးလှိုင်..ဟု ပေးနိုင်ပါသည်။ ဤနေ့အတွက် ယတြာအဆောင်မှာ အုန်းညွှန့်ဖြစ်ပြီး အနောက်တောင်အရပ်တွင် လာဘ်ဝင်စေ၍ အရှေ့မြောက်အရပ်တွင် နတ်နေသဖြင့် ရှောင်သင့်သည်။

၂၇-၅-၂၀၁၅ (ဗုဒ္ဓဟူးနေ့)

(၁၃၇၇)ခုနှစ်၊ နယုန်လဆန်း (၁၀)ရက်

အဆောက်အအုံတည်ရသောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံ,ရှင်ပြုရန်၊ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေတွင်း,ရေကန်,အိုးစိုတွင်း တူးဖော်ရန်၊ စာပေကျမ်းဂန်

www.burmeseclassic.com

www.burmeseclassic.com

ရေးသားပြုစုရန်၊ သစ်ပင်စိုက်ရန်၊ အလုပ်သစ်လျှောက်ရန်၊ ပျိုးနုတ်,ကောက်စိုက်ရန်၊ စပါးကျီသွင်းရန်၊ အားကစားပြိုင်ပွဲ စတင်ရန်၊ ထိုက်စမ်းရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ ဆိုင်းဘုတ်တင်၍ ဆိုင်သစ်ဖွင့်ရန်၊ ခရီးသွားရန်၊ စေ့စပ်,လက်ထပ်ရန်၊ ကင်ပွန်းတပ်မင်္ဂလာများလည်း ကျင်းပနိုင်သည်။ ယနေ့မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်လင်းလက်လှိုင်၊ မဝါဝါထင်လင်း..ဟု ပေးနိုင်ပါသည်။ ဤနေ့အတွက် ယတြာအဆောင်မှာ ဝိတောက်ညွှန့်ဖြစ်ပြီး တောင်အရပ်တွင် လာဘ်ပွင့်၍ မြောက်အရပ်တွင် နတ်နေသဖြင့် ရှောင်ရမည်။

၂၈-၅-၂၀၁၅ (ကြာသပတေးနေ့)

(၁၃၇၇)ခုနှစ်၊ နယုန်လဆန်း (၁၁)ရက်

မိတ်ဆွေသင်္ဘော ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ အားကစားပြိုင်ပွဲ ကျင်းပရန်၊ စေ့စပ်,လက်ထပ်ရန်၊ ရှင်ပြု,နားသ,ကင်ပွန်းတပ်,ပဉ္စင်းခံရန်၊ လုပ်ငန်းသစ် စတင်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်,ဝတ်ဆင်ရန်၊ အဝတ်သစ်ဝတ်ရန်၊ စပါးရိတ်သိမ်းရန်၊ ဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်၊ ဆိုင်သစ်ဖွင့်ရန်၊ သစ်ပင်စိုက်ပျိုးရန်၊ အနုပညာလုပ်ငန်း စတင်ရန်၊ လယ်ယာမြေ ထွန်ယက်ရန်၊ ပညာစသင်ရန်၊ ဆေးခန်းဖွင့်၍ ဆေးဝါးသစ်ဖော်ရန်၊ ဆိုင်သစ်ဖွင့်၍ ကုန်ရောင်းကုန်ဝယ် ပြုလုပ်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မင်းဟိန်းကျော်၊ မမြတ်ကျော့ခိုင်..ဟု ပေးနိုင်သည်။ ဤနေ့အတွက် ယတြာအဆောင်မှာ သီးညွှန့်ဖြစ်ပြီး တောင်အရပ်တွင် လာဘ်ဝင်စေ၍ မြောက်အရပ်တွင် နတ်နေသဖြင့် ရှောင်သင့်သည်။

၂၉-၅-၂၀၁၅ (သောကြာနေ့)

(၁၃၇၇)ခုနှစ်၊ နယုန်လဆန်း (၁၂)ရက်

ဘဝအဆင့်အတန်း တိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ ရှင်ပြု,နားသရန်၊ လက်ထပ်ပွဲ ကျင်းပရန်၊ ဆံရိတ်,ဆံသရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အလှပြင်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံပွဲ,ပါတီပွဲ,ဧည့်ခံပွဲ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ မေတ္တာရေးရာစကားပြောရန်၊ ပညာသင်ရန်၊ ဆေးခန်းဖွင့်ရန်၊ ငွေကြေးလုပ်ငန်း စတင်ရန်၊ အဝတ်အထည် ရက်လုပ်ရန်၊ အလုပ်သစ်လျှောက်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ပုတီဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်သွားထက်နိုင်၊ မသိမ့်သိမ့်နွေး..ဟု ပေးနိုင်ပါသည်။ ဤနေ့အတွက် ယတြာအဆောင်မှာ ဒန်းညွှန့်ဖြစ်ပြီး အရှေ့အရပ်တွင် လာဘ်ပွင့်၍ အနောက်အရပ်တွင် နတ်နေသဖြင့် ရှောင်သင့်သည်။

၃၁-၅-၂၀၁၅ (တနင်္ဂနွေနေ့)

(၁၃၇၇)ခုနှစ်၊ နယုန်လဆန်း (၁၄)ရက်

မိတ်ဆွေသင်္ဘော ပေါများသောယုဂ် ရရှိသဖြင့် အနုပညာလုပ်ငန်းများ စတင်ရန်၊ လယ်ယာမြေထွန်ယက်စိုက်ပျိုးရန်၊ တိရစ္ဆာန် ရောင်းဝယ်ရန်၊ မော်တော်ယာဉ် ရေချစ်ရန်၊ စေ့စပ်,လက်ထပ် မင်္ဂလာပွဲနှင့် ရှင်ပြု,နားသပွဲ ပြုလုပ်ရန်၊ ပညာစသင်ရန်၊ နာမည်ပေးကင်ပွန်းတပ်ရန်၊ မော်တော်ယာဉ်ကား ရောင်းဝယ်ရန်၊ ဆေးဝါး,အလှကုန်ပစ္စည်း ထုတ်လုပ်ဖြန့်ချိရန်၊ ဆေးခန်းဖွင့်ရန်၊ ဥယျာဉ်ခြံလုပ်ငန်းများ ဆောင်ရွက်ရန်၊ အလှပြင်ဆိုင်ဖွင့်ရန်၊ စာအုပ်စာပေ ဖြန့်ချိရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ကျော်ကျော်၊ မအေးချမ်းကြည်..ဟု ပေးနိုင်ပါသည်။ ဤနေ့အတွက် ယတြာအဆောင်မှာ ကြဲညွှန့်ဖြစ်ပြီး အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ အနောက်တောင်အရပ်တွင် နတ်နေသဖြင့် ရှောင်သင့်သည်။

ဒေဒ-တဝတီ

မင်းမဂျော်ညွှန့်

ဖုန်း-၀၉ ၂၅၀ ၁၂၃ ၃၃၃

www.burmeseclassic.com

www.burmeseclassic.com

သင်၏လက်ဝါးပြင်သည် သင့်ဘဝ၏ ကြေးမုံပြင်ဖြစ်သည်...

☞ ဒါတွေကို ဘောင်ချက်ပေးနေပါတယ်။



(၁) ဗေဒင်/လက္ခဏာ ဟောပြောခြင်း။
(၂) အကျိုးပေးသော ကလေးအမည်၊ စီးပွားရေးလုပ်ငန်းအမည်များ ရွေးချယ်ပေးခြင်း။
(၃) ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပေးခြင်း၊ မင်္ဂလာရက်များ ရွေးပေးခြင်း။
(၄) ဗေဒင်/လက္ခဏာပညာ သင်ကြားပေးခြင်း။
(၅) ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာများ ပြုလုပ်ပေးခြင်း။
(၆) နယ်မှ ပရိသတ်များကို ဖုန်းဖြင့်ဟောခြင်း၊ ဟောစာတမ်းပို့ပေးခြင်း။

နယ်မှ မေးလိုပါက ဘာဏ်ပူဇော်ခကို ဘဏ်မှ လွှဲပေးရမည်။
(ချမ်းသာသုခ ပြည့်ဝကြပါစေ)

လက္ခဏာဆရာကြီး

မူလ-ဆရာနေရောင် (ဧည့်ဝတ်)

အမှတ်-၂၇(B) (ပထမထပ်)၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့။ (ကားပွဲစားတန်းအနီး) 09 420 718130 sirnayrung@gmail.com

စိတ်မနောအာရုံ အကြားအမြင် လက္ခဏာ

ဆရာမကြီး ဒေါ်အေးမိုးမိုး၏သမီး

ဆရာမထက်ဦးခိုင်သိပ္ပံလက္ခဏာပေဒပညာ

(၇)ရက်သားသမီးအပေါင်းတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ အမည်ပေးခြင်း၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက်၊ ကောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် ပြောင်းရွှေ့မင်္ဂလာရက် ရွေးခြင်းနှင့် အခြားသောကံကုသဝဝ အားလုံးတို့ကိုပါ ဆရာမက မေတ္တာ၊ ဒေတရာ ရှေ့ထားပြီး "အထူး" စီစဉ် ဆောင်ရွက်ကူညီပေးနေပါသည်ရှင်..

အားလုံးသောသူအပေါင်း ကိုယ်ရော စိတ်ပါ ကျန်းမာပြီး ချမ်းသာကြပါစေ...

ဟောဝိယေဘုရား အနောက်ဘက်မုခ်၊ လိပ်ကန်အနီး၊ ဆိုင်ခန်းအမှတ်(၂)၊ ရွှေတိုဝုဘုရားလမ်း၊
ရန်ကုန်မြို့။ (တနလ်ာနေ့တိုင်း နားသည်) Ph : 09 730 27732 , 09 253 361 368

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့ရေမရိသတ်မေးရှိ

ဆရာရန်အောင်ဟိန်း ပြေသည်

ဂမ္ဘီရမဂ္ဂင်း (ပေဒင် အမေး-အဖြေ ကဏ္ဍ)

ဂမ္ဘီရမဂ္ဂဇင်း၏ ပေဒင် အမေး-အဖြေကဏ္ဍတွင် မေးမြန်းလိုပါက မေးလိုသောအချက်ကို အတိအကျ(လိုတိုရှင်း) ရေးသား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ဂမ္ဘီရ မဂ္ဂဇင်း

အမှတ်-၁၀၂(က)(မြေညီထပ်)၊ ဥဉ-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

- မေးသူ၏အမည် ----------
- မွေးနေ့ (နှစ်၊ လ၊ ရက်) ----------
- မွေးဖွားရာ မြို့/ရွာ ----------
- အချိန်နာရီ (နေ့/ည) ----------

မေးခွန်းများ

(၁) ----------

(၂) ----------

(၃) ----------

www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာရုဝရိဿာ၏ ဗေဒင်ဟောစာတမ်း

မေဇင်ဒေါင်

(၉-၁၀-၁၉၈၉၊ ၃း၂၃ နာရီ၊ ဗန်းမော်မြို့)



၁။ *မည်သည့်လုပ်ငန်းဖြင့် အသက်မွေးသင့်ပါသနည်း။*

(၁၀)တန်ခသင် ၄ဟူး (၂)တန်တွင် ၁နွေ၊ ၂လ်ာ၊ ၅တို့နှင့် ပူးယှဉ်ရပ်တည်သည်ကို (၁၀)တန်မှ ၅တေး ရှိပြီး (၅)တန်အထူးမြင် ကြုံထား၏။ လုပ်ငန်းတော်တော်များများ လုပ်နိုင်၏။ ဆေးဝါးပစ္စည်း၊ အိမ်ဆောက်ပစ္စည်း၊ အိမ်မှုလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းများကား ပို၍ အဆင်လျော်၏။

၂။ *ဖူးစာရှင်၏ ပုံသဏ္ဌာန်၊ အသက်၊ နေနံ၊ လူမျိုး။*

(၇)တန်သခင် ၅တေးကြိုဟ် (၁၀)တန်ဘာဝတွင် ရပ်တည်၍ (၂)တန်ဘာဝရှိ (၁၁)တန်သခင် ၂လ်ာကြိုဟ်အား (၅)တန်အထူးမြင် ကြုံ၏။ အိမ်ထောင်ကျ နောက်ကျတတ်သည်မလွဲ၍ ခမ်းခမ်းနားနား အိမ်ထောင်ပြုရတတ်၏။ ဖူးစာရှင်သည် ကိုယ်လုံးပြည့်၊ မျက်နှာဝိုင်း၊ အရပ်အလယ်အထက်ရှိမည်။ အသားလတ်မည်။ ဇာတာရှင်ထက် (၅)နှစ် အထက် ကြီးမည်။ လူမျိုးမကွဲတတ်ပါ။ ၂လ်ာ၊ အင်္ဂါ၊ ၄ဟူး၊ ၁နွေသားထဲက ဖြစ်တတ်၏။

၃။ *ထိပေါက်ဂဲ၊ ကာလ။*

(၁၁)တန်သခင် ၂လ်ာ (၂)တန်တွင် ရပ်တည်သည်ကို (၁၀)တန်မှ ၅တေး အထူးမြင် ကြုံနေ၏။ ထို့ကြောင့် ထိပေါက်ကိန်းရှိ၏။ (၁၀-၆-၂၀၁၆)အတွင်း ထိကဲ့စမ်း ကြည့်ပါလေ။

မခင်ရတနာ

(၁၇-၁၂-၂၀၀၁၊ ၁၅း၁၅ နာရီ၊ ရန်ကုန်မြို့)



၁။ *ပညာရေးတွင် ထူးချွန်အောင်မြင်မှာလား။*

(၄)တန်သခင် ၄ဟူးကြိုဟ် (၉)တန်ဘာဝတွင် (၃၊ ၅)တန်သခင် ၁နွေ၊ ကိတ်ကြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်သည်ကို (၉)တန်သခင် ၅တေး (၃)တန်မှ အမြင်ပြန်ကြုံနေ၏။ ပညာရေးထက်မြက်ထူးချွန်တတ်ပြီး နိုင်ငံရပ်ခြားမှ အဆင့်မြင့်ပညာရပ်များ သင်ယူခွင့်ရသည်သို့ ထွန်း

www.burmeseclassic.com

ပေါက်နိုင်ပေသည်။

၂။ *မိဘကို ကျေးဇူးဆပ်နိုင်မည်လား။*

(၄)တန်သခင် (၁၀)တန်ရပ်ခြင်း၊ (၉)တန်သခင် (၃)တန်ရပ်၍ (၁၁)တန်ဘာဝအား (၉)တန်အထူးမြင် ကြုံခြင်းတို့ ရှိ၏။ မိဘကျေးဇူး ဆပ်ခွင့်ကြုံပေမည်။

၃။ *ဘဝအဆင့်အတန်း၊ ကြီးပွားမည်လား။*

(၂)တန်သခင် သောကြာ (၈)တန်မှ (၂)တန်အား ပြန်မြင်နေ၍ (၂)တန်တွင် (၁၀၊ ၁၁)တန်သခင် စနေ ရပ်တည်နေ၏။ (၂၀၂၂)ခုနှစ်နောက်ပိုင်း ဘဝက် စမြင့်လာမည်။ အသင့်အတင့်သာ ရှိသေး၏။ (၂၀၄၁)ခုနှစ်မှ (၂၀၅၆)ခုနှစ်အတွင်း ဘဝက် အမြင့်ဆုံးတိုးတက်မှုသို့ ရောက်ပေမည်။

မောင်ထူးခန့်

(၂၁-၄-၁၉၉၇၊ ၂း၁၀ နာရီ၊ တောင်ကြီးမြို့)



၁။ *မည်သည့်လုပ်ငန်းဖြင့် အသက်မွေးသင့်ပါသလဲ။*

(၁၀)တန်သခင် ဗကြာဂြိုဟ် (၃)တန်တွင် ၁၄၌၊ ၄ဟူးဂြိုဟ်များနှင့် ပူးယှဉ်၏။ ဆေးဝါးပစ္စည်း၊ အိမ်သုံးပစ္စည်း၊ စားသောက်ကုန်၊ လျှပ်စစ်ပစ္စည်း၊ ကွန်ပျူတာပစ္စည်း၊ ဘာသာစကား(ဧည့်လမ်းညွှန်) စသည့် အလုပ်များထဲမှ ရွေးချယ်လုပ်ဆောင်သင့်၏။

၂။ *ဖူးစာရှင်၏ ပုံသဏ္ဌာန်၊ အသက်၊ အိမ်ထောင်က်။*

(၇)တန်သခင် ၂လ်ာ (၉)တန်တွင် ရပ်တည်သည်ကို (၃)တန်မှ စနေ၊ လင်္ဂါမှ ၅တေးတို့ လှမ်းမြင်၏။ ကိုယ်လုံးပြည့်၊ မျက်နှာဝိုင်း၊ အသားဖြူ၊ ဇာတာရှင်ထက် အသက်အနည်းငယ် ပိုကြီးတတ်၏။ အိမ်ထောင်ကံကား သင့်ရုံသာ ရှိပါသည်။ ပြဿနာကား မရှိနိုင်ပါ။

၃။ *ကြီးပွားချမ်းသာမည့်ကံ ပါ/မပါ။*

(၂)တန်သခင် စနေ (၃)တန်တွင် ရပ်တည်ပြီး (၉)တန်ကို အထူးမြင်၏။ (၉)တန်တွင် ၂လ်ာဂြိုဟ် ရပ်တည်၏။ ကြီးပွားမည့်ကံ ရှိသော်လည်း သက်လတ်ပိုင်းရောက်ပြီးမှ ကြီးပွားမှု သေချာမည်။ အသက်(၄၅)နှစ်နောက်ပိုင်းတွင် ကြီးပွားချမ်းသာမှု ခံစားရလိမ့်မည်။

ဦးလင်းအောင်

(၁၇-၆-၁၉၆၄၊ ၁း၀၆ နာရီ၊ ကျုံပျော်မြို့)



၁။ *လက်ရှိလုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်း အခြေအနေ။*

လက်ရှိ (၂)တန်တွင် ရပ်တည်နေသော (၁၊ ၁၀)တန်သခင် ၅တေးထူလ၊ (၅)တန်သခင်အဖြစ် (၇)တန်တွင် ရပ်တည်နေသော ၂လ်ာဘုတ္တိဒသာသည် (၂၂-၇-၂၀၁၆) ထိ စားဝင်နေ၏။ လုပ်ငန်းများ မတည်မငြိမ် ဖြစ်နေတတ်၏။ ထူလဒသာသခင် ၅တေး ကောဇာတွင် (၅)တန် ကရကဋ္ဌရာသီ ရောက်နေခြင်းက ထိုအချက်ကို သိသာစေ၏။ လုပ်ငန်းဖြစ်ရုံသာ ထိန်း၍လုပ်သင့်၏။ (၂၂-၇-၂၀၁၆)မှ (၂၈-၆-၂၀၁၇)အတွင်း အင်္ဂါဘုတ္တိဒသာတွင် လုပ်ငန်းငွေကြေး ပြန်လည်ကောင်းမွန် တိုးတက်လာပေမည်။

၂။ *ထီဆုကြီးပေါက်ကံနိမိတ်၊ ကာလ။*

မူလ ၅တေး (၂)တန်တွင် ရပ်တည်သည်ကို (၁၁)တန်၊ (၁၂)တန်သခင် စနေ (၃)တန် အထူးမြင်ကြ၍ သို့အတွက် ထီဆုကြီးပေါက်နိုင်၏။ (၂၂-၇-၂၀၁၆)နောက်ပိုင်းတွင်သာ ဖြစ်မည်။

၃။ *ကျန်းမာရေး သတိပြုရမည့်ကာလ။*

ထူလသခင် ၅တေး (၆)တန်ဘာဝနှင့် မပတ်သက်ပါချေ။ သို့သော် ဘုတ္တိသခင် ၂လ်ာသည် (၅)တန်သခင်ဖြစ်သော်လည်း (၆)တန်ဘာဝတွင် ရပ်တည်၍ ကျန်းမာရေး အညံ့ပေါ်တတ်၏။ (၂၀၁၅)ခုနှစ်၊ ဖေဖော်ဝါရီလ မတ်လ၊ ဧပြီလ၊ စက်တင်ဘာလ၊ နိုဝင်ဘာလများတွင်

www.burmeseclassic.com

ကျန်အရေး သတိပြုပါလေ။

အောင်ဝင္ဆွာ

(၁၁-၁၁-၁၉၉၈၊ ဂျင်္ဂ နာရီ၊ ရန်ကုန်ပြို့)



၁။ *(၂၀၁၅)ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်မှု အဆင့်မြင့်မည်လား။*

(၄)တန်သခင် စနေ (၇)တန်မှနေ၍ (၉)တန်၊ (၁၁)တန်နှင့် (၄)တန် ဘာဝတို့အား အမြင်ကြိုနေ၏။ (၁၁)တန်သခင် ၁၆ွေ့ လဂ်တွင် ရပ်တည်သည်ကို ၅တေးက (၉)တန်အထူးမြင် ကြိုနေ၏။ ကောဇာ ၅တေး (၁၀)တန်တွင် ရပ်တည်နေပြီး စာမေးပွဲကာလတွင် (၆)တန်ရှိ ကောဇာအနွေးအား ဥစ္စာအိမ်မှ (၉)တန်အထူးမြင် ကြိုမည်ဖြစ်ရာ ထူးများဖြင့် အဆင့်မြင့်မြင့် အောင်မြင်မည်။ အမှတ်မြင့်မားစွာ ရပေမည်။

၂။ *မည်သည့်အသက်မွေးဝမ်းကျောင်းပညာ သင်ယူသင့်သလဲ။*

(၄)တန်သခင် စနေ (၇)တန်ရပ်၍ (၁)တန်ရှိ (၁၁)တန်သခင် ၁၆ွေ့၊ (၁၊ ၈)တန်သခင် ဖြကြာတို့နှင့် အပြန်အလှန် အမြင်ကြိုနေသည်ကို (၃၊ ၆)တန်သခင် ၅တေး (၇)တန်မှ (၉)တန် အထူးမြင်၍ ဆေးပညာကို သင်ယူသင့်သည်။ ဒုတိယ စီမံအုပ်ချုပ်မှုပညာ (သို့မဟုတ်) ဘဏ္ဍာရေးဆိုင်ရာ ပညာကို သင်ယူသင့်ပါ၏။

၃။ *မိဘများအား ကျေးဇူးဆပ်ခွင့် ကြိုမည်လား။*

(၄)တန်သခင် စနေ လဂ်အားမြင်ခြင်း၊ (၉)တန်သခင် ဘူး (၂)တန်တွင် ရပ်ခြင်းတို့ကြောင့် မိဘများအား ကျေးဇူးဆပ်ခွင့် ကြိုပါမည်။

မောင်ထွန်းဇော

(၉-၁၂-၁၉၇၇၊ အရာထင်တက်၊ တန်ယန်းပြို့)

၁။ *အိမ်ထောင်ရေးအခြေအနေ။*



ကောဇာ စနေ လဂ်တွင်စီးပြီး ကောဇာ ၅တေး (၉)တန်တွင် ဝကြွသွား၍ လဂ်အား မြင်ထားပေရာ အိမ်ထောင်ရေးအခြေအနေ မကောင်းပါချေ။ မူလ (၇)တန်သခင်သည် (၂)တန်တွင်ရပ်ကာ (၂)တန်သခင် ၅တေးနှင့် အပြန်အလှန် မြင်နေကြ၏။ ဒွေးဒဟရာသီများဖြစ်၍ အိမ်ထောင်မပြုကွဲရန် အထူးသတိထားသင့်၏။

၂။ *ဘဝတွင် အိမ်၊ ခြံ၊ ကားနှင့် နေရမည်လား။*

(၄)တန်သခင် စနေ (၁၀)တန်တွင် ရပ်တည်ကာ (၄)တန်ဘာဝအား ပြန်မြင်နေ၍ အိမ်ပိုင်၊ မြေပိုင်ဖြင့် နေရဖို့ ရှိ၏။ (၄)တန်ကို အင်္ဂါ၊ ဖြကြာ မပတ်သက်ခြင်းကား ဝါဟနယုဂ်မရ၍ ယာဉ်ပိုင်ရန်ကား မသေချာပါ။

၃။ *အိစောတာ ကောင်း/မကောင်း။*

(၂)တန်သခင် ၅တေး (၂)တန်အား (၈)တန်မှ ပြန်မြင်ခြင်းကြောင့် ငွေကဲ့ မည့်လှပါ။ ထို့ကြောင့် အိစောတာ မည့်ပါ။

မောင်ချစ်ဦး

(၆-၈-၁၉၈၉၊ အရာထင်တက်၊ တန်ယန်းပြို့)



၁။ *အကျိုးပေးလုပ်ငန်း။*

(၁၀)တန်သခင် အင်္ဂါကြိုဟ် (၂)တန်ဘာဝတွင် ဗုဒ္ဓဟူး၊ ဖြကြာ၊ ကိတ်ကြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်၏။ ခက်မှလုပ်

www.burmeseclassic.com

ငန်း၊ စက်ကိရိယာပစ္စည်း၊ စားသောက်ကုန်၊ လျှပ်စစ်ပစ္စည်း၊ အထည် လုပ်ငန်းများထဲမှ အကျိုးပေး၏။

၂။ *ဘဝတွင် အိမ်၊ ခြံ၊ မြေ၊ ကားတို့နှင့် နေရမည်လား။*

(၄)တန်သခင် ၆ကြာ (၂)တန်တွင် အင်္ဂါ၊ ၄ဟူး၊ ကိတ်ဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်၏။ ကိုယ်ပိုင် အိမ်၊ ခြံ၊ မြေ၊ ယာဉ်ကားတို့ဖြင့် နေထိုင်သွားရမည့်ကိန်း ရှိပါသည်။

၃။ *အသက်ရှည်စွာ နေရမည်လား။*

လင်္ဂသခင် ၂လ်ာ (၃)တန်ဘာဝတွင် ရပ်တည်သည်ကို (၇၊ ၈)တန်သခင် စနေဂြိုဟ် (၆)တန်မှ (၁၀)တန် အထူးမြင်၏။ အသက်ရှည်တတ်သော်လည်း ကျန်းမာရေး ချို့ချာတတ်၏။

မခင်နုနဇ

(၂၀-၂-၁၉၈၂၊ ၄း၄၅ နာရီ၊ အင်းတော်မြို့)



၁။ *အိမ်ထောင်ကံ၊ ကာလ၊ အပျိုကြီးဖြစ်မည်လား။*

(၇)တန်သခင် ၂လ်ာဂြိုဟ် (၁၂)တန်ဘာဝတွင် ကိတ်၊ ရာဟုတို့၏ အကြပ်ခံထားရသည်။ အိမ်ထောင်ကျရန် မလွယ်။ သို့သော် (၄၊ ၁၁)တန်သခင် အင်္ဂါသည် (၂)တန်သခင် စနေနှင့် ပူးကာ ၂လ်ာအား (၄)တန် အထူးမြင်နေ၍ မျှော်လင့်ချက်အနည်းငယ်တော့ ရှိပါသည်။ အသက် (၃၆၊ ၃၇)နှစ်အထိ အိမ်ထောင်ကျနိုင်ချေ ရှိသေး၍ ယင်းထက်ကျော်ပါက မကျနိုင်တော့ပါ။ အိမ်ထောင်ကံကား သင့်ရုံမျှသာ ရှိပါ၏။

၂။ *ဖူးစာရှင် ပုံသဏ္ဌာန်။*

ကိုယ်လုံးပြည့်ပြည့်၊ မျက်နှာဝိုင်းဝိုင်း၊ အရပ်အမောင်း ကောင်းတတ်၏။ အသားလတ်တတ်၏။

၃။ *ထီကံ။*

(၃)တန်သခင် ၅တေးဂြိုဟ် (၁၀)တန်ဘာဝမှနေ၍ (၂)တန်ဘာဝရှိ (၈)တန်သခင် ၁နေဂြိုဟ်အား အမြင်ကြိုထား၏။ စပ်တူပေါက်ကံမျိုး အားကြိုးသည်။ (၂၀၁၈-၂၀၁၉)ခုနှစ်တွင် ထီပေါက်ကံ မြင့်မားနေမည်။

ဦးကျော်စိန်

(၂၈-၂-၁၉၇၇၊ ၁၃း၄၅ နာရီ၊ မင်းပြားမြို့)



၁။ *မိဘကို ပြည့်စုံစွာ ထားနိုင်မည်ကံ။*

(၄)တန်သခင် ၄ဟူး (၉)တန်တွင် (၃)တန်သခင် ၁နေနှင့် ပူးယှဉ်ရပ်တည်၏။ (၉)တန်သခင် စနေ (၂)တန်တွင် ရပ်တည်နေ၏။ မိဘကို စောင့်ရှောက်ပေးကမ်းနိုင်ပါလိမ့်မည်။

၂။ *အလှူပြုချင်ပါသည်။ ပြုနိုင်မည့်ကာလ။*

(၂)တန်သခင် ၂လ်ာ လင်္ဂဘာဝတွင် ရပ်တည်သည်ကို (၆၊ ၁၁)တန်သခင် အင်္ဂါ (၈)တန်မှာ အမြင်ကြိုထား၏။ သို့အတွက် အလှူတစ်ခု ပြုနိုင်ပေမည်။ (၈၊ ၉)တန်သခင်အဖြစ် (၂)တန်တွင် ရပ်တည်နေသော စနေထူထ (၅၊ ၁၂)တန်သခင်အဖြစ် (၁၀)တန်၌ ရပ်တည်နေသော ၆ကြာဘုတ္တဒသာ ကာလဖြစ်သော (၂၅-၄-၂၀၁၆)မတွေ့ မီတွင် အလှူတစ်ခု ပြုနိုင်ပေမည်။

၃။ *ကိုယ်ပိုင် တိုက်၊ ကားနှင့် နေရကိန်း၊ ကာလ။*

(၄)တန်သခင် ၄ဟူး (၉)တန်တွင် (၂)တန်သခင် ၁နေနှင့် ပူးယှဉ်ရပ်တည်၏။ ကိုယ်ပိုင်အိမ် ရကိန်းရှိသော်လည်း ယာဉ်ကားပိုင်ကိန်းကား အားနည်း၏။

ဆရာရန်အောင်ဟိန်း(B.Sc

(ခရစ်ရှနားမူတီးပဒ္ဓတိ ရှေ့ဆောင်နက္ခတ်ပညာရှင်
အမှတ်-၂၂၁/၂၂၃(ပ-ထပ်)၊ ၃၁-လမ်း(အထက်
(စင်ထရယ်ဟိုတယ်အနီး) ပန်းဘဲတန်းမြို့
လ
ဖုန်း-၀၉ ၇၉၅ ၄၂၀ ၃

www.burmeseclassic.com

www.burmeseclassic.com

ဆရာရန်အောင်ဟိန်း(B.Sc)

(၂၀၁၅)ခုနှစ်၊ မေလအတွင်း
နေသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်
လင်္ဂနှင့်မွန်းတည့်မျဉ်းပြတ်ရာယား

(၂၀၁၅)ခုနှစ်၊ မေလအတွင်း နေသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ် လင်္ဂနှင့် မွန်းတည့်မျဉ်း ဖြတ်ကျော်မည့် အချိန်ဇယားကို အထူးတွက်ချက် ဖော်ပြပေးထားပါသည်။

ယင်းကာလများအတွင်း၌ မဟာဝေဒဗွမန္တန်များ၊ အခြား လာဘ,ဓနဆိုင်ရာ ဂါထာ,ပရိတ်တော်များ ရွတ်ပွားပူဇော်ခြင်းဖြင့် အကျိုးထူးများစွာ ခံစားရပါလိမ့်မည်။

အထူးမှာ (၁၁-၅-၂၀၁၅) နံနက်(၁၁း၄၂း၀၅)နာရီမှ (၁၂-၅-၂၀၁၅) နံနက်(၁၀း၂၅း၁၅)နာရီအတွင်းတွင် စန်း (ခေါ်) တနလာဂြိုဟ်သည် နေသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ် ဖြတ်ကျော်စီးနင်းနေပါလိမ့်မည်။

သို့ဖြစ်ပါ၍ လင်္ဂဖြတ်ကျော်ခြင်းအတွက် (၁၂-၅-၂၀၁၅) နံနက်(၀း၂၆း၄၉)နာရီမှ (၁း၁၂း၅၀) နာရီအတွင်းတွင်လည်းကောင်း၊ မွန်းတည့်မျဉ်းဖြတ်ကျော်ခြင်းအတွက် (၁၂-၅-၂၀၁၅) နံနက် (၆း၀၆း၂၉)နာရီမှ (၆း၅၈း၀၈)နာရီအတွင်းတွင်လည်းကောင်း လာဘ,ဓနဆိုင်ရာများကို ဂါထာ, မန္တန်များ ရွတ်ပွားခြင်း၊ ယတြာအစီအရင်များ ဆောင်ရွက်ခြင်းတို့ကို ပြုနိုင်ကြပါသည်။

ဆရာရန်အောင်ဟိန်း(B.Sc)

www.burmeseclassic.com

www.burmeseclassic.com

(၂၀၁၅)ခုနှစ်၊ မေလအတွင်း

ရက်	စဝင်ချိန်	ထွက်ခွာချိန်
၁	၆း၄၉း၅၅	၇း၁၄း၃၄
၂	၆း၄၉း၅၄	၇း၁၄း၃၃
၃	၆း၄၉း၅၃	၇း၁၄း၃၂
၄	၆း၄၉း၅၂	၇း၁၄း၃၁
၅	၆း၄၉း၅၁	၇း၁၄း၃၀
၆	၆း၄၉း၅၀	၇း၁၄း၂၉
၇	၆း၄၉း၄၉	၇း၁၄း၂၈
၈	၆း၄၉း၄၈	၇း၁၄း၂၇
၉	၆း၄၉း၄၇	၇း၁၄း၂၆
၁၀	၆း၄၉း၄၆	၇း၁၄း၂၅
၁၁	၆း၄၉း၄၅	၇း၁၄း၂၄
၁၂	၆း၄၉း၄၄	၇း၁၄း၂၃
၁၃	၆း၄၉း၄၃	၇း၁၄း၂၂
၁၄	၆း၄၉း၄၂	၇း၁၄း၂၁
၁၅	၆း၄၉း၄၁	၇း၁၄း၂၀
၁၆	၆း၄၉း၄၀	၇း၁၄း၁၉
၁၇	၆း၄၉း၃၉	၇း၁၄း၁၈
၁၈	၆း၄၉း၃၈	၇း၁၄း၁၇
၁၉	၆း၄၉း၃၇	၇း၁၄း၁၆
၂၀	၆း၄၉း၃၆	၇း၁၄း၁၅
၂၁	၆း၄၉း၃၅	၇း၁၄း၁၄
၂၂	၆း၄၉း၃၄	၇း၁၄း၁၃
၂၃	၆း၄၉း၃၃	၇း၁၄း၁၂
၂၄	၆း၄၉း၃၂	၇း၁၄း၁၁
၂၅	၆း၄၉း၃၁	၇း၁၄း၁၀
၂၆	၆း၄၉း၃၀	၇း၁၄း၀၉
၂၇	၆း၄၉း၂၉	၇း၁၄း၀၈
၂၈	၆း၄၉း၂၈	၇း၁၄း၀၇
၂၉	၆း၄၉း၂၇	၇း၁၄း၀၆
၃၀	၆း၄၉း၂၆	၇း၁၄း၀၅
၃၁	၆း၄၉း၂၅	၇း၁၄း၀၄

(၂၀၁၅)ခုနှစ်၊ မေလအတွင်း

ရက်	စဝင်ချိန်	ထွက်ခွာချိန်
၁	၆း၄၉း၂၄	၇း၁၄း၀၃
၂	၆း၄၉း၂၃	၇း၁၄း၀၂
၃	၆း၄၉း၂၂	၇း၁၄း၀၁
၄	၆း၄၉း၂၁	၇း၁၄း၀၀
၅	၆း၄၉း၂၀	၇း၁၃း၅၉
၆	၆း၄၉း၁၉	၇း၁၃း၅၈
၇	၆း၄၉း၁၈	၇း၁၃း၅၇
၈	၆း၄၉း၁၇	၇း၁၃း၅၆
၉	၆း၄၉း၁၆	၇း၁၃း၅၅
၁၀	၆း၄၉း၁၅	၇း၁၃း၅၄
၁၁	၆း၄၉း၁၄	၇း၁၃း၅၃
၁၂	၆း၄၉း၁၃	၇း၁၃း၅၂
၁၃	၆း၄၉း၁၂	၇း၁၃း၅၁
၁၄	၆း၄၉း၁၁	၇း၁၃း၅၀
၁၅	၆း၄၉း၁၀	၇း၁၃း၄၉
၁၆	၆း၄၉း၀၉	၇း၁၃း၄၈
၁၇	၆း၄၉း၀၈	၇း၁၃း၄၇
၁၈	၆း၄၉း၀၇	၇း၁၃း၄၆
၁၉	၆း၄၉း၀၆	၇း၁၃း၄၅
၂၀	၆း၄၉း၀၅	၇း၁၃း၄၄
၂၁	၆း၄၉း၀၄	၇း၁၃း၄၃
၂၂	၆း၄၉း၀၃	၇း၁၃း၄၂
၂၃	၆း၄၉း၀၂	၇း၁၃း၄၁
၂၄	၆း၄၉း၀၁	၇း၁၃း၄၀
၂၅	၆း၄၉း၀၀	၇း၁၃း၃၉
၂၆	၆း၄၈း၅၉	၇း၁၃း၃၈
၂၇	၆း၄၈း၅၈	၇း၁၃း၃၇
၂၈	၆း၄၈း၅၇	၇း၁၃း၃၆
၂၉	၆း၄၈း၅၆	၇း၁၃း၃၅
၃၀	၆း၄၈း၅၅	၇း၁၃း၃၄
၃၁	၆း၄၈း၅၄	၇း၁၃း၃၃

www.burmeseclassic.com

မြန်မာနိုင်ငံတွင် နိုင်ငံရေးနက္ခတ်ဗေဒင်ပညာဟုဆိုလျှင် နိုင်ငံတည်ထောင်ချိန် (၀၀) လွတ်လပ်ရေးရချိန် စာတာများဖြင့်သာ ဟောကြားရသည်ဟု နားလည်မှု များကြသည်။ ကမ္ဘာ့နိုင်ငံရေး ဗေဒင်ပညာတွင် 'သမ္မတသစ်တစ်ဦး၏ ကျမ်းသစ္စာကျိန်ဆိုချိန်စာတာ' သည်လည်း အရေးပါလှသည်။

သီရိလင်္ကာတွင် အုံကြွဖွယ် အနိုင်ရရှိခဲ့သော သမ္မတသစ် မေသရီပါလာ စီရီစိန(Mr. Maithripala Sirisena) သည် ယခင်သမ္မတဟောင်း လက်ထက်တွင် ကျန်းမာရေးဝန်ကြီး ဖြစ်ခဲ့ဖူးပြီး ရွေးကောက်ပွဲ နီးချိန်မှ အတိုက်အခံဘက် ကူးပြောင်းကာ အုံဖွယ်အောင်ပွဲဆင်နိုင်ခဲ့၏။

သမ္မတသစ် စီရိစိန၏ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုချိန်မှာ (၉-၁-၂၀၁၅) ညနေ(၆း၂၂း၅၅)နာရီ ဖြစ်သည်။ နေရာမှာ သီရိလင်္ကာနိုင်ငံမြို့တော် ကိုလံဘို၊ အင်ဒီပန်းဒန့်စကွဲယား (၆း၅၄' မြောက် ၇၉း၅၂' အရှေ့တွင် ဖြစ်သည်။

ကျမ်းသစ္စာကျိန်ဆိုချိန် စာတာမှာ အောက်ပါအတိုင်း ဖြစ်၏။

ဆရာရဉ်ဇောဦးဝင်းမြိန်း(B.Sc)

ကမ္ဘာ့နိုင်ငံရေးဗေဒင်ပညာ

သမ္မတသစ် မေသရီပါလာ စီရီစိန

KP Natal Horoscope

Saya Yan Aung Nein

Current Dt: 5/2/2015

Name	: SIRISENA-SWEARING CHART	Longitude	: 79D 52M 0S (East)
Date of Birth	: 9 Jan 2015 AD	Latitude	: 6D 54M 0S (North)
Local Time	: 18:22:55	Time Zone	: 05:30
KP Ayana	: 23Deg 57Min 41Sec	Sidarial Time	: 1 Hr 27 Min 19 Sec
Birth Day	: Fri	Town Name	: COLOMBO

P	DD	MM	SS	Mo	R	N	S	W	Significators
☉	264	58	00	061	♄	☿	☿	♂	VII VI XI III
☽	132	53	53	708	☉	♂	☿	♄	X II II
♂	303	46	23	047	♃	♂	☿	☊	VIII VIII V V
☿	282	41	26	083	♃	☽	☊	♃	II VII II IV XII
♄	117	04	15	-006	☽	☿	♄	☿	VII II IV XII VI VII X
☿	293	26	57	075	♃	☽	☊	☿	II VII II XI
♃	217	44	03	006	♂	♃	☉	☊	V V VIII IX VIII IX
☊	170	31	20	-003	☿	☽	☿	☿	II III II
☉	350	31	20	-003	♄	☿	☿	♄	VII X IV XII
♑	348	45	25	001	♄	☿	☉	☉	VII X IV XII
♅	311	38	57	002	♃	☊	♃	☉	III VIII
♆	316	43	24		♃	☊	☿	♃	III VIII

H	DD	MM	SS	R	N	S	W	Significators
♎	088	47	31	☿	♄	☉	☉	♑ ♅ ☿
II	116	40	47	☽	☿	♄	☿	☿ ☊ ♄ ☿ ☊ ☿ ☽
III	147	17	59	☉	☉	☉	☿	☉ ☊ ☉
IV	179	37	38	☿	♂	♃	☊	♑ ♅ ☿
V	211	01	04	♂	♄	♂	☿	♃ ♃ ♂ ♂
VI	240	22	09	♄	♉	♉	☊	☉ ♃ ♄
♍	268	47	31	♄	☉	♂	♃	♑ ♅ ☉ ☿ ☿ ♄
VIII	296	40	47	♃	♂	♄	☿	♂ ♂ ☊ ☿ ♃
IX	327	17	59	♃	♄	☿	♂	♃ ♃ ☿
♏	359	37	38	♄	☿	☊	☉	☽ ♉ ♅ ♄
XI	031	01	04	☿	☉	☊	☽	☉ ☿
XII	060	22	09	☿	♂	☿	♉	♑ ♅ ☿



Planet<= Planet Aspect ...
☉135☽ ☉144♑ ☉150♑ ☉045♃
☽144☊ ☽144♅ ☽180☿ ☽180☍
♂090♃ ♂135☊ ☿150☽ ☿150☽
♃045☊ ☊180♉ ☊180♅ ♉045♂
♉135♃ ♉180☊ ♉030☍ ☿045♂
♅135♃ ♅180☊ ♅030☍ ☿045☊
☿180☽ ☿030☿ ☿030☿ ☿090♃
☿144☊ ☍180☽ ☍030☿ ☍144☊

House<= Planet Aspect ...
I 180☉ I 144♂ I 135☿ I 135☍
III 030♑ IV 045☽ IV 090♑ V 090♑
VI 120♑ VI 072☊ VII 135☽ VII 135☍
VIII 030☉ VIII 180♑ IX 060☉ IX 060☍
IX 045☿ X 060♂ X 144♃ X 045☿
X 045☍ XI 090♂ XI 045♅ XI 072☍
XII 120♂ XII 135☿ XII 135☿ XII 072☍
XII 072♅

End Date of Data												
DY	MN	Year	D&A	DY	MN	Year	BKT	DY	MN	Year	SUB
1	4	2015	♉	28	8	2008	♉	24	5	2014	☿
1	4	2031	☿	28	10	2009	☿	15	6	2014	♉
1	4	2041	☉	4	3	2010	☉	15	8	2014	☿
1	4	2051	☽	4	10	2010	☽	2	9	2014	☉
1	4	2058	♂	1	3	2011	♂	2	10	2014	☽
1	4	2076	♌	19	3	2012	♌	23	10	2014	♂
1	4	2092	♄	25	2	2013	♄	17	12	2014	♌
1	4	2111	♃	4	4	2014	♃	4	2	2015	♄
1	4	2128	☿	1	4	2015	☿	1	4	2015	♃

Saya Yan Aung Nein

Prog: by www.mmm603@gmail.com

www.burmeseclassic.com

www.burmeseclassic.com

သမ္မတသက်တမ်းနှင့်ပတ်သက်၍ သုံးသပ်ချက်

ကျမ်းသစ္စာကျိန်ဆိုချိန် ဇာတာအရ လင်္ဂဘဝ သန္ဓိဘုတ္တိနက္ခတ် သခင်ကြိုဟ်သည် ၁နွေကြိုဟ်ဖြစ်ပြီး (၃)တန့် သခင်ကြိုဟ်အဖြစ် (၆)တန့်ဘာဝတွင် ရပ်တည်နေ၏။ (၁၁) တန့်သခင်အဖြစ် (၇)တန့် (မာရက၊ ဘာခက)တွင် ရပ် တည်နေသော ဖြကြာကြိုဟ်ပိုင် နက္ခတ်ကို စီးထား၏။ ဆောင်း/ဆိုး ရောနှောနေပေရာ သက်တမ်းရှည်ခြင်းကို ညွှန်ပြသော (၃၊ ၈)တန့်ဘာဝများ၏ ထောက်ပံ့မှု ရ/မရ ဆန်းစစ်ရန် လိုအပ်လာပေသည်။

(၃)တန့်

(၃)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ် သခင်ကြိုဟ်သည် အနွယ်ပင် ဖြစ်နေ၏။

(၈)တန့်

(၈)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ် သခင်ကြိုဟ်သည် ဖြတ်တေးဖြစ်၏။ (၆၊ ၇၊ ၁၀)တန့်သခင်အဖြစ် (၂)တန့် (မာရက)ဘာဝတွင် ရပ်တည်၏။ ၅တေးကြိုဟ်သည် (၁၊ ၅၂)တန့်သခင် (၇)တန့်(ဘာခက၊ မာရက)ရပ် ၄ဟူးပိုင် နက္ခတ်ကို စီးထား၏။

ဘာခက၊ မာရက (၆)တန့်၊ (၁၂)တန့် (ဒုဋ္ဌနဘာဝ များ)နှင့် ပတ်သက်မှု မကင်းပါချေ။ သမ္မတသက်တမ်း ရှည်ရုံသာမက ရုံးခန်းထိုင်ရဖို့ အားနည်းနေပေ၏။

အထား၊ အရှိန်အဝါ

သမ္မတ၏ အာဏာ၊ အရှိန်ဝါကို ကျမ်းသစ္စာကျိန်ဆို ချိန် ဇာတာ၏ (၁၀)တန့်ဘာဝဖြင့် သုံးသပ်ရမည်။ ယခု ဇာတာတွင် (၁၀)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ် သခင်ကြိုဟ် သည် စနေဖြစ်ပြီး (၈၊ ၉)တန့်သခင်ကြိုဟ်အဖြစ် (၅)တန့် ဘာဝတွင် ရပ်တည်နေ၏။ မိမိပိုင်နက္ခတ်ကိုပင် ပြန်စီး ထား၏။

ဩဇာအရှိန်အဝါ ကြီးမှုကို ဖော်ပြသော (၂၊ ၆၊ ၁၀) တန့် ဘာဝများနှင့် ပတ်သက်မှု မရှိခြင်းက ယခင်သမ္မတ ဆောင်းကဲ့သို့ ဩဇာအရှိန်အဝါ မကြီးမားနိုင်ခြင်းကို ဖော် ပြနေ၏။

သပ်ဖော်ကိုင်ဖက်များနှင့် လူထုဆိုင်ရာ

ဇာတာတွင် (၇)တန့်ဘာဝသည် လှပ်ဖော်ကိုင်ဖက်၊ ဘာမိတ်များနှင့် လူထုကို ဖော်ပြ၏။ (၇)တန့်ဘာဝ သန္ဓိ ဘုတ္တိနက္ခတ် သခင်ကြိုဟ်သည် အင်္ဂါဖြစ်ပြီး (၅)တန့်သခင် အဖြစ် (၈)တန့်(မည်ညွှတ်မှုပြု) ဘာဝတွင် ရပ်တည်နေ၏။

အင်္ဂါသည် မိမိပိုင် နက္ခတ်ကိုပင် ပြန်စီးထား၏။

ဆန္ဒပြည့်စုံ အောင်မြင်မှုပြု (၁၁)တန့်ဘာဝ သန္ဓိဘုတ္တိ နက္ခတ် သခင်ကြိုဟ်သည် ရာဟုဖြစ်ပြီး (၁၊ ၄၊ ၁၂)တန့် သခင်အဖြစ် (၇)တန့်၌ ရပ်တည်သော ၄ဟူးနှင့် ကန်ရာသီ တွင် ရပ်တည်နေ၏။

ယင်းရာဟုကြိုဟ်သည် (၂)တန့်သခင်အဖြစ် (၂)တန့် ၌ပင် ရပ်တည်သော ၂လင်္ဂါကြိုဟ်ပိုင် နက္ခတ်ကို စီးထား၏။ ရာဟုကိုယ်တိုင်ကား (၃)တန့်ဘာဝတွင် ရပ်တည်၏။

ယင်းသုံးသပ်ချက်တွင် (၁၂)တန့်ဘာဝတစ်ခုသာ အသုံးပါ၍ လုပ်ဖော်ကိုင်ဖက်၊ လူထုနှင့်ကား အဆင်ပြေ မည်ဟု ယူဆရ၏။

ဘဏ္ဍာရေး

နိုင်ငံတော် အသုံးစရိတ် ဘဏ္ဍာရေးအတွက် ကျမ်း သစ္စာကျိန်ဆိုချိန် ဇာတာ၏ (၂)တန့်ဘာဝဖြင့် သုံးသပ်ရ ၏။ ယခုဇာတာတွင် (၂)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ် သခင် ကြိုဟ်သည် ဘဏ္ဍာရေး၊ ဓနကြိုဟ် ၅တေးဖြစ်၏။ ၅တေး ကြိုဟ်သည် (၆၊ ၇၊ ၁၀)တန့် သခင်ကြိုဟ်အဖြစ် (၂)တန့် ဘာဝတွင် ရပ်တည်နေ၏။ (၇)တန့်ရပ် (၁၊ ၄၊ ၁၂)တန့် သခင် ၄ဟူးပိုင် နက္ခတ်ကို စီးထား၏။ အချို့သော အလ ဟာသဖြစ်မှုနှင့် အကျပ်အတည်းအချို့ ကြုံရတတ်သည်မှ တစ်ပါး ဘဏ္ဍာရေးအခြေအနေ ကောင်းမည်ဟု ယူဆရ မည်။

ဒဿကာလစစ်းသပ်ချက်

(၁-၄-၂၀၁၅)ထိ ကိတ်ထူလ၊ ၄ဟူးဘုတ္တိဒသာ စား

www.burmeseclassic.com

ဝင်၏။ ကိတ်သည် ၅တေးဝိုင် မိန်ရာသီတွင် ရပ်တည်၍ (၇၊ ၂၊ ၁၊ ၄၊ ၁၂၊ ၆၊ ၁၀)တန့် ဘာဝများအတွက် အကျိုးဆောင်၏။ ကိတ်ကိုယ်တိုင် (၉)တန့်ဘာဝတွင် ရပ်တည်၍ (၇)တန့်ရပ် (၁၊ ၄၊ ၁၂)တန့်သခင် ၄ဟူးဝိုင်နက္ခတ်ကို စီးထား၏။ အကောင်း၊ အဆိုး ရောထွေးနေ၏။ အစိုးရအဖွဲ့အတွင်း မညီညွတ်မှု၊ ပြဿနာအချို့မှလွဲ၍ အဆင်ပြေမှု များနေပေမည်။

(၁-၄-၂၀၁၅)နောက်ဝိုင်း ဗကြာထူလ၊ ဗကြာဘုတ္တိ ဒသာသည် (၁-၈-၂၀၁၈)ထိ စားဝင်ပေမည်။ ဗကြာသည် (၁၁)တန့်သခင်အဖြစ် (၇)တန့်(မာရက၊ ဘာဓက)တွင် ရပ်တည်ထား၏။ (၂)တန့်၌ပင် ရပ်တည်သော (၂)တန့်သခင် ၂လာဝိုင်နက္ခတ်ကို စီး၍ မာရကနှစ်ထပ်ကွမ်း ဖြစ်နေ၏။

ယင်း ဗကြာသည် (၁၊ ၄၊ ၁၂)တန့်သခင် ၄ဟူးနှင့်လည်း အလွန်နီးကပ်စွာ ပူးယှဉ်နေ၏။

ယင်းကာလအတွင်း သမ္မတသက်တမ်း မပြည့်ဝဘဲ အဆုံးသတ်ရန် ရှိနေ၏။ စိတ်ဝင်စားစွာ စောင့်ကြည့်ရပေတော့မည်။

မြန်မာနိုင်ငံ၏ နက္ခတ်ဗေဒင်ပညာလောကအတွင်း နိုင်ငံရေးဗေဒင်ဆိုင်ရာ ဟာကွက်တစ်ကွက် ပြည့်ဝစေသုံးသပ်ဖော်ပြ ရေးသားခြင်း ဖြစ်ပါသည်။

ဆရာရန်အောင်ဟိန်း(B.Sc

ကျမ်းကိုး * 2015 February, K.P Ezine.

ဆရာကြီးရာဇာဇော်ဝင်း(LL.B)

နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ

ရင်သွေးငယ်များ နာမည်ပေးခြင်း၊ ကင်ပွန်းတပ်ရက် အခမဲ့ရွေးပေးခြင်း၊ ရှေးမူမတူ နာမည်လှလှလေးများ ရွေးချယ်ပေးခြင်း၊ ရင်သွေးငယ်များ ဘဝတစ်သက်တာဟောစာတမ်း ကုမ္မဏီများ နာမည်ရွေးခြင်း၊ ကုန်အမှတ်တံဆိပ်များ၊ အောက်ခံအရောင်စာလုံးများ၊ ကုမ္ပဏီဖွင့်ပွဲ အချိန်၊ နာရီ၊ နေ့ရက်များ၊ မြန်မာစာတာ၊ အင်္ဂလိပ်စာတာ၊ မြန်မာဟောစာတမ်း အင်္ဂလိပ်ဟောစာတမ်း၊ နိုင်ငံခြားမှ မြန်မာများအတွက် နာမည်ပေးခြင်း စသည့် နာမည်ပေါ်ရလွယ် ဆရာကြီးတစ်ဦးဖြစ်ပါသည်။ (ဉာဏ်ပူဇော်ခ ၇၀၀၀-ကျပ်) သံတမန်ဝန်ထမ်း အင်္ဂလိပ်နာမည်နှင့် မိဘနာမည် တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲစိတ်မွေးဖွားမည့် ရက်ကောင်းရက်မြတ်ကို နာရီ၊ မိနစ်၊ စက္ကန့် အပါအဝင် လိုအပ်သောယတြာများ OG ဆရာဝန်နှင့် တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်။ လူကြီးများအတွက် ရက်၊ လ၊ နှစ် ပိုင်းခြားထားသော ဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း၊ နိုင်ငံခြားသံတော်သားများ လိုင်းကောင်းကောင်းရစေရန်၊ နိုင်ငံခြားသွားသူများ မိမိရောက်သည့်နိုင်ငံတွင် အဆင်ပြေစေရန် ချစ်သူမောင်နှံများ စုံတွဲစာတာ စစ်ဆေးခြင်း၊ အကြွေးပြန်ရစေရန် အမှုနိုင်/မနိုင်၊ ပညာရေးထူးချွန်မှုရှိ/မရှိ၊ အိမ်ထောင်ရေးတွင် အနောင့်အယှက်များ ဖယ်ရှားပေးခြင်း၊ ရုပ်ရည်ချောမောလည်း အဆင်ပြေဖြစ်နေသည့် လူပျိုကြီး၊အပျိုကြီးများ ကံပွင့်အောင်ပြုလုပ်ခြင်း၊ အိမ်ခြံ၊ကား ရောင်းထွက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းပညာ၊ ဝိဇ္ဇာအစီအရင်ပညာ၊ ဓာတ်ရိုက် ဓာတ်ဆင်ပညာများဖြင့် ဆရာထံရောက်လျှင် သင် အောင်မြင်စေရမည်ဟု မှတ်ပါ။ (နှုတ်ဟောဉာဏ်ပူဇော်ခ ၅၀၀၀-ကျပ်) နာမည်ပေးခြင်းနှင့် ဟောစာတမ်းများ ဒီနေ့အပ်လျှင် မနက်ဖြန်ရမည်။ နယ်သို့ VPL ဖြင့်လည်းကောင်း၊ ဘဏ်မှ ငွေလွှဲလျှင် ချက်ချင်းပို့ပေးမည်။ နယ်မှ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ ဖော်ပြ၍ မေးမြန်းနိုင်ပါသည်။ ရန်ကုန်မြို့အတွင်း နာမည်ပေးနှင့် ဟောစာတမ်းများကို ငွေကြေးပေးစရာ မလိုဘဲ ပို့ပေးမည်။ နှုန်းသာဆက်လိုက်ပါ။

တိုက်-၃၅(မြေညီထပ်)၊ (၈၇)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ဝိတ်ရက်မရှိ)

☎ (01)394727, (01)399426, 09 730 09994, 09 730 78260, 09 51 52521

www.burmeseclassic.com

ဆရာဦးရဲမြင့် (အာဆင့်မြင့်နက္ခတ်ဗေဒင်ပညာရှင်)

B.Sc (Physics), B.A (Astrology) Kolkata India

(မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့)

ကြိုစကားတာ-သီရိပတိဇာတာ-ဟောစာတမ်း

ဘဝရေး၊ ကလေးအမည်ပေး၊ ကုမ္ပဏီအမျိုးမျိုး၊ ဆိုင်အမျိုးမျိုး နာမည်ကောင်းရွေးပေးခြင်း၊ နိုင်ငံခြားပညာသင်၊ ဘွဲ့နှင်းမာရေး ကောင်းမွန်တိုးတက်ရန် အစီအရင် ပြုလုပ်ပေးခြင်း၊ ကား၊ တိုက်ခန်း၊ အိမ်ခြံမြေ ရောင်း/ဝယ် ဆောင်စေရန် စီမံပေးခြင်းနှင့် (အမျိုးသား/အမျိုးသမီး)သီးသန့်၊ မိမိအပေါ်တွင် သစ္စာရှိရန်၊ ကတိတည်ရန်၊ အမြန်ပြန်လာရန်၊ စီးပွားရေး မနာလိုဝန်တို အတိုက်အခိုက်၊ အန္တရာယ်ကင်းစေရန် မေတ္တာ၊ သစ္စာ၊ စေတနာ၊ သမာဓိ၊ ပညာတို့ဖြင့် အောင်မြင်ရန် ဆောင်ရွက်ပေးပါသည်။

စုန်း - ဝဋ် ၂၅၄၁၁၀၆၆၃

မဟာဝိဇယစေတီတော် မြောက်ဘက်မုခ်၊ အခန်း(၄)။

နံနက်(၈း၀၀)နာရီမှ ညနေ(၆း၀၀)နာရီအထိ ဖိုတ်ရက်မရှိ ဟောကြားပေးပါသည်။

ယတြာဆရာမ ဒေါက်တာခင်မျိုးစိုင်

Ph.D (Hon - Doctor of Astrology)

[နက္ခတ္တဗေဒ၊ မြန်မာ့ဗေဒင်၊ နဝင်းစီးပညာ]

အရေးကြီးတဲ့ ကိစ္စရှိရင် လာခဲ့ပါ။

အမျိုးသမီးများ၏ အခက်အခဲများကို ဦးစားပေးဆောင်ရွက်ပေးပါသည်။

ဘေးပွဲ၊ အောင်ပွဲဝင် ယတြာများ၊ ထိရောက်ထက်မြက်သော နဝင်းစီးပွဲယတြာများ ဆောင်ရွက်ပါသည်။

အခန်း(၄)၊ အခန်းက်ဘက်မုခ်၊ ဖြေဆို့နှစ်ကောင်အနီး၊ မဟာဝိဇယစေတီ၊ ရန်ကုန်မြို့၊ ဝဋ် ၅၁၀ ၇၅၅ ၂၇

ဒေါက်တာယတြာလေဒီ

Ph.D (India)., M.Sc (Chemistry)

ရွှေဖြစ်တွေ၊ နောက်ဖြစ်တွေ လုပ်မနေနဲ့
ဘာဖြစ်နေလဲ၊ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ
လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့အတွက်
ထိထိမိမိ ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာဆောင်ရွက်လိုလျှင်...

တိုင်တင်ရက်ချိန်းယူပါ

လူမှုရေးဝိုင်း၊ ဂုဏ်သိက္ခာဝိုင်းနှင့် ပတ်သက်၍ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

အမှတ်(၆၆)၊ အခန်း(၄)၊ ဒုတိယထပ်၊ ကုန်ဈေးတန်းလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဝဋ် ၅၁၀ ၁၀၇၃၅

www.burmeseclassic.com

www.burmeseclassic.com

ဟိန်း(ဘူဒီ)

ကိုယ်ထွင်းမှ အဆိပ်၊ အပုပ်ဓာတ် ထုတ်ရှင်း လုပ်သောက်ကြစို့



အသည်း၊ သည်းခြေအိတ်နှင့် ကျောက်ကပ်ဆေးကြော်ခြင်း

သင့်အဝတ်လျော်စက်၏ ရေထွက်ပိုက် ပျက်ပါက ရေထွက်စနစ်တွင် ပိတ်ဆို့မှု ကြုံရပေမည်။ ထိုသို့ဆိုပါက ပြုပြင်ပေးရပေမည်။ သင်၏ အသည်း၊ သည်းခြေအိတ်၊ ကျောက်ကပ်တို့မှာ ယင်းအိမ်တွင်းသုံးပစ္စည်းမျိုး ပို၍အရေး ပါလှသော်လည်း သင် ဂရုမစိုက်မိ ဖြစ်ရလေ့ရှိတတ်သည်။ ထို့အတွက် ယင်းသို့ အလုပ်များစွာ လုပ်ပေးနေရသော ကိုယ်တွင်းအင်္ဂါများကို သန့်စင်အောင် ဆေးကြော်ပေးခြင်း ဖြင့် လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာ ပြန်လည်ထမ်း ဆောင်နိုင်စေရန် ပြုလုပ်ပေးရပေမည်။

ကိုယ်တွင်း အဆိပ်ဓာတ်ထုတ်ပေးသော အစီအစဉ်ဖြင့် အသည်း၊ သည်းခြေအိတ်နှင့် ကျောက်ကပ်များ၏ ကျန်းခဲ့ သန့်စွမ်းရေးကို ကောင်းစွာအထောက်အကူပြုပေးနိုင်ပေ သည်။ ယင်းအင်္ဂါအစိတ်အပိုင်းများ၏ ကျန်းခဲ့နေခြင်းသည် သင်၏ကျန်းမာရေး အဘက်ဘက်မှ ကျန်းမာသန့်စွမ်းနေ ခြင်းအတွက် သော့ချက်ဖြစ်ပေသည်။ ယင်းအင်္ဂါအစိတ် အပိုင်းများမှ အဆိပ်၊ အပုပ်ဓာတ်များ ထုတ်၍ သန့်စင်စေ ခြင်းဖြင့် မည်သို့ကောင်းမွန်သော ခံစားချက် ဖြစ်ပေါ်ရ ကြောင်း သင် မည်သည့်အခါကမှ သိရှိသတိထားမိခဲ့မည် မဟုတ်ပါချေ။ ထို့အတွက် အသည်းမှ အဆိပ်၊ အပုပ် ထုတ်ခြင်းအစီအစဉ်ကို စတင်ဖော်ပြပေးသွားလိုပါသည်။

အသည်းမှ အဆိပ်၊ အပုပ်ဓာတ် ထုတ်ခြင်း
(Liver Detoxification)

လူခန္ဓာကိုယ်တွင် အသည်းသည် အကြီးမားဆုံးနှင့် အရေးပါဆုံး အင်္ဂါအစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။ အခြား သော အင်္ဂါများထက် အဆများစွာ တာဝန်ထမ်းရသော အင်္ဂါအစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ဦးနှောက်သည် ထွက် ပျူတာကဲ့သို့ သတင်းအချက်အလက်များ ရယူသယ်ဆောင် ပေးမှုကို လုပ်ဆောင်ရသော်လည်း အသည်းသည် လုပ်ငန်း တာဝန်များစွာကို သဘောအမှုထမ်းများကဲ့သို့ ထမ်းဆောင် ပေးရပေသည်။ အသည်းသည် အရာများစွာကို စစ်ထုတ် ပေးခြင်း၊ အဆိပ်,အပုပ်ဓာတ် ထုတ်ပေးခြင်း၊ ပေါင်းစပ် ပေးခြင်းနှင့် ပြုပြင်စိမံပေးခြင်းကို ပြုလုပ်ပေးရပေသည်။

အသည်းကျန်းမာ၍ ကောင်းစွာလုပ်ဆောင်နိုင်စွမ်း မရှိပါက အဆိပ်,အပုပ်ဓာတ်များ ထုတ်ပယ်ခြင်းကို လူ့ ခြမ်းစွာ လုပ်ဆောင်မပေးနိုင်တော့သောကြောင့် ပင်ထမ်း နွမ်းနယ်ခြင်း၊ ဖျာနာခြင်းနှင့် မကြာခဏ စိတ်ဓာတ်ကျ ခြင်းမျိုးများနှင့် ကြုံရတတ်ပေသည်။ သင့်လက်ချောင်း များနှင့် ခြေချောင်းများ ချက်ချင်း ဖောင်းကြွလာသည်ဟု သင် ခံစားရခြင်းမှာ အသည်း၏ အလုပ်လုပ်ပုံ ချွတ်ယွင်းမှု ဖြစ်ရတတ်သည်။ အကြောင်းရင်းမှာ စီရမ်အယ်လ်ဗျူမင် (Serum albumen) ယုတ်လျော့ကာ တစ်ရှူးများဆီသို့ အရည်များ ဝင်ရောက်၍ ဖောင်းကြွလာခြင်းကြောင့် ဖြစ် ရတတ်သည်။ သို့မဟုတ် အသည်း၏ ဇီဝကမ္မဖြစ်စဉ်သည် ဟိုမုန်းများနှင့် ဆက်စပ်မှုရှိပေရာ အသည်းလုပ်ဆောင်မှု မမှန်က ဟိုမုန်းဖောက်ပြန်ခြင်းကြောင့်လည်း ယင်းသို့ ဖြစ် ရတတ်သည်။

ခန္ဓာကိုယ်တွင် အသည်းသည် အဆိပ်,အပုပ်ဓာတ် စွန့်ထုတ်ပေးသော အဓိကအင်္ဂါအစိတ်အပိုင်း ဖြစ်သည်။ နေ့စဉ် သွေး(၅၀)ဂါလန်ခန့်ကို စစ်ထုတ်သန့်စင်ပေးရသည်။ အသည်းသည် ကော်ဖီစစ်(coffee filter) ကဲ့သို့ ဆေးဒုက္ခ ဖြစ်စေမည့် အဆိပ်ဓာတ်များနှင့် အမိုးနီးယားဟိုက် စ

www.burmeseclassic.com

www.burmeseclassic.com

ဆုတ်ပေးရသည်။ ယင်းတို့ကို သွေးတွင်းမှ စစ်ထုတ်ပေး၍ သန့်စင်စေကာ အူသိမ်၊ အူမ (သို့မဟုတ်) ကျောက်ကပ်များဆီ ဖြတ်သန်းစေပါသည်။

အသည်းသည် အသက်ရှူရာမှ အဆုတ်ကို ဖြတ်ဝင်သော အောက်စီဂျင် (သို့မဟုတ်) အရေပြားမှ စုပ်ယူသော အောက်စီဂျင်များကိုလည်း သန့်စင်ပေးရသည်။ ပတ်သက်၍ မသန့်ရှင်းမှုမှ ဖြစ်ပေါ်သော အဆိပ်ဓာတ်များ ပြုပြင်ထားသော စားစရာများမှ အဆိပ်ဓာတ်များ စသည်တို့ကို အသည်းက အဆိပ်ဓာတ် ထုတ်ပယ်စစ်ထုတ်ပေးသည်။ ယင်းသို့ စစ်ထုတ်ပေးရာတွင် ရှုပ်ထွေးသော အဆင့်များရှိပြီး အဆင့်(၁)နှင့် (၂)ဟု အဓိကအားဖြင့် သတ်မှတ်နိုင်သည်။ ယင်းအဆင့် တစ်ခုစီတိုင်းတွင် သင့်လျော်စွာ လုပ်ဆောင်ပေးနိုင်ရန် အထူးအဟာရဓာတ်များ လိုအပ်ပါသည်။ ယင်းအစီအစဉ်တွင် အာဟာရဓာတ်များကို ဖျော်ရည်များ(juices)။ စွတ်ပြုတ်ကြမ်းများ၊ အော်ဂဲနစ် စားစရာများနှင့် ဖြည့်စွက်စာများဖြင့် ထောက်ပံ့ပေးရမည်။ ယင်းတို့က အသည်းအား ထောက်ပံ့ပေးပြီး မလိုအပ်သည်များကို ဖြိုခွဲစစ်ထုတ်ပေးကာ အဆင့်(၁)မှ နောက်အဆင့် တစ်ခုဆီ ပို့ဆောင်ပေးရသည်။ အာဟာရဓာတ်များ၊ အထူးသဖြင့် အန်တီအောက်စီးဒန့်များ မလုံလောက်ပါက အဆိပ်ဓာတ် ထုတ်ပယ်ပေးခြင်း တို့ဆိုင်းသွားရသည်။ ယင်းက ဧရိုးရယ်ဒီကယ်များအား အဆိပ်ဓာတ် ထုတ်ပယ်မှုဖြစ်စဉ်အတွင်း စုစည်းပွားများလာစေကာ ဆဲလ်များကို ပိုမိုပျက်စီးစေ၍ အခြားပြဿနာများကိုလည်း ဖြစ်ပေါ်စေပါတော့သည်။ အာဟာရဓာတ် များပြားလွန်းနေပါကလည်း အဆီတွင် ပျော်ဝင်နိုင်သော အဆိပ်ဓာတ်များကို ဆဲလ်များအတွင်း၌ သိုလှောင်ထားသကဲ့သို့ ဖြစ်စေတော့သည်။ ထို့အပြင် ဆဲလ်အလွှာများ၌ ရေတွင် ပျော်ဝင်သော ပုံစံမှ အသွင်ပြောင်းကာ ထုတ်လွှတ်ပေးလိုက်သည်များက ကျောက်ကပ်များ (သို့မဟုတ်) သည်းခြေရည်များဆီ ဖြတ်၍ဝင်ကာ အူမကြီးအတွင်း၌ အညစ်အကြေးအဖြစ် စုပုံသွားစေပါသည်။

အဆိပ်ဓာတ် ထုတ်ပစ်ပေးခြင်းအပြင် အသည်းသည် အသက်ရှင်သန်မှုနှင့် ကျန်းမာရေးအတွက် များစွာသော ဘ၀ဝန်များကို ထမ်းဆောင်ပေးရပေသေးသည်။ ယင်းလုပ်ငန်းတာဝန်များစွာသည် စွမ်းအင် ထုတ်လွှတ်ရေးပေါ် တိုက်ရိုက် အကျိုးသက်ရောက်ပေသည်။ ထို့ကြောင့် အသည်းပိတ်ဆို့ ကျပ်တည်းမှု ကြုံရလျှင် စွမ်းအင်ထုတ်လွှတ်ပေးနိုင်မှုလည်း ဆုတ်ယုတ်ကျဆင်းသွားရပေသည်။ အဓိက စွမ်းအင်ထုတ်လွှတ်ရေး လုပ်ငန်းများတွင် အောက်ပါအချက်များ ပါ၀င်ပေသည်။

* ကာဘိုဟိုက်ဒရိတ်၏ ဇီ၀ကမ္မဖြစ်စဉ်ကို ပုံမှန်ဖြစ်စေကာ သွေးတွင်း အချိုဓာတ်ကို ထိန်းပေးခြင်း၊
* ပရိုတိန်း၏ ဇီ၀ကမ္မဖြစ်စဉ်ကို ပုံမှန်ထိန်းပေးခြင်းဖြင့် အဆီနှင့် ဟိုမုန်းများကဲ့သို့ ပို့ဆောင်ပေးသော အရာများကို ပရိုတိန်းများမှ ထုတ်လုပ်ပေးစေခြင်း၊
* အဆီများကို လောင်စာအဖြစ် လောင်ကျွမ်းစေခြင်းအပြင် ကော်လက်စထရောနှင့် အဆီများကို ဖြစ်ပေါ်၍ ထိန်းချုပ်ထားစေခြင်း၊
* ဟိုမုန်း၏ ဇီ၀ကမ္မဖြစ်စဉ် အထူးသဖြင့် တီ(၄)(T4) မှ တီ(၃)(T3)သို့ သိုင်းရွိုက်ဟိုမုန်းကို အသွင်ပြောင်းစေခြင်း၊ တီ(၄)(T4)ကို အသည်းဆီသို့ အများအားဖြင့် ရောက်ရှိသွားစေကာ ယင်းနေရာတွင် တီ(၃)(T3)အဖြစ် ပြောင်းလဲသွားစေခြင်း။

အသည်း၏ ထိရောက်လုံလောက်သော ဇီ၀ကမ္မဖြစ်စဉ်အရ ကိုယ်အလေးချိန်ကို ထိန်းပေးခြင်း၊ အူမကြီးကို ကျန်းခံစေခြင်း၊ ကိုယ်အလေးချိန် ကျစေခြင်းတို့ကို ဖြစ်စေသည်။ အသည်းသည် ခန္ဓာကိုယ်တွင် အဆီကို အဓိက လောင်ကျွမ်းစေသော အင်္ဂါအစိတ်အပိုင်းဖြစ်သည်။ သင်၏ အသည်းကို သန့်စင်စေခြင်းဖြင့် ကိုယ်အလေးချိန် ကျဆင်းစေမှုကို ထိရောက်စွာ အထောက်အကူပြုပေးကာ သင်၏ စွမ်းရည် မြင့်တက်လာစေ၍ ပေါ့ပါးဖျတ်လတ်စွာ လှုပ်ရှားလုပ်ဆောင်နိုင်စေပါသည်။

သင့်အနေနှင့် အချိုစာများနှင့် အခြားပြုပြင်ထားသော ကာဘိုဟိုက်ဒရိတ်များ (ဥပမာ-ပေါင်မုန့်၊ ပီဇာ၊ ပါစတာ စသည်များ)၊ သရေစာများ(junk foods)။ အချိုတုများနှင့် ဆိုဒါပေါ့(soda pop) ကဲ့သို့ သောက်စရာအရည်များ၊ အရက်များ စားသုံးလေ့ရှိပါက အသည်းသည် ယင်းအစာများမှ ကယ်လိုရီများကို အဆီအဖြစ် အသွင်ပြောင်းပေးကာ သိုလှောင်ထား၍ ကိုယ်အလေးချိန်ကို မြင့်တက်စေပါသည်။ အသည်းတွင် အဆီများလွန်းပါက အသည်းအဆီဖုံးခြင်း (fatty liver) ဖြစ်စေပါသည်။ အသည်းတွင် အဆီများစွာ စုစည်းသိုလှောင်ထားမိပါက အဝလွန်ခြင်းနှင့် ယင်းနှင့် ဆက်စပ်သော ဆီးချိုရောဂါ ခံစားရခြင်း၊ တချို့ဂလိုင်စီ

www.burmeseclassic.com

www.burmeseclassic.com

ရိုဒ် (tri-glycerides) မြင့်တက်ခြင်းတို့ ဖြစ်လာတတ်သည်။ ယင်းသို့ဖြစ်ရခြင်းမှာ အခြေအနေအမျိုးမျိုးဖြင့် ကြုံရတတ်ပြီး အခြေအနေတစ်ရပ်မှာ အရက်အလွန်အကျွံသောက်ခြင်း ဖြစ်သည်။

အသည်းသည် ယင်း၏ ဆဲလ်များအတွင်း အဆိပ်ဓာတ်များကို သိုလှောင်ထား၍ အဆိပ်သိုလှောင်မှု များလေ အသည်းအလုပ်,လုပ်ရလေ ဖြစ်သည်။ အသည်းသည် အူမကြီးကဲ့သို့ ပိတ်ဆို့မှု (congested) ကြုံရတတ်သည်။ ယင်းသို့ ကြုံရပါက အစာခြေရည် ထုတ်လွှတ်မှု ကျဆင်းသွားက ပို၍ဝမ်းချုပ်စေတတ်သည်။ အဆိပ်ဓာတ်များ စုစည်း ပိတ်ဆို့မှု ကြာရှည်စွာ ဖြစ်ပေါ်ပါက သွေးကြောများက စုပ်ယူကာ သွေးလှည့်ပတ်မှုတွင် ပြန်လည်ပါဝင်သွားရတတ်သည်။ စနစ်အတွင်း အဆိပ်ဓာတ်များ စီးလှည့်ရာတွင် ခန္ဓာကိုယ်၏ အချို့နေရာများ၌ ရောဓာတ်များ ငြိမ်ဝပ်၍ အိုင်သွားတတ်သည်။ အထူးသဖြင့် တင်ပါးများ၊ ပေါင်များ၊ လက်မောင်းများတွင် အဆိပ်ဓာတ် ပျော်ဝင်နေသောရေများ စုစည်းသွားတတ်သည်။ ယင်းက အဆီလွှာများ (cellulite) များ ဖြစ်စေကာ အရေပြားတွင် အကြည့်ရဆိုးစေအောင် ပေါ်လွင်လာစေတတ်သည်။ သန့်စင်၍ ကောင်းစွာလုပ်ဆောင်နိုင်သော အသည်းသည် ဆဲလူလွှိုက်အဆီပြင်များ ကင်းစေကာ အရေပြားကို ချောမွေ့ပြေပြစ်စေနိုင်ပေသည်။

သင့်သွေးစစ်ချက် အဖြေတွင် ပုံမှန်ဖြစ်နေသော်လည်း အသည်းပိတ်ဆို့မှု လက္ခဏာများစွာ ပေါ်လွင်ကောင်း ပေါ်လွင်နေတတ်ပေသည်။ သွေးစစ်မှုတွင် အသည်း၏ နူးညံ့လှသော လုပ်ဆောင်မှုကို ဖော်ပြနိုင်ခြင်း မရှိပါချေ။ အဘယ့်ကြောင့်ဆိုသော် အသည်းသည် များစွာသော လုပ်ငန်းဆောင်တာတို့တွင် ပါဝင်ပတ်သက်နေရပေရာ ယင်းက ခန္ဓာကိုယ်အတွင်း အာရုံကြောစနစ်၊ ကိုယ်ခံအားစနစ်၊ အင်ဒိုခရိုင်းစနစ်၊ အစာခြေစနစ်၊ သွေးလှည့်ပတ်မှုစနစ်တို့ အပေါ် ထိခိုက်မှု ရှိစေတတ်ပါသည်။

သို့အတွက် အောက်ဖော်ပြပါ လက္ခဏာများမှ အချို့ကို ကြုံတွေ့နေရပြီဆိုပါက သင့်အနေနှင့် အသည်းသန့်စင်ရန် လုပ်ဆောင်သင့်ချေပြီ။

<u>အသည်းချို့ယွင်းမှုပြ လက္ခဏာများ</u>

* ဝက်ခြံပေါက်ခြင်း၊ ဓာတ်မတည့်ခြင်း၊ ပန်းနာရင်ကျပ်။
* ပန်းဝတ်မှုန်နှင့် ဓာတ်မတည့်ခြင်း၊ အရေပြားပေါ်တွင် အနီဖုများ ပေါက်ခြင်း၊ အရေပြား နီမြန်းသော အကွက်များ ထခြင်း၊ ပန်းနာရင်ကျပ်ကဲ့သို့ ဓာတ်မတည့်ခြင်း လက္ခဏာများ။
* နောက်ကျော နာကျင်ကိုက်ခဲခြင်း။
* အရေပြားပေါ်တွင် အညိုရောင် (သို့မဟုတ်) အနက်ရောင် အစက်အပြောက်များ ပေါ်ခြင်း။
* ကင်ဆာရောဂါ။
* မှိုဝိုးတွယ်ခြင်း။
* လျှာတွင် အဖြူလွှာထူခြင်း၊ (သို့မဟုတ်) နံနက်ခင်းတွင် ပါးစပ်နံခြင်း။
* ကြာရှည်စွာ နွမ်းနယ်ခြင်း။
* ခြေချောင်း၊ လက်ချောင်းနှင့် အဆစ်များ ရောင်ရမ်းခြင်း။
* သွေးတိုးခြင်း။
* သွေးချိုဓာတ် ကျခြင်း၊ သွေးတွင်း အချိုဓာတ် မတည်ငြိမ်ခြင်း။
* အဆီစာများကို ခံနိုင်ရည်မရှိခြင်း။
* သွေးအားနည်းခြင်း။
* ဝမ်းတွင်း မအီမသာဖြစ်ခြင်း။
* ကျောက်ကပ်ဖြဿနာ ကြုံရခြင်း။
* အရိုး၊ အရေပြားတို့တွင် လူးပတ်စ်ဗိုင်းရပ်စ်ပိုး ဝင်ခြင်း။
* စိတ်ဓာတ်ကျခြင်း၊ စိတ်အပြောင်းအလဲမြန်ခြင်း။
* အော့အန်ခြင်း၊ ဝမ်းဗိုက်နာကျင်ခြင်း၊ ဝမ်းတွင်း အချဉ်ပေါက်ခြင်း။
* အစာမကြေခြင်း၊ လေပွခြင်း၊ ကိုယ်အလေးချိန်တက်ခြင်း၊ အဆီလွှာများ ပေါ်ခြင်း၊ ဝမ်းချုပ်ခြင်း။
* နှာစေးခြင်း၊ နှာရည်ယိုခြင်း။
* ခန္ဓာကိုယ်တွင် သေးငယ်သော အနီစက်များ ပေါ်ခြင်း။
* ကျင်ကြိုး ပါးလွှာခြင်း [ခဲတံချောင်းပမာဏ (သို့မဟုတ်) ကြိုးလုံးကဲ့သို့]။

သင်၏ အသည်းအား အဆိပ်ဓာတ်ထုတ်ရာတွင် သိသာသော သက်သာရာရသင့်ပြီး ဇီဝကမ္မဖြစ်စဉ် ပုံမှန်ဖြစ်ကာ အဆီများ လောင်ကျွမ်းသွားပေမည်။ အသည်းကောင်းစွာ အလုပ်လုပ်ပါက ပေါ့ပါးလန်းဆန်း၍ လူမှာ ကြည့်ကောင်းလာတတ်သည်။ ခန္ဓာကိုယ်အလေးချိန်မှာ အလွန်မကြိုးပမ်းရဘဲ ကျလွယ်ကာ ကိုယ်တွင်း ခုခံအားမှာ မြင့်တက်၍ နောက်ပိုင်းတွင် ကျန်းခဲ့စွာ နေသွားနိုင်ပေမည်။

ဝင်းနိုင်း (ဘူမိ)

www.burmeseclassic.com

၂၁ရာစု
သရဏဂြိုဟ်ဗေဒပညာရှင်
(EX. စာပေဗိမာန်)
အထက်တန်းလက္ခဏာ။ နက္ခတ္တဗေဒပညာရှင်
ASTRO-PALMIST EXPERT
သင်တန်းနှင့်ပြ

စင်ကြယ်သန့်စင်မှန်မြတ်သော
ဘုရားစေတီများအနီးတစ်ဝိုက်တွင်
ဗေဒင်လက္ခဏာပညာရှင်များရှိကြောင်းသည်၊
ထိုသူများအနက် နှစ်ပေါင်း(၂၀)မျှ
သက်တမ်းရှည်ကြာစွာ
လူသိများထင်ရှားနေသည်ဟု
ဆရာဦးအောင်မိုးဇော်ပင်ဖြစ်၏။
ကျမန်လူမျိုးအဆိုတော် ခွပ်ရွင်မင်းသမီး
KIYOK ZUIZENG! သည်ပင်
ဆရာဦးအောင်မိုးဇော်ထံတွင်
ဗေဒင်၊ လက္ခဏာမေးမြန်းခဲ့ဖူး၏။
လက္ခဏာကြည့်ရာတွင်
လက်မှအစင်းကြောင်းများကိုသာ
ကြည့်ရှုဟောပြောခြင်းမဟုတ်ဘဲ၊
လက်၏ ထောင့် ဒီဂရီ၊ စစ်တမ်း၊
မှန်းဆချက်များနှင့် အခြားသော
လက်၏အကြောင်းခြင်းရာများအားလုံးကို
ကြည့်ရှုဟောပြောပါသည်။
ထိုသို့ဟောပြောရာတွင်
နက္ခတ္တဗေဒပညာနှင့်ပါ
ပေါင်းစပ်၍ ဆန်းစစ်တွက်ချက်
ဟောပြောခြင်း ဖြစ်လေသည်။

အလုပ်ခန်းနေရာ

အမှတ်(၁၄)၊ ရွှေဘုန်းပွင့်ဘုရားလွှေးတန်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အလုပ်ချိန် - နံနက်(၈း၃၀)မှ ညနေ(၆း၀၀)နာရီထိ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်ကာလမတိုင်မီ (၁၉၇၁)ခုနှစ်လောက်ကတည်းကပင် ကျွန်တော်နှင့် ခင်မင်သော သူငယ်ချင်းများထဲတွင် မန်းသန်းအောင်လည်း ပါဝင်ခဲ့သည်။ သူနှင့် ကျွန်တော် သင်္ဘောစက်ပြင်၊ စက်မောင်းသင်တန်းတစ်ခုကို စက်မှုတက္ကသိုလ်ကြီးတွင် အတူတူ တက်ရောက်ခဲ့ကြ၏။

စာမေးပွဲများ အောင်ခဲ့ပြီးနောက် သူငယ်ချင်းနှစ်ယောက် ပင်လယ်သွားသင်္ဘောကြီးများသို့ ရောက်သွားကြကာ အလုပ်တာဝန်များ ကိုယ်စီကိုယ်ငှ ထမ်းဆောင်ခဲ့ကြရ၏။ သင်္ဘောတစ်စင်းနှင့်တစ်စင်း မတူ၍ လူချင်း မဆုံနည်းဖြစ်ကြသော်လည်း အဆက်အသွယ်တော့ မပြတ်ခဲ့ကြပေ။ စာဖြင့်လည်းကောင်း၊ လူကြုံဖြင့်လည်းကောင်း အဆက်အသွယ် ရှိခဲ့ကြသည်။

ထိုစဉ်ကတည်းကပင် မန်းသန်းအောင်သည် သူ ဝါသနာပါသော ဂီတအနုပညာကို အစပျိုးနေပြီဖြစ်သည်။ သူသည် သီချင်းလေးတွေ ရေးနေလေပြီ။ သီချင်းဆိုဖို့ အတွက်လည်း ကြိုးတင်ပြင်ဆင် လေ့ကျင့်နေပြီ ဖြစ်၏။ တစ်ခါတစ်ရံမှာလည်း ဝါသနာတူ သူငယ်ချင်းများ စုရုံ ဆုံတွေ့ကြသည်။ ကဗျာစာအုပ်လေးများတွင် ကဗျာလေးတွေ သူ ပါဝင်ရုံရေးသားခဲ့ပါသည်။

ထိုစဉ်က သူ၏ကလောင်အမည်မှာ ယာမန်းဖြစ်ခဲ့၏။ ယာမန်းအမည်ဖြင့် ကဗျာတွေ ရေးခဲ့သည်။ ကျွန်တော်တို့ ငယ်သူငယ်ချင်းတွေ စုပေါင်း၍ ရေးကြသားကြ ထုတ်ဝေခဲ့ကြသော တောင်ခြေက တောမီကဗျာစာအုပ်နှင့် သောက နွေသစ် ကဗျာစာအုပ်များတွင် ကဗျာလေးတွေ သူ ပါဝင် ရေးသားခဲ့လေရာ လွမ်းနေမိပါသေးတော့၏။

သူသည် ပျော်ပျော်ရွှင်ရွှင် နေတတ်သူတစ်ယောက် ဖြစ်သည်။ နောက်ပိုင်းမှာတော့ သူနှင့် ကျွန်တော် မကြာခဏတွေ့ဆုံဖို့ အကြောင်းဖန်လာခဲ့သည်။

သူက အယ်(လ်)စီအမ်အမျိုးအစား ကြိုးပို့သင်္ဘောငယ် တစ်စင်းတွင် စက်ပြင်၊ စက်မောင်းဆရာ လုပ်ရသလို ကျွန်တော်ကလည်း သူနှင့် သင်္ဘောအုပ်စု တစ်အုပ်စုထဲမှာ ပိုင်အမျိုးအစား သင်္ဘောတစ်စင်းသို့ ပြောင်းရွှေ့အလုပ်လုပ်ခဲ့ရပေရာ သူငယ်ချင်းနှစ်ယောက် ပို၍နီးနီးကပ်ကပ် မကြာခဏ ဆုံတွေ့ခွင့်ရလာခဲ့ကြ၏။

'ငါ အခု ကဗျာနဲ့ သီချင်းရေးတဲ့အခါမှာ ယာမန်းဆိုတဲ့ နာမည်နဲ့ မရေးတော့ဘူး။ ဇွဲကပင်သျှန်နေ ဆိုတဲ့ နာမည် ပြောင်းလိုက်ပြီ' ဟု သူက တစ်ရက်မှာ ကျွန်တော့်ကို ပြောပြပါသည်။

ထို့ပြင် သူရေးထားသော သီချင်းတချို့ကိုလည်း ပြပါသည်။ အဆိုပါ သီချင်းများထဲမှ သီချင်းတစ်ပုဒ်ကိုတော့ သူကိုယ်တိုင်သီဆိုကာ အသံလွှင့်ဖို့ အစီအစဉ်ရှိနေကြောင်းလည်း ပြောပြပါသည်။ သူရော ကျွန်တော်ပါ အလုပ်ကိုယ်စီကိုယ်ငှ အားလပ်ကြသည့်တစ်ရက်တွင် မနက်စောစောကတည်းက ကျွန်တော့်ကို သူ လာခေါ်သွားခဲ့သည်။

သူခေါ်သွားသည့်နေရာမှာ ရန်ကုန်မြို့ပြင်တစ်နေရာရှိ မိသားစုတစ်စုပိုင် ခြံနှင့်ဝင်းနှင့် အသံသွင်းစတူဒီယိုတစ်ခုပင် ဖြစ်သည်။ ထိုခေတ်က တေးဂီတသမားများ အားကိုးအားထားပြုကြရာ စတူဒီယိုဖြစ်ပြီး တီးမှုတ်၊ သီဆို အသံသွင်းမည့်သူများက ကိုယ့်နာရီပိုင်းနှင့်ကိုယ် ငှားရမ်း၍ အလှည့်ကျအသုံးပြုကြသော စတူဒီယိုကြီးတစ်ခုလည်း ဖြစ်သည်။ သစ်ပင်အရိပ်အဝါသများ ကောင်းသဖြင့် ကိုယ့် အလှည့်မကျသေးခင် အနားယူစောင့်ဆိုင်း၍လည်း အဆင်ပြေသော နေရာတစ်ခုပင်ဖြစ်သည်။ ကျွန်တော့်သူငယ်ချင်း ဇွဲကပင်သျှန်နေမှာ သူ့အလှည့် မရောက်သေးမီ ဂီတသင်္ကေတ နုတ်(စ်)စာရွက်များကို သူ့စာမျက်နှာနှင့်သူဖြစ်အောင် ကြိုးတင်စီစဉ်နေရ၏။ ကျွန်တော်ကတော့ လက်ထဲမှာ ပါလာသော ရှမဝမဂ္ဂဇင်းတစ်အုပ်ကို သစ်ပင်ရိပ်ကောင်းကောင်းမှာ ထိုင်ကာ ဖတ်နေမိသည်။

အသံသွင်းစတူဒီယိုထဲတွင် ဂီတပညာရှင်ပေါင်းစုံကိုလည်းတွေ့ရသည်။ မှတ်မှတ်ရရ တယောထိုးသံညှင့်ဂီတပညာရှင်များမှာ တရုတ်လူမျိုးများဖြစ်နေပြီး မြန်မာလူမျိုးတစ်ယောက်ဖြစ်သည့် စန္ဒရားဘိုကြီးက စန္ဒရားတီးခတ်ပေးနေတာလည်းတွေ့ရသည်။ စန္ဒရားဘိုကြီးမှာ ပြုံးပြုံးရွှင်ရွှင်နှင့် သဘောသကာယ ပြည့်ဝကောင်းမွန်လှသည်။ သူသည် ဂီတအနုပညာရှင်ကြီးတစ်ဦးဖြစ်သော တေးသံရှင် ခေါ်တင်တင်မြနှင့် မောင်နမတော်စပ်သူလည်း ဖြစ်သည်။

ကျွန်တော့်သူငယ်ချင်း ဇွဲကပင်သျှန်နေမှာ သူ့အလှည့် ရောက်ပါက စတူဒီယိုထဲဝင်ပြီး သူကိုယ်တိုင် သီဆိုမည့် သီချင်းတစ်ပုဒ်အတွက် ဂီတသင်္ကေတ စာရွက်များကို တူရိယာပညာရှင်များအား ကြိုတင်ဝေငှပေးနေသည်။ သူသီဆိုမည့် သီချင်း၏နာမည်မှာ လူအဆိပ်မက်ဖြစ်သည်။

စာထိုင်ဖတ်နေသော ကျွန်တော့်အနီးသို့ သူရောက်လာကာ-

'စတူဒီယိုရက်ချိန်းရတဲ့နေ့မို့လို့သာ ငါ လာခဲ့ရတာကွ၊

www.burmeseclassic.com

သိပ်ပြီးတော့ နေကောင်းတာတော့မဟုတ်ဘူး။ မနေ့က ရေချိုးရင်း အအေးမိသွားတယ် ထင်တယ်။ ချောင်းနည်းနည်း ဆိုးချင်သလိုပဲ။ သောက်နေကျဆေးကလည်း ဒီကိုလာခါနီးမှ မနေ့ကဝတ်ထားတဲ့ ဂျာကင်အင်္ကျီအိတ်ထဲမှာ ကျန်ရစ်ခဲ့တယ်။ ဒီနားမှာ ဆေးဆိုင်လေးဘာလေးများ ရှိမလားမသိဘူး။ ဟိုနားဒီနား မင်း လျှောက်ကြည့်ပြီး ငါ့အတွက် ဆေးဝယ်ပေးကွာ' ဟု အကူအညီတောင်းလာသည်။

သူက အင်္ဂလိပ်ဆေးတစ်မျိုး၏ နာမည်ကို စာရွက်လေးမှာ ရေးပေးလိုက်သည်။ တစ်နေဝင်ပေဦးတော့မည်။ ပတ်ဝန်းကျင်တွင်လည်း ဆည်းဆာရိပ်သန်းလာလေပြီ။ သည်အတိုင်းဆိုလျှင် ညဉ့်နက်လောက်ကျမှ ကျန်တော်တို့အလှည့် ကျကာ အသံသွင်းသည့်ကိစ္စ ပြီးပြတ်လိမ့်မည် ထင်၏။

'မင်းနဲ့ငါ ညစာစားဖို့အတွက်ပါ ခေါက်ဆွဲကြော်ဖြစ်ဖြစ်၊ ကြာဆံကြော်ဖြစ်ဖြစ် ငါ ဝယ်လာခဲ့ပါ့မယ်' ဟု သူကို ပြောကာ ကျန်တော် ထွက်လာခဲ့သည်။

စိတ်ငြိမ်ရပ်ကွက်ဖြစ်ပြီး မော်တော်ကားလမ်းမကြီးဘက်ရောက်အောင် လမ်းသွယ်လေးအတိုင်း ကျန်တော် တရွေ့ရွေ့လျှောက်လာခဲ့ရသည်။ သစ်ပင်ကြီးများ အုံ့ဆိုင်းနေသော လမ်းသွယ်လေးဖြစ်ပြီး လူသွားလူလာ နည်းပါးလှ၏။ ကိုယ်ပိုင်ခြံ၊ ကိုယ်ပိုင်တိုက်များဖြင့်သာ နေထိုင်ကြသော လူနေမှုရပ်ကွက်တစ်ခုမို့ ဆိုက်ကားကလည်း မတွေ့၊ ကိုယ်ပိုင်ကားများသာ ဟိုနေရာက ထွက်လာလိုက်၊ ဟိုခြံထဲ ဝင်သွားလိုက်နှင့် တစ်ခါတစ်ရံ တွေ့ရတတ်၏။ ပတ်ဝန်းကျင်မှာလည်း ဆေးဆိုင်ရော စားသောက်ဆိုင်ပါ မတွေ့ရသေးပေ။

ဟိုင်းသည်ငေး လျှောက်လာရာမှ မော်တော်ကားလမ်းမကြီးဘက် ကျန်တော်ရောက်သွားသည်။ ဘတ်(စ်)ကားမှတ်တိုင်ဘက် ဆက်လျှောက်လာခဲ့သည်။ မှတ်တိုင်နားရောက်တော့ လမ်းမကြီးဘက်သို့ မျက်နှာမူထားသော စတိုးဆိုင်တစ်ဆိုင်ကိုတွေ့၍ ဝင်ခဲ့သည်။

'ဒီနားမှာ ဆေးဆိုင်ရှိလားဗျာ' ဟု ဆိုင်မှ အမျိုးသမီးတစ်ယောက်ကို မေးကြည့်ရာ ကမာရွတ်ဘက်အထိသွားမှ ဆေးရောင်းသည့်ဆိုင် တွေ့နိုင်မည်ဖြစ်ကြောင်း ပြောသည်။

စတိုးဆိုင်မှ စီးကရက်တစ်ဘူး ကျန်တော်ဝယ်ပြီး ထွက်လာခဲ့သည်။ မလှမ်းမကမ်းခြံတစ်ခြံမှာတော့ မီးပွင့်ရောင်စုံလေးတွေ မြင်ရပြန်သဖြင့် သွားကြည့်လိုက်ရာ ခြံဝင်းထဲတွင် စားပွဲ ကုလားထိုင်များ ခင်းထားသည့် စားသောက်ဆိုင်ဖြစ်နေတာ တွေ့ရသည်။ စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ အနားမှာလာရပ်သော စားပွဲထိုးလူငယ်ကို ခေါက်ဆွဲကြော်(၂)ထုပ် ထုပ်ပေးဖို့ မှာလိုက်သည်။ နာရီဝက်လောက်ကြာတော့ ခေါက်ဆွဲကြော်ထုပ်များကို လက်တွင်ဆွဲကာ ကျန်တော် ပြန်ထွက်လာခဲ့သည်။

ပတ်ဝန်းကျင်တွင် မှောင်ရိပ်က ဝိုင်းသိပ်သည်းလာပေပြီ။ လမ်းဓာတ်မီးတိုင်များမှလည်း တစ်တိုင်နှင့်တစ်တိုင် တော်တော်လေး ဝေးကွာလှမ်းသည်။ အသံသွင်း စတူဒီယိုရှိရာသို့ သွားရမည့် လမ်းသွယ်လေးထဲ ဝင်လာတော့ လူပြတ်လှသည်။ ခြံဝင်းကြီးတစ်ဝင်းရှေ့ ကုတ္တိုပင်ကြီးတစ်ပင်နားရောက်တော့ သစ်မြစ်ဆုံတွင်ထိုင်နေသော အသက်ကြီးပိုင်နွမ်းနွမ်းဖတ်ဖတ် အဝတ်အစားနှင့် လူတစ်ယောက်ကို မြင်လိုက်သည်။ ဘာထိုင်လုပ်နေပါလိမ့်ဟု ဖျတ်ခနဲ ဝေ့ကြည့်လိုက်တော့မှ သူက အသံပြုပြုန်သည်။

'ဆာလိုက်တာ ငါ့တူရယ်..လက်ထဲမှာ ပါလာတာ ဘာစားစရာတွေများပါလိမ့်' ဟု ပြောသဖြင့် ကျန်တော် အံ့အားသင့်သွားသည်။

'ဒီညနေမှ ဆေးရုံက ဆင်းလာတာလေ။ နေတဲ့ရက်ကြာလည်း ဒီရပ်ကွက်ကို လွန်တော့မှ ရေပိုက်လုံးကြီးကို ကျော်လိုက်ပြီး တော်တော်လေးဆက်သွားမှ ရောက်မှာဆိုတော့ လူကလည်း အားသိပ်မရှိသေးတာနဲ့ ဟိုနေရာနားလိုက်၊ ဒီနေရာနားလိုက်နဲ့ ဒီမှာခဏဝင်ထိုင်နေတာပါ။ ဆာလိုက်တာလည်း ဝမ်းထဲက တလိုက်လိုက်နဲ့ဟု ပြောပြန်သည်။

'ခေါက်ဆွဲကြော် ဝယ်လာတာပါ။ စားချင်းရင် တစ်ထုပ် ယူထားလိုက်ပါ'

သူကိုမြင်ရတာ စိတ်ထဲ သိပ်မကောင်းလှသည်မို့ သူလက်ထဲ အထုပ်တစ်ထုပ် ကျန်တော်လှမ်းပေးလိုက်သည်။

'သာခုကွယ်..သာခု..သာခု' ဟု ဆိုရင်းကပင် ထွက်တော် မထင်မှတ်သော စကားလုံးများကို သူ့ဆီမှ ဆက်ကြားလိုက်ရပြန်သည်။

'ငါ့တူရဲ့ သူငယ်ချင်းအတွက် ဟောဒါလေးတွေ သွားပြီး ဝါးစားခိုင်းလိုက်ပါ။ ပြီးရင် ရေအေးအေးတစ်ခွက် သောက်ခိုင်းလိုက်။ သူ နေမကောင်းချင်သလိုဖြစ်နေတာ သက်သာပြီး ငါ့တူတို့ ဒီညလုပ်မယ့် ကိစ္စအဝဝလည်း အဆင်ပြေသွားကြပါလိမ့်မယ်' ဟု ပြောကာ ကုတ္တိုပင်အနားတစ်ဝိုက်မှာ ကပ်လျက်သားရှိနေသော အလေးအ

www.burmeseclassic.com

ကြားထဲမှ အရွက်ကလေး(၉)ရွက်ကိုခူးပြီး ကျွန်တော့်ကို လှမ်းပေးသည်။

ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးတွေ ဖြန်းခနဲထသွားသည်။ ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက်ကိုစွဲ ဘယ်လိုများ သိနေပါလိမ့်ဆိုပြီး ကြက်သီးထမိခြင်းပင်။

သူက ကျွန်တော့်ထံမှရသော ခေါက်ဆွဲထုပ်ကိုဖြေကာ အင်းဖက်ပေါ်မှာပင် ခေါက်ဆွဲကြော်ကို (၂)ပုံ,ပုံလိုက်သည်။ "ကျန်တဲ့တစ်ဝက်ကို အိမ်ရောက်ရင် ခွေးကလေးတွေ ရှိတာ ကျွေးရဦးမယ်"ဟု ဆိုပြီး ကျန်ခေါက်ဆွဲကြော်တစ်ပုံကို ထားပါးတရ နှိုက်စားနေပြန်သည်။

"သွားလိုက်ပါဦးမယ်"ဟု ကျွန်တော် နှုတ်ဆက်ကာ ဆက်လျှောက်လာခဲ့သည်။

စတူဒီယိုရောက်တော့ ဇွဲကပင်သွန်နေအား တခြားဧည့်သည်တွေ ဘာမှပြောပြမနေတော့ဘဲ-

"သူငယ်ချင်းရေ..အဆာပြေ ခေါက်ဆွဲကြော်တစ်ထုပ်ကို နှစ်ယောက်မျှပြီး စားလိုက်ကြရအောင်။ ဆေးဆိုင်က ဆာ့ ဒီနားမှာ မရှိဘူးကွ။ အစာလေး နည်းနည်းပါးပါး စားခင် ဒီအရွက်လေးတွေကိုဝါးပြီး ရေနဲ့မျောချလိုက်ကွာ။ ဖျားချင်တာ၊ ချောင်းဆိုးချင်တာ သက်သာသွားပါလိမ့်မယ်"ဟုသာ ပြောလိုက်ရပါသည်။

သူငယ်ချင်းစကားကို သူ ယုံယုံကြည်ကြည်ပင် ကျွန်တော် လှမ်းပေးသော သစ်ရွက်လေးတွေကို စားနေပါသည်။ ရေတစ်ခွက် သူ့ကို လှမ်းပေးလိုက်သည်။

ခဏကြာတော့ နှစ်ယောက်သား ခေါက်ဆွဲကြော်တစ်ထုပ်ကို ဝေမျှ၍ စားလိုက်ကြသည်။ များမကြာမီမှာပင် စတူဒီယိုခန်းထဲ ဝင်ရပြန်သည်။

ထိုညက သူ့သီချင်း အသံသွင်းခြင်းကိစ္စအဝဝ အဆင်ပြေခဲ့ကြပါသည်။ သီချင်းဆိုတော့လည်း ဘာတစ်ခုမှ အထစ်အငေါ့မရှိခဲ့ပါ။ ရင်ထဲမှာ ဝမ်းသာမိသလို သစ်ရွက်လေးတွေပေးလိုက်သော ဦးလေးကြီးကိုလည်း ကျေးဇူးတင်မိသည်။

လောကတွင် တစ်ကွေ့တစ်ခါမျှမက ဆန်းကြယ်တတ်ကြပါသည်။ ဆန်းကြယ်မှုများစွာထဲမှ ကိုယ်တွေ့ ညတစ်ည အကြောင်းကို ထုတ်ဖော်ရေးသားလိုက်ခြင်းသာ ဖြစ်ပါကြောင်း။

ဆောင်းဝင်းလတ်

နှစ်ပေါင်း(၃၀)ကျော် အကြားအမြင် ဟောသက်ရှိခဲ့သော

ဆရာကြီးအရဟံဆရာအောင်

အကြားအမြင် ဂန္ဓိရပညာပါရမီရှင်

မော်လမြိုင်၊ ဒေါင်းဆေးကျွန်း။ ပဲခူး၊ ဒေးဒွန်ပါ။ သန်လျင် ကျောက်တန်း၊ ဘုရားတည်နယ်လှည့်သွားသနာပြု

- ပညာရေးကိစ္စများ၊ စာမေးပွဲအတွက် လိုအပ်ချက်များ၊ နိုင်ငံခြားကိစ္စ၊ သင်္ဘောလိုက်ရန်နှင့် အလုပ်အကိုင်ဝင်ငွေကောင်းရန်ကိစ္စ။
- စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်ကိစ္စ၊ တိုက်အိမ်၊ ခြံ၊ မြေ၊ ကား အမြန်ရောင်းဝယ်ရေး၊ ဆိုင်၊ ကုမ္ပဏီ၊ ပွဲရုံလုပ်ငန်း မော်ဒယ်လုပ်ငန်းများ အမည်ပေးခြင်း၊ အချစ်ရေး မင်္ဂလာအခါပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ အိမ်ထောင်ရေးကိစ္စများ (မူလအိမ်ထောင်ရှင်ဘက်မှသာ ဆောင်ရွက်သည်)၊ ပစ္စည်းပျောက်၊ လူပျောက်။
- ရာထူးတိုးတက်ရေး၊ ပြောင်းလဲရေး၊ တည်မြဲရေး၊ အကြွေးကိစ္စများ၊ အမှုအခင်းကိစ္စများ၊ သားသမီးများကို လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန်တို့ကို ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံ၍ ဆောင်ရွက်သည်။ ကံစမ်းလုပ်ငန်းများနှင့် ထီကိစ္စများအတွက် အထူးဆောင်ရွက်သည်။

နေ့စဉ် - နံနက်(၇း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီ(တနင်္လာနေ့ပိတ်သည်)

မင်္ဂလာဟောခန်း - အမှတ်(၃၀၂)၊ ရွှေဘုံသာ(အလယ်)လမ်း၊ ဖုန်း - ၀၉ ၇၃၁ ၅၃၁၈၈၊ (၀၅၆)၂၁၆၀၉ (အိမ်)

အိမ် - နေ့စဉ် ညနေ(၆း၀၀)နာရီအောက်ပိုင်း၊

အမှတ်(၁၇) အောင်နိုလာလမ်း၊ အောင်မင်္ဂလာရပ်၊ သိန်လျင်၊ နဲ့သာကုန်းမှတ်တိုင်။ ဖုန်း-၀၉ ၅၁ ၁၂၁၁၁

www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်မှာ ဘဝများစွာ ရှိသလား

မောင်မိုးစည်

(၁)

လူတစ်ယောက်မှာ ဘဝများစွာရှိသည်ဟု ရုရှားစာရေးဆရာကြီး Ilya Erenberg က ရေးခဲ့ကြောင်း သူ၏ Memoir ကို ဆရာမြသန်းဘွင့် ဘာသာပြန်ချက်အရ သိရ၏။

ဆရာမကြီးကြည်အေးက လူဘဝ၌ တစ်ဖန်သေခဲ့ပြန်ပြီး၊ တစ်ဖန်မွေးဖွားဦးမည်လား။ တစ်နေ့စီ နည်းနည်းချင်း သေသွားဖို့ရာသာ ရှိတော့သည်ထင်ရဲ့ဟု မြန်မာ ပြောချင်သေးသည် ဝတ္ထုတွင် ရေးခဲ့၏။

ထိုပြင် လူဘဝမှာ အကြိမ်များစွာ သေကြရ၏။ အကြိမ်တိုင်းပင် အသစ်မွေးဖွားခဲ့သည်ဟု မောင်နမြန်နွှာ ဝတ္ထုတွင် ရေးခဲ့ပြန်သည်။

ဤသို့ဆိုလျှင် လူတစ်ယောက်မှာ ဘဝများစွာ ရှိသည်လို့ အတည်ပြုလိုက်ရတော့မှာလား။ ကျွန်တော့်အနေဖြင့် ဤအဆိုကို အပြည့်အဝလက်ခံနိုင်မှာမဟုတ်။ ယေဘုယျ သဘောတရားဟုသာ ကျွန်တော်က ရှုမြင်သည်။

ဤသို့ဆိုလျှင် ကျွန်တော်၏ကိုယ်ပိုင်အမြင်က အဘယ်နည်း။

လူတစ်ယောက်မှာ ဘဝနှစ်မျိုး (သို့မဟုတ်) အစိတ်အပိုင်းနှစ်ခု သည့်ထက်ပိုချင်လည်း ပိုမည်သာရှိသည်ဟု သာမန်အားဖြင့် ယူဆထားသည်။

ဘဝတစ်မျိုးက စိတ်ကူး (သို့မဟုတ်) စိတ်ကူးယဉ်ဟု သာမန်အားဖြင့် ယူဆထားသည်။ နောက်တစ်မျိုးက လက်တွေ့ဘဝဟူ၍ဖြစ်သည်။

ဥပမာတချို့ကို တင်ပြပါမည်။

လျှပ်စစ်မီးသီး၊ မော့(စ်)ကုတ်ကြေးနန်းစက်၊ တယ်လီဖုန်း အပါအဝင် ပစ္စည်းအမျိုးပေါင်း

www.burmeseclassic.com

www.burmeseclassic.com

ကျော်ကို တီထွင်ခဲ့သော ကမ္ဘာကျော်သိပ္ပံပညာရှင် ဆာမတ်(စ်) အယ်ဒီဆင်သည် နားအလွန်လေးသဖြင့် ဆက်တန်းပညာ မပြီးဆုံးမီ ကျောင်းထုတ်ခံခဲ့ရသည်။ သူ၏ မူလရည်မှန်းချက်က ကျောင်းဆရာကောင်းတစ်ယောက်ဖြစ်ရန် ရည်ရွယ်ခဲ့သည်။ သို့သော် ကျောင်းပညာတစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်ခဲ့ရသဖြင့် သူမျှော်မှန်းထားသည့် ကျောင်းဆရာ ဖြစ်မလာ။ သို့သော် သူ၏ ပင်ကို ထူးခြားစွမ်းနှင့် ကြိုးစားအားထုတ်မှုကြောင့် တီထွင်ဆန်းသစ်ဆရာတွင် ကမ္ဘာ့စံပြသိပ္ပံပညာရှင်ကြီး ဖြစ်လာ၏။

ကမ္ဘာကျော်ဝတ္ထုရေးဆရာ အေဂျေကရိုနင်သည် သူ၏ အစောပိုင်းက ဆရာဝန်ဖြစ်သောကြောင့် ဆေးကုသမှုဘာသာ အာရုံစိုက်ခဲ့သည်။ နောင်သောအခါ လူနာများကို ဆေးကုသရင်း လူဘဝ၏ ဆန်းကြယ်နက်နဲပုံကို တွေ့ရှိရသည်ကို သတိပြုမိလာသည်။ ထိုအခါ ဗီဇစိတ်က လှုံ့ဆော်၍ ဝတ္ထုများ ရေးဖြစ်တော့သည်။ သူဝတ္ထုဇာတ်လမ်းများမှာ လူစရိုက်၊ လူသဘာဝတွေပါသဖြင့် ပရိသတ်များ ကြိုက်တွေ့ကာ စွဲလမ်းကြသဖြင့် ကမ္ဘာကျော်ခဲ့ရလေသည်။

ရှားလော့ဟုမ်း စုံထောက်ဇာတ်ကောင်ကို မွေးဖွားပြီး ဆက်ဝပ်ဆင်၏ သိပ္ပံနည်းကျ အတွေးအခေါ်များဖြင့် အမှုများကို ထောက်လှမ်းဖော်ထုတ်ခဲ့ပုံကို ရေးသားသည်။ ဆာကျော် ဆာအာသာကိုနင်ဒွိုင်းသည် လူနာများအား ဆေးကုသသော ဆရာဝန်ဖြစ်၏။ သူငယ်စဉ်က အရက်သမား ဖခင်ကြီးက ထောက်ပံ့မှုမပေးဘဲ လျစ်လျူရှုထားခဲ့သော်လည်း ဆရာဝန်ဘွဲ့ရရန် ဆေးကျောင်းသို့ ဆင်းရဲဒုက္ခနှင့် ကျာနယ်များတွင် ကြိုးစားကာ ရေးခဲ့သည်။ အစောပိုင်း ကာလများတွင် စာမူများစွာ အယပ်ခံခဲ့ရ၏။ ပထမဆုံး သတင်းစာတစ်စောင်တွင် ရွေးချယ်ဖော်ပြခံရသည့် ဝတ္ထုတိုအတွက် စာမူခမှာ သုံးပိန်သာဖြစ်၏။ သူ၏ ကိုယ်အားအထူးပွတ္တိတစ်ပိုင်းဖြစ်သော The Firm of Girdlestone ဝတ္ထုအတွက် ထုတ်ဝေသူကို ခြောက်နှစ်ကြာအောင် ရှာခဲ့ရ၏။ သို့သော် ရောင်းအားမကောင်းခဲ့ပေ။ သိပ္ပံပညာဟုသုတကို အခြေခံသည့် Study in Searlet ကို နောက်ဆုံးကြိမ် အားထုတ်ရေးသားခဲ့သောအခါမှ အောင်မြင်မှုရရှိခဲ့သည်။

သူ၏ မိဘများသည် အိုင်းရစ်လူမျိုးများ ဖြစ်သောကြောင့် ငယ်စဉ်က အိုင်းရစ်ကက်သလစ်ဘာသာဝင်တစ်ယောက် ဖြစ်ခဲ့၏။ သို့သော် နောင်အခါတွင် ဝိညာဉ်များ၊ တန်ခိုးများ၊ နတ်သားနတ်သမီးများအကြောင်း လေ့လာရင်း ဝိညာဉ်ဝါဒီ ဖြစ်သွားသည်။ ဝိညာဉ်ဝါဒအကြောင်း နယ်တကာ လှည့်လည်ဟောပြော၍ ဘာသာအယူဝါဒသစ်တစ်ရပ် ထူထောင်ရန် ကြိုးပမ်းခဲ့သည်။ သူ၏ ဟောပြောချက်များကို ထောက်ခံယုံကြည်သူများ ရှိသကဲ့သို့ ကန့်ကွက်အပြစ်တင်သူ များစွာရှိခဲ့၏။ သူ၏ အဓိကရည်မှန်းချက်မှာ ဝိညာဉ်များအား သိပ္ပံနည်းကျ လေ့လာဖော်ထုတ်ရန်ဖြစ်ကြောင်း သိရ၏။ သူမှာ ဘဝမည်မျှရှိလေသနည်း။

ကမ္ဘာကျော် အမေရိကန်သမ္မတကြီး အော်ဗာဟင်လင်ကွန်းသည် ငယ်စဉ်ဘဝက ဆင်းရဲလွန်းသဖြင့် မိဘများနှင့်အတူ သစ်ခုတ်အလုပ်သမား လုပ်ခဲ့ရသည်။ စဉ်းစားတွေးတောနိုင်ချိန် ရောက်သည့်အခါ ရှေ့နေအလုပ်ကိုလုပ်ရန် ကြိုးစားခဲ့၏။ သူက ရိုးသားကြိုးစားသူဖြစ်သောကြောင့် လူသိများပြီး ချစ်ခင်သူပေါများလာ၏။ ထိုအခါ အမေရိကန်နိုင်ငံ၏ အင်အားကြီးများသော နိုင်ငံရေးပါတီဖြစ်သည့် ရီပတ်ဘလီကန်ပါတီက ဆက်သွယ်စည်းရုံးလာသောကြောင့် အော်ဗာဟင်လင်ကွန်းသည် နိုင်ငံရေးလောကသို့ ရောက်သွား၏။ အစောပိုင်းက အီလီနွိုက်ပြည်နယ် ကွန်ဂရက်လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးခံခဲ့ပြီးနောက် သမ္မတအဖြစ် အရွေးခံခဲ့ရာ အောင်မြင်သူ ဖြစ်လာ၏။ သူမှာ နှစ်ဘဝရှိသည်ဟု ကျွန်တော်ပြောချင်ပေသည်။

တချို့ကတော့ ငယ်စဉ်ဘဝကတည်းက ရည်မှန်းချက် အောင်မြင်သဖြင့် ကွယ်လွန်ချိန်အထိ တစ်ဘဝတည်းဖြင့် နိဂုံးချုပ်သွားကြ၏။ တချို့ကတော့ အောင်မြင်မှု လုံးဝမရှိ။

(၂)

ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်တွင် နှစ်ဘဝရှိသည်ဟု ပြောလျှင် ရမည်ထင်ပါသည်။ ပထမဘဝက ဘုံရင့်သားတော် သိဒ္ဓတ္ထမင်းသား၊ ဒုတိယဘဝက သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားရှင်ဖြစ်၏။ သို့သော် မွေးဖွားသန့်စင်ကတည်းက ဘုရားဖြစ်ရန် သိဒ္ဓတ္ထမင်းသားက ရည်မှန်းခဲ့သည်။ လုံ့လကြိုးစွာဖြင့် အားထုတ်ခဲ့သည်။ ထို့ကြောင့် နိဗ္ဗာန်သို့ ရည်မှန်းချက်အောင်မြင်ခဲ့ခြင်း ဖြစ်၏။

သိဒ္ဓတ္ထမင်းသား၏ဘဝသည် နှစ်ဘဝဖြစ်ရကြောင်း ထင်ရှားပေသည်။

www.burmeseclassic.com

သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားဖြစ်တော်မူသောအခါ လူသတ္တဝါတို့သည် ကံတရား၏ စွမ်းအင်ဖြင့် ဘဝများစွာ ကျိုးကြောင်းဆက်နွယ်၍ ကူးပြောင်းကြရပုံကို တစ်နေရာမှ တစ်နေရာသို့ မီးကူးစက်ကာ တောက်လောင်ပုံကို မိလိန္ဒမင်းကြီးနှင့် ရှင်နာဂသေနဘဝဇာတ်ကြောင်း ဥပမာပေးကာ ဟောကြားတော်မူခဲ့၏။ ဥပမာ-(က)ဟူသော ဆီမီးတိုင်မှ (ခ)ဟူသော ဆီမီးတိုင်သို့ ကူးစက်၍ ထွန်းညှိသည် ဆိုပါအံ့။ ဤတွင် (ခ)၌ တောက်လောင်သောမီးသည် (က)၌ တောက်လောင်သောမီး မဟုတ်ချေ။ သို့ရာတွင် (ခ)၏ မီးသည် (က)ကို အကြောင်းမပြုဘဲ တောက်လောင်ခြင်း မဖြစ်နိုင်ပေ။ ထို့အတူ မောင်ဘဟူသော လူတစ်ယောက် ဘဝမှ မောင်မြဟူသော လူတစ်ယောက်အဖြစ် ဘဝသစ် ကူးပြောင်း၍ ရောက်ရှိလာရာ၌ မောင်မြသည် မောင်ဘ မဟုတ်သော်လည်း မောင်ဘဟူသောဘဝ၏ အကြောင်း ဆက်များနှင့်ကင်း၍ ဖြစ်မလာနိုင်ဟု ဗုဒ္ဓမြတ်စွာဘုရား ရှင်က ဟောကြားတော်မူခဲ့သည်။

အထက်ပါဥပမာသည် လူတစ်ယောက်၏ ဘဝကူး ပြောင်းပုံဖြစ်ပြီး ဘဝတစ်ခုတည်းမဟုတ်ဟု အဓိပ္ပာယ်ရပေ သည်။

(၃)

ဤနေရာတွင် ကျွန်တော်၏ဘဝကို ပြန်လည်သုံးသပ် ကြည့်ချင်သည်။

တခြားကလေးငယ်များကဲ့သို့ပင် ကျွန်တော်သည် ငယ် စဉ်ဘဝမှာ စားမယ်၊ ကစားမယ်၊ အိပ်မယ်ဟူသာ အသိရှိ ခဲ့၏။ အထက်တန်းကျောင်းသားဘဝရောက်မှသာ ငါ ကြီး ရင် ဘာလုပ်ရမလဲဟု စဉ်းစားတွေးတောလာတတ်သည်။

စဉ်းစားလို့သာ စဉ်းစားနေရသည်၊ ထိုအချိန်က ဒုတိယ ကမ္ဘာစစ်ကြီး ပြီးစအချိန်ဖြစ်၍ ဘာအလုပ်အကိုင်မှ မည် သည်ရရ မရှိသေး။ လွတ်လပ်ရေးရခါစမို့ အာဏာရ ဖဆ လ အစိုးရက ပြည်တော်သာစီမံကိန်းကို စတင်ရန် ပြင် ဆင်နေ၏။ သို့သော် တစ်ဖက်မှာလည်း ပြည်တွင်းသောင်း ကျန်းမှုဒဏ်ကြောင့် ဒုတိယကမ္ဘာစစ်အတွင်းက ပျက်စီး ခဲ့ရှိယွင်းခဲ့သည်များကို ပြန်လည်တည်ဆောက်ရေး လုပ်ငန်း များကို ထိရောက်တွင်ကျယ်စွာ မလုပ်နိုင်သေးသော ခေတ် ကာလဆိုးကြီး ဖြစ်၏။

ပြည်တော်သာစီမံကိန်းအရ သတ္တုမတန်းအောင်သည် ဆိုလျှင်ပင် မူလတန်းပြလက်ထောက်ဆရာအလုပ်ကို ရနိုင် သည်။ သို့သော် ကျေးလက်များမှာတော့ သောင်းကျန်းသူ များ ကြီးစိုးနေသောကြောင့် အန္တရာယ်ကြီးမားလှသည်။

ကျွန်တော်၏ မွေးစားဖခင်ကတော့ သူလိုပင် ရုံး တစ်ရုံးမှာ စာရေးဝင်လုပ်စေချင်သည်။ ထိုအချိန်က ကျွန် တော်သည် နေ့စဉ် ရုံးတက်ရန် အပျင်းဆုံး၊ အကြောက်ဆုံး ဖြစ်၏။ တကယ်တမ်း ကျွန်တော့်ဆန္ဒက ထိုအချိန်က နာ မည်ကျော်စပြုနေသည့် စုံထောက်ဝတ္ထုရေးဆရာ စစ်ကိုင်း အေးလွင်ကို အားကျပြီး စာရေးဆရာ ဖြစ်ချင်နေ၏၊ သတင်းစာအယ်ဒီတာ လုပ်ချင်နေ၏။ သို့သော် စာဖတ်တာ နည်းပြီး စာတစ်ပုဒ်မှဖြစ်အောင် မရေးနိုင်သေးပေ။ လောက အတွေ့အကြုံလည်းမရှိ။ သည်လိုလူမျိုး ဘယ့်နယ် စာရေး ဆရာ ဖြစ်နိုင်မလဲ။

ထို့ကြောင့် လောလောဆယ်ဆယ် အိမ်၏ စားဝတ်နေ ရေးအတွက် အထောက်အကူရစေရန် ရုံးတချို့မှာ အငယ် တန်းစာရေး ဝင်လုပ်ရတော့သည်။ တစ်ဖက်မှာလည်း မန္တလေးတက္ကသိုလ်တွင် ပြင်ပမှ စာမေးပွဲဝင်ဖြေဆို၍ နံ့ ကပ်စာစောင်များ၊ ဗဟိုရစည်သတင်းစာနှင့် မြတ်ရတနာ မဂ္ဂဇင်းတွေမှာ ဝတ္ထုတိုများ ရေးဖြစ်သည်။

မန္တလေးတက္ကသိုလ်မှ ဘီအေ(ဝိဇ္ဇာ)ဘွဲ့ ရပြီးသော အခါ ရန်ကုန်သို့လာ၍ လက်ထောက်မြို့ပိုင်စာမေးပွဲ ဖြေ ဆိုရသည်။ ပထမဦးဆုံးအကြိမ် ရန်ကုန်သို့ ရောက်ဖူးခြင်း ဖြစ်၏။

စာမေးပွဲအောင်သဖြင့် မော်ဘီတပ်မတော်စိုက်ပျိုးရေး သင်တန်း နှစ်လတက်ပြီး ပြည်ခရိုင်၊ သဲကုန်းမြို့နယ် (ရှမ်း ရှင်မင်းသမီး အကယ်ဒမီသီသီ၊ မင်းသားနေအောင်တို့၏ ဇာတိ)၊ ပုတီးကုန်းမြို့တွင် လက်ထောက်မြို့ပိုင်ရုံး စတင် ဖွင့်လှစ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကူး ရွက်များသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ရသည်။ ထို့နောက် ပြည် နယ်ငါးခု၊ တိုင်းသုံးတိုင်းသို့ သွားရောက်၍ အိမ်ပစ်အိုးပစ် မိသားစုနှင့်ခွဲခွာလျက် တာဝန်ယူလုပ်ခဲ့၏။ မွန်ပြည်နယ် တွင် အသက်(၆၀)ပြည့်သောကြောင့် ပြည်နယ်အုပ်ချုပ်ရေး မှူး တာဝန်မှ အနားယူခဲ့ရတော့သည်။

ထိုကာလများအတွင်း ကဗျာ၊ ဝတ္ထုတို၊ ရှည်၊ ဆောင်း ပါးများစွာကိုလည်း ကြိုးစားရေးခဲ့သည်။ ယခုအချိန်ထိ ဆိုပါတော့။ ဤသို့ဆိုလျှင် ကျွန်တော့်မှာ ဘဝဘယ်နှစ်ခန်း ရှိသနည်း။ ယခုချိန်ထိ စဉ်းစားနေဆဲ။

မောင်နိုးစည်

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

တိုင်းရင်းဆေးပါးများဝန်ကြီးဌာန 0412 YR 004687
လိုင်စင် ၇/ ၂၁၀၈၊ တာဆထလ (တိုး)-၁၃၁၂

အဆိပ်ကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်ဖေတဲ့

မုံရွာ ဆရာမိုး ရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြေငြာနှိုးပြုများအုပ်တဆတ(စာနယ်ဇင်း)၁၀၀/၀၀၀၇

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေး ညီ"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မှုတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဒီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်းခြင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဝိုက်နာ, ဝိုက်အောင့်ဖြစ်ခြင်း၊ အူတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆဲပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလှဲနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံ တိုင်းဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်း ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ သောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးသင်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်ပို့, ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်း အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ဆိုတာကြီး မန္တလေးပြိုးနှင့် မုံရွာပြီး စမ်းလမ်းမြင်ပြီး မြန်မာ့ဆေးနိုးမုံရွာနှိုးရေးတိုင်ကြားများမှတစ်ဆင့် တစ်ပြည်လုံးသိရှိနိုင်ရန်ရိုးရာပေးနေပါပြီး

ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးပါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း
ဘီ-၈၂/၃၅၆၊ မေတ္တာလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၈၊ ၀၉-၅၁-၀၁၆၁၂
မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၃၁ လိုင်းခွဲ (၃၄၈)၊ ၆၉၁၄၅၆ လိုင်းခွဲ (၃၄၈)

www.burmeseclassic.com

www.burmeseclassic.com

ရှင်သေမင်းစကြာဝဠာမှ လွတ်ကင်းခဲ့တဲ့ ကျွန်တော်

မြင်သာ-သောင်းတင်

ကျွန်တော်ဆိုလိုချင်တာလေး တစ်ခုတော့ရှိတယ်ဗျာ။ အများကလည်း လက်ခံကြမယ်လို့ ယုံကြည်ပါတယ်။ ဒါ ဘာလဲဆိုတော့ ခန္ဓာရရှိလာတဲ့ သတ္တဝါတိုင်းဟာ မိမိခန္ဓာကိုယ်ကို ချစ်ကြတာချည်းပါပဲဆိုတဲ့ စကားလေးတစ်ခွန်းပါ။ အသိဉာဏ်မရှိပါဘူးလို့ သတ်မှတ်ထားတဲ့ တိရစ္ဆာန်တွေတောင် သူတို့ရရှိထားတဲ့ ခန္ဓာကိုယ်ကို ချစ်ကြတယ်လေ။ အန္တရာယ်တစ်ခု ဖြစ်လာပြီဆိုရင် ဟိုပြေး,ဒီပြေး၊ ဟိုပုန်း, ဒီပုန်းနဲ့။

ကြမ်းပိုးတစ်ကောင်ကိုပဲ ကြည့်လိုက်ပါ၊ သူရရှိထားတဲ့ ခန္ဓာကိုယ် အန္တရာယ်ဖြစ်တော့မယ်ဆိုရင် မမြင်နိုင်တဲ့ နေရာကို ဝင်ပုန်းလိုက်တာ တစ်ခါတည်း ပျောက်သွားတာမျိုး ကြုံဖူးကြမယ်လို့ ထင်ပါတယ်။ အသိဉာဏ်ရှိတဲ့လူတွေဆိုရင် တွေးသာကြည့်တော့။ သေရမှာ သိပ်ကြောက်ကြတာပေါ့။ ကျွန်တော်လည်း သေရမှာကြောက်တာပေါ့ဗျာ။ ဒါပေမဲ့ သေဘေးနဲ့ လက်မတင်သီသီလေး လွဲခဲ့တဲ့ ဖြစ်ရပ်လေးတစ်ခု ရှိတယ်။ ဒီကိစ္စကို စဉ်းစားမိလိုက်တိုင်း ကျောထဲ စိမ့်ပြီး ရင်ထဲမှာ တလှပ်လှပ်နဲ့ ကြက်သီးမွေးညင်းတွေ ထမိပါရဲ့။

ဒီအကြောင်းတွေကို ခုပြန်ရေးပြနေတဲ့အချိန်မှာတောင် ကျောချမ်းမိတယ်ဗျာ။ ဒါပေမဲ့ ကျွန်တော် ပြန်ရေးပြမှာပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ယုံကြည်ကိုးကွယ်ထားတဲ့ မြတ်ဗုဒ္ဓရဲ့ တန်ခိုးတော်ကြောင့် ကျွန်တော် သေဘေးက လွဲခဲ့ရလို့ပါပဲ။ ဒါကို ဇာတ်ရည်လည်အောင် ပြန်ပြောပြဖို့ ကျွန်တော့်စိတ်သန္တာန်မှာ ဖြစ်ပေါ်နေတာကြောင့် ကျွန်တော်လေးစားရတဲ့ စာဖတ်ပရိသတ်အား အောက်ပါ ကျွန်တော့်ကိုယ်တွေ့ဖြစ်ရပ်လေးကို ပြန်လည်ပြောပြပါရစေတော့။

♦ ♦ ♦

ဖုန်တလိမ်းလိမ်းထနေသော လှည်းလမ်းတစ်လျှောက် ကျွန်တော်တို့နှစ်ယောက် စက်ဘီးတစ်စီးဖြင့် အညာဒေသရဲ့ ပူပြင်းခြောက်သွေ့သော ရာသီဥတုနှင့်အညီ ကျွန်တော်တို့သွားနေသော နေရာတိုင်းလိုလိုက ဖုန်လိမ်းလိမ်း။ နေပူထဲကျဖို့မှာ ကျွန်တော့်တစ်ကိုယ်လုံး ချွေးတွေရွှဲလို့။ စက်ဘီးနောက်က ထိုင်လိုက်လာတဲ့ ကျွန်တော့်ဖနီးက ကျွန်တော့်အဖြစ်ကို မကြည့်ရက်။

'အစ်ကို..စက်ဘီးခဏရပ်လိုက်ပါဦး'တဲ့။

ကျွန်တော် စက်ဘီးကို ခဏရပ်လိုက်ပြီး ဖနီးဖြစ်သူကို လှည့်ကြည့်လိုက်တယ်။ ကျွန်တော့်ဖနီး စက်ဘီးပေါ်က ဆင်းပြီး သူခေါင်းမှာပတ်ထားတဲ့ ခြုံလွှာတဘက်ကို ခေါင်းပေါ်ကဖြုတ်လို့ ကျွန်တော့်တစ်ကိုယ်လုံးက ချွေးတွေကို သုတ်ပေးနေတယ်။

'လာ..အစ်ကို၊ ညီမတို့ လမ်းလျှောက်ကြမယ်'တဲ့။

ကျွန်တော်တို့နှစ်ယောက် စက်ဘီးကိုတွန်းပြီး လမ်းလျှောက်ကြတဲ့အခါ ဘုန်းကြီးကျောင်းတစ်ကျောင်းရောက်တော့ ဖနီးသည်က 'လာ..အစ်ကို၊ ညီမတို့ ဒီကျောင်းထဲဝင်ပြီး စုံစမ်းကြည့်ရအောင်'လို့ ပြောလိုက်တာကြောင့် ကျွန်တော်က ကျောင်းကြီးကို ကြည့်လိုက်တော့ ရွှေဟောင်းဘုန်းကြီးကျောင်းကြီးတစ်ကျောင်း။ သစ်ရိပ်ဝါးရိပ်တွေနဲ့။ ခိုဝင်နားစရာကောင်းတဲ့ အနေအထား။

ရွှေဟောင်းကျောင်းကြီးလို့ ဆိုရပေမယ့် ကျောင်းအိုကျောင်းပျက်ကြီးတော့ မဟုတ်။ ကျောင်းဒါယကာ,ဒါယိကာမတွေ စဉ်ဆက်မပြတ် ပြုပြင်လာမှုကြောင့် ထင်ပေါ်ကျောင်းတော်ကြီးက သပ်သပ်ရပ်ရပ်၊ ရှင်းရှင်းလင်းလင်း အေးရိပ်မှာ ခဏနားပြီး ချွေးသိပ်ဖို့အတွက် အကောင်းဆုံး နေရာမျိုး။

ကျွန်တော်နဲ့ ကျွန်တော့်ဖနီး ကျောင်းဝင်းထဲက သစ်ပင်ကြီးတစ်ပင်အောက် ခုံဝိုင်းကြီးပေါ်မှာ အားရပါးရ အေးယူလိုက်ပြီး သန့်ရှင်းတဲ့လေကို တစ်ဝကြီး ရှူပစ်လိုက်ကြတယ်။ ခဏကြာတော့ ကျောင်းကြီးပေါ်က ဘုန်းကြီးတပါး ဆင်းလာပြီး ကျွန်တော်တို့ အနားယူနေတဲ့ နေရာကို လျှောက်လာနေတယ်။

အနားရောက်လာတော့ ကျွန်တော်တို့နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

ကြီးပေါ် ဆင်းလိုက်ပြီး ရှိသေစွာ ရှိခိုးလိုက်တဲ့အခါ 'ဒကာကြီးတို့..ဘာကိစ္စများ ရှိကြပါသလဲ။ ဘုန်းကြီး ဘာအကူအညီများ ပေးရမလဲ' ဆိုပြီး ဖော်ဖော်ရွေရွေ စည်ပြုစကားမိန့်ဆိုနေတာကြောင့် ကျွန်တော်က ဒီမြို့ကို ပြောင်းရွှေ့လာတဲ့ ဝန်ထမ်းတွေဖြစ်ကြောင်းနဲ့ လာရင်းကိစ္စကို အတိုချုံးပြီး လျှောက်ထားလိုက်တဲ့အခါ ဘုန်းတော်ကြီးက 'လာ..ကျောင်းပေါ်တက် ရေနွေးကြမ်းလေးသောက်ပြီး စကားပြောကြတာပေါ့' ဆိုပြီး ရှေ့ကထွက်သွားတယ်။ ကျွန်တော်တို့လည်း ဘုန်းတော်ကြီးနောက်ကလိုက်ပြီး ကျောင်းကြီးပေါ်တက်သွားကြပါတော့တယ်။

♦ ♦ ♦

တန့်ဆည်မြို့၊ စစ်ကိုင်းတိုင်းထဲမှာရှိတဲ့ မြို့တစ်မြို့။

ကျွန်တော်တို့မိသားစု တန့်ဆည်မြို့ကို ပြောင်းရွှေ့လာခဲ့ကြတယ်။ ကျွန်တော်က ဝန်ထမ်း၊ ရဲတပ်ဖွဲ့ဝင်တစ်ယောက်ဆိုတော့ ပြောင်းရရွှေ့ရတာတွေဟာ ကျွန်တော်တို့မိသားစုအတွက် ဆန်းလှသည်တော့ မဟုတ်။ (၇) တန်း၊ (၈)တန်းအရွယ် သားသမီးသုံးယောက်၊ ကျွန်တော်တို့ ဇနီးမောင်နှံနှစ်ယောက်နဲ့ဆို မိသားစု(၅) ယောက်။

တန့်ဆည်မြို့ဟာ မြို့ဟုသာ ခေါ်ရပေမယ့် ရွာကြီးသာသာလောက်ရှိတဲ့ မြို့တစ်မြို့ပါ။ ကျွန်တော့်အဆင့်က အရာရှိအဆင့်ဆိုတော့ လောလောဆယ် ရဲဝင်းထဲမှာရှိတဲ့ အရာရှိအိမ်တွေ မအားသေးဘာကြောင့် ရွာထဲမှာ ခေတ္တခဏဆိုပြီး နေခဲ့ကြတယ်။ (၁၉၈၆-၈၇)ခုနှစ်အတွင်းကဆိုတော့ ထိုအချိန်က လယ်/သစ် ဒုဝန်ကြီး ဦးကျော်ထိန်ရဲ့ အစ်မကြီး ဒေါ်လှကြည် အိမ်ဝင်းထဲမှာရှိတဲ့ မြေစိုက်ခြံတံရှည် သစ်သားအိမ်လေးမှာ နေခဲ့ကြရတယ်။ ဒေါ်လှကြည်ရဲ့မိခင် ဒေါ်ရွှေအိကလည်း အသက် (၉၀)ကျော်ဆိုတော့ အနေကြာလာတဲ့အခါ သားသမီးတွေလို ဖြစ်ခဲ့ကြပြီး သံယောဇဉ်တွေ ဖြစ်လာကြတယ်။ ဒုဝန်ကြီးဦးကျော်ထိန်ကလည်း အသက် (၉၀)ကျော် မိခင်ကြီး သူ့အမေကြီး ဒေါ်လှကြည်အတွက် အစစအရာရာ စိတ်ချလို့ ကျွန်တော်တို့ကိုလည်း ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဆက်ဆံပါတယ်။

ဒီလိုနဲ့ အနေကြာလာတော့ ဇနီးဖြစ်သူက ရွာထဲမှာ လှည့်ပတ်စုံစမ်းခဲ့တယ်ထင်ပ။

ကျွန်တော် အလုပ်ကပြန်လာတဲ့ နေ့တစ်နေ့မှာ-

'အစ်ကို..ညီမတို့ ခုနေကြတဲ့ တန့်ဆည်မြို့ဟာ ရာဇဝင်နဲ့ အစ်ကိုရ။ ပုဂံခေတ်က အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်တဲ့အခါ မင်းကြီးစီးလာတဲ့ ဖောင်ဟာ ဒီမြို့နားရောက်တော့ ရပ်သွားတယ်တဲ့။ အဲဒီမှာတင် ဖောင်ပေါ်မှာရှိတဲ့ အလောင်းစည်သူမင်းကြီးက လက်ညှိုးညွှန်ပြီး လမ်းပြခိုင်းလိုက်တယ်ဆိုပဲ။ ဟိုမြို့စွန်နားက ရေကန်ကြီးတစ်ကန် အစ်ကို တွေ့တယ်မဟုတ်လား။ အဲဒီနားမှာ ဘုရားစေတီတစ်ဆူကို အစ်ကို သတိထားမိလား။ အဲဒါ ပြပါဦး ဘုရားလို့ ခေါ်တယ်တဲ့'

ကျွန်တော်ဇနီးဖြစ်သူရဲ့ စကားကို နားထောင်ပြီး 'ငါမိန်းမကတော့ကွာ ရောက်တဲ့နေရာမှာ အပေါင်းအသင်းစုံ။ အင်း..ဆက်ပြောပါဦး။ နားထောင်လို့ ကောင်းသား'

လို့ သူ့စကားကို ဆက်ပေးလိုက်တော့-

'အဲဒီဘုရားစေတီ ပြိုကျတဲ့အခါ အထဲမှာ ဌာပနာ

မူလတည်ဆဲဆဲအတိုင်း တူးဖော်ရှာဖွေတွေ့ရှိမှုအခြေအနေ
(ဓာတ်ပုံတော်ရှု ဦးမိုးအောင်)

www.burmeseclassic.com

www.burmeseclassic.com

ထားတဲ့ ဗုဒ္ဓရုပ်ပွားတော်တွေ အများကြီးထွက်လာတယ်တဲ့။ အနီးအနားမှာရှိတဲ့ ဘုန်းကြီးကျောင်းတွေမှာ လက်ကျန်ဗုဒ္ဓရုပ်ပွားတော်တွေ သိမ်းထားတယ်လို့ ညီမ ရွာထဲက သတင်းကြားခဲ့တယ်'

'အဲဒီတော့ ညီမက ဘာလုပ်ချင်လို့လဲ'

ဆိုပြီး ဇနီးဖြစ်သူရဲ့ဆန္ဒကို မေးလိုက်တော့-

'ညီမတို့အိမ်က ဘုရားစင်မှာ ရှေးဘုရားဗုဒ္ဓရုပ်ပွားတော်တစ်ဆူလောက် ကိုးကွယ်ချင်တယ်' တဲ့။

ကျွန်တော်က 'အေးပါ၊ အစ်ကို ကြိုးစားကြည့်ပါ့မယ်' လို့ ပြန်ပြောလိုက်ရတယ်။

ထို့နောက်မှာတော့ ကျွန်တော့်ဇနီးရဲ့ ဆန္ဒကို ဖြည့်စွက်ပေးဖို့ ခရီးထွက်ရင်း စုံစမ်းကြည့်ရာ သိပ်မလွယ်လှပါ။ စီးပွားရေးသမားတွေက ရှေးဟောင်းဘုရားတွေကို လိုက်ရှာပြီး အထဲက ဌာပနာတွေကို ဖောက်တဲ့သူကဖောက်၊ နယ်စပ်မှာ ရောင်းတဲ့သူကရောင်းဆိုတော့ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်ရဖို့ သိပ်မလွယ်လှဘူးပေါ့။ ကြေးတို့၊ ငွေတို့နဲ့ သွန်းလုပ်ထားတဲ့ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်တွေကတော့ မရှိသလောက် ဖြစ်နေပါပြီ။ ကျွန်တော်နှင့် ကျွန်တော့်ဇနီးလိုလားနေတာက ကြေးတို့၊ ငွေတို့နဲ့ သွန်းလုပ်ထားတဲ့ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မျိုးမဟုတ်၊ တကယ်လိုချင်နေတာက အသားဘုရား ဗုဒ္ဓရုပ်ပွားတော်မျိုး။ အသားဘုရားရုပ်ပွားတော်တောင် ပျက်စီးချို့ယွင်းနေတဲ့ အသားဘုရားဗုဒ္ဓရုပ်ပွားတော်မျိုး။ မျက်နှာတော် မပျက်စီးရင်တော်ပြီ၊ အခြားနေရာတွေ ပျက်စီးနေပါစေ ပျက်စီးနေတဲ့ နေရာတွေကို ပြုပြင်ချင်တဲ့ သဒ္ဓါတရားမျိုး။ အိမ်မှာရှိတဲ့ ဘုရားစင်မှာ ကိန်းဝပ်စံပယ်နိုင်တဲ့ အနေအထားဆိုတော့ ဉာဏ်တော် အမြင့် တစ်တောင်ကျော်ကျော်လောက်ဆို တော်ပြီ။

ဒီလိုနဲ့ပဲ ကျွန်တော်တို့ ဇနီးမောင်နှံနှစ်ယောက် အားတဲ့အချိန်တိုင်း လိုက်လံစုံစမ်းရင်း နောက်ဆုံး ခု ကျွန်တော်တို့ ရောက်ရှိနေတဲ့ ကန်ဗျားအနောက်ပိုင်းကျောင်းကို ရောက်ရှိလာကြခြင်းပဲ ဖြစ်ပါတယ်။

ကျောင်းပေါ်ရောက်တော့ ကျွန်တော်တို့ကို ခေါ်လာတဲ့ ဘုန်းတော်ကြီးက ကျောင်းထိုင်ဆရာတော်ကြီး ဖြစ်နေတာကို သိလိုက်ရပါတယ်။ ကျွန်တော်တို့ကလည်း တန့်ဆည်မြို့ကို ပြောင်းလာတဲ့ အစိုးရဝန်ထမ်းဖြစ်ကြောင်း၊ ရှေးဗုဒ္ဓရုပ်ပွားတော်ကို နေအိမ်မှာ ကိုးကွယ်ထားချင်လို့ လိုက်ရှာနေတာဖြစ်ကြောင်း၊ ကိုးကွယ်ချင်တဲ့ရုပ်ပွားတော်က ပျက်စီးနေတဲ့ အသားဘုရားမျိုးကို ပြန်လည်ပြုပြင် ကိုးကွယ်ချင်ကြောင်း၊ မျက်နှာတော်က မပျက်စီးဘဲ မူလအတိုင်းရှိနေရင် တော်ပြီဟု ဘုန်းတော်ကြီးကို လျှောက်ထားလိုက်တဲ့အခါ ဘုန်းတော်ကြီးက ကျွန်တော်တို့ လျှောက်ထားချက်ကို စူးစိုက်စွာ နားထောင်ပြီးနောက် 'ဒကာကြီးတို့ ရည်ရွယ်ချက်က ဘယ်လိုရည်ရွယ်ချက်များ ရှိပါသလဲ' တဲ့။

ထိုအခါ ကျွန်တော်က စိတ်ထဲတွင် ဖြစ်ပေါ်နေတဲ့အတိုင်း ရှင်းပြလိုက်တယ်။

'ဒီလိုပါဘုရား..တပည့်တော်တို့မှာ မပြုပြင်လျှင် ကာလကြာလာတဲ့အခါ ဒီဗုဒ္ဓရုပ်ပွားတော်ဟာ သဘာဝအန္တရာယ်ဖြစ်တဲ့ ခြင်္သေ့၊ ပိုးတို့ကြောင့် ပျက်စီးပြီး ပျောက်ကွယ်သွားမယ့်အစား ဘုရားဗုဒ္ဓရုပ်ပွားတော်များကို တပည့်တော်တို့ ပြန်လည်ပြုပြင်လိုက်ခြင်းအားဖြင့် မူလအတိုင်း သဘာဝကြည်ညိုဖွယ် ဖြစ်လာစေဖို့၊ နောက်တစ်ကြောင်းက တပည့်တော်တို့ ခုပြန်လည်ပြုပြင်လိုက်တဲ့ ဗုဒ္ဓရုပ်ပွားတော်ဟာ ဟိုးရှေးအခါက ဒီဗုဒ္ဓရုပ်ပွားတော်ရဲ့ ဘုရားဒါယကာ,ဒါယိကာမတွေ ရှိကိုရှိရမှာပါဘုရား။ အဲဒီ စတင်ကိုးကွယ်သွားတဲ့ ဘုရားဒါယကာ,ဒါယိကာမတွေကို ပြုရတဲ့ ကုသိုလ်ကောင်းမှုကို အမျှပေးဝေချင်တာကတစ်ကြောင်း၊ ပြီးတော့ ဒီရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်ဟာ မူလက ကိုးကွယ်ခဲ့တဲ့ ဘုရားဒါယကာ,ဒါယိကာမတွေအနေနဲ့ အနေကဖာတင်ပြီး သားလို့ တပည့်တော်ယူဆပါတယ်ဘုရား။ ဒါကြောင့် ရှေးဆရာတော်ကြီးများ အနေကဖာတင်ပြီးတဲ့ ဗုဒ္ဓရုပ်ပွားတော်ကို တပည့်တော်တို့ ထပ်ပြီး အနေကဖာတင်ချင်ပါတယ်ဘုရား။ အဓိကအနေနဲ့ကတော့ တပည့်တော်တို့ ပြန်လည်ပြုပြင်လိုက်ခြင်းအားဖြင့် ပျက်စီးနေတဲ့ ဗုဒ္ဓရုပ်ပွားတော်ဟာ ပြန်လည်ကောင်းမွန်ပြီး အဓွန့်ရှည်ကြာ သဘာဝကြည်ညိုဖွယ် တည်တဲ့ခိုင်မြဲလို့ မြတ်ဘုရားစင်အထက်တွင် ကိန်းဝပ်စံပယ်စေချင်တဲ့ စေတနာသဒ္ဓါတရားက အဓိကပါပဲဘုရား'

လို့ စိတ်ထဲရှိသမျှ လျှောက်တင်လိုက်ပြီး တစ်ဆတည်းမှာပဲ-

'အခြားလူတွေ ပြောစကားအရ ရှေးဘုရားတွေ မကိုးကွယ်ကောင်းဘူး။ ခိုက်တက်တယ်၊ ဘာဘာညာညာ ပြောနေကြတယ်ဘုရား။ တပည့်တော်အနေနဲ့ကတော့ စကားဟာ အဓိပ္ပာယ်မရှိလို့ ထင်မိပါတယ်ဘုရား'

ထိုအခါ ဆရာတော်ကြီးက ပြုံးပြီး ပြောင်းညီလျက်-

www.burmeseclassic.com

'ဘုရားကိုးကွယ်လို့ ခိုက်တတ်တယ်ဆိုတာ မသိနားမလည်တဲ့သူတွေ ပြောတဲ့စကားပါ။ မြန်မာလူမျိုးတွေ အထွတ်အမြတ်ထားတဲ့ အတုမရှိတဲ့ မြတ်ဗုဒ္ဓရဲ့ ရုပ်ပွားတော်မှန်သမျှ ကိုးကွယ်ဖို့ ကောင်းလှပါတယ်၊ အဓိပ္ပာယ်ရှိလှပါတယ်။ သာဓု..သာဓု..သာဓု' လို့ သာဓုခေါ်ပြီး နောက် ဘုရားခန်းဘေးက အခန်းတစ်ခန်းထဲ ဝင်သွားပါတယ်။

ထို့နောက် အသားဘုရား ဗုဒ္ဓရုပ်ပွားတော်တွေ တစ်ဆူပြီးတစ်ဆူ ထုတ်လာတယ်။ အားလုံးပေါင်း(၅)ဆူ၊ အရွယ်အစားက ပလ္လင်တော်အပါအဝင် ဉာဏ်တော်အမြင့် တစ်တောင်ကျော်ခန့် အသားဘုရားဗုဒ္ဓရုပ်ပွားတော်တွေဖြစ်လို့ အခြားနေရာတွေက ပျက်စီးနေပေမယ့် မျက်နှာတော်က မူလအတိုင်း။ ကျွန်တော့်ဇနီးသည်ခမျာ ဆွေ့ဆွေ့ခုန်တော့မတတ် ဝမ်းသာနေတယ်။

ထို့နောက် ဆရာတော်ကြီးက 'ဒီလို ဒကာကြီး..ဒီရုပ်ပွားတော်ဟာ ရှေးပုဂံခေတ်လောက်က ဗုဒ္ဓရုပ်ပွားတော်တွေဖြစ်ပြီး အစဉ်အဆက် ထိန်းသိမ်းလာတဲ့ ရုပ်ပွားတော်တွေပဲ။ မတော်လောဘသမားတွေကြောင့် ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်တွေက အခိုးခံလိုက်ရတယ်တဲ့။ ကျန်ရှိတဲ့ အသားဘုရားဗုဒ္ဓရုပ်ပွားတော်တွေဟာလည်း ခေတ်အဆက်ဆက် ဖြတ်သန်းလာခဲ့ကြတော့ ဂျပန်ခေတ်လောက်မှာ ဂျပန် စစ်သားတွေက အသားဘုရားဗုဒ္ဓရုပ်ပွားတော်တွေကို ထင်းအဖြစ် မီးရှို့အသုံးပြုကြပြန်ဆိုပဲ။ ဒါနဲ့ပဲ ကျောင်းထိုင်ဆရာတော်ကြီးတွေက ရသမျှရုပ်ပွားတော်တွေကို ကျောင်းတွေမှာ ပြောင်းရွှေ့သယ်ဆောင်ပြီး ထိန်းသိမ်းခဲ့ကြရတယ်။ နှစ်ပေါင်းကြာမြင့်လာတဲ့အခါကျတော့ သဘာဝအန္တရာယ်တွေကြောင့် ပျက်စီးလာခဲ့ကြတာပေါ့။ ဒါနဲ့ပဲ ဆရာတော်အဆက်ဆက် ခြတို့၊ ပိုးတို့စားမေ့တဲ့ ရုပ်ပွားတော်တွေကို စနစ်တကျ ပြန်လည်ထိန်းသိမ်းလာခဲ့ကြတာ ဘုန်းကြီးလက်ထက်ထိပဲ ဆိုပါတော့။ ဒါတွေက လက်ကျန်ဗုဒ္ဓရုပ်ပွားတော်တွေပဲ။ ဒကာတို့ ရည်ရွယ်ချက်နဲ့ သဒ္ဓါတရား ထက်သန်မှုကို ဘုန်းကြီးက သဘောကျလို့ ကြိုက်နှစ်သက်တာ ရွေးပြီး ပူဇော်ကြပေတော့' တဲ့။

'တပည့်တော်တို့ကလည်း ဒါမျိုးကိုမှ လိုလားတာ ဘုရား' ဟု ဆိုပြီး ကျွန်တော်နှင့် ကျွန်တော့်ဇနီးတို့ စိတ်ကြိုက် ဗုဒ္ဓရုပ်ပွား(၃)ဆူကို ရွေးလိုက်ကြတယ်။

ဇနီးဖြစ်သူက ဝမ်းသာလွန်းလို့ ရုပ်ပွားတော်တွေကို လက်အုပ်ချီပြီး ပိုက်ဆံအိတ်ထဲက ပိုက်ဆံအချို့ နှိုက်ထုတ်ကာ နဝကမ္မဝတ္ထုဒွေအဖြစ် ဆရာတော်ကြီးကို လှူလိုက်တယ်။

ထိုအခါ ဆရာတော်ကြီးက 'အမျိုး၊ ဘာသာ၊ သာသနာနဲ့ ဗုဒ္ဓအမွေအနှစ်တွေကို တည်တံ့ခိုင်မြဲ အသွန်ရှည်အောင် ဆောင်ရွက်နိုင်သော သူတော်ကောင်းများ ဖြစ်ကြစေ' လို့ ဆုပေးလိုက်ပါတယ်။

ကျွန်တော်တို့လည်း ဘုရားသုံးဆူကို နေအိမ်သို့ ပင့်ဆောင်ပြီး ဘုရားစင်အထက်တွင် ခေတ္တပူဇော်ထား၍ တန့်ဆည်မြို့ လမ်းဆုံဘုရားပွဲတွင် ဘုရားပြင်ဆရာများ လာတတ်သည်ဆိုလို့ စောင့်ဆိုင်းနေစဉ် ဇနီး၏ အစ်ကိုဝမ်းကွဲ ရန်ကုန် ခြောက်ထပ်ကြီး သာသနာ့လက်ံာရကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးတိက္ခ ခရီးကြုံလို့ ဝင်လာတဲ့အခါ စင်ပေါ်က ပြုပြင်ရန် ခေတ္တပူဇော်ထားတဲ့ ဘုရားသုံးဆူကို တွေ့သွားတာကြောင့် ဘုန်းကြီးကလည်း သဒ္ဓါတရားနဲ့ ပြင်ချင်တယ်ဆိုလို့ တစ်ဆူကို ဘုန်းကြီးဦးတိက္ခကို လှူလိုက်တယ်။ ထိုဗုဒ္ဓရုပ်ပွားတော်မှာ ယခုအချိန်ထိ ခြောက်ထပ်ကြီးသာသနာ့ လက်ံာရကျောင်းတွင် ပြုပြင်ပြီး အနေအထားအတိုင်း ကိန်းဝပ်စံပယ်လျက် ရှိပါသည်။

တန့်ဆည်မြို့ လမ်းဆုံဘုရားပွဲတွင် ဘုရားပြင်ဆရာများ ရောက်လာသောအခါ ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူအား ပြုပြင်မှုများ ပြုလုပ်ခဲ့ပါသည်။ တစ်ဆူမှာ မျက်နှာတော်၊ မကိုင်္ဂတော်များ မူလအတိုင်းရှိနေသဖြင့် အခြားနေရာများတွင် အနည်းငယ်သာ ပြုပြင်ရသော်လည်း နောက်တစ်ဆူမှာ မျက်နှာတော်က မူလအတိုင်း ရှိနေသော်လည်း မကိုင်္ဂတော်မှာ ကျိုးပဲ့နေသဖြင့် ဇနီးဖြစ်သူ၏ ဆန္ဒအတိုင်း မန္တလေးမဟာမြတ်မုနိဘုရားကြီးကဲ့သို့ မင်းမြောက်တန်ဆာများဖြင့် ပြုပြင်ပူဇော်ခဲ့ပါသည်။

ဘုရားပြင်ဆရာများ၏ အတွေ့အကြုံအရ ထိုဗုဒ္ဓရုပ်ပွားတော်များမှာ ပုဂံခေတ်လက်ရာ ဗုဒ္ဓရုပ်ပွားတော်များဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

ပြုပြင်ပြီးနောက် သမ္ဘယ်ကြည်ညိုဖွယ်ကောင်းသော ဗုဒ္ဓရုပ်ပွားတော်များအဖြစ် နေအိမ်ဘုရားကျောင်းဆောင်တွင် ကိန်းဝပ်စံပယ်ပူဇော်၍ ကျွန်တော်တို့ ဇနီးမောင်နှံနှစ်ယောက် နေ့စဉ် အိပ်ရာမှထတိုင်း ဗုဒ္ဓရုပ်ပွားတော်၏ ရှေ့တော်မှောက်တွင် မေတ္တာသုတ်၊ ဓာရဏာပရိတ်တော်ကို ရွတ်ဖတ်ပူဇော်ခဲ့ရာ ပါဠိပင်မက မြန်မာပြန် အနက်အဓိပ္ပာယ်များပင်

www.burmeseclassic.com

www.burmeseclassic.com

ပန္တလေး ပဟာမြတ်မုနိဘုရားကြီးကဲ့သို့
ဖြိုလည်ပြုပြင်ထားခဲ့သော ဗုဒ္ဓရုပ်ပွားတော်
(မူရင်းဘုရားကို ကိုလိုနီလုံးဝတော်ဝင်လွှင့်ပစ်ခဲ့ပုံ)

ရရှိနေကြပါသည်။

အဓိကအနေနှင့် ဓာရဏာပရိတ်တော်ကို ရွတ်ဆိုရာ၌ ဗုဒ္ဓါနံ-မြတ်စွာဘုရားတို့၏၊ ဇိဝိတသ-အသက်၏၊ အန္တရာယော-ဘေးအန္တရာယ်ကို၊ ကေနစိ-တစ်စုံတစ်ယောက်သော သူသည်၊ ကာတုံ-ပျက်စီးအောင် ပြုခြင်းငှာ၊ နသက္ကာ-မတတ်နိုင်သကဲ့သို့၊ တထာ-ထို့အတူ၊ မေ-ဘုရားတပည့်တော်အား၊ ဟောတု-ဖြစ်ပါစေသတည်းဟု စူးစူးစိုက်စိုက် နှလုံးသွင်း ရွတ်ဆိုလေ့ရှိပါသည်။

ဓာရဏာပရိတ် ပါဠိမြန်မာပြန်တွင် မေကို ငါဟု သုံးထားသော်လည်း မြတ်စွာဘုရားရှင် ရှေ့တော်မှောက်တွင် ရွတ်ဆိုနေသည်ဖြစ်သောကြောင့် မေကို ဘုရားတပည့်တော်ဟု သုံးစွဲ၍ ရွတ်ဆိုခြင်း ဖြစ်ပါသည်။

(၁၉၈၇)ခုနှစ်ကုန်ပိုင်းတွင် ဌာနချုပ်အမိန့်ဖြင့် စစ်ကိုင်းတိုင်းမှ မကွေးတိုင်းသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရန် အမိန့်ထွက်လာသောအခါ ကျွန်တော်က-

'ကဲ..မိန်းမရေ၊ အထုပ်သာ ပြင်ထားပေတော့။ ကိုယ်တို့ မကွေးတိုင်းပြောင်းဖို့ အမိန့်ထွက်လာပြီ'

လို့ ပြောလိုက်တဲ့အခါ ဇနီးဖြစ်သူက-

'ပြောင်းဖို့ရွှေ့ဖို့ ဆိုတာတွေက ရိုးနေပါပြီ အစ်ကို ရာ။ ပြောင်းမယ့်နေ့သာပြော၊ အားလုံးအဆင်သင့် ဖြစ်စေရမယ်'တဲ့။

ဒီလိုနဲ့ပဲ ကျွန်တော်တို့မိသားစု စစ်ကိုင်းတိုင်းမှ မကွေးတိုင်းကို ပြောင်းရွှေ့ပြီး ရေနံချောင်းမြို့တွင် တာဝန်ထမ်းဆောင်လျက် ရှိနေကြပါသည်။

(၁၉၈၈)ခုနှစ်၊ ဇူလိုင်လနှင့် သြဂုတ်လများတွင် တိုင်းပြည်အနှံ့ ဆူပူမှုတွေ ဖြစ်လာကြပေပြီ။ သွားပြီ၊ တိုင်းပြည်တစ်ပြည်လုံး နေရာအနှံ့ ထိန်းမနိုင် သိမ်းမရ ဖြစ်ကုန်ပြီ။ ကျွန်တော်လည်း တပ်ဖွဲ့ဝင်မိသားစုများ လုံခြုံရေး၊ လက်နက်ခဲယမ်း လုံခြုံရေးကို အဓိကထား ဆောင်ရွက်နေရတယ်။ ပိုဆိုးလာတာက တောမီးလောင် တောကြောင်လက်ခမောင်း ခတ်ရုံတင်မက တောကျားတွေပါ လက်ခမောင်း ခတ်ကုန်ပြီ။ ခိုးဆိုးလုယက်တိုက်ခိုက် နာမည်ပျက် ရှိသူတွေလည်း ရောနှောပါလာပြီ။ တိုင်းပြည်မငြိမ်သက်မှုကို အခွင့်ကောင်းယူပြီး မင်းမဲ့စရိုက်ဆန်ဆန် လူသတ်ခေါင်းဖြတ်တဲ့ထိ ဖြစ်လာကြပြီ။

ထိုသို့ မျက်ကလူးဆန်ပျာဖြစ်နေတဲ့ အချိန်ကာလ နေ့တစ်နေ့မှာ ကျွန်တော့်တပည့်တစ်ယောက် ကျွန်တော့်ရုံးခန်းကို အမောတကော ရောက်လာကာ-

'ဆရာ..တန့်ဆည်မြို့က ရဲအုပ်ခင်သိန်းတို့ ခေါင်းဖြတ်ခံလိုက်ရတယ်'တဲ့။

'ဟော..ဟော့ကောင်၊ ဟုတ်ရဲ့လား။ ငါ ဒီမြို့က ပြောင်းလာတာကွ။ ငါနဲ့ လက်တွဲလုပ်ကိုင်ခဲ့တဲ့ ရဲအုပ်ခင်သိန်းပါ။ မင်းက ဘယ်လိုသတင်းရလာတာလဲ'

လို့ အထိတ်တလန့် မေးလိုက်တဲ့အခါ တပည့်ဖြစ်သူက-

'ဟုတ်တယ် ဆရာ၊ ရဲအုပ်ခင်သိန်းနဲ့ မြို့နယ်မှူး ဦးမြင့်သန်းတို့အပြင် ဒုရဲအုပ်တစ်ယောက်၊ ရဲဘော်တစ်ယောက်လည်း ခေါင်းဖြတ်ခံလိုက်ရတယ်တဲ့'

www.burmeseclassic.com

www.burmeseclassic.com

'ဟာ..ဟင်'နဲ့ ကျွန်တော် အံ့အားတွေ သင့်ကုန်ပြီ။ ကျွန်တော် ခေါင်းနားပန်းတွေတောင် ကြီးလာပြီ။ တန့်ဆည်ဆိုတာ ကျွန်တော်နေခဲ့တဲ့နေရာ၊ ကျွန်တော်နေခဲ့တဲ့မြို့။ ကျွန်တော် တာဝန်ကျစဉ်က ရွာထဲမှာ နေခဲ့ရတယ်လေ။ ခု ခေါင်းဖြတ်ခံလိုက်ရတဲ့သူတွေက ကျွန်တော်နဲ့ လုပ်ဖော်ကိုင်ဖက်တွေ။ ဒီအချိန် ငါသာ တန့်ဆည်မြို့မှာ ရှိနေမယ်ဆိုရင် အပြင်မှာနေတဲ့ ဘီလူးသရဲစီးနေတဲ့သူတွေ ငါ့ကို အရင်ဖမ်းမိ..မိ။ ကျွန်တော် ဆက်မတွေးရဲတော့။

ကျွန်တော့်ရုံးခန်းနဲ့ ကပ်လျက်ရှိတဲ့ ကျွန်တော်နေတဲ့ အိမ်ကို အပြေးအလွှား ပြန်သွားပြီးနောက် ဇနီးဖြစ်သူကို အကျိုးအကြောင်း ပြောပြလိုက်တဲ့အခါ ကျွန်တော့်ဇနီးနဲ့ ကျွန်တော်တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဇနီးသည်နှင့် ကျွန်တော်တို့ တိုင်ပင်ထားသည့်အလား သွားလိုက်တာက ကျွန်တော့်အိမ်ဘုရားစင် ကျောင်းဆောင်အတွင်းမှာ သပွာယ်စွာစံပယ်နေတဲ့ တန့်ဆည်မြို့မှာ တာဝန်ကျစဉ်က ပြုပြင်ပူဇော်ခဲ့သော ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၏ ရှေ့တော်မှောက်။

ကျွန်တော်တို့နှစ်ယောက်စလုံး လက်အုပ်ချီကာ ထိုခြင်းငါးပါးနဲ့ ရိုသေစွာ ရှိခိုးလိုက်ပြီးနောက်-

'ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူ၍ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ရှိခိုးပူဇော်ခြင်းကို အထူးခံယူတော်မူထိုက်သော သဗ္ဗညုတဉာဏ်တော်ရှင် သုံးလောကထွတ်ထား အတုမရှိ မြတ်စွာဘုရား..တပည့်တော်တို့ ဒီရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်အား သဒ္ဓါတရားထက်သန်စွာဖြင့် ပြုပြင်ပူဇော်ပြီးတဲ့နောက် အန္တရာယ်သေတွင်းက လွတ်ကင်းအောင် ရှောင်ဖယ်ပေးလိုက်တဲ့အတွက် တပည့်တော်တို့ သေဘေးက ဝေးခဲ့ရပါတယ်ဘုရား'လို့ ရွတ်ဆိုပူဇော်၍ ရိုသေစွာ ရှိခိုးလိုက်ကြပါတော့တယ်။

ဟုတ်ပါတယ်။ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်ကို ပျက်စီးနေသော အခြေအနေမှ ယခုကဲ့သို့ သပွာယ်စွာဖြင့် လူအများ ဖူးမြော်နိုင်ရန် မွန်မြတ်သောသဒ္ဓါတရားဖြင့် ပြုပြင်လိုက်ခြင်းတည်းဟူသော အကြောင်းတရားကြောင့် ယခုဘဝမှာပင် သေတွင်းက လွတ်ကင်းခြင်းတည်းဟူသော အကျိုးတရားကို ကျွန်တော် ခံစားလိုက်ရပါပြီ။

ဒီဗုဒ္ဓရုပ်ပွားတော်များကို ပြုပြင်ပြီးနောက်ပိုင်း ကျွန်တော် တန့်ဆည်မြို့က ပြောင်းရွှေ့ခဲ့ရတယ်လေ။ တကယ်လို့သာ ကျွန်တော် တန့်ဆည်မြို့မှာ ရှိနေမယ်ဆိုရင် ကျွန်တော့်ဘဝဟာ မတွေးရဲစရာပါ။ ဒါကြောင့် သေဘေးက ရှောင်ဖယ်ပေးလိုက်တဲ့ ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူရဲ့ တန်ခိုးတော်ကို ယုံကြည်မှု၊ သဒ္ဓါတရားများဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြတာကတော့ ကျွန်တော်နှင့် ကျွန်တော့်ဇနီးတို့ နှစ်ယောက်ပါ။

ချစ်ခင်လေးစားရပါသော စာဖတ်ပရိသတ်များကို ဤဗုဒ္ဓရုပ်ပွားတော်အား ပြင်ဆင်ပူဇော်ခြင်းနှင့် ပတ်သက်၍ သေတွင်းက ရှောင်ကွင်းနိုင်ခဲ့ရုံပင်မက ယခုလက်ရှိ ထူးခြားမှုလေးတစ်ခုလည်း ယခုအချိန်ထိ ရှိနေပါသေးတယ်။

ကျွန်တော်ဟာ (၁၉၆၆)ခုနှစ် ဖောင်ကြီးရဲအရာရှိသင်တန်း အပတ်စဉ်(၂) သင်တန်းဆင်းတစ်ယောက်ပါ။ ထို အချိန်က သင်တန်းဆင်း ရဲအရာရှိငယ်(၂၀၀) ရှိပါတယ်။ တိုင်းနဲ့ပြည်နယ် ခွဲလိုက်တော့ မွန်ပြည်နယ်မှာ ကျွန်တော် အပါအဝင် သူငယ်ချင်း(၆)ယောက် တာဝန်ကျပါတယ်။ (၁၉၆၆)ခုနှစ်ကစပြီး တာဝန်ထမ်းဆောင်ခဲ့တယ်ဆိုပါတော့။ အဲဒီအချိန်က ကျွန်တော့်အသက်(၂၂)နှစ်၊ မြို့နယ်တွေ ခွဲလိုက်တော့ မုဒုံ(၂)ယောက်၊ ကျိုက်မရော(၂)ယောက်၊ ရေးမြို့(၂)ယောက်ဆိုပြီး တာဝန်ကျသွားကြပါတယ်။ ယခု အခြေအနေကို ကြည့်လိုက်မယ်ဆိုရင်တော့ ကျွန်တော်အပါအဝင် သူငယ်ချင်း(၆)ယောက်အနက် (၃)ယောက်က တာဝန်ထမ်းဆောင်ရင်း တိုင်းပြည်အတွက် အသက်စွန့်ကာ တိုက်ပွဲကျသွားတယ်။ အောင်သိန်း၊ ချစ်ဌေ၊ ကြည်လှိုင်တို့ပါပဲ။ ကျန်သုံးယောက်အနက် နှစ်ယောက်က မကျန်းမာလို့ ကွယ်လွန်သွားကြပြီ။ မင်းဟန်၊ သိန်းဇံတို့နှစ်ယောက်ပါ။ ကျန်နေတာက ကျွန်တော်တစ်ယောက်တည်း။ ခု စာရေးနေတဲ့ (၂၀၁၅)ခုနှစ်ထိ ကျန်းမာနေလျက်။

ဒါကိုကြည့်လိုက်မယ်ဆိုရင် ကျွန်တော်မှ မပြုပြင်လျှင် ပျက်စီးပျောက်ကွယ်တော့မည့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်ကို စေတနာသဒ္ဓါတရား ထက်သန်စွာနဲ့ ပြန်လည်ပြုပြင်၊ မြတ်ဘုရားစင်အထက်မှာ ကိန်းဝပ်စံပယ်စေပြီး အခွန့်ရှည်အောင် ဖြုခဲ့တဲ့ ကုသိုလ်ကောင်းမှုကြောင့် ပျက်စီးနေတဲ့ ဗုဒ္ဓရုပ်ပွားတော်များ အခွန့်ရှည်ကြာတည်တံ့ခိုင်မြဲနေသလို ကျွန်တော်လည်း အခွန့်ရှည်ကြာ အသက်ရှင်နေတာ မဟုတ်ပါလားခင်ဗျာ။

မြင့်သာ-သောင်းတင်

(ကျောက်တန်းဘိုးသွားရိပ်သာ)

www.burmeseclassic.com

www.burmeseclassic.com

ခြေသံ တင့်ထူးရွှေ

စေလိုရာစေ ကျောင်းဆရာအဖြစ် ကိုလွင်ဦး သွားရောက်တာဝန်ထမ်းဆောင်ရသည့် နမ့်ခိုအမည်ရ ရွာလေးသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့နယ်အတွင်း၌ တည်ရှိသည်။

ရန်ကုန်မြို့တော်မှ မန္တလေးမြို့။ တစ်ဖန် သီပေါမြို့အထိ မီးရထားဖြင့်လည်းကောင်း၊ သီပေါမှ နမ့်ခိုရွာသို့ မော်တော်ကားဖြင့်လည်းကောင်း သွားရောက်ရလေသည်။ နမ့်ခိုသည် သီပေါမြို့နှင့် မိုင်းရယ်မြို့ကို ဆက်သွယ်ထားသော ကားလမ်းပေါ်တွင်ရှိသောရွာဖြစ်ပြီး သီပေါမြို့မှ (၁၅)မိုင်ခန့် ကွာဝေးသည်။

ရှမ်းတိုင်းရင်းသားအများစု နေထိုင်ကြသော ရှမ်းရွာလေးဖြစ်သည်။ အဓိကအသက်မွေးဝမ်းကျောင်းအလုပ်မှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ နေကြာ၊ ပဲပုပ်နှင့် ဆန်စပါးတို့ကို စိုက်ပျိုးကြသည်။ စိုက်ပျိုးခင်းများကို တောင်ကုန်း တောင်တန်းများပေါ်တွင် ရောင်စုံကမ္မလာခင်းထားသည့်နယ် တွေ့မြင်ရသည်။ တောက်ပသော နေရောင်ခြည်အောက်တွင် တောင်ခိုးများ၊ မြူခြေများ၊ နှင်းငွေ့များ ဝဲသီယှက်သိုင်းလျက်ရှိသော တောင်တန်းကြီးများသည် မြေပြန့်သား ကျောင်းဆရာလေးအဖို့ မရိုးနိုင်သော မြင်ကွင်းပင် ဖြစ်သည်။

ရွာလူကြီးများက ကျောင်းဆရာလေးအတွက် ဦးအိုက်လွယ်နှင့် ဒေါ်နန်းဆိုင်တို့နေအိမ်၌ နေထိုင်ရန် စီစဉ်ထားရှိသည်။ ထိုအိမ်၌ တစ်ဦးတည်းသော သားဖြစ်သူ လူပျိုပေါက် လေးတစ်ယောက် ရှိသည်။

ဦးအိုက်လွယ်အိမ်မှာ လူအများကြီး မရှိဘူး။ ဆရာလေး လွတ်လွတ်လပ်လပ် အေးအေး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဆေးဆေး နေရတာပေါ့။ ပြီးတော့ မောင်စောဝေနဲ့လည်း အဖော်ရတာပေါ့'

ဦးအိုက်လွယ်၏ နေအိမ်သည် မိသားစုသုံးဦးအတွက် ကြီးမားလွန်းလှသည်။ သွပ်မိုးပျဉ်ခင်း၊ ပျဉ်ကာ နှစ်ထပ်အိမ်ကြီးဖြစ်သည်။ အပေါ်ထပ်တွင် လူနေထိုင်ပြီး အောက်ထပ်၌ ပဲပုပ်နှင့် နေကြာစေ့များ သိုလှောင်ထားသည်။ ခြံဝင်းမှာ တစ်ဧကနီးပါး အကျယ်ရှိသည်။ ခြံနောက်ဘက်၌ ကျွဲတဲ ရှိသည်။ တောင်ယာစိုက်ခင်းမှာ ရွာ၏အရှေ့ဘက် သုံးမိုင် အကွာ၌ တည်ရှိလျက် (၁၀)ဧကခန့် ရှိသည်ဟု ဆိုသည်။

'မောင်စောဝေ..ဘာဖြစ်လို့ ကျောင်းဆက်မနေတော့တာလဲ'

'အိမ်မှာ လူမရှိဘူး အစ်ကို၊ ကျောင်းဆက်နေချင်လျှင် နမ့်လန်ဖြစ်ဖြစ်၊ သီပေါကိုဖြစ်ဖြစ် သွားရမယ်'

နမ့်ခိုမှ နမ့်လန်သို့ မိုင်(၂၀)ကျော်ကွာဝေးပြီး သီပေါသို့ (၁၅)မိုင်ခန့် ကွာလှမ်းသည်။ ရွာ၌ မူလတန်းကျောင်းလေး ရှိသည်။ ဆရာဟူ၍ နမ့်လန်ရွာမှ (၁၀)တန်းအောင် ကျောင်းဆရာမလေးတစ်ဦးနှင့် ကိုလွင်ဦးသာ ရှိသည်။ ရွာမှ လူငယ်အများစုမှာ မူလတန်းပညာအထိသာ သင်ကြားခွင့်ရကြသည်။ ထို့နောက် မိရိုးဖလာ စိုက်ပျိုးရေးလုပ်ငန်းခွင်ထဲသို့ အလိုအလျောက် ရောက်ရှိသွားကြရတော့သည်။ အချို့လည်း ဒေသထွက် ကောက်ပဲသီးနှံများကို သီပေါမြို့သို့ သယ်ယူရောင်းချသော အလုပ်ကို လုပ်ကိုင်ကြရလေသည်။

မောင်စောဝေအဖို့ မိဘနှင့်အတူ ထွန်ယက်စိုက်ပျိုးသော အလုပ်အပြင် ခွန်အားစိုက်ထုတ် လုပ်ကိုင်ရသော အိမ်မှုကိစ္စဟူသမျှကို လုပ်ကိုင်ရသည်။

နံနက်ခင်း၌ အိပ်ရာမှ စောစီးစွာထသည်။ ရွာနံဘေးရှိ ချောင်းရိုးသို့သွား၍ ရေခပ်သည်။ ကျွဲစာကျွေးသည်။ မီးမွှေးပြီး ရေနွေးတည်သည်။ အိမ်ဝန်းကျင် တံမြက်စည်းလှည်းသည်။ တောင်ယာသွားရန်ရှိပါက နေမထွက်ခင် သွားသည်။ မရှိပါက အိမ်၌ရှိသော ပဲပုပ်နှင့် နေကြာအစေ့အဆန်များ ခြွေလှေ့သိမ်းဆည်းသော အလုပ်ကို လုပ်သည်။ ထို အလုပ်များပြီးလျှင် ထင်းခွေသည်။ ကျွဲတဲသန့်ရှင်းရေးလုပ်သည်။ အလုပ်နှင့်လက် မပြတ်လုပ်ကိုင်နေတတ်သူဖြစ်သည်။ အားလပ်နေသည်ဟူ၍ မရှိ။

မောင်စောဝေကို မြင်ရသည်မှာ စိတ်ကျေနပ်ကြည်နူးဖွယ် ခံစားရသည်။ မျက်နှာမှာ အစဉ်အမြဲ ပြုံးချိုရွှင်ပျနေလျက် ဖော်ရွေပျူငှာတတ်သူ ဖြစ်သည်။ တစ်ဖက်သား အပေါ် အားတို့အားနာ ဆက်ဆံတတ်သည်။ အနစ်နာခံတတ်သည်။ ကြောက်ရွံ့တတ်သည်။ စိုးရိမ်တတ်သည်။ ထိုအရာမှာလည်း ရိုးသားသော တောင်ပေါ်ဒေသနေ တိုင်းရင်းသားတို့၏ ခေါက်ရိုးကျိုးနေသော အစဉ်အလာ အမူအကျင့်ပင် ဖြစ်သည်။ စာပေဗဟုသုတ နည်းပါးခြင်းမှာလည်း အကြောင်းအချက်တစ်ရပ်ဖြစ်သည်။ အထူးသဖြင့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ ဖိနှိပ်မှုကြောင့် အကြောက်တရားလွန်မိုးမိုးနေခြင်း ဖြစ်သည်။

ကိုလွင်ဦးကိုတော့ဖြင့် မောင်စောဝေသာမက ရွာသူရွာသား အားလုံးလိုလိုက ခင်မင်ကြသလို အားလည်းကိုးကြသည်။

ရပ်ရေးရွာရေး တိုင်ပင်ဆွေးနွေးလိုကြသည်။ ကျန်းမာရေးသုတ မေးမြန်းလိုကြသည်။ သာရေး,နာရေး ဖိတ်ကြားကြသည်။

ကျောင်းဆရာတစ်ဦးအနေဖြင့် အသိပညာစာပေဗဟုသုတ မဖွံ့ဖြိုးသေးသော ကျေးလက်ဒေသနေ လူထုအတွက် တစ်စုံတစ်ရာသော အထောက်အပံ့ကို ပေးနိုင်သည်ဟု ယုံကြည်ထားသည်။ မိမိဒေသ၊ မိမိလူမျိုးသဖွယ် သဘောမူသင့်သည်။

'အစ်ကိုလွင်ဦး၊ ကျွန်တော်တို့ရွာမှာ နေရတာ ပျော်လား'

'မပျော်မရှိပါဘူး မောင်စောဝေ၊ မပျော်လည်း ပျော်အောင်နေရမှာပေါ့။ ပျော်ရာမှာ မနေရ တော်ရာမှာ နေရမှာ မဟုတ်ဘူးလား'

♦ ♦ ♦

'သားလေး..ဒီနေ့တစ်နေလုံး ဘယ်ရောက်နေလဲ ဟေ့ဘူး ဆရာလေး'

တစ်ခုသောညနေခင်း ကျောင်းမှ အိမ်သို့ ပြန်အရောက်တွင် မိခင်ဖြစ်သူ ဒေါ်နန်းဆိုင် ဆီး၍ပြောလိုက်ခြင်းဖြစ်သည်။ အိမ်၌ ရွာသားအချို့ ရောက်ရှိနေသည်ကို တွေ့သည်။

ကိုလွင်ဦး မျက်မှောင်ကြုတ်လိုက်မိသည်။ ဒေါ်နန်းဆိုင် စကားကို မတုံ့ပြန်နိုင်ဘဲ နားမလည်နိုင်သော ရာဝန်းဖြင့် ငေးကြည့်နေမိသည်။

မောင်စောဝေ ပျောက်နေသည် ဆိုပါလား။

မောင်စောဝေသည် ပင်ကိုစရိုက်ကောင်းသူဖြစ်သည်။ ရွာလည်ပြီး အချိန်ဖြုန်းတတ်သူ မဟုတ်ပေ။ အိမ်အထဲ

www.burmeseclassic.com

www.burmeseclassic.com

ရှိလျှင်လည်း အိမ်ခ်ဳိသာ နေလေ့ရှိသူ ဖြစ်သည်။

'မနက်စာလည်း ပြန်လာမစားဘူး'

ဒေါ်နန်းဆိုင်ကပင် စကားဆိုသည်။

ထမင်းမွေ့,ဟင်းမွေ့ ဖြစ်ရလောက်သည်အထိ သွားရေးရာရသောအလုပ် မောင်စောဝေမှာ ရှိနေပါသလား။

ထိုအခိုက် ခြံချင်းကပ်လျက်အိမ်ခ်ဳိ နေထိုင်သော ကိုမြသောင်း ရောက်လာသည်။ ကိုမြသောင်းသည် မောင်စောဝေနှင့် ညီအစ်ကိုဝမ်းကွဲ တော်စပ်သည်။ ကိုမြသောင်း၏ဖခင်နှင့် မောင်စောဝေ၏ဖခင်တို့မှာ ညီအစ်ကိုအရင်းများ ဖြစ်ကြသည်။ ကိုမြသောင်းသည် ရွာမှထွက်သော ပဲပုပ်နှင့် နေကြာစေ့များကို ဝယ်ယူပြီး မန္တလေးနှင့် လားရှိုးမြို့များသို့ သွားရောက်ရောင်းချနေသော ကုန်သည်တစ်ဦးဖြစ်သည်။

'အနီးအနားက ရွာတွေအနှံ့ ကျွန်တော် သွားရှာခဲ့ပြီး ဆရာလေး။ ဘယ်မှာမှ မတွေ့ဘူး'

အနှီရွာများရှိရာသို့ မောင်စောဝေ သွားလေ့ရှိပါသလား။ သာရေး,နာရေးကိစ္စမှတစ်ပါး သွားလေ့မရှိပေ။

'ခုတလော စောဝေကြည့်ရတာ အရင်လိုကို မဟုတ်ဘူး။ ရယ်တာ ပြုံးတာလည်း မတွေ့ရသလောက်ဘဲ'

ထိုစကားကို မောင်စောဝေ၏သူငယ်ချင်း နန်းမြင့်ကြောင်ပြောလိုက်ခြင်းဖြစ်သည်။ ကုန်လွန်ခဲ့သော ကာလများကို ဦးလွင်ဦး ပြန်ပြောင်းစဉ်းစားခန်း ဝင်ရတော့သည်။ အမှန်ဆိုလျှင် ကိုလွင်ဦးသည် အားလပ်ရက်မရှိ၊ မိုးလင်းကမိုးချုပ်ကျောင်ခ်ဳိသာ အချိန်ကုန်နေလေ့ရှိပြီး အိပ်ချိန်နှင့် စားချိန်လောက်သာ အိမ်ခ်ဳိ ရှိတတ်သူ ဖြစ်သည်။

'မောင်စောဝေ သွားတတ်လာတတ်တဲ့နေရာ မရှိဘူးဘား'

ကိုလွင်ဦးမေးခွန်းက အားလုံးသောသူများ၏ အာရုံကိုး တစုတစည်းတည်း ဖြစ်စေသည်ထင့်၊ ဦးခေါင်းများ အားလုံးလည်လာပြီး မျက်ဝန်းအသီးသီးသည် ကိုလွင်ဦးဆီသို့ ရောက်လာကြသည်။

'ဟုတ်ပြီ..ဟုတ်ပြီ၊ စောဝေ သွားနေတတ်တဲ့နေရာ ဘွန်မ သိတယ်။ ကြက်တူရွေးတောင်ပေါ်က ကျောက်ဖျာဒီကိုလေ'

နန်းမြအသံက အတန်ငယ်ကျယ်သွားသောကြောင့် လူဝိုင်းလိုလို၏ မျက်နှာများပေါ်တွင် မျှော်လင့်ချက်အလင်းရောင်များ ယှက်ဖြာသွားသည်။

နမ့်ခိုရွာ မြောက်ဘက်တွင် ကြက်တူရွေးတောင်ဟု သမုတ်ထားသော တောင်တစ်လုံးရှိသည်။ နမ့်ခိုရွာတစ်ဝိုက်တွင် အမြင့်ဆုံးတောင်ဖြစ်သည်။ တောင်၏အထွတ်သည် ကြက်တူရွေးဦးခေါင်းသဏ္ဌာန်ရှိပြီး ကျောက်ဖျာသည် ကြက်တူရွေးနှုတ်သီးနှင့်တူသောကြောင့် ကြက်တူရွေးတောင်ဟူ၍ အမည်ပေးထားခြင်းဖြစ်သည်ဟု အဆိုရှိသည်။ ရွာမှ (၂)မိုင်ခန့် ဝေးသည်။

'ဒါဆိုရင် အဲဒီကို သွားရှာရမှာပေါ့'

ကိုလွင်ဦး ပြောပြောဆိုဆို ထိုင်ရာမှ ထရပ်လိုက်သည်။

'ကျွန်တော်လည်း လိုက်မယ် ဆရာလေး'

ကိုမြသောင်းအသံက တက်တက်ကြွကြွ ရှိလှသည်။

'လက်နှိပ်ဓာတ်မီး ယူသွားကြဦး'

ဦးအိုက်လွယ်က ချက်ချင်းဆိုသလို အခန်းတွင်းသို့ သွားပြီး လက်နှိပ်ဓာတ်မီးယူလာကာ ကိုလွင်ဦးလက်သို့ ပေးလိုက်သည်။

ကိုမြသောင်းအတွက် လက်နှိပ်ဓာတ်မီးကိုမူ တစ်ဖက်ခြံမှ ရပ်ကြည့်နေသော ဇနီးဖြစ်သူက လှမ်းပေးသည်။

သို့နှင့် ကိုလွင်ဦးနှင့် ကိုမြသောင်းတို့ နှစ်ဦးသားသည် ကြက်တူရွေးတောင်ရှိရာ မြောက်အရပ်ဆီသို့ ရွာလယ်လမ်းမှတစ်ဆင့် ခပ်သုတ်သုတ် ထွက်ခွာလာခဲ့ကြရလေသည်။

'ကိုမြသောင်းရော..ခုတလော မောင်စောဝေ အနေအထားကို သတိထားမိသေးလား'

'ဆရာလေးရယ်..ကျွန်တော်က ရွာနေရလှတယ် မရှိပါဘူး။ ခရီးချည်း သွားနေရတာလေ။ ရွာရောက်ပြန်ရင်လည်း ပဲပုပ်ရှာဝယ်ရ၊ နေကြာလိုက်ရှာရနဲ့ အားတယ်ကို မရှိဘူး'

'ကိုမြသောင်းက ရွာမှာမရှိလို့ ထားတာ့။ ကျွန်တော်က နိစ္စဓူဝ တစ်အိမ်တည်း အတူနေတာတောင် သတိမထားမိဘူး။ ဘယ်လောက်ပေါ့ဆလိုက်သလဲလို့'

'ကိုယ့်ကိုယ်ကိုယ် အပြစ်မတင်ပါနဲ့ ဆရာလေးရယ်။ ဆရာလေးမှာလည်း ရပ်ရေးရွာရေး၊ ကျောင်းကိစ္စ၊ စာကြည့်တိုက်ကိစ္စတွေနဲ့ အားတယ်လို့မှ မရှိတာ'

နှစ်ဦးသား စကားတပြောပြောနှင့် ကြက်တူရွေးတောင်ခြေသို့ ရောက်လာကြသည်။ အချိန်အခါမှာလည်း မှောင်ရီဖျိုးဖျဖြစ်နေလေပြီ။ တောင်မြင့်ကြီးကို သူတို့ ပြိုင်တူမော့ကြည့်လိုက်ကြသည်။ တောင်ခြေ၌ တောင်ပေါ်သို့တက်ရန် လမ်းမှိန်မှိန်လေး ရှိနေသည်။ ထိုလမ်းလေးအတိုင်း သွား

www.burmeseclassic.com

ကြရမည် ဖြစ်သည်။

တစ်စ,တစ်စ အမှောင်ထုလွှမ်းခြုံလာသလို အအေး ဓာတ်ကလည်း သိသာစွာ ပိုလာသည်။

အလင်းရောင်မျောက်သွားပြီဖြစ်သောကြောင့် နှစ်ဦးလုံး လက်နှိပ်ဓာတ်မီး အသုံးပြုရလေသည်။ လမ်းက ကွေကောက်သည်။ မတ်စောက်သည်။ ရံဖန်ရံခါ နိမ့်ဆင်းသွားသည်။ မြင်ကွင်းကျဉ်းသွား၍ ခရီးအကွာအဝေးကို မခန့်မှန်းနိုင်။

ကိုမြသောင်းက ရှေ့မှ ဦးဆောင်ပြီး ဟိုဟိုသည်သည်ကို ဓာတ်မီးအလင်းရောင်ဖေ့၍ ကြည့်ရှုနေသည်။ နှုတ်မှလည်း 'ဝေး..မောင်စောဝေ၊ ဝေး..မောင်စောဝေ' ဟူသော အသံကို တကြော်ကြော်အော်နေလေသည်။

တဖြည်းဖြည်း တောင်က ပို၍မတ်စောက်လာသည်။ သည်တစ်ကြိမ်မှာတော့ အဆင်းလမ်းမရှိတော့ဘဲ အတက် ခရီးချည်းသာ သွားနေရသည်။

'ရောက်ပြီ ဆရာလေး၊ ကျောက်ဖျာကြီးအောက်ကို ရောက်နေပြီ'

ကိုမြသောင်းထံမှ အားတက်သရောအသံ ကြားလိုက်ရသည်။ နှစ်ဦးသား ကျောက်ဖျာပေါ်သို့ ကွေ့ပတ်တက်လိုက်ကြသည်။ ဓာတ်မီးတဝင်းဝင်းထိုးသည်။ ကျောက်ဖျာပေါ်တွင် လူသူအရိပ်အယောင်ဟူ၍ မတွေ့ရ။

သို့သော်-

'ဆရာလေး..ဒီမှာ ဖိနပ်တစ်ဖက်'

'ဘယ်မှာလဲ ကိုမြသောင်း။ ဘယ်မှာလဲ'

ကိုမြသောင်းရှိရာသို့ ကိုလွင်ဦး အလျင်အမြန်ရောက်ရှိသွားသည်။ ဓာတ်မီးကို သုံးသည်။

'ဟုတ်တယ် ကိုမြသောင်း၊ မောင်စောဝေရဲ့ ဖိနပ်ပဲ'

'ဒါဆိုရင် လူကရော။ ဆရာလေး..လူက ဘယ် ရောက်သွားပြီလဲ'

ကိုမြသောင်း အမေးကို သူ ဘယ်လိုအဖြေပေးရပါ မည်နည်း။

♦ ♦ ♦

'ဟိုနားဒီနား ခဏသွားတာပဲဖြစ်မယ်။ စောဝေလား သူ့အဖေနဲ့ အမေကို ထားပြီး သွားမှာ'

'မဖြစ်နိုင်ပါဘူး။ အလွန်ဆုံး တစ်ရက်၊ နှစ်ရက်ပေါ့။ ပြန်ကို ပြန်လာလိမ့်မယ်'

'ခဏတစ်ဖြုတ် စိတ်ကောက်နေတာဖြစ်မှာ။ မကြာဘူး၊ ပြန်လာမှာ သေချာတယ်'

ကနဦးက အားလုံးသော နှမ်ခိုသားများက သည်လိုထင်ခဲ့၊ မြင်ခဲ့၊ ယူဆခဲ့ကြသည်။ သို့သော် တစ်ရက်ဦး တစ်ရက် ကုန်လွန်ကာ ရက်များကြာညောင်းလာသောအခါ အပြောအဆို၊ အထင်အမြင်များ ပြောင်းလဲသွားကြသည်။

အချို့က တောတွင်းလက်နက်ကိုင် အဖွဲ့တစ်ခုခု၏ အဓမ္မဖမ်းဆီး ခေါ်ဆောင်သွားခြင်း ဖြစ်လေမည်ဟူ၍ ထင်ကြေးပေးကြသလို အချို့ကလည်း တောကောင်တစ်ကောင်၏ အန္တရာယ်နှင့် ကြုံလိုက်ရခြင်း ဖြစ်လေမည်ဟု ယူဆကြသည်။

သို့ဖြင့် ရက်မှ လသို့ ရောက်ရှိခဲ့လေသည်။

မောင်စောဝေ၏ မိဘနှစ်ပါးမှာမူ ရက်လများ ကြာညောင်းကူးပြောင်းသွားသော်လည်း မျှော်လင့်ချက်ကို ဆုံးကိုင်လျက် သားဖြစ်သူ၏ သတင်းကိုသာ အချိန်မလပ် နားစွင့် နေကြရလေသည်။

'ငါကတော့ သူပုန်ဖမ်းသွားပြီလို့ပဲ ထင်တယ်။ ခါကြောင့် ဒီလောက်ကြာနေတာတောင် ပြန်မလာနိုင် ဖြစ်တာပေါ့။ နို့မို့ ဒီလိုဖြစ်နေပါ့မလား'

ရွာလူကြီးတစ်ဦးက သည်လိုပြောလာသောအခါ ကိုလွင်ဦး လေးလေးနက်နက် တွေးဆရတော့သည်။

နမ်ခိုရွာတစ်ဝိုက်တွင် တောတွင်းလက်နက်ကိုင်အဖွဲ့ မရှိပေ။ နမ်လန်အရှေ့ဘက်တွင်ရှိသော ရွာများဆီမှာတော့ လူပ်ရှားမှုများ မကြာခဏရှိတတ်သည်။ လက်နက်ကိုင်အဖွဲ့ အစည်း သုံးဖွဲ့ရှိသည်ဟု ကြားဖူးသည်။ သို့သော် ဤနမ်ခိုတွင် နေထိုင်ခဲ့သည့် (၂)နှစ်တာဆိုသော ကာလအတွင်း နမ်ခိုရွာနှင့် အနီးရှိရွာများသို့ ရောက်လာတတ်သည်ဆိုသော သတင်းကိုမူ မကြားဖူးချေ။ နမ်ခိုသည် လားရှိုး-သိပေါ ကားလမ်းမကြီးနှင့် မနီးမဝေးတွင်ရှိနေပြီး သီပေါမြို့နှင့် အလှမ်းမဝေးလှသောကြောင့် တောတွင်းလက်နက်ကိုင်များ အလွယ်တကူ ဝင်ထွက်နိုင်သော ပထဝီသွင်ပြင် မဟုတ်သော်

ထို့ကြောင့် မောင်စောဝေအား သူပုန်ဖမ်းသွားသည်ဟု သော အယူအဆသည် ယုတ္တိမတန်ချေ။

ကိုလွင်ဦးအထင် မောင်စောဝေ၌ အများသူငှာ မသိလို သော ပြဿနာတစ်စုံတစ်ရာ ရှိလေမည်။ တစ်နည်းဆို သော် မထွေးနိုင် မအန့်နိုင် ဖြေရှင်းရခက်ခဲနေသော အရာ ကိစ္စ ရှိလေမည်။

ဘယ်လိုပဲဖြစ်ဖြစ် မိဘနှစ်ပါးကိုတော့ အကြောင်

www.burmeseclassic.com

ကြားသင့်သည်။ အသိပေးသင့်သည်။ အဆက်အသွယ်လုပ်၍ ဘယ်နေရာမှာရှိနေသည် ဆိုတာလောက်ကိုတော့ ပြောပြသင့်သည်။

အဆက်အသွယ် ဖြတ်တောက်လျက် ကိုယ်ယောင်ဖျောက်နေသော အချက်က မိဘနှစ်ပါးကို ထိထိခိုက်ခိုက် ခံစားရစေသည်။ စိတ်နလုံးကို ကြိမ်အုံးမီးကဲ့သို့ ပူဆွေးသောက ရောက်စေသည်။

ဘယ်ကိုသွားလို့သွားမှန်းမသိ၊ ဘယ်မှာရှာလို့ ရှာရမှန်းမသိ။ ယုတ်စွအဆုံး သေသည်၊ ရှင်သည်ကို မဝေခွဲနိုင်သည့် အဖြစ်။

ခုတော့ သားလိမ္မာက သားဆိုးသားမိုက် ဖြစ်နေလေပြီ။ ရက်စက်စိမ်းကားသူ ဖြစ်နေလေပြီ။

'ဘယ်လိုအကြောင်းတရားကြောင့် သည်လိုအကျိုးတရား ဖြစ်လာရပါသလဲ'

'ဘယ်လိုအဖြစ်သနစ်က သည်လိုအခြေအနေရောက်အောင် တွန်းပို့လိုက်ပါသလဲ'

'ထိုမေးခွန်းနှစ်ခု၏ အဖြေကို ဘယ်သူဖြေနိုင်ပါသလဲ'

မောင်စောဝေသာလျှင် အဖြေပေးနိုင်မည် မဟုတ်ပါလား။ နမ့်ခိုရွာ၌ မောင်စောဝေမှတစ်ပါး အခြားအဖြေပေးနိုင်မည့်သူတစ်ဦးဦး မရှိနိုင်ပေဘူးလား။ အကယ်၍ ရှိခဲ့မည်ဆိုလျှင် ထိုသူ ဘယ်သူပါနည်း၊ ဘယ်မှာပါနည်း။ ပုထုဇဉ်တို့ နေထိုင်သော လောကကြီးထဲတွင် ပြဿနာပေါင်းများစွာ ရှိပေလိမ့်မည်။

မောင်စောဝေ တွေ့ကြုံနေရသော ပြဿနာဝေဝုစ်သည် ဘယ်လောက်ခက်ခဲ နက်နဲနေပါသနည်း။ တစ်စုံတစ်ဦးကို တော့ ဖွင့်ဟပြောဆို တိုင်ပင်ရမည်ဖြစ်သည်။ တစ်ဦးတည်း လျှို့ဝှက်သိုသိပ် ကွယ်ဝှက်ထားပြီး ရောင်ပြေးခြင်းဖြင့် ပြဿနာကို ဖြေရှင်းနိုင်မည် မဟုတ်ပေ။

ပျောက်သောသူကိုတော့ ရှာကြေးကြသည်။

မိဘနှစ်ပါးခမျာ တောင်ယာအလုပ်နှင့် မအားမလပ်နိုင်သောကြောင့် လူပျောက်ရှာပုံတော်အလုပ်ကို မလုပ်နိုင်ကြချေ။ ခရီးလှည့်လည်သွားလေ့ရှိသော ကိုမြသောင်းက ရောက်ရာအရပ်၌ မောင်စောဝေသတင်းကို စုံစမ်းပေးရသည်။ ထို့အတူ ရွာမှ အခြားမြို့ရွာများသို့ သွားကြသော ရွာသူရွာသားများကလည်း ကူညီစူးစမ်း ရှာဖွေပေးကြလေသည်။

သို့သော် မောင်စောဝေ၏ သတင်းကိုကား စိုးစဉ်းမျှ မရခဲ့ကြချေ။ စင်စစ် မောင်စောဝေသည် ပုန်းအောင်းနေလေခြင်းဖြစ်သည်။ ပုန်းနေသူကို ဘယ်သူရှာလို့ တွေ့ပါမည်နည်း။

♦ ♦ ♦

'အစ်ကိုလွင်ဦး..အစ်ကို၊ အစ်ကိုလွင်ဦး'

အသံက ခပ်အုပ်အုပ်၊ မတိုးမကျယ်။ ဘယ်သူများပါလိမ့်။

အိမ်၌ ကိုလွင်ဦးတစ်ယောက်တည်းသာ ရှိသည်။ ဦးအိုက်လွယ်နှင့် ဒေါ်နန်းဆိုင်တို့ နှစ်ဦးမှာ အရာဏ်မတက်မီ ကပင် တောင်ယာသို့ ထွက်ခွာသွားခဲ့ကြသည်။ ကိုလွင်ဦး မျက်လုံးကို အားယူ၍ ဖွင့်ကြည့်လိုက်သည်။ အခန်းတွင်း၌ အလင်းရောင်အားနည်းနေသောကြောင့် ဘယ်သူဘယ်ဝါမှန်း မဝေခွဲနိုင်။ ကိုမြသောင်း မဟုတ်သည်မှာကတော့ အလွန်သေချာသည်။ ကိုမြသောင်းက သူ့ကို ဆရာလေးဟုသာ ခေါ်ဝေါ်တတ်သည်။ ပြီးတော့ ကိုမြသောင်းသည် တစ်မြန်နေကပင် ခရီးထွက်ခွာသွားခဲ့ပြီ ဖြစ်လေသည်။ သို့ဆိုလျှင် မောင်စောဝေများ ဖြစ်နေလေမလား။

ကိုလွင်ဦး အိပ်ရာမှ လူးလဲထသည်။ ခြင်ထောင်ကို မ,ပြီး အပြင်သို့ထွက်သည်။ ခုတင်ပေါ်မှ ဆင်းသည်။ အသေအချာ အနီးတပ်ကြည့်လိုက်သောအခါ သူထင်သည့် အတိုင်း မောင်စောဝေ ဖြစ်နေသည်ကို တွေ့လိုက်ရသည်။ သူ ဝမ်းသာသွားသလို ကရုဏာဒေါသစိတ်လည်း တစ်ချိန်တည်း၌ ဖြစ်ပေါ်လာသည်။

'မင်း ဘယ်သွားနေတာလဲ။ ဘာတွေလုပ်နေတာလဲ။ နေနိုင်လိုက်တာကွာ။ (၄၊ ၅)လလောက်တောင် ရှိနေပြီ။ ဒီမှာ အားလုံး စိတ်ပူနေကြပြီ'

မောင်စောဝေပခုံးကိုဖက်ပြီး ကိုလွင်ဦး အိမ်ရှေ့ခန်းသို့ ဦးဆောင်ထွက်လိုက်သည်။

'ဟ..မင်း ခေါင်းတုံးကြီးနဲ့ပါလား'

အိမ်ရှေ့ခန်းဖျာပေါ်တွင် နှစ်ဦးလုံး ထိုင်လိုက်ကြသည်။

'ဟုတ်တယ် အစ်ကို၊ ကျွန်တော် ဘုန်းကြီးဝတ်လိုက်သေးတယ်။ လူထွက်လာတာ မကြာသေးဘူး'

'ဘယ်မှာ သွားဝတ်တာလဲ'.

'မူဆယ်နားက ဆယ်လန်ဆိုတဲ့ ရွာလေးမှာ'

'မင်းကွာ၊ ဘုန်းကြီးဝတ်တာကိုများ ဒီရွာမှာဝတ်ရင်လည်း ရလျက်သားနဲ့'

'ရွာမှာမနေချင်ဘူး အစ်ကိုရာ။ ရွာမှာ မနေချင်လို့

www.burmeseclassic.com

ကျွန်တော် ထွက်သွားရတာ'

'ဘာဖြစ်လို့လဲ။ ဘာဖြစ်လို့ ရွာမှာ မနေချင်ရတာလဲ'

'နောက်တော့ အစ်ကို့ကို ကျွန်တော်ပြောပြမှာပါ'

'နေပါဦး၊ မင်းက ဘာဖြစ်လို့ ဒီလောက်ထိကြာအောင် နေရတာလဲ။ ဘယ်မှာရှိတယ် ဆိုတာလောက်ကိုတော့ အသိပေးသင့်တာပေါ့'

'ရွာကို အကြောင်းကြားလိုက်ရင် ရွာကလူတွေ လိုက်လာကြမှာလေ။ အဲဒါကလည်း..'

မောင်စောဝေ စကားမဆက်ဘဲ အတန်ကြာငြိမ်သွားသည်။

ထို့နောက်မှ 'အဲဒါကလည်း ကျွန်တော် မတွေ့ချင်တဲ့သူတွေ၊ မတွေ့ရဲတဲ့သူတွေနဲ့ တွေ့ရမှာစိုးလို့ပါ' ဟု ဆိုသည်။

ကိုလွင်ဦး နဖူးကြောတွန့်သွားသည်။ မောင်စောဝေ စကားကို သူ နားမလည်။

'ငါ နားရှုပ်သွားပြီ မောင်။ ရွာမှာ မတွေ့ချင်တဲ့သူ၊ မတွေ့ရဲတဲ့သူ ရှိတယ် ဟုတ်လား။ နားရှိလို့သာ ကြားရတယ်၊ မဖြစ်နိုင်တာကွာ'

'အဲဒါကိုလည်း ကျွန်တော် နောက်မှ ရှင်းပြပါ့မယ်'

'ဟော..လုပ်ပြန်ပြီ ပဟေဠိ'

ကိုလွင်ဦး လက်လျှော့လိုက်ပြီး ထိုင်ရာမှထရပ်သည်။

'ကဲ..ထားပါတော့။ ငါလည်း ကျောင်းသွားရဦးမယ်။ မင်းလည်း အမေနဲ့အဖေကို ပြန်ရောက်ပြီဆိုတဲ့အကြောင်း သွားပြောပြလိုက်ဦး'

'ဟုတ်ကဲ့' ဟုဆိုပြီး မောင်စောဝေ အိမ်ထဲမှ ထွက်ခွာသွားသည်။

ထိုတစ်နေ့က ကိုလွင်ဦးသည် ကလေးငယ်များကို စာသင်ကြားရင်း ပုံမှန်လည်ပတ်လျက်ရှိသော ကာလဇယားကို ကျော်ဖြတ်၍ ညနေခင်းသမယသို့ တိုင်ခဲ့ရလေသည်။ အိမ်သို့ ပြန်ရောက်သောအခါ မောင်စောဝေကို အဆင်သင့်တွေ့ရသည်။

'အဖေနဲ့ အမေရော ဘုန်းကြီးကျောင်း ရောက်သွားကြတယ် အစ်ကို။ တစ်ဆက်တည်းပင် အစ်ကို ထမင်းစားပြီးရင် ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် ကျောက်ဖျာဘက်ကို လမ်းလျှောက်ကြရအောင်' ဟု ပြောသည်။

ကိစ္စဝိစ္ဆများ ပြီးသွားသောအခါ သူတို့နှစ်ဦး အိမ်မှ ထွက်လာခဲ့ကြသည်။ ခြေလှမ်းများက လေးလံနေသော်လည်း အဓိပ္ပာယ်ရှိသော ခြေလှမ်းများဖြစ်မည်ဟု ကိုလွင်ဦး ခံစားရသည်။

'ကျွန်တော် နှမ့်ခိုမှာ ကြာကြာနေနိုင်တော့မယ် မထင်ဘူး အစ်ကို'

ကျောက်ဖျာပေါ်၌ နှစ်ဦးသား နေရာယူပြီးသောအခါ ရောက်မဆိုက် မောင်စောဝေ စတင်လိုက်သောစကားဖြစ်သည်။ ကိုလွင်ဦး မေးခွန်းထုတ်မည် ကြိုရွယ်မိသေးသည်။ သို့သော် မမေးဖြစ်တော့ဘဲ မောင်စောဝေ ဖွင့်အန်လာမည့် စကားကိုသာ ငုံလင့်နေလိုက်သည်။

'အစ်ကို့ကို အခု ကျွန်တော်ပြောပြမယ့်အကြောင်းတွေကို အစ်ကို လျှို့ဝှက်ပေးထားနိုင်ပါ့မလား'

'မင်းနယ်ကွာ.. ဘယ်လိုမှန်းလည်းမသိ၊ ဘာအကြောင်းမှန်းလည်း မသိဘဲနဲ့။ ကဲပါကွာ၊ ကတိပေးပါတယ်။ ပြောမယ့်ဟာကိုသာ ပြောပြပါတော့'

'အစ်ကို့ကို အစ်ကိုတစ်ယောက်လို သဘောထားပြီး ပြောပြတာပါ။ အသိပေးသင့်တယ်လို့လည်း ထင်တယ်။ အခြားလူတွေကိုတော့ ဘယ်လိုမှကို ပြောလို့မဖြစ်တဲ့အကြောင်းမို့လို့ပါ'

'ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ နိဒါန်းက ပြည့်စုံသွားပါပြီ'

'အဖြစ်က ရှက်စရာပါ အစ်ကို။ ရှက်စရာ အရမ်းကို ကောင်းပါတယ်။ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့အထိတောင် စဉ်းစားမိတယ်။ မလုပ်ရဲတာနဲ့ မလုပ်ဖြစ်တာ။ နောင်တလည်း အရမ်းရတယ်။ ကျွန်တော်သာ အဲဒီခရီးကို မလိုက်သွားမိခဲ့ရင် ခုလိုအဖြစ်မျိုး ကြုံရမှာမဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ် ငြင်းခဲ့ရမှာ။ သူတို့က ယောကျ်ားလေးအဖော်မရှိလို့ အတင်းခေါ်ကြတာ။ အဖေနဲ့ အမေကလည်း တိုက်တွန်းနေတာမို့လို့ လိုက်သွားလိုက်မိတာ'

'ဘယ်ကိုလိုက်သွားမိတာလဲ။ ကိုယ်တော် ပြောမယ် ဆိုရင်လည်း အစကနေအဆုံး ပြည့်စုံအောင်ပြော'

'တောင်ပြိုးပွဲကိုပါ'

အသံက တိုးလျလျနဲ့သည်။ လွန်ခဲ့သောနှစ် နွေကတောင်ပြိုးပွဲသို့ ရွာမှ မိန်းကလေးတစ်သိုက်နှင့်အတူ မောင်စောဝေ လိုက်ပါသွားသည်ဟု ကြားရသည်။ ထိုအချိန်က ရွာမှာ ကိုလွင်ဦး မရှိပေ။ ရန်ကုန်သို့ ခေတ္တခဏပြန်သွားချိန်ဖြစ်သည်။

'ကဲ..လုပ်စမ်းပါဦး။ တောင်ပြိုးပွဲမှာ ဘာလွဲဖြစ်ခဲ့တယ် ဆိုတာကို'

www.burmeseclassic.com

www.burmeseclassic.com

'အဲဒီတုန်းက ကျွန်တော် တကယ့်ကို အသိစွမ်းမရှိခဲ့တာပါ။ တမင်တကာအကြံအစည်နဲ့ ရည်ရွယ်ပြီး လုပ်ခဲ့တာမဟုတ်ပါဘူး။ ကျွန်တော် ကျိန်တွယ်ပြီး ပြောရဲပါတယ်'

'မင်းက အသိစိတ်လွတ်နေတယ်။ ဘာကြောင့်လဲ၊ ဘာဖြစ်လို့ အသိစိတ်လွတ်နေရတာလဲ'

မောင်စောဝေ ခေါင်းတွင်တွင်ယမ်းသည်။

'အရက်ကြောင့်လို့ထင်တယ် အစ်ကို။ ကျွန်တော် အရက်သောက်မိသွားတယ် ထင်တယ်'

'ဟကောင်ရ..ကိုယ် ဘာလုပ်လို့ လုပ်မိမှန်းတောင် မသိဘူးလား'

'ကျွန်တော် အရက်မသောက်တတ်မှန်း အစ်ကိုသိပါတယ်။ ခုဟာက ကျွန်တော် မသိလိုက်ဘဲ သောက်လိုက်မိသွားတာပါ။ ကျွန်တော်သောက်မယ့် အချို့ရည်ဘူးထဲကို အရက်ထည့်ထားလိုက်ကြတယ် ထင်တယ်'

'ဘယ်သူလဲ၊ ဘယ်သူတွေက အချို့ရည်ထဲကို အရက်ထည့်လိုက်ရတာလဲ'

'ဘယ်သူမှန်း မသိလိုက်ဘူး။ လူက လေးယောက်လေ။ အလစ်မှာ ထည့်လိုက်တာဖြစ်မှာ။ အပျော်စကြ, နောက်ကြတာပါ။ သူစိမ်းမပါ,ပါဘူး။ ကျွန်တော်တို့ နှမ်ခိုက လူတွေချည်းပါပဲ။

မူးကလည်းမူး၊ ရေကလည်းငတ်နေတဲ့ အချိန်ဆိုတော့ ကျွန်တော်လည်း အချို့ရည်ဘူးကို တစ်ကျိုက်တည်း ကောက်မော့လိုက်တာပေါ့။ မကြာပါဘူး၊ ချက်ချင်း ခေါင်းတွေမူးလာတယ်။ မျက်ခွံတွေ လေးလာတယ်။ အဲဒီနောက် ကျွန်တော် လဲကျသွားတယ်။ ခဏတော့ အသိစိတ်ရှိနေသေးတယ်။ အဲဒီနောက်ပိုင်း ဘာမှကိုမသိတော့ဘူး။

သတိပြန်ရလာတဲ့အချိန်က အတော်ကြီးကို မှောင်နေပြီ။ အပြင်ဘက်မှာ မီးရောင်တော့ရှိနေတယ်။ သတိရလာတော့မှ ကျွန်တော် အိပ်ပျော်သွားမှန်း သိရတော့တယ်။ အိပ်ပျော်နေရာက လန့်နိုးလာပြီး ချောက်ကမ်းပါးပေါ်က ပြုတ်ကျသွားသလိုမျိုး၊ လေဟုန်စီးနေသလိုမျိုး အိပ်မက်လိုလို၊ အပြင်မှာ တကယ်လိုလို ဘာဖြစ်နေမှန်း မသိဘူး။ နောက်တော့ အာခေါင်တွေ ခြောက်လာတယ်။ ရေတစ်လိုက်တာလေ။ အဲဒီတော့ အိပ်ရာကထပြီး ရေသောက်ဖို့ သတိရလာတယ်။ ကျွန်တော် အိပ်ရာက ထတယ်၊ မရဘူး။ ကျွန်တော့်ရင်ဘတ်ကို တစ်ခုခုက ဖိထားသလို ဖြစ်နေတယ်။ မျက်စိဖွင့်ပြီး အသေအချာကြည့်လိုက်တော့ လက်တစ်ဖက် ဖြစ်နေတယ်။ မိန်းမတစ်ယောက်ရဲ့ လက်တစ်ဖက်။ ကျွန်တော့်ကိုဖက်ပြီး အိပ်ပျော်နေတဲ့ မိန်းမတစ်ယောက်ရဲ့ လက်တစ်ဖက်။

ကျွန်တော် အလန့်တကြား အိပ်ရာက လူးလဲထလိုက်ပြီး အဲဒီမိန်းမ ဘယ်သူလဲလို့ ကြည့်လိုက်တယ်ဆိုရင်ပဲ ကျွန်တော် အရမ်းကိုအံ့သြသွားတယ်။ မယုံနိုင်ဘူး။ မဖြစ်နိုင်ဘူး၊ မဟုတ်ဘူးဆိုပြီး အသေအချာ ထပ်ကြည့်တယ်'

မောင်စောဝေ စကားမဆက်နိုင်ဘဲ နှုတ်ဆိတ်ငြိမ်သက်သွားသည်။ ထို့နောက် ရွိုက်သံတစ်ချက် ထွက်ပေါ်လာသည်။ ရွိုက်သံနှင့် မရှေးမနှောင်းမှာပင် ရွိုက်ကြီးတငင် ငိုကြွေးလိုက်သံကို ကြားလိုက်ရသည်။

အချိန်အတန်ကြာသည်အထိ မောင်စောဝေ ငိုကြွေးနေလေသည်။ ငိုကြွေးသံ တိုးတိတ်ပျောက်ကွယ်သွားသည်အထိ ကိုလွင်ဦး တိတ်ဆိတ်ငြိမ်သက်စွာ စောင့်ဆိုင်းနေလိုက်ရသည်။ ဩော်..မောင်စောဝေ၏ ပြဿနာအရင်းအမြစ်သည် မိန်းမတစ်ဦးနှင့် မှောက်မှားမိခြင်းပေကိုးဟု သိရှိသွားရတော့သည်။

ထိုအခိုက် မောင်စောဝေထံမှ အသံထွက်လာသည်။

'အဲဒီအမျိုးသမီး ဘယ်သူဖြစ်မယ်ထင်လဲ အစ်ကို၊ မမန္တယ် ဖြစ်နေတာဗျ။ တခြားလူမဟုတ်ဘူး၊ ကျွန်တော့် အစ်ကိုရဲ့မိန်းမ။ ကျွန်တော့်အစ်ကို ကိုမြသောင်းရဲ့မိန်းမ မမန္တယ် ဖြစ်နေတာဗျ'

♦ ♦ ♦

အိမ်သို့ မိမိသဘောဖြင့် မိမိပြန်လည်ရောက်ရှိလာသော မောင်စောဝေသည် တောင်ယာနှင့် အိမ်မှုကိစ္စအလုံးစုံကို ယခင်ကနည်းတူ ဝတ္တရားမပျက် လုပ်ကိုင်နေခဲ့လေသည်။

သို့သော် ရွှင်ရွှင်ပျပျမရှိ။ တွေတွေငေးငေး၊ လေးလေးမှန်မှန် လူပ်ရှားနေခြင်းဖြစ်သည်။ တစ်ဖန် အိမ်၌ အအိပ်အနေ မရှိသလောက် နည်းလာပြီး တောင်ယာတဲ၌သာ အအိပ်အနေ များလာလေသည်။ ရံဖန်ရံခါ အိမ်သို့ ပြန်လာလျှင်လည်း မိုးကြီးချုပ်မှ ရောက်လာတတ်ပြီး အိမ်မှ မိုးမလင်းခင် ထ၍ တောင်ယာသို့ ပြန်သွားတတ်သည်။

အထူးသဖြင့် ကိုမြသောင်း ရွာသို့ပြန်ရောက်နေသော ကာလများမှာတော့ မောင်စောဝေအား ရွာ၌တွေ့ရတော့မည် မဟုတ်ပေ။ တောင်ယာတဲ (သို့မဟုတ်) ကြက်တူရွေးတောင်တစ်ဖက်တွင်ရှိသော ဥတစ်ဥထဲ၌သာ သွားရောက်နေထိုင်နေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

'မင်းကိုမြင်ရတာ ပင်ပန်းဆင်းရဲလွန်းတယ်ကွာ။ ကိုမြသောင်းကို မတွေ့ရဲလောက်အောင် မျက်နှာပူနေတာကို ငါရိပ်မိပါတယ်။ ဒါပေမဲ့ ဖြစ်သွားပြီးတဲ့ကိစ္စက မင်း လော်မာလို့ မင်းပယောဂကြောင့် ဖြစ်ရတာမဟုတ်ဘူး။ တစ်ဖက်က မရိုးသားလို့ ဖြစ်ရတာပါ'

'အစ်ကိုမြသောင်းနဲ့ တွေ့ရမှာကို ကျွန်တော် သေမလောက် ကြောက်တယ်။ ကျွန်တော်နဲ့ ကိုမြသောင်းဆိုတာ ညီအစ်ကိုတစ်ဝမ်းကွဲပေမယ့် ညီအစ်ကိုအရင်းလိုပါပဲ။ သူ အိမ်ထောင်မကျခင်ကဆိုရင် ကျွန်တော်တို့နှစ်ယောက် အတူသွား၊ အတူစား ဘယ်တော့မှ မခွဲကြဘူး။ အစ်ကိုက ကျွန်တော့်အပေါ် အရမ်းကောင်းခဲ့တယ်။ အဝတ်အစားကအစ သူ့အတွက်ဝယ်ရင် ကျွန်တော့်အတွက်လည်း ဝယ်ပေးတယ်။

မမန္တယ်က ကျွန်တော်တို့ နမ့်ခိုသူ မဟုတ်ဘူး။ အစ်ကို မြသောင်း ကုန်ရောင်းသွားရင်း မန္တလေးမှာ တွေ့လာတာ။ ကျွန်တော် လိပ်ပြာမလုံဘူး အစ်ကို။ တစ်ခ်ိုန်ချိန်မှာ အစ်ကို မြသောင်း သိသွားမယ်လို့ ထင်နေတယ်။ အထိတ်ထိတ်အလန့်လန့် ခံစားနေရတယ်။ နောက်ပြီး နားထဲမှာ အသံတစ်သံကို အမြဲတမ်းလိုလို ကြားနေရတယ်။ အသံက ပုံတင်ထပ်နေတယ်'

'ဘာသံလဲ။ ဘာသံကို ကြားနေရတာလဲ'

'ခြေသံ..အစ်ကိုမြသောင်း အိမ်ကိုလာရင် အမြဲကြားနေကျ အသံမျိုး'

ကိုလွင်ဦးက မောင်စောဝေမျက်နှာကို အလန့်တကြား လှမ်းကြည့်လိုက်သည်။ ထူးဆန်းသောစကား၊ အဆီအငေါ်မတည့်သောစကားဟု သူ ယူဆသည်။ မောင်စောဝေ ဘာများဖြစ်သွားလေပြီနည်း။ မောင်စောဝေ၏အာရုံ၌ အမှန်မဟုတ်သော အမြင်များ ထင်ဟပ်နေလေပြီလား။

'အဲဒီခြေသံကြားရင် ကျွန်တော် ဘယ်လိုမှ မခံနိုင်ဘူး။ လူက ဂနာမငြိမ်ကို ဖြစ်လာတယ်'

'မင်း ဆယ်လန်ဘုန်းကြီးကျောင်းမှာ နေတုန်းကရော အဲဒီလိုမျိုး ခြေသံကို ကြားနေရတာပဲလား'

မောင်စောဝေ တွေသွားပြီး စဉ်းစားဟန်ပြုသည်။

'ဆရာတော်က တရားမှတ်ခိုင်းတယ်။ တရားမှတ်ခါစ ဒေါက်မှာပဲ စိတ်ကငြိမ်နေတာ။ မကြာဘူး၊ အသံက နားထဲ ရောက်လာပြန်တယ်။ အဲဒီခြေသံ ကြားရတာနဲ့ ဘယ်ကိုထွက်ပြေးချင်မှန်းမသိဘူး။ လူတွေမရှိတဲ့ ဟင်းလင်းပြင်ထဲကို ထွက်ပြေးလိုက်ချင်တယ်'

'အသံကြားရတိုင်း ထွက်ပြေးချင်တယ်ဆိုတော့ အစ်တမ်းကို ထွက်ပြေးနေရရောလား'

'အဲလိုကြီးတော့ အမြဲတမ်း အသံကြားတိုင်း မပြေးမိဘူး။ လူက လူပ်လူပ်ရှားရှားဖြစ်နေပေမယ့် မပြေးမိဘူးထင်ပါရဲ့။ ထွက်ပြေးတယ် ဆိုတာကိုလည်း မသိပါဘူး၊ သတိရလာတော့မှ တခြားနေရာ ရောက်ရောက်နေတယ်လေ'

အနီဝေဒနာသည် စိတ်ဝေဒနာဖြစ်လေသည် မဟုတ်ပါလား။

'ဒီနှစ် နွေရာသီကျောင်းပိတ်ရက် ကျွန်တော် ရန်ကုန်ပြန်ရင် မောင်စောဝေကို ထည့်ပေးလိုက်ပါလား။ အလည်သဘော ရောက်ဖူးတယ်ရှိအောင်'

ကိုလွင်ဦးစကားကို ဦးအိုက်လွယ်နှင့် ဒေါ်နန်းဆိုင်တို့နှစ်ဦးက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လျက်-

'အားနာစရာ ဆရာလေးရယ်..မခေါ်သွားပါနဲ့။ ခင်ဗျားက ဝေးနဲ့။ ပြီးရင် သားလေးက နေကောင်းလှတာမဟုတ်တော့'

ဒေါ်နန်းဆိုင်က အားနာစကားဆိုသည်။

'ကျွန်တော်က ရန်ကုန်မှာ မောင်စောဝေကို ဆေးစစ်ပေးချင်တယ်။ နားလည်တဲ့ ဆရာဝန်တွေနဲ့ ဘာဖြစ်နေတယ်ဆိုတာ ပြကြည့်ချင်တယ်'

'မောင်စောဝေက မကျန်းမမာကြီး ဖြစ်နေတာတော့ မဟုတ်ဘူးနော့ ဆရာလေး'

ဦးအိုက်လွယ်က မောင်စောဝေမှာ ရောဂါတစ်ခုခု ရှိနေသည်ကို လက်ခံလိုဟန် မရှိပေ။ အများအမြင်တွင် လူပ်လူပ်ရှားရှား သွားသွားလာလာ လုပ်ကိုင်နိုင်နေသောကြောင့် ကျန်းမာရေးကောင်းနေသည်ဟု ထင်နေပုံရသည်။ မောင်စောဝေ၏ ဝေဒနာက ရုပ်ပိုင်းခန္ဓာ၌မဟုတ်၊ စိတ်၌သာ ဖြစ်သည်။

မောင်စောဝေ၌ စိတ်ရောဂါဟု ယူဆရသော ထိခိုက်ချို့ယွင်းမှု ဖြစ်နေပြီဟုဆိုလျှင် ဦးအိုက်လွယ် လက်ခံနိုင်ပါမည်လား။

ကိုလွင်ဦးသည် ကျောင်းဆရာတစ်ဦးမျှသာဖြစ်သည်။ သာမန်မူလတန်းပြ ဆရာပေါက်စလေးတစ်ဦးမျှသာဖြစ်သည်။ ရောဂါဝေဒနာတစ်ရပ်ရပ် ကုသပေးနိုင်သော ဆရာဝန်တစ်ဦး မဟုတ်။

ဦးအိုက်လွယ် သဘောပေါက်နားလည်လာအောင် ကို

www.burmeseclassic.com

လွင်ဦး ရှင်းပြပြောဆိုချင်နေသည်။ ဦးအိုက်လွယ်အပေါ် ဩဇာလွှမ်းမိုးနိုင်သော ရွာကျောင်းဆရာတော်ကို သူ အမှတ်ရသွားသည်။ သို့သော် ဆရာတော်သည် အသက်(၉၀) အရွယ် အိုမင်းမစွမ်း အိပ်ရာထဲ လဲနေလေသူ။ ကျောင်း၌ အခြားသံဃာလည်း တစ်ပါးတလေမျှမရှိ။ ကိုရင်ငယ်လေး တစ်ပါးသာ ရှိသည်။

ထိုကာလအတွင်းမှာပင် ဦးအိုက်လွယ်သည် မောင်စောဆေးသာသနာ့ဘောင်သို့ သွတ်သွင်းလျက် ရဟန်းပြုပေးလိုက်လေတော့သည်။

ကိုလွင်ဦး ဘာများတတ်နိုင်ပါအုံးနည်း။

မိဘအုပ်ထိန်းသူ၏ဆန္ဒနှင့် မျှော်လင့်ချက်ကို လွန်ဆန်၍ ရကောင်းပါမည်လား။

♦♦♦

'ဒကာကြီး..ဒကာကြီး'

ကိုလွင်ဦးထိုင်နေသော ထိုင်ခုံရှေ့တွင် သံဃာတော် တစ်ပါး လာရပ်သည်ကို သတိပြုမိသည်။ သံဃာတော်ကို သူ မော့ကြည့်လိုက်သည်။ အသားဖြူဖြူ၊ မျက်နှာချိုချိုအေးအေးဖြင့် ကြည်ညိုစဖွယ်သဏ္ဌာန်ကို ဖူးတွေ့ရသည်။

'ဒကာကြီးက ကျုပ်တို့ရွာမှာ တာဂန်ကျခဲ့တဲ့ကျောင်းဆရာ မဟုတ်လား'

ကိုလွင်ဦး ထိုင်နေရာမှ သွက်လက်စွာထ၍ လက်အုပ်ချီသည်။ ဖိနပ်ကို ချွတ်သည်။

'တင်ပါ့ဘုရား၊ တပည့်တော်က လွင်ဦးပါ။ ကျောင်းဆရာ မှန်ပါတယ်။ အရှင်ဘုရားက..'ဟု ဇဝေဇဝါမျက်နှာဖြင့် ပြန်၍လျှောက်ထားလိုက်သည်။

'တိုက်တိုက်ဆိုင်ဆိုင် တွေ့မှတွေ့တတ်ပလေ။ ဒကာကြီး..ကျုပ်ကို မမှတ်မိတော့ဘူးပေါ့။ ကျုပ်က နမ့်ခိုရွာက မောင်စောဝေလေ။ ခုတော့ ဦးစန္ဒာဝရဖြစ်နေပြီ'

ထိုသံဃာတော်သည် နမ့်ခိုရွာမှ မောင်စောဝေ ဖြစ်ပါသတဲ့လား။

'ထိုင်ပါ အရှင်ဘုရား၊ ဒီထိုင်ခုံမှာ ထိုင်လိုက်ပါ'

တစ်ခုံတည်းသော ထိုင်ခုံ၌ နေရာပေးလိုက်သည်။

'ဒကာကြီး အုံ့ဩနေတယ်မဟုတ်လား'

'အုံ့ဩနေသလို အရှင်ဘုရားကို ခုလို ကျန်းကျန်းမာမာ မြင်လိုက်ရလို့ ဝမ်းသာသွားတာက ပိုပါတယ်ဘုရား'

ထိုစဉ် အသံခဲ့စက်ဆီမှ ရန်ကုန်-မန္တလေး အဆန်အထူးအမြန်ရထားတွဲဆိုင်း ထိုးလာနေပြီဖြစ်ကြောင်း ကြေညာလိုက်သံ ထွက်ပေါ်လာသည်။

'အရှင်ဘုရား..ဘယ်ကိုကြွမှာပါလဲဘုရား'

'ကျုပ်က မန္တလေး၊ ဒကာကြီးကရော'

'တပည့်တော်လည်း မန္တလေးကိုပါပဲဘုရား'

ရထားတွဲဆိုင်း ရောက်ရှိလာပြီဖြစ်၍ ရန်ကုန်ဘူတာကြီးအတွင်းမှ ခရီးသည်များ လှုပ်လှုပ်ရွရွဖြစ်လာကြသည်။

'တပည့်တော်က အထက်တန်းတွဲ ခုံနံပါတ်(...)မှာ၊ အရှင်ဘုရားရော ဘယ်တွဲမှာပါလဲ'

ထိုအခါ ဦးစန္ဒာဝရက လွယ်အိတ်ကိုနှိုက်ပြီး လက်မှတ်ကိုယူ၍ ကိုလွင်ဦးလက်ထဲ ထည့်ပေးလိုက်သည်။

'တိုက်ဆိုင်ပြန်ပြီ။ အရှင်ဘုရားနဲ့ တပည့်တော် ခုံချင်းကပ်လျက် ကျနေပါလား'

'ရေစက်ရှိလို့ပေါ့ ဒကာကြီးရယ်၊ ရေစက်ရှိလို့ပဲပေါ့'

ထို့နောက် သူတို့နှစ်ဦးသည် ဝန်စည်စလယ်များကို သယ်ပိုးလျက် ရထားတွဲရှိရာသို့ သွားကြရလေသည်။

'ကျုပ်တို့ရွာကနေ ဒကာကြီး မန္တလေးကို ပြောင်းသွားပြီးနောက်ပိုင်း ဖြစ်ပျက်ခဲ့တာတွေ မသိချင်ဘူးလား'

ထိုင်ခုံအသီးသီးတွင် နေရာယူပြီးသောအခါ ဦးစန္ဒာဝရက နိဒါန်းပျိုးလိုက်သည်။

'တပည့်တော်လည်း အဲဒီအကြောင်းတွေကို မေးချင်နေတာပါဘုရား။ အဲဒီတုန်းက ပြောင်းမိန့်ကျလို့ ပြောင်းသာသွားရတယ်၊ စိတ်ထဲမှာ မကောင်းဘူး။ အရှင်ဘုရားကို ဒီအတိုင်း ထားပစ်ခဲ့ရလို့ စိတ်မချမ်းသာ ဖြစ်ခဲ့ရတယ်။ တပည့်တော်ရဲ့ဆန္ဒက အရှင်ဘုရားကို ရန်ကုန်ခေါ်သွားပြီး ဆေးကုပေးချင်နေတာ။ အရှင်ဘုရားရဲ့အဖေကို ဘယ်လိုရောဂါ နာမည်တပ်ပြောရမှန်းမသိ ဖြစ်သွားတာလေ'

'အဖေတို့က ဗဟုသုတနည်းကြတယ်။ ပြီးတော့ ကြောက်တတ်တယ်။ အဲဒီတုန်းကသာ ဒကာကြီးနဲ့လိုက်လာပြီး အချိန်မီဆေးကုလိုက်ရမယ် ဆိုရင် ကျုပ် ဆိုးဆိုးရွားရွား

www.burmeseclassic.com

www.burmeseclassic.com

အဖြစ်နဲ့ ကြိုလိုက်ရမှာ မဟုတ်ဘူး'

'ဘယ်လို..ဘယ်လို အရှင်ဘုရား၊ ဆိုးဆိုးရွားရွား အဖြစ်နဲ့ ကြိုလိုက်ရတယ်၊ ဟုတ်လား။ ဘယ်လိုမျိုးဖြစ်ခဲ့တာပါလဲဘုရား'

ထိုအချိန်တွင် မီးရထားက ဘီးစလှိမ့်ကာ တရွေ့ရွေ့ထွက်ခွာလာသည်။

'အင်း..မသေကောင်းမပျောက်ကောင်းလို့ ပြောရမှာပေါ့။ အဖေနဲ့ အမေလည်း တော်တော်လေးကို နိုးရိမ်သွားကြတယ်။ အဖြစ်က နိုးရိမ်မယ်ဆိုလည်း ဟုတ်လောက်တဲ့အဖြစ်ပါ။ အဲဒီအဖြစ်အပျက် ဖြစ်ပြီးသွားမှ ကျုပ်ရဲ့ဝေဒနာကို စိတ်ဝေဒနာရယ်လို့ လက်ခံလိုက်တာလေ'

ဦးစန္ဒာဝရ ခဏမျှတိတ်ဆိတ်သွားသည်။ ပြီးမှ အဖြစ်အပျက်ကို အစချီသည်။

'တစ်ညမှာပေါ့ ဒကာကြီးရေ..တစ်ညမှာပေါ့။ ကျုပ် မကျိန်းခင် ဘုရားဝတ်တက်တယ်။ ပြီးတော့ တရားထိုင်တယ်။ အဲဒီအထိ ဘာမှမဖြစ်သေးဘူး။ ဘာသံမှလည်း မကြားရသေးဘူး။ တရားထိုင်ရာက အထမှာ ကိုမြသောင်းမျက်နှာကြီးကို ပြေးမြင်မိသွားတယ်။ တစ်ချိန်တည်းမှာပဲ ခြေသံကိုလည်း ကြားလာရတယ်။ ကျုပ်စိတ်တွေ မငြိမ်ချင်တော့ဘူး။ ထွက်ပြေးချင်နေပြီ။ မနည်းထိန်းချုပ်နေရပြီ။ ဒါပေမဲ့ မရဘူး၊ မရတော့ဘူး။ ကျုပ် လမ်းရှာရတော့တယ်။ ကျောင်းအောက်ကို လှေကားအတိုင်းဆင်းမယ်။ အောက်ကို ရောက်ရင် ထွက်ပြေးမယ်။ အဲဒီစိတ်ကူးနဲ့ လှေကားဆီကို ခပ်မြန်မြန်လျှောက်သွားလိုက်တယ်။ လှေကားထိပ်ကိုလည်း ရောက်ကရော ဘာသွားတွေ့တယ်ထင်လဲ။ ကိုမြသောင်းနဲ့ မမန္တယ် ကျောင်းပေါ်ကို လှေကားအတိုင်း တက်လာတာကို တွေ့လိုက်ရတယ်။ ကျုပ် မျက်စိတွေပြာပြီး ဘာမှမမြင်ရတော့ဘူး။ သတိလည်း လွတ်သွားတယ် ထင်ပါရဲ့။ အဲဒီနောက်ပိုင်း ဖြစ်ခဲ့တာတွေကို ဘာမှမသိတော့ဘူး ဆိုပါတော့။

နောက်တစ်နေ့ သတိရလာတော့ ကျုပ် ဆေးရုံပေါ် ရောက်နေပြီ။ ခြေထောက်တစ်ဖက်နဲ့ လက်တစ်ဖက်မှာ ကျောက်ပတ်တီးအဖွေးသားနဲ့လေ။ ကျိုးသွားကုန်တယ်တဲ့။ ကျုပ်အဖြစ်ကို အဖေ ပြန်ပြောပြခဲ့တယ်လေ'

'ဘာတွေဖြစ်ခဲ့တာတဲ့လဲ အရှင်ဘုရား'

'ကျုပ်ဖြစ်နေတာတွေကို ကိုရင်လေးက အစအဆုံးမြင်နေရသတဲ့။ ဘုရားခန်းကနေ အုတ်လှေကားဘက်ကို ကျုပ် ပြေးထွက်သွားပြီး လှေကားထိပ်ကို ရောက်တယ်ဆိုရင်ပဲ ပြန်လှည့်လာသတဲ့။ နောက် ကျောင်းပေါ်မှာ ပတ်ပြေးသေးတယ်ဆိုပဲ။ နောက်ဆုံး အရှေ့ဘက်ပြတင်းပေါက်ကနေ အောက်ကို ခုန်ချလိုက်တယ်တဲ့ဗျာ'

တစ်ချိန်လုံး စိတ်ဝင်စားစွာ ငြိမ်၍နားထောင်နေရာမှ ကိုလွင်ဦးက 'ဒါနဲ့ အရှင်ဘုရား..ကျောင်းလှေကားအတိုင်း ကိုမြသောင်းနဲ့ မမန္တယ်တို့ တက်လာတယ်ဆိုတာကရော အရှင်ဘုရား တကယ့်ကို တွေ့ခဲ့တာပါလား'ဟု မေးလိုက်သည်။

'ကျုပ်မျက်စိထဲမှာတော့ တကယ့်ကို တွေ့ခဲ့တာပေါ့ဗျာ။ ကိုရင်လေး အပြောအရတော့ အဲဒီညက ကျောင်းပေါ်ဘယ်သူမှ မရောက်မလာပါဘူးတဲ့'

သြော်..စိတ်၏လှည့်စားမှုအဟုန်ကြောင့် မြင်မိမြင်ရာ ထင်ယောင်ထိုးတဲ့ဝါး ဖြစ်ခဲ့ခြင်းပင် မဟုတ်ပါလား။

'ဆေးရုံမှာ ကျုပ်ကို ဘယ်လိုထားကြတယ် ထင်လဲ။ ကျုပ်အနားမှာ လူတစ်ယောက် အမြဲတမ်းစောင့်ခိုင်းထားရတယ်။ ညဘက်ဆိုရင် လူကို သံကြိုးနဲ့ချည်ပြီး သော့ခတ်ထားရတယ်။ နောက်ထပ်ဒဏ်ရာအနာတရ ရမှာစိုးလို့လေ'

'အဲဒီနောက်တော့ရော အရှင်ဘုရား'

'အဲဒီနောက် ခြေတွေ၊ လက်တွေ အကောင်းပြန်ဖြစ်လာတာနဲ့ စိတ်ကုဆေးရုံ ပို့လိုက်တာပေါ့'

မီးရထားက ပုံမှန်ခုတ်မောင်းလျက်ရှိပြီး ဘူတာငယ်လေးကို ဖြတ်ကျော်နေလေသည်။

'အရှင်ဘုရား..တပည့်တော် မေးခွန်းတစ်ခုလောက် မေးချင်ပါသေးတယ်'

'ဒကာကြီးနှယ်..စကားပလွင့်ခံစရာ လိုမယ်မထင်ပါဘူး။ ကျုပ်က ဒကာကြီးကို အစ်ကိုတစ်ယောက်လို သဘောထားတာပါဗျာ'

'တခြားမဟုတ်ပါဘူး၊ တပည့်တော်သိချင်တာက ခုရော ခြေသံတွေ ကြားနေသေးလား၊ မကြားရတော့ဘူးလား အဲဒါလေး သိချင်တာပါ'

'မကြားရတော့ပါဘူး ဒကာကြီးရယ်။ လုံးဝမကြားရတော့ပါဘူး'

စာရှုသူများ သိလစောင့်ထိန်းခြင်းဖြင့် ဘဝ၏ အေးငြိမ်းမှုကို ရယူနိုင်ကြပါစေ။

တင့်ထူးဇင်

www.burmeseclassic.com

တရုတ်အောင် ဘို့ကောက်

ဘို့ကောက်။

သူ၏ ဘို့ကလေးမှာ လှပစွာ ကောက်ချိတ်၍နေသောကြောင့် ဘို့ကောက်ဟု ခေါ်သည်။ သူသည် မန်ကျည်းစေ့ရောင်(နီညိုရောင်) မြန်မာနွားစစ်စစ် ဖြစ်ပါသည်။ မြန်မာနွားဖြစ်သောကြောင့် ကျစ်သည်၊ မာသည်၊ သတ္တိရှိသည်။ ထို့ထက်ထူးခြားသည်မှာ ဘို့ကောက်သည် ဘယ်တော့မှ အနိုင်မခံ အရှုံးမပေး ကြောက်သည်ဆိုသောစိတ် သူ့မှာ လုံးဝမရှိ။

စစ်ကြိုခေတ်က ကျွန်ကော့အစ်ကိုကြီးသည် ဘို့ကောက်ကို ရလာသည်။ ဘယ်က ရလာသည်ဟု မမှတ်မိတော့ပါ။ နွားသိုးပေါက်ကလေးအရွယ်ဖြစ်သည်။ ကျွန်တော်တို့ တစ်ခုခုလုပ်၍ အချိုးမကျလျှင် ရှေးလူကြီးများက မင်းတို့လုပ်တာ အမြီးအမောက်မတည့်ဘူးဟု ပြောတတ်ကြသည်။ အမြီးအမောက်တည့်လျှင် လှသည်။ အမြီးအမောက်မတည့်လျှင် အရုပ်ဆိုးသည်။ ခြေလေးချောင်းသတ္တဝါတွင် နွားသည် အမြီးအမောက်တည့်လျှင် အလွန်လှသည်။

လှသောကြောင့်လည်းကောင်း၊ သဘောကောင်းသောကြောင့်လည်းကောင်း ဘို့ကောက်ကို လူတိုင်း ချစ်ကြသည်။ ကလေးများက ဘို့ကောက်ကို ပွတ်သပ်ပေးကြ၊ မွှားရှာပေးကြ၊ ဘီးဖြီးပေးကြနှင့် ယုယယယ ပြုလုပ်လျှင် အလွန်သဘောကျသည်။ ငြိမ်၍ခံနေသည်။ ဘာမျှပြန်၍မလုပ်တတ်။ တချို့ကလေးများက တက်၍ စီးကြသည်။ ဘယ်တော့မှ ကလန်ကဆန်မလုပ်။ တချို့နွားများမှာ တစ်ခါတလေ စိတ်ဖောက်တတ်သည်။ ဘို့ကောက်သည် ဘယ်တော့မှ မရှိင်း။

နွားသိုးဖြစ်လာသောအခါ ရှေ့လည်ပင်းနှင့် ရင်အုံကြီးထွားလာပြီး နောက်ပိုင်း ဖင်ရှူးလာသည်။ ထိုအချိန်တွင် သင်းကွပ်ပေးရသည်။ ဒီအတိုင်းထားလျှင် တဖြည်းဖြည်း ဖင်ရှူးသည်ထက်ရှူးပြီး ရှေ့လည်ပင်း ကြီးသည်ထက်ကြီးကာ သုံးမရအောင် ဖြစ်သွားတတ်သည်။ ထို့ကြောင့် နွားသိုးကို ရင့်အောင် မထားရ။ အချိန်မီ သင်းကွပ်ပေးရသည်။ နွား၊ ဆိတ်၊ မြင်း စသည့်သတ္တဝါများသည် ကာမဂုဏ်လွန်ကဲသော သတ္တဝါများဖြစ်ခြင်းကြောင့် ဤဘဝသို့ရောက်လာခြင်းဖြစ်သည်ဟု ကျမ်းဂန်စာပေများမှာ တွေ့ဖူးသည်။

ဘို့ကောက်ကို သင်းရမည်ဆိုသောအခါ သနားမိသည်။ ရှေ့ခြေနှစ်ဖက်ကို ကြိုးနှင့်တုပ်၊ နောက်ခြေနှစ်ဖက်ကို ကြိုးနှင့်တုပ်ပြီး ဝါးလုံးတစ်လုံးကို ခြေထောက်ကြားထည့်ကာ တွန်း၍လှဲရသည်။ လဲကျသွားသောအခါ ရှေ့ခြေနှင့် နောက်ခြေကို ပူးတွဲချည်ပြီး ဝါးလုံးတစ်လုံးနှင့်ထိုးကာ

www.burmeseclassic.com

www.burmeseclassic.com

သူကိုယ်ကို ဖိထားရသည်။ အလွန်သနားစရာကောင်းသည်။

ကျွန်တော့်ဦးကြီး ဦးအောင်ဒွန်းက သင်းကွပ်ဆရာ အဖြစ် ဆောင်ရွက်သည်။ ကျပ်ခိုးနှင့်ဖျော်၍ထားသော ဆေးခွက်ကို ဘေးမှာချထားသည်။ ဘို့ကောက်၏ ဝှေးစေ့အလုံးကို ပေါင်ကြားမှ ဆွဲထုတ်သည်။ ဆေးဖြင့်လူး၍ ပွတ်ပေးသည်။ ပြီးလျှင် စဉ်းတီတုံးပေါ်၌တင်ကာ အရင်းမှ အကြောများကို ဆောက်တုံးဖြင့်ရိုက်၍ ဖြတ်ရသည်။ ဘို့ကောက် နာလွန်း၍ ရုန်းသည်၊ အော်သည်။ ကလေးတွေက 'ဘို့ကောက်ရေ..ငြိမ်ငြိမ်နေဦး'ဟု ဆိုပြီး ခေါင်းကို ပွတ်ပေးကြသည်။ ကလေးအသံကြား၍ ငြိမ်သွားသည်။

'ချန်ရဦးမလားဟေ့'

'ဟုတ်ကဲ့၊ နည်းနည်းချန်လိုက်ပါ ဦးကြီး'

ကျွန်တော့်အစ်ကိုကြီးက ချန်ခိုင်းသဖြင့် ဦးကြီး ဦးအောင်ဒွန်းသည် အကြောသုံးကြောင်းကိုသာဖြတ်၍ တစ်ကြောင်းကို ချန်လိုက်သည်ဟု ဆိုပါသည်။ အားလုံးပြီးသောအခါ ကြိုးများကို ဖြေ၍ပေးလိုက်သည်။ ဘို့ကောက်သည် နာလွန်း၍ မထနိုင်။ ကျွန်တော်တို့က ဝိုင်း၍ထူပေးရသည်။ အချို့နွားတွေဆိုလျှင် ဤလိုအခါတွင် ဒေါသဖြစ်၍ မည်းမည်းမြင်ရာကို ဝှေ့တတ်သည်။ ဘို့ကောကဲကား ထိုသို့ မဟုတ်၊ သဘောကောင်းလှသည်။

အိမ်ထဲသို့ ခေါ်လာ၍ သူနေရာသို့ ထားလိုက်သောအခါ မတ်တတ်ရပ်ပြီး ငိုနေသည်။ ဘာမျှမတတ်နိုင်။ ညလည်း မအိပ်နိုင်။ နွားဖြစ်ရသည့်ဘဝမှာ ဒုက္ခကြီးလှချေကလားဟု ပြောမိပါသည်။ မနက်ဖြန် ရောက်သောအခါ သူ့ဝှေးစေ့လုံးမှာ ရောင်ကိုင်းပြီး အကြီးကြီးဖြစ်လာသည်။ နန္ဒင်းနှင့် ကျပ်ခိုးဖျော်ထားသည့်ဆေးကို ကျွန်တော်က လိမ်းပေးရသည်။

'နင့်ကို ငါ သနားလိုက်တာ ဘို့ကောက်ရယ်'ဟု ပြော၍ သူ့ကို ပွတ်ပေးလျှင် ငြိမ်နေသည်။

ဆန်ပြုတ်ကို တိုက်ပေးရသည်။ ငှက်ပျောသီးကို ကျွေးရသည်။ နည်းနည်း၊နည်းနည်း စားသည်၊ သောက်သည်။ တနင်္ဂနွေတစ်ပတ်လောက် ကြာသောအခါ အရောင်နည်းနည်း လျော့လာသည်။ အစာလည်း စားနိုင်လာသည်။ မြက်နုနုကလေးများကို ရှာ၍ကျွေးရသည်။ နှစ်ပတ်ခန့် ကြာသောအခါ အတော်သက်သာလာသည်။ သုံးပတ်ကျော် လေးပတ်လောက်ကြာမှ ပုံမှန်အတိုင်း ဖြစ်သွားသည်။

♦ ♦ ♦

ဘို့ကောက်သည် တစ်ရွာလုံးတွင် ဇိုလ်ဖြစ်ခဲ့သည်။ မည်သူ့ကိုမျှ မကြောက်။ ကျွန်တော်တို့ရွာ အရှေ့ကုန်းမှ ဦးဘိုးနွဲ့၏နွား အောက်တိုးနှင့် တွေ့ဖက်ဖြစ်သည်။ အောက်တိုးမှာ လှည်းရုန်းသောအခါ ခေါင်းကိုငုံ၍ ရုန်းလေ့ရှိသောကြောင့် အောက်တိုးဟု ခေါ်သည်။ အောက်တိုးတို့ နွားအုပ်ကို ရွာအရှေ့ဘက်တွင် လွှတ်ကျောင်းသည်။ ဘို့ကောက်တို့ကို ရွာမြောက်ဘက်နှင့် အနောက်ဘက်သို့ လွှတ်ကျောင်းသည်။ မတွေ့နိုင်။ သို့ရာတွင် အောက်တိုးတို့ ရွာမြောက်ဘက်သို့ ဘာကြောင့်ရောက်လာသည်မသိ ဘို့ကောက်နှင့် တွေ့ကြသည်။

အောက်တိုး၏အဖော် ကျားကြီးက ဝင်ကျပြီးလှေ့သဖြင့် နှစ်ကောင်နှင့်တစ်ကောင် ဖြစ်လာသည်။ အောက်တိုးမှာ မြန်မာနွားစစ်စစ်မဟုတ်၊ ဘင်္ဂလားအစပ်ဖြစ်၍ စာဥအရောင်ရှိသည်။ ဘို့ကောက်ထက် ကျောလျားရှည်သည်။ ကျားကြီးမှာ ဘင်္ဂလားနွားဖြစ်၍ အဖြူနှင့်အပြာ စပ်ထားသည်။ အလွန်ထွားသည်။

ကျွန်တော့်အစ်ကိုကြီးသို၍ ပြေးလာသည်။ အစ်ကိုကြီးနှင့် သန်းသန်းတို့က ကျားကြီးကို မောင်းထုတ်ပြီး အိမ်သို့ပို့လိုက်သည်။ ဘို့ကောက်နှင့် အောက်တိုးတို့ နှစ်ကောင် ရှေ့ကြသည်။ သတ္တိကောင်းလိုက်သည့်ဖြစ်ခြင်း၊ ခွဲကောင်းလိုက်သည့်ဖြစ်ခြင်း၊ တစ်နာရီခွဲ နှစ်နာရီကြာသည်အထိ မပြီးနိုင်။ လယ်ကွက်သုံး,လေးကွက်မျှ ကြေကုန်လေပြီ။ မောလည်း မောကြပြီ။ ကျွန်တော့်အစ်ကိုကြီးသည် လူတစ်ယောက်ကို သွားခေါ်၍ ဝါးချိတ်ဖြင့် အောက်တိုး၏ လည်ပင်းမှ ကြိုးကို ချိတ်ဆွဲခိုင်းသည်။

သူကိုယ်တိုင်ကမူ ဘို့ကောက် လည်ပင်းကိုဖက်ကာ နဖားကြိုးကိုဆွဲပြီး 'ဘို့ကောက်..တော်ပြီကွာ။ လာခဲ့တော့'ဟုပြောကာ ဆွဲခေါ်လာခဲ့သည်။ ချောချောမောမော လိုက်လာသည်။ သို့ရာတွင် ဝတ်ထရိန်း..ဝတ်ထရိန်းနှင့် လုပ်နေသေးသည်။ ဘို့ကောက်၏ နဖူးနှင့် ချိုရင်းတို့တွင် သွေးခြင်းခြင်းနီနေပြီ။ အောက်တိုးက သူ့ချိုနှင့် ဆတ်ကာ ဆတ်ကာ ထောက်သဖြင့် ဒဏ်ရာရသည်။ ဘို့ကောက်သည် အဲသလို မလုပ်တတ်။ ခေါင်းချင်းဆိုင်၍ ဖိတွန်းရုံသာ တွန်းတတ်သည်။ ထို့ကြောက် အောက်တိုး၏ နဖူးတွင် ဒဏ်ရာမရှိ။

အိမ်ရောက်လျှင် ဘို့ကောက်၏ခေါင်းကို ရေနွေးဆေးဖြင့် သုတ်ပေးပြီး နန္ဒင်းလိမ်းပေးရသည်။ နောက်လွန်း၍

www.burmeseclassic.com

ခေါင်းကိုယမ်းသည်။ သို့နှင့် တစ်ပတ်လောက် အပြင်သို့ မထုတ်ဘဲ အိမ်မှာပင် ပြုစုထားရသည်။ နောက်ထပ် တခြား နွားနှင့်တွေ့လျှင် ပိုဆိုးမည်စိုး၍ အနာကျက်အောင် ထားရသည်။

♦ ♦ ♦

ဘို့ကောက်ကို သင်းကွပ်ပေးသည့် ဦးကြီးအောင်ဒွန်းပင် အောက်တိုးကို သင်းပေးရသည်ဖြစ်ရာ အောက်တိုးကိုလည်း အကြောတစ်ခု ချန်ထားသည်ဟုဆိုသည်။ အကြောအားလုံးကို ဖြတ်လိုက်လျှင် သူတို့၏ ကပ်ပယ်အိတ်ခေါ်ဝေးစေသည် လုံးဝမရှိတော့။ အိတ်ရှဉ့်လို ဖြစ်သွားသည်။ ကာမဂုဏ်စိတ်လည်း မရှိတော့။ နွားမကဲ့သို့ ဖြစ်သွားသည်။ ထိုအခါ စိတ်ချလက်ချ ခိုင်းနိုင်သည်။

ဘို့ကောက်နှင့် အောက်တိုးတို့မှာ အကြောတစ်ချောင်း ချန်ထားသဖြင့် သူတို့ဝေးစေမှာ ခရမ်းချဉ်သီးအရွယ်လောက် ကောက်ကွေးကွေးလေး ရှိနေသည်။ သိုးစိတ် မကုန်သေး။ ကာမဂုဏ်စိတ် မကုန်သေး။ ထို့ကြောင့် ဗိုလ်မထားသည့် စိတ် ရှိနေသည်။ အောက်တိုးမှာလည်း ရွာအရှေ့ဘက် တစ်ခွင်တွင် ဗိုလ်ဖြစ်နေသည်။ အရှေ့ဘက်ရွာများမှ ဗိုလ်ဆိုသည့်နွားတို့နှင့်တွေ့ရာ တစ်ကြိမ်မျှ မရှုံးခဲ့ချေ။ နာမည်ကြီးနေသည်။ ဘို့ကောက်မှာလည်း ထို့အတူပင်။ အနောက်တွင်ရှိ နွားအုပ်တကာတွင် ဗိုလ်စွဲနေသည်။

♦ ♦ ♦

စစ်တွင်းကျပန်ခေတ်သို့ ရောက်ခဲ့လေပြီ။ ကျောင်းတွေ ပိတ်လိုက်သဖြင့် ဆယ်တန်းဖြေရန် ကြိုးစားနေသည့် ကျွန်တော်တို့လည်း ဇာတိရွာကလေးသို့ ပြန်၍နေရသည်။ မြို့ကလာ၍ ရှိနေကြသည့် စစ်ပြေးဒုက္ခသည်တွေကိုလည်း ရွာမှ စောင့်ရှောက်ထားရသည်။

ကျွန်တော်သည် ဘုန်းတော်ကြီးကျောင်းတွေကိုသွား၍ စာအုပ်ငှား၊ စာဖတ်၊ ရေးကူးသင့်သည်ကို ရေးကူးနှင့် စာ အလုပ်ကို လုပ်သည်။ ဘင်္ဂို၊ တယော၊ ပတ္တလားတီးခြင်း စသည့်ဂီတအလုပ်ကိုလည်း လုပ်သည်။ နွားကျောင်းသွားလျှင် ဖတ်စရာ ကျက်စရာ စာအုပ်တွေကို လွယ်အိတ်ထဲမှာ ထည့်ယူသွားသည်။ သစ်ပင်ရိပ်မှာထိုင်၍ စာဖတ်သည်၊ စာကျက်သည်။

ကျွန်တော်တို့ရွာ တောင်ဘက်ကုန်းမှ မိတ်ဆွေတစ်ယောက်ထံမှာ မွေးဖို့ပေးထားသော ကျားမောင်မှာ အရွယ် ရောက်နေပြီဖြစ်၍ ပြန်ယူမည်။ ဘို့ကောက်နှင့်တွဲ၍ အလုပ်ခိုင်းမည်ဟု အစ်ကိုကြီးက ပြောသည်။ သို့ရာတွင် ကျား မောင်မှာလည်း နွားသိုးဖြစ်၍ တောင်ဘက်ကွင်းမှာ ဗိုလ်ခဲ့နေပြီ။ ဘို့ကောက်နှင့် တည့်မည်မဟုတ်။ တစ်ကောင်ကောင်က ကြောက်ထားမှ ဖြစ်မည်။

သို့နှင့် အစ်ကိုကြီးသည် ကျားမောင်ကို ဘို့ကောက်နှင့် တွေ့ပေးရန် စီစဉ်သည်။ လောင်းကြေးမရှိသော နွားတိုက်ပွဲတွင် ပရိသတ်တွေ အများကြီးလာ၍ ကြည့်ကြသည်။ ဘို့ကောက်ကို တောင်ဘက်ကွင်းသို့ ခေါ်လာခဲ့၍ ကျားမောင်နှင့် ဆိုင်ပေးသည်။ ကျားမောင်ကို နိုင်မည်မဟုတ်ဟု အများက ပြောကြသည်။ ဝှေ့လိုက်ကြသည်မှာ ပြောစရာမရှိ။ ကျားမောင်၏လည်ပင်းမှာ တောင့်တင်းခိုင်မာလှသဖြင့် အနည်းငယ်မျှ တိမ်းစောင်းခြင်းမရှိ။ ဘို့ကောက်၏ လည်ပင်းမှာ အတော်အတန် ပျော့နေသဖြင့် မကြာခဏ လည်ပင်းလွဲ၍,လွဲ၍သွားသည်။ သို့ရာတွင် အလွှာမပေး။ ပြန်လှည့်ပြီး ဝှေ့သည်။ ကျားမောင်က သူ၏ချိုနှင့်ဆတ်၍ ထောက်ကာ,ထောက်ကာ ဝှေ့သောကြောင့် ဘို့ကောက်၏နဖူးတွင် သွေးခြင်းခြင်းနီနေပြီ။ သို့ရာတွင် အရှုံးမပေး။ နှစ်နာရီခန့် ကြာသောအခါ ကျားမောင်ပင် ရှောင်၍ပြေးသည်။ ဘို့ကောက်က လိုက်၍မဝှေ့၊ ရပ်ကြည့်နေသည်။ ပရိသတ်က ဘို့ကောက်ကို သြဘာပေးကြသည်။

ကျွန်တော်၏တာဝန်မှာ ထုံးစံအတိုင်းပင် ဘို့ကောက်ကို ပြုစုရသည်။ အနာများကို ရေနွေးနှင့်ဆေး၍ ဆေးလိမ်းပေးရသည်။ အစာကျွေးရသည်။ ကျားမောင်ကို အိမ်သို့ခေါ်ခဲ့၍ စိတ်ချရအောင် သင်းကွပ်ပေးလိုက်သည်။

စစ်တွင်း ကျပန်ခေတ်တွင် ကျွန်တော်တို့အိမ်မှာ လာ၍ အလုပ်လုပ်ပေးသူ ကိုဟန်တင်နှင့် ကျွန်တော်တို့ စပါးရိတ်၊ စပါးသိမ်း၊ တလင်းနယ်သည့် အလုပ်ကို ကူလုပ်ပေးသည်။ နွားနှစ်ရှဉ်းရှိရာ ဘို့ကောက်နှင့် ကျားမောင်တို့ အတွဲကို ကျွန်တော်က အမြဲကိုင်သည်။ လယ်ထဲမှ ကောက်လှိုင်းများကို အိမ်သို့ သယ်ယူသောအချိန်သည် လူရောနွားပါ ပင်ပန်းသည့်အချိန်ဖြစ်သည်။ ဘို့ကောက်နှင့် ကျားမောင်တို့က လည်း ခွဲကောင်းကောင်းနှင့် သယ်ပေးသည်။ တစ်ခါတလေ ကောက်လှိုင်းတွေ များနေရာ သယ်နိုင်ပါ့မလားဟု သနားမိသည်။ ကိစ္စမရှိ၊ ဘို့ကောက်သည် ပုပုကလေးနှင့် ကျုံး၍ ရုန်းရှာသည်။

အောက်တိုးတို့ကို အရှေ့ဘက်ကွင်းမှာ ကျောင်းနေရာမှ မြောက်ဘက်ကွင်းသို့ ပြောင်းလာသဖြင့် ဘို့ကောက်နှင့်

www.burmeseclassic.com

www.burmeseclassic.com

တွေ့ကြပြန်သည်။

'ဟဲ့..မသန်း၊ အရှေ့ဘက်ကွင်းကို ဘာကြောင့်မသွားတာလဲ'

'အရှေ့ရွာက နွားတွေနဲ့ ဝှေ့နေလို့ ဆိုလေရဲ့'

ကျွန်တော့်အစ်ကိုကြီးက မေးရ၍ မသန်းကဖြေသည်။ အောက်တိုးအတွက်လည်း ခက်ပါလားဟု ဆိုရသည်။ သည်ဘက်လာပြန်တော့ ဘို့ကောက်နှင့် ဝှေ့ရပြန်ပြီ။ မသက်သာလှချေ။ တစ်နာရီခွဲခန့်ကြာသောအခါ မောနေကြပြီ။

အစ်ကိုကြီးသည် ဘို့ကောက်အနီးသို့ကပ်ကာ နဖားကြိုးဆွဲ၍ 'ဟဲ့..ဘို့ကောက်၊ တော်ပြီ။ လာတော့'ဟု ပြောကာ ဆွဲခေါ်သည်။ ဘို့ကောက်သည် လိုက်လာသည်။ ဝတ်ထရန်း..ဝတ်ထရိန်း လုပ်နေသေးသည်။ အောက်တိုးက လိုက်၍မရတဲ့ဘဲ ရပ်ကြည့်နေသည်။ သူတို့မှာ အာဃာတမရှိ။ ယှဉ်ပြိုင်ခြင်းသာ အဓိကဖြစ်သည်။ နွားပင်ဖြစ်သော်လည်း စိတ်ထားမြင့်မြတ်သည်ဟု ဆိုပါမည်။ တစ်ဖက်သားအပေါ် အနိုင်မကျင့် နောက်ကျောကို ဓားနှင့်ထိုးခြင်းမလုပ်။

♦ ♦ ♦

ဖက်ဆစ်တော်လှန်ရေးပြီးသည့်နောက် အင်္ဂလိပ်၊ အမေရိကန်တပ်ကြီးတွေ ပြန်လာကြပြီ။ ဘုရင်ခံ ဆာခေါ်မန် စမစ်နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ အပြန်အလှန် နလုံးရည်တိုက်ပွဲ ဆင်နေကြသည်။

ဤအခါတွင် ကျွန်တော့်အစ်ကိုကြီးနှင့် ကိုဟန်တင်တို့ ဖျားနေကြသဖြင့် စပါးသိမ်းသောအလုပ်ကို ကျွန်တော်တစ်ယောက်တည်း လုပ်ရသည်။ ဘို့ကောက်တို့လည်း ပင်ပန်း၊ ကျွန်တော်လည်း ပင်ပန်း တလင်းနယ်သော အလုပ်ကိုမူ တစ်အိမ်လုံး ဝိုင်းကူရသည်။ ဆွေမျိုးတွေကလည်း ကူသဖြင့် တစ်လလောက် ကြာသောအခါ ပြီးသွားသည်။ တောသူ



တောင်သား လယ်သမားတို့အဖို့ နွားကို ချစ်သည်မှာ ဓမ္မတာဖြစ်ပါသည်။ နွား၏ကျေးဇူး ကြီးလှသည်။ ဘို့ကောက်သည် ချစ်စရာအကောင်းဆုံးသောနွား ဖြစ်ပါသည်။ စိတ်ရင်း သဘောရင်း ကောင်းရှာသည်။

♦ ♦ ♦

ဗိုလ်ချုပ်အောင်ဆန်း၏ ကြားဖြတ်အစိုးရခေတ်တွင် ကျွန်တော်သည် ရန်ကုန်သို့ဆင်းလာ၍ ပြန်ကြားရေးဌာနမှ အလုပ်ဝင်သည်။ မကြာမီ လွတ်လပ်ရေးရသည်။ နောက် မကြာမီ သောင်းကျန်းရောင်စုံ မောင်သူပုန်တို့ ထ၍ဆူကြသည်။ ထိုအချိန်တွင် ကျွန်တော်သည် မြစ်ဝကျွန်းပေါ်တစ်ခွင် လှည့်လည်ဟောပြောနေစဉ်ဖြစ်၍ ရန်ကုန်သို့ မပြန်နိုင်တော့။ မြောင်းမြင်္ဂေတိုက်မှ ဒွေဆယ်သိန်းကို လာယူသည့် လေယာဉ်ပျံနှင့် ပြန်ထိုက်ခဲ့ရသည်။

ရုံးသို့ ပြန်ရောက်သောအခါမှာလည်း အလုပ်တွေများနေသည်။ တိုက်ကြီးအထိ သူပုန်တွေက သိမ်းထားသည်။ ကျွန်တော် ရှာသိုပြန်၍မရ။ သို့နှင့် အခြေအနေအတော်အေးချမ်းသွားသည့်ကာလ ပြည်တော်သာခေတ် ရောက်မှပင် အမေ ကောင်းကောင်းနေမကောင်းသည့် သတင်းကို၍ ပြန်ခဲ့သည်။ ရထားတွေ စီးရတာလည်း စိတ်မချရ။ မကြာခဏ လမ်းဖျက်သည့်ကိစ္စ ပေါ်တတ်သည်။

ကျွန်တော် ရောက်သွားသောအခါ အားလုံးဝမ်းသာကြသည်။ သူငယ်ချင်းတွေကလည်း လာ၍ သူတို့အတွေ့အကြုံကို ပြောကြသည်။ ညဉ့်နက်သည်အထိ စကားဝိုင်းဖွဲ့ကြသည်။ သန်းခေါင်လောက်ရှိမှ ပြန်ကြသည်။

နောက်တစ်နေ့နံနက်တွင် ကျွန်တော့်တူမက နွားများကို ရေတိုက်ရာ ဘို့ကောက် မပါ။ နွားအသစ်တွေ ဖြစ်နေသည်။

'ဘို့ကောက် ဘယ်ရောက်သွားလဲ အစ်ကိုကြီး'

အစ်ကိုကြီး မျက်နှာမကောင်းပါ။

'ဘို့ကောက် မရှိတော့ဘူး ဦးလေးရဲ့'

ကျွန်တော့်တူမက ပြောရင်း မျက်ရည်ကျလာသည်။

'အိမ်း..ကိုယ်က ထိန်းမထားနိုင်တော့လည်း ရောင်းလိုက်ရတာပေါ့ကွာ'ဟု အစ်ကိုကြီးက လေးလေးကန်ကန် ကြီး ပြောပါသည်။

'ဘို့ကောက်ကို ရောင်းလိုက်တုန်းက ကျွန်မတို့ တစ်အိမ်သားလုံး ငိုကြတာပဲ'ဟု တူမက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘို့ကောက်ကို ကလေး၊ လူကြီး အားလုံးက ချစ်ကြသည်။ နွားဆိုသော စကားအတိုင်း နွားအဆင့်မှာပဲထားပြီး ဆက်ဆံခြင်းမျိုးမဟုတ်၊ သားသမီးလို သံယောဇဉ်တွယ်နေသည်။

ဘို့ကောက်သည် သခင်ကို ဆယ်နှစ်ကျော် လုပ်ကျွေးခဲ့သည်။ သူတာဝန် ကျေပါသည်။ နွားတို့သက်တမ်းအတိုင်း အိုလာပြီဖြစ်၍ လေးသောဝန်ကို မထမ်းနိုင်တော့။ ဤအခါတွင် ဝန်ပေါ့ကို ခိုင်းမည်သူများက ဝယ်သည်။ အများအားဖြင့် နွားသတ်ကုလားများက ဝယ်လေ့ရှိသည်။

ကျွန်တော်သည် မူလတန်းကျောင်းသားဘဝက ကျောင်းဆင်းချိန်ပြန်လျှင် သံနီရုံး ခေါ် နွားသတ်ရုံဘေးတာလမ်းပေါ်မှ ပြန်ခဲ့ရသည်ကို သတိရမိသည်။ တာလမ်းနှင့် နွားသတ်ရုံမှာ ချောင်းကလေးသာ ခြားသည်။ ချောင်းဘေးမှ ချုံနွယ်သစ်ပင်များက ကွယ်နေသဖြင့် ဝိုးတဝါးသာမြင်ရသည်။ နွားများဆွဲလာသည်ကို မြင်လိုက်ရသည်။ အော်သည့်အသံကို ကြားလိုက်ရသည်။ ကျွန်တော် စိတ်မကောင်းဝါ။

"ဘုန်းကြီးကျောင်းပို့ပြီး ဘေးမဲ့ပေးထားလိုက်ရော ပေါ့ဗျာ"

အပြစ်တင်သံနှင့်ပြောတော့ သတ္တဝါတစ်ခု ကံတစ်ခု။ ကမ္မသကာပေါ့ကွာဟု အစ်ကိုကြီးက ဆိုသည်။ ဆိုသာဆိုရသော်လည်း သူ့အသံမှာ တုန်ယင်နေသည်။ လယ်သမားတို့၏ ပုံမှန်အနေအထားအတိုင်း သူက ဥပေက္ခာသဘောနှင့် ပြောသော်လည်း ကျွန်တော်က ဘို့ကောက်အပေါ်၌ ကရုဏာသဘောနှင့် ပြောခြင်းဖြစ်သည်။

ဥပေက္ခာနှင့် ကရုဏာ ဝိရောဓိဖြစ်နေသည်။ ကျွန်တော်က ချည်သည်၊ အစ်ကိုကြီးက အိမ်ရှင်။ တကယ်တာဝန်ယူနေရသည်က အစ်ကိုကြီးဖြစ်သည်။ ကျွန်တော်ကတော့ ဘို့ကောက်ကို ရောင်း၍ရသည့်ငွေကို မယူစေချင်။ ဇီဝိတဒါနအနေနှင့် လှူစေချင်သည်။ ဘုန်းကြီးကျောင်းမှာ ဘေးမဲ့ပေးစေချင်၏။ ကျွန်တော် မှန်သည်ဟု ယူဆသည်။ သို့ရာတွင် ခေတ္တအလည်လာသူ ကျွန်တော်ကပင် အလျှော့ပေးလိုက်ရပါသည်။

သမ္မောသတ္တာ ကမ္မသကာ

ဒေါင်းအောင်

(ဖေဖေ့မှတ်စုစာအုပ်မှ)

(ဓယာမြို့) ဆရာပြောင်၊ ဆရာအောင်၊ ဆရာထွန်းမင်းအောင်တို့၏ သားတပည့်

ရှမ်းဆရာ ဦးစိုင်းငြေးလှိုင်

(ဝမ်းတွင်းမော်စက်ရှင်)

လူအများ၏ ကောင်းကျိုးချမ်းသာအတွက် အံ့ဖွယ်နက်နဲသော ပညာရပ်များဖြင့်သာ ကူညီဆောင်ရွက်မည်။

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး(အချစ်ရေး)၊ နိုင်ငံရပ်ခြားကိစ္စများနှင့် ဘာသာ၊ သာသနာရေး ကိစ္စရပ်များ၊ အိမ်မြေ၊ ခြံမြေ၊ တိုက်တာ၊ ကား ရောင်းဝယ်ခြင်းများ၊ အိမ်တွင်း/အိမ်ပြင် မည်သည့်ပယောဂနှင့်ယှဉ်သော အနှောင့်အယှက်၊ အတိုက်အခိုက်များမဆို ရက်ပိုင်းအတွင်း တိကျမှန်ကန် မြန်ဆန်အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်ပေးပါသည်။

ဆရာနှင့်ဖျော်ချိန် – ၎၄၉၌ (ဗုဒ္ဓလီးငန္ဒမူအပ)

နံနက်(၉)နာရီ မှ ညနေ(၄)နာရီ အထိ

အမှတ်–၄၀၀၊ လော်ကားလမ်းမကြီး (ဘုန်းကြီးကျောင်းကွေ့ကားမှတ်တိုင်ရှေ့)၊ (၈၉)ရပ်ကွက်၊
ဒဲပုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်။ ၀၉ ၇၃၀ ၇၂၉၇၀

www.burmeseclassic.com

ပဉ္စလက်ကံ၏အထောက်အပံ့

(စောလဝဏ္ဏ)



ပဉ္စလက်ကံ မျက်လှည့်ဆရာရဲ့ ကစားကွက်

သဘာဝတရားကြီးဟာ ဆန်းကြယ်မှုတွေ၊ လှည့်ကွက်မှု
တွေနဲ့ ပြည့်နှက်နေတာပါ။ သည်သဘာဝတရားကြီးထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



လုံးကို ဘဝဇာတ်ခုံကြီးထဲမှာ ငိုခိုင်း၊ ရယ်ခိုင်းတဲ့ ဘဝက ကွက်တွေကို မလုပ်မနေရ လုပ်ပေးကြတာလေ။ ဒီနေ့ ချမ်းသာကြွယ်ဝနေတဲ့သူလည်း နောက်နေ့ ကုန်းကောက်စရာမရှိအောင် မွဲပြာကျသွားနိုင်သလို ကနေ့ စားစရာမရှိအောင် မွဲနေတဲ့သူကိုလည်း နေ့ချင်းညချင်း ချမ်းသာကြွယ်ဝစေနိုင်တာ ဘဝဇာတ်ဆရာကြီးရဲ့ ပဋ္ဌလက်တွေဆို မှားမှာ မဟုတ်ပါဘူး။

ဒါကို ကံ,ကံရဲ့ အကျိုးလို့လည်း ပညာရှိတွေက ဆိုမိန့်ကြပါတယ်။ ကောင်းတာလုပ်ရင် ကောင်းကျိုးကို ချက်ချင်းလက်ငင်း အခုဘဝမှာပင် ခံစားရတာရှိသလို နောင်ဘဝတွေမှာမှ ခံစားရတာလည်း ရှိပါတယ်။

မကောင်းတာလုပ်ရင် မကောင်းကျိုးကို အခုဘဝမှာပင် ခံစားရတာရှိသလို အခုဘဝ မခံစားရပေမယ့် နောက်ဘဝတွေမှာ ကျိန်းသေခံစားရမှာပဲ။

ဒါကြောင့်လည်း ဆိုးကံ,ကောင်းကံ ဤနှစ်တန် အမှန်ခံရမယ်လို့ မြတ်စွာဘုရားက မိန့်ဆိုခဲ့တာပါ။

ရှင်သန်လှုပ်ရှား နေသူတိုင်းကို ပဋ္ဌလက်က် မျက်လှည့်ဆရာကြီးက လှည့်ကွက်အမျိုးမျိုး၊ ပြကွက်အမျိုးမျိုးနဲ့ ကခိုင်းနေတာပါ။ ဒါကို ကျွန်ုပ်တို့ လူသားတိုင်းက လုပ်ဆောင်နေကြတာကို သိကြမှာပါ။

ကံတရားဆိုတဲ့ ဘဝဇာတ်ဆရာကြီးက ကျွန်ုပ်တို့အား ဘုရားရှင်ရဲ့ နှုတ်မြွက်စကား နှလုံးသားမှာ ထားပြီး သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ရင်ဝယ်ထားပြီး အလျှဒါန လုပ်ဆောင်ကြဖို့ တိုက်တွန်းလိုပါတယ်။

ကျွန်ုပ်ငယ်ငယ်က အမေရဲ့ အိပ်ရာဝင်ပုံပြင်လို ပြောပြခဲ့တဲ့ ဖြစ်ရပ်မှန်ပုံပြင်နှစ်ခုကို အမြဲကြားယောင်လို့နေပါ

www.burmeseclassic.com

www.burmeseclassic.com

တယ်။

အဖြစ်မှန်ခုခုလုံးက ဘာသာခြား ကုလားလူမျိုးတွေ ဖြစ်နေလို့လည်း အံ့သြရတာပါ။ ဒါကြောင့်လည်း ဘဝအိုးအိမ် အကြိမ်ကြိမ်လည်ပတ်နေတာကိုလည်း လက်ခံမိတာပါ။

အဖြစ်တစ်ခုက ကျွန်ုပ်မမွေးခင် အင်္ဂလိပ်ခေတ်ကုန်ပိုင်းလောက်က ဖြစ်ခဲ့တဲ့ အဖြစ်ပါပဲ။ ကျွန်ုပ်တို့မိဘတွေ နေထိုင်တဲ့ မော်လမြိုင်မြို့မှာပါ။

မော်လမြိုင်မြို့ အောက်လမ်းမကြီးရဲ့ ဘိုကုန်းရပ်ကွက်နဲ့ မောင်ငံရပ်ကွက်တို့ရဲ့ကြားလောက်မှာ ရွှေဗျိုင်းဖြူစေတီတော်တစ်ဆူ ရှိပါတယ်။ သည်စေတီတော်ရဲ့ အရှေ့ဘက်မြစ်ဘက်ပိုင်းမှာ ရွှေဗျိုင်းဖြူကျူးကျော်ရပ်ကွက်ဆိုတာ ရှိခဲ့ပါတယ်။ (အခု မရှိတော့ပါဘူး။) ကျူးကျော်ဆိုတော့ ဆင်းရဲသားလူတန်းစားတွေနေကြလို့ တဲအိမ်တွေသာ အများဆုံးပါ။

မြန်မာနိုင်ငံကို အင်္ဂလိပ်အုပ်စိုးတဲ့ခေတ်ဆိုတော့ အင်္ဂလိပ်တွေခေါ်လာတဲ့ အိန္ဒိယကုလားလူမျိုးစုံ မြန်မာနိုင်ငံမှာ အသိုက်လာဖွဲ့နေကြတာပါ။ ဒို့တိုင်းပြည်(နံငယ်ပိုင်း)လေးနဲ့လာတဲ့ ကုလားလည်း နောက်အနှစ်အစိတ်၊ သုံးဆယ်လောက်မှာ ချမ်းသာသွားကြတာပါ။ ကုလားတင်လားဆိုတော့ မဟုတ်သေးပါဘူး။ တရုတ်တွေလည်း စွပ်ကြယ်လက်ပြတ် ကျောက်ကွဲနဲ့ ရောက်လာပြီး နှစ်အစိတ်၊ သုံးဆယ်လောက်မှာ ဘရုတ်သူဌေးတွေ ဖြစ်ကုန်ကြရော။

မြန်မာပြည်မှာမွေး မြန်မာပြည်မှာကြီးတဲ့ မြန်မာလူမျိုးတွေ ဘာကြောင့်မကြီးပွားဘဲ ခုံရင်း၊ ခုံရင်း ဖြစ်နေကြတာပဲ။ တရုတ်လိုရှာ၊ ကုလားလို မစုဆောင်းဘဲ ဗမာလိုဖြုန်းနေကြလို့ပါ။ အဲ...ကျွန်ုပ် စကားရှည်သွားတာ ခွင့်လွှတ်ပါ။ ခဲဒီ ရွှေဗျိုင်းဖြူကျူးကျော်ရပ်ကွက်ထဲမှာ အိန္ဒိယကနေ ရောက်လာတဲ့ ကုလားလူမျိုး သားအမြဲနစ်ယောက်ရှိတယ်။ ဟားက လူပျိုပေါက်။ ရရာအလုပ်၊ လုပ်ပြီး မိခင်ကုလားမကြီးကို လုပ်ကျွေးနေတယ်။ ဒီမုဆိုးမ ကုလားမကြီးက သည်းအိမ်မှာ အားအားမနေဘဲ မနက်စောစောထကာ ဘိုရွာလုပ်ရောင်းပြီး စားသောက်နေထိုင်ကြတယ်။ သူတို့ဟာ ဗုဒ္ဓဘာသာဝင်တွေ မဟုတ်ကြလို့ အလှူအတန်းကိုလည်း မသိကြပါဘူး။

သည်ဗုဒ္ဓဘာသာဝင် မဟုတ်တဲ့ ကုလားမကြီး ကလေးချိန်နဲ့ ကြုံနေတော့ တစ်မနက် တိုရှည်လုပ်နေတုန်း သင်္ကန်းအောက်နားတွေ ရေစိုရွှဲနေတဲ့ ရဟန်းအိုကြီးတစ်ပါး သပိတ်ပိုက်လို့ ဆွမ်းလာရပါတယ်။ ကုလားမကြီးက ဈေးဦးမပေါက်သေးတော့ ကန်တော့ဆွမ်းပါလို့ မပြောတတ်ဘဲ သူမ,တတ်သလို ဈေးဦးမပေါက်သေးလို့ မပေးနိုင်သေးဘူးလို့ ဆိုလိုက်တော့ ရဟန်းတော်ကြီးက ပြုံးတော်မူပြီး ရှေ့ဆက်ကြွသွားပါတယ်။

နောက်နေ့မနက်စောစော ရောက်လာပြန်လို့ ကုလားမကြီးက ဈေးဦးမပေါက်သေးလို့ မပေးနိုင်သေးဘူးလို့ ပြောလိုက်ပြန်တယ်။ ရဟန်းတော်ကြီးကလည်း ပြုံးပြီးထွက်သွားပြန်ရော။ သုံးရက်မြောက်နေ့ကျတော့ ကုလားမကြီး သဒ္ဒါပေါက်လာတယ် ထင်ပါရဲ့၊ ရဟန်းတော်ကြီး ဆွမ်းလာရပ်တော့ တိုရှည်ကလုပ်တုန်းမို့ ခဏနေဦးဘုန်းကြီးလို့ပြောပြီး တိုရှည်ရတော့ ဆန်ချိုမှုန့်ဖြူးပြီး ဘုန်းတော်ကြီးသပိတ်ပေါ်ကို တင်ပေး(လောင်းလှူ)လိုက်တယ်။

ဘုန်းတော်ကြီးက မျက်လွှာချဆုပေးပြီး ရှေ့ကို လှမ်းကြွသွားတော့တယ်။ ကုလားမကြီးရင်ထဲက လှိုက်လှိုက်လဲလဲ ဝမ်းသာနေပေမယ့် ဝမ်းသာမှန်းမသိရှာဘဲ ဘုန်းတော်ကြီး ကြွသွားတဲ့ဆီကိုသာ ကြည့်နေပါတယ်။ ဘုန်းတော်ကြီး ရပ်တော်မူခဲ့တဲ့နေရာကို ကြည့်လိုက်တော့ ရေရွှဲနေတာကို ကုလားမကြီး တွေ့ရလို့ ရေသရဲများ ဘုန်းကြီးယောင်ဆောင်လာသလားလို့ လန့်မိပါသေးတယ်။

တိုရှည်ကုန်သွားတော့ သူ ဆိုင်လေးသိမ်းပြီး သူမ မိတ်ဆွေ မြန်မာမကြီးကို ပြောပြလိုက်တယ်။

'ဒေါ်အမိနာရေ..နင် ဝမ်းသာပေတော့။ နင့်ကို ရှင် ဥပဂုတ္တရဟန္တာမထေရ်မြတ်ကြီးက လာမ,စတာဟဲ့။ နင် ကံထလာပြီ။ အင်္ဂလန်ထီလည်း ဖွင့်ခါနီးနေပြီဆိုတော့ သွား ထိုးထားလိုက် အမိနာရေ'

ဒေါ်အမိနာလည်း နားလည်တဲ့သူ ပြောတယ်ဆိုတော့ အင်္ဂလန်ထီတစ်စောင် ထိုးထားလိုက်တယ်။ တကယ်ပါပဲ၊ ထီဖွင့်တော့ အမိနာ ဆုကြီးကို ပေါက်သွားပါတော့တယ်။

ဒီဒေါ်အမိနာရဲ့ အဖြစ်အပျက်ဟာ အဲဒီခေတ်တုန်းက မော်လမြိုင်တစ်မြို့လုံး ဟိုးဟိုးကျော်ခဲ့တယ်လို့ အမေက ပြောပြခဲ့ပါတယ်။

တချို့ မလိုတမာရှိတဲ့ မြန်မာလူမျိုးတွေက တို့တွေလူဒါနိန်နေတာတောင် မ,စမယ့်သူ မပေါ်လာဘဲ ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ ကုလားမကိုတော့ သွားကူတယ်လို့ အကုသိုလ် ရှာကြပါသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ကတော့ ကံရဲ့ ပဋ္ဌလက်ပဲလို့ ထင်မိပါတယ်။

ဦးဖတ် လော်ကမန်ကောင်လေး

ခေါ်အဓိဋ္ဌာန်လိုပဲ အောက်ခြေလူတန်းစား ကုလားလေး ဦးကလည်း မော်လမြိုင်မြို့မှာ ရှိခဲ့ပါသေးတယ်။ သူ့ကို လော်ကမန်လို့ ခေါ်ကြတယ်။ သူဘာဝအကြောင်း ကြည့်ရအောင်။

အချိန်က လွန်ခဲ့တဲ့နှစ်ပေါင်း(၇၀)ကျော်လောက်က ဖြစ်မှန်းတစ်ခုပါ။ ဒီတုန်းက ကျွန်ုပ် မွေးစလောက်ပဲ ရှိသေးမှာပါ။ လော်ကမန်ကုလားလေး အကြောင်းကိုလည်း ကောင်ပုံပြင်သဖွယ် ပြောခဲ့တာပါ။

ကျွန်ုပ်တို့ မြန်မာတွေမှာ စကားပုံတစ်ခုရှိတယ်မဟုတ်လား ထမ်းလာတာကို မြင်ရပေမယ့် ကံထလာတာကို မြင်ရဘူး ဆိုတာပါ။

(၁၂၄၇)ခုနှစ် မြန်မာရဲ့ နောက်ဆုံးဘုရင် သီပေါမင်း ဆောက်မပြီးတဲ့နောက် အင်္ဂလိပ်တွေ နှစ်ပေါင်း(၁၀၀)ကျော် ချုပ်လာတဲ့အချိန်မှာ အင်္ဂလိပ်တွေက အိန္ဒိယတိုင်းရင်းသားတို့ကို ခေါ်သွင်းလာပြီး မြန်မာနိုင်ငံမှာ အလုပ်မျိုးစုံ လုပ်စေပါတယ်။ သည်တုန်းက မြန်မာနိုင်ငံက တံခါးမရှိ အရှိဆိုတော့ တရုတ်တွေပါ နည်းမျိုးစုံနဲ့ ဝင်လာမစဲ ဖြစ်နေတဲ့ အချိန်ပါ။

ကုန်သည်သူဌေးသူကြွယ်၊ ချစ်တီးကုလား၊ လယ်ကူလီ ကုန်ထမ်းကုလား၊ မိလ္လာသိမ်းကုလား၊ အလုပ်ပေါင်းစုံ လုပ်ကြတဲ့ ကုလားများ၊ တရုတ်များ မြန်မာနိုင်ငံအနှံ့ ဆောက်ရှိကြပြီး စီးပွားရေးနယ်ချဲ့ခြင်း၊ မြန်မာအမျိုးသမီး တို့နဲ့ ပေါင်းသင်းနေထိုင်ကြပြီး လူမျိုးရေးနယ်ချဲ့ခြင်းတို့ပါ လုပ်ဆောင်ကြတာပါ။

ဒီအချိန်မှာ ကျွန်ုပ်တို့ မော်လမြိုင်မြို့ကိုလည်း ကုလား၊ တရုတ်တို့နဲ့ ကုန်သည်ဟိန္ဒူကုလားလူမျိုး မိသားစုတို့မှာ ဒိမ်ကုန်းရပ်မှာ နေထိုင်ပြီး မြန်မာလူမျိုးများထဲက နည်းနည်းစုံနှင့် စီးပွားရေးနယ်ချဲ့ကြသလို လူမျိုးရေးလည်း နယ်ချဲ့ကြပါတယ်။

ကုလား၊ တရုတ် လူမျိုးတို့မှာ မြန်မာနိုင်ငံကို ဝင်လာစက ကိုယ်လုံရုံသာ ပါလာကြတယ်။ မြန်မာနိုင်ငံရောက်တာ့ ရသည့်အလုပ်ကို ကုလားလူမျိုးတွေက လုပ်ကြပြီး ငွေစု။ ပြီးတော့ မြန်မာမိန်းကလေးများကိုယူပြီး ကုလားမျိုးတိုးပွားအောင် လုပ်ဆောင်တော့တယ်။ တရုတ်တွေကတော့ ရရာအလုပ်ကို မလုပ်ကြပါဘူး။ ဘုံကျောင်းရဲ့ ကူညီမှုနဲ့ လက်ဖက်ရည်ဆိုင်လုပ်သူလုပ်၊ ဈေးဆိုင်တည်သူတည်နဲ့ ကြီးပွားအောင်လုပ်ကြပြီး မြန်မာမိန်းကလေးတွေကို ယူကြတော့တာပါပဲ။

ကျွန်ုပ် မြန်မာမိန်းကလေး အချို့,အချို့ကလည်း(အားလုံး မဟုတ်ပါဘူးနော်) ငွေမျက်နှာကိုကြည့်ပြီး ကုလား၊ တရုတ်တို့ကို လင်လုပ်ကြတာဆိုတော့ ကျပန်ခေတ်မှာ ခေတ်စားခဲ့တဲ့ သီချင်းတစ်ပုဒ်လိုပေါ့။ အခုခေတ် လူငယ်တွေ မကြားဖူးလို့ ရေးပြပါဦးမယ်။ သီချင်းက ဖျက်ဆိုတာပါ။

"စိန်ကြည်နော်×××စိန်ကြည်××× လင်ယူပက်စက်သည်××× နီပွန်နော် ကျပန်ပြန်×× ဗိုက်တစ်လုံးနဲ့ကျန်×× ယောရောရှိ ×××ယောရောရှိ×××" (လည်း ပါပါသေးတယ်။ သီချင်းအစအဆုံး မရတာကို ခွင့်လွှတ်ပေးကြပါ)

အင်္ဂလိပ်နယ်ချဲ့ အုပ်စိုးစဉ်တုန်းက ဥပဒေကလည်း သရေပင်လိုပါပဲ။ ကျယ်လို့လည်းရသလို ကျုံ့လို့လည်းရတဲ့ ဥပဒေပါ။ ရေများ မိုးရွာ ဆိုသလို သူတို့နဲ့အတူ ခေါ်သွင်းလာတဲ့ ကုလား၊ တရုတ်လူမျိုးတွေအတွက်သာ ဖြစ်ကြတယ်။ အင်္ဂလိပ်ကို မှန်ပါ့ဘုရား၊ ဟုတ်ကဲ့ပါဘုရားဆိုတဲ့ အနားပြာ မြန်မာတွေကတော့ အနည်းအကျဉ်း ခံစားကြရတယ်။ မြန်မာလယ်သမား ကိုဘာတို့နဲ့ အောက်ခြေလူတန်းစား မြန်မာအလုပ်သမားတွေအတွက်ကတော့ နယ်ချဲ့ အင်္ဂလိပ်တို့ရဲ့ ဥပဒေဟာ ဆေးခါးကြီးသောက်ရသလိုပါပဲ။

ဒါကြောင့်လည်း ဆရာစံအရေးအခင်းနဲ့ ရေနံမြေသခင်ဘိုးလှကြီး အရေးအခင်းတို့က သက်သေခံခဲ့တာပေါ့။

သမိုင်းဘီးဟာ အမြဲရပ်တည်နေတာ မဟုတ်ပါဘူး။ မှောင်မိုက်တဲ့ညတွေရှိသလို လပြည့်ညတွေလည်းရှိမှာ ဓမ္မတာပါ။

လူကြီးတွေ မလုပ်နိုင်တဲ့အလုပ်ကို ကက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်း၊ ကိုနု၊ ကိုကျော်ငြိမ်း၊ ကိုဘဆွေတို့ရဲ့ တိုးတက်တဲ့ အမြင်တွေနဲ့ နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ရန် ကြိစည်နေကြပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ မျိုးချစ်ရဲဘော်သုံးကျိပ်တို့ဟာ ကျပန်နိုင်ငံမှာ စစ်ပညာသင်ခဲ့ပြီး ကျပန်တို့နဲ့အတူ ယိုးဒယား(ထိုင်း)နိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံထဲကို ဝင်ရောက်လာပြီး တစ်မြို့ပြီးတစ်မြို့ သိမ်းပိုက်လိုက်ကြတယ်။ နယ်ချဲ့တို့လည်း မဟန်တော့တာကိုသိလို့ အိန္ဒိယကို ဆုတ်ခွာရန် ပြင်ကြတော့တယ်။ နယ်ချဲ့မျက်နှာဖြူ အင်္ဂလိပ်တို့နဲ့အတူ ကုလားသူဌေး၊ တရုတ်သူဌေးတို့ ပြန်လိုက်ရန်

www.burmeseclassic.com

www.burmeseclassic.com

စိုင်းပြင်းကြတယ်။ ဒီအထဲမှာ ကျွန်ုပ်တို့ မော်လမြိုင်မြို့မှ ထိတ်ထိတ်ကြဲ ဟိန္နူကုလားသူဌေးကြီးနဲ့ မိသားစုတို့လည်း ပါဝင်ကြတယ်။

ဟိန္နူကုလားတို့လာစဉ်က လက်တိုလက်တောင်းခိုင်းဖို့ လူမျိုပေါက် ကုလားလေးတစ်ဦးလည်း ပါလာတယ်။ သူနာမည်က လော်ကမန်တဲ့။ လော်ကမန်ဟာ နေ့ပိုင်း သူဌေးအိမ်မှာ ကျုံးရုန်းလုပ်ပြီး ညနေပိုင်းကြတော့ ညောင်လေးပင်က ခနိရည်ဆိုင်မှာ ခနိရည်လေးသောက်ပြီး တမာဝူရှူလို့ အိမ်ရှေ့မှာ သီချင်းလေးတအေးအေးနဲ့ ညစောင့်လုပ်ရင်း လောကကြီးကို မေ့နေတာပါ။

'ဟေ့..လော်ကမန်၊ ပါပါ ခေါ်နေတယ်'

လော်ကမန် မကြား။ မျက်လုံးလေးမှေးကာ သီချင်းညည်း မဖျက်။ လက်က စည်းလိုက်နေသေးတယ်။ နောက်တစ်ခွန်းခေါ်လည်းမကြား၊ တုတ်တုတ်မျှမလှုပ်လို့ သူဌေးကြီးရဲ့သားကြီး ဒေါသထွက်ပြီး ဆောင့်ကန်ကာ ထပ်ခေါ်ပြန်တယ်။

'ဟေ့ကောင် လော်ကမန်၊ ခွေးသား။ ပါပါ ခေါ်နေတယ်ကွ'

'အာပါးပါ..ကျွတ်ကျွတ်..နာလိုက်တာ၊ ဟုတ်ကဲ့ဆပ်'

လော်ကမန်က နာသွားတဲ့တင်ပါးကိုပွတ်ပြီး မျက်နှာရုံ့မဲ့မဲ့နဲ့ သူဌေးဆီ ထသွားတော့တယ်။ အိမ်ထဲမှာတော့ သူဌေးတို့မိသားစု ခေါင်းချင်းဆိုင်နေတယ်။

'ကျွန်တော်ရောက်ပါပြီ ဘရားဆပ်'

လော်ကမန်က သူရောက်ကြောင်းကို ရိုရိုသေသေ ဦးခေါင်းညွှတ်လို့ လက်လေးနှောက်ပစ်ပြီး ပြောလိုက်တယ်။

'ထိုင်..လော်ကမန်၊ မင်းကို ပြောစရာရှိလို့ ငါ ခေါ်ခိုင်းလိုက်တာပဲ။ ဒီလို လော်ကမန်..အခု မြန်မာနိုင်ငံမှာ တို့ အင်္ဂလိပ်အစိုးရကို တော်လှန်နေကြပြီ။ တို့ကိုလည်း မကျေနပ်တဲ့သူတွေ ရှိနိုင်တယ်ကွ။ ဒီမော်လမြိုင်မြို့မှာ အုပ်ချုပ်နေတဲ့ မင်းကြီးလည်း အိန္ဒိယကိုပြန်ဖို့ လုပ်နေပြီကွ။ သူတို့နဲ့အတူ တို့ပါ ပြန်လိုက်သွားမယ်။ ဒီအိမ်ကို မင်းကောင်းကောင်းမွန်မွန် စောင့်ရှောက်နေပါ။ အားလုံး အေးချမ်းသွားမှ တို့ ပြန်လာခဲ့မယ်။ ငါပြန်လာမှ မင်းကို ဘောက်ဆူးကောင်းကောင်းပေးမယ်နော်။ နားလည်တယ် မဟုတ်လား'

'စိတ်ချပါ ဘရားဆပ်။ လော်ကမန်နော်၊ ဒီအိမ်ကြီးကို ကောင်းကောင်းကြည့်ထားပေးမယ် ဆပ်'

'အေး..ဒါဆို မင်းနေရာ မင်းသွားတော့။ ညောရော၊ မင်းသုံးဖို့ ငွေနည်းနည်း ယူထားလိုက်ဦး။ တို့ မနက်စောစော ထွက်မယ်နော်'

လော်ကမန်လည်း သူဌေးကို အရိုအသေပေးပြီး မျက်နှာကောင်းစွာနဲ့ပဲ သူနေရာလေးဆီကို ထွက်သွားတော့တယ်။ နောက်နေ့ မနက်စောစောတွင် သူဌေးတို့မိသားအိမ်ကြီးမှ ထွက်ခွာသွားကြတော့တယ်။ လော်ကမန်မှာတော့ မျက်ရည်ဝဲရင်း သူဌေးတို့မိသားစုကို မျက်စိတစ်ဆုံးကြည့်ကာ ကျန်ရစ်ခဲ့တယ်။

လော်ကမန်လည်း သူဌေးကြီးမှာထားတဲ့အတိုင်း ဘယ်မှမသွားဘဲ နေ့ပိုင်း ခြံတွင်း သန့်ရှင်းရေးလုပ်ပြီး ညနေပိုင်း အိမ်နဲ့မဝေးတဲ့ ညောင်လေးပင် ခနိရည်ဆိုင်ကိုသွားပြီး ခနိရည် ဂေါ်ရင်ဂျီမော့ မော့ကာ အိမ်ပြန်လာပြီး အိမ်ကို စောင့်နေတယ်။

လော်ကမန် အိမ်တွင်းအောင်းနေတာ တစ်လနီးနီးလောက် ရှိသွားပြီ။ မြို့ကိုလည်း ဗမာတပ်မတော်နဲ့ ဂျပန်တို့ အုပ်ချုပ်နေလို့ အေးချမ်းကာ အရောင်းအဝယ်များလည်း ပြန်လုပ်နေကြပြီမို့ လော်ကမန် တစ်ဖက်သတ်ချစ်နေတဲ့ အမီနာကို သွားရှာရန် ဈေးကြီးကို ထွက်လာခဲ့တယ်။ ဈေးကြီးမှာ အရောင်းအဝယ် စည်ကားနေပေမယ့် သူချစ်တဲ့ အမီနာနဲ့ သူမအမေကို ရှာမတွေ့တော့ လော်ကမန် စိတ်မကောင်းဖြစ်ခဲ့ရတယ်။

သူဌေးမိသားစုအတွက် ဈေးဝယ်ပေးနေကျ အမေကြီးတို့ဆိုင်ဘက်ကို ထွက်လာပြီး ရှိ၊မရှိရှာတော့ ကံကောင်းစွာနဲ့ အမေကြီးနဲ့ သူသမီး အပျိုကြီးအစ်မကို တွေ့ရလို့ လော်ကမန် ဝမ်းသာသွားတယ်။

'ဟဲ့..လော်ကမန်၊ တစ်လနီးနီးလောက် ပစ္စည်းလာမဝယ်ဘဲ ဘယ်ပျောက်နေတာလဲဟဲ့'

'ချွန်တော့်သူဌေးတို့မိသားစု အိန္ဒိယပြန်သွားလို့ ချွန်တော် အိမ်စောင့်နေရတယ်နော်။ ဒါကြောင့် မလာနိုင်တာပါ အမေ'

အမေကြီးဆိုင်မှာ ဈေးဝယ်သူဖောက်သည်တွေကုန်လို့ လော်ကမန် ဝိုင်းလုပ်ပေးနေပါတယ်။ ဈေးဝယ်သူတွေက သူတို့ဝယ်ပြီးသားကုန်တွေကို လှေဆိပ်ကို ထမ်းချခိုင်းလော်ကမန် ထမ်းချပေးရလို့ ထမ်းခပိုက်ဆံရပြန်တယ်။

လူပါးသွားတော့ လော်ကမန်ပြန်ဖို့ အမေကြီးကို ခွင်

www.burmeseclassic.com

www.burmeseclassic.com

ကောင်းပြီး ပြန်ခဲ့တော့တယ်။

'လော်ကမန်..နင် မနက်ဝိုင်းအားရင် ငါ့ဆိုင်မှာ လာဝိုင်းလုပ်ပေးပါလား။ ဆိုင်မှာ နင်တွေ့တဲ့အတိုင်းပဲ ငါနဲ့ နင့်အစ်မပဲ ရှိတာ။ ဒီနေ့ နင်ဝိုင်းကူလို့ အလုပ်မြန်မြန်ပြီးသွားတာ။ လာမယ်မဟုတ်လား'

'ချွန်တော် မနက်ဝိုင်း လာဝိုင်းကူပေးပါမယ် အမေ'

'အေး..အေး..ဒါဆို မနက် ဆိုင်ဖွင့်အမီ လာနော်။ ကျေးဇူးတင်တယ် လော်ကမန်ရယ်။ ရော့..လမ်းစရိတ်နဲ့ လက်ဖက်ရည်ဖိုး ယူသွားဦးကွယ်'

အမေကြီးက လမ်းစရိတ်အတွက် ငွေတစ်ကျပ် ထုတ်ပေးလာလို့ ဝမ်းသာစွာယူပြီး ပြန်လာတော့တယ်။ အိမ်ရောက်တော့ ဝယ်လာတဲ့ ငါးသေးသေးလေးတွေ အိုးကပ်ချက်၊ ထမင်း ည,မနက်ချက်ပြီး ခြံမှာ တောထနေတဲ့ ပေါင်းမြက်တွေကို ရှင်းနေလိုက်တယ်။ လော်ကမန်လည်း မနက်ဝိုင်း အမေကြီးတို့ဆိုင်ကို သွားကူပေးလို့ နှစ်ဦးနှစ်ဖက် အကျိုးရှိပြီး ဓနရည်လည်း ပိုသောက်လာရလို့ လော်ကမန် ဝမ်းသာနေရတယ်။

လော်ကမန် ကံထလာပြီ

ပြည်သူပြည်သားတွေနဲ့ ဗိုလ်ချုပ်အောင်ဆန်း ဦးစီးတဲ့ ဗမာ့တပ်မတော်တို့ မတ်လ (၂၇)ရက်နေ့ မတိုင်ခင်ကပင် ဗိုလ်မျူးဗထူးတို့ စတင်တိုက်ထုတ်လို့ ဖက်ဆစ်ဂျပန်တွေကို တော်လှန်ကြလို့ ဖက်ဆစ်တော်လှန်ရေးစတင်ခဲ့လို့ ဂျပန်တွေလည်း ခွေးပြေး ပြေးရတော့တယ်။ မဟာမိတ်အင်္ဂလိပ်တပ်တွေလည်း ပြန်ဝင်လာလို့ လော်ကမန် ဝမ်းသာနေပါတယ်။ သူသူငွေးမိသားစုပါ ပါလာတော့မှာမဟုတ်လား။

လော်ကမန် မျှော်မေမယ့် ပေါ်မလာတဲ့ သူငွေးမိသားစုရဲ့အဖြစ်ကို နောက်ခြောက်လလောက်ကြာတော့ ဝမ်းနည်းစရာ ကြေးနန်းတစ်စောင် ရောက်လာတယ်။ သူငွေးမိသားစုတို့အဖွဲ့ ဘုရားသုံးဆူအရောက် တောတွင်းတစ်နေရာမှာ ဓားပြတို့ လုယက်တိုက်ခိုက်တာကြောင့် သူငွေးမိသားစုနဲ့ တခြားသူငွေးတော်တော်များများ သေကုန်ကြပြီမို့ မော်လမြိုင်မြို့က အိမ်ကို လော်ကမန်အား အပိုင်လွှဲပေးလိုက်တဲ့ ကြေးနန်းစာပါပဲ။ ဒီအိမ်ကြီး ရပေမယ့် လော်ကမန် မပျော်ပါ။ ကံဆိုးရှာတဲ့ သူငွေးမိသားစုအတွက် စိတ်မကောင်းဖြစ်မိပြီး မျက်ရည်ကျမိတော့တယ်။

လူသေစေတဲ့ လက်နက်ဆန်းတွေ၊ လူတွေရဲ့ လောဘ၊ ဒေါသတွေ၊ အာဃာတယစ်မူးတဲ့ အာဏာရှင်လူတစ်စု ကြောင့် ကမ္ဘာကြီးမအေးချမ်းဘဲ ကမ္ဘာသူကမ္ဘာသားတွေ ငိုကြွေးရ၊ ကလေးငယ်တွေ မိဘမဲ့ဖြစ်ရ၊ ကျောင်းမနေကြရတဲ့ကမ္ဘာကြီး အမြဲမကျန်းမာ ဖြစ်နေရတာပါ။ ကမ္ဘာကြီး ကျန်းမာမှ ကမ္ဘာသူကမ္ဘာသားတွေ ပြုံးရွှင်ရမှာမဟုတ်လား။ ကမ္ဘာကြီးကျန်းမာဖို့ လော်ကမန် ဆုတောင်းနေမိတယ်။ လော်ကမန်က သူ့အတွေးဟာ နည်းနည်းများ ကြီးကျယ်နေမယ်လို့ တွေးမိပြီး ပြုံးမိသေးတယ်။

လော်ကမန် အိမ်ကြီးကို အပိုင်ရလိုက်ပေမယ့် မပျော်ပါ။ ဂျပန်ခေတ်က ဗုံးမှန်လို့ အိမ်တစ်ဝက်လောက် ပျက်စီးသွားတယ်။ အိမ်ပျက်ကြီးကိုပြင်ဖို့ကလည်း ငွေက မရှိတော့ အိမ်စုတ်ပိုင် ငမွဲသူဌေးလို့သာ ခေါ်ထိုက်ပါတယ်။

မိုးတွင်းရောက်လာပြီမို့ မော်လမြိုင်မိုးဆိုတာက ရွာပြီဆိုရင် ခုနစ်ရက်ခုနစ်လီ သဲသဲမဲမဲရွာလေတော့ မိုးသည်းတဲ့ညတွေမှာဆို မိုးလွတ်ရာကို ရှောင်အိပ်ရတာ လော်ကမန်အတွက် တစ်ဒုက္ခပါ။

မိုးဘယ်လောက်ပဲကြီးကြီး လော်ကမန်က မမှု။ မိုးလွတ်ရာထောင့်တစ်ထောင့်မှာ နံငယ်ပိုင်းလေးနဲ့ကွေးကာ ဆက်ရက်မင်းစည်းစိမ်အပြည့်နဲ့ ခံစားနေလေ့ရှိတယ်။ အချိန်က (၁၂)နာရီလောက်ရှိပေမယ့် လော်ကမန် အိမ်မပျော်သေးဘဲ ကုလားသီချင်းကို ဆွဲဆွဲငင်ငင်နဲ့ ညည်းနေတုန်းပင်။ (၁၂)နာရီကျော်လောက်မှာ မိုးအနည်းငယ်ပါးသွားပြီမို့ အမိုးပေါ် ရေကျသံကလည်း တိုးသွားတော့ လော်ကမန်လည်း မျက်လုံးစင်းပြီး အိပ်ချင်ယုံယုံဖြစ်လာတုန်း မမျှော်လင့်တဲ့ အသံတစ်သံကို လော်ကမန် ကြားလိုက်ရတယ်။ ပစ်ချလိုက်မယ်တဲ့။

လော်ကမန်က ကြားလိုက်တဲ့အသံကို မသဲကွဲဘဲ ဘယ်ကလာမှန်းလည်းမသိ ဖြစ်နေလို့ အိပ်မက်များ မက်နေတာလားဆိုတာ မသဲကွဲဘဲ ဆက်မှိန်းနေလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဆက်နားထောင်နေပေမယ့် မကြားရတော့လို့ လော်ကမန်မှာ အိပ်ပျော်သွားတော့တယ်။

နောက်တစ်နေ့ညမှာ ကြားရဦးမလားလို့ လော်ကမန် သတိထားပေမယ့် ဘာသံမှ မကြားရတော့ပါဘူး။ လော်ကမန်ကတော့ ပုံမှန်စွေးကြီးသွားပြီး အမေကြီးတို့ကို ကူညီပေးနေလို့ ထမင်းပုံမှန်စားရပြီး ဓနိရည်ပုံမှန်သောက်နေရလို့ တော်သေးတယ်လို့ ဆိုရမယ်။ တစ်ခါ,တစ်ခါတော့လည်း သူချစ်နေတဲ့ အမီနာကို စုံစမ်းပေမယ့် သေသွားသလို၊ တောရွာကိုပဲ ပြောင်းသွားသလိုနဲ့ မရေမရာကြားနေရလို့ ညဘက် ဓနိရည်ပိုသောက်ဖြစ်တယ်။

နှစ်ရက်မြောက်ညမှာ လော်ကမန် ပိုသောက်လာလို့ အတော်လေးမူးနေပြီး အလွမ်းသီချင်းညည်းရင်း အမီနာကို လွမ်းအားပိုနေတယ်။ ဒီည မိုးမရွာလို့ ပုရစ်အော်သံတွေမှ အပ တိတ်ဆိတ်နေတယ်။ (၁၂)နာရီကျော်လောက် လော်ကမန် မျက်လုံးစင်းလာပြီး အိပ်ပျော်လုလုမှာ ပစ်ချလိုက်ရ မလားဆိုတဲ့ မခြင်ရတဲ့ သူမိတ်ဆွေအသံကို ပီပီသသကြီး ကြားလိုက်ရလို့ လော်ကမန် ဒေါသထွက်လာပြီး ပစ်ချလိုက်ကွာလို့ လော်ကမန်ပြောလိုက်တဲ့အသံက တိတ်ဆိတ်တဲ့ညမှာ အတော်လေးကျယ်သွားတယ်။

လော်ကမန်ရဲ့ ပစ်ချလိုက်ကွာလို့ပြောပြီး မကြာခင်မှာ ဘုတ်ဆိုတဲ့အသံကြားရလို့ လော်ကမန် လန့်သွားပြီး ထထိုင်မိလျက်သား ဖြစ်သွားတယ်။ ဘာပါလိမ့်လို့တွေးပြီး ဖယောင်းတိုင်ထွန်းပြီး ကြည့်လိုက်တော့ ခြုံပဝါနဲ့ထုပ်ထားတဲ့ အထုပ်တစ်ထုပ်ဖြစ်နေတာကို တွေ့ရတယ်။ လော်ကမန်လည်း လက်တုန်တုန်နဲ့ ဖြည်ကြည့်လိုက်တော့ ရွှေထည်ပစ္စည်းတွေဖြစ်နေတာ တွေ့ရတော့တယ်။

လော်ကမန်မှာ ဝမ်းသာလွန်းလို့ မျက်ရည်ပါကျမိတယ်။ ပစ္စည်းတွေကို လုံအောင်ပြန်ထုပ်၍ လုံခြုံတဲ့နေရာမှာ ဝှက်ပြီး အိပ်လိုက်တော့တယ်။

'ဟေ့ကောင် လော်ကမန်၊ ငပျင်း..ထစမ်း။ မူးပြီးအိပ်ဖို့လောက်ပဲသိတဲ့အကောင်'

လော်ကမန်လန့်နိုးလာပြီး ထထိုင်ကြည့်လိုက်တော့ လော်ကမန်ရဲ့သူငွေးကို တွေ့ရလို့ လော်ကမန် ဝမ်းသာသွားတယ်။

'အို..သူငွေး ပြန်လာပြီနော်။ ချွန်တော် ဝမ်းသာလိုက်တာ သူငွေးရယ်'

'လော်ကမန်..ငါပြောတာကိုနားထောင်။ ငါ ခရီးတေးကို သွားဖို့ရှိတယ်။ အခု မင်းရထားတဲ့ ပစ္စည်းတချို့ ဝက်ကို ထုခွဲပြီး တို့မိသားစုအတွက် ကောင်းမှုလုပ်ပေး ကျန်တာကို မင်းလုပ်ကိုင်စားပေတော့။ ငါသွားတော့မယ်'

'သူငွေး မသွားပါနဲ့၊ ပြန်လာခဲ့ပါ သူငွေးရယ်'

လော်ကမန် ထထိုင်ပြီး သူငွေးကို ရှာသော်လည်း မှောင်နှင့်မည်းမည်းသာဖြစ်နေလို့ သူ အိပ်မက်,မက်နေ ကို သိလိုက်ရတော့ သူငွေးတို့ မိသားစုအတွက် မကောင်းဘဲ မျက်ရည်ကျမိတယ်။ သူငွေး မှာခဲ့တဲ့အတိုင် ဘာကောင်းမှုလုပ်ပေးရမှန်း လော်ကမန်မသိဖြစ်နေတယ် ရောင်နီလည်း လာခါနီးနေပြီမို့ လော်ကမန် ပြန်မအိပ်တော့

'သူငွေးတို့မိသားစုအတွက် ကောင်းမှုလုပ်ပေးချင်မယ့် လော်ကမန် မလုပ်တတ်။ ခေါင်းခြောက်အောင် စဉ်းစားလိုက်တော့ လော်ကမန် စွေးကူရောင်းပေးနေတဲ့ အကြီး ကို သွားသတိရလို့ အမေကြီးကို အကူအညီတောင်း မှပဲလို့ တွေးမိတယ်။

နေရောင်တောင် မြင်လာရပြီဖြစ်လို့ ပစ္စည်းထုပ်ထား ရွှေဆွဲကြိုးတစ်ကုံးယူပြီး အထုပ်ကို ပိုလုံခြုံတဲ့နေရာ ဝှက်ကာ စွေးကြီးကို ထွက်ခဲ့လေတယ်။ လော်ကမန် ကြီးရောက်တော့ ဆိုင်တွေတော်တော်များများ ဖွင့်ပြီးနေ ကို တွေ့ရတယ်။ အမေကြီးဆိုင်ရှိရာကို အမြန်သွား ဆိုင်ဖွင့်ပြီးနေတာကို တွေ့ရတယ်။

'လော်ကမန် နောက်ကျလှချည်လားဟယ်။ ကောင်းရဲ့လား'

လော်ကမန်က အမေကြီးမေးတာကို မဖြေနိုင်သေး ပစ္စည်းတွေကို ဝိုင်းသယ်ပေးနေလိုက်တယ်။ နယ်ဝယ် တွေလည်း ရောက်လာပြီမို့ ပစ္စည်းထုပ်ပိုး ချိန်တွယ်ပေး ရလို့ စကားမပြောနိုင်သေးဘဲ ဝိုင်းလုပ်ကိုင်နေရပြန်တယ် ဝယ်သူနည်းနည်းပါးသွားလို့ အမေကြီးက လက်ဖက်ရည် မုန့် ဝယ်ခိုင်းလို့ သွားဝယ်ပေးရပြန်တယ်။ လက်ဖက်ရည် မုန့်ဝယ်ပြီး ပြန်လာတော့ လူရှင်းနေပြီ။ အမေကြီးလည် အေးအေးထိုင်နားနေတာ တွေ့ရလို့ လော်ကမန်က လိုက် ပြောပြပါတယ်။

'အမေကြီး..ချွန်တော်နေတဲ့အိမ်မှာ အလှူလုပ်ချင် တယ်။ အမေကြီး လုပ်ပေးပါ'

'ဟဲ့..ဘာအတွက် အလှူလုပ်မှာလဲ လော်ကမန်။ ရှင်းပြောစမ်းပါကွယ်'

'သေသွားတဲ့ ချွန်တော့်သူငွေးမိသားစုအတွက်ပါ အ

www.burmeseclassic.com

www.burmeseclassic.com

ကြီး၊ အဲဒါ ချွန်တော် ဘာမှမလုပ်တတ်ဘူး။ အမေကြီးနဲ့ အဖေတို့ပဲ လုပ်ပေးပါ။ ချွန်တော် ငွေပေးထားမယ်'

လော်ကမန်က သူပြောတတ်သလိုပြောပြီး ဒိုတီထဲမှာ ထိုးထားတဲ့ ဆွဲကြိုးတစ်ကုံး ထုတ်ပေးလိုက်တယ်။ အမေကြီးက လော်ကမန်ကမ်းပေးလာတဲ့ ဆွဲကြိုးကိုကြည့်ပြီး ရယ်နေတယ်။ ၈၊

ဆွဲကြိုးဘယ်ကရလဲလို့ အမေကြီး မေးကြည့်တော့-

'အမေကြီး..ကျွန်တော် နောက်မှ အားလုံးပြောပြ ပေးမယ်နော်။ အလှူကို အမြန်ဆုံးလုပ်ပေးပါနော်'

လော်ကမန်က ဆိုင်ရှင်အမေကြီးကို တောင်းပန်စကား ဆိုလိုက်တယ်။

'အေး..ဒါဆိုလည်း နောက်မှပြောတော့။ ဒီနေ့ သော ကြာနေ့ဆိုတော့ စနေနေ့ ချက်ပြုတ်ပြီး တနင်္ဂနွေနေ့မနက် အရောင်းဆွမ်းကပ်မယ်။ ငါ့လူတွေနဲ့ အားလုံးစီစဉ်ပြီး နင် ပြောတဲ့အိမ်ကို ဘုန်းကြီးငါးပါးပင့်ပြီး လာခဲ့မယ်။ နင်က အားအိမ်တွေ နည်းနည်းဖိတ်ထားပေါ့။ ကဲ..လုပ်စရာရှိ သာ လုပ်လိုက်ဦး။ ဖောက်သည်တွေ လာတော့မယ်။ ဟဲ့.. သက်ဖက်ရည်နဲ့မုန့် စားဦးလေ'

စနေနေ့မှာ လော်ကမန်က အိမ်နီးနားက လူကြီးဆယ် ဦး,ငါးဦးလောက် လိုက်ဖိတ်လို့ အားလုံးအံ့သြနေကြ တယ်။ မေးကြမြန်းကြလို့ သူငွေးလုပ်ခိုင်းလို့ လုပ်ရတာ ပါလို့သာ ဖြေနေရတယ်။

တနင်္ဂနွေနေ့ မနက်(၅)နာရီမထိုးခင်လောက်မှာ ချက် ပြုတ်ထားတဲ့ အိုးခွက်ပန်းကန်တွေ သယ်လာတဲ့ ချယ်ဂါရီ သုံးစီး လော်ကမန်အိမ်ရှေ့ကိုရောက်လာပြီး နောက်က ဘုံ ကြတ်(မြင်းလှည်း)သုံးစီးနဲ့ ဘုန်းတော်ကြီးငါးပါး၊ အမေကြီး ဘို့မိသားစုတွေ ရောက်လာကြတယ်။ သံဃာတော်တို့ကို အမေကြီးကပဲ အိမ်ဦးခန်းတွင် ခေတ္တသီတင်းသုံးစေပြီး ဆွမ်းပွဲပြင်၍ ဆွမ်းဆက်ကပ်ပါတယ်။

သံဃာတော်တို့ ဆွမ်းဘုဉ်းပေးပြီး မေတ္တာသုတ်ရွတ် ပေးကာ သေသူအတွက် ရေစက်သွန်းချ အမျှပေးဝေချိန်မှာ တစ်အိမ်လုံး သွက်သွက်ခါအောင် လှုပ်သွားပြီး ကုလားလို အော်သံတွေကြားရကာ ပြန်၍ကိတ်ဆိတ်သွားပါတော့တယ်။

အမျှယူကြီးလာတဲ့ သူငွေးလော်ကမန်

အလှူအတန်းလုပ်ပေးပြီး တစ်လလောက်အကြာမှာ သူနေထိုင်တဲ့အိမ်ကြီးကို ပန်းရန်၊ လက်သမားဆရာတို့ကို ခေါ်ပြီး အခုမြင်တွေ့နေရတဲ့အတိုင်း အိမ်ကြီးကို မွမ်းမံ ပြင်ဆင်ပြီး အစိုးရထံက လော်ကမန် အိမ်ရှေ့ ကမ်းနား ဘက် မြေကွက်လပ်ကြီးအား ဂရန်ခံဝယ်ယူကာ သစ်စက် တစ်လုံး တည်လေတယ်။ နားလည်ကျွမ်းကျင်သူများ ငှား ရမ်းကာ သစ်စက်နဲ့ သစ်ရောင်းဝယ်ရေးကို အကြီးအကျယ် လုပ်ကိုင်ပါတော့တယ်။

ဟိုတစ်ချိန်က သစ်စက်ဟာ ကျွန်ုပ်တို့ မော်လမြိုင်မြို့ မှာ အကြီးဆုံးဖြစ်ခဲ့ပြီး ပထမဦးဆုံး သူ့သစ်စက်မှထွက်တဲ့ ခွဲသားတွေကို နိုင်ငံခြားတိုင်းပြည်များကို တင်ပို့ခဲ့တဲ့သစ်ကုန် သည်သူဌေးကြီး လော်ကမန်အဖြစ် ကျော်ကြားခဲ့တယ်။

လော်ကမန်သူဌေးကြီးအကြောင်းရေးရင် လော်ကမန် သစ်စက်ကြီးထဲက လော်ကမန်ရဲ့ သစ်ဆွဲဆင်ကြီးအကြောင်း ပါမှသာ ပြည့်စုံပါလိမ့်မယ်။

လော်ကမန် သစ်စက်ထဲမှ သစ်ဆွဲဆင်ကြီးဟာလည်း သူ့သခင်သူဌေးကြီး လော်ကမန်လိုပါပဲ။ အလုပ်ကို စည်း စနစ်နဲ့ တိတိကျကျလုပ်တတ်တဲ့ ဆင်ကြီးပါ။ အလုပ်စချိန် မနက်(၈)နာရီ ဥဩဆွဲလိုက်တယ်ဆိုရင်ပဲ ဆင်ဦးစီးက ချွန်း ကိုင်ရန်မလိုဘဲ လုပ်ငန်းခွင်ကို သူဟာသူ ဝင်တာပါ။ နေ့ ခင်း ထမင်းစားချိန် ဥဩဆွဲရင်လည်း ဆွဲနေတဲ့သစ်တုံးကို ရောက်တဲ့နေရာမှာချပြီး အစာသွားစားတော့တာပါ။ ညနေ အလုပ်သိမ်းချိန်လည်း ဒီအတိုင်းပါပဲ။ အချိန်ကို တိတိ ကျကျနဲ့ လုပ်တတ်တဲ့ဆင်မို့ ကျော်ကြားခဲ့တဲ့ ဆင်တစ် ကောင်ပါပဲ။

ကျွန်ုပ်တို့မိဘတွေက အလုပ်ကို အချိန်နဲ့ တိတိကျကျ လုပ်တတ်သူတွေကို လော်ကမန်ဆင်နဲ့နှိုင်းပြီး ပြောဆိုခဲ့ကြ ပါတယ်။

ဒီအချိန်မှာ သစ်စက်သူဌေးကြီး လော်ကမန်နဲ့ သူ့ဆင် ကြီးတို့ မရှိတော့ပေမယ့် နန်းတော်ကြီးလို ခမ်းနားထည်ဝါ လှတဲ့ လော်ကမန်အိမ်ကြီးကတော့ ထည်ဝါစွာ ရှိတုန်းပါပဲ။ (အခု သံလွင်ဟိုတယ်နဲ့ တည်းခိုခန်းအဖြစ် လုပ်ထားပါ တယ်။)

လှုံထမ်းလာတာကို မြင်ချင်မြင်ရမယ် ကံထလာတာ ကိုတော့ မမြင်နိုင်ဘူး ဆိုရိုးစကားလိုပါပဲ၊ တစ်ချိန်က အခိုင်းအစေလေး လော်ကမန်နဲ့ တိုရှည်သည် ကုလားမကြီး တို့ရဲ့ ကံတွေက ရှေးရှေးဘဝတွေက ကုသိုလ်လုပ်ခဲ့တဲ့ အကျိုးဆက်တွေပဲဆိုတာ ယုံမှားသံသယ မရှိစေချင်ပါဘူး။

ကောင်းကျိုးလိုရာ ပြည့်ပါစေ

မောင်လှယဉ်(မော်လမြိုင်)

www.burmeseclassic.com

www.burmeseclassic.com

မင်းမျိုးနွယ်၏ရှေ့တွင် သံတံခါးကြီးခံနေပြီဖြစ်၍ တံခါးလော့ချထားရင် ဒုက္ခဟူသောအတွေးဖြင့် အနည်းငယ် စိတ်လှုပ်ရှားသွားရသည်။ သံချေးတက်နေသော တံခါးလက်ကိုင်ကို ခပ်သွက်သွက်ပင် ဆွဲဖွင့်ကြည့်လိုက်၏။

'သေစမ်း'

တွေးထင်ထားမိသည့်အတိုင်းပင် တံခါးက လော့ကျနေသည်။ တံခါးကို အတွင်းက ပိတ်ထားသောကြောင့် မင်းမျိုးနွယ် ဖွင့်၍မရနိုင်ပေ။ နောက်သို့ ပြန်လှည့်ပြေးရန် စဉ်းစားလိုက်မိသော်လည်း တဝုန်းဝုန်းပြေးဝင်လာနေသော ဖိနပ်သံများက မင်းမျိုးနွယ်၏ အတွေးစိတ်ကို နင်းခြေပစ်လိုက်သည်။ မင်းမျိုးနွယ်တွင် ပြေးပေါက်မရှိတော့ချေ။ သွေးပျက်ချောက်ချားစွာဖြင့် သံတံခါးကို ထုရိုက်ကြည့်သည်။ ကန်ကြောက်ကြည့်သည်။ သို့သော် တံခါးက တုတ်တုတ်မျှမလှုပ်။ ဤလမ်းကြားလေးသည် စက်ရုံများအနီး၌ တည်ရှိလျက်ရှိရာ အဆောက်အအုံအများစုမှာ ဂိုဒေါင်များသာဖြစ်မှန်း မင်းမျိုးနွယ် သိနှင့်ပြီးသားဖြစ်သော်လည်း သေရမည်ကို ကြောက်သည့်စိတ်နှင့် လွတ်လိုလွတ်ငြား ကြိုးစားနေမိခြင်းဖြစ်၏။

သေမင်းတမန်တော်များသည် မင်းမျိုးနွယ်နှင့် နီးကပ်သထက် နီးကပ်လာကြပြီ။ ခြေသံများက လမ်းထောင့်ချိုး တစ်ဖက်မှ ကြားနေရခြင်းဖြစ်၍ ထိုထောင့်ချိုးကို ကျော်လွှန်သည့်နှင့်တစ်ပြိုင်နက် မိမိကို သူတို့တွေ့ရှိသွားကြတော့မည်။ သူတို့၌ သေနတ်တွေပါသည်။ ဓားတွေပါသည်။ မိမိတွင် ဓားမပြောနှင့်၊ ခုခံတိုက်ခိုက်ရန် တုတ်တစ်ချောင်းပင်မရှိ



www.burmeseclassic.com

www.burmeseclassic.com

မိန်းမတို့ ကျိန်စာ ကြိုးနန်းကို

တွေးရင်း၊တွေးရင်း မင်းမျိုးနွယ်၏ဒူးနှစ်ဖက် မခိုင်
တော့။ ယိုင်လဲပြိုကျမသွားအောင် စိတ်ကို အနိုင်နိုင်
ထားရင်း သံတံခါးဘေးအုတ်တိုင်ကိုမှီလျက် သေမင်း
ကို ရပ်စောင့်နေလိုက်သည်။ မင်းမျိုးနွယ် တင်စား
ဆိုလိုက်သည့် သေမင်းဆိုသူတွေက အမှန်တော့
မျိုးနွယ်ကိုယ်တိုင် အမြီးဆွဲခဲ့မိသော
ကုန်ရဲများ။

'ကျွဲ'

www.burmeseclassic.com

www.burmeseclassic.com

တုန်လှုပ်ချောက်ချားစွာ ရပ်စောင့်နေမိစဉ် မထင်မှတ်ဖွယ်အဖြစ်အပျက်တစ်ခု မင်းမျိုးနွယ်၏အသက်ကို ကယ်မပေးလိုက်သည်။ ကျားနက်ရဲ့အမွဲ့သားများ လမ်းထောင့်ချိုးကွေ့သို့မရောက်ခင် လက်မတင်လေးတွင် သံတံခါးသည် သူ့အလိုလို ထူးခြားစွာ ပွင့်ဟလာသည်။

'ဟင်..ထူးဆန်းလိုက်တာ'

မင်းမျိုးနွယ် ထိုသို့တွေးလိုက်မိသော်လည်း ကြာကြာမစဉ်းစားနိုင်။ မိမိ ဤအထဲဝင်သွားသည်ကို သူတို့မြင်သွားမှာ စိုးရိမ်ဖြစ်။ သို့ကြောင့် ပွင့်လာသောတံခါးပေါက်အတွင်းသို့ ခပ်မြန်မြန်ဝင်လိုက်သည်။

'ဂျိန်း'

တံခါးပိတ်သံက တိုးတိုးညည်းဖြစ်သော်လည်း မင်းမျိုးနွယ်အတွက်တော့ မိုးချုန်းသံပမာ ကျယ်လောင်သွား၏။ ဆန်းပြန်ပြီ။ မိမိ အခန်းထဲရောက်သည်နှင့် တံခါးက သူ့အလိုလိုပြန်ပိတ်သွားခြင်းဖြစ်သည်။ ဘယ်လိုပါလိမ့်။ အော် တိုစနစ်တပ်ဆင်ထားသည့် တံခါးများလား။ ထိုသို့လည်းဖြစ်နိုင်စရာရှိသည်။ ထိုင်းနိုင်ငံ (Thailand) ဆိုတာက ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံတစ်နိုင်ငံမဟုတ်လား။ ထိုသို့ ခေတ်မီနည်းစနစ်တို့ကို စက်ရုံဂိုဒေါင်များ၌ အသုံးပြုကောင်း အသုံးပြုထားနိုင်သည်။

(...)

မင်းမျိုးနွယ် ဂိုဒေါင်အတွင်းသို့ ရောက်ပြီး စက္ကန့်အနည်းငယ်မျှ ကြာသည့်အခါ အပြင်၌ တဝုန်းဝုန်း,တဖုန်းဖုန်း ခြေသံများစွာကို ကြားလိုက်ရသည်။ ခြေသံများနှင့်အတူ ဆူညံကျယ်လောင်သော စကားပြောသံများကိုလည်း တစ်ဆက်တည်းကြားရ၏။ တရုတ်လို ပြောနေကြခြင်းဖြစ်သည်။ တရုတ်စကား တတ်ကျွမ်းသော မင်းမျိုးနွယ် နားလည်လိုက်သည့် အဓိပ္ပာယ်မှာ ဤသို့ဖြစ်သည်။

ကျားနက်ရဲ့(၁) 'ဟာ..ဟိုခွေးကောင်၊ ဒီလမ်းထဲဝင်သွားတာကို ငါ သေချာစွာတွေ့လိုက်တယ်။ ဒီကောင် ဘယ်ပျောက်သွားလဲမသိဘူး'

ကျားနက်(၂) 'မင်းဟာက သေချာလို့လား။ ဒီမှာ လမ်းက ဆုံးနေပြီ။ မင်း သောက်သုံးမကျလို့ မတွေ့တာပေါ့'

ကျားနက်(၃) 'နေကြပါဦး။ ဒီမှာ ဂိုဒေါင်တွေရှိတယ်လေ။ သူ အဲဒီအခန်းတွေထဲများ ဝင်နေသလားမှမသိတာ'

ကျားနက်(၂) 'မင်း ဘာသိလို့ ပြောနေတာလဲ။ ဒီဂိုဒေါင်တွေအားလုံးက ဘော့(စ်)ပိုင်တာတွေချည်းပဲ။ ဂိုဒေါင်အားလုံးကို အမြဲသော့ခတ်ထားတာ။ သော့ပိတ်ထားတဲ့အခန်းထဲကို ဟိုခွေးနာ ဘယ်လိုလုပ်ဝင်လို့ရမှာလဲ။ တော်စမ်းကွာ။ ဟိုဘက်လမ်းထဲမှာ ဆက်ရှာကြမယ်။ လာ'

ကျားနက်ရဲ့များ 'ဟုတ်ကဲ့ပါ အစ်ကိုကြီး'

ခြေသံများ တစ်စ,တစ်စဝေးသွားမှ မင်းမျိုးနွယ် စိတ်သက်သာရာရတော့သည်။ ဂိုဒေါင်ခန်းထဲ ဝင်ရှာရင် ဘယ်လိုလုပ်မလဲဟူသော အတွေးစိတ်နှင့် တဒိတ်ဒိတ်ခုန်နေသော နှလုံးသည်လည်း ပြန်လည်တည်ငြိမ်သွားသည်။ ကျားနက်ရဲ့ အမွဲ့သားများက လက်မရှဲ့သူများဖြစ်တာကြောင့် မိမိကိုတွေ့လျှင် တွေ့သည့်နေရာ၌ အပြတ်ရှင်းပစ်မည်သာ။ အသက်ဘေးမှ သီသီလေးလွတ်မြောက်လိုက်ရသဖြင့် တစ်ဖန်မွေးဖွားလာရသူတစ်ယောက်လို မင်းမျိုးနွယ် ခံစားလိုက်ရသည်။ ဟော်ရွှင်ဝမ်းသာမှု အဟုန်ကြောင့် ရင်ထဲတွင် တလှုပ်လှုပ်ဖြစ်နေ၏။

'ငါ ဟော်နေလို့ မဖြစ်သေးပါဘူး။ ငါ သူတို့လက်ထဲလုံးဝလွတ်မြောက်သွားသေးတာမှမဟုတ်တာ။ ဒီနိုင်ငံမှာ ဆိုရင် ငါ့ကို တစ်နေ့မဟုတ် တစ်နေ့တော့ မိသွားမှာပဲ မဖြစ်ဘူး။ ငါ မြန်မာပြည်ကို ပြန်မှဖြစ်မယ်'

ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင်ချလိုက်ရင်း သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်ပစ်လိုက်သည်။ မိမိကြောင့် မိဘနှစ်ပါး စိတ်ဆင်းရဲရတော့မည့်အရေးကို တွေးလိုက်မိ၍ မင်းမျိုးနွယ် ထိုသို့စိတ်လေးသွားရခြင်းဖြစ်၏။ မိဘနှစ်ပါးက မိမိကို ပညာတတ်မြောက်စေရန်အတွက် ယခုလို နိုင်ငံရပ်ခြားသို့ပို့ကာ ပညာသင်စေခြင်းဖြစ်သော်လည်း မိမိ၏ ဆိုးသွေပေမှုကြောင့် မိဘများ ပို့ရကျိုးမနပ်ဖြစ်ရတော့မည်။ စောကသာ ဤသို့တွေးတောဆင်ခြင်မိလျှင် ယခုလောက် မိုက်မဲတဲ့ လုပ်ရပ်တွေကို မင်းမျိုးနွယ် ပြုလုပ်မိလိမ့်မည် မဟုတ်။ အခုတော့ နောင်တဆိုသည့်အတိုင်း နောင်ခ္ဓာနောင်မှုခြင်းဖြစ်၍ အချိန်တွေ လွန်သွားခဲ့ချေပြီ။

'ကျီ'

တတိယမြို့ အုံ့ညြေရပြန်၏။ အနာဂတ်နှင့် အတိတ်ကြား မင်းမျိုးနွယ်၏ စိတ်ဝိညာဉ်များ ပြေးလွှားနေမိစဉ် လော့နေသော သံတံခါးက သူ့အလိုလိုပွင့်ဟသွားသည်။ မိမိအတိတ်တဆိတ်ကူညီနေသူ တစ်ယောက်ယောက်များ တွေ့ရမလားဟူသော အတွေးနှင့် မျှောင်ပိတ်နေသော ဂိုဒေါအတွင်းသို့ မင်းမျိုးနွယ် ဝင်ဝံကြည့်လိုက်သော်လည်း တစ်

www.burmeseclassic.com

www.burmeseclassic.com

ဘစ်ရာလူပ်ရှားမှုကို မတွေ့မြင်သဖြင့် တွေးရခက်ခက်နှင့် အပြင်သို့ ထွက်လာခဲ့လိုက်တော့၏။

♦ ♦ ♦

Begin

'ဟဲ့..နင့်သူငယ်ချင်းနဲ့ ငါ့ကို မိတ်ဆက်ပေးပါလား'

'ဘာရယ်..ဘာရယ်'

'အမယ်လေး..နန်းသိဂီရယ်၊ နင်ကလည်း အခုမှပဲ ကြားပင်းသွားလိုက်တာ။ ငါပြောတာက ငါ့ကို နင့်သူငယ်ချင်းသစ်လေး ရွှေအိမ်နန္ဒီနဲ့ မိတ်ဆက်ပေးဖို့ ပြောတာ'

'အလိုတော်..ဘာလို့ ငါက မိတ်ဆက်ပေးရမှာလဲ။ ခွပ်ရွပ်ယှက်ယှက် နင့်အကြောင်း မသိရင်ခက်မယ်'

'အဟာ..ဟ..မိတ်မဆက်ပေးချင်လည်းနေပေါ့။ ငါက ငါ့အရည်အချင်းနဲ့ငါ ချဉ်းကပ်လို့ ရပါတယ်နော်။ နင့်ကို အားနာလို့။ ငါ့ဘာသာငါ ချဉ်းကပ်ပြီးမှ နင်နဲ့ငါ သူငယ်ချင်းမှန်း သူသိသွားရင် နင့်ကို သူ ဘယ်လိုမြင်မလဲ။ နင်က ငါ့ကိုကြိုက်နေလို့ သူနဲ့ မိတ်မဆက်ပေးတာလို့ သူ ထွေးသွားမှာနော်'

'ဟင်..ဟုတ်လား၊ သူ အဲဒီလို တွေးသွားနိုင်လား။ တွေးလောက်ပါဘူးဟယ်'

တွေဝေသွားသော နန်းသိဂီ၏ အမူအရာကိုကြည့်ပြီး မိမိစကား တစ်ဝက်အောင်ပြီဟုတွေးကာ မင်းမျိုးနွယ် ကြိတ်ပြုံးသွားမိသည်။ ဆံနွယ်လေးများကို ခပ်ရွရွကုတ်ရင်း မျက်ပြူးဝိုင်းလေးဖြင့် မိမိအား မော့ကြည့်နေသော နန်းသိဂီ၏ ပုံစံက မင်းမျိုးနွယ်ကို အူတက်သွားစေနိုင်ပေမယ့် မရယ်မိအောင် စိတ်ကိုတင်းထားလိုက်ပြီး ဆက်လှိမ့်ရန် စကားလုံးအချို့ကို ကွန်ပျူတာဦးနှောက်ဖြင့် အလျင်အမြန်စဉ်းစားလိုက်သည်။

'အမယ်..ဘာလို့မတွေးရမှာလဲ။ နင်လည်း သိသားနဲ့။ ငါက မ,ကျမ်းကျေတဲ့ ကောင်ပါ။ ဘယ်မိန်းကလေးက ဘယ်လိုတွေးတတ်တယ်၊ ဘယ်မိန်းကလေးက ဘယ်လိုမူတတ်တယ် ဆိုတာကအစ သိပြီးသား။ နင့်အတွက် စေတနာနဲ့ ပြောတာ။ နောက်မှ နင်တို့သူငယ်ချင်းနှစ်ယောက် ငါ့အတွက်နဲ့ အခင်အမင်ပျက်နေမှာစိုးလို့'

'တော်စမ်းပါဟယ်။ နားဒုက္ခသင့်လိုက်တာ မင်းမျိုးရယ်။ အေးပါ..နင်ပြောသလိုဆို သူ တစ်မျိုးမထင်အောင် ငါနေမှ ဖြစ်မှာပေါ့။ သူနဲ့နင့်ကို ငါမိတ်ဆက်ပေးပါ့မယ်'

'ဟင်း..ဟင်း..ငါ့သူငယ်ချင်းက ဒီလိုကျတော့လည်း မဆိုးပါဘူး။ အကောင်ပြရင် အရိပ်လောက်တော့ မြင်သားပဲ'

'ကောင်စုတ်၊ ငါ့ကို လာနှိမ်နေပြန်ပြီ'

'ကဲ..ဒါဆို မုန့်စားကျောင်းဆင်းချိန်ကျရင် လက်ရာမွန်ဆိုင်မှာ ဆုံကြတာပေါ့။ မသိမသာခေါ်လာခဲ့နော်။ အဲဒီရောက်မှ မတော်တဆဆုံသလိုမျိုးလုပ်။ ငါက အတင်းမိတ်ဆက်ခိုင်းတယ်လို့ မထင်စေနဲ့ဦး။ သိသွားရင် ယောကျ်ားလေး သိက္ခာကျတယ်'

'အမယ်လေးလေး..ယောကျ်ားလေးက သိက္ခာကျတယ် ရှိရသေး။ ရှေးတုန်းကဆို ယောကျ်ားလေးတွေက ကိုယ်သဘောကျတဲ့ မိန်းကလေးရဲ့နောက်ကို သုံးနှစ်သုံးမိုး တကောက်ကောက်လိုက်ရတာဟဲ့'

'နားစမ်းပါ။ Out of data ဖြစ်သွားပြီ။ အခုခေတ်က ကိုယ်သဘောကျတဲ့ ကောင်လေးနောက်ကို မိန်းကလေးတွေက လိုက်နေကြတာ။ ကိုရီးယားကားတွေထဲမှာ နင်မတွေ့ဘူးလား။ ငါ့အတွေ့အကြုံနဲ့ ပြောရရင် ငါတို့ကျောင်းက မိန်းကလေးတော်တော်များများလည်း အဲဒီအတိုင်းပဲ။ နင်ရော နင်သဘောကျတဲ့သူ မရှိဘူးလား။ ပြောစမ်းပါ။ ငါကူညီမှာပေါ့'

'ဟာ..နင်ကလည်း နားရှက်စရာတွေ ပြောနေပြီ။ တော်ပါ၊ မရှိပါဘူး။ မိန်းကလေးက လိုက်စရာလား'

'အေး..အဲဒီလိုကြပ်ကြပ်ရှက်၊ နင် အပျိုကြီးအဖြစ် ကျန်ရစ်လိမ့်မယ်။ ခွီ..ခွီ..ခွီ'

'ကောင်စုတ်'

'ဟား..ဟား..ကဲ..ငါသွားတော့မယ်။ နေ့လယ် တွေ့ကြမယ်'

'ဟဲ့..နေပါဦး၊ ငါမေးစရာရှိလို့။ ဟို နင်က တကယ်ပဲ မိန်းကလေးတွေရဲ့ အတွင်းစိတ်ကို သိနိုင်တာလား'

'အင်းပေါ့၊ ငါ့ရဲ့ မိန်းကလေးအတွေ့အကြုံအရ ခန့်မှန်းနိုင်တာပေါ့။ ဘာဖြစ်လို့လဲ'

'ဘာမှမဟုတ်ပါဘူး။ အံ့သြလို့ မေးကြည့်တာပါ။ ဟော..ငါ့အခန်းကို ဆရာဝင်နေပြီ။ တာ့တာ'

လှည့်ထွက်သွားသော နန်းသိဂီ၏ ကျောပြင်ကို ငေးကြည့်ရင်း မင်းမျိုးနွယ် နှုတ်ခမ်းကိုမဲ့ပြလျက် အသံတိတ်ကဲရဲလိုက်၏။ နန်းသိဂီ၏ အကျင့်ကလည်းတစ်မျိုး။ ထိုသို့ဟိုမရောက်,သည်မရောက် အူကြောင်ကြောင်မေးခွန်းမျိုးတွေကို မကြာခဏ မေးမြန်းတတ်သလို ကိုယ့်အကြောင်း

www.burmeseclassic.com

လူတကာသိအောင် လျှောက်ပြောတတ်သည့်အကျင့် ရှိလျက်သားနှင့် လျှို့ဝှက်နက်နဲသည့် ခိုက်တင်မျိုးကို ဖမ်းထားတတ်သေးသည်။ သို့ပေမယ့် ထိုသို့သော အူတူတူကောင်မလေးမျိုးကမှ ရိုးရိုးသားသားပေါင်းသင်း၍ အဆင်ပြေတာကြောင့် ဒီလောက်တော့ သည်းခံရမှာပေါ့ဟု တွေးလျက် မိမိအခန်းရှိရာဘက်သို့ မင်းမျိုးနွယ် လှည့်ထွက်လာခဲ့လိုက်သည်။

မင်းမျိုးနွယ်က ဒသမတန်း(ဂ)မှ ခပ်ရှုပ်ရှုပ်ကျောင်းသားတစ်ဦးဖြစ်ပြီး နန်းသိဂီကတော့ စာကြိုးစားသောကျောင်းသူဝီဝီ ဒသမတန်း(က)မှာ အဆင့်(၁)ကနေ (၃) အတွင်းဝင်သူဖြစ်သည်။ မင်းမျိုးနွယ်က အညာဇာတိဖြစ်သော်လည်း ရန်ကုန်တွင် နေထိုင်တာ ကြာခဲ့ပြီ။ လူပုံမှာ အသားဖွေးဖြူ။ မျက်ခုံးထူထူ၊ နှာတံစင်းစင်းနှင့် မင်းမျိုးနွယ်အလား ခုံညားထည်ဝါသူ ဖြစ်တာကြောင့်လည်း အသက်လေး(၁၅)နှစ်ကျော်ရုံရှိသေး ရည်းစားသနာကိစ္စ ရှုပ်ထွေးပွေလီလှသလောက် နန်းသိဂီဆိုသော ရှမ်းပျိုမယ်လေးကတော့ လှပဖြူဖွေးသော ရုပ်ရည်နုနုလေးကို မျက်မှန်ကြီးကြီး၊ သနပ်ခါးဘဲကျားနှင့် ဖုံးအုပ်ထားတတ်ပြီး စာကိုသာစိတ်ဝင်စားတတ်သူမျိုး။ ထိုသို့အကျင့်စရိုက် ဆန့်ကျင်ဘက် လူငယ်နှစ်ဦးကျမှ ငယ်ပေါင်းကြီးဖော် သူငယ်ချင်းတွေဖြစ်နေကြသည်။

မင်းမျိုးနွယ်နှင့် နန်းသိဂီတို့နှစ်ယောက်က မူလတန်းကတည်းက ပေါင်းသင်းခဲ့ကြသော သူငယ်ချင်းအရင်းခေါက်ခေါက်များဖြစ်သဖြင့် တစ်ဦးနှင့်တစ်ဦး စိတ်ဆိုးခြင်း၊ ရန်ဖြစ်ခြင်း ရှားပြီး တစ်ဦး၏ အနွံအဘာကို တစ်ဦးက သည်းခံတာ များသည်။ အထူးသဖြင့် အရွယ်ရောက်လာသည်နှင့်အမျှ မင်းမျိုးနွယ် ကူညီခိုင်းသမျှကို နန်းသိဂီက ဆောင်ရွက်ပေးနေရတာ များ၏။

ဆိုခဲ့သည့်အတိုင်း မင်းမျိုးနွယ်က လူရုပ်လူပွေလေးတစ်ယောက်ဖြစ်၍ ကောင်မလေးပေါင်းစုံနှင့် ထည်လဲတွဲတတ်သည်။ မောင်နှမတမျှ ခင်မင်နေသူ နန်းသိဂီ အမြင်မတင့်၍ တည်တည်တံ့တံ့တွဲရန် တားမြစ်မိလျှင်လည်း ရယ်ကျဲကျဲနှင့် 'နင့်မှာ ရည်းစားမရှိလို့ မဟုတ်လား' 'နင်က မနာလိုဖြစ်နေတာလား' စသည်ဖြင့် မခံချင်အောင် ပြန်ပြောတတ်သေးသည်။

ယခုလည်း တစ်ဖက်ကျောင်းမှ ဟိုတစ်လောကပြောင်းလာသည့် ကျောင်းသူသစ်လေး ရွှေအိမ်နန္ဒီနှင့် မိတ်ဆက်ခိုင်းပြန်ပြီ။ ကိုးတန်းကျောင်းသူ သွန်းယုယနှင့် မိတ်ဆက်ခိုင်းခဲ့သည်မှာ ဘာမျှမကြာလိုက်သေး၊ ချစ်သူတွေဖြစ်ပြီး နှစ်ရက်ပင်မခံ မင်းမျိုးနွယ်က အရပ်ပုလို့ဟူ၍ ဆင်ခြေပေးကာ အဆက်ဖြတ်သွားသည့်အကြောင်းကို သွန်းယုယက ရန်လာတွေ့ရင်း ပြောပြသဖြင့် နန်းသိဂီသိခဲ့ရသည်။ ခုတစ်ခါလည်း ဘယ်နှစ်ရက်ခံမလဲ။ မည်သို့သော ဇာတ်ခြေ ဆင်လက်တွေပေးပြီး အဆက်ဖြတ်မလဲဆိုတာကို နန်းသိဂီ ရင်လေးလေးနှင့်တွေးရင်း မည်သို့ပင် စိုးရိမ်ပူပန်စရာတွေ ထူးတောနေမိပါစေ၊ နေ့လယ်မုန့်စားကျောင်းဆင်းချိန်တွင် မင်းမျိုးနွယ် မှာသည့်အတိုင်း ရွှေအိမ်နန္ဒီကိုခေါ်ကာ မုန့်ဈေးတန်းဘက်သို့ ထွက်လာခဲ့သည်။

'ဟေ့..သိဂီ၊ မလာစဖူး မုန့်ဈေးတန်းတွေဘာတွေလာလို့ပါလား။ ညော်..သူငယ်ချင်းလည်း ပါတာပဲ။ လာလေ၊ ထိုင်ဦး။ ငါ့ချစ်သူငယ်ချင်းကြီးက မတွေ့ဘာကြာရှိပိုချောလာတယ်'

အလွန်အမင်း ဖက်လဲတကင်းဖြစ်နေသော မင်းမျိုးနွယ်၏ အမူအရာကြောင့် နန်းသိဂီပင် ကြောင်အမ်းအမ်းဖြစ်သွားရသည်။ သရုပ်ဆောင်ကောင်းလိုက်ပုံများ။ မနက်ကတော့ဆုံပြီး အတင်းကာရော မိတ်ဆက်ခိုင်းခဲ့သူ မင်းမျိုးနွယ်က ယခုများတော့ နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့သည့် အလား ထင်မှတ်မှားရလောက်အောင်ကို သရုပ်ဆောင်ဆောနေသည်။ မိမိက အူကြောင်ကြောင်ရပ်နေမိတော့ မိသွင်လက် ရွှေအိမ်နန္ဒီက-

'နန်း..ဟိုမှာ နင့်သူငယ်ချင်း ခေါ်နေတယ်လေ' လောကွတ်ချော်မှ လှုပ်လှုပ်ရှားရှား သတိဝင်လာရ၏။

'အေးဟယ်..နင် ဘယ်တွေပျောက်နေတာလဲ။ မေ့တာတောင် တစ်ပတ်လောက်ရှိတော့မယ်'

လိမ်လည်တတ်သူ မဟုတ်၍ စကားလုံးတွေကအသည်းအသန်စဉ်းစားရင်း ကြိုးစားပြောလိုက်သောစကားဖြစ်ပေမယ့် အမှားအနည်းငယ်ပါသွားတာကြောင့် မင်းမျိုးနွယ်က မသိမသာမျက်စောင်းထိုးရင်း စကားကို ပြင်သည်။

'တစ်လလောက်ရှိပြီလေဟာ။ စက်တင်ဘာလတုန်းက ရုပ်ကွက်အလှူခံကိစ္စနဲ့ ငါ နင်တို့အိမ်ကို လာခဲ့သေးတယ်လေ။ ရုပ်ရေးရွာရေးဆို နင်လည်း သိတဲ့အတိုင်းပဲ။ ငါ့ဝါသနာကိုပါတာ။ အခုလည်း သီတင်းကျွတ် သင်္ကြန်ဖော်ပွဲအတွက် ပြေးလွှားနေရတာနဲ့ ကျောင်းတောင်မတက်

www.burmeseclassic.com

www.burmeseclassic.com

နိုင်ဘူး။ လွတ်သွားတဲ့စာတွေကို နင့်ပဲ မေးရတော့မှာပဲ။
ညော်..ဆောရီးနော်။ ဟဲ့..နင့်သူငယ်ချင်း ပျင်းနေဦးမယ်။
တစ်ခုခု မှာကြလေ'

မင်းမျိုးနွယ်၏ စကားလုံးများကို လိုက်နားထောင်ရင်း မိမိနားများ နားကြားမှားသလားဟု နန်းသိဂီတွေးတောနေမိစဉ် မင်းမျိုးနွယ်က ရွှေအိမ်နန္ဒီဘက်သို့ စွေကြည့်လိုက်ပြီး အလိုက်တသိ ဆိုလိုက်တာကြောင့် ရွှေအိမ်နန္ဒီက 'အာ..နေပါစေ။ ရပါတယ်'ဟု မခို့တရို့အမူအရာလေးနှင့် ငြင်းလိုက်သည်။ ထိုအခါမှ မိမိ ငြိမ်နေ၍မရတော့မှန်း နန်းသိဂီသဘောပေါက်သွားသည်။

'ညော်..မိတ်ဆက်ပေးရဦးမယ်။ မင်းမျိုး..ဒါက ငါ့သူငယ်ချင်းသစ်လေး ရွှေအိမ်နန္ဒီတဲ့။ ထ(၁)က ပြောင်းလာတာ မကြာသေးဘူး။ နန္ဒီ..ဒါက ငါ့သူငယ်ချင်း မင်းမျိုးနွယ်တဲ့။ (C) ခန်းကလေ'

'ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်ရှင့်'

'ကျွန်တော်ရောပဲ။ ခပ်ချောချောကျောင်းသူလေးတစ်ယောက် ပြောင်းလာတယ်ဆိုတဲ့ သတင်းကိုတော့ ကြားမိပါတယ်။ ခုမှပဲ သေချာမြင်ဖူးတော့တယ်။ ကဲ..ကျွန်တော် ကော်ဖီ မှာလိုက်မယ်နော်'

ရွှေအိမ်နန္ဒီက အပြုံးမျက်နှာနှင့် ခေါင်းညိတ်လိုက်၏။

♦ ♦ ♦

'ဒုန်း..ဒုန်း..ဒုန်း..ဒုန်း'

ဆူညံကျယ်လောင်သော တံခါးခေါက်သံများကြောင့် မင်းမျိုးနွယ် လန့်နိုးလာခဲ့သည်။ အိပ်မက်,မက်နေရာမှ လန့်နိုးလာရ၍ လက်ရှိပတ်ဝန်းကျင်ကို ဇဝေဇဝါဝေ့ဝဲကြည့်လိုက်ရင်း ကြောင်ငေးနေမိသေးသည်။ မိမိကိုယ်မိမိ အထက်တန်းကျောင်းသားဟု ထင်မှတ်မှားနေမိသေးသည်။ ခဏကြာမှ မိမိ ထိုင်းနိုင်ငံကို ရောက်ရှိနေတာပါလားဟု အသိဝင်လာပြီး အိပ်ရာပေါ်မှ ကမန်းကတန်း ထထိုင်လိုက်၏။ ဘယ်လိုဖြစ်ပြီး အထက်တန်းကျောင်းသားဘဝကို အိပ်မက်ပြန်မက်နေမိပါလိမ့်ဟူ၍လည်း တွေးတောလိုက်မိသည်။

'ဒုန်း..ဒိုင်း..အုန်း'

တံခါးကို ထုရိုက်ဖွင့်နေသော အသံများကို ကြားလိုက်ရသဖြင့် မင်းမျိုးနွယ် ဝိုမျက်စိကျယ်သွားရသည်။ တံခါးအပြင်ဘက်ရှိလူများသည် ကျားနက်ရဲအဖွဲ့သားများမှလွဲ၍ အခြားမဖြစ်နိုင်။ မအိပ်ခင်က မိမိသတိကြီးစွာဖြင့် တံခါးကို ဗီရိုနှင့် ဖိဝိတ်ထားမိခဲ့၍သာ တော်တော့်သည်။ မိမိ ဤတည်းခိုခန်းတွင် ရှိနေမှန်း မည်သို့သိရှိသွားကြသလဲ မပြောတတ်။

မင်းမျိုးနွယ် ခုတင်ပေါ်မှလူးလဲထကာ ပြတင်းပေါက်ရှိရာဆီသို့ ပြေးသွားလိုက်သည်။ အချိန်က နံနက်သုံးနာရီခန့်သာ ရှိသေးသည်။ မိမိအခန်းက တည်းခိုခန်း တတိယထပ်တွင်ဖြစ်နေ၍ အောက်သို့ခုန်ချလျှင် ကျိုးပဲ့သွားနိုင်သည့်အတွက် ဝရန်တာတွင် ထွက်ရပ်ကာ အားဘီဝန်းကျင်ကို အကဲခတ်ကြည့်ရင်း အကြံထုတ်ရတော့သည်။ အချိန်မရတော့သဖြင့် ခပ်ကြာကြာစဉ်းစားမနေတော့ဘဲ ပေါပေါက်လာသည့် စိတ်ကူးဉာဏ်အတိုင်း ဝရန်တာအပြင်ဘက်သို့ ကျော်တက်လိုက်ပြီး ခြေတစ်ဖြားချစာသာရှိသော အုတ်စွန်းလေးများကိုနင်းကာ တစ်ဖက်အခန်းဆီသို့ ကူးသွားလိုက်၏။

အရာဏ်ဦး လေက တဟူးဟူးတိုက်ခတ်နေ၍ မင်းမျိုးနွယ်၏ အင်္ကျီစသည် လေထဲတွင် တလွင့်လွင့်မြောပါလျက်ရှိသည်။ အောက်ခြေသို့ ငုံကြည့်မိသည့်အခါ မြေပြင်နှင့် အတော်ဝေးကွာနေတာကြောင့် ကြိုးတန်းလျှောက်သကဲ့သို့ ကုတ်ကပ်ကပ် လိမ်ဖယ်ဖယ်သွားနေရသော မိမိအဖြစ်ကို စဉ်းစားမိကာ ဖင်တအေးအေး ရင်တလုပ်လုပ် ဖြစ်နေရသည်။ မင်းမျိုးနွယ် တစ်ဖက်ပြတင်းပေါက်ဆီသို့ မရောက်ခင်အချိန်၌ မင်းမျိုးနွယ်၏ အခန်းတံခါး ဝုန်းခနဲ ပွင့်သွားသည့် အသံကို ကြားလိုက်ရ၏။ နောက်တော့ ကျားနက်ရဲအဖွဲ့သားများ၏ တဝုန်းဒုန်းတဒိုင်းဒိုင်း ဆူညံသံများ၊ သူတို့တစ်တွေ မင်းမျိုးနွယ်ကို အခန်းထဲတွင် ရှာဖွေနေကြပြီ။ အကယ်၍ ဤအုတ်ပေါင်လေးပေါ်၌ မင်းမျိုးနွယ် လမ်းလျှောက်ထွက်နေသည့်အကြောင်းသာ သူတို့သိသွားကြလျှင် ပစ္စတိုနှင့် လှမ်းပစ်ခတ်ကြလေမလား မပြောတတ်။ စိတ်တို့က ထိတ်လန့်တုန်လှုပ်စရာတို့ကို တွေးတောလျက်ရှိသော်လည်း ခန္ဓာကိုယ်ကတော့ လုပ်သင့်လုပ်ထိုက်သည်ကို တည်တည်ငြိမ်ငြိမ် လုပ်ဆောင်လိုက်နိုင်သဖြင့် တော်သေးသည်ဟု ဆိုရမည်။

ကျားနက်ရဲတို့ မတွေ့မီတွင် မင်းမျိုးနွယ်သည် ဘေးချင်းကပ်လျက် တစ်ဖက်ခန်း၏ပြတင်းပေါက်အောက် အုတ်ပြားပေါ်သို့ ခြေချမိခဲ့ပြီ။ မိမိ ဤအခန်းထဲ ဝင်သွားသည်ကို ထိုသူတို့ တွေ့မြင်သွား၍မဖြစ်။ သူတို့တွေ့သွားလျှင် မိမိ၏အသက်နှင့်ခန္ဓာ တကွဲတပြားဖြစ်သွားရလိမ့်မည်မဟုတ်လား။ စိုးရိမ်သောကစိတ်များက ရင်ထဲသို့ ပြည့်လျှံတက်လာသဖြင့် မမှီတမီ ပြတင်းပေါက်ပေါင်ကို မင်းမျိုးနွယ်

www.burmeseclassic.com

ခပ်လောလော လှမ်းဆွဲလိုက်မိ၏။

"အ"

ခြေဖျားထောက်ကာ လှမ်းဆွဲလိုက်ရတာကြောင့် ဟန်ချက်လွဲကာ အုတ်ပေါင်ပေါ်မှ ခြေနှစ်ဖက်လုံး ချော်ကျသွားသည်။ လက်တစ်ဖက်က ကံကောင်းထောက်မစွာဖြင့် ပြတင်းပေါက်ပေါင်ကို ဆွဲကိုင်ထားမိ၍သာ တော်တော့၏။ မဟုတ်လျှင် ဝေးကွာလှသည့် မြေပြင်ဆီသို့ တစ်ရှိန်ထိုး ပြုတ်ကျသွားရမည်သာ။ သို့သော်လည်း ယခုအခြေအနေက အဆင်ပြေလှသည်ချည်းတော့မဟုတ်။ လူက လေထဲတွဲလွဲဖြစ်နေပြီ။

"ဟာ..ကျော်..ကျော်ရှူးပဲဗျာ။ Thank u, Thank u"

လေထဲတွင် တိုးလိုးတွဲလောင်းဖြစ်နေစဉ် ခပ်ဟဟဖွင့်ထားသော ပြတင်းပေါက်မှ လက်တစ်ဖက်ထွက်လာပြီး မင်းမျိုးနွယ်၏ ကျန်လက်တစ်ဖက်ကို ဆွဲတင်ပေးသဖြင့် မင်းမျိုးနွယ် အံ့အားသင့်သွားရသည်။ ထိုသူဟာ ဘယ်သူလဲ၊ မည်သူကများ မိမိကို တိတ်တဆိတ်ကူညီနေပါလိမ့်။ သို့သော်လည်း စိတ်ထဲ၌ မယုံမရဲ။ အကယ်၍ ကျားနက်ရဲအဖွဲ့ထဲမှ အပေါင်းအဖော်တစ်ဦးဖြစ်နေပါက ပြန်လည်တိုက်ခိုက်ရန်အတွက် လုံးဝလက်နေးနေ၍မဖြစ်။ သို့ပေမယ့် မင်းမျိုးနွယ်၏ လက်တစ်ဖက်ကို ဖမ်းကိုင်လျက် ဆွဲတင်ပေးနေသော လက်ဖဝါးလေးသည် သေးသွယ်လွန်းလှတာကြောင့် ယောကျ်ားရင့်မာကြီး မဖြစ်နိုင်ဟု မင်းမျိုးနွယ် ယူဆမိသည်။ လက်ကလေးက ဖောင်းဖောင်အိအိ ဖြူဖြူသွယ်သွယ်လေးဖြစ်ပြီး ဒဏ်ရာတို့ပြည့်နှက်လျက်ရှိကြောင်းကို လမ်းမီး၊ တစ်ဖက်အခန်းမီးများ၏ အလင်းရောက်အောက်၌ မှုန်ဝါးဝါးရှုမြင်လိုက်ရသည်။ ဒဏ်ရာများက လတ်လတ်ဆတ်ဆတ်ဖြစ်၍ ထိုသူဟာ ကျားနက်ရဲအဖွဲ့သားများ၏ နှိပ်စက်မှုအောက်မှ လွတ်မြောက်လာသူတစ်ဦးလည်း ဖြစ်နိုင်သည်။ နောက်ပြီး ကြောက်ရွံ့မှုကြောင့်လားမသိ၊ အေးစက်နေသေး၏။ မ,ကျမ်းကျေသူပီပီ လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်မိရုံမျှဖြင့်ပင် မင်းမျိုးနွယ် သုံးသပ်လိုက်မိသည်က ထိုလက်ဝိုင်ရှင်သည် မိန်းကလေးတစ်ယောက်သာ ဖြစ်မည်။

ထိုလက်ကလေးသည် ပြတင်းပေါက်ပေါင်ကို မင်းမျိုးနွယ်၏ လွတ်နေသည့်လက်တစ်ဖက် ဆုပ်ကိုင်မိသွားအောင် ကူညီခဲ့ပြီးသည့်နောက် အခန်းတွင်းသို့ ပြန်လည်တိုးဝင်ပျောက်ကွယ်သွားသည်။ ထိုလက်ဝိုင်ရှင်လေးဟာ မည်သူပါလိမ့်။ မင်းမျိုးနွယ် သိချင်စိတ်ကြောင့် တစ်ကိုယ်လုံးတင်မရိုးမရွဖြစ်လာသဖြင့် ပြတင်းပေါက်ပေါင်ပေါ်သို့ အသည်အသန်တက်လာလိုက်ပြီး ပြတင်းပေါက်မှတစ်ဆင့် အခန်းတွင်းသို့ ဝင်လာလိုက်၏။

အခန်းသည် မှောင်မည်းလျက်ရှိသည်။ စောစောကမိန်းကလေးသည် မင်းမျိုးနွယ်အတွက် ရန်သူလား၊ မိတ်ဆွေလား ဂဃနဏခွဲခြားမသိသေးတာကြောင့် အတင်းကာရော တိုးဝင်မသွားသေးဘဲ ပြတင်းပေါက်ဘေးတွင် ကျုံကျုံလေးထိုင်ရင်း မြေခွေးတစ်ကောင်လို အခန်းထဲသို့ ချောင်းမြောင်းနေလိုက်သည်။

ခဏအကြာ၌ တဝေါဝေါ တအုန်းအုန်း ခြေသံများနှင့်အတူ အခန်းရှေ့မှ ဖြတ်လျှောက်သွားသည်ကို ကြားလိုက်ရ၏။ ထိုခြေသံပိုင်ရှင်များသည် ကျားနက်ရဲအဖွဲ့သားများမှလွဲ၍ အခြားမဖြစ်နိုင်ချေ။ ကျားနက်ရဲများ၏ ခြေသံများ ပျောက်ကွယ်တိတ်ဆိတ်သွားချိန်အထိ မင်းမျိုးနွယ် အသက်မရှူသေးဘဲ နားစွင့်ကာ စောင့်ဆိုင်းနေမိသည်။ တအုန်းအုန်း တဒုန်းဒုန်း ခြေသံများ တစ်စ,တစ်စ ဝေးကွာသွားပြီးနောက် တည်းခိုခန်းကြီးသည်လည်း ပကတိ ပြန်လည်တိုးတိတ်သွားတော့၏။ ထိုအခါမှပဲ မင်းမျိုးနွယ် သက်ပြင်းတိုတစ်ချက်ကို ဟူးခနဲမှုတ်ထုတ်လိုက်ပြီး ပုန်းအောင်းနေရာမှ ထရပ်လိုက်သည်။

"ဟယ်လို..အခန်းထဲမှာ တစ်ယောက်ယောက်ရှိနေပါသလား"

မင်းမျိုးနွယ်က ထိုစကားကို မတိုးမကျယ်အသံနှင့် ထိုင်း၊ တရုတ်၊ အင်္ဂလိပ် ဘာသာစကားသုံးမျိုးဖြင့် တစ်လှည့်စီ လှမ်းအော်မေးလိုက်သော်လည်း ပြန်လည်ဖြေကြားသံ မရှိ၍ နည်းနည်းဒေါသထွက်သွားမိသည်။ ကယ်တုန်းကဖြင့် ရဲရဲဝံ့ဝံ့ကယ်တင်ပြီး ယခုကျမှ ပုန်းရောင်နေခြင်းက ဘာသဘောလဲ။ ဘာအဓိပ္ပာယ်လဲ။ မင်းမျိုးနွယ်ကို လူဆိုးသူခိုးဟု သတ်မှတ်လျှင်လည်း နဂိုကတည်းက မကယ်တင်ခဲ့ပါနှင့်လား။ စိတ်တိုတိုနှင့် ဟိုဟိုသည်သည်လျှောက်တွေးရင်း အမှောင်ထဲ၌ စမ်းတဝါးဝါးလျှောက်လာမိစဉ် တစ်ခုနှင့် ဝင်တိုက်မိ၏။

"အို..အမလေး"

နာကျင်မှုမရှိသော်လည်း နဂိုက ထိတ်လန့်နေသည့်အရှိန်ကြောင့် မင်းမျိုးနွယ် ယောင်ယမ်းကာ အော်ဟစ်လိုက်မိသည်။ ချက်ချင်းပင် မိမိဝင်တိုက်မိသည်က အရာဝတ္ထု

www.burmeseclassic.com

www.burmeseclassic.com

ဘဲ လူတစ်ယောက်ဖြစ်နေကြောင်း သိလိုက်ရသည်။
ရသည့်အချိန်တွင် ကိုယ်ရှိန်ကို သတ်မရတော့သဖြင့်
အပေါ် သို့ မင်းမျိုးနွယ် ယိုင်ကျသွားကာ နှစ်ယောက်
ပြန်ပြင်ပေါ် သို့ လဲကျသွားရ၏။ အထိအတွေ့ကြောင့်
မှာ မိန်းကလေးတစ်ဦးဖြစ်မှန်း သိလိုက်ရသည်။

"ဟာ..ဆောရီး..ဆောရီးဗျာ။ မှောင်မည်းနေတော့
တော်လည်း ဘာမှမမြင်ရလို့ ခုလိုဖြစ်သွားတာပါ။
ောင်းပန်ပါတယ်ဗျာ။ တောင်းပန်ပါတယ်။ ဘယ်လိုမှ
ောက်မှေပါနဲ့"

မင်းမျိုးနွယ်က သူမအပေါ် ဖက်လျက်လဲကျသွားရာ
ူးအလဲထထိုင်ကာ သူမ၏လက်မောင်းတစ်ဖက်ကို
ကိုင်ရင်း အသည်းအသန်တောင်းပန်မိ၏။ သူမ၏လက်
ောင်းကို ဆုပ်ကိုင်ထားရခြင်းမှာ သူမ ထွက်ပြေးလွတ်
ောက်သွားမည်ကို စိုးရိမ်သောကြောင့်ဖြစ်သည်။ သူမဟာ
သူမည်ဝါဆိုတာကို မင်းမျိုးနွယ် သိချင်မိ၏။

သူမက လက်ပြတ်အင်္ကျီ ဝတ်ဆင်ထားသဖြင့် သူမ၏
ောင်းအိုးလေးကို ကြားခံသားမပါဘဲ မင်းမျိုးနွယ်
ွေ့ကိုင်တွယ်ထားရသည်။ သူမ၏ အသားအရေသည်
ွေးနူးညံ့နေသည်။ သူမ၏လက်မောင်းသည် ယခုခေတ်
ကလေးများကဲ့သို့ ပိန်သွယ်သွယ် သေးသေးကွေးကွေး
ုတ်ဘဲ ဆင်နှာမောင်းကဲ့သို့ မင်းမျိုးနွယ် ဆုပ်ကိုင်ထား
သော အရင်းနေရာတွင် အနည်းငယ်တုတ်သည်။ စက္ကန့်
ိုးအတွင်း လက်မောင်းလေးတစ်ဖက်ကို ဖမ်းဆုပ်မိရုံမျှ
ြင့် ဤသို့သုံးသပ်နိုင်သည်မှာ မင်းမျိုးနွယ်၏ မ,ကျမ်းကျေ
ည်မှု စွမ်းရည်ပင်တည်း။

သို့သော် မင်းမျိုးနွယ် ဆုပ်ကိုင်ထားမိသောနေရာတွင်
ိုစိစီ ဖျစ်ခွဲခွဲ အရာတို့နှင့်အတူ အက်ကွဲကြောင်းတစ်ခုကို
စမ်းမိတာကြောင့် သူမ၏လက်မောင်း၌ ဒဏ်ရာကြီးကြီး
ားမား ရရှိထားပြီဟု မင်းမျိုးနွယ် သုံးသပ်မိသည်။ ထိုသို့
သုံးသပ်မိသည်မှာလည်း မင်းမျိုးနွယ်ကိုယ်တိုင် ဒဏ်ရာ
ကြီးကြီးမားမား မကြာခဏရတတ်သဖြင့် ထိုသို့သိရှိဝေဖန်
နိုင်ခြင်းဖြစ်၏။

"ဟိတ်..မပြေးနဲ့လေ။ မင်း အင်္ကီလိပ်လို နားမလည်
ဘူးလား။ ငါက မင်းကို အန္တရာယ်ပြုမယ့်လူ မဟုတ်ပါ
ဘူး"

ထိုသို့တွေးတောနေမိခိုက်တွင် မိန်းကလေး၏ လက်
မောင်းသည် မင်းမျိုးနွယ်၏လက်ထဲ၌ မရှိတော့။ မင်းမျိုး
နွယ်ခမျာ လေဟာနယ်ကိုသာ ဆုပ်ကိုင်ထားမိ၏။ ဖမ်းဆုပ်
ထားသော မင်းမျိုးနွယ်၏လက်တွင်းမှ ထိုမိန်းကလေး မည်
သို့ရုန်းထွက်လိုက်သည်မသိ။ ရုန်းရင်းကန်ရင်း လွတ်ထွက်
သွားခြင်းမျိုးမဟုတ်။ ဖျတ်ခနဲ ပျောက်ကွယ်သွားသည့်ပုံစံ
မျိုး။ အော်ဟစ်ခေါင်းနေသော်လည်း တဖြည်းဖြည်း ဝေး
သွားသောခြေသံမှလွဲ၍ ပတ်ဝန်းကျင်မှာ အမှောင်အတိ။
နောက်တော့ ခြေသံလုံးလုံးပျောက်ကွယ်သွားသည်။ တစ်
ခန်းလုံး ပြန်လည်တိတ်ဆိတ်သွားသည်။ မင်းမျိုးနွယ်လည်း
တော်တော်စိတ်အိုက်သွား၏။

ထိုင်နေရာမှ မင်းမျိုးနွယ် ဝုန်းခနဲထရပ်လိုက်ကာ နံရံ
မှ မီးခလုတ်ကို လိုက်စမ်းသည်။ တစ်ခန်းနှင့်တစ်ခန်း
ဖွဲ့စည်းပုံချင်း အတူတူဖြစ်တာကြောင့် မီးခလုတ်ရှိမည့်
နေရာကို မင်းမျိုးနွယ် မှန်းဆ၍ရသည်။ တစ်မိနစ်၏ ထက်
ဝက်မျှသော အချိန်လေးအတွင်း၌ မင်းမျိုးနွယ် မီးခလုတ်
တစ်ခုကို ထိစမ်းမိသည်။ လျင်လျင်မြန်မြန်ဖွင့်နှိပ်လိုက်၏။

"ဟာ"

မီးလင်းလာသည့်အခါ မင်းမျိုးနွယ် လုံးဝမျှော်လင့်
မထားသော အရာတချို့ကို တွေ့မြင်လိုက်ရသည်။ မင်းမျိုး
နွယ် ရောက်ရှိနေသည့် အခန်းမှာ လုံးဝကန့်မထားသော
ဟောခန်းကျယ်ကြီးထဲတွင်ဖြစ်သည်။ အသုံးမပြုတော့သော
ပစ္စည်းဟောင်းတချို့ကို ဟိုနေရာ,သည်နေရာတို့၌ စုပုံထား
သောကြောင့် စတိုခန်းဖြစ်ဂိမ့်မည်ဟု မင်းမျိုးနွယ် တွေး
မိသည်။ ထိုပစ္စည်းဟောင်း အနည်းအကျဉ်းမှလွဲ၍ တစ်ခန်း
လုံး ပုန်းစရာနေရာ ဗလာနတ္ထိ ပြောင်ရှင်းလျက်သားဖြစ်
၏။ ဤသို့ဆိုလျှင် စောစောကမိန်းကလေးသည် မည်သည့်
နေရာကို ပြေးထွက်သွားပါလိမ့်။

♦ ♦ ♦

ဆယ်တန်းအောင်စာရင်း ထွက်သည့်အခါ လူရွှပ်
ကလေး မင်းမျိုးနွယ်က ရိုးရိုးသာအောင်ပြီး စာကြိုးစားသူ
နန်းသိဂီကတော့ ဂုဏ်ထူး(၄)ခု (ဖိုးဒီ)နှင့် အောင်မြင်ခဲ့
သည်။ ကျောင်းသားဘဝက မင်းမျိုးနွယ် ရွှပ်ခဲ့၊ ရစ်ခဲ့သော
နန်းသိဂီ၏ သူငယ်ချင်းအားလုံးလည်း စာမေးပွဲအောင်မြင်
ကြ၏သည်။ ထိုအချိန်အထိ မင်းမျိုးနွယ်သည် ရွှပ်တုန်း,ပွေ
တုန်းဖြစ်၏။ ယခင် နန်းသိဂီ မိတ်ဆက်ပေးခဲ့သော သွန်း
ယုယ၊ ရွှေအိမ်နန္ဒီတို့ဆိုတာ ဘယ်သူတွေများပါလိမ့်ဟု တွေး
ရမတတ် နံပါတ်စဉ်အရေအတွက်များပြားခဲ့ပြီ။ ထိုသို့ လူ
ပေလေးတစ်ယောက်က ယခုကဲ့သို့ ဆယ်တန်းစာမေးပွဲကို

www.burmeseclassic.com

www.burmeseclassic.com

လွတ်လွတ်ကျွတ်ကျွတ် အောင်မြင်ခဲ့ရခြင်းမှာလည်း သူငယ်ချင်းကောင်း နန်းသိဂီ၏ အတင်းလက်တွဲခေါ်မှုကြောင့်သာ။

'သိဂီ..နင် ဘာတက်မယ်လို့ စိတ်ကူးထားလဲ'

'ငါတွေးထားတာတော့ တိရစ္ဆာန်မွေးကုတက္ကသိုလ်ကို တက်ရင်ကောင်းမလားလို့။ ငါတို့နိုင်ငံမှာက တိရစ္ဆာန်တွေကို နိုင်ငံခြားမှာလောက် အရေးတယူထားကြတာ မဟုတ်ဘူး။ ရောဂါဖြစ်လာရင် ဒီလိုပဲသေသွားရတာ များတယ်။ ငါက တိရစ္ဆာန်လေးတွေကို ချစ်တယ်လေ။ ငါ ချစ်တဲ့ တိရစ္ဆာန်လေးအတွက် ငါတတ်တဲ့ပညာနဲ့ ငါ စေတနာ့ဝန်ထမ်း လုပ်စားမယ်လို့ တွေးထားတယ်'

'ဂေါက်သီးမ၊ စေတနာ့ဝန်ထမ်းလုပ်တော့ နင့်ကို ဘယ်သူက ပိုက်ဆံပေးမှာလဲ။ နင် ထမင်းငတ်မှာပေါ့။ ဘာလဲ၊ ယောကျ်ားလုပ်စာ ထိုင်စားဖို့ အခုကတည်းက တွေးထားပြီပေါ့။ ဟုတ်လား'

'ဒါပေါ့။ ယောကျ်ားက မိန်းမကို လုပ်ကျွေးတာ သဘာဝပဲကိုး'

'အမယ်လေး..ခေတ်နောက်ပြန်ဆွဲပြန်ပြီ။ အခုခေတ်မှာ သူသူကိုယ်ကိုယ် လက်လှုပ်မှ ပါးစပ်လှုပ်ရတာ သိရဲလား။ စိတ်ကူးတွေချည်း စွတ်ယဉ်မနေနဲ့'

'အေး..ငါက ဘောစိကို ရှာယူမှာ။ သိပြီလား'

'နင့်ပုံစံနဲ့တော့ ဘောစိမရနိုင်ဘူး။ ကျောင်းဆရာတို့၊ စာရေးဆရာတို့လို အေးတိအေးစက်လူရိုးကြီးတွေပဲ ရချင်ရလိမ့်မယ်။ ဘောစိအများစုက လန်းမှကြိုက်တာ။ ငါ့ကို ကြည့်ပေါ့။ ဟဲ..ဟဲ'

'ကောင်စုတ်၊ ငါ့ကိုဆို မဟုတ်တာဘဲ ပြောတယ်။ ရတယ်ဟေ့။ မချမ်းသာရင်နေပါစေ၊ စိတ်ကောင်းရှိဖို့အရေးကြီးတယ်'

နန်းသိဂီက မျက်စောင်းတထိုးထိုးနှင့်ပြောကာ နှုတ်ခမ်းကိုလည်း ထော်ထားသေးသည်။ သူမ၏မျက်နှာ အမူအရာကြောင့် မင်းမျိုးနွယ် မရယ်ဘဲ မနေနိုင်။ နန်းသိဂီက ပေါင်းသင်းရကောင်းသော သူငယ်ချင်းတစ်ယောက် ဖြစ်သလို စိတ်ထားလည်းကောင်းသည်ဟု မင်းမျိုးနွယ် သိရှိထားပြီးသားဖြစ်၏။ သို့ပေမယ့် ယခုလို သူမ၏ ရည်ရွယ်ချက်ကို သိရှိလိုက်ရသည့်အခါ စိတ်ထဲမှ တော်တော်လေးစားသွားမိ၏။ စေတနာ့ဝန်ထမ်း ပရဟိတသဘောမျိုး လုပ်ဆောင်ဖို့ဆိုတာ လွယ်သည့်ကိစ္စမဟုတ်။ စေတနာ၊ ဝါသနာ၊ အနှစ်နှာ စတဲ့နှာသုံးနှာနှင့် ပြည့်စုံသည့်လူမှ လုပ်ဆောင်နိုင်သည့်အလုပ်မျိုး မဟုတ်လား။

'သူများကိုချည်း မဟုတ်တာတွေ ပြောမနေနဲ့။ နင်က ရော ဘာလုပ်ဖို့ တွေးထားလဲ'

'ငါလား၊ ငါက အင်္ဂလိပ်စာ အမှတ်ကောင်းတယ်လေ။ အခုလည်း IELTS တို့ TOFEL တို့လို အင်္ဂလိပ်စာနဲ့ ပတ်သက်တာတွေ တက်နေတယ်။ ပြီးရင် ထိုင်းလန်းက Mahidol University International College မှာ Computer Science သွားတက်မလားလို့ တွေးထားတယ်'

'ကောင်းပါတယ်ဟာ။ နင့်မိဘတွေက ဘောစိတွေပဲ။ ပို့မှာပေါ့။ ဒါပေမဲ့ နင်နဲ့ငါနဲ့ ဝေးသွားမှာပေါ့။ ဟိုကိုရောက်ရင် နင် ငါ့ကို ဖုန်းဆက်နော်'

'အမယ်လေး..အားအားယားယား။ နင်က ငါ့ကောင် မလေးမှမဟုတ်တာ။ ဆက်စရာလား'

'သေနာ၊ နင်နဲ့ငါနဲ့က ဟိုးငယ်ငယ်ကတည်းက ပေါင်းလာတဲ့ သူငယ်ချင်းတွေလေ။ နင့်ကောင်မလေးတွေက မနေ့တစ်နေ့ကမှ တွေ့တဲ့ဟာတွေကိုများ။ မဆက်လည်း နေပေါ့'

'ဟ..ဟ..ကောင်မလေးတစ်ယောက် စိတ်ကောက်သွားပြီ၊ ကရော့..ကရော့။ ဖုန်းတော့မဆက်ဘူး။ ပိုက်ဆံကုန်တယ်။ ငါတို့ အွန်လိုင်းမှာ ညတိုင်း တွေ့မှာပဲကို။ အဆက်အသွယ်မပြတ်စေရပါဘူး ချစ်သူငယ်ချင်းကြီးရယ်'

မင်းမျိုးနွယ်ရေ့၌ မည်မျှစနောက်ခဲ့,စနောက်ခဲ့ ထိုသို့ချော့လိုက်သည့်အခါတိုင်း နန်းသိဂီ ကျေနပ်သွားရစမြဲ။ မင်းမျိုးနွယ်၏ စိတ်ထဲတွင်တော့ နန်းသိဂီဟာ စိတ်ကောက်လွယ်ပြီး အချော့ကြိုက်တဲ့ မိန်းကလေးဟု ယေဘုယျတွေးမိရုံကလွဲပြီး ထူးထူးခြားခြား မခံစားမိခဲ့။ အမှန်မှာ နန်းသိဂီသည် မည်သူ့ကိုမျှ စိတ်မကောက်ဖူးခဲ့။ စိတ်မကောက်ဖူး၍လည်း မည်သူမျှ သူမကို မချော့မြူ မနှစ်သိမ့်ဖူးခဲ့။ သူမဟာ စိတ်ဆိုးစိတ်ကောက် လွယ်သူတစ်ယောက် မဟုတ်။ မင်းမျိုးနွယ်နှင့် ပတ်သက်မိမှ သတိလက်လွတ်နှင့် ကလေးမလေးတစ်ယောက်ကဲ့သို့ ပြုမူမိနေခြင်းဖြစ်၏။

စိတ်ကူးယဉ်ခဲ့ကြသည့်အတိုင်း နန်းသိဂီသည် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးတက္ကသိုလ်ကို တက်ရောက်ခဲ့ပြီး မင်းမျိုးနွယ်သည်လည်း ပြည်ပတက္ကသိုလ်တက်ရောက်ရန်အတွက် လိုအပ်သည်များ လုပ်ဆောင်ပြီးသည့်နောက် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။ Mahidol University International College သို့ ရောက်သည့်အခါ

www.burmeseclassic.com

www.burmeseclassic.com

ပိုင်း၌ သူ၏ရည်ရွယ်ချက်အတိုင်း ကွန်ပျူတာသိပ္ပံပညာ စိတ်ဝင်တစား သင်ယူသော်လည်း နောက်ပိုင်းတွင် အခြေအရာ ကောင်မလေးများနှင့် ထည်လဲတွဲရမှုအပေါ် အာသာငမ်းပြီး စာ၌ စိတ်ဝင်စားမှု လျော့နည်းလာခဲ့သည်။ ဤခြားသူလေးများကို လှည့်စားရခြင်းဖြစ်တာကြောင့် သူ ကိုယ်သူ ပို၍ဂုဏ်ယူနေပုံရသည်။ သို့သော် လည်လွန်းသည့် တစ်နေရာတွင်တော့ မစင်သင့်ရစမြဲဖြစ်သလို မင်းမျိုးနွယ်ကဲ့သို့ မိခင်နိုင်ငံတွင်သာမက နိုင်ငံရပ်ခြားတွင်ပါ ရွှပ်နေခဲ့သူသည် မူးယစ်ဆေးဝါးဂိုဏ်းခေါင်းဆောင်၏သမီးမို့ သွားကြွရွယ်မိ၏။

သူမ၏နာမည်က ချင်အီစူး။ သူမသည် အသားဖြူဖြူ မျက်နှာပေး၊ မျက်လုံးမှေးမှေးနှင့် ချစ်စဖွယ်တရုတ်မလေးဖြစ်၊ ချစ်သူ၏ ဝတ္ထရားမှန်သမျှကို ကျေပွန်သူဖြစ်သည်။ သူက မင်းမျိုးနွယ်ကို (မင်းမျိုးနွယ်ခေါ်ခိုင်းသည့်အတိုင်း) မိုးဟု ခေါ်တတ်ပြီး တွေ့ဆုံသည့်အခါတိုင်း အကြင်နာနမ်းလေး ပေးတတ်သည်။ စကားကိုလည်း ချစ်စဖွယ်ဆောင်းအောင် ချဲ့ချဲ့ခွဲ့ခွဲ့ဆိုတတ်တာကြောင့် မင်းမျိုးနွယ်၏ အသည်းစွဲဖြစ်ခဲ့ရသည်။ ထိုအသည်းစွဲလေးကမှ မင်းမျိုးနွယ်ကို ဒုက္ခအကြီးအကျယ်ပေးမည့်သူဖြစ်ကြောင်းကို ထိုခဏက မင်းမျိုးနွယ် ကြိုတင်မတွေးမိခဲ့။

မည်မျှပင် အသည်းစွဲဖြစ်ပါစေ၊ အချိန်ကြာလာသည့်အခါ မင်းမျိုးနွယ်၏ အကျင့်အတိုင်း နောက်တစ်ယောက်ကို ပြောင်းကြိုက်ရန် စိတ်က ကြွစည်လာသည်။ ချင်အီစူးအပေါ် စိတ်ကုန်လာသည်။ အေးစက်စက်ဆက်ဆံလာသည်။ မင်းမျိုးနွယ်၏ နှလုံးသားအပေါ် ချင်အီစူး ရိပ်မိသွားသည့်အခါ ပထမပိုင်းတွင် သူမကို ပစ်မသွားရန် တောင်းပန်သေးသည်။ သို့သော် ဘူးဆို ဖရုံမသီးတတ်သူ မင်းမျိုးနွယ်က ခေါပေါထင်ထင် ခါးခါးသီးသီး ငြင်းဆန်ပြီး ကျောခိုင်းထွက်ခွာသွား၏။

မင်းမျိုးနွယ်၏အတွေးဦး သူသည် မိန်းကလေးများကို မှောကိုယ်နစ်နာသည်အထိ လွန်လွန်ကျူးကျူးချစ်ခဲ့ခြင်းဟုတ်သဖြင့် သူ မနှစ်သက်သည့်အခါတွင် စိတ်ကြိုက်သမ်းခွဲခွင့်ရှိသည်ဟု တစ်ဖက်သတ်ချည်း တွက်ဆထားပုံရသည်။ ယခင်ကလည်း ထိုသို့ပင် သူ မကြိုက်တော့သည့်အခါ အကြောင်းပြချက်ပင်မပေးဘဲ လမ်းခွဲခဲ့တာချည်းဖြစ်သည်။ ယခုတစ်ခါတွင်လည်း ထိုသို့ ပြတ်ပြတ်သားသား ဝုပ်ကိုင်မိသည်မှာ မင်းမျိုးနွယ်၏ ကြီးစွာသောအမှား။

ချင်အီစူး၏ ဖခင်က ဂိုဏ်းစတားဆိုတာ သူ့မသိ။ ချင်အီစူးက ဖခင်ဖြစ်သူကို တိုင်ကြားလိုက်တာကြောင့် ဂိုဏ်းစတား၏ Black Tiger အဖွဲ့သားများကို စေလွှတ်ကာ မင်းမျိုးနွယ်အား တွေ့ရာသခိုရိုင်း ဓားမဆိုင်းရန် ခိုင်းစေလိုက်သောကြောင့် ယခုလို ထွက်ပြေးနေခဲ့ရခြင်း ဖြစ်လေ၏။

ထွက်ပြေးနေသည့်တစ်ပတ်တာအတွင်း နှစ်ကြိမ်တိတိ ကျားနက်ရဲအဖွဲ့သားများနှင့် တွေ့တွေ့ဆိုင်ဆိုင် ရင်ဆိုင်တွေ့မလို ဖြစ်ခဲ့ရသည်။ ရှင်းရှင်းဆိုရလျှင် နှစ်ကြိမ်တိတိ အသတ် ခံရမလိုဖြစ်ခဲ့ရသည်။ ထိုနှစ်ကြိမ်လုံးလုံး မခြင်လိုက်ရသူတစ်ဦး၏ တိတ်တဆိတ်ကူညီမှုကြောင့် သေဘေးမှ လွတ်မြောက်ခဲ့ရသည်။ ထိုသူသည် မင်းမျိုးနွယ်ကို အတွေ့မခံသဖြင့် မင်းမျိုးနွယ်သိသောသူထဲကသာ ဖြစ်လိမ့်မည်ဟု တွေးမိ၏။ မင်းမျိုးနွယ် ချစ်ကြိုက်ခဲ့သော မိန်းကလေးများထဲကလား၊ (သို့မဟုတ်) ချင်အီစူးကိုယ်တိုင်ပဲ မိမိအပေါ် ချစ်မေတ္တာ မပြယ်နိုင်သေး၍ ဖခင်၏လက်မှ တိတ်တဆိတ် လိုက်လံကယ်တင်နေခြင်းလား။

'မဖြစ်နိုင်'

ထိုသူအားလုံး၏ စိတ်သဘောထားကို မင်းမျိုးနွယ် သိပြီးသား။ မိန်းမတို့သည် မိမိအား အပြစ်မဲ့လျက်သားနှင့် စွန့်ပစ်ထားရစ်ခဲ့သူကို တတ်များတတ်နိုင်လျှင် လိုက်လံသတ်ဖြတ်ရန်ပင် စိတ်ကူးရှိသူများဖြစ်ကြသည်။ ယခုလို မင်းမျိုးနွယ် သေဘေးနှင့်ကြုံတွေ့နေရသည်ကို တွေ့မြင်ပါက ဝမ်းသာလွန်းသဖြင့် ဟားတိုက်၍ပင် ရယ်ကြဦးမည်။ နောက်တစ်ချက်အနေဖြင့် မင်းမျိုးနွယ်သည် သူ၏ချစ်သူထားရာ သက်တမ်းတစ်လျှောက်လုံး ပြစ်မှုမဲ့မထင် မိန်းကလေးမျိုးကိုသာ ရွေးချယ်ထားခဲ့ခြင်းဖြစ်သည်။ သူ၏မိန်းကလေးအားလုံးသည် အလန်းစားတွေချည်း။ အားလုံး ဘောင်းဘီတို၊ ကြိုးတစ်လုံးအင်္ကျီကို မချွတ်စတမ်းဝတ်ဆင်ကြသူများဖြစ်တာကြောင့် သူမတို့၏ ချောမွေ့သောအသားအရေ၊ သွယ်ပျောင်းလှပသော လက်မောင်းအိုးလေးများကို မင်းမျိုးနွယ် ဖက်တွယ်ကိုင်ခဲ့ရသည်သာ။ ယခုဆုပ်ကိုင်မိသော လက်မောင်းအိုးမှာ ထိုသို့ မသွယ်ပျောင်းရုံသာမက ဒဏ်ရာများပင် ရှိနေသေး၏။ ထိုကိစ္စနှင့်ပတ်သက်၍ ယခုချိန်ထိ မင်းမျိုးနွယ် အဖြေမှန်ကို စဉ်းစားမရချေ။

(ဆက်ရန်)

စေတနာရှေ့ထားသူက

ဂါဒြီးနွန်းကို

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အဲ..နောက်တစ်ခုက ကျိန်စာနဲ့ပတ်သက်လို့ပဲ။

ကျိန်စာနဲ့ပတ်သက်ရင် ပုဂ္ဂိုလ်ရေးအရ နာကျင်အောင်၊ နာကြည်းအောင် အနိုင့်အထက်ဆောင်ရွက်ထားခြင်းကြောင့် ကြိတ်မနိုင်ခဲမရ ခံစားရပြီး ပြန်လည်တုံ့ပြန်ဖို့လည်း မစွမ်းသာသည့်အခါ တချို့လူများသည် မိမိအား အနိုင်ကျင့်ထားသူအား ကျိန်ဆဲခြင်း၊ ကျိန်စာတိုက်ခြင်းအမှုများ ပြုတတ်ကြသည်။ အဲ..ကျိန်စာတိုက်တိုင်း စွမ်းသလားဆိုတော့ စွမ်းပါ၊ မထိပါ။ ခံရသူက အမှန်တကယ် မတရားခံရခြင်းလည်းဖြစ်မယ်၊ ကျိန်စာတိုက်သူက သမာသမတ်လည်း ရှိမယ်၊ ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်သူ၊ ဖြောင့်မတ်သူ ဖြစ်မယ်ဆိုရင်တော့ ကျိန်စာတိုက်ခံရသူအနေနဲ့ ကျိန်စာကို လွတ်အောင်ရှောင်ဖို့ ခဲယဉ်းပြီသာ မှတ်ပေတော့။

သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းဆိုတဲ့ မြို့ကြီးတွေ ဖော်ထုတ်နိုင်ခဲ့သလို ကမ္ဘာ့အသိအမှတ်ပြုတာလည်း ခံရတာ မကြာသေးတော့ ကျွန်တော့်အနေနဲ့ ဒီမြို့ကြီးတွေအကြောင်း သမိုင်းနောက်ခံတွေ ထဲထဲဝင်ဝင် မသိကြသေးပါဘူး။ သိထားပြီးသားဖြစ်တဲ့ ပုဂံနေပြည်တော်ကြီးမှာ ဆီးနှုန်းအုပ်စိုး မင်းလုပ်ခဲ့တဲ့ မင်းမြတ်အနော်ရထာမင်း၊ ကျွန်စစ်သားမင်းနဲ့ သထုံပြည့်ရှင် မနုဟာမင်းတို့အကြောင်းနဲ့ ယှဉ်ပြီး တင်ပြချင်ပါတယ်။

ပုဂံက မင်းတွေနဲ့ယှဉ်ပြီး ကျိန်စာအကြောင်း တင်ပြမယ်အထဲမှာ ဘာကြောင့် သထုံပြည့်ရှင် မနုဟာမင်းကြီးက ဓါလာရသလဲဆိုရင် သထုံပြည့်ရှင် မနုဟာမင်းဟာ ပုဂံပြည့်ရှင် အနော်ရထာမင်းထက်စောစွာ ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်ခဲ့သူဖြစ်တယ်။ ဒါကြောင့် ဗုဒ္ဓရဲ့ဓာတ်တော်မွေတော်တွေ သူတိုင်းပြည်မှာ အခြောက်အခြားရှိသလို ပိဋကတ်တော်တွေလည်း ရှိတယ်။ အဲဒါကို အနော်ရထာမင်းမြတ် သိတော့ သူ ကိုးကွယ်ရန် မျှဝေပေးဖို့ တောင်းဆိုတယ်။ ဒါပေမဲ့ သထုံပြည့်ရှင် မနုဟာမင်းက ပုဂံပြည့်ရှင်ရဲ့ တောင်းဆိုချက်ကို ငြင်းပယ်တယ်။ ဒါကြောင့် စစ်ဖြစ်တယ်။ အဲဒီအချိန်က ပုဂံပြည်မှာ ကျွန်စစ်သား၊ ငထွေရူး၊ လေ့းလဖယ်၊ ညောင်ဦးဖီးဆိုတဲ့ စစ်သူရဲကောင်းလေးဦး ရှိနေတဲ့အပြင် ဗျတ္တဆိုတဲ့ လူစွမ်းကောင်းကလည်း ရှိနေလေတော့ ပုဂံသားတွေ စစ်နိုင်တာပေါ့လေ။

စစ်ရဲ့သဘောအရ စစ်နိုင်သူတွေဟာ စစ်ရှုံးသူများထံက လိုတာရတဲ့သဘောရှိတာကြောင့် အဲဒီတုန်းက မနုဟာမင်း၊ မိဖုရားနဲ့ နောက်ပါတွေကို ပုဂံပြည့်ရှင် အနော်ရထာမင်းက စစ်သုံ့ပန်းအဖြစ် ပုဂံရွှေမြို့တော်ကို ခေါ်ခဲ့တယ်။ ဒါကြောင့် မနုဟာမင်း ပုဂံနေပြည်တော်ကို ရောက်နေတာပါ။ စစ်သုံ့ပန်းအဖြစ် ပုဂံရောက်လာတာဆိုပေမယ့် သထုံပြည့်ရှင်ကို လွတ်လပ်စွာ မင်းတစ်ပါး အဆောင်အယောင်နဲ့ ထားပါတယ်။ ဘယ်လောက်ပဲလွတ်လပ်၊လွတ်လပ်၊ ဘယ်လို အဆောင်အယောင်တွေနဲ့ပဲထားထား ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြွနန်းလောက် ဘယ်မှာအဆင်ပြေမှာလဲ။ သထုံပြည့်ရှင် မနုဟာမင်း စိတ်ကျဉ်းကျပ်တာပေါ့။

သူ့ခံစားချက်ကို ပုဂံပြည့်ရှင်နဲ့ နှောင်းလူတွေသိစေဖို့ သထုံပြည့်ရှင် မနုဟာမင်းဟာ မနုဟာဘုရားကြီးလို့ ဒီနေ့လူသိများတဲ့ ဧရာမဘုရားကြီးကို မြင်းကပါအရပ်မှာ တည်ထားခဲ့တယ်။ မြစေတီဘုရားနဲ့လည်း နီးနီးလေးရယ်။ ကုလားကျောင်းခံပြီး မနုဟာဘုရားကြီးကို အထက်ပစ္စယာပေါ်မှာ တည်ထားတာပါ။ ဘုရားကြီးပတ်လည်မှာတော့ စေတီရံ(၃၇)ဆူ ထည့်သွင်းတည်ထားတာကို ဖူးတွေ့နိုင်ပါတယ်။ မနုဟာဘုရားကြီးဟာ တစ်မူထူးခြားစွာ တည်ထားတာကြောင့် ပုဂံမြေက အခြားစေတီပုထိုးများနဲ့ မတူပါဘူး။ ဘုရားကြီးကို အပြင်ဘက်က ဖူးမြော်မယ်ဆိုရင် အလွန်ကြီးမားခဲ့ထည်ပြီး အတွင်းမှာ ကျယ်ကျယ်ဝန်းဝန်းရှိမယ်လို့ ထင်ရပါတယ်။ ဒါပေမဲ့ အထဲဝင်ပြီး ဖူးမယ်ဆိုရင် ဗုဒ္ဓဆင်းတုတော်ကြီးတွေဟာ ဉာဏ်တော်မြင့်မားသလောက် ကိုယ်လုံးတော်များကလည်း ကြီးထွားကြပါတယ်။ ဂန္ဓကုဋိ တိုက်နဲ့ ဦးခေါင်းတော်များ၊ ကိုယ်လုံးတော်များဟာ ထိလုခမန်းရှိတာမို့ ဖူးတွေ့ရတာ စိတ်ကျဉ်းကျပ်လှပါတယ်။

သထုံပြည့်ရှင် မနုဟာမင်းဟာ သူ့ရဲ့အိမ်နီမှဲစံ သုံ့ပန်းဘဝဟာ ဘယ်လောက်ပဲ လွတ်လပ်ပေ့ယဆိုသော်လည်း ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြွနန်း မဟုတ်တဲ့အတွက် သူဟာ မွန်းကျပ်လှတယ်ဆိုတဲ့သဘောကို နှောင်းလူများ သိစေချင်တာလည်းတစ်ကြောင်း၊ လက်ရှိအခြေအနေတွင် ကောင်းမှုကုသိုလ်ပြုပြီး သူ့ဘဝအတွက် ဆုတောင်းဆုပန်မယ်။ သူ့အပေါ် နာကျင်အောင်၊ နာကြည်းအောင်ပြုမူသူတွေအပေါ် ပုထုဇဉ်တို့ သဘောသဘာဝအတိုင်း ကျိန်စာတိုက်ခဲ့မယ်ဆိုတဲ့ သဘောထား အနည်းနဲ့အများ ရှိလိမ့်မလား ထင်မိတယ်။ မနုဟာဘုရားကျောက်စာမှာ သထုံပြည့်ရှင် ဘုရင်မင်းမြတ်က ဒီလိုကျောက်စာ ရေးထိုးဆုတောင်းခဲ့တယ်။ နောက်ပြီး ကျိန်စာလည်း ရေးထိုးခဲ့ပါတယ်။

ဘဝဆက်တိုင်း နိဗ္ဗာန်ချမ်းသာ မရမချင်း ရန်သူ မနှိမ်

www.burmeseclassic.com

www.burmeseclassic.com

နင်းနိုင်သောမင်း ဖြစ်ရပါလိမ့်၏။

လူစည်းစိမ်၊ နတ်စည်းစိမ်ကို သူ၏ကောင်းမှုတော်များကို စောင့်ရှောက်သူများ ခံစားရပါစေ။ သူ၏ကောင်းမှုတော်များကို ဖျက်ဆီးကြသူများကား ကမ္ဘာအဆက်ဆက် ပွင့်မည့် ဘုရားများ မဖူးမြော်ရဘဲ ပဉ္စနန္ဒရိယ ငရဲကြီး၌ ခံစားစေသတည်းလို့ ကျိန်စာရေးထိုးခဲ့တယ်။

သထုံပြည့်ရှင် မနုဟာမင်းရဲ့ ကျိန်စာနဲ့ ဆက်စပ်သလား၊ မဆက်စပ်ဖူးလားတော့ မသိဘူး ပုဂံပြည့်ရှင် အနော်ရထာမင်းဟာ ပုဂံရွှေမြို့တော်ရဲ့ သရပါတံခါးအနီးမှာ ကျွဲရိုင်းခတ်လို့ နတ်ရွာစံတယ်တဲ့။ တစ်မျိုးကြီးပဲနော်။ ပြည့်ရှင်မင်းဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ သွားချင်တာသွား၊ နေချင်သလို နေလို့ရတဲ့ ပုဂ္ဂိုလ်မျိုးမှမဟုတ်ဘဲ။ ဘယ်သွားသွား ဘယ်လာလာ ရှေ့ဝင်း၊နောက်ဝင်းခင်းပြီးမှ သွားကြ၊လာကြရတဲ့သူတွေ ဒါမှမဟုတ်ရင်လည်း လုံခြုံရေးအမြောက်အမြား ရံပြီးမှ သွားကြလာကြ၊ ထွက်တော်မူကြသူတွေ။ အဲသလို ထွက်တော်မူရာမှာလည်း မြင်းကိုဖြစ်စေ၊ ဆင်ကိုဖြစ်စေ စီးနင်းတော်မူကြတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်။

ခုတော့ အဲဒီလိုပုဂ္ဂိုလ်မျိုးကို ကျွဲရိုင်းခတ်ခံရပြီး နတ်ရွာစံရတယ်ဆိုတဲ့ အပြောကြောင့် တစ်မျိုးကြီးထင်လို့ တစ်မျိုးကြီး ထင်တယ်လို့ ပြောတာပါ။ အခင်းဖြစ်တဲ့နေရာကို ကြည့်တော့လည်း သရပါတံခါးအနီးမှာမို့ ပိုပြီးအံ့အားသင့်မိပါတယ်။ သရပါတံခါးဆိုတာ ပုဂံရွှေမြို့တော် အရှေ့ဘက်ပေါက်ဖြစ်ပြီး ထိုတံခါးကို နတ်မောင်နှမ စောင့်သည်ဟု အဆိုရှိပါတယ်။ အရေးပါတဲ့ ဝံခါးတော်ကြီးမို့ တံခါးဗိုလ်၊ တံခါးစောင့်တွေလည်း အလုံအလောက်ရှိမယ် ထင်ပါတယ်။

တချို့ကပြောတာတော့ အနော်ရထာမင်းမြတ်ဟာ တစ်ခုသော မြို့ရွာနယ်မြေအတွင်း ဆည်မြောင်း၊ ကန်၊ ချောင်းတွေ တည်ဆောက်ထားတာတွေကို နောက်လိုက်ဗိုလ်ပါစုံအညီနဲ့ လိုက်စစ်ဆေးတယ်တဲ့။ အဲဒီလို သွားလာစစ်ဆေးရင်း တစ်နေရာမှာ သူလာတာကို မသိကျိုးကျွန် မထီမဲ့မြင်လုပ်တဲ့ ထိန်ပင်စောင့်နတ်ကို ကြိမ်နဲ့ရိုက် ဆုံးမခဲ့တယ်တဲ့။ အဲဒီကိစ္စကို ထိန်ပင်စောင့်နတ်က ရန်ပြုသိုထားကာ အနော်ရထာမင်း ဘုန်းကံနိမ့်ပါးတဲ့အချိန်စောင့်ပြီး ကျွဲရိုင်းအသွင်ယူ တိုက်ခိုက်လို့ မင်းမြတ်အနော်ရထာ နတ်ရွာစံသွားတာတဲ့။

အနော်ရထာမင်းဆိုတာ တကယ်တော့ မြန်မာနိုင်ငံတစ်လွှားမှာ အလွန်ကျော်ကြား လူချစ်လူခင်ပေါများတဲ့ ရွှေမင်းသားလေးများဖြစ်တဲ့ ရွှေဖျဉ်းညီနောင်၊ မင်းကြီးမင်းလေး ညီအစ်ကိုတို့ရဲ့ မွေးစားဘိုးတော်လေ။ နိုင်ငံတော်တစ်ဝန်းလုံးမှာရှိကြတဲ့ မင်းနှစ်ပါးကို ချစ်ကြသူများ၊ နတ်ကတော်များ၊ ကန္တားစီးများ၊ နတ်ထိန်းများ စတဲ့ နတ်အသိုင်းအဝိုင်းက လူအပေါင်းဟာ ရွှေမင်းသားတို့ကို ချစ်တဲ့စိတ်နဲ့ ဘိုးတော် အနော်ရထာကို ကျွဲရိုင်းအသွင်ယူပြီး ဇီဝိန်ခြွေ အသေသတ်ခဲ့တဲ့ ထိန်ပင်စောင့်နတ်ကို မကျေလည်ကြဘူး။

ဒါကြောင့် တောင်ပြိုးပွဲတော်ကို ဝါခေါင်လဆန်း (၈)ရက်နေ့မှ ဝါခေါင်လပြည့်ကျော် (၁)ရက်နေ့ထိ ကျင်းပတဲ့ပွဲတော်ကြီးမှာ ဝါခေါင်လဆန်း (၁၄)ရက်မှာ ထိမ်ခုတ်ရယ်လို့ သတ်မှတ်ထားပြီး အဲဒီနေ့မှာ တားမနိုင် ဆီးမရ ထိန်ပင်,ထိန်ကိုင်းများကို ခုတ်တဲ့လူကခုတ်၊ နုပ်နုပ်ဦးသူက စဉ်း ကြတယ်။ တစ်နည်းပြောရရင် မင်းနှစ်ပါးတို့ရဲ့ ဘိုးတော် အနော်ရထာမင်းကို ထိန်ပင်စောင့်နတ်က သတ်တယ်ဆိုပြီး အဲဒီနတ်နေတဲ့ ထိန်ပင်ကို ကလဲ့စားချေသဘောပေါ့။ အဲဒီနေ့ကို ထိန်ခုတ်ပွဲနေ့ရယ်လို့ အမည်ထားပါတယ်။ ချွေးသံတရွဲရွဲနဲ့ ဝက်ဝက်ကွဲစည်တဲ့ပွဲပါတဲ့။

မြန်မာမှုနယ်ပယ်မှာ ဆက်စပ်မှုရှိမလား ထင်ရသဖြင့် သထုံပြည့်ရှင် မနုဟာမင်းရဲ့ ကျိန်စာအကြောင်း ဖြောပြပြီးတဲ့နောက် အမေရိကန်နိုင်ငံက လူသိများ ထင်ရှားမိသားတစ်စုအကြောင်း ဆက်လက်ပြောပြဦးမယ်။

(၁၈၆၄)ခုနှစ်က အိုင်ယာလန်မှာ အစာငတ်မွတ်ခေါင်းပါးခြင်းဘေး ဆိုက်ခဲ့ကြတယ်။ ဒုက္ခိကွန်ရက်ဆိုက်တာပါ။ အဲဒီကပ်ဆိုးကြီးဆိုက်တဲ့ ကာလအတွင်းမှာ အိုင်ယာလန်ဒေသခံတွေ အလူးအလဲခံရပြီး အတိဒုက္ခရောက်ကြတယ်။ ဘယ်လောက်တောင် အဖြစ်ဆိုးသလဲဆိုရင် အရေစာ ငတ်နေတဲ့ အဖေ၊ အမေကို သားသမီးတွေက မကူနိုင်သလို အစာရေစာငတ်ပြီး အရိုးပေါ်အရေတင် ပိန်ခြောနေတဲ့သားသမီး သေငယ်ဖောနဲ့ မြော်နေတာတောင် မီးများ ဘာမှမတတ်နိုင်ရှာဘဲ လက်မှိုင်ချနေရတဲ့ ကာလပေါ့။

အိုင်ယာလန် အမျိုးသမီးတစ်ယောက်ဟာ လင်သားဆုံးဘဝရောက်ပြီး နောက်ဆုံး သူနဲ့ သမီးလေးတယောက်သာ အသက်ရှင်သန်နေတဲ့အချိန် အစာရေစာ တချင်းသလောက်ငတ်စမ်း ငါသာ အသေခံမယ်၊ ငါ့သမီးမသေစေရဘူးလို့ စိတ်ဆုံးဖြတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့် အဲဒီလိုဆုံးဖြတ်ရတာလဲဆိုတော့ သူဘဝ ဘယ်သူ့ဆီကမှ လက်ဝါးဖြန့်တောင်းခံ စားသောက်ဖူး မဟုတ်ဘဲ ခုတော့ မရှမလှဖြစ်နေတဲ့ သမီးလေးရဲ့ ဆက် ကယ်လိုတဲ့အကြောင့် တောင်းရမ်းသူတစ်ယောက် ဖြစ် အရပ်ထဲ လှည့်လည်တောင်းခံပြီး သမီးလေးကို မွေးမယ်လို့ သမီးကိုချစ်တဲ့ စိတ်အားအဟုန်နဲ့ သန္နိ ခံချက် တောင်းရမ်းဖို့ အိမ်က ထွက်ခဲ့တယ်။

အဲဒီတုန်းက အိုင်ယာလန်မှာ နောက်ပိုင်း အမေရိကန် ခြင်းသမ္မတကြီးဖြစ်လာမယ့် သမ္မတကနေဒီရဲ့ ဘိုးဘေး သူဌေးကြီးတွေ ရှိနေခဲ့တယ်။ ငတ်မွတ်ခေါင်းပါးပြီး ကွယ်ရောက်နေတဲ့ အမျိုးသမီးဟာ သူတို့သားအမိအတွက် အစာရေစာ အသင့်အတင့် ရနိုင်ကောင်းရဲ့ဆိုတဲ့ အတွေးနဲ့ ကနေဒီရဲ့ ဘိုးဘေးများအိမ်ကို သွားရောက်ပြီး အစာရေစာ ခွံ့ကြပါရန် အသနားခံ တောင်းခံပါတယ်။

အစာရေစာလာတောင်းတဲ့ အမျိုးသမီးကို တွေ့တယ် ဆိုရင်ပဲ ခွေးသေကောင်ပုပ်ကို မြင်သည့်အလား စက်ဆုပ် ရွံရှာစွာ ဆဲရေးတိုင်းထွာပြီး သူတို့အိမ်နား မလာရန် မောင်း ထုတ်ကြပါတယ်။ အစကတည်းက အရိုးပေါ်အရေတင်ဖြစ် ပြီး သေတော့မယ့် ကလေးအတွက်မို့သာ သူတစ်ပါးထံ တောင်းခံရန် အားတင်းလာခဲ့ပေမယ့် မျှော်လင့်မထားတဲ့ ကနေဒီမိသားစု ဘိုးဘေးသူဌေးကြီးတွေက မိမိအပေါ် ကိုယ်ချင်းမစာ နှိမ့်ချဆက်ဆံ မောင်းထုတ်တာခံရတော့ အသည်းနှလုံးတွေ ရင်နဲ့မဆံ့ တိုးဝင်ခံစားမိလာတယ်။ အဲဒါ ကြောင့် ဒုက္ခသည်အမျိုးသမီးဟာ ကနေဒီမိသားစု ဘိုး ဘေးတွေကို ကျိန်စာတိုက်ခဲ့တယ်လို့ ပြောကြတယ်။ ကျိန်စာ ဟာ ဘယ်လိုကျိန်စာလဲဆိုတာ ဘယ်သူမှ ဂဃနဏာ မသိ ကြပါဘူး။ စိတ်အထင်ပြောရရင် ငါ့မိသားစု အသေဆိုးနဲ့ သေရသလို ကနေဒီမိသားစုတွေလည်း အသေဆိုးနဲ့ သေ ကြပါစေလို့များ ကျိန်စာတိုက်ခဲ့လားမသိဘူး နောက်ပိုင်း ကနေဒီမျိုးဆက်တွေ ဖြစ်ပွားကြုံတွေ့ခဲ့ကြတဲ့ အဖြစ်တွေက တော်တော်ဆိုးကြတယ်။

ဒုတိယကမ္ဘာစစ် မတိုင်ခင်နဲ့ ဒုတိယကမ္ဘာစစ်အတွင်း မှာ ကနေဒီရဲ့ ဘိုးဘေးတွေ အကြောင်းအမျိုးမျိုးနဲ့ သေဆုံး ကြတယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာပဲ ကနေဒီအန္တယ်တော် တစ်ဦးဖြစ်တဲ့ ဂျိုးကနေဒီဂျူနီယာဟာ အင်္ဂလန်မြို့မှာ သူ တစ်ပါးရဲ့ သေနတ်နဲ့ ပစ်သတ်တာခံခဲ့ရတယ်။ အလားတူပဲ ကနေဒီရဲ့ယောက်ဖလည်း ပြင်သစ်နိုင်ငံမှာ (၁၉၄၄)ခုနှစ်က သေနတ်နဲ့ ချောင်းမြောင်းပစ်သတ်ခံရပြန်တယ်။ နောက်ပြီး ဂျိုးကနေဒီရဲ့ ညီမလည်း ပြင်သစ်မှာပဲ လေယာဉ်ပျက်ကျ သေဆုံးရပြန်တယ်။ အဲသလို ဆက်တိုက်ဖြစ်ပေါ်နေတဲ့ ကံ ကြမ္မာဆိုးတွေအနက်မှာ (၁၉၆၃)ခုနှစ်က ဖြစ်ပျက်ခဲ့ရတဲ့ အဖြစ်အပျက်ကတော့ အဆိုးဆုံးပဲ။ ဘာအဖြစ်အပျက်လဲ ဆိုတော့ သမ္မတကနေဒီကိုယ်တိုင် တက္ကဆက်ပြည်နယ် ဒါးလက်(စ်)မှာ သေနတ်သမားရဲ့ ချောင်းမြောင်းပစ်ခတ် ခံရမှုကြောင့် သေဆုံးရခြင်းပါပဲ။ ကျိန်စာနှင့် ဆက်စပ် တယ်၊ မဆက်စပ်ဘူးဆိုတာတော့ မသိပါ။ ကနေဒီမိသားစု ကိုတော့ တချို့က ကျိန်စာသင့်ခံနေရတဲ့ မိသားစုလို့ အမြင် ရှိကြ၊ ယုံကြည်ကြပါတယ်။

ဒီလိုကိစ္စတွေရှိနေတဲ့ကြားက သမ္မတကနေဒီကတော် ဂျက်ကလင်းကနေဒီဟာ လင်ယောကျ်ားဆုံးပြီး မကြာ မတင်မှာပဲ ဂရိနိုင်ငံသား သဘော်သူဌေးကြီးနဲ့ လက်ဆက် သွားပြန်တယ်ဆိုတော့ သမ္မတနဲ့ ရထားတဲ့ သားသမီးတွေ ဟာ အဖေနဲ့ သေကွဲ၊ကွဲသလို အမေနဲ့လည်း ရှင်ကွဲ၊ကွဲတဲ့ သဘောမို့ ဒီကျိန်စာ ဘယ်ချိန်ထိ လိုက်ဒုက္ခပေးနေဦးမလဲ။ သို့လော၊သို့လော ပြောကြဆိုကြတာ နားမဆံ့အောင်ဘဲ။

ကျိန်စာနဲ့ပတ်သက်ပြီး ပြောကြစရာတမ်းဆို ပြောမဆုံး ပေါင်ဆိုတာလိုပဲ အမှတ်ရစရာတွေ အမြောက်အမြား ရှိပါ တယ်။ အဲဒီလို အမြောက်အမြားရှိတဲ့အနက်က ကျွန်တော့် ဘိုးဘွားများ လက်ထက်မှသည် လက်ဆင့်ကမ်း ကြားသို့ ရခဲ့ဖူးသော ဒဏ္ဍာရီလိုလို ပုံပြင်လိုလို ဂမ္ဘီရဆန်းဆန် ဖြစ် ခဲ့ဖူးသော အဖြစ်အပျက်တစ်ခုကို ပြောပြချင်ပါတယ်။

ယနေ့ ရမည်းသင်းမြို့ရဲ့အရှေ့ဘက် (၇)မိုင်ခန့်အကွာ မှာ ရမည်းသင်းရဲ့ ပြယုဂ်တစ်ခုဖြစ်တဲ့ ရွှေမြင်တင်တောင်ဆို တာရှိတယ်။ ရှေးယခင်က လူသူအရောက်အပေါက် နည်း တယ်။ အဲဒီတောင်တော်မှာ ဆေးဖက်ဝင် သစ်ဥသစ်ဖု၊ ဆေးမြစ်၊ သရက်၊ တောင်သလဲ၊ ဆီးဖြူ၊ သဘော်ဆီးဖြူ၊ ပိန္နဲ၊ မာလကာ၊ ဩဇာ၊ ပိန္နဲဩဇာ၊ ကျောက်ခက်၊ ကျောက် ပန်းတွေအပြင် သစ်ခွပန်းတွေလည်း အလေ့ကျပေါက်တယ်။ တောင်တော်ရဲ့ တောင်ပေါ်တက်တဲ့ လမ်းနဲ့ မနီးမဝေးမှာ ကျောက်ထပ်ကြီးဆိုတာ ရှိပါတယ်။ မြင်သာအောင် ပြော ရမယ်ဆိုရင် ကျောက်ဖျာကြီးနှစ်ထပ်ဖြစ်နေတဲ့ နေရာပေါ့။ အဲဒီအောက်မှာ လိုဏ်ဂူတစ်ခုရှိတယ်။ အဲဒီလိုဏ်ဂူဟာ လူတစ်ကိုယ်စာသာ ဝင်နိုင်,ထွက်နိုင်ပြီး တစ်ခါတစ်ရံ ဂူ ပေါက်ပိတ်နေတတ်ပြီး တစ်ခါတစ်ရံ ဂူပေါက်ပွင့်နေတတ်

www.burmeseclassic.com

တယ်။ ပတ်ဝန်းကျင်ကလူတွေ ပြောစမှတ်ရှိတာက ဂူပေါက်ပွင့်နေရင် လူစားလဲလိုနေပြီတဲ့။ ဒါကြောင့် အဲဒီအချိန်မျိုးဆို ကြောက်တတ်သူတွေ အဲဒီဂူဝနားမသွားဝံ့ကြဘူး။ တချို့လူတွေကတော့ ဂူပေါက်ပွင့်နေတုန်း အထဲမှာ ဘာတွေတွေ့မလဲဆိုတဲ့ အတွေးနဲ့ စပ်စပ်စုစု ဝင်ကြည့်တဲ့သူတွေလည်း ရှိကြတယ်။ ဂူထဲဝင်ဖူးသူတွေရဲ့ စကားကတော့ ဂူအတွင်းမှာ အပေါက်တစ်ပေါက်မှမရှိဘဲ ဘယ်က အလင်းရောင်လာသလဲမသိ၊ ဂူထဲမှာ ထိန်ထိန်လင်းနေတယ်လို့ ပြောကြတယ်။

အဲဒီဂူရဲ့ ထူးခြားချက်ကတော့ ရွှေမြင်တင်တောင်တော်အနီး ပတ်ဝန်းကျင်မှာ နေထိုင်ကြတဲ့ ကျေးရွာသူကျေးရွာသားတွေ ကောင်းမှုကုသိုလ် အလှူဒါနပြုကြတဲ့အခါ ချက်ပြုတ်ကျွေးမွေး ဧည့်ခံဖို့ပဲဖြစ်ဖြစ်၊ သံဃာတော်များကို ဆွမ်းကပ်ဖို့ပဲဖြစ်ဖြစ် အသုံးပြုရန် လိုအပ်တဲ့ အိုးခွက်ပန်းကန် လိုအပ်သလောက် ငှားလို့ရသတဲ့။ အဲသလို ငှားရမ်းတဲ့အခါမှာ ရွာမှ သစ္စာကတိတည်သူ ကျေးရွာရပ်မိရပ်ဖတစ်ဦးနဲ့ အလှူဒါနပြုမယ့် အလှူရှင်တစ်ဦးတို့ကိုယ်တိုင် ကျောက်ထပ်ကြီးဂူဝမှာသွားပြီး တောင်တော်မှ အစောင့်အရှောက်ပုဂ္ဂိုလ်များကို မုန့်ဖြူ။ မုန့်နီများတင် အလင်းတိုင်(ဖယောင်းတိုင်) ထွန်းညှိပူဇော် အဓိဌာန်ပြု ငှားရမ်းမယ်ဆိုရင် အမှန်တကယ်လိုသလောက် ရသတဲ့။ မတော်မတည့် မဆီလျော်တဲ့အကြံ ကြဲကြရင်တော့ ကျောက်ထပ်ကြီးရဲ့ ညှပ်သတ်တာ ခံရမယ်တဲ့။

ဒီအကြောင်းနဲ့ဆက်နွယ်ပြီး ဖြစ်ပျက်ခဲ့တဲ့ အကြောင်းတစ်ခုကတော့ ရွှေမြင်တင်တောင်တော်ရဲ့ တောင်ဘက်မှာ ရှိတဲ့ ရွာတစ်ရွာက အသက်(၁၃)နှစ်သားအရွယ်ရှိတဲ့ နွားကျောင်းသားလေးဟာ တစ်ရွာတည်းသား သူငယ်တစ်

ယောက်နဲ့အတူ တောင်ခြေနဲ့ မနီးမဝေးမှာ နွားကျောင်းရင်း ပျင်းပျင်းရှိတာနဲ့ နှစ်ယောက်သား ကျောက်ထပ်ကြီးပေါ် တက်ကြသတဲ့။ အကြောင်းကတော့ အေးအေးဆေးဆေး အိပ်ရင်း ကျောက်ထပ်ကြီးပေါ်ကကြည့်ရင် စားကျက်ထဲက သူတို့နွားတွေကို မြင်နိုင်သတဲ့။ တခြားဘာမှရည်ရွယ်ချက် ရှိပုံ မရပါဘူး။ ကျောက်ထပ်ကြီးပေါ်ရောက်တော့ လူငယ် ဝီဝီ ဟိုကြည့်ဒီကြည့် ကြည့်ရင်း အောက်ကဂူပေါက် ပွင့်နေတာကို မြင်သတဲ့။

လူငယ်နှစ်ယောက်ဟာ ဂူအတွင်း ဝင်ကြည့်လိုတာကြောင့် ဝင်ကြည့်ကြတယ်တဲ့။ ဂူအတွင်းမှာ အလင်းရောင်က ဘယ်ကဝင်မှန်းမသိဘဲ လင်းထိန်နေတာပဲတဲ့။ ဂူထဲမှာ အိုးခွက်ပန်းကန်တွေ အများကြီးပဲတွေ့တော့ တစ်ယောက်ကပန်းကန်အထပ်လိုက်ပွေ့ပြီး အပြင်ကိုယူမယ် ပြောတယ်တဲ့။

ကျန်တစ်ယောက်က 'ဟေ့ကောင်..မလုပ်နဲ့၊ မလုပ်နဲ့။ ငရဲကြီးလိမ့်မယ်' လို့ပြောပြီး ဂူအပြင်ဘက် တစ်ရှိန်ထိုး ပြေးထွက်ခဲ့သတဲ့။

တစ်ချိန်တည်းမှာပဲ ဂူဝက ကျိမ်းဆိုတဲ့အသံကြီး ကြားပြီး မီးခိုးလုံးကြီးထွက်လာလို့ ကြည့်လိုက်တော့ (၁၃)နှစ်သားအရွယ် နွားကျောင်းသားလေးကို မတွေ့တော့ဘဲ ဂူပေါက်လည်း ပိတ်သွားတာ မြင်သတဲ့။ အဖြစ်အပျက်ကို မျက်ဝါးထင်ထင် မြင်လိုက်ရတဲ့ နွားကျောင်းသားလေးရဲ့ သူငယ်ချင်း ကျန်နွားကျောင်းသားလေး အမောတကောနဲ့ လာပြောတယ်ဆိုရင်ပဲ ရွာကလူကြီးတွေ ဂူဝနားက ကျောက်ထပ်ကြီးကို သွားကြည့်ကြတာ နွားကျောင်းသားလေးကို အရိပ်အယောင်တောင် မတွေ့ရဘဲ ကျောက်တုံးကြီးနှစ်တုံး ထပ်နေတဲ့ကြားမှာ နွားကျောင်းသားလေးရဲ့သွေးတွေ စီးကျနေတာ တွေ့ကြသတဲ့။

အဲဒီကိစ္စက တကယ်တော့ ပထမကမ္ဘာစစ်အတွင်းက ဖြစ်တာ။ အများကတော့ လောဘတက်တဲ့ နွားကျောင်းသား တောင်စောင့်နတ်များရဲ့ ကျိန်စာသင့်သွားပြီလို့ ပြောကြဆိုကြ ယုံကြည်ကြတယ်။ အဲဒီကတည်းက ကျောက်ထပ်ကြီးကို ကျောက်ညှပ်ကြီးလို့ လူတွေကခေါ်ပြီး ဘာပစ္စည်းမှ ငှားမရတော့ဘူးတဲ့။ တောင်တိုင်းမှာ ပတ္တမြားမရှိသလို တောတိုင်းမှာလည်း စန္ဒကူး မရှိနိုင်ပါ။ သို့သော် တောတောင်များမှာ ဂန္ဓိရဖြစ်စဉ်တွေ အနည်းနဲ့အများ ရှိတတ်ကြပါတယ်။

ဝင်းသောင်(ရမည်းသင်း)

www.burmeseclassic.com

www.burmeseclassic.com

မြစိမ်းခိုင်

စင်ခြောက်ရုပ်၏ လက်တစ်ဖက်

ဥဿာမြို့သစ်သည် ပဲခူးမြို့နှင့် ဆက်စပ်ပေါ်ထွန်းနေသောမြို့ ဖြစ်ပေသည်။ မဆလခေတ်ဟု မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ခေတ်ကို အလွယ်ခေါ်ကြသော ကာလအထိ ဥဿာမြို့သစ် မရှိသေးပေ။ ယခုခေတ်မှသာ ပေါ်လာသောမြို့ ဖြစ်ပေသည်။ ယခင်က စာကလေးကွင်း၊ ဘုရားသုံးဆူ၊ ကျောက်တိုင်ကန်ဟူသော ရွာများသာဖြစ်သည်။ ကျောက်တိုင်ကန်ရွာနှင့် ဘုရားသုံးဆူရွာတို့မှာ ဥယျာဉ်ခြံမြေများတွင် သရက်၊ မာလကာ၊ တည်း စသည့်အပင်တို့ကို စိုက်ပျိုးကြသော ခြံကျယ်ကြီးများသာ ဖြစ်ပေသည်။

ထို့နောက် တော်လှန်ရေးကောင်စီခေတ်တွင် ရှိခဲ့သော ထိုရွာများကို စုပေါင်း၍ ဥဿာမြို့သစ်ဟု တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ယခု ဥဿာမြို့သစ်သည် တိုက်တာအိမ်မြေတို့ ပြည့်နှက်၍ စည်ကားသောမြို့တစ်မြို့ ဖြစ်နေပေပြီ။ ဥယျာဉ် ခြံမြေပိုင်ရှင်များကိုလည်း မြို့သစ်တည်ဆောက်ရန် ခြံမြေ အသိမ်းခံရ

www.burmeseclassic.com

www.burmeseclassic.com

ပါက မိမိခြံနေရာအနီးတွင်ပင် မြေကွက်အစားပေးပေသည်။

ဦးဘိုးသစ်နှင့် ဒေါ်ကြွယ်တို့သည် ကျောက်တိုင်ကန် ရွာသားစစ်စစ် ဖြစ်ကြသည်။ မိဘဘိုးဘွားလက်ထက်ကပင် သရက်ခြံ၊ မရမ်းခြံတို့ စိုက်ပျိုးလုပ်ကိုင်စားသူများဖြစ်သည်။ ယင်းတို့တွင် သားလေးတစ်ဦးသာရှိပြီး ထိုတစ်ဦးတည်းသော သားကို အလွန်ချစ်ခင်ကြသည်။ ကျောက်တိုင်ကန် ကျေးရွာတွင် ဥယျာဉ်စိုက်ပျိုး လုပ်ကိုင်စားကြသော်လည်း သားလေးကို ပဲခူးမြို့ပေါ်ရှိ နာမည်ကြီး အစိုးရအထက်တန်း ကျောင်းတွင် ငယ်စဉ်ကပင် အပ်နှံပညာသင်စေသည်။

သားကလည်း ဉာဏ်ကောင်းပြီး ပညာကြိုးစားသူဖြစ်၍ ပဲခူးမြို့မှ (၁၀)တန်းအောင်ပြီး ရန်ကုန်စက်မှုတက္ကသိုလ်၌ စက်မှုပညာဘွဲ့ကို ယူခဲ့လေသည်။ သား စက်မှုတက္ကသိုလ် တက်နေစဉ်ပင် ဥဿာမြို့သစ်ကြီး ပေါ်ပေါက်လာသည်။ ဦးဘိုးသစ်တို့ မိသားစုသည်လည်း သူတို့ ယခင် လုပ်ကိုင်စိုက်ပျိုးရာ ဥယျာဉ်ခြံမြေ တစ်နေရာကိုရ၍ ဆည်မြောင်းလမ်းမကြီးပေါ်တွင် နေကြခြင်းဖြစ်သည်။

သား၏အမည်မှာ မောင်သစ်ဆင်းဟူ၍ ဖြစ်ပေသည်။ မောင်သစ်ဆင်းသည် စက်မှုတက္ကသိုလ်မှ ဘွဲ့ရပြီး ရန်ကုန်၊ မင်္ဂလာဒုံရှိ စတီးစက်ရုံကြီးတစ်ခုတွင် အလုပ်ရရှိကာ မိဘတို့ကို ငြိမ်းချမ်းစွာ နေစေ၏။

တစ်နေ့တွင် ဦးဘိုးသစ်တို့အိမ်သို့ လူတစ်ယောက် ရောက်လာလေသည်။ ရောက်လာသူမှာ အသက်ခြောက်ဆယ်ကျော်အရွယ်ခန့်ရှိပြီး ဖြူဝင်းသော အသားအရေ၊ ထောင်မောင်းသောအရပ်၊ သင့်တင့်သော ခန္ဓာကိုယ်တည်ဆောက်ပုံတို့နှင့် အလွန်ကြည့်ကောင်းသော လူကြီးတစ်ဦးဖြစ်သည်။ ပလေကပ်လုံချည် အပြာအနက်ကွက်ကျဲ၊ တိုက်ပုံအင်္ကျီနှံ့သာရောင်၊ စတစ်ကော်လာအောက်ခံ အင်္ကျီအဖြူတို့နှင့် သပ်ရပ်ခံ့ညားသော သွားဟန်လာဟန်၊ စကားပြောဟန်တို့ကြောင့် ဇနီးသည်ကို ဦးဘိုးသစ်သည် တွေ့တွေ့ချင်း ခင်မင်ရင်းနှီးစိတ် ဖြစ်ပေါ်လာသည်။

"ကျုပ်ကတော့ နယ်လှည့်ဆေးကုသနေတဲ့ သမားတော်ကြီး ဦးကျော်ခေါင်ပါပဲ။ ခရီးထွက်လာတာ နေရင်းဒေသကိုပြန်ဖို့ အချိန်လင့်သွားလို့ မိတ်ဆွေကြီးအိမ်မှာ တစ်ည နားနေအိပ်စက်ပါရစေလို့ ခွင့်တောင်းပါတယ်" ဟူသော ဇနီးသည်ကြီး၏ ယဉ်ကျေးပျူငှာ ပြောဆိုဟန်ကို ဦးဘိုးသစ် မငြင်းပယ်နိုင်တော့ချေ။

"ကျုပ်မှာ ပစ္စည်းများများ မပါ၊ ပါဘူး။ ဒီလွယ်အိတ်တစ်လုံးနဲ့ ဆောင်ဆောင်နဲ့ပဲ ပါပါတယ်" ဟု ပြောလိုသံများလည်း ကျွန်တော်ကြားခဲ့ရသည်။

ထို့ကြောင့် ည[illegible]ကို တစ်ည အိမ်တော်ကြီးတွင် ပြုလိုက်သည်။ ညနေစာ ထမင်းအေးအေးဆေးဆေးကြင်နာ သောအခါ အိမ်ရှိ ကြက်သားဆောင်းနှင့် ခြင်္သေ့ဆီမျှော်များကို အစိမ်းကြော်၊ ကြော်၍ ငါးပိရည်၊ ဟင်္ဂရာဟင်္ဂနှင့် ဒေါ်ကြွယ်က ဖွယ်ဖွယ်ရာရာ ချက်ပြုတ်တည်ခင်း ကျွေးမွေးသော ညနေစာကို စားပြီးနောက် ကျေးဇူးတင်ကြောင်း တဖွဖွပြောနေသည့် ဇနီးသည်ကြီးကို အိမ်ရှင်များကပင် အားနာလာတော့သည်။

ဇနီးသည် ဦးကျော်ခေါင်နှင့် အိမ်ရှင်တို့ ထမင်းစားပြီး သောအခါ စကားပြောဆိုကြသည်။

"ကျုပ်မှာ အင်္ကျီ၊လုံချည် နှစ်စုံကို ဒီလွယ်အိတ်ရဲ့ အောက်ဘက်မှာ ထည့်ထားတယ်။ ဝတ်ထားတဲ့ဝတ်စုံနဲ့ဆိုရင် သုံးစုံပဲ ပါပါတယ်။ လွယ်အိတ်အပေါ်ဘက်မှာတော့ ကျုပ် ထူးထူးဆန်းဆန်း ပစ္စည်းလေးတွေ စုတတ်လို့ ရသမျှ လွယ်အိတ်အငယ်လေးနဲ့ထည့်ပြီး အဝတ်အစားတွေ အပေါ်က ထပ်ထည့်ထားတယ်" ဟု ဦးကျော်ခေါင်က ပြောပြီး လွယ်အိတ်ကြီးအတွင်းမှ တစ်ထွာခန့် ကတ္တီပါလွယ်အိတ်ငယ်လေးကို ထုတ်ယူလိုက်သည်။

ကတ္တီပါလွယ်အိတ်အနီလေးမှာ အလွန်လှပစွာ ပန်းထိုးခြယ်လှယ်ထားပြီး ပစ္စည်းများ ထိုးသိပ်ထည့်ထားဟန် ဖောင်းကားနေသည်။

"လွယ်အိတ်ငယ်လေးထဲမှာ ကျုပ်စိတ်ဝင်စားတဲ့ ထူးထူးဆန်းဆန်းပစ္စည်းများ ထည့်ထားပါတယ်။ ခင်ဗျားတို့က ကျုပ်ကို ညအိပ်ခွင့်ပေးပြီး ထမင်းတစ်နပ်ပါ ကြည်ဖြူစွာ ကျွေးမွေးတဲ့အတွက် ကျုပ်စုဆောင်းထားတဲ့ ထူးထူးဆန်းဆန်း ပစ္စည်းတွေထဲက ပစ္စည်းတစ်ခု လက်ဆောင်တို့ပြန်ပေးပါမယ်" ဟု ဦးကျော်ခေါင်က ပြောပြီး လွယ်အိတ်အနီလေးအတွင်းမှ ပစ္စည်းတစ်ခုကို ထုတ်ယူ၍ စကားဝိုင်းဖွဲ့ရန်နွေးကြမ်းသောက်နေကြသော ခုံဝိုင်းပေါ်သို့ တင်လိုက်လေသည်။

ပစ္စည်းမှာ လက်လေးလုံးခန့်ရှိပြီး အမျှင်များကို စုစည်းထားပုံရသည်။ အဆုံးတစ်နေရာတွင် အဝတ်စုတ်ကဲ့သို့ ပစ္စည်းဖြင့် ထုံးဖွဲ့ထားသည်ကို တွေ့ရပြီး အဝတ်စုတ်ကဲ့သို့သော ပစ္စည်းမှာ အရောင်လွင့်နေသော မဲပြာရောင်ဖြစ်သည်။

"ဒါဟာ စာခြောက်ရုပ်တစ်ရုပ်ရဲ့ လက်တစ်ဖက်ဖြစ်ပြီး

www.burmeseclassic.com

ပင်ကိုအရွယ်ထက်သေးအောင် မှော်ပညာအစွမ်းနဲ့ လုပ်ထားတာပါတဲ့။ ကျူပ် ဂါထာရွတ်လိုက်မယ်။ ပင်ကိုစာရွက်ပေါ်စေဗျား'ဟု ဦးကျော်ခေါင်က အသံဝါကြီးနှင့် ဂါထာတစ်ပုဒ်ရွတ်ပြီး ထိုပစ္စည်းလေးအပေါ်မှ သုံးကြိမ်သပ်လိုက်သောအခါ စာခြောက်ရုပ်တစ်ရုပ်၏လက်တစ်ဖက် ဖြစ်သွားပြီး ယင်း၏ ပင်ကိုအတိုင်းအတာအတိုင်း ကြီးလာသည်။

ကောက်ရိုးတို့ဖြင့် စည်းထုပ်ထားပုံ၊ ပခုံးစွန်း၌ အဝတ်စုတ် မဲပြာရောင်(အရောင်လွှင့်နေသည်)ကိုပါ ထင်ရှားစွာတွေ့မြင်ရသည်။

'ဟယ်.. စာခြောက်ရုပ်ရဲ့ လက်တစ်ဖက်တော့'ဟု ဒေါ်ကြွယ်က အော်လိုက်သည်။

ဦးဘိုးသစ်ကမူ ထိုစာခြောက်ရုပ် လက်တစ်ဖက်ကို ကူးစိုက်ကြည့်ရင်း မေးလိုက်လေသည်။

'ဒါ ကျူပ်တို့ကိုပေးတဲ့ ပစ္စည်းလား။ ဒီစာခြောက်ရုပ် လက်တစ်ဖက်အစုတ်ကို ကျူပ်တို့ ဘယ်လိုသုံးရမလဲ'ဟု မေးလိုက်ခြင်းဖြစ်၏။

မကျေမနပ်နှင့် မေးခြင်းပင်ဖြစ်သည်။

'ပြောမှာပေါ့ဗျာ။ ဒီစာခြောက်ရုပ် လက်တစ်ဖက်ကို သူနဂိုပုံစံအတိုင်း ပြောင်းပါရစေဦး'ဟု ဦးကျော်ခေါင်က ပြောပြီး ဂါထာရွတ်၍ စာခြောက်ရုပ်လက်ကို သပ်ချလိုက်ရာ မိမိတို့တွေ့ရသော လက်လေးလုံးခန့် စာခြောက်ရုပ်လက်တစ်ဖက်သည် ဦးစွာတွေ့မြင်ရသည့်အတိုင်း ထိုလက်ကလေးကိုယူကာ ဦးဘိုးသစ်လက်တွင်းသို့ ဦးကျော်ခေါင်က ပေးအပ်ရင်း ရှင်းပြလေသည်။

'ဗြိတိသျှခေတ်က ဒီပဲခူးမြို့မှာ ကျော်ကြားတဲ့ မှော်ဆရာကြီး ဦးအောင်မင်းတက်ခေါင်ကို ခင်ဗျားတို့ သိသလား'ဟုသော အမေးဖြင့် ဦးကျော်ခေါင်က စကားစပြောလိုက်သောအခါ ဦးဘိုးသစ်နှင့် ဒေါ်ကြွယ်တို့ လူပ်လူပ်ရှားရှား ဖြစ်သွားကြသည်။

'အဲဒါ ကျူပ်တို့မမွေးခင် နှစ်ပေါင်းခြောက်ဆယ်ကျော်က ပဲခူးမြို့မှာ လူတိုင်း သိကြ၊ ပြောကြတဲ့ ဆရာကြီးပဲ'ဟု ဦးဘိုးသစ်က ပြန်ဖြေလေသည်။

'အဲဒီ ဆရာကြီးဦးအောင်မင်းတက်ခေါင်ဟာ ကျူပ်တို့ရဲ့ ဆရာကြီးပဲ။ မှော်ဝိဇ္ဇာကြီးပေါ့။ နေတော့ ပဲခူးမြို့အစွန်မုန်တိုင်းမှာ နေတယ်။ အသက်နှစ်ရာကျော်ရှည်အောင် ရုပ်ဆင်းနုပျိုအောင် မှော်အတတ်နဲ့ သူကိုယ်သူ ဖန်တီးခဲ့တယ်။ အမြဲ အသက်(၄၀)ကျော်အရွယ်လောက်ပဲ ထင်ရတယ်။ တပည့်တွေဖြစ်တဲ့ ကျူပ်တို့လည်း သူ့ပညာအမွေအနှစ် အနည်း၊အများဆိုသလို ရကြတယ်။ ကျူပ်ကို ခင်ဗျားတို့ အသက်အရွယ် ဘယ်လောက်လို့ ခန့်မှန်းလဲ'ဟု ပြောစကားနှင့် တစ်ဆက်တည်း ဦးကျော်ခေါင်က မေးသောအခါ ဦးဘိုးသစ်က 'အသက်(၅၀)ကျော်ပေါ့'ဟု ဦးကျော်ခေါင်နှုတ်ပိုပုံကိုကြည့်၍ ဖြေလိုက်လေသည်။

ထိုအဖြေကို ကြားရသောအခါ ဦးကျော်ခေါင်က တဟားဟားရယ်ရင်း မိမိအသက်(၉၀)ပြည့်တော့မည်ဟု ပြောလေသည်။ ဦးဘိုးသစ်၊ ဒေါ်ကြွယ်တို့ အံ့သြရလေသည်။

'ကဲ..ဒါတွေ ထားပါတော့။ အရေးအကြီးဆုံးကိစ္စကို နားထောင်ကြပါ။ အခု ခင်ဗျားတို့ကိုပေးလိုက်တဲ့ စာခြောက်ရုပ် လက်တစ်ဖက်ဟာ ဆရာကြီးဦးအောင်မင်းတက်ခေါင်ကိုယ်တိုင် မှော်ပညာနဲ့ စီရင်ပေးခဲ့တာ။ လက်ဝယ်ပိုင်ဆိုင်သူဟာ ဆုသုံးမျိုး တောင်းနိုင်တယ်။ တောင်းတဲ့ဆုတိုင်း ပြည့်တယ်။ ဒါပေမဲ့ ကိုယ့်ကြမ္မာပေါ်မှာတည်ပြီး ကောင်းကျိုးဆိုးပြစ် ပေါ်လာမှာပါ။ ဆုသုံးမျိုးထက် ပိုတောင်းလို့ မရပါဘူး။ ဆရာကြီးဦးအောင်မင်းတက်ခေါင်ဟာ မှော်ဆရာကြီးဆိုပေမယ့် အထက်လမ်းဝိဇ္ဇာပါ။ သူဟစ်ပါးကျိုးဆိုးကျိုး ဘယ်တော့မှ မပေးပါဘူး။ ကောင်းမွေ,ဆိုးဒုက္ခတော့ ဆုတောင်းတဲ့သူရဲ့ ကံကြမ္မာနဲ့ ဆိုင်ပါတယ်'ဟု ရှင်းပြပြီး စကားဝိုင်းသိမ်း၍ အိပ်ရာဝင်ကြလေ၏။

ဦးဘိုးသစ်၊ ဒေါ်ကြွယ်တို့သည် ကြိုးကြာကွင်းရှိ လယ်ယာဥယျာဉ်ခြံမြေတို့ကို ရောင်းချ၍ရသော ငွေထုပ်ထုပ်ထည်ထည်ကို ဆည်မြောင်းကျောင်းလမ်းမကြီး၌ တစ်ထောင်တိုက်ဆောက်၍ နေကြသည်။ တစ်ဦးတည်းသောသား အင်ဂျင်နီယာ မောင်သစ်ဆင်း တင့်တင့်တယ်တယ် နေနိုင်ရန် ရည်မှန်းဆောက်လုပ်ကြခြင်းဖြစ်သည်။

ထိုညက ဦးကျော်ခေါင် အိပ်ရာဝင်၍ အိပ်စက်သွားသည်အထိ ဇနီးမောင်နှံမှာ မအိပ်နိုင်ကြသေးဘဲ သားလေး မောင်သစ်ဆင်း လိမ္မာပုံ၊ ချောမောလှပုံ၊ ယခုအထိ အိမ်ထောင်မပြုသေး၊ ရည်းစားသနှာ မထားသေးဘဲ မိဘကို လုပ်ကျွေးပုံတို့ကို တစ်ယောက်တစ်ခွန်း အလှုအယက်ပြောကြရင်း အိပ်ရာဝင် နောက်ကျသည်အတွက် နောက်တစ်နေ့ နေမြင့်မှ အိပ်ရာက နိုးကြလေသည်။

ဒေါ်ကြွယ်သည် အလျင်အမြန်ထ၍ ဧည့်သည်အတွက် ကောက်ညှင်းပေါင်းရန် အိပ်ခန်းထဲမှ ထွက်လာသောအခါ

www.burmeseclassic.com

ဧည့်သည်ကို အိမ်ရှေ့ခန်း ညက နေရာချထားသည့်နေရာတွင် မတွေ့ရတော့ပေ။ ဧည့်သည်သည် နံနက်စောစောပင် ပြန်သွားပြီဟု သိလိုက်ကြရသည်။

တစ်နေ့လုံး ဇနီးမောင်နှံတို့ စာခြောက်ရပ် လက်တစ်ဖက်အကြောင်း ပြောနေကြရာ နေ့လယ်တွင် ဒေါ်ကြွယ်က စတင်ပြောလေသည်။

'စမ်းကြီးတောရကျောင်းမှာ သံဃာတော်တွေအတွက် ဆွမ်းစားကျောင်း ဆောက်လှူချင်လိုက်တာတော်။ သိန်းနှစ်ဆယ်၊ အစိတ်က လက်ထဲမှာ မရှိတော့ မလှူနိုင်ဘူး။ စာခြောက်ရပ် လက်တစ်ဖက်နဲ့ ဆုတောင်းလိုက်ရင် ကောင်းမယ်'ဟူသော စကားကို ဒေါ်ကြွယ် ပြောလေသောအခါ ဦးဘိုးသစ်က တားမြစ်လေသည်။

'လောဘနဲ့ ဆုမတောင်းချင်ပါနဲ့။ အေးအေးနေပါ' ဟူသော ဦးဘိုးသစ်၏ တားမြစ်ချက်ကို မလိုက်နာနိုင်သော ဒေါ်ကြွယ်သည် နှစ်ဆယ့်ငါးသိန်း ရပါစေဟု ဆုတောင်းလိုက်တော့သည်။

မကြာမီ အိမ်ရှေ့သို့ မောင်သစ်ဆင်း အလုပ်လုပ်သော စတီးစက်ရုံတံဆိပ်နှင့် ကားတစ်စီး ဆိုက်လာသည်။ လူတစ်ယောက် ကားပေါ်မှ ဆင်းလာကာ အိမ်တွင်းသို့ တန်းတန်းမတ်မတ် ဝင်လာသည်။ ဦးဘိုးသစ်၊ ဒေါ်ကြွယ်တို့က ပျာပျာသလဲ ကြိုဆိုကြသောအခါ မိမိသည် စတီးစက်ရုံမှ မန်နေဂျာဖြစ်ကြောင်း ထိုသူကပြောပြီး လက်ဆွဲအိတ်ကို ဖွင့်ကာ ငွေစက္ကူထုပ်များ လှမ်းပေးလေသည်။

'မောင်သစ်ဆင်းအတွက် ငွေနှစ်ဆယ့်ငါးသိန်းကို စက်ရုံပိုင်ရှင်က ပို့ခိုင်းလိုက်လို့ပါ' ဟူသော မန်နေဂျာဆိုသူ၏ စကားကို ကြားရသောအခါ ဒေါ်ကြွယ် လွန်စွာဝမ်းမြောက်မိလေသည်။

'ကဲ..ကျုပ် မပြောဘူးလား။ တော်ကသာ အင်နေတာ။ သားလိမ္မာက ငွေနှစ်ဆယ့်ငါးသိန်း အမေလိုချင်တာ ဖြည့်လိုက်ပြီ။ ပဲခူးမြစ်ဟာ ဝါဆို၊ဝါခေါင် ရေဖောင်ဖောင် အချိန် သစ်လုံးကြီးတွေ မြစ်ညာက ဆင်းကျလာနေကျ၊ အဲဒီအချိန်မှာမွေးလို့ သားကို မောင်သစ်ဆင်းလို့ မှည့်ခဲ့တာ။ အခု သား မောင်သစ်ဆင်းက ငွေတွေ စီးဆင်းစေပြန်ပြီ'

ဟု ဒေါ်ကြွယ်က ဝမ်းသာအားရစကား ဆိုသောအခါ ဦးဘိုးသစ်က-

'မကြွယ်..တယ်စကားများတာပဲ။ မန်နေဂျာ မပြန်သေးဘူး၊ ရပ်စောင့်နေတုန်းပဲ။ ပြောစရာရှိသေးတယ် ထင်တယ်။ ပါးစပ်ပိတ်ထားစမ်းကွာ'ဟု မာန်မဲလိုက်မှ ဒေါ်ကြွယ် စကားပြော ရပ်တော့သည်။

'ဦးတို့ရဲ့သား မောင်သစ်ဆင်းဟာ စက်ရုံထဲမှာ မတော်တဆမှုဖြစ်ပြီး ဆုံးသွားပါပြီ။ အဲဒါကြောင့် အသက်ဖိုးငွေကို ကုမ္ပဏီပိုင်ရှင်က ပေးခိုင်းလိုက်တာပါ။ သူ ဆုံးသွားတဲ့ သံမဏိစက်ရုံက မင်္ဂလာဒုံနဲ့ တော်တော်ဝေးတဲ့ တောထဲမှာ ဆောက်ထားတာမို့ သူဆုံးတော့ ဦးတို့ကို အကြောင်းကြားခို့ အချိန်မမီတော့လို့ ကျွန်တော်တို့ ကုမ္ပဏီကပဲ စာရေးစာတိုကို ထိုက်ထိုက်တန်တန် သင်္ဂြိုဟ်ခဲ့ကြပါတယ်။ အောင်မြေကျပြီး ဦးတို့ဆီ လာတာတောင် သုံး,လေးရက်ခန့်ကြာမှ လို့ ဦးတို့ကို ဆုံးဆုံးချင်း အကြောင်းမကြားတာ ခွင့်လွှတ်ပါ'ဟု မန်နေဂျာက ရှင်းပြတောင်းပန်ပြီး ပြန်သွားလေ၏။

ဒေါ်ကြွယ်၏ ဆုတောင်းသုံးခု

ဒေါ်ကြွယ်တို့ ဇနီးမောင်နှံသည် တစ်ဦးတည်းသော သားလေး၊ လိမ္မာရေးခြားရှိသော သားလေး၊ မိဘတို့ကို လုပ်ကျွေးနေသော သားလေးအကြောင်း ကြားရသောအခါ မယုံနိုင်လောက်အောင် ဖြစ်သွားကြသည်။

ဒေါ်ကြွယ်၏ အော်ငိုသံကြောင့် အိမ်နားနီးချင်းများ လာရောက်မေးမြန်း နှစ်သိမ့်ကြသည်။ ရက်လည်ဆွမ်းသွတ် ရန် စီစဉ်ကြသည်။

ရက်လည်ဆွမ်းသွတ်သည့်နေ့အထိ အိမ်တွင် လူများ ဝိုင်းလုပ်ကိုင်နေကြသဖြင့် အိမ်မှာ စကားပြောသံတို့ ဝေစည်နေသည်။ ရပ်ဝေးမှ ဆွေမျိုးများလည်း အကြောင်းကြား သဖြင့် ရောက်လာကြပြီး ဆွေမျိုးတစ်စု ဆုံနေကြရ၍ အသုဘအိမ်ဟူသောအမြင်မှာ တိမ်မြုပ်နေ၏။ ရက်လည် နေ့လွန်၍ သုံး,လေးရက်ကြာသောအခါ ရပ်ဝေးဆွေမျိုးများလည်း ပြန်သွားကြ၊ အိမ်နီးနားချင်းများလည်း လုပ်စရာ မရှိတော့၍ မလာကြသောအခါ အိမ်မှာ ဦးဘိုးသစ်၊ ဒေါ်ကြွယ် နှစ်ဦးတည်းသာကျန်ပြီး တိတ်ဆိတ်ငြိမ်သက်၍ နေလေ၏။

ထိုအခါ တွေးစရာတို့ ပေါ်ပေါက်လာသမျှလည်း သားအကြောင်းသာ ဖြစ်လေ၏။ သားကို လွမ်းဆွတ်တမ်းတခြင်း ပိုနေကြ၏။ ဒေါ်ကြွယ်မှာ မိန်းမသားပီပီ ငိုချချည်း နေလေသည်။

တစ်ည၌တွင် ဒေါ်ကြွယ်သည် ဦးဘိုးသစ်ကို စာခြောက်ရပ် လက်တစ်ဖက်သည် အလွန်ဆုတောင်းပြည့်သည်ဟု ဦးကျော်ခေါင် ပြောသွားသည်။ ထို့ကြောင့် ထိုစာ

www.burmeseclassic.com

ခြောက်ရုပ် လက်တစ်ဖက်ဖြင့် သား ပြန်လာစေရန် ဆုတောင်းမည်ဟု ပြောလေသည်။ ဦးဘိုးသစ်က မကြံကောင်း မစည်ရာ မကြံပါနှင့်၊ မလုပ်ပါနှင့်ဟု တားလေသည်။

ဒေါ်ကြွယ်ကလည်း သားကို လွမ်းလှပြီ။ ဆုတောင်းပြီးခေါ်မှ ဖြစ်တော့မည်ဟု ဖွတ်အတင်းဆိုလေသည်။

ထိုသို့ ဇနီးမောင်နှံနှစ်ဦး အချေအတင် ပြောနေကြသည်မှာ ညဉ့်ဆယ့်နှစ်နာရီထိုးခါနီးအထိဖြစ်သည်။

နောက်ဆုံး ဒေါ်ကြွယ်က စာခြောက်ရုပ် လက်တစ်ဖက်ကို လက်တွင် ဆုပ်ကိုင်ပြီး 'သားလေး ပြန်လာပါစေ' ဟု ဆုတောင်းလိုက်တော့သည်။

ဦးဘိုးသစ်ကမူ ဒေါ်ကြွယ်ကို အပြစ်တင်စကား တဖွဖွပြောသည်။ ထိုစဉ် အိမ်မှတိုင်ကပ်နာရီက ဒင်း-ဒင်းဟု ဆယ့်နှစ်ချက် မြည်လေသည်။ သန်းခေါင်ရောက်ပေပြီ။

သူတို့နေသော ဆည်မြောင်းလမ်းမကြီးတစ်လျှောက် မြို့ထဲဘက် အဝင်ဝမှ ဒေါက်-ဒေါက်-ဒေါက်-ဒေါက် ဟူသော လမ်းပေါ်တွင် ရှူးဖိနပ်ဖြင့် လမ်းလျှောက်နေသလို အသံသဲ့သဲ့ ကြားကြရသည်။ တဖြည်းဖြည်းနှင့် အိမ်နားနီးလာသလို ဖိနပ်သံက ကျယ်လာသည်။

'သားလာပြီ-သားလာပြီ'ဟု ဒေါ်ကြွယ်က ဝမ်းသာအားရ ပြောသောအခါ ဦးဘိုးသစ်က အကျိုးအကြောင်းရှင်းပြလေသည်။

'မကြွယ်-ငါတို့သားလေး ပြန်လာပြီလို့ မင်း ဝမ်းသာနေသလား။ စဉ်းစားကြည့်ပါ။ သားလေးကို မြေထဲမှာ (၇)ရက်၊ (၈)ရက်မက မြှုပ်ထားပြီးပြီမို့ သားဟာ နဂိုဟုတ်အတိုင်း လာပါ့မလား။ ခန္ဓာကိုယ်နဲ့ မျက်နှာတွေ ပုပ်ရွဖောင်းကားပြီး သွေးပြည်တရွှဲရွဲပုံနဲ့ လာလေမလား၊ သူ့ဝိညာဉ်မဟုတ်ဘဲ တခြားဝိညာဉ်တွယ်ကပ်ပြီး ဖုတ်ကောင်အနေနဲ့ လာလေမလား မသိနိုင်ဘူး။ စဉ်းစားစရာ အများကြီးရှိပါတယ်။ မင်း မလုပ်ကောင်းတာ မလုပ်ပါနဲ့'ဟူသော ဦးဘိုးသစ်၏ ရှင်းပြချက်ကြောင့် ဒေါ်ကြွယ် တုန်လှုပ်လာသည်။

'မြတ်စွာဘုရားသော်မှ သေခြင်းတရားကို မတားနိုင်တာ မင်းက သေသူကိုပြန်ခေါ်တာ မတော်ပါဘူး။ မြတ်စွာဘုရား၏ တရားတော်နဲ့ မညီပါဘူး။ မင်း စဉ်းစားပါ'ဟူသော ဦးဘိုးသစ်၏ ပြောစကားကြောင့် သားကိုချစ်သောစိတ်၊ နမြောတမ်းတသောစိတ်၊ ပြန်တွေ့ချင်သောစိတ်တို့ကို စိတ်တည်ငြိမ်လာသဖြင့် ဖျောက်ပယ်နိုင်လာကာ ဒေါ်ကြွယ်သည် သုံးခုမြောက် နောက်ဆုံးဆုတောင်းကို တီးတိုးရွတ်ဆိုလိုက်သည်။

'သားလေး သူ့နေရာသူ ပြန်သွားပါစေ။ အမေတို့ကို ဘဝခြားပါပြီ'ဟူသော ဆုတောင်းပင် ဖြစ်လေသည်။

ဒေါ်ကြွယ် ဆုတောင်းခါနီးတွင် ရှူးဖိနပ်သံတခေါက်ခေါက်သည် အိမ်ရှေ့ရောက်လာပြီး အိမ်တံခါးအနီးတွင် ဖိနပ်ဆောင့်နင်းရပ်လိုက်သံ ကြားရသည်။ ဒေါ်ကြွယ် ဆုတောင်းလိုက်သောအခါ ရှူးဖိနပ်သံ ပြန်ကြားရသည်။ သို့သော် အိမ်အနီးမှ၌၍ လာလမ်းအတိုင်း ပြန်သွားဟန်ဖြစ်ပေသည်။

'ဒေါက်-ဒေါက်-ဒေါက်-ဒေါက်'ဟူသော ဖိနပ်သံသည် တဖြည်းဖြည်းဝေး၍သွားသည်။

ဖိနပ်သံ ပျောက်ကွယ်သည်အထိ နားထောင်နေကြပြီး ဖိနပ်သံ ပျောက်သွားသောအခါ ဒေါ်ကြွယ်၏ ရင်ကွဲပက်လက်ငိုလိုက်သံကို သွားလေသူ သားလေးမောင်သစ်ဆင်းကြားမိပါလေစ။

မြစိမ်းခိုင်

ဝန်ခံချက်

ဥပစာတန်းတွင် သင်ကြားခဲ့ရသော Monkey's Paw ကို မြန်မာမှုပြုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတကာ အတွေ့အကြုံရှိ ပညာရှင်

ပုရောဟိတ်ဆရာ ဦးမြတ်ခံ့

B.Sc., M.Sc(Q)., English Language (UFL)., EDS (MOFA)

ဆန်းကျမ်းဗေဒင်၊ လက္ခဏာ၊ ဂန္ဓိရဝဇ္ဇာ၊ ဓာတ်ရိုက်ဓာတ်ဆင်ယဉ်ကြောပညာရှင်

အယူတော်မဂ်လာဗေဒင်ဟောခန်း

ကျွန်ုပ်၏ ကျင့်ကြံအားထုတ်ရသော သီလ၊ သမာဓိ၊ ပညာ၊ စရဏ၊ သမထစွမ်းအားတို့ဖြင့် (၇)ရက်သားသမီးတို့၏ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အမှုအခင်းကိစ္စများအား ကူညီလမ်းညွှန် ဖြေရှင်းပေးနေပါသည်။

ဝိဇ္ဇာထိပ်ခေါင် အဘအောင်မင်းခေါင်နှင့်တကွ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်း၊ အနန္တစကြဝဠာမှ ဆရာသခင် သူတော်စင်ကြီးများ၏ သိဒ္ဓိ၊ မဟိဒ္ဓိ စွမ်းအားဖြင့် ကျွန်ုပ်တို့ယိုတိုင်စီရင်အပ်သော အနန္တဒီပံဖယောင်းတိုင်၊ အနန္တသိဒ္ဓိ အင်း၊ စမ၊ ယတြာအစီအရင်များ ပီယလာဘ်ဖွင့်

ဂန္ဓိရအဆောင်များ ပူဇော်ခြင်းဖြင့်

ဘဝဆောင်မြင့်ကြီးကို ရယူပါ။

သား, သမီးရတနာများအတွက် မွေးဖွားချိန်မတ်လာအခါပေးခြင်း၊ ထန်းဖူး၊ ရုတ်ချုပ်ဇာတာဖွဲ့ပေးခြင်း၊ မြန်မာ့ဂိုးဂု နာမကရဏမတ်လာနှင့်အညီ ကလေးနာမည်ပေးခြင်း၊ နိုင်ငံခြားခရီး (ဝဋ္ဌာရေး၊ အလုပ်အကိုင်၊ သင်္ဘောတက်ရန်) S pass, P.R, Shore Job, Oversea Student Visa အဆင်ပြေစေရန် စီစဉ်ပေးခြင်း၊ အိမ်၊ ခြံ၊ မြေ၊ ကား၊ ကျောက်မျက်ရတနာ၊ ကုန်ဝန်ဆောင်မှုများ အမြန်ရောင်းထွက်ရန် အာဓဝဲဖြင့် အထူးယတြာ စီရင်ပေးဝါသည်။

Prediction in English Language is offered.

ရုံးခန်းလိပ်စာ ❖ အမှတ်-၁၅(B) (ပထမလွှာ)၊ (၁၄၉)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (သီတာလမ်းမှတ်တိုင်အနီး)၊

ဆွေးနွေးချိန် ❖ နံနက်(၉း၀၀)နာရီမှ ညနေ(၃း၀၀)နာရီအထိ

09 51 76646, ☎ 200 298, E-mail Address : myatsan5@gmail.com

Website : http://sayamyatsan.blogspot.com

ကြိုတင်ရက်ချိန်းယူပါ

www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့နွဲ့ဟောက်
ဦးကျဲကြီး၏
ဘဝနိဂုံး

ယခုအခါ မောင်သီလ (ခေါ်) ကိုသီလ မှသည် ကိုကျဲကြီး၊ ထိုမှ ဦးကျဲကြီး၏အကြောင်း (၆)ခန်း၊ (၆)လတိုင်တိုင် ရှိလာခဲ့ပြီဖြစ်၏။ ဦးကျဲကြီးနှင့် ပတ်သက်ဆက်နွယ်သော အကြောင်းအရာ မြောက်မြားစွာတို့အထဲမှ စာဖတ်သူများ စိတ်ဝင်စားမှု အားနည်းမည့် အကြောင်းအရာမျိုးကို ဖယ်ထုတ်ပြီး ထင်ရှားသော နဂါးမောက်ရွာ စသည့်ပတ်ဝန်းကျင်ရွာများက သိနေကြသော အကြောင်းအရာအချို့ကိုသာ ရွေးထုတ်ပြီး ရေးသားလာခဲ့သည်။

လူတို့နှင့်သရဲ အပေါင်းကျသည့် အကြောင်းအရာဟူ၍ ရှိကောင်းရှိတတ်ကြမည်ဖြစ်သော်လည်း နဂါးမောက်ရွာစသော ရွာသူရွာသားများနှင့် ဦးကျဲကြီးကဲ့သို့ ချစ်ကျွမ်းဝင်ပြီး ကူညီရိုင်းပင်းတတ်သည်အထိ အကြောင်းအရာသည်ကား ရှာမှ ရှားပေလိမ့်မည်။ ကြားဖူးရန်လည်း ခဲယဉ်းပေလိမ့်မည်။

ထို့ကြောင့်လည်း ထူးဆန်းပြီး ကြားရသူတိုင်း စိတ်ဝင်စားလောက်သော အကြောင်းအရာကြီး ဖြစ်နေ၍ပင် ရုပ်ရှင်ရိုက်ရန် ကမ်းလှမ်းသည်အထိ ရှိလာခဲ့ခြင်း ဖြစ်သည်။ ကြံဖန်စိတ်ကူးညဏ်ကွန့်ပြီး ဇာတ်အိမ်တည် သည်ထက် အခြေခံပတ်ဝန်းကျင် အထောက်အထားများကိုပါ အမေး၊အဖြေ ပြုလုပ်ပြီး ရိုက်ပြနိုင်သည်အထိ တိကျမှုရှိသော သရဲဇာတ်လမ်းသည်လည်း ရှားပေလိမ့်မည်။

သရဲဟူရာ၌ အချို့သော သရဲများမှာ လူတို့အား ခြောက်လှန့်ခြင်း၊ ဖမ်းစားခြင်း၊ အနှောင့်အယှက်ပေးခြင်း များသာ ရှိတတ်၏။ လူတိုင်းလည်း သည်အဖြစ်များကို သိကြ၊ ကြားကြ၊ ကြုံဖူးကြ၏။ သရဲတို့၏ သဘောမှာ

www.burmeseclassic.com

www.burmeseclassic.com

လည်း ထိုအတိုင်းသာ ဖြစ်၏။

သို့သော် သရဲဦးကျွဲကြီးမှာကား ထိုသို့မဟုတ်၊ တစ်မူ ထူး၏။ သူနှင့်နီးစပ်ရာ ရွာသူရွာသား အားလုံးကိုပင် ကူညီစောင့်ရှောက်တတ်သော သရဲကြီး ဖြစ်ပေ၏။ ဤသည်ပင်လျှင် မယုံနိုင်လောက်အောင် ထူးဆန်းသော အကြောင်းအရာကြီးတစ်ရပ် ဖြစ်နေလေ၏။

ဦးကျွဲကြီးက ရွာသူရွာသားများကို ချစ်ခင်မြတ်နိုးတန်ဖိုးထားပြီး ကူညီစောင့်ရှောက်နေသလို ရွာသူရွာသားများကလည်း ဦးကျွဲကြီးအား သရဲဖြစ်သည့်တိုင်အောင် မကြောက်မရွံ့ကြသည့်အပြင် ချစ်ခင်မြတ်နိုး တန်ဖိုးထားကြသည်သာ ဖြစ်၏။

သို့သော် ယခုအခါ ဦးကျွဲကြီး နောက်ဆုံးကူညီခဲ့သော အကြောင်းအရာ တစ်ခု၊ နှစ်ခုကိုမျှသာ ရေးပြပြီး နောက်ဆုံးခရီးဖြစ်သော ဦးကျွဲကြီး၏အကြောင်းကို ဆက်လက်ဖော်ရေးသားကာ နိဂုံးချုပ်ပေတော့မည်။ ဤမျှလောက်ဆိုလျှင်ပင် သရဲဦးကျွဲကြီး၏အကြောင်း အထိုက်အလျောက်ပြည့်စုံပြီဟု ယူဆပြီး ကျေနပ်မိသောကြောင့်ဖြစ်၏။

♦ ♦ ♦

ကျောက်ပိုးထိုးရွာ ကျက်သောင်းချောင်းရွာများမှ နဂါးမောက်ရွာဘုန်းတော်ကြီးကျောင်းမှာ စာလာသင်နေကြသော ကျောင်းနှစ်မှ ဆယ်နှစ်အရွယ် ကျောင်းသားကျောင်းသူလေးများအားလုံးနီးစပ်ဆယ်ကျော်တို့သည် ညနေငါးနာရီအချိန်တွင် ကျောင်းဆင်းလာကြ၏။

ထိုအချိန်၌ နွားမိတ်အုပ်ကြီးသည်လည်း အရိပ်အဟုန်ဖြင့်ပင် ကျောင်းသားကျောင်းသူများဘက်ကို ဦးတည်ပြီး ချဉ်းလာနေကြလေသည်။ နွားမိတ်အုပ်ဟူသည်မှာ တောရွာများ၌ လယ်သိမ်းပြီးလျှင် နွားများအား မကျောင်း၊ မလန်းတော့ဘဲ လွှတ်ထားလေ့ရှိကြ၏။

ထိုနွားများသည် သွားချင်ရာသွား၊ စားချင်ရာမှာ ရှာဖွေစားသောက်ပြီး ညနေအချိန်မှ အိမ်ပြန်လေ့ရှိကြ၏။ ထိုအထဲမှ နွားလား(နွားသိုး)များက ဇီးခိုရန် တောင့်တနေသော နွားမများကို နွားတို့၏သဘာဝအတိုင်း သိကြ၏။ ထို့ကြောင့် နွားသိုးများက ထိုနွားမကို စပ်ယှက်ဆက်ဆံရန် ပြေးလိုက်ကာကြခြင်းဖြစ်၏။

အစတွင် တစ်ကောင်၊ နှစ်ကောင်မှ တဖြည်းဖြည်း အကောင်အစိတ်၊ သုံးဆယ်အထိ များသွားတတ်၏။ ထိုနွားမိတ်အုပ်တန်းကြီးကို ကြည့်ရသည်မှာ အရိပ်အဟုန်ဖြင့် ပြေးနေသော မီးရထားခေါင်းတွဲကြီးနှင့်ပင် တူ၏။

ယခု ထိုနွားမိတ်အုပ်တန်းကြီးသည် အရိပ်အဟုန်ဖြင့် ပြေးလာနေလေရာ ဦးကျွဲကြီး၏ ဗိမာန်တော်ဖြစ်သည့် လက်ပံပင်ကြီးနားသို့ရောက်လျှင် ကျောင်းဆင်းလာကြသော ကလေးများနှင့် တိုးလေ၏။

လမ်း၏ တောင်ဘက်တွင် ပေအစိတ်၊ သုံးဆယ်ခန့် မြင့်စောက်သော သောက်ရေခပ်ချောင်းကမ်းပါးကြီး ရှိနေ၏။ မြောက်ဘက်တွင်လည်း ဥယျာဉ်ခြံစည်းရိုးကြီး ရှိနေလေရာ မည်သည့်နည်းနှင့်မျှ ဤလူမမည်ကလေးငယ်များသည် ထိုနွားမိတ်အုပ်ကြီးကို ရှောင်ရှားနိုင်ကြမည် မဟုတ်ပေ။

ရှေးအခါကလည်း ဤကဲ့သို့ နွားမိတ်အုပ်နှင့်တိုး၍ ကလေးအချို့တို့ အသက်ဆုံးရှုံးဖူး၏။ ခန္ဓာကိုယ်လက်များလည်း ပျက်စီးဖူး၏။ နွေရာသီ နွားများအား လွှတ်ထားကြချိန်၌ တောရွာများတွင် သည်အဖြစ်ဆိုးမျိုး ဖြစ်လေ့ရှိ၏။ နွားများကလည်း မိတ်လိုက်ချိန်တွင် ရှေ့၌တိုးမိသည်ကို ရှောင်လေ့မရှိဘဲ တွန်းတိုက်တက်နင်းသွားတတ်၏။

တောကလေးများဖြစ်ကြသည့်အလျောက် သည်အဖြစ်မျိုးကို ကြားဖူးထားကြသော ကလေးများမှာ ခြံလမ်းချိုးတစ်နေရာမှ နွားမိတ်အုပ်ကြီး ဘွားခနဲ ကဆုန်ပေါက်ပြီး သူတို့ဆီ တည့်တည့်ကြီး ပြေးလာနေသည်ကို မြင်လိုက်ရသောအခါ အကြောက်လွန်ပြီး ကွက်၍ပင် မပြေးတတ်ကြတော့။ အော်သူအော်၊ ငိုသူငိုနှင့် ငရဲပွက်သကဲ့သို့ ဖြစ်သွားကြလေသည်။

ထိုအခိုက်မှာပင် သူတော်ကောင်း သရဲကြီးဖြစ်သော ဦးကျွဲကြီးသည် မီးလုံးကြီးအဖြစ်ဖြင့် လက်ပံပင်ပေါ်မှ ခုန်ဆင်းလာပြီး နွားအုပ်နှင့် ကလေးများ၏အကြားတွင် ရပ်တည်ပေးလိုက်လေသည်။ နွားများ ကလေးများဘက်ကို ကျဲထွက်မသွားစေရန်လည်း နွားအုပ်ရှေ့က လမ်းမကို ပိတ်ဆို့ပြီး လည်၍၊ လည်၍ ဆီးကာထားလေသည်။

ဤတွင် အရိပ်အဟုန်ဖြင့် ပြေးလိုက်လာနေကြသော နွားအုပ်ကြီးသည်လည်း လန့်ဖျပ်ကာ နွားမိတ်မကို ဂရုမစိုက်နိုင်ကြတော့ဘဲ ဖရိုဖရဲဖြစ်သွားကြလေ၏။ နောက်မှ အရိပ်လွန်ပြီး ကျဲထွက်လာသော နွားသိုးအချို့တို့သည်လည်း မီးလုံးကြီးကို မြင်လိုက်ရသည်နှင့် အီး..အား..အော်လျှက် အပြီးကိုထောင်ကာ နောက်ဆုတ်ပြေးကြလေ၏။

တချို့နွားသိုးကြီးများမှာမူ မပြေးသာသည့်အဆုံး ခြံ

www.burmeseclassic.com

www.burmeseclassic.com

လုံးကြီးကို ရန်မူပြီး တရူးရူးနှာမှုတ်လျက် ပြေးတွေ့ကန် ကျောက်ကြ၏။ သို့သော် မီးလုံးကြီးသည် နွားဦးချိုမှ လွတ်ရုံမျှ ရှောင်ရှားကာ ခေါင်းကိုပင် ထုလိုက်လေသလား၊ ကျောကိုပင် ရိုက်လိုက်လေသလား၊ ဘေးကိုပင် ဆောင့်ကန် လိုက်လေသလားမသိ ရန်မူပြီး ပြေးတွေ့သော နွားသိုးကြီး အားလုံးပင် တစ်ကောင်တလေမျှ ရှေ့ကို တိုးလာနိုင်ခြင်း မရှိဘဲ အီး··အား··အော်ကာ နောက်ဆုတ်ပြေးသွားကြရသည်ချည်း ဖြစ်၏။

နွားမိတ်အုပ်ကြီးပြိုကွဲပြီး ဖရိဖရဲဖြစ်ကာ ထွက်ပြေးကြမှ ကလေးများလည်း အသက်ချမ်းသာရကြလေ၏။ ထို့နောက် ဟိုမှသည်မှ ရွာသူရွာသားများ ရောက်လာကြပြီး ကလေးများ ဘာဖြစ်သွားသလဲဟု မေးမြန်းစစ်ဆေးကြ၏။ ကလေးများကား ဘာမျှမဖြစ်ကြပေ။ ထိုအထဲမှ အသက်အကြီးဆုံးဖြစ်သည့် ဆယ်နှစ်အရွယ် ကျောက်ပိုးထိုးရွာသား ကလေးတစ်ယောက်က မျက်လုံးများပြူးကျယ်ပြီး ဟိုသည်ကြည့်ကာ ရဲရဲကြီးဟု ဆို၏။

'ရဲရဲကြီး ဟုတ်လား။ ဘယ်မှာတုန်း အဲဒီရဲရဲကြီးဆိုတာ'ဟု ရွာသားများက ဝိုင်းမေးကြသော်လည်း ကလေးသည် ပြောမပြတတ် ဖြစ်နေ၏။

ထို့နောက် လက်ပံပင်ကြီးပေါ်ကို လက်ညှိုးထိုးပြ၏။ ထိုထက်လည်း ကလေးက ပြောမပြတတ်ပေ။ ကလေးအားလုံး အကြောက်လွန်ပြီး မျက်လုံးများပြူးကျယ်၍သာနေကြ၏။ တချို့ကလေးများမှာ သေးပါကျပြီး ဘောင်းဘီလေးများ ရွဲရွဲစိုနေသည်ကို တွေ့နေရ၏။

ရွာသူရွာသားများက ရဲရဲကြီးဟု ကလေးပြောပြနေသည်မှာ ဦးကျွဲကြီးသာ ဖြစ်မည်ဟု သိလိုက်ကြ၏။ ထို့ကြောင့် ဆက်မေးကြ၏။

'အဲဒီရဲရဲကြီးက သားတို့၊ သမီးတို့ကို ဘာလုပ်တုံး'

ကလေးက ခေါင်းခါလိုက်ပြီး 'ဘာမှမလုပ်ဘူး။ သားတို့ရှေ့က ကာဆီးထားတယ်။ ရှေ့ကိုရောက်လာတဲ့ နွားတွေကို ရိုက်တယ်၊ ထုထယ်၊ ကန်ကျောက်တယ်။ ပြီးတော့ ဟိုး··လက်ပံပင်ကြီးပေါ်ကို ပျံတက်သွားတယ်'ဟု သူမြင်လိုက်သည့်အတိုင်း ပြောပြကြ၏။

ထို့ကြောင့် ရွာသူရွာသားများမှာ ဦးကျွဲကြီးအား ကျေးဇူးတင်၍မဆုံး ဖြစ်ကြရ၏။ နွားမိတ်အုပ်နှင့် ကလေးများတွေ့ကြစဉ်အချိန်က ရွာသူရွာသားများမှာ လုပ်ခင်းယာခင်းထဲမှာသာ ရှိနေကြသေး၏။ ထို့ကြောင့် ဦးကျွဲကြီးသာ မကူညီ၊ မကာကွယ်လျှင် ဤလမ်းကျဉ်းလေး၌ နွားမိတ်အုပ်နှင့် တိုးမိကြသော ကလေးများ၏ဂတ်ကြမ္မာကို စဉ်းစားဝံ့ဖွယ်ပင် မရှိတော့ပေ။

♦ ♦ ♦

(၁၉၆၇)ခုနှစ်၊ ဇူလိုင်လ (၁၄)ရက် ညသန်းခေါင်ကျော် အချိန်တွင် နဂါးမောက်ရွာကျောင်း ဆရာတော်အပါအဝင် ကျောင်းသား၊ ကိုရင် အားလုံးတို့ အိပ်မောကျနေကြ၏။ ထိုအချိန်မှာပင် ဆရာတော်၏ အိပ်မက်ထဲ၌ အသံတစ်သံကို ကြားလိုက်ကြရသည်။

'ဆရာတော်ဘုရား··ဆရာတော်ဘုရား'

'ဟင်··ဘယ်သူတုန်း ခေါ်နေတာ'

'တပည့်တော်ပါဘုရား။ တပည့်တော် မောင်ကျွဲကြီးပါ'

'သြော်··မောင်ကျွဲကြီး၊ ဘာတုံး'

'တပည့်တော် အရေးကြီးတဲ့ ကိစ္စတစ်ခုရှိလို့ ဆရာတော်ဆီကို လာခဲ့တာပါဘုရား'

'သြော်··သြော်··ဘယ်လိုအရေးကြီးကိစ္စမျိုးလဲ မောင်ကျွဲကြီး'

'မှန်လှပါ၊ မနက်ဖြန်ကစလို့ သုံးရက်ကို လွန်မြောက်ရင် မိုးကြီးသည်းထန်ရွာပါလိမ့်မယ်ဘုရား။ ချောင်းရေတွေလျှံပြီး ကမ်းပါးတွေလည်း ပြိုပါလိမ့်မယ်ဘုရား။ ဒါကြောင့် ချောင်းကမ်းနားတွေမှာ အိမ်ဆောက်နေကြတဲ့လူတွေ၊ နွားတဲ၊ ကျွဲတဲ၊ ဆိတ်တဲတွေ ရှိနေကြတဲ့လူတွေကို အရေးတကြီး အမိန့်တော်ပေးပြီး ရေလွတ်ရာ ကုန်းမြင့်တွေကို ပြောင်းနေစေလိုက်ဘုရား'

'အေး··အေး··မင်းကတော့ ကမ္မဖိဒ္ဓိ(မွေးရာပါ၊ ဖြစ်ရာပါ) အမြင်ရှိနေတဲ့သူဆိုတော့ ကြိုမြင်ပြီး ကြိုလို့လည်း သိနိုင်တာပေါ့။ ဒီလိုသာဆိုရင် ချောင်းမြောင်းနဲ့ မကင်းကြတဲ့ လူတွေအဖို့ တော်တော့်ကို ကြောက်စရာကြီးပါလားကွယ်'

'မှန်လှပါဘုရား။ ဒါကြောင့်မို့လို့လည်း မဖြစ်မနေ တပည့်တော် လာလျှောက်တာပါဘုရား'

'အေး··အေး··အခုလိုလာလျှောက်တာကို ကျေးဇူးတင်ပါတယ် မောင်ကျွဲကြီး။ မင်း ကူညီကာကွယ် စောင့်ရှောက်ခဲ့တာတွေလည်း များခဲ့ပါပြီ။ တိုင်းပြည်ပျက်တဲ့အခိုက်အစလို့ အခုချိန်ထိပေါ့။ ဒါကြောင့် ငါနဲ့တကွ ရွာသူရွာသားတွေအဖို့တော့ မင်းကို ကျေးဇူးတင်လို့တောင် မဆုံး

www.burmeseclassic.com

စော့ပါဘူးကွာ'

'တပည့်တော်ကို ကျေးဇူးတင်စရာတောင် မလိုပါဘူး ဘုရား။ တပည့်တော် ကျောင်းသားဘဝကတည်းက ဆရာတော် စောင့်ရှောက်ပြီး ပညာတွေ သင်ပေးလာခဲ့တာပါ။ ဒါကြောင့် ဆရာတော်ရဲ့ အဆုံးအမကိုခံယူပြီး ပညာဘဏ္ဍာတွေကိုသင်ယူရင်း ရွာသူရွာသားတွေရဲ့ ဆွမ်း၊ ပန်း၊ ယာဂုတွေကိုလည်း နှစ်ရှည်လများ စားသောက်ပြီး နေလာခဲ့ရတာကြောင့် တတ်နိုင်တဲ့ဘက်က တပည့်တော်မှာ ကူညီစောင့်ရှောက်ပေးရမယ့်တာဝန်တွေ အပြည့်ရှိပါတယ်။ တပည့်တော် ဒီလိုပဲ ခံယူထားပါတယ်။ ဒါကြောင့်မို့လို့လည်း ကျေးဇူးတရားတွေကို ပြန်လည်ပေးဆပ်တဲ့သဘောနဲ့ တပည့်တော် စောင့်ရှောက်လာခဲ့တာပါဘုရား'

'သာဓုကွယ်..သာဓု..သာဓု၊ ငါ့တပည့် မောင်ကျွဲကြီး မကြာခင်ပဲ ဒီဘဝက လွတ်မြောက်ပြီး ကောင်းရာမွန်ရာ သုဂတိဘဝကို ရောက်ပါစေကွယ်'

'တင်ပါ့ဘုရား။ ဆရာတော်ပေးတဲ့ဆုနဲ့ တပည့်တော် တစ်လုံးတစ်ဝတည်း ပြည့်စုံရပါလို့၏ဘုရား။ တပည့်တော်လည်း အရေးကြီးတဲ့ စကားတွေကို ပြောဆိုလျှောက်ထားလိုက်ရလို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။ ဒါကြောင့် တပည့်တော်ကို ပြန်ခွင့်ပြုပါဦးဘုရား'

ဦးကျွဲကြီး၏ လျှောက်ထားသံအဆုံးတွင် ဆရာတော်သည် ကျိန်းစက်နေရာမှ နိုးသွားလေ၏။ အချိန်အားဖြင့်လည်း ညသုံးနာရီကျော်နေလေပြီ။

သို့သော် ဤသည်မှာ ဆရာ,တပည့်တို့၏ ပြောဆိုကြသော နောက်ဆုံးစကား ဖြစ်နေသည်ကိုမူ ဆရာတော်ကိုယ်တိုင် မသိနိုင်လိုက်ပေ။ ယနေ့ယခုအချိန်မှစ၍ နာနာဘာဝသရဲပင်ဖြစ်သော်လည်း ရွာသူရွာသားတို့ကို များစွာကျေးဇူးပြုနေသည့် မောင်ကျွဲကြီး ခေါ် ဦးကျွဲကြီးအား နောင်သော အခါ မီးလုံးကြီးအဖြစ်ဖြင့်လည်းကောင်း၊ အရပ်၊ အသံစသည်များကိုသော်လည်းကောင်း မြင်ရ၊ ကြားရတော့မည် မဟုတ်သလို ကူညီစောင်မ,ခြင်းကိုလည်း ရကြမည်မဟုတ်တော့ပေ။

♦ ♦ ♦

ဆရာတော်သည် တစ်အောင့်ကြာမျှ တရားဘာဝနာများ ရှုမှတ်ပွားများပြီးနောက် လေးနာရီထိုးလျှင် ကျောင်းသား၊ ကိုရင်များကို နှိုးကာ မျက်နှာသစ်စေ၏။ ထို့နောက် ဘုရားကျောင်းဆောင်ရှေ့က သံဃာစင်နားတွင် တန်းစီထိုင်ပြီး ဘုရားရှိခိုးကြလေသည်။

ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှဝေပြီးချိန်၌ အရဏ်ဇက်လေပြီ။ ထို့ကြောင့် ရေနွေးကျိုသော ကိုရင်က ကျိုပြီး ခုံခင်းသော ကိုရင်က ခင်းကြ၏။ ကျောင်းသားများက သောက်ရေတကောင်း၊ လက်ဆေးခံ၊ ထွေးခံများ တည်ကြ၏။ ထို့နောက် ကျောင်းပေါ်၊ ကျောင်းအောက် အမှိုက်လှည်းနေကြချိန်မှာပင် အရဏ်ဆွမ်းပို့သမများ ရောက်လာကြ၍ ဆရာတော်က သူတို့အပြန်တွင် ရွာလူကြီးများအား ကျောင်းသို့ လာကြရန် မှာကြားလိုက်၏။

အရဏ်ဆွမ်းကိစ္စ ပြီးချိန်မှာပင် ရွာလူကြီးများ ရောက်လာကြ၏။ ဆရာတော်က ကွမ်းရွက်ကို ထုံးတို့ရင်း ကွမ်းသီးငုံဖြင့် ညအိပ်မက်အကြောင်းကို ရွာလူကြီးများအား ပြောပြမိန့်ဆိုလေသည်။

'ဒကာတို့..ညဥ့်သန်းခေါင်ကျော်အချိန်မှာ မောင်ကျွဲကြီး ငါ့ကို အိပ်မက်လာပေးသွားတယ်။ ဒီနေ့ကစလို့ နောက်သုံးရက်မြောက်ရင် မိုးကြီးသည်းထန်ရွာလိမ့်မယ်။ တောင်ရေကမ်းလုံးကမ်းလျှံ ကျလိမ့်မယ်။ ဒါကြောင့် မြေနိမ့်ပိုင်း ချောင်းကမ်းပါးတွေမှာ နေထိုင်ကြတဲ့ အိမ်တွေ၊ လူတွေ၊ နွားတဲ၊ ကျွဲတဲ၊ ဆိတ်တဲတွေကို ကြိုတင်ပြီး အချိန်မီ ပြောင်းရွှေ့နေကြရမယ့်အကြောင်းကို ရွာလူကြီးတွေ ခေါ်ပြောပြလိုက်ပါလို့ လျှောက်ထားသွားတယ်'

'တင်ပါ့ဘုရား၊ ဦးကျွဲကြီးပြောတာဆိုရင်တော့ မမှားနိုင်ပါဘူးဘုရား။ ဒါကြောင့် တပည့်တော်တို့ ချက်ချင်းပဲ လိုက်လုပ်လိုက်ပါ့မယ်ဘုရား'

'အေး..ပြီးတော့ ကိုယ့်ရွာသူရွာသားတွေအပြင် အခြားလက်လှမ်းမီတဲ့ ရွာတွေကိုလည်း ဒီသတင်းကို အကြောင်းကြားပေးလိုက်ကြပါဦး'

ဦးကျွဲကြီးကို နဂါးမောက်ရွာသူရွာသားများအပြင် အခြားနီးစပ်ရာရွာများကလည်း သိကြ၏။ အားကိုးယုံကြည်ခြင်းလည်း ရှိကြ၏။ ထို့ကြောင့် ဦးကျွဲကြီးပေးသောသတင်းဟု ကြားသိလိုက်ကြသည်နှင့် ရွာတိုင်းကပင် မြေနိမ့်ပိုင်းတွင် နေထိုင်ကြသော အိမ်၊ တဲ၊ ကျွဲ၊ နွား၊ အိမ်မွေးတိရစ္ဆာန်အားလုံးတို့အား ရေလွတ်လောက်သော ကုန်းမြင့်ပိုင်းသို့ ပြောင်းရွှေ့ကြလေသည်။

နောက်နှစ်ရက်၏ ညနေခင်းအချိန်မှာပင် ကောင်းကင်တစ်ပြင်လုံး မိုးသားတိမ်လိပ်များ ညို့မှိုင်းပြီး အံ့ဩဖွယ်လေသည်။ မိုးသားများနှင့် ဆက်တိုက်ပင် လေပြည်လည်း

www.burmeseclassic.com

www.burmeseclassic.com

သွယ်ခတ်လာလေ၏။

စစ်တောင်းခြစ်၊ စစ်တောင်းချောင်းကြီးကို စီးဝင်သော သောက်ရေခပ်ချောင်းသည် ကျောက်တောင်ကြီးများနှင့် သဘာဝသစ်ရိုင်းတောကြီးများ ထူထပ်သည့် ကရင်ပြည်နယ်ကို ချောင်းဖျားခံ၏။ ချောင်းရိုး ချောင်းနံဘေးတစ်လျှောက်၌ ကရင်၊ ဗမာ၊ ရှမ်း စသောလူမျိုးနွယ်စုများ လယ်ယာကိုင်းကျွန်း၊ ဥယျာဉ်ခြံမြေများကို လုပ်ကိုင်စားသောက်၍ ရှိကြ၏။

ချောင်းဖျားမှစ၍ မိုးကြီးသည်းထန်ရွာ၏။ ထို့နောက် တဖြည်းဖြည်း တောင်ပေါ်မြေပြန့် သိပ်သိပ်သည်းသည်း အဆက်မပြတ် ရေကရားကို မှောက်သွန်သကဲ့သို့ ရွာသောကြောင့် တောင်ရေသည် ဝါးလုံးထိုးကျလာလေ၏။ တောင်ရေအကျကြီးသောကြောင့်လည်း သောက်ရေခပ်ချောင်းတစ်လျှောက်၌ ကမ်းပြည့်ကမ်းလျှံဖြစ်လာလေ၏။ ထို့ကြောင့် လူနှင့် ကျွဲ၊ နွားများမှာ အကြီးအကျယ်ပင် ဒုက္ခရောက်ကြရလေသည်။

သုံးရက်မြောက်သည်အထိ မိုးရွာသွန်းနှုန်းအရှိန် လျော့ကျသွားခြင်း မရှိသေးပေ။ ငါးရက်မြောက်တွင် မိုးအရှိန်သည် မတိုးမဆုတ် တိုင်း၍နေ၏။ တောင်ရေကျနှုန်းမှာလည်း ထိုအတိုင်းပင်ရှိနေ၏။ ထို့နောက် မိုးသည် တဖြည်းဖြည်း လျော့သွားလေ၏။ မိုးလျော့သွားသော်လည်း တောင်ရေကျခြင်းသည်ကား မလျော့သေးပေ။ ခုနစ်ရက်တိုင်တိုင် ရေမကျဘဲ ရှိနေပြီးနောက် ရှစ်ရက်မြောက်နေ့တွင် ရေစ၍ကျလေ၏။

ရေကျဆင်းသွားသည့် ညဉ့်သန်းခေါင်ယံအရှိန်မှာပင် တဝုန်းဝုန်း၊ တရုန်းရုန်း ဆူညံသံများဖြင့် ကမ်းပါးပြိုဆင်းသံများကို ညလုံးပေါက်ကြားနေကြရလေသည်။ ရှေ့မီနောက်မီ လူကြီးများက နှစ်ပေါင်း(၅၀)အတွင်း၌ ဤကဲ့သို့ မိုးကြီးသည်းထန်ရွာခြင်း၊ ရေကြီးခြင်း၊ ကမ်းပါးပြိုခြင်းများကိုမူ တစ်ကြိမ်တစ်ခါမျှ မကြုံစဖူးဟု ဆိုကြသည်။ အချို့သော နှစ်များတွင် ရိုးတန်သလောက် ရှိခဲ့ဖူးသော်လည်း ဤကဲ့သို့ အဖြစ်မဆိုးဟုလည်း ပြောကြသည်။

သည်နှစ်၏ အထူးခြားဆုံးမှာ ချောင်းကမ်းပါးများ ပြိုလွန်းခြင်းပင်ဖြစ်၏။ တချို့ကမ်းပါးများမှာ နေရာကို မှန်းမရလောက်အောင်ပင် ပြိုဆင်းပျက်စီးသွား၏။ တချို့ကမ်းပါးများမှာ သစ်ပင်ကြီးများ ပြိုဆင်းပါလာပြီး ချောင်းကို ပိတ်ဆို့သလိုဖြစ်သွား၍ တောင်ကျရေကို ပိုမိုလျှံတက်သွားစေသောကြောင့်လည်း ချောင်းကမ်းပါးများကို သာ၍ပင် ပြိုဆင်းပျက်စီးသွားစေလေသည်။

မိုးရွာသည့် ရှစ်ရက်လွန်မြောက်ညမှ တဝုန်းဝုန်းဖြင့် ချောင်းကမ်းပါးများ စပြိုလေရာ ကိုးရက်ညသို့ရောက်လျှင် နှစ်ပေါင်းတစ်ရာနီးပါး တည်ရှိခဲ့သော ဦးကျွဲကြီး၏ဗိမာန်တော်ဖြစ်သည့် လက်ပံပင်ကြီးသည်လည်း ကမ်းပါးပြိုရာတွင် ပါဝင်ပြီး သောက်ရေခပ်ချောင်းထဲသို့ တစ်ပင်လုံးကျသွား၍ ကျိုးကြေနစ်မြုပ်ကာ မျောပါသွားလေသည်။

ထို့ကြောင့် ဗိမာန်တော်ဖြစ်သော လက်ပံပင်ကြီးနှင့်အတူ ဦးကျွဲကြီးသည်လည်း ထိုနေ့၊ ထိုရက်၊ ထိုအချိန်ကပင် မျောက်ဆုံးသွားလေသည်။ နဂါးမောက်၊ ကျောက်ပိုးထိုး၊ ကျက်သောင်းချောင်း စသောရွာသူရွာသားများမှာ ဦးကျွဲကြီး၏သတင်းကို ကြားလိုကြားရငြား လိုက်လံစုံစမ်းပြီး နားစွင့်နေကြသော်လည်း ရက်မှ လ၊ နှစ်တိုင်အောင် ကြာမြင့်လာခဲ့သည်။ ဦးကျွဲကြီး၏ သတင်းကိုမူ လုံးဝမကြားရတော့ပေ။

ထို့ကြောင့် ထိုအချိန်မှစ၍ ယနေ့တိုင်အောင်ပင် နဂါးမောက်၊ ကျောက်ပိုးထိုး၊ ကျက်သောင်းချောင်း စသောရွာသူရွာသားများမှာ ဦးကျွဲကြီး၏ အကြောင်းကို အိပ်ရာဝင်ပုံပြင်သဖွယ် ပြောဆိုတမ်းတလျက် ရှိနေကြဆဲသာဖြစ်လေသည်။

စာကြွင်း

ထိုအချိန်က ကျွန်တော်သည် မေမြို့ စစ်သင်တန်းကျောင်းတွင် တက်ရောက်နေ၏။ (၂၀-၇-၁၉၆၇)ရက်နေ့တွင် မိသားစုဝင်များ ပို့ပေးလိုက်သော စာထဲ၌ ကမ်းပါးပြို၍ လက်ပံပင်ကြီးပါသွားပြီး သဲနုန်းများ ပုံးလွှမ်းကာ မျောက်ကွယ်သွားပြီဖြစ်ကြောင်း၊ ထိုအချိန်မှစ၍ ဦးကျွဲကြီးသည်လည်း မျောက်သွားကြောင်း၊ ယနေ့ချိန်ထိလည်း မည်သည့်သတင်းကိုမျှ မကြားရတော့ကြောင်း စသည်ဖြင့် ဖတ်လိုက်ရ၏။

ထို့ကြောင့် ကျွန်တော့်မှာ များစွာစိတ်မကောင်းဖြစ်သွားရ၏။ ဦးကျွဲကြီးအား နှမြောဝ၊ သဖြစ်မိ၍ သက်မ၊ ကိုလည်း အကြိမ်ကြိမ်ချလိုက်မိ၏။ သို့သော်လည်း ဘာမျှ မတတ်နိုင်တော့။ ဦးကျွဲကြီးသည် ကောင်းရာမွန်ရာ ဘဝတစ်ခုကို ရောက်သွားပါစေဟူ၍သာ ဆုမွန်ကောင်းများ တောင်းပေးလိုက်ရတော့သည်။

ထွန်းအောက်

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးအိမ်ခြေအရောင်

ကြည့်လိုက်မိသည်။ နောက်သို့ လှည့်ကြည့်လိုက်ရာ ရွာသူကြီးကို တွေ့လိုက်ရ၍ ပိုမိုလန့်သွားပါသည်။ ယခုအချိန် သူကြီးကို မတွေ့ချင်ပါ။ ဂျပန်ကို ပို၍မတွေ့ချင်သည့်အချိန်ဖြစ်သည်။

သူတို့ရွာသို့ ဂျပန်ရောက်စက ဂျပန်များနှင့် ပေါင်းသင်း၍ ကောင်းပါသည်။ ဂျပန်ခိုင်းသမျှ လုပ်ပေးပါက ဂျပန်များက ကျေနပ်ကြသည်။ ယခုအချိန်သည် ဂျပန် ရောက်စအချိန်နှင့် ဆန့်ကျင်ဘက်ကာလဖြစ်သည်။ ဂျပန်များ စစ်ရှုံး၍ ပြေးနေရချိန်ဖြစ်သည်။ တွေ့သမျှလူကို ခိုက်

'စံရွှေအောင်'

'ဟေ့ကောင်..စံရွှေအောင်'

ရုတ်တရက် နောက်က ခေါ်သံကြောင့် စံရွှေအောင် လန့်သွားပါသည်။ တစ်ယောက်တည်း အတွေးလွန်နေချိန် ခေါ်သံကြောင့် တုန်လှုပ်ပြီး ခေါ်သံလာရာနောက်သို့ လှည့်

www.burmeseclassic.com

ချင်နေသည်။ မြန်မာများကြောင့် ပြေးရသည်ဟုပဲဆက
မြန်မာများကို စိတ်နာနေချိန်ဖြစ်သည်။ မြန်မာကိုတွေ့ပါက
ခိုင်းစေချင်ကြသည်။ အဆိုးဆုံးမှာ ဂျပန်ပစ္စည်းများကို သယ်
ပိုးပေးရခြင်းဖြစ်သည်။ ပစ္စည်းသယ်ပေးရခြင်းသည်က
အကြောင်းမဟုတ်။ ပစ္စည်းသယ်ပေးရန် ခေါ်သွားသူများ
အနက် အချို့ရွာသားများ ပြန်ရောက်မလာခြင်းဖြစ်သည်။
အချို့ပြန်မလာ၍ လိုက်ရှာရာ တောထဲ၌ အလောင်းကို တွေ့
ရသဖြင့် အားလုံးက ဂျပန်ခေါ်မည်ကို စိုးရိမ်နေကြသည်။

စံရွှေအောင်ကလည်း တစ်နေ့နေ့ သူကိုများ ခေါ်လေ
မည်လားဟု အချိန်တိုင်း စိုးထိတ်နေခဲ့ရသည်။ ဂျပန် လာ
ခေါ်မည်ကိုကြောက်၍ အိမ်မှာပင်မနေဘဲ သူ၏တောင်ယာ
ခင်းရှိ တဲတွင် လာရောက်နေခဲ့သည်။ ရွာကို ရောင်နေချိန်
နောက်က လိုက်ခေါ်သဖြင့် ထိတ်လန့်ခြင်းဖြစ်ရသည်။ လာ
ခေါ်သူမှာလည်း ရွာသူကြီးကိုယ်တိုင်ဖြစ်နေ၍ ရောင်၍
ရတော့မည် မဟုတ်သောကြောင့် ပိုမိုထိတ်လန့်ခြင်းဖြစ်
သည်။

အလွန်ထိတ်လန့်နေသော်လည်း ဟန်ကိုယ့်ဖို့ဟု အနေ
အထားနှင့် သူကြီးကို ပြန်မေးလိုက်သည်။

'ဘာကိစ္စရှိလို့ပါလဲသူကြီး'

'မင်းကို မာစတာကြီး ခေါ်နေတယ်'

'ဗျာ...မာစတာ၊ ဟုတ်လား'

စံရွှေအောင်၏ ကြောက်လန့်မှုသည် အထွတ်အထိပ်သို့
ရောက်သွားပါသည်။ မာစတာကြီးခေါ်သည်ဆိုပါက ရောင်
ပြေး၍ရတော့မည်မဟုတ်။ သွားရောက်တွေ့ရတော့မည်။
ဂျပန်မာစတာကြီးသည် ရွာသားများအနက် စံရွှေအောင်ကို
ချစ်ခင်သူဖြစ်သည်။ ခိုင်းစရာရှိလျှင် ခေါ်ခိုင်းတတ်ပြီး ခိုင်း
ပြီးလျှင် ပြုံးပြုံးရွှင်ရွှင် ဆက်ဆံတတ်သဖြင့် စံရွှေအောင်
က မာစတာကြီးသည် အခြားသူများအပေါ် ရက်စက်သော်
လည်း သူ့အပေါ် ရက်စက်သူ မဟုတ်ဟု သက်သာအောင်
တွေးမိပြန်သည်။ သေချာအောင် သူကြီးကို ပြန်မေးလိုက်
သည်။

'ဘာကိစ္စခေါ်တာလဲ သူကြီး'

'ကိစ္စတော့ ငါမသိဘူး။ မင်းကိုရှာပြီး ထိန်ပင်မြောင်
စခန်းကို အမြန်ဆုံးလွှတ်ပေးဖို့ပြောလို့ ငါလာပြောရတာ။
သူခေါ်ရင် လာမှကြိုက်တယ်။ မင်း သွားဖြစ်အောင်သွား
နော်။ မင်းမသွားရင် ငါ့ကို ရန်မူနေဦးမယ်။ သတိတော့ထား
ပေါ့။ မနေ့ကလွှတ်လိုက်တဲ့ သန်းထွန်းဦးလည်း အခုထိ
ပြန်မရောက်သေးလို့ တစ်ရွာလုံး စိတ်ပူနေကြတယ်'

'ဘာကိစ္စခေါ်တယ်လို့ သူကြီးထင်သလဲ'

'ဂျပန်တွေ တို့နိုင်ငံက ထွက်ခွာရတော့မယ်။ သူတို့
ပစ္စည်း အသယ်ခိုင်းဖို့ခေါ်တာပဲ။ သာမန်ပစ္စည်း သယ်ရတဲ့
သူတွေက ကိစ္စမရှိဘူး။ အလုပ်ပြီးရင် ပြန်ရောက်လာကြတာ
ပဲ။ အရေးကြီးတဲ့ပစ္စည်း သယ်ရတဲ့လူတွေကကော့ ပစ္စည်း
ကိုသယ်ပြီး တစ်နေရာရာမှာ မြှုပ်နှံပေးရတယ်။ ပစ္စည်း
မြှုပ်တဲ့နေရာကို သိထားတော့ သယ်တဲ့လူကို အရှင်မထား
ဘူးလို့ သိရတယ်။ ဒါကြောင့် အရေးကြီးတဲ့ပစ္စည်းကို
သယ်ရတဲ့လူတိုင်း ရွာပြန်မရောက်ကြတာပေါ့'

'ဘယ်တော့သွားရမှာလဲ သူကြီး'

စံရွှေအောင်မှာ ကြောက်လွန်းသဖြင့် အသံများပင်
တုန်နေပါသည်။

'ချက်ချင်းသွားရမှာပေါ့'

'ဒုက္ခပါပဲဗျာ'

'သွားတော့သွားလိုက်ပါကွာ။ မင်းပြန်လာနိုင်ပါစေလို့
ငါဆုတောင်းလိုက်ပါတယ်'

သူကြီးပြန်သွားသည်အထိ စံရွှေအောင် ငိုင်နေမိသည်။
မသွား၍မဖြစ်၊ သွားရမည်။ ယခုအချိန် မိမိထွက်ပြေး၍
လွတ်မြောက်နိုင်သော်လည်း အိမ်တွင် ဇနီးနှင့် သမီးငယ်က
ရှိနေသည်။ ကျန်ရစ်သူများ အသက်အန္တရာယ်ရှိနိုင်သည်။
သူကြီးက ကိုယ်တိုင်လာပြောထားသည်ဖြစ်၍ မိမိ မသွား
ပါက သူကြီးက ဖိနှိပ်မည်ကိုလည်း ကြောက်ရပါသည်။
လက်ရှိတာဝန်ခံ မာစတာကြီးမှာ စံရွှေအောင်နှင့် ရင်းနှီးသူ
ဖြစ်၍ အရေးကြီးသည့်ပစ္စည်းမျိုးကို တာဝန်ပေးမည်မဟုတ်
ဟု တွေးရသည်။ အခြားရွာသားများကို သတ်သော်လည်း
သူ့ကိုသတ်မည်မဟုတ်ဟုလည်း ယုံကြည်မိပြန်သည်။

စံရွှေအောင်၏ အသက်မွေးဝမ်းကျောင်းအလုပ်မှာ မြွေ
ဖမ်းသည့်အလုပ်ဖြစ်သည်။ တောတွင်းမှ မြွေများကို ဖမ်း
ဆီးပြီး မြို့သို့တက်၍ ရောင်းချနေသူဖြစ်သည်။ မာစတာ
ကြီးတို့ ထိန်ပင်မြောင်စခန်းသို့ ပြောင်းလာစက ထိုနေရာ
တွင် မြွေပေါလွန်း၍ နေ၍မရအောင် ရှိခဲ့သည်။ သူကြီးကို
ပြောရာ သူကြီးက စံရွှေအောင်ကိုလွှတ်၍ မြွေများ ရှင်း
လင်းစေခဲ့ပါသည်။ စံရွှေအောင်သည် ထိန်ပင်မြောင်စခန်းမှ
မြွေများကို တစ်ကောင်ပြီးတစ်ကောင် ဖမ်းခဲ့ရာ မြွေများ
ကုန်သည်အထိ ခရုကောက်သလို ပခြုပ်ထဲ ဖမ်းလည့်နိုင်
ခဲ့ပါသည်။ ဂျပန်များမှာ စံရွှေအောင်၏အစွမ်းကိုကြည့်ကာ

www.burmeseclassic.com

အံ့သြနေကြသည်။ မာစတာကြီးကိုယ်တိုင် ကျေးဇူးတင်ကြောင်း ပြောခဲ့ဖူးပါသည်။ ထိုကျေးဇူးများကို ထောက်ထား၍ သူ့အသက်ကို မသတ်လောက်ဟု စံရွှေအောင်က စိတ်ချမ်းသာအောင် တွေးရသည်။

ထိုသို့တွေးမှ စိတ်သက်သာရာရပြီး ထိန်ပင်မြွှောင်သို့ သွားရန် ဆုံးဖြတ်လိုက်သည်။ ထိန်ပင်မြွှောင်သို့ သွားမည့် အကြောင်း ဇနီးသည်ကို ပြောလိုက်ပါက စိတ်ပူနေမည်စိုး၍ မပြောတော့ဘဲ အိမ်သို့ တိတ်တဆိတ်ပြန်လာပြီး သူ့အသက်ကို ကာကွယ်ရန် လက်နက်တစ်ခုကို လျှို့ဝှက်ယူဆောင်ခဲ့ပါသည်။

စံရွှေအောင်သည် စိတ်အားတင်းလိုက်ပြီး ထိန်ပင်မြွှောင်စခန်းသို့ ထွက်ခဲ့သည်။ လမ်းခရီးတစ်လျှောက်တွင် ရာသမျှ ဘုရားစာများ၊ ဂါထာများကို ရွတ်ဖတ်လာခဲ့သည်။ ထိန်ပင်မြွှောင်သည် ရွာမှ သုံးမိုင်ခန့်သာ သွားရသဖြင့် တစ်နာရီပင် မလျှောက်ရဘဲ ရောက်ခဲ့သည်။ ထိန်ပင်မြွှောင် စခန်းသည် ပစ္စည်းများစုပုံလျက် ဖျက်သိမ်းနေဆဲကာလဖြစ်သည်။

စံရွှေအောင် ရောက်သွားသည်နှင့် မာစတာကြီးကို အသင့်တွေ့ရသည်။ စံရွှေအောင်ကို မြင်လိုက်သည်နှင့် မာစတာကြီးက ဝမ်းသာအားရ နှုတ်ဆက်ကြိုဆိုလိုက်သည်။

'မောင်မင်း ရောက်လာပြီလား'

'ရောက်ပါပြီ မာစတာ။ ဘာခိုင်းစရာရှိပါသလဲ'

'မောင်မင်းကိုယုံကြည်လို့ အရေးကြီးတဲ့ပစ္စည်းတစ်ခု သယ်ခိုင်းဖို့ ကျုပ်စောင့်နေတာ။ ဒီသံသေတ္တာကို မြေဖြူတောင်အထိ သယ်ရမယ်'

မာစတာကြီး၏စကားကို ကြားရစက ဝမ်းသာရမလို ဖြစ်သော်လည်း အရေးကြီးပစ္စည်းဟု ကြားလိုက်ရ၍ မျက်နှာပျက်သွားပါသည်။

'ဒီပစ္စည်းကို သယ်ရမယ်'

သံသေတ္တာငယ်တစ်လုံးဖြစ်သည်။ ထိုသေတ္တာတွင် အဖိုးတန်ပစ္စည်းများ ပါမည်မှာ ကေန်ဖြစ်သည်။ သေတ္တာမှာ မလေးလှသော်လည်း ရတနာသေတ္တာ ဖြစ်ပုံရသည်။ ရတနာသေတ္တာဖြစ်ပါက မိမိအတွက် ပြန်လမ်းမရှိနိုင်တော့ကြောင်း ရိပ်စားမိပါတော့သည်။ စံရွှေအောင်မှာ ချွေးများပြန်လာပြီး ရင်တထိတ်ထိတ်ခုန်ပါတော့သည်။ ထိုသေတ္တာကို သယ်ရတော့မည်။ သတ်မှတ်သည့်နေရာသို့ရောက်ပါက မြေတွင်းတူး၍ မြှုပ်ပေးရဦးမည်။ ကျင်းထဲသို့ မြေဖို့လုပ်ငန်းပြီးသည်နှင့် သူ၏ဘဝလည်း ဆုံးတော့မည်ဖြစ်သည်။

စံရွှေအောင်က သံသေတ္တာကို ပခုံးပေါ်တင်လိုက်သည်နှင့် မာစတာကြီးက ရှေ့က စတင်ထွက်ပါသည်။ စံရွှေအောင်က နောက်က သူနှင့် မကွာအောင် လိုက်ရသည်။ ဂျပန်ကြီးမှာ စံရွှေအောင်ကို စိတ်မချ၍ မကြာခဏ လှည့်ကြည့်တတ်သည်။ စံရွှေအောင်က ခြေလှမ်းမှန်မှန်နှင့် လျှောက်နေသဖြင့် ဂျပန်ကြီးက စောင့်ခေါ်သွားပါသည်။ စံရွှေအောင်မှာ လမ်းလျှောက်ရင်း လွတ်ရာလွတ်ကြောင်း နည်းလမ်း ရှာဖွေစဉ်းစားလာခဲ့သည်။ နာရီဝက်ခန့် လျှောက်မိသည်နှင့် စံရွှေအောင်က ခေတ္တနားခွင့်တောင်းလိုက်သည်။ ခွင့်ပြုချက်ရမှ သံသေတ္တာကိုချ၍ ခဏနားနေလိုက်သည်။ စံရွှေအောင် နားလိုက်ခြင်းမှာ သံသေတ္တာအလေးချိန်ကြောင့် ပင်ပန်း၍ နားရခြင်းမျိုးမဟုတ်ဘဲ လွတ်လမ်းရှာဖွေရင်း အချိန်ဆွဲလို၍ နားခွင့်တောင်းခြင်းသာဖြစ်ပါသည်။ တစ်မိနစ်နားရပါက တစ်မိနစ် အသက်ရှင်ခွင့်ရမည်ဟု တွက်ဆနေခဲ့သည်။

ဂျပန်ကြီးသည် ရောဘူးကိုထုတ်၍ သောက်နေသည်ကို တွေ့ရသည်။ ရောဘူးကိုသောက်ပြီး လွယ်အိတ်ထဲသို့ ရောဘူးပြန်ထည့်စဉ် စံရွှေအောင်က လွယ်အိတ်ကို လှမ်းကြည့်လိုက်ရာ လွယ်အိတ်ထဲတွင် ရောဘူးအပြင် ခြောက်လုံးပြူးတစ်လက်ကိုပါ မြင်လိုက်ရသည်။ ထိုသေနတ်သည် သူ့ဘဝကို နိဂုံးချုပ်စေမည့် လက်နက်ဖြစ်ကြောင်း သဘောပေါက်လိုက်ပါသည်။

စံရွှေအောင်သည် သူ့ကံကြမ္မာဆိုးဝါးပုံကို တွေးနေမိသည်။ မိမိအသက်ကို ရက်ရက်စက်စက်သတ်မည့်သူ၏ ပစ္စည်းကို ပင်ပင်ပန်းပန်း သယ်ယူပေးရသည်။ လုပ်ခမရသည့်အပြင် သယ်ယူခအတွက် အသက်ပါ ပေးရဦးမည်။ မသေမီ မြေတွင်းတူး၍ သံသေတ္တာမြှုပ်ပေးရဦးမည်။ အားလုံးလုပ်ငန်းများပြီးစီးမှ သူ့ကို သတ်မည်။ သူ့ကို မည်သို့သတ်မည်နည်း။ မည်သို့သတ်မည်ကို စဉ်းစား၍မရနိုင်အောင်ရှိသည်။ ထိုအဖြေကိုစဉ်းစားရင်း မြေဖြူတောင်သို့ ရောက်လာသည်။

ဂျပန်ကြီးက မြေဖြူတောင်သို့ ရောက်သည်နှင့် လက်ပံပင်ကြီးတစ်ပင်ဆီသို့သွားသည်။ လက်ပံပင်ရိပ်တွင် အနိုပ်ခိုရင်း မြေမြှုပ်မည့်နေရာကို ရှာလျက်ရှိသည်။ လက်ပံပင်သည် တောင်စောင်းတစ်နေရာတွင်ရှိပြီး လူသူအသွားအပေါက်နည်းမည့် နေရာလည်းဖြစ်သည်။ လက်ပံပင်နှင့်

www.burmeseclassic.com

www.burmeseclassic.com

ငါးပေအကွာတွင် ဂျပန်ကြီးက ရပ်လျက်စဉ်းစားနေသည်။ မြေနေရာကို မှတ်သားလိုက်ပြီး အနီးချုံတစ်ခုအတွင်းမှ ပေါက်တူးတစ်လက်ကို သူကိုယ်တိုင်သွားယူပြီး စံရွှေအောင်ကို ပေးလိုက်သည်။ ယခင်နေ့များက မြေတွင်းများတူးကာ ပေါက်တူးကို ၇က်ထားခဲ့ခြင်း ဖြစ်ဟန်တူသည်။

'ဒီနေရာကို မြေကျင်းတူးပါ။ တွင်းအနက်နှစ်ပေ၊ အကျယ်နှစ်ပေ တူးပါ'

စံရွှေအောင်ကို ပေါက်တူးပေး၍ ခြေထောက်ဖြင့်ခြစ်၍ အရာပြထားသောနေရာတွင် တွင်းတူးစေသည်။ စံရွှေအောင်သည် ပေါက်တူးကိုယူ၍ ဂျပန်ကြီး ပြသသောနေရာတွင် မြေကျင်းဖြစ်အောင် ပေါက်တူးဖြင့် ပေါက်ရသည်။ ဂျပန်ကြီးကလည်း သူ၏အန္တရာယ်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ခပ်လှမ်းလှမ်းသစ်ပင်ရိပ်တွင် အရိပ်ခိုရင်း လွယ်အိတ်ကို သတိရှိစွာကိုင်လျက်ရှိသည်။ နေက အလွန်ပူသဖြင့် စံရွှေအောင်မှာ မောဟိုက်လျက်ရှိသည်။ ဂျပန်ကြီးမှာလည်း အပူဒဏ်ကို ခံနေရသဖြင့် လွယ်အိတ်ထဲမှ ရေဘူးကိုထုတ်၍ ရေခဏ၊ခဏ မော့သောက်နေသည်ကို မြင်နေရသည်။

စံရွှေအောင်က မြေကျင်းကိုပေါက်၍ အနက်နှစ်ပေခန့် ရောက်သည့်အခါ ဂျပန်ကြီးက အနီးသို့လာပြီး မြေကျင်းကိုကြည့်သည်။ စံရွှေအောင်သည် မြေကျင်းထဲမှ မြေကြီးများကို အားလုံးကျုံးပြီး တင်လိုက်သည်။ အနီးသို့ရောက်နေသော ဂျပန်ကြီးကို မြေကျင်းကို ပြသလိုက်ပါသည်။

'မာစတာ..မြေကျင်းကို ကြည့်ပါဦး။ ဆက်တူးရင်း မှာလား'

ဂျပန်ကြီးသည် မြေကျင်းကိုကြည့်ရန် လာရာတွင် လွယ်အိတ်ကို သစ်ကိုင်းတစ်ခုတွင် ချိတ်လိုက်ပြီးမှ မြေကျင်းကို လာကြည့်ပါသည်။ ဂျပန်ကြီးက မြေကျင်း၏အနေအထားကို သေသေချာချာကြည့်ပါသည်။ သေတ္တာဆံ့,မဆံ့ အနက်သင့်,မသင့် စစ်ဆေးတွက်ချက်လျက်ရှိပါသည်။ မြေကျင်းကို ဂျပန်ကြီး စိတ်ဝင်စားနေခြင်းသည် စံရွှေအောင်အတွက် အခွင့်အရေးတစ်ခုဖြစ်သည်။ စံရွှေအောင်သည် ခါးပိုက်ထဲတွင်ထည့်ပြီး ယူဆောင်လာသော ပစ္စည်းတစ်ခုကို ဂျပန်ကြီး၏ လွယ်အိတ်ထဲသို့ အမြန်ထည့်လိုက်သည်။ ဂျပန်ကြီးကလည်း မြေကျင်းကိုကြည့်၍ ပြောစရာမရှိသဖြင့် သံသေတ္တာကို မြေကျင်းထဲသို့ထည့်ရန် ပြောလိုက်သည်။

'သံသေတ္တာကို မြေကျင်းထဲထည့်ပြီး မြေဖို့ပါ'

သံသေတ္တာကို မြေဖို့ပြီးပါက ဂျပန်ကြီးက သူ့ကိုသတ်တော့မည်ကို သူသိပါသည်။ သူ့ကိုကယ်တင်နိုင်မည့် တစ်ခုတည်းသောအရာမှာ ကံတရားသာဖြစ်သည်။ ကံမ,မှုသာအသက်ရှင်ခွင့်ရတော့မည်။ မြေဖို့ခြင်းလုပ်ငန်းကို ဖြည်းဖြည်းအချိန်ဆွဲပြီး လုပ်နေပါသည်။ ခဲတစ်လုံး၊ နှစ်လုံး မြေကျင်းထဲ ပစ်ချလိုက်၊ နားလိုက် လုပ်နေသည်။ ဂျပန်ကြီးမှာ လုပ်ငန်းကို အဆုံးသတ်ချင်ပုံရသည်။ လုပ်ငန်းမြန်မြန်ပြီးအောင် အော်ပြောလိုက်သည်။

'နေပူတယ်၊ မြန်မြန်လုပ်'

ဂျပန်ကြီးက အော်လိုက်သဖြင့် မြေကြီးများ မြန်မြန်ဖို့လိုက်သည်။ လုပ်ငန်းပြီးပါက သူ၏အသက်ကို ရှင်းတော့မည်ကို သူသိနေပါသည်။ သူ့အသက်ကို ကယ်တယ်မည့် ကံတရားသာ အားကိုးရာရှိပါတော့သည်။ လုပ်ငန်းပြီးတော့မည်ဖြစ်၍ ဂျပန်ကြီးက လွယ်အိတ်ကို လှမ်းယူလိုက်သည်။ ဂျပန်ကြီး လွယ်အိတ်ကို ယူလိုက်သည်နှင့် စံရွှေအောင်က မျက်တောင်မခတ်ကြည့်နေမိသည်။ ဂျပန်ကြီးသည် လွယ်အိတ်ကိုယူလိုက်ပြီး လွယ်အိတ်ထဲ လက်နှိုက်လိုက်သည်။

ဂျပန်ကြီး လက်နှိုက်သည်မှာ မကြာလှသော်လည်း စံရွှေအောင်အတွက် အလွန်ကြာလွန်းသည်ဟု ထင်ရသည်။ သူ၏အသက်ရှင်ရေးအတွက် အဆုံးအဖြတ်ကာလသို့ရောက်ပြီဖြစ်၍ စံရွှေအောင်မှာ အသက်ပင်မရှူရဲဘဲ ဂျပန်ကြီးကို

www.burmeseclassic.com

ကိုကြည့်နေပါသည်။ တဒင်္ဂအတွင်း အသက်ရှင်ရေး၊ မရှင်ရေးသည် အဖြေပေးတော့မည်ဖြစ်သည်။ စက္ကန့်ပိုင်းအတွင်းမှာ လူပ်ရှားလျက်ရှိပါသည်။ ထိုစဉ် ဂျပန်ကြီးသည် ကို လွယ်အိတ်ထဲမှ အလျင်အမြန်ဆွဲထုတ်ရင်း အသံ ုန်အော်လိုက်သည်။

'အား'

ဂျပန်ကြီး၏လက်တွင် သေနတ်ပါလာရမည့်အစား ည်းနက်နက်အရာတစ်ခု ကပ်၍ပါလာသည်။ စံရွှေအောင် မ်းသာသွားသည်။ နောက်ဆုံးတွင် ကံကြမ္မာသည် သူဘက် ပို့ပါလာကြောင်း သိလိုက်ရသည်။ ဂျပန်ကြီးသည် လွယ် စိတ်ကိုပစ်ချပြီး ထိတ်လန့်တကြား အော်နေပါသည်။

ဂျပန်ကြီး၏လက်တွင် ကပ်၍ပါလာသည့်အရာမှာ ခြောက်လက်မခန့် မည်းနက်တောက်ပြောင်နေသည့် မြွေ းတစ်ကောင်ဖြစ်သည်။ မြွေသည် ဂျပန်ကြီး၏လက်မနှင့် လက်ညှိုးအကြား ဖြုတ်မရအောင် တွယ်ကပ်စူးဝင်နေပါ သည်။ စံရွှေအောင်အတွက် သူ့အသက်ရှင်ရန် ထိုနည်းလမ်း အပြင် အခြားမရှိတော့ပါ။ ဂျပန်ကြီးမှာ မြွေကို ပြုတ်ထွက် သွားအောင် လက်ကိုခါချသော်လည်း မြွေက မပြုတ်ဘဲ

သူသာ စိတ်လှုပ်ရှားရင်း မျက်စိများ ဝေဝါးလျက်ရှိနေပါ သည်။ စံရွှေအောင်သည် ယခုမှ သက်ပြင်းချနိုင်တော့သည်။ သူသွားရမည့်လမ်းကို ဂျပန်ကြီးက သွားပေတော့မည်။

ထိုမြွေမှာ မဟူရာ ခေါ် ရာဇာခြွေမျိုးဖြစ်သည်။ ထိုမြွေကိုက်မိပါက ဆေးမရှိနိုင်ဘဲ မိနစ်ပိုင်းအတွင်း သေ စေနိုင်ပါသည်။ စံရွှေအောင်သည် ထိုမြွေကို ဆောင်ရန် အစီအစဉ်ရှိသော်လည်း ကြိုက်ဈေးမရသဖြင့် ဆောင်ရ သေးဘဲ ကျန်နေခြင်းဖြစ်သည်။ ယခုတော့ သူ့အသက်ကို ကယ်ရန် မရောင်းဖြစ်ခြင်းဟု ယူဆရပေတော့သည်။ သူ၏ စိမ်ချက် ကွက်တိမှန်ခဲ့ပါသည်။ ဂျပန်ကြီးမှာ တုန်တုန် ယင်ယင်ဖြစ်ပြီး မြေပြင်သို့ လဲကျသွားပါသည်။ ဂျပန်ကြီး အသက်မရှင်နိုင်ကြောင်း သေချာသွားပါတော့သည်။

အသက် မသေဘဲရှိခဲ့သည့် စံရွှေအောင်သည် မြေ ကျင်းထဲက သံသေတ္တာကို ပြန်ဖော်လိုက်သည်။ သေတ္တာ ကိုထမ်း၍ ရွာဆီသို့ပြေးခဲ့သည်။ ရွာရောက်သော် ဇနီးနှင့် မိသားစုကိုခေါ်ပြီး လွတ်မြောက်ရာသို့ပြေးရန် ဆုံးဖြတ် လိုက်ပါတော့သည်။

ကောင်းသော်

ဘုရားသုံးဆူ တည်ပို့ရန်အတွက် အဘဝိဇ္ဇာတို့ရဲ့ အိပ်မက်ဖေးဖေးခိုင်းချက်အရ

အထူးအဓိဋ္ဌာန်ပြင့် သာသနာပြုလျက်ရှိသော

ဆရာမကြီး ဒေးဂိုဏ်းဝိုင်း

စိတ်မနှောအာဝဇ္ဇန အကြားအမြင်လက္ခဏာဖြင့် ဂျုံရက်သားသမီးများတို့မှာ ဖြစ်ခဲ့ပေါ်ထင်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ ကလေးအမည်ပေးခြင်း၊ ဆိုင်းအမည်ပေးခြင်း၊ အိမ်၊ မြို၊ ကား၊ တိုက်ခန်း၊ မြေကွက်၊ ဆောင်းရန်.ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက်၊ အကြောင်းအလျှပြုလုပ်ခြင်း၊ မင်္ဂလာရက်ရွေးခြင်းနှင့် တခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ အထူးယဉ်ကြာ၊ ဓာတ်ရိုက်ဓာတ်ဆင်ပညာဖြင့် ဆရာမကြီးက ပေတ္တာ၊ စေတနာ ရေတွက်ပြီး

အထူးဆောင်ရွက် ကူညီပေးနေပါသည်ရှင်။ အားလုံးသော ခုနစ်ရက်သားသမီးအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

ရွှေတိဂုံဘုရားတောင်ဘက်မုခ်ဦးရှိသော မဟာဝိဇယဘုရား(မြောက်ဘက်မုခ်)၊ ဓာတ်နန်းအမှတ်(၇)၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၀ ၂၇၇၃၂ ၊ ၀၉ ၄၂၁၀ ၂၁၁၆၈

www.burmeseclassic.com

မင်းမဟိန်းထိပ်

တောခြောက်ခြင်းအမျိုးမျိုး(၈)

စခန်းတဲရုံကြီး၏ အပြင်ဘက်တွင် နှင်းများအုံ့ဆိုင်းနေ၏။ ထို့ကြောင့် လမ်းမကိုပင် ကြည့်၍ မမြင်နိုင်သေးပေ။ ဆောင်းရာသီထဲသို့ ချဉ်းနင်းဝင်ရောက်နေပြီဖြစ်၍ နှင်းပို လာသလို အအေးဓာတ်သည်လည်း ကဲလာလေ၏။

ရခိုင်ရိုးမကြီးထဲ၌ ရာသီဥတုနှစ်မျိုးတည်းသာ ရှိသည်ဟု ဆိုရမလိုဖြစ်၏။ တစ်မျိုးသည် မိုးရာသီဖြစ်ပြီး နောက်တစ်မျိုးသည် ဆောင်းရာသီဖြစ်၏။

ကဆုန်လဆန်းမှစ၍ ရွာသောမိုးသည် ပြတ်သောရက် မရှိသလောက် ဆက်တိုက်ကဲပြီး တန်ဆောင်မုန်းလဆုတ်မှ မိုးပြုတ်၏။ မိုးပြုတ်သည်နှင့် နှင်းသည်လည်း အဆုပ်လိုက် ကျလာပြီး အအေးဓာတ်နှင့် တွဲဖက်ညှဉ်းပန်း တပေါင်း၊ တန်ခူးတွင် အနည်းငယ်မျှလျော့၍ အအေးဓာတ်သည် မိုးသို့ ဆက်လေ၏။ ထိုသို့သဘောရှိသောကြောင့် ရခိုင်ရိုးမကြီး၌ ရာသီဥတုနှစ်မျိုးသာရှိသည်ဟု ဆိုသူက ဆိုကြ၏။

ယခုပင်လျှင် မနက်(၇)နာရီထိုးနေပြီ။ နှင်းမပါးသေးပေ။ စခန်းတဲရုံကြီးနှင့် ပတ်ဝန်းကျင်များကို လွှမ်းခြုံထားဆဲဖြစ်၏။ လေအပင့်တွင် နှင်းကြွေသံများ တောလုံးဟိန်းသွားသည်။

'မောင်အေးချမ်း'

ဗိုလ်တဲဆီက ဝန်ထောက်ကြီး၏ ခေါ်သံကို ကြားလိုက်ရ၏။

'ဗျာ'

မောင်အေးချမ်းသည် ကိုယ်မှလွှမ်းခြုံထားသော စောင်နှင့် ဝွမ်းကပ်ကို ခုတင်ပေါ် ပစ်တင်လိုက်ပြီး အန္တေးထည်အင်္ကျီကို စစ်ဆွဲရင်း အဆောင်မှ ခပ်သုတ်သုတ်ထွက်လာ ဗိုလ်တဲသို့ လျှောက်သွား၏။ ဤခန်းတွင် ဝန်ထောက်ကြီးအား ထမင်းကြော်စားရင်း ရေနွေးသောက်နေသည်ကို တွေ့ရသည်။

'မင်း...အဆာပြေ ဘာတွေစားခဲ့ပြီလဲ'

'ဟုတ်ကဲ့၊ ကျွန်တော်လည်း ထမင်းကြော်နဲ့ ရေနွေးကြမ်းပါပဲ ဆရာ'

www.burmeseclassic.com

'မင်း..ဒီနေ့ ဘာအလုပ်ရှိတုံး'

'အရေးတကြီးအလုပ်တော့ ဘာမှမရှိပါဘူး။ ဆရာ ဘာများခိုင်းစရာရှိပါသလဲ'

'အရေးတကြီးအလုပ် မရှိဘူးဆိုရင်တော့ မင်း ကျောက်သွားရှာလိုက်ပါ။ အခု နွေရောက်လို့ မြေမာတာနဲ့ ကျောက်ဆက်တိုက်ခင်းရတော့မယ်။ လမ်းမနဲ့အနီး ရနိုင်ရင် ပိုကောင်းတယ်။ ကျောက်ကျင်းထောင်သောင်းချီပြီး ရနိုင်မယ့် ကျောက်တောင်မျိုးကို တွေ့တတ်ရင်လည်း လမ်းမနဲ့ တစ်မိုင်၊ နှစ်မိုင် ဝေးချင်ဝေးပါစေ စက်ကြီးနဲ့ လမ်းဖောက်ပြီး သယ်ယူမယ်'

'ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် ဒီမနက်ပဲ သွားပါ့မယ်'

'အေး..ကျောက်သွားရှာလို့ ပြန်ရောက်ရင် အခြေအနေကို ငါ့ဆီ သတင်းပို့ဦး'

'ဟုတ်ကဲ့ပါ ဆရာ'

မောင်အေးချမ်း ဝန်ထောက်ကြီး၏ ရုံးခန်းထဲမှ ထွက်လာခဲ့၏။ သည်အချိန်၌ စခန်းထဲတွင် အလုပ်သမားများ မရှိကြပေ။ စခန်းသစ်များ ဆောက်လုပ်ရန်အတွက် တောထဲသို့ သစ်ခုတ်၊ ဝါးခုတ် သွားနေကြသည်။ ထို့ကြောင့် မောင်အေးချမ်းသည် စခန်းရုံးစောင့်ကြီး ဦးအေးဖေကို လှမ်းခေါ်လိုက်သည်။

'ဦးအေးဖေ..ကျွန်တော်နဲ့ တောထဲ ကျောက်ရှာဖို့ သွားရအောင်'

'သွားမယ်လေ။ ကျွန်တော်လည်း တောထဲ ဟင်းရွက်ခူးသွားမလို့ လုပ်နေတာနဲ့ အတော်ပဲ'

မောင်အေးချမ်းနှင့် ဦးအေးဖေ စခန်းမှ ထွက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com

'ဟာ..ဆရာလေးမှာ နှစ်လုံးပြူးကြီးရော မပါဘူး
းဘး' ဟု ဦးအေးဖေက မေးသည်။

'မပါဘူးဗျ၊ ကျွန်တော် နှစ်လုံးပြူးကို လေးလုံးစခန်း
က အလုပ်သမားတွေ ည သူတို့စခန်း ကျားကပ်တယ်ဆိုပြီး
ားသွားကြတာ သုံးရက်တောင် ရှိပြီပဲ'

'ဟာ..ဒုက္ခပဲ၊ ဒါဆိုရင် တောထဲမှာ တစ်ခုခုနဲ့တွေ့
လို့ ပစ်ခတ်ရမယ်ဆိုရင် ဘာနဲ့ပစ်မတုံး'

'ဦးအေးဖေကလည်း မဟုတ်တာ'

တောနက်၊ တောရိုင်းကြီးများထဲသို့ သွားရသောအခါ
ဒဲမိတို့၏ အားနည်းချက်ကို မပြောသင့်ပေ။ တောစိုးနတ်
ကြမ်းကြီးများ မကြိုက်ရှိတတ်သည်။ ထို့ကြောင့်လည်း
အောင်အေးချမ်းက ဦးအေးဖေအား နှုတ်ပိတ်လိုက်ခြင်းဖြစ်
၏။

ဦးအေးဖေသည်ကား အညာသားကြီး ဖြစ်၏။ အလွန်
ဂိုးအ,လွန်အေးပြီး ပွင့်ပွင့်လင်းလင်းလည်းရှိသည်။ မြေပြန့်
အညာသားကြီးဖြစ်ပြီး ယခုမှ ရိုးမထဲသို့ ရောက်စသော
ရှိသေး၍ တောတောင်စည်းကမ်းများကိုလည်း မသိသေး
ဒေ။ သည်အထဲ ဦးအေးဖေက ဆက်ပြောလာပြန်သည်။

'ဝန်ထောက်ကြီးက ကျွန်တော့်ကို ပြောထားတယ်။
ဆတာထဲကိုသွားရင် သတိထား၊ လက်နက်တစ်ခုခု ယူသွား
ကဲ့။ ဒါကြောင့် ကျွန်တော့်မှာတော့ ဒီဓားလေးပဲ ပါတယ်။
ဆရာလေးမှာလည်း ဓားတစ်ချောင်းပဲ ပါတယ်ဆိုတော့
အရေးကြီးလို့ ဓားနဲ့မလုံလောက်ဘဲ အသက်လုပ်ခွန်နေရရင်
ဟန်မကျဘူးနော်'

'ဦးအေးဖေ..တော်တော့လေဗျာ။ တောထဲကိုသွားရင်
အဲလိုမပြောကောင်းဘူး'

'သြော်..အဲလိုပြောရင် နတ်မကြိုက်ဘူးလား။ အလ
ကားပါဗျာ၊ အပိုတွေ ကြောက်မနေစမ်းပါနဲ့။ အဲဒီအကောင်
အတွက တကယ်နတ်အစစ်လည်း မဟုတ်ပါဘူး။ အစိမ်း
သရဲဆိုတဲ့ မိစ္ဆာကောင်တွေပါ။ ဆရာလေးပဲ စဉ်းစားကြည့်
အုံး။ နတ်အစစ်ဆိုရင် အရက်သောက်မလားဗျ။ အခုတော့
ကြက်ကြော်နဲ့ အရက်ဆိုလည်း အကောင်းစားမှ။ လူတွေ
က အဲဒီကောင်တွေ တကယ်မ,စစယ်လို့ထင်ပြီး အရက်
အကောင်းစားတွေ၊ ကြက်ကြော်တွေနဲ့ ပွဲခင်းပြီး ကျွေးနေ
ကြတာ။ ထားသာထား၊ သူများတွေကို မ,စဖို့နေနေသာ
သာ ဒီမိုးဦးက ကျွန်တော်တို့ရွာကို လေနီကြမ်းတိုက်တော့
ရွာဦးနတ်စင် အရင်ပြီတာ။ နတ်ရွေတွေဆို ကောင်းကင်မှာ
ပလူပျံလို့။ အိမ်တွေက ခေါင်လောက်သာပြတ်ပြီး နတ်စင်
က တစ်စစီဖြစ်သွားတာ။ အဲဒါ ရွာသားတွေမှာ ကိုယ့်အိမ်
တောင် မလုပ်နိုင်ကြဘဲ နတ်စင်ကို အရင်သွားဆောက်ပေး
ကြတာ။ နတ်ကိုင်မှာစိုးလို့ ဘာညာဆိုပြီးတော့ပေါ့။ ကိုင်း..
ဒီတော့ ဆရာလေး စဉ်းစားကြည့်။ ကိုယ့်နတ်စင်တောင်
မပြုအောင် မကာကွယ် မထိန်းသိမ်းနိုင်တဲ့ နတ်ကများ
ရွာသားတွေကို မ,စနိုင်မတဲ့လား။ အလကားပဲ။ ဒါကြောင့်
ကျွန်တော်ကတော့ နတ်ဆို ဘာနတ်ကိုမှ အယုံအကြည်မရှိ
ဘူးဗျ။ ဒါ အမှန်ပဲ'

'တော်ပြီ,တော်ပြီ ဦးအေးဖေ။ ကျွန်တော် ခင်ဗျားနဲ့
တောထဲသွားဖို့တောင် ကြောက်လာပြီ။ ခင်ဗျား တော်တော်
ခက်တာပဲ။ မပြောနဲ့ဆိုတာတောင် မရဘူး။ ဒါ မြေပြန့်
မဟုတ်ဘူးဗျ၊ တောနက်ကြီး။ ဒါကြောင့် ထင်တိုင်းသိလျှက်
မပြောသင့်ဘူး။ ဒီတော့ ဆက်ပြီးသာ ခင်ဗျား အဲဒီစကား
များ ပြောလာရင် ကျွန်တော် ဒီနေရာက လှည့်ပြန်တော့မယ်'

မောင်အေးချမ်းက ထိုသို့ပြောလိုက်မှ ဦးအေးဖေ ပါး
စပ်ပိတ်သွား၏။ ရိုးသားပွင့်လင်းပြီး စိတ်မှာရှိတိုင်း နေရာ
တကာ လျှောက်ပြောချမကောင်းပေ။ အကျိုးထက် အပြစ်
ကသာ များတတ်လေသည်။

ရှေ့ဆက်လျှောက်နေကြသော်လည်း တစ်ယောက်နှင့်
တစ်ယောက် စကားမပြောဖြစ်ကြတော့ပေ။ မောင်အေးချမ်း
တင်းသွားသည်ကိုသိ၍ ဦးအေးဖေလည်း မကျေနပ်ဖြစ်သွား
ပုံရသည်။ မောင်အေးချမ်းကို မကျေနပ်သော အမူအရာဖြင့်
တစ်ချက်၊ နှစ်ချက် ကြည့်လိုက်ပြီးနောက် ဘာမျှဆက်မပြော
တော့။

လမ်းနှင့် တစ်မိုင်ကျော်ခန့်လှမ်းသော တစ်နေရာသို့
ရောက်လာကြသည်။ ထိုနေရာ၌ ကျောက်အတော်များများ
ကို တွေ့ရသည်။ သို့သော်လည်း မောင်အေးချမ်း လိုချင်နေ
သော ကျောက်ချပ်၊ ကျောက်ထပ်များ ပေါင်းစုပြီး တောင်
ဖြစ်နေသော ကျောက်တောင်မျိုး မဟုတ်ပေ။ အိမ်လုံးခန့်၊
အိမ်လုံးတစ်ဝက်ခန့်ရှိသော ကျောက်တုံးကြီးများသာ ဟို
တစ်လုံး သည်တစ်လုံး ရှိနေသည်ကို တွေ့ရသည်။

သည်ကျောက်တုံးကြီးများ အမြောက်အမြားရှိ၍
ကျောက်ကျင်း သောင်းချီရနိုင်လျှင်လည်း ဝန်ထောက်ကြီး
မှာလိုက်သည့်အတိုင်း မိုင်းခွဲပြီး လမ်းဖောက်ကာ ကားများ
ဖြင့် သယ်ထုတ်သင့်ကလည်း ထုတ်ရပေမည်။ ထို့ကြောင့်
မောင်အေးချမ်း ကျောက်တုံးကြီးများ သည်အနီးအနားရှိ

www.burmeseclassic.com

မည်မျှအထိ ရှိသည်ကို သိလိုၗ ကြည့်ရှုရန် အနားက ကျောက်တုံးကြီးတစ်တုံးပေါ်ကို တက်လိုက်၏။

"ဆရာလေး...ဘာလို့ ကျောက်တုံးပေါ် တက်တာတုံး" ဟု ဦးအေးဖေက မေးသည်။

"ကျောက်တုံးကြီးတွေ ဘယ်လောက်များရှိတယ်ဆိုတာ ကြည့်မလို့ပါ"

"ဒီအတိုင်းလျှောက်လည်ပြီး ကြည့်ရင်လည်း ရတာပဲဥစ္စာ။ အလကား"

ဦးအေးဖေက မောင်အေးချမ်းအား မကျေမနပ်ရှိနေသော လေသံဖြင့် ပြောသည်ဟု မောင်အေးချမ်း သိ၏။ သို့သော်လည်း မောင်အေးချမ်း ဘာမျှမပြောဘဲ ဆက်တက်သွားသည်။

မောင်အေးချမ်း ကျောက်တုံးကြီး၏ထိပ်ပေါ်ကို ရောက်ရုံမျှသာ ရှိသေးသည်။

"ဝုန်း...ဝေါင်း"

"အား" ဟူသော ဆူညံသံကြီးကို ကြားလိုက်ရ၍ လန့်ဖျပ်သွားပြီး ကြည့်လိုက်ရာ ဇရာမကျားနီကြီးတစ်ကောင်သည် ကြောင်က ကြွက်ပေါက်ကို ခဲသကဲ့သို့ ဦးအေးဖေ၏ လည်ကုပ်ကိုခဲလျက် သွေးစုပ်နေသည်ကိုသာ တွေ့လိုက်ရလေသည်။ မောင်အေးချမ်းလည်း ခေါင်းကြီးပြီး မျက်လုံးမျက်ဆန်ပြူးကာ ငေးနေမိ၏။ သေနတ်ပါလျှင်လည်း အကောင်းသား။ အပေါက စီးပစ်လိုက်ရုံသာ။

ယခုမူ ဤမျှကြီးသော ရိုးကျားကြီးတစ်ကောင်ကို ဓားနှင့် ဝင်ခုတ်၍လည်း အဆင်ပြေနိုင်ဖွယ် မရှိပေ။ ကျားများသည် အရှောင်အတိမ်း အပုဇ်အခတ် တော်သောကြောင့် သိုင်းပညာကို (၈)ဆင့်မျှ တတ်မြောက်ထားကြသူများပင် ကျားနှင့် မယှဉ်ရဲကြဟု ကြားဖူးသည်။ ထို့ကြောင့် ဘာမျှမတတ်နိုင်တော့။ မောင်အေးချမ်း ကျောက်တုံးကြီးပေါ်မှ ခုန်ဆင်းပြီး လာလမ်းအတိုင်း ပြေးလေသည်။

♦ ♦ ♦

မောင်အေးချမ်းသည် ဝန်ထောက်ကြီး၏ ရုံးခန်းထဲသို့ တန်းဝင်ပြီး ဦးအေးဖေ၏ ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်ရာ ဝန်ထောက်ကြီးလည်း မျက်လုံးပြူးသွားလေ၏။

ထို့နောက် တစ်အောင့်လေး စဉ်းစားပြီး မောင်အေးချမ်းအား-

"ဒီလိုဆိုရင် ဘယ်လိုလုပ်ကြမလဲကွ။ စခန်းထဲမှာလည်း လူတွေက တစ်ယောက်မှမရှိတော့ ဒုက္ခပဲ"

"ကျွန်တော့်သဘောဆိုရင်တော့ အခုလောလောဆယ်မှာ မုဆိုးကြီးဦးအောင်မန်းကို ပြေးခေါ်ပြီး အဲဒီကျားကြီးကို အရင်သတ်ချင်ပါတယ်။ ပြီးမှ ရဲတိုင်တာတို့၊ ဦးအေးဖေရဲ့ မိသားစုကို သွားခေါ်တာတို့ကို လုပ်သင့်တယ်လို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူကို ကိုက်သတ်ထားတဲ့ ကျားဆိုးကြီးကို အခုချိန်မှာသာ မရလိုက်ရင် ဒါ့မျိုး နောက်ဆက်ဖြစ်မလာဘူးလို့ မပြောနိုင်ပါ။ ဒါကြောင့် အခု အလုပ်ဆင်းနေတဲ့ ဦးအောင်မန်းကို ကျွန်တော် သွားခေါ်ချင်ပါတယ်။ ဦးအောင်မန်း ရောက်လာမှ ဘာကို အရင်လုပ်သင့်တယ်ဆိုတာ တိုင်ပင်ကြရင် မကောင်းပါလား။ ဒီကိစ္စကို ဦးအောင်မန်း ကျွမ်းပါတယ်"

"ကောင်းပါတယ်။ အခု ပြေးခေါ်လိုက်။ ငါ့ကားကို ယူသွား။ ကားသမား အောက်ဆောင်မှာ ရှိလိမ့်မယ်"

မောင်အေးချမ်း အောက်ဆောင်ကို ပြေးဆင်း၏။ ကားသမား ဦးကျော်သိန်းလည်း အောက်ဆောင်မှာ ထမင်းချက်ကောင်လေးနှင့် ကျားထိုးနေသည်ကို တွေ့ရသည်။ ဦးကျော်သိန်းအား အကျိုးအကြောင်းပြောပြပြီး မုဆိုးကြီးဦးအောင်မန်းတို့အဖွဲ့ အလုပ်ဆင်းနေကြသည့် ဒေါင်းပုပ်စခန်းဘက်ကို ဂျစ်ကားလေးအား အမြန်နှုန်းဖြင့် မောင်းခိုင်းလိုက်သည်။

သို့သော် ဒေါင်းပုပ်စခန်းကို ရောက်သွားကြရာ မုဆိုးကြီး ဦးအောင်မန်းနှင့် သူတပည့်သုံး,လေးယောက်တို့သည် အလုပ်ပါးနေချိန်ဖြစ်၍ တောထဲသို့ အမဲရာပစ်ရန် ထွက်သွားကြသည်ဟုသာ ပြောပြကြသည်။

မိုးရာသီ ကမ်းပါးပြိုၗ မြေပြိုဖယ်နေကြရချိန်၌ တစ်ခါတစ်ရံ ညလုံးပေါက် အလုပ်ဆင်းကြသောအခါလည်း ရှိခဲ့ဖူးသည်။ ထို့ကြောင့် ယခု အလုပ်ပါးနေချိန်တွင် ဝန်ထောက်ကြီးက တောဟင်းရွာဖွေစားသောက်ခြင်းကို မသိသယောင်ပြုပေးထားလေ့ရှိသည်။

မုဆိုးကြီး ဦးအောင်မန်း အမဲပစ်ရန်သွားလျှင် ပြန်ရောက်လာမည့်အချိန်ကို ခန့်မှန်းၗမရပေ။ တစ်ခါတစ်ရံ မိုးချုပ်မှလည်း ရောက်လာတတ်သည်။ ထို့ကြောင့် ဦးအောင်မန်းအား စောင့်နေၗ အဆင်ပြေမည်ဟု မထင်တော့။

ဦးအေးဖေ၏အဖြစ်နှင့် ကျားဆိုးကြီး၏ကိစ္စကို ရသည့်နည်းဖြင့် အမြန်ဆုံး မိမိတို့ဘာသာ ဖြေရှင်းရန်ကိုသာ ဆုံးဖြတ်လိုက်ရသည်။

ထို့နောက် ဦးအောင်မန်း တောလည်ရာမှ [illegible]

www.burmeseclassic.com

www.burmeseclassic.com

လာလျှင် ချက်ချင်းလိုက်လာရန် အကြောင်းစုံကို အလုပ်သမားများအား ပြောဆိုမှာထားခဲ့ပြီး မောင်အေးချမ်းသူဌေးသမား ဦးကျော်သိန်းအား လေးလုံးစခန်းကို အပြင်းမောင်းခိုင်းရပြန်သည်။

လေးလုံးစခန်းကိုရောက်လျှင် ဦးအေးဖေကို ကျားကိုက်ခံရသည့်အကြောင်းနှင့် ယခုပင်လျှင် အလောင်း၏ အနီးအနားမှ လင့်အိမ်ထိုးလုပ် စောင့်ဆိုင်းပြီး ထိုကျားဆိုးကြီးကို ပစ်သတ်ရန် မောင်အေးချမ်း၏ နှစ်လုံးပြူးသေနတ်ကြီးကို ငှားယူထားသော ကျော်ဇောဦးအား ပြောပြလိုက်သည်။

ထိုအခါ ကျော်ဇောဦးနှင့် သူတပည့်နှစ်ယောက်တို့က သူတို့လည်း လိုက်ကြမည်ဖြစ်ကြောင်းကို တက်တက်ကြွကြွကြီးပင် တောင်းဆိုလာကြ၍ အဖော်ရသောကြောင့် မောင်အေးချမ်းအဖို့ အဆင်ပြေသွားလေသည်။ ထို့နောက် အချိန်မဆိုင်းဘဲ ကျော်ဇောဦးနှင့် သူတပည့်နှစ်ယောက်တို့အား ကားပေါ်ခေါ်တင်ကာ ဦးအေးဖေကို ကျားကိုက်ခံရသည့် နေရာနှင့် အနီးဆုံးလမ်းဘေးသို့ ဦးကျော်သိန်းအား ကားကို အမြန်ဆုံး မောင်းခိုင်းရပြန်သည်။

ထိုနေရာကိုရောက်လျှင် ကားသမား ဦးကျော်သိန်းအား ပြန်ခိုင်းလိုက်ပြီး မောင်အေးချမ်းတို့လူစုက အခင်းဖြစ်ပွားခဲ့သည့် နေရာဆီသို့ သတိထားကာ နှစ်လုံးပြူးသေနတ်ကြီးကို မောင်းထိုး အသင့်ပြင်ပြီး လျှောက်တက်လာကြသည်။

ဦးအေးဖေ၏အလောင်းကို အခင်းဖြစ်ပွားသည့် နေရာနှင့် ဆယ်လံကွာခန့် ကျောက်တုံးကြီးဘေး တစ်နေရာမှာ တွေ့ကြရသည်။

ဦးအေးဖေမှာ နဂိုရုပ်မရှိတော့ဗဲ့။ ဖြူဖြပ်ဖြူရော်ဖြစ်ကာ အတော်ခွေးပင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည်ကို တွေ့ကြရသည်။ လည်ပင်းသည်လည်း ရှေ့ဘက်တစ်ခြမ်း မရှိတော့ဘဲ အရိုးနှင့် ဇက်ပိုးအရေပြားလေးမျှသာ တဲတဲလေး ရှိနေလေသည်။ ဗိုက်သည်လည်း ဟင်းလင်းပွင့်ပြီး ဝမ်းတွင်းကလီစာများ လုံးဝမရှိတော့ပေ။

လက်နှစ်ဖက်နှင့် ခြေထောက်နှစ်ဖက်လုံးကိုလည်း လူသေ အသက်ပြန်ရှုံ့လာပြီး ပြန်လုပ်မည်၊ ထွက်ပြေးမည် စိုးရွံ့လားမသိ၊ ကိုက်ဝါးထားသဖြင့် ညက်ညက်ကြေနေသည်ကို တွေ့ရသည်။ ဆံပင်များ ခေါင်းရိတ်ထားသကဲ့သို့ ဟိုတစ်ကွက် သည်တစ်ကွက် ကျွတ်နေသည်။ ကျားဆိုးကြီးက ခေါင်းကို လျှာနှင့်လျက်ထားခဲ့၍ ဆံပင်များ ကျွတ်နေခြင်းပင် ဖြစ်ပေမည်။

မောင်အေးချမ်းတို့လူစုလည်း အလောင်းကို ကြည့်ရှုစစ်ဆေးလိုက်ကြပြီးနောက် လင့်အိမ်ထိုးလုပ်မည့် အခြေအနေကို ကြည့်ကြသည်။ ထိုအခါ အလောင်း၏ အနီးအနားမှာပင် ဆယ့်နှစ်တောင်ခန့် အမြင့်ရှိသော ကျောက်တုံးတစ်တုံးကို တွေ့ကြရသည်။

ထိုကျောက်တုံးထိပ် အက်ကြောင်းများတွင် ချုံပုတ်ကလေးများရှိနေပြီး နွယ်ပင်များလည်း ရစ်ပတ်နေသည်။ မောင်အေးချမ်း ထိုကျောက်တုံးပေါ်ကို တက်ကြည့်သည်။ ဟုတ်သည်၊ ကျောက်တုံးထိပ်၌ လူလေး၊ငါးယောက် ထိုင်နေ၍ရလောက်သော အနေအထားရှိပြီး ချုံပုတ်ကလေးများလည်း အကာအကွယ်ရှိနေ၍ လင့်အိမ်အစား အသုံးပြုလျှင် အဆင်ပြေလောက်သည်။

ထိုအချိန်၌ ကျော်ဇောဦးနှင့် သူတပည့်နှစ်ယောက်တို့က အလောင်းကို ပစ်ကွင်းကျအောင် နေရာရွှေ့ပြောင်းနေကြသည်။ ထို့နောက် မောင်အေးချမ်းက အလောင်းကို သေနတ်ဖြင့် ထိုးချိန်ကြည့်နေသလို ကျော်ဇောဦးတို့ ဆရာ၊တပည့်ကလည်း အလောင်းနားတွင် စုထိုင်ပြီး ကျောက်တုံးကြီးပေါ်မှာရှိနေသော မောင်အေးချမ်းအား ချောင်းကြည့်ကြပြန်သည်။ ပစ်ကွင်းသေချာအောင် ချိန်ဆနေကြခြင်းဖြစ်သည်။

အားလုံး အဆင်သင့်ဖြစ်ပြီးချိန်မှာပင် မုဆိုးကြီး ဦးအောင်မန်းသည် သူ၏လက်စွဲတော် တူမီးသေနတ်ကြီးကို ထမ်းပြီး ရောက်လာလေသည်။ ထို့ကြောင့် မုဆိုးကြီး ဦးအောင်မန်း ရောက်လာသဖြင့် မောင်အေးချမ်းတို့ လူစုလည်း အားတက်သွားကြသည်။

ဦးအောင်မန်းသည် တစ်အောင့်ကြာအောင် ဦးအေးဖေ၏ အလောင်းကို စိုက်ကြည့်လိုက်ပြီး မောင်အေးချမ်းအား-

"ဒီလူက အတော်လေးပဲ တောစောင့်နတ်၊ တောင်စောင့်နတ်တွေကို စော်ကားမော်ကား ပြောတယ်ဆို။ ဆရာလေးက အဲဒီလိုပြောခဲ့တယ်လို့ အလုပ်သမားတွေက ကျွန်တော့်ကို ပြန်ပြောပြကြတယ်။ အဲဒါ ဟုတ်သလား" ဟုလည်ချောင်းသံကြီးဖြင့် မေး၏။

"ဟုတ်ပါတယ် ဦးအောင်မန်း၊ လူကလည်း မြေပြန့်သားဆိုတော့ တောတောင်အကြောင်းတွေကို မသိလို့ ပြောတာပါ။ ဒါကြောင့် အဲဒီလို မပြောပါနဲ့၊ မပြောကောင်းဘူးလို့ဆိုပြီး သုံး၊လေးကြိမ်တောင် တားခြစ်ခဲ့ရတယ်။ အဲဒီလို စွတ်ပြောမိခဲ့လို့လည်း အခုလို ဖြစ်သွားရတာ ထင်

www.burmeseclassic.com

ပါရဲ့ဗျာ'

'အတိအကျပေါ့ဗျ။ ဆရာလေးမှာလည်း တပည့်မွေးလိုက်ရင် တကယ့်စံဆိုတာတွေချည်းပဲနော်။ တလောကလည်း စိုးကြည်ဆိုတဲ့ အကောင်တစ်ကောင် ပါသွားဖူးပြီ။ အခုလည်း ဖြစ်ပြန်ပြီ တစ်ကောင်'

'မတတ်နိုင်ဘူးလေ ဦးအောင်မန်း။ ကိုစိုးကြည်တုန်းကလည်း ဦးအောင်မန်းကိုယ်တိုင် တားရင်းက ဖြစ်သွားသလို အခုလည်း ကျွန်တော် တားရင်းက ဖြစ်သွားရတဲ့သဘောပါပဲ'

'ဟုတ်ပါတယ်၊ ဆရာလေးကို အပြစ်ပြောတာ မဟုတ်ပါဘူး။ တပည့် ကျားစာတွေ ရလာတတ်တယ်ဆိုတာပဲ ပြောတာပါ။ ကိုင်း...အချိန်ကုန်နေလို့ မဖြစ်ဘူး။ ကျားက လူသွေးကို အကုန်စုပ်သောက်ပြီး ဝမ်းတွင်းကလီစာတွေလောက်သာ စားသွားတာ တွေ့ရတော့ အဆာခံပြီး ကြာကြာနေမှာ-မဟုတ်ဘူးဗျ။ ကျားဆိုတာက အူတိုမျိုး။ အစာကြေမြန်တယ်။ ဒါကြောင့် မိုးမချုပ်ခင်တောင် ရောက်လာနိုင်တယ်။ တို့ ကျောက်တုံးပေါ်ကို ကြိုတက်နေမှဖြစ်မယ်'

အချိန်အားဖြင့် ညနေလေးနာရီ ရှိနေလေပြီ။ မောင်အေးချမ်းတို့လူစု ကျောက်တုံးကြီးပေါ်ကို တက်လိုက်ကြသည်။ ဦးအောင်မန်းက ကွမ်းဝါး၊ ဆေးလိပ်ဖွာ မလုပ်ကြရန်ကို ပြောဆိုပြီး တားမြစ်ထား၍ ဆေးလိပ်ဖွာတတ်သော မောင်အေးချမ်းမှာ ပါးစပ်ထဲ၌ ဟုစ်ရွဲနေလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။ ကျားက လူကို ကိုက်သတ်ထားသောတောဖြစ်၍ ပိုပြီးစိမ်းနေသည်ဟုပင် ထင်မိသည်။ သာမန်တောထက် တစ်မျိုးတစ်ဖုံ ထူးဆန်းနေသည်မှာ အမှန်ပင်ဖြစ်သည်။ တောနက်ကြီးတို့၏ သဘောသည် မာယာများပြီး ပရိယာယ်လည်း ကြီးတတ်သည်ကို ရခိုင်ရိုးမထဲ၌ နှစ်နှစ်တိုင်တိုင် နေလာခဲ့ပြီဖြစ်သော မောင်အေးချမ်းအဖို့ နားလည်သင့်သလောက်လည်း၏။ ကြားဖူး,ကြုံဖူးလည်း ရှိခဲ့ဖူးပြီ။ ယခုကဲ့သို့ လောလောလတ်လတ် ကျားက လူကို ကိုက်သတ်ထားသောတောဖြစ်ပါက သာ၍ပင် စိမ်းနေတတ်သည်ကိုလည်း သတိပြုမိ၏။

တစ်အောင့်အကြာတွင် အရှေ့ဘက်တောတန်းက ဆူဆူညံညံဖြင့် ရှဉ့်တွတ်သံများကို ကြားလာရ၏။ ထို့ကြောင့် မုဆိုးကြီးက ရှဉ့်တွတ်သံကြားသည့်ဘက်ကိုကြည့်ပြီး မောင်အေးချမ်းအား တိုးတိုးပြော၏။

'ဆရာလေး...နှစ်လုံးပြူးကြီးကို အသင့်ပြင်ထားပါ။ ဒီကိစ္စမျိုးကို အမဲပစ်သလိုမျိုး လျှောတွက်လို့ မရဘူး။ ဒါကြောင့် နှစ်ယောက် တစ်ပြိုင်နက် ပစ်သင့်ပစ်ရမှာ'

ထို့ကြောင့် မောင်အေးချမ်းလည်း နှစ်လုံးပြူးသေနတ်ကို မောင်းထိုးထားလိုက်၏။ ရှဉ့်တွတ်သံကြားသည့်ဘက်ကို စိုက်ကြည့်နေကြရင်း ချုပ်တန့်နှင့် နှယ်ပင်များအကြားမှ မမြင်တစ်ချက် မြင်တစ်ချက် ခပ်ယို့ယို့အမူအရာဖြင့် လျှောက်လာနေသော ကျားနီကြီးကို တွေ့လိုက်ကြရသည်။

ကျားနီကြီးသည် လူသေအလောင်းရှိသည့်နေရာသို့ တန်းပြီးမလာပေ။ လူသေအလောင်းနှင့် အလဲနှစ်ဆယ်ခန့် လှမ်းသော လူတစ်ရပ်ခန့်မြင့်သည့် ကျောက်တုံးကြီးပေါ်သို့ ခုန်တက်သွားပြီး ပတ်ဝန်းကျင်များကိုသာ အကဲခတ်ကြည့်နေလေသည်။

ထိုအချိန်၌ ကျားနီကြီး၏ အမူအရာသည် အလွန်အမင်း ငြိမ်သက်လျက်ရှိနေသည်ကို တွေ့ရသည်။ ခေါင်း၊ မျက်နှာကို ဟိုဘက်သည်ဘက် လှည့်သွား၍ပင် လှည့်မှန်းမသိနိုင်ဘဲ အရုပ်တစ်ရုပ်ကို ချထားသကဲ့သို့ပင် ရှိနေလေ၏။ တောင်ကွယ်လုဆဲနေရောင်သည် သစ်ရွက်များအကြားမှ ယိုကျနေ၍ ကျားနီကြီးအားလည်း ထင်ထင်ရှားရှားကြီးပင် မြင်နေကြရ၏။

ကျားနီကြီးသည် ပတ်ဝန်းကျင်ကို ဆယ့်ငါးမိနစ်သာသာခန့် အကဲခတ်ကြည့်လိုက်ပြီးမှ ကျောက်တုံးပေါ်မှ ခပ်ယို့ယို့အမူအရာဖြင့် ခုန်ဆင်းပြီး လူသေအလောင်းနားသို့ ကပ်လာလေသည်။ လူသေအလောင်းကို လှည့်ပတ်အနံ့ယူအကဲခတ်လိုက်ပြီးနောက် ကျားနီကြီး ထိုင်လိုက်သည်နှင့် လူသေအလောင်းသည်လည်း ထထိုင်လေသည်။

ထို့ကြောင့် မုဆိုးကြီးဦးအောင်မန်းရော မောင်အေးချမ်းတို့လူစုပါ မျက်လုံးပြူးသွားကြ၏။ ဇက်ပြုတ်လုနီးပါးဖြစ်နေပြီး သွေးများပေကျံကာ ခြေလက်များ ကျိုးကြေနေသည့် လူသေအလောင်းကောင်ကြီး အသက်ဝင်ပြီး ထထိုင်လာသည်ကို ကြည့်ရသည်မှာ ပြောမပြတတ်လောက်အောင်ပင် ကြောက်လန့်စရာကြီး ဖြစ်နေလေသည်။

ကျားနီကြီးသည်ကား မည်သို့မျှ အမူအရာပြောင်းမသွားဘဲ လူသေအလောင်းကိုသာ မှေးစင်းသော မျက်လုံးကြီးဖြင့် စိုက်ကြည့်နေ၏။

လူသေအလောင်းသည်လည်း အသက်ဝင် ထထိုင်လာပြီးနောက် ဒယီးဒယိုင်ဖြင့် တစ်အောင့်မျှ လှုပ်ရှားနေပြီး မောင်အေးချမ်းတို့ လူစုရှိနေသည့် ကျောက်တုံးကြီးဆီသို့

www.burmeseclassic.com

www.burmeseclassic.com

သာ လက်ညှိုးထိုးကာ ကျားနီကြီးအား ပြလေသည်။

ကျားနီကြီးလည်း လူသေအလောင်း လက်ညှိုးထိုးပြသည့်အတိုင်း ကိုယ်ကိုယိုပြီး ချုံနွယ်များအကြားမှ ကြည့်လေရာ မောင်အေးချမ်းတို့လူစုကို မြင်သွားလေသည်။ လူများကို မြင်သွားပြီးနောက် စိုက်ကြည့်နေသော ကျားနီကြီး၏ အမူအရာသည် နဂိုမူလထက် များစွာကြောက်မက်ဖွယ်ကောင်းသော ရုပ်လက္ခဏာကြီး ဖြစ်သွားလေသည်။ ထို့ကြောင့် ကြည့်ရက်စရာပင် မရှိတော့။

ထိုအခိုက်မှာပင် မုဆိုးကြီးဦးအောင်မန်းက မောင်အေးချမ်း၏သေားကို တံတောင်ဖြင့် ခပ်ဆတ်ဆတ်တွတ်လိုက်ပြီး-

'ဆရာလေး..လူသေအလောင်းကို ထိအောင်ပစ်။ မြန်မြန်ပစ်'ဟု တိုးတိုးလေး ပြောလိုက်ပြီးနောက် သူလည်း ကျားနီကြီးအား တူမီးသေနတ်ကြီးဖြင့် ပစ်လိုက်လေသည်။

ပေါက်ကွဲသံများနှင့် တစ်ဆက်တည်းပင် မုဆိုးကြီးက 'ဟေ့ကောင်တွေ..ဘေးဘက်တွေကို ခုန်ဆင်းကြကွ'ဟု အော်ပြောပြီး သူလည်း ကျောက်တုံးကြီးပေါ်မှ ခုန်ဆင်းလေသည်။

လူသေအလောင်းကို ကျည်ထိသည်နှင့် ဝပ်ကျသွားသော်လည်း ကျားနီကြီးကိုမူ တူမီးကျည်ကြီး တည့်တည့်ထိသည့်တိုင်အောင် နေရာတွင် မလဲဘဲ လူသံလိုလို၊ ကျားသံလိုလို အီး..ဟု တောလုံးဟိန်းသွားလောက်အောင် မာန်ဖီအော်ညည်းလျက် ပါးစပ်ကြီးဖြဲ လက်ကြီးနှစ်ဖက်ကိုလည်း ကားပြီး ငှက်ကြီးတစ်ကောင်ကဲ့သို့ ခုန်ပျံလာကာ ကျောက်တုံးပေါ်က လူအုပ်ကို သိမ်းဆွဲလေ၏။

မုဆိုးကြီးက အော်ဟစ်သတိပေးပြီး လူအားလုံးကို ကျောက်တုံးကြီးပေါ်မှ ခုန်ဆင်းခိုင်းလိုက်၍သာ တော်တော့သည်။ သို့မဟုတ်ပါက ကျားနီကြီး၏ လက်သည်းဖျားတွင် အနည်းဆုံး နှစ်ယောက်ခန့် ပါသွားလောက်သည်။

မောင်အေးချမ်းတို့လူစု ခုန်ချ၍ မြေကြီးကိုကျသည်နှင့် ကျားနီကြီးသည်လည်း ကျောက်တုံးကြီးပေါ်မှ လွှားပြီး ထိုဘက်ကို ကျော်ကျသွားလေသည်။

မောင်အေးချမ်း ကပျာကယာ ကျည်တစ်တောင့် ထပ်ထိုးနေသည်ကိုကြည့်ပြီး မုဆိုးကြီးရယ်၏။ ထို့နောက် ပြောသည်။

'မလိုတော့ပါဘူး ဆရာလေးရဲ့။ ကျားနီကြီး သေပါပြီ'

'ဗျာ..ဒါဆို ကျားနီကြီးက ကျွန်တော်တို့ကို ဘာလို့များ ရန်မူပြီး တိုက်ခိုက်နိုင်သေးတာလဲဗျ'

'ကျွန်တော် ရောက်မလာခင် အမှားတစ်ခုခုကို ဆရာလေးတို့ လုပ်မိထားကြလို့ဖြစ်မယ်။ လူသေအလောင်းကောင် ကြီး ထထိုင်ပြီး ကျွန်တော်တို့ဘက်ကို လက်ညှိုးထိုးပြတာဟာလည်း အဲဒီသဘောကြောင့်ပါပဲ။ အဲလိုမှမဟုတ်ရင်လည်း လူသေအလောင်း ထထိုင်တာဟာ သူ မသေခင် ကတည်းက ဆရာလေးကို မကျေနပ်ရှိနေလို့ အဲဒီမကျေနပ်စိတ် ရှိနေတုန်းမှာ သေဆုံးသွားတဲ့အတွက်လည်း ဖြစ်နိုင်တယ်။ ပိုဖြီးဖြစ်နိုင်တာကတော့ အစက ပြောခဲ့သလို ကျွန်တော်ရောက်မလာခင် အမှားတစ်ခုခုကို ဆရာလေးတို့လူစု ပြုလုပ်ထားမိလို့ပါပဲ'

မုဆိုးကြီးပြောသော အကြောင်းနှစ်မျိုးလုံး ဖြစ်နိုင်ဖွယ်ရှိသည်။ ဦးအေးဖေ တောစောင့်နတ်များကို စော်ကားမော်ကား ပြောနေတုန်းက မောင်အေးချမ်း တားမြစ်သည်ကို ဦးအေးဖေ သိပ်ပြီးကျေနပ်ပုံမရပေ။ ထိုမကျေနပ်သောစိတ်သည် ဦးအေးဖေ၌ ရှိနေပေလိမ့်မည်။

ထို့နောက် မုဆိုးကြီးက သူရောက်မလာမီ မောင်အေးချမ်းတို့လူစု အမှားတစ်ခုခုကို ပြုလုပ်ထားမိကြပေလိမ့်မည်ဟု ဆိုခြင်းမှာလည်း မောင်အေးချမ်းက ကျောက်တုံးကြီးပေါ်တက်ပြီး ပစ်ကွင်းကျ၊မကျ လူသေအလောင်းဘက်ကို ကြည့်သလို ကျော်ဇောဦးတို့လူစုကလည်း လူသေအလောင်းနားမှနေပြီး မောင်အေးချမ်းအား ပြန်လည်ချောင်းကြည့်ရင်း ပစ်ကွင်းချိန်ဆနေကြသည့် အကြောင်းပင် ဖြစ်ပေလိမ့်မည်။

'အချိန်မီ မုဆိုးကြီး ရောက်လာပေလို့ပေါ့ဗျာ။ မုဆိုးကြီးသာ ရောက်မလာဘူးဆိုရင် ကျွန်တော်တို့လူစု တစ်ယောက်ပြုတ်လောက်တယ်'ဟု မောင်အေးချမ်းက ပြောလိုက်၍

www.burmeseclassic.com

မုဆိုးကြီး သဘောကျစွာဖြင့် ပြုံးနေ၏။

ထို့နောက် ကျားသေကြီးရှိရာဘက်ကို လျှောက်သွားကြသည်။

'ဒီတော့ ကျွန်တော် နားမလည်လို့ တစ်ခုမေးဦးမယ် မုဆိုးကြီး။ မုဆိုးကြီးက ကျားကိုပစ်ရုံနဲ့ မလုံလောက်ဘူးလား။ ကျွန်တော့်ကို ဘာလို့ လူသေအလောင်း ပစ်ခိုင်းတာလဲ'

'လူသေအလောင်းက ဖုတ်ဝင်နေပြီလေ။ ဒါကြောင့် ဖုတ်သက်ကိုသာ သေအောင်မပစ်သတ်နိုင်လိုက်ရင် ထပြေးသွားတော့မှာပေါ့။ ရှာလို့ရဖို့လည်း မလွယ်တော့ဘူး။ နေ့စဉ် နေ့တိုင်း တောနင်းပြီး လိုက်ရှာရင်လည်း ပုပ်ပျော်လို့ ရုပ်ပျက်သွားမှ ပြန်တွေ့မှာ'

ကျားသေကြီးကို စစ်ဆေးကြည့်ကြရာ ကျားသေကြီးသည် ကျသည့်နေရာမှာပင် သစ်ငုတ်ကြီးကို ဖက်ကိုက်ပြီး ငိုမ်နေသည်ကို တွေ့ကြရသည်။ မုဆိုးကြီးပစ်လိုက်သော တူမီးကျည်ဆန်သည် ကျားကြီးနှာရင်း မျက်နှာကို တည့်တည့်ထိမှန်သဖြင့် ဦးခေါင်းကြီး ညက်ညက်ကြေပြီး ဦးနှောက်ပင် မရှိတော့ပေ။

ထို့ကြောင့် မောင်အေးချမ်းက ပြောလိုက်၏။

'ကျားကြီးဟာ မုဆိုးကြီးကျည် ထိကတည်းကပင် အသက်ထွက်သွားလောက်တယ်ဗျ။ ဒါတောင် ကျွန်တော်တို့ကို ရန်မူပြီး တိုက်ခိုက်နိုင်သေးတယ်နော်'

သည်အခါတွင်လည်း မုဆိုးကြီးက တစ်ချက်ပြုံးပြီး ရှင်းပြသည်။

'ကျားကြီးက ဆရာလေးတို့ရဲ့ အမှားတစ်ခုခုကြောင့် သရဲစီးနေပြီလေ။ ဒါကြောင့် လူသေလည်း သရဲစီး၊ ကျားကြီးလည်း သရဲစီးသွားလို့သာ လူသေနဲ့ကျားကြီး တစ်ဖက်တည်း ဖြစ်သွားကြပြီး လူသေလက်ညှိုးပြတဲ့ ကျွန်တော်တို့ဘက်ကို ကျားကြီး ကြည့်တတ်သွားတာပေါ့ဗျ။ ပြီးတော့ ကျားကြီးဟာ ကျွန်တော့်ကျည်ဆန် မထိခင်ကပင် ကျွန်တော်တို့ကို ပြေးအုပ်ဖို့ အားယူပြီးသား ဖြစ်နေလို့သာ ကျည်ထိလို့ ကျားသက်ရော သရဲသက်ပါ သေသွားပေမယ့် တစ်ချိန်တော့ လူတွေကို ဒုက္ခပေးနိုင်သေးတာပဲ။ ဒီမှာကြည့်ပါလား။ ကျားသေကြီးဖြစ်ပေမယ့် အစွယ်မြုပ်အောင် သစ်ငုတ်ကို ကိုက်နိုင်သေးသလို လက်သည်းတွေဟာလည်း သစ်ငုတ်ထဲ မြုပ်နေတာလေ။ သာမန်ကျားတစ်ကောင်သာ ဆိုရင် သစ်ငုတ်အခြောက်ကို မဆိုထားနဲ့၊ သစ်ပင်စိမ်းအခွံကိုတောင် အစွယ်၊ လက်သည်း မြုပ်လောက်အောင် မကိုက်နိုင်သလို လက်သည်းနဲ့လည်း မကုတ်နိုင်ပါဘူး'

ဟုတ်သည်၊ ကျားသေကြီး၏အစွယ်နှင့် လက်သည်းရှည်ကြီးများ သစ်ငုတ်ခြောက်ကြီးထဲတွင် နစ်မြုပ်နေသည်ကို တွေ့ရသည်။ အံ့သြဖွယ်ကောင်းလွန်းသည်။ ကျားသေကြီးကို တစ်အောင့်လေး စူးစမ်းကြည့်လိုက်ကြပြီးနောက် လူသေအလောင်းရှိရာဘက်ကို ထွက်လာကြသည်။

ထိုအချိန်က ကျားရိုးကျားရေကို ဝယ်သူ မရှိသေးသောကြောင့် ကျားသေကြီးကို စိတ်မဝင်စားကြပေ။

လူသေအလောင်းကို စစ်ဆေးကြည့်ကြရာ မောင်အေးချမ်း ပစ်လိုက်သော နှစ်လုံးပြူးကျည်ဆန်သည် လူသေ၏ အသည်းနေရာ ဖောက်ထွင်းသွားသည်ကို တွေ့ရ၏။ ထို့ကြောင့် စိုက်ကြည့်နေရင်းက မောင်အေးချမ်း တစ်စုံတစ်ခုကို အမှတ်ရလာပြီး မုဆိုးကြီးအား ပြောလိုက်၏။

'မုဆိုးကြီး..ဦးအေးဖေရဲ့ သားမယား၊ ဆွေမျိုးတွေကို သွားခေါ်ပြီးပြလို့ ဒီကျည်ထွင်းရာကြီးကို မြင်သွားရင် သူတို့လူ ကျားကိုက်လို့ သေတယ်ဆိုတာ လက်ခံပါ့မလားဗျ။ တစ်ယောက်ယောက်က သေနတ်နဲ့ ပစ်သတ်လို့ သေတယ်ဆိုပြီးများ တိုင်လိုက်တော့လိုက် လုပ်လာလေမလား'

မုဆိုးကြီး တစ်အောင့်လေး စဉ်းစားလိုက်ပြီး-

'ဟုတ်တယ်၊ အဲဒါမျိုး ဖြစ်ကောင်းဖြစ်လာနိုင်တယ်။ ဒီတော့ ဒီလူကြီးရဲ့ သားမယား၊ ဆွေမျိုးတွေက ဒီလူကြီး ဒီစခန်းမှာ အလုပ်လုပ်နေတာကို သိကြသလား'

'ဒီလိုတော့ သိကြလိမ့်မယ်လို့ မထင်ဘူးဗျ။ ဦးအေးဖေက လမ်းစခန်းတွေကို တစ်ခုပြီးတစ်ခု ပြောင်းလုပ်ရင်း ကဿာ ကျွန်တော့်ဆီကို ရောက်လာတာပါ'

'ဒီလိုဆိုရင် ဒီအတိုင်းပဲ ထားလိုက်ဗျာ။ မတော်လို့ ကိုယ်တို့က စေတနာပိုပြီး သူ့ဆွေမျိုးတွေကို စုံစမ်းရှာမွေပြီး ခေါ်ပြလိုက်မှ တစ်အုံလုံး ထောင်ကျနေပါ့မယ်'

မုဆိုးကြီးပြောသည့်အတိုင်းပင် တစ်ဦးတစ်ယောက်ကို မျှ အသိမပေးစောဘဲ ဝါးချွန်များဖြင့် ကျင်းတူးပြီး ဦးအေးဖေ၏အလောင်းကို စိတ်မကောင်းစွာဖြင့်ပင် မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြလေသည်။

ဦးအေးဖေ၏အလောင်းကို သင်္ဂြိုဟ်ပြီးချိန်တွင် ည (၈)နာရီ ထိုးနေလေပြီ။

www.burmeseclassic.com

"ဆရာ..ရှုတင်စတော့မလား"

ကျွန်တော် ဇာတ်ညွှန်းနှင့် အခန်းစဉ်များကို ဖတ်ပြီး သည်နေ့ရိုက်ကူးမည့် အခန်းများတွင် ပါဝင်သည့် သရုပ်ဆောင် ဇာတ်ကောင်များကို စိစစ်နေချိန်တွင် တပည့်ဖြစ်သူ မောင်ဟန်မြင့် ရောက်လာပြီး မေးသည်။ အချိန်မှာ မနက် (၉)နာရီခန့်ရှိပြီ။ ရုပ်ရှင်အဖွဲ့သားအားလုံး မနက်စာ စားသောက်ပြီး ဖြစ်ကြသည်။

"တို့ရိုက်ကူးမှု ဇယားထဲမှာ ထုတ်ထားတဲ့ အောက်ဒိုး ဖိုက်တင် စရိုက်ရင် ကောင်းမယ်ထင်တယ် မောင်ဟန်မြင့်။ နေ့လယ် နေပူဒဏ်နဲ့ဆို အဖွဲ့တွေ ခံနိုင်မှာ မဟုတ်ဘူး။ ရာသီဥတုက ပူတယ်"

ကျွန်တော်က ကျွန်တော့်အဖွဲ့ လူကြမ်းတွေကိုငဲ့ပြီး မနက်ပိုင်းကိုရွေး၍ ရိုက်ချင်သည်။ ဒါမှသည်း ကိုယ့်အဖွဲ့တွေ နေပူဒဏ်နှင့် ပင်ပန်း မှုဒဏ် သက်သာမည် ဖြစ်သည်။

ဖိုက်တင်ခန်းက ရိုက်ရတာကြာသည်။ ရိုက်ကွက်စိပ်သည်။ ပြီးတော့ ကင်မရာက (၂)လုံး၊ အပြောင်းအလဲလုပ်ပြီး ရွေ့ရပြောင်းရ သက်သာသည်။ ဇာတ်လမ်းက ဖိုက်တင်အက်ရှင် ဇာတ်လမ်းမျိုးဖြစ်၍ ပရိသတ်၊ ထုတ်ဝေသူ အကြိုက် ဖိုက်တင်ခန်းများများပါဖို့ အရေးကြီးသည်ဆို၍ မနက်ပိုင်းရိုက်တော့ အားလုံးအဆင်ပြေမည်ဖြစ်၍ ကျွန်တော့်တပည့် မောင်ဟန်မြင့်ကို ဇာတ်လမ်းအခန်းစဉ်(၇)ကို ထုတ်၍ အားလုံးအဆင်သင့်လုပ်ထားရန် မှာကြားလိုက်သည်။

ဒါရိုက်တာ
မျိုးဇေယျောအောင်
ကျွန်တော်နှင့်
လမိုင်းနတ်

www.burmeseclassic.com

www.burmeseclassic.com

သည်တွင် တပည့်ဖြစ်သူ မောင်ဟန်မြင့်က-

'ကောင်းတယ် ဆရာမျိုး၊ မနက်ပိုင်း ဖိုက်တင်ခန်းရိုက်ဘာ ပိုပြီးအဆင်ပြေမယ်။ ဖိုက်တင်နှစ်ဆင်းလောက်ဆို သမင်းစားချိန်နှင့်ဆို အံကိုက်ပဲ ဆရာ'

'ဒါဆို လူကြမ်းအဖွဲ့နဲ့ မင်းသားကို ပြောလိုက်။ ဖိုက်ဘင်နည်းပြနဲ့ သူလူပါ အဆင်သင့်လုပ်ထားခိုင်း။ တုတ်အတု၊ သံတူရွင်းအတုနဲ့ သွေးတွေပါ ကိုချွဲလေးကို မှာလိုက်' ဟု ကျွန်တော်ပြော၍ မောင်ဟန်မြင့် ထွက်သွား၏။

ကျွန်တော်ကတော့ နေ့စဉ် ရိုက်ကူးဖေယားကိုဖတ်ပြီး အခန်း(၁၇)မှ ဖိုက်တင်ခန်းကို ထုတ်လိုက်သည်။ အပြင်အောက်ဒိုး ဖိုက်တင်အခန်းဖြစ်၍ အခန်း(၇)ပြီးလျှင် အခန်း(၁၀)ကို ဆက်ရန် အဆင်သင့်ထုတ်ထားလိုက်သည်။

♦ ♦ ♦

ကျွန်တော်နှင့် စက်အဖွဲ့၊ လူကြမ်းအဖွဲ့တို့ အောက်ဒိုးဖိုက်တင်ခန်း ရိုက်ရန်အတွက် ပြင်ဆင်နေကြသည်။ လူကြမ်းအဖွဲ့နှင့် ဖိုက်တင်နည်းပြကလည်း မင်းသားကိုယ်စား ဖိုက်တင်တိုက်နေကြသည်။ ကင်မရာ(၂)လုံးကလည်း တစ်ဖက် တစ်ဆိုက်စီနှင့် မှန်ထိုးဖို့၊ အသံဖမ်းဖို့ကအစ အဆင်သင့် ပြုလုပ်နေကြသည်။

သည်အချိန်တွင် ကျွန်တော့်အနားသို့ မင်းသားဖြစ်သူ ရောက်လာပြီး-

'ဆရာမျိုး..ကျွန်တော် အပြင်ခဏသွားစရာ ရှိနေတယ်။ အဲဒါ..'

'မင်း ကြာမှာလား။ ဒီမှာ မင်းအတွက် ဖိုက်တင်ရိုက်ဖို့ တိုက်နေကြတယ်။ ချွဲလေးနဲ့ ပစ္စည်းတုတွေ၊ ဒဏ်ရာမိတ်ကပ်၊ သွေးတွေလည်း အဆင်သင့်ပဲကွာ'

'ဟုတ်ကဲ့၊ ကျွန်တော့်အတွက် လုပ်ပေးနေတယ်ဆိုတာ ကျွန်တော်သိပါတယ် ဆရာမျိုး။ မကြာပါဘူး ဆရာမျိုး၊ နာရီဝက်လောက်ပါပဲ'

'အရေးကြီးလို့လား။ ရိုက်ပြီးမှ သွားလို့မဖြစ်ဘူးလားကွာ'

'မဖြစ်လို့ပါဆရာမျိုး။ သူချိန်းထားတာ (၉)နာရီခွဲတိတိ ဆရာ။ ခု (၈)နာရီ (၄၅)မိနစ် ရှိနေပြီ။ ကျေးဇူးပြုပါဆရာမျိုး'

ကျွန်တော် စိတ်ပျက်သွားသည်။ သို့သော် နာရီဝက်ဆို၍ ကျွန်တော် ခွင့်ပြုလိုက်သည်။

'မြန်မြန်သွားပြီး မြန်မြန်ပြန်လာခဲ့ကွာ။ ကန်ထရိုက်စနစ်နဲ့ ရိုက်ရတာ မင်းသိပါတယ်။ ငါလည်း ချမ်းသာတာ မဟုတ်ဘူး။ အိတ်စိုက်ဖြစ်နေရင် သိတယ်မဟုတ်လား။ အကြွေး လည်ပင်းရောက်သွားလိမ့်မယ်'

ကျွန်တော့်စကားကြောင့် မင်းသားက ပြုံးသည်။

'စိတ်ချပါ၊ မကြာစေရပါဘူး။ နာရီဝက်ထက်မပိုဘူး'

'အေး..အေး၊ သွားပါကွာ။ မင်းလာမှပဲ ငါရိုက်တော့မယ်'

မင်းသား ထွက်သွားသောအခါ အလုပ်က မဖြစ်တော့။ လူကြမ်းအဖွဲ့တွေနဲ့ ဖိုက်တင်နည်းပြကတော့ ရိုက်ရမည့် ရိုက်ကွက်တွေ ဆင်နေကြသည်။

ကျွန်တော်ကတော့ ကျွန်တော့်ထိုင်ခုံတွင် ထိုင်ရင်း တပည့်ဖြစ်သူ ထည့်ပေးတဲ့ ရေနွေးကြမ်းကိုသောက်ရင်း ဇာတ်ညွှန်းဖိုင်ကို လှန်လှောပြီး မင်းသားမပါတဲ့ အခန်းတွေကို လျှောက်ကြည့်နေမိတော့၏။

'ဆရာမျိုး..ဆရာမျိုး..ပန်းဝတ်ရည်တစ်ယောက် ဘာဖြစ်လို့လဲ မသိဘူး၊ သူ့အခန်းထဲမှာ ကျွန်မ မိတ်ကပ်လိမ်းပြီး ဆံပင်ပြင်နေတုန်းမှာ ငိုငိုရယ်ရယ် ဖြစ်နေတယ် ဆရာမျိုး။ ကျွန်မတို့ မေးတော့လည်း ဘာမှမဖြစ်ဘူး။ အဲဒါ ဆရာမျိုး သွားကြည့်လိုက်ပါဦး'

မင်းသမီး ပန်းဝတ်ရည်၏ မိတ်ကပ်ဆရာ မာမီငြိမ်းက ပျာပျာသလဲရောက်လာပြီး ပြောသည်။

'မာမီငြိမ်းကလည်းဗျာ..မင်းသမီး ငိုငိုရယ်ရယ်ဖြစ်တာ အဆန်းလုပ်လို့ လာပြောနေရသေးတယ်။ အိုက်တင်ကျင့်နေတာ ဖြစ်မှာပေါ့'

'မဟုတ်ဘူး..မဟုတ်ဘူး ဆရာမျိုး၊ ဒီဇာတ်ကားရိုက်တဲ့ ခေါင်းဆောင်ဒါရိုက်တာကို သွားခေါ်၊ ငါ သူနဲ့ စကားပြောရမယ်။ အခု သွားခေါ်စမ်းဆိုပြီး ငြိမ်းကိုခေါ်ခိုင်းလို့ ငြိမ်း ဆရာမျိုးကို လာခေါ်ရတာပါ။ မင်းသမီးပန်းဝတ်ရည် အိုက်တင်ကျင့်နေတာ မဟုတ်ပါဘူး၊ သူ့ကိုယ်ထဲ တစ်ခုခု ဝင်ပူးနေတဲ့ အနေအထားမျိုး။ အသံကလည်း မိန်းမသံမဟုတ်ဘူး၊ အသံသြဩ ယောကျ်ားသံမျိုး။ နောက်ပြီး မျက်ထောက်နီနီကြီးနဲ့ ကြည့်နေတာ ငြိမ်း အရမ်းကြောက်တာပဲ ဆရာ။ အနှောင့်အယှက် ပယောဂဝင်ပူးနေသလိုပဲ ဆရာ။ သွားကြည့်လိုက်ပါဦး ဆရာမျိုး'

ကျွန်တော် သက်ပြင်းချလိုက်သည်။

မင်းသားတစ်ယောက်ကလည်း အပြင်သို့ ထွက်သွားသည်။ ကျွန်မင်းသမီးကလည်း ပယောဂဝင်သည်ဟု ဆို

www.burmeseclassic.com

www.burmeseclassic.com

သည်။ သည်နေ့အဖို့ ချုပ်ရှင်ရိုက်လို့မှ ဖြစ်ပါ့မလားတော့ မသိ။ တော်တော်လေးတော့ စိတ်ကုန်စရာပင်။

♦ ♦ ♦

'ဟဲ့..နင်က ခေါင်းဆောင် ဒါရိုက်တာဆိုတာ'

မင်းသမီးပန်းဝတ်ရည် အခန်းထဲ ကျွန်ုတော်နှင့်-မာမီ ငြိမ်းတို့ ဝင်လိုက်သည်နှင့် ကျွန်တော်၏ ရွှေမင်းသမီးလေး ပန်းဝတ်ရည်က ကျွန်တော့်ကို မျက်ထောက်နီနီကြီးနှင့် စိုက်ကြည့်၍ မေးသည်။ အသံမှာ ပင်ကိုမူလ မင်းသမီးပန်းဝတ်ရည်၏အသံမျိုး မဟုတ်။ အသံက သြသြ,ခပ်လုံးလုံး ယောကျ်ားသံမျိုးဖြစ်၍ ကျွန်တော်ပင် ရုတ်တရက် ဖြုံ၍ သွားလေသည်။ ပြီးတော့ သေသေချာချာ နားစိုက်ကြည့်လိုက်တော့ ယောကျ်ားအသံမှ ယောကျ်ားအသံဟု ဆိုသော်လည်း အသက်ခပ်ကြီးကြီး အဘိုးအိုတစ်ယောက်၏ အသံမျိုး ဖြစ်လေသည်ဟု ကျွန်တော်ထင်သည်။

'ပန်းဝတ်ရည်..သမီး၊ ဘာဖြစ်တာလဲ'

'ဟဲ့..ငါ ပန်းဝတ်ရည် မဟုတ်ဘူး'

နုနုဖတ်ဖတ် မင်းသမီးရုပ်နှင့် အသံသြသြ ယောကျ်ား အသံထွက်နေသော ပန်းဝတ်ရည်က မျက်ထောက်နီနီကြီး ဖြင့် ကျွန်တော့်ကို အစိမ်းလိုက်ဝါးစားမလို ကြည့်နေသည်။ ထိုအကြည့်သည် ကြောက်စရာကောင်းလေသည်။

သို့သော် ကျွန်တော်က ခေါင်းဆောင် ဒါရိုက်တာတစ်ယောက်အနေဖြင့် အမှား,အမှန် သေချာသိနိုင်ရန်-

'ပန်းဝတ်ရည် မဟုတ်ဘူးဆိုရင် အခုပြောနေတဲ့ ခင်ဗျားက ဘယ်သူလဲ။ ကျွန်တော်တို့မှာ ဘာအပြစ်ရှိလို့လဲ' ဟု ကျွန်တော်က မေးလိုက်သည်။

'အဓိကအပြစ်ရှိတာက နင်ပဲ။ နင်က ခေါင်းဆောင်၊ နင်သိရမယ်။ နင် မသိလို့ ငါ အခုလို ကြွလာတာမဟုတ်' ဟု ပန်းဝတ်ရည်ကို ဝင်စီး၍ ပူးကပ်နေသောပုဂ္ဂိုလ်က အသံသြသြကြီးဖြင့် ကျွန်တော့်ကို ခြိမ်းခြောက်နေသကဲ့သို့ဆို၏။

'ဟုတ်ကဲ့ဗျာ၊ ကျွန်တော်တော့ ဘာမှမနားမလည်ပါဘူး။ ဘာအပြစ်များ လုပ်ခဲ့မိတယ်ဆိုတာကို ပြောပါ။ ဒါမှလည်း ကျွန်တော် ပြုပြင်စရာရှိရင် ပြုပြင်ပေးမယ်။ ဆောင်ရွက်ပေးစရာရှိရင်လည်း ဆောင်ရွက်ပေးမယ်။ ကျွန်တော် ဇာတ်ကားဆက်ရိုက်စရာရှိတယ်။ မင်းသမီး တစ်ခုခုဖြစ်သွားရင် အကုန်လုံး လုပ်ငန်းတွေ ပျက်စီးသွားကုန်ပါလိမ့်မယ်။ ကျွန်တော့်ကို ပြောပါ၊ ညွှန်ကြားပါ။ ကျွန်တော် ဘာလုပ်ရမလဲ။ ကျွန်တော် မသိဘူး၊ နားလည်းမလည်ဘူး။ ခင်ဗျားပြောသလို ကျွန်တော် ကျေနပ်အောင် လုပ်ပေးမယ်'ဟု ကျွန်တော်က ပြောလိုက်လေ၏။

'အိမ်း..ကောင်းပြီ။ နင် မသိရင် ငါပြောမယ်။ သေသေချာချာလည်း မှတ်ထား'

'ဟုတ်ကဲ့ခင်ဗျာ'

'အိမ်း..ငါက လမိုင်းနတ်ကြီး ဇေယျသိဒ္ဓိကဝိဂ္ဂ နင်တို့ ရုပ်ရှင်ရိုက်တာ ငါ့ပွဲမပါဘူး။ ငါ့ပွဲမပါလို့ ငါမတော နပ်တာပေ့။ ငါလို လမိုင်းနတ်ကို နင်တို့က ပေါ့ပေါ့သေ သေးနတ်လို့ ထင်နေကြသလား။ ဝိဇ္ဇာလမ်းမှာ ငါလည်း ဝိဇ္ဇာနီးနီးလောက် ထက်မြက်တဲ့ပုဂ္ဂိုလ်ပဲ။ ဆယ်ပါးသီလ မမြောက်လို့ မပေါက်ခဲ့တာပေ့။ ပေါက်လို့ကတော့ ခု လောက်ဆို မဟာမြိုင်တောထဲက ဝိဇ္ဇာပဲပေ့။ နင် ငါ့ အတွက် ပွဲတစ်ပွဲပြင်ပေး။ ငါက ကုန်းလမိုင်းအချုပ်ပဲ။ ငှက်ပျောနှစ်ဖီး၊ အုန်းတစ်လုံး၊ လက်ဖက်တစ်ပွဲ၊ ဆေးတစ် ခေါက်၊ ဖယောင်းတစ်တိုင်၊ ကွမ်းတစ်ယာနဲ့လည်း ငါ့ကို ပြီးတယ်ကွ။ အကျယ်မချဲ့နဲ့၊ ရတယ်။ စေတနာကောင်းဖို့ သဒ္ဓါမှန်ဖို့ပဲ လိုတယ်။ ကဲ..ဒါရိုက်တာလေး၊ သေသေ ပေါက်ရင် အပြောလောက်နဲ့ မပြီးဘူး။ အခုချက်ချင်း စလိုက်တော့။ ငါ ကြွမယ်'

အသံတိမ်ဝင်သွားပြီးနောက် မင်းသမီးပန်းဝတ်ရည်မှာ ဝုန်းခနဲ အသံနှင့်အတူ လဲကျသွားလေတော့၏။

♦ ♦ ♦

ကျွန်တော်သည် လမိုင်းပုဂ္ဂိုလ်ကြီး အမှာစကားအတိုင်း ထမင်းချက် မစိန်ကို ခေါ်ခိုင်းပြီး လမိုင်းပုဂ္ဂိုလ်ကြီးအတွက် ပွဲတစ်ပွဲ လျင်မြန်စွာ ပြင်ဆင်၍ ပူဇော်ပေးလိုက်သည်။

ထိုအချိန်အထိ ကိစ္စတစ်ခုနှင့် အပြင်ထွက်သွားသော မင်းသားမှာ ပြန်မရောက်လာသေးပေ။

သည်တွင် ရှူတင်မန်နေဂျာ ကျွန်တော့်အနီး ရောက်လာ၍-

'ဟေ့..မောင်ကျော်။ မင်းသား ပြန်ရောက်ပြီလား ဖိုက်တင်ရိုက်မယ်။ လာရင်ပြော'

ဟု မြောစဉ် မောင်ကျော်က-

'ဆရာ..မင်းသား ကားတိုက်လို့တဲ့။ ဆေးရုံရောက် နေတယ်'

'ဟာ..ဒုက္ခပါပဲကွာ။ အနောင့်အယှက်တွေလည်း များလိုက်တာ။ ဒါနဲ့ မောင်ကျော်..ပြောစမ်းပါဦး၊ မင်းသား အခြေအနေ ဘယ်လိုရှိလဲဆိုတာ'

www.burmeseclassic.com

www.burmeseclassic.com

'ညာဘက်ခြေထောက် ကျိုးသွားတယ်လို့ ပြောသံကြားတယ် ဆရာ။ ဆရာတို့ မင်းသမီးပန်းဝတ်ရည် အခန်းထဲမှာ လမိုင်းနတ်နဲ့ အပေးအယူလုပ်နေတုန်း မင်းသားထားတိုက်မှုဖြစ်တာတဲ့။ ကျွန်တော် သွားကြည့်တော့ ဆေးရုံထားနဲ့ မင်းသားပါသွားတာမြင်လို့ ဆရာ့ကို လာအကြောင်းကြားတာ'

'ဒါဆို ငါလိုက်သွားမှနဲ့တူတယ်'

♦♦♦

ပွဲတစ်ပွဲကြောင့် ပြဿနာတွေဖြစ် အလုပ်တွေ ရှုပ်သွားဆလားတော့မသိ။ စိတ်ထဲ စနိုးစနောင့်ဖြင့် ကျွန်တော် ထ်သယဝင်သည်။

ဆေးရုံရောက်တော့ မင်းသားနှင့်တွေ့သည်။ မင်းသား၏ ညာဘက်ခြေထောက်၌ ပလာစတာစည်းထားပြီး အပေါ်မှာ ကြိုးချည်ထားသည်ကို မြင်လိုက်ရသည်။

'ဘယ်လိုဖြစ်တာလဲကွာ'

'ဖြစ်ပုံကတော့ မယုံကြည်နိုင်စရာပါဘဲ။ ဆရာမျိုးညည်း ကျွန်တော်ပြောတာ ယုံချင်မှယုံမယ်။ အရမ်းထူးဆန်းတယ် ဆရာမျိုး'

ဘာတွေထူးဆန်းမှန်းတော့ ကျွန်တော်မသိ။ မင်းသားက အရမ်းထူးဆန်းသည်ဟုဆို၍ ကျွန်တော် စိတ်ဝင်စားသွားသည်။

'လုပ်စမ်းပါဦး ထူးဆန်းတယ်ဆိုတာ ဘယ်လိုထူးဆန်းတာလဲ'

'ကျွန်တော့်ကောင်မလေး မွေးနေ့အတွက် ကျွန်တော် ဖက်ဆောင် ဝယ်ပေး၊ စကားပြောပြီး သူ့ကို ကျွန်တော် အိုက်ပို့တယ်။ ဗိုလ်ချုပ်စျေးရှေ့မှာက ကားတွေ ရှုပ်နေလို့ ကျွန်တော် ရပ်စောင့်နေတာ။ ဘယ်သူဘယ်ဝါမှန်းလည်း မသိဘူး၊ လူလည်း သေသေချာချာ မမြင်လိုက်ရပါဘူး ဆရာမျိုးရယ်။ ဟော့ကောင်..ဟိုမှာ ကားလာနေပြီ။ ကူးဆာ့ဆိုပြီး ကျွန်တော့်ကို လူတစ်ယောက် တွန်းထုတ်လိုက်သလို မောင်းလာတဲ့ကားရှေ့ကို တန်းခနဲ ရောက်သွားပြီး ကားတိုက်ခံလိုက်ရတာပါပဲ ဆရာမျိုး။ ကျွန်တော် ဘုမသိ ဘမသိ ခံလိုက်ရတာ'

မင်းသားက သူ့အဖြစ်ကို ပြောပြသည်။

'မင်းကို တွန်းလိုက်တဲ့လူကို မှတ်မိလား'ဟု ကျွန်တော်က မင်းသားကို မေးလိုက်သည်။

'ရိပ်ခနဲတော့ မြင်လိုက်တယ်။ နောက်ဘက်ကဆိုတော့ လူလုံးမကွဲဘူး။ ကျွန်တော့်စိတ်ထဲမှာ အရူးတစ်ယောက်ပဲလို့ ထင်တာပါဗဲ့။ ခေါင်းမှာ ဖဲပြားအနီရောင်စည်းထားတယ်လို့ ထင်တယ်။ နဖူးစည်းအနီနဲ့ပဲ ဆရာမျိုး'

ကျွန်တော် စဉ်းစား၍မရ။ မင်းသား ပြောသလိုပင် အရူးလည်း ဖြစ်နိုင်သည်။ မရေရာ မသေချာ၍ မင်းသားကို ကျွန်တော် ဆက်မမေးတော့ပေ။ အားပေးစကားနှင့် မင်းသားအတွက် လိုအပ်တောတွေ ဆောင်ရွက်ပေးပြီး ပြန်ခဲ့လေတော့၏။

ရုပ်ရှင်အဖွဲ့သားများ တည်းခိုရာသို့ ကျွန်တော် ပြန်ရောက်တော့ ရှူးတင်မန်နေဂျာ မောင်ကျော်ကို ဒီနေ့ ကားရိုက် မရှိဘူး။ အားလုံး နားလို့ရတယ်'ဟု ကျွန်တော်က မှာကြားလိုက်သည်။

ကျွန်တော် အဆောင်သို့ပြန်၍ အနားယူလိုက်သည်။ မင်းသားကိစ္စကို စဉ်းစားရင်း ခုတင်ပေါ်တွင် မှေးခနဲ အိပ်ပျော်သွားသည်။-

ထိုအချိန်မှာပင် နဖူးစည်းအနီနှင့် ပုဂ္ဂိုလ်တစ်ဦး ရောက်လာပြီး-

'ဟေ့..အဖွဲ့ခေါင်းဆောင် ဒါရိုက်တာ။ မင်းရဲ့ မင်းသားကို ကားတိုက်ခံရအောင် လုပ်လိုက်တာ ငါကွ။ အသေလုပ်မလို့ပဲ။ ဘာသာတရားနဲ့ ကောင်းတာလေးတွေ ရှိနေလို့ ပညာပဲပေးလိုက်တာ။ သူဆေးရုံက ပြန်ဆင်းလာရင် မင်းဆက်ပြီး သူ့ကို ပညာပေးလိုက်ဦး။ ကိုယ့်ကိုချစ်လို့၊ ကိုယ့်အနုပညာကို မြတ်နိုးလို့ လာပြီးမိတ်ဆက်ကြတဲ့ အမျိုးကောင်းသမီးတွေ လက်ဆောင်တွေ ခင်လို့မင်လို့ ပေးတာကို အခွင့်ကောင်းယူပြီး မဖျက်ဆီးပါနဲ့လို့။ ကိုယ်ချင်းစာဖို့ ပြောလိုက်။ ပြောစကား နားမထောင်လို့ကတော့ ဒဏ်ရာဒဏ်ချက် မပေးတော့ဘူး။ လိပ်ပြာအပြီးနတ်သွားမယ်လို့ ငါ့နာမည် ဇေယျာသိဒ္ဓိကဝိ ကုန်းလမိုင်းနတ်ကွ။ ဒါပဲ၊ သွားမယ်'

ကျွန်တော် အိပ်ရာမှ လန့်နိုးသွား၏။ ကျိုခနဲ တံခါးဖွင့်သံကြား၍ ကမန်းကတန်း ထကြည့်သည်။ ဘာအရိပ်အယောင်မှ မတွေ့လိုက်။

ထူးဆန်းသည်မှာ စောစောက ကျွန်တော် ပိတ်ထားခဲ့သော ကျွန်တော်၏ အဆောင်တံခါးသည် ယခု ပွင့်လျက်ရှိနေခြင်းပင် ဖြစ်လေသည်။

ဒါရိုက်တာမျိုးဇော်ဇေယျာ

www.burmeseclassic.com

'ညာဘက်ခြေထောက် ကျိုးသွားတယ်လို့ ပြောသံကြားတယ် ဆရာ။ ခဏာတို့ မင်းသမီးပန်းဝတ်ရည် အခန်းထဲမှာ လမိုင်းနတ်နဲ့ အပေးအယူလုပ်နေတုန်း မင်းသားကားတိုက်မှုဖြစ်တာတဲ့။ ကျွန်တော် သွားကြည့်တော့ ဆေးရုံကားနဲ့ မင်းသားပါသွားတာမြင်လို့ ဆရာ့ကို လာအကြောင်းကြားတာ'

'ဒါဆို ငါလိုက်သွားမှနဲ့တူတယ်'

♦ ♦ ♦

ပွဲတစ်ပွဲကြောင့် ပြဿနာတွေဖြစ် အလုပ်တွေ ရှုပ်သွားသလားတော့မသိ။ စိတ်ထဲ စနိုးစနောင့်ဖြင့် ကျွန်တော် သံသယဝင်သည်။

ဆေးရုံရောက်တော့ မင်းသားနှင့်တွေ့သည်။ မင်းသား၏ ညာဘက်ခြေထောက်၌ ပလာစတာစည်းထားပြီး အပေါ်မှာ ကြိုးချည်ထားသည်ကို မြင်လိုက်ရသည်။

'ဘယ်လိုဖြစ်တာလဲကွာ'

'ဖြစ်ပုံကတော့ မယုံကြည်နိုင်စရာပါဘဲ။ ဆရာမျိုးလည်း ကျွန်တော်ပြောတာ ယုံချင်မှယုံမယ်။ အရမ်းထူးဆန်းတယ် ဆရာမျိုး'

ဘာတွေထူးဆန်းမှန်းတော့ ကျွန်တော်မသိ။ မင်းသားက အရမ်းထူးဆန်းသည်ဟုဆို၍ ကျွန်တော် စိတ်ဝင်စားသွားသည်။

'လုပ်စမ်းပါဦး ထူးဆန်းတယ်ဆိုတာ ဘယ်လိုထူးဆန်းတာလဲ'

'ကျွန်တော့်ကောင်မလေး မွေးနေ့အတွက် ကျွန်တော် လက်ဆောင် ဝယ်ပေး၊ စကားပြောပြီး သူ့ကို ကျွန်တော် လိုက်ပို့တယ်။ ဗိုလ်ချုပ်ဈေးရှေ့မှာက ကားတွေ ရှုပ်နေလို့ ကျွန်တော် ရပ်စောင့်နေတာ။ ဘယ်သူဘယ်ဝါမှန်းလည်း မသိဘူး၊ လူလည်း သေသေချာချာ မမြင်လိုက်ရပါဘူး ဆရာမျိုးရယ်။ ဟော့ကောင်..ဟိုမှာ ကားလာနေပြီ။ ကူးတော့ဆိုပြီး ကျွန်တော့်ကို လူတစ်ယောက် တွန်းထုတ်လိုက်သလို မောင်းလာတဲ့ကားရှေ့ကို တန်းခနဲ ရောက်သွားပြီး ကားတိုက်ခံလိုက်ရတာပါပဲ ဆရာမျိုး။ ကျွန်တော် ဘုမသိဘမသိ ခံလိုက်ရတာ'

မင်းသားက သူ့အဖြစ်ကို ပြောပြသည်။

'မင်းကို တွန်းလိုက်တဲ့လူကို မှတ်မိလား'ဟု ကျွန်တော်က မင်းသားကို မေးလိုက်သည်။

'ရိပ်ခနဲတော့ မြင်လိုက်တယ်။ နောက်ဘက်ကဆိုတော့ လူလုံးမကွဲဘူး။ ကျွန်တော့်စိတ်ထဲမှာ အရူးတစ်ယောက်ပဲလို့ ထင်တာပါပဲ။ ခေါင်းမှာ ဖဲပြားအနီရောင်စည်းထားတယ်လို့ ထင်တယ်။ နဖူးစည်းအနီနဲ့ပဲ ဆရာမျိုး'

ကျွန်တော် စဉ်းစား၍မရ။ မင်းသား ပြောသလိုပင် အရူးလည်း ဖြစ်နိုင်သည်။ မရေရာ မသေချာ၍ မင်းသားကို ကျွန်တော် ဆက်မမေးတော့ပေ။ အားပေးစကားနှင့် မင်းသားအတွက် လိုအပ်တောတွေ ဆောင်ရွက်ပေးပြီး ပြန်ခဲ့လေတော့၏။

ရုပ်ရှင်အဖွဲ့သားများ တည်းခိုရာသို့ ကျွန်တော် ပြန်ရောက်တော့ ရှူတင်မန်နေဂျာ မောင်ကျော်ကို ဒီနေ့ ကားရိုက် မရှိဘူး။ အားလုံး နားလို့ရတယ်'ဟု ကျွန်တော်က မှာကြားလိုက်သည်။

ကျွန်တော် အဆောင်သို့ပြန်၍ အနားယူလိုက်သည်။ မင်းသားကိစ္စကို စဉ်းစားရင်း ခုတင်ပေါ်တွင် မှေးခနဲ အိပ်ပျော်သွားသည်။

ထိုအချိန်မှာပင် နဖူးစည်းအနီနှင့် ပုဂ္ဂိုလ်တစ်ဦး ရောက်လာပြီး-

'ဟော့..အဖွဲ့ခေါင်းဆောင် ဒါရိုက်တာ။ မင်းရဲ့ မင်းသားကို ကားတိုက်ခံရအောင် လုပ်လိုက်တာ ငါကွ။ အသေလုပ်မလို့ပဲ။ ဘာသာတရားနဲ့ ကောင်းတာလေးတွေ ရှိနေလို့ ပညာပဲပေးလိုက်တာ။ သူဆေးရုံက ပြန်ဆင်းလာရင် မင်းဆက်ပြီး သူ့ကို ပညာပေးလိုက်ဦး။ ကိုယ့်ကိုချစ်လို့၊ ကိုယ့်အနုပညာကို မြတ်နိုးလို့ လာပြီးမိတ်ဆက်ကြတဲ့ အမျိုးကောင်းသမီးတွေ လက်ဆောင်တွေ ခင်လို့မင်လို့ ပေးတာကို အခွင့်ကောင်းယူပြီး မဖျက်ဆီးပါနဲ့လို့။ ကိုယ်ချင်းစာဖို့ ပြောလိုက်။ ပြောစကား နားမထောင်လို့ကတော့ ဒဏ်ရာဒဏ်ချက် မပေးတော့ဘူး။ လိပ်ပြာအပြီးနတ်သွားမယ်လို့ ငါ့နာမည် ဇေယျာသိဒ္ဓိကဝိ ကုန်းလမိုင်းနတ်ကွ။ ဒါပဲ၊ သွားမယ်'

ကျွန်တော် အိပ်ရာမှ လန့်နိုးသွား၏။ ကျိုခနဲ တံခါးဖွင့်သံကြား၍ ကမန်းကတန်း ထကြည့်သည်။ ဘာအရိပ်အယောင်မှ မတွေ့လိုက်။

ထူးဆန်းသည်မှာ စောစောက ကျွန်တော် ပိတ်ထားခဲ့သော ကျွန်တော်၏ အဆောင်တံခါးသည် ယခု ပွင့်လျက် ရှိနေခြင်းပင် ဖြစ်လေသည်။

ဒါရိုက်တာမျိုးဇော်ဇေယျာ

www.burmeseclassic.com

www.burmeseclassic.com

နွေဦးကဲ့ကော်များ ဒီအချိန်လေးတိုင်းမှာ ကိုယ်သတိရ စရာတွေ ပေါ်လာမြဲ အချစ်ရေ၊ မမေ့ဘူး သိရဲ့လား၊ ကဲ့ မဆုံလည်း မမေ့နိုင်ဘူး။

နွေဦးကဲ့ကော်များ လေပြည်ထဲ အလှဆင် ဆွတ်သင်း ပျံဝေမြဲ၊ ဝါရွေ့မှင့်ဖြူ၊ ရင်ထဲလှိုက်ခုန်သွား၊ ချိုမြိန်သော ကိုယ့်အချိန်လေး၊ စကားလေး ပြောသလိုပဲ၊ သူ ကိုယ့်နား ရောက်လာပြီးတော့၊ ကပ်ထိုင်သွားသလိုပဲ ဒီအတိတ်ဟောင်း ဆွေးကမ္ဘာလေး။

ဂီတာတေးလိပ်ပြာလေး၏ နူးညံ့လှသည့် တောင်ပံခတ် သံအလား နွေဦးညဩ်ဇော်တစ်ကောင် တေးဆိုနေသည့်နယ် လွမ်းမောဆွတ်ပျံဖွယ် ကောင်းလောက်အောင်မင် နွေဦး၏ လေပြည်ညင်းနှင့်အတူ ဝေဝဲကာ ပျံလွှင်လွှမ်းပါသော ဂီ မိုးစက်လေးများက ကြားရသူတို့၏ ရင်တွင်းနှလုံးသားဆီ ထိမှန်သွားစေသည်အထိ ညှို့ငင်ဖမ်းစားကာ ဆွဲဆောင်လျှ ရှိနေပါသည်။

သီဆိုနေသူ တေးသံရှင်၏ ဆံနွယ်လေးများမှာလည် ဝေ့တိုက်နေသော လေထုထဲတွင် ဖွာရာကြဲကာ လွင့်ပါးနေ

အင်ကြင်မွှေး

(ဓနုပြည်တော်)

ကျိုရ ကကြိုး

Cartoon
Win Myint Aung

www.burmeseclassic.com

www.burmeseclassic.com

တေးဆိုနေသူ၏မျက်နှာ နုနုဝင်းဝင်းလေးကို ထင်ထင်ရှားရှား တွေ့မြင်ရအောင် ဖန်ဆင်းပေးထားသလို ဖြစ်နေပါသည်။

တေးသွားကို သီဆိုရင်း စျာန်ဝင်စားစွာ တီးခတ်လျက် ရှိနေသည့် သူပုံစံက ဆံပင်က ရွှပ်ပွပွ ကပိုကရို။ ဖွေးစင်သော အသားရောင်နှင့် နီရဲပါးလွှာသော နှုတ်ခမ်းအစုံကို ပိုင်ဆိုင်ထားသလို ကြိုခိုင်သောကိုယ်လုံးတွင် ဂျင်းဘောင်းဘီ မဟော်ဂနီရောင်နှင့် အဝါရင့်ရောင် စပို့ရှပ်လေးကို တွဲကာ ဝတ်ဆင်ထားသဖြင့် သူ့အသွင်အပြင်မှာ ဤကဲ့သို့ ပိုင်းရွာမှ ကာလသားတစ်ယောက် မည်သို့မျှ မဖြစ်နိုင်သည်ကတော့ သေချာနေပါသည်။

ချစ်စရာလေးပါကွယ်××× ချစ်စရာလေးပါကွယ်××× ကိုယ့်လက်ကလေးတွေ နွေးထွေးလာတယ်××× ချစ်သူလေးရယ်×××ထွေးလှည့်ပါကွယ်။

ဒါလည်း အတွေးပါပဲ××× ရေပြင်လေးကြည့်ကာ×× သက်ပြင်းလေးတွေချ××× ကိုယ်မျှော်လင့်တဲ့ အကြောင်းတွေ××× သိများသိပါ့မလား××× သြော်..နွေဦးကဲ့သို့ရေ..တူ..တူး..တူ..တူ...တူး.. ဒါ...ဒါ..ဒါး..ဒါ့..ဒါ.. သြော်..နွေဦးကဲ့သို့ကော်ရေ×××။

ဆိတ်ငြိမ်သော၊ သာယာသော ကြည်နူးဖွယ်ကောင်းသော ထိုကဲ့သို့ကော်ပင်တန်း နေရာလေးသည် သူလို ဂီတသမားတစ်ယောက်အတွက်တော့ သင့်တင့်လျောက်ပတ်သော အရပ်ဒေသတစ်ခုဟုပင် ခေါ်ဆိုရပေမည် ဖြစ်ပါသည်။

သူ၏ သီချင်းသံနှင့် ဂီတာသံတို့သည် ပတ်ဝန်းကျင်ရှိ အရာအားလုံးတို့ကို ဆွဲယူဖမ်းစားနေသလို သူမျက်နှာလေးမှာလည်း လူသားတစ်ယောက်၏ စိတ်လွတ်လပ်ခြင်း ခံစားမှုများနှင့် အပျော်ရိပ်များသန်းလျက် ရှိနေပါသည်။

သူ့အမည်ကတော့ ဘုန်းမြင့်မိုရ်ဖြစ်ပါသည်။ ရန်ကုန်ဆေးတက္ကသိုလ် နောက်ဆုံးနှစ် ဖြေဆိုပြီး နွေကျောင်းပိတ်ရက်လေးတွင် ရန်ကုန်မြို့နှင့် အလှမ်းသိပ်မဝေးလှသော အင်းတကော်နယ်မြို့လေးရှိ မိဘများထံ ပြန်လာသည့် ဆေးတက္ကသိုလ်ကျောင်းသား ဆရာဝန်လောင်းတစ်ဦးပင် ဖြစ်ပါသည်။

သူ ဂစ်တာတီး၍ သီချင်းဆိုနေသည့်နေရာသည် ကဲ့ကော်ပင်တန်းရွာလေး၏ နာမည်အကြီးဆုံး ကဲ့ကော်မြို့ပင်တန်းဟု အမည်ပေးထားသည့် နေရာလေးပင်ဖြစ်သည်။ ထိုနေရာတွင် ကဲ့ကော်အပင်ပုလေးများ စီတန်း၍ ပေါက်နေသော လမ်းတိုလေးရှိပြီး ထိုလမ်းတိုလေး၏နောက်ဘက်၌ လက်ပံပင်အိုကြီးတစ်ပင် ရှိနေပါသည်။ ထိုအပင်အိုကြီးနောက်တွင် သစ်သားတံတားလေးရှိ၏။ ထိုသစ်သားတံတားလေးမှ တည့်တည့်ဆက်သွားပါက စိမ်းမြနေသော ကြာအင်း၊ ကြာကန်အား မေးတင်ကာ ဆောက်ထားသည့် ဧည့်ဆောင်သဖွယ် အဆောက်အအုံလေးကို တွေ့ရှိရမည်ဖြစ်ပြီး ၄င်းဧည့်ဆောင်ဘေးရှိ တံတားဘေးတွင် လှေကားလေး ရှိနေပါသည်။ ထိုလှေကားလေးမှာ ရေကန်၏ ရေစပ်အထိ ဆင်းနိုင်စေရန် ပြုလုပ်ထား၏။

တစ်စုံတစ်ရာသောအကြောင်းကို မည်သို့မျှ သိ၊ ကြားထားခြင်းမရှိ၊ သူအဖို့မှာမူ ဤနေရာလေးသည် တကယ့်ကို နေချင်စဖွယ်၊ ချစ်စဖွယ် ရှိမက်တစ်ဆန့်သောနေရာလေးဖြစ်သည်ဟုသာ ထင်မြင်မိမည်မှာ မလွဲပေ။

'ဟိတ်..ချာတိတ်၊ ဆက်ဆိုလေကွာ။ ဒီမှာ အားပေးနေတဲ့ဟာကို ဘာလို့ရပ်လိုက်တာလဲ'

အသံက သူ့နောက်ကျောဘက်ဆီမှ ထွက်ပေါ်လာခြင်းပင် ဖြစ်ပါသည်။ ချိုချိုကြည်ကြည်အသံရှင်ရှိရာ အနောက်ဘက်ဆီသို့ သူ သမင်လည်ပြန် လှည့်ကြည့်လိုက်မိရာ အနက်ခံတွင် အဝါရောင်ချိတ်ထဘီနှင့် ပိုးပျော့အဝါရောင် အင်္ကျီလေးအား ဝတ်ဆင်ထားသော ကျက်သရေအပေါင်းနှင့် ပြည့်စုံနေသည့် မမလှလှချောချောလေးကို မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရပါသည်။

သေချာသည်က သူ၏ ဂီတမိုးစက်လေးများသည် သူမ၏ (Heart) နှလုံးသားဗဟိုချက်ဆီသို့ ထိမှန်သွားလေပြီ ထင်ပါသည်။

'Sorry ပါ မမရယ်။ သီချင်းက ပြီးသွားပြီ။ ဒါနဲ့ မမက ဒီအိမ်မှာ နေတာလား'

'ဒါပေါ့'

'ကျွန်တော် တစ်ခါမှ မမြင်ဖူးပါဘူး'

'မမလည်း မင်းကို မတွေ့ဖူးပါဘူးနော်။ မင်းက ဧည့်သည်လား'

'ဆိုပါတော့၊ အဲလိုပဲပြောရမှာပဲ။ နွေကျောင်းပိတ်လို့ မိဘတွေဆီ ပြန်လာတာ ဆိုတော့လေ'

'ဒါဆိုတော့ ဧည့်သည်ပေါ့'

'ဟုတ်ပါပြီ၊ ထားလိုက်ပါတော့။ မမကရော ဒီအိမ်မှာ တစ်ယောက်တည်း နေတာလား။ မမမိဘတွေရော မမြင်ပါလား'

www.burmeseclassic.com

"မိဘတွေက ရန်ကုန်မှာ၊ ပါမလာဘူး။ မမလည်း ရန်ကုန်မှာနေတာ။ မင်းလိုပဲ နွေမို့ ကိုယ့်အိမ်လေးကိုယ် လာလည်တာလေ"

"သြော်..ဒါနဲ့ မမနာမည်က"

"ချာတိတ်နာမည်ကရော"

"ကျွန်တော့်နာမည် ဘုန်းမြင့်မိုရ်ပါ မမ"

"မမနာမည်က နွေဦးကံ့ကော်"

"ဗျာ..ဟာ့ လာနောက်နေပြန်ပြီ"

"တကယ် အတည်ပြောနေတာ။ ဘာလဲ၊ မင်း ဆိုနေတဲ့ သီချင်းထဲမှာပါနေလို့ အံ့သြသွားတယ်ပေါ့။ မှတ်ပုံတင် ပြရဦးမလား"

"တိုက်ဆိုင်သွားလို့ မမကို အားနာသွားမိတာပါ။ မရည်ရွယ်ပါဘူး။ ခွင့်လွှတ်နော်"

"ဘာအတွက်လဲ"

"မမနာမည်ပါသီချင်းကို ဆိုမိလို့လေ"

"နိုးပါ မလိုပါဘူး။ အဲဒီသီချင်းက အစကတည်းက ရှိပြီးသားပဲဟာ"

"ကျွန်တော် ပြန်ဦးမယ်။ ဒီနေရာရောက်နေတာ ကြာနေပြီ"

"မနက်ဖြန်ရော လာဦးမှာလား"

"လာမှာပေါ့။ သီချင်းဆိုပြီး ဂစ်တာတီးဖို့နေရာဆိုလို့ ဒီနေရာလေးပဲရှိတဲ့ဟာ။ မမအိမ်လေးက တကယ်ရှိမက်တစ်ဆန်တယ်ဗျာ။ တကယ်စိတ်ကူးကောင်းတယ်။ လေးစားသွားပြီ မမရေ"

"Thank you so much ပါရှင်"

"ကဲ..မမ၊ ကျွန်တော့်ကိုခွင့်ပြုဦးနော်။ see you tomorrow တာ့..တာ၊ ဘိုင့်...ဘိုင်"

"အိုကေ..ဘိုင့်..ဘိုင်ပါ မောင်လေး"

♦ ♦ ♦

သံယောဇဉ်ဆိုသည်မှာ လူတိုင်းတွင် ရှိနေတတ်ကြသည် မဟုတ်ပါလား။ သူများကို Heart ထိအောင် လှမ်းချိတ်လိုက်မိတာ ခုတော့ သူပစ်တဲ့မြား သူပြန်မှန်နေပါပြီ။

"မနက်ဖြန် လာဦးမှာလား"တဲ့။

အမျိုးအမည်မသိသော သက်ပြင်းတစ်ချက်ကို သူ ချမိလိုက်၏။ ဆေးပညာစာအုပ်တွေ၊ လူနာတွေ၊ ဆရာဝန်ကြီးတွေ၊ ပါမောက္ခတွေနှင့်သာ တစ်ရှိန်လုံး လုံးထွေးနေရသော သူ့အတွက် မွန်းကျပ်မှု၊ အဆင်မပြေမှု၊ ရှုပ်ထွေးမှု၊ စိတ်ပင်ပန်းစွာနှင့် နှမ်းလျမှု၊ အထီးကျန်မှုများ ရောပြွမ်းနေသည့် ကန္တာရထဲ၌ အိုအေစစ်လေးကို မြင်တွေ့လိုက်ရသလို ဖြစ်သွားသောကြောင့်လည်း ထိုဆုံစည်းမှုလေးအပေါ်တွင် သူ သာယာမှုရှိသွားခဲ့မိသည်ကတော့ အမှန်ပင်။

နွေဦးကံ့ကော်ဆိုသော မမလှလှလေး၏ အမိန့်အား သူ လွန်ဆန်ဝံ့သည့်ခွန်အား မရှိသည်ကပင် သူများတွေ ပြောနေကြသလို မြင်မြင်ချင်းပဲ ငြိသွားတယ်ဆိုသော အချစ်သင်္ကေတများ ဖြစ်နေလေရော့သလားဟု တွေးမိရင်းက သူ ပြုံးမိလိုက်ပါသည်။

အချစ်ဆိုတာ

အချစ်ဆိုတဲ့ စမ်းချောင်းက
ဘယ်အခါမှ မခန်းနိုင်။
အချစ်ဆိုတဲ့ အလင်းတန်းက
ဓာတ်ခဲမပါလည်း လင်းနိုင်၏။
အချစ်အတွက်ဆို
ဘယ်သမုဒ္ဒရာ ဘယ်ကမ္ဘာခြားခြား
ယာဉ်ရထားကားသို့နှယ် သွားနိုင်စွမ်းရှိ၏။
အချစ်ဆိုသော စကားက
ကမ္ဘာဦးအစကတည်းက ရှိခဲ့တော့
မရှက်လည်းပြော
ရှက်လည်းပြောတဲ့။

တစ်ချိန်တည်းမှာပင် သူ့ပန်းဒိုင်ယာရီ စာအုပ်လေးထဲတွင် သူသူငယ်ချင်းဖြစ်သူ မင်းထင်ကျော် ရေးပေးထားခဲ့သော အချစ်ကဗျာတစ်ပုဒ်အား မဆီမဆိုင် သူ ပြေးရှု့သတိရမိလိုက်ပါသည်။ ခုမှပင် ထိုကဗျာ၏ စာသားနှင့် အဓိပ္ပာယ်ကို သူ နားလည်သလို ခံစားနေမိသည်။

ထိုစဉ်အချိန်လေးအတွင်းတွင်-

"ဟိတ်..ဘာတွေများ ဒီလောက်သဘောကျပြီး ပြုံးနေတာလဲကွ။ ပျော်စရာရှိလည်း မျှဝေပေးဦးလေ"

"ကျောင်းတုန်းက သဘောကျစရာလေးကို ပြန်တွေးမိလို့ပါ။ မျှဝေတော့ ပေးချင်ပါတယ်။ ဒါပေမဲ့ ဒီမှာ ပါမလာဘူး။ ရန်ကုန်မှာ ကျန်နေခဲ့ပြီ"

"အလဲ့..ချာတိတ်က အလာကြီးပါလားကွ။ ဘာလဲ နွေရာသီကို သဘောကျတာလား။ ဒါမှမဟုတ် ရွှက်ဝါလေးတွေ လေထဲဝဲပျံနေတာကိုကြည့်ပြီး ကဗျာဖွဲ့ဖို့ တွေးနေတာလား"

"ဟာ..မမကလည်း အပြောကောင်းပဲ။ ဆရာကျတော်

www.burmeseclassic.com

www.burmeseclassic.com

နော်။ ကျွန်တော်တောင် ဒီလောက်ထိ မတွေးမိဘူး'

'ဟေ့..ဟေ့..မောင်ရင်လေး၊ မေးတာကို ဖြေပါ။ စကားလမ်းကြောင်း မလွဲပါနဲ့'

'ညော်..ဟုတ်သားပဲ။ ဟင်..ဟင်း..အမှန်ပြောရမလား'

'ပြောကြည့်လေ'

'အမှန်ပြောရရင် နွေရာသီကို ကျွန်တော် မနှစ်သက်ဘူး မမရဲ့။ ဒါပေမဲ့ အငြိုးအတေးထားပြီး မုန်းတာမျိုးတော့ မဟုတ်ပါဘူး'

သူ၏ ဇိုးဇိုးဇောက်ဇောက်လေး ပြောလိုက်ပုံကိုကြည့်ပြီး နွေဦးကံ့ကော် ပြုံးနေရာမှ ပုံစံမပျက်နေရင်း မေးလိုက်ပါသည်။

'ညော်..မထင်ရဘူးနော်။ အေးပေါ့လေ၊ ဆေးတက္ကသိုလ်ကျောင်းသား ဆရာဝန်လောင်းကြီးဆိုတော့လည်း ပုံပြင်တစ်ပုဒ်တလေတော့ ရှိနေမှာပေါ့။ ဟုတ်ဘူးလား'

'ဟ..လွဲပြီ၊ အကြီးကြီးကို လွဲသွားတာ။ အဲလိုဇယားတွေကို ကျွန်တော့်ဘဝရဲ့ Time Table ထဲမှာ အစကတည်းကကို လုံးဝမပါခဲ့တာ မမရဲ့'

'ရိုးသားတယ်ပေါ့'

'အဟင်း..ဟင်း..ဟုတ်ကဲ့ခင်ဗျ။ အားလုံးက ကျွန်တော့်ကို အဲဒီလိုပဲ ပြောကြပါတယ်'

'ကဲပါ..ဒီနေ့ရော ဘာသီချင်းဆိုဖို့ စီစဉ်ထားလဲ'

'တေးချစ်သူ တောင်းဆိုတဲ့ သီချင်းပေါ့'

သူတို့နှစ်ဦး တစ်ယောက်ကို တစ်ယောက်ကြည့်ရင်း နားမလည်နိုင်သော ပဟေဠိအပြုံးတစ်မျိုးစီဖြင့် ပြုံးမိလိုက်ကြ၏။ မည်သို့ပင်ဖြစ်ပါစေ တဒင်္ဂဆိုသော ဤအခိုက်အတန့် အချိန်လေးများကတော့ သူတို့နှစ်ဦးစလုံးအတွက် အဓိပ္ပာယ်ရှိနေခဲ့ကြသည်ပဲ မဟုတ်ပါလား။

မမြင်ရတာ×××ကြာသွားပြီ ပြန်တွေ့ရင်×××ခေါ်မှာလား×××ဟင်...မဆုံရမှာ×××စိုးထိတ်မိတယ်×××ဒီလမ်းကို ဆက်လျှောက်မဝံ့ပြီပဲ×××။

မခူးပါနဲ့လို့ အတန်တန်ပြောထား၊ မှာထားသည့်ကြားမှ၊ သူဖွတ်တိုးပြီး၊ တကယ်ခူးကြည့်မိလိုက်ပြီဗျို့။ သူ စူးဆူးခံရပါပြီ။

'ကျလိ..ကျလိ..ကျလိ'

အိပ်တန်းငှက်တို့ ဟိုမှသည်မှ အော်မြည်သံတွေကို သူကြားနေရ၏။ အချိန်က တစ်စ,တစ်စနှင့် ညနေနေဝင်ရီသို့ ယွန်းလာခဲ့ပြန်ချေပြီတည်း။

'ကဲ..ပြန်ဦးမယ်နော် မမ'

'မနက်ဖြန် မျှော်နေမယ်နော်။ လာခဲ့မယ်မဟုတ်လား'

'မသိလို့ မေးနေတာလား'

'သိတော့ သိနေတာပေါ့။ ဒါပေမဲ့ သူဖြေသံလေးကြားချင်လို့'

'ဖမ်းစားထားပြီပဲ။ ပြေးလို့မှမရတာ'

'ဟင်း..ဟင်း..ဟုတ်ပါပြီ။ ချစ်အောင်လည်း ပြောတတ်တယ်ပေါ့'

'ဟုတ်ကဲ့၊ ဒါပေမဲ့ လွမ်းအောင်တော့ မချဲ့တတ်ဘူးခင်ဗျ'

သည်လိုနှင့် သူတို့နှစ်ယောက်၏ သံယောဇဉ်နှင့် ဖွဲ့နောင်ထားသော လူမသိ သူမသိ မေတ္တာဇာတ်လမ်းလေး သီတင်း(၂)ပတ်သက်တမ်းသို့ ရောက်ရှိခဲ့ရပါပြီ။

♦ ♦ ♦

'မမ..ကျွန်တော် ခုလာမယ့်တနင်္ဂနွေနေ့မှာ ပြန်ရတော့မယ်။ စနေနေ့ လာဖြစ်အောင် လာခဲ့မယ်။ မမစောင့်နေနော်။ ကျွန်တော်တို့ စကားတွေအများကြီး ပြောကြရအောင်'

'ခုလာမယ့်လပြည့် စနေနေ့ကို ပြောတာလား'

'ဟုတ်တယ်လေ'

'အင်းပေါ့၊ လာခဲ့လေ။ ညော်..ဘာလိုလိုနဲ့ ရန်ကုန်ပြန်ရမယ့်ရက်တောင် ရောက်လာပြီကိုး။ လွမ်းကျန်ခဲ့ရတော့မှာပေါ့'

'အဲလိုတော့မပြောပါနဲ့ဗျာ။ ဖုန်းရှိနေတာပဲ contact လုပ်လို့ အချိန်မရွေးရတာပဲ မမရယ်'

သည်လိုနှင့် လပြည့်စနေနေ့သို့ ရောက်ရှိခဲ့ရပါပြီ။ ဘုန်းမြင့်မိုရ်တစ်ယောက် ခါတိုင်းတွေ့နေကျအတိုင်း နွေဦးကံ့ကော်ရှိရာ နေရာလေးအား ရောက်လာခဲ့ပါသည်။ သို့ပါသော်လည်း သူမျှော်လင့်ထားခဲ့သလို နွေဦးကံ့ကော်၏ အရိပ်ကိုပင် သူ မတွေ့ရပေ။

ထို့ကြောင့် သူ ခါတိုင်းထိုင်နေကျ လှေကားလေးနားသို့ သူထိုင်မည်အပြုတွင် ဂီးခနဲ ငှက်ဆိုးထိုးသံကို ရုတ်တရက်ကြားလိုက်ရသဖြင့် သူ ကျောချမ်းသွားရ၏။

ထိုစဉ်မှာပင်-

'ကျွတ်..ကျွတ်..ကျွတ်'

'တောက်တဲ့..တောက်တဲ့..တောက်တဲ့'

'ဂီး'

www.burmeseclassic.com

www.burmeseclassic.com

အိမ်မြောင်စုတ်သပ်သံ။ သူထိုင်နေသော လှေကားဆီမှ တောက်တဲ့အော်သံနှင့်အတူ ငှက်ဆိုးထိုးသံကိုပါ ထပ်မံကြား လိုက်ရပြန်ပါသည်။

သူနားထဲတွင်လည်း 'ပြန်..ပြန်တော့..ပြန်တော့' ဟု တစ်စုံတစ်ယောက် ပြောသံလိုလိုကို သူနားတွင် ကြားလိုက် ရ၍ သူကျောထဲ တစ်ချက်စိမ့်သွားကာ သူဦးခေါင်းကလည်း ပုတ်လောက်ကြီးသွားပြီး ဆံပင်များပါ ထောင်လာကာ သူ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထလာတော့၏။ ဘာ ရယ်တော့မသိ၊ တစ်ခုခုထူးခြားနေသည်ကတော့ အမှန်ပင်။

သူစိတ်ထဲ လေးလာသလိုရှိ၍ ထိုင်နေရာမှထကာ အရဲစွန့်လျက် အသံပြုလိုက်မိ၏။

'မမ..မမ..မမ'

သူ မည်သို့ပင် တစာစာခေါ်ကာ အသံပြုနေမိပါသော်လည်း တစ်ဖက်ဆီမှ တစ်စုံတစ်ရာ ဘာတုံ့ပြန်သံကိုမျှ ပြန်မကြားရသဖြင့် ခါတိုင်း နွေဦးကုံကော် ဆင်းလာလေ့ရှိရာ လှေကားဆီသို့ သူ ဦးတည်လိုက်စဉ်တွင် စိပ်ပုတီးကြီး လည်မှာဆွဲလျက် တုတ်ကောက်တစ်ချောင်းကို ညာလက်ကကိုင်ထောက်ရင်း တဒေါက်ဒေါက်နှင့် ထိုလှေကား ပေါ်မှ ဆင်းလာနေသော မုတ်ဆိတ်မွေးရှည်ရှည် သျှောင် တစောင်းထုံးထားသည့် ပိတ်ဖြူစင်ကြယ်နှင့် သူတော်စင် တစ်ဦးအား အံ့သြစွာ သူ တွေ့မြင်လိုက်ရပါသည်။

'ဒေါက်..ဒေါက်..ဒေါက်'

'လူလေး..လူလေး..ဘယ်သူကို ခေါ်နေတာလဲကွယ့်'

'ဟို..ဒီအိမ်ပိုင်ရှင် မမနွေဦးကုံကော်ကို ခေါ်နေတာပါ ဘဘ'

'ဒါဆိုရင်တော့ လူလေး ပြန်လိုက်ပါတော့ကွယ်။ ဒီနေ့က လပြည့်နေ့မို့ နေဝင်ရီချိန်ရောက်လာရင် ပိုဆိုးမယ်။ လူလေးက ဒီရွာသား မဟုတ်တန်ဘူးထင်တယ်။ ဒါကြောင့် ဒီနားလာလာပြီး ဂစ်တာတီး သီချင်းဆိုရင်း တစ်ယောက် ဘည်း စကားပြောပြောနေတာကို အဘတွေ့နေရတာကိုး'

'ဗျာ..မဟုတ်တာ အဘရယ်။ ကျွန်တော်တစ်ယောက် ဘည်း မဟုတ်ပါဘူး။ ဒီအိမ်က မမနဲ့ နှစ်ယောက် စကား ပြောနေတာပါဗျ'

'ဟေ..အဘအမြင်တော့ လူလေးကို တစ်ယောက် ဘည်းပဲ တွေ့နေတာ ကြာလှရှိပါပကော'

'ဗျာ'

'ဟုတ်တယ်။ ကဲ..ကဲ..လာ၊ လာ..လူလေး အိမ်ခြံ ပြင် ဟိုးကကုံကော်ပင်တန်းအောက်ရောက်မှ လူလေးကို အဘ အကြောင်းစုံ ပြောပြရတော့မှာပဲ'

ထိုသို့နှင့် သူတော်စင်ဘကြီးခေါ်ရာ ကုံကော်ပင်တန်း ဆီသို့ ဘုန်းမြင့်မိုရ် လိုက်ပါသွားခဲ့ရပါတော့သည်။

'လူလေးက ရန်ကုန်ကလား။ ဘာအလုပ် လုပ်လဲ ကွယ့်'

'ဟုတ်ကဲ့ခင်ဗျ၊ ရန်ကုန်ကပါ။ အလုပ်တော့ မဝင်ရ သေးပါဘူး။ ဆေးတက္ကသိုလ်နောက်ဆုံးနှစ် ကျောင်းသား ပါ အဘ'

'ဒါဆို ဆရာဝန်ပေါ့။ ဒါနဲ့ ဒီရွာကို ဘာကိစ္စနဲ့ လာတာ လဲကွဲ့'

'ကျောင်းပိတ်တုန်း ကျွန်တော့်မိဘတွေဆီ ခဏပြန်လာ တာပါ'

'ဆရာဝန်လုပ်မယ့်သူဆိုတော့လည်း အဘပြောပြတာ ကို လက်ခံနိုင်ပါ့မလားတော့ မသိဘူးပေါ့လေ။ ဒါပေမဲ့ ပြောစရာရှိတာတော့ လူလေးသိအောင် ပြောရမှာပဲ'

'ဟုတ်ကဲ့၊ ပြောပါခင်ဗျ'

'ဒါနဲ့ လူလေးမိဘများက ဘယ်သူတွေတုန်းကွယ့်'

'ရွာမြောက်ပိုင်းက ဦးဘဏ်နဲ့ ဒေါ်လှိုင်ပါ'

'သြော်..မောင်ဘဏ်နဲ့ မယ်လှိုင့်သားကိုး။ ဒါတောင် လူလေးမိဘများက ဒီအိမ်အကြောင်း ဘာမှမပြောပြထား ဘူးလား'

'ခဏပဲနေပြီး ပြန်မှာမို့ ပြောမပြကြတာ ထင်ပါတယ် အဘရယ်'

'အေးပေါ့လေ၊ ဒါဆိုတော့ အဘမှာ ပြောဖို့တာဝန်ရှိ သွားပြီပေါ့။ လူလေး..မင်း စောစောကပြောနေတဲ့ မမနွေဦး ကုံကော်ဆိုတာ အဘတို့ ဒီကုံကော်တောရွာထိပ်က ချောင်း အိုချောက်ကြီးထဲ ကားမှောက်လို့ ဆုံးသွားရှာတာ (၂)နှစ် တောင်ရှိပြီကွယ့်။ လူလေး ဂစ်တာသွားသွားတီးနေတဲ့ အိမ် ပိုင်ရှင်ပေါ့'

'ခင်ဗျာ'

'ဟုတ်တယ်။ ဒါကြောင့် အဘ လူလေးကို ပြောတာ ပေါ့။ လူလေးတစ်ယောက်တည်း စကားပြောပြောနေတာ အဘတွေ့တယ်လို့'

'ဟာ..ဘုရားရေ'

သူ ဘုရားတ,မိလိုက်ရပါပြီ။

'ကဲ..ကဲ..အိမ်ပြန်၊ အိမ်ပြန်တော့ လူလေး။ အိမ်က

www.burmeseclassic.com

www.burmeseclassic.com

မိဘများ စိတ်ပူနေရှာရော့မယ်'

သူ အိမ်သို့ပြန်ရောက်ချိန်တွင် ချွေးသီးချွေးပေါက်များသူ့တစ်ကိုယ်လုံး စိုရွှဲနေပြီး သူ၏ ရင်ဘတ်အစုံမှာလည်း ပြင်းထန်သော အသက်ရှူမှုကြောင့် ဖာဖိုကြီးတစ်ကောင်နှယ် ပိန်လိုက်ဖောင်းလိုက် ဖြစ်နေပါသည်။ နာခေါင်းနှင့် အသက်ရှူနေရသည်ကိုပင် အားမရသည့်အလား ကုန်းပေါ်ရောက် ငါးတစ်ကောင်ကဲ့သို့ ပါးစပ်ဟကာ အသက်ရှူနေရှာပါသည်။ သူ၏ နှုတ်ခမ်းအစုံမှာလည်း သွေးမရှိတော့သည့်အလား ဖြူဖွေးလျက် ရှိနေလေတော့၏။

'သား..လူလေး၊ မင်းနယ်ကွယ် မသေကောင်းမပျောက်ကောင်း တော်ပါသေးရဲ့။ ဘုရားသာသနာ့ဘောင်မှာ တရားအားထုတ်ပြီး အဲဒီအိမ်ကို ပရိတ်ရေဖျန်း မေတ္တာပို့ဖို့ ရောက်နေတဲ့ ဘကြီးကြိုင်နဲ့ ကြုံခဲ့လို့သာပဲ။ နို့မို့ဆို မတွေးဝံ့စရာကွယ်'

'ပရိတ်ရေမန်းလေး သောက်လိုက်ဦး လူလေး။ ဖြစ်ရတယ် လူလေးရယ်။ လူလေးအပြစ် မဟုတ်ပါဘူး။ အဖေနဲ့ အမေ မပြောမိလို့ဖြစ်ရတာ။ ကိုဉာဏ်..သားကို အပြစ်မတင်ပါနဲ့တော်။ ကျုပ်တို့ လိုတာ၊ ကျုပ်တို့မှ လူလေးကို မပြောမိတာကိုး'

'လူလေး..နေသာရဲ့လား'

'ရပါတယ် အဖေနဲ့အမေ။ ဘာမှစိတ်မပူပါနဲ့တော့။ သား သတိရှိပါတယ်။ သက်လည်းသက်သာသွားပါပြီ'

'လူလေးရယ်..ပြန်ရက်လည်း နီးနေပြီပဲ။ နောက်ဘယ်မှထွက်မလည်ပါနဲ့တော့ကွယ်။ ကဲ..ကဲ..နားနေလိုက်ဦး'

'လူလေးတို့မြို့လို မဟုတ်ဘူးကွယ့်။ ရွာဆိုတာက အဖေတို့ နေစဉ်ရှိနေတဲ့သူတွေတောင် တစ်ခါ,တစ်ခါ မျော်လင့်မထားတာတွေ ကြုံကြရသေးတာပဲ။ လူလေးလို တစ်နှစ်နေမှ တစ်ခေါက်ရောက်တဲ့သူ ပိုဆိုးတော့မှာပေါ့ကွယ်'

♦ ♦ ♦

အဖြစ်အပျက်များက တကယ်ကို မျက်လှည့်သဖွယ်ပင်။ နောက်တစ်နေ့မနက် ရွာမှလည်းနှင့် မြို့ပေါ်ရှိ ကားဂိတ်ဆီသို့ သူ ရန်ကုန်ပြန်ဖို့ထွက်အလာ ဘုရားသုံးဆူနားရှိ ကုံကော်တန်းရိပ်သို့ ဖြတ်ကျော်လာခဲ့စဉ်တွင် ဆင်လိပ်ပြာအနက်နှင့် အဝါကွက်ကြီးတစ်ကောင် သူ့စီးရာ လှည်းလမ်းကြောင်းနောက်က လိုက်လာနေပါသည်။

မကြာမီမှာပင် ထိုလိပ်ပြာကြီးသည် သူ့ရင်ဘတ်ပေါ်တွင် အတော်ကြာအောင် လာနားနေသဖြင့်-

'မမ..မမလား၊ လာနှုတ်ဆက်တာလားဟင်..မမ၊ မမသာ အမှန်ဆိုရင်တော့ ဒီလိုဘဝမျိုးမှာ နေပါနဲ့တော့ဗျာ။ ကျွန်တော်ပြုသမျှ ကုသိုလ်ဒါနအားလုံးကို မအေတွက် ပုံပြီးအမျှပေးခဲ့ပါတယ် မမ။ လွတ်ရာတျွတ်ရာကို သွားပါတော့နော်။ အမျှ..အမျှ..အမျှ..ယူပါ မမရယ်'

သူ့စကားအဆုံးမှာပင် သူ့အင်္ကျီရင်ဘတ်ပေါ်၌ နားနေသော ဆင်လိပ်ပြာကြီးသည် လူစကားနားလည်သည့်အလား ရုတ်ခြည်းဆိုသလို အတောင်ပံကိုခတ်ကာ ဘုရားသုံးဆူဘက်ဆီသို့ဝဲဝဲလျက် ပျံသန်းသွားသည်ကိုကြည့်ရင်း သူ၏ အပူမိသော နှလုံးသားအား လူမသိစေရန် အပြုံးတုများနှင့် ကာကွယ်လိုက်ရပါပြီ။

ပြောမယုံ ကြုံဖူးမှသိကြမှာပါဆိုသည့် စကားလိုပင် သူကြုံဆုံခဲ့ရသမျှတွေသည် တစ်ထောင့်တစ်ညပုံပြင်နှယ် ရင်နာရုံကလွဲ၍ ဘာမျှမတတ်နိုင်တော့သည့် မေတ္တာဓာတ်လမ်းလေးဖြစ်နေသဖြင့် အားလုံးကို သူ စွန့်လွှတ်ခဲ့လိုက်ရပါပြီ။

သြော်..လူဘုံလောကတွင် ဆန်းကြယ်လွန်းလှသည့် ဂမ္ဘီရမာယာများကား များလှပါဘိတော့၏။ သို့ပါ၍ သူလိုလက်တွေ့ကျကျ ဆရာဝန်လောင်းတစ်ဦးအား သူ မမြင်ဖူးသော ဂမ္ဘီရကြိုးလေးဖြင့် လှလှပပ ကပြသွားခဲ့သော နွေဦးကုံကော်ဆိုသူ မမလှလှလေးကိုတော့ သူ့ဘဝတွင် ဘယ်သောအခါမျှ မေ့ပျောက်ပစ်နိုင်စွမ်းရှိလိမ့်မည် မဟုတ်ပါတော့ချေ။

နွေဦးကုံကော်များ××× ဒီအချိန်လေးတိုင်းမှာ×××ကိုယ်သတိရစရာတွေ×××မမ့ဘူး သိရဲ့လား××× ဝါရွေနုပွင့်ဖြူ××× ရင်ထဲလိုင်ခုန်သွား စကားလေးပြောသလိုပဲ××× သူကိုယ့်နား ရောက်လာပြီးတော့ ကပ်ထိုင်သွားသလိုပဲ××× သိများသိပါ့မလား××× ကိုယ်မျှော်လင့်တဲ့ အကြောင်းတွေ××× သြော်..နွေဦးကုံကော်ရေ×××

မည်သို့ပင်ဆိုပါစေ သူနားထဲမှာတော့ နွေဦးကုံကော်ဟူသည့် တေးသံလေးက ပျံ့လွင့်ဆဲပင်။ ဝေး၍ မည်သို့ပင် ကျွန်နေစေကာမူ သူ့နှလုံးသားလေးထဲမှာတော့ ထာဝရ နီးကပ်လျက်ရှိနေပေတော့မည်သာ ဖြစ်ပါတော့သည်။

စာချစ်သူများအားလုံး ဂမ္ဘီရဗဟုသုတများ ပြည့်ဝကြပါစေ။

အင်ကြင်းမွှေး(နေပြည်တော်)

www.burmeseclassic.com

www.burmeseclassic.com

သျှင်ရဲထွင့်

(တောင်စွန်း)

အမှောင်ထဲက လက်မည်းကြီး

"ဟဲ့ကောင်မတွေ..ဟီမနေကြနဲ့။ စောစောစီးစီး စားသောက်ပြီး တပိုတပါးသွားစရာရှိ သွားကြ၊ တံခါးတွေ စောစောပိတ်ပြီး အိပ်ကြတော့။ နင်တို့လင် လက်မည်းကြီး လာနှိုက်လို့ ဟုတ်ပေဖြစ်ကုန်မယ်"

ခုတလော ရွာထဲမှာ လက်မည်းကြီး သတင်းကြီးနေသည်။ ကြောက်စရာကောင်းလှပါဘိ။ ညအခါ အမှောင်ထဲမှ လက်မည်းကြီးနှစ်ဖက် ပေါ်လာကာ လူတွေကို ဆွဲတတ်သည်တဲ့။ အရီးသောင်းခင်သမီး ငွေရီတစ်ယောက် လက်မည်းကြီးနဲ့တွေ့ပြီး သတိလစ်သွားလို့ မနည်းနာနပ်ယူရတယ်။ ဒါကြောင့် သစ်တိုကျွန်းတစ်ရွာလုံး မိုးချုပ်တာနဲ့ မီးခွက်တွေမှုတ်ပြီး တိတ်ဆိတ်ငြိမ်သက်နေတော့တယ်။

သူများတွေ ဘယ်လောက်ကြောက်ကြောက် တင်ရွှေကတော့ မကြောက်ရေးချ မကြောက်။ ဘယ်ကြောက်လိမ့်မတုံး။ ဒီကောင်က စောရနက္ခတ်နဲ့ယှဉ်ပြီး မွေးလာတဲ့ကောင်။ သူခိုးဖြစ်မှာကြောက်လို့ ဖအေက သူများအိမ်ကထင်းတစ်ချောင်းခိုးပြီး မွေးမွေးချင်း ယတြာချေပေးတာတောင် မခိုးရရင် မနေနိုင်လို့ ရွာလှည့်ပြီး ကြက်၊ ဘဲကအစ အနည်းဆုံး စလောင်းဖုံးပဲ့လေးဖြစ်ဖြစ် ခိုးလိုက်ရမှ နေသာထိုင်သာ ရှိတယ်။

တစ်နေ့ အုံကာလညတစ်ညမှာ တင်ရွှေတစ်ယောက် အရီးလေးသောင်းခင်တို့အိမ်အောက် ကြက်ခြံဘေးမှာ ကြက်ခိုးဖို့ ရောက်နေတယ်။ လူတွေအိပ်လို့ လူခြေတိတ်သော် ကြက်ခြံကာတဲ့ဝါးတွေ အသာဖြုတ်၊ အိပ်တန်းပေါ်က ကြက်တွေ တစ်ကောင်ပြီးတစ်ကောင် ပလိုင်းထဲ ကောက်ထည့်

www.burmeseclassic.com

လိုက်တာ သုံးကောင်တောင်ရှိပြီ။ သူ ကြက်ခိုးပုံက ဖြထားတဲ့ အပေါက်ကနေ လက်လွှဲပြီး အိပ်တန်းကို ကုပ်ထားတဲ့ ကြက်ရဲ့ ခြေချောင်းတွေကြားထဲကို လက်ညှိုးထိုးထည့်လိုက်တယ်။ ဒီတော့ ကြက်က လက်ညှိုးပေါ်ကို အိပ်တန်းအမှတ်နဲ့ ပြောင်းသွားတယ်။ လက်ညှိုးပေါ်ရောက်လာတဲ့ ကြက်ကို အသာဆွဲယူပြီး အပြင်ရောက်တာနဲ့ လည်လိမ်ချိုးပြီး ပလိုင်းထဲ ကောက်ထည့်လိုက်တယ်။ ကြက်ဟာ အသံတောင်မထွက်နိုင်ရှာဘဲ အသက်ထွက်သွားရှာတယ်။

ဒီလိုနဲ့ နောက်ဆုံးတစ်ကောင်ကို အယူမှာ-

'အမေကြီးငွေရီ..ရှူးပေါက်ချင်လို့ အဖော်လိုက်ပေးပါ'

'ဟယ်..ဒီကောင်မလေး၊ အိပ်ကောင်းတုန်း လုပ်ပြီ။ ခဏအိပ်ခင် ရေတွေ နင်းကန်သောက်တာကိုး။ ..လာ..ဒီအပေါက်ကပဲ သွားလိုက်တော့'

အိပ်ကောင်းတုန်း ခေါ်နှိုးနေတဲ့ ထွေးထွေးကို မထချင်ထချင်နဲ့ ငွေရီ သေးတည်တယ်။ နောက်ဖေးကိုသွားဖို့ ပျင်းဘာနဲ့ အိမ်ပေါ်မှာ အမှိုက်ပစ်ဖို့ဖောက်ထားတဲ့ မလွယ်ပေါက်ကလေးက ပျဉ်ချပ်ကို ဖွင့်ပေးလိုက်တယ်။ အပေါက်က တင်ရွှေ ခေါင်းတည့်တည့်မှာ။ နေရာရွှေ့ဖို့ ဖမ်းထားတဲ့ ကြက်ကို မလွတ်ဘဲ ဆုပ်ထားရင်း လက်ကို ဆွဲထုတ်တာရော ညပ်နေတာနဲ့ လက်တစ်ဖက်က အမှိုက်ပစ်ဖို့ အချိန်မရတော့ဘူး။ ဒါကြောင့် အပေါက်ထဲကို လက်ချောင်းထိုးထည့်ပြီး ယောင်ယမ်းပြီး တားလိုက်မိတယ်။

'အောင်မယ်လေး..လက်မည်းကြီးတော့၊ လက်မည်းကြီး'

အပေါက်က ထိုးထွက်လာတဲ့ ရေနံချေးတွေ မည်းပြောင်နေတဲ့ တင်ရွှေရဲ့ လက်မည်းကြီးကိုမြင်ပြီး ငွေရီ အသံကုန် ကုန်းအော်ရင်း မျက်ဖြူလန်ပြီးလဲကျကာ သတိမေ့မြောသွားတယ်။ အိမ်သားတွေ နိုးလာကြပြီး သတိလစ်နေတဲ့ ငွေရီကို ဝိုင်းပြုစုနေကြတုန်း သူလည်း တစ်ချိုးတည်း သုတ်ခြေတင်တော့တယ်။

♦ ♦ ♦

နောက်နေ့မနက် လက်မည်းကြီးရဲ့သတင်း ရွာနီးချုပ်စပ် ပျံ့နှံ့သွားတယ်။ လူတွေ ကြောက်လေလေ တင်ရွှေက တော့ အကွက်ဆိုက်လေလေပဲ။ လက်မည်းကြီးကို ကြောက်လို့ လူတွေ၊ အိမ်တွေကို ပြုပြင်ဖာထေးကြတယ်။ မတ်စေ့လောက် အပေါက်တောင် မချန်ဘူး၊ အကုန်ပိတ်ပဲ။ အိမ်ပေါ်ကနေ အိမ်အောက်ကို ခြေထောက်တောင် တွဲလွဲချပြီး မထိုင်ရဲကြဘူး။ မိုးချုပ်တာနဲ့ တစ်ရွာလုံး နေဝင်မီးငြိမ်းပြီ။

'ရွာထဲမှာ လက်မည်းကြီး သောင်းကျန်းနေလို့ သူကြီးက တစ်အိမ်တစ်ယောက် အလှည့်ကျ ကင်းစောင့်ရမတဲ့ကိုတင်ရွှေရေ'

ဘေးအိမ်က ဟင်းရွက်သည် မတရုတ်မက စွေးရောင်းရင်း ကြားခဲ့သမျှ တင်ရွှေကို ဖောက်သည်ပြန်ချသည်။

'ငါ သိပြီးသား။ ဘာကြောက်ရမလဲ၊ ပျင်းတောင် ပျင်းသေးတယ်'

သူများတွေလို ပြူးတူးပြဲတဲများ ဖြစ်သွားမလားထင်ပြီး သတင်းဦးသတင်းထူးဆိုပြီး ပြောလိုက်မှ စပ်ဖြဲဖြဲ လုပ်ပြနေတဲ့ တင်ရွှေကို မတရုတ်မ မကျေမချမ်းဖြစ်သွားတယ်။

'တော်က စပ်ဖြဲဖြဲလုပ်နေ၊ တော့်လိုပဲ မကြောက်ဘူးဆိုတဲ့ ကိုရင်သိန်းမောင်တောင် ညက လက်မည်းကြီး နားရင်းအုပ်သွားလို့ လန့်ပြီး ဖျားနေပြီ'

'ဟေ..ဘာဖြစ်လို့လဲ'

'ညတုန်းက ကိုသိန်းမောင် လုံတစ်ချောင်းနဲ့ လက်မည်းကြီးကိုချောင်းရင်း ကုလားထိုင်ပေါ်မှာ တစ်ချက်ကလေး ငိုက်သွားတုန်း လက်မည်းကြီးက သူ့ကို နားရင်းအုပ်ပြီး ငန်းတစ်ကောင် ဆွဲသွားတယ်'

'ဟင်..အဲဒါ ငါ..ငါ..မဟုတ်..ဟုတ်..ဖူး..ဖရု'

အဲဒါ ငါမဟုတ်ဘူးလို့ ပြောအံ့ဆဲဆဲ ပါးစပ်ကို လက်ဝါးနဲ့ အချိန်မီအုပ်ရင်း တင်ရွှေ မျက်လုံးတွေ ပြူးသွားတယ်။

'ဟင်း..ဘာအခုမှ ကြောက်ပါပြီလဲ။ ရှင်လည်း ဘယ်တော့ နားရင်းအုပ်ခံထိမလဲဆိုတာ စောင့်ကြည့်လိုက်ဦး'

မတရုတ်မက မကျေမချမ်းနဲ့ မျက်စောင်းတစ်ချက်ပစ်ပြီး ဘောက်ဆတ်ဆတ်နဲ့ ဟင်းရွက်တောင်းကိုရွက်ပြီး ထွက်သွားတာကိုကြည့်ရင်း တင်ရွှေ အတွေးတွေ ချာချာလည်ကုန်သည်။ လုပ်မိလုပ်ရာ လုပ်ရာက လူတွေကြောက်မှ ခိုးရဝှက်ရလွယ်ဆိုတဲ့အကြံနဲ့ သူလက်မည်းကြီးနဲ့ခြေးကပြီး ခိုး

www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည်မှာမှန်သော်လည်း ကိုရင်သိန်းမောင်ကို နားရင်းအုပ်သွားသူမှာ သူ,မဟုတ်။ ထိုညက သူ အိမ်မှာပင်ရှိနေသောကြောင့်ဖြစ်သည်။

'တောက်..ငါ့လက်မည်းကြီးကို ခုတုံးလုပ်ပြီး တစ်ယောက်ယောက်က ရောချသွားတာပဲ ဖြစ်မယ်'

ဒီလိုစည်းမထားတဲ့ သူခိုးမျိုးကို သူ လုံးဝလက်မခံ။ သူဟာ စောရန်ကွတ်နဲ့ယှဉ်ပြီး မွေးလာလို့ မွေးရာပါဇီဇအရ ခိုးနေဒုက်နေပေမယ့် သူတစ်ပါး စီးပွားပျက်လောက်အောင် စီးပွားဖြစ်ခိုးတာ မဟုတ်။ ခိုးတတ်တာကို လူသိပေမယ့် တစ်ခါမှ လက်ပူးလက်ကြပ်မမိတော့ ဘယ်သူမှ မစွပ်စွဲရဲကြဘူး။ အခုတော့ သူ့ပိုင်နက်ထဲမှာ သူ့ဇာတ်လမ်းထဲက လက်မည်းကြီးကို ခွင့်ပြုချက်မရဘဲ ရောယောင်ပြီး ပုံတူကူးချသွားတာကြောင့် သူ လက်ပိုက်ကြည့်မနေနိုင်တော့။ ဒီလို နယ်စည်းမခြောက်တဲ့သူခိုးကို ပြတ်ပြတ်သားသား ဖော်ထုတ်အရေးယူဖို့ သူ သန္ဓိဋ္ဌာန်ချထားလိုက်လေသည်။

♦ ♦ ♦

လက်မည်းကြီးဟာ ညစဉ်ရက်ဆက်လိုလို သောင်းကျန်းနေတဲ့အတွက် ရွာသားတွေ အထိတ်တလန့် ဖြစ်နေတယ်။ တစ်နေ့က ကင်းသမားတွေ ည,ည ဆာရင်စားဖို့ ချက်ထားတဲ့ ကြက်သားဟင်းအိုးထဲက ဟင်းတွေ နှိုက်သွားလို့တဲ့။ အိမ်ထရံပေါက်က ရုတ်တရက်ထိုးထွက်လာတဲ့ လက်မည်းကြီးကိုတွေ့ပြီး တချို့ လန့်ဖျား,ဖျားကြသည်။ ထိုကိစ္စကို ဖြေရှင်းဖို့ မတတ်နိုင်၍ သူကြီးဦးသာဒွန်း ဦးနှောက်တွေ ခြောက်နေသည်။

'ဒီလိုအစွမ်းထက်တဲ့ သူခိုးဟာ ဘယ်သူဖြစ်နိုင်သလဲ မောင်ထိန်'

'တင်ရွှေပဲပေါ့။ ဒီကောင်က စောရန်ကွတ်နဲ့ ယှဉ်မွေးတဲ့ ကောင်လေ'

ဆယ်အိမ်ခေါင်း မောင်ထိန်က သူကြီးကို မျက်နှာလို မျက်နှာရနှင့် ပြန်ဖြေလိုက်သည်။

'ဒါဆို ဒီကောင်ကိုပဲ ကျော်စောမှုနဲ့ လုံခြုံရေးအရ ထိန်းသိမ်းထားရမယ်'

ကံဆိုးသူ တင်ရွှေခမျာ သူကြီး၏ ထိတ်တုံးခတ်ထားခြင်း ခံရလေသည်။

'ဘုရားစူးရစေရဲ့၊ ဒီကိစ္စ ကျွန်တော် မဟုတ်ပါဘူး သူကြီးရယ်'

'ဟုတ်ဟုတ်,မဟုတ်ဟုတ် မင်းကို ဒီည စောင့်ကြည့်ရမယ်။ ဒီည လက်မည်းကြီးပေါ်လာရင် မင်းမဟုတ်တာ သေချာတယ်။ မလာရင်တော့ မနက်ဖြန် မင်းကို ဌာနကို ပို့မယ်'

တင်ရွှေ မျက်နှာမသာမယာနှင့် လက်မှိုင်ချသွားသည်။ လက်မည်းကြီး ဒီည လာပါစေလို့သာ ဆုတောင်းမှ ရတော့မည်။ ထိတ်တုံးခတ်ထားတဲ့အတွက် သူမှာ တစ်ညလုံး လှည့်မရ ပြုမရနဲ့ အနေခက်လှသည်။ ကျောတွေ၊ ပေါင်တွေ၊ ခြေသလုံးတွေတောင့်ပြီး ဘေးတွေနံတွေပါ အောင့်ကုန်သည်။ လက်မည်းကြီးအလာကိုမျှော်ရင်း မိုးသောစင်စင်လင်းသွားသည်၊ ထိုညက လက်မည်းကြီးကား ပေါ်မလာခဲ့ချေ။

'ဟင်း..ဒီတစ်ည ဒီဘဝနဲ့ ထပ်နေရဦးမှာပါကလား'

သက်ပြင်းကို ဟင်းခနဲချကာ နောင် ခိုးစားဖို့ပင် စိတ်ကုန်သွားသည်။ ဒုတိယညတွင်လည်း ကာယိကဒုက္ခတွေကို ကြိတ်မှိတ်ခံစားရင်း မှေးခနဲ အိပ်ပျော်သွားလေသည်။

'ဗျို့..သူကြီး၊ လှရှိန်တို့အိမ်က ဝက်သားဟင်းတစ်အိုး လုံး လက်မည်းကြီး ခိုးသွားလို့တဲ့'

ဆယ်အိမ်ခေါင်း မောင်ထိန်တို့ကင်းအဖွဲ့ ဆူဆူညံညံနဲ့ ဝင်လာတဲ့အတွက် သူ လန့်နိုးသွားသည်။ လက်မည်းကြီးဟူဆိုသဖြင့် ဝမ်းသာအားရ ထခုန်မိမလို ဖြစ်သွားပေမယ့် သူ့ခြေထောက်တွေ ထောက်၍မရ။

'လက်မည်းကြီးက လျင်လိုက်တာလွန်ရော။ အစတောင် ရှာမရဘူး'

'ဘယ်လိုဖြစ်သလဲဆိုတာ ပြောပါဦး မောင်ထိန်ရာ'

'ရွာထဲမှာ ဝက်ပေါ်လို့ နှစ်ပိသာဝယ်ပြီး မလုံးကာ ချက်ထားတယ်။ ဟင်းအိုးကို ပြတင်းပေါက်နားက စားပွဲပေါ် တင်ထားတယ်။ အိပ်ပျော်နေတုန်း တံခါးဖွင့်သံလို့လိုကြားလို့ မီးခွက်ထွန်းပြီး ထကြည့်တော့ ပြတင်းပေါက်က လက်မည်းမည်းကြီးနှစ်ဖက် ထွက်လာပြီး ဟင်းအိုးကို မ,သွားတယ်ဆိုပဲ'

'တော်တော်အတင့်ရဲတာပဲ။ ဒါ တင်ရွှေ မဟုတ်တာတော့ သေချာပြီ'

'ဟဲ..ဟဲ..ဟဲ..ကျွန်တော်က အသားဖြူတော့ လက်ဖြူနေတာ အသိသာကြီး။ ဒါဆို ထိတ်တုံးဖြုတ်ပေးတော့ဗျာ။ ညောင်းနေပြီ'

'နေစမ်းပါကွာ။ ညကြီးမင်းကြီး မင်းက တစ်ယောက်မှ မနက်မှ အေးအေးဆေးဆေး ပြန်ပေါ့ကွာ'

www.burmeseclassic.com

အေးအေးဆေးဆေးဟုဆိုကာ သူကြီး အိမ်ပေါ်တက်သွားသည်။ သူမှာတော့ မအေးနိုင်၊ စိတ်ပျက်လက်ပျက်နှင့် ခင်းထားသော ကောက်ရိုးမွေ့ရာပေါ် လဲချရင်း မိုးအလင်းကို စောင့်ရပြန်လေသည်။

♦ ♦ ♦

ဒီညတော့ သူ ဒီသူခိုးကို အဓိဖမ်းရမည်။

အ,ကာလညာ၏ အမှောင်ထုကို အကာအကွယ်ပြုရင်း ရွာထဲသို့ သူ ထွက်လာခဲ့သည်။ လမ်းကြိုလမ်းကြားပါ မကျန် အိမ်ပေါက်စေ့ကို ကုပ်ချောင်းချောင်းနဲ့သွားရင်း အိမ်အောက်တွေကို အသေအချာကြည့်သည်။ သူတို့ရဲ့ သူခိုးမျက်လုံးက သာမန်လူတွေထက် အမြင်အာရုံပိုကောင်းသည်။ အကောင်မတွေ့တာတောင် အာရုံက သိနေသည်။ ဒီလိုနဲ့ ရွာတောင်ပိုင်းက သက်ဦးတို့အိမ်ရှေ့အထိ ရောက်လာပြီး အိမ်အောက်ကို စေ့စေ့စပ်စပ်နဲ့ မျက်လုံးကစား လိုက်တော့ လား‥လား‥ကြက်ခြံဘေးမှာ လူတစ်ယောက် ပါလား။

အိမ်အောက်တွင် လူတစ်ယောက် ငုတ်တုတ်ကြီးထိုင်နေသည်ကို သူတွေ့လိုက်သည်။ သူတစ်ယောက်တည်း ဖမ်းလို့မဖြစ်။ ကင်းသမားတွေ သွားခေါ်မှ။ သက်ဦး အိမ်ရှေ့မှ အသာလစ်ထွက်ခဲ့ပြီး ကင်းသမားတွေကို ခေါ်ခဲ့သည်။

အိမ်ပတီပတ်လည် နေရာယူကြပြီးနောက်-

'ဟေ့‥သက်ဦး၊ ထစမ်းပါဦး။ မင်းအိမ်အောက်မှာ သူခိုးကပ်နေတယ်။ ဘာမှမကြောက်နဲ့။ တို့ဝိုင်းထားပြီးပြီ။ ခြံတံခါးလာဖွင့်'

အိပ်မှုန်စုံမွှားနဲ့ လုံတိုတစ်ချောင်းကိုင်ကာ သက်ဦး ဆင်းလာပြီး ခြံတံခါးလာဖွင့်ပေးသည်။ တင်ရွှေနဲ့ မောင်ထိန်က လက်နှိပ်မီးတဝင်းဝင်းထိုးကာ ခြံထဲသို့ခုန်ဝင်ပြီး သူခိုးကို ရှာသည်၊ မတွေ့။

'ဟေ့‥လက်မည်းကြီး၊ မင်းကို တို့ဝိုင်းထားလိုက်ပြီ။ မင်း ပြေးစရာလမ်း မရှိတော့ဘူး။ ထွက်ပြေးဖို့ မကြိုးစားနဲ့။ အဖမ်းခံလိုက်ပါ'

'ဘုတ်‥ဘုတ်‥ဘုတ်‥ဘုတ်'

အော်ပြောနေတုန်း ပြေးလွှားလာသံကြား၍ လှည့်ကြည့်လိုက်သည်။ လူရိပ်တစ်ခုသည် လျင်မြန်သောအဟုန်ဖြင့် သူတို့အနီးမှဖြတ်ကာ လူတစ်ရပ်ခန့်မြင့်သော ခြံစည်းရိုးကို လွှားခနဲခုန်တက်သွားသည်ကို ရိပ်ခနဲ မြင်လိုက်ရသည်။ ဝိုင်းတားသူများ အံ့အားသင့်နေကြစဉ်ပင် လမ်းမအတိုင်း မြောက်ဘက်သို့ ထွက်ပြေးသွားလေသည်။

'ဟေ့ကောင်တွေ‥ဘာကြောင်နေကြတာလဲ။ မင်းတို့ ပထွေးက မြောက်ပိုင်းကို ပြေးသွားပြီ။ လိုက်ကြပါတော့လား'

သတိပေးသံကြားမှပင် လူအုပ်ကြီး ညာသံပေး၍ မြောက်ပိုင်းသို့ ဆက်လိုက်ကြသည်။ ပုဏ္ဏရိုက်ချုံတန်းတစ်ခုအနီးအရောက်တွင် ရှေ့မှသူခိုး ရုတ်တရက်ပျောက်သွားသည်။ ထိုနေရာတွင်ရပ်ကာ လူအုပ်ကြီး ဆူညံစွာရှာဖွေနေကြသည်။

'ဒီကောင် ဘယ်နည်းနဲ့မှ ရွာတန်းရှည်ကြီးအတိုင်း မြောက်ပိုင်းကို ပြေးမှာမဟုတ်ဘူး။ ရွာပြင်နဲ့နီးတဲ့ အနောက်ပိုင်းကိုချိုးပြီး ဖောက်ထွက်မှာ ကျိန်းသေတယ်။ လာကွာ၊ တို့နှစ်ယောက် အနောက်ပိုင်းဘက်ကို ပန်းပြီးလိုက်ရအောင်'

သူခိုးအချင်းချင်းဆိုတော့ မြွေမြွေချင်း ခြေမြင်ဆိုသလို ထိုသူခိုး၏အထာကို သူ ကောင်းကောင်းသုံးသပ်နိုင်သည်။ အနီးရှိ ဖိုးကောက်နှင့်အတူ အနောက်ပိုင်းသို့ ဖြတ်လမ်းမှ လိုက်ကြသည်။

'ဘုတ်‥ဘုတ်‥ဘုတ်‥ဘုတ်'

'ဟော‥ရှေ့မှာ တွေ့လား။ ဟိုက မည်းမည်း,မည်းမည်းနဲ့ ပြေးနေတာ သူခိုးပဲ။ ငါ ဆက်လိုက်သွားမယ်။ မင်းတို့လူတွေကို ပြန်လှည့်ခေါ်ချေ'

ဖိုးကောက်ကို ပြန်လွှတ်ပြီး သူတစ်ဦးတည်း ဆက်လိုက်သွားသည်။ သူခိုးက ရွာပြင်ရှိ ဆေးဆရာကြီး ဦးဘသောင်ပိုင် ခြံဥယျာဉ်ထဲသို့ ဝင်သွားပြီး သစ်ဆိမ့်ပင်ကြီးအောက်တွင် ပျောက်သွားသည်။

သစ်ဆိမ့်ပင်အောက်၌ သူခိုးကို ရှာဖွေနေစဉ်-

'ဖြောင်း'

'အား'

ဇက်ပိုးကို နောက်ကနေအုပ်တာ ခံလိုက်ရသဖြင့် သူ ရှေ့ကို နှစ်လှမ်း,သုံးလှမ်းခန့် စိုင်းသွားသည်။ သို့သော် သတိရှိသူပီပီ အနောက်သို့ အမြန်ပြန်လှည့်ကာ သူခိုး၏ မျက်နှာကို လက်နှိပ်မီးဖြင့်ထိုးရင်း လက်တစ်ဖက်က ကိုင်ထားသောဝါးခွန်ဖြင့် ရွယ်လိုက်စဉ် မီးရောင်အောက်တွင် ပီပီပြင်ပြင် မြင်လိုက်ရသော သူခိုး၏မျက်နှာကြောင့်-

'ဟာ‥မင်း‥မင်း‥မဲ‥မဲလုံး‥မဲလုံး၊ မဲမဲလုံး‥လုံး'

ဝါးခွန်နှင့် ဓာတ်မီးပါ လက်ထဲက လွတ်ကျသွားကြောင်း အားအင်ကုန်ခန်းသည့် လူမမာလို မြေကြီးပေါ် ပုံ့ခနဲလေး

www.burmeseclassic.com

www.burmeseclassic.com

ကျကော သူ သတိလစ်မေ့မြောသွားလေသည်။

♦ ♦ ♦

အိမ်ရောက်တော့ တင်ရွှေ သတိရသော်လည်း ငူတူတူ ငေါင်တောင်တောင် ဖြစ်နေသည်။ ဘာကိုမှမေးရှဲမရတော့။ ပရိတ်ရေတွေဖျန်း၊ ရေမန်းတွေတိုက်ကြသော်လည်း မထူးခြား။ အတိတ်မေ့သူပမာ မျက်လုံးအကြောင်သားနှင့် ငေးနေသည်။ ရွာထဲက ဆေးထိုးဆရာကိုတင်အောင် ဆေးလာထိုးပေးပြီးနောက် သူ အိပ်ပျော်သွားလေသည်။ အိပ်ရာကနိုးတော့ ပုံမှန်အခြေအနေ ရောက်သွားသော်လည်း တစ်စုံတစ်ရာကို ကြောက်ရွံ့နေပုံရသည်။

'တင်ရွှေ..မင်း သတိကောင်းကောင်းရပြီ မဟုတ်လား။ သူခိုး ဘယ်သူလဲ၊ ငါ ချက်ချင်းဖမ်းပြီး ဌာနအပ်မယ်'

သူခိုးနာမည်ပြောဖို့ ဆွံ့အနေသဖြင့် သူကြီးဦးသာဒွန်း စိတ်မရှည်တော့တဲ့အတွက်-

'မင်း မပြောဘူးမဟုတ်လား။ ကိစ္စမရှိဘူး။ သူခိုး မပေါ်မချင်း မင်းကို ထိတ်တုံးခတ်ထားရမှာပဲ'

ထိတ်တုံးဟူသော အသံကြားမှ တင်ရွှေ မျက်လုံးပြူးသွားသည်။

'ဟာ..မလုပ်ပါနဲ့ သူကြီးရယ်။ ပြော..ပြောပါ့မယ်။ ညက ကျွန်တော်တွေ့ခဲ့တာ မဲလုံးကိုပါ'

'မင်း ငါ့ကို ပေါက်တတ်ကရတွေနဲ့ လာမဖြီးနဲ့။ ဒီကောင် လွန်ခဲ့တဲ့လေး,ငါးနှစ်က သစ်ပင်ပေါ်ကကျပြီး သေ

ပြီပဲ။ ကယောင်ကတမ်းနဲ့ လာပြောနေတယ်။ ထိတ်တုံးစာ မိချင်ပြီထင်တယ်'

'ဟုတ်ပါတယ် သူကြီးရယ်။ မဲလုံးက ကျွန်တော့်သူငယ်ချင်း အရင်းကြီးပါ။ မမှတ်မိဘဲ နေပါ့မလားဗျာ'

'သူပြောတာ ဖြစ်နိုင်တယ် သူကြီး၊ မဲလုံးက မကျွတ်ဘူးဗျ။ သူ သစ်ပင်ပေါ်ကကျတဲ့နေ့က ခြံပိုင်ရှင်ဆရာကြီးဦးဘသောင်နဲ့အတူ အဲဒီခြံထဲမှာ ကျူပ်ရှိနေတယ်။ တစ်ဖက်ခြံက ဘုတ်ခနဲ အသံကြီးနဲ့အတူ ခြံရှင်မယ်ခရဲ့ အော်သံကြောင့် ကျူပ်တို့ရောက်သွားတော့ မဲလုံးကို တည်းခိုအောက်မှာ ခွေခွေလေးလဲနေတာကိုတွေ့တယ်။ ဒါနဲ့ မယ်ခရဲ့တည်းသီးကောက်နေတဲ့ ကလေးတွေကို မဲလုံးကိုသယ်ခိုင်းရွာထဲသွားပြီး လူခေါ်ခိုင်းလိုက်တယ်။ ကျူပ်တို့နှစ်ယောက် မဲလုံးကို ပြေးပွေ့လိုက်တော့ မဲလုံး အသက်မရှိတော့ဘူး။ အဲဒီအချိန်မှာ ဦးဘသောင်က မဲလုံးခေါင်းက ဆံပင်လေး၊ ငါးချောင်းလောက် နုတ်ယူပြီးတော့ ဟော့ကောင် မဲလုံး--မင်း ဘယ်မှမသွားရဘူး။ ငါ့နောက်ကိုလိုက်ခဲ့လို့ ပြောလိုက်တယ်။

မဲလုံးအလောင်းကို လာသယ်သွားကြပြီးမှ ကျူပ်လည်း နားမလည်လို့ ဆရာကြီးကို မေးကြည့်တော့ ဆရာကြီးက မဲလုံးကို ခိုင်းစားမလို့ ခေါ်ခဲ့တာကွ။ ဒီကိစ္စ ဘယ်သူမှ မပြောနဲ့။ ပြောရင် ငါ မင်းဆီကို မဲလုံးကို လွှတ်ပေးလိုက်မယ်။ ငါ့အတွက် ဒီလိုအခွင့်အရေးမျိုးရဖို့ မလွယ်ဘူးကွလို့ ပြောတယ်။

ကျူပ်လည်း ကြောက်ကြောက်နဲ့ ရေငုံနေလိုက်တယ်။ ဆရာကြီးက သစ်ဆိမ့်ပင်ကြီးအောက်မှာ မဲလုံးကို နေရာပေးပြီး တစ်လကို အမဲသားတစ်ပိဿာကျွေးတယ်။ သူ ဆေးကုတဲ့အခါ၊ ဗေဒင်တွက်တဲ့အခါ၊ ဟောပြောတဲ့အခါ သူ့ကို မဲလုံးက ကူညီရတယ်တဲ့'

ရွာမိရွာဖ ဦးဖိုးနှင်းခိုင်က သူကြီးကို ပြောပြလိုက်တယ်။

'ဒါဖြင့် ဘာဖြစ်လို့ ခုမှ သောင်းကျန်းရတာလဲဗျာ'

'လွန်ခဲ့တဲ့တစ်လကျော်က ဆရာကြီးဦးဘသောင် ဆုံးသွားတယ်လေ။ အဲဒီတော့ သူ့ကို အချိန်ကျရင် ကျွေးမွေးမယ့်သူလည်း မရှိ၊ ထိန်းချုပ်မယ့်သူလည်း မရှိတော့ စားနိုင်သောက်ဖို့ ရွာထဲဝင်ပြီး သောင်းကျန်းတော့တာပေါ့'

'ဒီကောင်ကွာ၊ စားစရာလိုရင် ပူးကပ်ပြောပြီး မဟောင်းစားဘဲ ခြောက်လှန့်ရတယ်လို့'

www.burmeseclassic.com

'ဒါက ဒီလိုပါ သူကြီး၊ အမှန်အတိုင်းပြောရင် ကျွန်တော့်ကို ထိတ်တုံးမခတ်ပါနဲ့ဗျာ'

တင်ရွှေက သူ အရီးလေးသောင်းခင်အိမ်မှာ ကြက်ခိုးရင်း မရည်ရွယ်ဘဲ လက်မည်းဖြစ်သွားရပုံကို အစမျိုးပြီး 'လူတွေ ပိုကြောက်သွားအောင် တစ်ရက်၊ နှစ်ရက်တော့ လက်ကို အိုးမည်းနဲ့ ဆီသုတ်ပြီး ဖွားစောတို့အိမ်မှာ ကြက်သွားခိုးတယ်။ လမ်းမှာ ကျွန်တော့်နောက်ကို တစ်ယောက်ကပ်ပြီး လိုက်လာသလိုလို ခံစားရတယ်'

'ဒါပေါ့၊ သူ မင်းကိုတွေ့တော့ သူသူငယ်ချင်းဆိုပြီး နှုတ်ဆက်ဖို့ရာ မရတော့ မင်းနောက် တကောက်ကောက် လိုက်ကြည့်နေတာ ဖြစ်မှာပေါ့'

'ဘုရားရှိခိုးနေတဲ့ ဖွားစောရှေ့က ထရံပေါက်ကနေ လက်မည်းကြီးကို ပြလိုက်တော့ ဖွားစော သတိလစ်လဲကျသွားတယ်။ ထူးဆန်းတာကတော့ အိမ်ရောက်တော့ ကျွန်တော် ခိုးလာတဲ့ ကြက်သုံးကောင်က တစ်ကောင်ပျောက်နေတာပဲ။ နောက်ပိုင်းခိုးမှုတွေက မဲလုံးလက်ချက်ချည်းပါပဲ'

'ဒါဆို မဲလုံး မနှောင့်ယှက်အောင် ဘယ်လိုလုပ်ကြမလဲ'

'ရပါတယ် သူကြီးရယ်၊ သူ့ကို ဖိတ်ကြားပြီး သူ့အတွက် ကောင်းမှုကုသိုလ်တွေပြုလုပ်ပြီး အမျှပေးဝေလိုက်တာပေါ့။ ဆိုင်ရာပိုင်ရာတွေကိုလည်း သူ့ကို နေရာပြောင်းပေးဖို့ မေတ္တာရပ်ခံလိုက်ပေါ့။ သူ့ကိုလည်း ရွာကို မနှောင့်ယှက်ဖို့ မေတ္တာရပ်ခံပြီး ရွာထဲမှာ ပရိတ်ကမ္မဝါတွေ ရွတ်ဖတ်ရမယ်။ အိမ်တိုင်းမှာ ပရိတ်ရေ၊ ပရိတ်သဲတွေ ဖျန်းပက်ဖို့ အစီအစဉ်တွေ လုပ်ကြတာပေါ့ဗျာ'

ဦးဘိုးနှင်းခိုင် အကြံပေးသည့်အတိုင်း ဆောင်ရွက်ကြပြီးတဲ့နောက်မှာတော့ အမှောင်ထဲမှ လက်မည်းကြီးလည်း ရွာထဲကို မလာတော့ပေ။ မဲလုံးတစ်ယောက် အနှောင့်မှ လွတ်ပြီး အကျွတ်တရားရသွားသလား ဆိုတာကိုတော့ မည်သူမှ မသိကြ။ တင်ရွှေကတော့ အကျွတ်တရားရသွားတာ အမှန်ပင်။ သူ နောက်နောင် သူတစ်ပါးပစ္စည်းကို ဘယ်တော့မှ ခိုးတော့မည်မဟုတ်ချေ။ တကယ်ပင် သတိသံဝေဂရသွား၍လော၊ သူကြီး၏ ထိတ်တုံးကို ကြောက်၍လော ဆိုတာကို တင်ရွှေမှတစ်ပါး ဘယ်သူမှ သိနိုင်မည်မဟုတ်ချေ။

သျှင်ရဲထွဋ်(ဒေါင်စွန်း)

ဂမ္ဘီရ ဆရာလှမျိုး (B.Sc) (လယ်/ပြ၊ ငြိမ်း)

ဓအောင်ကောင်းမြ(သာကေတ)

ကြီတိုင်းဓအောင် ဓဗဓင်ဓဟာဓန်းနှင့် နဝင်းယဘြောဓတ်နန်းမှ (၃)ဓနှသားသမီးတို့၏ စီးပွားဓရး၊ လူမှုဓရး၊ အိမ်ထောင်ဓရး၊ ကျန်းမာဓရး၊ ဓဈေးဓရး၊ ပညာဓရး၊ ဓဓကြွေးကိစ္စ၊ ဓတိုက်ဓစ် ရန်ဓဓနှာက်ဓယှက် ကိစ္စဓဝဝဓတွက် ဓစွမ်းထက် နဝင်းဓဘတ်ယဘြာ၊ ကံပွင့်လာဓပွင့်၊ ဓန္တရာယ်ကင်း ဓစီဓရင်မှုး၊ (လက္ခဏာဓစ်ဓဆး၊ ထီဂဏန်းဓရွေး၊ ဓကြိုးဓပးဓဆောင်နှင့် ဓလုပ်၊ ဆိုင်လုပ်ဓန်း၊ ကဓလးဓမည်ဓပးခြင်း) တစ်နှစ်တာ ဓဆောင်ရန်၊ ဓရှောင်ရန် ဓဟာဓာဓမ်းဓရးဓပးခြင်းတို့ကို ဓထူး ဓဆောင်ရွက်ဓပးပါသည်။ နယ်မှ ဓဟာဓာဓမ်းမှာပါက ဥာဏ်ပူဓဇော်ဓ (၁၀၀၀)ကျပ် ကြိုတင်ဓပးပို့ပါ။

ဖေါဓန်းလိပ်စာ – (၁၇) အောင်သပြေအနောက် (၁)လမ်း၊ (၇) အရှေ့ရုပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

• ၀၉ ၄၂၀၀ ၄၇၈၆၉

(အဝေးမှ လာရောက်ပါက ကြိုတင်ဖုန်း ဆက်သွယ် ရက်ချိန်းယူပါ။)

လမ်းညွှန် – ၃၅၊ ၆၅၊ ၃၂၊ ရွှေည့်သည်(၂)၊ ၄၈၊ ၁၇ အထူး၊ ၁၇၃၊ ၂၁၆၊ ၄၆(စိမ်း)၊ ၁၈၁၊ ၁၄၆၊ ၁၀၄၊ ၁၀၇၊ ၈၉၊ တာမွေ-ကျောက်တန်း ကားများစီး ၈ ဝိတ်မှတ်တိုင်ဆင်း၊ ၃၄၊ ၆၂ စီး ဓမ္မာရုံမှတ်တိုင်ဆင်းပါ။

ဓနေ့စဉ် - နံနက်(၈)နာရီမှ (၂)နာရီအထိ (ဗုဒ္ဓဟူးနေ့တိုင်း နားသည်)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

'ဆရာတော်ဘုရား..ဟာ..နင်ကလည်း တိတ်စမ်းပါ။ ဒီမှာ ငါ ခေါ်ပေးနေတာပဲဟာ'

'ဟီး..ဟီး..ဟီး..ဟီး'

'ဟဲ့..ဘယ်သူတွေတုံး။ ဆူညံလို့'

'တပည့်တော် ညိုတုတ်ပါဘုရား။ ဒီမှာ'

'ဟီး..ဟီး..ဟီး'

'ဟာ..တိတ်ပါတော့ဆို။ ဟိုမှာ ဆရာတော် ကြွလာနေပြီ'

'ညိုတုတ်..ဘာတွေဖြစ်လာတာလဲ။ ဟဲ့..ဟိုနောက်က ဘယ်သူတုံး'

'ဟို..ရွာထဲက ကောင်မလေးတစ်ယောက်ဘုရား။ သူက ဟို..ဟို..'

'ဟီး..ဟီး..ဟီး..ဟီး'

ရွာဦးကျောင်းဆရာတော်သည် လှေကားထိပ် ကျောင်းဘံခါးဝတွင်ရပ်ရင်း ဝမ်းနည်းပမ်းနည်း ငိုနေသည့် မိန်းကလေးကို မျက်မှောင်ကြုတ်၍ ကြည့်နေလိုက်သည်။ အငို သံသွားမှ လှမ်းမေးလိုက်လေသည်။

'ဟဲ့..ဒကာမလေး၊ ဘာလျှောက်ချင်လို့တုံး'

'ဟင့်..ဟင့်..အဖေ သေတော့မှာမို့ လိုက်ကြည့်ပေးပါဘုရား'

'ဟေ..ဟဲ့..ဗိန္ဓောဆရာအောင်မြိုင်ကို အရင်သွားပင့်လေ။ ဘယ့်နယ် ငါ့ဆီ..'

'ဟီး..ဆရာ အိမ်မှာ ရှိတယ်ဘုရား၊ သူက ခိုင်းလိုက်လို့ လာရတာပါ'

'ဟင်..ဒါနဲ့ နေပါဦး၊ နင်က ဘယ်သူသမီးများလဲ'

'ဟို..ဟို..ရွာတောင်ဖျားက အောင်ဒိုင့်သမီးပါဘုရား'

'ဟေ'

ရွာဦးကျောင်း ဆရာတော်သည် ထို'ဟေ'တစ်လုံးကြောင့် နှုတ်တွန့်သွားရလေသည်။ အနီ အောင်ဒိုင်ဆိုသူက ရွာကျော်ရပ်ကျော် လူမိုက်တစ်ယောက်။ သောက်တော်ကူး ကိုယ်နှင့်မကွာသော ဇနီးသမားကြီး။ ဖဝိုင်းတကာ ယုံရမ်းတတ်သူ။ သူ မပါသည့်ကြက်ပွဲ မရှိ။ လူရိုက်ရလား လက်က ယဉ်ပြီးသား။ အညာတက်၍ ဓားပြပင်ကိုက်ခဲ့ဖူးသည်ဟု သဲသဲကြားဖူးသည်။

ဥပုသ်သီလစောင့်ခြင်းသည် အောင်ဒိုင်နှင့် လားလားမျှမဆိုင်။ ရွာဦးကျောင်းဝိုင်းအတွင်းသို့ ခြေချဖူးခြင်းပင်မရှိ။ ဆရာတော်၏ ဆိုဆုံးမကို ခံရန်မဆိုထားဘိ ဆရာတော်၏ အရိပ်ကို မြင်သည်နှင့် ဘယ်ပျောက်သွားမှန်း မသိတော့။ ယခု အနီလူမိုက်ကြီး၏ နောက်ဆုံးအချိန် ရောက်နေပြီထင့်။ ထို့ကြောင့်ပင် ဗိန္ဓောဆရာက မိမိကို ပင့်ခိုင်းလိုက်ပုံရသည်ဟု ဆရာတော်သည် တသီတတန်းကြီး တွေးလိုက်မိလေသည်။ မည်သို့ပင်ဖြစ်စေ လူတစ်ယောက် ဘဝကူးကောင်းရန် သွားကူညီရပေမည်။ ဆရာတော်သည် သင်္ကန်းကို ပြင်ရုံလိုက်ရင်း ပြောလိုက်တော့သည်။

'ကဲ..ကဲ..လာ..သွားကြစို့'

♦ ♦ ♦

ဆောင်းဦးလေအေးက တသုန်သုန်တိုက်ခတ်လျက်ရှိသည်။

ရွာဦးကျောင်းဆရာတော်သည် ရွာလယ်လမ်းမအတိုင်း ခပ်သုတ်သုတ် ကြွလှမ်းသွားခဲ့သည်။

ထို့နောက် ရွာတောင်ပိုင်းသို့သွားသည့် လမ်းအတွင်းသို့ ချိုးကွေ့ဝင်လိုက်သည်။ လမ်းက တဖြည်းဖြည်း ကျဉ်းမြောင်းလာသည်။ အိမ်ခြေကလည်း ကျဲပါးလာသည်။ နောက်ဆုံးတွင် ရွာစွန်ရှိ အိမ်ဝိုင်းအတွင်းသို့ ဝင်သွားခဲ့လေသည်။

ဒေသခလေ့အတိုင်း ဆောက်ထားသည့် ခြေတံရှည် အိမ်က အိုဟောင်းနေလေပြီ။ ဆရာတော်သည် ယိုင်နဲ့နဲ့ ဝါးလှေကားအတိုင်း သတိဖြင့် တက်သွားပြီး အိမ်တွင်းသို့ လှမ်းဝင်လိုက်သည်။

အောင်ဒိုင်သည် အိမ်ထောင့်တစ်ထောင့်ရှိ ဖျာကြမ်းပေါ်တွင် ပက်လက်လဲနေသည်။ ၄င်း၏ဇနီးနှင့် ကလေးငယ်နှစ်ယောက်တို့က မလှမ်းမကမ်းတွင် မျက်နှာငယ်ကလေးများဖြင့် ထိုင်နေကြသည်။

ဗိန္ဓောဆရာအောင်မြိုင်သည် လူနာဘေးမှ ထလာကာ လက်အုပ်ချီရင်း ခရီးဦးကြိုလိုက်သည်။ ဆရာတော်သည် အောင်ဒိုင်အနီးသို့ သွားထိုင်ကာ အကဲခတ်လိုက်လေသည်။ အောင်ဒိုင်၏ မျက်နှာက ပြာနှမ်းနေသည်။ နှုတ်ခမ်းများကမည်းနေသည်။ အသက်ရှူနေပုံက ဖုတ်လှိုက်,ဖုတ်လှိုက်။ ဇီဝိန်ချုပ်တော့မည်ဖြစ်ကြောင်း ဆရာတော် သိလိုက်လေသည်။

သို့ဖြင့် ဗိန္ဓောဆရာကို လှည့်ကြည့်လိုက်သည်။ ဗိန္ဓော ဆရာသည် ခေါင်းခါပြရင်း ရှေ့သို့တိုးကာ အောင်ဒိုင်မ လက်ကောက်ဝတ်သွေးကြောကို စမ်းလိုက်သည်။ ပြီးလျှင်

www.burmeseclassic.com

နောက်ပြန်ဆုတ်ရင်း မတိုးမကျယ် လျှောက်ထားလိုက်လေသည်။

'မရှိတော့ဘူးဘုရား။ ဆုံးသွားပြီ'

အောင်ဒိုင်၏ ဇနီးနှင့် သမီးတို့၏ ငိုသံများ စီခနဲထွက်လာခဲ့သည်။ ဆရာတော်သည် တရားစကား တစ်ခွန်းတစ်လေမျှ မမြွက်လိုက်ရသဖြင့် စိတ်မကောင်း ဖြစ်သွားမိသည်။ သတ္တဝါတစ်ခု ကံတစ်ခုပေပဲဟု နှလုံးသွင်းကာ ထပြန်ရန် ပြင်လိုက်သည်။

'ဟင်..ဟာ..ဆရာတော်ဘုရား၊ ဟို..ဟိုမှာ ကြည့်ပါဦးဘုရား'

အောင်ဒိုင်၏ဇနီးသည် အငိုရပ်ကာ ရုတ်တရက်ထအော်လိုက်လေသည်။ ထပြန်ရန်ပြင်နေသည့် ဆရာတော်လည်း လှမ်းကြည့်လိုက်မိသည်။ အိပ်ရာထက်တွင် ငုတ်တုတ်ထထိုင်နေသည်က အောင်ဒိုင်။ မီးခွက်ရောင်မှိန်မှိန်အောက်တွင် မျက်လုံးကြီးများ အပြူးသားဖြင့် နှလုံးတုန်ဖွယ်ကောင်းလှသည်။

ရွာဦးကျောင်း ဆရာတော်သည် ရုတ်တရက်မှင်တက်မိသွားသည်။ အောင်ဒိုင်ကို စောင့်ကြည့်ရင်း အကဲခတ်နေခဲ့သည်။ သွေးရိုးသားရိုးလား၊ ဖုတ်ဝင်သွားသည်လား ဝေခွဲနေခြင်းဖြစ်သည်။

အောင်ဒိုင်ကလည်း မျက်လုံးများ ပုတ်ခတ်လျက် အံ့သြဟန်ဖြင့် ပြန်ကြည့်နေလေသည်။

ဗိန္ဓောဆရာအောင်မြိုင်သည် အောင်ဒိုင့်အနီးသို့ ပြေးထိုင်ကာ သေချာစွာ ကြည့်လိုက်သည်။ ထို့နောက် ဆရာတော်ဘက် လှည့်၍ လျှောက်လိုက်လေသည်။

'ဒီကောင့်လက်မောင်း ဒဏ်ရာက သွေးတွေ စီးကျနေတယ်ဘုရား။ ဒါကြောင့် သွေးပြန်လည်ပြီး အသက်ပြန်ရှင်လာတာ။ တော်တော်ကံကောင်းတဲ့ကောင်။ တပည့်တော် တစ်ခါမှ မမြင်ဖူးဘူးဘုရား'

'ဟော..ဆန်းကြယ်လိုက်တဲ့ ကံတရားပါကလား။ အေး..အေး..သူ့ကို ဝိုင်းပြုစုလိုက်ကြဦး။ မနက်ဖြန်မှ ငါကြွလာခဲ့မယ်'

♦ ♦ ♦

နောက်နေ့တစ်ရက်တည်းပင်မကပေ။

ရွာဦးကျောင်း ဆရာတော်သည် ဆွမ်းခံကြွရင်း အောင်ဒိုင်ကို နေ့စဉ် ဝင်ကြည့်ခဲ့သည်။ ပထမနှစ်ရက်လုံး အောင်ဒိုင် မှိန်းနေသည်နှင့် ကြုံခဲ့ရသည်။ တတိယမြောက်နေ့တွင်လည်း ထုံးစံအတိုင်း ကြွဝင်သွားခဲ့ပြန်သည်။

'ကြွတော်မူပါဘုရား'

အောင်ဒိုင်သည် အိမ်အောက်ဘက်ရှိ ကွပ်ပျစ်ပေါ်တွင် ဆင်းထိုင်စောင့်နေခဲ့သည်။ ဆရာတော် လှမ်းဝင်လာစဉ် ထရပ်လျက် လက်အုပ်ချီရင်း ခရီးဦးကြိုလိုက်ခြင်း ဖြစ်သည်။

ဆရာတော်သည် ကွပ်ပျစ်ထိပ်တွင် ဝင်ထိုင်လိုက်သည်။ အောင်ဒိုင်ကလည်း မြေကြီးပေါ်တွင် ဒူးတုပ်ထိုင်ရင်း လျှောက်ထားလိုက်လေသည်။

'အရင်နေ့တွေက တပည့်တော် မထနိုင်လို့'

'ရတယ်,ရတယ် ဒကာကြီး။ သက်သာသလိုသာ နေပါ'

'တပည့်တော် ဆိုးခဲ့တေခဲ့၊ မိုက်ခဲ့ပါတယ်ဘုရား။ တစ်ဘဝလုံး ဘုရားမှေ၊ တရားမှေနဲ့ အရှင်ဘုရားတို့ကိုလည်း အလေးထားရကောင်းမှန်း မသိခဲ့ဘူး။ တပည့်တော်..တပည့်တော် ငရဲကို ပြန်မသွားချင်ဘူးဘုရား။ ကယ်တော်မူပါဦး'

အောင်ဒိုင်သည် စကားဆုံးလျှင် တစ်ကိုယ်လုံးတုန်ကာ မျက်ရည်များ စီးကျလာခဲ့လေသည်။ ဆရာတော်က မျက်မှောင်ကြုတ်၍ကြည့်ရင်း မိန့်လိုက်သည်။

'ဒကာ့စကားက အဆန်းသားပါလား။ ဘာကိုလျှောက်ထားချင်တာလဲ၊ ရှင်းစမ်းပါဦး'

'တင်ပါ့ဘုရား၊ ဟိုနေ့က ကြုံခဲ့ရပုံတွေကို လျှောက်တင်ပြခွင့်ပြုတော်မူပါ'

'အေး..အေး..အခု ငါက ဆွမ်းခံကြွရင်း ဝင်လာခဲ့တာ။ နေ့ခင်းကျမှ ကျောင်းကို လာလျှောက်ကွာ'

'တင်ပါ့၊ တပည့်တော် လာခဲ့ပါ့မယ်ဘုရား'

♦ ♦ ♦

ထိုနေ့လယ်ခင်းအချိန် ရွာဦးကျောင်းတွင်ဖြစ်သည်။

အောင်ဒိုင်သည် ကျောင်းပေါ်ထပ်သို့ လှေကားထစ်တစ်ထစ်ချင်း ဖြည်းညင်းစွာ တက်သွားခဲ့သည်။ ထို့နောက် ဘုရားကျောင်းဆောင်ရှေ့သို့သွားကာ ဦးသုံးကြိမ်ချလိုက်သည်။ ပြီးလျှင် ဆရာတော်ထိုင်သည့်ခုံရှေ့ မလှမ်းမကမ်းတွင် သွားထိုင်စောင့်နေခဲ့လေသည်။

ထိုစဉ် ကျောင်းသားကြီးတစ်ယောက် တက်လာပြီး ဆရာတော်၏ အခန်းဝအနီးသို့သွားကာ လျှောက်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ဆရာတော်ဘုရား.. ဦးအောင်ဒိုင် ရောက်နေပါပြီ ဘုရား'

တစ်မိနစ်ခန့်အကြာတွင် အခန်းတံခါး ပွင့်သွားကာ ဆရာတော် ထွက်ကြွလာခဲ့သည်။ ထို့နောက် ခုံတွင် ဝင်ထိုင်ရင်း အောင်ဒိုင်ကို လှမ်းမေးလိုက်လေသည်။

'ဒကာကြီးဝေဒနာ သက်သာရဲ့မဟုတ်လား'

'မှန်လှပါ။ တစ်ချက်,တစ်ချက် မောရုံပါပဲဘုရား'

'အေး..အေး..ဟဲ့ အောင်ဖြိုး၊ ဒကာကြီးအတွက် ရေတစ်ခွက် သွားခပ်ခဲ့'

မလှမ်းမကမ်းတွင် ထိုင်နေသည့် ကျောင်းသားကြီးသည် ထိုင်နေရာက ထထွက်သွားသည်။ ဆရာတော်သည် အောင်ဒိုင်ကို လက်ယပ်ခေါ်ရင်း မိန့်လိုက်သည်။

'ကဲ..ဒကာကြီး၊ ရှေ့တိုးပြီး လက်ဖြန့်ပေး'

ဆရာတော်သည် ထိုင်ခုံဘေးရှိ စားပွဲပေါ်က ပုလင်းငယ်တစ်လုံးအား ဆွဲယူဖွင့်လိုက်သည်။ ထို့နောက် နိနီရဲရဲ ဆေးမှုန့်များအား အောင်ဒိုင်၏လက်အတွင်း ထည့်ပေးလိုက်လေသည်။

'အဲဒီသွေးဆေးကို ရေနဲ့သောက်လိုက် ဒကာကြီး'

အောင်ဒိုင်သည် ကျောင်းသားကြီး ခပ်ပေးလာသည့် ရေနှင့် သောက်ချလိုက်လေသည်။ ဆရာတော်သည် အောင်ဒိုင်ကို စောင့်အကဲခတ်ပြီးမှ မိန့်လိုက်သည်။

'ကဲ..အမောပြေရင် ဒကာကြီး လျှောက်ချင်တယ်ဆိုတာ လျှောက်ပေတော့'

'တင်ပါဘုရား..တပည့်တော် အဲဒီနေ့က တော်တော် ထူးဆန်းတာနဲ့ ကြုံခဲ့ရပါတယ်။ နေ့ခင်းဘက်ကြီး မူးမူးနဲ့ ပြန်လာပြီး အိမ်ပေါ်ကို ဘယ်ကဘယ်လို ရောက်သွားမှန်းမသိဘူးဘုရား။ အိပ်ရာထဲ ပစ်လဲချလိုက်ပြီး တော်တော်ကြာတော့ လန့်နိုးလာခဲ့ရတယ်။ အသက်ရှူလို့လည်းမဝ၊ ရေကလည်းငတ် တပည့်တော် ငေါက်ငမ်းထုတ်လိုက်လို့ အိမ်မှာလည်း တစ်ယောက်မှ မရှိကြဘူး။ ဒီလိုနဲ့ အိမ်အောက်ကို ဆင်းသွားခဲ့တယ်။ အမူးကလည်း မပြေတပြေနဲ့ လှေကားက ပြုတ်မကျအောင် သတိထားဆင်းခဲ့တာပါပဲဘုရား'

အောင်ဒိုင်သည် ရင်မောသွားဟန်ဖြင့် ခေတ္တနားလိုက်ပြီးမှ ဆက်လျှောက်ခဲ့လေသည်။

'အဲ..အဲဒီလိုနဲ့ အောက်ဆုံးလှေကားထစ်ကလည်း ဆင်းလိုက်ရော တစ်ကိုယ်လုံး ကျွံကျသွားတော့တယ် ဘုရား။ အဲဒီနေရာမှာ ကြွက်တွင်းတောင် မရှိပါဘူး။ ဒါပေမဲ့ မှောင်မည်းနေတဲ့ တွင်းကြီးထဲကို ကျွမ်းပြန်ကျသွားလိုက်တာ အကြာကြီးပါပဲ။ နောက်ဆုံး တန့်ခနဲဖြစ်သွားပြီး အခန်းကြီး တစ်ခန်းထဲ ရောက်သွားတယ်ဘုရား။

အခန်းပတ်ပတ်လည်မှာ နီရဲနေတဲ့ မီးတောက်ကြီးတွေ ဝိုင်းနေတာ မြင်လိုက်ရပါတယ်။ ကြောက်ကြောက်လန့်လန့်နဲ့ ဟိုသည်လှည့်ပတ်ကြည့်လိုက်မိတယ်။ ဒီတော့မှ ပလ္လင်ကြီးပေါ်မှာထိုင်ပြီး တပည့်တော်ကို စိုက်ကြည့်နေတဲ့ လူကြီးတစ်ယောက်ကို တွေ့လိုက်ရတော့တယ်။ သူ့ဘေးမှာလည်း အရပ်ခုနစ်ပေလောက်မြင့်တဲ့ အစောင့်ကြီးနှစ်ယောက် ရပ်နေကြတယ်ဘုရား။

အဲ..အဲဒီတော့မှ တပည့်တော်သေပြီး ငရဲပြည်ရောက်နေမှန်း သိလိုက်ရတော့တယ်။ ကြောက်လွန်းလို့ အသံကုန်အော်လိုက်မိတာပေါ့ဘုရား။ ဒါပေမဲ့ ဘာအသံမှ ထွက်မလာခဲ့ပါဘူး။ တစ်ကိုယ်လုံးလည်း တဆတ်ဆတ်တုန်လာတော့တယ်။ နောက်ဆုံးမှာ လှည့်ပြေးဖို့ပြင်လိုက်တုန်း ငရဲထိန်းတစ်ယောက်က ပခုံးနှစ်ဖက်ကို ဖိချလိုက်တာ ဒူးထောက်လျက်သား ကျသွားခဲ့တယ်ဘုရား'

ဆက်တိုက်ပြောလိုက်သဖြင့် အောင်ဒိုင်တစ်ယောက် မောသွားပုံရသည်။ ရှေ့တွင်ချထားသည့် ခွက်အတွင်းက လက်ကျန်ရေကို ကောက်သောက်လိုက်ပြီးမှ ဆက်လျှောက်ခဲ့သည်။

'တပည့်တော်လည်း ကြောက်လွန်းလို့ မျက်စိစုံမှိတ်ထားလိုက်တုန်းမှာပဲ မင်းကို အခု လူပြည်ပြန်ခွင့်ပေးလိုက်မယ်။ ဒါပေမဲ့ အဲဒီမှာ သုံးလနေပြီးရင် ပြန်လာမယ်လို့ ကတိပေးရမယ်လို့ ပလ္လင်ပေါ်က လူကြီးက အသံသြကြီးနဲ့ ပြောလိုက်တယ်ဘုရား။ တပည့်တော်လည်း ပေးပါတယ်။ ကတိပေးပါတယ်။ အခု ပြန်လွတ်ပေးပါလို့ အသံကုန်ပြန်အော်ပြောလိုက်မိတယ်။ အော်လည်းပြီးရော ဖျတ်ခနဲ အသိပြန်ဝင်လာပြီး ကြည့်လိုက်တော့ အိပ်ရာပေါ်မှာ ထိုင်လျက်သားဖြစ်နေတယ်။ ဘေးနားမှာလည်း ဆရာတော်ဘုရားနဲ့ ဆရာအောင်မြိုင်တို့ ရပ်နေကြတာကို တွေ့လိုက်ရတာပဲဘုရား။

အဲ..အဲဒါ တပည့်တော် ငရဲပြည် တကယ်ရောက်သွားခဲ့တာလားဘုရား။ အိပ်မက်ဆိုးမက်ခဲ့တာ မဟုတ်ဘူးလား တပည့်တော် ကြောက်တယ်ဘုရား။ ပြန်မသွားပါရစေနဲ့ ကယ်တော်မူပါဦးဘုရား'

www.burmeseclassic.com

www.burmeseclassic.com

အောင်ဒိုင်သည် ပြောနေရင်းက တဆတ်ဆတ်တုန်လာပြီး မျက်ရည်များ စီးကျလာခဲ့လေသည်။ ဆရာတော်သည် အောင်ဒိုင်ကို ကရုဏာသက်စွာ ကြည့်လိုက်သည်။ ထို့နောက် ချင့်ချင့်ချိန်ချိန်ဖြင့် မိန့်ကြားလိုက်လေသည်။

'အင်း..ဒကာကြီးက မူးမူးရူးရူးနဲ့အိပ်ပြီး သွေးလေဖောက်ပြန်လို့ အိပ်မက်ဆိုး မက်ခဲ့တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ဒါပေမဲ့ အဲဒါ ဒကာကြီးကို သတိပေးတာပဲလို့ မှတ်လိုက်လေ။ ငရဲဆိုတာ အကုသိုလ်သူ့ဌေးတွေ စံမြန်းရာဘုံပဲ ဒကာကြီးရဲ့။ ခုကစပြီး ပြင်လိုက်တော့။ မသောက်နဲ့၊ မရိုက်နဲ့။ ငါးပါးသီလ လုံအောင်ထိန်း။ ဒါမှ ငရဲနဲ့ဝေးရမှာ'

အောင်ဒိုင်သည် လက်အုပ်ချီလျက် ဆရာတော်ကို အားကိုးတကြီး မော့ကြည့်လိုက်သည်။ ထို့နောက် ဦးသုံးကြိမ်ချပြီး ပြန်လျှောက်လိုက်လေသည်။

'တင်ပါ့ဘုရား၊ တပည့်တော်ပြင်ပါ့မယ်လို့ ကတိပေးပါတယ်။ တပည့်တော်အိမ်ကိုလည်း ဆွမ်းခံကြတော်မူပါ'

'သာဓု..သာဓု..သာဓု..ကဲ..အောင်ဖြိုး။ ဒကာကြီးကို ကျောင်းဝထိ လိုက်ပို့လိုက်'

♦♦♦

နောက်တစ်နေ့ ဆွမ်းခံကြချိန်။

အောင်ဒိုင်သည် လှေကားနှင့် မလှမ်းမကမ်းတွင် ရုပ်လျက်ရှိသည်။ လူတစ်ယောက်က လှေကားရင်းတွင် မြေစာခံနှင့် ကျောက်စရစ်ခဲများပုံကာ သစ်သားဘုဖြင့် ရိုက်သိပ်နေလေသည်။ ထိုစဉ်တွင် ရွာဦးကျောင်းဆရာတော် ကြွလာပြီး ကွပ်ပျစ်ပေါ်တွင် ဝင်ထိုင်လိုက်သည်။ အောင်ဒိုင်က အသင့်ခူးထားသည့် ဆွမ်းနှင့် ဆွမ်းဟင်းများကို လောင်းလှူလိုက်သည်။ ဆရာတော်သည် ဆုပေးလိုက်ပြီးနောက် ဆက်၍မေးလာခဲ့သည်။

'ဒကာကြီး..ဘာတွေ အလုပ်ရှုပ်နေရတာတုံး'

'ဩော်..ဟို တပည့်တော် ကျွဲကျဘွားတဲ့နေရာကို မြေသားမာအောင် ထပ်ဖို့ခိုင်းနေတာပါဘုရား'

'အင်း..တယ်လည်း ဥပါဒါန်ကြီးသကိုး။ အေး..အေး'

ဆရာတော်သည် ထိုမျှသာမိန့်ပြီး ပြန်ကြွသွားလေသည်။ မည်သို့ပင်ဆိုစေ အောင်ဒိုင်တစ်ယောက် အပြောင်းလဲကြီး ပြောင်းလဲသွားသည်ကတော့ အမှန်ပင်။ သူ၏ဘဝကို တစ်ဆစ်ချိုး လှည့်ပစ်လိုက်လေသည်။ အရက်ကို လုံးဝ ကျောခိုင်းလိုက်သည်။ ဖဲဝိုင်းနှင့် ကြက်ပွဲဟူသည့် အသံများကိုပင် မကြားလိုတော့။ မိသားစုကိုလည်း သမ္မာအာဇီဝအလုပ်များဖြင့် အကြွေးပြန်ဆပ်ခဲ့သည်။

သူသည် ဥပုသ်သီတင်းပတ်တိုင်း ရွာဦးကျောင်းသို့ သွားကာ သီလခံယူစောင့်ထိန်းခဲ့သည်။ ရွာ၏ သာရေးနာရေးနှင့် လူမှုရေးများတွင် စိတ်ရောကိုယ်ပါ အားထည့်၍ ဝိုင်းကူညီခဲ့သည်။ သူ၏မိသားစုသာမကဘဲ တစ်ရွာလုံး အံ့သြဝမ်းသာလျက် ရှိကြလေသည်။

♦♦♦

နောက်သုံးလခန့် ကြာခဲ့ပြီးနောက်-

သင်္ကြန်အကြိုနေ့မတိုင်မီ တစ်ရက်တွင် ဖြစ်သည်။ အောင်ဒိုင်သည် သင်္ကြန်တွင်း ဒုလ္လဘရဟန်းဝတ်ရန် ဆုံးဖြတ်ခဲ့လေသည်။ ထို့နေ့ ညနေစောင်းတွင် ရွာလယ်ခမ္မာရုံဘက်သို့ ထွက်ခဲ့သည်။ စုပေါင်းရဟန်းခံပွဲကိစ္စ စည်းဝေးပွဲတက်ရန် ဖြစ်လေသည်။

သူသည် မီးထွန်းချိန်လွန်သည်အထိ အိမ်သို့ ပြန်မရောက်လာခဲ့ပေ။ ဇနီးဖြစ်သူသည် လည်တဆန့်ဆန့် ဖြစ်နေခဲ့သည်။ ထိုစဉ် ခြံဝက အော်ခေါ်သံ ကြားလိုက်ရလေသည်။

'မိနှင်း..ဟေ့ မိနှင်း၊ လာပါဦးဟ'

လှေကားထိပ်က ထွက်ကြည့်လိုက်ရာ အောင်ဒိုင်အား လူတစ်ယောက်က တွဲခေါ်လာသည်ကို တွေ့လိုက်ရသည်။ အိမ်အောက်သို့ ခပ်သုတ်သုတ် ဆင်းသွားခဲ့သည်။ မျက်နှာစိမ်း ဧည့်သည်နှင့် အောင်ဒိုင်တို့သည် လှေကားရင်းတွင် ယိမ်းထိုးနေကြလေသည်။

'ဟဲ့..မိနှင်း၊ ငါ့ကိုတောင် မမှတ်မိတော့ဘူးလား။ ထွန်းအံ့လေဟာ'

'ဟယ်..ဟုတ်ပါ့၊ တူပါတယ်လို့ ကြည့်နေတာ။ ဒါက ဘယ်လိုဖြစ်လာရတာတုံး'

'အေး..ငါ ခွင့်နဲ့ ပြန်လာတာဟာ။ နင်တို့အိမ်ဘက် ထွက်လာတုန်း ရွာလယ်မှာ ဒီကောင်ကြီးနဲ့ တွေ့ပြီး..'

'ဟင်း..ထုံးစံအတိုင်း ပုလင်းမလဲဘဲ လူလဲအောင် သောက်လာကြတာပေါ့၊ ဟုတ်လား။ ကိုအောင်ဒိုင်က အရက်ဖြတ်ထားတာဟဲ့။ ဒုက္ခပါပဲဟယ်'

'နင်ကလည်းဟာ ပူညံ့ပူညံ့အကျင့်က မပျောက်သေးဘူး။ တို့ငယ်ပေါင်းချင်း မတွေ့ရတာ ဆယ်နှစ်လောက် ရှိပြီဟ။ ကဲ..ကဲ..ရုပ်ကြည့်မနေနဲ့။ တွဲတင်ဦး'

ဤသို့ဖြင့် ထွန်းအံ့ကတွဲပြီး မိနှင်းက နောက်မှတွန်း

www.burmeseclassic.com

ကာ အောင်ဒိုင်ကို အိမ်ပေါ်သို့ တင်ခဲ့ကြသည်။ ထို့နောက် သူ၏ အိပ်ရာပေါ်တွင် လဲသိပ်လိုက်ကြလေသည်။

'သူ နီးလာရင် ဘာပြဿနာမှ မရှာနဲ့နော် မိနှင်း၊ အာ့..ငါပြန်ဦးမယ်။ မနက်ဖြန်ခါကျမှ လာခဲ့မယ်။ အေ့..'

'လှေကားက ကြည့်လည်း ဆင်းဦး၊ ဖောက်ထိုးပြုတ်ကျပြီး ဇက်ကျိုးနေဦးမယ်'

'ဒီလောက်ကတော့ ပျင်းသေးတယ် မိနှင်းရေ..အေ့'

ထွန်းခဲ့ ပြန်သွားပြီးနောက် မိနှင်းသည် အောင်ဒိုင်ကို နေရာတကျ ပြင်အိပ်ပေးလိုက်သည်။ ကလေးငယ်နှစ်ယောက်ကတော့ အိပ်မျော်နေကြလေပြီ။ အကြီးဆုံးသမီးကသည်း ရွာလယ်ပိုင်းရှိ နေမကောင်းဖြစ်နေသည့် ကြီးတော်အိမ်တွင် သွားကူအိပ်ပေးလျက်ရှိသည်။

မူးအိပ်,အိပ်နေသည့် အောင်ဒိုင်ထံက တခွန်းခွန်း အသံဆွက်လျက်ရှိသည်။ မိနှင်းသည် ယောကျ်ားဖြစ်သူကိုကြည့်ရင်း စိတ်မကောင်းဖြစ်နေမိသည်။ လမ်းဖြောင့်လမ်းကောင်းပေါ်သို့ ရောက်ခဲ့သည်မှာ မကြာသေး။ အဘယ်ကြောင့်နှင်ဆဲ ပြန်ဆင်းချင်ရပါသနည်းဟုတွေးကာ ရင်ထုမနာလည်းဖြစ်နေမိသည်။ ဘဝရှေ့ရေး တွေးပျော်ရုံမျှသာရှိသေးသည်၊ အောင်ဒိုင်တစ်ယောက် ဇွေပြန်ဖောက်ခဲ့ပြန်လေပြီ။ မိနှင်းသည် ရင်မောစွာဖြင့် သက်ပြင်းများချရင်း မှေးခနဲဖြစ်သွားခဲ့သည်။

ခဏအကြာတွင် အောင်ဒိုင်သည် အိပ်နေရာက ထထိုင်လိုက်သည်ကို မြင်လိုက်ရသည်။ ထို့နောက် ထရပ်ကာ အိပ်ပေါက်ဝဘက်သို့ လျှောက်သွားခဲ့သည်။ လူရိပ်မည်းမည်းကြီး တစ်ခုက လှေကားထိပ်တွင် ရပ်စောင့်လျက်ရှိလေသည်။

'ကိုအောင်ဒိုင်..ရှင် ဘယ်သွားမလို့လဲ'

မိနှင်းက အော်မေးလိုက်သော်လည်း အောင်ဒိုင်က လှည့်၍ပင် မကြည့်ခဲ့။ လူရိပ်မည်းမည်းကြီး ဆွဲခေါ်ရာသို့ ပါသွားပြီး လှေကားထိပ်မှ ပျောက်ကွယ်သွားတော့သည်။

'ဝုန်း..'

'အောင်မယ်လေးဗျ။ အင့်..'

တစ်စုံတစ်ခု ပြုတ်ကျသံနှင့် အော်လိုက်သံတို့ကြောင့် မိနှင်း လန့်နိုးသွားရသည်။ မှေးခနဲဖြစ်သွားခိုက် ကယောင်ချောက်ချား အိပ်မက်,မက်ခဲ့ခြင်းဖြစ်ကြောင်း သိလိုက်သည်။ အောင်ဒိုင်ကို လှမ်းကြည့်လိုက်ရာ အိပ်ရာထဲတွင် အမှန်တကယ်ပင် မတွေ့ရတော့ပေ။ ပြူးတူးဟောတာဖြင့် မီးခွက်ထဆွဲယူကာ အိမ်ပေါက်ဝသို့ ထွက်ကြည့်လိုက်သည်။ လှေကားရင်းတွင် ပက်လက်လန်လဲကျနေသည့် အောင်ဒိုင်ကို မီးရောင်မှိန်မှိန်အောက်တွင် လှမ်းမြင်လိုက်ရလေသည်။

♦ ♦ ♦

သင်္ကြန်အကြိုနေ့ အရဏ်တက်ပြီးစ-

ရွာဦးကျောင်းပေါ်သို့ လူနှစ်ယောက် အပြေးတစ်ပိုင်းတက်သွားခဲ့ကြသည်။ ဆရာတော်သည် ဘုရားဝတ်ပြုနေသဖြင့် မလှမ်းမကမ်းက ထိုင်စောင့်နေခဲ့ကြလေသည်။

'ဟင်..သူကြီးနဲ့ အောင်မြိုင် နှစ်ယောက်သား စောစောစီးစီး။ ဘယ့်နယ်..'

ဘုရားဝတ်ပြုပြီး ထလာသောဆရာတော်က အံ့သြဟန်ဖြင့် လှမ်းမေးလိုက်ခြင်းဖြစ်သည်။ သူကြီးက လက်အုပ်ချီရင်း လျှောက်ထားလိုက်သည်။

'တင်ပါ့ဘုရား၊ ဟို..ဟို..အရှင်ဘုရားတပည့် အောင်ဒိုင် မရှိတော့ဘူးဘုရား'

'ဟေ့.. အောင်ဒိုင်က ဘယ်သွားလို့တုံး။ ရှင်းရှင်း လျှောက်စမ်းပါ သူကြီးရဲ့'

သူကြီးသည် ဖိနှောဆရာကို လှမ်းကြည့်ပြီး မျက်ခုံးပင့်ပြလိုက်သည်။ ထို့ကြောင့် ဆရာအောင်မြိုင်က ရှင်းပြလျှောက်ထားလိုက်လေသည်။

'ဒီ..ဒီလိုပါဘုရား၊ အောင်ဒိုင်တစ်ယောက် မနေ့ည က ဆုံးသွားရှာပြီဘုရား'

'ဟင်..ဘယ့်နယ်၊ ဘယ်လို မနေ့က ဆွမ်းခံကြွတုန်း ဒုလ္လဘဝတ်မယ်လို့တောင် လျှောက်လိုက်သေးတယ်။ မင်းဟာက သေချာရဲ့လား အောင်မြိုင်ရာ'

'သေချာပါတယ်ဘုရား၊ မနေ့ ညက မိနှင်း ငိုကြွေးချက်မနဲ့လာခေါ်လို့ တပည့်တော် လိုက်သွားကြည့်ခဲ့တာပါ။ အောင်ဒိုင်က လှေကားပေါ်က ပြုတ်ကျပြီး ခါးကျိုးသွားတာဘုရား'

'ဘယ့်နယ်ဗျာ၊ လှေကားပေါ်က ပြုတ်ကျရတယ်လို့'

ဖိနှောဆရာအောင်မြိုင်သည် သူကြီးကို လှမ်းကြည့်လိုက်သည်။ ခင်ဗျားရှင်းရမယ့်အလှည့် ဆိုသည့်သဘော။ သူကြီးကလည်း အထာညက်စွာဖြင့် ဝင်ရှင်းပြလိုက်သည်။

'မနေ့ ညနေခင်းပိုင်းမှာ အောင်ဒိုင်က ဓမ္မာရုံဘက် ဆိုပြီး ထွက်သွားတာတဲ့ဘုရား။ အဲဒါ လမ်းမှာ ထွန်းဆုံးသွားဆုံကြသတဲ့'

www.burmeseclassic.com

www.burmeseclassic.com

'ထွန်းအုံ..ထွန်းအုံ..အင်း'

ဆရာတော်သည် စဉ်းစားရင်း ရုပ်လုံးဖော်မရ ဖြစ်နေသဖြင့် သူကြီးက ဆက်လျှောက်လိုက်ရသည်။

'ရွာအရှေ့ပိုင်းက စံထူးရဲ့သား စစ်ထဲ လိုက်သွားတဲ့ ကောင်လေးပါဘုရား'

'ဩော်..အေး၊ သူတို့က လည်ပင်းဖက် ကြီးလာတဲ့ ကောင်တွေပဲ မဟုတ်လား သူကြီးရဲ့'

'တင်ပါ့ဘုရား။ ထွန်းအုံက ခွင့်ပြန်လာတာတဲ့။ အဲဒါနဲ့ နှစ်ယောက်သား ဘုံဆိုင်မှာ..'

'တော်တော့..တော်တော့ သူကြီး၊ ကျုပ် သိပြီ။ ဒီကောင် မူးပြီးထအဆင်းမှာ ပြုတ်ကျတာမဟုတ်လား'

'တင်ပါ့ဘုရား'

'တောက်..မိုက်လိုက်တဲ့ကောင်'

ဆရာတော်သည် စိတ်မကောင်းဟန်ဖြင့် ကရုဏာဒေါသော မိန့်လိုက်သည်။ သူကြီးကလည်း ရင်ထုမနာသံဖြင့် ပြန်လျှောက်လိုက်သည်။

'တပည့်တော်တို့လည်း အဲဒါပဲ ပြောနေကြတာဘုရား။ လူကောင်းတစ်ယောက်ဖြစ်မည် ကြံကာရိသေး ကြိုဟ်ဆိုးက ဝင်မွေသွားရတယ်လို့'

ဆရာတော်သည် ကျောင်းမျက်နှာကြက်ကို မော့ကြည့်နေခဲ့သည်။ တစ်စုံတစ်ခုကို တွေးနေပုံရသည်။ ထို့နောက် ရုတ်တရက် မိန့်ကြားလိုက်လေသည်။

'အဲဒါ ကြိုဟ်ဆိုးမွေတာမဟုတ်ဘူး သူကြီးရဲ့။ အောင်ဒိုင်က သူကိုယ်တိုင် ပိတ်ခဲ့တဲ့ ငရဲပေါက်ကို သူဘာဆက် ပြန်ဖောက်သွားခဲ့တာဗျ'

'တင်ပါ့ဘုရား'

သူကြီးနဲ့ ဗိန္ဓောဆရာ အောင်မြိုင်တို့နှစ်ယောက် ပြုံးတူ အသံထွက်သွားကြသည်။ ၄င်းတို့သည် နှုတ်ကျိုးမကြောင့်သာ ထိုသို့ အလိုက်သင့် ပြောလိုက်မိကြခြင်းဖြစ်သည်။ ဆရာတော်၏အာဘော်ကို သိရှိရုန်ဝေးစွ ရိပ်ထဲ ရိပ်မိကြမည် မဟုတ်ပေ။

အကြောင်းမှာ ဆရာတော်သည် လေ့ကားရင်းတွင် မြေစာခဲနှင့် ကျောက်စရစ်ခဲများပုံကာ ထုသိပ်ခိုင်းနေသည်။ အောင်ဒိုင်ကို ပြန်မြင်ယောင်ကာ သူအတွေးနှင့်သူ မိန့်မြည်လိုက်ခြင်းကြောင့်ပင် ဖြစ်လေတော့သည်။

ကျော်ဇော(စားတူ)

အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ လီယိုမက်
နှင်းခူ၊ ပွေး၊ ဝဲလိမ်းဆေး ဟိမဝန္တာသွေးသန့်ဆေး

ခရုသင်း သမင်ဖြူ

တိုင်းရင်းဆေးပေါ်မူပုံတင်အမှတ်010Y978/0102Y3654
ထုတ်လုပ်နှင့်ရောင်းချခွင့်အမှတ်(၄/ဧဂ)တဆဆလ(ဧကဂ)

ခရုသင်း သမင်ဖြူ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရိရေးစစ်ရောဂါ၊ ပို့စွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိတ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါမျိုးစုံ ကာလသားရောဂါ၊ ဆီးပူညောင်းကျ၊ ဂနိဂီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကရိုက်ရေယုန်၊ မက်ခရ၊ ကြွက်ခဲ့ပျက်စီး၊ ဝဲ၊ ရိုးဖြူဆင်းရောဂါ အသားအရေမည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါများကို

အဆင့်မြင့် အိန္ဒိယ ယူနာနီ တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော
တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

လီယိုမက် အရေပြားရောဂါအထူးကုဆေးတိုက်

အမှတ် (၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတဆင့်မှာ ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒေါင်တန်းသာသနာပြုဆရာတော်ကြီး၏ အလွယ်ဆုံးဓမ္မဟောပုံးနည်း

စစ်ကိုင်းမြို့နယ် ကျောက်တောကျေးရွာ ပုဗ္ဗာရုံဆရာတော်ကြီး ဆိုခြင့်ခဲ့သည့်
ဗုဒ္ဓကွန်ရာ ၊ မွေကွန်ရာ ၊ သံယာ့ကွန်ရာ ဂါထာတော်ကြီး
ရသေ့ကြီးဦးဓဇိကိုယ်တော်တိုင် ဆဓိဌာန်ဝင်ခဲ့သည့် နတ်ချစ်ဂါထာ (သို့မဟုတ်)
လာဘ်လာဘပွင့် စီးပွားတက်သော ရက္ခစိုးဂါထာတော်နှင့်
မဟာဒေဝမန္တန်တော်နှင့် ဖြစ်လိုသမျှဆန်းများ

စသည်တို့ ပါရှိသည်

အရှင်ကုမာရ (စစ်ကိုင်းဒေါင်တန်း)

ဂရုသာဆတ်ပုံသော

အဝုံးထတ်ဂါထာတော်များနှင့် အံ့ဖွယ်ဖြစ်ရပ်သန်းများ

(ထူထောင်နေပါပြီ)

မြန်မာတစ်ပြည်လုံးဖြန့်ချိရေး

ထွန်းဦးစာပေ(ခန္ဓလေး) ၊ မချိုချို(နေလစာပေ)၊ မိုးကုတ်၊ စစ်ကိုင်း၊ Ph : 09 2110526 , 072 22600

ဟောကြားသူ

ဘုရားမြတ်

သောတာပန်ပုဂ္ဂိုလ်ကဲ့သို့

အပါယ်မကျသော ပုထုဇဉ်လူသား (၇) ယောက်

ဤစာအုပ်သည်..

ကုသိုလ်ပေါင်းများစွာတို့တွင် သောတာပန်ပုဂ္ဂိုလ်နှင့်တူသည့် နိဗ္ဗာန်ပုညကုသိုလ် (၇)မျိုးတို့ကို ထုတ်နုတ်ပြီး ရေးသားထားသည့် စာအုပ်ဖြစ်သည်။ သောတာပန်ပုဂ္ဂိုလ်သည် သေလွန်သွားပြီးသည့်နောက်မှာ အပါယ်မကျသောပုဂ္ဂိုလ်ကဲ့သို့ ထိုနည်းတူစွာ နိဗ္ဗာန်ပုညကုသိုလ်(၇)မျိုးတို့တွင် တစ်မျိုးမျိုးရရှိပိုင်ဆိုင်ထားသည့် ပုထုဇဉ်လူသားကလည်း သောတာပန်ပုဂ္ဂိုလ်နှင့် တူသွားသည်။ သေသွားပြီးသည့်နောက်မှာ အပါယ်မကျတော့ပါဟု ဆိုခြင်းဖြစ်သည်။ ထိုသို့ဆိုရာ၌ ဤစာအုပ်က နိဗ္ဗာန်ပုညကုသိုလ်(၇)မျိုးတို့တွင် တစ်မျိုး၊ နှစ်မျိုး ပြုလုပ်၍ နတ်ပြည်ရောက်သွားကြသူများကို ပန်းကုံးငယ်လေးသဖွယ်ဖြစ်အောင် သီကုံး၊ စီကုံးထားသည့် စာအုပ်ဖြစ်သည့်အပြင် နမောတဿ၏ သမိုင်းအစကိုလည်း စုံလင်စွာဖြင့် စုစည်းတင်ပြထားသည့် စာအုပ်လည်းဖြစ်သည်။

ထူထောင်ပြီ

အမြဲမြဲမြိုရှိ စာအုပ်ဆိုင်များနှင့် ကုန်တိုက်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

ဖြန့်ချိရေး

* ပါရမီစာပေ၊ အမှတ်(၂၃၀)၊ ၂၉-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း (၀၁)၂၅၃၂၄၈
* ပါရမီစာပေ(ကမ္ဘာအေး)၊ ဆိုင်အမှတ်(၆၂/၄)၊ ကမ္ဘာအေးဘုရားဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၅၅၅ ၀၆၁၀၀

www.burmeseclassic.com

www.burmeseclassic.com

မင်းသန့်ကျော် (ဒီးကုန်း)

ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်သော အာဂက်လမ်းပညာသည်ကြီး ဦးမြသီး

(၁)

ကျွန်ုပ်သည် လေငန်းရောဂါဖြစ်ပွားပြီး ယခုအချိန်ထိ ခန္ဓာကိုယ်ဘယ်ဘက်ခြမ်းသည် ကောင်းစွာအလုပ်မလုပ်နိုင်သေးချေ။ အခြားမည်သည့်ရောဂါမျှမရှိ၊ ပကတိကျန်းမာလျက်ရှိ၏။ ကျွန်ုပ်ပြောချင်သည်မှာ ကျွန်ုပ်၏ ဦးနှောက်သည် ငယ်စဉ်က အဖြစ်အပျက်များကို ယခုထိ ကောင်းမွန်တိကျစွာ မှတ်မိနေခြင်းပင် ဖြစ်၏။

ထိုမှတ်မိသော အကြောင်းများထဲမှ စိတ်ဝင်စားစ

www.burmeseclassic.com

www.burmeseclassic.com

ကောင်းသော အကြောင်းအရာများကို ထုတ်နုတ်၍ စာဖတ်ပရိသတ်သို့ တင်ပြခဲ့ပြီးလေပြီ။

ယခုတင်ပြမည့် အကြောင်းအရာမှာ ကျွန်ုပ်၏ဦးကြီး ဦးမြသီးအကြောင်းပင်ဖြစ်၏။ ဦးမြသီးသည် ထင်ရှားသော အောက်လမ်းပညာသည်ကြီးတစ်ဦး ဖြစ်လေသည်။ လောက ကြီးတွင် ကျွန်ုပ်တို့ဘက်ဖြင့် လိုက်မမီသော ထူးခြားဆန်း ကြယ်သည့် ဖြစ်ရပ်များစွာရှိရာ ထိုအထဲတွင် ဦးကြီးဦးမြ သီး အကြောင်းလည်း ပါဝင်လေသည်။

ဦးမြသီးမှာ ကျွန်ုပ်၏ကြီးတော် ဒေါ်ရွှေမိ၏သားကြီး

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရာ ကျွန်ုပ်နှင့်မူ သွေးသားတော်စပ်ခြင်း မရှိချေ။ ကြီးတော်၏ယောကျ်ားဖြစ်ခြင်းကြောင့် ဆွေမျိုးတော့ တော်စပ်လေသည်။ ဦးကြီးဦးမြသီးနှင့် ကြီးတော်ဒေါ်ရွှေမိတို့တွင် သားသမီး မထွန်းကားချေ။ ကျွန်ုပ်ကို သူတို့သားကလေး သဖွယ် ချစ်ခင်၏။

ကျွန်ုပ် သတ္တမတန်းစာမေးပွဲဖြေပြီးချိန် လွန်ခဲ့သော နှစ်ပေါင်း(၅၀)ကျော် နွေရာသီကျောင်းပိတ်ရက်တွင် ဧာတ်လမ်းစလေသည်။

(၂)

တစ်နေ့သ၌ ကျွန်ုပ်သည် ကျွန်ုပ်၏ ဖခင်နှင့်အတူ တောထဲသို့ လိုက်ပါခဲ့၏။ ကျွန်ုပ်၏ဖခင်မှာ ပန်းပဲလုပ်ငန်းဖြင့် အသက်မွေးသူဖြစ်လေသည်။ နွားလှည်း၊ မြင်းလှည်းများလည်း ပြုလုပ်၏။ ဓား၊ လှံ စသော လက်နက်ကိရိယာတို့ကိုလည်း ပြုလုပ်၏။

နွားလှည်းပြုလုပ်ရာတွင် အစိတ်အပိုင်းတော်တော်များများကို ကျွန်းသားဖြင့် ပြုလုပ်သော်လည်း လှည်းပုံတောင်းကိုမူ ပိတောက်သားဖြင့် ပြုလုပ်ရသည်ဖြစ်ရာ ပိတောက်သားယူရန် တောထဲသို့ လာခဲ့ခြင်း ဖြစ်လေသည်။

အဖေသည် ယခင်တစ်ခေါက် တောထဲသို့ သွားစဉ်က လဲကျနေသော ပိတောက်ပင်ခြောက်ကြီးကို တွေ့သဖြင့် နောက်မှ လာရောက်သယ်ယူမည်ဟု စိတ်ကူးပြီး လက်ထိုးလွှဖြင့် အပိုင်းပိုင်းဖြတ်တောက်ကာ သစ်ကိုင်းသစ်ခက်များဖြင့် ဖုံးအုပ်ကာထားခဲ့ခြင်း ဖြစ်လေသည်။

ကျွန်ုပ်တို့သည် အမေထုပ်ပေးသော ထမင်းထုပ်ကလေးများယူကာ နွားလှည်းကလေးဖြင့် နံနက်စောစော ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

ကျွန်ုပ်တို့သည် နံနက်(၁၀)နာရီခန့်တွင် ကန်သာယာရွာသို့ ရောက်လာခဲ့၏။ ကန်သာယာရွာတွင် ကျွန်ုပ်၏ ကြီးတော် ဒေါ်ရွှေမိ၊ ဦးကြီး ဦးမြသီးတို့ ရှိလေသည်။ ကျွန်ုပ်တို့သည် ကြီးတော်ဒေါ်ရွှေမိခြံသို့ သွားလေသည်။ ဦးမြသီးသည် ကျွန်ုပ်တို့ ရောက်သွားချိန်တွင် ခြံထဲမှ တက်လာပြီး ခြေရေလက်ရေ ဆေးနေလေသည်။

ဦးမြသီးတို့ခြံသည် အလွန်ကျယ်ဝန်း၏။ ကျယ်ဝန်းသောကြောင့် ခြံပတ်လည်ကို တပ်စည်းရိုး မကာနိုင်ချေ။ ဆူးပင်များကို ခြံပတ်လည်တွင် ခပ်စိပ်စိပ်စိုက်ထားလေ၏။

ခြံထဲတွင် သရက်ပင်၊ မန်ကျည်းပင်၊ ပိန္နဲပင် စသော အပင်ကြီးများ စုံလင်စွာရှိသည့်ပြင် သီးပင်၊ စားပင်များကို လည်း ခြံနှင့်အပြည့် စိုက်ပျိုးထားလေသည်။

ဘူးပင်များကို စင်ဖြင့်လည်းကောင်း၊ ပဲပင်များကို ဝါးလုံးတိုင်များ ထောင်ပေး၍လည်းကောင်း စိုက်ပျိုးထားပြီး ဆူးပုပ်ပင်၊ ခရမ်းပင်၊ ငရုတ်ပင်များကိုလည်း သူ့အကန့်နှင့်သူ စိုက်ပျိုးထားလေသည်။

အိမ်သည် ခြံ၏အလယ်တွင်ရှိပြီး သွပ်မိုး၊ ပျဉ်ထောင်ပျဉ်ခင်း (၄)ပင်အိမ်ကြီး ဖြစ်လေသည်။ တံခါးများမှာ ခိုင်ခံ့၍ လူစိမ်းဝင်ရန် မလွယ်ချေ။

ဦးမြသီးခြံထဲတွင် သီးပင်၊ စားပင်များ စုံလင်သော်လည်း သူခိုးသူဝှက်များရန်ကို ကြောက်ရန်မလိုပေ။ ဦးမြသီးကြီးအကြောင်းကို ရွာထဲမှလူများ သိနေသဖြင့် ခိုးဝှက်ရန် ရည်ရွယ်ချက်ဖြင့် မည်သူမျှ ခြံနားပင် မကပ်ချေ။

ကျွန်ုပ်တို့သားအဖသည် အမေထည့်ပေးလိုက်သော ထမင်းထုပ်ကလေးများယူကာ အိမ်ထဲသို့ ဝင်လာကြလေသည်။

"အမယ်လေး...လာသေးတယ်နော်။ ငါက နေ့တိုင်း မျှော်နေတာ"

"ကျွန်တော်က မနေ့ကမှ ကျောင်းပိတ်တယ် အဒေါ်ရဲ့။ ဒါနဲ့ ဦးကြီးရော"

"ရှိပါ့တော်။ ဟိုမှာ ခြံထဲကတက်ပြီး ခြေရေလက်ရေ ဆေးနေတယ်။ လာပါလိမ့်မယ်"

ထိုစဉ် ဦးကြီးဦးမြသီး ရောက်လာလေသည်။

ကျွန်ုပ်တို့အား နှုတ်ဆက်ပြီးနောက်-

"မန်ကျည်းပင်တွေ ကျုပ်နေလို့ အလယ်က တစ်ပင်ကို မြို့က ဝယ်တဲ့လူကို ရောင်းလိုက်တယ်။ အဲဒါ သူတို့အပင်လဲမယ့်သူ၊ ခုတ်မယ့်ဖြတ်မယ့်လူတွေကို မြို့က လွှတ်လိုက်တယ်"

ဦးကြီးဦးမြသီးသည် အသားညိုညို သွေ့ခြောက်ထုံးကြီးနှင့် ဖြစ်၏။ တာဘက်တစ်ထည်ကို ခေါင်းတွင် ပေါင်းထား၏။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများနှင့် ဖြစ်၏။ သူ၏ မျက်စိများမှာ အလွန်စူးရှလေသည်။ တစ်စုံတစ်ဦးအား စူးစိုက်ကြည့်လျှင် အကြည့်ခံရသူသည် မျက်လွှာကို ချလိုက်ပြီး မျက်နှာလွဲသွားသည်က များလေသည်။ အသံသြဇာနှင့်လည်း ပြည့်စုံလေသည်။

ဦးကြီးက ဆက်လက်ပြောလေသည်။

"မန်ကျည်းပင် ဝယ်တဲ့လူက ငါ့အကြောင်း မကြားဖူးဘူးထင်တယ်။ သူတို့က ငါတောင်းတဲ့ဈေး ပေးဦးခါမှ

www.burmeseclassic.com

www.burmeseclassic.com

ငွေကို အပြည့်အဝ မပေးလိုက်ဘူး။ လျှောက်ပြီးပေးတယ်။ သိကြရောပေါ့ကွယ်။ အကြောင်းပြလိုက်ရသေးတာပေါ့'

အထက်ပါအတိုင်း ပြောပြီးနောက် ဦးကြီးဦးမြသီးသည် မန်ကျည်းပင် လဲ့နေရာသို့ ထွက်သွားလေသည်။

ထို့နောက် အဖေသည် ကျွန်ုပ်အား ထားခဲ့ကာ တောထဲသို့ တစ်ယောက်တည်း ဆက်သွားလေသည်။

'အဖေ ဝိတောက်တုံး သွားတင်လိုက်ဦးမယ်။ လူလေးကြီးကြီးဒေါ်ရွှေမိတို့နဲ့ နေရစ်ခဲ့နော်။ အပြန်မှ ဝင်ခေါ်မယ်'

အဖေ ထွက်သွားသောအခါ ကျွန်ုပ်သည် မန်ကျည်းပင် လဲ့နေရာသို့ ထွက်လာခဲ့လေသည်။

အလုပ်သမားများသည် မန်ကျည်းပင်၏ အဖျားပိုင်းရှိ အကိုင်းအခက်များကို အရင်ဆုံး ချိုင်ချပြီးဖြစ်သဖြင့် ပင်စည်ကြီးသာ ကျန်တော့သော မန်ကျည်းပင်ကြီးကို အလုပ်သမားနှစ်ယောက်သည် အပင်ခြေရင်းမှ တစ်ဖက်စီထိုင်ကာ ငမန်းလွှဲကြီးဖြင့် ဖြတ်လျက်ရှိလေသည်။

ကျွန်ုပ်သည် မန်ကျည်းပင်ကြီးနားတွင် မတ်တတ်ရပ်လျက် လွှဲသူများကို ကြည့်နေမိသည်။

ကျွန်ုပ်နည်းတူ ဦးကြီးဦးမြသီးသည် မနီးမဝေးမှ ပက်လက်ကုလားထိုင်ဖြင့်ထိုင်ကာ ကြည့်ရှုနေသည်ကို တွေ့ရ၏။

လွှဲသူများသည် မန်ကျည်းပင်ကြီးအား (၃)ပုံ (၂)ပုံခန့် လွှဲပြီးလေပြီ။ လွှဲပေါက်နေရာကို ပုဆိန်ဖြင့် ခုတ်ထားသဖြင့် ဆွဲရလွယ်ကူနေရာ ပုံမှန်ဆိုလျှင် မန်ကျည်းပင်သည် ယိုင်လဲခါနီးအခြေအနေ ဖြစ်လေသည်။

မြသိန်း၊ သန်းထွန်းနှင့် ပွကြီးဆိုသော အလုပ်သမား (၃)ယောက်သည် တုတ်ကြိုးကြီးများဖြင့် မန်ကျည်းပင်ကြီးကို ဆိုင်းထားကာ မိမိတို့ လဲလိုသည့်ဘက်သို့ လဲကျစေရန် ကြိုးကို ထိန်းထားလေသည်။

ဦးကြီးဦးမြသီးသည် ပြုံးပြုံးကြီးလုပ်ကာ-

'ဟေ့ကောင်တွေ၊ မင်းတို့ နေဝင်လို့မှ ဒီအပင်ကြီးကို လဲအောင်မလဲနိုင်ရင် မင်းတို့ ညံ့တာပဲ'

'နေဝင်ဖို့ အဝေးကြီးလိုသေးတာပဲ ဦးကြီးရယ်၊ ကြည့်နေပါ။ တော်ကြာဆို လဲကျတော့မှာ'

မန်ကျည်းပင်ကြီးသည် (၃)ပုံ (၂)ပုံမှ ကျော်လွန်လာကာ ပြတ်လုတဲ့ကာ ရှိနေလေသည်။ လွှသည် ထိုနေရာမှ ရှေ့သို့တိုးကာ ဖြတ်၍မရတော့ချေ။ လွှဲသမားများမှာလည်း ချွေးပြန်နေလေပြီ။

ဦးကြီးဦးမြသီးသည် ကြည့်ကြသေးတာပေါ့ကွာဟု ပြောကာ မန်ကျည်းပင်ကြီးအနားမှခွာကာ အိမ်သို့ ပြန်လာခဲ့လေသည်။

ထိုအချိန်တွင် လွှဲသူနေသူတစ်ဦးသည် ယခုမှ သတိရလာသည့်ပုံဖြင့် သူ့အဖော်ဖြစ်သူအား-

'ဟေ့ကောင်၊ ဒါ ဦးမြသီးဆိုတဲ့လူကြီးအိမ်လား မသိဘူး'

'အေး..ဟုတ်တယ်။ ဝိုင်ရှင်က ဦးမြသီးတဲ့'

'သောက်ကျိုးနဲ့ပြီဟေ့။ ဒီမန်ကျည်းပင်ကို နေဝင်ချိန်မပြောနဲ့၊ မနက်ဖြန် ဆက်လဲ့ရင်တောင် မလဲတော့ဘူး'

'ဘာပြုလို့လဲကွ။ ပြောစမ်းပါဦး'

လွှဲသမားများသည် လွှဲဆွဲခြင်းကို ခေတ္တရပ်နားကာ ပုဆိုးဖြင့် ချွေးများကိုသုတ်လိုက်ပြီး တစ်ယောက်က ဆေးလိပ်တိုကို ကောက်ကိုင်ကာ မီးညှိဖွာရှိုက်ရင်း ခပ်တိုးတိုးပြောလိုက်၏။

'ဒီဦးမြသီးကြီးက နှယ်နှယ်ရရ မဟုတ်ဘူးကွ။ သူ့အကြောင်းကို ငါ ကောင်းကောင်းသိတယ်။ တစ်ခါတုန်းက လူတစ်ယောက် ခြံထဲ ခိုးဝင်ပြီး ပဲသီးတွေခူးနေတာ ပဲသီးတွေလည်း တော်တော်ရရော ခြံထဲကပြန်ထွက်တာ ထွက်ပေါက်ရှာမရလို့ တလည်လည်နဲ့ ဦးမြသီးကြီးနဲ့ တွေ့တော့မှ ပဲ ဦးမြသီးကို ပဲသီးခိုးတဲ့သူက ဦးချတောင်းပန်ရတယ်။ ပဲသီးခိုးတဲ့သူကလည်း မိခင်အိုကြီးကို လုပ်ကျွေးနေတဲ့ ဆင်းရဲတဲ့လူ ဖြစ်တယ်။ အဲဒီနေ့က သူ နေမကောင်းလို့ အလုပ်ဆင်းမလုပ်နိုင်လို့ ပိုက်ဆံမရတာနဲ့ ချက်စားဖို့ ပဲသီးဝင်ခိုးရတာဆိုပဲ။ ဦးမြသီးကို အဲဒါ ရှင်းပြပြီး တောင်းပန်တော့ ဦးမြသီးက နောက်မခိုးနဲ့လို့ ဆုံးမပြီး သူကိုယ်တိုင် ထွက်ပေါက်ကို လိုက်ပို့လိုက်ဟယ်တဲ့'

'ဩော်..သနားကြင်နာတတ်တဲ့ စိတ်နလုံးတော့ ရှိသားပဲနော်'

'ဒါတင်ဘယ်ကမလဲ၊ တစ်ခါတုန်းက သူ့ကျွဲချိုကြီး ပျောက်လို့တဲ့။ ခိုးယူတဲ့လူကို ကျိန်ဆဲနေတာ စုံလို့ပဲ။ သူက သတ်မှတ်ချိန်ပေးပြီး ကျွဲချိုကို ပြန်တောင်းတယ်။ အချိန်စေ့လို့ မရတော့မှ သူ့ပါးစပ်က မန်းမှတ်ပြီး လက်နဲ့ တစ်နေရာကိုချိန်ပြီး တွေ့ယမ်းလိုက်တာ သူတို့ခြံထဲက သစ်ငုတ်တစ်ခုမှာ ကျွဲချိုကြီးက ချိတ်ဆွဲလို့တဲ့'

'ဒီလိုဆို ကျွဲချိုကို ပြန်တွေ့တယ်ပေါ့'

'ပြန်တော့တွေ့တာပေါ့ကွာ။ ဒါပေမဲ့ သူ့ခန်းသူတော်

www.burmeseclassic.com

လိုက်တဲ့ အစွမ်းကြောင့် ကျဲချိုချိုတ်နေတဲ့ သစ်ငုတ်မှာ အောက်ခြေကနေပြီး လောက်ကောင်တွေ တက်လာလိုက်တာ တမှားဖွားနဲ့ အစုလိုက် အပြုံလိုက်ပဲ။ ထို့'

ထိုအချိန်တွင် ကြိုးကိုကိုင်ထားသော အလုပ်သမားမြသိန်းကလည်း ကြိုးကို သစ်ပင်တစ်ပင်တွင် ချည်ပစ်ခဲ့ကာ သူသိထားသော အချက်ကို ဝင်ပြောလေသည်။

'နောက်တစ်ခု ကျွန်တော်သိထားတာ ကျွန်းသေးတယ်။ လွန်ခဲ့တဲ့တစ်လလောက်က အရက်သမားတစ်ယောက် ဘူးသီးလာခိုးတာ ခြံရှင်ဦးမြသီးနဲ့တော့ မတွေ့လိုက်ပါဘူး။ ဘူးသီးကို ခပ်တည်တည်ပဲ ခိုးပြီးပြန်လာခဲ့တာ ဦးမြသီးကြီး သိလည်းသိရော သူခိုးရဲ့ခြေရာကော်က်လိုက်တာ မိပါလေရော။ အဲဒီခြေရာက မြေမှုန့်ကလေးတွေကို ခြစ်ယူပြီး မီးဖိုပေါ်က အိုးကင်းထဲကိုထည့်ပြီး လှော်တော့တာပဲတဲ့။ သူ လှော်နေတဲ့အချိန်မှာ ဘူးသီးခိုးတဲ့ သူခိုးဟာ ပူလွန်းလို့ မြေပေါ်မှာ လူးလိမ့်နေပါတယ်။ ပြီးတော့ ဦးမြသီးကြီးက အိုးကင်းထဲ အလှော်ရပ်သွားတော့ သူခိုးဟာ ခြေထောက်တစ်ဖက် လူပ်လို့မရတော့ဘူး။ တစ်သက်လုံး ဒုက္ခိတဘစန့်နေသွားရတယ်'

လွဲဆွဲသမားများသည် ဤခြံထဲတွင် နေရသည်မှာ တဖြည်းဖြည်း ကြောက်လာကြလေသည်။ လွှကို ပြန်ကိုင်လိုက်ပြီး ဆက်လက်ကြိုးစားကြပြန်သည်။ ပြတ်လုတဲ့ကာရောက်မှ လုံးဝလွှမတိုးတော့ချေ။ မန်ကျည်းပင်ကြီးမှာလည်း လုံးဝယိုင်နဲ့ခြင်းမရှိဘဲ မူလအတိုင်း တည့်မတ်နေလေသည်။

လွဲဆွဲသမားက တိုးတိုးဆက်ပြောလေသည်။

'နောက်တစ်ကြိမ်မှာတော့ ဦးမြသီးကြီး ဝါးတစ်ခြမ်း

ကိုယူပြီး နှီးဖြာနေတယ်။ နှီးတစ်ဆုပ်လောက်အရမှာ သူ ခြံထဲကို သူပုန်လို့ထင်ရတဲ့ လူ(၄-၅)ယောက်လောက် ဝင်လာကြတယ်။ သူတို့မှာ သေနတ်တွေ ပါလာတယ်။ ဒါနဲ့ သူက ဖြာပြီးသားနှီးတွေကို လက်နဲ့ယူပြီး ခြံပြင်ကို လွှင့်ပစ်လိုက်တာ အဝေးမှာ စစ်သားတွေ တပ်ပြောင်းလာသလား မှတ်ရတယ်။ နည်းတာမဟုတ်ဘူး၊ ခြံကြီးနားက ဖြတ်သွားတာ မြင်ရတယ်။ စစ်ဖိနပ်သံ တဖြောင်းဖြောင်းနဲ့။ အဲဒါနဲ့ ဝင်လာတဲ့ သူပုန်တွေလည်း ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် ပြေးတော့တာပဲ'

'တော်တော်တော့ အံ့သြစရာကောင်းတာပဲနော်။ ဒါနဲ့ ဒီမန်ကျည်းပင်ကြီး ခုထိလဲမကျသေးတာ ဦးမြသီးကြီး လုပ်ထားတာပဲ ဖြစ်ရမယ်။ ဘာကြောင့်လဲတော့ မသိဘူး။ မင်းတို့ ငါတို့အပေါ် ဘာမကျေနပ်စရာ ရှိနေသလဲ'

'အေး..ငါတို့လည်း သူ့အပေါ်မှာ ဘာအမှားအယွင်းမှ မလုပ်ခဲ့ပါဘူး'

ထိုအချိန်တွင် ဦးမြသီးသည် အနားသို့ရောက်လာကာ-

'ဘာအမှားအယွင်းမှမလုပ်ဘူး ဟုတ်စ။ ကဲ..ဒီလိုဆို ငါမေးမယ်။ ဒီမန်ကျည်းပင်ကို ငါ ဘယ်လောက်နဲ့ ရောင်းတာလဲ'

'တစ်ရာကျပ်နဲ့ပါ ဦးကြီး'

'အေး..ဟုတ်တယ်။ ပိုက်ဆံကို ဘယ်သူပေးခိုင်းလိုက်သလဲ။ မှန်မှန်ပြော'

ထိုအခါတွင် လွဲဆွဲသမားတစ်ယောက်သည် ကြိုးကိုင်ထားသော ပွကြီးကို လက်ညှိုးညွှန်ပြကာ-

'ဟိုကောင် ပွကြီးကို ပေးခိုင်းလိုက်ပါတယ်။ ဝယ်တဲ့လူက ဟိုဘက်ရွာက အလှူကို သွားနေလို့ သူကိုယ်တိုင် လိုက်မလာနိုင်ပါဘူး'

'ငါ့ကို ဘယ်လောက်ပေးသလဲလို့ မေးလိုက်စမ်း'

လွဲဆွဲသမားသည် ပွကြီးအား လှမ်းမေးလိုက်သည်။

ပွကြီးသည် ကြိုးကိုင်ထားရာမှ ကြိုးကို အနီးရှိသစ်ပင်တစ်ပင်တွင် ချည်ခဲ့ပြီး ဦးမြသီးထံ ပြေးလာကာ ဦးမြသီး၏ ပုဆိုးစကိုဆွဲလျက် အထစ်ထစ်အငေါ့ငေါ့ဖြင့် တောင်းပန်ပါတော့သည်။

'ကျွန်တော်..ကျွန်တော် မြို့က မန်ကျည်းပင်ဝယ်တဲ့လူက ဦးကြီးကို ငွေတစ်ရာအပေးခိုင်းလိုက်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ဦးကြီးကို ကိုးဆယ်ပဲ ပေးလိုက်မိပါတယ်ဗျာ။ ဒါကလည်း ကျွန်တော့်သမီးလေး ညက အဖျားတက်တာ

www.burmeseclassic.com

အဖျားမကျလို့ ခုမနက် ဆေးထိုးဖို့နဲ့ ဓာတ်စာဝယ်စားဖို့ဆိုပြီး ငွေတစ်ဆယ်ပေးခဲ့မိပါတယ်ခင်ဗျာ။ ပြီးတော့ ဝယ်တဲ့သူက ကိုးဆယ်ပဲထားပါလို့ ဈေးဆစ်နေတာကို ကျွန်တော်ကြားပါတယ်။ ဦးကြီးက ဈေးဆစ်တဲ့အတိုင်း ပေးလိုက်တယ်မှတ်လို့ ကျွန်တော် တစ်ဆယ်သုံးမိတာပါခင်ဗျာ။ ကျွန်တော့်ကို ခွင့်လွှတ်ပါ ဦးကြီးရယ်'

ပွကြီးသည် ဦးမြသီးအား တောင်းပန်ရင်း အကြိမ်ကြိမ် ကန်တော့လေသည်။

ဦးမြသီးသည် ပထမတွင် စိတ်ဆိုးသော်လည်း သမီးလေး နေမကောင်းသည်ကို ဆေးကုရန် ငွေတစ်ဆယ်ပေးခဲ့သည်ဆို၍ စိတ်ပြေသွားကာ-

'အေး..မင်း အမှန်ကို ဝန်ခံရဲတယ်။ ကဲ..ထားလိုက်ပါတော့။ အဲဒီငွေတစ်ဆယ်ကို မင်း ငါ့ကို ပြန်မပေးနဲ့တော့။ ငါ ငွေအပြေရရှိပြီး ဖြစ်တယ်လို့ မှတ်လိုက်ပါ့မယ်'

လွှဲဆွဲသမားတစ်ယောက်က-

'ဒါဆို ဒီမန်ကျည်းပင်ကြီး ပြတ်သွားအောင် လုပ်ပေးပါဦး ဦးကြီးရယ်'

ဦးမြသီးသည် နှုတ်မှ တစ်စုံတစ်ရာရေရွတ်လိုက်ကာ မန်ကျည်းပင်ကြီးအား လက်ညှိုးဖြင့် ထိုးလိုက်လေသည်။

'ကဲ..ကဲ..ဒီမန်ကျည်းပင်လည်း မင်းတို့ဟာ ဖြစ်သွားပြီမို့ ငါ လက်လွှတ်ပြီး ။င်းတို့ကို ပေးလိုက်ပါပြီ'

ဦးမြသီးသည် မန်ကျည်းပင်ကြီးအား လက်ညှိုးထိုးလိုက်သည်နှင့် မန်ကျည်းပင်ကြီးသည် တအိအိနှင့် လဲကျလာလေတော့သည်။ ပွကြီးလည်း ကြိုးဆီ ပြေးသွားကာ ကြိုးကို ထိန်းပေးထားလိုက်လေတော့သည်။

ထိုအခါကျမှ လွှဲဆွဲသမားများနှင့် ကျန်အလုပ်သမားများသည် မန်ကျည်းပင်ကို အပိုင်းကလေးများဖြစ်အောင် ဖြတ်တောက်ခြင်း၊ ပုဆိန်နှင့်ပေါက်၍ ဖိုဝင်အရွယ်အစား ဖြစ်အောင် ပြုလုပ်ခြင်းများကို ဆောင်ရွက်ကြလေသည်။

နေဝင်ရီတရောအချိန်တွင် မြို့မှ မန်ကျည်းပင်ဝယ်သူသည် ကားတစ်စီးဖြင့် ရောက်လာကာ ထင်းများဖြစ်သွားသော မန်ကျည်းသားများကို အလုပ်သမားများအကူအညီဖြင့် ကားပေါ် တင်ဆောင်ရင်း မြို့သို့ ပြန်သွားလေတော့သည်။

(၃)

အဖေသည် သူလိုအပ်သော ပိတောက်တုံးကိုတင်ကာ လှည်းဖြင့် ပြန်ရောက်လာပြီး ဦးမြသီးနှင့် ဒေါ်ရွှေမိတို့အား နှုတ်ဆက်ကာ ကျွန်ုပ်အားခေါ်၍ မြို့သို့ ပြန်လာခဲ့ကြပါသည်။

မန်ကျည်းပင် လဲရာတွင် တွေ့ကြုံကြားသိခဲ့ရသော အကြောင်းအရာများကို ကျွန်ုပ်သည် အဖေ့အား ပြောပြသော အခါ အဖေက အောက်ပါအတိုင်း ပြောလေသည်။

'လူလေး..လောကကြီးမှာ လူလေး မသိတာတွေ အများကြီးရှိသေးတယ်။ မျက်စိနဲ့မြင်ရမှ ယုံမယ်ဆိုတဲ့လူတွေ သူတို့အမေရဲ့အဖေ၊ ဒါမှမဟုတ် အဖေရဲ့အဖေ အကိုးကို မြင်ဖူးလိမ့်မယ်။ အဲဒီအဘိုးရဲ့အဖေ ဘေးကို မြင်ဖူးရဲ့လား၊ မမြင်ဖူးဘူး။ ဒါပေမဲ့ အဲဒီဘေး ရှိတယ်။ ဘေးရဲ့အဖေ ဘီလည်း ရှိတယ်။ ဘီရဲ့အဖေ ဘင်လည်း ရှိတယ်။ ဘင်ရဲ့အဖေ ဘဲလည်း ရှိတယ်။ ဘဲရဲ့အဖေ ဘောလည်း ရှိတယ်။ သူတို့ကို မမြင်ဖူးပေမယ့် ရှိတယ်ဆိုတာကို မယုံလို့ မရဘူး။ သူတို့ရှိလို့သာ မင်းဖြစ်လာတာပေါ့။ အဲဒီလိုပဲ မျက်စိနဲ့ မမြင်ရပေမယ့် ယုံကြည်ရတဲ့ကိစ္စတွေ လောကကြီးမှာ အများကြီးပဲ။ ဥပမာ-ဦးကြီးဦးမြသီးလိုပဲ ဦးကြီးဟာ အရွယ်ကောင်းတုန်းက ဒီပညာကို အပတ်တကုတ် ကြိုးစားပြီး ရယူခဲ့ရတယ်။ ခုတော့ သူ့ကို အောက်လမ်းပညာသည်ကြီးဆိုပြီး ပတ်ဝန်းကျင်မှာ ပြောနေကြတယ်။ စော်ကားမော်ကားလည်း မလုပ်ရဲကြဘူး။ သူ့ကို မြင်လိုက်ရတဲ့သူဟာ အတွေ့မခံဘဲ ရှောင်သွားတာပဲ'

'အဲဒီလိုဆိုရင် ဦးကြီးဟာ ဘုရား၊ တရား၊ သံဃာကို ယုံကြည်ကိုးကွယ်မှု မရှိဘူးပေါ့'

အဖေသည် စဉ်းစားလိုက်ပြီး-

'အဲဒီလိုတော့ မဟုတ်ဘူးကွ။ သူ့ဟာသူ ဘယ်ပညာကိုပဲတတ်တတ် သူက အမြဲတမ်း ဘုရားရှိခိုးတယ်။ ပုတီးစိပ်တယ်။ မေတ္တာပို့တယ်။ ပြီးရင် အမျှအတန်းပေးဝေတယ်။ အလှူအတန်းတွေကိုလည်း ခဏ,ခဏလုပ်တယ်။ ရပ်ရွာရဲ့ ကောင်းကျိုးရှိတဲ့ လုပ်ငန်းတွေမှာလည်း ပါဝင်တယ်။ အဲဒါကြောင့် သူ့ကို ဘယ်သူမှ အပြစ်မပြောကြဘူး။ ကြောက်ပေမယ့် ရေလိုက်ငါးလိုက်ပဲ နေကြတယ်'ဟု ပြောလိုက်လေသည်။

ကျွန်ုပ်တို့သားအဖသည် နွားလှည်းကလေးဖြင့် ပြန်လာကြရာ ညဦးပိုင်းတွင် အိမ်သို့ ပြန်ရောက်ကြလေသည်။

အမေသည် အိမ်ပေါက်ဝမှနေ၍ ကျွန်ုပ်တို့အား ထွက်ကြိုနေသည်ကို တွေ့ရလေတော့သတည်း။

မင်းသန့်ကျော်စိုးကုန်း

www.burmeseclassic.com

www.burmeseclassic.com

ပြတင်းပေါက်မှာ အမြင့်ကြီးဖြစ်နေသောကြောင့် ဝင်လာသောအလင်းရောင်က မှုန်ဝါးဝါးဖြစ်နေသည်။ အခန်းနံရံများတွင် ယခင်က အကျဉ်းသားများ ရေးသွားကြသောစာများ၊ ခြစ်ရာများက သဲသဲကွဲကွဲ မမြင်ရအောင် မှုန်ဝါးနေသည်။ ဒန်အိုဒမ်ကို သတ်ခဲ့သော တရားခံသည် အခန်းကျဉ်း ကလေးထဲတွင် လူးလာခေါက်တုံ့ လမ်းလျှောက်နေသည်။ ထို့နောက် အကြိတ်စခုရဟန်နှင့် အကျဉ်းခန်းသံတိုင်အနီးသို့ ကပ်လာပြီး သံတိုင်ကို လက်နှင့်ကိုင်ကာ အစောင့်ကို လှမ်းအော်လိုက်သည်။

'ဟေး..ထောင်မှူး၊ တာဝန်မှူး'

သူ၏ စူးစူးဝါးဝါးအော်သံက တစ်နေရာတွင် မှိန်းနေသော တာဝန်ကျ ရဲတာဝန်မှူးကို အနှောင့်အယှက် ဖြစ်သွားစေတော့သည်။ တာဝန်ကျ ရဲတာဝန်မှူးသည် ထိုင်နေရာမှ ထလာကာ တရားခံရှိရာ သံတိုင်နားသို့ ကပ်လာသည်။

တရားခံက-

'ကျွန်တော် တစ်ခုလောက် ပြောပါရစေ'

'ဘာများပြောချင်လို့လဲ'

အလင်းရောင်ကလည်း ခပ်မှောင်မှောင်ဆိုတော့ အပြင်ကလည်း မိုးက ရွာနေသဖြင့် ရဲတာဝန်မှူးသည် သံတိုင်အနီးသို့ ကပ်လာခဲ့သည်။

ရဲတာဝန်မှူးသည် သံတိုင်နှစ်ခုအား ဆုပ်ကိုင်ကာ အကျဉ်းသားအား ဘာပြောမည်လဲဟု မေးဆတ်ပြလိုက်သည်။ အကျဉ်းသားက တစ်စုံတစ်ခုကို ပြောလာသည်။ သို့သော် အသံက တိုးလွန်းသောကြောင့် ဘာမျှမကြားရသဖြင့် ရဲတာဝန်မှူးသည် မိမိနားနှင့် ခေါင်းကို သံတိုင်ကြားတိုးကပ်ကာ နားထောင်ရန် ပြင်လိုက်သည်။

ထိုအခါ အကြိတ်ရှိထားသည့်အတိုင်း တရားခံက အနီးသို့ ကပ်လာသည့် တာဝန်မှူးခါးမှ သေနတ်ကို ဆွဲယူလိုက်

www.burmeseclassic.com

www.burmeseclassic.com

ကာ 'နောက်ကို လှည့်လိုက်ပါ။ တံခါးနားကို ကျောကပ်လှည့်ပါ' ဟု တိုတောင်းပြတ်သားသည့်အသံဖြင့် ပြောလိုက်သည်။

ရဲတာဝန်မှူးမှာ မိမိတစ်ယောက်တည်း ဖြစ်နေသောကြောင့် အမိန့်ကို နာခံလိုက်ရသည်။

'ကဲ..တံခါးဖွင့်လိုက်ပါ'

တံခါးကို ဖွင့်ပေးလိုက်ရသည်။ တံခါးပွင့်သွားချေပြီ။

'ကဲ..အေးအေးဆေးဆေး ဟိုခုံပေါ်မှာ သွားပြီးမှောက်နေပါ။ မော်လို့တောင် မကြည့်ပါနဲ့'

လူသတ်တရားခံသည် ရဲတာဝန်မှူးထံမှ ရလာသော သေနတ်ကိုကိုင်ရင်း မိမိနှင့် ဘဝတူ အကျဉ်းသားများအား အပြင်သို့ ထွက်စေသည်။ ပြီးမှ မှောက်နေသော ရဲတာဝန်မှူး၏ ဦးခေါင်းကို သေနတ်ဒင်နှင့် ခပ်ပြင်းပြင်းထုလိုက်ပြီး မေ့မြောသွားမှ သူ့အိတ်ထဲမှ တွေ့သမျှ ငွေသား၊ ဆေးလိပ်၊ ဆေးနှင့် စာရွက်စာတမ်းအချို့နှင့် သေနတ်ထည့်သော သားရေခါးပတ်ပါမကျန် ယူဆောင်ပြီး ရဲစခန်းကို သော့ခတ်ကာ ထွက်လာခဲ့သည်။

လူသတ်တရားခံသည် နံရံမှ ချိတ်ထားသော ရေကာမိုးကာအင်္ကျီကို ဝတ်ဆင်၍ ဦးထုပ်တို့ကို အကျအနဆောင်းကာ ထွက်လာခဲ့ခြင်းဖြစ်သည်။ သုံးရက်လုံးလုံး မရပ်မနားရွာခဲ့သော မိုးမှာလည်း စဲစပြုနေပြီဖြစ်သည်။ ဂျင်ဂိုရွာကလေး၏ တစ်ခုတည်းသော လမ်းမကြီးမှာ ညနေ(၅)နာရီခန့်မှ ရှိသေးသော်လည်း လူသွားလူလာပြတ်ကာ သဲကန္တာရသဖွယ် ခြောက်သွေ့ငြိမ်သက်နေသည်။

သူသည် လမ်းမကြီးအတိုင်း အတန်ငယ် လျှောက်လာခဲ့ပြီးမှ ရွှံ့ဖွက်များ ထူထပ်လှသော လမ်းမြောင်းကလေး တစ်ခုဆီသို့ ချိုးဝင်လိုက်သည်။ အခန့်သင့်ပင် မလှမ်းမကမ်းမှာ မြင်းစောင်းတစ်ခုကို တွေ့လိုက်ရသောကြောင့် တန်းတန်းမတ်မတ် ဝင်ရောက်လာခဲ့သည်။

မြင်းစောင်းတွင် မြင်းလေးကောင် အရန်သင့်တွေ့ရသည်နှင့် ခိုင်မာတောင့်တင်းသော မြင်းတစ်ကောင်ကိုရွေးပြီး ကုန်းနှီးတင်ကာ ဂျင်ဂိုရွာကလေးမှ ကျောခိုင်းလာခဲ့သည်။

လမ်းခရီးတွင် ပေါင်မှ ခိုးလိုးခုလုဖြစ်နေသော အရာကို ဆွဲထုတ်လိုက်ရာ ရဲတာဝန်မှူးအား ခြောက်လှန့်ခဲ့သော သေနတ်ကို တွေ့လိုက်ရသည်။ ကောင်းကင်တွင်လည်း မိုးသားများ ကင်းစင်ကာ ကြယ်ကလေးများပင် ထွက်စပြုနေပေပြီ။ တစ်ညလုံး မြင်းစီးကာ ထောင်ဘက်စူးစူးသို့ ခရီးကြမ်းနှင်ခဲ့သည်။

မနက်မိုးလင်းသည်နှင့် မြင်းမှာလည်း တစ်ညလုံး မနားတမ်း ခရီးပန်းခဲ့သဖြင့် မသွားနိုင်တော့ပေ။ သို့နှင့် လမ်းမကြီးမှခွာ၍ တောအုပ်တစ်ခုအတွင်းသို့ဝင်ကာ မြင်းကို အနားပေးလိုက်သည်။ သို့သော် မိမိလုံခြုံရေးအတွက် စိတ်မချရသေးသောကြောင့် ပတ်ဝန်းကျင်ကို လေ့လာလိုက်သောအခါ သံဆူးကြိုးများနှင့် တယ်လီဖုန်းကြိုးများ တွေ့နေရသောကြောင့် လူနေအိမ်ခြေများနှင့် နီးနေကြောင်း သတိပြုမိသည်။

မွန်းတည့်ချိန်လောက်တွင် မြင်းကို ပြန်လည်ပြင်ဆင်ကာ ခရီးဆက်ခဲ့သည်။ တောင်ခြေကမ္ဘကလေးတစ်ခုကို ကျော်လိုက်သည်နှင့် ခြံကျယ်ကြီးနှင့် အိမ်တစ်လုံးကို တွေ့လိုက်ရသည်။ ၄င်းအိမ်တွင် တယ်လီဖုန်းကြိုးများ မြင်လိုက်ရသည်။ ဆင်ခြေလျှောတောင်ရိုးတစ်လျှောက် လျှောက်သွားစဉ် နောက်မှ ရိုင်ဖယ်သေနတ်သံတစ်ချက် မြည်ဟိန်းထွက်လာသည်။

ရိုင်ဖယ်သံနှင့်အတူ စီးလာသောမြင်းသည် ဗုန်းခနဲလဲကျသွားသည်။ သူသည် မြေကြီးပေါ်၌ ပြားပြားဝပ်နေလိုက်သည်။ ရိုင်ဖယ်သံ နောက်တစ်ချက်ကြားရပြီးနောက် တိတ်ဆိတ်သွားသည်။ မြင်းပေါ်မှကျသောဒဏ်ကြောင့် ပခုံးတွင် ဒဏ်ရာရကာ နာကျင်ကိုက်ခဲလာသည်။ ဒဏ်ရာမှ သွေးများက တစိမ့်စိမ့်ယိုစီးကျလာသည်။ လက်နှစ်ဖက်လုံးတွင်လည်း ရွံ့များပေကျံကာ ကုတ်အင်္ကျီကိုချွတ်၍ ရှပ်အင်္ကျီအစဖြင့် အနာကို သွေးတိတ်အောင် ပြုလုပ်လိုက်သည်။

သူက မြင်းကို စွန့်ပစ်ခဲ့သည်။ ခရီးလမ်းတစ်လျှောက် နားလိုက်,သွားလိုက်ဖြင့် တဖြည်းဖြည်းလျှောက်လာခဲ့သည်။ လမ်းတွင် ဖြတ်သန်းသွားလာနေသောလူဟူ၍ တစ်ခုတစ်ယောက်မျှ မတွေ့။ မိမိအား ယခုကဲ့သို့ ခြေကျင်လျှောက်သွားရန် ဖန်တီးလိုက်သော မြင်းကို သေနတ်နှင့် ပစ်သုံးမကျေမနပ်နှင့် စိတ်ထဲက ဆဲရေးနေမိသည်။ ဆောင်းလာခဲ့သောဦးထုပ်ကလည်း ဘယ်ကျွန်နေခဲ့မှန်းမသိ။ တမွဲဖွဲရွာနေသောမိုးကြောင့် ခေါင်းမှ ဆံပင်များသည် ကြွက်စုတ်ရေလောင်းထားသလို ဖြစ်နေသည်။

မိုးရေကြောင့် အဆစ်များ ကိုက်ခဲလာသည်။ ကုတ်အင်္ကျီကိုလည်း လွင့်ပစ်ချင်စိတ်ပေါက်လာသည်။ မိမိအား ရေစိုမည်စိုးသောကြောင့် သံသယခံနေရသည်။ မခံစားတည်း

www.burmeseclassic.com

www.burmeseclassic.com

က အစာမစားခဲ့ရသောကြောင့် ဗိုက်ထဲကလည်း တကြုတ်ကြုတ်မြည်နေသည်။ တစ်ရေးလောက်အိပ်ပြီး အနားယူချင်နေသေးသည်။ တစ်ညလုံး မိုးက တဖွဲဖွဲရွာနေသည်။

သူသည် လာလမ်းမမှ အနီးရှိ တောအုပ်တစ်ခုတွင် ဝင်ရောက်ကာ မိုးရေခံကုတ်အင်္ကျီကို ခေါင်းမြီးခြုံ၍ သစ်ပင်ရင်းတစ်ခုတွင် ဝင်ထိုင်ကာ အနားယူလိုက်သည်။

♦ ♦ ♦

မိမိရပ်နေသော တောင်ကုန်းတစ်ခုပေါ်မှ ခပ်ဝေးဝေးသို့ လှမ်းကြည့်လိုက်ရာ မီးခိုးတလူလူထွက်နေသော အိမ်တစ်လုံးကို တွေ့လိုက်ရသည်။ သူသည် အိမ်နှင့် ပိုမိုနီးကပ်နေသော နေရာကိုရောက်အောင် တိုးသွားပြီး အိမ်အခြေအနေကို အကဲခတ်လိုက်သည်။ အိမ်ထဲမှ မိန်းမရွယ်တစ်ယောက် ထွက်လာသည်။ မီးခိုးရောင်အင်္ကျီ ဝတ်ထားသည်။

ထိုမိန်းမသည် အိမ်မှ ခပ်လှမ်းလှမ်းတစ်နေရာရှိ ခြံထောင့်သို့သွားရောက်ပြီး ကောက်ရိုးပြတ်များ သွားထားလိုက်သည်။ နောက်တွင် အသက်(၁၀)နှစ်၊ (၁၂)နှစ်ခန့်ရှိ ယောကျ်ားကလေးတစ်ယောက် ထွက်လာသည်။ သူလည်း သူ့မိခင်နည်းတူပင် ခြံစည်းရိုးဘက် ထွက်သွားပြီး အိမ်ထဲပြန်ဝင်သွားသည်။ မိန်းမရွယ်ကို မတွေ့တော့ချေ။

သူသည် တရွေ့ရွေ့ဖြင့် အိမ်အနီးသို့ ချဉ်းကပ်သွားသည်။ လယ်ယာသုံးပစ္စည်းများ ခြံထဲတွင် အများအပြား တွေ့လိုက်ရသည်။ ခြံဝင်းထဲတွင် မိန်းမရွယ်၏ ခြေရာနှင့် ကလေးခြေရာကလွဲ၍ တခြားယောကျ်ားတစ်ဦးတစ်ယောက်၏ခြေရာမျှ မတွေ့ရ။ သူသည် ခြံထဲကဖြတ်၍ အိမ်ဘက်သို့ တန်းတန်းမတ်မတ် ဝင်သွားသည်။

အပြင်ပြတင်းမှ သားအမိနှစ်ယောက်ကို လှမ်းမြင်လိုက်ရသည်။ သူတို့သည် ခုံတန်းလျားတစ်ခုတွင် ထိုင်နေကြသည်။ သူ၏ဒဏ်ရာမှ ကျဆင်းလာသော သွေးစက်တို့သည် လက်မှတစ်ဆင့် မြေကြီးပေါ်သို့ တတောက်တောက်ကျနေသည်။

သူသည် အခန်းပေါက်ဝတွင် ခဏမျှ ရပ်ကြည့်နေလိုက်သည်။ သားအမိနှစ်ယောက်မှာလည်း ကျောက်ရုပ်အလား ငြိမ်သက်စွာထိုင်နေကြသည်။ အခန်း၏အလယ်တွင် စားပွဲတစ်လုံးရှိပြီး ကုလားထိုင်များက ပြန့်ကျဲစွာ ရှိနေသည်။ မီးဖိုတံခါးဝသို့ ဖြတ်လျှောက်သွားလိုက်သော အခါ မိန်းမရွယ်က ၄င်းကို စူးစိုက်ကြည့်နေသည်။

'ခင်ဗျားယောကျ်ားရော'

'မရှိဘူး'

'ဘယ်သွားသလဲ'

'မသိပါဘူး'

'သူ ဘယ်တော့ပြန်မလဲ'

'သူ ပြန်လာတော့မယ် မထင်ပါဘူး'

မိန်းမရွယ်က သံပြတ်နှင့်ဖြေသည်။

၄င်းအဖြေကြောင့် လူသတ်သမားက ခေါင်းရွှဲသွားပုံရသည်။ မိန်းမရွယ်က သားဖြစ်သူကို ကြည့်လိုက်ပြီး တစ်ဖန် သူ့အား မော့ကြည့်လိုက်သည်။

'ဘာကိုဆိုလိုတာလဲ'

'ကျွန်မဆိုလိုတာက သူ အိမ်ပြန်လာတော့မှာ မဟုတ်ဘူး။ အိမ်ကို ငြိုးငွေ့သွားလို့ပေါ့'

မိန်းမရွယ်က နှုတ်ခမ်းကို တင်းတင်းစေ့ထားလိုက်သည်။ ထို့နောက် အခန်းထောင့်တစ်နေရာသို့ ထသွားသည်။ အခန်းထောင့်တွင် ယောကျ်ားစီးဖိနပ်နှစ်ရန် ရှိသည်။ သို့သော် ထိုဖိနပ်များသည် ရွှံများ ပေကျံခြင်းမရှိ။ လတ်တလော စီးနင်းထားပုံမရ။ လူသတ်သမားက ခြောက်လုံးပြူးအား အိတ်အတွင်း ပြန်ထည့်လိုက်သည်။

'ကျုပ်ကို ထမင်းကျွေးစမ်းပါ'

မိန်းမရွယ်က တစ်စုံတစ်ရာမပြောဘဲ မီးဖိုထဲကို ဝင်သွားသည်။ သားကလေးကလည်း မိခင်နောက်သို့ ထလိုက်သွားသည်။

မိန်းမရွယ် ချက်ပြုံးသော ဝက်ပေါင်ခြောက်နှင့် ကော်ဖီကို အငမ်းမရ စားသောက်နေသည်။ ၄င်း၏ မျက်လုံးများက ဂနာမငြိမ်။ တံခါး၊ ပြတင်းပေါက်နှင့် အိမ်ရှင်မ၊ ကောင်ကလေးတို့ဆီသို့ ရောက်နေသည်။ သေနတ်ကို စားပွဲပေါ် တင်ထားသည်။ ၄င်း၏ဒဏ်ရာမှ သွေးများ တစိမ့်စိမ့်ကျနေသည်။

သူသည် စီးကရက်မီးညှိရန် လက်ကို ရွေ့လျားလိုက်သော် မိန်းမရွယ်က သူ၏ဒဏ်ရာကို မြင်သွားပုံရပြီး နေရာမှ ထလာကာ သူ့အနီးကို ရောက်လာသည်။

'သွေးတွေထွက်နေပါလား။ ကျွန်မ လုပ်ပေးပါရစေ'

သူသည် မိန်းမရွယ်၏မျက်နှာကို စူးစမ်းသောအကြည့်နှင့် ကြည့်လိုက်သည်။ ကုလားထိုင်၏နောက်ကို ကိုယ်ကို မှီလိုက်ပြီး အင်္ကျီကို မ,ပေးလိုက်သည်။ မိန်းမရွယ် အနာဂရေခွေးနှင့် ဆေးကြောပေးပြီး ပတ်တီးစည်းပေးလိုက်သည်။ ၄င်း၏ လှုပ်ရှားဟန်က သွက်လက်ကျွမ်းကျင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒဏ်ရာကို ပတ်တီးစည်းပေးပြီးသည်အထိ နှစ်ယောက်လုံး နှုတ်ဆိတ်နေကြသည်။

အင်္ဂျီကို ကြယ်သီးများ ပြန်တပ်ပြီးသောအခါ -

'ဒီကို ဧည့်သည်တွေဘာတွေ လာတတ်ကြသလား။ ဒီကနေ တယ်လီဖုန်းရှိတဲ့နေရာနဲ့ ဘယ်လောက်ဝေးသလဲ'

'ရှစ်မိုင်လောက် ဝေးမယ်ထင်တယ်'

'မြင်းရော ဒီနားမှာ ရနိုင်မလား'

'မရနိုင်ဘူး'

ပြောပြောဆိုဆို လူသတ်တရားခံသည် နေရာမှထကာ ဒီရိုဟောင်းတစ်ခုဆီသို့ လျှောက်သွားသည်။ အပေါ်အံဆွဲကို ပထမဖွင့်ကြည့်လိုက်သည်။ အထဲတွင် သေနတ်တစ်လက် တွေ့၍ သူက သူ့အိတ်ထဲကို ထည့်လိုက်သည်။ ချိတ်ထားသောအင်္ဂျီနောက်တွင် ရိုင်ဖယ်သေနတ်တစ်လက်ကို တွေ့သည်။ ဗီရိုထဲမှ စောင်နှစ်ထည်နှင့် ရိုင်ဖယ်သေနတ်ကို ယူကာ တံခါးဝကို ထွက်သွားသည်။

'ကျုပ် ခဏလောက် အိပ်ချင်တယ်။ ဒီမှာ ခင်ဗျား သိထားဖို့က ဒီအိမ်မှာ ဘယ်နားမှာ ဘာဆိုတာ ကျုပ်က အားလုံးမှတ်ထားပြီးပြီ။ ဟိုခြံထဲက အစာစားနေတဲ့ မြင်းက အစပေါ့။ ကျုပ်နိုးလာတဲ့အချိန်မှာ မူလအတိုင်းပဲ ရှိစေချင်တယ်။ ဟိုထွက်သွား ဒီထွက်သွား မလုပ်ရဘူးနော်။ နားလည်လား'

မိန်းမရွယ်က ခေါင်းညိတ်လိုက်သည်။ သို့သော် စေဒကတက်လိုက်သေးသည်။

'တကယ်လို့ သူစိမ်းတရံဇည့်သည်များ လာတယ်ဆိုရင် ရှင့်ကို သူတို့ တွေ့မသွားခင် ရှင့် နိုးနေဖို့ လိုမယ်ထင်တယ်'

မိန်းမရွယ်၏ စကားကိုကြားသော် သူ၏အိပ်ချင်သော မျက်လုံးများက ပြူးကျယ်လာသည်။ မိန်းမရွယ်ထံ တဖြည်းဖြည်းချဉ်းကပ်လာပြီး မိန်းမရွယ်၏မျက်နှာနှင့် သူ၏မျက်နှာကို နီးနီးဝင်သမျှ နီးအောင်ကပ်၍ စိုက်ကြည့်နေလိုက်သည်။

ပြီးနောက် -

'လွန်ခဲ့တဲ့အပတ်က ဂျင်ဂိုရွာမှာ ကျုပ် လူတစ်ယောက်ကို သတ်ခဲ့တယ်။ ဒါပေမဲ့ ကျုပ်တို့က တရားသော သေနတ်ပစ်နည်းနဲ့ ပစ်ကြတာပါ။ သူ့သေနတ်ကြောင့် ကျုပ်လက်မောင်းမှာ ဒဏ်ရာရခဲ့တယ်။ သူလည်း ကျုပ်လက်ချက်နဲ့ သေသွားတယ်။ ရဲက ကျုပ်ကိုဖမ်းပြီး ကြိုးပေးမယ်ကြံပေမယ့် ကျုပ်က အခု ထွက်ပြေးလာခဲ့တယ်။ ဒါကြောင့် ကျုပ် ဒီမှာ ကြာကြာမနေနိုင်ဘူး'

မိန်းမရွယ်က ခေါင်းသာညိတ်ပြသည်။ ဘာစကားမှ ပြန်မပြော။

သူသည် မိန်းမရွယ်ကို စိုက်ကြည့်နေရာမှ မျက်လုံးကို လွှဲလိုက်ပြီး စိတ်ကိုပြောင်းလိုက်သည်။ အခန်းဘေးထောင့်တစ်နေရာတွင် စောင်ကို ခင်းလိုက်သည်။ ရဲတာဝန်မှူးထံမှ ယူခဲ့သော သေနတ်ကို ညာလက်မှကိုင်ရင်း အသာလဲအိပ်လိုက်သည်။

♦ ♦ ♦

မိုးက တဖွဲဖွဲရွာဆဲပင်။ မွန်းလွဲချိန်ရောက်နေပြီ။ လူသတ်တရားခံသည် နိုးနိုးချင်း အိမ်အခြေအနေ၊ ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်လိုက်သည်။ မိမိ မအိပ်ခင် အခြေအနေနှင့် နီးလာသော အနေအထားကို ကျေနပ်သွားသည်။ မိန်းမရွယ်က အခန်းကို တံမြက်စည်းလှည်းကာ သန့်ရှင်းထားသည်ကို တွေ့ရသည်။ ထိုမျှသာမက မိန်းမရွယ်သည် အင်္ဂျီအသစ်လဲပြီး ခေါင်းမှ ဆံပင်များကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ဖြီးပြီးဖြန့်ထားသည်ကို တွေ့ရသည်။

မိန်းမရွယ်က အဝတ်တစ်ထည် ချုပ်နေရာမှ သူ့အားမော့ကြည့်လိုက်သည်။ မျက်နှာကလေးမှာ ငယ်ရုပ်ပေါက်နေပြီး ၄င်း၏ကြွမ်းတမ်းလှသောဘဝနှင့် မအပ်စပ်အောင် နုနယ်နေသည်။ သူ့အကြည့်ချင်းဆုံလိုက်ရသော မျက်လုံးမှာ ပို၍အရောင်တောက်လာသည်။

'ကလေးရော ဘယ်ရောက်သွားသလဲ'

မိန်းမရွယ်က တောင်ကုန်းဆီသို့ နောက်ပြန်လက်ညှိုးထိုးကာ -

'တောင်ပေါ်ကို စောင့်ကြည့်ဖို့ လွှတ်ထားတယ်'

လူသတ်တရားခံသည် ပြတင်းပေါက်မှတစ်ဆင့် တောင်ပေါ်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်သည်။ ပြီးမှ အထဲကို ပြန်ဝင်လာသည်။

'ရှင့်လက်မောင်းကဒဏ်ရာ ဘယ်လိုနေသေးလဲ'

လူသတ်တရားခံက လက်မောင်းကို အသာအယာ မ၊ပြ လိုက်သည်။

'သက်သာပါတယ်။ ကျုပ် သွားတော့မယ်။ ကျုပ်အတွက် စားစရာတစ်ခုခု လုပ်ပေးလိုက်ပါ'

'ရှင်ရူးနေလား။ ဘာပဲဖြစ်ဖြစ် ဒီမှာ အနားသက်သာပြီး ခရီးသွားလို့ရတဲ့အထိ ရှင် နေဖို့ကောင်းတယ်'

ပြောပြောဆိုဆို မိန်းမရွယ်က မီးဖိုခန်းထဲသို့ စိတ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com

သလို ဝင်သွားသည်။

'ဘယ်ဖြစ်မလဲ။ ဒီနေရာက ဂျင်ဂိုနဲ့ နီးတယ်'

'အောင်မယ်လေး..ဒီလောက် ရွံတွေ့,ဗွက်တွေထူတဲ့ နေရာကို ဘယ်သူမှလည်း မလာပါဘူး။ ကားမပြောနဲ့ မြင်းတောင် လာဖို့မလွယ်ပါဘူး။ ရှင် ဒီမှာရှိမှန်းလည်း ဘယ်သူမှ မသိပါဘူး။ သိလည်း ဘယ်သူကမှ ခြေရာခံပြီး လိုက်လာမှာမှတ်လို့'

မိန်းမရွယ်သည် ပြောပြောဆိုဆို ကြမ်းပေါ်တွင်ကျနေသော အိတ်တစ်လုံးကို ကုန်း၍ကောက်လိုက်သည်။ သူဝတ်ထားသောအင်္ကျီမှာ ပန်းရောင်ပိုးပျော့ပါးပါးဖြစ်၍ သူမ၏ သေးသွယ်သောခါး၊ လုံးကျစ်နေသောတင်ပါးနှင့် သွယ်တန်းနေသော ပေါင်တံများကို သဲသဲကွဲကွဲမြင်နေရသည်။

နံရံနောက်ခံနှင့် ပို၍ကြည့်ကောင်းနေသည်။ ခါးကို ပြန်မတ်၍ လှည့်လိုက်သောအခါ သူ့အား စူးစူးစိုက်စိုက် ငေးကြည့်နေသော လူသတ်သမား၏ မျက်လုံးအစုံကို တွေ့လိုက်ရသဖြင့် မိန်းမရွယ်က မျက်လွှာကို အသာချလိုက်သည်။ သူမျက်နှာမှာလည်း ရှက်သွေးဖြာ၍ ပန်းနုရောင်သန်းသွားသည်။ တင်းတင်းစေ့ထားသော နူတ်ခမ်းအစုံက ပွင့်ဟသွားသည်။

လူသတ်တရားခံက အခန်းထောင့်ကိုမှီပြီး ကောက်ရိုးမျှင်ကလေးဖြင့် မေးစေ့ကို တို့ထိကစားနေသည်။ မျက်လုံးများကမူ မိန်းမရွယ်ကို ရွှန်းရွှန်းစားစား ကြည့်နေဆဲ။

'ခင်ဗျားပြောတာ မှန်ပါလိမ့်မယ်လေ'

မိန်းမရွယ်က အခန်းထောင့် သံပုံးထဲမှ ရေကိုယူ၍ မီးဖိုပေါ်တင်ပြီး ရေနွေးကျိုရန် မီးမွှေးလိုက်သည်။ ၄င်း နောက် အိမ်ထဲသို့ ဝင်သွားပြီး ဗီရိုအဟောင်းကြီးထဲမှ ရှပ်အင်္ကျီတစ်ထည်၊ ခြေစွပ်တစ်စုံ ထုတ်လိုက်သည်။ ချိတ်တွင် ချိတ်ထားသော ဘောင်းဘီတစ်စုံကို ထုတ်ယူပြီး မီးဖိုခန်း ကုလားထိုင်ပေါ်တွင် တင်ထားလိုက်သည်။

ပြီးနောက် အိမ်ခန်းထဲ ပြန်ဝင်သွားပြီး မီးဖိုနှင့်ဆက်ထားသော တံခါးကို အပြင်ဘက်မှ အသာစေ့ထားလိုက်သည်။

လူသတ်သမားက မိန်းမရွယ် ချပေးထားသော အဝတ်အစားများကိုယူ၍ ရေချိုးခန်းထဲသို့ ဝင်ခဲ့သည်။ ရေချိုးခန်းအတွင်း ရေချိုးနေစဉ် သူသည် မိန်းမရွယ်၏ ခပ်တိုးတိုး သီချင်းညည်းသံကို ကြားနေရသည်။ လူသတ်တရားခံက တံခါးရွက်ကြားမှ ချောင်းကြည့်လိုက်ရာ မိန်းမရွယ်အား ခုံတန်းလျားကလေးပေါ်တွင် အဝတ်တစ်ခုကို ချုပ်နေရင်း သီချင်းညည်းနေသည်ကို တွေ့လိုက်ရသည်။ သူမျက်နှာတွင်လည်း ရှက်သွေးဖြာဆဲရှိသေးသည်။

လူသတ်တရားခံသည် ရေချိုးပြီး ကိုယ်လက်သုတ်သင်၍ ဘောင်းဘီဝတ်ရန် ခြေထောက်တစ်ဖက် ထည့်လိုက်စဉ် သီချင်းညည်းသံက ရုတ်တရက် ရပ်တန့်သွားသည်ကို သိရသဖြင့် နောက်ခြေတစ်ဖက်ကို ဘောင်းဘီတွင်း မသွင်းသေးဘဲ သေနတ်ကို ချက်ချင်းကောက်ယူပြီး တံခါးဝသို့ ချဉ်းကပ်လိုက်သည်။ ကျန်ဘောင်းဘီတစ်ဖက်မှာ ကြမ်းပေါ် တရွတ်တိုက်ပါလာသည်။ ကိုယ်ကို နံရံနားသို့ကပ်ကာ တံခါးကြားမှ အပြင်သို့ ချောင်းကြည့်လိုက်သည်။

တံခါးပေါက်ဝတွင် လူတစ်ယောက် မတ်တတ်ရပ်နေသည်။ ၄င်း၏မိုးကာအင်္ကျီမှ ရေများမှာ တစက်စက်ကျနေဆဲ ရှိသည်။ ၄င်း၏လက်ထဲတွင် နှစ်လုံးပြူးသေနတ်ကို ကိုင်ထားသည်။ မျက်လုံးမှာမူ တံခါးဝကိုသာ စူးစိုက်ကြည့်နေကြောင်း တွေ့ရသည်။

လူသတ်သမားသည် သေနတ်မောင်းကိုဆွဲရန် ပြင်လိုက်စဉ် နောက်ဘက်တံခါး ပွင့်လာပြီး-

'လက်နက်ချလိုက်စမ်း'

တစ်ချိန်တည်းပင် လူသတ်သမားက နောက်ကို တစ်ပတ်လှည့်လိုက်သည်။ သေနတ်သံ နှစ်ချက်ကလည်း ဟိန်းထွက်လာသည်။ လူသတ်တရားခံမှာ တရွတ်တိုက်ပါလာသော ဘောင်းဘီနှင့် တုပ်မိပြီး လဲကျသွားသောကြောင့် သူ့ထံမှထွက်သွားသော ကျည်ဆန်သည် ချိန်သားမကိုက်ဘဲ ပစ်မှတ်က လွဲသွားသည်။ အိမ်ခန်းနှင့်ဆက်ထားသော တခြားတံခါးပေါက်မှလည်း သေနတ်သံတစ်ချက် ပေါ်လာသည်။ မမျှော်လင့်သောနေရာမှ ကျည်ထွက်လာသဖြင့် လူသတ်သမားမှာ အံ့အားသင့်ပြီး ခေတ္တမှင်သက်မိနေရာမှ ကြမ်းပြင်ပေါ်သို့ ဗုန်းခနဲ လဲကျသွားသည်။

'ဒစ်(က်)..မင်းကို ထိသွားသေးလား'

'နည်းနည်းရှပ်သွားတာပါ။ ကိစ္စမရှိပါဘူး။ မင်း ပစ်လိုက်တာရော ဘော(လ်)'

'ငါပစ်တာ သေချာတာပေါ့။ ဘယ်လွဲမလဲ'

ထိုအခိုက် စည်ခန်းအတွင်းမှ မိန်းမရွယ် ဝင်လာပြီး လူစိမ်းနှစ်ယောက်ကို မေးလိုက်သည်။

'သားကလေးရော'

'စိတ်မပူပါနဲ့ မစ္စက်အိုဒမ်၊ ကောင်ကလေးတော ရွံ့ထွေ

www.burmeseclassic.com

ဖွက်တွေထဲ ပြေးလာရလို့ အနားယူခိုင်းထားတယ်။ ကျွန်တော်တို့အိမ်မှာ ရှိပါတယ်'

လဲနေသော လူသတ်သမားထံမှ ညည်းသံကြားနေရသဖြင့် ၄င်းတို့အားလုံး ကြည့်လိုက်ကြရာ မျက်လုံးပွင့်နေသည်ကို တွေ့ရသဖြင့် မစ္စက်အိုဒမ်နှင့် ဘော(လ်)တို့က ပြိုင်တူရောက်သွားကာ ဒူးထောက်၍ တရားခံအား ပွေ့ယူရန် ကြိုးစားလိုက်ကြသည်။

'နေပါစေ၊ နေပါစေ။ ဒီအတိုင်းပဲ နေပါရစေ'

သူ၏အသံက တောင်းပန်တိုးလျှိုးသံ ပါနေသည်။ သူ၏ ပါးစပ်ထဲမှလည်း သွေးများ ယိုစီးကျနေသည်။

သူ၏ အရောင်တောက်နေသော မျက်လုံးများက မိန်းမရွယ်မျက်နှာကို လှမ်းကြည့်ရင်း-

'မင်းက ဒမ်အိုဒမ်ရဲ့ မိန်းမလား'

သူမေးခွန်းသည် လည်ချောင်းထဲမှ ခက်ခက်ခဲခဲ ထွက်လာသည်။

'ဟုတ်တယ်'

မိန်းမရွယ်၏ဖြေသံက မထိမဲ့မြင်နိုင်လှသည်။ သို့သော် ဤသို့ဖြေလိုက်ခြင်းအတွက် သူမက ကျေနပ်နေမိသည်။ လူသတ်တရားခံက ဘာမျှမပြော။ သူမျက်နှာမှာလည်း အံ့သြပုံမရ။

သို့သော်-

'အိုဒမ်ဆိုတဲ့လူဟာ လူညံ့လူဖျင်းပဲ'

လူသတ်တရားခံက သူဘာသာသူ ပြောလိုက်ပြီး မျက်စိအစုံက တောင်တန်းရှိရာသို့ ကြည့်နေသည်။

မိန်းမရွယ်က အသာအယာ ခေါင်းညိတ်လိုက်သည်။

ဒမ်အိုဒမ်ကို သတ်ခဲ့သော တရားခံသည် ခေါင်းကို တစ်ချက်ငဲ့လိုက်ကာ သွေးများကို ဖွက်ခနဲ အန်ချလိုက်သည်။

တစ်ဖန် သူ၏မျက်လုံးများက မိန်းမရွယ်၏ မျက်နှာဆီသို့ ရွေ့သွားကာ 'သိပ်တော်တဲ့ မိန်းကလေးပါကလား' ဟု ရေရွတ်ပြီးနောက် အသက်ပျောက်သွားတော့သည်။

မောင်မြင့်မား(ဓိုလ်ကလေး)

ဝန်ခံချက်

THE MAN WHO KILLED DAN ODANS BY DASHIELL HAMMETT ကို ဆီလျော်အောင် ပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နေ့မင်းသူရိယ (ဆင်ဖြူကုန်း) ပရလောက၏ နိမိတ်ရေးရာများ



(၁)

If you died to day what would happen your life future?

သည်နေ့ မင်းသေသွားရင် အနာဂတ်ဘဝမှာ မင်း ဘာတွေဖြစ်မလဲ။

www.burmeseclassic.com

www.burmeseclassic.com

(၂)

လောကဓော်ကြီးတစ်ခုလုံး အုံ့ဖျဲဝေမှောင်နေသော ရွှန်လ၏ ညတစ်ညဖြစ်သည်။ မိုးရွဲ့နံ့သင်းနေသော လေပြည်လေနုအေးတို့သည် မိုးမခပင်များ၊ သစ်အယ်ပင်များကို ထွေးပွေ့နွှတ်ဆက် ကျီစယ်ဆော့ကစားနေကြသဖြင့် တရှဲရှဲမြည်သံပေးနေ၏။ တရိပ်ရိပ်တက်လာသော တိမ်မည်းညိုရိပ်တို့က လပြည့်ဝန်းကို တူတူပုန်းတမ်း ကွယ်ဝှက်ကစားနေသလိုရှိ၏။ တစ်ချက်,တစ်ချက် လေပြည်နှောတွင် ယီးလေးခို ဝေဝဲလိုက်ပါလာသော ညမွေးပန်းတို့၏ ရွဲ့နံ့သင်းသင်းက ဝန်းကျင်ကို မထိခလုတ် ထိခလုတ် လက်တို့နှုတ်ဆက်နေသည်။ ပိုးစုန်းကြူးတို့ကမူ ပိုးတဝါးလရောင် အောက်၌ စိမ်းဖန့်သော ကိုယ်ပိုင်အလင်းမီးအိမ်ကိုယ်စီ ထွန်းညှိလျက် ချစ်သူပျောက်ကို ရှာဖွေနေကြသယောင်။ ငြိမ်သက်ငိုက်မျဉ်းနေခဲ့သော နှင်းဆီချုံများက လေပြည်တိုးလိုက်တိုင်း သက်ဝင်လှုပ်ရှားသွားကြ၏။

အိုင်ယာလန်နိုင်ငံ၊ ဒဗ္ဗလင်မြို့ တော်ဝင်ကောလိပ် (Royal College of Science) ပရိဂုဏ်အတွင်းရှိ ပါမောက္ခ ဆာဝီလျံဘားရက်သည် စာဖတ်ခန်းအပြင်ဘက်ရှိ ပတ်ဝန်းကျင်ကို ငေးမောကြည့်ရှုနေရင်း တစ်စုံတစ်ရာကို အလေးအနက်တွေးတောနေဟန်ရှိသည်။ သူ၏ စာရေးစားပွဲပေါ်မှာတော့ မပြီးမပြတ် အဆုံးမသတ်ရသေးသော စာမူထပ်ကြီး ဘစ်ထပ် ရှိနေသည်။ စာမူထပ်ကြီး၏ အပေါ်ဆုံးစာမျက်နှာပေါ်တွင် ဆော့(စ်)ပင်စာလုံးမည်းကြီးများနှင့် ထင်ရှားပီသစွာ ရေးသားထားသော ခေါင်းစီးစာတန်းက ခပ်လှမ်းလှမ်းမှ ကြည့်လျှင်ပင် ထင်းခနဲ မြင်တွေ့နိုင်သည်။ သေခါနီး သူတို့၏ နောက်ဆုံးနိမိတ်အာရုံမြင်ကွင်းများ (The Death Bed Vision) ဟူ၍...။

ထိုရေးလက်စ စာမူထပ်ကြီးသည် လေပြည်နှောတိုးဝင်လာလေတိုင်း စာရွက်အဖျားထောင့်များဘက်မှ လူးလွန့်ကာ တစ်စုံတစ်ယောက်က စာရွက်စွဲလှန်လိုက်သလို ဖျတ်ခနဲ,ဖျတ်ခနဲ လန်သွားတတ်၏။ စာမူထပ်ကြီး၏ မပြောပလောက်သော ထိုလှုပ်ရှားမှုကပင် ပါမောက္ခဆာဝီလျံဘားရက်၏ စိတ်ကို ညှို့ငင်ကာ စာမူကို လက်စသတ်အောင် ဆက်ရေးဖို့ စိန်ခေါ်နေသလိုလို ရှိနေတော့၏။

သို့ရာတွင် သက်မဲ့ရုပ်ဝတ္ထုပစ္စည်းတစ်ခုမျှသာဖြစ်သော ထိုစာမူထပ်ကြီးကတော့ လေတိုးလိုက်တိုင်း စာရွက်ထောင့်များတို့ လှုပ်ခတ်သွားကြရုံမှအပ မည်သို့မျှထူးခြားလာခြင်း မရှိပါ။ အမှန်စင်စစ်၌ သက်ဝင်ထူးခြားစွာ စိုးခေါ်ထားနေသည်က ထိုစာမူကြီးအတွင်းမှာပါရှိသည့် သေခါနီးသူများ၏ နောက်ဆုံးထင်မြင်သည့် အာရုံခြင်းတွင်းများနှင့် ဆက်စပ်ပတ်သက်နေသော အကြောင်းအရာများသာ ဖြစ်ပါလေတော့သည်။

(၃)

ဆာဝီလျံဘားရက်သည် ဖြိတ်သျှစိတ်ပညာသုတေသနအသင်းကို တည်ထောက်ထားသူလည်းဖြစ်၏။ အိုင်ယာလန်တွင်သာမက အင်္ဂလန်သို့တိုင်အောင် ဂုဏ်သတင်းကျော်စောခြင်းရှိသူလည်းဖြစ်၍ အောက်စဖို့(ဒ်)တက္ကသိုလ်မှ ပညာရှင်အသိုင်းအဝိုင်းကပင် လေးစားခြင်းခံရသူလည်း ဖြစ်ပါ၏။

အဘယ်ကြောင့် ဤသို့လေးစားကြရပါသနည်းဟု အကြောင်းရင်းကို ခြေရာကောက်ကြည့်ကြမည်ဆိုလျှင် ဘားရက်သည် အောက်စဖို့(ဒ်)တက္ကသိုလ်၏ စာတမ်းဖတ်ပွဲတစ်ခုတွင် ကွယ်လွန်ခါနီးလူများသည် သူတို့၏ နောက်ဆုံးအချိန်၌ အမြင်အာရုံတွင် နိမိတ်များ ထင်မြင်လာတတ်ကြောင်း သုတေသနစာတမ်းကို သိပ္ပံနည်းကျ ပြုစုတင်သွင်း ဖတ်ကြားခဲ့သောကြောင့် ဖြစ်လေသည်။

ထိုစာတမ်းသည် ပညာရှင်များ အသိုင်းအဝိုင်းကို အိပ်မျော်နေသူအား အလန့်တကြားပုတ်ခတ်၍ နှိုးလိုက်သကဲ့သို့ ဂယက်ရိုက်ခတ်သွားစေနိုင်ခဲ့၏။ ထိုစာတမ်းကို အခြေခံ၍ ပညာရှင်များစွာတို့ ဆင့်ပွားတွေးခေါ်စရာများ၊ ငြင်းခုံဖွယ်ရာများ ဖြစ်ပွားပေါ်ပေါက်ခဲ့ခြင်းဖြင့် စာတမ်းရှင်လည်း နာမည်ကျော်လူသိများသွားခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်ပေသည်။

စင်စစ်၌ ပါမောက္ခဆာဝီလျံဘားရက် ဤသို့ထင်ရှားကျော်ကြားလာခဲ့ခြင်း၌ သူ၏ အသစ်ပေါင်းဖော် လက်တွဲမိသော မိတ်ဆွေများ၏ တွန်းအားများလည်း ပါဝင်ခဲ့သည်ဟု ဝန်ခံရမည်ဖြစ်၏။ မှန်သည်၊ သူသည် ပါမောက္ခဘရော့(ဒ်) (Professor Brod)၊ ပါမောက္ခဆစ်ဂျဝစ်(Professor Sigwith) စသည့်မိတ်ဆွေသစ်များနှင့် ပုဂ္ဂိုလ်ရေးခင်မင်မှုအရ လက်တွဲမိကြရာမှတစ်ဆင့် စိတ်နယ်လွန်ပညာရပ်များကို စတင်စိတ်ဝင်စားလာခဲ့မိခြင်းဖြစ်သည်။ ထိုမှစ၍ သူသည် စိတ်နယ်လွန်ပညာရပ်များကို ထဲထဲဝင်ဝင် လေ့လာသူတစ်ဦးအဖြစ်သို့ တက်လှမ်းရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ဤနေရာ၌ ထိုပါမောက္ခ မိတ်ဆွေသစ်များသာမက သူ့ကို တွန်းအားပေးသူများစာရင်းတွင် သူ၏မှီလှစွာသော

www.burmeseclassic.com

ဆရာဖြစ်သူ ဒေါက်တာလေဒီဘားရက်(Dr. Lady Barrett) ၏ အမည်ကိုလည်း မမေ့မလျော့ မှတ်တမ်းတင်ထည့်သွင်းဖော်ပြဖို့ လိုပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဒေါက်တာလေဒီဘားရက်မှာ သားဖွားမီးယပ်ဆိုင်ရာ ပါရဂူတစ်ဦးဖြစ်ပြီး လန်ဒန်မြို့တော်ရှိ ဗဟိုအမျိုးသမီးဆေးရုံတွင် တာဝန်ထမ်းဆောင်နေသောသူတစ်ဦး ဖြစ်နေသောကြောင့် ပင်တည်း။

မိမိထမ်းဆောင်သော တာဝန်အရပင် ဒေါက်တာလေဒီဘားရက်သည် ဆေးရုံမှ လက်တွဲဖော် ဆရာဝန်ကြီးများ၊ သူနာပြုများနှင့်အတူ သေခါနီးလူမမာ မြောက်မြားစွာ၏ နောက်ဆုံးအချိန်၌ ဖြစ်ပေါ်ရင်ဆိုင်ကြရလေ့ရှိသော စိတ်ပျံလွင့်မှုများကို လေ့လာသိရှိခွင့်ရခဲ့၏။ သူမ၏ များစွာသော ထိုအတွေ့အကြုံများကပင် ခင်ပွန်းသည်၏ သုတေသနလုပ်ငန်းများတွင် တစ်တပ်တစ်အား ကူညီအားဖြည့်ဆောင်ရွက်ပေးနိုင်စွမ်း ရရှိစေခဲ့ခြင်းဖြစ်သည်။

ရုပ်ဝါဒနှင့် စိတ်ဝါဒတို့သည် ပင်ကိုအားဖြင့် အတူတူပူးတွဲလျက်ရှိသည်ဆိုသော်လည်း သုံးနှင့်လေး (၃၄)ကဲ့သို့ ဆန့်ကျင်ဘက်သဘောအတိုင်း ရုပ်တည်နေကြခြင်းဖြစ်သည်။ မိမိတို့၏ ကိုယ်ပိုင်ဂုဏ်ဒြပ်တို့ဖြင့် သီးခြားရုပ်တည်နေသော အခြင်းအရာနှစ်ရပ်ဟုလည်း ဆိုနိုင်၏။ အကောင်အထည်ဒြပ်တို့ကို တိကျပြတ်သားစွာ မြင်တွေ့ခွင့်ရရှိနေသော ရုပ်နှင့် မည်သို့မျှ အရိပ်အယောင်ကို ရှာဖွေမြင်တွေ့ခြင်းငှာ မစွမ်းသာသောစိတ်တို့သည် သဘာဝအားဖြင့် သိသာစွာ ကွဲပြားခြားနားနေကြသည် မဟုတ်ပါလော။ ပျံလွင့်နေသောစိတ်၏ နယ်ကျံခြေရာများကို မည်သို့ရှာဖွေဖော်ထုတ်ပြသနိုင်မည်နည်း။ ဤမေးခွန်းသည် စိတ်နှင့် ရုပ်တို့၏ ခြားနားမှုနယ်ပယ်မှ အဓိကသော့ချက်ပြဿနာဖြစ်ချေ၏။ ထို့ကြောင့်လည်း ရုပ်ဝါဒကို အခြေခံသော ဆေးသိပ္ပံပညာတွင် ဆန်းကြယ်သော စိတ်ဝိညာဉ်ဆိုင်ရာ ပြဿနာများကို ဖော်ထုတ်ခြင်း၊ ရောယှက်ခြင်းမပြုလိုဘဲ ပညာရှင်များက ပြောဆိုဆွေးနွေးရန် ရှာဖွေတင်ပြရန် ဝန်လေးနေခဲ့ကြခြင်း ဖြစ်လေသည်။

ဆာဝီလျံဘားရက်သည် စိတ်ပညာဆိုင်ရာ သုတေသနအဖွဲ့ကြီးတွင် ဥက္ကဋ္ဌဖြစ်လာခဲ့၏။ ဥက္ကဋ္ဌတာဝန်ကို ယူပြီးချိန်တွင် သူ၏မိတ်ဆွေများ အားလုံးကပင် ရှေးက သိပ္ပံနည်းကျ မလုပ်နိုင်ခဲ့ကြသေးသော ကွယ်လွန်ခါနီးသူတို့၏ အာရုံနိမိတ်ထင်ခြင်းကိစ္စကို သုတေသနပြုလုပ်ရန်နှင့် တွေ့ရှိချက်များကို စာအုပ်တစ်အုပ်အဖြစ် မှတ်တမ်းပြုစုသားထုတ်ဝေပေးပါရန် အကြံပြုပန်ကြားချက်များကို လက်ခံရရှိခဲ့၏။ ထိုပြင် သားဖွားမီးယပ်ပါရဂူဖြစ်သော သူ၏ဇနီးသည် ဒေါက်တာလေဒီဘားရက် ကိုယ်တိုင်ကလည်း ထိုသုတေသနလုပ်ငန်းတွင် ဝါသနာပါသူဖြစ်သောကြောင့် ခင်ပွန်းသည်အား ဝိုင်းဝန်းတိုက်တွန်းသူများတွင် ရှေ့တန်းပါဝင်ခဲ့လေသည်။

ဆာဝီလျံဘားရက်မှာ သေခါနီးသူတို့၏အာရုံ၌ နိမိတ်လက္ခဏာများ ထင်မြင်ခြင်းသည် တမလွန်နယ်ပယ်ရှိ ဂုဏ်လောကသားများနှင့် ဆက်စပ်မှုကြောင့် ဖြစ်ပေါ်လာခြင်းဟု အခိုင်အမာယုံကြည်၏။ ထို့ကြောင့် သူ၏ သုတေသနလုပ်ငန်းကို ထိုယုံကြည်မှုအပေါ်တွင် အခြေခံ၍ တည်ဆောက်ခဲ့လေသည်။ သို့သော် ထိုသို့စိတ်ပိုင်းဆိုင်ရာ ကိစ္စများကို ခွဲ၊ လုံ့လ၊ ဝီရိယဖြင့် စမ်းသပ်သုတေသနပြုနေခြင်းအား ရုပ်ဝါဒီအစွဲအလမ်းကြီးသော သိပ္ပံပညာရှင်အချို့က မနှစ်မြို့နိုင်ကြချေ။ ဆန့်ကျင်ဝေဖန် တိုက်ခိုက်မှုများလည်း ပေါ်ထွက်လာခဲ့၏။

သို့ရာတွင် ဤသည်မှာ လောကသဘာဝ နိယာမတစ်ခုပင်ဖြစ်သည်ဟု ဆာဝီလျံဘားရက်က သတ်မှတ်ထားလိုက်ခဲ့၏။ အကြောင်းမူ ပညာရပ်နယ်ပယ်တွင် ဤသို့သော ဝေဖန်ဆန့်ကျင် တိုက်ခိုက်မှုတို့ ပေါ်ပေါက်လာသည်မှာ ဖြစ်မြဲဓမ္မတာ ရှေးရိုးအစဉ်အလာဟုပင် ဆိုနိုင်နေသောကြောင့်ဖြစ်၏။ သူ၏ရှေ့က,ရှေ့က ဖြစ်ပေါ်ခဲ့ဖူးသော သာဓကဖြစ်စဉ်များကိုပင် ပြန်လည်သုံးသပ်ကြည့်ကာ ထိုအခြေမှန်ကန်ကြောင်း ထင်ရှားနေသည် မဟုတ်ပါလော။

BURMESE CLASSIC

တစ်ခါက သောမတ်(စ်)အယ်(လ်)ဗာ အယ်ဒီဆင်သည် အသံသွင်းစက်တစ်ခုကို တီထွင်ပြီး ပြင်သစ်နိုင်ငံ ပါရီမြို့ မဟာသိပ္ပံဌာနတွင် တင်ဆက်ပြသခဲ့၏။ အားလုံးက အံ့အားသင့်ခဲ့ကြသော်လည်း ကဲ့ရဲ့ရွဲတ်ချသူများလည်း ထွက်ပေါ်လာခဲ့၏။ ထိုနည်းအတူ ပညာရှင် ဂရေဟမ် ဆဲ(လ်)က တယ်လီဖုန်းကို တီထွင်နိုင်ရန် ကြိုးပမ်းနေခဲ့ကာလ၌ အခြားပါမောက္ခတစ်ဦးက မယုံကြည်နိုင်ကြောင်း ဝေးကွာလွန်းသော နေရာတစ်နေရာမှ လူတစ်ဦးက အခြားတစ်နေရာ တစ်ဒေသမှ လူတစ်ဦးကို စကားပြောဆို ဆက်သွယ်နိုင်မည် ဆိုသည်မှာ စိတ်ကူးယဉ်အိပ်မက်သက်သက်ကြောင်းဖြင့် ထုတ်ဖော်ပြောဆို ကဲ့ရဲ့ခဲ့ဖူးသည်မှာ ဥာဏ်သည်ပင်။

www.burmeseclassic.com

www.burmeseclassic.com

ထိုဖြစ်စဉ်များကဲ့သို့ပါပေ၊ ယခုလည်း ပါမောက္ခဆာဝီလျံဘားရက်နှင့် ဇနီး လေဒီဘားရက်တို့၏ သေခါနီး သူတို့၏ အာရုံမိတ် ထင်မြင်လာမှုများ စာအုပ်အတွက် သုတေသနပြုချက်များကို အခြေအမြစ်မရှိသည့် လုပ်ငန်းတစ်ခုကို စမ်းသပ်ရာမွေနေခြင်းသာဖြစ်သည်ဟူသော ဝေဖန်ချက်များ ထွက်ပေါ်လာခဲ့၏။ သို့ရာတွင် ဇနီးမောင်နှံနှစ်ဦးမှာ ကဲ့ရဲ့ရွှတ်ချ ဝေဖန်ချက်များကြောင့် နောက်တွန့်မသွားခဲ့ကြဘဲ ခွဲ၊ လုံ့လနှင့် ဆက်လက်သုတေသနပြုခဲ့ကြ၏။

သူတို့၏ ရင့်သန်သော ခွဲ၊ လုံ့လသည် တစ်ခုသော နေ့တစ်နေ့တွင်တော့ မုချဖေကန် အကျိုးပေးလာခဲ့သည်ဟု ဆိုရမည် ဖြစ်တော့၏။ အဘယ်ကြောင့်ဆိုသော် သူတို့၏ သုတေသနအတွက် များစွာအထောက်အကူပြုနိုင်ခဲ့သော ဖြစ်စဉ်တစ်ခုကို ဒေါက်တာလေဒီဘားရက်ကိုယ်တိုင် ရင်ဆိုင်ကြုံတွေ့လာခဲ့ရသောကြောင့် ဖြစ်လေသည်။ သူမ၏ အတွေ့အကြုံသည် ခင်ပွန်းသည် ဆာဝီလျံဘားရက်အတွက် တန်ဖိုးဖြတ်မရနိုင်အောင် အကျိုးကျေးဇူးကြီးမားသည့် အတွေ့အကြုံဟုလည်း ဆိုရမည် ဖြစ်ပါတော့သည်။

ဖြစ်စဉ်ကား ဤသို့တည်း။

(၄)

အိုင်ယာလန်နိုင်ငံ၊ ဒဗ္ဗလင်မြို့ ဗဟိုအမျိုးသမီးသားဖွားဆေးရုံကြီး၏ အရေးပေါ်ခွဲစိတ်ခန်းအတွင်း၌ အကူနာ့(စ်)များ၊ မေ့ဆေးဆရာဝန်၊ နှလုံးအထူးကုဆရာဝန်နှင့် သားဖွားမီးယပ်အထူးခွဲစိတ်ပါရဂူများ အလုပ်ရှုပ်နေကြသည်။ သူတို့၏အနီးရှိ (Monitor) မော်နီတာပေါ်တွင် နှလုံးခုန်နှုန်းတိုင်းထွားချက်က အသက်ဝင်လှုပ်ရှားနေသည်။ ဒေါရစ်အမည်ရှိ နှလုံးရောဂါသည်မလေး၏ သန္ဓေသားကို ဖွားမြင်ပေးနိုင်ကြဖို့ ကြိုးစားနေကြခြင်းဖြစ်သည်။ ဒရစ်(Drip) ပုလင်းများ၊ ပိုက်များ၊ ခွဲစိတ်ပစ္စည်းများက လူနာဖြစ်သူ ဒေါရစ်နှင့် ရှုပ်ထွေးစွာ ဆက်သွယ်နေ၏။ မော်နီတာပေါ်ရှိ နှလုံးခုန်နှုန်းက တတီတီအသံပေးနေ၏။ စခရင်ဖန်သားပြင်ထက်၌ လှိုင်းထပြေးလွှားနေသော နှလုံးခုန်အချက်ပြသင်္ကေတများကို မျက်ခြည်မပြတ်ကြည့်ရင်းမှ သားဖွားမီးယပ်ပါရဂူ လေဒီဘားရက်တို့က လူနာအဖိတ်အစဉ်မရှိအောင် ကြိုးစား၍ မွေးဖွားပေးနေကြ၏။

တစ်ခါတစ်ရံတွင် နှေးကွေးလွန်းလှသော နှလုံးခုန်နှုန်းသည် တစ်စစကျဆင်းလာကာ ရုပ်တန့်သွားလုမတတ် ဖြစ်သွား၍ နှလုံးအထူးကုဆရာဝန်ကြီးမှာ နှလုံးကို နှိုးစက်၏ အီလက်တရွတ်ပြားနှင့် ဖိကပ်၍ နှိုးပေးနေရ၏။ ဤသို့အခြေအနေဆိုးရွားနေသောကြားမှ ခက်ခက်ခဲခဲ မွေးဖွားလာသော ကလေးသည် အသက်ရှင်လျက် ဖွားမြင်လာခဲ့၏။ သို့သော် မိခင်ဖြစ်သူ ဒေါရစ်မှာ ပင်ကိုနှလုံးရောဂါ ခံစားနေရသူဖြစ်သဖြင့် မကြာမီပင် ဖောက်ပြန်လာခဲ့တော့၏။

ဒေါက်တာလေဒီဘားရက်သည် ဒေါရစ်၏အနီးတွင် အချိန်ပြည့်တာဝန်ယူစောင့်ကြပ်ကာ လိုအပ်သောကုသမှုတို့ကို အဆက်မပြတ်ပေးလျက်ရှိ၏။ သို့သော်လည်း ဒေါရစ်၏ အခြေအနေမှာ ဓာဖြည်းဖြည်း ဆိုးရွားလာနေခဲ့၏။ ဒေါရစ်သည် အခန်းထောင့်ဆီသို့ မှိတ်ထားသော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေသကဲ့သို့ရှိနေစဉ် ဒေါရစ်၏နှုတ်ဖျားမှ စကားသံအချို့ ထွက်ပေါ်လာသောအခါ သူတို့ဆရာဝန်အုပ်စုနှင့် အတူ နာ့(စ်)မလေးများမှာ အံ့အားသင့်ဆွဲအသွားခဲ့ကြရ၏။ သူတို့မျှော်လင့်မထားခဲ့မိကြသော စကားလုံးများဖြစ်သောကြောင့် မှင်တက်မိသွားရခြင်းဟု ဆိုရပေမည်။

"ဒေါက်တာရေ..သိပ်ပြီးသာယာတဲ့ နေရာကလေးပါလား။ ကျွန်မဘဝမှာ ဒီတစ်ခါပဲ မြင်ဖူးတယ်။ ရွှေခင်းတွေတလည်း ဝဲယာဘယ်ညာ ဘယ်လိုကြည့်ကြည့် လှနေတာပဲ။ သိပ်လက်ရာမြောက်တဲ့ ပန်းချီကားတစ်ချပ်ကို ကြည့်နေရသလိုပါပဲရှင်"

လူနာဖြစ်သူ ဒေါရစ်သည် နှုတ်ဖျားမှ ထိုသို့ တဖွဖွပြောနေသော်လည်း သူမ၏ မျက်လုံးများသည်မူ ဖွင့်ထားခြင်းမရှိ၊ ပကတိငြိမ်သက်လျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်သလား ဒေါရစ်။ မင်း အခု ဘယ်ကိုရောက် နေတာလဲဟင်'

ဒေါက်တာလေဒီဘားရက်က လေသံကို တည်ငြိမ် အောင် သတိဖြင့်ထိန်းရင်း မေးလိုက်၏။

'ကျွန်..ကျွန်မ ဘယ်ကိုရောက်နေတယ်ဆိုတာ တိတိ ကျကျမသိဘူး ဒေါက်တာ'

ခက်ချေပြီ။ သို့ဆိုလျှင် ဒေါရစ်သည် ဆေးရုံ၏ မွေး ဖွားခန်းထဲသို့ ရောက်ရှိနေသည့် သူမ၏ လတ်တလောဖြစ် ရပ်မှန်ကို မေ့လျော့သွားခဲ့ပြီလော။

ထိုအခိုက်မှာပင် ဒေါရစ်က လှိုက်လဲသည့်လေသံဖြင့် ထပ်မံပြောကြားလိုက်ပြန်သည်။

'အို..ဝမ်းသာလိုက်တာ ဖေဖေ၊ ဖေဖေက ကျွန်မ ကို လာကြိုနေတာလား။ အမြဲလွမ်းဆွတ် သတိရနေခဲ့ရတဲ့ ဖေဖေ အခု ကျွန်မ ဖေဖေနဲ့ အတူနေမှာနော်'

ဟော..ဝမ်းသာလှိုက်လဲနေသည့် လေသံက မွေးဖွား ခန်းထဲမှ ဒေါက်တာလေဒီဘားရက်ကို ဆရာဝန်တစ်သိုက် ကို ပဟေဠိပုစ္ဆာတစ်ပုဒ်။ မေးခွန်းတစ်ခု ချပြမေးမြန်းလိုက် သလို ဖြစ်ရပြန်ချေပြီ။ 'ဖေဖေ..ဖေဖေ'တဲ့။ လူနာမှာ ဝေဒနာပြင်းထန်လွန်းသောကြောင့် ကယောင်ချောက်ချား ထင်မိထင်ရာ ပြောနေသည်ဟု သတ်မှတ်ရတော့လေမလား။ သို့ရာတွင် ဒေါရစ်ပြောသော ဖေဖေသည် ဤမွေးဖွားခန်းထဲ၌ ရှိမနေပါ။ ဒေါရစ်ကို ကြည့်နေမိကြရင်းမှာပင် သူတို့ အားလုံး မွန်းကြပ်သလို ခံစားလာကြရတော့၏။

ဒေါရစ်၏ဖခင်မှာ လွန်ခဲ့သောနှစ်ကပင် ဝေးလံသော အခြားတစ်နယ်၌ ကွယ်လွန်ခဲ့ပြီးဖြစ်၏။ သို့ရာတွင် နှလုံး ရောဂါသည်ဖြစ်သော ဒေါရစ်ကို ထိုကွယ်လွန်ကြောင်း သတင်းမပေးဘဲ သူမမိသားစုက ထိမ်ချုန်သိုဝှက်ထားခဲ့ကြ သည်။

ထိုသို့ပြောဆိုနေခိုက်မှာပင် ဒေါရစ်က နောက်တစ် ခွန်း ထပ်ပြောလိုက်ပြန်သည်။

'ဟယ်..ဗီဒါ(Vida)။ မင်းလည်း ပါတယ်။ ဒါဆို ဖေဖေ့ကို မင်းခေါ်လာခဲ့တာပေါ့။ ဝမ်းသာလိုက်တာ၊ ဝမ်း သာလိုက်တာ ဗီဒါရယ်'

ထိုစကားများကို ပြောပြီးသည်နှင့် ဒေါရစ်၏ နှလုံးခုန် နှုန်းများ လုံးဝနှေးကွေးသွားပြီးနောက် ငိုက်ခနဲ ခေါင်းလည် ကျသွားကာ အသက်ရှူရပ်သွားတော့၏။ သို့သော် ဒေါက် တာလေဒီဘားရက်တို့အတွက်မူ စဉ်းစားစရာတွေက ရပ် တန့်မသွားဘဲ တစ်ခုပြီးတစ်ခု ဖြစ်လာခဲ့ရတော့၏။

အကြောင်းမူ ဗီဒါဆိုသူမှာလည်း ဒေါရစ်၏အစ်မဖြစ် သည်။ ဗီဒါ သေဆုံးသွားခဲ့သည်မှာလည်း ကာလမကြာလှ သေး။ ဗီဒါ သေဆုံးသွားသည့် အကြောင်းကိုလည်း နှလုံး ရောဂါသည် ဒေါရစ်ကို မသိအောင် ဖုံးကွယ်ထားခဲ့ကြ သည်သာဖြစ်၏။ သို့ဆိုလျှင် ထိုအကြောင်းကိစ္စများကို မသိ ခဲ့သော ဒေါရစ်သည် ဖခင်နှင့် အစ်မဖြစ်သူတို့ကို သူမကိုယ် တိုင် မြင်တွေ့နေရသည်ဟု ပြောဆိုခဲ့ခြင်းမှာ စိတ်အထင် သက်သက် မဟုတ်တန်ရာ။ ဒေါရစ်သည် ၄င်း၏ဖခင်နှင့် အစ်မတို့ကို တမလွန်လောကမှ ပရလောကသားအဖြစ်နှင့် အာရုံမှာထင်မြင်လာခဲ့ပြီး မိမိသွားရမည့် လားရာဂတိကိုပါ ကြိုတင်ပြောကြားနိုင်ခဲ့ခြင်းဖြစ်သည်ဆိုသော အဖြေကိုသာ ထုတ်ယူရန် ရှိပေတော့သည်။

(၅)

ဒေါက်တာလေဒီဘားရက် အပါအဝင် ဒေါရစ်၏ နောက်ဆုံးအချိန်ကို မြင်တွေ့ကြားသိလိုက်ကြရသော ဆရာ ဝန်ကြီးများနှင့် နာ့(စ်)မလေးများသည် ထိုအတွေ့အကြုံတို့ ကို တညီတညွတ်တည်း ပြန်လည်ထွက်ဆို ပြောပြခဲ့ကြ၏။ ထို့ကြောင့် ပါမောက္ခဆာဝီလျံဘားရက်သည် ဒဗ္ဗလင်မြို့ တော်ဝင်သိပ္ပံကောလိပ်တွင် ရူပဗေဒပါမောက္ခအဖြစ် တာ ဝန်ယူနေရင်း ဖော်ပြခဲ့သော အကြောင်းအရာ အပါအဝင် အခြားသော ဖြစ်ရပ်ဆန်းများပါ တတ်နိုင်သမျှ စုဆောင်း၍ သူ၏သေခါနီးသူတို့၏ အာရုံနိမိတ်မြင်ကွင်းများ(The Death Bed Vision) ဟူသော စာအုပ်ကို (၁၉၆၂)ခုနှစ်တွင် ရေး သားထုတ်ဝေခဲ့ရာ ရောင်းအကောင်းဆုံးစာရင်းဝင် ဖြစ်ခဲ့ လေသည်။

ဤသို့ဆိုလျှင် သေခါနီးသူတို့၏ နိမိတ်အာရုံမြင်ကွင်း တို့ကို ကာယကံရှင်သာ သိရှိနိုင်၍ တမလွန်ဘဝသည်လည်း အမှန်တကယ်ရှိနေသည်ဟုသာ လက်ခံအတည်ပြုကြရမည် ဖြစ်တော့၏။ သာမန်အားဖြင့် မျက်ဝါးထင်ထင်မြင်တွေ့ရန် မလွယ်ကူလှသော နာမ်ဝါဒနှင့်သာ ဆက်ဆံနေသည့် ပရ လောကသားတို့၏ နိမိတ်ခြောကို ကွယ်လွန်သူ ဒေါရစ်က ရှာဖွေပြသွားခဲ့သည် မဟုတ်ပါလား။

နေမင်းသူရိယ(ဆင်ပြူကျွန်း)

ဝန်ခံချက်

The Death Bed Vision (By William Barrett) ကို ကိုးကား၍ ဆီလျော်အောင် ရေးသားဖန်တီးပါသည်။

www.burmeseclassic.com